ဟံသာဝတီခရိုင်

သန်လျင်မြို့နယ် သပြေကန်ရွာ မဟာဓမ္မိကာရာမတိုက်

ပရိယတ္တိသာသနဟိတဓမ္မာစရိယ

သာသနဓဇသိရီပဝရ ဓမ္မာစရိယ သိရောမဏိ

အရှင်ဝါသေဋ္ဌာဘိဝံသ

စီရင်ရေးသားအပ်သော

မှတ်သားဖွယ် အဓိပ္ပါယ် အဆုံးအဖြတ်နှင့်တကွ

ပရိတ်ကြီးနိဿယသစ်

(ပဌမအကြိမ် တည်းဖြတ် ထုတ်ဝေခြင်း)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၆ ကောဇာ-၁၃၄၄ ၁၉၈၃-ခု

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

ပရိတ်ကြီးနိဿယသစ်

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
*	နိဒါန်း	....	ဍ
*	ပရိတ်ကြီးပါဠိတော်	....	၁
	နတ်ပင့်စသည် နိဿယသစ်ပုဒ်စဉ်		
၁။	သမန္တာ စက္ကဝါဠေသု	....	၂၉
၂။	ဓမ္မဿဝနကာလော	....	၄၀
၃။	နမော တဿ ဘဂဝတော	....	၄၂
၄။	ယေ သန္တာ သန္တစိတ္တာ	....	၄၃
၅။	သဗ္ဗေသု စက္ကဝါဠေသု	....	၅၀
၆။	သဗ္ဗေ တံ အနုမောဒိတွာ	....	၅၀
၇။	သာသနဿ စ လောကဿ	....	၅၁
၈။	သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ	....	၅၂
၉။	ရာဇတော ဝါ စောရတော ဝါ	....	၅၃
	မင်္ဂလသုတ် နိဿယသစ်ပုဒ်စဉ်		
၁၀။	ယံ မင်္ဂလံ ဒွါဒသဟိ	....	၅၇
၁၁။	ဒေသိတံ ဒေဝဒေဝေန	....	၅၇
၁၂။	ဧဝံ မေ သုတံ ဧကံ သမယံ	....	၆၀
၁၃။	ဗဟူ ဒေဝါ မနုဿာ စ	....	၇၀
၁၄။	အသေဝနာ စ ဗာလာနံ	....	၇၂
၁၅။	ပတိရူပဒေသဝါသော စ	....	၈၃
၁၆။	ဗာဟုသစ္စဉ္စ သိပ္ပဉ္စ	....	၉၄

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၇။	မာတာပိတု ဥပဋ္ဌာနံ	....	၁၀၈
၁၈။	ဒါနဉ္စ ဓမ္မစရိယာ စ	....	၁၂၄
၁၉။	အာရတိ ဝိရတိ ပါပါ	....	၁၄၁
၂၀။	ဂါရဝေါ စ နိဝါတော စ	....	၁၅၄
၂၁။	ခန္တီ စ သောဝစဿတာ	....	၁၆၉
၂၂။	တပေါ စ ဗြဟ္မစရိယဉ္စ	....	၁၈၁
၂၃။	ဖုဋ္ဌဿ လောကဓမ္မေဟိ	....	၁၈၆
၂၄။	တောဒိသာနိ ကတွာန	....	၁၉၄

ရတနသုတ် နိဿယသစ်ပုဒ်စဉ်

၂၅။	ပဏိဓာနတော ပဋ္ဌာယ	....	၁၉၇
၂၆။	ကောဋိသတသဟဿေသု	....	၁၉၈
၂၇။	ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ	....	၁၉၈
၂၈။	ယာနီဓ ဘူတာနိ သမာဂတာနိ	....	၂၀၉
၂၉။	တသ္မာ ဟိ ဘူတာ နိသာမေထ	....	၂၁၃
၃၀။	ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ	....	၂၁၉
၃၁။	ခယံ ဝိရာဂံ အမတံ ပဏီတံ	....	၂၃၀
၃၂။	ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ	....	၂၃၉
၃၃။	ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ	....	၂၄၆
၃၄။	ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန	....	၂၅၈
၃၅။	ယထိန္ဒခီလော ပထဝိဿိတော	....	၂၆၇
၃၆။	ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ	....	၂၇၆
၃၇။	သဟာဝဿ ဒဿနသမ္ပဒါယ	....	၂၈၃
၃၈။	စတူဟပါယေဟိ စ ဝိပ္ပမုတ္တော	....	၂၈၃
၃၉။	ကိဉ္စာပိ သော ကမ္မ ကရောတိ	....	၂၉၃
၄၀။	ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ	....	၂၉၈

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၄၁။	ဝရော ဝရညူ ဝရဒေါ ဝရာဟရော	....	၃၀၃
၄၂။	ခိဏ ပုရာဏ နဝ နတ္ထိသမ္ဘဝံ	....	၃၁၂
၄၃-၄၅။	ယာနီဓ ဘူတာနိ သမာဂတာနိ	....	၃၁၉၊၃၂၀

မေတ္တသုတ် နိဿယသစ်ပုဒ်စဉ်

၄၆။	ယဿာနုဘာဝတော ယက္ခာ	....	၃၂၅
၄၇။	သုခံ သုပတိ သုတ္တော စ	....	၃၂၅
၄၈။	ကရဏီယမတ္ထကုသလေန	....	၃၃၁
၄၉။	သန္တုဿကော စ သုဘရော စ	....	၃၃၂
၅၀။	န စ ခုဒ္ဒမာစရေ ကိဉ္စိ	....	၃၄၈
၅၁။	ယေ ကေစိ ပါဏဘူတတ္ထိ	....	၃၅၂
၅၂။	ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ	....	၃၅၀
၅၃။	န ပရော ပရံ နိကုဗ္ဗေထ	....	၃၅၉
၅၄။	မာတာ ယထာ နိယံပုတ္တ	....	၃၆၂
၅၅။	မေတ္တဉ္စ သဗ္ဗလောကသ္မိံ	....	၃၆၅
၅၆။	တိဋ္ဌံ စရံ နိသိန္နော ဝ	....	၃၇၁
၅၇။	ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ	....	၃၇၅

ခန္ဓသုတ် နိဿယသစ် ပုဒ်စဉ်

၅၈။	သဗ္ဗာသီဝိသဇာတီနံ	....	၃၈၁
၅၉။	အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ	....	၃၈၁
၆၀။	ဝိရူပက္ခေဟိ မေ မေတ္တံ	....	၃၈၅
၆၁။	အပါဒကေဟိ မေ မေတ္တံ	....	၃၈၆
၆၂။	မာ မံ အပါဒကော ဟိံသိ	....	၃၈၈
၆၃။	သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ	....	၃၈၉

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၆၄။	အပ္ပမာဏော ဗုဒ္ဓေါ	....	၃၉၀
၆၅။	ကတာ မေ ရက္ခာ, ကတာ မေ ပရိတ္တံ	....	၃၉၂
	မောရသုတ် နိဿယသစ် ပုဒ်စဉ်		
၆၆။	ပူရေန္တံ ဗောဓိသမ္ဘာရေ	....	၃၉၅
၆၇။	ဓိရဿံ ဝါယမန္တာပိ	....	၃၉၅
၆၈။	ဥဒေတယံ စက္ခုမာ ဧကရာဇာ	....	၃၉၉
၆၉။	ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ	....	၄၀၂
၇၀။	အပေတယံ စက္ခုမာ ဧကရာဇာ	....	၄၀၅
၇၁။	ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ	....	၄၀၅
	ဝဋ္ဋသုတ် နိဿယသစ် ပုဒ်စဉ်		
၇၂။	ပူရေန္တံ ဗောဓိသမ္ဘာရေ	....	၄၀၇
၇၃။	ထေရဿ သာရိပုတ္တဿ	....	၄၀၇
၇၄။	အတ္ထိ လောကေ သီလဂုဏော	....	၄၁၂
၇၅။	အာဝဇ္ဇေတွာ ဓမ္မဗလံ	....	၄၁၂
၇၆။	သန္တိ ပက္ခာ အပတနာ	....	၄၁၃
၇၇။	သဟ သစ္စေ ကတေ မယှံ	....	၄၁၄
	ဓဇဂ်သုတ် နိဿယသစ် ပုဒ်စဉ်		
၇၈။	ယဿာနုဿရဏေနာပိ	....	၄၁၈
၇၉။	သဗ္ဗုပဒ္ဒဝဇာလမှာ	....	၄၁၈
၈၀။	ဧဝံ မေ သုတံ ဧကံ သမယံ	....	၄၁၉
၈၁။	တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ	....	၄၂၀
၈၂။	နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ	....	၄၂၇
၈၃။	နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ	....	၄၂၈

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၈၄။	နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ	....	၄၂၈
၈၅။	တံ ခေါ ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ		၄၃၀
၈၆။	တံ ကိဿ ဟေတု သက္ကော ဟိ ဘိက္ခဝေ	....	၄၃၁
၈၇။	အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ	....	၄၃၂
၈၈။	ဣတိပိ သော ဘဂဝါ အရဟံ	....	၄၃၂
၈၉။	မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ	....	၄၃၉
၉၀။	နော စေ မံ အနုဿရေယျာထ	....	၄၈၀
၉၁။	သွာက္ခာတော ဘဂဝတာ ဓမ္မော	....	၄၈၀
၉၂။	ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ	....	၄၉၉
၉၃။	နော စေ ဓမ္မံ အနုဿရေယျာထ	....	၅၀၀
၉၄။	သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော	....	၅၀၀
၉၅။	သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ	....	၅၀၄
၉၆။	တံ ကိဿ ဟေတု တထာဂတော ဟိ ဘိက္ခဝေ	....	၅၀၅
၉၇။	ဣဒမဝေါစ ဘဂဝါ	....	၅၀၅
၉၈။	အရညေ ရုက္ခမူလေ ဝါ	....	၅၀၅
၉၉။	နော စေ ဗုဒ္ဓံ သရေယျာထ	....	၅၀၆
၁၀၀။	နော စေ ဓမ္မံ သရေယျာထ	....	၅၀၆
၁၀၁။	ဧဝံ ဗုဒ္ဓံ သရန္တာနံ	....	၅၀၇

အာဋာနာဋိယသုတ် နိဿယသစ် ပုဒ်စဉ်

၁၀၂။	အပ္ပသန္နေဟိ နာထဿ	....	၅၁၈
၁၀၃။	ပရိသာနံ စတဿန္နံ	....	၅၁၈
၁၀၄။	ဝိပဿိဿ စ နမတ္ထု	....	၅၂၀
၁၀၅။	ဝေဿဘုဿ စ နမတ္ထု	....	၅၂၀
၁၀၆။	ကောဏာဂမနဿ နမတ္ထု	....	၅၂၁
၁၀၇။	အင်္ဂီရသဿ နမတ္ထု	....	၅၂၂

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၀၈။	ယေ စာပိ နိဗ္ဗုတာ လောကေ	....	၃၂၃
၁၀၉။	ဟိတံ ဒေဝမနုဿာနံ	....	၃၂၃
၁၁၀။	တေ စညေ စ သမ္ဗုဒ္ဓါ	....	၃၂၅
၁၁၁။	သဗ္ဗေ ဒသဗလူပေတာ	....	၃၂၅
၁၁၂။	သီဟနာဒံ နဒန္တေ'တေ	....	၃၂၉
၁၁၃။	ဥပေတာ ဗုဒ္ဓဓမ္မေဟိ	....	၃၃၂
၁၁၄။	ဗျာမပ္ပဘာယ သုပ္ပဘာ	....	၃၄၁
၁၁၅။	မဟာပဘာ မဟာတေဇာ	....	၃၄၂
၁၁၆။	ဒီပါ နာထာ ပတိဋ္ဌာ စ	....	၃၄၂
၁၁၇။	သဒေဝကဿ လောကဿ	....	၃၄၄
၁၁၈။	ဝစသာ မနသာ စေဝ	....	၃၄၄
၁၁၉။	သဒါ သုခေန ရက္ခန္တု	....	၃၄၄
၁၂၀။	သဗ္ဗရောဂါ ဝိနိမုတ္တော	....	၃၄၅
၁၂၁။	တေသံ သစ္စေန သီလေန	....	၃၄၅
၁၂၂။	ပုရတ္ထိမသ္မိံ ဒိသာဘာဂေ	....	၃၄၆
၁၂၃။	ဒက္ခိဏသ္မိံ ဒိသာဘာဂေ	....	၃၄၆
၁၂၄။	ပစ္ဆိမသ္မိံ ဒိသာဘာဂေ	....	၃၄၇
၁၂၅။	ဥတ္တရသ္မိံ ဒိသာဘာဂေ	....	၃၄၇
၁၂၆။	ပုရတ္ထိမေန ဓတရဋ္ဌော	....	၃၄၇
၁၂၇။	စတ္တာရော တေ မဟာရာဇာ	....	၃၄၈
၁၂၈။	အာကာသဋ္ဌာ စ ဘူမဋ္ဌာ	....	၃၄၈
၁၂၉။	ဣဒ္ဓိမန္တော စ ယေ ဒေဝါ	....	၃၄၈
၁၃၀။	သဗ္ဗီတိယော ဝိဝဇ္ဇန္တု	....	၃၅၃
၁၃၁။	အဘိဝါဒနသီလိဿ	....	၃၅၃

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
	အင်္ဂုလိမာလသုတ် နိဿယသစ် ပုဒ်စဉ်		
၁၃၂။	ပရိတ္တံ ယံ ဘဏန္တဿ	....	၅၅၈
၁၃၃။	သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ	....	၅၅၈
၁၃၄။	ယတော ဟံ ဘဂိနိ အရိယာယ	....	၅၆၁
	ဗောဇ္ဈင်္ဂသုတ် နိဿယသစ်ပုဒ်စဉ်		
၁၃၅။	သံသာရေ သံသရန္တာနံ	....	၅၆၄
၁၃၆။	ဗုဇ္ဈိတွာ ယေ စိ’မေ သတ္တာ	....	၅၆၄
၁၃၇။	ဝေမာဒိဂုဏူပေတံ	....	၅၆၄
၁၃၈။	ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော	....	၅၆၅
၁၃၉။	သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ	....	၅၆၅
၁၄၀။	သံဝတ္တန္တိ အဘိညာယ	....	၅၆၅
၁၄၁။	ဧကသ္မိံ သမယေ နာထော	....	၅၆၆
၁၄၂။	တေ စ တံ အဘိနန္ဒိတွာ	....	၅၆၆
၁၄၃။	ဧကဒါ ဓမ္မရာဇာပိ	....	၅၆၇
၁၄၄။	သမ္မောဒိတွာန အာဗာဓာ	....	၅၆၇
၁၄၅။	ပဟီနာ တေ စ အာဗာဓာ	....	၅၆၈
	ပုဗ္ဗဏှသုတ် နိဿယသစ်ပုဒ်စဉ်		
၁၄၆-၈။	ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ	....	၅၇၀
၁၄၉။	ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ	....	၅၇၂
၁၅၀။	ဧတ္တာဝတာ စ အမှေဟိ	....	၅၇၂
၁၅၁။	ဒါနံ ဒဒန္တု သဒ္ဓါယ	....	၅၇၃
၁၅၂။	သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ	....	၅၇၄
၁၅၃-၅။	ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ	....	၅၇၄-၅

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၅၆-၈။	ဘဝတု သဗ္ဗမင်္ဂလံ	....	၅၇၅-၆
၁၅၉။	မဟာကာရုဏိကော နာထော	....	၅၇၆
၁၆၀။	ဇယန္တော ဗောဓိယာ မူလေ	....	၅၇၇
၁၆၁။	အပရာဇိတပလ္လင်္ကေ	....	၅၇၈
၁၆၂။	သုနက္ခတ္တံ သုမင်္ဂလံ	....	၅၇၉
၁၆၃။	ပဒက္ခိဏံ ကာယကမ္မံ	....	၅၈၁
၁၆၄။	ပဒက္ခိဏာနိ ကတွာန	....	၅၈၂

ပရိတ်ကြီးနိဿယသစ်

နိဒါန်း

ပရိတ်။ ။လူသုံးပါးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်တော်ကို စိုးယူပိုင်သ လက်ကိုင်ရတော်မူပြီးသည့် အခါမှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ ၄၅-ဝါ ပတ်လုံး ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသည်။ ထိုသို့ ၄၅-ဝါပတ်လုံး ဟောကြားအပ်သော တရားတော်တို့သည် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် မကာအောင်ပင် များမြောင်လှကုန်၏၊ ထိုသို့ ဓမ္မက္ခန္ဓာအနေအားဖြင့် များမြောင် လှသော်လည်း ထိုတရားတော်တို့၏ ဦးတည်ချက်မှာကား ဝိမုတ္တိ (=ကိလေသာမှ လွတ်မြောက်ရေး) တခုတည်းသာ ဖြစ်လေသည်။

ယင်းသို့ ကိလေသာမှ လွတ်မြောက်ရေးကို ဦးတည်လျက် ဟောတော်မူအပ်သော တရားတော်တို့တွင် ယင်း လွတ်မြောက်ရေးကို ရရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသော လူ, ရှင်, ရဟန်းတို့၏ ဘေးဘျမ်း ကင်းဝေးချမ်းသာရေးအတွက် အရံအတားအဖြစ် ဟောကြား အပ်သော တရားတော်တို့လည်း အပါအဝင် ဖြစ်လေသည်။ ထိုတရားတော်တို့ကိုပင် ပါဠိလို "ပရိတ္တ" မြန်မာလို "ပရိတ်" ဟု ခေါ်ဝေါ်ရလေသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် နှုတ်တော်တွက်တွက် ရွတ်၍ ဟောကြားတော်မူခဲ့သည့် ပရိတ်တို့မှာ နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံပါဠိတော်တို့ဝယ် ကြိုးကြား ကြိုးကြား တကွဲတပြားစီ ဖြစ်လျက်ရှိကြရာ အရှည်ကို မြော်မြင်တော်မူကြသော ရှေးခေတ် သာသနာတော်စောင့် ဆရာတော်ကြီးတို့သည် ထိုပရိတ်တို့ကို တပေါင်းတည်း စုပေါင်း၍ သီးခြား ကျမ်းတစောင်တဖွဲ့အဖြစ် စီစဉ်တော်မူခဲ့ကြလေသည်။ ထိုသို့ ရှေးဆရာတော်ကြီးများ စုပေါင်းစီစဉ်ထားခဲ့သော ပရိတ်ကျမ်းသည်ပင် ယခုအခါ မြန်မာနိုင်ငံ၌ "ပရိတ်ကြီး" ဟူသော အမည်ဖြင့် ထင်ရှားလေသည်။

စီစဉ်ပုံ။ ။**အဆိုပါပရိတ်ကြီးကို** စုပေါင်းစီစဉ်ရာ၌ ရှေးဆရာတော်ကြီးတို့သည် မိလိန္ဒပဉှာ ပါဠိတော်၌၎င်း, အရှင်မဟာဗုဒ္ဓဃောသ မထေရ်၏ အဋ္ဌကထာတို့၌၎င်း တွေ့ရှိရသော ဟောကြားမိန့်ဆိုချက်တို့ကို မှီငြမ်းပြုလျက် စီစဉ်တော်မူခဲ့ကြဟန် တူပေသည်။ ထိုစကားကို ချဲဦးအံ့။ မိလိန္ဒပဉှာပါဠိတော်, မေဏ္ဍကပဉှာအခန်း မစ္စုပါသမုတ္တိပဉှာ (နှာ-၁၅၂)၌ မြတ်စွာဘုရား ညွှန်းဆို ဟောကြားခဲ့သော ပရိတ်တို့ကို ပြထားရာဝယ် ရတနသုတ်, မေတ္တသုတ်, ခန္ဓပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, အင်္ဂုလိမာလပရိတ်တို့ကို တွေ့ရသည်၊ ထို့အတူပင် အရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်ဟူသော ခေတ်သုံးပါးတို့တွင် အာဏာခေတ်ကို ဖွင့်ပြရာ၌ စကြဝဠာ ကုဋေတသိန်းပမာဏရှိသော ယင်း အာဏာခေတ်၌ အရှိန်အဝါ ပျံ့နှံ့နိုင်မသော ပရိတ်တို့ကို ထုတ်ပြလေ့ရှိ၏။ ထိုသို့ ထုတ်ပြရာတွင် ပါရာဇိကဏ် အဋ္ဌကထာ(ပ၊ ၁၂၉), ဝိသုဒ္ဓိမဂ် အဋ္ဌကထာ(ဒု၊ ၄၄)တို့၌ ရတနသုတ်, ခန္ဓ, ဓဇဂ္ဂ, အာဋာနာဋိယ, မောရ ပရိတ်တို့ကို ထုတ်ပြ၍ ဒီဃနိကာယ် ပါထိကဝဂ္ဂ အဋ္ဌကထာ(ဂ၁)ဥပရိပဏ္ဏာသအဋ္ဌကထာ(မ၊ဋ္ဌ၊ ၄။၇၉), အင်္ဂုတ္တရအဋ္ဌကထာ(အံ၊ဋ္ဌ၊၁။၃၅၈), သမ္မောအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊၂။၄၁၁)တို့၌ကား အာဋာနာဋိယ, မောရ, ဓဇဂ္ဂ, ရတန ပရိတ်တို့ကိုသာ ပြ၍ **အာဒိသဒ္ဒါကိုပါ** ထည့်သွင်းကာ မိန့်ဆိုထားသည်ကို တွေ့ရလေသည်။ **အင်္ဂုတ္တရအဋ္ဌကထာ** (အံ၊ဋ္ဌ၊၂။၂၁၀) နှင့် မဟာနိဒ္ဒေသအဋ္ဌကထာ (၃၃၆) တို့၌မူ အာဋာနာဋိယပရိတ်, ဣသိဂိလိ, ဓဇဂ္ဂ, ဗောဇ္ဈင်္ဂ, ခန္ဓ, မောရ, မေတ္တာနှင့် ရတန ပရိတ်တို့ကို ထုတ်ပြထားလေသည်။ ဆိုခဲ့ပြီးတို့ကို ပေါင်းလိုက်လျှင် မိလိန္ဒပဉှာပါဠိတော်နှင့် များစွာသော အဋ္ဌကထာတို့တွင် ပရိတ်အဖြစ်ဖြင့် ဖော်ပြအပ်သော သုတ်တို့မှာ ရတနသုတ်, မေတ္တ, ခန္ဓ, မောရ, ဓဇဂ္ဂ, အာဋာနာဋိယ, အင်္ဂုလိမာလ, ဗောဇ္ဈင်္ဂနှင့် ဣသိဂိလိသုတ်တို့ဖြစ်ကြောင်း တွေ့ရှိရလေသည်။ ပရိတ်ကြီးကို စီစဉ်သော ရှေးဆရာတော်ကြီးတို့သည် အထက်ပါ သုတ်တို့တွင် ဣသိဂိလိသုတ်မှတပါး အခြားသုတ်အားလုံးကိုပင် ယူ၍ မင်္ဂလသုတ်, ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်တို့ကိုပါ ထည့်သွင်းလျက် စီစဉ်ထားသည်ကို တွေ့ရှိရလေသည်။

ထိုသို့ စီစဉ်သောအခါ ရွတ်လိုသော ထိုထိုပရိတ်မှန်သမျှ၏ ပုဗ္ဗကိစ္စ အဖြစ် 'သမန္တာ' မှစ၍ 'အာရက္ခံ ဂဏှန္တု' တိုင်အောင်သော စကားရပ် ကိုရင်း, ထိုထိုသုတ်တို့၏အစတွင် ဆိုင်ရာ အမွှမ်းဂါထာများကိုရင်း ထည့် သွင်းလျက် စီစဉ်တော်မူခဲ့ကြသည်။ ထို့ပြင် အာဋာနာဋိယသုတ် မူရင်း သည် အာဏာပြင်းသောသုတ်ဖြစ်၍ ဘီလူး စသည် ဖမ်းစား ပူးကပ်သော အခါမှသာ ရွတ်သင့်သောသုတ် ဖြစ်သောကြောင့် နေ့စဉ် ရွတ်ဖတ်မှုနှင့် သင့်လျော်အောင် ယင်းသုတ်မှ ဂါထာအချို့ကိုသာ ယူလျက် ဘုရားဂုဏ် တော်များကို ထည့်သွင်း၍ရင်း, ဗောဇ္ဈင်သုတ်မူရင်းမှာ စုဏ္ဏိယ (စကား ပြေ) ဖြစ်နေ၍ ရွတ်ဖတ်လွယ်ကူစေရန် ဂါထာသီကုံး၍ရင်း, ပုဗ္ဗဏှသုတ် ကိုလည်း အင်္ဂုတ္တရနိကာယ်မှ ဘုရားဟော ဂါထာများကို ပါဝင်စေ၍ သင့်လျော်သလို ဖြည့်စွက်လျက်ရင်း စီစဉ်ခဲ့ကြ လေသည်။ သို့ဖြစ်၍ ပရိတ်ကြီးပါ ယင်းသုံးသုတ်တို့၌ လာသော စကားရပ်တို့တွင် အချို့သာ ဘုရားဟောအစစ်ဖြစ်ပြီး အချို့မှာကား ဘုရားဟောနှင့် သင့်လျော်အောင် စီစဉ်သော ဆရာတော်ကြီးများ ထည့်သွင်းထားခဲ့သော စကားရပ်များ ဖြစ်လေသည်။ အဋ္ဌကထာတို့၌ ပြဆိုထားသော်လည်း ဣသိဂိလိသုတ် ကိုကား ပရိတ်ကြီး၌ ထည့်သွင်းတော် မမူခဲ့ကြပေ။ ယင်း သုတ်သည် နတ်ပြဟ္မာတို့၏အမည်များကို ထုတ်ဖော် ပြသသော မဟာသမယသုတ် နှင့် အလားတူစွာ ပစ္စေကဗုဒ္ဓါတို့၏ အမည်တော် များကို ထုတ်ဖော် ကျူးရင့်သော သုတ်ဖြစ်၍ နေ့စဉ် ရွတ်ဖတ်မှုအတွက် အရေးမကြီးလှ သောကြောင့် ချန်ထားတော်မူခဲ့ကြဟန် တူပေသည်။

ပရိတ်ကြီး ပရိတ်ငယ်

"ပရိတ်ကြီး" ဆိုသဖြင့် ပရိတ်ငယ်လည်း ရှိရဦးမည်ဟု အဓိပ္ပါယ် သက်ရောက်လျက်ရှိ၏၊ သို့ရှိသည့်အတိုင်းလည်း ဘိုးတော်ဘုရားလက်ထက် က ပရိတ်ကြီး, ပရိတ်ငယ်ဟု ခွဲခြားသတ်မှတ်မှု ရှိသည်ကို တွေ့ရ၏။ ထို သတ်မှတ်ချက်တွင် အမွှမ်းဂါထာတို့၌ "ပရိတ္တံ တံ ဘဏာမ ဟေ" ပါသော ရတနပရိတ်, မေတ္တ, ခန္ဓ, မောရ, ဝဋ္ဋ, ဓဇဂ္ဂ, အာဋာနာဋိယ, အင်္ဂုလိမာ- လ ပရိတ်တို့ကို ပရိတ်ကြီးဟု သတ်မှတ်၍ "မင်္ဂလံ တံ ဘဏာမဟေ,

ဗောဇ္ဈင်္ဂ တံ ဘဏာမ ဟေ”ဟုသာ ပါရှိ ‘ပရိတ္တံ’ မပါသော မင်္ဂလသုတ် နှင့် ဗောဇ္ဈင်သုတ်တို့ကို ပရိတ်ငယ်ဟု သတ်မှတ်လေသည်။ (ဟံသာဝတီ တိုက်ရိုက် စလင်းဆရာတော်ရေး ပရိတ်ကြီးနိဿယ၊ နှာ ၂၅၂-ကြည့်ပါ။)

ပရိတ်ရွတ်မှုအစဉ်အလာ

ဘုရားရှင် မျက်မှောက်ခေတ်။ ။ပရိတ်ရွတ်ဖတ် နာယူမှုနှင့် ပတ်သက်၍ ယခုအခါ၌ အမျိုးမျိုးယူဆ ပြောဆို လျက် ရှိကြသည်ကို တွေ့ရ၏။ အချို့ကလည်း ပရိတ်ကို ဘုရားရှင် ခွင့်ပြု တော်မူခဲ့ကြောင်း ပါဠိတော် အထောက်အထား မရှိဟုပင် ပြောဆို ရေးသားလျက် ရှိကြသည်။ သို့သော် ပါဠိတော်တို့ကို ဉာဏ်မိသမျှ လေ့ လာ ကြည့်သောအခါ ဘုရားရှင်ကိုယ်တော်တိုင်ပင် ပရိတ်ကို ခွင့်ပြုခဲ့ ကြောင်း အထောက်အထားများ တွေ့ရှိရလေသည်။ ဒီဃနိကာယ် ပါထိကဝဂ် အာဋာနာဋိယသုတ် ပါဠိတော်၌ မြတ်စွာဘုရားသည် ရဟန်း တို့အား အောက်ပါ အတိုင်း အာဋာနာဋိယ အရံအတားကို သင်ယူ လေ့ လာ ဆောင်ထားကြရန် တိုက်တွန်းတော်မူသည်ကို တွေ့ရသည်။

> “ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတားကို သင်ယူ ကြကုန်လော့၊ ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတား ကို အဖန်ဖန် လေ့လာကြကုန်လော့၊ ရဟန်းတို့ အာဋာနာဋိယ မည်သော အရံအတားကို ဆောင်ကြကုန်လော့။ ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတားသည် အကျိုးစီးပွါးနှင့် စပ် ၏၊ အာဋာနာဋိယ မည်သော အရံ အတားသည် ရဟန်း ယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာ မိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ ချမ်း သာစွာ နေရခြင်းငှါ ဖြစ်၏”။ (ပါထိကဝဂ်ပါဠိတော် မြန်မာပြန်၊ နှာ ၁၉၄)

ထို့ပြင် ဝိနည်းပိဋကာ ပါစိတ်ပါဠိတော် ဘိက္ခုနီဝိဘင်း တိရစ္ဆာန ကထာ သိက္ခာပုဒ် ၂-ခု၏ အနာပတ္တိဝါရ (၄၀၂-၃)တို့၌လည်း “အနာ-

ပတ္တိ ဂုတ္တာတ္တာယ ပရိတ္တံ ပရိယာပုဏာတိ။ အနာပတ္တိ ဂုတ္တတ္တာယ ပရိတ္တံ ဝါစေတိ”ဟု ဘေးရန်မှ လုံခြုံရေးအတွက် ပရိတ်ကို သင်ယူချပို့သော ရဟန်းမိန်းမအား အာပတ်မှ ကင်းလွတ်ခွင့် ပေးတော်မူသော ပညတ်ချက်ကို တွေ့ရ၏။ ဤသိက္ခာပုဒ်၌ ခွင့်ပြုအပ်သော ပရိတ်ဟူသည် “ပရိတ္တန္တိ ယက္ခပရိတ္တနာဂမဏ္ဍလာဒိဘေဒံ သဗ္ဗမ္ပိ ဝဋ္ဋတိ”ဟူသော အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၃။၂၁၅)နှင့်အညီ တစ္ဆေသူရဲနိုင် မန္တန်, မြွေနိုင်မန္တန်စသည်တို့ ဖြစ်၏။ ဘုရားဟော မဟုတ်သော ဤမန္တန်မျိုးကိုပင် သင်ယူခွင့် ပို့ချခွင့် ပြုတော်မူသည်ဆိုလျှင် ဘုရားဟော ဖြစ်သည့် ပရိတ်တို့ကိုမူကား အထူးဆိုဖွယ်မရှိ ခွင့်ပြုပြီးပင် ဖြစ်တော့သည်။ ထို့ပြင် ရဟန်းမိန်းမတို့အား ခွင့်ပြုသည်ဆိုသဖြင့် ရဟန်းယောကျ်ားနှင့်တကွ လူဒကာ, ဒကာမတို့အားလည်း ခွင့်ပြုပြီးပင် ဖြစ်တော့သည်။

ခန္ဓသုတ်၏ ဝတ္ထုကြောင်းပါသော ဝိနည်းစူဠဝါ ပါဠိတော် (၂၄၅)နှင့် အင်္ဂုတ္တိုရ်ပါဠိတော် (ပ၊၃၇၄)တို့၌လည်း မြတ်စွာဘုရားသည် ရဟန်းတို့အား မြွေမင်း ၄-မျိုးတို့ကို “မေတ္တာပို့ခြင်းငှါ ခွင့်ပြုတော်မူ၏ ခန္ဓသုတ်ကိုပင် မေတ္တာပို့နည်းအဖြစ်ဖြင့် ဟောတော်မူခဲ့သည်ကို တွေ့ရသည်။

> “ရဟန်းတို့ မိမိကိုယ်ကို လုံခြုံစေခြင်းငှါရင်း, မိမိကိုယ်ကို စောင့်ရှောက်စေခြင်းငှါရင်း, မိမိ၏ အရံ အတား (ပရိတ်)ကို ပြုခြင်းငှါရင်း ဤမြွေမင်း ၄-မျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှါ ခွင့်ပြုတော်မူ၏”။ (စူဠဝါပါဠိတော် မြန်မာပြန်၊ နှာ-၂၄၃။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ပ၊၃၉၈။)

အဋ္ဌကထာတို့၌လည်း ယင်း အထောက်အထားများကို တွေ့ရသည်ပင် ဖြစ်၏။ မွေးဖွားပြီး ၇-ရက်မျှသာ အသက်ရှင်ရမည့် အာယုဝဍ္ဎန သတို့သားသည် မြတ်စွာဘုရား၏ ညွှန်ကြားတော်မူချက်အရ ၇-ရက် ၇-ညဉ့်တို့ ပတ်လုံး ရဟန်းတို့ မပြတ် ပရိတ်ရွတ်ပေးသဖြင့်ရင်း, မြတ်စွာဘုရားကိုယ်တော်တိုင် တညဉ့်ပတ်လုံး ပရိတ် အရံအတားကို ပြုပေးသဖြင့်ရင်း သေဘေးမှ လွတ်မြောက်ပြီး အသက် ၁၂၀-တိုင် နေသွားရပုံကို ဓမ္မပဒ

အဋ္ဌကထာ (ပ၊၄၂၃-၄) ၌ တွေ့ရှိရသည်။ ဤမှတပါး အခြားသော အထောက်အထားတို့ကိုကား အဋ္ဌကထာဖွင့်များနှင့်အညီ ရေးသားထားသော ဤနိဿယသစ် ထိုထိုသုတ်တို့၏ အဋ္ဌုပ္ပတ် နိဒါန်းတို့၌ ကြည့်ရှုကြရာ၏။ ဤသို့လျှင် ပရိတ်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ခွင့်ပြုတော်မူခဲ့သည်ကိုရင်း, ဘုရားရှင်လက်ထက်ကပင် ပရိတ်ရွတ်မှု အလေ့အထ ထင်ရှားရှိခဲ့ပုံကိုရင်း ဆိုခဲ့ပြီး ပါဠိတော် အဋ္ဌကထာများအရ ယုံကြည်စွာ မှတ်သားအပ်ပေသည်။

နှောင်းခေတ် (ဋီကာမိလိန္ဒ, သီဟိုဠ်)။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက်၌လည်း ပရိတ်သည် အရေးကြီးသော ဘာသာရေး လုပ်ငန်းတရပ် ဖြစ်ခဲ့ပေသည်။ သာသနာနှစ် ၅၀၀-ခန့်၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်နှင့် ပတ်သက်သော ပြဿနာကို အရှင်နာဂသိန်အား လျှောက်ထား၍ အရှင်နာဂသိန်ကလည်း မိလိန္ဒမင်းကြီး သဘောကျ ကျေနပ်လောက်အောင် ဥပမာအမျိုးမျိုးဖြင့် ဖြေဆိုထားသည်ကို မိလိန္ဒပဉှာပါဠိတော် (နှာ၊၁၅၂-၁၅၅)၌ ပြဆိုထားလေရာ ထိုခေတ်၌လည်း ပရိတ်ရွတ်မှု အလေ့အထ ရှိခဲ့သည်ကို သိနိုင်ကြပေသည်။

နိဒါန်းအစ၌ ပြခဲ့သော အဋ္ဌကထာများ အဆိုအရ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသမထေရ် ပေါ်ထွန်းချိန်ဖြစ်သည့် သာသနာနှစ် ၉၀၀ ကျော် ၁၀၀၀-ခန့်၌လည်း ပရိတ်ရွတ်ဖတ်မှုကို ဘာသာဝင်တို့ လိုက်နာကျင့်သုံးခဲ့ကြကြောင်းကို သိရပေသည်။ ပါရာဇိကဏ် အဋ္ဌကထာ (၃၊၆၇)၌လည်း လူတို့အတွက် ပရိတ်ရွတ်ပေးမှုနှင့် ပတ်သက်၍ ရဟန်းတော်တို့ လိုက်နာစရာများကို ပြဆိုထားရာ ယင်းသည်လည်း ထိုအခါတွင် လူတို့သည် မိမိတို့ အရေးကိစ္စပေါ်သောအခါ ရဟန်းတော်တို့ကိုပင့်၍ ပရိတ်တရား နာယူလေ့ ရှိပုံ၏ အထောက်အထားတရပ်ပင် ဖြစ်ပေသည်။ ထိုကျမ်း၌ပင် ပရိတ်ရေ, ပရိတ်ချည် အကြောင်းများကိုပါ တပါတည်း ပြဆိုထားပြန်ရာ ပရိတ်ရေ, ပရိတ်ချည်တို့ကို ဘေးရန်တားဆီးရန်အတွက် ယုံကြည်စွာ အသုံးပြုခြင်းသည်လည်း ထိုအခါက အသားကျလျက်ရှိသော

ဘာသာရေး လုပ်ငန်းတခုဖြစ်ကြောင်း သိနိုင်ပြန်သည်။ ထို့ပြင် မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ (နှာ ၃၀၅)၌လည်း ရဟန်းတို့နှင့် လူဝတ်ကြောင်တို့၏ ဘာသာရေး ကျင့်သုံးမှု ထူးခြားပုံကို ပြဆိုရာတွင် "ဂဟဋ္ဌော ရတနသုတ္တ မင်္ဂလသုတ္တမတ္တမ္ပိ ပေါတ္ထကေ လိခိတွာ ဌပေတိ၊ ပဗ္ဗဇိတာ နိစ္စံ သဇ္ဈာယန္တိ=လူဒါယကာသည် ရတနသုတ်, မင်္ဂလသုတ်မျှကိုသော်လည်း (အလွတ်ရ မကျက်ပဲ) ပေ၌သာ ရေး၍ထားသည်။ ရဟန်းတို့သည်ကား ယင်းတို့ကို အမြဲရွတ်အံ သရဇ္ဈာယ်ကြသည်" ဟု ပြဆိုထားသည်ကို တွေ့ရှိနိုင်သည်။

သာသနာနှစ် ၉၁၂-ခုတွင် သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုတိယ ဥပတိဿမင်းလက်ထက်၌ ဘုရားရှင်လက်ထက်က ဝေသ လီပြည်၌ဖြစ် သကဲ့သို့ ဒုဗ္ဘိက္ခဘေး, ရောဂါဘေးတို့ ဖြစ်ပေါ်လေရာ ရဟန်းတော်တို့ ညဉ့်သုံးယမ်ပတ်လုံး ရတနသုတ် ပရိတ်တော်ကို ရွတ်သဖြင့် ထိုဘေးတို့ ပပျောက်ခဲ့ဘူးလေသည်။ (စူဠဝံသ၊ ၃၇ ပရိစ္ဆေဒ၊ ၁၁၉-၁၉၈ ဂါထာများ။)

မြန်မာနိုင်ငံ၌လည်း ပုဂံခေတ်ဦးပိုင်းကပင် ပရိတ်ရွတ်ဖတ်မှု ရှိခဲ့ ကြောင်း ကျောက်စာ အထောက်အထားများအရ သိရှိရသည်။ ကျန် စစ်သားမင်းကြီးသည် နန်းတော်ဆောက်လုပ်သောအခါ အရှင်အရဟံ အမှူးရှိသော ရဟန်းတော် ၄၁၀၈ ပါးတို့ကို ပရိတ်မင်္ဂလာရွတ်စေခဲ့သည်။ (ကျန်စစ်သား မင်းတရားကြီး၏ နန်းတော် မှန်ကျောက်စာ မြန်မာပြန် နှာ၊ ၄၇-၄၈)

သက္ကရာဇ် ၅၅၂-ခုနှစ် တွင်လည်း သိဿူရ်မည်သော အမတ်ကြီး သည် ဂူဘုရားဌာပနာသောအခါ သံဃာတော်များကိုပင့်၍ ပရိတ်ရွတ် စေခဲ့ကြောင်းကို ဘောင်ဂူနီဘုရား ကျောက်စာတွင် အောက်ပါအတိုင်း တွေ့ရှိရသည်။

ဩြတိဘဝနာဒိတျ ပဝရမ္မရာဇာ မင်းကြီ အမတ်တျာကြီ သိဿူရ် မည်သော ဒါယကာသည်သ(ဿ်၊)ရာ ဆိုစ်ငြယ်ခပ်

(က)ယ်သောဟ်ကုန်ဍာ ပ္လစ်သော သဗ္ဗညု မည်သော။ ပုဏ္ဍာ အပ္လ္စ်ကိုစ်လိုစ်သောဟ်ကြောင် အာ်အော် သကရေစ် ၅၅၂-ခု တန်ဆောင်မ္ဟုန်လဆန် (၂၅ဲါက်) သုက္ကြနိယ္ဍ် ၃-ပဟိုရ် ၁-နဍိ သောအာ။ ကူထာပနာသော ပြဒ်။ပရိုတ်ရွာ်သောကာ သ္ခိင် မဟာထေရ်ပင္ဒရ်ဗောဒ္ဓိ သ္ခိင်ဂုဏာရိသေလ်။ သ္ခိင်အင္ဂုရ်။ သ္ခိင် မဟာပဏ္ဍိတ်။ သ္ခိင်အက်။ သ္ခိင်ဇမ္ဗုဂမ္ဘိရ်၊ သ္ခိင်ဓမ္မဂုရု။ သ္ခိင်ဓမ္မန (န္ဒိ)။ သ္ခိင်နဂါ။ ဍ္ဍုယ်သ္ခိင် ဂ-ယောက်[၁] ဟုတ္တာ။(ပုဂံကျောက်စာ ညွန့်ပေါင်း နှာ-၁၉။ ပုဂံကျောက်စာ လက်ရွေးစင်၊ နှာ-၁၃-၁၄။)

ထို့အတူပင် သကရာဇ် ၆၂၃-ခုနှစ်၌လည်း အစစ်လတ် မင်းသမီးသည် ဂူဘုရား ဌာပနာသောအခါ သံဃာတော်တို့ကို ပင့်၍ ပရိတ် ရွတ်စေခဲ့ကြောင်း ကျောက်စာ (စာရင်း ၃၀၃၊ ပုံ ၂၀၀၊ ပုဂံကျောက်စာညွန့်ပေါင်း၊ နှာ-၉၀) အထောက်အထား တွေ့ရှိရပေသည်။

အင်းဝ, ကုန်းဘောင်ခေတ်။ ။ပုဂံခေတ်တွင် ကျန်ရစ်သားမင်းကြီးသည် နန်းတော် တည်ဆောက်ရာ၌ သံဃာတော်ဘို့ကို ပရိတ်ရွတ်စေခဲ့သကဲ့သို့ အင်းဝခေတ်, ကုန်းဘောင်ခေတ် ဘုရင်များလည်း အခါအားလျော်စွာ ပရိတ်ရွတ်စေမှု, နာယူမှုတို့ကို ပြုလုပ်ခဲ့ကြ၍ မင်းခမ်း မင်းနားတို့၌ပင် ပရိတ်ရွတ်မှု နာမှုတို့ကို ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရသည်။

သာလွန်မင်းတရားကြီးသည် သားတော် ရှင်တရုပ်ကို အလိုတော်ပြည့်ပြီးနောက် လေးထပ်ကျောင်းဆရာတော်, စံကျောင်းဆရာတော်တို့နှင့် ဆရာတော်အပေါင်းကို နန်းတော်သို့ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် ပရိတ်တရားတော်ကိုသည်း နာယူတော်မူခဲ့သည်။ နောင်တော်ဘုရားသားတော် သခင်ပုကို ညီတော် မင်းရဲကျော်စွာ သမီးတော်

၁—ဍ္ဍုယ်သ္ခိင် ဂ-ယောက်ဟု ကျောက်စာ၌ ဆိုသော်လည်း သ္ခိင်တို့ စာရင်းတွင်ကား ၉-ယောက် ဖြစ်နေသည်။

ခင်မလှစံပြိုးနှင့် စုံဘက်တော်မူသည်တွင်လည်း လေးထပ်ကျောင်းဆရာတော်ကို သံဃာတော်တို့နှင့်တကွပင့်၍ ပရိတ်နာတော်မူခဲ့သည်။ (သာသနာလင်္ကာရစာတမ်း၊ နှာ ၁၇၀-၁။)

အိမ်ရှေ့မင်းတို့ အိမ်တော်တက် အခမ်းအနားကို ကျင်းပသောအခါ အိမ်ရှေ့မင်းသည် ပရိတ်တော် နာဆောင်သို့ ရောက်တော်မူလျှင် ပရိတ်တော်ကို နာတော်မူ၍ ပရိတ်တော်အိုး ပရိတ်တော်ပန်းတို့ကို ပြင်ရုံးသို့ ထုတ်၍ မင်းသား မင်းမြေး မှူးတော် မတ်တော်တို့ကို ဝေပြီးမှ အိမ်သို့ ပြန်ကြရသည်။(လောကဗျူဟာ အင်ရုံစာတမ်း၊ နှာ-၁၇။)

ဘုရင်မင်းမြတ်များ၏ ထီးနန်းဥကင်တော်ဖွင့် အစီအစဉ်၌လည်း မြို့ပြင်တွင် တဲနန်း ဆောက်ရာ ထိုတဲနန်းတွင် ပရိတ်တော်နာ တန်ဆောင်းကိုလည်း ဆောက်လုပ်ရကြောင်း, သကြန်တော်ရေခပ် အစီအစဉ်တွင် ပရိတ်တော်ပန်းဆက် ပုဏ္ဏားများ ရက်လည်အောင် ဥပုသ်စောင့်ကြရကြောင်း, သကြန်တော်ခေါ်ပြီးသော အခါ၌လည်း ဝတ်လဲဆောင်တွင် အဝတ်လဲတော်မူ၍ ပရိတ်တော်နာဆောင်တွင် ပရိတ်တော်နာတော်မူကြောင်း, မြို့သိမ်းထွက် အစီအစဉ်၌လည်း 'ထွက်တော်မူသနေ့ နံနက် ၄-ချက်တီးကျော် ၃-မောင်း ၄-မောင်းကိုလည်း မြေနန်းတော် လှုတ်တော်ဝင်းရုံး, ၄-မျက်နှာ အရှေ့ရုံး, အနောက်ရုံး မြို့ထိပ် ၈-ရပ်များတွင် တရပ်ကို သံဃာတော် ၈-ပါးစီ ဆွမ်းလုပ်ကျွေး၍ ပရိတ်ရေခံပြီးလျှင် ပရိတ်တော်ရေကို ဝန်းတော်ပတ်လည် မြို့တော် အတွင်းအပြင်ကို ပုဏ္ဏားတို့ကို သန္ဓေးပြန်ပက်စေကြောင်းတို့ကို ယင်း လောကဗျူဟာ အင်ရုံစာတမ်းမှာပင် ပြဆိုထားသည်ကို တွေ့ရသည်၊ (၎င်းကျမ်း နှာ ၆၀၊၆၉၊၈၃၊၁၅၀-တို့ကြည့်။)

မန္တလေး ရတနာပုံ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး မှဒ္ဒါဘိသိက်ခံသည့် နည်းအတိုင်း ရေးသားအပ်သော မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်၊ ပိုဒ်ရေ ၅၇-၌လည်း "နန်းကြီးထက်ပေါ်၊ တက်ပြီးသော်လျှင်၊သူတော်မြတ်စစ်၊တရာ့ရှစ်လည်း၊အောင်မေတ္တာစိတ်၊မွမ်းမွမ်းထိတ်

မျှ၊ ပရိတ်ဂါထာ၊ ဟောရွတ်ကာနှင့်”ဟု ပြဆိုထားလေရာ ပရိတ်ရွတ်ဖတ်နာယူမှုသည် ဘုရင်မင်းမြတ်တို့ အဘိသိက်ခံရာ၌ပင် နေရာပေးထားရသော ဘာသာရေးကိစ္စဘရပ်ဖြစ်သည်ကို တွေ့ရှိနိုင်ပေသည်။

ထို့ပြင် မြို့သစ် နန်းသစ် တည်ဆောက်သောအခါ၌လည်း တရားနာခြင်း, ပရိတ်နာခြင်းစသော ဘာသာရေးကိစ္စတို့ကို ဆောင်ရွက်ရန် ဇေတဝန်ဆောင်, ပရိတ်တော်နာဆောင် (ပရိတ်တော်ဆက်ဆောင်, ပရိတ်နာဆက်ဆောင်) ဟု သီးခြားအဆောင်များ ဆောက်လုပ်ရိုးပြုကြသည်ဖြစ်ရာ ပရိတ်နာယူမှုကို ရှေးရှေးသာသနာပြု မင်းကောင်း, မင်းမြတ်များ မည်မျှအရေးထား၍ လေးစားခဲ့ကြသည်ကို သိရှိရန်ပင် ဖြစ်တော့သည်။ (ရွှေဘုံနိဒါန်း၊ နှာ ၂၀-၉။မဃဒေဝ၊ ပိုဒ် ၄၃။ရွှေကိုင်းသား၏ “မန္တလေး” စာအုပ်၊ နှာ ၈၀၊၈၅-တို့ ကြည့်ပါ။)

အလွန်တွင်ကျယ်ခဲ့၍ အစဉ်ထိန်းရမည့် အမွေအနှစ်။ ။ဘုရင်မင်းမြတ်များ ကိုယ်တိုင် အလေးပြုခဲ့သော ဘာသာရေးကိစ္စဖြစ်၍ တိုင်းသူပြည်သားတို့လည်း ပရိတ်ရွတ်ဖတ် နာယူခြင်းကိစ္စကို အားတက်သရော ဆောင်ရွက်ခဲ့ကြလေသည်။ နိုင်ငံတော်ဘဝမ်းလုံးရှိ မြို့အသီးသီးဝယ် ရပ်ကွက် အလိုက် ပရိတ်သင်းများဖွဲ့ကာ ပရိတ်တော် သံ မစဲအောင် ရွတ်ဖတ်ခဲ့ကြသည်မှာလည်း ထင်ရှားသော အထောက်အထားပင် ဖြစ်တော့သည်။ သာမှု, နာမှု စသော ကိစ္စကြီးငယ်ရှိသော အခါ၌လည်း သံဃာတော်တို့ကို ပင့်၍ ပရိတ်နာယူရမှ နှစ်သိမ့်အားရခြင်း ရှိကြသည်ဖြစ်ရာ ပရိတ်ရွတ်ဖတ်နာယူမှုသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ ပစ်ပယ်၍မရစကောင်းသော အာဝေနိကဘာသာရေး လုပ်ငန်းကြီးအဖြစ်သို့ ရောက်ရှိနေသည်မှာ အလွန်ပင် ထင်ရှားလျက် ရှိလေသည်။ ထို့ကြောင့်လည်း ပရိတ် (ဝါ-ပရိတ်ကြီး) သည် မြန်မာနိုင်ငံတွင် လူသိအများဆုံးဖြစ်လျက် ဗုဒ္ဓဘာသာဝင်တို့အား ပါဠိဘာသာနှင့် နီးစပ်မှုရှိအောင် ပေါင်းကူး ပေးသော ကျမ်းစာတစောင်အဖြစ် ရပ်တည်လျက်ရှိခြင်း ဖြစ်လေသည်။

ဤသို့လျှင် ပရိတ်သည် ဘာသာဝင်အပေါင်းတို့၏ ဘေးရန်ကင်းကွာချမ်းသာမှုကိုလည်း ရွက်ဆောင်ခဲ့၏။ ဘာသာဝင် တို့အား စိတ်နှလုံးချမ်းမြေ့မှုကိုလည်း ပေးစွမ်းခဲ့၏။ ကိုယ့်ကိုကိုယ် ယုံကြည်မှုကို ရစေလျက်အရာရာမှာပင် ရဲရင့်ခြင်းကို ဖြစ်စေခဲ့၏။ ဤမျှ ကျေးဇူးပြုလျက် ရှိသည့်အဖိုးမဖြတ်နိုင်သော ဘာသာရေးအမွေ, ယဉ်ကျေးမှု အမွေကြီး တခုကိုအဘယ်မည်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် စွန့်ပယ်သင့်ပါတော့မည်နည်း။

ပရိတ် အကျိုးရအောင် ဆောင်ရွက်နည်း။ ။ပရိတ်သည် အတန်တန်သော ဘေးရန်အန္တရာယ်တို့ကို ကာကွယ်တားဆီးနိုင်သည် ဆိုသော်လည်း ပရိတ်ရွတ်ဖတ် နာယူနည်းမကျပါက အကျိုးရမည် မဟုတ်ချေ။ ဆေးဝါးဟူသည် ရောဂါကိုပယ်ဖျောက်ရန် စီမံထားသော ပစ္စည်းဖြစ်၍ ဆိုင်ရာရောဂါကို ပျောက်စေနိုင်သည် မှန်သော်လည်း အညွှန်းအတိုင်း မလိုက်နာပဲ သုံးစွဲလျှင်ကားဆေးအကျိုးကို ခံစားရမည် မဟုတ်ပေ။ ထို့အတူပင် ပရိတ်တော်တို့မှာရွတ်ဖတ်နာယူသူတို့၏ ဘေးရန် ကင်းကွာရေးအတွက် ဟောထားသောတရားများဖြစ်သော်လည်း ရွတ်ဖတ်နာယူရာ၌ ဆိုင်ရာညွှန်ကြားချက်ထို့ကိုမလိုက်နာလျှင်ကား လိုအပ်သော အကျိုးကို ရနိုင်မည်မဟုတ်ပေ။

ယင်း ညွှန်ကြားချက်တို့ကား ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါ ၃-ပါးနှင့် ပရိတ်နာသူတို့ ပြည့်စုံရမည့် အင်္ဂါ ၃-ပါးတို့ပင် ဖြစ်လေသည်။ ထို အင်္ဂါတို့ကို ဤနိဿယသစ် ရတနပရိတ်အဖွင့် (နှာ ၁၇၆) ၌ ကျမ်းဆရာကိုယ်တိုင် ပြဆိုထားသည်ဖြစ်၍ ဤနိဒါန်း၌ ရေးသားဖော်ပြရန်မလိုတော့ပေ။

ဤသို့လျှင် ရွတ်သူ, နာသူတို့၌ လိုအပ်သည့် အင်္ဂါတို့နှင့် ပြည့်စုံမှသာပရိတ်အကျိုးကို ခံစားကြရမည်ဖြစ်ရကား ပရိတ်ရွတ်သူ, နာသူတို့သည်ရှေးဦးစွာ ထိုအင်္ဂါတို့နှင့် ပြည့်စုံအောင်ပြုလုပ်ခြင်းဖြင့် ညွှန်ကြားချက်ကို

တိတိကျကျလိုက်နာလျက် ပရိတ်အကျိုးကို ပြည့်ပြည့်ဝဝ ခံစားကြရန် အားထုတ်သင့်ကြပေသည်။

ပရိတ်ကြီးဋီကာ။ ။ပရိတ်ကြီး၌ ပါဝင်သော သုတ်တို့သည် များသောအားဖြင့် ထိုထိုပါဠိတော်၌ ပါရှိပြီး သုတ်တို့ဖြစ်ကြ၏။ သို့ဖြစ်၍ ယင်းသုတ်တို့၏အဖွင့်ကို ကြည့်လိုလျှင် ဆိုင်ရာ အဋ္ဌကထာများမှာ ကြည့်ရှုရန်ပင် ဖြစ်တော့သည်။ ထို့ကြောင့်လည်း ပုဂံခေတ်စသော ရှေးအခါက ပရိတ်ဋီကာ မပေါ်ထွက်ခဲ့ခြင်း ဖြစ်ပေသည်။

သက္ကရာဇ် ၉၆၇-ခုနှစ်တွင် နန်းတက်သော အနောက်ဖက်လွန် မင်းတရား လက်ထက်၌ကား စစ်ကိုင်းတောင် တိလောကဂုရု ဆရာတော်နှင့် ဂုဏာဘိစက္က ဆရာတော်တို့၏တပည့် တပယင်းမြို့ တောင်လက် ကန်ဖျားရွာလျှင် ဖွားရာဇာတိရှိသော အရှင်တေဇောဒီပသည် ရဟန်း ၅ ဝါအရ သက္ကရာဇ် ၉၇၁-ခုနှစ်တွင် ပရိတ်ကြီးဋီကာကို စီရင်တော်မူခဲ့သည်။ ကျမ်းကိုလည်း "ပရိတ္တဝဏ္ဏနာ" ဟုမှည့်ခေါ်လေသည်[၁]။

ဤ အရှင် တေဇောဒီပကား ရခိုင်မှ အမေးရောက်သည်ကို ၉၆၅-ခုနှစ် သာမဏေဘဝကပင် ဖြေရ၍ အဝ(အင်းဝ) သာမဏေကျော်ဟု တွင်လေသည်။ နောင်တွင် တိလောကာလင်္ကာရ ဘွဲ့တံဆိပ် နာမံတော်ကိုလည်း အလှူခံရသည်။ ၉၄၆ ခုနှစ်ဖွား ဖြစ်သော ယင်းဆရာတော်သည် ၁၀၀၆ ခုနှစ် သက်တော် ၆၀ ပြည့်တွင် ပျံလွန်တော်မူသည်။ ဆရာတော်၏ အလောင်းကို ကောင်းမှုတော်ဒါယကာ မင်းကြီးထွက်၍ သင်္ဂြိုဟ်တော်မူသည်[၂]။

၁။ ရဟန်းဝါနှင့် ကျမ်းပြီးနှစ်တို့မှာ ပရိတ်ဋီကာ နိဂုံးလာစကားများနှင့် အညီဖြစ်သည်။သာသနာလင်္ကာရနှင့် ပိဋကတ်တော် သမိုင်းတို့၌ အနည်းငယ်စီ အဆိုကွဲပြားလျက် ရှိသည်ကို တွေ့ရသည်။

၂။ မဟာဒွါရနိကာယ သာသနဝံသဒီပနီ၊ နှာ ၁၈၆-ကြည့်။

ပရိတ်ကြီးဋီကာဆို၍ ဤတစောင်သာ ယခုအခါတွင် တွေ့ရသည်။ သို့သော် မုံရွေးဆရာတော် စီရင်အပ်သည့် သမန္တစက္ခု ဒီပနီကျမ်း (ပ၊ သုဓမ္မဝတီရိုက်၊ နှာ ၂၇၅-၆) ၌ ဤဋီကာမှ စကားကိုထုတ်နုတ်၍ ပရိတ်ကြီး ဋီကာသစ်ဟု အကိုးပြုသည်ကိုတွေ့ရသည်။ (ယင်းကျမ်းအခြားနေရာ (နှာ ၁၅-စသည်) တို့၌ကား ဤဋီကာလာ စကားကိုပင် ပရိတ်ကြီး ဋီကာဟု သာမန်ကိုးသည်ကို တွေ့ရသည်။) ယင်းသို့ ပရိတ်ကြီး ဋီကာသစ်ဟု ကိုးကားမိန့်ဆိုသော စကားကိုထောက်လျှင် ဤ ဋီကာမပေါ်မီ အခြားပရိတ်ကြီး ဋီကာတစောင်လည်း ရှိခဲ့သေး၏ဟု ယူဆစရာ ရှိပေသည်။ သာသနာလင်္ကာရနှင့် ပိဋကတ်တော် သမိုင်းတို့၌ကား အရှင်တေဇောဒီပ၏ ဋီကာကိုသာ ပြဆိုလျက်ရှိကြသည်။ ဤဋီကာ၏ ဂန္ထာရမ္ဘ စကားရပ်၌လည်း အခြားဋီကာရှိသေးသည် ဟူသော မိန့်ဆိုချက်ကို မတွေ့ရပေ။

ပရိတ်ကြီးဋီကာ နိဿယ။ ။ပရိတ်ကြီးဋီကာမှာ နိဿယမရှိဟု ပိဋကတ်တော်သမိုင်း၌ ပြဆိုထား၏။ သို့သော် ပရိတ်ကြီးဋီကာနှင့်တွဲ၍ ၁၂၆၃-ခုနှစ်က ရန်ကုန်မြို့ ကဝိန္ဒာသီရိစာပုံနှိပ်တိုက်က ရိုက်နှိပ်အပ်သော ပရိတ်ကြီးဋီကာ နိဿယကိုတွေ့မြင်အပ်ရကား ပရိတ်ကြီးဋီကာမှာ နိဿယရှိသည်ဟုပင် မှတ်အပ်ပေသည်။

ယင်းနိဿယ ပုံနှိပ်စာအုပ်၌ နိဿယဆရာ၏ ပဏာမ နိဂုံးတို့ မပါသော်လည်း ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်ရှိ ပေမူ (အမှတ် ၁၇၉၆)၌မူ နိဂုံးသဖွယ် ဂါထာများပါရှိသည်ကို တွေ့ရသည်။ ယင်းဂါထာများ အရ ကျမ်းပြီးနှစ်ကို အတိအကျမသိရသော်လည်း သက္ကရာဇ် ၁၁၀၀-နှင့်၁၁၆၆ အတွင်းမှာ ရေးသားခဲ့သည်ဟု ခန့်မှန်းနိုင်ပေသည်။ ကျမ်းပြု အမည်ကိုလည်း "ဂန္ထကာရော မဟာထေရော၊ ပိဋကနာထနာမကော" ဟုပြသည်။

ပရိတ်ကြီး နိဿယများ။ ။ပိဋကတ်တော်သမိုင်း၌ ပရိတ်ကြီးနိဿယကိုပြဆိုသားခြင်းမရှိပေ။ ထိုသို့ မပြဆိုခြင်းမှာ ထိုသမိုင်းပြုစုစဉ်က ပရိတ်ကြီးနိဿယ မရှိသောကြောင့်ကား ဟုတ်

မည် မသင်ပေ။ ထိုစဉ်က အလွယ်တကူ မတွေ့ရသောကြောင့် ဖြစ်စေ, ထည့်သွင်းရန် မေ့လျော့သောကြောင့်ဖြစ်စေ, တမင်လာပင် ချန်ထားခဲ့သောကြောင့် ဖြစ်စေ ထိုသမိုင်း၌ မပါခဲ့ခြင်းဖြစ်ဟန် ရှိပေသည်။

ယခုအခါမှာမူကား ပရိတ်ကြီးနိဿယတို့ကို အတော်များများ တွေ့ရပေသည်။ ၎င်းတို့ကား အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ ကျမ်းပြုအမည် မသိမှု။ ။ဤနိဿယမှာ ကျောင်းသားငယ် ရှင်ငယ်တို့ အလွယ်တကူ သင်ယူကျက်မှတ်နိုင်ရန် ချုနက်များကိုသာ ရေးသားထားသော နိဿယဖြစ်၏။ ပဏာမ, နိဂုံးတို့မပါ၍ မည်သည့်ခုနှစ်၌ မည်သည့်ပုဂ္ဂိုလ် ပြုစုကြောင်း မသိရသော်လည်း ဆယ်စောင်တွဲ စသည်တို့၌ ပါရှိနေသည်ကိုထောက်သော် အတော်ရှေးကျသည်ဟု ယူဆရန်ရှိပေသည်။

၂။ စလင်းဆရာတော်မှု။ ။ဤမူမှာ နိဿယသက်သက်မျှ မဟုတ်ဘဲ ဝိဂ္ဂဟ်ဝစနတ်နှင့် အဓိပ္ပါယ် ရှင်းလင်းချက်တို့ပါ ပါရှိသော မူဖြစ်၏။ ကျမ်းပြုပုဂ္ဂိုလ်မှာ စလင်းဆရာတော် ဟုရင်း, ပန်းလှသွားဆရာတော်ဟုရင်း ထင်ရှားသောဆရာတော် ဦးဂုဏဝန္တ ဆရှင်မြတ် ဖြစ်လေသည်။ ယင်းဆရာတော်သည် ဤနိဿယကို ကုန်းဘောင်ပဋ္ဌမဆက်ဖြစ်သော ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၇၃-ခုနှစ်တွင် အပြီးစီရင်ခဲ့သည်။ ယင်းနိဿယကို ၁၉၆၀-ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေသည်။

(ဤနိဿယကျမ်းပြုဆရာတော်၏ ဘွဲ့အမည်ကို ပိဋကတ်တော် သမိုင်း (ပိုဒ်မ ၃၀၈၊၈၃၅)၌ ရှင်သီလာစာရ ဟုပြ၍ ဟံသာဝတီပုံနှိပ်တိုက်ရိုက် ယင်းနိဿယနိဒါန်း၌ သီလဝန္တထေရ်ဟု ပြဆိုသည်ကို တွေ့ရသည်။ ဤဆရာတော်သည် ဤ ပရိတ်ကြီးနိဿယအပြင် အဘိဓမ္မာဂဏ်ဟာဒီပနီနှင့် ၎င်းနိဿယ စသည်တို့ကိုလည်း ပြုစုတော်မူသည်။ ကျမ်းနိဂုံးတို့၌ မိမိ၏အမည်ပြ ဂါထာကို ပဟေဠိသဘောမျိုးဖြင့် ရေးသားခဲ့ရာ ယင်းဂါထာအရ ဆရာတော်၏ဘွဲ့အမည်မှာ သီလ စသည် ဟူသော အနက်ကို ဟောသော သဒ္ဒါနောင် တဒ္ဓိတ်ပစ္စည်းသက်၍ပြီးသော ပုဒ်ဖြစ်ကြောင်း သိရ၏။

သီလ စသည်ဟူသောအနက်ကို ဟောသောသဒ္ဒါမှာ "ဂုဏော ပဋလရာသီသု။ အပ္ပ-ဓာနေ စ သီလာဒေါ၊ သုတ္တာဒိမှိ ဝိယာယ စ" ဟူသော အဘိဓာနပ္ပဒီပိကာ၏ ဂုဏသဒ္ဒါပင် ဖြစ်၏၊ ယင်းနောင် ဝန္တုဟူသော တဒ္ဓိတ်ပစ္စည်းသက်လျှင် ဂုဏဝန္တ-သာ ဖြစ်လေသည်၊ သီလာစာရ သီလဝန္တတို့ ဖြစ်နိုင်ဖွယ်မရှိပေ။ ထိုပြင် ယင်း ဆရာတော်၏ ရာဇဂုရုဘွဲ့တံဆိပ်မှာ "ဂုဏာဝံသဓဇ မဟာဓမ္မရာဇဂုရု" ဖြစ်ရာ ဆရာ တော်၏ ဘွဲ့မှာ ဦးဂုဏဝန္တသာ ဖြစ်ကြောင်း ယုံမှားမဲ့မှတ်အပ်၏။ အဖေဂ္ဂုသာရ-ဒီပနီပါဌ် နိဿယနိဒါန်းလည်း ကြည့်ပါ။)

၃။ တွံ့တေးဆရာတော်မူ။ ။ဤနိဿယကို လက်သွား အနက်တို့ဖြင့် ရေးသားထားသည်။ ပရိတ်ရွတ်ဖတ်နည်း, ဂါထာဆန်းစစ်နည်းတို့ကိုပါ ထည့်သွင်းရေးသားသည်ကို တွေ့ရသည်။ ဤနိဿယကို တွံ့တေးဆရာတော် ဦးနာဂ အရှင်သုမြတ်သည် ၁၂၇၃-ခုနှစ်တွင် အပြီး စီရင်ခဲ့သည်။ ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်က ရိုက်နှိပ် ထုတ်ဝေသည်။ ၁၃၂၃-ခုနှစ်အထိ ၁၂-ကြိမ်တိုင်တိုင် ထုတ်ဝေပြီးဖြစ်သည်။

၄။ ဝိသုဒ္ဓါရုံမူ။ ။ဤမူလည်း အနက်ရိုးရိုးဖြင့် ချနက်သဘောရေးသား အပ်သောမူဖြစ်၏၊ ရှစ်လုံးဖွဲ့မဟုတ်သော ဂါထာတို့၏ ဂါထာအမည်များကိုလည်း ပြဆိုထားသည်ကို တွေ့ရ၏။ ဤမူကို မဟာ-ဝိသုဒ္ဓါရုံ ဆရာတော်ကြီး မန္တလေးအရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ သီတင်း သုံးတော်မူစဉ်က ရေးသားခဲ့သည်ဟု ဆိုသည်။ နိဿယအဆုံး၌ ပြဆို အပ်သော ဂါထာ၌ကား သက္ကရာဇ် ၁၂၇၁ (ပထကမ္မယေ) ခုနှစ်၌ သုတ် သင်အပ်ကြောင်း ပြဆိုထားသည်။ ဤနိဿယကို ရန်ကုန်မြို့ ပြည်ကြီး မဏ္ဍိုင်ပိဋကပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ဘူးသည်။ ၁၃၂၂-ခုနှစ်၌မန္တလေ မြို့ ပဟိုရ်စည် သတင်းစာတိုက်တွင် နဝဗုဒ္ဓပူဇနကျမ်း, ဥပ္ပါတသန္တိ ကျမ်းတို့ နှင့် တွဲဖက်၍ ဒုတိယအကြိမ်ရိုက်နှိပ်အပ်သည်။

၅။ မြင်းခြံ ဇ-ဆောင်မူ။ ။ဤ နိဿယလည်း လက်သွား အနက်တို့ဖြင့် ရေးသားအပ်သော နိဿယဖြစ်၏။ အဓိပ္ပါယ် အမှာအထားတို့ကိုလည်း လိုအပ်သည့်နေရာတို့၌ ထည့်သွင်းပြဆိုထား၏။

ဤ နိဿယကို မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာနကိုးကျောင်း ဇ-ဆောင်တိုက် ဝေဇယန္တာ အုဋ်ကျောင်းဆရာတော် အရှင်ဝေပုလ္လာဘိဝံသ အရှင်သူမြတ်သည် ၁၂၇၉-ခုနှစ်တွင် ရေးသားစီရင်ခဲ့သည်။ ကျမ်းကိုလည်း "မြင်းခြံ ဇ-ဆောင်မှ မဟာပရိတ်တော်ကြီး နိဿယသစ်" ဟု အမည် မှည့်သည်။ ရန်ကုန်မြို့ ၁၂-လမ်း ဇေယျာသိန်း စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

၆။ အရှင်အာဒိစ္စဝံသမှု။ ။ဤ နိဿယကား ရိုးရိုးအနက်တို့ဖြင့် သိမှတ်ဖွယ် အဓိပ္ပါယ်တို့နှင့်တကွ ရွတ်နည်း, ဖတ်နည်းဘို့ပါ စုံလင်စွာ ပြထားသော နိဿယဖြစ်၏။ ဤနိဿယကို မိလိန္ဒပဥှာပါဠိတော် နိဿယ စသော ကျမ်းပေါင်းများစွာတို့ကို ပြုစုသော ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက် နာယကဆရာတော် အရှင်အာဒိစ္စဝံသ မထေရ်သည် ၁၂၉၇-ခုနှစ်တွင် အပြီးသတ် ရေးသား စီရင်ခဲ့သည်။ ကျမ်းကို "ပရိတ္တသင်္ဂဟ ခေါ် ပရိတ်တော်ကြီး ပါဠိနိဿယ" ဟု အမည်မှည့်သည်။ ရန်ကုန်မြို့ စက်ရုံလမ်း ဝဇီရ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

အဆက်ပါတို့မှာ ယနေ့တွေ့မြင်ရသော နိဿယတို့ဖြစ်ကြသည်။ စလင်းဆရာတော်၏နိဿယနိဂုံး၌ပင် "ရှေ့ မူဟောင်း ပရိတ်ကြီးနိဿယအကျယ်၌ အပျက်အမှား များလှသောကြောင့်" စသည်ဖြင့် မိန့်ဆိုထားသည်ကို ထောက်၍ စလင်းနိဿယ မပေါ်မီကလည်း နိဿယများ ရှိခဲ့သည်ကို မှန်းဆနိုင်လေသည်။

ထို့ပြင် ဝက်ခုတ်ဆရာတော် ဆရာတော်ဦးဗုဓ်, ဆရာတော် ဦးပန်း စသော ဆရာတော်တို့ရေးသော နိဿယတို့လည်း ရှိကြကြောင်း သိရ၏။ ဤနိဒါန်းရေးသူ မတွေ့ဘူး မကြားဘူးသော ပရိတ်ကြီး နိဿယတို့လည်း ရှိတန်ရာပေသည်။

ပရိတ်ကြီးဂဏ္ဌိ။ ။၎င်းဂဏ္ဌိကို အဘိဓမ္မတ္ထဒီပကကျမ်းပြု ဗိုလ်ကုန်းဆရာတော် ဘုရား စီရင်ရေးသားတော်မူခဲ့သည်။ ဂဏ္ဌိဆိုသည်နှင့်အညီ ပရိတ်ကြီး၌ပါသော ပုဒ်တို့၏ ဝိဂ္ဂဟ်ဝစနတ် ခတ်ပစ္စည်း

ခွဲဝေပုံများကိုရင်း, ပုဒ်ပါဌ်အဆုံးအဖြတ် အနက် အဆုံးအဖြတ် တို့ကိုရင်း ထိုထိုသုတ်တို့နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ဝတ္ထုကြောင်း စသည်တို့ကိုရှင်း ပြည့်စုံစွာပြဆိုထားသည်ကို တွေ့ရသည်။ ဤကျမ်းကို ဗိုလ်ကုန်းဆရာတော် သည် ၁၂၆၅-ခုနှစ်၌ ရေးသားစီရင်ခဲ့၍ ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်က ၁၂၆၇-ခုနှစ်တွင် ရိုက်နှိပ်ခဲ့သည်။

ပရိတ်ကြီးမြန်မာပြန်များ

၁။ ဦးစိုးဝင်းမှု။ ။ပရိတ်ကြီး၏ မြန်မာစကားပြေ သက်သက်ကိုသာ ဖတ်ရှုလိုသူတို့အဖို့ ရေးသားအပ်သော ကျမ်းဖြစ်၏။ ဤကျမ်းကို စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယဘွဲ့ရ ပိဋကတ်တော်မြန်မာပြန်ဌာန အယ်ဒီတာ ဦးစိုးဝင်းသည် ၁၃၁၇-ခုနှစ်က ရေးသားခဲ့သည်။ယင်းကို သုဓမ္မဝတီ ပုံနှိပ်တိုက်က ၁၃၂၃-ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေသည်။

၂။ ဦးတင်မြင့်မှု။ ။ဤကျမ်းကို မြန်မာစကားပြေ သက်သက်ဖြင့်ပင် ရေးသားထား၍ ရှင်းလင်းဖော်ပြသင့်သောခက်ဆစ်တို့ကို လည်း အောက်ခြေမှ ဖော်ပြထားသည်။ ဤကျမ်းကို ဝန်ကြီးချုပ်ဦးနု၏ တိုက်တွန်းချက်အရ ဓမ္မာစရိယ ဦးတင်မြင့်သည် ၁၃၂၂-ခုနှစ်တွင် ရေးသားခဲ့၍ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

ဤနိဿယသစ်။ ။ပြဆိုခဲ့ပြီးသည့်အတိုင်း ပရိတ်ကြီး၏ အခြံအရံဖြစ်သော ကျမ်းတို့ အများအပြားပင် ပေါ်ထွက်ပြီးဖြစ်သော်လည်း ခေတ်အားလျော်သော ပုဂ္ဂိုလ်တိုင်း ဖတ်ရှု နားလည်နိုင်မည့် မြန်မာဘာသာရေး ပရိတ်ကြီးအဖွင့်ကျမ်းကား လိုအပ်လျက်ပင် ရှိခဲ့လေသည်။

ယခုအခါသည် သိပ္ပံပညာ လွန်စွာထွန်းကားသော အခါဖြစ်၏။ သိပ္ပံပညာ ထွန်းကားသည်နှင့်အမျှ ခေတ်ပညာတတ်သူဘို့သည် ယင်းပညာကို အားတက်သရော လေ့လာ သင်ယူလျက်လည်း ရှိကြ၏။ ထိုသူတို့မှာ ခေတ်ဗဟုသုတ သိပ္ပံပညာ ဗဟုသုတတို့ ပြည့်ဝလျက် ရှိကြသော်လည်း ဘာသာရေး ဗဟုသုတကား ချို့တဲ့လျက်ရှိသည်ကို တွေ့ရလေသည်။

သို့ဖြစ်လေရာ ပရိတ်ကြီးကို အခြေခံပြု၍ ထိုသူတို့ နားလည် လက်ခံနိုင်လောက်သော အသုံးအနှုန်းတို့ဖြင့် ဘာသာရေး ဗဟုသုတကိုပေးသည့် ကျမ်းမျိုးကား ယခုအခါဟောင် လွန်စွာပင် လိုအပ်လျက် ရှိလေသည်။

ယင်းသို့သော လိုအပ်ချက်ကို သိမြင်တော်မူသော ဆင္ဃသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မန္တလေး ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ အရှင်သူမြတ်သည် ဋ္ဌကာ-သံဂါယနာမပြီးမီ ၁၉၆၁-ခုနှစ်လောက်က ပရိတ်ကြီးနိဿယသစ်တစောင် ထွက်ပေါ်ရေးကို အလေးပြု စဉ်းစားတော်မူခဲ့၏။ မိမိ၏ ကောင်းမြတ်သော အကြံအစည်ကို ထိုစဉ်က နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ အဘွင်းရေးမှူးဖြစ်သော တရားဝန်ကြီးဟောင်း သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအား အမိန့်ရှိရာ ၎င်းကလည်း နှစ်ထောင်းအားရ ဝမ်းပန်းတသာဖြင့် ထိုနိဿယမျိုး ထွက်ပေါ်အောင် ဆောင်ရွက်ပါရန် ဆရာတော်အား တိုက်တွန်းလျှောက်ထားခဲ့၏။ ဆရာတော်လည်း ပရိတ်ကြီးအဖွင့်တစောင်ကို ခေတ်နှင့်ကိုက်ညီအောင် ရေးသားနိုင်မည့် ပုဂ္ဂိုလ်ကို ရှာဖွေရာ ဟံသာဝတီခရိုင် သပြေကန်ရွာ မဟာဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာ-ဘိဝံသ စာချဆရာတော်ကို မြင်တော်မူ၍ ထိုမထေရ်ကိုပင် နိဿယသစ် ရေးသားပေးရန် တိုက်တွန်းခဲ့လေသည်။ အရှင်ဝါသေဋ္ဌာဘိဝံသမထေရ်လည်း ဆရာတော်ဦးဝိသုဒ္ဓ၏ တိုက်တွန်းချက်ကို လေးနက်စွာခံယူလျက် နိဿယသစ်တစောင် ရေးသားရန် ဝန်ခံတော်မူလေသည်။

ထိုသို့ ဝန်ခံတော်မူပြီးနောက် အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်သည် တနှစ်ခန့် ပါဠိအဋ္ဌကထာ ဋီကာတို့ကို ရှာဖွေကြည့်ရှုပြီးမှ ဤနိဿယသစ်ကို ၁၃၂၄-ခုနှစ်တွင် ရေးသားတော်မူလေသည်။ ဤနိဿယသစ်ကို ဆရာတော် ရေးသားနေစဉ်မှာပင် တော်လှန်ရေးအစိုးရ တက်လာ၍ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကိုဖျက်သိမ်းပြီး စုံစမ်းစစ်ဆေးရေး ကော်မတီက ဆက်လက် အုပ်ချုပ်လေရာ ဆရာတော် ဦးဝိသုဒ္ဓအရှင်မြတ်သည် ထိုကော်မတီဝင်ဖြစ်ကြသော သတိုးသီရိသုဓမ္မ ဥက္ကဋ္ဌကြီး ဦးလွန်းဘော် (ကွယ်လွန်သူ), အဖွဲ့ဝင် စည်သူ ဦးဘခင်, အတွင်းရေးမှူး ဦးလှမောင်

(အမ်ဒေအ)တို့အား ဣန္ဒိနိဿယသစ် အကြောင်းကို မိန့်တော်မူရာတွင် သာသနာတော်ကို ကြည်ညိုရင်းရှိကြသော ကော်မတီဝင် လူကြီးတို့က လည်း ဝမ်းမြောက်ဝမ်းသာပင် ဆရာတော်၏ ဩဝါဒကို ခံယူလျက် နိဿယသစ် ရေးပြီးသောအခါ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှာပင် ရိုက်နှိပ်ပါမည့်အကြောင်း ဝန်ခံလျှောက်ထားကြလေသည်။

ကျမ်းပြုဆရာတော်။ ။ဤနေရာ၌ ဣန္ဒိနိဿယသစ် ကျမ်းပြုဆရာတော်၏ အကြောင်း အဋ္ဌုပ္ပတ္တိကိုလည်း အနည်းငယ် ပြဆိုသင့်သည်ဟု ထင်မိပေသည်။ ပရိယတ္တိသာသနဟိတဓမ္မာစရိယနှင့် သာသနဓဇသိရိပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့ရ ဣန္ဒိနိဿယသစ် ကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကား ထူးခြားသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ပါဠိတော်များကို တခေါက်နှစ်ခေါက် ဖတ်ရုံမျှဖြင့် အာဂုံဆောင်နိုင် လောက်အောင် ထူးခြားသော ပါရမီရှင်တဦး ဖြစ်တော်မူ၏။ သာမဏေ ဘဝကပင် ဝိနည်း ၅-ကျမ်း ပါဠိတော်ကို အာဂုံပြန်ဆိုခဲ့သဖြင့် ရွှေကျင် ဂိုဏ်းတွင် မှတ်တမ်းတင်ရသော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ သံယုတ် ပါဠိတော် ၅-ကျမ်းကိုလည်း ရဟန်းဝါ ၁-ဝါအရမှာပင် အာဂုံပြန်ဆိုခဲ့ သော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ ဂါထာသိကုံး နှုန်းဖွဲ့ရာတွင် ပြောင် မြောက်လှသဖြင့် ဓမ္မာစရိယ ဖြစ်တော်မူသော ရွှေကျင်နိကာယ ဓမ္မ- သေနာပတိ အဂ္ဂမဟာပဏ္ဍိတ အာဘာယာရာမ ဆရာတော်၏ ထုတ်ဖော် ချီးကျူးမှုကိုပင် ခံယူရသော ပုဂ္ဂိုလ်ဖြစ်တော်မူသည်။ အစိုးရစာချတန်း စာမေးပွဲ၌ တနှစ်တည်းဖြင့် ၉-ကျမ်းလုံးကို ဖြေဆို အောင်မြင်တော်မူ သဖြင့် ဓမ္မာစရိယသိရောမဏိဘွဲ့ကို ရှေးဦးဆုံး ခံယူရရှိတော်မူသော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ နှံ့စပ်၍ မာဂဓ, သက္ကတ ဗျာကရုဏ်းကျမ်း, ကောသကျမ်း, ကာဗျကျမ်း စသည် တို့၌လည်း အထူး ကျွမ်းကျင်တော်မူလေသည်။ ထိုသို့ မာဂဓ သက္ကတ စွယ်စုံရ၍ အဖက်ဖက်မှ စိတ်ချရသောကြောင့်ပင် ဆရာတော် ဦးဝိသုဒ္ဓ သည် ဤဆရာတော်ကို ပရိတ်ကြီးနိဿယသစ် ရေးသားရန် တိုက်တွန်း တော်မူခဲ့ခြင်း ဖြစ်လေသည်။

ပုံနှိပ်ခြင်း။ ။ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် ဤနိဿယသစ်ကို ရေးသားပြီးစီးသောအခါ လက်ရေးမူချောကို ဆရာတော် ဦးဝိသုဒ္ဓထံ ပို့ခဲ့လေသည်။ ဆရာတော် သဘောကျ သင့်လျော်သည် ထင်သလို ပြင်ဆင် နုတ်ပယ် ဖြည့်စွက်ရန်လည်း လျှောက်ထားခဲ့သည်။ ဆရာတော် ဦးဝိသုဒ္ဓလည်း နိဿယသစ်ကို မိမိကိုယ်တိုင် အချိန်ယူကာ ကြည့်ရှု သုံးသပ် စိစစ်လေသည်။ ဗေဂ္ဂသုတ် ဂဏ်တော်ဖွင့် အရာ၌ မူလ ရေးသားထားသည်မှာ ကျဉ်းလွန်းနေသဖြင့် ယင်းအခဏ်းကို စာဖတ်သူတို့၏ အကျိုးအတွက် အကျယ် ပြင်ဆင်ရေးသားရန် တိုက်တွန်းပြန်သည်။ အရှင်ဝါသေဋ္ဌာဘိဝံသလည်း တိုက်တွန် သည့်အတိုင်းပင် ဂုဏ်တော်ဖွင့်အခဏ်းကို အကျယ် ရေးသားပေးပြန်လေသည်။

ဆရာတော် ဦးဝိသုဒ္ဓသည် မိမိကြည့်ရှု သုံးသပ်ပြီးနောက် စစ်ကိုင်းတောင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်, ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်, ပုသိမ်မြို့ မောင်းထောင် ဆရာတော်တို့နှင့် ဒု-စာပြင်မှူးချုပ် ဝဏ္ဏကျော်ထင် ဦးဘသန်းတို့အထံသို့ ကြည့်ရှုစစ်ဆေးပေးပါရန် ပို့ပြန်လေသည်၊ ထိုပုဂ္ဂိုလ်တို့လည်း ကြည့်ရှုစစ်ဆေးပြီးနောက် "ရှေးက ဤပဒိတ်ကြီးနိဿယသစ်မျိုး မထွက်ပေါ်ဘူးသေးသည့်ပြင် မှတ်သားဖွယ် အဓိပ္ပါယ်များ ပါရှိသဖြင့် အလွန်ပြည့်စုံ ကောင်းမွန်သော ကျမ်းဖြစ်၍ အလျင်အမြန် ပုံနှိပ်သင့်ကြောင်း" မှတ်ချက်ဖြင့် ပြန်လည်ပေးပို့တော်မူကြသည်။ ယင်းပုဂ္ဂိုလ် ၄-ဦး အကြိမ်ကြိမ် စစ်ဆေးပြီ မူကိုမှ ပုံနှိပ်ရန်အလို့ငှါ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်သို့ ပို့ခဲ့လေသည်။

ပုံနှိပ်တိုက်မှ စစ်ဆေးရန် ပေးပို့သော ပုံနှိပ်မူကြမ်း (ပရု) ကိုလည်း ဆရာတော် ဦးဝိသုဒ္ဓသည် ပါဠိဝိသောဓကအဖွဲ့ဝင် ဆရာတော်တို့နှင့်အတူ တည်းဖြတ် ပြင်ဆင်တော်မူသည်။ အကိုးကျမ်းညွှန်းများကိုလည်း ဝိသောဓက အဖွဲ့ဝင်များအား ရှာဖွေထည့်သွင်းစေသည်။

ထိုသို့ ပါဠိဝိသောဓက အဖွဲ့ဝင်ဆရာတော်တို့ ပြင်ဆင်ပြီးမူကိုပင် ထပ်မံ တည်းဖြတ်ရန် တိပိဋကပါဠိမြန်မာအဘိဓာန်ဌာန နာယက အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံ ဆရာတော် ဦးဉာဏုတ္တရ အရှင်

မြွတ်အား အပ်နှင်းပြန်လေသည်။ ဆရာတော် ဦးဉာဏုတ္တရလည်း မိမိ၏ ပင်ပန်းဆင်းရဲမှုကို ပမာဏမပြုပဲ နိဿယသစ်ကျမ်းစာ ကောင်းမွန်သည်ထက် ကောင်းမွန်ရေးကိုသာ ရှေးရှုလျက် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ထပ်မံတိုက်ဆိုင်ကာ အပြီးသတ် တည်းဖြတ်သုတ်သင် ပြင်ဆင်တော်မူလေသည်။ ဆရာတော် တည်းဖြတ်ပြီးမှုကိုမှ အချောရိုက်နှိပ်ရန် ပုံနှိပ်တိုက်သို့ ပြန်ပို့လေသည်။

ကျမ်းဂုဏ်ရည်။ ။ဤနိဿယသစ်ကျမ်းသည် ကျမ်းဂန် နှံ့စပ်သော စာဘတ်ဆရာတော်တပါး၏ လက်ရာဖြစ်၍ စာဖတ်သူတို့ လိုလားသော ဘာသာရေး ဗဟုသုတ အဖုံဖုံတို့ကို ပြည့်စုံစွာပေးမည့် ကျမ်းဖြစ်ပေသည်။ ဤကျမ်း၌ ပရိတ်ကြီးပါဠိတော်, ၎င်းနိဿယ, မြန်မာစကားပြေ, အဓိပ္ပါယ်ဖွင့်ပြချက်ဟု အဆင့်လေးဆင့်ခွဲ၍ ရေးသားထားလေသည်။ ပရိတ်ကြီးပါဠိတော်မှာ အချို့ အနည်းငယ်သောနေရာတို့မှလွဲ၍ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်သော ဆဋ္ဌသံဂါယနာတင် မူပင်ဖြစ်လေသည်။ နိဿယ၌ကား လက်ာနက်များကို များစွာအသုံးမပြုပဲ စကားချောမောရုံမျှသာ ကာရန်ယူ၍ ရေးသားထား၏။ ဧဂ္ဂသုတ်လာ ရတနာသုံးပါး ဂုဏ်တော်ပြ ပါဠိတို့၌မူကား ပါဠိရော အနက်ပါ ကျက်မှတ်၍ ရွတ်ဖတ်သရဇ္ဈာယ်နိုင်စေရန် ရည်သန်လျက် အဓိပ္ပါယ်များစွာ ပါဝင်သော လက်ာနက်တို့ကို ရေးသားထား၏။ အနက်ပေးရာ၌လည်း အဖွင့် အဋ္ဌကထာဋီကာများနှင့် ကိုက်ညီစေလျက် စနစ်တကျ ပေးထားလေသည်။ စကားပြေကိုလည်း အကျယ်မချဲ့တော့ပဲ ပါဌ်လျောက်မျှသာ ရေးသားထားရာ ထိုစကားပြေတို့ကို စုပေါင်းလိုက်လျှင်ပင် ပရိတ်ကြီးမြန်မာပြန် ကျမ်းတကျမ်း ဖြစ်တော့သည်။

အဓိပ္ပါယ်ဖွင့်ပြချက်ကား ဤကျမ်း၏ အသက်ပင်ဖြစ်သည်။ ဆရာတော်သည် ဤအခန်း၌ သဒ္ဒါပုဒ်ပါဌ် အဆုံးအဖြတ်, အနက် အဆုံးအဖြတ်တို့ကိုပါ ထည့်သွင်းရေးသားထားလေသည်။ မာဂဓ, သက္ကတ ၂-ဘာသာနှစ်ပါး၌ ကျွမ်းကျင်သော ဆရာတော်၏ လက်ရာဖြစ်၍ ဤနိဿယသစ်၌ ပါဝင်သော သဒ္ဒါအနက် အဆုံးအဖြတ်များမှာ ထူးခြားလျက်ရှိ

ကြ၏။ ထို့ပြင် အမှမ်းဂါထာစသည်တို့၌ ပါသော ပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ရာတွင် ဆရာတော်သည် မူလရေးသားရင်း ဖြစ်သော ပုဂ္ဂိုလ်၏ အလိုကျဖြစ်နိုင်သမျှဖြစ်အောင် ဆုံးဖြတ်ထားသည်ဖြစ်ရာ ဆရာတော်၏ အဆုံးအဖြတ်များမှာ တမူထူးခြားလျက် ရှိလေသည်။ (သောတုမဂ္ဂံ သမဂ္ဂံ အဆုံးအဖြတ်၊ နှာ-၄၉၊ ၅၁။ ဒွါဒသဟိ အဆုံးအဖြတ်၊ နှာ-၅၈။ ယမှိ အဆုံးအဖြတ်၊ နှာ ၃၂၇။ မဟာသာသာ အဆုံးအဖြတ်၊ နှာ ၅၄၃။ စသည် ကြည့်ပါ။) ထို့ပြင် ကျမ်းဂန်ဘို့၌ အသုံးများသော ဝါ·သဒ္ဒါ၏ သမုစ္စည်း အနက်, ဝိကပ်အနက်တို့ကိုပင် အကျယ်ဖွင့်ဆို ရေးသားပြန်ရာ (နှာ·၂၁၁) စာရှုသူ ရှင်လူအများတို့မှာ ခရီးသွားယင်း အခန့်သင့် ရွှေအိုးကြီးကို တွေ့ရသကဲ့သို့ ပရိတ်ကြီးနိဿယကို ဖတ်ယင်းပင် သဒ္ဒါဆိုင်ရာ ဗဟုသုတများကို အားပါးတရ ဆည်းပူးခွင့် ရကြမည်ဖြစ်ပေသည်။ (ပါဠိသဒ္ဒါ မတတ်သူတို့ကား ထိုသို့သော သဒ္ဒါဆိုင်ရာ ရှင်းလင်းရေးသားချက်များကို ကျော်၍ ကြည့်ရှုကြရန် ဖြစ်ပေသည်။)

အခိပ္ပါယ်ဖွင့်ပြရာတွင်လည်း ဆရာတော်သည် အတော် ကျယ်ဝန်းစွာ ရေးသားထားသည်ကို တွေ့ရှိနိုင်ပေသည်။ ပရိတ်ကြီးနှင့်စပ်၍ မှတ်သားဖွယ် အဓိပ္ပါယ်အချက်အလက်, ဝတ္ထု, ဥဒါဟရုဏ် ပုံသက်သေ အမျိုးမျိုးတို့ကို ပါဠိ အဋ္ဌကထာစသော ကျမ်းဂန်တို့မှ ထုတ်နုတ်၍ ဆိုင်ရာဆိုင်ရာ ထည့်သွင်း ရေးသားထားပေသည်။ ခေတ်ပုဂ္ဂိုလ်တို့အတွက် အချို့သော ပြဿနာများဝယ် အကျယ် ရှင်းလင်းဝေဖန် ရေးသားထား၏။ (နတ်, နတ်ပြည်ရှိမရှိ ပြဿနာ၊ နှာ ၃၂ စသည်များ။) ထို့ပြင် နတ်ပူဇော် ပသမှုနှင့် ပတ်သက်သည့် ညွှန်ကြားချက် (နှာ-၂၁၉), မျက်လုံးလှလိုသူတို့ လိုက်နာသင့်သော အကျင့် (နှာ·၁၇၈·၉), သစ္စာစကားအကြောင်း ရှင်းလင်းချက် (နှာ-၂၂၈) မဂ်တရား၏ ကမ္ဘာပျက်မည်ကိုပင် တန့်ထားနိုင်သော စွမ်းရည်အကြောင်း (နှာ·၂၄၃) စသည့် များစွာသော ဗဟုသုတတို့ကိုလည်း ပြဆိုထားရာ စာဖတ်သူတို့သည် ဤနိဿယသစ် တကျမ်းတည်း၌ပင် ဘာသာရေးဆိုင်ရာ ဗဟုသုတ အဖြာဖြာတို့ကို ဆည်းပူးခွင့်ရကြမည်ဖြစ်၏။ ဝေဂ္ဂသုတ်အဖွင့်၌လည်း ဘုရားဂုဏ်တော်, တရားဂုဏ်တော်

သံဃာဂုဏ်တော်တို့ကို အကျယ်ဖွင့်ဆို ရေးသားထားရာ ယင်းရေးသား ချက်ကပင် ဂုဏ်တော်ဖွင့် ကျမ်းတစောင်သဖွယ် ဖြစ်တော့သည်။

သို့ဖြစ်လေရာ ဤနိဿယသစ်ကား နိဿယမည်ကာ မတ္တမဟုတ်ပေ။ ပရိတ်ကြီးပါဠိတော်၏ အနက်များကို ရေးသားထားသဖြင့် ပရိတ်ကြီး နိဿယလည်း ဟုတ်၏။ ပရိတ်ကြီးပါဠိတော်၌ ပုဒ်ပါဋ် အနက် အဓိပ္ပါယ် ဆိုင်ရာ အဆစ်အဖုတို့ကို ဖြေရှင်းထားသဖြင့် ပရိတ်ကြီးဂဏ္ဌိဟုလည်း ဆိုသင့်၏။ ပရိတ်ကြီးကို မြန်မာဘာသာဖြင့် အကျယ်ဖွင့်ပြသော ကျမ်း ဖြစ်၍ ပရိတ်ကြီးမြန်မာဋီကာဟုလည်း ခေါ်နိုင်သော ကျမ်းဖြစ်၏။ အချုပ်အားဖြင့်ဆိုရလျှင် ပရိတ်ကြီးနှင့်စပ်၍ သိမှတ်ဖွယ် ကုန်အောင်စုံ တို့ကို စုပေါင်း ရေးသားထားသော ကျမ်းဖြစ်၍ "ပရိတ်ကြီးစွယ်စုံကျမ်း" ဟုပင် အမည်ပေးသင့်သော ကျမ်းတစောင် ဖြစ်ပေသည်။

အာသီသ။ ။ပရိတ်ရွတ်ခြင်း အလေ့သည် မြန်မာနိုင်ငံ၌သာ ရှိသည် မဟုတ်၊ သီဟိုဠ်, ယိုးဒယားစသော အခြားဗုဒ္ဓဘာသာဝင် နိုင်ငံတို့၌လည်း ရှိသည်ပင်။ သီဟိုဠ်ကျွန်း၌ ယနေ့တိုင်အောင် ညဉ့်လုံး ပေါက် ရွတ်သော ပရိတ်ပွဲများကို ကျင်းပလေ့ရှိကြ၏။ ဆိုခဲ့ပြီး နိုင်ငံတို့ ဝယ် ပရိတ်ရွတ်ရာ၌ အသံနေ အသံထား အချီအချ ညီညီညွတ်ညွတ် ရွတ် ကြသဖြင့် သာယာနာပျော်ဖွယ် ကြည်ညိုဖွယ်ရှိလေသည်။ မြန်မာနိုင်ငံမှာ မူကား များသောအားဖြင့် ပုဒ်ပါဋ် အက္ခရာ အဖြတ်အတောက် အချီအချ ညီညွတ်မှုမရှိပဲ မိမိတို့ယဉ်စဉ်က သင်အံခဲ့ရသည့်အတိုင်း ရွတ်လေ့ရှိကြရာ နာယူသူတို့အဖို့ ကြည်ညိုဖွယ် ဖြစ်သင့်သလောက် မဖြစ်ပဲ ရှိရလေသည်။

သို့ဖြစ်၍ ဤအဖြစ်ကို လိုလားတော် မမူကြသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိသုဒ္ဓအမှူးရှိသည့် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးနေထိုင်လျက် ရှိကြသော ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက ဆရာတော်တို့သည် ရှေးဦးစွာ ဇမ္ဗူဒီပကျောင်းဆောင်၌ ညီညာစွာ ဖြတ် တောက်လျက် စမ်းသပ်ရွတ်ဆိုကြပြီးမှ ထိုရွတ်ဆိုသည့်အတိုင်း တကြောင်း လျှင် တကြိမ်ကျ ဖြတ်တောက်လျက် ပရိတ်ကြီးပါဠိတော်ကို ပြင်ဆင်တော်

ခဲ့ကြပြီး ဗုဒ္ဓသာသနာအဖွဲ့အား ပရိတ္တပါဠိ အမည်ဖြင့် ရိုက်နှိပ်ထုတ်ဝေစေမူကြလေသည်။ တကြောင်းဆိုးလျှင် ကခါရပ်နားရန် အစိအစဉ်ဖြင့် ပြင်ဆင်ရိုက်နှိပ်အပ်သည့် ယင်း ပရိတ္တပါဠိအတိုင်းပင် ဇမ္ဗူဒိပကျောင်းဆောင်၌ ညဥ့်စဉ် ညဥ့်တိုင်း ရွတ်ဖတ်တော် မူကြလျက် ရှိလေသည်။ တနိုင်ငံလုံးရှိ လူ ရှင်ရဟန်းတို့လည်း အသားတူစွာပင် အဆိုပါ ပရိတ္တပါဠိ စာအုပ်ကိုလက်စွဲပြုလျက် ပရိတ်ကို ညီညီညာညာ သာယာနာပျော်ဖွယ်ဖြစ်အောင် ရွတ်ဆိုကြလိမ့်မည်ဟု ဆရာဘော်တို့အာသီသထားကြလေသည်။

ဤသို့လျှင် ပရိတ်ကို ညီညာစွာ ကြည်ညိုဖွယ်ရှိအောင် ရွတ်ကြစေလိုသော အာသီသကြောင့် ပရိတ္တပါဠိ (ပရိတ်ကြီးပါဠိတော်) စာအုပ်ငယ်ပေါ်ထွက်ခဲ့ရ၏။ ပရိတ်ကြီး၏ အနက် အဓိပ္ပါယ်ကို ပြည့်ပြည့်ဝဝ ဖတ်ရှုနားလည်ကြစေလိုသော စေတနာကြောင့် ဤပရိတ်ကြီးနိဿယသစ်လည်း ပေါ်ထွက်လာခဲ့ရ၏။ ဤသို့ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ အမှူးရှိသော ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက ဆရာတော်တို့၏ကောင်းမြတ်သော သမ္မာဆန္ဒ အာသီသကြောင့် ပေါ်ထွက်လာသော ပရိတ္တပါဠိနှင့် ဤပရိတ်ကြီးနိဿယသစ်ကို တနိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းတို့သည် နေ့ညဉ့်မပြတ်ဖတ်ရှုခြင်းဖြင့် လက်စွဲပြုကြလျက် ဤနိဿယသစ်၏ညွှန်ကြားချက်တို့ကို လိုက်နာကျင့်သုံးကြကာ အိုနာသေးရေး ဘေးဒုက္ခတို့မှ ကင်းဝေးရာ အမဘာကြငှန်း နိဗ္ဗာန်နန်းသို့ လျင်မြန်စွာ တက်လှမ်းနိုင်ကြပါစေဟု အာသီသပတ္ထနာမှု ပြုလိုက်ရပါသတည်း။

အရှင်သီလာနန္ဒာဘိဝံသ
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့်
သာသနဓဇ သိရီပဝရဓမ္မာစရိယ

ဇမ္ဗူဒိပကျောင်းဆောင်
သိရိမင်္ဂလာကုန်းမြေ ကမ္ဘာအေး
၁၃၂၇-ခု၊ တပို့တွဲလဆန်း (၆) ရက်။
၂၇-၁-၆၆

ပဌမအကြိမ် ရိုက်နှိပ်ခြင်း

တိုင်းသစ်တည်၍ ပြည်သစ်ဆောက်ရာ၌ နိုင်ငံသားကောင်းတို့ကို များစွာ လိုအပ်ပါသည်။ နိုင်ငံသားကောင်း ဖြစ်မြောက်ရေး၌လည်း ရိုးသား ဖြောင့်မတ်ခြင်း (ဥဇု), အလုပ်မှန်ကန်ခြင်း (အနာကုလကမ္မန္တ), အပြစ်ကင်းသော အလုပ်ကို လုပ်ခြင်း (အနဝဇ္ဇ ကမ္မ), မကောင်းသော လုပ်ငန်းများမှ ရှောင်ခြင်း (အာရတိ ဝိရတိ ပါပါ), လေးစားသင့်သူ တို့ကို လေးစားခြင်း (ဂါရဝ), ဝိသမလောဘ မရှိပဲ မိမိ ရသမျှဖြင့် ရောင့်ရဲခြင်း (သန္တုဋ္ဌိ၊ သန္တုဋ္ဌိကော), ချမှတ်ပေးသော လမ်းစဉ်ကို နာယူ လိုက်နာခြင်း (သောဝစဿတာ၊ သုဝစော), အများအပေါ်၌ မေတ္တာထားခြင်း (မေတ္တာသုတ်နှင့် ရတနသုတ်စသည်), အများအကျိုးကို ဆောင်ရွက်ခြင်း (လောကတ္ထစရိယာ)စသော အရည်အချင်းများကား မရှိလျှင်မဖြစ်သော လိုအပ်ချက်များ ဖြစ်ပါသည်။ ဆိုခဲ့ပြီး အရည်အချင်း တို့နှင့်တကွ အခြားများစွာသော နိုင်ငံသားကောင်းတယောက် ဖြစ်မြောက်ကြောင်း အကျင့်ကောင်း နည်းလမ်းကောင်းတို့ကို ဤပရိတ်ကြီး နိဿယသစ်၌ ညွှန်ပြထားပါသည်။ ထိုညွှန်းကြားချက်များကို တိတိကျကျ လိုက်နာပါလျှင် နိုင်ငံသားကောင်းများ ကေန်ဖြစ်၍ မိမိတို့ တည်ဆောက်နေသော လူ့ဘောင်သစ်ကြီးမှာ ကေန် ဖြစ်မြောက်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်းစာသည် ပရိတ်ကြီးနိဿယသစ်ဟု အမည် ပေးထား၍ ဘာသာရေး ကျမ်းစာတစောင်ဟု ဆိုရလင့်ကစား အမှန် အားဖြင့်ဆိုရလျှင် တိုင်းပြုပြည်ပြု ကျမ်းစာတစောင်ဟုပင် ဆိုသင့်သော ကျမ်းစာ ဖြစ်ပါသည်။

ထို့ကြောင့်ပင် လက်ကျန်မရှိအောင် ကုန်နေပြီဖြစ်သော ဤ ကျမ်း စာကို ပဌမအကြိမ်အဖြစ် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ် စေရခြင်း ဖြစ်ပါသည်။ ဤအကြိမ်ရိုက်နှိပ်ရာ၌ ပါဠိမတတ်သူတို့အဖို့ နား လည်ရန် ခက်သော သဒ္ဒါဆိုင်ရာ ရှင်းလင်းချက်များကို စာလုံးအသေးဖြင့် ရိုက်နှိပ်စေပါသည်။ ပါဠိမတတ်သူများအဖို့ ထို စာလုံးအသေးဖြင့် ရိုက်နှိပ်

ထားသော စာသားများကို ကျော်၍ ဖတ်သွားပါလျှင် စာ၏ အရသာကို အပြတ်အလတ်မရှိ တဆက်တည်း ခံစားသွားရမည် ဖြစ်ပါသည်။ ပါဠိတတ်သူများအဖို့လည်း သဒ္ဒါဆိုင်ရာ ရှင်းလင်းချက်များကို အလွယ်တကူ ရှာဖွေ တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤ ပဌမအကြိမ်ရိုက် စာအုပ်သည် ပါဠိတတ် မတတ် နှစ်ရပ်သော ပရိသတ်တို့အတွက် ပို၍ နှစ်သက်ဖွယ် ရှိလိမ့်မည်ဟု ယုံကြည် မြော်လင့်ပါသည်။

အရှင်သီလာနန္ဒာဘိဝံသ
ဒုတိယ နာယက ဆရာတော်
အဘယာရာမ ရွှေဂူတိုက်
စိန်ပန်း၊ မန္တလေး။

၁၃၄၁-ခု၊ တန်ဆောင်မုန်းလဆုတ်-၆-ရက်။
၁၉၇၉-ခု၊ နိုဝင်ဘာလ၊ ၉-ရက်။

ကျေးဇူးတင်ခြင်း

"သမြေကန် ပရိတ်ကြီးနိဿယသစ်"ဟူ၍ အလွယ်အားဖြင့် ခေါ်ဝေါ် သိမှတ်နေကြသော ရန်ကုန်တိုင်း သန်လျင်မြို့နယ် သမြေကန်ရွာ မဟာဓမ္မိကာရာမတိုက်၊ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ပြုစုရေးသား အပ်သော ဤ ပရိတ်ကြီးနိဿယသစ်ကျမ်း ဖြစ်ပေါ်လာရပုံကို နိဒါန်း အကျယ်၌ ဖော်ပြထားပြီး ဖြစ်ပါသည်။ ဤကျမ်းကို ရန်ကုန် ကမ္ဘာအေး ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၌ ပထမအကြိမ် ရိုက်နှိပ်ပြီးနောက် ရန်ကုန်မြို့ ဟံသာဝတီ ပိဋကပုံနှိပ်တိုက်နှင့် မန္တလေးမြို့ သမတပုံနှိပ်တိုက်တို့၌ ဒုတိယ တတိယနှင့် စတုတ္ထအကြိမ်အထိ ကောင်းသည်ထက် ကောင်းအောင် ပြုပြင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ (၄)ကြိမ်မြောက် ပုံနှိပ်ထုတ်ဝေပြီးသည့် တိုင်အောင်လည်း ဖတ်ရှု လေ့လာလိုသူ ရဟန်းရှင်လူများ၏ လက်သို့ စေ့ငှအောင် မရောက်နိုင်သဖြင့် ပုဂ္ဂိုလ်အများ၏ တောင်းဆို မေတ္တာရပ် ခံချက်အရ ယခု ပဉ္စမအကြိမ်မြောက် ပုံနှိပ်ဖြန့်ဝေရခြင်း ဖြစ်ပါသည်။ ဤပဉ္စမအကြိမ်မြောက် ပုံနှိပ်ရာတွင် ပိုမိုပြည့်စုံစေရန် ကျမ်းပြုဆရာတော် ၏ ပြင်ဆင် ဖြည့်စွက်ချက်များ ပါရှိသည့်အပြင် မိမိတို့ လိုရာကဏ္ဍကို လွယ်လင့်တကူ ရှာဖွေဖတ်ရှုနိုင်ရန် စာလုံး အကြီး အသေးတို့ဖြင့် ခွဲခြား၍ ပုံနှိပ် ဖော်ပြထားပါသည်။

ဝိစိတ္တာလင်္ကာရအထိမ်းအမှတ် စာစဉ်

ဤ ပရိတ်ကြီးနိဿယသစ် ကျမ်းစာ ဖြစ်ပေါ်လာရေးအတွက် မူလ အစမှ စ၍ အဖက်ဖက်မှ ကြောင့်ကြစိုက်တော်မူခဲ့သော မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ဝိစိတ္တာလင်္ကာရ ဆရာတော်ဘုရားကြီးသည် တတိယ အကြိမ်ရိုက် ထွက်ပေါ်ပြီးနောက် ၁၃၃၁-ခုနှစ်၊ နတ်တော်လဆုတ် ၁၁- ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်၊ ပျံလွန်တော်မူပြီး သည်နောက် ဆရာတော်ဘုရားကြီး၏ ဆန္ဒအရ ဤပရိတ်ကြီးနိဿယသစ် အပါအဝင် သာသနာတော်အတွက် အကျိုးများမည့် ကျမ်းစာများ

ပုံနှိပ်ထုတ်ဝေရန် အစီအစဉ် ချမှတ်ကြလျက် စတုတ္ထအကြိမ်မြောက်မှစ၍ "ဝိဇ္ဇာလင်္ကာရ အထိမ်းအမှတ်စာစဉ် အမှတ် ၁" အနေဖြင့် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်၊ ဤသို့ ပုံနှိပ်ဖြန့်ဖြူး လုပ်ဆောင်ပိုင်ခွင့် အရပ်ရပ်ကို ကျမ်းပြုဆရာတော် (သပြေကန်) အရှင်ပါသေဠာဘိဝံသနှင့် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရတိုက် နာယကအဖွဲ့က နိဒါန်းရေးသူ မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက်၊ဒုတိယ နာယကဆရာတော် အရှင်သီလာနန္ဒာဘိဝံသအား တရားဝင် လွှဲအပ်ထားသည်ဖြစ်ရာ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ ပင်လျှင် ဤပဥ္စမအကြိမ်မြောက် ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးခြင်း ကိစ္စအဝဝကို ဦးဆောင်ကြီးကြပ်ခြင်း ပြုခဲ့ပါသည်။

ကျေးဇူးတင်ခြင်း။ ။ပဥ္စမ အကြိမ်မြောက် ထွက်ပေါ်လာအောင် ကြောင့်ကြစိုက်၍ အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတော်မူကြသော ရန်ကုန်အရှေ့ပိုင်း၊ မြသိန်းတန်ကျောင်းတိုက်မှ ဆရာတော် ဦးသောဘနအား၎င်း၊ တရားရုံးချုပ် ရှေ့နေကြီး ဦးသန်းတင်၊ သန်လျင်မြို့မှ ဝန်ထောက်ကြီး ဦးကိုကို၊ စာရေးကြီး ဦးသောင်းဖေ၊ ဦးတင်မောင်လေးနှင့် ဦးကျော်သိန်း အစရှိသော ဓမ္မမာမက မိတ်ဆွေများအား၎င်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးမောင်မောင် (ဓမ္မဃောသက)
အကျိုးဆောင်

၁၉၇၄-ခု၊ စက်တင်ဘာလ၊ -ရက်
ရန်ကုန်မြို့။

ပရိတ်ကြီးနိဿယသစ်

ပရိတ်ရွတ်ဖတ်နည်း အညွှန်း

ဤရွတ်ဖတ်နည်း အညွှန်း၌ မြန်မာနိုင်ငံဝယ် အသုံးများသော ပါဠိ အသံထွက်နည်းကိုသာ ပြထားသည်။ စာလုံးပေါင်း၌ ရွတ်ဖတ်လျှင် ဖြစ်နိုင်သော အလွန်လွယ်သော လုံးဆင့် ရွတ်ဖတ်နည်းတို့ကို ချန်ထားသည်။ မူလပုဒ်ရင်းများကို သိရှိရန် ပုဒ်စဉ်ဂဏန်းဖြင့် ညွှန်းပြထားသည်။

က္က= က်က – စက္ကဝါဠေသု(၁)=စက်ကဝါဠေသု။
ဂဗ္ဘဝေါက္ကန္တိံ(၂၅)=ဂတ်ဘ ဝေါက်ကန်တိန်။
တ်က – အဘိက္ကန္တာယ (၁၂)=အဘိတ်ကန်တာယ။ [ပဋိက္ကမန္တ (၆၅), သဗ္ဗဝေရမတိက္ကန္တော (၁၂၀)တို့၌ နည်းတူ။]

က္ခ= က်ခ – ပုညက္ခေတ္တံ(၈၄)=ပုံညက်ခစ်တံ။
အာဏာက္ခေတ္တမှိ(၅၈)=အာဏက်ခစ်တံမှိ။
သွာက္ခာတော(၈၁)=သွက်ခါတော။
တ်ခ – ဒုဗ္ဘိက္ခ=(၂၇)ဒုတ်ဘိတ်ခ။

ကျ=က်ကျ – (၃၁၊၁၀၇၊၁၆၀)=သက်ကျ။

ဂ္ဂ=က်ဂ – အဂ္ဂိတော(၈)=အက်ဂိတော။
ဒါဝဂ္ဂိ(၇၂)=ဒါဝက်ဂိ။မောဂ္ဂလ္လာနဉ္စ(၁၄၁)=မောက်ဂန်လာနင်စ။
တ်ဂ – ဇာတုဂ္ဂဗ္ဘ(၅၇)=ဇာတုတ်ဂတ်ဘ။

စ္စ=စ်စ–ပစ္စယာသုံ(၉၁)=ပစ်စတ်ယာသုံ။
ပစ္စတ္တံ(၈၁)=ပစ်စတ်တံ။
ပစ္စေကာ (၁၅၁)ပစ်စေကာ [ဤပုံစံတို့၌ ပစ်ကိုပြစ်, ပျစ်ဟု အသံ မထွက်ရ။]
အဝေစ္စ(၃၅)=အဝစ်စ။
အဘိသမေစ္စ(၄၉)=အဘိသမစ်စ။

စ္ဆ=စ်ဆ—ဂစ္ဆန္တု(၁)=ဂစ်ဆန်တု။
တ်ဆ—ဝိစ္ဆိက (၉၊၆၄)=ဝိတ်ဆိက။

ဇ္ဇ=စ်ဇ—အနဝဇ္ဇာနိ(၁၈)=အနဝစ်ဇာနိ။
တယာဇ္ဇ(၆၈၊၇၀)=တယစ်ဇ။
တ်ဇ—ဝိဇ္ဇတိ(၃၂)=ဝိတ်ဇတိ။

ဇ္ဈ=စ်ဈ—အဇ္ဈာဘာသိ(၁၂)=အစ်ဈာဘာသိ။
တ်ဈ—ဗုဇ္ဈိတွာ(၁၃)=ဗုတ်ဈိတ်တွာ။
ဗောဇ္ဈင်္ဂေ(၁၃၅)=ဗွတ်ဈင်ဂေ။
ဉ္စ=င်စ—လောကဉ္စ(၇)=လောကင်စ။
န်စ—ကိဉ္စိ(၃၀၊၃၁၊၃၇၊၄၇၊၅၀၊၅၃)=ကိန်စိ။
ဒိဗ္ဗဉ္စ(၅၇)=ဒိတ်ဗိန်စ။

ဉ္ဇ=င်ဇ—ဗျဉ္ဇနာခရာ(၁၁၃)=ဗျင်ဇနာခရာ။
န်ဇ—ဘုဉ္ဇမာနာ(၃၄)=ဘုန်ဇမာနာ။
နုယုဉ္ဇန္တော(၄၆)=နုယုန်ဇန်တော။

ည=င်ည—အညတရာ(၁၂)=အင်ညတရာ။
သဗ္ဗညုတညာဏ(၂၅)=သတ်ဗင်ညုတင်ဉာဏ။
ဂမ္ဘီရပညေန(၃၆)=ဂံဘီရပင်ညေန။
နာတိမညေထ(၅၃)=နာတိမင်ညေထ။
နာညမညဿ(၅၃)=နင်ညမင်ညတ်သ။
န်ည—ဝိညူ(၅၀)=ဝိန်ညူ။
အဘိညာယ(၁၄၀)=အဘိန်ညာယ။
ပုညံ(၅)=ပုန်ညံ။
ကာရုညစိတ္တံ(၂၅)=ကာရုန်ညစိတ်တံ။
သုညာဂါရ(၈၇)=သုန်ညာဂါရ။

ဉှ=င်ညှ=ယဉှိ(၄၆)=ယင်ညှို။ (အချို့မူ)

ဋ္ဌ=(ဋ နှင့် ဌ ဆင့်ထားသော စာလုံးဆင့်)=တ်ထ – အဋ္ဌတ္တိံ သဉ္စ(၁၀)
= အတ်ထတ်တိန်သင်စ။
အဋ္ဌာသိ(၁၂)=အတ်ထာသိ။
ဥပဋ္ဌာနံ(၁၇)=ဥပတ်ထာနံ။
ပဋ္ဌာယ(၂၅)=ပတ်ထာယ။
အဓိဋ္ဌေယျ(၅၆)=အဓိတ်ထေယ။
ပတိဋ္ဌ(၇၈)=ပတိတ်ထ။
သန္တုဋ္ဌိ(၂၀)=သန်တုတ်ထိ။
ဖုဋ္ဌဿ(၂၃)=ဖုတ်ထတ်သ။
စ်ထ–သေဋ္ဌော(၃၂)=သစ်ထော။
လောကဇေဋ္ဌံ(၉၉)=လောကဇစ်ထံ။

ဍ္ဎ=တ်ဒ–ဝဍ္ဎန္တိ(၁၃၁)=ဝတ်ဒန်တိ။
ဝုဍ္ဎာပစာယိနော(၁၃၁)=ဝုတ်ဒါပစာယိနော။

ဏ္ဏ=န်န–တိဏ္ဏမ္ပိ(၁၄၅)=တိန်နံပိ။
ဥဏ္ဏနာဘိ(၆၄)=အုံနနာဘိ။

ဏှ=န်နှ–ဂဏှန္တု(၉)=ဂန်နှန် တု။
ကဏှာ(၆၀)=ကန်နှာ။

တ္တ=တ်–ဒွာတ္တိံသ(၁၁၃)=ဒွတ်တိန်သ။
စ်တ–မေတ္တ(၂၉၊၅၅၊၆၀၊၆၁၊၁၂၁)=မစ်တ။
ဧတ္တာဝတာ(၁၅၀)=အစ်တာဝတာ။

တ္ထ=တ်ထ–သဗ္ဗတ္ထ(၂၄)=သတ်ဗတ်ထ။
အွတ်ထ–သောတ္ထာနံ(၁၀)သွတ်ထာနံ။
[သောတ္ထိံ(၂၄), သောတ္ထိနာ(၁၃၃), သောတ္ထိ(၁၄၀) စသည်တို့
၌လည်း နည်းတူ။]

တြ=တ်တရ – အတြ(၁)=အတ်တရ။
ဥတြာသီ(၈၆)=အုတ်တရာသီ။

တွာ=တ်တွာ – ကတွာန(၂၄)=ကတ်တွာန။
အနုမောဒိတွာ(၆)=အနုမောဒိတ်တွာ။
စ်တွာ–ဩဘာသေတွာ(၁၂)=အောဘာသစ်တွာ။
ပူရေတွာ(၁၅၉)=ပူရစ်တွာ။

ဒြ=တ်ဒရ – ဘဒြာနိ(၆၃)=ဘတ်ဒရာနိ။

န္ဒြ=န်ဒရ–သန္တိန္ဒြိယော(၄၉)သန်တိန်ဒရိယော။

န္တ=တ – ဝသန္တိ(၅၂)=ဝသန်တိ။
ဂစ္ဆန္တု(၁၊၁၅၁)=ဂစ်ဆန်တု။
င်တ–ပူရေန္တံ(၆၆၊၇၂)=ပူရင်တံ။
ဒဿန္တိ(၄၆)=ဒတ်သင်တိ။
ဝိနာသ မေန္တု(၁၄၆၊၈)=ဝိနာသ မင်တု။
ဟုန်တ – ဟောန္တု(၆၊၇၊၅၀၊၁၅၁)=ဟုန်တု။

ဗ္ဗ=တ်ဗ – ကိဗ္ဗိသ(၁၀၂)=ကိတ်ဗိသ။

ဗ္ဘ=တ်ဘ – ဂဗ္ဘ(၁၂)=ဂတ်ဘ။
စတုဗ္ဘိ(၃၅)=စတုတ်ဘိ။

ဗြဟ္မ=ဗြန်မ – ဗြဟ္မနော(၅)=ဗြန်မနော။
ဗြဟ္မမေတံ(၅၆)=ဗြန်မမေတံ။

ဗြာဟ္မဏ=ဗြန်မဏ–ဗြာဟ္မဏာ=(၆၉၊၇၁)=ဗြန်မဏာ။

မ္မ=မ်မ–သဒ္ဓမ္မံ(၁)=သတ်ဓမ်မံ။
အတ္တသမ္မာပဏိဓိ(၁၅)=အတ်တသမ်မာပဏိဓိ။
ဒမ္မသာရထိ(၈၁)=ဒမ်မသာရထိ။

မှ=မ်မ – အမှေဟိ(၅)=အမ်မေဟိ။
သာသနမှိ(၃၄)=သာသနမ်မှိ။
ဂိမှာန(၄၀)=ဂိမ်မှာန။
တုမှာကံ(၈၇)=တုမ်မှာကံ။

ယျ=န်ယ–နိယျာနိကံ(၉၉)=နိန်ယာနိကံ။
ယ်–ဒက္ခိဏေယျာ(၃၃)=ဒက်ခိဏေယာ။
ဥပဝဒေယျုံ(၅၁)=ဥပဝဒေယျုံ။
[အမိဋ္ဌေယျ(၅၆), ဂဗ္ဘသေယျ(၅၇), သောစေယျ(၇၄),ဥပ္ပဋ္ဌေယျ (၈၁၊၈၇), ဥလ္လောကေယျာထ(၈၁-၄), ဩပနေယျိကော (၉၁), အာဟုနေယျော, ပါဟုနေယျော(၉၄), သရေယျာထ(၉၉) တို့၌ လည်း နည်းတူ။]

ယှ=ယ်ယှ–ဝိဂယှ(၃၄)=ဝိဂယ်ယှ။
မယှံ(၇၇)=မယ်ယှံ။

လ္လ=န်လ – ပလ္လင်္က(၂၅၊၁၆၁)=ပန်လင်က။
သလ္လဟုက(၄၀)=သန်လဟုက။
မောဂ္ဂလ္လာနဥ္စ(၁၄၁)=မောက်ဂန်လာနင်စ။
ဥလ္လောကေယျာထ(၈၁-၄)=ဥန်လောကေယျာထ။

သ္မ=တ်သမ – အာယသ္မာ(၂၅)=အာယတ်သမာ။
တသ္မာ(၂၉)=တတ်သမာ။

သွာ=တ်သွာ–ဒိသွာ(၁၄၁)=ဒိတ်သွာ။

ဿ =(သ ၂-လုံးဆင့်)=တ်သ=ဓမ္မဿဝန(၂)=ဓမ်မတ်သဝန။
တိဿော(၂၅)=တိတ်သော။
မနဿာတော(၉)=မနတ်သတော။
ဝစ်သ–ဝေဿာဘုဿ(၁၀၅)=ဝစ်သဘုတ်သ။
ဟောဿတိ(၁၀၁)=ဟာစ်သတိ။

ဋ္ဌ=နှ်လ–ဒဋ္ဌေန(၃၄)=ဒန်လှေန(ရှေးမူအရ)။
အဝိရုဋ္ဌိဆန္ဒာ(၄၂)=အဝိရုန်ဋ္ဌိဆန္ဒာ။
သမုပဗျူဋ္ဌော(ဂ၁)=သမုပဗျူလှော။
ဝိရူဋ္ဌကော(၁၂၆)=ဝိရုန်လှကော။

အထူးမှတ်ရန်။ ။ပါဠိဘာသာ၌ ပ-ကို ပ-ဟုသာ အသံထွက်ရသည်။ ပြ,ပျ ဟု မည်သည့်အခါမှ မထွက်ရ။ ပုံစံ-ပစ္စတ္တံ(၉၁)=ပစ်စတ်တံ (ပြစ်-ပျစ်-စတ်တံဟု မထွက်ရ)။ ပဉ္စေန(၃၆)=ပင်ဉေန၊ မဟာ ပဇ္ဇလိတော(၇၇)=မဟာပစ်ဇလိတော။

ဗ-ကို ဗြ,ဗျသံ မည်သည့်အခါမှ မထွက်ရ။ သဗ္ဗညုတ(၂၅)=သတ် ဗင်ညုတ။ မ-ကိုလည်း မြ,မျ ဟု မည်သည့်အခါမှ မထွက်ရ။ နာတိ မဉ္ဇေထ(၅၃)=နာတိမင်ဉေထ။ နာညမညဿ(၅၃)=နင်ညမင် ညတ်သ။

ရ–ကို အင်္ဂလိပ်အက္ခရာ R နှင့်တူစွာ လျှာလိပ်သံဖြင့် အမြဲ ဖတ်ရ မည်။ ယဟု မည်သည့်အခါမှ မထွက်ရ။ ရတနံ(၃၀) ယတနံဟု မဖတ်ရ။

မှတ်ချက်။ ။ဤပါဠိဖတ်နည်းကို ထည့်သွင်းထားရခြင်းမှာ ပါဠိ ဘာသာကို ကောင်းမွန်စွာ မတတ်မြောက်သေး သော ကျောင်းသား ရှင်ငယ်များ လူပုဂ္ဂိုလ်များ ပရိတ်ပါဠိကို မှန်ကန်စွာ ဖတ်နိုင်ကြရန် ဖြစ်ပါသည်။

ပရိတ်ကြီးပါဠိတော်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ'ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ *နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ, ဧတ္ထ
လောကန္တရေ ဝါ၊
ဘုမ္မာဘုမ္မာ စ ဒေဝါ, ဂုဏ ဂဏ ဂဟဏ ဗျာဝဋာ
သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနက မယေ, မေရုရာဇေ
ဝသန္တော၊

---

*ဤ'နမော တဿ'ဘုရားရှိခိုးပါဠိကို ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် ၂၃၀၊ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော် ၃၁၄-၃၄၁၊ သံယုတ္တနိကာယ် ပဌမအုပ် ၁၆၂၊ အင်္ဂုတ္တရနိကာယ် ပဌမအုပ် ၆၀၊ ဒုတိယအုပ် ၂၀၀-စသည်တို့၌ တွေ့နိုင်သည်။

သန္တော သန္တေသဟေတုံ, မုနိ ဝရ ဝစနံ, သောတုမဂ္ဂံ သမဂ္ဂံ[၁]။

၃။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၄။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၅။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၆။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၇။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

၁-သမဂ္ဂါ (ရှေးမူ)

၁-မင်္ဂလသုတ်

၁၀။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၁၂။ *ဧဝံ မေ သုတံ—
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁၃။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ'မုတ္တမံ။

၁၄။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ[၁]၊ ဧတံ မင်္ဂလ'မုတ္တမံ။

---

*ဤမင်္ဂလသုတ်ပါဠိတော်ကို ခုဒ္ဒကပါဌ ပါဠိတော် ၃-၄၊ သုတ္တနိပါတ်ပါဠိတော် ၃၁၈-၃၁၉-တို့၌ တွေ့နိုင်သည်။
၁-ပူဇနီယာနံ (သီ၊ သျာ၊ ကံ၊ ဣ)

၁၅။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ[၁] စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၇။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၈။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၉။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၂၀။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ[၂]၊ ဧတံ မင်္ဂလမုတ္တမံ။

၂၁။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၄။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

၁-အတ္တသမ္မာပဏီဓိ (က) ၂-ဓမ္မဿဝဏံ (အချို့ သီ)

၂-ရတနသုတ်

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ။
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမ ရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ—

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၂၈။ *ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

---

*ဤရတနသုတ် ပါဠိတော်ကို ခုဒ္ဒကပါဌ ပါဠိတော် ၄-၇၊ သုတ္တနိပါတ် ပါဠိတော် ၃၁၂-၃၁၅ တို့၌ တွေ့နိုင်သည်။

သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ’ မာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။

တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ခာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ[၁] ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၅။ ယထိန္ဒခီလော ပထဝိဿိတော[၂] သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ’ မာဒိယန္တိ။

၁—နိဗ္ဗုတိ(က)
၂—ပဌဝိဿိတော (အချို့သီ)၊ ပထဝိံ သိတော (အချို့သီ၊ သျာ၊ ကံ၊ ဣ)

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၇။ သဟာဝဿ ဒဿန သမ္ပဒါယ[1]၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၃၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆ စာဘိဌာနာနိ[2] အဘဗ္ဗ[3] ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၉။ ကိဉ္စာပိ သော ကမ္မ[4] ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ[3] သော တဿ ပဋိစ္ဆဒါယ[5]၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၀။ ဝနပ္ပဂုမ္ဗေ ယထ[6] ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံဟိတာယ။

[၁-သဟာဝ သဒ္ဒဿနသမ္ပဒါယ(က) ၂-ဆစ္စာဘိဌာနာနိ(က) ၃-အဘဗ္ဗော(သီ)
၄-ကမ္မံ(သီ၊သျာ၊ကံ၊ဣ) ၅-ပဋိစ္ဆာဒါယ(သီ) ၆-ယထာ(သီ၊သျာ)

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊
ဝိရတ္တစိတ္တာ'ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ[၁] ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

၁-ယထယံ (က)

တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

၃-မေတ္တသုတ်

၄၆။ ယဿာ'နုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါ'နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ'မတန္ဒိတော၊

၄၇။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဝေမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၄၈။ *ကရဏီယ' မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၄၉။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ'နနုဂိဒ္ဓေါ။

၅၀။ န စ ခုဒ္ဒ'မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။

---

*ဤ မေတ္တသုတ်ပါဠိတော်ကို ခုဒ္ဒကပါဌပါဠိတော် ၁၀-၁၁၊ သုတ္တနိပါတ် ပါဠိတော် ၃၀၀-၃၀၁တို့၌ တွေ့နိုင်သည်။
၁ ယဉ္စ(က)

သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ[၁] ဘဝန္တု သုခိတတ္တာ။
၅၁။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။
၅၂။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊
ယေ ဝ[၂] ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ[၃] သမ္ဘဝေသီ ဝါ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ[၄]။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ'မိစ္ဆေယျ။
၅၄။ မာတာ ယထာ နိယံ ပုတ္တ-မာယုသာ ဧကပုတ္တ'မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။
၅၅။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ'မသပတ္တံ။
၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ[၅]၊
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ[၆]။

၁-သဗ္ဗေ သတ္တာ(သီ၊ သျာ) ၂-စ(သီ၊ သျာ၊ ကံ၊ ဣ) ၃-ဝါ(သီ၊ သျာ၊ ကံ၊ ဣ)
၄-နံ ကဉ္စိ(သီ၊ ဣ)၊ နံ ကိဉ္စိ(သျာ) ၅-ဝါ (သီ၊ သျာ၊ ကံ၊ ဣ)
၆-ဝိဂတမိဒ္ဓေါ(အများ)

ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ'မေတံ ဝိဟာရ'မိဓ မာဟု။

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ[၁] ဂေဓံ၊
န ဟိ ဇာတု'ဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

၄-ခန္ဓသုတ်

၅၈။ သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၆၀။ *ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။

၆၁။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ[၂] မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၆၂။ မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော[၂]။
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

---

*-ဤခန္ဓသုတ်ပါဠိတော်ကို ဝိနည်း စူဠဝဂ္ဂပါဠိတော် ၂၄၅၊ ဇာတ်ပါဠိတော်၊ပ၊ ၅၃-၄၊အင်္ဂုတ္တိုရ်ပါဠိတော်၊ပ၊၁၈၄-တို့၌ တွေ့နိုင်သည်။
၁-ဝိနယ(က) ၂-ဒိ....(သီ၊သျာ၊ကံ၊ဣ)

၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာ ကဉ္စိ[၁] ပါပ'မာဂမာ။

၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ[၂]။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏာနာဘိ သရဗူ မူသိကာ။

၆၅။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ[၃]၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

၅-မောရသုတ်

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

၆၇။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
“ဗြဟ္မမန္တ”န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၆၈။ *ဥဒေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော[၄]။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ[၄]၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

---

* ဤမောရသုတ်ပါဠိတော်ကို ဇာတ်ပါဠိတော်၊ ပ၊ ၃၈ ၌ တွေ့နိုင်သည်။
၁-ကိဉ္စိ (သျာ၊ ကံ၊ က) ၂-သိရိံသပါနိ (သီ၊ သျာ၊ ကံ၊ ဣ)
၃-ကတာ မေ ပရိတ္တာ (အများ) ၄-ပဘိ.... (သီ၊ သျာ၊ ဣ)

၆၉။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။

၇၀။ အပေတ’ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ’ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၇၁။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါသ’မကပ္ပယိ။

မောရသုတ္တံ နိဋ္ဌိတံ။

၆-ဝဋ္ဋသုတ်

၇၂။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၇၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁-ပဌဝိ(သီ၊သျှ၊ဣ)

၇၄။ *အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျ’နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ’ မုတ္တမံ[၁]။

၇၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ’မဝဿာယ၊ သစ္စကိရိယ’ မကာသဟံ။

၇၆။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၇၇။ သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

၇-ဓဇဂ်သုတ်

၇၈။ ယဿာ’နုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ’မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၇၉။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၈၀။ *ဧဝံ မေ သုတံ—
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

---

*ဤ ဝဋ္ဋသုတ်ပါဠိတော်ကို စရိယာပိဋကပါဠိတော် ၄၁၅-၌ တွေ့နိုင်သည်။
*ဤ ဓဇဂ္ဂသုတ်ပါဠိတော်ကို သံယုတ်ပါဠိတော် ၊ပ၊ ၂၂၀-၂၂၂ ၌ တွေ့နိုင်သည်။
၁—သစ္စကိရိယ မနုတ္တရံ (က)

၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။
"ဘဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။
ဘဂဝါ ဧတဒဝေါစ—
ဘူတပုဗ္ဗံ ဘိက္ခဝေ
ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။
အထခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော
ဒေဝေ တာဝတိံသေ အာမန္တေသိ—
"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၈၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၈၃။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၁၄။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ
အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတီ”တိ။

၁၅။ တံ ခေါ ပန ဘိက္ခဝေ
သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ,
ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,
ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ,
ဤသာနဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယေထာပိ နောပိ ပဟီယေထ။

၁၆။ တံ ကိဿ ဟေတု?
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော
အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော
ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

၁၇။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ၊
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ
သုညာဂါရဂတာနံ ဝါ
ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
မမေဝ တသ္မိံ သမယေ အနုဿရေယျာထ—

၁၈။ "ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရော ပုရိသဒမ္မသာရထိ,
သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ"တိ။

၁၉။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
သော ပဟီယိဿတိ။

၂၀။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ—

၂၁။ "သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

၂၂။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၂၃။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ—

၂၄။ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊

ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ”တိ။

၉၅။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတီ။

၉၆။ တံ ကိဿ ဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော
အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၉၇။ ဣဒ’မဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော
အထာ’ပရံ ဧတဒဝေါစ သတ္ထာ—

၉၈။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ[၇] သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။

၉၉။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

၁၀၀။ နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

၇—အနုဿရေယျာထ (က)

၁၀၁။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော န ဟေဿတိ။

ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။

၈-အာဋာနာဋိယသုတ်

၁၀၂။ အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

၁၀၃။ ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁၀၄။ *ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၁၀၅။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၁၀၆။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၁၀၇။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၁၊ သဗ္ဗဒုက္ခာပနူဒနံ။

---

* ဤဂါထာနှင့်တကွ ၁၀၉-တိုင်အောင်သော ဂါထာတို့ကို ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိတော် ၁၅၉-၌ တွေ့နိုင်သည်။
၁-ဓမ္မမဒေသေသိ (သီ၊ သျာ၊ ပ)

၁၀၈။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ'ထ[၁]၊ မဟန္တာ ဝီတသာရဒါ။

၁၀၉။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၁၁၀။ ဧတေ စညေ စ သမ္ဗုဒ္ဓါ၊ အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ' သမသမာ၊ သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၁၁။ သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု'ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန'မုတ္တမံ။

၁၁၂။ သီဟနာဒံ နဒန္တေ'တေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

၁၁၃။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသလက္ခဏူပေတာ၊ သီတာနုဗျဉ္ဇနာဓရာ။

၁၁၄။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၁၅။ မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။

၁၁၆။ ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟဿာသာ[၂]၊ သရဏာ စ ဟိတေသိနော။

၁၁၇။ သဒေဝကဿ လောကဿ၊ သဗ္ဗေ ဧတေ ပရာယဏာ။
တေသာ'ဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။

၁—အပိသုဏာ (သီ၊ သျာ၊ ပီ) ၂—မဟေဿာသာ (အများ)

၁၁၈။ ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ'တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။

၁၁၉။ သဒါ သုခေန ရက္ခန္တု၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊ မုတ္တော သဗ္ဗဘယေဟိ စ။

၁၂၀။ သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ'မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။

၁၂၁။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ'နုရက္ခန္တု၊ အရောဂေန သုခေန စ။

၁၂၂။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊ အရောဂေန သုခေန စ။

၁၂၃။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု အရောဂေန သုခေန စ။

၁၂၄။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု အရောဂေန သုခေန စ။

၁၂၅။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု အရောဂေန သုခေန စ။

၁၂၆။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၁၂၇။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၁၂၈။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊ အာရောဂျေန သုခေန စ။

၁၂၉။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ'နုရက္ခန္တု၊ အာရောဂျေန သုခေန စ။

၁၃၀။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွ'န္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

၁၃၁။ *အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

၉-အင်္ဂုလိမာလသုတ်

၁၃၂။ ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

၁၃၃။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿ'င်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁၃၄။ [1]ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။

---

*ဓမ္မပဒပါဠိတော် ၁၀၉-ဂါထာ။
၁။ ဤအင်္ဂုလိမာလပရိတ်ကို မဇ္ဈိမနိကာယ်, မဇ္ဈိမပဏ္ဏာသပါဠိတော် ၃၀၆-၌ တွေ့နိုင်သည်။

၁၀-ဗောဇ္ဈင်သုတ်

၁၃၅။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

၁၃၆။ ဗုဇ္ဈိတွာ ယေ စိ’မေ သတ္တာ၊ တိဘဝါ မုတ္တကု’တ္တမာ။
အဇာတိ’မဇရာ’ဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

၁၃၇။ ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

၁၃၈။ *ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာ’ပရေ။

၁၃၉။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေ’တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

၁၄၀။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၁။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၄၂။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၃၊ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ’ဘိပီဠိတော။
စုန္ဒတ္ထေရေန တံ ဉေဝ၊ ဘဏာပေတွာန သာဒရံ။

---

*ပါဠိတော်၌ ဤဂါထာ ဗောဇ္ဈင်သုတ် တိုက်ရိုက်မရှိ။ စုဏ္ဏိယပါဠိတော်ကိုမူ သံယုတ်ပါဠိတော်၊တ၊၇၁၊၇၂၊၇၃-တို့၌ တွေ့နိုင်သည်။

၁၄၄။ သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ ကေ ဟောတု သဗ္ဗဒါ။

၁၄၅။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂါဟတာ ကိလေသာဝ၊ ပတ္တာ’နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

၁၁-ပုဗ္ဗဏှသုတ်

၁၄၆။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ’မေန္တု။

၁၄၇။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ’မေန္တု။

၁၄၈။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာ’မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ’မေန္တု။

၁၄၉။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။

သောကပ္ပတ္တာ စ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၁၅၀။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ၊
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

၁၅၁။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

၁၅၂။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၁၅၃။ *ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၄။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၅။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊

---

*ဤဂါထာ ရတနသုတ်၌ ပါပြီး။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၇။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၈။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၉။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၆၀။ ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

၁၆၁။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ-ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၁၆၂။ *သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၆၃။ *ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏေ။

---

*ဤဂါထာများကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ ၂၉၉- ၌ တွေ့နိုင်သည်။

၁၆၄။ *ယဒက္ခိကာနိ ကတွာန၊ လဘန္တ’တ္ထေ ယဒက္ခိကော။
တေ အတ္တလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

ပရိတ္တပါဠိ နိဋ္ဌိတာ။

---

*ဤဂါထာများကို အင်္ဂုတ္တိုရ်ပါဠိတော်၊ပ၊ ၂၉၉-၌ တွေ့နိုင်သည်။

ပရိတ်ကြီး နိဿယသစ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

နတ်ပင့်

(၁) သမန္တာ စက္ကဝါဠေသု၊ အတြာ'ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

(၁) သမန္တာ၊ ဤစကြဝဠာခွင် ပတ်ဝန်းကျင်မှ။ စက္ကဝါဠေသု၊ စကြဝဠာပေါင်း တိုက်တသောင်းတို့၌။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ အတြ၊ ဤပရိတ်တရား ဟောကြားရာဌာနသို့။ အာဂစ္ဆန္တု၊ လာရောက်ကြကုန်လော့။ မုနိရာဇဿ၊ မုနိတို့ဘုရင် ရှင်တော်မြတ်ဘုရား၏။ သဂ္ဂမောက္ခဒံ၊ နတ်ပြည်နိဗ္ဗာန် အကျိုးကိုပေးတတ်သော။ သဒ္ဓမ္မံ၊ ပရိတ်တရားတော်ကို။ သုဏန္တု၊ နာလှည့်ကြကုန်လော့။

စကားပြေ—ဤစကြဝဠာ၏ ပတ်ဝန်းကျင် စကြဝဠာတသောင်းရှိ နတ်ဗြဟ္မာတို့သည် ဤပရိတ်တရား ဟောကြားရာဌာနသို့ လာရောက်ကြကုန်လော့။ မြတ်စွာဘုရား၏ နတ်ပြည်နိဗ္ဗာန်အကျိုးကို ပေးတတ်သော ပရိတ်တရားတော်ကို နာယူလှည့်ကြပါကုန်လော့။

နတ်တို့ကိုဖိတ်ခြင်း။ ။"သမန္တာ" စသည်ကား ပရိတ်မရွတ်မီ ရှေးဦးစွာ နတ်များကို ဖိတ်မန္တကပြုခြင်းတည်း။ ဘုရားရှင့် လက်ထက်တော်၌ကျွတ်တမ်းဝင်ကြသူများတွင်လူသားကားအနည်းငယ်မျှသာ၊နတ်ဗြဟ္မာများမှာ မရေမတွက်နိုင်လောက်အောင်ပင် ကျွတ်တမ်းဝင်ကြ၏။ မင်္ဂလသုတ်, မဟာသမယသုတ်စသော သုတ္တန်များကိုဟောသော

အခါ တသောင်းသော စကြဝဠာမှ နတ်ပြဟ္မာများ လာရောက်နာယူခဲ့ရာ ကရားထူးရကြသော နတ်ပြဟ္မာတို့မှာ မရေမတွက်သာအောင်ပင် များလှ၏။ ကျမ်းဂန်များအရဆိုလျှင် နတ်များမှာ ဘုရားတရားတော်ကို လွန်စွာလေးစား၍ နာကြားရန် ငံ့လင့်လျက်ရှိကြောင်း သိရ၏။ထို့ကြောင့် နတ်များ၏ အကူအညီ အစောင့်အရှောက်ကို ရလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် ဖိတ်ခြင်းဖြစ်သည်။ အချို့ ကပ်ရောဂါများ, အန္တရာယ်များ၌နတ်ဆိုးများ၏ ပယောဂများလည်း ပါတတ်ရာ နတ်ကောင်းများလာလျှင် နတ်ဆိုးများ ပြေးရှောင်တတ်၍ အန္တရာယ်ကင်းခြင်းစသော အကျိုးပြီးရေး၌ နတ်ကောင်းများ လာရောက်ရေးကို လိုလားအပ်သည်ဖြစ်ရာ နတ်ပြဟ္မာတို့ကို အထူးတလည် ဖိတ်ကြားခြင်းအမှုမှာ အစဉ်အလာတခု ဖြစ်ရသည်။

စကြဝဠာ။ ။စက္ကံ ဝိယ ဝဋ္ဋတေ ဝေဠယတီတိ စက္ကဝါဠံ။ ။စက္ကံ ဝိယ၊ စက်ဝိုင်းကဲ့သို့။ ဝဋ္ဋတေ ဝေဠယတိ၊ ရစ်ပတ်တတ်၏။ဣတိ၊ ထို့ကြောင့်။စက္ကဝါဠံ၊ စက္ကဝါဠမည်၏။ ကမ္ဘာလောကဓာတ်ကို တန်တိုင်းပမာ ရစ်ဝိုင်းကာလျက်ရှိသော စကြဝဠာတောင်ပင်တည်း။ တနည်း-စက္ကသဒ္ဒါ ဒေသသမူဟ (အရပ်အပေါင်း) အနက်ယူ၍ စက္ကံ၊ အရပ်ဒေသအပေါင်းကို။ ဝလတိ အာဝရဏံ ကရောတိ၊ ဆီးတားမှုကို ပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ စက္ကဝါဠံ၊ စက္ကဝါဠ မည်၏။ ။စက္ကဝါဠံမေတ္ထ အတ္ထီတိ စက္ကဝါဠံ။ ဧတ္ထ၊ ဤလောကဓာတ်၌။ စက္ကဝါဠ၊ စကြဝဠာတောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ စက္ကဝါဠံ စက္ကဝါဠ မည်၏-ဟု အဿတ္ထိတဒ္ဓိတ်ပြု၍ လောကဓာတ်ခေါ် စကြဝဠာကို ရသည်။

ပိယာလ=လွှန်,မလ္လိကာ=ကြက်ရုံး,ဥသီရ=ပန်းရင်းတို့ကား အပင်ဟောများတည်း။၎င်းတို့၏ အသီးအပွင့် အမြစ်တို့ကို ဟောစေလိုသော အခါ"ပိယာလဿ ဖလာနိပိယာလာနိ။မလ္လိကာယ ပုပ္ဖါနိ မလ္လိကာနိ။ ဥသီရဿ မူလံ ဥသီရံ"ပြုကာ တဒ္ဓိတ်အဖြစ် မောဂ္ဂလ္လာန်(၄,၆၇) ၌ ကြံခဲ့၏။ ထိုပြင် ထိုသို့ တဒ္ဓိတ်မကြံတော့ပဲ အဘေဒေါ-ပစာရ (=မကွဲ မပြား တသားတည်း တခုတည်းအဖြစ် တင်စားခြင်း)အားဖြင့် ပိယာလ စသည်ကပင် အသီးစသည်ကို ဟောနိုင်ကြောင်း တနည်း ကြံပြန်သည်။ ဤတုံးနည်းအရ စကြဝဠာတောင်ဟော စက္ကဝါဠကို- အဿတ္ထိ-မပြုတော့ပဲ ၎င်းကပင် အဘေဒေါပစာရအားဖြင့် စကြဝဠာတခုလုံးကိုလည်း ဟောနိုင်တော့သည်ဟု ကြံ။ သဒ္ဒတ္ထကိုမှီ၍ ကြံသည်။ ထို့ပြင် 'စက္ကဝါဠ' ဟု ဆိုလိုလျက် ဠ-သည် ဠ,အာ-သည်

ရဿဖြစ်၍'စက္ကဝါဠ'ဟု ဆိုရသည်။ရထားဘီးကဲ့သို့ အညီအမျှ ဝန်းဝိုင်းသောကြောင့်ရင်း ရေတွင်းကဲ့သို့ တွင်းသဏ္ဌာန် ပုံဟန်ရှိသောကြောင့်ရင်း 'စက္ကဝါဠ' အမည်ရခဲ့သည်။ (ဇိနတ္ထပကာသနီကာ နည်းတည်း)။

စကြာဝဠာတောင်ဖြင့် ပိုင်းခြားအပ်သော ကျွန်းကြီး လေးကျွန်း မြင်းမိုရ်တခုဟု ဆိုအပ်သော ဌာနကို စကြာဝဠာဆိုသည်။ ၎င်းကိုပင် လောကဓာတ်ဟုလည်း ခေါ်ရ၏။ သာသနာဝင် ကျမ်းဂန်များအလိုမှာ စကြာဝဠာသည် အဝိုင်းသာ ဖြစ်၏။ ဤစကြာဝဠာ၏ ပတ်ဝန်းကျင်၌ ထိုကဲ့သို့ စကြာဝဠာမျိုးတွေ ဆက်ကာ ဆက်ကာ တည်နေရာ အဆုံးမရှိတော့ပေ။ လင်ပန်းသုံးချပ် စပ်သောအခါ အလယ်၌ ကွက်လပ်ရှိသကဲ့သို့ စကြာဝဠာသုံးခု ဆုံမိသောအခါတိုင်း၌ ကွက်လပ်ရှိခဲ့ရာ ထိုကွက်လပ်ကား လောကန္တရိက်ခေါ် ငရဲ၏ တည်ရာတည်း။

ခေတ်သုံးပါး။ ။ဤသို့ ဆက်စပ်တည်နေသော စကြာဝဠာတို့တွင် ဤစကြာဝဠာ၏ပတ်လည်၌ တည်နေသော စကြာဝဠာတသောင်းကား ဇာတိခေတ်တည်း။ ဘုရားလောင်း ပဋိသန္ဓေတည်ရာ၊ ဖွားရာအခါ စသည်၌ အတူမြေလှုပ်ခြင်း၊နတ်ဗြဟ္မာများ ဘုရား တရား အတူလာနာခြင်း စသည်ဖြင့် အဖြစ်တူကြသော တဲ့ဖက် လောကဓာတ်များတည်း။ စကြာဝဠာ ကုဋေတသိန်းသည် အာဏာခေတ်မည်၏။ ဘုရားရှင်၏ ပရိတ်တရားတော် အာဏာနှံ့ရောက်ရာနယ်တည်း။ ထိုမှပြင်ပ အဆုံးမရှိသော စကြာဝဠာများကား ဝိသယခေတ်မည်၏။ ပရိတ်တော်၏အာဏာ စကြာဝဠာကုဋေတသိန်း နှံ့သည် ဆိုသောကြောင့် စကြာဝဠာ ကုဋေတသိန်းက နတ်များ တရားလာနာသည်ကား မဟုတ်၊ ဘုရားတန်ခိုး အာနုဘော်ကြောင့် ပရိတ်တော်၏ အာဏာအစွမ်း အရှိန်အဝါသာ ရောက်ခြင်းဖြစ်၏။ တရားတော်ကိုကား စကြာဝဠာ တသောင်းက နတ်ဗြဟ္မာများသာ လာရောက်နာကြ၏။ မဟာသမယစသော သုတ္တန်များနှင့် အဘိဓမ္မာ ဒေသနာ ဟောရာ၌ တသောင်းသော လောကဓာတ်က နတ်များသာ လာကြောင်း အဆိုရှိခဲ့၏။ ထိုကြောင့် "သမန္တာ စက္ကဝါဠေသု"၌ သာမည ဖြစ်သော်လည်း စကြာဝဠာတသောင်းကိုသာ ယူရတော့သည်။

သဒ္ဓမ္မ။ ။သတ် **စမ္မော၊** သူတော်ကောင်းတို့၏ တရား။ သဒ္ဒဿ **စမ္မော၊** ချီးမွမ်းအပ် ကောင်းမြတ်သောတရား။ ဤအနက်များအရ သဒ္ဓမ္မ မည်၏။ ထိုသဒ္ဓမ္မမှာ ပရိယတ္တိသဒ္ဓမ္မ(=ပိဋကသုံးပုံ), ပဋိပတ္တိ-သဒ္ဓမ္မ(=မဂ်ဖိုလ်ရကြောင်းအကျင့်များ), အဓိဂမသဒ္ဓမ္မ(မဂ်ဖိုလ်နိဗ္ဗာန်)ဟု သုံးမျိုးတည်း။ ထိုသုံးမျိုးလုံးပင် သဒ္ဓမ္မမည်သောကြောင့် ထိုထိုပါဠိ၌ သဒ္ဓမ္မသဒ္ဒါသည် သုံးပါးလုံးကိုရင်း, နှစ်ပါးကိုရင်း, တပါးကိုရင်း, တပါးထဲက အစိတ်စိတ် တရားကိုရင်း အရာအားလျော်စွာ ဟောသည်ကို တွေ့ရ၏။ ထို့ကြောင့် ဤ၌လည်း ပရိယတ္တိ၏ အစိတ်ဖြစ်သော **ပရိတ်** တရားတော်ကို ဟောလျက် ရှိပါသည်။ ထိုပရိတ်တရားတော် သဒ္ဓမ္မကို နှစ်သက် ခုံမင်အောင် ဂုဏ်ဘင်လိုပြန်၍ 'သဂ္ဂမောက္ခဒံ=နတ်ပြည်နိဗ္ဗာန် အကျိုးကို ပေးတတ်သော'ဟု ဆို၏။ ပရိတ်တော်အလုံးစုံကို မဆိုထားဘိ မင်္ဂလသုတ် တရားတော်အတိုင်းမျှ လိုက်နာ ကျင့်ကြံလျှင်ပင် နတ်ပြည် နိဗ္ဗာန်ရောက်ရမည်မှာ မလွဲနိုင်တော့ဟု ယုံကြည်ထိုက်ပေသည်။

နတ်, နတ်ပြည်ရှိသလော။ ။နတ်ပြည်, ဗြဟ္မာ့ပြည်များ ထင်ရှားရှိ၍ ထို နတ်ပြည်, ဗြဟ္မာ့ပြည် များသို့ ဘုရားရှင် ကြွတော်မူကြောင်းကိုရင်း, တန်ခိုးကြီး ရဟန္တာ အရှင်မြတ်တို့ ကြွရောက်တော်မူကြောင်းကိုရင်း, လက်ဆက်တော်က ဘုရားမြတ်ထံ နတ်ဗြဟ္မာများ ရံခါ တဦးချင်း, ရံခါ အစုအဝေးဖြင့် အဖူးအမြော် တရားနာ လာရောက် ကြကြောင်းကိုရင်း ပါဠိအဋ္ဌကထာများ၌ များစွာပင် တွေ့ရ၏။ သဘာဝဓမ္မများ ဆန်းကြယ်ပုံကိုရင်း, ထိုသို့ ဆန်းကြယ်သည်နှင့် အမျှ သဘာဝဓမ္မများဖြင့် တည်ရှိနေသော သက်ရှိသက်မဲ့ သတ္တဝါအရာ ဝတ္ထုတို့၏ ထူးခြားဆန်းပြားပုံကိုရင်း, ထိုတွင် အချို့ကို ပကတိမျက်စိဖြင့် မမြင်ရပဲ ဉာဏ်ထူးများဖြင့်သာ တွေ့နိုင် မြင်နိုင်သည်ကိုရင်း မထောက် မထား မိမိတို့ မမြင်ရ၍ မရှိဟုဆိုသော သူများက နတ်ဗြဟ္မာနှင့် သူတို့၏ ဘုံဌာနများကို လက်မခံလို ငြင်းပယ်လိုကြ၏။ နတ်ဗြဟ္မာကို ငြင်း ပယ် လိုကြသော ထိုသူများကား နတ်ဗြဟ္မာကိုသာမက အဆက်မပြတ်

ဖြစ်ရသော သံသရာ သဘာဝကိုပင် ပစ်ပယ်လျက် တမလွန်ဘဝ မရှိဟူ၍ပင် ဆိုလျက်ရှိကြ၏။

တမလွန်ဘဝ။ ။သတ္တဝါတဦး၏ ရှေးဘဝ ကံအကြောင်းကိုရင်း,ထိုကံက ပဋိသန္ဓေကို ဖြစ်စေပုံကိုရင်း,ဘုရားရှင်နှင့် အဘိညာဉ်ဉာဏ်ထူးရှင် ပုဂ္ဂိုလ်များသာ အတိအကျ သိနိုင် မြင်နိုင်၏၊ ထိုဉာဏ်မရသူတို့ကား ဘုရားကို ယုံကြည်သောအားဖြင့် ဘုရားဟောအရ သိကြရ၏။ ဘုရားဟောအရ သိကြရသည် ဆိုသော်လည်း ဇွတ်မှိတ် ယုံကြည်ရခြင်းမျိုးကား မဟုတ်၊ မှန်းဆထောက်ထားဖွယ် အကြောင်းများ, ဓမ္မများအရ ယုံကြည်ယူဆရခြင်း ဖြစ်၏။

ဇာတ်နိပါတ်များ၌ ရှေးဘဝကို မြင်နိုင်သော ပုဂ္ဂိုလ်များရှိခဲ့ရာ (နာရဒဇာတ်စသည်) အချို့ တဘဝမြင်နိုင်၍ အချို့ ခုနစ်ဘဝ အချို့ထို့ထက် အလွန်ပင် မြင်နိုင်ကြ၏။ ထို့အတူ ယခုအခါလည်း လူဝင်စားများရှိတတ်ရာ သူတို့သည် လွန်ခဲ့သောဘဝက အဖြစ်အပျက်ကို ပြောနိုင်ကြ၍ ထိုဘဝက ဆွေမျိုး မိဘ မိတ်ဆွေစသည်နှင့် ပစ္စည်းဝတ္ထုများကို သိကြအသေအချာပြောပြ နိုင်ကြ၏။ အချို့ လူဘဝမှ, အချို့မှာ ကျွဲ နွားမျောက်စသော တိရစ္ဆာန်ဘဝမှ ဖြစ်လာကြရသည်ကို ပြောပြနိုင်ကြ၏။ ဇာတိဿရဉာဏ် (=လွန်ခဲ့သော ဘဝကို အမှတ်ရသော ဉာဏ်)ခေါ် ထိုဉာဏ်မျိုးရသော ထူးခြားသောသူများကို တရံတခါ တွေ့ရ ကြားရခြင်းဖြင့် ဤဘဝမှ ဘဝတပါးပြောင်းကြရ ဖြစ်ကြရသည်ကို ယုံကြည်ကြရ၏။ ဤ၌ ဤဘဝမှ ဘဝတပါးသို့ပြောင်းရွှေ့သွားသော ရုပ်နာမ်ဟူရင်း သတ္တဝါဟူရင်း မရှိ၊ ဘဝတပါး၌ရုပ်နာမ်အသစ်, သတ္တဝါအသစ်ဖြစ်ခြင်းသာ၊ သို့သော် ထိုပုဂ္ဂိုလ်ပြုခဲ့သော ကံအရ ဖြစ်သည်ကိုရင်း, တစဉ်ထဲ တစပ်ထဲ ဖြစ်နေသော ရုပ် နာမ် အစဉ်ကိုရင်း အစွဲပြု၍ ပုဂ္ဂိုလ်တဦးတည်း ကဲ့သို့မှူကာ 'ဘဝတပါး ပြောင်းသည်'ဟု လောက အသုံးရှိခဲ့ရာ ထိုအသုံး အရ ပြောင်းသည်ဟု ဆိုခဲ့ခြင်းဖြစ်ကြောင်းကို သတိပြုသင့်ကြ၏။

ပဋိစ္စသမုပ္ပါဒ်အရ။ ။ထိုမျှမက ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မသဘာဝများကို လေ့လာခြင်း, စဉ်းစားခြင်းဖြင့်လည်း ယုံကြည်နိုင်

ကြ၏။ ပဋိစ္စသမုပ္ပါဒ်အရ ဖြစ်သမျှ ဓမ္မများသည် အကြောင်းကင်း၍ ဖြစ်သည်မရှိ။ အကြောင်းအကျိုး အဖြစ်ဖြင့် ဖြစ်လျက်ရှိသော တရားများမှာ နိဗ္ဗာန်မရသမျှ အဆက်ပြတ်သည်မရှိပဲ တစပ်တည်း ဖြစ်ပျက်လျက် ရှိနေသည်သာတည်း။ ပဋိသန္ဓေခေါ် ဘဝအစ ဝိညာဉ်ဖြစ်ရာ၌ ရှေးကောင်းမှု မကောင်းမှု သင်္ခါရသည် အကြောင်းဖြစ်၏။ အဝိဇ္ဇာကြောင့် သင်္ခါရ, သင်္ခါရကြောင့် ပဋိသန္ဓေ ဝိညာဉ်ဖြစ်ရ၏။ ထိုပဋိသန္ဓေဝိညာဉ်ကြောင့် ရုပ်တရား နာမ်တရားများ ဖြစ်ပွါးခဲ့၍ တဘဝဟု ဖြစ်လာသောအခါ ထိုဘဝ၌ တဏှာ ဥပါဒါန် များဖြင့် ကံတို့ကို ပြုခဲ့ပြန်ရာ ထိုကံက ဇာတိခေါ် ဘဝအသစ်ကို ဖြစ်စေပြန်တော့သည်။ ဤသို့ အကြောင်းအကျိုး ဆက်သွယ်သောနည်းအရ ဘဝအစဖြစ်သော ပဋိသန္ဓေမှာ ကောင်းမှု မကောင်းမှုကံကြောင့် ဖြစ်ရ၏။ ထိုပြုပြုသမျှကောင်းမှု မကောင်းမှုမှာ ခါတ်သတ္တိအဖြစ်ဖြင့် ကိန်းလျက်ရှိခဲ့ရာ အဝိဇ္ဇာ, တဏှာစသော ကိလေသာမကင်းသေးလျှင် ထိုခါတ် သတ္တိကား ပျောက်ဆုံးမသွားပဲ အခန့်သင့်သောအခါ ပဋိသန္ဓေကို ဖြစ်စေတော့သည်။ ဤသို့လျှင် တဘဝနှင့်တဘဝ အဆက်မပြတ် ဆက်သွယ်လျက်ရှိအောင် ဖန်တီးနေသည်မှာ ကိလေသာနှင့် ကံတရားများဖြစ်ကြောင်း သိနိုင်သည်။

အချို့ တမလွန်မရှိဟု ယူသူတို့က ပဋိစ္စသမုပ္ပါဒ် ဒေသနာကိုပင် အတိတ် အနာဂတ်မပါ ပစ္စုပ္ပန်အဖြစ်မျှကိုသာ ပြသော တရားအဖြစ် ယူဆကြ၏။ သူတို့အလိုအရဆိုလျှင် ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုပင် ဟောဖွယ်မရှိတော့။ သေလျှင် ပြတ်သည်၊ ဘဝမျှ ဆက်မဖြစ်တော့လျှင် အဝိဇ္ဇာစသည် ချုပ်ငြိမ်းကြောင်း အကျင့်လည်း ကျင့်ဖို့မရှိ၊ ချုပ်ငြိမ်းမှုလည်း မလိုတော့ပြီ။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်စသော ပဋိလောမပဋိစ္စသမုပ္ပါဒ်ကို ဟောထားသောကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ အတိတ်နှင့်ပစ္စုပ္ပန်, ပစ္စုပ္ပန်နှင့် အနာဂတ် ဘဝသံသရာအဆက်မပြတ်ပုံကို ဟောသောဒေသနာအဖြစ်မှာ ထင်ရှားလှပေသည်။

အချို့က ဘဝသံသရာ အဆက်မပြတ်ဟုကား ယူဆကြ၏။ သို့သော်ကံကြောင့်ဖြစ်ရသည် မဟုတ်၊ တဏှာ ဥပါဒါန်ကြောင့် ဖြစ်ရသည်ဟု

လည်း ဆိုကြပြန်၏။ ဓမ္မသဘာဝများ၌ ဆိုင်ရာသတ္တိများရှိခဲ့ရာ ပဋိသန္ဓေကို ဖြစ်စေနိုင်သောသတ္တိမှာ ကံ၌သာရှိ၍ တဏှာ ဥပါဒါန်များကား အကူအမ အထောက်အပံ့များသာ ဖြစ်ကြ၏။ သစ်ပင်ဖြစ်စေရာ၌ မြေရေ စသည်တို့ကြောင့်-ဟု ဆိုနိုင်သော်လည်း ၎င်းတို့မှာ အကူအညီ အကြောင်းများသာဖြစ်၍ တကယ် သစ်ပင်ကို ဖြစ်စေသည်မှာ မျိုးစေ့သာဖြစ်သကဲ့သို့တည်း။

ဥတုကြောင့်ဖြစ်သော သစ်ပင်များ၌ အသီးများမှာ တူလျက်သာ ရှိကြ၏၊ ဥပမာ သရက်ပင်၏ အသီးများမှာ တလုံးနှင့်တလုံး အနံ့အရသာ မကွဲပြားကြ။ သတ္တဝါများ၌ကား ယို့သို့မဟုတ်၊ မိဘတို့၏ ဥတုသွေးကြောင့် ဖြစ်ရခြင်းတူသော် တမိခေါက် သားသမီးများမှာပင် အလွန်ခြားနားတတ်ကြ၏။ စိတ်နေသဘောထား, ဉာဏ်ထက် မထက်, ရုပ်ရေလှ မလှ, ဓနရှိ မရှိ စသည်အားဖြင့် ကွဲပြားတတ်ကြ၏။ ထိုသို့ ကွဲပြားသည်ကို ထောက်လျှင် ယခုဘဝ မိဘအကြောင်းမှတပါး ရှေးအကြောင်းတမျိုး ရှိရာ၏။ ထိုအကြောင်းကား ကိုယ်ပြုခဲ့သည့် ကံသာ-ဟူသော အယူမှာ ဘယ်မျှ ကျေနပ်ဖွယ်ကောင်းပါသနည်း။

ထို့ပြင် 'လူသေလျှင် ဘာမျှမဖြစ်တော့'ဟူသော အယူမှာ ကောင်းမှုပြုစရာလည်း မလို၊ မကောင်းမှု ကြောက်စရာလည်း မရှိ၍ ယခုဘဝ လူကောင်းတယောက် ဖြစ်ဖို့ရာ ခဲယဉ်းသည်နှင့်အမျှ နောင်ဘဝရှိသည် ဆိုလျှင် ကောင်းရာမရောက် မကောင်းရာ ရောက်ရမည်ဖြစ်ရာ နှစ်ဖက်စလုံး ဘယ်မျှ ဆိုးရွားပါသနည်း။ ဘဝတပါးရှိသည် ယူသူကား နောက်ဘဝ မရှိ ထားဦးတော့ ယခုဘဝမှာ လူကောင်း လူမြတ် ဖြစ်ရခြင်းက တပန်းသာလျက်ရှိရသည်။ နောက်ဘဝရှိလျှင်လည်း ၎င်းမှာ ကောင်းရာဘဝ၌ သုခစံရမည်မှာ သေချာ၍ နှစ်ဖက်စလုံး အမြတ်ထွက်လျက်ရှိသည်။

ဘဝဆက်ပုံ။ ။ဘဝသံသရာ၌ အဆက်မပြတ် ဖြစ်ရန် ကံက ဖန်တီးခဲ့သည်နှင့်အမျှ ၎င်းတို့၌လည်း သတ္တိစွမ်းရည်များပြည့်စုံလျက် ရှိရ၏။ အထူးသဖြင့် တမလွန်ဘဝဖြစ်စေရာ၌ နာမ်ခေတ်၏ သတ္တိက ပဓာနဖြစ်၏။ သဘာဝတရားများကို လေ့လာဘူးသူသည် မိမိစိတ်ကို ဆင်ခြင်လျှင်

အစဉ်မပြတ် ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။ အိပ်ပျော်ချိန်၌ပင် စိတ်ကား အဆက်မပြတ်၊ သို့သော် ဘဝင်စိတ်ခေါ် ထိုစိတ်ကိုကား သာမန်ဉာဏ်ဖြင့် မသိနိုင်။ အခြား မြင်စိတ်,ကြားစိတ်, တွေးစိတ်စသောစိတ်များ မပြတ်ဖြစ်နေပုံကိုကား သိသာ၏။ ထိုသို့ စိတ်တွေ အဆက်မပြတ် ဖြစ်နေခြင်းကို သိရခြင်းဖြင့် နောင်ဘဝကို မျက်မြင် မမြင်ရသော်လည်း သေခါနီး စိတ်များ၏ ကျေးဇူး ပြုမှုကြောင့်ရင်း, ကံစိတ်၏ အစွမ်းသတ္တိကြောင့်ရင်း စုတိနောက် ပဋိသန္ဓေစသော စိတ်များ အဆက်မပြတ် တစပ်တည်းဖြစ်သွားပုံကို သဘော ကျနိုင်တော့သည်။

အရိယာဖြစ်မှု။ ။သာမန်ဉာဏ်ဖြင့် စိတ်အစဉ် အဆက်မပြတ် ဖြစ်ပုံ၌ တွေ့ဝေလျှင် တွေ့ဝေမည်။ စိတ်တခုတည်းက မြင်လိုက် ကြားလိုက် စသည်ဖြစ်နေသည်ဟု ထင်သော် ထင်တတ်၏။ ဝိပဿနာဉာဏ်ဖြစ်မှုကား တခုပြီးတခု ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် အစဉ်ဖြစ်နေသည်ကို ကွဲကွဲပြားပြား သိနားလည်ရပေတော့သည်။ မဂ်ပေါက် ဖိုလ်ပေါက်၍ နိဗ္ဗာန်ကိုတွေ့ရသောအခါကား ပို၍ရှင်းလင်းတော့သည်။ ရှေး ဝိပဿနာအခိုက်၌ ရုပ်နာမ်တွေ အဆက်မပြတ် ဖြစ်နေသည်ကို တွေ့ရ၏။ ယခုနိဗ္ဗာန်ကို တွေ့ရသောအခိုက်၌ ရုပ်နာမ်တွေ ငြိမ်းစဲလျက် အဆက်ပြတ်နေသည်ကို တွေ့ရသည်။ နောင်တချိန်မှာ ရုပ်နာမ်တွေ လုံးဝအဆက်ပြတ်ရတော့မည်ကိုလည်း သိနားလည်တော့သည်။ ထိုသို့ ရုပ်နာမ်ငြိမ်းစဲ အဆက်ပြတ်နေသော နိဗ္ဗာန မာတ်ကို တွေ့ရခြင်း, နောင် ငြိမ်းရတော့မည်ကို သိရခြင်းဖြင့် ဤရုပ်နာမ်များ ရှေးက မည်သည့်အခါမျှ ပြတ်စဲခဲ့သည် မရှိပဲ, ဘဝများစွာ ဆက်ကာ ဆက်ကာ မပြတ် ဖြစ်လာသည်ကို ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်တော့သည်။ ထို့ကြောင့် သောတာပန်ဖြစ်လျှင် သံသရာ၏ ရှေ့အဖို့ နောက်အဖို့ ရှေ့နောက်အဖို့ နှစ်ပါးနှင့် ပဋိစ္စသမုပ္ပါဒ်များ၌ ယုံမှားမှု တွေဝေမှုကင်း၍ ရှင်းလင်းပြီဖြစ်သည်ဟု မိန့်တော်မူခဲ့ကြသည်။ ဘဝများစွာ ဆက်ကာ ဆက်ကာ ဖြစ်လာရသော သံသရာသဘောမှာ ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်များရသောအခါ

ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်မည် ဖြစ်ရာ ထိုဉာဏ်များ ရအောင် ကြိုးစားခြင်းဖြင့် ဘဝသံသယကို အရှင်း ပယ်ခွါနိုင်တော့သည်၊

ဗြဟ္မာ့ပြည်။ ။တမလွန်ဘဝဆိုရာ၌ မျက်မြင် လူ့တိရစ္ဆာန်ဘဝသာမက လူတို့မမြင်ကောင်းရာ ဘဝများစွာပင်ရှိနေသေး၏။ထိုတွင် ဗြဟ္မာဘဝလည်း ပါရှိခဲ့ရာ ထိုဘဝကို ဘုရားအစရှိသော ဉာဏ်ထူးရှင်များကို ယုံကြည်ချက်အရ မှတ်သား လက်ခံကြရ၏။သို့လက်ခံရာ၌ မှန်းဆထောက်လားဖွယ်များ မရှိမဟုတ်၊ ရှိသည်သာတည်း။ ကုသိုလ်များမှာ ကာမ, မဟဂ္ဂုတ်,လောကုတ္တရာဟု ရှိခဲ့ရာ နည်းမှန်လမ်းမှန် ဘုရားအဆုံးအမခံ ကျင့်သူများ၌ လောကုတ္တရာကုသိုလ် မဂ်ကိုရသောအခါ ထိုမဂ်ဖြင့် နိဗ္ဗာနဓာတ် ထူးမြတ်သော အာရုံ တွေ့ကြုံရခြင်း မဂ်၏အကျိုး ဖိုလ်ချမ်းသာ ခံစားရခြင်းဖြင့် လောကုတ္တရာ ကုသိုလ်၏အစွမ်း အာနုဘော်ကို သိကြရ၏။ ထိုကုသိုလ်ကား ဘဝမှလွတ်မြောက်စေတတ်သော အစွမ်းသတ္တိရှိခဲ့ရာ ထိုမျှစွမ်းရည်ရှိသော ကုသိုလ်သို့ ပို့ဆောင်တတ်သော ဘာဝနာ၏အစွမ်းကို နားလည်အံ့သြကြရ၏။ ဘဝမှလွတ်မြောက်သည် အထိစွမ်းဆောင်နိုင်သော ဘာဝနာအစွမ်းကို သိရသကဲ့သို့ ဘဝသို့ပို့ဆောင်တတ်သော ကုသိုလ်များတွင်လည်း ဘာဝနာအစွမ်းဖြင့် ရအပ်သောကုသိုလ်များ ရှိခဲ့ရာ ထိုကုသိုလ်မှာ ထူးခြားသောဘဝသို့ ပို့တတ်သော မဟဂ္ဂုတ်ကုသိုလ်များသာတည်း။ ထိုမဟဂ္ဂုတ်ခေါ် ဈာန်စိတ်များမှာ လွန်စွာအာနုဘော်ရှိကြ၏။နီဝရဏတွေ ခွါနိုင်၍လည်း ကာမကုသိုလ်များထက် ထူးခြားသော စွမ်းရည်ရှိကြ၏။ အထူးဆက်ကြိုးစားလျှင် အမြင်အကြား အမျိုးမျိုး တန်ခိုးအဖုံဖုံ မြင်, ကြား, ဖန်ဆင်းနိုင်လောက်အောင် အံ့ဖွယ်အဖြစ်ကိုကြရ၏။

ထိုဘာဝနာ အစွမ်းကြောင့်ရသော ဈာန်ကုသိုလ်များသည်လည်း နီဝရဏကင်းသောကြောင့် ထိုကုသိုလ်များ၏ အကျိုးပေးရာမှာ ကာမဘုံကား မဖြစ်နိုင်၊ နီဝရဏကင်းရာ ဘုံတမျိုး၌ သတ္တဝါတမျိုးသာ ဖြစ်ရမည်မှာ သေချာ၏။ ထိုဘုံကား ကာမချမ်းသာ ကင်းရှင်း၍ ဈာန်ချမ်းသာ၏တည်ရာ ဗြဟ္မာ့ဘုံသာတည်း။ ထိုတွင် ရုပ်သာရှိသော ဗြဟ္မာ

(=အသညသတ်), နာမ်သာရှိသောပြဟ္မာ (=အရူပ), ရုပ်နာမ်နှစ်ပါး အပြည့်အစုံရှိသော ပြဟ္မာ (=ကြွင်းရူပ)ဟု ထူးခြားသော ဘာဝနာများ အစွမ်းအရ သုံးမျိုးရှိခဲ့ရာ နာမ်သာရှိသော ပြဟ္မာကိုသိရန်ကား ဘုရားရှင်၏ သဗ္ဗညုတဉာဏ်မှတပါး အခြားဉာဏ်ထူးရှင်များ၏ အရာမဟုတ်ပေ။ အကယ်၍ ပြဟ္မာမရှိဆိုလျှင် ထိုစျာန် ကုသိုလ်ထူးတို့၏ အကျိုးမှာ အချည်းနှီးဖြစ်ရာ၏။ ကုသိုလ်၏အကျိုးမှာ အချည်းနှီးမဖြစ်စကောင်းရာ၊ ထိုကုသိုလ်တို့၏ အကျိုးပေးရာ ပြဟ္မာ၏အဖြစ်မှာ ထင်ရှားရှိရမည်သာ တည်း။

ပြဟ္မာများရုပ်ကို တန်ခိုးကြီးနတ်များပင် မမြင်ရ၊ သူတို့က ရုပ်တမျိုး ပြုပြင်ဖန်ဆင်းပြမှ မြင်ကြရသည်ဆို၏။ သာမန်လူများမှာ ဘယ်မှာ မြင်ကြရပါအံ့နည်း။ ထိုမျှ သိမ်မွေ့သော ရုပ်ဖြစ်သောကြောင့်ပင် ပကတိ မျက်စိမျိုး, သာမန်ကမ္မဇိဒ္ဓိ (=ကံကြောင့်ဖြစ်သော တန်ခိုး) ဉာဏ်မျိုး ဖြင့် မမြင်ရပဲ အဘိညာဉ်ဉာဏ်ထူးများဖြင့်သာ တွေ့ရမြင်ရ၏။ ထိုသို့ အဘိညာဉ်ဉာဏ်ဖြင့်သာ သိနိုင်သော ပြဟ္မာကို မိမိတို့မမြင်ရ၍ မရှိဆိုလျှင် မှန်ဘီလူးဖြင့်ကြည့်မှ မြင်ရသောအရာကို ပကတိမျက်စိဖြင့် မတွေ့ရ၍ မရှိဟုဆိုသကဲ့သို့သာ ရှိတော့သည်။

နတ်ပြည်။ ။ပြဟ္မာတို့ ရုပ်များလောက် မသိမ်မွေ့သော်လည်း လူတို့၏ ပကတိမျက်စိဖြင့် မမြင်ရ, ပကတိအသွားဖြင့် မရောက်နိုင်, တန်ခိုးအဘိညာဉ်ဖြင့်သာ မြင်နိုင်ရောက်နိုင်သော ဘုံဌာနနှင့် သတ္တဝါမှာ နတ်ပြည်နှင့် နတ်များတည်း။ ၎င်းဘုံဌာနကား စျာန်လောက်အရှိန်မကြီးသော ကာမကုသိုလ်၏ အကျိုးပေးရာပင်။ ရှေးက ဘုရားရှင်များ, တန်ခိုးရှင် ရဟန္တာများ, သာသနာ့ပရဂေ့ များ နတ်ပြည် ပြဟ္မာ့ပြည်သို့ သွားရောက်ကြပုံများမှာ ကျမ်းဂန်၌ အထင်အရှားပင်။ အချို့က မမြင်ရ၍ နတ်လောကကို ဝိညာဉ်လောကဟု ဆိုကြ၏။ အမှန်မှာ ဝိညာဉ်သာမက ရုပ်နာမ်ကလာပ်စည်းများဖြင့် ဖွဲ့ထားသော ခန္ဓာများသာတည်း။ သိမ်မွေ့သော ရုပ်ဖြစ်သောကြောင့် မမြင်ရခြင်းပင်။ လောကတွင် လေ၌ ရှိသော ရုပ်မှာ အထိအတွေ့ရှိသော်လည်း မမြင်ရ။ အသံအသက်ဆက်

ပြန်လာသော အသံလှိုင်းရုပ်ဆိုလျှင် ထိတွေ့မှုပင် မထင်ရှား။ ထိုရုပ်များထက် သိမ်မွေ့သော ရုပ်ဖြစ်၍ နတ်ဗြဟ္မာများကို ပကတိမျက်စိဖြင့် မမြင်ရခြင်း ဖြစ်သည်။

အာဠဝိပြည်အနီး ညောင်ပင်ကြီး၌ အာဠဝကဘီလူး၏ ဗိမာန်ရှိ၏။ ထိုဗိမာန်သို့ ရှင်တော်မြတ်ကြွကာ အာဠဝကမရှိခိုက် ဝင်ရောက်သီတင်းသုံးလျက် အာဠဝက၏ ဇနီး အခြွေအရံ နတ်သမီးများအား တရားဟောတော်မူသည့်အကြောင်း အာဠဝက သံယုတ်အဋ္ဌကထာ၌ လာ၏။ ထိုအာဠဝကဗိမာန်မှာ လူတွေလည်း မမြင်ရ၊ သွားလာနေသူတို့ ထိခိုက်မိသည်ဟုလည်း မရှိ။ ဤခေတ်၌ အချို့နတ်ရဲသစ်ပင်စသည်မှာ နတ်,သရဲ, တစ္ဆေများရှိသော်လည်း မမြင်ရ၊ သူတို့နေရာ အသုံးအဆောင်များကိုလည်း မတွေ့ရ၊ သူတို့က ထင်ရှားပြသောအခါမှ မြင်ကြရ၏။ အချို့နတ်ပူးသူ သရဲပူးသူများကို တွေ့ကြုံရ၏။ လူကိုဝင်ပူးနေသော နတ်သရဲများကို မမြင်ရသော်လည်း သူတို့အပြောအရ နတ်ပူးမှန်း သိကြရ၏။ ထို့ကြောင့် ပကတိမျက်စိဖြင့် မမြင်နိုင်လောက်အောင် သိမ်မွေ့သော ရုပ်ဓာတ်ရှိ၍ ၎င်းတို့က ထင်ရှားပြမှ မြင်နိုင်ကြရသော ကမ္မဇဒိဗ္ဗတန်ခိုး ရှိသော သတ္တဝါမျိုးတွေ ရှိနေသည်မှာ ထင်ရှားလှပါသည်။ ထိုသတ္တဝါများမှာ အချို့ပြိတ္တာမျိုး အပါအဝင်ဖြစ်၍ အချို့မှာ နတ်အညံ့စားများပင်ဖြစ်၏။ ထိုသို့သော သတ္တဝါမျိုးရှိသည်ဟု သိရသော သဲလွန်စမှာ နတ်ပြည်ရှိသည်ဆိုရာ၌ အထောက်အထားပင် ဖြစ်တော့သည်။

သိပ္ပံပညာ ထွန်းကားနေသော ယခုခေတ်၌ သိပ္ပံပညာဖြင့် စမ်းသပ်၍ မရက လက်မခံလိုကြ။ သိပ္ပံပညာ မမှီနိုင်အောင် သိမ်မွေ့ထူးဆန်းလှသော သဘာဝများ အများပင် ရှိနေသေးသည်ကို မမေ့အပ်။ နတ်ပြည်သိရေးမှာ ဒိဗ္ဗစက္ခု၏ အရာသာဖြစ်၍ သိပ္ပံပညာ၏အရာကား မဟုတ်ပါပေ။ နတ်ပြည်သို့ရောက်နိုင်ရေးမှာ ဣဒ္ဓိဝိဓတန်ခိုးအဘိညာဉ် အရာသာ။ ဘာဝနာအစွမ်းဖြင့် ရနိုင်သော နိဗ္ဗာန်ကို ထိုဘာဝနာမှု မကြိုးစားဘဲလျက် 'နိဗ္ဗာန်ဆိုသည်မှာအပြောသာ၊ အဟုတ်မရှိ' ဆိုလျှင် ထိုသူ၏ အပြစ်သာဖြစ်သကဲ့သို့ ဘာဝနာအစွမ်းကြောင့် ရနိုင်သော တန်ခိုးများဖြင့်သာ မြင်နိုင် ရောက်နိုင်

သော နတ်ပြည် ဗြဟ္မာ့ပြည်များကို ထိုဘာဝနာမှုမပြု၍ ထိုတန်ခိုးမျိုး မရသောကြောင့် မမြင်ရသဖြင့် မရှိဟုဆိုလျှင် ထိုသူ၏အပြစ်သာတည်း။ ယခုခေတ်၌ အကြောင်းကြောင်းတို့ကြောင့် ထိုတန်ခိုးရသူကို မတွေ့ရသော်လည်း ထိုအဘိညာဉ် တန်ခိုးများမှာ တချိန်က အလွန်ထွန်းကားခဲ့သည်ဟု ဆိုနိုင်ပါ၏။ အကြောင်းမှာ ထိုတန်ခိုးများရကြောင်း ဘာဝနာအကျင့်များမှာ ထင်ရှားစွာရှိနေသောကြောင့်ပင်တည်း။

---

(၂) ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

(၂) ဘဒ္ဒန္တာ၊ အိုနတ်အများတို့။ အယံ၊ ဤအချိန်ကား။ ဓမ္မဿဝနကာလော၊ တရားနာဖို့ အချိန်အခါပေတည်း။

စကားပြေ–အိုနတ်အများတို့ ယခုအချိန်ကား တရားနာဖို့ရာ အချိန်အခါဖြစ်သည်။

နှိုးဆော်ချက်။ ။"သမန္တာ"စသည်ဖြင့် နတ်များကို ပင့်ဖိတ်ပြီး၍ "ဓမ္မဿဝနကာလော"စသည်ဖြင့် မရောက်သေးသော နတ်များ ထပ်မံကြားသိရန်၎င်း, ရောက်ပြီးသော နတ်များ တရား၌သတိစိုက်စေဖို့ရာ၎င်း တရားနာရန် အခါကြား နှိုးဆော်ခြင်းဖြစ်သည်။

ဘဒန္တ ဘဒ္ဒန္တ။ ။ဘဒန္တာ'ဘဒ္ဒန္တာဟု ပါဠိနှစ်ထွေရှိရာ ကာရိ,ကာရိယအဖြစ်ဖြင့် နှစ်ပုဒ်လုံး အသင့်ပင်။ဘဒ္ဒန္တမှ ဘဒန္တဖြစ်သည်ဟု၎င်း,ဘဒန္တမှ ဘဒ္ဒန္တဖြစ်သည်ဟု၎င်း အဆိုကွဲလျက်ရှိ၏။'အင်္ဂိရိနော ဒါနိ ဒုမာ ဘဒန္တေ'(ကာဠုဒါယိတ္ထေရဂါထာ) ၌ အဋ္ဌကထာက'ဘဒန္တေတိ ဘဒ္ဒံ အန္တေ ဧတဿာတိ ဘဒန္တောတိ ကေဿ ဒကာရဿ လောပံ ကတွာ ဝုတ္တံ'(ထေရ-၃-ဒု-၁၆၉)ဟု ဒ အက္ခရာတလုံးကျေ၍ ဘဒန္တ-ဖြစ်လာကြောင်းဖြင့် ဘဒ္ဒန္တပုဒ်ရင်း အဖြစ်ကို ဆို၏။ 'ဘဒ္ဒန္တဿ ဝါ ဘဒန္တေ ဂေ'သုတ်ဖြင့် ဘဒ္ဒန္တကို ဘဒန္တေ- ပြုသော သဒ္ဒနီတိ (၄၇၇-သုတ်) အလိုလည်း ဘဒ္ဒန္တပုဒ်ရင်းပင်။ 'ဘဒန္တဿ ဘဒ္ဒန္တ-ဘန္တေ' ဟူသော ရူပသိဒ္ဓိ (၁၁၁ သုတ်)အလိုသော် ဘဒန္တ-ကား ပုဒ်ရင်းတည်း။မောဂ္ဂလ္လာန်(၂၁၄၆-လုတ်) ၌လည်း ဘဒန္တ ပုဒ်ရင်းပင်။ ဘဒ္ဒန္တ-မှာ ဒ-ဒွေးဘော်ဖြင့် ပြီးသည်ဆို၏။ သက္ကတ၌ကား ဘဒန္တသာရှိ၏။ မည်သို့ပင် အဆိုကွဲစေကာမူ ပါဠိ၌ နှစ်ပုဒ်လုံးရှိသည်ကို သိရသောကြောင့် နှစ်ပုဒ်လုံးပင် အသင့်ဟု မှတ်ယူသင့်၏။

နတ်နှင့် ဘဒ္ဒန္တာ “ဘဒန္တောတိ ဂုဏာဓိကေသသယုတ္တော” ထေရဂါထာအဋ္ဌကထာအရ ဆိုလျှင် ဂုဏ်အထူးနှင့် ယှဉ်သော ပုဂ္ဂိုလ်ကိုသာ ဘဒန္တ သုံးရကြောင်း သိရ၏။

“ဘဒန္တေတိ ဂါရဝဝစနံ” အဋ္ဌကထာများ အလိုအရလည်း ‘ဘဒန္တ’ မှာ ဂါရဝပြုထိုက်သော ပုဂ္ဂိုလ်များ အတွက်သာဟု သိနိုင်၏။ သက္ကတ အဘိဓာန်များ၌ ဘဒန္တ-၏ အနက်ကို မြတ်နိုးအပ်သူ၊ ပူဇော်အပ်သူ၊ အရိုအသေပြုအပ်သူ၊ ဗုဒ္ဓ ကျမ်းဂန်ကိုဟောပြောပို့ချသူနှင့်ဗုဒ္ဓ-ဟူ၍ ငါးနက်တွေ့ရသည်။ ပါဠိကျမ်းဂန်များ၌ ဂုဏ်ငယ်သူက ဂုဏ်ကြီးသူကိုသာ ဘဒန္တ၊ ဘဒ္ဒန္တ-ဟု သုံးရိုး၊ ခေါ်ရိုးရှိခဲ့၏။ ထို့ကြောင့် ဤအရာ၌ လူများက နတ်များကို ဘဒ္ဒန္တ ဟု ခေါ်ခြင်း၌ ပြောဖွယ်မရှိသော်လည်း ရဟန်းများက နတ်များကို ဘဒ္ဒန္တ-ဟု ခေါ်ထိုက် မခေါ်ထိုက်မှာ စဉ်းစားဖွယ် တရပ် ဖြစ်ရတော့သည်။

သို့သော် တာလဝဏ္ဍ၊ သတ္တ စသော အချို့သဒ္ဒါတို့သည် သဒ္ဒါအရနှင့် အနက် မတော်သောအခါ ရုဋ္ဌီသဒ္ဒါ အဖြစ် ဆိုရသကဲ့သို့ ဤ၌လည်း ရုဋ္ဌီအဖြစ်ဆိုသော် လုံးလုံး မသုံးသင့်ဟုကား မဆိုသာ။ ထို့ကြောင့်ပင် အချို့အရာ၌ ပူဇော်အပ်သူကို အရှင်ဟု သုံးရိုးရှိသော ဘဒ္ဒန္တ-ကို ဤ၌ ‘အရှင်’ မသုံးပဲ “အို နတ်များတို့” ဟု သာမန် အနက်ကို ပြန်ရိုးပြုခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားရှိခိုး

(၃) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) အရဟတော၊ ဗြဟ္မာ၊ လူ၊ နတ် လေးဖြာကောဇာ် အလှူ တော်မှန် အပူဇော် ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အမှန် တိုင်းသာ ဆရာမရှိ တရားစုံကို ကိုယ်တိုင်သိတော်မူထသော။ တဿ ဘဂဝတော၊ ထိုဘုန်းတော်ခြောက်စုံ ဂုဏ်များသခင် ရှင်တော်မြတ် ဘုရားအား။ နမော၊ ရှိသေမြတ်နိုး ရှိခိုးကန်တော့ခြင်းသည်။ (အတ္ထု၊ ဖြစ်ပါစေသတည်း။)

စကားပြေ—ဗြဟ္မာ၊ နတ်၊ လူတို့၏ ပူဇော်အထူးကို ခံတော် မူထိုက်၍ ဆရာမရှိ တရားအလုံးစုံကို အမှန် အတိုင်းသိတော်မူသော ဘုန်းခြောက်ပါးသခင် ရှင်တော်မြတ် ဘုရားအား ရှိခိုးကန်တော့ပါ၏။

ပဏာမ မင်္ဂလာ။ ။'နမော တဿ' စသည်ကား ဗုဒ္ဓရှင်တော်မြတ်အား ရှိခိုးကန်တော့ခြင်းဖြင့် ကောင်းမြတ်သော မင်္ဂလာ အမှု ပြုလုပ်ခြင်းဖြစ်သည်။

ပဏာမ အကျိုး။ ။တရားနာရန် ဖိတ်မန်ချက် အခါကြား နိုးဆော်ချက် များမှာ ရှေးဆရာတို့ စီရင်ထားခြင်းဖြစ်၏။ ထို့နောက် ပရိတ်မရွတ်မီ ပဏာမပြုရန် နမော တဿကို ထည့်သွင်းစီစဉ်ခဲ့ပြန်သည်။ ဤအစီအစဉ်မှာ ပရိတ်ရွတ်သူ နာကြားသူများ အကျိုးရရေးအတွက်ပင် ဖြစ်၏။ ပရိတ်ဟူသည်မှာ အန္တရာယ်ကင်းရေးအတွက်ရင်း, မင်္ဂလာဖြစ် ရေးအတွက်ရင်း ရွတ်ဆိုနာကြားရိုးဖြစ်ရာ ပဏာမစေတနာမှာ ထိုအကျိုး နှစ်မျိုးလုံးကို ပြီးမြောက်စေတတ်သည်။

ပဏာမစေတနာဖြစ်ရာ ခေတ်ကား အတုမရှိသော ဂုဏ်ထူးဝိသေသ ရှိသော ဗုဒ္ဓရှင်တော်မြတ်ဖြစ်၍ အလွန်ထူးခြား ကောင်းမြတ်သော

ခေတ်သည်။ ထိုသို့ထူးမြတ်သော ဘုရားရှင်တို့၌ဖြစ်သော ရှိခိုးသူပုဂ္ဂိုလ်၏ ပဏာမစေတနာ သဒ္ဒါစသော အတွင်းစောတ်ခံကလည်း အလွန်ကောင်းမြတ်သော ခောတ်ခံ အဇ္ဈာသယဖြစ်ရ၏၊ ထိုသို့ခေတ် (ပဏာမဖြစ်ရာ)၏ ပြည့်စုံခြင်း, အဇ္ဈာသယ (အတွင်းစောတ်ခံ စိတ်ထား)၏ ပြည့်စုံခြင်း နှစ်မျိုးကြောင့်ပင် ထိုပဏာမစေတနာက အန္တရာယ်ကို ကာကွယ်နိုင်ခြင်း, ကောင်းကျိုးမင်္ဂလာကို ဖြစ်စေခြင်းအကျိုးများ ခံစားရခြင်းဖြစ်ကြောင်း ကျမ်းဂန်များ၌ ဖွင့်ဆိုကြပါသည်။

ပဏာမ ဥဒါန်း။ ။ဤ'နမော တဿ' ပဏာမသည် ဘာရဒွါဇ ပုဏ္ဏားကြီး၏ ဇနီး ဓနဉ္စာနီမည်သော သောတာပန် ပုဏ္ဏေးမသည် မိမိခင်ပွန်းအတွက် ထမင်းပေးလာစဉ် ချော်လဲ၍ ဘုရားကိုသတိရကာ သုံးကြိမ်ကျူးရင့်ခဲ့သော ဥဒါန်းအဖြစ် သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ် အရဟန္တဝဂ် (စာမျက်နှာ ၁၆၂)၌ လာရှိခဲ့သည်။ ဗြဟ္မာယုမည်သော ဗြာဟ္မဏပါမောက္ခ ဆရာကြီးသည် တပည့် ဥတ္တရလုလင်ထံမှ ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်ကျေးဇူးများကို ကြားသိရသောအခါ လွန်စွာကြည်ညိုလှ၍ ဘုရားမြတ်ရှိရာသို့ ရှေ့ရှုလက်အုပ်ချီလျက် 'နမော တဿ'ဖြင့်ပင် ဥဒါန်းကျူးခဲ့ကြောင်း မဇ္ဈိမပဏ္ဏာသ ဗြာဟ္မဏဝဂ် ဗြဟ္မာယုသုတ်၌ တွေ့ရပြန်သည်။

ထို့ပြင် ဒီဃနိကာယ် မဟာဝဂ္ဂ သက္ကပဉှသုတ်၌ သိကြားမင်း၏ဥဒါန်းအဖြစ်ရှင်း, ဒုကင်္ဂုတ္တရ သမစိတ္တဝဂ်၌ အာဒေယျမုခပုဏ္ဏား၏ ဥဒါန်းအဖြစ် ရှင်း လာရှိပြန်သည်။

ဓမ္မပဒ သာရိပုတ္တတ္ထေရဝတ္ထု 'အာသာဝေ သာရမတိနော' စသော ဂါထာအဖွင့်၌ မဟိန္ဒမင်းကြီးသည် မိမိသားတော်များဖြစ်ကြသော ဖုဿ ဘုရားရှင်နှင့် ပဌမ အဂ္ဂသာဝက, ပုရောဟိတ်သားဖြစ်သော ဒုတိယ အဂ္ဂသာဝက သုံးပါးတို့ကိုကြည့်ကာ အားရဝမ်းမြောက်လှ၍ 'နမော တဿ'ဖြင့်ပင် ဥဒါန်းကျူးခဲ့ကြောင်း မိန့်ဆိုခဲ့ပေသည်။

ဤသို့စသည်ဖြင့် ဥဒါနံ ဥဒါနေသိ=ဥဒါန်းကျူးသည်ဟူသော စကား နှင့် အမြဲယှဉ်တွဲလျက် တွေ့ရသော ဤ'နမော တဿ'ကို "ပေါရာဏ ပဏ္ဏာမဥဒါန" ရှေးဟောင်း ဘုရားရှိခိုး ဥဒါန်းဟု ဆိုသင့်၏။ ဥဒါန်း ဟူသည်မှာ ပီတိအဟုန်သည် ဖြစ်စေအပ်သော စကားပင်ဖြစ်၏။ ချင်ခွက် မဆံ့၍ လျှံဖိတ်စီးယိုသော ဆီကဲ့သို့ရင်း, ရေကန်မဆံ့၍ လျှံတက်စီးဆင်း လာသော ရေအယဉ်ကဲ့သို့ရင်း ပီတိအရှိန်ကြောင့်ဖြစ်သော အတွင်း စိတ်အကြံသည် အတွင်းနှလုံးထဲမဆံ့ပဲ လျှံတက်ကာ ဝစီဒွါရဖြင့် စကား အဖြစ် အပြင်သို့ ထွက်ပေါ်လာရသော အသံစကားအထူးကို ဥဒါန်းဟု ဆိုရသည်။ ထိုကြောင့် ဘုရားဂုဏ်တော်ကို ကြည်ညိုခြင်းကြောင့်ဖြစ် သောပီတိအဟုန် ပြင်းထန်စွာ ဖြစ်လာသူတို့ရွတ်ဆိုအပ်သော ဤ'နမော တဿ' မှာ ဥဒါန (=ဥဒါန်း) အမည်ရခဲ့ခြင်းဖြစ်သည်။

အဆိုတမျိုး။ ။သာတာဂိရိနတ်သည် "နမော"ဟု ဆို၍ရင်း, အသုရိန် နတ်မင်းသည် "တဿ" ဟု ဆို၍ရင်း, စတုမဟာရာဇ်နတ် မင်းသည် "ဘဂဝတော" ဟု ဆို၍ရင်း, သိကြားမင်းသည် "အရဟတော" ဟု ဆို၍ရင်း, ဗြဟ္မာမင်းသည် "သမ္မာသမ္ဗုဒ္ဓဿ"ဟု ဆို၍ရင်း အသီးသီး ရှိခိုးကြသည်တို့ကို စုပေါင်း၍ နမော တဿ ဖြစ်လာရပုံကို ကျမ်းနက်ခေါ် သဒ္ဒါငယ်ကျမ်း၌——

သာတာဂိရိ နမော ယက္ခော၊ တဿ စ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊ သက္ကော အရဟတော တဿ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ ဧတေ ပဉ္စ နမဿန္တိ——

ဟု ဆို၏။ ကစ္စာယနဘေဒဋီကာသစ်၌လည်း "တထာ ဟိ သာတာဂိရိ- ယက္ခော 'နမော နမော' တိ ဝန္ဒနံ ကရောတိ" စသည်ဖြင့် နတ်ငါးဦး ရှိခိုးကြောင်းပင်ဆို၏။ လက်ဝဲနော်ရထာဆို ယိုးဒယားနိုင် မော်ကွန်းတွင် လည်း တပုဒ်စီ ရှိခိုးကြောင်း အဆိုရှိခဲ့၏။

နတ်ဗြဟ္မာငါးဦး တပုဒ်စီရှိခိုးခဲ့ကြောင်း သံဂါယနာဝင် ကျမ်းဂန်များ ၌ အဆိုမရှိသောကြောင့်ရင်း, ပါဠိအဋ္ဌကထာများအရ ဥဒါနအဖြစ်ဖြင့် တပေါင်းတည်း ကျူးရင့်ခဲ့ကြသည်မှာ အထင်အရှားပင် ဖြစ်သော

ကြောင့်ရင်း ထိုသို့ နတ်ပြဟ္မာငါးဦး တပုဒ်စီ ရွိခိုးခဲ့သည်ဟူသော အဆိုကို ပိဋကတ်ပညာရှင်တို့ အတည်ပြုလက်ခံခြင်း မရှိခဲ့ကြပေ။

---

(၄) ယေ သန္တာ သန္တစိတ္တာ, တိသရဏာသရဏာ, ဧတ္ထ
လောကန္တရေ ဝါ၊

ဘုမ္မာ ဘုမ္မာ စ ဒေဝါ, ဂုဏ ဂဏ ဂဟဏာ,ဗျာဝဋ္ဋာ
သဗ္ဗကာလံ။

ဧတေ အာယန္တု ဒေဝါ, ဝရကနက မယေ, မေရုရာဇေ
ဝသန္တော၊

သန္တော သန္တောသဟေတုံ, မုနိ ဝရ ဝစနံ, သောတုမဂ္ဂံ
သမဂ္ဂံ။

(၄) ဧတ္ထ ဝါ၊ ဤစကြဝဠာ၌ရင်း။ လောကန္တရေ ဝါ၊ စကြဝဠာ တဖါး၌ရင်း။ သန္တာ၊ သူတော်ကောင်းဖြစ်ကုန်သော၊ သန္တစိတ္တာ၊ ငြိမ်သက်သော စိတ်နှလုံးရှိကြကုန်သော။ တိသရဏာသရဏာ၊ ရတနာသုံးပါးသာ ကိုးကွယ်ရာရှိကြကုန်သော။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဂုဏ ဂဏ-ဂဟဏာ ဗျာဝဋ္ဋာ၊ ဂုဏ်အပေါင်းကို ရယူရေး၌ အားစိုက်ကြိုးပမ်းကြကုန်သော။ ဘုမ္မာ၊ မြေ၌ဖြစ်ကုန်သော။ ယေ ဒေဝါ စ၊ အကြင်နတ်တို့သည်ရင်း။ အဘုမ္မာ၊ မြေမှတပါး ကောင်းကင်တလွား၌ ဖြစ်ကုန်သော။ ယေ ဒေဝါ စ၊ အကြင် နတ်ဗြဟ္မာတို့သည်ရင်း။ ဝရကနကမယေ၊ မြတ်သော ရွှေစင်ဖြင့်ပြီးသော။ မေရုရာဇေ၊ တောင်မင်းထွတ်ခေါင် မြင်းမိုရ်တောင်၌။ ဝသန္တော၊ နေသော။ သန္တော၊ သူတော်ကောင်းဖြစ်သော။ ယော ဒေဝေါ စ၊ အကြင် သိကြားနတ်မင်းသည်ရင်း။ (အတ္ထိ၊ ရှိကုန်၏။) ဧတေ ဒေဝါ၊ ထိုနတ်ဗြဟ္မာတို့သည်။ သန္တောသဟေတုံ၊ လွန်စွာနှစ်သက်ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော။ အဂ္ဂံ၊ ကောင်းမြတ်သော။

မနုဿဝရဝစနံ၊ ဘုရားမြတ်၏ စကားတရားတော်ကို။ သောတုံ၊ နာယူခြင်းငှါ။ သမာဂတ၊ အညီအညွတ်။ အာယန္တု၊ လာကြကုန်လော့။

စကားပြေ—သူတော်ကောင်းဖြစ်၍ ငြိမ်သက်သော စိတ်နှလုံးရှိကြသော ရတနာသုံးပါးကို ကိုးကွယ်သူ၊ ဂုဏ်အပေါင်းကို ရယူရေး၌ အားစိုက်ကြိုးပမ်းသူ ဖြစ်ကြသော ဤစကြဝဠာနှင့် စကြဝဠာတပါး၌ မွေ့လျော်သော နတ်၊ ကောင်းကင်၌တည်သော နတ်၊ ပြာဟ္မာတို့သည်ရှင်း၊ ကောင်းမြတ်သော ရွှေစင်အတိပြီးသော မြင်းမိုရ်တောင်မင်း၌ နေသော သိကြားမင်းသူတော်ကောင်းသည်ရှင်း၊ နှစ်သက်ဝမ်းမြောက်ရခြင်း၏အကြောင်း ကောင်းမြတ်သော ဘုရားတရားတော်ကို နာယူဖို့ရာ အညီအညွတ် လာရောက်ကြပါကုန်လော့။

ဖိတ်မန်ချက်တမျိုး။ ။"ယေ သန္တာ" စသည်ဖြင့် နတ်များကို ဖိတ်ခေါ်ပြန်သည်။ ရှေးက "သမန္တာ" စသည်ဖြင့် နတ်များကို ဖိတ်ပြီးလျှင် "ဓမ္မဿဝန ကာလော" ဖြင့် တရားနာရန် အချိန်ကျပြီဖြစ်ကြောင်း နှိုးဆော်ပြီးနောက် ယခုတဖန် နတ်များကို ဖိတ်ပြန်သည်မှာ ထပ်နေသကဲ့သို့ ဖြစ်၏။ စာအနေအားဖြင့် ကောင်းနိုးရာရာ ပါအောင် ထည့်ထားခြင်းဖြစ်၍ ရွတ်သောအခါ သင့်သလို ပိုင်းဖြတ်ရွတ်ရန်ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏၊ ပရိတ်ကြီးဋီကာ၌ သမန္တာစသော ဂါထာကိုမဖွင့်၊ ဓမ္မဿဝနကာလောမှ စ၍ဖွင့်သည်။ ထို့ကြောင့် ပရိတ်ကြီးဋီကာဆရာများ လက်ထက်က မြန်မာပရိတ်ကြီးမူများ၌ သမန္တာဂါထာ မရှိသေး၊ နောက်မှ ထည့်ထားသည်ဟု ဆိုရန်ရှိပြန်သည်။

'နမော တဿ'မှ တပါး 'သမန္တာ စက္ကဝါဠေသု'မှ 'သောတုမာဂ္ဂ သမဂ္ဂ' အထိ ဂါထာများကို အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းရောက်စအခါ မဟိန္ဒတောင်ပေါ်မှနေ၍ သုမနသာမဏေအား နတ်များတရားနာရန် ဖိတ်မန်စေသော ဂါထာများဖြစ်၍ ပရိတ်နိဒါန်းလာ ကျန်ဂါထာ စုဏ္ဏိယများမှာ

သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီ ရဟန္တာမထေရ်တို့ သီကုံးခဲ့သော ပါဠိများ ဖြစ်ကြောင်း ဆိုကြသေးသည်။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[‘ဂုဏာဂဏာဂဟဏဗျာဝဋ္ဋာ’ ၌ ဂုဏာဂဏာဂဟဏဗျာဝဋ္ဋာ-ဂုဏ်အပေါင်းကို ရယူခြင်း၌ အားထုတ်ကြသည်ဟုရင်း၊ ဂုဏာဂဏာဂဟဏာယ ဗျာဝဋ္ဋာ-ဂုဏ်အပေါင်းကို ရယူခြင်းငှါ အားထုတ်ကြသည်ဟုရင်း နှစ်ချက်သင့်ဖြစ်သည်။ ဂုဏ-အရ သီလ, သမာဓိ, ပညာ စသောဂုဏ်ကိုယူ။ ဂုဏကို အာနိသံသအနက်ဟောကြ၍ သမ္ပတ္တိခေါ် အကျိုးဂုဏ်အင် အာနိသင်များကိုသော်လည်းယူ။ သမ္ပတ္တိဆိုရာ၌လည်း လောကသမ္ပတ္တိအဖို့မှာ ၎င်းတို့အတွက် ရရှိပြီးဖြစ်၍ ထိုသမ္ပတ္တိမျိုးကို မဆိုလို၊ မေ့ကို လိုလားသော နတ်များဖြစ်၍ တရားကြောင့် ရအပ်သော မဂ်ဖိုလ်အဆင့်ဆင့် နိဗ္ဗာန်တိုင်အောင် လောကုတ္တရာ သမ္ပတ္တိမျိုးကိုသာ ဆိုလိုကြောင်း သိပါလေ။

‘ဝရကနကမယေ မေရုရာဇေ’၌ “အရှေ့ ငွေသား, တောင်ကား နီလာ, နောက်မှာ ဖလ်ရေ, မြောက်ကား ရွှေ, လေးတွေ့ မြင်းမိုရ်သား” အရ မြင်းမိုရ်တောင်ကား အရပ်လေးမျက်နှာအလိုက် ငွေစသည် လေးမျိုးဖြင့်ပြီး၏။ သို့ပါလျက် ဝရကနကမယေ ဆိုသည်မှာ ဥပလက္ခဏာသာ။ ဥပလက္ခဏာကား မိမိအနက်ကို မစွန့်ပဲ မိမိ၏ အနီးအပါး အခြားအပိုအနက်ကိုလည်း သိစေသော သဒ္ဒါကို ဆိုသည်။ ‘ကာကေဘိ ဒဓိ ရက္ခိယတံ—ကျီးတို့မှ နို့ဓမ်းကို စောင့်ရှောက်အပ်လော့’ ဆိုလျှင် ကာကသဒ္ဒါသည် မိမိ၏ ကျီးအနက်သာမက အခြားအနီးဖြစ်သော ခွေးစသော အနက်ကိုလည်း ပြသည်။ ဤတွင် ‘ကနကမယေ’ ၌ ကနကလည်း မိမိ၏ ရွှေအနက်အပြင် ငွေ, ဣန္ဒနီလာ, ဖလ် ဟူသော အခြားအနက် များကိုလည်း သိစေသည်။ သက္ကတအဆို။ နည်းလေးဆယ် ၌ကား အစိတ်ကို ဆိုသဖြင့် အပေါင်းကိုလည်း ရသောနည်းကို ဥပလက္ခဏဟုဆို၏။ “ကာကေဘိ ဒဓိ ရက္ခိယတံ” ပုံစံမျိုး၌ အနီးကိုဆိုသဖြင့် အဝေးကိုရသော ပစ္စာသန္န နည်းဆို၏။ နည်းနှစ်မျိုးလုံးပင် ဝရကနကမယေ-၌ ဆိုအပ်တော့သည်။

‘မေရုရာဇေ ဝသန္တော’ဟူ၌ မေရုရာဇေ၊ ၌။ ဝသန္တော၊ နေကုန်သော။ သန္တော၊ သူတော်ကောင်းဖြစ်ကုန်သော။ ယေ ဒေဝါ၊ အကြင် တာဝတိံသာ နတ်တို့သည်-ဟု ဗဟုဝုစ်ဖြင့်ရင်း၊ ဝသန္တော၊ နေသော။ သန္တော၊ သော။ ယော ဒေဝေါ စ၊ အကြင် သိကြားမင်းသည်ရင်း-ဟု ဧကဝုစ်ဖြင့်ရင်း နှစ်မျိုးပေးကြ၏။ တာဝတိံသာနတ်များ မှာ ဘုမ္မအရ နတ်များ၌ ပါဝင်နေပြီဖြစ်ရာ အထူးဆိုဖွယ်မလိုတော့ပါ၊ သိကြားမင်းမှာ သာသနာကိုရင်း လောကကိုရင်း တရံတခါ အကျိုးပြုခဲ့ စောင့်ရှောက်ခဲ့သည်များကို

ကျမ်းဂန်အရ သိရသည်ဖြစ်ရာ ထိုအချက်များကို အကြောင်းပြု၍ သိကြားမင်းကို အထူးတလည် ဖော်ထုတ်ဖိတ်ခေါ်ခြင်း ဖြစ်ဟန်ရှိသည်ဟု ယူဆ၍ ဤ၌ သိကြားမင်း အတွက် အနက်ပေးခဲ့သည်။]

သန္ဒိဋ္ဌာသဟေတုံ။ ။'သန္ဒိဋ္ဌာသဟေတုံ' ၌ **သန္ဒိဋ္ဌာသကို သန္တုဋ္ဌိအနက်** ယူ၍ ရောင့်ရဲခြင်း၏ အကြောင်းဖြစ်သော-ဟု ပေးရိုးရှိခဲ့၏။ ထိုအနက်အရဆိုသော် ဘုရားတရားကို နာရလျှင် အားရသည့်, တင်းတိမ် ကျေနပ်သည့်-ဟု အဓိပ္ပါယ် ယူရမည်ဖြစ်၏။ မှန်၏၊ အရသာက ညံ့ဖျင်းလျှင်ရှင်း, မိမိမနှစ်သက်သော အစားအစာဖြစ်လျှင်ရှင်း တင်းတိမ်ကျေနပ်မှုမရှိ, အားမရ, မရောင့်ရဲ၊ နှစ်သက်သောအစာ ကောင်းမွန်သောအစာ စားရလျှင် အားရကျေနပ်၏၊ တင်းတိမ်ရောင့်ရဲ၏။ ထို့အတူ သဒ္ဒ အရသာ အတ္ထ အရသာ နှစ်ဘီသြဇာပြည့်စုံလှသော ဘုရားတရားတော်ကို နာရလျှင် မကျေနပ် အားမရဟု မရှိ၊ တင်းတိမ် အားရ ကျေနပ်သည်သာ။ ထို့ကြောင့် ဘုရားတရားတော်ကို 'သန္ဒိဋ္ဌာသဟေတု-တင်းတိမ်ရောင့်ရဲခြင်း၏ အကြောင်းဖြစ်သည်" ဟု ဆိုရသည်။

ဘုရားတရားတော်မှာ နာလို့မဝ အားမရ တင်းမတိမ်ဟု အဆိုရှိခဲ့ရာ ဤ၌ တင်းတိမ်ရောင့်ရဲခြင်း၏ အကြောင်းဖြစ်သည် ဆိုသောစကားနှင့် ဆိုသော် မဆန့်ကျင်လော ဟု ဆိုရန်ရှိ၏။ ရှေးအခါက ဆရာအမျိုးမျိုးတို့၏ တရားအမျိုးမျိုးကို လိုလားတောင့်တသော်လည်း ဘုရားတရား နာရသောအခါ အခြားဘယ်တရားကိုမှ မလိုလားတော့ပြီ။ ထို့ကြောင့် ဘုရားတရားကို ထပ်တလဲလဲ နာလိုကြားလိုလှသော်လည်း ထိုသို့ နာကြားလိုခြင်းမှာ အခြားတရားတပါးကို မလိုလား ဤတရားကိုသာ လိုလားခြင်း ဖြစ်ရာ ဤတရား၌ ကျေနပ်မှု ဤတရားဖြင့်သာ တင်းတိမ်မှုဖြစ်၍ ဘုရားတရား၌ ရောင့်ရဲခြင်းပင် ဖြစ်ပါသည်။ ကောင်းမြတ်သော အရသာဖြင့် ဝအိမ့်နေသော ယောကျ်ားသည် အခြား ညံ့ဖျင်းသော အရသာကို မလိုလား မနှစ်သက်သကဲ့သို့ ဘုရားတရားတော်ကို နာရသူသည် အခြား များစွာသော သမဏဗြာဟ္မဏတို့၏ **တရားကို မလိုလား မမြတ်နိုးတော့ပြီ**

ဆိုသော စကားကိုယောက်။ (ဝရော ဝရည္ဟုဂါထာ အဖွင့်မှ ကာရကပါလိ ဝတ္ထုကို ရှုပါ။)

အချို့က ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်းကို သန္တောသအဖြစ် အလိုရှိကြ၏။ ဘုရား တရားတော်ကြောင့် ပစ္စည်း၌ရောင့်ရဲလွယ်မှု သန္တောသ ဖြစ်ရသည် ဟူ၏။ 'တရားတော်သည် ရာဂကင်းဖို့ရာတည်း, ရာဂဖြစ်ပွါးရန် မဟုတ်၊ ကိလေသာကို ဖျက်ဆီးရန်သာ, ကိလေသာပွါးရန်မဟုတ်၊ အလိုနည်းဖို့ရာသာ, အလိုကြီးရန်မဟုတ်၊ ရောင့်ရဲလွယ်ခြင်းငှါသာ, မရောင့်ရဲရန်မဟုတ်' စသောအဓိပ္ပါယ်ဖြင့် ဟောအပ်သော ဒေသနာများအရ ဆိုလျှင် ဤအနက်မှာလည်း မသင့်ဟု မဆိုသာ။ ဤကား သန္တောသ၏ ရောင့်ရဲခြင်းအနက်အရ ကြံအပ်သော အဓိပ္ပါယ်တည်း။

သန္တောသ၏အနက်တမျိုး။ ။"တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ" စသော ထိုထိုဒေသနာအဆုံး နိဂုံးများအရ ဘုရားတရားတော်ကို ကြားနာရသော ရဟန်းများက အားရနှစ်သက် ဝမ်းမြောက်စွာ လက်ခံကြကြောင်း သိရ၏။ ဘုရား တရားတော်ကို နာလျှင် အားရကြ၏၊ နှစ်သက်ဝမ်းမြောက်ကြ၏။ ထိုသို့ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သောကြောင့် တရားတော်ကို နှစ်သက်ဝမ်းမြောက်ခြင်းအကြောင်း သန္တောသဟောတု ဖြစ်သည်ဟု ဆိုရသည်။ သန္တောသ၏ အနက်ကို အာဟိလာဒ-ဝမ်းမြောက်ခြင်း, အာနန္ဒ-နှစ်လိုဝမ်းသာခြင်း, ဟာသ-ရွှင်ပျခြင်း, တိတ္တိ-တင်းတိမ်ရောင့်ရဲခြင်း, ပရိတောသ-နှစ်သက်ခြင်းဟု ပကတိဗောဓ အဘိဓာန်ဆို၏။ ဤ၌ သံ-ကို အလွန်, တောသ-ကို နှစ်သက် ဝမ်းမြောက်ခြင်းအနက် ယူကာ သန္တောသဟောတုံ-လွန်စွာ နှစ်သက် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သောဟု ပေးခဲ့ခြင်းဖြစ်သည်။

သမင်္ဂံ သမင်္ဂါ။ ။'သောတုံ မင်္ဂံ သမင်္ဂါ'၌ သမင်္ဂံ-ဟူရင်း သမင်္ဂါ-ဟူရင်း နှစ်မျိုးကွဲလျက်ရှိ၏။ သမင်္ဂံ-မှာ ကြိယာဝိသေသနတည်း။ ၎င်းသည် ကတ္တားကြိယာတို့က ဗဟုဝုစ်ပင်ရှိစေကာ ဒုတိယာ ဧကဝုစ်ဖြင့်သာ နေမြဲတည်း။ သမင်္ဂါလည်း ပဌမာဗဟုဝုစ်ဖြင့် ပြီးသော ကြိယာဝိသေသနပင်။ ပရိတ်ကြီး

ရှိကာသ၌ သမင္ဂ ရှိ၍ 'ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ'' ကဲ့သို့ အာဝနပုံး ဖြစ်ကြောင်း ဆို၏။ နှစ်ပုဒ်လုံး အသင့်ပင်။ သို့သော် ဂါထာဘာဏကဆရာ အလိုမှာ သမင္ဂ ဖြစ်ဖွယ်ရှိပါသည်။ "ဝသန္တော သန္တော သန္တောသဝေဟတု"ဟုရင်း၊ "ဘုမ္မာ ဘုမ္မာ စ"ဟုရင်း ပုဒ်ထပ်ကလေးများကို အလိုရှိသော ဆရာသည် သမင္ဂ-ကလည်း အနက်သင့်ပင်ဖြစ်၍ သောတုမင္ဂ သမင္ဂ ပုဒ်ထပ်ကို အလိုရှိရာ၏ ဟု ကြံဖွယ်ရာ ဖြစ်တော့သည်။

နတ်တို့အား တိုက်တွန်းခြင်း

(၅) သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

(၆) သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒ ရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

(၅) သဗ္ဗေသု၊ အလုံးစုံကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာပေါင်းတိုက် တသောင်းတို့၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ယက္ခာ စ၊ ဘီလူးတို့သည်၎င်း။ ဒေဝါ စ၊ နတ်တို့သည်၎င်း။ ဗြဟ္မာနော စ၊ ဗြဟ္မာတို့သည်၎င်း။ အမှေဟိ၊ငါတို့သည်။ သဗ္ဗသမ္ပတ္တိသာဓကံ၊ အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကိုပြီးမြောက်စေတတ်သော။ ယံ ပုညံ၊ အကြင်ကောင်းမှုကို။ ကတံ၊ ပြုအပ်ပြီ။

(၆) တံ ပုညံ၊ ထိုကောင်းမှုကို။ အနုမောဒိတွာ၊ ဝမ်းမြောက်ကြကုန်၍။ သမဂ္ဂါ၊ ညီညွတ်ကြကုန်လျက်။ သာသနေ၊ ဘုရားအဆုံးအမတော်၌။ ရတာ၊ ဓမ္မလျော် ပျော်ပိုက် နှစ်ခြိုက်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါကုန်လော့။ ဝိသေသတော၊ အထူးအားဖြင့်။ အာရက္ခာသု၊ လူသားတို့ဝယ် ကာကွယ်စောင့်ရှောက်မှုတို့၌။ ပမာဒရဟိတာ၊ မေ့လျော့ခြင်းမှ ကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါကုန်လော့။

စကားပြေ—စကြဝဠာ တသောင်းလုံးရှိ ဘီလူး, နတ်, ဗြဟ္မာ မှန်သမျှတို့သည် ငါတို့ပြုသည့် ကောင်းမှုကို ဝမ်းမြောက်ကြပြီးလျှင် ညီညာဖြဖြ ဘုရားအဆုံးအမတော်၌ နှစ်ခြိုက် မွေ့လျော်ကြပါကုန်လော့။ အထူးအားဖြင့် လူသားတို့ အပေါ်ဝယ် ကာကွယ်စောင့်ရှောက်ရေးတို့၌ မမေ့မလျော့ ကြပါလေနှင့်။

တိုက်တွန်းချက်။ ။ဆိုခဲ့ပြီးဂါထာဖြင့် နတ်များလာရန် ဖိတ်ခေါ်ပြီးနောက် ဤသဗ္ဗေသု စသော ဂါထာဖြင့် နတ်တို့အား ရှင်ပျို့ ဝမ်းမြောက်ရှိစေရန် မိမိတို့ကုသိုလ်ကို အမျှပေးဝေပြီးလျှင် ထိုသို့ ရှင်ပျို့ ဝမ်းမြောက်စေအပ်ပြီးသော နတ်တို့အား လူသားတို့အပေါ်ဝယ် ကာကွယ်စောင့်ရှောက်ရေး၌ မမေ့မလျော့ကြဖို့ တိုက်တွန်းခြင်းဖြစ်သည်။

---

(၇) သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

(၇) သာသနဿ စ၊ မြတ်စွာဘုရားသာသနာတော်၏ရင်း။ လောကဿ စ၊ သတ္တဝါအပေါင်း၏ရင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝုဍ္ဎိ၊ တိုးတက်ကြီးပွါးခြင်းသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သာသနမ္ပိ စ၊ သာသနာတော်ကိုရင်း။ လောကဉ္စ၊ သတ္တဝါအပေါင်းကိုရင်း။ ဒေဝါ၊ နတ်အများတို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ စောင့်ရှောက် ကြပါစေကုန်သတည်း။

စကားပြေ—သာသနာတော်သည်ရင်း, သတ္တဝါ အပေါင်းသည်ရင်း အမြဲ တိုးတက် ကြီးပွါးပါစေ၊ သာသနာနှင့် လောကကို နတ်အများ အစဉ် စောင့်ရှောက်ကြပါစေ။

အာသီသ။ ။လောက သာသနာကြီးပွါးရေးကိုရင်း,ထိုသို့ ကြီးပွါးရေး၌ နတ်များ၏ ကူညီစောင့်ရှောက်မှု ရရေးကိုရင်း သာသနဿ စ-စသည်ဖြင့် တောင့်တရပြန်သည်။

သမ္မုတိနတ်ပါ။ ။မဟာပိုလ်နိဗ္ဗာန် ဓရာယ်ကြောင်း ကောင်းမြတ်သော ပဋိပတ်များကို သင်ယူခြင်း, ကျင့်ကြံခြင်း များလည်း သာသနာကို စောင့်ရှောက်ခြင်းပင်၊ သာသနာ့ဘေးရန်များ မပေါ် လာအောင် ပေါ်လာပြန်လည်း ကင်းပျောက်အောင် ကွယ်ကာ တားဆီးခြင်းသည်လည်း သာသနာတော်ကို စောင့်ရှောက်ခြင်းပင် ဖြစ်၏။ ဤနှစ်မျိုးလုံးဖြင့် စောင့်ရှောက်ရန် ပေါင့်ကခြင်းဖြစ်၏၊ ဤတွင် ဒေဝါရက္ခန္တု-၌ ဒေဝါ အရ ဥပပါတ်နတ်များသာမက သမ္မုတိ·နတ်ခေါ် မင်းများကိုလည်း ယူခဲ့လျှင် ပိုမိုပြည့်စုံရာ၏။

"ရာဇာ ရက္ခတု ဓမ္မေန အတ္တနောဝ ပဇံ ပဇံ=မင်းသည်သတ္တဝါများကို မိမိရင်ဝယ်သားကဲ့သို့ တရားသဖြင့် စောင့်ရှောက်ပါစေ"ဟု အရှင်ဗုဒ္ဓဃောသဆရာမြတ် ဆုတောင်းခဲ့၏။ အရှင်ဓမ္မပါလထေရ် စသော အဋ္ဌကထာ ကျမ်းပြုဆရာမြတ်တို့လည်း ထိုအတူပင် ဆုတောင်းခဲ့ကြ၏။ မင်းများ တရားမစောင့်လျှင်သော်ရင်း, အုပ်ချုပ်ရေးမတတ်လျှင်သော်ရင်း တိုင်းသူပြည်သားလူအများ ဆင်းရဲဒုက္ခရောက်ကြရ၏။ တိုးတက်ကြီးပွါးမှု မရနိုင်။ သာသနာလည်း မင်းများ အကူအညီကိုရသော် ပို၍ ကြီးပွါးတိုးတက်နိုင်၏။ ထို့ကြောင့် လူ့လောက သာသနာကြီးပွါးရေး၌ မင်းလည်း အရေးပါသဖြင့် ဒေဝအရ သမ္မုတိဒေဝခေါ် မင်းများပါ ယူသင့်သည်။

(ဂ) သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

(ဂ) သဗ္ဗေ၊ သတ္တဝါအလုံးစုံတို့သည်။ အတ္တနော၊ မိမိ၏။ ပရိဝါရေဟိ၊ ခြွေရံသင်းပင်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ သုခီ၊ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ အတူအကွ။ အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ သုမနာ၊ နှစ်သက် ရွှင်လန်း စိတ်ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

စကားပြေ—သတ္တဝါခပ်သိမ်းတို့သည် ဝိမိဖြေ့ ခြေရုံသင်းပင်းများနှင့်အတူ ချမ်းသာကြပါစေ၊ အလုံးစုံသော ဆွေမျိုးတို့နှင့်အတူ ဆင်းရဲကင်းကာ စိတ်ချမ်းသာကြပါစေ။

မေတ္တာအာသီသ။ ။အားလုံးချမ်းသာစေရန် တောင့်တသော မေတ္တာအာသီသအမှုကို သဒ္ဓိယောဂနှုံးစသည်ဖြင့် ပြုခဲ့ပြန်သည်။ သဗ္ဗေဟု သာမညဆိုသော်လည်း အရေအတွက်ကောက်သော် နတ်များကိုပင် ရည်ရွယ်ဟန်ရှိပါသည်။ သို့သော် သတ္တဝါအလုံးစုံကို ရည်ရွယ်ခြင်းဖြင့် မေတ္တာ ပို့ပျံ့နှံ့ခြင်း အကျိုးရှိသည်ဖြစ်၍ သတ္တဝါအကုန်ပင် သိမ်းစုံအနက်ပေးလိုက်ရခြင်း ဖြစ်ပေသည်။

---

(၉) ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက
မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

(၉) ရာဇတော ဝါ၊ မင်းဆိုးတို့မှရှင်း။ စောရတော ဝါ၊ ခိုးသူတို့မှရှင်း။ မနုဿတော ဝါ၊ လူဆိုးတို့မှရှင်း။ အမနုဿတော ဝါ၊ ဘီလူးနတ်ဆိုးတို့မှရှင်း။ အဂ္ဂိတော ဝါ၊ အဖျက်မီးတို့မှရှင်း။ ဥဒကတော ဝါ၊

အချက်ရေတို့မှုရင်း။ ပိသာစတော ဝါ၊ မြေဘုတ်ဘီလူးတို့မှုရင်း။ ဓါတုက္ခောဘတော ဝါ၊ သစ်ငုတ်ခလုတ်တို့မှုရင်း။ ကဏ္ဍကတော ဝါ၊ ဆူးငြောင့်တို့မှုရင်း။ နက္ခတ္တတော ဝါ၊ မကောင်းသော နက္ခတ်တို့မှုရင်း။ ဇနပဒရောဂတော ဝါ၊ ဇနပုဒ်၌ဖြစ်သော ရောဂါဆိုးတို့မှုရင်း၊ အသဒ္ဓမ္မတော ဝါ၊ မသူတော်တို့၏ အကျင့်တရားတို့မှုရင်း။ အသန္ဒိဋ္ဌိတော ဝါ၊ မှားသော အယူတို့မှုရင်း။ အသပ္ပုရိသတော ဝါ၊ သူယုတ်မာတို့မှုရင်း။ စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ၊ ကြမ်းတမ်းသော ဆင် မြင်း သားရဲ နွား ခွေး မြွေ ကင်းမြီးကောက် မြွေစိမ်း သစ် ဝံ အောင်း ဝက် ကျွဲ ဘီလူး ရက္ခိုသ် အစရှိသည်တို့မှုရင်း။ နာနာဘယတော ဝါ၊ ဘေး အမျိုးမျိုးတို့မှုရင်း။ နာနာရောဂတော ဝါ၊ ရောဂါအမျိုးမျိုးတို့မှုရင်း။ နာနာဥပဒ္ဒဝတော ဝါ၊ အန္တရာယ်အမျိုးမျိုးတို့မှုရင်း။ အာရက္ခံ၊ ကာကွယ် စောင့်ရှောက်မှုကို။ ဂဏှန္တု၊ ယူကြကုန်လော့။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[မင်းကောင်း မင်းမြတ်များမှ ဘေးမဖြစ်တတ်၊ မကောင်းသော မင်းဆိုးများမှသာ ဘေးဖြစ်တတ်၍ အာရက္ခံ ဂဏှန္တု-မင်းမှ ကာကွယ်စောင့်ရှောက် ရမည်ဆိုသည်မှာ မင်းဆိုးမှ ကာကွယ် စောင့်ရှောက်ရမည့်အဖြစ် သိသာထင်ရှား၍ သာမည ရာဇ-ကို ဝိသေသ မင်းဆိုး အနက်ပြန်ရသည်။ မနုဿ-စသည်လည်း ထို့အတူပင် သိပါလေ။

မင်းဆိုးမှ စောင့်ရှောက်ပါ-ဆိုလျှင် မင်းမှ ဖြစ်သောဘေး မဖြစ်လာအောင် ကာကွယ်ရမည့် အဖြစ်မှာ ထင်ရှားပြီးဖြစ်၍ ဘေးဟူသော အနက်မပါသော်လည်း ပြီးနိုင်ပါသည်။ သို့သော် ပို၍ထင်ရှားအောင် မင်းဘေးမှုရင်း-ဟု ပေးသည်မှာလည်း အသင့်ပင်ဖြစ်ပါသည်။ တော ပစ္စည်းသည် ကေဝုစ် ဗဟုဝုစ် နှစ်မျိုးဆိုင်၍ မင်းဆိုးမှုရင်း-ဟု ကေဝုစ်လည်း ပေးနိုင်၏။ ဤ၌ ဘေးအများအပြားကိုရည်၍ ဗဟုဝုစ် အနက်များအဖြစ် ပြန်လိုက်သည်။

ဥပဒ္ဒဝ-ကို ဥပဒ္ဒဝေါဟု ပြန်ရိုးရှိ၏။ "ဥပဒ္ဒဝေါတိ အန္တရာယော" ဟူသော ဓာတ်ကဂ္ဂတ္တရဋီကာ (၇၅) အရ အန္တရာယ်ဟု ပြန်သည်။ ဘယ, ဥပဒ္ဒဝ, အန္တရာယ်တို့မှာ အစွဲကွဲပြားသော်လည်း သဘာဝမှာ ကွဲပြားချက်မရှိကြပါ။ မြန်မာ၌လည်း ဘေးရန် အန္တရာယ်ဟု တွဲသုံးလေ့ရှိ၏။]

အယုတ်တရားနှင့် အယူမှား

မင်းဆိုးစသည်တို့မှ နတ်များ စောင့်ရှောက်ရန် တိုက်တွန်းစေတော့၊ အသဒ္ဓမ္မ- မသူတော်တရား၊ အသန္တိဋ္ဌိ-မိစ္ဆာအယူများမှာ ကိုယ်တိုင် ရှောင်မှ ဖြစ်၍ နတ်များက ဘယ်ပုံ စောင့်ရှောက် နိုင်စွမ်းအုံနည်း-ဟု မေးရန် ရှိခဲ့ပြန်သည်။ ကဿပဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ရဟန်းရှင်လူတို့ တရားပျက်နေကြသောအခါ သိကြားမင်းသည် မုဆိုးအသွင်ဖြင့် မာတလိ နတ်သားကို ခွေးနက်ကြီးယောင် ဖန်ဆင်းစေကာ လူ့ပြည် ဗာရာဏသီသို့ လာရောက်၍ လူအများကို ခြိမ်းခြောက် ထိတ်လန့်စေပြီးလျှင် တရားဟောခဲ့သဖြင့် လူ့ရှင် ရဟန်းတွေ အကျင့်ကောင်းလာကြပြန်သည်-ဟု ဒွါဒသကနိပါတ် မဟာကဏှဇာတ်၌ လာရှိခဲ့သည်။ ဤသို့သော နတ်များ ကာကွယ်ခဲ့ဘူးသော ထုံးဟောင်းများကို ရည်၍ မသူတော်တို့၏ အကျင့်တရားဘေးမှ ကာကွယ်ကြပါ-ဟု တိုက်တွန်းခြင်း ဖြစ်သည်။

နာရဒဇာတ်၌ အင်္ဂတိမင်းကြီးတို့၏ မိစ္ဆာအယူကို နာရဒ ဗြဟ္မာမင်း လာရောက် ဆုံးမ၍ ပပျောက်စေခဲ့၏။ သာဝတ္ထိပြည် အရှင်ဗြဟ္မဒေဝ၏ မယ်တော် ပုဏ္ဏေးမကြီးသည် အရှင်ဗြဟ္မဒေဝအိမ်သို့ ဆွမ်းခံရောက်လာစဉ် အရှင်မြတ်ကို အရေးမထား ဗြဟ္မာအား ပူဇော်ဖွယ်တို့ဖြင့် ပူဇော်နေသည်ကို သဟမ္ပတိဗြဟ္မာမင်း လာရောက်ပြီး “ဤအစာမျိုးမှာ ဗြဟ္မာ့အစာမဟုတ်၊ သင်ကား ဗြဟ္မာဖြစ်ကြောင်း တရားမသိဘဲ တော်စွာ လျှော်စွာ မြည်တမ်းနေရသလော”ဟု အပြစ်တင်၍ အရှင်ဗြဟ္မဒေဝ၏ ဂုဏ်တော်များကို ဖော်ပြကာ အရှင်မြတ်ကိုသာ ပူဇော်ဖို့ တိုက်တွန်းလျက် ပုဏ္ဏေးမကြီး၏ မိစ္ဆာအစွဲကို ချွတ်ခဲ့လေသည်။ (သဂါထာဝဂ္ဂ ဗြဟ္မသံယုတ် ဗြဟ္မဒေဝသုတ် ၁၄၂။)

ဗာဟိယ ဒါရုစီရိယ-သည် လူအများ အထင်ကြီးရန် အံ့ဖွယ်အဖြစ် ဆောင်ကာ ရဟန္တာဟု မိမိကိုယ်ကို ထင်နေသောအခါ ကဿပဘုရား လက်ထက်က တရားအတူ အားထုတ်ဖက် ရဟန်းဖြစ်ခဲ့သော ဗြဟ္မာကြီး က လာရောက် သတိပေး ထိတ်လန့်စေကာ ဘုရားထံ သွားရောက်ဖို့

ညွှန်ကြားခဲ့သည်။ (ဥဒါန်း ဗာဟိယသုတ်-ဂဣ)ဤသို့ ဓမ္မသော အချက်များကို ရည်မြော်လျက် မိစ္ဆာအယူမှ စောင့်ရှောက်ကြပါဟု ဆိုခဲ့ခြင်းဖြစ်ပေသည်။

မင်္ဂလသုတ် နိဂုံးဂါထာ

(၁၀) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

(၁၁) ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

(၁၀-၁၁) ဟေ၊ အို...သူတော်ကောင်းတို့။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ ပတ်လုံး (တိုင်အောင်)။ စိန္တယိံသု၊ ကြံတွေးကြကုန်ပြီ။ သောတ္ထာနံ၊ ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာကို။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကြကုန်။ ဒေဝဒေဝေန၊ နတ်တို့ထက်နတ် အမြတ်ဆုံးဘုရားရှင်သည်။ သဗ္ဗပါပဝိနာသနံ၊ အလုံးစုံသော မကောင်းမှုတို့ကို ပယ်ဖျောက်တတ်သော။ အဋ္ဌတ္တိံသဉ္စ၊ သုံးဆဲ့ရှစ်ပါးလည်း ဖြစ်သော။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာတရားတော်ကို။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တဝါအပေါင်း၏ အကျိုးစီးပွါးအလို့ငှါ။ ဒေသိတံ၊ ဟောတော်မူအပ်ပြီ။ တံ မင်္ဂလံ၊ ထိုသုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားတော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

စကားပြေ – အို...သူတော်ကောင်းတို့၊ နတ်လူတို့သည် အကြင်မင်္ဂလာကို တဆဲ့နှစ်နှစ်တိုင်အောင် ကြံဆခဲ့ကြ၏။ ချမ်းသာခြင်း အကြောင်း ကောင်းမြတ်သော ထိုမင်္ဂလာကို မသိနိုင်ပဲ ရှိကြ၏။ နတ်တို့ထက်နတ် ဘုရားမြတ်သည် မကောင်းမှု မှန်သမျှ ပယ်ဖျောက်တတ်သော သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားတော်ကို တလောကလုံး၏ အကျိုးစီးပွါးအလို့ငှါ ဟောတော်မူခဲ့၏။ ထိုသုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားတော်ကို ငါတို့ ရွတ်ဆိုကြကုန်စို့။

အချီးအမွမ်း။ ။ထိုစုံတဲ့ အကြောင်းအရာကို ပြောဆိုရေးသားရာ၌ ရှေးဦးစွာ အစပျိုးသော စကားဦးကို အချီးဟု ဆိုကြ၏။ ဤ ယံ မင်္ဂလံ စသည်လည်း မင်္ဂလသုတ် မရွတ်ဆိုမီ မင်္ဂလသုတ် ဖြစ်လာရပုံနှင့် မင်္ဂလသုတ်အကျိုး အာနိသင်များကို ဂုဏ်တင်ပြောဆိုသော အချီးပင် ဖြစ်၏။ ပရိတ်ဖြစ်ပေါ်ကြောင်း အဋ္ဌုပ္ပတ်ဝတ္ထုများကို သာယာဖွယ်ဖြစ်အောင် ဖွဲ့နွဲ့ဆိုအပ်သော ပရိတ်နိဒါန်းများကို ပရိတ်ကို အမွှန်းတင်ကြောင်းဖြစ်၍ ရှေးက အမွှန်းဟု လည်း သုံးနှုန်းခေါ်ဆိုခဲ့ကြ၏။ ယံ မင်္ဂလံ·စသည်လည်း မင်္ဂလသုတ်ကို ဂုဏ်တင်ကြောင်းဖြစ်၍ အမွှန်းပင် ဆိုရပေသည်။ ဘုရားဟောကား မဟုတ်သေး၊ မင်္ဂလသုတ်ကို သင်ချင်, ရွတ်ချင်,နာကြားချင်အောင် ဆွဲဆောင်မှုတရပ် အဖြစ်ဖြင့် ရှေးဆရာမြတ်တို့ ရေးသားအပ်သော ပရိတ်ပျိုး အချီး အမွှန်းပင်တည်း။

သဒ္ဒါအရရှင်းလင်းချက်။ ။[ဒွါဒသဟိ-ကို တဆဲ့နှစ်နှစ်တို့ ပတ်လုံးဟု **အစ္စန္တ** သံယောဂ-အနက်ပေးကြ၏။ ဂါထာဘာဏက **ဆရာ** **အရှင်၏**အလိုမှာ အပါဒါန်ကို အလိုရှိဟန်တူပါသည်။ ထို့ကြောင့် ကာလကို ကန့်သတ် ပိုင်းခြားသော အဝဓိ—၌ အပါဒါန်ဟု ယူကာ တဆဲ့ နှစ်နှစ်တို့တိုင်အောင် ဟု အနက်ပေးခဲ့သည်။

သောတ္ထာနံ- ကား ကထံကရော သောတ္ထာနေန ဂုတ္တော(ဒသမဟာမင်္ဂလ **ဇာတ်ပါဠိ)၌** အဋ္ဌကထာက "သောတ္ထာနေနာတိ သောတ္ထိဘာဝါဝဟေန မင်္ဂလေန"ဟုဖွင့်သောကြောင့် မင်္ဂလာဟောတည်း။သောတ္ထိ-ပုဒ် ဝဟတိ-အနက်၌ အာန **ပစ္စည်း**ကြံ၍ "သောတ္ထိံ ဝဟတိတိ သောတ္ထာနံ" ပြု။ ။သောတ္ထိံ၊ချမ်းသာခြင်း **ကို**။ဝဟတိ၊ရွက်ဆောင်တတ်၏။ ချမ်းသာကို ရွက်ဆောင်တတ်သော တရားမှာ **ချမ်းသာ**ကြောင်းပင်ဖြစ်၍ "သောတ္ထာနံ-ချမ်းသာခြင်း အကြောင်း ကောင်းမြတ် **သော** ဟု အနက်ပေးခဲ့သည်။ တနည်း'သုဌာန' ကြံ၍ သုခံ ဌာတိ အနေနာတိ **သော**တ္ထာနံ"သော်လည်း လုပ်။ ။အနေန၊ ဤတရားဖြင့်။ သုခံ၊ချမ်းသာစွာ။ ဌာတိ၊ တည်နေနိုင်၏။ဣတိ၊ ထို့ကြောင့်။ သောတ္ထာနံ၊ သောတ္ထာနမည်၏။ ချမ်းသာစွာ တည်နေနိုင်ကြောင်း ကောင်းသော တရားဟု အနက်ရခဲ့ရာ ထိုတရားမှာ **မင်္ဂလာသာတည်း။**

ဟေ-ဟူသော အာလုပ်ကို ဂါထာအဆုံး၌ တည်သောကြောင့် အပြီးသတ်ခါနီးမှ **အနက်ပေးရိုးရှိခဲ့၏။** ဤ ယံ မင်္ဂလံ-စသော **စကား**မှာ ဟေ-အရ ပုဂ္ဂိုလ်တို့ကို

ပြောနေသော စကားများဖြစ်သည်တကြောင်း၊ ပါဠိ၌ အာလုပ်ပုဒ်သည် ဆဝတမုဒ် နှစ်ပုဒ်တို့ နောက်မှာ အရှိများသော်လည်း မြန်မာ၌ စကားတရပ်ပြောသောအခါ အစမှာသာ ထား၍ အပြောများသည်တကြောင်း၊ ဤအကြောင်းများကြောင့် ဂါထာအစမှစ၍ အနက်ပေးခြင်းဖြစ်၏၊ ဟော-ကို ပေးရိုးပေးစဉ်အတိုင်း သူတော်ကောင်းတို့ဟု ပေးလိုက်သော်လည်း အရာအားလျော်စွာ 'အို....အရှင်တို့၊အို .... မိတ်ဆွေတို့' စသည် ပေးနိုင်သည်သာ။

လောက၌ ကိုးကွယ် အားထားရာဟု မှီခိုကပ်ရောက် အပ်သော ပုဂ္ဂိုလ်များကို ဒေဝ-နတ် ဟု ဆိုအပ်၏။ ထို့ကြောင့် ဥပပတ္တိနတ်ခေါ် နတ်ဗြဟ္မာသာမက လူများ အားထားကိုးစားရာ မင်း၊ရဟန္တာများကိုပင် သမ္မုတိနတ်၊ ဝိသုဒ္ဓိနတ်ဟု ခေါ်ရခြင်း ဖြစ်၏။ ဘုရားရှင်လည်း သတ္တဝါတို့၏ ကိုးကွယ်ရာအဖြစ် မှီခိုချဉ်းကပ်အပ်သော ကြောင့် ဒေဝပင်။သို့သော် သာမန်ဒေဝမျှမဟုတ် သမ္မုတိ၊ဝိသုဒ္ဓိ၊ ဥပပတ္တိနတ် မှန်သမျှတို့၏ အားထားကိုးကွယ်ရာဖြစ်၍ 'နတ်မှန်သမျှတို့၏နတ်, နတ်တို့ထက် နတ်' ဟု ဆိုရပေသည်။ (ဒေဝါနံ ဒေဝေါ ဒေဝဒေဝေါ။ ။ဒေဝါနံ၊နတ်တို့၏။ ဝါ၊ ထက်။ဒေဝေါ၊ နတ်တည်း။ ဒေဝ ဒေဝေါ ၊နတ်တို့၏၊ဝါ၊ထက်နတ်။)

ဒိဋ္ဌမင်္ဂလာ စသော မင်္ဂလာများကား အသားမပါ၊ အစွဲအလမ်း အထင်အမြင် မျှသာ။ ဤမင်္ဂလာ တရားကား ကောင်းသော အပြု၊အပြော၊အကြံများသာ ဖြစ်ရာ ကောင်းမှုကုသိုလ်များပင်။ထိုကောင်းမှုများကား ဆန့်ကျင်ဖက် မကောင်းမှု တို့ကို ဖျက်ဆီး တတ်သော သဘောရှိရာ မင်္ဂလာတရားကို သဗ္ဗပါပဝိနာသနံ= အကုသိုလ် မှန်သမျှကို ဖျက်ဆီးတတ်သော"ဟု ဂုဏ်ပြုခြင်းဖြစ်၏။ အကုသိုလ်မှန်သမျှ ကို ဖျက်ဆီးကြောင်းတရား ဟုလည်း ဆိုနိုင်၏။ (ကတ္တုသာဓ်၊ ကရဏသာဓ် နှစ်မျိုးရ။)

အကုသိုလ်စု မကောင်းမှုများကား ဆင်းရဲကြောင်း၊ ဆုတ်ယုတ်ကြောင်းသာဖြစ်၍ ကောင်းသော အမှုများမှာ တိုးတက် ကြီးပွါးကြောင်း ချမ်းသာကြောင်း ဖြစ်၏။ မင်္ဂလာတရားတော်အတိုင်း ကျင့်သူမှာ တကယ်ချမ်းသာ ကြီးပွါးနိုင်၍ မင်္ဂလာတရား ဟောကြားခဲ့သော ဗုဒ္ဓအရှင်မြတ်၏ ထိုအများကြီးပွါးချမ်းသာရေး လိုလားတော်မူသော မဟာကရုဏာမေတ္တာတော်များကို သဗ္ဗလောက ဟိတတ္ထာယ ဖြင့် ဖော်ပြတော်မူခဲ့သည်။]

မင်္ဂလသုတ် အငြှပွတ်။ ။"မင်္ဂလာ တရားကို နတ်လူအများ တဆဲ့ နှစ်နှစ် ကြာအောင် စဉ်းစားခဲ့ကြသော် လည်း မသိနိုင်ရှိကြ၍ ဘုရားဟောတော်မူရသည်"ဆိုသော စကားမှာ

အဋ္ဌုပ္ပတ်အရပ် ဖြစ်၏။ ထိုအဋ္ဌုပ္ပတ်ကား ဤသို့တည်း။ မြတ်စွာဘုရား မင်္ဂလာတရား မဟောကြားမီ ရှေးအဖို့ကပင် လောက၌ မင်္ဂလာပြဿနာ ပေါ်ပေါက်လျက် ရှိ၏။ လောက၌ နှစ်သက်ဖွယ် အကောင်းဟု အသိ အမှတ်ပြုထားသော အာရုံများရှိခဲ့ရာ အချို့က မျက်စိဖြင့် မြင်ရသော နှစ်သက်ဖွယ် အဆင်းအာရုံများကို မင်္ဂလာဟုဆို၏။ အချို့ကမူ နားဖြင့် ကြားရသော နှစ်သက်ဖွယ် အသံအာရုံများကို မင်္ဂလာဟုဆို၍ အချို့ကသော် နှာခေါင်း, လျှာ, ကိုယ်တို့ဖြင့် တွေ့ရသော နှစ်သက်ဖွယ် အနံ့, အရသာ, အတွေ့များကို မင်္ဂလာဟု ဆို၏။ တဦးအယူအဆကို တဦးက လက်မခံ, တယောက်ကိုတယောက် နားလည်အောင် မပြောနိုင်ဘဲ ငြင်းခုံမစဲ ဖြစ်ကာ ပြဿနာမပြေဘဲ ရှိခဲ့ရ၏။ ထိုမင်္ဂလာ ပြဿနာမှာ လူ့ဘဝမက နတ်ဗြဟ္မာများသို့ပင် ဂယက်ရိုက်ကာ မင်္ဂလာကို စဉ်းစားကြရင်း နတ်ဗြဟ္မာများ၌လည်း သုံးမျိုးကွဲခဲ့ရပေသည်။ ထိုပြဿနာမှာ တဆဲ့နှစ်နှစ်ကြာအောင် မပြေလည်ခဲ့သော ပြဿနာအဖြစ် တည်ရှိခဲ့၏။

တဆဲ့နှစ်နှစ် လွန်မြောက်သောအခါမှ တာဝတိံသာ နတ်တို့က သိကြားမင်းထံ ထိုပြဿနာတင်၍ အဖြေပေးရန် တောင်းပန်ခဲ့ကြသည်။ သိကြားမင်းလည်း ဘုရားထံလျှောက်ထားရန် နတ်သား တဦးအား တာဝန်လွှဲအပ်ပြီးလျှင် မိမိနှင့်တကွ နတ်အများပါ မင်္ဂလာတရားနာရန် ဘုရားရှင်ထံ ရောက်လာကြ၏။ တာဝန်ပေးအပ်သော နတ်သား၏ လျှောက်ထားချက်အရ မင်္ဂလာတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

မှတ်ချက်။ ။ဤမှနောက် စကားကျဉ်းစေရန် အဋ္ဌကထာ၌ဟု သာမန်ဆိုသော အရာတွေ့ရလျှင် သုတ္တနိပါတ်အဋ္ဌကထာနှင့် ခုဒ္ဒကပါဌအဋ္ဌကထာဟု မှတ်ယူရန် ဖြစ်ပါသည်။

(၁၂) ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

(၁၂) ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ မေ၊ တပည့်တော်သည်။ ဧဝံ၊ ဤသို့။ သုတံ၊ နာခံမှတ်သား ကြားခဲ့ရပါ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိ နေပြည်တော်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ ဇေတဝနေ၊ ဇေတဝန်မည်သော။ အာရာမေ၊ ကျောင်းတိုက်၌။ ဝိဟရတိ၊ သီတင်း သုံးတော်မူပါ၏။ အထ ခေါ၊ ထိုသို့ သီတင်းသုံးစဉ်အခါ၌။ အညတရာ၊ အမျိုးအမည်မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္က- န္တာယ၊ ညဉ့်ဦးယာမ်ကုန်လွန်ခဲ့ပြီးသော။ ရတ္တိယာ၊ သန်းခေါင်ယာမ်အ ချိန်၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ် အဆင်း ရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ ပတ်ဝန်းကျင်အကုန် အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန် ကျောင်းတိုက်ကို။ ဩဘာသေတွာ၊ ကိုယ်အရောင်ဖြင့် ထွန်းပြောင်ထိန် လင်းစေ၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုဘုရားရှင်ရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ် ခဲ့ပါပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက် ပတ်သောအရပ်၌။ အဋ္ဌာသိ၊ ရပ်နေပါပြီ။ ဧကမန္တံ၊ သင့်တင့်လျောက် ပတ်သောအရပ်၌။ ဌိတာ ခေါ၊ ရပ်နေသော။ သာ ဒေဝတာ၊ ထိုနတ် သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈ- ဘာသိ၊ လျှောက်ထားခဲ့ပါပြီ။

စကားပြေ— အရှင် မဟာကဿပ၊ တပည့်တော် ဤသို့ နာကြားခဲ့ရဘူးပါသည်။ အခါတပါး ဘုရားမြတ်စွာသည် သာဝတ္ထိ နေပြည်တော်ဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော် မူပါသည်။ ထိုအခါ အမျိုးအမည် မထင်ရှားသော နတ်သားတယောက်သည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်းခေါင် အချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် ပတ်ဝန်းကျင်တခွင်လုံးကို ထိန်လင်းစေလျက် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်သောနေရာ၌ ရပ်နေပါသည်။ သင့်လျော်ရာအရပ်၌ ရပ်နေသော ထိုနတ်သားသည်ဘုရားရှင်ကို ဂါထာဖြင့် လျှောက်ထားခဲ့ပါသည်။

နိဒါန်း။ ။ဘုရားရှင်ဟောတော်မူသော မင်္ဂလသုတ်မပြမီ ရှေးဦးစွာ ထိုသုတ္တန် ဖြစ်ပေါ်လာရခြင်း အကြောင်း နိဒါန်းကိုပြလို၍ **'ဧဝံ မေ သုတံ'** စသည်ဖြင့် မိန့်ရသည်။

နိဒါန်းဖြစ်လာပုံ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် သုံးလကျော်လောက် အကြာတွင် ဘုရားတရားတော်များ မပျောက်မပျက် တည်နေစေရန်ရင်း, အဓမ္မ ဝါဒများ ပေါ်လာသော် ဆုံးဖြတ်ပယ်ရှားရေးအတွက် ခုံအဖြစ်ရှိနေရန်ရင်း ရဟန္တာငါးရာတို့ စုပေါင်းရွတ်ဆိုကာ သံဂါယနာတင်ကြ၏။ ထိုအခါက ဘုရားဟော အမှန်ဖြစ်ကြောင်း သိနားလည် ယုံကြည်ကြစေရန် ဘုရားရှင် ဘယ်မြို့ ဘယ်ရွာဝယ် ဘယ်အခါက ဘယ်သူအား ဘယ်လိုအကြောင်းကြောင့် ဟောခဲ့ကြောင်းများကို အရှင်မဟာကဿပ မထေရ်က မေးစိစစ်ခဲ့ရာဝိနည်းအတွက် အရှင်ဉပါလိက လျှောက်ထား၍ သုတ္တန်များအတွက် အရှင်အာနန္ဒာက လျှောက်ထားခဲ့၏။ မင်္ဂလသုတ် သံဂါယနာတင်မည်ရှိသောအခါ အရှင်မဟာကဿပ မေးချက်အရ အရှင်အာနန္ဒာ ပြေကြားလျှောက်ထားခဲ့သည်ကို **'ဧဝံ မေ သုတံ'** စသည်ဖြင့် မှတ်တမ်းတင်ထားခဲ့

ခြင်းဖြစ်၏။ ထို့ကြောင့် 'ဝေ မေသုတ်' စသည်မှာ ဘုရားဟောမဟုတ်သေး၊ အရှင်အာနန္ဒာ၏လျှောက်ထားချက်မျှသာဖြစ်သည်။ ထိုလျှောက်ထားချက်မှာ မင်္ဂလာသုတ် ဖြစ်လာရခြင်းအကြောင်းဖြစ်၍ "နိဒါန— နိဒါန်း"ဟု ခေါ်ဆိုကြသည်။

အရှင်မဟာကဿပ။ ။အရှင်သိဂ္ဂဝမထေရ်မြတ်က အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အံလောင်းသာမဏေ မိမိတပည့်ကို အရှင်စဏ္ဍဝဇ္ဇီမထေရ်ထံ ပိဋကတ်သင်ရန် စေလွှတ်သောအခါ "ငါ့အမည် ဘယ်သူလဲ" ဟု စဏ္ဍဝဇ္ဇီမထေရ်က မိမိအမည်ကိုမေးလျှင် "အရှင်မြတ်၏ အမည်ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ သိပါ၏" ဟု လျှောက်ရန် မှာကြားဆုံးမလိုက်၏။ အလေးအမြတ် ပြုအပ်သော ဆရာတို့၏ အမည်ကို မခေါ်ထိုက်သောကြောင့်ဖြစ်၏။ ထိုအချက်ကို အထောက်အထားပြု၍ "ဘန္တေ ကဿပ" ဟု ခေါ်ရန် အရှင်အာနန္ဒာ၏ဝန်လေးဖွယ်အဖြစ် ယူဆကာ 'ဘန္တေ'ဟုသာ သာမည ခေါ်ဆိုလိုကြ၏။ 'ပိပ္ဖလိ' ဟူသော မထေရ်၏ငယ်မည်ကိုသာ ခေါ်ရန်ဝန်လေးဖွယ်ဖြစ်သော်လည်း 'ကဿပ' ဟူသောအမည်မှာ အနွယ်အရခေါ်သော အမည်ဖြစ်၍ ထိုအမည်ကိုကား ခေါ်ရန် ဝန်မလေးကြပါ။ ဂေါတမဘုရားဟုပင် ဘုရားရှင်ကို အနွယ်အားဖြင့် ခေါ်လျက်ရှိ၏။ ဝိနယမဟာဝဂ္ဂ (၁၂၉) ၌ အရှင်မဟာကဿပ မထေရ်က မိမိ၏ရဟန်းလောင်းအား ကမ္မဝါဖတ်ပေးရန် အရှင်အာနန္ဒာ ထံ တမန်လွှတ်သောအခါ အရှင်အာနန္ဒာလည်း အရှင်မဟာကဿပ မထေရ်မှာ မိမိအလေးပြုအပ်သော ဆရာဖြစ်၍ အရှင်သူမြတ်၏အမည်ကို မခေါ်ဝံ့ဖြစ်နေရာ ဘုရားရှင်က "အနုဇာနာမိ ဘိက္ခဝေ ဂေါတ္တေနပိ အနုဿာဝေတုံ" ဟု အနွယ်ဖြင့်ဖတ်ရန် ခွင့်ပြုတော်မူခဲ့ရ၏။ ထိုသို့ အနွယ်အမည်မျိုးကို ခေါ်သင့်သောကြောင့်ပင် "အပိ မေ ဘန္တေ ကဿပ သိရသ္မိံ ပလိတာနိ ဇာတာနိ၊ အထစ ပန မယံ အဇ္ဇာပိ အာယသ္မတော မဟာကဿပဿ ကုမာရကဝါဒါ န မုစ္စာမ" ဟု နိဒါနဝဂ္ဂ ကဿပသံယုတ် (သံ၊၁။၄၁၁) ၌ "ဘန္တေ ကဿပ" ဟု အရှင်အာနန္ဒာခေါ်ဆိုခဲ့ပေသည်။

သာဝတ္ထိံ။ ။သဝတ္ထရသေ့၏ နေရာဌာနဖြစ်၍ သာဝတ္ထိဆို၏။ နေရာဌာနဆိုသော်လည်း နေရုံမျှကား မဟုတ်။ ထိုရသေ့က စတင်တည်ထောင်ခဲ့သောမြို့တည်း။ ကကန္ဒရသေ့, မကန္ဒရသေ့များ တည်ထောင်ခဲ့သော မြို့တို့သည် ကာကန္ဒီ မာကန္ဒီဟု ဂုဏ်တိုလိင်ဖြင့် အမည်များ ရရှိသကဲ့သို့ သဝတ္ထရသေ့ တည်ထောင်သောမြို့ဖြစ်၍ 'သာဝတ္ထီ'ဟု အမည်ရသည်၊ ဤကား ဗျာကရုဏ်းဆရာတို့အလိုတည်း။ (သဝတ္ထေန နိဗ္ဗတ္တာ သာဝတ္ထီ။ ။သဝတ္ထေန၊ သဝတ္ထရသေ့သည်။ နိဗ္ဗတ္တာ၊ ဖြစ်စေအပ် (တည်ထောင်အပ်) သောမြို့သည်။ သာဝတ္ထီ၊ သာဝတ္ထိမည်၏။)

အဋ္ဌကထာဆရာများအလိုမှာ လူ့လောကအသုံးအဆောင်မှန်သမျှမရှိသောအရာဟုမထင်, အကုန်ပင်ရှိသောကြောင့် 'သဗ္ဗံ အတ္ထိ=အကုန်ရှိသည်' ဟူသောအနက်ကြောင့် သာဝတ္ထိမည်၏။ ကုန်သည်အပေါင်း ဆုံမိ၍ 'ဘာကုန်ရှိသလဲ' မေးသောအခါ "သဗ္ဗံ အတ္ထိ=အကုန် ရှိသည်"ဟု ဆိုသောစကားကို အစွဲပြု၍ သာဝတ္ထိအမည်ရသည် ဟူ၏။ ဤအလို သဗ္ဗ-မှ သာဝ ဖြစ်လာသော နိရုတ္တိနည်းတည်း။

သာဝတ္ထိယံ-ဆိုသော်လည်း ဇေတဝန် ကျောင်းတိုက်မှာ သာဝတ္ထိမြို့ပေါ်၌မဟုတ်၊ မြို့၏အနီး မလှမ်းမကမ်း၌ ဖြစ်၏။ သို့သော် ဂင်္ဂါမြစ်အနီး ကမ်းပါးပေါ်၌ ကျက်စားနေသော နွားတို့ကို "ဂင်္ဂါယံ စရန္တိ=ဂင်္ဂါမြစ်၌ လှည့်လည်နေကြသည်"ဟု တင်စားပြောဆိုသကဲ့သို့ သာဝတ္ထိပြည်၏အနီးအပါးမှာ နေသည်ကိုပင် သာဝတ္ထိပြည်၌ နေသည်ဟု တင်စား သုံးနှုန်းခြင်းတည်း။ ၎င်းကို သမီပဇ္ဈူပစာဟု ဆို၏။ အနီးကို အနီးရှိ ဝတ္ထုဖြင့် တင်းစား သုံးနှုန်းခြင်းတည်း။ သာဝတ္ထိ၏အနီးသည် ဥပစာအရ သာဝတ္ထိအမည်ရလျက်ရှိနေရာ "သာဝတ္ထိယံ=သာဝတ္ထိပြည်၌"ဟုလည်း ပေးနိုင်၏။ "သမီပတ္ထေ ဘုမ္မဝစနံ=သတ္တမီဝိဘတ် သမီပ(အနီး)၌ ဖြစ်သည်"ဟူသော အဋ္ဌကထာအရ သာဝတ္ထိပြည်၏ အနီး၌ ဟုလည်း ပေးနိုင်သည်။

ဇေတဝန်နှင့် အနာထပိဏ် ဇေတဝန် ကျောင်းတော်ရာကား မူလက ဇေတမင်းသား၏ ဥယျာဉ် ကြီးပင်။ မူလပိုင်ရှင်၏ အမည်ကိုအစွဲပြု၍ ဇေတဝန(ဇေတဝန်)ဟု အမည် တွင်နေခြင်းဖြစ်၏။ (ဇေတဿ

ဝနံ ဇေတဝနံ။ ဇေတဿ၊ ဇေတမင်းသား၏။ ဝေနံ၊ ဥယျာဉ်တည်း။ ဇေတဝနံ၊ ဇေတမင်းသား၏ဥယျာဉ်) နောင်အခါ အနာထပိဏ်သူဌေးကြီးက ဝယ်ယူကျောင်းဆောက်ခဲ့၍ ဒုတိယပိုင်ရှင်ကို အစွဲပြုကာ အနာထပိဏ်၏ ကျောင်းတိုက်-ဟုလည်း ဆိုရပြန်သည်။

သူဌေးကြီး၏ ငယ်နာမည်မှာ သုဒတ္တဖြစ်၏၊ ကိုးကွယ်အားထားရာမဲ့သူတို့အား ယောက်ထားငဲ့ညှာ စေတနာအလွန်ကြီးသော သူဌေးကြီးဖြစ်၍ရောက်လာသမျှ သူတောင်းစား စသည်တို့အား ထမင်းအစာ ပေးကမ်းတတ်သောကြောင့် နောင်အခါ "အနာထာနံ၊ ကိုးကွယ်ရာမဲ့သူတို့အား။ ပိဏ္ဍံ၊ ထမင်းအစာကို။ဒဒါတိ၊ ပေးကမ်းတတ်၏" ဟူသော အနက်အရ အနာထပိဏ္ဍိက ဟု တွင်လာ၏။ လောက၌ ဘုရားတည်သူကို ဘုရားဒကာ, ကျောင်းဆောက်လှူသူကို ကျောင်းဒကာ စသည်ဖြင့် မိမိက မဖော်ရဘဲ အများက ဂုဏ်တင် ခေါ်ဆိုသကဲ့သို့ သူဌေးကြီး၏ စေတနာကို အများက ဂုဏ်တင်ခဲ့ရာမှ ငယ်နာမည်ပျောက်ကာ နာမည်သစ် တွင်လာရခြင်းဖြစ်၏။ အမည်အရ ပေါ်လွင်ရသော သူဌေးကြီး၏ စေတနာကား ယခုတိုင် လူသိများလျက် ထင်ရှား နေသည်သာ။ဤအချက်ကပင် အများကောင်းကျိုး ဆောင်သူများမှာ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေသည်ကို ညွှန်လျက်ရှိနေပါသည်။

ဘုရားရှင် သီတင်းသုံးသောအခါ အနာထပိဏ်၏ ဥစ္စာမဟုတ်တော့၊ သံဃာ့ပိုင် ကျောင်းတိုက်ဖြစ်နေ၏။ သို့သော် ရှေးက မြို့အုပ်ဖြစ်ဘူးသူသည် အရာပင် မရှိသော်လည်း မြို့အုပ်ဟု တွင်နေသကဲ့သို့ပင်။၎င်းကို 'ဘူတပုဗ္ဗဂတိကနည်း'ဟု ဆို၏။ 'ကေတ္တနည်း'ဟုလည်း ဆိုရ၏၊ ပိုင်ရှင်တွေ ကွဲနေသော်လည်း နေရာက တခုတည်းဖြစ်၍ ထိုတခုတည်းအဖြစ်ကို အစွဲပြု ဆိုသောနည်းတည်း။

ထိုနည်းအရပင် ဇေတဝန-ဟုရင်း, အနာထပိဏ္ဍိကဿ အာရာမ-ဟုရင်း ဆိုနိုင်တော့သည်။ ကွဲပြားနေသော်လည်း မကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒေါပစာရ(=ကွဲပြားနေသည်ကို မကွဲမပြား တသားတည်း တခုတည်းကဲ့သို့ သုံးနှုန်းခြင်း)ဟုလည်း ဆိုရပြန်သည်။

အာရာမ။ ။အပွင့်အသီး အရွက်အညွန့်တို့ဖြင့် ဝေဆာတင့်တယ် လှသော ကြောင့်ရင်း, ကျောင်းအင်္ဂါနှင့်ပြည့်စုံသောကြောင့်ရင်း ထိုထို အရပ်မှ လူများ အထူးအားဖြင့် ရဟန်းတော်များ လာရောက်မွေ့လျော်ရာ ဖြစ်သောကြောင့် အာရာမဆိုသည်။ (အာရမန္တိ ဧတ္ထာတိ **အာရာမော။** ဧတ္ထ၊ ဤကျောင်းတိုက်၌။ အာရမန္တိ၊ လာရောက် မွေ့လျော် ကြကုန်၏။ ဣတိ၊ ထိုသို့လာရောက် မွေ့လျော်ရာ ဖြစ်သောကြောင့်။ အာရာမော၊ အာရာမ မည်၏။)

အာရာမကို အဘိဓာန်၌ မြို့နှင့်မနီးမဝေးဝယ် လူကုံထံများ စိုက်ပျိုးအပ်သော သစ်ပင်အပေါင်း (ဥယျာဉ်ခြံ)ကို ဆိုကြောင်း လာ၏။ ပုပ္ဖါရာမ,ဖလာရာမစသည်ဖြင့် လာသောအရာ၌ အာရာမနှင့်အညီပင်၊ ဤမျှမက အိမ်ဝင်း,ကျောင်းဝင်းစသော ဝင်းမှန်သမျှကိုလည်း အာရာမဟုပင် ဆိုရသည်။သံဃာရာမ,ပုဗ္ဗာရာမ,ရာဇကာရာမ,တိတ္ထိယာရာမ, ပရိဗ္ဗာဇကာရာမစသည်။ယခုခေတ်၌ အိမ်ဝင်းကို ခြံဟုခေါ်၍ ကျောင်းအများတည်ရာ ဝင်းကို ကျောင်းတိုက်-ဟု ခေါ်ရိုးရှိ၏။ ထို အခေါ်အရ ဤ၌ ကျောင်းတိုက်ဟုပြန်သည်။

အထခေါ။ ။အထ-ကို အဝိစ္ဆေဒ (=မပြတ်စဲခြင်း) အနက်၌ နိပါတ်ဟုရင်း, ခေါ-ကို အဓိကာရန္တရ နိဒဿန (=အရာတပါးကိုပြခြင်း) အနက်၌ နိပါတ်ဟုရင်း အဋ္ဌကထာ ခွဲဖွင့်၏။ မြတ်စွာဘုရား၏ နေခြင်း မပြတ်စဲမီ အညတရာ ဒေဝတာ-စသော အကြောင်းအရာ တပါးဖြစ်ပေါ်လာသည်ဟု ဆိုလိုကြောင်းလည်း ဖွင့်၏။ မြန်မာ၌ကား ထိုအခါ,ထိုသို့နေစဉ်အခါဆိုလျှင် နေခြင်း မပြတ်စဲသည်ကိုရင်း, ထိုအခါဟု ဆိုလိုက်လျှင် ရှေ့ဆက်ဆိုစရာ အကြောင်းရှိနေသည်ကိုရင်း သိနိုင်၍ 'ထိုအခါ' ဟူသော စကားဖြင့်ပင် အနက်နှစ်မျိုးလုံး ညွှန်ပြမှု ပြီးသည်ဟု ဆိုသင့်၏။

အညတရာ ဒေဝတာ။ ။"**အညာတရာတိ အနိယမိတနိဒ္ဒေသော=သတ်မှတ်** ချက်မရှိသော အနက်ကို ညွှန်ပြကြောင်းသဒ္ဒါ" ဟု အဋ္ဌကထာဖွင့်၏။ နာမည်အမျိုးအနွယ် စသည် သတ်မှတ်ခြင်း မရှိ

သော သာမညအနက်တည်း။ သက္ကတ၌ နှစ်ယောက်ထဲက တယောက်ကို ထုတ်ဆိုသောအခါ အညတရဆို၍ အများထဲက တယောက်ကို ထုတ်ဆိုသောအခါ အညတမ ဆိုရကြောင်း လာ၏။ ပါဠိ၌ကား အညတမ မထင်၊ ထို့ကြောင့် အများထဲက ထုတ်ဆိုသည်ကိုလည်း အညတရပင် ဆို၏။ "အညတရော စ ပနာယသ္မာ မာလုကျပုတ္တော အရဟတံ အဟောသိ။" (သံ၊ ၂၊ ၂၉၉) ဤ၌ အညတရောမှာ ရဟန္တာတို့တွင် တယောက်အပါအဝင်ဖြစ်ကြောင်း သာမန်ကိုသာဆို၍ ရဟန္တာများထဲမှ အထူးအဖြစ် ထုတ်ဖော်သတ်မှတ် မဆိုအပ်သောကြောင့် အနိယမပင်။

ဤ၌ကား ထိုကဲ့သို့ ထုတ်ဆိုသော အရာမဟုတ်၍ အညတရတမျိုးပင်။ ထို့ကြောင့် "အညတရာတိ နာမဂေါတ္တဝသေန အပါကဋာ" ဟု ဖွင့်၏။ ထိုအဖွင့်အရ အမျိုးအမည် မထင်ရှားသော-ဟုပေးရ၏။ လောက၌ နာမည်မသိသောအခါ ဖြစ်စေ၊ သိသော်လည်း လူမကွဲသောအခါ ဖြစ်စေ လူတယောက်လာနေသည် စသော အသုံးဖြစ်၏။ လူတယောက်ဆိုသောအသုံးမှာ နာမည်မထင်ရှားသည်ကို ညွှန်ပြလျက်ရှိသောကြောင့် "အညတရာ ဒေဝတာ-နတ်သားတယောက်သည်" ဟုလည်း ပေးနိုင်သည်။

ဒေဝတာ-ဟု ဣတ္ထိလိင်ဖြင့် ဆိုသော်လည်း နတ်သမီးဟု မမှတ်အပ်။ ဤဒေဝတာကား နတ်သား နတ်သမီးနှစ်မျိုးလုံးနှင့်ဆိုင်သော သဒ္ဒါတည်း။ ဤ၌ကား နတ်သားကို ဟော၏၊ (ဒေဝေါယေဝ ဒေဝတာ။ ဒေဝေါယေဝ၊ နတ်သည်ပင်။ ဒေဝတာ၊ ဒေဝတာမည်၏။)

အဘိက္ကန္တ အနက်။ ။'အဘိက္ကန္တာယ ရတ္တိယာ'၌ အဘိက္ကန္တ-ကား ခယ(=ကုန်ခြင်း) အနက်ဟော၊ ကုန်လွန်ပြီးသော ညဉ့်ဆိုရာ၌ တညလုံး ကုန်သွားသည်ဟု ဆိုရမည်ကဲ့သို့ရှိသော်လည်း ထိုကဲ့သို့ကား မမှတ်အပ်။ စူဠဝဂ္ဂ ပါတိမောက္ခဋ္ဌပနက္ခန္ဓက စသည်၌ 'အဘိက္ကန္တာ ဘန္တေ ရတ္တိ' ဝယ် တညဉ့်လုံး ကုန်သည်ကို မယူစေလို၊ ညဉ့်ဦးယာမ်ကုန်သည်ကိုသာ ယူစေလို၍ 'နိက္ခန္တော ပဌမော' ဟု ဆက်ဟောခဲ့၏။ ထိုပါဠိအရ အဘိက္ကန္တမှာ ပဌမယာမ် အလွန်ကိုသာ ဟောခဲ့ပြီးဖြစ်ရာ ဤ၌လည်း

ပဥ္စမယာမ်ကုန်သည်ကိုသာ ယူရသည့်အဖြစ်ကို သိနိုင်တော့သည်။ ညဉ့်ဦးယာမ်လွန်ပြီးသော ဟူသော ဝိသေသနကြောင့် ရတ္တိယာကလည်း တညလုံး မဟောရတော့ပဲ သန်းခေါင်ယာမ်ကိုသာ ဟောတော့သည်။ နတ်များသည် လူခြေတိတ်ဆိတ်ချိန်မှ ဘုရားထံလာလေ့ရှိသည်ဖြစ်၍ ဤနတ်သားလည်း သန်းခေါင်ယာမ်အခါ၌ ရောက်လာခြင်းဖြစ်၏။

'အဘိက္ကန္တဝဏ္ဏာ' ၌ 'အဘိက္ကန္တ'-ကား အဘိရူပ (=အလွန်လှပခြင်း) အနက်ဟော။ အလွန်နှစ်သက်ဖွယ် အဆင်းဟူသည် အလွန်လှပသော အဆင်းဖြစ်၍ 'အဘိက္ကန္တဝဏ္ဏာ' ကို အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဟုရင်း, အလွန်လှပတင့်တယ်သော အဆင်းရှိသည်ဟုရင်း ပေးနိုင်သည်။ 'ဝဏ္ဏ' အဆင်းဆိုသော်လည်း ရူပါရုံအဆင်းကို ဆိုသည်ကားမဟုတ်၊ 'ဆဝိ' ခေါ် ကိုယ်အရေအသွေးအရောင်ကို ဆိုသည်ဟု မှတ်။

ကေဝလကပ္ပ။ ။'ကေဝလ' ကား အနဝသေသ (=အကြွင်းမဲ့အလုံးစုံ) ဟော၊ 'ကပ္ပ' ကား သမန္တဘာဝ (=ထက်ဝန်းကျင်၏အဖြစ်) အနက်ဟော။ ဇေတဝန်ကျောင်းတိုက် ပတ်ဝန်းကျင် တပြင်လုံးဟု ဆိုလို၏။ ဤ၌ 'ကေဝလ' အကြွင်းမဲ့ဆိုလျှင်ပင် ကျန်သောအရပ်မရှိတော့သည်မှာ ပြီးနိုင်ပါလျက် 'ကပ္ပ'သဒ္ဒါ တွဲဆိုသည်မှာ အကြွင်းမဲ့အကုန်ပြန့်အောင် စွမ်းနိုင်သော အရောင်ပင် တစုံတခုသောအကြောင်းကြောင့် တစိတ်တဒေသလောက်သာ ပြန့်ခြင်းလည်း ရှိတတ်သေး၏။ ဤနတ်ရောင်ကား ထိုသို့ တစိတ်တဒေသမျှမဟုတ်ပဲ အကုန်ပင် ပြန့်နှံ့လျက်ရှိသည့် အဖြစ်ကို ပြခြင်းငှါ သမန္တအနက်ရှိသော ကပ္ပကိုပါ ဆိုခြင်းဖြစ်၏။

ဗျာကရုဏ်းဆရာတို့သည် ဤသံဥုန(=စဥ်းငယ် ယုတ်လျော့သော) အနက်၌ ကပ္ပစသော ပစ္စည်းတို့ကို အလိုရှိကြ၏။ ထိုအလိုအရ "ဤသံ-ဥုန် ကေဝလံ ကေဝလကပ္ပံ"ပြု။ ။ဤသံဥုန်၊ စဥ်းငယ်လျော့သော။ ကေဝလံ၊ အလုံးစုံတည်း။ ကေဝလကပ္ပံ။ အလုံးစုံလောက်နီးပါး။ အချို့တံခါးပိတ်ထားသော ကျောင်းတွင်းစသော အလင်းရောင် မရောက်ရာအရပ်အနည်းငယ်ကျန်သည်ကို ရည်သည်။ ဤအနက်မျိုးကို အချို့ ဆလို၍

ကြသည်။ သို့သော် နတ်တို့၏ တန်ခိုးကြောင့်ဖြစ်သော အလင်းရောင်သည် ပကတိအရောင်နှင့် မတူနိုင်သောကြောင့်၎င်း, အကယ်၍ အလင်းရောင် မရောက်သောအရပ်ဟု ရှိစေကာ အလုံးစုံဟု ဆိုနိုင်ရန် ယေဘုယျစသော နည်းများရှိနေသောကြောင့်၎င်း 'ဤသံဥုန' အနက်ကြံဖွယ်မလို။ တမျိုးဆိုရသော် ဘုရားရှင်၏အရောင်ကို ဘယ်အရောင်မျှ မလွှမ်းနိုင်၊ ထို့ကြောင့် ထိုနတ်အရောင်လည်း ဘုရားရှင်ရောင်ခြည်တော် မရောက်ရာအရပ်ကိုသာ ထွန်းလင်းစေနိုင်၍ 'ဤသံဥုန' ဆိုသည်ဟု ယူသော် သင့်ဖွယ်ရှိ၏။

ကေမန္တံ။ ။ 'ကေ+အန္တ'၊ အန္တ–သဒ္ဒါ ကောဋ္ဌာသ (=အဖို့)အနက်ဟော။ တဖက်တနေရာဟု အနက်ရ၏။ တဖက်တနေရာဟူသည်မှာ နေဖို့သင့်လျော်သော နေရာတည်း။ လောက၌ အလေးပြုအပ်သူများထံ ချဉ်းကပ်သော အခါ နေသင့်သောနေရာ, မနေသင့်သောနေရာဟုရှိရာ သိနားလည်သူတို့ကား နေသင့်သောနေရာကို ရွေးချယ်၍နေတတ်၏။ မနေသင့်သော နေရာများကား အလွန်နီးလွန်းသောနေရာ, အလွန်ဝေးလွန်းသောနေရာ, လေညာလေဆန် ကျသောနေရာ, မြင့်သောနေရာ, ရှေ့တည့်တည့်ကျလွန်းသောနေရာ, အလွန်နောက်ကျလွန်းသောနေရာဟု ခြောက်မျိုးလာ၏။

ဝေး နီး ယွန်းရာ၊ မြင့် လေညာနှင့်၊ တည့်စွာ နောက်ကျ၊
ဤခြောက်ဝ၊ ဌာန အပြစ်များ။

ဤအပြစ်ခြောက်ပါးကား အခါခပ်သိမ်း မရှောင်မဖြစ်ဟု ထထစ်ချ,ကား မယူရ။ ပရိသတ်အများနှင့်တရားနာရာ စသည်၌ အလွန်ဝေးသော လေဆန်ကျသော, အလွန်နောက်ကျသော အရပ်များကို ရှောင်၍မဖြစ်၊ ထိုအခါ မရှောင်ခြင်းကြောင့် အပြစ်မဆိုထိုက်။ ကေမန္တ ဆိုလျှင် အပြစ်ခြောက်ပါးကင်းရာ အရပ်သာဟု တသစ်ချမှတ်ရမည်ကားမဟုတ်၊ အခြားအရာ အလိုက် သင့် လျော်ရာ နေရာ များလည်း ကေမန္တပင်။ ကောသလမဂဓ တိုင်းသား ပြာဟ္မဏတမန်များ ဝေသာလီပြည် မဟာဝုန်တောကူဋာဂါရသာလာ ဘုရားထံအလာ အရှင်နာဂိတက 'ဘုရားရှင်အား ဖူးမြင်

ရန် **အခါမဟုတ်သေးကြောင်း'** အမိန့်ရှိ၍ သင့်လျော်သောနေရာ၌ ထိုင်ကြသည်ဟု လာရာ ထိုကေမန္တကို ထိုနေရာမှ ဖဲခွါ၍ ထိုထို သစ်ပင်ရိပ်များ၌ နေကြောင်း ဖွင့်ပြဆိုခဲ့လေသည်။ (ကေမန္တ-သင့်တင့်လျောက်ပတ်စွာ၊ သင့်လျော်သောနေရာ၌ဟုလည်း ပေးနိုင်၏။)

နတ်သားရပ်နေခြင်း။ ။နတ်တို့သည် လူနံ့ကို ရွံရှာစက်ဆုပ်ကြ၏။ ကိစ္စတခုခုကြောင့် မလွဲမရှောင်သာသဖြင့် လူ့ပြည်သို့ လာရစေကာမူ မြန်မြန်ပြန်လိုသည်သာဖြစ်၍ ထိုနတ်သားသည် မထိုင်ပဲ ရပ်နေခြင်းဖြစ်၏။ ထိုင်ခြင်းမည်သည် အပန်းဖြေခြင်းပင်ဖြစ်၏။ ထိုကဲ့သို့ ပင်ပန်းမှုမျိုး နတ်တို့၌မရှိ၍ မထိုင်ဟူ၍လည်း အကြောင်းတမျိုး ပြ၏။ ထို့ပြင် မြတ်စွာဘုရားကို ဝန်းရံလျက် မဟာသာဝကများ တည်နေကြ၏။ ထိုမဟာသာဝက အရှင်မြတ်များကို ကြည်ညိုမြတ်နိုးခြင်းရှိနေသောကြောင့်လည်း မထိုင်ဟူ၏။ ရပ်ခြင်းမှာ အထူး အရိုအသေပေးခြင်းမျိုးဖြစ်၍ မြတ်စွာဘုရားအား ရိုသေသောအားဖြင့် မထိုင်။ ဤသို့ အဋ္ဌကထာ၌ နတ်သားရပ်နေခြင်းအကြောင်း လေးမျိုး ပြ၏။

(၁၃) ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ'မုတ္တမံ။

(၁၃) ဘန္တေ၊ မြတ်စွာဘုရား။ သောတ္ထာနံ၊ ခုဘဝ နောင်အခါ ချမ်းသာသည်၏အဖြစ်ကို။ အာကင်္ခမာနာ၊ လိုလားတောင့်တကြကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဒေဝါ စ၊ နတ်ဗြဟ္မာတို့သည်၎င်း။ မနုဿာ စ လူတို့သည်၎င်း။ မင်္ဂလာနိ၊ ကြီးပွါးချမ်းသာကြောင်း မင်္ဂလာတို့ကို။ အစိန္တယုံ၊ ကြံတွေးစဉ်းစားခဲ့ကြပါကုန်ပြီ။ (တွံ၊ ရှင်တော်မြတ်ဘုရားသည်။) ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာကို။ ဗြူဟိ၊ ဟောကြားတော်မူပါ။

စကားပြေ — မြတ်စွာဘုရား ခုဘဝ နောင်အခါ ချမ်းသာရေးကို လိုလားတောင့်တကြသော လူနတ်ဗြဟ္မာများစွာတို့သည် ကြီးပွါးချမ်းသာကြောင်း မင်္ဂလာတို့ကို ကြံတွေးစဉ်းစားခဲ့ကြပါသည်။ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြားတော်မူပါ။

နတ်သားတောင်းပန်ပုံ။ ။မြတ်စွာဘုရားအား မင်္ဂလာတရား ဟောရန် နတ်သား တောင်းပန်ပုံကို အရှင် အာနန္ဒာက "ဗဟူ ဒေဝါ" စသည်ဖြင့် လျှောက်ထားခဲ့သည်။

သဒ္ဒါအရ ရှင်းလင်းချက် [မင်္ဂလန္တိ မဟန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ။ ။ ဣမေဟိ၊ ဤတရားတို့ဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ မင်္ဂလန္တိ၊ မဟန္တိ၊ တိုးတက် ကြီးပွါးကြရကုန်၏။ ဣတိ၊ ထို့သို့ တိုးတက် ကြီးပွါးကြောင်း ဖြစ်သောကြောင့်။ မင်္ဂလာနိ၊ မင်္ဂလာတို့ မည်ကုန်၏။ အဋ္ဌ-ကထာအလို 'မင်္ဂလ'ဓာတ်ဟု ဆိုရန်ရှိ၏။ သဒ္ဒနီတိကား 'မင်္ဂ' ဓာတ်ဆို၏။ ဣကာရန္တဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာသည်။ သက္ကတလည်း မင်္ဂဓာတ်ပင်၊ အာလ ပစ္စည်း။ ထိုအလို "မင်္ဂန္တိ ဝုဒ္ဓိံ ပါပုဏန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ"- ပြု။ လူမိုက်ကို မပေါင်းသင်းခြင်း စသောအမှုများကား သတ္တဝါတို့ကို တိုးတက်ကြီး ပွါးစေ၊ ချမ်းသာစေတတ်၏။ ထို့ကြောင့် ထိုအမှုများကို တိုးတက်ကြီးပွါး ချမ်းသာခြင်း၏ အကြောင်း ဖြစ်၍ မင်္ဂလာဆိုရသည်။ ထို့ကြောင့်ပင် အဋ္ဌ-ကထာက "မင်္ဂလန္တိ၊ မင်္ဂလာဟူသည်မှာ ၊ ဣဒ္ဓိကာရဏံ၊ တိုးတက်ပြီးမြောက်ခြင်း၏ အကြောင်းတည်း။ ဝုဒ္ဓိကာရဏံ၊ ကြီးပွါးခြင်း၏ အကြောင်းတည်း၊ သဗ္ဗသမ္ပတ္တိ-ကာရဏံ၊ အလုံးစုံသော စည်းစိမ်ချမ်းသာ၏ အကြောင်းတည်း " ဟုဖွင့်သည်။

'သောတ္ထာနံ' ကား ယံ မင်္ဂလံစသော အမှန်းဂါထာမှ သောတ္ထာနံနှင့်အနက်မထူး-ထိုသောတ္ထာနံ-ကား ကြီးပွါးချမ်းသာခြင်းအကြောင်း မင်္ဂလာကို ဟော၏။ ဤသော-တ္ထာနံ-ကား အကြောင်းမင်္ဂလာမှ ပြုခြင်းကြောင့် ခုဘဝ နောင်ဘဝ ချမ်းသာခြင်း အကျိုးကို ဟော၏။ ထို့ကြောင့် 'သောတ္ထာနန္တိ သောတ္ထိဘာဝံ'ဟု အဋ္ဌကထာဖွင့်၏။ ချမ်းသာခြင်းဟူသည်မှာ ကောင်းသော သမ္ပတ္တိအမျိုးမျိုးရှိနေခြင်းပင်ဖြစ်၍ "သဗ္ဗေသံ၊ အလုံးစုံကုန်သော ။ဒိဋ္ဌဓမ္မိကသမ္ပရာယိကာနံ၊ ယခုဘဝ နောင်ဘဝ၌ ဖြစ်ကုန်သော။ သောဘနာနံ သုန္ဒရာနံ ကလျာဏာနံ ဓမ္မာနံ၊ တင့်တယ်ကောင်းမြတ်သော သဘာဝ တို့၏။ အတ္ထိတာ၊ ရှိသည်၏ အဖြစ်ကို" ဟု သောတ္ထိဘာဝ၏ ဆိုလိုရင်းအနက်ကို အဋ္ဌကထာ ဆက်ဖွင့်ခဲ့သည်။ "သောတ္ထိနော ဘာဝေါ သောတ္ထာနံ၊ ဘာဝ၌ အာန ပစ္စည်းကြံ "။

ကောင်းမြတ်သော မင်္ဂလာ ဒိဋ္ဌမင်္ဂလာ စသည်မှာ အမှန်တရားကို မသိသူတို့၏ စိတ်ကူးအရဖြစ်သော ယူဆချက် များသာ၊ ထို ယူဆချက်များမှာ အသားမပါသည်ဖြစ်၍ပင် တဦး အယူကို တဦးက လက်မခံနိုင်ခဲ့ခြင်း ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ် မင်္ဂလာ

တရား ဟောသောအခါမှ ထိုမင်္ဂလာများကို မဟုတ်မကောင်းဟု ငြင်းမည့်သူ ပယ်လှန်မည့်သူ တဦးတယောက်မျှ ပေါ်မလာ။ အားလုံး အကောင်းတရားအဖြစ် ဝန်ခံကြရ၏။ ယခုခေတ် ဗုဒ္ဓဘာသာဝင်မဟုတ်သူ ဘာသာခြားများပင် ဤမင်္ဂလာမူကို အကောင်းအဖြစ် လက်ခံကြရမည်သာ။ ဤနည်းသားကား ထိုခေတ် လူနတ်တို့ ယူဆသော မင်္ဂလာများကို အတည်ပြုအပ် ကောင်းမြတ်သော မင်္ဂလာ မဟုတ်သည်ကို သိနားလည်ခဲ့၏။ ထို့ကြောင့်ပင် အများ ယူဆသော မင်္ဂလာမှတပါး ထူးခြားကောင်းမြတ်သော မင်္ဂလာကို ဟောပါရန် "ဗြူဟိ မင်္ဂလမုတ္တမံ" ဟုလျှောက်ထားခဲ့လေသည်။

(၁၄) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ' မုတ္တမံ။

(၁၄) ဒေဝပုတ္တ၊ နတ်သား။ ဗာလာနံ၊ လူမိုက်တို့ကို။ ယာ အသေဝနာ စ၊ အကြင်မပေါင်းသင်း မမှီဝဲခြင်းသည်လည်း။ ပဏ္ဍိတာနံ၊ ပညာရှိသူတော်ကောင်းတို့ကို၊ ယာ သေဝနာ စ၊ အကြင် ပေါင်းသင်း မှီဝဲခြင်းသည်လည်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ယာ ပူဇာ စ၊ အကြင်ပူဇော်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤတရားသုံးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

စကားပြေ–နတ်သား၊ လူမိုက်တို့ကို မပေါင်းမသင်း ရှောင်ခွါခြင်း, ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်း ဆည်းကပ်ခြင်း, ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ဤသုံးပါးကား ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

မင်္ဂလာသုံးပါး။ ။ဤ'အသေဝနာ စ' စသည်ကား ဘုရားဟောတည်း။ နတ်သား၏ လျှောက်ထားချက်အရ အကောင်းဆုံး မင်္ဂလာများကို ဟောကြားတော်မူမည် ဖြစ်ရာ ရှေးဦးစွာ "အသေဝနာ စ" စသည်ဖြင့် မင်္ဂလာသုံးပါး ဟောကြားတော်မူသည်။

လူမိုက်။ ။လူမိုက်ဟူ သိနိုင်သော အမှတ်အသားများကား မကောင်းသောအကြံကို ကြံခြင်း,မကောင်းသော စကားကိုပြောခြင်း, မကောင်းသော အလုပ်ကို လုပ်ခြင်းတို့ဘည်း။ဤလက္ခဏာသုံးပါးရှိသူကား အမျိုးမြတ်သူပင် ဖြစ်စေ,ပစ္စည်းကြွယ်ဝသူပင်ဖြစ်စေ, အစိုးရသူပင်ဖြစ်စေ မည်သူမဆို ဗာလ (=လူမိုက်) ပင်တည်း။ ထိုသို့သောသူများကား ဤလောက၌ ဘေးရန်အမျိုးမျိုး ကင်းရှင်းအေးချမ်းခြင်း, ဂုဏ်သတင်း ကျော်စောခြင်း, အများချစ်ခင် လေးစားခံရခြင်း, ပရိသတ်၌ ရှိုးစိုးခြင်းကင်း ရဲရင့်ခြင်းစသော ကောင်းကျိုးများ မရနိုင်။ ယခုဘဝ အထက်တန်းရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ၌ကား သုဂတိဘုံဘဝယ် ချမ်းသာခြင်းမခံစားရတော့ပေ။ ထို့ကြောင့် အကျိုးနှစ်မျိုးကို ဖြတ်တောက်တတ်သူဟု ဗာလ၏ အနက်ကို ဖွင့်ဆိုကြ၏။(ဒွေ အတ္ထေ လုနန္တီတိ ဗာလာ။ ။ဒွေ အတ္ထေ၊ အကျိုးနှစ်မျိုးလုံးတို့ကို။ လုနန္တိ၊ ဖြတ်တောက်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗာလာ၊ဗာလမည်ကုန်၏။)

ဤအမှတ်အသားမျိုးရှိသူကား ဤဘဝပင် အပြစ်ဒဏ်ခံရခြင်း ဘေးရန်များခြင်း,ဂုဏ်သိမ်မဲ့ခြင်း,လူကဲ့ရဲ့ခံရခြင်း စသော မကောင်းကျိုး အကျိုးမဲ့ကိုသာ ရတတ်၏။တမလွန်ဘဝ၌ လူမိုက်တို့၏ သွားရာလမ်း အပါယ်သို့သာ တန်းရောက်ရတော့၏။ ထို့ကြောင့် အကျိုးမဲ့နှစ်မျိုးကို ရယူတတ်သူဟုလည်း အနက်ဖွင့်ကြပြန်၏။ (ဒွေ အနတ္ထေ လဝန္တီတိ ဗာလာ။ ။ဒွေ အနတ္ထေ၊ အကျိုးမဲ့နှစ်မျိုးတို့ကို။ လဝန္တိ၊ ယူတတ်ကြကုန်၏။ ထို့ကြောင့်။ ဗာလာ၊ ဗာလမည်ကုန်၏။) ထိုသူမျိုးမှာ ပညာတွေဘယ်မျှတတ်စေဦးတော့ ပညာအရ သိထားသော ကောင်း, မကောင်းကို လိုက်နာရှောင်ကြဉ်ခြင်း မရှိ တလွဲကျင့်သူဖြစ်၍ ပညာဖြင့် အသက်ရှင်နေသူမဟုတ်၊ အသက်ရှူရုံမျှဖြင့် အသက်ရှင်နေသူ ဟုလည်း ဖွင့်ဆိုရပြန်သည်။ (ဗလန္တီတိ ဗာလာ။ ။ဗလန္တိ(ပညာမပါ) အသက်ရှူရုံမျှ အသက်ရှင်နေကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗာလာ၊ဗာလမည်ကုန်၏။)

ပညာရှိ။ ။ကောင်းသော အကြံကို ကြံခြင်း,ကောင်းသောစကားကို ပြောခြင်း,ကောင်းသောအလုပ်ကို လုပ်ခြင်း ဤသုံးပါးကား

ပညာရှိဟုသိရန် အမှတ်အသားများတည်း။ ဤလက္ခဏာ သုံးပါးထင်ရှား ရှိနေသူကား ဆိုခဲ့ပြီး အကျိုးနှစ်မျိုးကို ရနိုင်သည်ဖြစ်ရာ ဘုရားရှင်က ဤဘဝအကျိုး, နောင်ဘဝအကျိုး နှစ်မျိုးလုံးကို ရခြင်းကြောင့်'ပဏ္ဍိတ ပညာရှိ'ဟု ဆိုရကြောင်း ဟောကြားဖွင့်ဆိုတော်မူခဲ့သည်။ စာပေနှင့် အခြားအတတ်အမျိုးမျိုးကို တတ်မြောက်သူကို တနည်းတလမ်းအရ ပဏ္ဍိတဟု ခေါ်ဆိုကြသော်လည်းထို သူမှာ ဆိုခဲ့ပြီး လက္ခဏာသုံးပါးမရှိလျှင် "ပဏ္ဍိတာနဥ္စ သေဝနာ"အရ ပဏ္ဍိတဟုကား မဆိုအပ်ပေ။ စာပေအတတ် ပညာထူးခြားစွာ မတတ်သော်လည်းကောင်း, မကောင်း, သိနားလည်၍ သိနားလည်သည့် အတိုင်း ကျင့်ကြံသော လူလိမ္မာ သူတော်ကောင်းကို သာ ပဏ္ဍိတဟု ဆိုလိုသည်။ အကယ်၍ အတတ်ပညာနှင့်လည်း ပြည့်စုံမည်, အကျင့်လည်း ကောင်းမည်ဆိုပါလျှင် ထိုသူကား ပဏ္ဍိတအရ အပြည့်ဝ ဆုံးအနက်ကို ဆောင်လျက်ရှိရာ တကယ်အားကိုးမှီခိုထိုက်သော ပုဂ္ဂိုလ် ဖြစ်ပေသည်။ ဆိုခဲ့ပြီးသဘာဝများအရ ပဏ္ဍိတကို မျက်မှောက်တမလွန်အ ကျိုးနှစ်ပါး၌ ဉာဏ်အသွားဖြင့် သွားနေတတ်သူဟု အနက်ဖွင့်ဆိုကြ သည်။ (ပဏ္ဍန္တီတိ ပဏ္ဍိတာ။ ပဏ္ဍန္တိ၊ အကျိုးနှစ်ပါး၌ ဉာဏ်အသွားဖြင့် သွားတတ်ရောက်တတ်ကုန်၏၊ ဣတိ၊ထိုကြောင့်။ ပဏ္ဍိတာ၊ ပဏ္ဍိတမည် ကုန်၏။)

အကျိုးနှစ်ပါး သိနားလည်သော ဉာဏ်အစဉ်ရှိနေသူဖြစ်ရာ ကောင်း စွာဖြစ်သော ဉာဏ်ရှိသူဟုလည်း ဖွင့်ကြပြန်သည်။ (သဥ္ဇာတာ ပဏ္ဍာ ဧတေသန္တိ ပဏ္ဍိတာ။ ဧတေသံ၊ ထိုပုဂ္ဂိုလ်အား။ သဥ္ဇာတာ၊ ကောင်းစွာ ဖြစ်သော။ ပဏ္ဍာ၊ ပညာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ ပဏ္ဍိတာ၊ ပဏ္ဍိတမည်ကုန်၏။)

ပေါင်းတိုက် မပေါင်းထိုက်။ ။လောက၌ ဘေးရန် အန္တရာယ်များသည် လူမိုက်များကြောင့်သာ ဖြစ်ရ၏။ ပညာ ရှိကြောင့် ဖြစ်ဆည်ဟု မရှိကြောင်း ဘုရားရှင် ဟောတော်မူ၏၊ ထို့ကြောင့် အချွားဆင်းရဲရေး ဘေးအန္တရာယ်ကို ဖန်တီးတတ်သူ လူမိုက်မှာ ကြောက် လန့်ဖွယ် ပုဂ္ဂိုလ်သာတည်း။ အများချမ်းသာ ကောင်းစားရေးကိုသာ

ပြုတတ်သော သူတော်ကောင်းများမှာ ချစ်မြတ်နိုးဖွယ်ရာဖြစ်ရ၏။ နိတိဆရာကြီးများက 'ပညာဖြင့် တန်ဆာဆင်ထားစေကာမူ လူယုတ်ကို ရှောင်ရမည်သာ။ ပတ္တမြားဆင်ထားသော မြွေသည် အန္တရာယ်မပြုတတ်ပဲ ရှိပါမည်လော' ဟု ဆိုကြ၏။ မီးလောင်သောအိမ်၌ မီးသည် အိမ်ကိုလည်း လောင်, အိမ်ကိုမှီနေသောလူများကိုလည်းလောင်တတ်သကဲ့သို့ ဗာလသည် မိမိ၏အယူမှား အပြုမှားတို့ဖြင့် မိမိကိုလည်း ဖျက်ဆီး၍ မိမိစကား လိုက်နာသူတို့ကိုလည်း ပျက်စီးဆုံးရှုံးစေတတ်၏။ ဘေးရန်ဖြစ်လာသော အခါ အကာယ်အကာ အစောင့်အရှောက်ကောင်း ကဲ့သို့ရင်း, အမိုက်မှောင်၌ အမြင်ကို ရစေတတ်သော ဆီမီးကဲ့သို့ရင်း, မှန်ကန်သင့်မြတ်သော အပြုအမူ အယူအဆရှိသူ ပညာရှိများကား မိမိကိုရင်း, မိမိအား မှီခိုသူများကိုရင်း ဘေးအန္တရာယ်ကင်းစေ ချမ်းသာစေတတ် ပေသည်။ ထို့ကြောင့် "မိမိထက်သာသူနှင့် တန်းတူရည်တူ ပုဂ္ဂိုလ်များကို မရနိုင်လျှင် တယောက်တည်းသာ ကျင့်ရမည်။ ဘာ့ကြောင့်နည်း? သူမိုက်၌ အဟာယ ဖြစ်ကြောင်း ကောင်းသော ဂုဏ်ရည်များမရှိသောကြောင့်ဖြစ်သည်" ဟု ဓမ္မပဒ ဗာလဝဂ်၌ ဟောတော်မူသည်။

ခေတ်တူ ချင်းချင်း။ ။'သတ္တဝါများမှာ ခေတ်တူချင်းချင်း နှီးနှော ညီညွတ်ကြရသည်' ဟု ဓာတုသံယုတ်၌ ဘုရားရှင် ဟောတော်မူ၏။ သဒ္ဓါမရှိသူချင်းချင်း, သဒ္ဓါရှိသူချင်းချင်း နှီးနှောညီညွတ်ကြ၏။ ထို့အတူ ပညာမဲ့သူ, ပညာရှိသူ, ပျင်းသူ, လုံ့လရှိသူ, အကုသိုလ်မှ ရှက်သူ, မရှက်သူ, လန့်သူ, မလန့်သူများလည်း အချင်းချင်းသာ အပေါင်းအသင်းပြုမိ နှီးနှောညီညွတ်မိလျက် ရှိကြရ၏။

ဓာတု=ဓာတ်ဟူသည် အလိုအကြိုက် အတွင်းခေတ်ခံ စိတ်ထားပင်ဖြစ်၏။ ထိုခေတ်ကား ကူးစက်တတ်သော သဘောရှိ၍ တဦးနှင့်တဦး နှီးနှောမိရန် ဖန်တီးတတ်သော အခြေခံ သဘာဝတမျိုးပင်ဖြစ်ရာ ၎င်းကို အဇ္ဈာသယဓာတု-ဟု ဆို၏။

အရှင်သာရိပုတ္တရာသည် ပညာကြီး၍ အရှင်၏ တပည့်များမှာ အားလုံး ပညာကြီးကြ၏။ တန်ခိုးကြီးသော အရှင်မောဂ္ဂလ္လာန်၏ တပည့်

များကား အားလုံး တန်ခိုးအရာ နိုင်နင်းကြ၏။ ဓုတင် တေရသဆောင် အရှင်မဟာကဿပ၏ တပည့်များကား အားလုံး ဓုတင်ဆောင်ချည်း ဖြစ်ကြ၏။ ဤသို့ စသည်ဖြင့် အကောင်းဖက်၌ ဓာတ်တူချင်းချင်း ပေါင်း စပ်မိသကဲ့သို့ မကောင်းဖက်၌လည်း ရှင်ဒေဝဒတ်၏ တပည့်တို့သည် အားလုံး အလိုဆိုးရှိသူချည်း ဖြစ်ကြ၏။ မေတ္တိယဘူမဇကနှင့် အဿဇိ-ပုနဗ္ဗသုကခေါ် ဆဗ္ဗဂ္ဂီဝင်တို့၏ အသင်းအပင်းများကား အားလုံး ဒုဿီလချည်းသာတည်း။ ဓာတ်တို့သည် ကူးစက်တတ် နှီးနှောမိတတ် သောကြောင့် သားသမီး တပည့်တပန်းတို့ လူတော် လူကောင်းဖြစ်ဖို့ အရေး၌ မိဘဆရာတို့ သူတော်ကောင်းဖြစ်ရန်ရင်း, ပတ်ဝန်းကျင်အပေါင်း အသင်းတွေမှာ လူလိမ္မာဖြစ်ရန်ရင်း အရေးကြီးလှ၏။ မတတ်သာ၍ မိဘမိုက် ဆရာမိုက်တို့နှင့် ဆုံနေရသည်ဖြစ်စေ, လူမိုက်တို့နှင့် ပေါင်းနေရ သည်ဖြစ်စေ ဓာတ်မကူးအောင် အထူးသတိထားသင့်၏။ အကောင်း ဓာတ်သည် အကူးအစက် နှေးတတ်သော်လည်း မကောင်းဓာတ်ဟူသည်မှာ အကူးအစက် မြန်တတ်သည်။ ဘုရားရှင်က "ယုတ်ညံ့သူကို ပေါင်းလျှင် မိမိမှာ ယုတ်ညံ့သူဖြစ်ရသည်၊ တန်းတူသူကို ပေါင်းလျှင် မဆုတ်ယုတ်၊ အဆင့်အတန်းမြင့်သူကိုပေါင်းလျှင် လျှင်မြန်စွာ တိုးတက်မြင့်မားသည်"ဟု ဟောတော်မူ၏။ (အင်္ဂုတ္တရ။ပ။ သေဝိတဗ္ဗသုတ်-၁၂၃)

အရှင်အာနန္ဒာက မိတ်ကောင်း ဆွေကောင်းသည် မဂ်ဟူသော ဗြဟ္မ စရိယ၏ ထက်ဝက်ပင် ဆိုရလောက်အောင် အရေးပါကြောင်း လျှောက် ထားရာ "အာနန္ဒာ ဤသို့ မပြောလင့်"ဟု နှစ်ကြိမ်တိုင် တားမြစ်ပြီး မိတ်ဆွေကောင်း မည်သည်မှာ ဗြဟ္မစရိယ၏ တခုလုံး ဆိုရလောက်အောင် အရေးပါ အရာရောက်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ (ကောသလ သံယုတ် ကလျာဏမိတ္တသုတ်-၈၈)

အကိတ္တိရသေ့ဆုတောင်း။ ။အလောင်းတော် အကိတ္တိ ပညာရှိကို သိကြားမင်းက လိုရာ ဆုတောင်းရန် လျှောက်ထားသောအခါ "လူမိုက်ကို မမြင်ရ မပေါင်းရလိုကြောင်း, လူ မိုက်နှင့် စကားမပြောရလိုကြောင်း"ဆုတောင်း၏။ အဘယ့်ကြောင့် လူ

မိုက်ကို မမြင်လို မပေါင်းလိုပါသနည်းဟု မေးသောအခါ ရှင်ရသေ့မိန့်ပုံမှာ "လူမိုက်သည် နည်းမမှန် လမ်းမကျသောအကျင့်များကို နည်းမှန်လမ်းမှန်ဟု ယူဆတတ် ကျင့်တတ်၏။ မပြုသင့်သည့်တာဝန်များ၌ တိုက်တွန်းတတ်၏၊ မကောင်းသောနည်းလမ်းများမှာ သူ့အဖို့ အကောင်းဖြစ်နေ၏၊ အကျိုးသင့် အကြောင်းသင့် ပြောသော် စိတ်ဆိုးတတ်၏၊ ကျင့်ဝတ်ဝိနည်းကို နားမလည်မကျင့်၊ ထိုလူမိုက်မျိုးကို မမြင်ရ မတွေ့ရခြင်းသာ ကောင်းပါ၏"ဟု ဆိုသတည်း။

တဖန် ဆုတောင်းပုံကား "ပညာရှိကို မြင်တွေ့ရ ပေါင်းသင်းရလို၏။ ပညာရှိနှင့် စကားပြောရလိုသည်"ဟူ၏။ အကြောင်းကို မေးပြန်သော် "ပညာရှိကား နည်းမှန် လမ်းမှန်ကို ကျင့်တတ်၏၊ မပြုသင့်သော တာဝန်များ၌ မတိုက်တွန်းတတ်၊ မှန်ကန်သောနည်းလမ်းသာ ပညာရှိအဖို့ အကောင်းအမြတ်ဖြစ်၏၊ အကျိုးသင့် အကြောင်းသင့် ပြောသော် စိတ်မဆိုးတတ်၊ စည်းကမ်းဝိနည်းကို နားလည်ကျင့်ကြံတတ်၏၊ ထိုပညာရှိမျိုးနှင့် ပေါင်းသင်းရခြင်းကား ကောင်းလှပေသည်"ဟု ဆို၏။
(ဇာတကပါဠိ၊ပ၊အကိတ္တိ-၂၆၆)

သတ္တိဂုမ္ဗ။ ။မိုက်သူ့လိမ္မာသူတို့နှင့်ပေါင်းရ၍ တိရစ္ဆာန်များပင် အမိုက်အလိမ္မာကွဲရပုံကို ထင်ရှားစေရန် ဝိသတိနိပါတ် သတ္တိဂုမ္ဗဇာတ်ကို ထုတ်နုတ်ပြဦးအံ့။ ရှေးအခါက တောအုပ်ကြီးအတွင်း လက်ပံတောတခု၌ ကျေးငှက်များနေခဲ့ရာ တနေ့ လေပွေလေပြင်းတိုက်ခတ်၍ အတောင်ပေါက်စ ကျေးငှက်ညီနောင်တို့ တကွဲတပြား လွင့်ပါးခဲ့ကြရ၏၊ တကောင်က ရသေ့သခ်မ်းကျောင်း ပန်းများအကြား၌ ကျ၍ ပုပ္ဖက အမည်ပေးကာ ရသေ့များ မွေးထားခဲ့၏။ တကောင်မှာကား ခိုးသားရွာ လက်နက်များ အကြား၌ကျ၍ သူခိုးများက သတ္တိဂုမ္ဗဟု အမည်ပေးမွေးခဲ့ကြ၏။

ပဉ္စာလမင်းကြီးသည် တောကစားထွက်ခဲ့ရာ ခရီးလွန်၍ ခိုးသားရွာအနီး ချောက်ကြီးတခုသို့အရောက် ရထားထိန်းနှင့်အတူ ရထားမှဆင်းကာ ရေမိုးချိုးပြီး အပန်းဖြေ အိပ်စက်နေခဲ့၏။ ခိုးသားများ

လည်း ဘုရင်မှန်းသိ၍ တိမ်းရှောင်နေခဲ့ရာ ထိုရွာ၌ ကျေးသားနှင့် အစောင့်တယောက်သာ ကျန်ခဲ့၏။ သတ္တိဂုမ္ဗက အစောင့်အား ဘုရင်ကို သတ်၍ အဝတ်တန်ဆာများ ချွတ်ယူပြီး သစ်ရွက်များဖြင့် ဖုံးအုပ်ထားရန် အကြံပေးရာ ဘုရင်ဖြစ်၍ မလုပ်သင့်ကြောင်း အစောင့်က ပြော၏။ သတ္တိဂုမ္ဗကား မကျေနပ်၊ "ခင်ဗျား ယခင်က မူးမူးရူးရူးနှင့် ကိုးဝါးခဲ့ပြီး ကျွန်ဘော့အမေ (ခိုးမူးကတော်) အဝတ်မရှိ သစ်ရွက်တွေ စပ်ဝတ်နေရမှ ခင်ဗျားသူခိုးအလုပ် စက်ဆုပ်နေရသလား" ဟု ကြိမ်း၏၊ မပျော်တချက် ပျော်တချက် ဖြစ်နေသောဘုရင်မှာ ထိုစကားများကို ကြားရသော် 'ဤအရပ်ကား ဘေးရန်မကင်းပါတကား' ဟု ရထားထိန်းအား ရထားအမြန်တပ်စေ၍ မောင်းနှင်စေခဲ့၏။ သတ္တိဂုမ္ဗမှာ သစ်ပင်တပင်မှ တပင်ကူးလျက် "သူခိုးတွေ ဘယ်မှာလဲ၊ ပဉ္စာလမင်းကြီး သွားပြီ၊ လေးမြား မှိန်း တွေ စွဲကိုင်ကြလော့၊ ပဉ္စာလမင်းကြီးအသက် လွတ်မပေးကြနှင့်" ဟု အဆက်မပြတ် ဟစ်အော်နူးဆော်လျက်ရှိ၏။ ဤသို့ဖြင့် မင်းကြီးလည်း ရသေ့ကျောင်းသို့ ရောက်ခဲ့ရာ မမျှော်လင့်သော ရှုခင်းတရပ်ကို ကြုံတွေ့ရ၏။

ပုပ္ဖကသုဝ။ ။ရသေ့ကျောင်း၌ ကျသော ပုပ္ဖကသုဝကား ဘုရင်ကို မြင်လျှင်ပင် ဖော်ရွေချိုသာစွာ နှုတ်ခွန်းဆက် ကြိုဆိုခဲ့၏၊ အရှင်မင်းမြတ် ကောင်းသော ကြွလာခြင်း ဖြစ်ပါပေသည်၊ အလိုရှိရာ အပိန့်ရှိတော်မူပါ၊ ဤသစ်သီးတွေထဲမှ ကောင်းနိုးရာရာ သုံးဆောင်တော်မူပါ၊ ချောက်ကြားမှ ခပ်ယူခဲ့သော အလွန်အေးမြသော ဤရေကိုလည်း သုံးဆောင်တော်မူပါ၊ ရသေ့အရှင်များ သစ်သီးရှာထွက်သွားကြပါ၏။ ကျွန်တော်မျိုး၌လည်း လက်မရှိ ဖြစ်၍ ကိုယ် တော်တိုင် ယူငင်သုံးဆောင်တော်မူပါ" ဟု ကျေးသား၏ ခရီးဦးကြိုဆို နှုတ်ဆက်ပုံကို အလွန်ကြည်ညိုလှ၍ ဤကျေးသား၏ တရားပြည့်ဝ ယဉ်ကျေးလှပုံကိုရင်း, ယခင် တွေ့ခဲ့ရသော ကျေးသား၏ ရက်စက်ကြမ်းကြုတ် ယုတ်မာလှပုံကိုရင်း ယုတ်ဖော်မြွက်ကြားခဲ့၏၊ ထိုအခါ ပုပ္ဖကသုဝက "အရှင်မင်းကြီး ကျွန်တော်မျိုးတို့ နှစ်ဦးမှာ တမိဝမ်းတွင်းမှ ဆင်းသက်လာသော ညီရင်းအစ်ကိုဖြစ်ကြပါသည်။ သတ္တိဂုမ္ဗက ခိုးသားများထံရောက်၍ ကျွန်တော်

မျိုးက ရသေ့များထံ ရောက်ပါသည်။ သူယုတ်မာထံရောက်ခြင်း သူတော်ကောင်းထံ ရောက်ခြင်းများသည်ပင် ကျွန်တော်မျိုးတို့နှစ်ယောက် ကွဲပြား ခြားနားရခြင်း အကြောင်းဖြစ်ပါသည်။ ခိုးသူတို့ထံမှာဆိုလျှင် သတ်ခြင်း, တုပ်နှောင်ခြင်း,လှည့်ပတ်ခြင်း, အနိုင့်အထက် လုယက်ခြင်း ဟူသော မကောင်းမှုများကိုသာ သင်ရပါသည်။ ဤရသေ့ကျောင်းမှာတော့ သစ္စာ, သုစရိုက်တရား, မေတ္တာ, သီလ, ဣန္ဒြေတို့ကို ဆုံးမခြင်းဟူသော ကောင်းမှုများသာ သင်ရပါသည်” ဟု ပြောပြီးလျှင် မင်းကြီးအား တရားဟောပြန်သည်။

ပုပ္ဖကသုဝတရား။ ။“အရှင်မင်းကြီး သူတော်ကောင်း, သူယုတ်မာ, သီလရှိသူ, မရှိသူ အကြင် အကြင်သူကို မှီဝဲပေါင်းသင်းအံ့၊ ထိုသူ၏အလိုအကြိုက်သာ လိုက်ပါမြဲဖြစ်ပါသည်။ အကြင်သို့သောသူကို မိတ်ဆွေပြု၏၊ ဆည်းကပ်ပေါင်းသင်း၏၊ ထိုသူလည်း သူ့လိုပင်ဖြစ်ပါတော့သည်။ အတူတကွ ပေါင်းသင်းခြင်းမည်သည်မှာ ထိုသို့သဘောရှိပါသည်။ အဆိပ်လူးသောမြှားသည် မြှားတောင့် (မြှားကျည်တောက်)ကို အဆိပ်လူးလဲ ပေကျံစေသကဲ့သို့ မမှီဝဲသင့်သောဆရာကို မှီဝဲသောတပည့်သည် မကောင်းမှုဖြင့် အလူးကျံခံရသည်ဖြစ်၍ ထိုလူးလဲလိမ်းကျံခံရမှုဘေးမှ ကြောက်သူသည် မကောင်းသော မိတ်ဆွေရှိသူ မဖြစ်သင့်ပါ။ ငါးပုပ်ကို သမန်းမြက်များဖြင့်ထုပ်လျှင် သမန်းမြက်တို့လည်း အပုပ်နံ့ လှိုင်သကဲ့သို့ သူမိုက်ကိုမှီဝဲခြင်းလည်း ဤနည်းအတူဖြစ်ပါသည်။ တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့်ထုပ်လျှင် ပေါက်ဖက်လည်း မွှေးရနံ့ကြိုင်သကဲ့သို့ ပညာရှိကို မှီဝဲခြင်းလည်း ဤနည်းပင် ဖြစ်ပါသည်။ ဤသို့ ဖက်ရွက်များပမာမိမိမှာ ထုံလာမည့် ကောင်း,မကောင်း အကျိုးကို သိလျက် သူယုတ်ကို ခွါ၍ ပညာရှိကိုသာ ပေါင်းသင့်ပါသည်၊ သူယုတ်တို့သည် ငရဲသို့ ရောက်တတ်၍ သူတော်ကောင်းများမှာ သုဂတိသို့ ရောက်တတ်ပါသည်။” (ဇာတကပါဠိ၊ပ၊သတ္တတိနိပါတ်-၃၂၈)

ဤ ပုပ္ဖကသုဝတရားမှာ လူမိုက်ကို ပေါင်းခြင်းအပြစ်, လူလိမ္မာကို ဆည်းကပ်ခြင်းအကျိုးကို အလွန်ပြည့်စုံစွာ ဖော်ပြခဲ့ရာ ကြည်ညိုဖွယ်ရာ

ပင်၊ ထိုတရားကို လေးစားသောအားဖြင့် မိမိ၏ ကြီးပွါးချမ်းသာရေးကို လိုလားသူတိုင်း လူမိုက်ကိုခွါ၍ ပညာရှိကိုသာ ဆည်းကပ်သင့်ပေသည်။

မင်္ဂလာ။ ။သူတပါးဆင်းရဲကြောင်း ဖန်တီးတတ်သူ လူမိုက် ဖြစ်ရခြင်း, ဒုဘဝ နောင်ဘဝ အကျိုးမဲ့ ဖြစ်ရခြင်းတို့ကြောင့် လူမိုက်ကို ပေါင်းခြင်းမှာ အမင်္ဂလာသာဖြစ်ပြီးလျှင် ထိုလူမိုက်ကို ရှောင်ခွါခြင်းမှာ အကျိုးမဲ့အမျိုးမျိုးမှလွတ်ကာ ချမ်းသာခြင်း အကြောင်းဖြစ်၍မင်္ဂလာ ဖြစ်ပေသည်။သူတော်ကောင်းနှင့်ပေါင်းသူမှာ မိမိလည်းသူတော်ကောင်း ဖြစ်ရ၍ ဒုဘဝ နောင်ဘဝ ဘေးကင်း ရန်ကင်း ချမ်းသာခြင်း အကျိုး ခံစားရမည် ဖြစ်သောကြောင့် ပညာရှိကို ပေါင်းခြင်းမှာ ကောင်းခြင်း မင်္ဂလာဖြစ်ပေသည်။ လူမိုက်ကို ပေါင်းသူ့ ပညာရှိကို မပေါင်းသူတို့၌ ဆို လတ္တံ့ မင်္ဂလာများတွင် ဘယ်မင်္ဂလာမှ ပြည့်စုံမည်မဟုတ်၊ ဤ မင်္ဂလာ နှစ်ပါးကား အားလုံးသော မင်္ဂလာများ၏ အခြေခံဖြစ်၍ ရှေးဦးစွာ ဟောတော်မူသည်။

ပူဇော်ထိုက်သူ။ ။[ပူဇာ စ အရဟာနံ ဧတံ မင်္ဂလမုတ္တမံ။ ။ပူဇာ၊ ပူဇော် ခြင်းကို။ အရဟာနံ၊ ထိုက်ကုန်၏။ ဧတံ၊ ထိုကြောင့်။ ပူဇနေယျာ၊ ပူဇနေယျမည်ကုန်၏။ 'ပူဇနာ' ပုဒ်နောင် 'အရဟတိ' အနက် ၌ 'ဏေယျ' ပစ္စည်းသက်။ 'ပူဇနီယ'ဟုလည်း ရှိ၏။ 'အနီယ' ပစ္စည်းဖြင့် ပြီးသည်။ 'အရဟ' အနက်၌ သက်သော အနီယ ပစ္စည်းဖြစ်၍ ပူဇော် ထိုက်သူများဟူသော အနက်ပင် ရသည်။]

ဒက္ခိဏေယျ=မြတ်သောအလှူကို ခံထိုက်သူဆိုလျှင် လှူသူ၌အကျိုး ကြီးမြတ်သည်၊ လှူသူအကျိုးကြီးလောက်အောင် အလှူခံ၌ ဂုဏ်များရှိ နေသည်ဟု အဓိပ္ပါယ်ရသကဲ့သို့ ပူဇော်ထိုက်သူ ဆိုရာ၌လည်း ပူဇော်သူ၌ အကျိုးခံစားရသည်၊ ပူဇော်သူများ အကျိုးခံစားရလောက်အောင် အပူ ဇော်ခံ ကိုယ်ဂုဏ်များ၌ ဂုဏ်ရှိနေသည်ဟုပင် အဓိပ္ပါယ်ရပါသည်။ထိုပူဇော် ထိုက်သူများကား ရတနာသုံးပါး, မိဘ, ဆရာ, အစ်ကို, အစ်မ, ဦးကြီး, ဦးလေး, အဒေါ် စသော အမျိုး၌ အသက်ကြီးသူများ, ယောက္ခမ,လင် ယောကျ်ား စသည်တို့ဖြစ်ကြ၏။ ရတနာသုံးပါး၌ ကိလေသာကင်းဝေး

စင်ကြယ်ခြင်း စသော ပူဇော်ထိုက်သော ဂုဏ်များရှိသကဲ့သို့ မိဘဆရာ စသည်တို့၌လည်း အရွယ်ကြီးရင့်သော ဂုဏ်, ကျေးဇူးဂုဏ်များ ရှိကြ၏။ မိဘ၏ကျေးဇူးကား အထူးပြောဖွယ်မရှိ၊ ကြီးမားလှဘိ၏။ အခြား အစ်ကို အစ်မ စသည်တို့လည်း မိမိကို ယုယစောင့်ရှောက်ကြ, ပေးကမ်း ကျွေး မွေးကြ, သင်ပြဆုံးမကြသည့် ကျေးဇူးရှင်များပင် ဖြစ်ကြသည်။

ပူဇော်ခြင်းအကျိုး။ ။ပူဇော်ထိုက်သူများကို ပူဇော်ခြင်းကြောင့် မျက်မှောက်ဘဝ၌ အသက်ရှည်ခြင်း စသောအကျိုး တမလွန်၌ သုဂတိဘဝရောက်ရခြင်း အကျိုးများကို ရနိုင်၏။ မှန်၏ စက္ကဝတ္တိသုတ်၌ မိဘကို လုပ်ကျွေးသူ, အမျိုး၌ ကြီးသူတို့ကို ပူဇော်ရိုသေ လေးစားသူတို့အား အသက်, အဆင်း, ခွန်အား, သုခ, ပညာ ဤငါးပါး တိုး ပွါးကြောင်း ဟောတော်မူ၏။ ပူဇော်ထိုက်သူတို့ကို ပူဇော်ရာ ခေတ်အခါ ၌ လူငယ်တို့၏ စေတနာ မေတ္တာ, လူကြီးတို့၏ မေတ္တာ ကရုဏာဓာတ်များ အရှိန်တက်လျက်ရှိ၏။ ထိုဓာတ်များကား ဗဟိဒ္ဓကိုလည်း ဓာတ်ခိုက်မြဲဖြစ်ရာ ရာသီဥတုညီမျှ မိုးလေသမှန်၍ အသီးအနှံကောင်းပြီး အစာအာဟာရတို့မှာ အဆီသြဇာပြည့်လျက်ရှိရ၏။ ထို့ကြောင့် ထိုခေတ်လူများ၌ ကျန်းမာ ခြင်းကြောင့် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ကိုယ်စိတ်နှစ်ပါး ချမ်း သာကြ၏၊ ခွန်းအားဗလပြည့်စုံကြ၏၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ အားရှိသောကြောင့် ပညာလည်း တိုးကြ၏။ ထို့ကြောင့် ပူဇော်ထိုက်သူ ကို ပူဇော်ခြင်းမှာ ကမ္ဘာသူ ကမ္ဘာသားတို့၏ တိုးတက်ကြီးပွါးကြောင်း ကောင်းမှုတရပ်ဖြစ်၍ မင်္ဂလာဆိုရသည်။

ပူဇာအရ။ ။'ပူဇာ'အရ အာမိသပူဇာ (=ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း) ပဋိပတ္တိပူဇာ(=အကျင့်ဖြင့် ပူဇော်ခြင်း) ဟု ပူဇော်ခြင်းနှစ် မျိုးရှိ၏။ ပဋိပတ္တိပူဇာကို 'ဓမ္မပူဇာ' ဟုလည်း ဆိုရ၏။ ပူဇာတိ သက္ကာရ-ဂရုကာရမာနနဝန္ဒနာ =ပူဇာဆိုသည်မှာ ကောင်းစွာပြုခြင်း, အလေးအ မြတ်ပြုခြင်း, မြတ်နိုးခြင်း, ရှိခိုးခြင်း တည်း-ဟု အဋ္ဌကထာဖွင့်၏။ ဆွမ်း, ခဲဖွယ်, ပန်း, ရေချမ်း ဆီမီး စသော အာမိသဖြင့် ပူဇော်ခြင်းသည်လည်း ကောင်းစွာပြုမှု အလေးအမြတ်ပြုမှု မြတ်နိုးမှုပင် ဖြစ်၏။ အကျင့်ပဋိပတ်ကို

ကျင့်ခြင်းသည်လည်း မြတ်စွာဘုရားစသည်၌ ကောင်းစွာ ပြုခြင်း အလေးအမြတ်ပြုခြင်း,မြတ်နိုးခြင်းများပင်။ ဆရာမိဘအဆုံးအမကို မလိုက်နာသူမှာ ဆရာမိဘကို မြတ်နိုးသူမဟုတ်၊ အဆုံးအမအတိုင်း လိုက်နာသူသာ ဆရာမိဘအပေါ် ကောင်းစွာ ပြုသူ,အလေးအမြတ်ပြုသူ,မြတ်နိုးသူဖြစ်၏။ ထို့အတူ ဘုရားအဆုံးအမ ပဋိပတ်ကို လိုက်နာကျင့်ကြံသူမှာ ဘုရားကို ကောင်းစွာ ပြုသူ,အလေးအမြတ်ပြုသူ,မြတ်နိုးသူဖြစ်၍ ပူဇော်ခြင်းပင်ဖြစ်၏။ ဤ၌'ဝန္ဒနာ'ဟူသည် လက်အုပ်ချီမိုး ရှိခိုးခြင်း, ရှိခိုးပါ၏ဟု နှုတ်မြွက်ဆိုခြင်းမျှသာမက ပဋိပတ္တိ'ပူဇာ'ကိုလည်း 'ဝန္ဒနာ'ပင်ဆိုရ၏။ 'ဝန္ဒနာ' ဟူသည် ဂုဏ နိန္နတာ(=ဂုဏ်၌ ညွတ်ကိုင်းခြင်းဖြစ်ရာ အကျင့် ကျင့်သူမှာ ဘုရားဂုဏ်၌ ညွတ်၍သာ ဖြစ်၏။ ဂုဏ်၌ မညွတ်သူသည် တရားကို ဘယ်မှာ ကျင့်ပါအံ့နည်း။ ထို့ကြောင့် တရားကျင့်သူမှာ ဘုရားရှိခိုးခြင်း တမျိုးပင် ဆိုရ၏။

ဂေါတမီထေရီဂါထာ၌ "အမြဲကြိုးစား အားထုတ်ကြသော အယူသီလ တူမျှသည့် သာဝကဗုဒ္ဓတို့ကို တွေ့မြင်ရလျှင် ဤမြင်ခြင်းမှာ ဗုဒ္ဓတို့အား ရှိခိုးခြင်းတည်း" ဟု ဆိုရ၏။ သမ္မာသမ္ဗုဒ္ဓ, သာဝကဗုဒ္ဓတို့၏ လောကုတ္တရာဓမ္မတို့ကို ကိုယ်တွေ့သိရလျှင် ထိုဗုဒ္ဓတို့၏ ဓမ္မဂုဏ်၌ ညွတ်ကိုင်းခြင်းဖြစ်၍ ဝန္ဒနာမည်သည့်အဖြစ်ကို အဋ္ဌကထာအရ သိရ၏။ ဤအချက်ဖြင့် မဂ်ဖိုလ်ကိုရခြင်း,နိဗ္ဗာန်ကို ကိုယ်တွေ့မြင်ရခြင်းသည် ရှိခိုးခြင်းတို့တွင် အကောင်းဆုံး အမြတ်ဆုံးဖြစ်သော ရှိခိုးခြင်းဟု သိနိုင်ပါသည်။

ကောင်းမြတ်သော ပူဇော်ခြင်း

ပရိနိဗ္ဗာန်စံရာ ညောင်စောင်းထက်၌ စံနေသော ဗုဒ္ဓရှင်တော်သည် ထိုအချိန် နတ် ဗြဟ္မာတို့၏ လွန်လွန်ကဲကဲ ပူဇော်ကြပုံတွေ မြင်ရသောအခါ အရှင်အာနန္ဒာအား "အာနန္ဒာငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေး၊ လောကုတ္တရာတရား ကိုးပါးရကြောင်း တရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံး ပူဇော်ခြင်းမည်ကြောင်း"ဟောတော်မူခဲ့၏။ (ဒီ-၂-၁၁၄)

တရံတခါ မြတ်စွာဘုရားသည် ပန်းကလေးတပွင့် အလှူကိုပင် အကြီးအကျယ်ချီးမြှောက် ဟောကြားတော်မူခဲ့၏။ ယခုအကြီးအကျယ် ပူဇော်မှုကိုပင် နှိမ့်ချခဲ့သည်မှာ သာသနာနှောင်ရေးအတွက်ဖြစ်၏။ ပစ္စည်းတွေကျောင်းကန်တွေ ဘယ်မျှပင်လှူလှူ ထိုအရာများက သာသနာအရှည်တည်အောင် မစွမ်းနိုင်၊ ကျင့်ကြံ၍ မဂ်ဖိုလ်ရသူတွေ ဆက်ကာ ဆက်ကာ တိုးပွါးလာမှ သာသနာအရှည်ခံ၍ တည်တံ့နိုင်သည်။ ထို့ကြောင့် နှောင်သာသနာ အရှည်တည်ရေး ကြိုးပမ်းကြစေလို၍ ဓမ္မပူဇာကို ဤမျှမြှောက်စား ဟောကြားတော်မူခဲ့သည်။

ဘုရားချီးမွမ်းခံရသူများ။ ။မြတ်စွာဘုရား နောက်လေးလ အကြာတွင် ပရိနိဗ္ဗာန် စံတော့မည်ဟု သိရသောအခါ ရဟန်းတော်အများမှာ သောကပရိဒေဝ ဖြစ်ကြ၏။ ဘယ်သို့ ပြုရမည်နည်းဟု ကြံစည်ဆွေးနွေးကာ ဘုရားအနားမှ မခွါနိုင်ဖြစ်ကြရ၏။ အတ္တဒတ္တ,တိဿ,ဓမ္မာရာမ-ရဟန်းတော်သုံးပါးမှာကား "ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မည်၊ ငါတို့မှာလည်း အာသဝ မကုန်သေး၊ ဘုရားရှင်မကွယ်မီ အာသဝ ကုန်အောင် ကြိုးစားရတော့မည်" ဟု တပါးချင်းခွဲကာ တရားသာ အားထုတ်နေကြ၏။ ရဟန်းများက ထိုရဟန်းများ ဘုရားရှင်ကိုအရေး မစိုက်ကြောင်း လျှောက်သောအခါ ဘုရားရှင် ခေါ်မေးတော်မူ၍ အကြောင်းသိရသဖြင့် ချီးကျူးတော်မူခဲ့၏။ "ငါဘုရားကို အာမိသပူဇာဖြင့် ပူဇော်ရုံမျှနှင့် ငါဘုရားအပေါ်မှာ ချစ်ရာမရောက်၊ ဓမ္မပူဇာဖြင့် ပူဇော်မှသာ ငါဘုရားအပေါ်မှာ ချစ်ရာရောက်သည်"ဟု မိန့်တော်မူကြောင်း ဓမ္မပဒအဋ္ဌကထာ၌ လာ၏၊ ထို့ကြောင့် မိမိသာသနာ အရှည်တည်ရေး, မိမိတပည့်သာဝကများ ကောင်းစား ချမ်းသာရေးအတွက် ဘုရားရှင်လိုလားတော်မူသော ဓမ္မပူဇာခေါ် အကောင်းဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကာ ဘုရားတပည့်ဗုဒ္ဓဘာသာ အစစ်များ ဖြစ်နိုင်ကြရန် ကြိုးစားကြပါလေ။ (ဓမ္မပဒ ဋ္ဌ-၂-၁၀၂၊၁၇၃၊၃၆၄)

---

(၁၅) ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

(၁၅) ဧဝံပုတ္တ၊ နတ်သား။ ယော ပတိရူပဒေသဝါသော စ၊ အကြင်သင့်လျော်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်ရင်း။ ပုဗ္ဗေ၊ ရှေးရှေး ဘဝ၌။ ယာ ကတပုညတာ စ၊ အကြင်ပြုခဲ့ဘူးသည့် ကောင်းမှု ရှိသောသူ၏ အဖြစ်သည်ရင်း။ ယော အတ္တသမ္မာပဏိဓိ စ၊ အကြင် ကိုယ်စိတ် နှစ်ပါးကို ကောင်းစွာထားခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤတရား သုံးမါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာ ပေတည်း။

စကားပြေ– နတ်သား၊ သင့်လျော်သော အရပ်၌နေရခြင်း, ရှေးရှေး ဘဝက ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်း, ကိုယ်စိတ်နှစ်ပါး ကို ကောင်းစွာထားခြင်း၊ ဤသုံးပါးမှာ ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည်။

သင့်လျော်သောအရပ်။ ။မိမိအကျိုး ဆုတ်ယုတ်မည့်အရပ်, အကျိုးမဲ့ ဖြစ်စေတတ်သော အရပ်များသည် နေအပ် သော သင့်လျော်သော အရပ်မဟုတ်၊ အကျိုးစီးပွါး ဖြစ်ထွန်းမည့် အရပ်, တိုးတက်ကြီးပွါးနိုင်သော အရပ်သာ နေအပ် နေထိုက်သော သင့်လျော်သောအရပ် ဖြစ်သည်။ ဘုရားသာသနာ ထွန်းကားဆဲအခါ၌ လူတိုင်းအဖို့ အကောင်းဆုံး အကျိုးစီးပွါး အစစ်အမှန်မှာ မဂ်ဖိုလ်နိဗ္ဗာန် သာဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်မှ မရတတ်, မရသေးလျှင် ထိုမဂ်ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုများပင်တည်း။ ထို့ကြောင့် အကောင်းဆုံး အကျိုး ဖြစ်ထွန်းနိုင်သောအရပ်ကိုသာ ပတိရူပအဖြစ်ဖြင့် အဋ္ဌကထာ၌ သတ်မှတ်ပြခဲ့၏။ ထိုအရပ်များကား ပရိသတ်လေးပါး ထင်ရှားရှိရာ အရပ်, ပုညကိရိယာဝတ္ထုကောင်းမှု ဖြစ်နိုင်သောအရပ်, သာသနာထွန်း ကားရာအရပ်နှင့် မဇ္ဈိမဒေသ စသည်တို့ဖြစ်သည်။

လောကရေးအတွက်။ ။ဆိုခဲ့ပြီး အဋ္ဌကထာအရ ပတိရူပဒေသမှာ ဓမ္မ အရေးကို အလေးပေး ဖွင့်ဆိုခဲ့ခြင်း ဖြစ်၏။ လောကရေး အတွက်လည်း ပတိရူပဖြစ်, မဖြစ် စိစစ်ရွေးချယ်ရပေမည်။

စီးပွါးရေး, ပညာရေး, ကျန်းမာရေး, အေးချမ်းသာယာရေး စသည်တို့၌ သင့်, မသင့် အရပ်များလည်းရှိ၍ အရေးအရာလိုက်ကာ နေအပ် မနေအပ် အရပ်ဖြစ်ရသည်။ မိမိအလုပ်အကိုင်နှင့် မလျော်သောအရပ်မှာ စီးပွါးရေးအတွက် မသင့်လျော်သောအရပ်တည်း။ ကျောင်းမရှိ ဆရာမရှိသောအရပ် ဆိုလျှင် ပညာရေးအတွက် မနေအပ်သော အရပ်ဖြစ်၏။ ရာသီဥတု ဆိုးဝါးခြင်း, ဆေးဆရာမရှိခြင်း စသည်ဖြင့် ကျန်းမာရေးအတွက် မနေအပ်သော အရပ်လည်း ရှိ၏။ လူဆိုးသူဆိုး ပေါများသော အရပ်မှာ အေးချမ်းသာယာမှု မရှိတတ်၍ မနေအပ်။ ထို့ကြောင့် သာသနာ ထွန်းကား၍ ပညာ, ဥစ္စာ ကျန်းမာရေးစသည် မဆုတ်ယုတ် တိုးတက်ကြီးပွါး ထွန်းကားနိုင်သော အရပ်မှာ ပတိရူပဒေသ ဖြစ်လေသည်။

နီတိအဆို။ ။နီတိဆရာများက "အကြင်အရပ်၌ မြတ်နိုးသူမရှိ, အသက်မွေးဝမ်းကျောင်းအလုပ်မရှိ, ဆွေမျိုးမိတ်ဆွေမရှိ, ပညာရခြင်းမရှိ၊ ထိုအရပ်ကို ခွါရှောင်ရမည်"ဟု ဆိုကြ၏။ "ဥစ္စာရှိသူ ဝေဒကျမ်းတတ်ဆရာ, မင်း, မြစ်, ဆေးဆရာ မရှိရာအရပ်၌ မနေရ" ဟုလည်း ဆိုကြ၏။ တဖန် "အသက်မွေးဝမ်းကျောင်းမှု, ကြောက်ဟတ်ခြင်း, ရှက်တတ်ခြင်း, သိကြားလိမ္မာခြင်း, စွန့်ကြဲပေးကမ်းခြင်း ငါးပါးမရှိရာအရပ်၌ မနေရ"ဟုရင်း "ကြွေးပေးသူ, ဆေးဆရာ, ဝေဒကျမ်းတတ်, ရေရှိသောမြစ် ဤလေးပါးမရှိရာ၌ မနေအပ်" ဟုရင်း ဆိုကြ၏။ အားလုံးခြုံကြည့်လျှင် ဆိုခဲ့ပြီး စီးပွါးရေး ပညာရေး, ကျန်းမာရေး, ချမ်းသာရေးမရှိသော အရပ်၌ မနေရဟု ဆိုခြင်းပင်ဖြစ်၏။

မင်္ဂလာ ဖြစ် မဖြစ်။ ။သင့်လျော်သောအရပ်၌ နေရခြင်းမှာ လောကရေး ဓမ္မရေး နှစ်ဖက်လုံး၌ တိုးတက်ထွန်းကား ကြီးပွါးရေးဖြစ်ရာ မင်္ဂလာဖြစ်လေသည်။ သို့သော် ပတိရူပဒေသ၌ နေရသော်လည်း ရထိုက်သောအကျိုးကို မရသူမှာ မင်္ဂလာဖြစ်သည်ဟု မဆိုရ။ လူတဦးသည် သာသနာလည်း ထွန်းလင်းခြင်းရှိ၍ လောကရေးဖက်ကလည်း အဆင်ပြေလှသော ဒေသ၌ နေရလျက် မိမိက ဆိုးမိုက် ပေတေနေသဖြင့် လောကဖက်မှလည်း ဘာမျှ အမြတ်မထွက်, ဓမ္မဖက်မှလည်း ဘာမျှ

အသွားမတတ်လျှင် ထိုသူအဖို့ အမည်သာ ပတိရူပဒေသဝါသဖြစ်၍ မင်္ဂလာဖြစ်သည်ဟုကား မဆိုထိုက်။ မင်္ဂလာဟူသည် ကောင်းကျိုးရသော အမှုအဖြစ်များ၏ အမည်သာဖြစ်သည်။ အင်္ဂုတ္တရ၌ မင်္ဂလာအခွင့်အခါ မဟုတ်သော အက္ခဏရှစ်ပါးလာရာ ၎င်းတို့မှာ- ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, လူရိုင်းများ, မိစ္ဆာဒိဋ္ဌိ, ပညာမဲ့သူနှင့် ဘုရားမပွင့်ရာ အခါ များ ဖြစ်ကြ၏။ ထိုတွင် မိစ္ဆာဒိဋ္ဌိ, ပညာမဲ့သူများ၌ ပတိရူပ ဒေသ၌ပင် ဖြစ်ရစေကာ မင်္ဂလာမရဖြစ်ခဲ့ရာ ဒေသမျှသာမက ပုဂ္ဂိုလ်ကလည်း ထိုထို အကျိုး ရရန် ပတိရူပ ဖြစ် မဖြစ် ရှိရသေးသည်။

ငရဲ တိရစ္ဆာန်၊ ပြိတ္တာတို့ခွင်၊ အသညသတ်၊ လူရိုင်းရပ်ဟူ၊ အယူမှားဘိ၊ ဉာဏ်မရှိနှင့်၊ မုနိမပွင့်၊ မင်္ဂလာခွင့်၊ မသင့် ခါရှစ်မျိုး။

အကျိုးရှိပါစေ။ ။မြတ်စွာဘုရားသည် သာဝတ္ထိပြည် မြောက်တံခါးအနီး ရွာ၌ ဆွမ်းခံပြီးနောက် ကြွတော်မူခဲ့ရာ တံငါသည်တဦးနှင့် တွေ့၍ အမည်မေးသောအခါ အရိယာမည်ကြောင်း လျှောက်၏။ ထိုအခါ သတ္တဝါတို့ကို ညှဉ်းဆဲတတ်သူမှာ အရိယမဖြစ်နိုင်ကြောင်း၊သတ္တဝါတို့ကို မညှဉ်းဆဲမသတ်ဖြတ် သနားကြင်နာတတ်သူကိုသာ အရိယဟုခေါ်ကြောင်း ဟောတော်မူရာ တံငါအရိယမှာ သောတာပန်ဖြစ်ခဲ့သည်ဟု ဓမ္မပဒအဋ္ဌကထာ၌ လာ၏။ ဤ၌ အရိယသည် တံငါဖြစ်လျက် ပတိရူပဒေသ၌ နေရခြင်းအကျိုးကို ထူးခြားစွာခံစားခဲ့ရ၏။ (ဓမ္မပဒ ၄ ၂-၂၅၁)

ရှင်ဒေဝဒတ်နှင့် ဆဗ္ဗဂ္ဂီအချို့မှာ အထက်တန်းရဟန်းတော်တွေ ဖြစ်နေရပါလျက် မင်္ဂလာဖိုလ်မရ ဆုံးရှုံးခဲ့ရသည့်အပြင် တမလွန် အတွက်လည်း မသက်မသာ ဒုက္ခတွေ့ကြရ၍ ပတိရူပဒေသ၌ နေရခြင်းအကျိုးကို မခံစား ကြရရှာ။ ဤအချက်များက ပတိရူပဒေသ၌ ဖြစ်လာရသောမိမိတို့ အား ကြုံလာသော အခွင့်အခါနှင့် သင့်လျော်သူများဖြစ်အောင် ကြိုးစား ကြဖို့ရာ သတိပေးလျက် ရှိပေသည်။

ပုဗ္ဗေစကတပုညတာ။ ။ယခုဘဝ၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း,ပညာ တတ်ခြင်း ရုပ်အဆင်းလှပခြင်း, အစိုးရခြင်း, အခြွေ အရံ ပေါများခြင်း စသော သမ္ပတ္တိ(=ပြည့်စုံမှု) မှန်သမျှမှာ ရှေးကောင်း

မှုကြောင့် ဖြစ်ရ၏။ ထိုအချက်များမှ တချက်ဖြစ်စေ, ထို့ထက် အလွန် ဖြစ်စေ ပြည့်စုံနေသူကား ကောင်းမှုရှင်ပင်တည်း။ ဆင်းရဲမွဲတေခြင်း,ဉာဏ် ပညာ ကင်း ညှံ့ဖျင်းခြင်း, အရုပ်ဆိုးခြင်း, သူ့အစေအပါး ဖြစ်ရခြင်း စသည်မှာ ကောင်းမှု မရှိခဲ့၍ ဖြစ်ရသော ကျက်သရေမဲ့မှုများပင်၊ ဆိုခဲ့ပြီး သမ္ပတ္တိ (=ပြည့်စုံမှု) များမှာ တကယ့်ဂုဏ်ကျက်သရေများပင်ဖြစ်၍ ထိုသမ္ပတ္တိ လက်ရှိပုဂ္ဂိုလ်များကား ကျက်သရေရှိသူများ ဖြစ်ကြရသည်။ ဤအရာ၌ ကျက်သရေဆိုသည်မှာ ဘာကိုဆိုလိုသည်ဟု ဆိုခွင့် ရှိလာပြန်သည်။

သိရီ(ကျက်သရေ)။ ။ကျက်သရေဟူသည်မှာ ပါဠိလို 'သိရီ'ဖြစ်ရာ ထိုသိရီပုဒ်ကို "သိရီတိ ပညာ ပုညာနံ အဓိဝစနန္တိ ဝဒန္တိ= သိရီ ဟူသည်မှာ ပညာနှင့် ကောင်းမှုတို့၏ အမည်ဖြစ်ကြောင်း ဆရာတို့ဆိုသည်" ဟု မူလဋီကာဖွင့်၏။ ကောင်းမှုဟူရာ၌ ရှေးကောင်းမှု, ယခုဘဝကောင်းမှု နှစ်မျိုးလုံးပင် ယူနိုင်၏။ ယခုဘဝ၌ မကောင်းသော အပြော, အပြု စိတ်ထား ရှိနေသူမှာ ကျက်သရေ မဲ့သူသာတည်း။ ကောင်းသော ကိုယ်, နှုတ်, စိတ်ထားရှိနေသော ကောင်းမှုရှင်မှာ ကျက်သရေရှိလျက်သာ။ ကျက်သရေမင်္ဂလာဟု တွဲသုံးလေ့လည်းရှိရာ ဤမင်္ဂလသုတ်လာ မင်္ဂလာရှိသူများမှာ ကျက်သရေရှိသူများပင် ဖြစ်ပေသည်။

ကျက်သရေအနက်တမျိုး။ ။ဆရာတို့အဆို၌ ကောင်းမှုဆိုသည်မှာ ကာရဏဝေါဟာရ(=အကြောင်းအသုံးအနှုန်းမျိုး)သာ, သိရီ ဟု မှုချယူရန်မှာ ထိုကောင်းမှုကြောင့် ဖြစ်လာသော သမ္ပတ္တိများသာ ဖြစ်သည်ဟူသော အာဘော်ဖြင့် သိရီအနက်ကို တနည်း ဖွင့်ပြလိုပြန်၍ "အထဝါ ပုညနိဗ္ဗတ္တာ သရီရသောဘဂ္ဂါဒိသမ္ပတ္တိ ကတပုညေ နိဿယတိ, ကတပုညေဟိ ဝါ နိဿီယတီတိ သိရီတိ ဝုစ္စတိ"ဟု မူလဋီကာဖွင့်ခဲ့သည်။ ။အထဝါ၊ တနည်းကား။ ပုညနိဗ္ဗတ္တာ၊ ကောင်းမှုကြောင့်ဖြစ်လာရသော၊ သရီရသောဘဂ္ဂါဒိသမ္ပတ္တိ၊ခန္ဓာကိုယ်၏ တင့်တယ်ခြင်းစသော ပြည့်စုံမှုကို။ ကတပုညေနိဿယတီတိ၊ ကောင်းမှုပြုခဲ့သူကို မှီတတ်

သောကြောင့်ရင်း။ ကတပုညေဟိ ဝါ နိဿိယတီတိ၊ ကောင်းမှုပြုသူတို့က မှီအပ်သောကြောင့်ရင်း။ သိရီတိ ဝုစ္စတိ၊ သိရီဟု ဆိုအပ်၏။ (မူလဋီ၁၊၉)

ဤအလို ရှေးကောင်းမှုကြောင့်ဖြစ်ရသော ကိုယ်လုပတင့်တယ်ခြင်း, အစိုးရခြင်း, အခြွေအရံများခြင်း, ပစ္စည်းပေါခြင်း, ပညာကြီးခြင်း စသော သမ္ပတ္တိအမျိုးမျိုးကို 'သိရီ' ဟု ဆိုရ၏။ လောကတွင် ပုဂ္ဂိုလ်၌ တရားရှိနေ၍ တရားက ပုဂ္ဂိုလ်ကို မှီသည်ဟုရင်း, ပုဂ္ဂိုလ်က တရားကို အားကိုးတခု အမှီ ပြုရသောကြောင့် ပုဂ္ဂိုလ်က တရားကို မှီအပ်သည်ဟုရင်း ဆိုရသကဲ့သို့ ဤ၌လည်း ကျက်သရေကို ပုဂ္ဂိုလ်၌ မှီတတ် ပုဂ္ဂိုလ်က မှီအပ်သော သဘောအဖြစ် နှစ်မျိုးဆိုခဲ့သည်။

သိရီ–ကို ယသ ဝိဘဝ=အကျော်အစောနှင့် စည်းစိမ်ဟုရင်း, ပုည= ကောင်းမှုဟုရင်း, ပရိဝါရသမ္ပတ္တိ=အခြွေအရံပြည့်စုံခြင်းဟုရင်း, ဣဿရိယ =အစိုးရခြင်းဟုရင်း, ပဘာ =အရောင် ဟုရင်း ဤသို့ စသည်ဖြင့် အရာ အားလျော်စွာ အဘိဓာန်တို့၌ ဖွင့်ပြသည်ကို တွေ့ရ၏။ ထိုအဖွင့်များ အရ သမ္ပတ္တိများသာ ဖြစ်ရာ မူလဋီကာ၏သမ္ပတ္တိအမျိုးမျိုးဟူသော အနက်ကို ထောက်ခံလျက်ရှိသည်။ ထို့ကြောင့် သိရီ(=ကျက်သရေ)ကို ယခုဘဝကောင်းမှုမင်္ဂလာများနှင့် ရှေးကောင်းမှု, ယခုဘဝဉာဏ်အား, လုံ့လအားတို့ကြောင့် ရလာဖြစ်လာသော သမ္ပတ္တိအမျိုးမျိုး အကျိုးဂုဏ် များကို သိရီဟု ဆိုအပ်တော့သည်။ သက်မဲ့အရာဝတ္ထုတို့၌လည်း ကျက်သရေအသုံးရှိခဲ့၏။ ဥပမာ အလွန် လှပသော ပန်းကလေးတွေ တွေ့ရလျှင် ကျက်သရေရှိလိုက်တာ ဟု ဆိုကြ၏။ ထို ကျက်သရေဆို သည်မှာလည်း ထိုပန်းကလေးတွေ၏ သမ္ပတ္တိဂုဏ်ပင် ဖြစ်တော့သည်၊ ထို့ကြောင့် သက်မဲ့ အရာဝတ္ထုတို့၌လည်း ဥတုဗီဇစသည်ကြောင့်ရင်း, အခြားပြုပြင် စီမံဖန်တီးမှုအမျိုးမျိုးကြောင့်ရင်း ဖြစ်လာရသော သမ္ပတ္တိ ဂုဏ်အင်အမျိုးမျိုးကိုပင် 'ကျက်သရေ' ဟု ဆိုရခြင်းဖြစ်ပါသည်။

ကျက်သရေ ပြောင်း။ ။သမ္ပတ္တိအမျိုးမျိုးကို သိရီဆိုလျှင် ဒုကနိပါတ် သိရီ ဇာတ်အဖွင့်၌ ကျက်သရေ ပြောင်းသည်ဆိုသော စကားကို အဘယ်သို့ ဆိုမည်နည်းဟု ဆိုရန်ရှိပြန်၏။ အနာထပိဏ်သူဌေး

ကြီးထံ ကျက်သရေခိုးမည်ဟု ကျက်သရေ လက္ခဏာ နားလည်သော ပုဏ္ဏားတယောက် ရောက်လာ၏။ ကျက်သရေ ဘယ်မှာရှိသလဲဟု ကြည့်သော် သူဌေးကြီး၏ကြက်ဖြူကြီးအမောက်၌ တည်နေသည်ကို တွေ့ရ၏။ ကြက်ဖြူကြီးကို တောင်းသော် သူဌေးကြီးက ယူတော့ဟု ဆိုလိုက်လျှင်ပင် ကျက်သရေသည် ပတ္တမြားရတနာ၌ ရောက်သွားတော့သည်၊ ပတ္တမြားကို တောင်းပြန်သော် တောင်ဝှေးသို့ ရောက်သွား၏၊ တောင်ဝှေးကို တောင်းပြန်သောအခါ ကျက်သရေမှာ ပုညလက္ခဏာဒေဝီမည်သော သူဌေးကတော်ကြီးသို့ ပြောင်းသွားခဲ့၏။ ထိုသို့ သူဌေးကတော်ကြီးသို့ ရောက်သောအခါ ဤ ပစ္စည်းကား မတောင်းထိုက်သော အရာဖြစ်သည်ဟု လက်လျှော့ကာ မိမိသည် ဤပစ္စည်းများကို လိုချင်၍ မဟုတ်, ကျက်သရေခိုးရန်လာခြင်း ဖြစ်၍ မိမိတောင်းသော ပစ္စည်းမှ ကျက်သရေမှာ ပြောင်းပြောင်း သွားကြောင်း အမှန်အတိုင်းပြောကာ ပစ္စည်းများမယူပဲ ပြန်သွားလေ၏။

လက္ခဏာသာ ၊ ။ဤ၌ ကျက်သရေဆိုသော်လည်း ကျက်သရေတိုးကြောင်း အမှတ်လက္ခဏာတမျိုးကိုပင် ဆိုသည်ဟု ယူရန်ရှိ၏။ လောက၌ မည်သည့် တိရစ္ဆာန်ကို မွေးလျှင် စီးပွါးဖြစ်တတ်သည်ဟု ရှိ၏။ ဘယ်ကျောက်မျိုးကို ဆောင်လျှင် စည်းစိမ်တိုးသည်ဟုလည်း ရှိ၏။ ထို တိရစ္ဆာန်များ, ကျောက်များမှာ စီးပွါးတိုးကြောင်း လက္ခဏာရှိနေ၍ အဆောင်ကောင်းဖြစ်ရ၏။ ထို့အတူ ကျက်သရေတိုးကြောင်း အဆောင်ကောင်းများအဖြစ် လက္ခဏာများရှိနေသည်ကို ဆိုပါသည်။

ထိုလက္ခဏာ ပြောင်းသည် ဆိုသော်လည်း ကူး၍ သွားသည်ဟု ဆိုလိုဟန်မရှိ၊ ဤမှ ကျက်သရေလက္ခဏာ ပျောက်ကွယ်၍ တခြား၌ လက္ခဏာအသစ်ဖြစ်ပေါ်သည်ဟု ဆိုလို၏။ထိုအရာသည် အဆောင်ကောင်း အဖြစ်တည်နေရန် ထူးခြားသော အရောင်အသွေး စသော အမှတ်အသား ထင်ရှားလာသည်ဟု ဆိုဖွယ်ရှိ၏။ လူ၏လက်ဘဝါး၌ပင် လက္ခဏာများ ပျောက်ကွယ်မှု, အသစ်ပေါ်လာမှုများဖြစ်တတ်သည်။ လောက၌ အချို့သဘာဝများနှင့် ထိုသဘာဝကို နားလည်သော ပညာများကား

ဆန်းကြယ်၏။ ထိုသဘာဝများကို သိသောအသိဉာဏ်မျိုးရှိသူကို ထိုဉာဏ် မိမိ၌ မရှိ၍ မသိသောကြောင့် မဟုတ်နိုင်ဟုကား တထစ်ချ မဆိုထိုက်ပေ။

သိရိဇာတ်။ ။ဆိုခဲ့ပြီး ပုဏ္ဏားအကြောင်းကို သူဌေးကြီးက ဘုရားရှင်အား လျှောက်ထားခဲ့ရာ ရှေးက ကျက်သရေပြောင်းခဲ့ဘူးပုံ သိရိဇာတ်ကို ဟောတော်မူ၏။ ထင်းခွေသမား တယောက်သည် တောထဲ၌ ထင်းခွေပြီး ပြန်လာရာ မြို့တံခါးပိတ်ပြီးမှ ရောက်လာ၍ မြို့ပြင် နတ်စင်၌ အိပ်ရ၏။ နတ်စင်အနီးသစ်ပင်၌ ဘေးမဲ့လွှတ်ထားသောကြက်များ အိပ်တန်းတက်ခဲ့ရာ အပေါ်ကြက်က အောက်ကြက်အပေါ် မစင်စွန့်ချ၍ ကြက်ချင်း ရန်ဖြစ်ကာ အစွမ်းပြိုင်ကြ၏။ အောက်ကြက်က "မိမိအသား မီးကျီးမှာ ကင်စားလျှင် တမနက်အတွင်း ငွေတထောင် ရနိုင်သည်"ဟု ဆို၏။ အပေါ်ကြက်က ဤမျှဖြင့် မမောက်စမ်းပါနှင့်၊ ငါ့အတွင်းသား ဆူဆူဖြိုးဖြိုးတွေ စားရလျှင် ဘုရင်ဖြစ်နိုင်သည်၊ အပြင်သားစားရလျှင် ယောကျ်ားမှာ စစ်သူကြီး, မိန်းမမှာ မိဖုရားဖြစ်နိုင်သည်၊ အရိုးကပ်နေသော အသားကို စားလျှင် လူမှာဘဏ္ဍာစိုး, ရဟန်းမှာ မင်းဆရာဖြစ်နိုင်သည်"ဟုဆို၏။ ထိုအသံကို ကြားရသော ထင်းခွေသမားသည် "ရှင်ဘုရင် ဖြစ်မှာဆိုလျှင် ငွေတထောင် ဘာလုပ်ရမလဲ"ဟု အပေါ်ကြက်ကို တက်ဖမ်းယူခဲ့၏။

အမွေးနုတ် ဝမ်းတွင်းရှင်းလင်းပြီးလျှင် မယားအား ချက်ခိုင်း၏၊ ပြီးစီးသောအခါ "ဤအသားသည် တန်ခိုးကြီးလှသည်၊ ရေမိုးချိုးပြီးမှ စားကြစို့ 'ဟု ထမင်းအုပ်ထဲထည့်ကာ မြစ်သို့သွားပြီးလျှင် ကမ်းဘေးချထားလျက် ရေချိုးကြ၏၊ ထိုအခိုက် လေပြင်းမုန်တိုင်းကျလာရာ ထမင်းအုပ်လည်း လှိုင်းရိုက်၍ မျောပါသွားခဲ့၏၊ ထင်းခွေသည် လင်မယားလည်း ထွက်ပြေးခဲ့ကြရ၏။

ထိုထမင်းအုပ်မှာ မြစ်အောက်၌ ဆင်ရေချိုးပေးနေသော ဆင်ဆရာ့ထံ ရောက်သွား၍ ဖွင့်ကြည့်သော် ကြက်သားဟင်း ဖြစ်ကြောင်းသိ၍ တံဆိပ်နှိပ်လျက် မိမိလာမှဖွင့်ရန်မှာကာ အိမ်သို့ ပို့ခိုင်းလိုက်၏၊ ဆင်ဆရာ၏ဆရာ ဒိဗ္ဗစက္ခုရသော့လည်း မိမိဒကာ၏ အခြေကို ကြည့်သော် ဆိုခဲ့ပြီးအဖြစ်အပျက်များကို မြင်ရ၍ အိမ်သို့ ကြွတင်လာနေခဲ့၏။ ဆင်ဆရာလည်း အိမ်

ပြန်ရောက်သောအခါ ထမင်းအုပ်ကို ရသေ့အား ကပ်စေ၏၊ ရသေ့က ဤဟင်းကို မိမိစိမံမည် ဆိုကာ အဆုတ် အသည်းစသော အတွင်းသားတွေကို ဆင်ဆရာအတွက်ရင်း, အပြင်သားတွေကို ဆရာကတော် အတွက်ရင်း ခွဲဝေပေး၍ မိမိမှာ အရိုးကပ်နေသော အသားကို သုံးဆောင်၏။

ကိုနောက်"သုံးရက်မြောက်လျှင် ဘုရင်ဖြစ်လိမ့်မည်၊ မမေ့မလျော့နှင့်" ဟုမှာကြားကာ ရသေ့လည်း ကြွသွား၏။ သုံးရက်မြောက်သောအခါ တိုင်းတပါးက ဘုရင်တပါး လာရောက်စစ်တိုက်ရာ ရှင်ဘုရင်က မိမိအသွင်ကို ဆင်ဆရာအား ယူစေ၍ မိမိက စစ်သည်တွေအကြား မထင်ရှားသော အသွင်ဖြင့်တိုက်ရာ လက်နက်မှန်၍ ဘုရင်ကျဆုံးခဲ့၏၊ ဆင်ဆရာလည်း ဆက်တိုက်ရာ အောင်မြင်၍ ဘုရင်အဖြစ် ရောက်ခဲ့ရသည်။ (ဇာတကဋ္ဌ- ၂၊၃၆၉)

အတ္တသမ္မာပဏိဓိ။ ။[အတ္တ၊ စိတ်ကို။ ဝါ၊ အလုံးစုံသော ကိုယ်အတ္တဘောကို။ သမ္မာ၊ ကောင်းစွာ။ ပဏိဓိ၊ ထားခြင်း။] စိတ်မကောင်းသူ၌ ကိုယ်လည်းမကောင်း, နှုတ်လည်းမကောင်း၊ စိတ်ကောင်းရှိနေလျှင် ကိုယ်အပြုအမူလည်း ကောင်း၍ နှုတ်အပြောလည်း ချောမောတော့သည်။ စိတ်သည် ပဓာနဖြစ်၍ "အတ္တာတိ ဝုစ္စတိ စိတ္တံ=စိတ်ကို အတ္တဟုဆိုအပ်၏ဟု အဋ္ဌကထာဖွင့်သည်။ ဤအလို အတ္တသမ္မာပဏိဓိ= စိတ်ကို ကောင်းစွာထားခြင်းဟု ဆိုသည်။ အတ္တသဒ္ဒါ အလုံးစုံသော ကိုယ်အတ္တဘောကိုလည်း ဟော၏။ အလုံးစုံသောကိုယ်အတ္တဘောကို ကောင်းစွာထားသည်ဆိုလျှင် စိတ်လည်း ပါသွားသည်သာ။ ထို့ကြောင့် "သကလော ဝါ အတ္တဘာဝေါ=တကိုယ်လုံးကိုသော်လည်း အတ္တ"ဟု ဆိုအပ်ကြောင်းဖွင့်၏။ ဤအနက်နှစ်မျိုးလုံးကို ယူ၍ ကိုယ်စိတ်ကို ကောင်းစွာထားခြင်းဟု ဆိုခဲ့၏။

ကောင်းစွာထားပုံ။ ။အဋ္ဌကထာ၌ သဒ္ဓါမရှိလျှင် သဒ္ဓါရှိအောင်, သီလမရှိသေးလျှင် သီလရှိအောင်, မစ္ဆရိယဖြစ်နေလျှင် စာဂ(=လှူဒါန်းခြင်း)ဖြစ်အောင် ပြုခြင်းကို အတ္တသမ္မာပဏိဓိ-ဟုဆို၏။ မကောင်းသောအကြံ အပြုအမူ, အပြောအဆိုများ မဖြစ်အောင် ဖြစ်

လာလျှင်လည်း ပယ်ရှား၍ စိတ်ထား အပြုအမူ အပြောအဆိုများကို ကောင်းအောင်ပြုမှုကို အတ္တသမ္မာပဏိဓိဟု ဆိုရ၏။ လောကရေးနှင့် ဆိုလျှင် မကျန်းမမာ မဖြစ်ရအောင် ကျန်းမာရေး လုံလောက်အောင် အစားအသောက် အနေ အထိုင် ဆင်ခြင်ခြင်း၊ စီးပွါးရေး ပညာရေး စသည်၌ ပျင်းရိခြင်း ဆုတ်နစ်ခြင်း မဖြစ်စေပဲ ကြိုးစားအားထုတ်ခြင်း စသည်ဖြင့် မိမိကိုယ်စိတ်ကို ကောင်းစွာ ပြုပြင်ပေးခြင်း အားလုံးနှင့် ဆိုင်သည်။ ဤအတ္တသမ္မာပဏိဓိကား လွန်စွာအရေးပါလှ၏။ ဤမင်္ဂလာပြည့်စုံလျှင် မင်္ဂလာ အတော်များများ ပြည့်စုံလျက် ရှိတော့သည်။ ရှေးဘဝက ကုသိုလ်မရှိသူ ဖြစ်စေကာမူ ယခုဘဝ၌ အတ္တသမ္မာပဏိဓိရှိလျှင် တိုးတက်ချမ်းသာနိုင်၍ နောင်ဘဝ၌လည်း ကောင်းသွားပေတော့မည်။ ရှေးဘဝကလည်း ကုသိုလ်ပါ၊ ယခုဘဝမှာလည်း ဤမင်္ဂလာ ရှိလျှင်ကား ဆိုဖွယ်ရာမရှိ၊ ရှေးကကောင်း၍ ယခုကောင်း၊ ယခုကောင်းတော့ နောင်လည်းကောင်း၊ အကောင်းချည်းသာဖြစ်ကာ စဉ်လည် သွားတော့မည် သာတည်း။

လူ့အဆင့်အတန်းမှီရေး။ ။"မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ=မကောင်းသောစိတ်ထားသည် ထိုစိတ်ရှိသူကို ယုတ်ညံ့ ဆိုးဝါးသူဖြစ်အောင် ပြုတတ်သည်"။ "သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ=ကောင်းသော စိတ်ထားသည် ထိုသူကို အထက်တန်းကျသူဖြစ်အောင် ပြုသည်"၊ ဤဓမ္မပဒ (၁၉) အရ အထက်တန်းကျသူ၊ အောက်တန်းကျသူအဖြစ်ကို အတ္တသမ္မာပဏိဓိ ရှိ၊ မရှိက သတ်မှတ်ပေးလျက်ရှိသည်။ အတ္တသမ္မာပဏိဓိရှိလျှင် လူ့အဆင့်အတန်း ရှိ၍၊ မရှိလျှင် လူဟု ခေါ်ရုံမျှသာဖြစ်လျက် လူ့အဆင့်အတန်းမမှီဟုလည်း ဆိုရ၏။ မှန်၏၊ မနုဿ၏အနက်မှာ စိတ်ထားမြင့်မြတ်သူဟုဖြစ်ရာ အတ္တသမ္မာပဏိဓိ မရှိသူ၌ ထိုအနက် ဘယ်မှာ ရောက်နိုင်ပါမည်နည်း။ တိရစ္ဆာန်များ၌ မနာလိုခြင်း၊ ဝန်တိုခြင်း၊ လောဘ ဒေါသကြီးခြင်းများ လွန်ကဲလျက်ရှိရာ ထိုစိတ်မျိုးတွေပါးအောင် နည်းအောင်ပြုခြင်းဖြင့် တိရစ္ဆာန်

နှင့်မတူ လူ့ အဆင့်အတန်းမှီအောင် ကြိုးစားသင့်ပေ၏။ မေတ္တာကရုဏာကင်း အချင်းချင်းအပေါ် စိတ်ထား မကောင်းကြ၍ လူအချင်းချင်း တဦးနှင့်တဦး, တသင်းနှင့်တသင်း, တဖွဲ့နှင့်တဖွဲ့ မတည့်မစပ် ကွဲပြားလျက်ရှိရာ အတ္တသမ္မာပဏိဓိ ရှိကြလျှင်ကား အချင်းချင်း လည်ဖက်နိုင်ကာ အေးချမ်းသာယာသော လူ့လောကဖန်တီးနိုင်မည်ဖြစ်၍ လောကသာယာရေး၌ ဤအတ္တသမ္မာပဏိဓိမှာ အရေးပါလှပေသည်။

မှန်ကြည့်သလို။ ။ဤအတ္တသမ္မာပဏိဓိ ဖြစ်ဖို့အရေး၌ မဇ္ဈိမပဏ္ဏာသ-ရာဟုလောဝါဒသုတ်၌ အရှင်ရာဟုလာအား မြတ်စွာဘုရား ဆုံးမသော အဆုံးအမတော်ကို လိုက်နာသင့်၏။ "ကိမတ္ထိယော အာဒါသော=မှန်သည် ဘာ အကျိုးရှိသနည်း" ဟု ဘုရားရှင် မေးတော်မူသော် "ပစ္စဝေက္ခဏတ္ထော ဘန္တေ=ဆင်ခြင်ခြင်း အကျိုးရှိပါသည်" ဟု အရှင်ရာဟုလာ ဖြေ၏။

မှန်ကြည့်သည်မှာ မိမိဝတ်ပုံ, ဆင်ပုံ, ဖီးလိမ်းတုံးဖွဲ့ပုံ, အချိုးကျ, မကျကောင်း, မကောင်း မိမိမျက်နှာနှင့် ကိုယ်ပေါ်မှာ အစွန်းအပြစ်များ ရှိ, မရှိ-စသည်ကို သိရအောင်ဖြစ်သည်။ ထို့ကြောင့်ပင် ဆင်ခြင်ခြင်းအကျိုးရှိသည်ဟု လျှောက်ခြင်းဖြစ်၏။ ထို့နောက် မြတ်စွာဘုရားက ရာဟုလာ ထိုမှန်ကြည့်သကဲ့သို့ပင် ဆင်ခြင်၍ ကာယကံမှုပြုရမည်၊ ဆင်ခြင်၍ ဝစီကံမှုပြုရမည်၊ ဆင်ခြင်၍ မနောကံမှုပြုရမည်" ဟု ဆုံးမဟောကြားတော်မူ၏။ မိမိကိုယ်နှုတ် စိတ်ထားများကိုပညာမှန်ပြင်တွင် တင်ကာ တင်ကာ ကောင်း မကောင်းကြည့်၍ မကောင်းလျှင် ကောင်းအောင် ပြင်ပေးရမည်ဟု မိန့်တော်မူလိုရင်းဖြစ်ပေသည်။ (မဇ္ဈိမပဏ္ဏာသ ရာဟုလောဝါဒသုတ်-၇၈)

စက်လေးပါး။ ။ဤမင်္ဂလာသုံးပါးတွင် သပ္ပုရိသူပနိဿယ (=သူတော်ကောင်းတို့ကို မှီခိုရခြင်း) ထည့်လျှင် စက်လေးပါး ဖြစ်တော့သည်။ ဤစက်လေးပါးနှင့် ပြည့်စုံသူမှာ စည်းစိမ်ဥစ္စာ တိုးတက်နိုင်ကြောင်း, အခြံအရံ အကျော်အစော ချမ်းသာသုခတို့ကို ရနိုင်ကြောင်း စတုက္ကင်္ဂုတ္တရ စက္ကဝဂ် (၃၄၁) ၌ ဟောတော်မူ၏။ သင့်လျော်သော အရပ်၌ နေရခြင်း, ရှေးကောင်းမှုရှိခြင်း, သူတော်ကောင်းကို အမှီ

ရခြင်း,မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊ ဤလေးပါးနှင့်ပြည့်စုံသော သူမှာ နောက်ဘဝ၌လည်း ပြည့်စုံတတ်၏။ ဤသို့ဖြင့် အဆက်မပြတ် လည်သွားတတ်၍‘စက္က=စက်’ဟု ဆိုရ၏။

ဤလေးပါးတွင် ပုဗ္ဗေကတပုညတာသည် ပမာဏလိုရင်းဖြစ်၏။ ဉာဏသမ္ပယုတ်စိတ်ဖြင့် ကုသိုလ်ပြုသောသူကို ထိုဉာဏသမ္ပယုတ်စိတ်က ပတိရူပအရပ်သို့ ပို့ပေး၏။ သူတော်ကောင်းအမှီရအောင် စီမံပေး၏။ မိမိကိုယ်စိတ်ကို ကောင်းစွာထားသူဖြစ်အောင် ပြုပေး၏။ ဤသို့ စတုကင်္ဂုတ္တရနှင့် ဒီဃနိကာယ် သင်္ဂီတိသုတ် အဋ္ဌကထာများ၌ ပိန့်၏။

စိတ်မချရသေး။ ။ဆိုခဲ့ပြီးအချက်များမှာ တကယ်ပါရမီပြည့်စုံပြီးသော ပစ္ဆိမဘဝိကတို့အတွက်သာ လုံလောက်ရာ၏၊ သာမန်ကောင်းမှုရှင်များ၌ကား စိတ်မချရသေး။ ရှင်ဒေဝဒတ်သည် ပတိရူပ၌လည်းဖြစ်ရ,တကယ့်သပ္ပုရိသ ဘုရားရှင်ကိုလည်း မှီရ၏၊ ရှေးကောင်းမှုလည်း ရှိခဲ့သည်သာ။ သို့သော်အတ္တသမ္မာပဏိဓိပျက်ကာ အကျိုးမဲ့ ဆုံးရှုံးခဲ့ရရှာ၏။ အဇာတသတ်လည်း ကောင်းမှုရှင် တဦးပင်။ ဖခင် သောတာပန် သူတော်ကောင်းကို မှီရပါလျက် ရှင်ဒေဝဒတ်နှင့် အပေါင်းမှားကာ အတ္တသမ္မာပဏိဓိပျက်ခဲ့၍ နစ်နာရရှာသည်။ ဤအချက်များကား ပုထုဇ္ဇနဂတိ၏ စိတ်မချရသည့်အဖြစ်ကို ဖော်ပြလျက်ရှိရာ ပုထုဇ္ဇနဂတိမှ စိတ်ချရသောအရိယဘူမိသို့ ရောက်ရေး အလေးပေးကာ ကြိုးစားသင့်ကြောင်း သတိပေးလျက်ရှိပေသည်။

---

(၁၆) ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ’မုတ္တမံ။

(၁၆) ဒေဝပုတ္တ၊ နတ်သား။ ယံ ဗာဟုသစ္စဉ္စ၊ အကြင် များသော အကြားအမြင်ရှိသူ၏ အဖြစ်သည်၎င်း။ ယံ သိပ္ပဉ္စ၊ အကြင် လက်မှုပညာ တတ်မြောက်ခြင်းသည်၎င်း။ သုသိက္ခိတော၊ ကောင်းစွာသင်အပ် ကျင့်အပ်သော။ ယော ဝိနယော စ၊ အကြင် ကိုယ်ကျင့် ဝိနည်းတရားသည် ၎င်း။ သုဘာသိတာ၊ ကောင်းစွာ ပြောဆိုအပ်သော။ ယာ ဝါစာ စ

အကြောင်း စကားသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

မင်္ဂလာလေးပါးစကားပြေ— နတ်သား၊ အကြားအမြင် များခြင်း, လက်မှုပညာတတ်မြောက်ခြင်း, ကိုယ်ကျင့် ဝိနည်းကိုသင်ခြင်း ကျင့်ခြင်း, စကားကို ကောင်းမွန်စွာ ပြောဆိုခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။

ဗာဟုသစ္စ။ ။[ဗဟုဿုတဿ ဘာဝေါ ဗာဟုသစ္စံ။ ။ဗဟုဿုတဿ၊ များသော အကြားအမြင် ရှိသောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဗာဟုသစ္စံ၊ များသော အကြားအမြင် ရှိသောသူ၏ ဖြစ်ကြောင်း။ ဗဟုဿုတပုဒ်၊ ဘာဝအနက်၌ ဏျပစ္စည်း၊ မောဂ္ဂလ္လာန်၌ ဒုတိယ ဉ-ကို အ-ပြု၍ သံယုဂ်အစ သ-ကို ချေ၍ ဗာဟုသစ္စဟု ပြီးစေ၏။ ရူပသိဒ္ဓိကား ဉ-ကိုသာ အ-ပြု၍ သ-ကိုကား မချေ၊ ရူပသိဒ္ဓိအလို ဗာဟုဿစ္စ-ဟု သ သံယုဂ်နှင့် ရှိရမည်။]

စာပေပညာ။ ။အကြားအမြင် ဆိုသည်မှာ နာယူလေ့လာ ထားသော စာပေကျမ်းဂန်များပင်ဖြစ်ရာ ဗာဟုသစ္စအရ စာပေ ပညာတတ်မြောက်မှုကိုယူ။ ရှေးက ဝိဇ္ဇာ, သိပ္ပဟု ပညာနှစ်မျိုး ခွဲရိုးရှိခဲ့ရာ ဝိဇ္ဇာကို နှုတ်မှုပညာဟု ဆိုခဲ့ကြ၏။ ဝေဒလေးပုံစသော တဆဲ့ရှစ်ရပ် အတတ်များပင်။ ထိုခေတ်အရဆိုလျှင် ဗာဟုသစ္စအရ ထိုဝိဇ္ဇာခေါ် ကျမ်းဂန်တတ်မြောက်မှုဟု ဆိုရမည်ဖြစ်၏။ သို့ရာတွင် ယခုအခါ မြန်မာ နိုင်ငံ တက္ကသိုလ်များ၌ သတ်မှတ်ထားသော ဝိဇ္ဇာခေါ် အတတ်များမှာ ရှေးကထက် ပိုမိုများပြား၍ နက်နဲသော ပညာရပ်များလည်း ပါဝင်လေသည်။

အကန်းနှင့် မျက်မြင်။ ။နီတိဆရာတို့က "ယုံမှား သံသယကို ပယ်ဖျောက်တတ်, မျက်ကွယ်ဖြစ်သော အကျိုးစီးပွါးကို ပြတတ်သော ကျမ်းဂန်များမှာ လူခပ်သိမ်းတို့၏ မျက်စိဖြစ်ရာ ကျမ်းဂန်

မျက်စိမရှိသူမှာ အကန်းသာ တည်း”ဟု ဆိုကြ၏။ စာပေကျမ်းဂန်များမှ မျက်မှောက်အကျိုး, တမလွန်အကျိုး အမျိုးမျိုးကို သိရသည်ဖြစ်ရာ စာပေတတ်ခြင်းဖြင့် လောကရေး ဓမ္မရေး၌ နည်းမှန် လမ်းမှန်သို့ လိုက်ကာ ဘေးကင်း ရန်ကင်း ချမ်းသာခြင်းသို့ ရောက်ကြရ၏။ စာမတတ်သူကား စမ်းတဝါးဝါး အရမ်းသွားရသလိုဖြစ်ရာ မှားတလှဲ မှန်တခါဖြစ်ကာ နစ်နာတတ်၏။ အန္ဓ (=နှစ်ဖက်ကန်း), ဧကစက္ခု(=တဖက်မြင်), ဒွိစက္ခု (=နှစ်ဖက်မြင်)ဟု ပုဂ္ဂိုလ်သုံးမျိုးရှိခဲ့ရာ ဤလောကအကျိုး တမလွန် အကျိုး နှစ်မျိုးလုံး နားမလည်သူမှာ အန္ဓဖြစ်သည်။ ဤဘဝအကျိုး အတွက်သာ သိသူကား ဧကစက္ခုတည်း။ နှစ်မျိုးလုံးသိသော် ဒွိစက္ခု ဖြစ်၏။ မိမိ နှစ်ဖက်မြင် ဖြစ်ရေးအတွက် ဒွိစက္ခုကို မှီခိုရမည်။ ဤအချက် ကို တိကဂုတ္တရ၌ ဟောတော်မူ၏။ စာပေပညာတတ်သူမှာ ဒွိစက္ခုတည်း။ (အံ ၁-အန္ဓသုတ်-၁၂၆)

ရတနာ။ ။“ပညာ နရာနံ ရတနံ=ပညာကား လူတို့၏ရတနာ ဖြစ်သည်” ဟု ဘုရားရှင် ဟောတော်မူ၏။နီတိဆရာတို့ကလည်း ‘အလုံး စုံသော ဥစ္စာတို့တွင် ပညာတည်းဟူသော ဥစ္စာသာ အမြတ်ဆုံးဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် လူလည်း မခိုးနိုင်၊ အဖိုးလည်း မဖြတ်နိုင်၊ပေးလို သုံးလို့လည်း မကုန်နိုင်သောကြောင့်တည်း”ဟု ဆိုကြ၏။ ပညာသည် နှစ်သက်ဖွယ်ရတနာ ဖြစ်သောကြောင့်ပင် ပညာရတနာ အဆင်ရှိသူမှာ ပွဲလယ်ပြင်ပ ဘယ်နေရာ ဌာနမှာမဆို လူအများ ရှုချင်ဖွယ် တင့်တယ် သူ ဖြစ်ရ၏။ ပညာမတတ်သူများကား အများအလယ်တွင် မထင်ရှား မြုပ်ကွယ်လျက်ရှိရသည်မှာ ရတနာမဲ့၍ မတင့်တယ်သောကြောင့်တည်း။ နီတိဆရာတို့က“ရုပ်ဆင်းတင့်တယ် နုနယ်ပျိုမျစ် အမျိုးကောင်းသူဖြစ်စေ ပညာမတတ်မူ ရနံ့ကင်း၍ ညှီဖျင်းသော ပေါက်ပန်းသဖွယ် မတင့်တယ်” ဟုရင်း, “ဆရာတို့ထံ နည်းမခံ ကျမ်းဂန်မသင်ကြား မတတ်မြောက်သူမှာ ဟင်္သာများအလယ် ဗျိုင်းသဖွယ်သို့ မတင့်တယ်”ဟုရင်း ဆိုကြ၏။

ပညာရှိသူမှာ ရတနာဆင်ထားသကဲ့သို့ ထင်ရှားတင့်တယ်ခြင်း, အများမှီခိုရာ ဖြစ်ခြင်း, ကျော်စောခြင်း, အခြွေအရံများခြင်း, ဥစ္စာ

စည်းစိမ်ရခြင်း စသော လောကကျိုးခံစားရသည့်အပြင် ပညာဖြင့် သိရသော လိုက်နာဖွယ်, ရှောင်ရှားဖွယ်များကို လိုက်နာ ရှောင်ရှားခြင်းဖြင့် သုဂတိဘဝ ရောက်ရခြင်း စသော တမလွန်အကျိုးလည်း ခံစားရ၏။ ထို့ကြောင့် ပညာဗဟုဿုတ ရှိခြင်းမှာ မင်္ဂလာ ဖြစ်ပေသည်။

ကျင့်လည်း ကျင့်မှ။ ။ပညာဗဟုဿုတ ရှိနေရုံမျှဖြင့် တကယ့်မင်္ဂလာ မဖြစ်သေး၊ သိသည့်အတိုင်း ကျင့်သူ၌သာ မင်္ဂလာ ဖြစ်သည်။ ကပိလရဟန်းသည် ပိဋကတ် သုံးပုံဆောင် စာချဆရာကြီး ဖြစ်၏။ မိမိ ပညာကြောင့် အခြွေအရံများခြင်း လာဘ်လာဘပေါများခြင်းကို အကြောင်းပြု၍ မာန်တက်ခဲ့ရာ တရားကို မတရား မတရားကို တရား အမှားမှား အယွင်းယွင်း ပြောဆို ပြုမူခဲ့ခြင်းကြောင့် မိမိပညာ ဗဟုဿုတများမှာ ကောင်းကျိုးအတွက် မဖြစ်တော့ပဲ အဝီစိငရဲရောက်ဖို့ အတွက်သာ ဖြစ်ရတော့သည်။

"ကျမ်းဂန်အများအပြား သင်ထားပါလျက် လူမိုက် ဖြစ်တတ်၏။ ကျမ်းဂန်ဆိုတိုင်း ကျင့်သူသာ ပညာရှိ ဖြစ်သည်။ နှိုင်းချိန် စဉ်းစား ကောင်းစွာ ဖော်စပ်ထားသော ဆေးသာ လူနာတို့၏ ရောဂါကို ပျောက်အောင်ပြုနိုင်၏။ ဆေးအမည်ကလေးမျှဖြင့် ရောဂါပျောက်အောင် မပြုတတ်။" ဤနိတိကား မကျင့်သူ၌ ပညာဗဟုဿုတတို့ အကျိုးမများသည်ကို ပြ၏။ ဤသဘောကို စတုက္ကင်္ဂုတ္တရ အပ္ပဿုတသုတ် (၃၁၂)၌လည်း ဟောတော်မူ၏။ အကြားအမြင် နည်းလျက် သုတနှင့် မပြည့်စုံသူ အကြားအမြင် နည်းလျက် သုတနှင့် ပြည့်စုံသူ အကြားအမြင်များလျက် သုတနှင့် မပြည့်စုံသူ အကြားအမြင်လည်းများ သုတနှင့်လည်း ပြည့်စုံသူ ဟု ပုဂ္ဂိုလ်လေးမျိုး ဟောခဲ့၏။ အကြားအမြင် နည်းသော်လည်း မိမိ သိသလောက် ကျင့်သူမှာ သုတနှင့် ပြည့်စုံသူဖြစ်ရ၏။ အကြားအမြင် များသော်လည်း မကျင့်လျှင် သုတနှင့် မပြည့်စုံသူပင်။ 'အလိမ္မာ စာမှာ ရှိ'ရာ ထိုအလိမ္မာကို ကိုယ်မှာရှိအောင် ပြုသူကား ရှားပါးလှ၏။ အလိမ္မာ ဂုဏ်သည် နှစ်သက်ဖွယ်ရတနာပင်ဖြစ်ရာ ထိုအလိမ္မာကို ကိုယ်မှာ ရှိအောင်ပေးခြင်းဖြင့် အများနှင့်မတူ တမူထူးအောင် ပြုကျင့်သင့်ပေသည်။

အားလုံးကောင်းပါစေ။ ။တချို့က "စာအုပ်ထဲမှာ ရှိနေသားပဲ"ဟု ကျက်မှတ်ဆောင်ထားမှတ်သားမှုမပြုလို၊ ထိုသူများမှာ စာမတတ်သူနှင့် မထူးလှ။ "စာအုပ်ထဲမှာရှိသော ပညာ, သူတကာလက်ထဲမှာ ရှိနေသော ဥစ္စာတို့ကား ပညာလည်းမဟုတ်, ဥစ္စာလည်းမမည်"ဟု နီတိဆရာတို့ အဆိုရှိ၏။ မည်သည့်စာပေမဆို ကျေပွန်နိုင်နင်းအောင် လေ့လာသင့်၏။ ထိုသို့ မဟုတ်ပဲ တော်သလို လျော်သလို လေ့လာထားလျှင် အကျိုးမသက်ရောက်တတ်၊ ကျမ်းဂန်အဆို မရောက်တတ်ခြင်း လွန်သွားခြင်း စသော အကျိုးမဲ့ပင် ဖြစ်တတ်သေး၏။ ပညာဆည်းပူးရာ၌ ရည်ရွယ်ချက်လည်း ကောင်းရ၏။ သူတပါးကို တိုက်ခိုက်ဖို့ မော်ကြွားဖို့စသော မကောင်းသော စိတ်ထားဖြင့် သင်သောပညာမှာ မင်္ဂလာမဖြစ်တတ်။

အလောင်းတော်များသည် သတ္တဝါအများအပေါ်၌ အကျိုးစီးပွါးလိုလားသော စိတ်ထားရှိကြရာ ထိုစိတ်ထားကြောင့်ပင် အလောင်းတော်တို့ ပညာမှာ သတ္တဝါတို့အကျိုးအတွက် ဖြစ်ရသည်။ မိမိအမျိုးသားများအတွက် ထိုထက် တတ်နိုင်လျှင် တကမ္ဘာလုံး ကောင်းစားရေးအတွက် ရည်ရွယ်ချက်မျိုး ထား၍ ကြိုးစားလျှင် ပညာပါရမီမြောက်၏။

မူလပဏ္ဏာသ အလဂဒ္ဒူပမသုတ် (၁၀၆)၌ မြွေဖမ်းပုံ သင်ကြားနည်း ဟောတော်မူ၏။ မြွေကို ကိုယ်၌ဖြစ်စေ အမြီး၌ဖြစ်စေ မကောင်းသဖြင့် ဖမ်းလျှင် မြွေကိုက် သေနိုင်၏။ ဆိတ်ခွါသဏ္ဌာန် အခွရှိသော ဒုတ်ဖြင့် မိမိရရ ဖိနှိပ်ကာ ဖမ်းလျှင် မြွေကိုက်မခံရ။ ထို့အတူ ကောင်းစွာ သင်ယူအပ်သော တရားမှာ အကျိုးရှိ၍ စိတ်ကောင်းဖြင့် သင်ယူမထား ရည်ရွယ်ချက်မှားလျှင် အကျိုးယုတ်တတ်ကြောင်း ဟောတော်မူ၏။

ပညာသည် အကျိုးမယုတ်။ ။အနည်းငယ်မျှသော ပညာပင်ဖြစ်စေ တချိန်မှာ အကျိုးပေးတတ်သည်သာ၊ ထို့ကြောင့် အယုတ်အလတ် အမြတ်မရွေး အားလုံးသင်သင့် သင်ထိုက်လှပေသည်။ ရှေးအခါက ဗာရာဏသီပြည်သား လုလင်တယောက်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ရန် ရောက်လာ၏။

ဝတ်တရား အလွန်ကျေပွန်သော တပည့်ဖြစ်၍ ဆရာကြီးက ကြိုးစား သင်ပေးသော်လည်း ဉာဏ်လေးလှ၍ သင်မရဖြစ်ရခဲ့၏။ ဆရာကြီးသည် သူ့ကို တောထဲခေါ်သွားပြီးလျှင် မန္တန်တခု သင်ပေး၏။ ထိုမန္တန်ကား "ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ ဇာနာမိ" ဟု ဖြစ်၏။ မြန်မာလိုကား "မင်း တိုက်ခိုက်ဖို့ ကြိုးစားနေတယ်၊ ကြိုးစားနေ တယ်၊ ဘာကြောင့် ကြိုးစားနေရသလဲ ? ထိုအချက်ကို ငါသိတယ်၊ ငါ သိတယ်ပင် ဖြစ်သည်၊ အခေါက် ရာပေါင်းများစွာဆိုစေပြီး ရလောက် သော် "မင်း ဤမန္တန်ကို မမေ့အောင် အမြဲရွတ်လေ။ ဤမန္တန်ကို အမှီပြု၍ အသက်မွေးနိုင်လိမ့်မည်" ဟုဆိုကာ လမ်းစရိတ်ပေး၍ လွှတ်လိုက်၏။

ထိုလုလင်သည် ဗာရာဏသီပြည် မိမိအိမ်သို့ ပြန်ရောက်ပြီးနောက် တညသောအခါ ဗာရာဏသီမင်းသည် မြို့ကို စုံစမ်းရန် ရုပ်ဖျောက် လှည့် လည်လျက်ရှိ၏။ ထိုအခိုက် သူခိုးတို့သည် အိမ်နှစ်အိမ်ကို ဖောက်ထွင်းရန် အိမ်နှစ်ခုကြား ဥမင်တူးနေသည်ကိုတွေ့ရာ ဘုရင်လည်း အိမ်ရိပ်၌ ကွယ်၍ ရပ်နေ၏။ ဥမင်ပေါက်၍ အိမ်တွင်းသို့ ရောက်သောအခါ တက္ကသိုလ်ပြန် လုလင်သည် နိုး၍ "ဃဋ္ဋေသိ ဃဋ္ဋေသိ" စသော မန္တန်ကို ရွတ်၏။ သူခိုး များ ကြောက်လန့်တကြား ခါးဝတ်ပင် ကျွတ်ကျကာ ထွက်ပြေးကြရ၏။ ဘုရင်သည် အိမ်ကိုမှတ်သား၍ ပြန်လာပြီးနောက် နံနက်လင်းသောအခါ ထိုလုလင်ကို ခေါ်ခိုင်း၏။ လုလင်ရောက်သောအခါ ထိုမန္တန်ကို သင်ပေး ရန် အမိန့်ရှိသော် နေရာတကနေ၍ သင်ယူရန်လျှောက်၏။ ဘုရင်လည်း သူ့အလိုအတိုင်း သင်ယူပြီးနောက် ဆရာအဖြစ် ငွေတထောင်ပေးလိုက်၏။

ထိုအခါ စစ်သူကြီးသည် ဆတ္တာသည်အား ငွေတထောင် ပေးကာ "ဘုရင်၏ မုတ်ဆိတ်ကိုရိတ်သောအခါ သင်တုန်းဓားဖြင့် ဘုရင့်လည်ကို လှီးသတ်ပါ၊ ငါဘုရင်ဖြစ်လျှင် မင်း စစ်သူကြီး ဖြစ်ရမည်" ဟု ဆိုသော် ဆတ္တာသည်လည်း ကတိပြုခဲ့၏။ ဘုရင်၏ မုတ်ဆိတ်ကို ရိတ်ရသောနေ့၌ မုတ်ဆိတ်ကို နံ့သာရေဖြင့် ဆွတ်ပြီးနောက် ဓားကို စမ်းကြည့်သော် အသက်လိုနေသေး၍ တချက်တည်းအပြတ်လှီးရန် သွေးဦးမှပဲဟု ဓားကို သွေးနေ၏။ ထိုအခိုက် ဘုရင်က မိမိသင်ယူထားသောမန္တန်ကို သတိရ၍

ရှိတ်၏။ မန္တန်မှာ "မင်း တိုက်ခိုက်ဖို့ ကြိုးစားနေတယ်, ကြိုးစားနေတယ်၊ ဘာကြောင့် ကြိုးစားနေရသလဲ ? ထိုအချက်ကို ငါသိတယ် ငါသိတယ်" ဟု ဖြစ်ရာ ဆတ္တာသည်မှာ ငါ့အကြောင်း ဘုရင်သိထားပြီဟု ဘုရင့်ခြေရင်း ဝပ်စင်းကာ ခွင့်လွှတ်ချမ်းသာပေးရန် တောင်းပန်တော့သည်။ ဘုရင် စစ်ဆေး၍ စစ်သူကြီးက ခိုင်းသည်ကို သိရသောအခါ စစ်သူကြီးအား တိုင်းပြည်မှနှင်ထုတ်လိုက်သည်။ မိမိအား မန္တန်သင်ပေးသော ဆရာလုင်ကို ခေါ်ပြီးလျှင် ဆရာ့ကိုအမှီပြု၍ ငါအသက်ရှင်ရသည်ဟုဆိုကာ စစ်သူကြီး အရာ အပ်နှင်း ချီးမြှောက်ခဲ့လေသည်။ (ဓမ္မပဒ-ဋ္ဌ ၁-၁၅၉)

သိပ္ပ။ ။"သိပ္ပံ နာမ ယံ ကိဉ္စိ ဟတ္ထကောသလ္လံ=လက်ဖြင့် ပြုရသော တတ်မြောက်မှု မှန်သမျှသည် သိပ္ပမည်၏" ဟူသော အဋ္ဌကထာ အရ လက်မှုပညာကို သိပ္ပဆိုရသည်။ ယခုခေတ် စက်မှုပညာနှင့်သိပ္ပံပညာ ဆိုင်ရာများမှာ ဤသိပ္ပ၌ ပါဝင်၏။ ရှေးခေတ်က က ခြင်းအတတ်, တီးမှုတ်ခြင်း အတတ်စသော ကလာခေါ် အတတ်များကို သိပ္ပဆိုခဲ့၏။ ထိုကလာခေါ် အတတ်များမှာ ၆၄-ပါးရှိခဲ့၏။ (အပြည့်အစုံကို အဘယာရာမမူ အဘိဓာန် နိဿယသစ် နှာ-၂၀၁ ၌ရှုပါလေ။) ရှေးက နှုတ်ဖြင့် သင်အံကျက်မှတ်ရသော ဝိဇ္ဇာပညာကိုသာ အထူးမြှောက်စားခဲ့၏။ သိပ္ပကိုကား စကားမပြီသော လူအ-များပင် တတ်နိုင်သော ပညာဟု ဆိုခဲ့၏။ သို့ရာတွင် ယခုအခါ မြန်မာနိုင်ငံ တက္ကသိုလ်များ၌ သတ်မှတ်ထားသော သိပ္ပံခေါ် အတတ်ပညာများမှာ ရှေးကထက်ပိုမိုများပြား၍ နက်နဲသော ပညာများလည်း ပါဝင်လေသည်။ ယင်းအတတ်ပညာမှာ ဥစ္စာရကြောင်း, ချမ်းသာကြောင်း, တိုးတက်ကြီးပွါးကြောင်းဖြစ်၍ မင်္ဂလာ ဖြစ်ပေသည်။

စိတ်ကောင်းမှု။ ။သို့သော် "ယံ ပရူပရောဓရဟိတံ အကုသလဝဇ္ဇိတံ=တပါးသူကို ညှဉ်းဆဲ နှိပ်စက်ခြင်းကင်း၍အကုသိုလ်လွတ်သောအတတ်" ဟု အဋ္ဌကထာဆိုသောကြောင့် သူတကာကို ညှဉ်းဆဲကြောင်း, သတ်ဖြတ်ကြောင်း အကုသိုလ်မကင်းသော အတတ်မျိုးကား မင်္ဂလာမဖြစ်, အမင်္ဂလာသာ၊ မည်သည့်အတတ်ပညာပင် ရှိသည်ဖြစ်စေ, စိတ်ထားကောင်းမှု မကောင်းမှုသည် အရေးကြီး၏။ စိတ်ထားကောင်း

သူ၏ အတတ်ပညာမှာ မိမိ သူတပါးနှစ်ဦးသားအတွက် အကျိုးရှိစေ၍ စိတ်ထားမကောင်းသူ၏ အတတ်ပညာမှာ ထိခိုက်စေ၊ ဆင်းရဲစေတတ်၏။ ဥပမာ ဆရာဝန်အတတ်မှာ မွန်မြတ်လှ၏။ သို့သော် ဆရာဝန်က စိတ်ထားမကောင်းလျှင် သူနာအများ ဆင်းရဲသည်သာ၊မိမိမှာလည်း အကျိုးပျက်ရတတ်သည်။

ပညာကျိုးခံစားရသူ။ ။ဗာရာဏသီပြည်၌ ကျောက်စရစ်ပစ်အတတ်၌ ကျွမ်းကျင်သော သူဆွံ့ တယောက်ရှိ၏။ကလေးများက သူကို ရထားပေါ်တင်လွဲလျက် မြို့ပြင် ညောင်ပင်ကြီးသို့ ခေါ်ဆောင်ကာ ညောင်ပင်ခွကြား၌ တင်ထားကြ၏။ "ဆင်ရုပ်ပြပါ၊ မြင်းရုပ်ပြပါ"စသည်ဖြင့် လိုချင်ရာအရုပ်ကို လုပ်ခိုင်းသော် ကျောက်စရစ်ဖြင့် ပစ်ကာ ညောင်ရွက်များ၌ လိုရာအရုပ်ကို ပေါ်စေ၏။ ဗာရာဏသီပြည့်ရှင် ဘုရင်မင်း မြို့လှည့်လာ၍ ညောင်ပင်ကြီးအရောက်မှာ ကလေးများ ထွက်ပြေးသဖြင့် သူဆွံ့ သာကျန်နေရစ်၏။ညောင်ရွက်များ ကိုးတိုးကြဲတဲဖြစ်နေ၍ အကြောင်းကို မေးမြန်းသော် အကြောင်းသိရသောအခါ မိမိမှာ စကားအလွန်များသော ပုဏ္ဏားပုရောဟိတ်အတွက် စိတ်ပျက်နေရာ ထိုပုရောဟိတ်ကို ဆုံးမရန် နည်းလမ်းရပြီဟု ဆွံ့ကို ခေါ်ကာ တိုးကိုးတိတ်တိတ်ပြောပြ၏။ ဆွံ့က ဆိတ်ချေးတစလယ်ရလျှင် တတ်နိုင်ကြောင်း လျှောက်၏။ ဆွံ့ကို ခေါ်သွားပြီးလျှင် ကန့်လန့်ကာအတွင်းကိုနေစေလျက် ကန့်လန့်ကာကို အပေါက်ဖောက်စေ၍ ထိုအပေါက်တည့်တည့်မှာ ပုရောဟိတ်၏နေရာခင်းထား၏။ ပုရောဟိတ်ရောက်လာ၍ ထိုနေရာ၌ထိုင်ကာ စကားပြောတော့သည်။ အထဲက ဆွံ့လည်း ကန့်လန့်ကာပေါက်ဖြင့် စကားပြောနေသော ပုရောဟိတ် ပါးစပ်ထဲသို့ ဆိတ်ချေး တလုံးပြီးတလုံး ပစ်ထည့်နေ၏။ ဆိတ်ချေးတစလယ်ကုန်သောအခါ ကန့်လန့်ကာကိုလှုပ်၍ အချက်ပေးသော် ဘုရင်က "ဆရာ တယ်စကားပြောနိုင်တာပဲ၊ ဆိတ်ချေးတစလယ်ကုန်သည်အထိ စကားမပြတ်နိုင်၊ ကဲ အိမ်ပြန်ပြီး အန်ဆေးသောက်လိုက်ဦး" ဟုဆို၏။ ပုရောဟိတ်လည်း အရှက်ရကာ နောင်အခါစကားမများတော့ပြီ။ ဘုရင်လည်း သူဆွံ့ ကြောင့် ငါနားချမ်းသာရပေ

သည်ဟု သူဆုံ့အား ရှာကြီးလေးရှာ အပိုင်စား ပေးအပ် ချီးမြှောက်ခဲ့လေသည်။ (ကေနိပါတ် သာလိဘ္တဇာတ်-၄၄၂)

အတတ်ဖြင့် အကျိုးမဲ့ သူ။ ။ထိုသူဆုံ့ထံမှ ကျောက်စရစ်ပစ်အတတ်ကို လူတယောက် သင်ခဲ့၏၊ တတ်မြောက်သော် မိမိအတတ်ကို စမ်းရန် မြို့ပြင်သို့ထွက်အလာ ဆွမ်းခံကြွလာသော သုနေတ္တမည်သော ပစ္စေကဗုဒ္ဓါကိုမြင်ရ၍သူကိုစမ်းမှပဲဟု လကျာနားပေါက်ကိုချိန်၍ ပစ်လိုက်သော ကျောက်စရစ်ခဲ-သည် လက်ဝဲနားပေါက်ဖောက်လျက် ထွက်သွား၏။ အရှင်မြတ်လည်း ဆွမ်းခံကြွတော်မမူနိုင်တော့ပဲ ကျောင်းသို့ပြန်ကြွကာ ပရိနိဗ္ဗာန်စံတော်မူရရှာ၏။ "တို့အရှင် ကြွမလာပါတကား" ဟု လူတွေလိုက်လာသော် ပရိနိဗ္ဗာန်စံနေသည်ကိုတွေ့ရ၍ သည်းစွာငိုကြွေးကြ၏။ ထိုအခိုက် ကျောက်စရစ်ပစ်သမား ရောက်လာပြီးလျှင် မိမိအစာတ်စမ်းလိုက်ကြောင်းပြောပြရာ "တို့အရှင်ကို သတ်သော သူယုတ်မာ" ဟု ဝိုင်းရိုက်သဖြင့် စုတေကာ အဝီစိငရဲ၌ကျတော့သည်။ ငရဲမှလွတ်သော် တဖန် ဂိဇ္ဈကုဋ်တောင်၌ သုံးဂါဝုတ်ရှိသော ပြိတ္တာဖြစ်ရပြန်သည်။ ထိုပြိတ္တာ၏ခေါင်းပေါ်သို့ တူအလုံးခြောက်သောင်းတို့က မပြတ်ထုန္နက်ခေါင်းကို ရိုက်ခဲ့လျက်ရှိလေသည်။ လူမိုက်၏အတတ်မှာ အကျိုးမဲ့ဖို့ရာသာ ဖြစ်လေသည်၊ အတတ်ပညာကား အသုံးချတတ်လျှင် မြတ်၏၊ အသုံးမချတတ်လျှင် အရှုံးသာ အဖတ်တင်တတ်ကြောင်းပြသော သင်ခန်းစာပင်တည်း။ (ဓမ္မပဒ-ဋ္ဌ ၁၊၃၂၅)

သုသိက္ခိတဝိနယ။ ။[ဝိနေတီတိ ဝိနယော။ "ဂိနေတိ၊ ဆုံးမတတ် သင်ပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝိနယော၊ဝိနယမည်၏။"] ဝိနည်းကို နားလည်ထားသူ၌ ထိုဝိနည်းက ဘယ်သို့နေထိုင် သွားလာ စားသောက်ရမည်များကို ညွှန်ပြသကဲ့သို့ဖြစ်သောကြောင့် သင်ပြတတ်သည်ဟုဆိုသည်။ အပြောအဆို အနေအထိုင်များ အချိုးကျအောင် ပဲ့ပြင်တတ်သော စည်းကမ်းများပင်တည်း။ သုသိက္ခိတ-အရ ကောင်းစွာသင်ခြင်း, ကျင့်ခြင်း ဟု အနက်နှစ်မျိုးဖြစ်ရာ ကျင့်ခြင်းသာ ပဓာန ဖြစ်၏။ ဝိနည်းတတ်၍ မကျင့်လျှင်လည်း မင်္ဂလာမဖြစ်။ ရဟန်းဝိနည်း, လူ့

ဝိနည်းဟု နှစ်မျိုးရှိခဲ့ရာ အာပတ်ခုနစ်ပုံသို့ မရောက်အောင် ကျင့်ခြင်း, သို့မဟုတ် စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက်ခြင်းမှာ ရဟန်းဝိနည်းဖြစ်၏။ ဤဝိနည်းကို အရဟတ္တဖိုလ် ပေါက်ရောက်အောင် ကျင့်ခြင်းဖြင့် လောကီ, လောကုတ္တရာ သုခရနိုင်သောကြောင့် မင်္ဂလာဖြစ်ရသည်။

လူ့ဝိနည်း။ ။လူ့ဝိနည်းကို အဋ္ဌကထာက "အဂါရိကဝိနယောနာမ ဒသ အကုသလကမ္မပထဝိရမဏံ=အကုသိုလ်ကမ္မပထတရားဆယ်ပါးမှရှောင်ခြင်းသည် လူ့ဝိနည်းမည်၏"ဟု ဖွင့်၏။ အကုသိုလ်ကမ္မပထ-တရား ဆယ်ပါးမှ မရှောင်သူမှာ တခြား လူ့စည်းကမ်းများကိုလည်း ချိုးဖောက်မည်သာ၊ ထိုတရားဆယ်ပါးမှ ရှောင်နိုင်လျှင် အခြားစည်းကမ်းများကိုလည်း လိုက်နာဖို့မခဲယဉ်း။ ထို့ကြောင့် အရင်းခံဖြစ်၍ အကုသလကမ္မပထတရား ဆယ်ပါးကိုသာ လူ့ဝိနည်းအဖြစ် ဖွင့်ခဲ့ခြင်း ဖြစ်ရာ၏။ သိင်္ဂါလောဝါဒသုတ်ကို "ဂိဟိဝိနယသုတ္တန္တော နာမာယံ= ဤသုတ္တန်မှာ လူ့ဝိနည်းပြ သုတ္တန် ဖြစ်သည်"ဟု ပါထိကဝဂ္ဂဋ္ဌကထာ ဆို၏။ ထိုသုတ္တန်၌ လူများရှောင်ရမည့် အကျင့်များ လိုက်နာ ပြုကျင့်ရမည့်အကျင့်များကို ဟောထား၏။ မိဘနှင့် သားသမီးများ, ဆရာနှင့် တပည့်, လင်နှင့် မယား, အရှင်နှင့် ကျွန်, ဆရာနှင့် တကာ ပြုကျင့်ရမည့် ဝတ်တရားများကို ထိုသုတ္တန်၌ တွေ့နိုင်၏။

ထိုကျင့်ဝတ်များကား ရှေးဆရာတို့ လင်္ကာများအရ ပျံ့နှံ့ထင်ရှားလျက် ရှိနေသည်။ ယင်းကျင့်ဝတ်များမှာ မပြုမနေ ထိုက်သော လူ့ကျင့်ဝတ် ဝိနည်းများပင်၊ မှန်၏၊ လောက၌ မပြုသင့်သည်ကို ပြုခြင်းသည် အကုသိုလ်ဖြစ်သကဲ့သို့ ပြုသင့်ပြုရမည်ကို မပြုခြင်းသည်လည်း အကုသိုလ်ပင်။ ဤကျင့်ဝတ်များမှာ အချင်းချင်း ချစ်ခင်လေးမြတ်ရန် စည်းလုံးသင့်မြတ်ရန် ဆက်ပေးသော ဂဟေဆက်များဖြစ်ရာ ဤဝတ်တရား မကျေသော လူအဖွဲ့များ၌ ပြဿနာအမျိုးမျိုး ပေါ်လျက်ရှိရ၏။ ဝတ်တရား ကျေပွန်သော လူများ၌ကား အမြဲတန်း သာယာလျက် ရှိပေသည်။ မေတ္တာ, ကရုဏာ, မုဒိတာ တရားထွန်းကားနေသော ခေတ်အခါမျိုး၌ ဆိုလျှင် ဤဝတ်တရားများမှာ အလိုလိုပြည့်လျက်ရှိရာ စည်းကမ်းပင်

သတ်မှတ်ဖွယ် မလိုတော့ပေ။ ထို့ပြင် နေပုံ, ထိုင်ပုံ, ပြောပုံ, ဆိုပုံ, စားပုံ, သောက်ပုံ, အချင်းချင်းဆက်ဆံပုံ စသည်၌ မရိုင်းအောင်, ယဉ်ကျေးအောင် လူမျိုးအလိုက် သတ်မှတ်ထားသော စည်းကမ်းများရှိရာ ထိုစည်းကမ်းများလည်း ဝိနယပင်။ ပြည်သူကျင့်ဝတ်ခေါ် တတိုင်းပြည်လုံးနှင့် ဆိုင်သော အရာများ၌ ရှောင်ရ, လိုက်နာရမည့် စည်းကမ်း များလည်း ရှိတတ်ရာ ထိုစည်းကမ်းများလည်း ဝိနည်းပင် ဆိုရ၏။

ပြင်ပေးလျှင် လက်ခံပါ။ ။စည်းကမ်းဝိနည်း နားလည်၍ လိုက်နာသူမှာ ပညာရှိ သူတော်ကောင်းတို့၏ အမြင်တွင် ယဉ်ကျေးလျက်ရှိနေရာ ဝတ်စား တန်းဆာ အချိုးကျ ဆင်ထားသကဲ့သို့ ရှုချင်ဖွယ်ဖြစ်ရ၏။ ဝိနည်းမတတ် တတ်သော်လည်း မကျင့် မလိုက်နာသူမှာ လွန်စွာရိုင်းလျက် ပညာရှိတို့အမြင်ဝယ် စက်ဆုတ်ဖွယ်, ကဲ့ရဲ့ဖွယ်ရာ အမင်္ဂလာသာ ဖြစ်ရသည်။ မိမိက မတတ်၍ တစုံတယောက်က ပြင်ပေးလာလျှင် ယဉ်မည့်,လှမည့် တန်းဆာကို ပေးအပ်လာသကဲ့သို့ ဝမ်းသာစွာ လက်ခံထိုက်၏။ လူ့သဘာဝမှာ မာနခံကလေးများရှိတတ်ရာ ထိုကဲ့သို့ ပြင်ပေးသည်ကို မခံခြင်ဖြစ်ကာ ပြန်လှန်ပြောဆို ဆန့်ကျင်ဘက် ပြုတတ်ကြ၏။ ထိုသူမျိုးမှာ မိမိရမည့် ကျက်သရေ မင်္ဂလာကို ဖျက်သည့် သူသာတည်း။

ဂန္ဓာရဇာတ်။ ။ဤအရာ၌ အလျဉ်းသင့်၍ ဂန္ဓာရဇာတ် အကျဉ်းချုပ်ကို ဆိုပေအံ့။ ရှေးက ဂန္ဓာရရသေ့နှင့် ဝေဒေဟရသေ့တို့ အတူနေရာ ဟိမဝန္တာတောမှ ခွါခဲ့ကြပြီးလျှင် အစွန်အဖျားရွာဟူသို့ ရောက်ခဲ့ကြ၏။ ရသေ့နှစ်ပါးကား ဂန္ဓာရတိုင်း, ဝေဒေဟတိုင်းတို့ကို စွန့်ကာ ရသေ့ပြုလာသော ဘုရင်ဟောင်းများ ဖြစ်ကြသည်။ ထိုရွာ၌ နေကြရာ တနေ့ ဆွမ်းခံရာမှ ရလာ၍ ပိုနေသောဆားကို ဝေဒေဟရသေ့က ဖက်ချောင်းခေါင်မိုး၌ ထိုးထား၏။ နောက်နေ့ ဆားမရသောအခါ ထိုဆားကိုယူ၍ ဂန္ဓာရရသေ့အား ပေးသော် "ယနေ့ ဆားမရပါတကား ဤဆား ဘယ်က ရသနည်း" ဟု မေးရာ မနေ့ကပို၍ သိမ်းထားကြောင်း ပြောသော် "တိုင်းပြည်ကိုပင် စွန့်လာပါလျက် ဆားကလေးကိုမှ မက်မက်

မောမော သိမ်းထားရကောင်းလား”ဟု အပြစ်တင် ဆုံးမ၏။ ထိုအခါ ဝေဒေဟရသေ့က မခံချင်၊ “အရှင်ဘုရားသည် သူတပါးကို မဆုံးမလို့ မိမိကိုယ်ကို ဆုံးမရန် ထွက်လာပြီး ယခု သူတပါးကို ဆုံးမရသလား”ဟု ပြန်လှန်ပြောဆို၏။ “ဝေဒေဟ၊ ငါကား တရားသည်ကို ပြောခြင်းဖြစ်၏၊ မတရားသည်ကို ငါမကြိုက်၊ တရားသည်ကို ပြောသောငါ့မှာ မကောင်းမှု မဖြစ်”ဟု ဆိုသော် “ဘာကြောင့်ပဲ ဖြစ်စေ၊ သူတပါးကို ထိခိုက်လျှင် အကျိုးရှိသည်ကိုပင် မပြောသင့်”ဟု ဆိုပြန်၏။ “သူတပါး ထိလိုထိ ဖွဲပြာလိုပင် လွင့်သွားစေတော့ တရားသည်ကို ပြောသော ငါ့မှာ အပြစ်မရောက်”ဟု ဆိုပြီးနောက် ဆက်လက်ဆုံးမပြန်သည်။ ‘ဝေဒေဟ....ကိုယ်ပိုင်ဉာဏ်လည်း မရှိ၊ ဝိနည်းလည်း မသင်သော လူအများသည် တောထဲက ကျွဲကန်းကြီး မမြင်မစမ်း သွားနေဘိသကဲ့သို့သာ ရှိတော့သည်။ ဆရာသမားထံ သင်ကြားရ၍ ဆုံးမအပ်ပြီးသော ဝိနည်းရှိသူတို့သာ တည်ကြည်သော စိတ်ရှိ၍ သွားလာလှည့်လည်ကြရသူတို့ ဖြစ်တော့သည်’ ဟူသော အဆုံးအမ ကြားရမှ မိမိအမှား ဝန်ချ တောင်းပန်ခဲ့၏။ ဤဝေဒေဟရသေ့ကား သတိတရားရ၍ တော်သေး၏၊ အကယ်၍ဝန်မခံပဲ လုံးလုံးဆန့်ကျင်ခဲ့လျှင် အကျိုးနည်းရှာပေတော့မည်။ ယခုမူ ဂန္ဓာရရသေ့၏ အဆုံးအမကို ဆက်လက်နာခံခဲ့ရာ ဈာန်သမာပတ်တွေ့ရကာ အကျိုးရှိခဲ့ရသည်။ (ဇာတက-ဋ္ဌ တတိယ၊ သတ္တကနိပါတ်၊ ဂန္ဓာရဇာတ်-၃၄)

သုဘာသိတဝါစာ။ ။ဒုစရိုက်မဖြစ် အပြစ်ကင်းသော စကားကို သုဘာသိတဝါစာ(=ကောင်းစွာပြောအပ်သောစကား) ဆိုရသည်။ ဤသုဘာသိတဝါစာ အရာ၌ “စကားအရာ အင်္ဂါ လေးတန်”ဟု ဆိုရိုးရှိခဲ့၏။ သဂါထာဝဂ္ဂ-ဝင်္ဂီသသံယုတ် သုဘာသိတသုတ်လာ စကားလေးမျိုးပင်။ ထိုစကားများကား—

(၁) သုဘာသိတ=ကောင်းသောစကား။

(၂) ဓမ္မ=တရားသောစကား။

(၃) ပိယ=ချစ်ဖွယ်စကား။

(၄) သစ္စ=အမှန်စကားတို့ ဖြစ်သည်။

ထိုတွင် သူအချင်းချင်း မတဲ့အောင် ရန်တိုက်ပေးသော ပိသုဏဝါစာကို မပြောဆိုဘဲ ကွဲပြားသူများ ညီညွတ်အောင်, ညီညွတ်နေသူများ ပိုမို ညီညွတ်အောင် ပြောဆိုသော စကားကို သုဘာသိတ-ဟု ဆိုသည်။ သမ္ဖပ္ပလာပ (=အနက်အဓိပ္ပါယ်ကင်းမဲ့သော စကားအဖျင်း)ကို မဆိုဘဲ ရှောင်ရှားလျက် အဖြစ်အပျက် အကြောင်းအရာမှန်, သဘာဝမှန်ကိုပြောဆိုခြင်းကား ဓမ္မဖြစ်သည်။ ဖရုသဝါစာ (=ဆဲရေးမောင်းမဲ ကျိန်ဆဲခြင်းစသော ကြမ်းတမ်းသောစကားကို မဆိုဘဲ သာယာပြေပြစ် နှစ်လိုဖွယ် ပြောဆိုသော စကားမှာ ပိယ (=ချစ်ဖွယ်စကား) ဖြစ်၏။ မုသာဝါဒ (=လိမ်ပြောသောစကား) ကို မဆိုဘဲ အမှန်အတိုင်း ပြောသောစကားမှာ သစ္စာပင်တည်း။

တမျိုးယူပုံ။ ။ဆိုခဲ့ပြီးစကားအရ သုဘာသိတမှာ ဝစီဒုစရိုက်လေးပါးမှ ရှောင်ခြင်းပင်ဖြစ်၏။ ထိုရှောင်ခြင်းမှာ 'ဝိနယော စ သုသိက္ခိတော' ၌ ဝိနယအရတွင် ပါဝင်ခဲ့ရာ ထပ်မနေရအောင် သုဘာသိတ၌ ယူထားသော လေးပါးကိုချန်၍ ကျန်ကာယ, မနော ဒုစရိုက်များမှ ရှောင်ခြင်းကို ဝိနယအရယူရန် မှာပြီးနောက် ထိုသို့ဝိနယနှင့် သုဘာသိတ အနုတ် အပယ်တွေ လုပ်ဖွယ်မလို, အလုပ်မရှုပ်ရန် တနည်းဖွင့်ပြ၏။ ထိုနည်းအရ သူတပါးအား တရားဟောခြင်း စသော စကားကို သုဘာသိတ ဆိုရသည်။ ဤစကားအရ တရားသာမက လောကရေး၌ အများအကျိုးရှိအောင် နည်းညွှန်နိုင်သော အပြောကောင်းအဆိုကောင်း ပုဂ္ဂိုလ်တို့၏ ဟောပြောချက် များကိုလည်း သုဘာသိတပင် ဆိုရတော့သည်။ စကားပြောကောင်းခြင်းမှာ ခေါင်းဆောင် အကြီးအမှူး ဖြစ်နိုင်ခြင်း, သူတပါးကို လမ်းမှား လမ်းမှန် ဝေဖန်ပြနိုင်၍ အများအကျိုး ဆောင်သူ ဖြစ်ရခြင်း, အများ၏ ချစ်ခင်ကြည်ညို ရိုသေလေးစားခြင်းကို ခံရခြင်း စသည်ဖြင့် အကျိုးများလှ၏။ ထိုသို့ စကားပြောကောင်းမှု၌ ပဋိသန္ဓေက ပါလာသော သဘာဝကောင်းမှု, ပြုပြင်၍ ကောင်းမှုဟု နှစ်မျိုး ရှိတတ်သေးရာ ပဋိသန္ဓေပါ သဘာဝအကောင်းရှိသူများမှာ အထူး မကြိုးစားရဘဲ သူတပါးကို ဆွဲဆောင်နိုင်လောက်အောင် ကောင်းကြ၏။

ပဋိသန္ဓေပါ ပင်ကိုကောင်း မဟုတ်သူများကား အကျိုးကြိုးစားပေးခြင်းဖြင့် စကားပြောကောင်း ဖြစ်နိုင်ကြ၏။ ထို့ကြောင့် ဗဟုသုတ စုဆောင်းခြင်း, ပြောနည်းဆိုနည်း လေ့လာခြင်း စသည်ဖြင့် စကားပြောကောင်း တယောက်ဖြစ်ကာ အထက်တန်းသို့ တက်လှမ်းနိုင်သည်။

လျှာဓား။ ။"မေးလာသော ယောက်ျား၏ ပါးစပ်ထဲ၌ ဓားမကြီးရှိနေ၏။ ယင်းဓားမကြီးဖြင့် လူမိုက်သည် မကောင်းပြောလျက် မိမိကိုယ်ကို ဖြတ်ပိုင်းတတ်၏"။ ဤစကားမှာ သဂါထာဝဂ္ဂ ဗြဟ္မသံယုတ် (၁၅၁၊ ၁၅၄)၌ ဟောတော်မူချက်ဖြစ်သည်။ ဓားမကြီးကား လျှာကို တင်စားခြင်းဖြစ်၏။ လျှာကို အသုံးမချတတ်၍ ငရဲရောက်သူ ပုဂ္ဂိုလ်ဖြစ်သူတွေမှာ ကျမ်းဂန်အရ မနည်းလှပြီဖြစ်ရာ ထိုသူတို့ကို လျှာဓားမက ပိုင်းလိုက်ခြင်းပင် ဖြစ်တော့သည်။ သိသာသာမက ယခုဘဝ၌ပင် လျှာသရမ်း၍ ဘေးသင့်ခြင်း, ကြီးပွါးမှု လက်လွှတ်ရခြင်း စသည်ဖြင့် လျှာအပိုင်းခံရသူတွေလည်း မနည်းလှ၊ လူမိုက်တို့၏လျှာသည် ဓားမဖြစ်သော်လည်း လူလိမ္မာတို့၏ လျှာကား သံကို ဆွဲဆောင်နိုင်သော သံလိုက်ကျောက်ပင်ဖြစ်၏။ ချိုသာသောစကားကို မိမိနှစ်သက်၏။ ကြမ်းတမ်းသောစကားကို မကြားလို၊ သူတပါးလည်း ထိုအတူပင်။ သို့ဖြစ်လျှင် သူတပါးကို မိမိလက်ခံလိုသော ချိုသာသောစကားကို မပေးဘဲ အဘယ့်ကြောင့် မိမိပင် လက်မခံချင်သော ကြမ်းတမ်းသောစကားကို ပြောရပါအံ့နည်း။

သုဓာတဇာတ်။ ။ရှေးအခါက ဘုရားအလောင်းသည် ဗာရာဏသီပြည်၌ ဘုရင်ဖြစ်ခဲ့၏။ ဘုရားလောင်း၏ မယ်တော်သည် ဒေါသကြီး၍ ကြမ်းတမ်း၏၊ ဆဲရေးတတ်၏၊ ဘုရားလောင်းလည်း မယ်တော်ကို ဆုံးမဖို့ရာ အကြောင်းဥပမာ ရှာနေခဲ့၏။ တနေ့ ဘုရားလောင်းဥယျာဉ်တော်သို့ထွက်သော် မယ်တော်လည်း အတူပါလာသည်။ လမ်း၌ တစ်တီတူးငှက်သံ ကြားရသောအခါ လူအများက "အို အသံဆိုးသော ငှက်ရယ်...မမြည်ပါနှင့်ဟယ်" ဟုဆိုကာ နားပိတ်ကြ၏။ ဥယျာဉ်တွင်လှည့်စဉ် အပွင့်တွေဝေနေသော အင်ကြင်းပင်ကြီးပေါ်မှ ဥဩငှက် တွန်မြည်သောအခါ "အို အသံသာလှသော ငှက်ရယ်....မြည်ပါဦးဟယ်။

မြည်ပါဦးဟယ်" ဟု ဆိုကာ လည်ဆန့် နားစိုက်ကြ၏။ ထိုအချက်ကို သက်သေတင်ကာ ဘုရားအလောင်းက "မယ်တော် တစ်တီတူးငှက်သံ ကြားတော့ လူတွေ နားပိတ်ကြသည်၊ ကြမ်းတမ်းသော အသံကို ဘယ်သူမျှ မကြိုက်ကြ"ဟု ပြောပြီးနောက် "မယ်တော် အဆင်းလှပလျက် နှစ်သက်ဖွယ် ဖြစ်စေကာ အသံဆိုးဝါးလျှင် ဤလောက နောင်လောက ဘယ်လောကမှာမှ မချစ်မနှစ်သက်ကြ၊ ဥဩငှက်မှာ မည်းနက်၍ အဆင်းမလှသော်လည်း နူးညံ့ချိုသာစွာ တွန်တတ်၍ လူတွေ ချစ်မြတ်နိုးကြသည် မဟုတ်ပါလော၊ သို့ဖြစ်၍ ပညာဖြင့် နှိုင်းချိန်၍ ချိုသာသော စကားကိုသာ ဆိုသင့်ပါသည်"ဟု ဆို၏။ ထိုအခါမှစ၍ မယ်တော်လည်း မိမိ အကျင့်ဆိုးတို့ကို ဖျောက်ကာ အကျင့်ကောင်းသူ ဖြစ်လာရပေသည်။ (ဇာတက၊ ၄-၂၊ သုဇာတဇာတ်-၃၁၅)

---

(၁၇) မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

(၁၇) ဒေဝပုတ္တ၊နတ်သား။ မာတာပိတု၊အမိအဘ ကို။ ယံ ဥပဋ္ဌာနဥ္စ၊ အကြင်လုပ်ကျွေးပြုစုခြင်းသည်ရင်း။ ပုတ္တဒါရဿ၊ သားမယားကို။ ယော သင်္ဂဟော စ၊ အကြင် ချီးမြှောက်ထောက်ပံ့ခြင်းသည်ရင်း။ အနာကုလာ၊ ရှုပ်ထွေးခြင်းကင်း သန့်ရှင်းကုန်သော။ ယေ ကမ္မန္တာ စ၊ အကြင် အမှုလုပ်တို့သည်ရင်း။ အတ္ထိ၊ ရှိကုန်၏။ ဧတံ၊ ဤလေးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

မင်္ဂလာလေးပါး စကားပြေ—နတ်သား၊ အမိကို လုပ်ကျွေးပြုစုခြင်း၊ အဘကို လုပ်ကျွေးပြုစုခြင်း၊✓ သားမယားကို ချီးမြှောက် ထောက်ပံ့ခြင်း၊✓ ရှုပ်ထွေးခြင်း ကင်းအောင် အလုပ်လုပ်ခြင်း၊✓ဤလေးပါးမှာ ကောင်းမြတ် သော မင်္ဂလာ ဖြစ်သည်။

မာတာပိတုဥပဋ္ဌာန။ ။မိဘကို လုပ်ကျွေးပြုစုခြင်းသည် အလွန်မွန်မြတ်သော ကောင်းမှုဖြစ်၍ မင်္ဂလာဖြစ်ရသည်။ မိမိ

အပေါ်၌ တင်နေသော မိဘကျေးဇူးတွေ အလွန်များသောကြောင့်ရင်း၊ ဂုဏ်ကြီးမားလှသော မိဘတို့ကို လုပ်ကျွေး ပြုစုခြင်းဖြင့် အလွန် အကျိုးကြီးမြတ်သောကြောင့်ရင်း မိဘနှစ်ပါးမှာ တကယ်လုပ်ကျွေး ပြုစုထိုက်သော ကျေးဇူးရှင် ပုဂ္ဂိုလ်များပေတည်း။ ဂုဏ်ကြီးပုံ ကျေးဇူးကြီးပုံကို ပြဆိုဦးအံ့။

ဗြဟ္မာ။ ။ဗြဟ္မာများ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဘာဝနာလေးပါး မကင်းမကွာ အမြဲရှိနေသကဲ့သို့ ထိုအတူ မိဘများမှာလည်း သားသမီးတို့၌ ထိုဘာဝနာလေးပါး မစွန့်ခွါပဲ အမြဲ ဖြစ်ပွါးလျက် ရှိနေ၏။ သားသမီးကလေး ကိုယ်ဝန်ဆောင်ထားလျက် ရှိနေစဉ်ပင် မိခင် ဘခင်တို့မှာ "တို့သားကလေး ဘယ်အခါ အင်္ဂါပြည့်စုံလှပစွာ ကျန်းကျန်းမာမာ မွေးဖွားလာပါမည်နည်း" ဟု မေတ္တာစိတ် ဖြစ်နေ၏။ ဖွားလာ၍ ကိုယ့်သားသမီးကလေးကို မြင်နေရသောအခါမှာကား ဆိုဖွယ်မရှိတော့ပြီ၊ ပက်လက် အိပ်ရာထက်ရှိ နူနယ်သော အရွယ်မှာ သန်းကြမ်းပိုးကိုက်၍ ဖြစ်စေ၊ အအိပ်အနေဆင်းရဲ၍ဖြစ်စေ၊ ငိုကြွေးသော အသံကြားရလျှင် မိဘတို့မှာ သနားကရုဏာဖြစ်လာရသည်။ ပြေးနိုင် လွှားနိုင် ကစားနိုင်သောအခါ သားသမီးကို ကြည့်၍ မိဘတို့စိတ်ထဲမှာ ဝမ်းသာခြင်း မုဒိတာဖြစ်ရသည်။ အိမ်ထောင်ကျ၍ တသီးတခြား အိုးအိမ် ထူထောင်သောအခါ "ယခု တို့သားကလေး ကိုယ့်အလိုအလျောက် အသက်မွေးနိုင်ပေပြီ" ဟု လျစ်လျူရှုသော သဘော ပေါ်လာ၏၊ ထိုအခါ ဥပေက္ခာ ဖြစ်သည်။ဤသို့ သူ့အခါလိုက် သားသမီးများအပေါ်၌ ဗြဟ္မဝိဟာရတရားလေးပါး ဖြစ်ပွါးလျက်ရှိသောကြောင့် "ဗြဟ္မာတိ မာတာပိတရော= မိဘတို့မှာ ဗြဟ္မာများပင်" ဟု ဘုရားရှင် ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ပုဗ္ဗာစရိယ (လက်ဦးဆရာ)။ ။မိဘတို့သည် အလွန်ငယ်သော အရွယ်ကစ၍ "ဒါ ဘာခေါ်တယ်" စသည်ဖြင့် ပြောတတ် [illegible] အောင် သင်ပေးကြ၏။ နေတတ်၊ ထိုင်တတ်၊ ဝါးတတ်၊ သောက်တတ် [illegible] ပြုကြ၏။ ပြုသင့်၊ မပြုသင့်၊ ပေါင်းသင့်၊ မပေါင်းသင့်သော [illegible] များကို နားလည်အောင် သင်ပေးကြ၏။ နောက်မှ

တခြားဆရာများက စာပေ,သင်္ချာ စသော အတတ်များကို သင်ပေးကြ၏။ ယင်းသို့ အခြား ဆရာများထက် ရှေးဦးကျသော ဆရာများဖြစ်၍ မိဘများက လက်ဦးဆရာ ဖြစ်ကြရသည်။ ထို့ကြောင့် "ပုဗ္ဗာစရိယာတိ ဝုစ္စရေ =လက်ဦးဆရာ ခေါ်ဆိုထိုက်၏"ဟု ဘုရားဟောတော်မူသည်။

ကျေးဇူးအများ ပြုဘူးများ။ ။ထိုသို့ ဂုဏ်ပြုရသည်မှာ ကျေးဇူး အလွန်များသည်၏ အဖြစ်ကြောင့်ပင်၊ မိဘတို့သည် မိမိတို့သားသမီးများအသက်ရှည်ရန်နည်းအမျိုးမျိုးဖြင့် ပြုစုစောင့်ရှောက်ကြ၏။ မိခင်သည် မိမိသွေးနို့ရည် တိုက်ကာ ကြီးပွါးအောင် စောင့်ရှောက် မွေးမြူခဲ့၏။ ဤလောကကြီးကို သိကြရ မြင်ကြရအောင် ပြတတ်ကြကုန်၏။ ထိုမျှ ကျေးဇူးကြီးသောကြောင့်ပင် လောကီနည်းဖြင့် ဆပ်မည်ဆိုသော် ဘယ်နည်းနှင့်မျှ ဆပ်မကျေနိုင်ကြောင်း ဟောခဲ့ခြင်းဖြစ်သည်။ မိဘကျေးဇူး ပြေလည်အောင် ဆပ်မည်ဟု လကျ်ာပခုံးပေါ်အပိုကို တင် လက်ဝဲပခုံးပေါ် အဘကို တင်လျက် အသက်တရာရှည်သူသည် ထိုအနှစ်တရာပတ်လုံး ပြုစုလုပ်ကျွေးသော်လည်း မကျေနိုင်ကြောင်း,သဒ္ဓါ သီလ စသော သူတော်ကောင်းတရား မရှိသေးသော မိဘတို့ကို သဒ္ဓါရှိအောင်,သီလရှိအောင်,ပညာရှိအောင် ပြုခြင်းဖြင့်သာ ကျေးဇူးပြေအောင် ဆပ်ရာ ရောက်ကြောင်း ဟောတော်မူသည်။ (အင်္ဂုတ္တရ၊ပ၊၆၃) ထိုမျှ ကျေးဇူးကြီး ဂုဏ်ကြီးသောကြောင့် မိဘများကို ရှိခိုးရမည်,ထမင်း အဖျော် အဝတ်အစား အိပ်ရာ နေရာပေးခြင်း,ရေချိုးပေးခြင်း,ခြေဆုတ်လက်နယ်ပြုခြင်း စသော ဝတ်တရား များဖြင့် ကောင်းစွာပြုစုရမည်။ထိုသို့ ဝတ်တရား ကျေပွန်စွာပြုစုခြင်းဖြင့် ယခုဘဝပင် ပညာရှိသူများ ချီးမွမ်းခံရသည်။ နောင်ဘဝနတ်ပြည်၌ ပျော်မွေ့ရသည်ဟု ဘုရားရှင် ဟောတော်မူသည်။ (အင်္ဂုတ္တရ၊ပ၊၁၃၀-၁)

နောင်တ မဖြစ်စေနှင့်။ ။မိဘများကို ပစ်ထားသော သားသမီးအချို့ ရှိတတ်၏။ ပြစ်မှားသော သားသမီး ထိုမျှမက ရှိတတ်၏။ ထိုသူတို့သည် နောင်တချိန်မှာ နောင်တရတတ်၏။ သို့သော် နောင်တရသော အချိန်တွင် မိဘများ မရှိတော့ပြီဖြစ်ရာ နောင်တသာ

အဖတ်ကင်၍ တသက်လုံး စိတ်မချမ်းသာခြင်းကို ရင်ဝယ်ပိုက်လျက် နေရတက်သည်။ အဇာတသတ်မင်းသည် ဒေဝဒတ်နှင့် ပေါင်းမိ၍ ခမည်းတော် သူတော်ကောင်း ကျောင်းဒကာ ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်း အကျဉ်းချထား၏။ ခြေဖဝါးကို မားနှင့် မွမ်းခိုင်းသည်အထိ ရက်စက်ခဲ့သည်။ နောင် မိမိသားတော်ကလေး မွေးလာသည်ကို ကြားရသောအခါ ရှိုးဟှင်းခြင်ဆီ စိမ့်ဆိုက်သည်အထိ ပီတိဖြစ်ကာ ချစ်မေတ္တာ ပေါ်လာသော အခါမှ "ငါ့ခမည်းတော်လည်း ငါ့ကို ဤသို့ ချစ်ရှာပေမှာပဲ" ဟု သတိရကာ မယ်တော်ကို မေးခဲ့သည်။ ထိုအခါ မယ်တော်က "ဘယ့်နှယ် ပြောပါလိမ့် သားတော်ရယ်၊ သားတော်ငယ်ငယ်က သားတော်ရဲ့ လက်ညှိုးမှာ ခူနာ ပေါက်လို့ မင်း ခမည်းတော်မှာ ခူနာပေါက်သည့် လက်ညှိုးကို ပါးစပ်ထဲ ငုံထားရှာကယ်၊ ပါးစပ်ထဲမှာ ပြည်ပေါက်တော့ ထွေးလိုက်လျှင် သားတော် နာပြီး နိုးမှာစိုးလို့ မျိုချလိုက်ရှာတယ်၊ ဤမျှ ချစ်ရှာတယ်" ဟု ပြောမှ နောင်တ ရကာ ခမည်းတော်ကို လွှတ်စေဟု အမိန့်ချ၏။ သို့သော် အခါနှောင်းခဲ့ပြီ။ ခမည်းတော်ကား နတ်ရွာစံခဲ့ရှာပြီ။ ဤနောင်တကား အဇာတသတ်မှာ ယာက်ကြွပ်မကွာ တသက်လုံးလိုက်ပါလျက် နှိပ်စက်နေတော့၏။

ဂုဏ်ကို သိသူမှာ ဂုဏ်။ ။ဘုရားရှင်ကား မိဘတို့ဂုဏ်ကျေးဇူးကို အထူး ချီးမြှောက်စား ဟောကြားခဲ့၏။ မိဘတို့ကို လုပ်ကျွေး၍ သေးရန်ကင်းရပုံ၊ အကျိုးခံစားရပုံ ဟောကြားခဲ့သော ဇာတ်တော်များမှာလည်း အတော်များများ တွေ့နိုင်ပါသည်၊ အခြားပညာရှင်များကလည်း မိဘဂုဏ်ကျေးဇူးကို အထူးမြှောက်စားခဲ့ကြ၏။ မြင်းမိုရ်တောင်ဦး မကကျူးဆိုသည်မှာ ဟာကယ်ဂုဏ်ကို မြင်သူတို့၏ ချီးကျူးချက်တည်း။ ယခုခေတ်ကား ရတနာ သုံးပါးကိုပင် ပယ်ချင်သော ပုဂ္ဂိုလ်များ အတော်များနေခဲ့ရာ မိဘဂုဏ်ကျေးဇူးကိုမူ ဆိုဖွယ် မရှိ။ ရုပ်ဝတ္ထုကို အလေးပေးသော ခေတ်၌ နာမ်ဓာတ်၏ သတ္တိ အရှိန်အဝါ အာနုဘော်များကို အသိအမှတ်မပြုသိကြ၊ သို့ဖြင့် မိဘဆရာသမားက ရတနာသုံးပါး အပေါ်ထားသော စေတနာများကိုပင် စေတနာမျှသာ ဘာမျှ အကျိုး

မရှိသော အနေ ထင်မြင်ယူဆ ပြောဆို တတ်ကြ၏။ ဤကား တဖက်စွန်းသို့ လွန်ကျွံသွားသူတို့၏ သဘာဝ အတိုင်းဖြစ်၏။ မည်သည့် အရာ၌မဆို နှစ်ဖက် မျှမျှတတ ဖြစ်အောင် အလယ်ကနေ ချိန်ကြည့်တတ်ဖို့လို၏။ ထိုသို့ ကြည့်ရာ၌ သဒ္ဓါနှင့် ပညာ မျှမျှတတ တဖက်သို့ မလွန်ရအောင် ပဲ့ပြင် ပေးဖို့လည်း လိုလှ၏။ ထိုသို့ မဟုတ်ခဲ့မူ ဂုဏ်သည် အပြစ် ဖြစ်၍ အပြစ် သည် ဂုဏ်ဖြစ်နေတတ်သည်။

"မြစ်များသည် ချိုသော ရေရှိသည်ဖြစ်၍ စီးနေကြ၏။ သို့သော် သမုဒ္ဒရာရောက်က သောက်မရ ဖြစ်တော့သည်။ ဂုဏ်များသည် ဂုဏ်ကို နားလည်သူများ၌ တကယ်ပင် ဂုဏ်များဖြစ်ကြ၏။ ဂုဏ်မရှိသူ ဂုဏ်မသိသူ များသို့ ရောက်ပါက အပြစ်သာ ဖြစ်ရတော့သည်"။ ဤနီတိဖြင့် လူမိုက်နှင့် လူလိမ္မာတို့ အပေါ် ရောက်နေသော ကျေးဇူးဂုဏ်များ၌ အမြင်ချင်း အလှမ်းဝေးကွာလှပုံကို သိရတော့သည်။

ပုတ္တဒါရသင်္ဂဟ။ ။ပုတ္တ-သဒ္ဒါသည် အချို့အရာ၌ သားကိုသာ ဟော သော်လည်း သမီးကိုပါ ယူရသော အရာလည်းရှိ၏၊ ဤ 'ပုတ္တဒါရဿ သင်္ဂဟော'၌ ပုတ္တအရ သမီးကိုပါယူရသည်၊ သားသမီးဇနီး တို့ကို ချီးမြှောက်ခြင်းမှာ မင်္ဂလာပင်တည်း။ ထိုတွင် သားသမီးချီးမြှောက် ခြင်းဟူသည် မိဘဝတ်တရားကို မပျက်စေခြင်းပင်။ မကောင်းမှုမှ မြစ်တား ခြင်း, ကောင်းမှုကို ညွှန်ကြားခြင်း, အတတ်ပညာသင်စေခြင်း, သင့်တော် သောအခါ ဥစ္စာပေးကမ်းခြင်း, အရွယ်ရောက်သောအခါ လက်ထပ် ပေးခြင်း။ ဤငါးပါးကား မိဘတို့ကျင့်ရမည့် ဝတ်တရားများဖြစ်၏။

ဤဝတ်များ၌ မကောင်းမှုမှ မြစ်တား, ကောင်းမှုကို ညွှန်ကြားခြင်း, ပညာသင်စေခြင်းများမှာ သားသမီးကောင်းဖြစ်ရေး၌ အလွန် အရေး ပါလှ၏။ ဤအရာ၌ မဟာဓနသူဌေးသားဝတ္ထုကို သတိပြုအပ်၏။ ထို သူဌေးသား ဇနီးမောင်နှံ၏ မိဘများမှာ ကုဋေလေးဆယ်စီ ကြွယ်ဝ ကြ၏။ "ငါတို့မှာ ပစ္စည်းတွေ အများကြီးပဲ၊ ငါတို့ သားသမီးများ အလုပ်လုပ်ဖွယ် မလို" ဟု အက, အဆို, အတီး အမှုတ်ကိုသာ သင်ပေးခဲ့

ကြသည်။ မိဘများ ကွယ်လွန်သွားသောအခါ အရက်သမားများနှင့် ပေါင်းမိ၍ ရှိသမျှ ဥစ္စာတွေ ဖြုန်းကုန်ကာ သူတကာ၏ အိမ်နံရံကို မှီလျက် ခွက်လက်စွဲ တောင်းစားရသော အဖြစ်သို့ ရောက်ရှာသည်။ သူတို့ကား စီးပွါးရေးကို ကြိုးစားလျှင် ပဌမတန်းသူဌေးဖြစ်နိုင်၍ တရား ရှာလျှင် မဂ်ဖိုလ်ရနိုင်လောက်အောင် အခြေခံကောင်းကြသူများ ဖြစ်လျက် လူဖြစ်ရှုံးရသည်မှာ နှစ်နာလှပေသည်။ သူတို့မိဘများသည် သားသမီးအပေါ်၌ ဝတ်တရားကျေပွန်၍ ဆုံးမပဲ့ပြင် ပညာသင်ပေး ခဲ့လျှင် ထိုသူဌေးသားမောင်နှံမှာ ဤမျှ နှစ်နာဆုံးရှုံးမှု မဖြစ်တန်ရာ၊ မိဘတို့ အချစ်မတတ်၍ အရှုံးကြီးရှုံးကြရရှာသည်။

အနာထပိဏ်သူဌေးသား ကာလ။ ။သားသမီးကို ချီးမြှောက်ရာ၌အနာထပိဏ်သူဌေးကြီး၏ နမူနာယူသင့်၏။ ရတနာသုံးပါး အလွန်ကြည်ညိုသော သူဌေးကြီးသားဖြစ်ပါလျက် ကာလသည် ဘုရားထံ မသွား၊ တရားမနာ၊ သံဃာ၏ဝေယျာဝစ္စမပြု၊ သူဌေးကြီးက ပြောသော်လည်း မနာခံ၊ တနေ့ သူဌေးကြီးအကြံရ၍ "မင်း...ဥပုသ်စောင့်ပြီး ကျောင်းသွား တရားနာချေ၊ ငွေတရာပေးမည်" ဟု ပြော၏။ ငွေလိုချင်သော ကာလ-သည် ဥပုသ်စောင့်ပြီး ကျောင်းသွားကာ တရား မနာပဲ ကော်ရာမှာ အိပ်လျက် စောစောပြန်လာ၏။ အိမ်ရောက်သော် ယာဂုထမင်းကျွေးသော်လည်း မစားသေး၊ ငွေတရာလက်ထဲရပြီးမှ ထမင်း စား၏။ နောက်တနေ့"မင်း....ဘုရားထံမှ တရားတပုဒ် မှတ်မိအောင် နာခဲ့၊ ငွေတထောင်ပေးမည်" ဟုဆိုကာ လွှတ်လိုက်၏။ ကာလ-သည် ဘုရားထံ တရားနာရာ တပုဒ်ရလျှင် ပြေးမည်အကြံဖြင့် နာသော်လည်း နာရင်း နာရင်း တရားသဘောကျကာ သောတာပန် ဖြစ်သွားသည်။ သူဌေးကြီး၏ သား ချီးမြှောက်ပုံမှာ အကောင်းဆုံးသော ချီးမြှောက်ခြင်းတည်း။ (ဓမ္မပဒ-ဋ္ဌ ၂-၁၂၃)

အလိမ္မာအမွေပေး။ ။မိဘကောင်းတို့သည် သားသမီးကို ပစ္စည်းဥစ္စာထက် အလိမ္မာနှင့် ပညာပေးကာ ချီးမြှောက်လိုကြ၏။ ပစ္စည်းဟူသည် ပျက်စီးတတ်၍ မပျက်မစီး ထာဝရတည်သော ကောင်း

ကျိုးကိုလည်း အရှည်ပေးတတ်သော ထိုချီးမြှောက်မှုမှာ မှန်ကန်သော ချီးမြှောက်မှုပင် ဖြစ်၏။ ထိုကဲ့သို့ ချီးမြှောက်သော မိဘများမှာ သားသမီးကို တကယ်ချစ်သော သားသမီး၏ မိတ်ဆွေစစ်များတည်း။ သားသမီးကို အလိုလိုက်တတ်, မဆုံးမတတ်သော မိဘများမှာ ချစ်ရာမရောက် နှစ်ရာရောက်၍ ရန်သူများပင်ဖြစ်၏။ သားသမီးများကို တိုက်ရိုက်တမျိုး, သွယ်ဝိုက်သောနည်းလမ်းဥပါယ်ဖြင့် တဖုံ အမျိုးမျိုးဆုံးမ ပဲ့ပြင်ပေးခြင်းဖြင့် သားသမီးကောင်းဖြစ်အောင် ပြုပြင်ခြင်းမှာ မိဘတို့၏တာဝန်သာတည်း။ မိဘများ၏ အပြုအမူ, အပြောအဆို အကျင့်အကြံများမှာ အတုမြင် အတတ်သင်မျိုးဖြစ်ရာ မိဘများက သား,သမီးများ ကောင်းတုမြင်၍ ကောင်းတတ်သင်နိုင်အောင် စံနမူနာ အစဉ်ဖြစ်နေသင့်၏။ လောက ကြီးပွါးရေးသာမက အနာဂတ်ထပ်ဆင့် သူဌေးကဲ့သို့ ဘာသာရေး၌ စိတ်ပါလည်းအောင် ဖေးဆောင်ပြုပြင်ရမည်သာ။ "ယံ နဝေ ဘာဇနေ လဂ္ဂေါ သဒါရော နာညထာ ဘဝေ=အိုးအသစ်၌ ကပ်စွဲနေသော အပြုအပြင် အစီအမံသည် ပျက်ပြားပြောင်းလဲသည် မရှိ" ဟု နီတိအဆိုအတိုင်း လိုသလို ပုံသွင်းနိုင်သောအရွယ်၌ ပုံသွင်းထားသော စိတ်ထား "ပုံ" နေများမှာ စွဲသွားတတ်မြဲ ဖြစ်၏။

ဗုဒ္ဓသာသနာကို ဦးထိပ်တင်ထားသောသူတဦးမှာ ဗုဒ္ဓရှင်တော်အဆုံးအမအတိုင်း လိုက်နာလျှင် လောကရေး၌လည်း စိတ်ချမ်းသာ၏။ အကျင့်ကောင်း၏၊ တိုးတက်ကြီးပွါး၏၊ တကယ့်ငြိမ်းချမ်းရေးလိုသောအခါလည်း မှီခိုရာ တကယ့်အားရိပ်သာ ဖြစ်၏။ သို့ဖြစ်လျှင် မိမိတို့ရရှိထားသော ထိုအမွေကို သားသမီးများ တသက်လုံး ထိန်းသိမ်းထားနိုင်အောင် မအပ်နှင်းပဲ နေထိုက်ပါမည်လော။

သာလိကေဒါရဇာတ်။ ။မိဘကို လုပ်ကျွေးခြင်း,သားသမီးကို ချီးမြှောက်ခြင်းမှာ လူတိုင်းမပြုမနေရ တာဝန်သာတည်း။

ထိုတာဝန်ကို ကျေပွန်စေသောသူသည် လူ့ အဆင့်အတန်းမှီသူ လူဖြစ်ကျိုးနပ်သူဖြစ်၍ လောကအလယ် တင့်တယ်သူ တယောက်တည်း။ "ကြွေးဟောင်း ဆပ်ပေး,ကြွေးသစ်ချပေး, ရွှေအိုးမြှုပ်နှံ" ဟု ဆိုရိုးအစဉ်အလာ

ရှိသည်မှာ ထိုဘာဝန်ကိုဖော်ပြ၏။ ထိုစကားမှာ ပကိဏ္ဏကနိပါတ် သာလိကေဒါရဇာတ် (၂၇၆) အရဖြစ်၏။ ရာဇဂြိုဟ်ပြည်အနီး သာလိန္ဒိယပုဏ္ဏားရွာ၌ ကောသိယဂေါတ္တမည်သော ပုဏ္ဏားသည် မိမိပိုင် လယ်အများအပြားမှ အချို့ကို အခဖြင့် လူတယောက်အား လုပ်စေ၏။ ထိုလယ်သို့ ကျေးငှက်များ လာစားကြရာ ထိုကျေးငှက်များတွင် ဘုရားအလောင်းကျေးသားမှာ စားရုံသာမကပဲ သလေးနှံများကို ချီယူသွားတတ်၏။ လယ်လုပ်သမားမှာ မတားနိုင်ရှိသောအခါ ဤစပါးများအတွက် လျော်ကြေးပေးရမည့်အရေး တွေးတောစိုးရိမ်ကာ လယ်ရှင်ပုဏ္ဏားထံ သွားရောက်အကြောင်းကြား၏၊ လယ်ရှင်ကလည်း သလေးနှံများကို ချီယူသွားတတ်သောကျေးသားကိုကျော့ကွင်းထောင်ဖမ်းရန်ပြောရာ လယ်သမားသည် ဘုရားလောင်းကို ဖမ်းယူခဲ့ပြီး ပုဏ္ဏားထံပို့၏။

ကောသိယဂေါတ္တပုဏ္ဏားလည်း ဘုရားလောင်းကို "အို....ကျေးသားသူများမှာလည်း ဝမ်းပိုက်ရှိသည်သာ မဟုတ်ပါလော၊ သင်က စပါးနှံတွေ သယ်သွားသည်မှာ ဝမ်းပိုက် ပိုကြီးပါသလော၊ သင့်မှာ စပါးကျီများရှိသလော၊ သို့မဟုတ် ကျွန်ုပ်နှင့် ရန်ဖက်ဖြစ်၍လော" ဟု ဆို၏၊ "အရှင် အကျွန်ုပ်မှာ ကျီလည်း မရှိပါ၊ အရှင့်ကို ရန်လို၍လည်း မဟုတ်ပါ၊ အကျွန်ုပ်မှာ ကြွေးဟောင်းဆပ်ပေး, ကြွေးသစ်ချနှင်း, ရွှေအိုးမြှုပ်ခြင်း ဖြစ်ပါသည်" ဟု ဘုရားလောင်းက ပြောသော် ပုဏ္ဏားကြီးက ကြွေးဟောင်းဆပ်ခြင်း, ကြွေးသစ်ချခြင်း, ရွှေအိုးမြှုပ်ခြင်း အဓိပ္ပါယ်ကိုမေး၏။

"အရှင် အကျွန်ုပ်၏ အတောင်မပေါက်သေးသော သားငယ်ကလေးများကို ကျွေးရသည်မှာ သူတို့က နောင်ပြန်ကျွေးရမည်ဖြစ်၍ ကြွေးသစ်ချခြင်း မည်ပါသည်၊ အိုမင်းမစွမ်းသော မိဘတို့ကို ကျွေးမွေးရသည်မှာ သူတို့ကျွေးခဲ့ဘူးသော ကြွေးဟောင်းကို ဆပ်ခြင်းဖြစ်ပါသည်၊အားနည်း၍ မပျံနိုင်ရှာကြသော ကျေးငှက်အိုတို့ကို ကုသိုလ်လို၍ ကျွေးရသည်မှာ ရွှေအိုးမြှုပ်ခြင်း ဖြစ်ပါသည်" ဟု ရှင်းပြ၏။

ပုဏ္ဏားလည်း "အလွန်တရားရှိသော ကျေးသားကောင်းပါတကား၊ အချို့လူများမှာပင် ဤတရားမရှိ" ဟု စဉ်းစားကာ အားရလှ၍ ကျေး

သားအား အလိုရှိသလို စားသောက်ယူငင်ရန် လယ်ခင်းကိုအပ်နှံ၏။ ပယ်တထောင်မျှလယ်ခင်းကို ကျေးသားအား အပ်နှင်းရာ ဘုရားလောင်း ကျေးသားက လယ်ရှစ်ပယ်ကိုသာ ယူ၏။ အလောင်းတော်သည် အလှူဒါနပြုရန်, မိဘတို့အား လုပ်ကျွေးပြုစုရန် တရားဟောရာ ပုဏ္ဏားလည်း ထိုတရားအတိုင်း လိုက်နာလျက် တရားစောင့်သော ရဟန်းပုဏ္ဏားတို့အား အလှူဒါန အကြီးအကျယ် ပြုလေသည်။

ဒါရသင်္ဂဟ။ ။မယားကို ချီးမြှောက်ခြင်းဟူသည်မှာ လင့်ဝတ်တရား ကျေပွန်ခြင်းကို ဆို၏။ လင့်ဝတ်တရားများကား၊ မြတ်နိုးခြင်း, မထီမဲ့မြင် မပြုခြင်း, မိန်းမတပါး မလိုက်စားခြင်း, စည်းစိမ်အစိုးရမှု အပ်နှင်းခြင်း, ဝတ်စားတန်ဆာပေးခြင်းအားဖြင့် ငါးပါးတို့တည်း။

ထိုတွင် မြတ်နိုးခြင်းဟူသည် ချစ်ဖွယ်စကားဖြင့် မြှောက်စားပြောဆိုခြင်းတည်း။ မထီမဲ့မြင် ပြုခြင်းဟူသည်မှာ ကဲ့ရဲ့ရှုတ်ချခြင်း, မောင်းမဲခြင်းစသော အမှုမပြုခြင်းပင်။ စည်းစိမ်အစိုးရမှု အပ်နှင်းခြင်းမှာ စိမံရန် အိမ်တာဝန်အားလုံး လွှဲအပ်ခြင်းတည်း။ လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစသော တာဝန်မှာ ယောကျ်ား၏တာဝန်ဖြစ်၍ ထိုမှဖြစ်လာသော ပစ္စည်းကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အိမ်၌စီမံရန် တာဝန်မှာ မိန်းမတာဝန်ဟု ရှေးက အစဉ်အလာရှိ၏။ ဝတ်စားတန်ဆာပေးခြင်းမှာ မိမိအခြေအနေအလိုက် ပေးကမ်းခြင်းကို ဆိုသည်။

ဝတ်တရားနှင့်အညီ မယားအား ချီးမြှောက်တတ်သော လင်ယောကျ်ားကောင်းတယောက် ရနေသောမယားကလည်း မိမိဝတ်တရားများ မလစ်ဟင်းစေခြင်းဖြင့် တုံ့ပြန်မှု မယားကောင်းတယောက်ဖြစ်နိုင်သည်။ မယားဝတ်များကား အိမ်တွင်းအလုပ်များကို ကောင်းစွာလုပ်ခြင်း, ဆွေမျိုးများအား ချီးမြှောက်ခြင်း, မိမိလင်ယောကျ်ားမှတပါး အခြားယောကျ်ားနှင့် မကျူးလွန်ခြင်း, ပစ္စည်းဥစ္စာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း, ချက်ရေး ပြုတ်ရေးစသည်၌ ကျွမ်းကျင်၍ မပျင်းမရှိခြင်းအားဖြင့် ငါးပါးတည်း။

အတွဲလေးမျိုး။ ။ဇနီးမောင်နှံနှစ်ဦး ဝတ်တရားကျေပွန်၍ ကိုယ်ကျင့်သီလ ပြည့်စုံကြလျှင် သူတို့၏အိမ်မှာ အမြဲဟန်းသာယာ၍ ကျက်သရေရှိသော "သိရိဂေဟာ"ဖြစ်လျက်ရှိတော့သည်။ ဤသို့သော ဇနီးမောင်နှံလည်း နတ်သားနှင့်နတ်သမီး စုံဖက်ထားသော အတွဲဟု ဆိုရသည်။ စတုက္ကင်္ဂုတ္တရ ဒုတိယပဏ္ဏာသက ပုညာဘိသန္ဒဝဂ်(၃၆၇)၌ ဇနီးမောင်နှံ အတွဲလေးစုံကို ဟောတော်မူ၏။ ထိုအတွဲများကား—

(၁) သူသေယောကျ်ားနှင့် သူသေမိန်းမ = လင်ကလည်းဖောကျင့် မကောင်း, မယားကလည်း အကျင့် မရှိသောအတွဲ။ ဂုဏ်မတိုးတက် သေလျက်ရှိသောကြောင့် သူသေဟု ဆိုရသည်။

(၂) သူသေ ယောကျ်ားနှင့် မယား နတ်သမီး = လင်က သီလမရှိ, မယားက သီလရှိသော အတွဲ။

(၃) နတ်ယောကျ်ားနှင့် မယားသူသေ = လင်က သီလရှိ၍ မယားက သီလမရှိသော အတွဲ။

(၄) နတ်ယောကျ်ားနှင့်မယားနတ်သမီး=နှစ်ဦးစလုံးသီလရှိကြသော အတွဲ။

သင်္ဂဟဝတ္ထုလေးပါး။ ။သင်္ဂဟဝတ္ထု(=ချီးမြှောက်ခြင်းအကြောင်း)လေးပါးကို စတုက္ကင်္ဂုတ္တရ စက္ကဝဂ်(၃၄၁)၌ ဟောတော်မူ၏။ သင်္ဂဟတရား လေးပါးဟုလည်း ခေါ်ရိုးပြုကြ၏။ ထိုတရားများကား–

(၁) ဒါန=ပေးကမ်းခြင်း,

(၂) ပေယျဝဇ္ဇ=ချစ်ဖွယ်စကား ပြောကြားခြင်း,

(၃) အတ္ထစရိယာ=အကျိုးစီးပွါးကိုပြုကျင့်ခြင်း,

(၄) သမာနတ္တတာ=ကိုယ်တူပြုခြင်းတို့တည်း။

ဤသင်္ဂဟတရားလေးပါးတို့ဖြင့် ချီးမြှောက်ခြင်းကိုလည်း တနည်းအားဖြင့် ဒါရသင်္ဂဟ (=မယားအား ချီးမြှောက်ခြင်း)ဟု ယူနိုင်သောကြောင့် ဆိုခဲ့ပြီး ဝတ်တရားများ ပြည့်စုံပြီးပင် ဖြစ်တော့သည်။

ပေးကမ်းတသွယ်၊ ချစ်ဖွယ်ဆိုရိုး၊ အကျိုးကိုကျင့်၊ ကိုယ်နှင့်တူထား၊ ဤလေးပါး၊ တရား သင်္ဂဟတည်း။

[တရားနှင့်အညီ သားမယားကို လုပ်ကျွေးမွေးမြူသောသူတို့သည် သိကြွားမင်း၏ရှိခိုးခြင်းကိုပင် ခံယူရပုံ, လောက၌ မြတ်သူဖြစ်ပုံတို့ကို သက္ကသံယုတ်, ဂဟဋ္ဌဝန္ဒနာသုတ်တွင် ဟောကြားထားတော်မူသည်။ အကျယ်ကို သံယုတ်ပါဠိတော် မြန်မာပြန် ပဌမအုပ် ၂၁၉-၂၀တွင် ကြည့်ပါ။]

အနာကုလကမ္မန္တာ။ ။[အာကုလ-ကား နာနာဇနသမာကုလံ စသည်၌ အာကိဏ္ဏ+ရောပြွမ်းသည်, ထူပြောပြည့်နှက်သည် ဟူသော အနက်ကို ဟော၏။ ထောမနိဓိ၌ အာကုလကို ဗျာကုလ= ရောဂါစသည်ကြောင့် ဘာလုပ်ရမည်မသိသူ, မှိုင်တွေသူဟု အနက်ကို ဆို၍ အနာကုလ၏ အနက်ကို အဗျဂ္ဂ၊ မပျံ့လွင့် မချောက်ခြားသည်၊ ကေဂ္ဂ၊ တည်ကြည်သည်၊ ထိရ၊ ခိုင်မာသည်၊ အဗျာကိဏ္ဏဝါကျ၊ မရှုပ်ထွေး သောစကားဝါကျဟု လေးနက်ပြ၏။ ဤ၌ ဝါကျမရှုပ်ထွေးသည်ကိုသာ ဆိုသော်လည်း မရှုပ်ထွေးခြင်း မှန်သမျှကိုပင် ယူရမည်သာ။ အနာကု- ယဝိနိစ္ဆယာ (ဥဒါန အဋ္ဌကထာစသော ထိုထိုအဋ္ဌကထာနိဂုံး), အနာကု- လာနမတ္ထာနံ၊ သမ္ဘာဂါ အဋ္ဌသာလိနီ (အဋ္ဌသာလိနီနိဂုံး) ယဿ ရညော ပဘာဝေန; ဘာဝိတတ္တံ ယမာကုလံ အနာကုလံ ဒုလ္လဒ္ဓိဟိ, ပါပတိက္ခူပိ သဗ္ဗသော (မောဂ္ဂလ္လာန်နိဂုံး) စသည်တို့ဖြင့် ထင်ရှား၏။ ဤအနာကုလ ကမ္မန္တ၌ အနာကုလ-လည်း မရှုပ်ထွေးခြင်း အနက်ကိုပင် ဟော၍ အာ- ကုလဘာဝဝိရဟိတာ (=ရှုပ်ထွေးသည်၏အဖြစ်မှ ကင်းကုန်သော) ဟု အဋ္ဌကထာဖွင့်၏။

ရှေးအနက်မှာ အနာကုလ=အနှောင့်အယှက်မရှိကုန်သောဟု ဖြစ်၏။ အာကုလ၏ အနှောင့်အယှက် ဟူသော အနက်ကို မတွေ့ရ၊ အာကုလ က အနှောင့်အယှက် အနက်ဟောရှိလျှင် အလုပ်ရှုပ်ထွေးကြောင်းများမှာ အလုပ်၏အနှောင့်အယှက်များပင်ဖြစ်၍ တနည်းအားဖြင့် သင့်ဖွယ်ရှိ၏။

သို့သော် "န အာကုလာ အနာကုလာ" ဟုပြုသော အဋ္ဌကထာနှင့်ကား မလျော်၊ အချို့က ပျက်စီးခြင်းမရှိကုန်သောဟုလည်း ပေးကြသေး၏။]

အနာကုလဖြစ်ပုံ။ ။အဋ္ဌကထာ၌ အချိန်လွန်ခြင်း, မသင့်မလျော်အောင်ပြုခြင်း, ပေါ့ပေါ့လျော့လျော့ လုပ်ခြင်း စသည်ကို အလုပ်ရှုပ်ထွေးကြောင်း အဖြစ်ပြ၍ အလုပ် မရှုပ်ထွေးကြောင်းများကို အချိန်သိ နားလည်ခြင်း သင့်လျော်အောင် ပြုတတ်ခြင်း, မပျင်းရိခြင်း, လုံ့လရှိခြင်း, ပျက်စီးအောင် မပြုခြင်း-ဟု ငါးမျိုးပြ၏။

* ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း၊ မပျင်းမရိ၊ လုံ့လရှိလျက်၊ မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေ မရှိရာ။

အချိန်သိခြင်း။ ။အလုပ်တခုကို သူ့အချိန်နှင့်သူ မှန်မှန်လုပ်လျှင် ထိုအလုပ်မှာ ချောမောစွာ ပြီးမြောက်ရာ၏၊ အလုပ်၌ ချို့တဲ့ချက်မရှိရာ၊ ထိုသို့မဟုတ်ပါပဲ အချိန်လွန်မှလုပ်လျှင် အလုပ်သေသပ်မှုမရှိနိုင်၊ အချိန်မီမပြီးပဲ ထပိုင်းတစနှင့်သော်လည်း သိမ်းလိုက်ရပေလိမ့်မည်၊ ထို့ကြောင့် အချိန်လွန်ခြင်းသည် အလုပ်အစမသတ် မသေသပ်ခြင်းတို့ဖြင့် အလုပ်ရှုပ်ထွေးအောင် ပြုတတ်ရာ အချိန်မှန်ပြုလုပ်ခြင်းမှာ သေသပ်ချောမော မရှုပ်ထွေးသော အလုပ်ဖြစ်ကြောင်း တခုပင်။

သင့်လျော်အောင်ပြုခြင်း။ ။ထို့ပြင် အလုပ်နှင့် သင့်လျော်သော အရပ်ဒေသအချိန်ကာလ စသည်တို့ကို ရွေးချယ်ပြုလုပ်ပါမှ အလုပ်ချောမောအောင်မြင်၏၊ ထိုသို့မဟုတ်ပဲ မိုးလွန်မှ ထွန်ချဆိုသကဲ့သို့ အချိန်မသင့်ခြင်း, သဲကန္တာရ၌ ပေါးစိုက်သကဲ့သို့ အရပ်ဒေသမသင့်ခြင်း ဖြစ်ပါက အလုပ်မပြီးမြောက်၊ ပြီးသော်လည်း မပြည့်စုံ၊ ဤသို့မပြီး, မပြည့်စုံခြင်းကိုပင် အလုပ်မချောမရှင်း, ရှုပ်ထွေးခြင်းဟု ဆိုရသည်။

ပျင်းရိခြင်း။ ။ပျင်းရိခြင်းသည်လည်း အလုပ်ရှုပ်ထွေးကြောင်းဖြစ်၏။ လူပျင်းကား ပူသည်, အေးသည်, မိုးချုပ်သည်, စောသည်, ဆာသည်, ဝမ်းပြည့်လွန်းသည်ဟု ဆင်ခြေအမျိုးမျိုးပေးကာ အလုပ်ကို ရှောင်တတ် ဖင့်နွှဲစေတတ်၏၊ အေးလွန်းသည်, ပူလွန်းသည်, မိုးချုပ်လွန်း

သည် စသည်ဖြင့် အလုပ်ကို လက်လွှတ်ထားသူများကို စီးပွါးဥစ္စာတို့က ကျော်သွားတတ်ကြောင်း, အအေး အပူကို မြက်မှိုက်လောက်မျှအမှုမထား ကြိုးစားအလုပ် လုပ်သူသာ ချမ်းသာနှင့် မကွာရကြောင်း သိင်္ဂါလသုတ်၌ ဘုရားဟောတော်မူ၏။ ထိုသို့ ဆင်ခြေအမျိုးမျိုး ပြလျက်ငင်း, အခြား အကြောင်းများဖြင့်ငင်း အလုပ်ကိုရှောင်သောလူပျင်းမှာ အလုပ်ကိုမလုပ် ပဲသော်လည်း ရှိရာ၏။ လုပ်သော်လည်း တော်သလို တန်သလိုသာ လုပ် လိမ့်မည်။ လုံးဝမလုပ်ခြင်း တော်သလိုလုပ်ခြင်း အားလုံးပင် မပြီးပြတ် မသေသပ်၍ အလုပ်၏ အာကုလဘာဝ (=ရှုပ်ထွေးမှု) များပင် ဖြစ်ရာ မပျင်းသူ၏အလုပ်သာ ချောမောသေသပ်သော အနာကုလအလုပ် ဖြစ် ပေသည်။

လုံ့လရှိခြင်း။ ။မပျင်းလျှင် လုံ့လရှိခြင်းလည်း ပြီးသည်ဟု ဆိုရသော် လည်း ရံခါအလုပ်ကို မပျင်းတတ်သူဖြစ်စေကာ အလုပ်၌ စိတ်မဝင်စား အလုပ်မှတပါး အခြားအရေး၌ စိတ်ဝင်စားတတ်ခြင်း စသည်ဖြင့် ပေါ့လျော့မှု အလုပ်လစ်ဟင်းမှု ဖြစ်တတ်သေးရာ ဝီရိယရှိခြင်း ကိုလည်း သီးခြားပြရသည်။ ဝီရိယဆိုသော်လည်း နားလည်ကျွမ်းကျင်မှု ပါယူ။ အလုပ်၌နားမလည် မကျွမ်းကျင်ခြင်း, တစိတ်တဒေသသာ နား လည်ခြင်းလည်း အလုပ်ရှုပ်ထွေးကြောင်းများဖြစ်ရာ ဝီရိယရှိသော်လည်း နားမလည် မကျွမ်းကျင်သူမှာ အလုပ်ရှုပ်ထွေးမှုရှိရာသာဖြစ်၏။ နားလည် ကျွမ်းကျင်၍ဝီရိယရှိသူ၏အလုပ်သာ ချောမော သပ်ရပ်သဖြင့် အနာကုလ မရှုပ်ထွေးသော အလုပ်ဖြစ်ရ၏။

မပျက်စီးစေခြင်း။ ။အလုပ်မလုပ်ခြင်း, ကောင်းစွာ မလုပ်ခြင်းသည် အလုပ်ကိုဖျက်ဆီးသည်မည်၏။ ထို့ကြောင့် ဇူတ္တိဓုတ္တ- မိန်းမလိုက်ခြင်း, သုရာဓုတ္တ-သေသောက်ကြူးခြင်း, အက္ခဓုတ္တ-လောင်း ကစားကြူးခြင်း စသော စီးပွါးပျက်ကြောင်း အလုပ်ပျက်ကြောင်းများ လည်း အလုပ်ကို ထိခိုက်စေ၏။ သံယုတ္တနိကာယ် သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်လာ ဥစ္စာ ယိုထွက်ကြောင်း အပေါက်ခြောက်ပါး ဖြစ်သော ပျင်းရိ ခြင်း, မေ့လျော့ခြင်း, လုံ့လမရှိခြင်း, မစောင့်စည်းခြင်း, အအိပ်ကြူးခြင်း

ကိုယ်တဆန့်ဆန့် ပျင်းကြောဆွဲခြင်းများလည်း အလုပ်ပျက်စီးကြောင်းများပင်တည်း။ ထိုသူမျိုးကား အလုပ်မလုပ်,လုပ်သော်လည်း ကောင်းစွာမလုပ်၍ အလုပ်ဆို ဖျက်ဆီးသူများတည်း။ အလုပ်ဆိုသည်မှာ အလုပ်ကြီးကျယ်လာသည်နှင့်အမျှ ထူထောင်ဖို့ ရင်းနှီးဖို့ သုံးဖို့ဥစ္စာ လိုလျက်ရှိရာ ဥစ္စာဖျက်ဆီးသူမှာ အလုပ်ဖျက်ဆီးသူပင်ဖြစ်၍ အလုပ်ရှုပ်ထွေးအောင်လုပ်သူပင်တည်း။ဥစ္စာတိုးတက်ရှိလာမှ အလုပ်များတိုးတက်ကြီးပွါးလာမည်ဖြစ်ရာ ဥစ္စာတိုးဘက်ကြောင်း သမ္ပဒါတရားလေးပါးနှင့်လည်း ပြည့်စုံအောင် ကြိုးစားအပ်၏။

ပျင်းရိမေ့ထ၊ လုံ့လလျော့နည်း၊ စောင့်စည်းခြင်းကင်း၊
အိပ်ခြင်းလည်းဆို၊ကိုယ်တဆန့်ဆန့်၊မခံ့ခြောက်ပြ၊ အပေါက်သာ၊
ဥစ္စာယိုထွက်ကြောင်း။

ဥဋ္ဌာနသမ္ပဒါ။ ။လုံ့လနှင့်ပြည့်စုံခြင်း၊ ဤ၌ လုံ့လဆိုသော်လည်းအလုပ်မကျွမ်းကျင်သူ၏လုံ့လမှာ အကျိုးမဖြစ်ထွန်း၍အလုပ်ကျွမ်းကျင်နားလည်ခြင်းလည်းပါ၏၊ လယ်လုပ်ကုန်သွယ်စသော အလုပ်ဖြင့်ဖြစ်စေ,တစုံတခုသော အတတ်ပညာဖြင့် ဖြစ်စေ အသက်မွေးသူတို့မှာ ထိုလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာ၍ မပျင်းမရိကြိုးစားခြင်းကို ဥဋ္ဌာနသမ္ပဒါဆိုသည်၊ ပစ္စည်းဖြစ်ရေး၌ ဤ ဥဋ္ဌာနသမ္ပဒါကား အရေးကြီး၏။ "ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ=ဝီရိယရှိသူ ဥစ္စာရ၏" ဟူသော သဂါထာဝဂ္ဂ ယက္ခသံယုတ် (၂၁၇) အရ ဓနသမ္ပတ္တိဂုဏ်ကျက်သရေမှာ လူပျင်းနှင့်မတန်မရာ လုံ့လရှိသူအဖို့သာ ဖြစ်၏။သို့ကြိုးစားရာ၌ မခိုမကပ် မနေမနား ကြိုးစားကြသော ပျားပိတုန်းများ ပန်းရည်စုသည်ကို အတုယူ ပြုမူရန်ရှင်း, ချများ တောင်ပို့သယ်ဖို့ ဆောက်ရွက်ပုံကို အတုယူရန်ရှင်း သိင်္ဂါလသုတ်၌ ဟောတော်မူသည်။

အာရက္ခသမ္ပဒါ။ ။ကွယ်ကာ စောင့်ရှောက်မှု၏ ပြည့်စုံခြင်း။ စုဆောင်းရရှိထားသော ပစ္စည်း ဥစ္စာကို ရေ,မီး,ခိုးသား,ဓားပြ စသည့်တို့ မဖျက်ဆီး မလုယက် နိုင်အောင် ဘဏ်၌ အပ်နှံခြင်း, အာမခံထားခြင်း စသည်ဖြင့် ကာကွယ်ခြင်းကို အာရက္ခသမ္ပဒါ ဆိုသည်။

ကလျာဏမိတ္တတာ။ ။မိတ်ဆွေကောင်းရှိခြင်း။ လောကရေး ဓမ္မရေး၌ တိုးတက်ကြီးပွါးကြောင်း နည်းကောင်းညွှန်ပြနိုင်သော အတုယူလောက်သည့် ဂုဏ်အင်္ဂါရှိသူ မိတ်ကောင်း ဆွေကောင်းများကို ဆွေးနွေးလက်ခံ ဆက်ဆံပေါင်းသင်း ဆည်းကပ်ခြင်းကို ကလျာဏမိတ္တတာ ဆိုရ၏။

သမဇီဝိတာ။ ။ညီမျှသော အသက်မွေးမှုမျိုးဖြင့် အသက်မွေးခြင်း။ဥစ္စာအဝင်နည်း၌ အကုန်အကျများအောင် သုံးစွဲသူကို ညီမျှသော အသက်မွေးမှုမရှိသူ ဆိုရ၏။ အဝင်များ၌ အထွက်နည်းအောင် ချင့်ချိန် သုံးစွဲတတ်ခြင်းကို သမဇီဝိတာ ဆိုသည်။ ချွေတာ သုံးစွဲခြင်း ဟု ဆိုလို၏။ မြတ်စွာဘုရားက သိင်္ဂါလသုတ်၌ ပစ္စည်းအသုံးချနည်းကို ဟောခဲ့ရာ ရလာသော ဥစ္စာကို လေးဖို့ခွဲဝေ၍ တဖို့ကို သုံးစား, နှစ်ဖို့ကို အလုပ်လုပ်, တဖို့ကို အရေးကြုံလာသောအခါ သုံးရန် သိမ်းထားဖို့ရန် နည်းညွှန်ဟောခဲ့၏။ လှူဒါန်းဖို့အတွက်မှာ စားသုံးဖို့ တပုံထဲမှာ ခွဲလှူဒါန်းရမည် ဖြစ်ကြောင်း ၎င်း အဋ္ဌကထာ ဆို၏။

လို့လအားသည်း၊ ပစ္စည်းကွယ်ကာ၊ ချွေတာ သုံးလေ၊
မိတ်ဆွေကောင်းဖက်၊ ကောင်းဖို့တွက်၊ လေးချက် သမ္ပဒါ။

သုခလေးမျိုး။ ။အနာဝကုလကမ္မန္တ-ဖြင့် ဥစ္စာရခြင်း, ထိုဥစ္စာကို အမှီပြု၍ သုံးဆောင် ခံစားရခြင်း, တာမလွန် ဘဝ၌ သုခရရှိခြင်း စသော အကျိုးများရနိုင်၍ မင်္ဂလာဖြစ်ရသည်။ အထူးအားဖြင့် ဤအနာကုလကမ္မန္တဖြင့် အင်္ဂုတ္တရ စတုက္ကနိပါတ အာနဏျသုတ် (၃၇၀)၌ ဟောတော်မူအပ်သော သုခလေးမျိုး ရရှိနိုင်၏။

ထိုသုခများကား—

(၁) အတ္ထိသုခ-ငါ့မှာ ရှိသည်ဟု တွေးမိသောအခါ ဖြစ်သော ချမ်းသာ။ အလုပ်ကြိုးစားခြင်းဖြင့် ပစ္စည်းတွေရလာသောအခါ ငါ့မှာ ပစ္စည်းရှိသည်ဟု တွေးမိတိုင်း ဖြစ်သော စိတ်ချမ်းသာမှုဝမ်းသာ အားရမှုတည်း။

(၂) ဘောဂသုခ-သုံးဆောင်ခံစားခြင်းကြောင့်ဖြစ်သော ချမ်းသာ။ အလုပ်ကြိုးစားခြင်းဖြင့် ရလာသော ပစ္စည်းဥစ္စာတွေကို သုံးဆောင် ခံစားရသောအခါ ဖြစ်သော စိတ်ချမ်းသာမှု ဝမ်းမြောက်မှုတည်း။

(၃) အာနဏျသုခ-ကြွေးမရှိသောကြောင့် ဖြစ်သော ချမ်းသာ။ ကြွေးတင်နေသော သူမှာ ထိုကြွေးအတွက် အမြဲပူပန်ရခြင်း ကြွေးမဆပ်နိုင်သောအခါ စိတ်ဆင်းရဲရခြင်း, ကြွေးရှင်တို့၊ အကြိမ်းအမောင်းခံရခြင်း, တရားစွဲခံခြင်းစသည်ဖြင့် ဒုက္ခများလှ၏။ အလုပ်ကြိုးစား၍ ပစ္စည်းပြည့်စုံလာသူမှာ ထိုကြွေးဒုက္ခမရှိ၍ မိမိ၏ကြွေးမြီကင်းရှင်းပြည့်စုံခြင်းကို တွေးမိတိုင်း ပီတိသောမနဿ ဖြစ်ရသော စိတ်ချမ်းသာမှုပင်တည်း။

(၄) အနဝဇ္ဇသုခ-အပြစ်မရှိခြင်းကြောင့် ဖြစ်သော ချမ်းသာ။ မိမိ၌ အပြစ်မရှိသော ကိုယ်နှုတ်စိတ်ထား သုံးပါးပြည့်စုံသည်ကို တွေးမိသောအခါ ဖြစ်သော စိတ်ချမ်းသာမှုတည်း။ အားလုံးချမ်းသာများမှာ တရားသဖြင့် ရလာသော ပစ္စည်းများကြောင့် ဖြစ်ရသော ချမ်းသာများတည်း။ မတရား စီးပွားရှာသူမှာ မိမိ၏ မတရားမှုကို အာရုံပြုမိသောအခါ စိတ်ဆင်းရဲတတ်ရာ အဘယ်မှာ စိတ်ချမ်းသာမှု အပြည့်အစုံရပါအံ့နည်း။

လေးလတွင်းဝယ် နှစ်သိန်းကြွယ် — အလုပ်မှာ ညံ့သည်ဖြစ်စေ, ကောင်းသည် ဖြစ်စေ ပမာနမဟုတ်၊ သူတပါးကို မထိခိုက်၍ အကုသိုလ်မဟုတ်သော အလုပ်ဖြစ်လျှင် အကောင်းချည်းပင်။

လူ၏ကြိုးစားခြင်း, ကျွမ်းကျင်ခြင်းစသည် အရ ဂုဏ်ကျက်သရေတက်လျက် မင်္ဂလာ ဖြစ်ရသည်။ ထို့ကြောင့် ပညာရှိတို့၏ညွှန်ကြားချက်ကို ခံယူခြင်း, အလုပ်၌ ကျွမ်းကျင်အောင် ပြုခြင်း, ကြိုးစားခြင်းတို့ဖြင့် အနာကုလကမ္မန္တ မင်္ဂလာဖြစ်စေ၍ ချမ်းသာသုခ ရယူထိုက်လှသည်။

ဘုရားအလောင်းသည် ဗာရာဏသီပြည်၌ သူဌေးဖြစ်နေစဉ် တနေ့ ဘုရင်မင်းမြတ်ထံ အခစားသွားရာ လမ်း၌ ကြွက်သေကို မြင်၍ နက္ခတ်

ကြည့်ပြီးလျှင် ဤကြွက်သေကို အရင်းပြု၍သူမှာ လုပ်ငန်းအောင်မြင်၍ ကြွယ်ဝနိုင်သည် ဟု ဆို၏။ထိုစကားကို ကြားရသော ဆင်းရဲသားတဦး သည် 'ဤသူဌေးသည် ပညာရှိ၍ မသိပဲ မပြောရာ'ဟု ထိုကြွက်သေကို ကောက်ယူကာ ကြောင်စာအတွက် ရောင်းသော် တမူးရခဲ့၏။ ထိုတမူးမှ အစပြု၍ ပစ္စည်းရရေး မနေမနား ကြိုးစားရာ လေးလအတွင်း ငွေနှစ်သိန်းရ လေသည်။ ထိုနှစ်မှ တသိန်းကို ဆရာစားအဖြစ် သူဌေးအား သွားရောက် ပေးအပ်ရာ သူဌေးလည်း သူ၏အရည်အချင်းကို သဘောကျ၍ သမီးနှင့် လက်ထပ်ထိမ်းမြားလျက် ချီးမြှောက်လေ၏။ ဤဆင်းရဲသားမှာ ပညာရှိ စကားကို လေးစားခံယူခြင်း, ဥစ္စာရရန်အချက်အကွက်ကို မြင်တတ်ခြင်း, မနေမနား ကြိုးစားခြင်းတို့ကြောင့် ဆင်းရဲသားဘဝမှ သူဌေးအဖြစ်သို့ ရောက်ခဲ့ရ ပေသည်။

မှတ်ချက်....ဤဂါထာ၌ မာတုဥပဋ္ဌာန, ပိတုဥပဋ္ဌာနဟု နှစ်မျိုးခွဲ၍ မင်္ဂလာလေးပါးဖြစ်သည်။ ထိုသို့ လေးပါးယူမှ အဋ္ဌကထာ အပေါင်းပြသော မင်္ဂလာသုံးဆဲ့ရှစ်ပါးပြည့်မည် ဖြစ်ပါသည်။ ထို့ပြင် မာတာပိတုဥပဋ္ဌာနကို နှစ်မျိုးခွဲသကဲ့သို့ ပုတ္တဒါရသင်္ဂဟ-ကိုလည်း ပုတ္တသင်္ဂဟ ဒါရသင်္ဂဟနှစ်မျိုးခွဲလျှင် မင်္ဂလာငါးပါးဖြစ် ပြန်သည်။ထိုသို့ နှစ်ပါးစီ မခွဲတော့ပဲ ပေါင်းယူပြန်က မင်္ဂလာသုံးပါးဖြစ်ရတော့သည်။ ဤသို့ အဋ္ဌကထာက မင်္ဂလာရေတွက်ပုံ သုံးမျိုးပြခဲ့၏။ ဤအခွဲအရ သိရသည်မှာ သုံးဆဲ့ရှစ်ပါးဟူသော သင်္ချာမှာ နိယမ (=အတိအကျ ပုံသေ သတ်မှတ်ချက်) မဟုတ်၊ သုံးဆဲ့ရှစ်ပါးထက်လွန်၍ ဖြစ်စေ,ယုတ်၍ ဖြစ်စေ ရေတွက်သော် လည်း အပြစ်မရှိဟူ၏။ မင်္ဂလာငါးပါးယူ၍ သုံးဆဲ့ကိုးပါး ဟု ရေတွက်ခြင်းကိုရင်း, သုံးပါးယူ၍ သုံးဆဲ့ခုနစ်ပါးဟု ရေတွက် ခြင်းကိုရင်း အဋ္ဌကထာက တားမြစ်ခြင်းမရှိ, ခွင့်ပြုပြီး ဖြစ်သည် ဟု ဆိုလိုပါသည်။

---

(၁၀) ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ'မုတ္တမံ။

(၁၀) ဒေဝပုတ္တ၊ နတ်သား၊ ယံ ဒါနဉ္စ၊ အကြင် ပေးကမ်း လှူဒါန်းခြင်းသည်ရင်း။ ယာ ဓမ္မစရိယာ စ၊ အကြင် သုစရိုက်တရားကို ကျင့်ခြင်းသည်ရင်း၊ ဉာတကာနံ၊ ဆွေးမျိုးတို့ကို။ ယော သင်္ဂဟော စ၊ အကြင် ချီးမြှောက် ထောက်ပံ့ခြင်းသည်ရင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ယာနိ ကမ္မာနိ စ၊ အကြင် အမှုတို့သည်ရင်း။ ဧတ္တ၊ ရှိကုန်၏။ ဧတံ၊ ဤ လေးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာ ပေတည်း။

မင်္ဂလာလေးပါး စကားပြေ။ ။နတ်သား၊ ပေးကမ်းလှူဒါန်းခြင်း, သုစရိုက်တရားကို ကျင့်ခြင်း, ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း, အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။

ဒါန။ ။ဒါန-ဟူသည် ဒါနံ ဒေတိ-အလှူ လှူ၏ စသော အချို့အရာ၌ လှူဘွယ်ဝတ္ထုကို ဟော၏။[ဒါတဗ္ဗန္တိ ဒါနံ။ ။ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဒါနံ၊ ဒါနမည်၏။] စေတနာရှိမှ ပေးလှူဖြစ်၏။ စေတနာမရှိက အလှူမဖြစ်။ ထို့ကြောင့် ဒါနဖြစ်မြောက်ရေးမှာ စေတနာက အကြောင်းဖြစ်ရ အလှူဖြစ်မြောက်ကြောင်း စေတနာကိုလည်း ဒါနဟုဆိုရ၏။ [ဒီယတိ ဣမိနာတိ ဒါနံ။ ။ဣမိနာ၊ ဤစေတနာဖြင့်။ ဒီယတိ၊ ပေးလှူအပ်၏။ ဣတိ၊ ထိုသို့ပေးလှူကြောင်းဖြစ်သော ကြောင့်။ ဒါနံ၊ ဒါနမည်၏။]

ထို့ပြင် ပစ္စည်း၌ တွယ်တာသော လောဘရှိနေသ၌ ဒါနမဖြစ်။ တွယ်တာမှုကင်းသော အလောဘရှိသ၌သာ ဒါနဖြစ်၏။ ထို့ကြောင့် အလောဘလည်း ဒါနဖြစ်ကြောင်းဖြစ်၍ "တံသမ္ပယုတ္တော ဝါ အလောဘော= ထိုစေတနာနှင့်ယှဉ်သော အလောဘကိုလည်း ဒါန"ဟု အဋ္ဌကထာဖွင့်၏။

ပေးပုံများ။ ။စေတနာဆိုရာ၌ "ဒါနံ နာမ၊ ဒါနမည်သည်မှာ။ ပရံ ဥဒ္ဒိဿ၊ တပါးသူကိုရည်၍။ သုဗုဒ္ဓိပုဗ္ဗိကာ၊ ဖြောင့်မှန်သော အသိဉာဏ်ရှေ့သွားရှိသော။ အန္နာဒိဒသဒါနဝတ္ထုပရိစ္စာဂစေတနာ၊

ထမင်းအစရှိသော ဆယ်မျိုးသော အလှူဝတ္ထုတို့ကို စွန့်လှူကြောင်း စေတနာပင်တည်း" ဟူသော အဋ္ဌကထာအရ ဉာဏ်ရွှေသွားရှိသော လှူကြောင်းစေတနာကို ဒါနဟု သိရ၏။ ဉာဏ်ရွှေသွားရှိသည်ဆိုရာ၌ ကံ ကံအကျိုးကို သိနားလည်သော 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'ရှိရမည်ကို ဆို၏။ အလှူကြောင့် ကောင်းကျိုး ရလိမ့်မည်ဟု သိခြင်းတည်း။ ဉာဏ် ရွှေသွားရှိရမည်ဆိုသောကြောင့် ဤဉာဏ်မရှိလျှင် ဒါနမဖြစ်ဟုကား မမှတ် အပ်။ အကောင်းဆုံး ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်ရန်သာ ဆိုခြင်း ဖြစ်၏။ ထိုဉာဏ်ပင် မရှိစေဦးတော့ ပုဂ္ဂိုလ်ကိုကြည်ညိုခြင်းစသည်ဖြင့် ပေးကမ်းရာ၌ ဒါနဖြစ်သည်သာ၊ ဉာဏဝိပ္ပယုတ်ဒါနတည်း။ အချို့ ကလေးများ, အချို့ အရပ်က လူများမှာ အကျိုးပေးလိမ့်မည်ဟု မသိသော်လည်း ချစ်ခင်မြတ် နိုး၍ပေးခြင်း, သနား၍ပေးခြင်း, အကျိုးလိုလား၍ပေးခြင်း စသည် ရှိတတ်ရာ ထိုအပေးမျိုးမှာ ဒါနသာတည်း၊ ဒါနမဖြစ်သော အပေးမျိုး လည်း ရှိသေး၏။ ၎င်းတို့မှာ ကြောက်၍ပေးရခြင်း, လာဘ်မြှော်ကိုး၍ပေး ခြင်း, ချစ်ကြိုက်၍ပေးခြင်းစသော အပေးမျိုးတည်း။

မတွယ်တာခြင်း။ ။မိမိပစ္စည်း၌ တွယ်တာတတ်သည်မှာ ဓမ္မတာပင် ဖြစ်၏။ သို့သော် ပုဂ္ဂိုလ်ကိုကြည်ညိုသော အခါဖြစ်စေ, မေတ္တာ ကရုဏာသက်ရောက်၍ သူ့အကျိုးလိုလားသောအခါဖြစ်စေ တွယ်တာမှုကို ဖြုတ်တောက်နိုင်ကြ၏။ ပေးနိုင်, ကမ်းနိုင်ကြ၏။ အလောင်း တော်များမှာ ပစ္စည်းဥစ္စာသာမက ကိုယ်အသက်ပါ စွန့်နိုင်အောင် ရက် ရောကြ၏။ ယင်း၏အကြောင်းကား မေတ္တာ, ကရုဏာပင်ဖြစ်၏။ ထို မေတ္တာ, ကရုဏာကြောင့် ရက်ရောစွာ စွန့်လာခဲ့ရာမှ အဿောဘဏ္ဍာသယ ရင့်သန်လာသောအခါ တွယ်တာမှုဟူ မရှိတော့ပေ။ မေတ္တာ, ကရုဏာ မထားနိုင်ခြင်း, သဒ္ဓါနည်းပါးခြင်းကြောင့် အချို့သူတို့မှာ ပစ္စည်းတွယ် တာဘတ်ခြင်း, မတွယ်တာလှုသော်လည်း မလှူလိုခြင်းဖြင့် ဒါနမဖြစ် တတ်သော်လည်း ကြည်ညိုတတ်ခြင်း, သူ့အကျိုးလိုလားခြင်း ရှိသူတို့မှာမူ မိမိအလွန်နှစ်သက်သော ပစ္စည်းကိုပင် နှမြောရမှန်းမသိ ရက်ရောစွာ လှူဒါန်းနိုင်ကြသည်။ ဤအချက်၌ အင်္ဂုတ္တရ တေဒဂ္ဂဝဂ္ဂဋ္ဌကထာ မဟာ- ကစ္စာယနဝတ္ထုလာ အမျိုး သမီးတဦး အကြောင်းကိုပြဆိုပေအံ့။

အလှူရက်ရောသော အမျိုးသမီး

စဏ္ဍပဇ္ဇောတ မင်းကြီးသည် ဘုရားရှင်ကိုပင့်ရန် ကစ္စာယနလုလင်ကို စေလွှတ်ခဲ့ရာ နောက်ပါ ခုနစ်ယောက်နှင့်အတူ ဘုရားမြတ်ထံ ရောက်ခဲ့၏။ ဘုရား၏တရားနာရသောအခါ အားလုံးရဟန္တာ ဖြစ်ကြသည်။ ရဟန္တာဖြစ်ပြီးနောက် စဏ္ဍပဇ္ဇောတမင်းကြီး၏ ပင့်ချက်ကို လျှောက်သောအခါ "သင်သွားလျှင်လည်း မင်းကြီး ကြည်ညိုပါလိမ့်မည်" ဟု ကစ္စာယနမထေရ်ကိုသာ လွှတ်လိုက်၏။

မထေရ်လည်း နောက်ပါ ခုနစ်ပါးနှင့်အတူကြွခဲ့ရာ လမ်းခရီးအကြား၌ တေလပနာဠိ မည်သောနိဂုံးသို့ ဆိုက်ရောက်၏။ ထိုနိဂုံး၌ သူဌေးသမီး နှစ်ယောက်ရှိခဲ့ရာ တဦးမှာ ပစ္စည်းပျက်၍ဆင်းရဲကာ အထိန်းသည်ကို မှီလျက် အသက်မွေးရရှာ၏။ သို့သော် ရုပ်အဆင်း လှပသည့်ပြင် ဆံပင်လည်း အလွန်ကောင်း၏။ တယောက်မှာပစ္စည်းရှိသော်လည်း ဆံပင်မရှိ၊ ဆံပင်ကောင်းသော သူဌေးသမီးထံ ဆံပင်ကို မိမိအားရောင်းရန် တရာကစ တထောင်အထိ တက်ပေးသော်လည်း မရောင်းခဲ့။

မထေရ်များလည်း ထိုနိဂုံး၌ ဆွမ်းခံလှည့်လည်ရာ ထိုဆံပင် ကောင်းသော သူဌေးသမီးမြင်ရသောအခါ "ဩော် အရှင်များ ဆွမ်းလည်း မရသေး, ငါ့မှာလည်း လှူစရာမရှိ" ဟု စိတ်မကောင်းဖြစ်မိပြီး မိမိဆံပင်ကို သူငယ်ချင်းသူဌေးသမီး ဝယ်ဘူးသည်ကို အမှတ်ရလျက် မထေရ်များကို ပင့်ခိုင်း၍ အိမ်တွင်း၌ သီတင်းသုံးစေ၏။ ထို့နောက် အခန်းထဲဝင်ပြီးလျှင် ဆံပင်ကိုအထိန်းသည်အား ဖြတ်ခိုင်းတော့သည်။ သူဌေးသမီးမှာ စေတနာအလွန်ထက်သန်၍ မိမိအလွန်နှမြောဝှံမက်ခဲ့သောဆံပင် ဖြတ်ရသည်ကို မည်သို့မျှမဖြစ်သော်လည်း အထိန်းသည်ကြီးမှာ ဤမျှကောင်းသောဆံပင်ကို ဖြတ်လိုက်ရသည့်အတွက် နှမြောလွန်း ဝမ်းနည်းရှာလွန်း၍ ရင်ပတ်လက်နှင့်အုပ်ကာ မျက်ရည်မဆည်နိုင် ဖြစ်ရရှာသည်။ ထို့နောက် မထေရ်များ မမြင်အောင် ဆံပင်ကို ကွယ်အုပ်လျက် ထွက်ခွါလာကာ ဆံပင်ဝယ်လိုသူ သူဌေးသမီးထံ သွားရောက်ရောင်းချရာ ၎င်းသူဌေးသမီးလည်း စျေးနှိမ့်၍ ရှစ်ကျပ်သာ ပေးလိုက်၏။ ရသမျှယူလာပြီးလျှင် တပါးတကျပ်

တန် ဆွမ်းချက်၍ ဿပိတ်ထဲလောင်းလှူ၏။ ကစ္စာယနမထေရ်လည်း ဤအကြောင်းသိ၍ သူဋ္ဌေးသမီးကိုမေးရာ သူဋ္ဌေးသမီးလည်း မနေသာတော့ပဲထွက်လာပြီး မထေရ်မျှားကိုဦးချ၏။ ဦးချသည်နှင့်တပြိုင်နက် ဆံပင်များမှာ နဂိုအတိုင်းပြန်ပေါက်လာ၏။ ကုသိုလ်၏ ဒိဋ္ဌဓမ္မအကျိုးပေးပင်။ ထို့နောက် မထေရ်များလည်း ဆွမ်းကိုခံယူ၍ ကောင်းကင်ခရီးဖြင့် စဏ္ဍပဇ္ဇောတမင်းကြီး၏ ကဉ္စနဝနဉယျာဉ်တော်သို့ကြွကာ ဆွမ်းဘုဉ်းပေးတော်မူကြသည်။ ဉယျာဉ်စောင့်၏လျှောက်ထားချက်အရ စဏ္ဍပဇ္ဇောတမင်းကြီး ရောက်လာ၏၊ မထေရ်မြတ်ထံမှ ဘုရားမကြွကြောင်း သိရပြီးနောက် "ယနေ့ ဘယ်မှာ ဆွမ်းဘုဉ်းပေးပါသနည်း" ဟု လျှောက်ရာ ကစ္စာယနမထေရ်က သူဋ္ဌေးသမီးကလေး၏ ပြုနိုင်ခဲသောအမှု ပြုခဲ့ပုံများကိုမိန့်ကြားခဲ့၏။ မင်းကြီးလည်း ထိုနေ့ပင် သူဋ္ဌေးသမီးကိုဆောင်ကာ မိဖုရားကြီးအရာ၌ တင်မြှောက်သတတ်။ (အံ-ဋ္ဌ-၁-၁၆၂)

ဒါန၏လက်ငင်းအကျိုး။ ။ပဉ္စင်္ဂုတ္တရ(၃၃)၌ သီဟစစ်သူကြီးက "ဒါန၏ မျက်မှောက်ဘဝ၌ပင် ရမည့်ကိုယ်တွေ့ အကျိုးကို ညွှန်ပြနိုင်ပါသလား"ဟု လျှောက်ရာ ညွှန်ပြနိုင်ကြောင်း မိန့်တော်မူ၍ အကျိုးငါးပါး ဟောကြားတော်မူခဲ့သည်။ ထိုအကျိုးများကား—

(၁) လူအများ ချစ်မြတ်နိုးခံရခြင်း။ တိရစ္ဆာန်များပင် ပေးသူကို ချစ်ခင်ကြ၏၊ လူများမှာဆိုဖွယ်ရာမရှိ။ ဤအကျိုးမှာ အကျိုးလိုလား မေတ္တာထားခြင်းဖြင့် ရအပ်သောအကျိုးပင်။

(၂) သူတော်ကောင်းများ အလှူရှင်ထံ ချဉ်းကပ်ရောက်လာခြင်း။ မလှူသူ့ထံ မည်သူမျှမလာလိုကြ၊ သူတော်ကောင်းများ လာခြင်း လာလျှင် အလှူရှင်ထံသာ ရောက်လာမြဲတည်း။ သူတော်ကောင်းများ ရောက်လာခြင်းဖြင့် ကုသိုလ်ဖြစ်ခြင်း, အဖိုးတန်တရားလက်ဆောင်များရခြင်းဖြင့် အကျိုးများလှပေသည်။

(၃) ကောင်းသတင်း ကျော်စောခြင်း။ သူများကောင်းစားအောင် အကျိုးဆောင်သူမှာ မိမိက ဂုဏ်လုပ်ဖွယ် မကာသနပြုဖွယ်မသို

ပါ၊ အမျှားကပင် ဖော်ထုတ်ဂုဏ်တင်လျက်ရှိကြ၍အစဉ်သတင်း မွှေးလျက်ရှိရသည်။

(၄) မည်သည့် ပရိသတ်ထဲသို့မဆို ရဲရဲဝံ့ဝံ့ ဝင်ရောက်နိုင်ခြင်း။ မကောင်းမှု ပြုထားသူမှာ မိမိအပြစ်တွေး၍ ရှိတတ် လန့်တတ် သော်လည်း သူတပါး အချီးမွမ်း အချစ်အခင် ခံနေရသော ကောင်းမှုရှင်မှာ တွေး၍ရှိစရာ လန့်စရာ မမြင်သဖြင့် အစဉ်ရဲဝံ့ လျက် ရှိလေသည်။ ဤအကျိုးလေးပါးကား မျက်မှောက် အကျိုးများတည်း။

(၅) သေသော် နတ်ပြည်ရောက်ရခြင်းတို့တည်း။

*အမျှားချစ်အပ်၊ သူမြတ်တို့ချဉ်း၊ ကောင်းသတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ၊ ခန္ဓာစဲသော်၊ ရောက်မြဲနတ်ထံ၊ ဤငါးတန်၊ ရရန်လှူကျိုးတွေ့။

ဒါနသံသရာရှည်သလော။ ။အချို့က ဒါနကို သံသရာရှည်စေတတ် သော တရားဟု ကြောက်လန့်ဖွယ် အဖြစ် ဆိုကြ၏။ သံသရာဝဋ်မှ ကျွတ်လွတ်ရန် လိုလားကြသော အလောင်းတော် များ ဒါနကို လိုလိုလားလား ပြုခဲ့ကြသည်မှာ သံသရာမှ လွတ်ကြောင်း ဖြစ်သောကြောင့်သာ ဖြစ်သည်။ တဏှာသည်သာ သံသရာရှည်ကြောင်း ဖြစ်၏။ နည်းမှန် လမ်းမှန်ပြုသော ဒါနမှာ တဏှာကို ပယ်နိုင်ကြောင်း ဖြစ်၏။ အလောင်းတော်များမှာ ခုဘဝ နောင်ဘဝ သာယာရေးအတွက် မိမိဖို့ရာ ဘာတခုမှ မတောင့်တကြ၊ သတ္တဝါအများ ကောင်းစားစေလို, ချမ်းသာ စေလိုသော စေတနာသာ ထား၍ ပေးကမ်းကြ၏။ ဤဒါနမျိုးကို ပါရမီမြောက် ဒါနဟုဆို၏။ အကယ်၍ တောင့်တလိုလျှင်လည်း သံသရာ ဝဋ်မှ လွတ်ရေးသာ တောင့်တ သင့်၏။ သံသရာဝဋ်မှ လွတ်ရန် တောင့်တ ခြင်းမှာ တဏှာ မဖြစ်ပေ၊ ထိုဒါနမျိုးကို ဝိဝဋ္ဋနိဿိတ ဒါန ဆို၏။ တဏှာဆန္ဒ မကင်းသော ဝဋ္ဋနိဿိတ ဒါနမျိုးမှာ သံသရာလည်ကြောင်း ဖြစ်သော်လည်း တဏှာမပါသော ဝိဝဋ္ဋနိဿိတမှာ သံသရာမှ မြန်စွာ လွတ်ကြောင်းပင် ဖြစ်သည်။

မကြောက်ထိုက်။ ။ဒါနရှင်မှာပေးလှူခိုက် မေတ္တာ, ကရုဏာ, မုဒိတာများ ဖြစ်ပွါးလျက်ရှိရာ အလှူခံတို့ ခံယူသုံးဆောင်သည်ကို အားရကြည်နူး ရွှင်မြူးဝမ်းသာ စိတ်ချမ်းသာလျက် ရှိနေ၏။ နောင်အခါ တွေးမိတိုင်းလည်း ဝမ်းသာကြည်နူး ရွှင်မြူးလျက်ရှိ၏။ ဤသည်တို့မှာ လက်တွေ့ခံစားရသောဒါနအကျိုးတရားများပင်။ သူတပါးအပေါ် မေတ္တာ, ကရုဏာ, မုဒိတာ ပွါးလျက်ရှိသောကြောင့်လည်း မာန, ဒေါသ, လောဘ, ဣဿာ, မစ္ဆရိယ စသော တရားဆိုးများ ကင်းရှင်းလျက်ရှိရာ ထိုတရားများ ပါးကြောင်း ဖြစ်သော ဒါနကို မလိုက်နာ မပြုကျင့်ထိုက်ပဲ ရှိပါမည်လော။ ဒါနကို ကြောက်သူမှာ ဥသျှစ်သီးကြွေကျသည်ကို မြေပြိုပြီအသင်ဖြင့် ကြောက်ပြေးသော ယုန်မိုက်ပမာ မကြောက်ထိုက်သည်ကို ကြောက်ခြင်းသာ။

ဆုံးရှုံးမှု။ ။အချို့မသုံး၍ မလှူ၊ မိမိမှုကား သုံးစား၏၊ ထိုသူမျိုးကား ဘဝနောင်ရေးအတွက် ရှုံးသူဖြစ်သော်လည်း ဤဘဝမရှုံး၍ တော်သေး၏။ တချို့မှု လှူလည်း မလှူ စားလည်း မစားရက်၊ ထိုသူမျိုးမှာ သာ၍ ဆုံးရှုံးသော သူတည်း။ ထိုသူမျိုးကို ပန်းထိမ်သမား တို့၏ ဖားဖိုကဲ့သို့ အသက်ရှူလျက် အသက်မရှင်သူ(သေသူ) ဟုပညာရှိ တို့ဆိုကြသည်။

ကောသလသံယုတ်(၉၀)၌ သူဌေးကြီးတဦးမှာ သားသမီးလည်းမရှိ၊ ချမ်းသာလိုက်သည်မှာလည်း အသပြာက သိန်းရှစ်ဆယ်၊ ရွှေငွေ စသည် ဖြင့် ပြီးသော ပစ္စည်းဘဏ္ဍာ အသုံးအဆောင်များမှာ ပြောမဆုံးအောင် များမြောင် ပေါကြွယ်လှ၏။ ဤမျှအထိ ကြွယ်ဝသူ ဖြစ်ပါလျက်ပုန်းရည်နှင့် ဆန်ကွဲစားပြီး ရထားအိုကလေး အမြဲစီးလျက် သစ်ရွက်ထီးသာ ဆောင်းတတ်၏။ သေသောအခါ ဥစ္စာအားလုံး မင်းဘဏ္ဍာ ဖြစ်ရသည်။ ဤအဖြစ်ကို အကြောင်းပြု၍ ဘုရားရှင်က "လူသူမရှိရာ တောထဲ၌ ဘယ် သူမျှ မသောက်သုံးရပဲ ခြောက်ခန်းသွားသော ရေကန်ကြီးပမာလူညံ့များ မှာ ဥစ္စာရသော် မိမိလည်း မစားရက်, ပေးလည်း မပေးရက်ကြ၊ ပညာရှိ

ကား ဥစ္စာရသော် မိမိလည်းသုံး, အများကိုစွလည်းဆောင်လျက် ဆွေမျိုးအပေါင်းကို ကျွေးမွေးကာ အကဲ့ရဲ့မခံရ၊ အချီးမွမ်းသာ ခံရ၍ နတ်ပြည်သို့ ရောက်ရသည်”ဟု ဟောတော်မူသည်၊ နီတိဆရာတို့က “စုဆောင်းထားအပ်သောဥစ္စာတို့ကို စွန့်လှူခြင်းသာ စောင့်ရှောက်ခြင်းမည်၏၊ ရေကန်၌ တည်သော ရေတို့ကို ထုတ်လွှတ်ရာ ရေပြွန်သည်သာ စောင့်ရှောက်ခြင်းမည်သကဲ့သို့တည်း” ဟု ဆိုခဲ့ကြသည်။

ဓမ္မစရိယာ။ ။သတ်ဖြတ်ခြင်း, ခိုးခြင်း, သူတပါးသားမယားပြစ်မှားခြင်း ဟူသော ကာယဒုစရိုက် သုံးပါး၊ လိမ်ပြောခြင်း, ရန်တိုက်ခြင်း, ကြမ်းတမ်းသော စကားပြောခြင်း, သိမ်ဖျင်း (=အနက်အဓိပ္ပါယ်မရှိ)သော စကားပြောခြင်းဟူသော ဝစီဒုစရိုက်လေးပါး၊ သူ့ဥစ္စာကို ရရန်ကြံခြင်း, သူပျက်စီးရန်ကြံခြင်း, အယူမှားခြင်းဟူသော မနောဒုစရိုက်သုံးပါး၊ ဤဆယ်ပါးကို ဒုစရိုက်(=မကောင်းသော အကျင့်) ဟုရင်း အကုသလကမ္မပထ (=အပါယ်သွားလမ်း မကောင်းမှုများ) ဟုရင်း ဆို ရ၏။ ထိုအမှုများမှ ရှောင်ခြင်းကို သုစရိုက်(=ကောင်းသောအကျင့်)ဟု ရင်း, ကုသလကမ္မပထ (=သုဂတိသွားလမ်း ကောင်းမှုများ)ဟုရင်း ဆိုသည်။ ဤ ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်ခြင်းသည်ပင် ဓမ္မစရိယာမည်၏။ [ဓမ္မဿ စရိယာ ဓမ္မစရိယာ။ ။ဓမ္မဿ၊ တရားကို။ စရိယာ၊ကျင့်ခြင်း။ ဓမ္မစရိယာ၊ တရားကိုကျင့်ခြင်း။]

ဓမ္မဟူသည်မှာ သူတော်ကောင်းများ ကျင့်ရိုးတရားဖြစ်၏။ သူ့အသက်သတ်မှုစသည်မှာ ထိုတရားမှ ကင်းကွာသော အပြုအကျင့်များတည်း။ သတ်ဖြတ်မှုစသည်မှ ရှောင်ခြင်းမှာ တရားနှင့် မကွာသောအပြုအမူဖြစ်၏၊ ထို့ကြောင့် တရားနှင့်မကင်းကွာသော် အကျင့်ဟုလည်း ဓမ္မစရိယာ၏ အနက်ကို ဆိုရ၏။ [ဓမ္မတော အနပေတာ စရိယာ ဓမ္မစရိယာ။ ။ဓမ္မတော၊ တရားမှ။ အနပေတာ၊ မကင်းသော၊ စရိယာ၊ အကျင့်တည်း။ ဓမ္မစရိယာ၊ တရားနှင့်မကင်းသောအကျင့်။]

ဒါနစသော ပုညကိရိယာများလည်း ဓမ္မပင်ဖြစ်သော်လည်း ထိုဓမ္မများမှာ ဒါနစသော ဆိုင်ရာမင်္ဂလာများ၌ ပါဝင်ပြီးဖြစ်သောကြောင့်၎င်း "ဓမ္မစရိယာ သမစရိယာဟေတု ခေါ ဂဟပတယော"စသည်ဖြင့် ဟောတော်မူသော မူလပဏ္ဏာသ သာလေယျကသုတ် (၃၅၅)၌ ဓမ္မစရိယာ-အရ ကုသလကမ္မပထတရား ဆယ်ပါးကို ကျင့်ခြင်းကို ဟောတော်မူသောကြောင့်၎င်း, ဓမ္မစရိယာအရ ကုသိုလ်ကမ္မပထတရားဆယ်ပါး ကျင့်ခြင်းကိုသာ အဋ္ဌကထာ ဖွင့်ခဲ့သည်။

မင်္ဂလာဖြစ်ပုံ။ ။'တရားကျင့်မှုသည် နတ်ပြည်၌ ဖြစ်ရခြင်းအကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်သည်' ဟု အဋ္ဌကထာဖွင့်၏။ ယခင် သာလေယျကသုတ်၌ ဟောတော်မူချက်အရပင် ဖြစ်၏။ ထိုသို့တမလွန်ကောင်းကျိုးသာ ပြသော်လည်း ဤဘဝ၌ပင် ကောင်းကျိုးအမျိုးမျိုးကို ရလျက်ရှိပါသည်။

မကောင်းမှု ပြုကျင့်သူမှာမူ ဘေးလေးမျိုးကြုံရတတ်၏။ ၎င်းတို့မှာ –

(၁) အတ္တာနုဝါဒဘေး=မိမိကိုယ်ကို စွပ်စွဲသောဘေး။ မကောင်းမှု ပြုသူမှာ 'ငါ မကောင်းပါတကား'ဟု မိမိကိုယ်ကို အစဉ် အပြစ်တင်ကာ စိတ်မကောင်းဖြစ်နေရတတ်၏။

(၂) ပရာနုဝါဒဘေး=သူတပါး စွပ်စွဲသောဘေး။ 'ဤသူ လူဆိုးပဲ' ဟု သူတပါးက အထူးသဖြင့် ပညာရှိ သူတော်ကောင်းများက ကဲ့ရဲ့ ပြစ်တင်ခံရသည့်ဘေးတည်း။

(၃) ဒဏ္ဍဘေး=မင်းပြစ် မင်းဒဏ်သင့်သောဘေး။

(၄) ဒုဂ္ဂတိဘေး=အပါယ်ရောက်ရသည့်ဘေး။ (အံ-၁-၄၃၆။)

ကိုယ့်ကိုစွပ်စွဲ၊ သူလဲပြစ်တင်၊ ဒဏ်ဝင်တွယ်ငြား၊
အပါယ်လား၊ လေးပါး ဘေးကြီးရှောင်။

ရှေ့သုံးပါးမှာ မျက်မှောက်ဘဝ၌ ခံရမည့်ဘေးများဖြစ်ရာ တရားကျင့်နေသူ၌ ထိုဘေးများကင်းကာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိရ၏။

အများ၏ ချစ်ခင်လေးမြတ်မှုကိုခံရ၏၊ မေတ္တာ, ကရုဏာ, မုဒိတာများ ဖြစ်လျက် အလွန် စိတ်အေးချမ်းသာနေရသောသူမှာ အဆင်း, ခွန်အား တိုးကာ အသက်ရှည်စွာနေရတတ်၏။ သူတော်ကောင်းတရား ဆုတ်ယုတ်သော ခေတ်အခါ၌ ရောဂါများခြင်း, အသက်တိုခြင်းဖြစ်၍ သူတော်ကောင်းတရား ထွန်းကားသောခေတ်အခါ၌ ရောဂါကင်းလျက် အသက်ရှည်ကြခြင်းမှာ ဓမ္မစရိယာ၏ အကျိုးအာနိသင်ပင်။ "တယော ရောဂါ ပုရေ အာသုံ၊ ဣစ္ဆာ, အနသနံ, ဇရာ=ရှေးအခါက လိုချင်ခြင်း, အစာ ဆာလောင်ခြင်း,အိုချိန်ကျ၍ အိုခြင်းဟု ရောဂါသုံးမျိုးသာ ရှိခဲ့ကြောင်း" သုတ္တနိပါတ ဗြာဟ္မဏဓမ္မိကသုတ် (၃၂၅)၌ ဟောတော်မူ၏။ နွားတို့ကို သတ်ဖြတ်ရာမှအစ ကိုးဆယ့်ရှစ်ပါး ရောဂါများ ဖြစ်လာရသည်ဟုလည်း ထိုသုတ်၌ပင် ဟောတော်မူ၏။

ဓမ္မပါလ။ ။ကာသိတိုင်း ဓမ္မပါလရွာမှ ဓမ္မပါလလုလင်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသွားရောက် ပညာသင်ကြားရာ တပည့် ငါးရာတို့၏ အကြီးအမှူး တပည့်ကြီးအဖြစ် ရောက်လေ၏။ တနေ့ ဆရာကြီး၏ သားကြီးသေဆုံးသဖြင့် ထိုအရေးကို ဆွေးနွေးပြောဆိုကြရာမှအစ ဓမ္မပါလထံမှ သူတို့အမျိုးမှာ ငယ်ငယ်အရွယ်၌ မသေကြောင်း ကြားရသောအခါ ဆရာကြီးအား ပြောပြကြ၏။ ဆရာကြီးလည်း ဓမ္မပါလကို ခေါ်မေး၍ ဟုတ်မှန်ကြောင်း သိရသောအခါ လွန်စွာအံ့သြလှသဖြင့် မိမိကိုယ်တိုင် သွားရောက် စုံစမ်းရန်ဆုံးဖြတ်လေ၏။ ထို့နောက် ဆိတ်ရိုးများကို လွယ်အိပ်ထဲ ထည့်ပြီးလျှင် တပည့်များအား စာပေချပို့ရန် ဓမ္မပါလကို မှာကြားလျက် ထွက်ခွါခဲ့ရာ ဓမ္မပါလရွာ ဓမ္မပါလတို့အိမ်သို့ ဆိုက်ရောက်လေ၏။ဆရာကြီးအား အိမ်သားများက ဝတ္တုရား ကျေပွန်အောင် ပြုစုကြ၏။ ထမင်းသုံးဆောင်ပြီးနောက် အေးအေးသက်သာ နေသောအခါ ဆရာကြီးက ဓမ္မပါလ၏ ဘခင်ပုဏ္ဏားကြီးအား ဓမ္မပါလ ကွယ်လွန်ပြီဖြစ်ကြောင်း သခါရမှုန်သမျှ အနိစ္စချည်းဖြစ်၍ မစိုးရိမ်ဖို့အကြောင်း ပြောပြ၏။ ပုဏ္ဏားကြီးလည်း လက်ခုပ်လက်ဝါး တီးလျက် ပြင်းစွာရယ်လေ၏။ "ဘာကြောင့် ရယ်သလဲ" ဟု မေးသော်

"ကျွန်တော့သား မသေပါဘူးဆရာကြီး၊ တခြားသူ တယောက်ယောက် သေတာဖြစ်ပါလိမ့်မည်" ဟုဆို၏။ "ယုံပါ ပုဏ္ဏား၊ ဟောဒါ သင့်သား အရိုးတွေပဲ" ဟု အရိုးများထုတ်ပြသော် "ဆရာကြီးပြသော အရိုးမှာ ဆိတ်ရိုး ခွေးရိုး ဖြစ်ပါလိမ့်မည်၊ ကျွန်တော့သား မသေပါဘူး၊ ကျွန်တော်တို့ အမျိုးမှာ အမျိုးခုနစ်ဆက်တိုင်အောင် ငယ်ငယ်နှင့်သေဘူးသည် မရှိပါဆရာကြီး" ဟု ပုဏ္ဏားကြီးက ရဲဝံ့စွာငြင်းဆို၏။ ဆရာကြီးလည်း အလွန် အံ့သြ၍ "သင်တို့အမျိုး၌ ထိုသို့ငယ်ငယ်ရွယ်ရွယ်နှင့် မသေသည်မှာ အဘယ့်ကြောင့်ပါနည်း" ဟုမေး၏။ ပုဏ္ဏားကြီးက အကျယ်တဝင့် ပြောပြ၏။

"ဆရာကြီး ကျွန်တော်များ တရားကျင့်ကြပါသည်၊ အရိယာတို့ကဲ့ရဲ့ဖွယ် မကောင်းမှု မပြုကြပါ။ မသူတော်တရား သူတော်ကောင်းတို့တရား နှစ်မျိုးလုံး နာကြပါသည်။ သူတို့နှင့် မဆန့်ကျင်အောင် နာကြသော်လည်း မသူတော်များ တရားကိုလက်မခံကြပါ၊ သူတော်ကောင်းများနှင့်သာ ပေါင်းသင်းကြပါသည်။ ကျွန်တော်များ မလှူမီလည်း ဝမ်းသာ, လှူဆဲလည်းဝမ်းသာ, လှူပြီးသောအခါလည်း နောင်တ မဖြစ်ကြ။ ရဟန်း, ပုဏ္ဏား, ခရီးသည်, သူတောင်းစား, ဆင်းရဲသားတို့ကို ထမင်း အဖျော် ပေးကမ်းကြပါသည်။ ကျွန်တော်များ၏ ဇနီးများ အခြား ယောကျ်ားနှင့် မမှားကြသလို ကျွန်တော်များလည်း တခြားမိန်းမများ နှင့် မမှားကြပါ၊ ဗြဟ္မစရိယ အကျင့် ကျင့်ကြပါသည်၊ ကျွန်တော်တို့သည် အသက်မသတ်ကြ, မခိုးကြ, လိမ်မညာပြောကြ, အရက်မသောက်ကြပါ။ တရားရှိသော ကျွန်တော်တို့၏ ဇနီးများမှ ဝေဒကျမ်းတတ် ပညာရှိ သားကောင်း သားမြတ်များသာ မွေးဖွားပါသည်။ အမိ အဘ ညီအစ်ကို မောင်နှမ သားမယား ကျေးကျွန်အစေခံ အမှုလုပ်အားလုံး နောင်ဘဝရေးအတွက် တရားကျင့်ကြသူချည်း ဖြစ်ပါသည်။ ဤအကျင့်များမှာ ကျွန်တော်များ ငယ်ငယ်နှင့် မသေရခြင်း အကြောင်းများ ဖြစ်ပါသည်" ဟုဆိုသော ဓမ္မပါလဘခင် ပုဏ္ဏားကြီး၏ စကားကိုကြားသောအခါ ဆရာကြီးက မိမိစုံစမ်းလို၍ လာခဲ့ကြောင်း, ဓမ္မပါလမှာ ကျန်းမာလျက်ရှိကြောင်းပြောကာ ထိုတရားများ

ကို မိမိတို့ကျင့်ရန် ရေးထူးပြီး ပြန်ခဲ့လေသည်။ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ=တရားကျင့်သူကို တရားက တကယ်ပြန်စောင့်ရှောက်တတ်၏။" (ဇာတက-ဋ္ဌ-၄-၅၇)

ဉာတိသင်္ဂဟ။ ။ဉာတိဆွေမျိုးဟူသည်မှာ မိဖက် ဘဖက် ဆွေခုနစ်ဆက်ကို ဆို၏။ ဥစ္စာစည်းစိမ် ပျက်စီးသောကြောင့်ဖြစ်စေ, ရောဂါ နှိပ်စက်သောကြောင့်ဖြစ်စေ, အရပ်တပါးမှ မိမိထံ ရောက်လာသော ဆွေမျိုး, မိမိအနီးအပါးမှ ဆွေမျိုးများကို အဝတ်, အစားအစာ, ဆေး ဝါး စသည်ဖြင့် ကူညီထောက်ပံ့ခြင်းကို ဉာတိသင်္ဂဟဆို၏။ ဆိုခဲ့ပြီး သင်္ဂဟ ဝတ္ထုလေး ပါးဖြင့် ဆွေမျိုးမှန်သမျှအား ထောက်ပံ့ခြင်းကိုလည်း သင်္ဂဟ ဆိုရ၏။ ဆွေမျိုးကို ထောက်ပံ့သူမှာ 'တော်ပါပေတယ်' ဟုအများ၏ ချီး မွမ်းခြင်း ခံရ၏၊ ဆွေမျိုးများ၏ လေးစားချစ်ခင်မှု, တုံ့ပြန်စောင့်ရှောက် မှုကိုလည်း ခံရတတ်၏။ ချစ်ခင်ကြင်နာခြင်းဖြင့် ဖွဲ့သားသော ညီညွတ် သင့်မြတ်သော ပတ်ဝန်းကျင်ဖြင့် အစဉ်ရွှင်လန်းသာယာလျက် ရှိနေ၏။ ဤသို့စသော ဒိဋ္ဌဓမ္မအကျိုးများကိုရင်း, သုဂတိဘဝရောက်ရခြင်း တမလွန် အကျိုးကိုရင်း ရရာရကြောင်း ကောင်းသော အမှုဖြစ်ရာ ဉာတိသင်္ဂဟမှာ မင်္ဂလာ ဖြစ်ပေသည်။

ဘုရားလောင်းများအကျင့်။ ။အမျိုးကိုထောက်ပံ့ခြင်းမှာ ဘုရားအလောင်း တို့၏ ကျင့်ရိုးဖြစ်သည်။ အလောင်းတော် များသည် အမျိုးသားများ အကျိုးဆောင်ခြင်း, ဘေးရန်ကာကွယ်စောင့် ရှောက်ခြင်း စသည်ဖြင့် အစဉ်အမျိုးသားတို့၏ အကျိုးများကို ပြုကျင့်ခဲ့ ရာ ဉာတတ္ထစရိယာ-ဟု စရိယာတရပ်အဖြစ် ထင်ရှားခဲ့၏။ တခါက ပုရော ဟိတ် တဦး၏ခေါင်းပေါ် ကျီးတကောင်က မစင်စွန့်ချခဲ့ရာ ပုရောဟိတ် စိတ်ဆိုး၍ ကျီးတွေအပေါ် ရန်ငြိုးဖွဲ့ခဲ့သည်။ တနေ့ ဘုရင့် ဆင်တင်းကုပ် မီးလောင်၍ ဆင်တွေအနာရခဲ့ရာ ဆင်ဆရာတွေ ပျောက်အောင် မတတ် နိုင်ကြသဖြင့် ဘုရင်အားလျှောက်သော် ဘုရင်က ပုရောဟိတ်အား မေး ၏။ ပုရောဟိတ်က အချက်ပေါ်ပြီဟု စဉ်းစားမိကာ "ကျီး ~ လျှင်

ပျောက်နိုင်ကြောင်း” လျှောက်၏။ ဘုရင်က “ကျီးတွေသတ်၍ ကျီးဆီ ထုတ်ရန်” အမိန့်ပေးတော်မူသည်။ ဘုရင့်အမိန့်အရ ကျီးတွေသတ်ပြီး အဆီ ထုတ်သော်လည်း အဆီမရပဲ ကျီးသေတွေသာ နေရာအနှံ့ စုပုံလျက်ရှိ၏။

ထိုအချိန်တွင် ဘုရားအလောင်းကျီးမင်းသည် ကျီးရှစ်သောင်းနှင့်အတူ သုသာန်၌နေ၏။ကျီးတို့၏ဘေးရန်ကို ကြားရ၍“ငါမှတပါး ငါ့အမျိုးသား တို့ဘေးရန်ကို ကာကွယ်နိုင်မည့်သူမရှိ”ဟု စဉ်းစားမိသဖြင့် မိမိ၏ပါရမီတို့ကို ဆင်ခြင်ပြီးလျှင် မေတ္တာပါရမီ ရှေ့သွားပြုကာ တရှိန်ထိုးပြူတင်းပေါက် မှ ဝင်လျက် ဘုရင်၏ပလ္လင်အောက်မှာ ဝပ်နေ၏။ အတန်ကြာ အပန်း ပြေမှ မေတ္တာပါရမီကို ဆင်ခြင်လျက် ပလ္လင်အောက်မှထွက်ကာ ဘုရင်ကို လျှောက်သည်မှာ“အရှင်မင်းကြီး ဘုရင်မည်သည်မှာ စဉ်းစားဆင်ခြင် ပြုသင့်ပါသည်၊ မိမိပြုလုပ်သည့်အလုပ်မှာ တကယ်အကျိုးရှိမှ လုပ်သင့်ပါ ၏၊ အကျိုးမရှိပဲ အများဆင်းရဲမည်ဆိုလျှင် မလုပ်ထိုက်ပါ၊ ကျွန်တော်တို့ ကျီးမည်သည်မှာ အဆီမရှိပါ၊ ပုရောဟိတ်သည် ရန်ငြိုးကြောင့် လိမ်ပြော ခြင်းသာဖြစ်ပါသည်။” ဤသို့ဆိုသော ကျီး၏ စကားကို ကြားရသော် ရှင်ဘုရင်လည်း အလွန်ကြည်ညို၍ ရွှေအင်းပျဉ်ပေါ်တွင် နေစေလျက် မင်းသုံး မင်းဆောင် အစားအစာတို့ကို ကျွေးမွေးပြီးလျှင် ကျီးများမှာ အဆီမရှိခြင်းအကြောင်းကို မေး၏။

“ကျွန်တော်တို့ကျီးများမှာ အမြဲထိတ်လန့်သော စိတ်နှလုံးရှိကြပါ သည်၊ သတ္တဝါအများကို ညှဉ်းဆဲတတ်ကြသည်၊ထို့ကြောင့် ကျွန်တော် တို့ ကျီးတွေမှာ အဆီမရှိခြင်း ဖြစ်ပါသည်ဟု ကျီးမင်း လျှောက်သော် ဘုရင်လည်း အလွန်အားရ နှစ်သက်ကြည်ညိုလှ၍ ကျီးမင်းအား မင်း အဖြစ်ကိုပင် အပ်နှင်း၏။ ကျီးမင်းလည်း မင်းအဖြစ်ကို လက်မခံ ပြန်အပ် ခဲ့၍ သတ္တဝါတို့၏ ဘေးမဲ့ကိုတောင်းရာ တောင်းသည့်အတိုင်း ပေးသည့် အပြင် ကျီးတို့အတွက် အစာကိုအမြဲ ဒါနပြုလေသည်။ (ဇာတက ၄-၁- ၅၁၀)

အမျိုးသားအားလုံးယူ။ ။အလောင်းတော်များ မိမိအမျိုးသားများအတွက်အနစ်နာခံခဲ့ပုံ၊ ကူညီစောင့်ရှောက်ကာကွယ်ခဲ့ပုံများကို ဇာတကဋ္ဌကထာများ၌ အတော်ပင်တွေ့ရပါသည်။ဉာတ-တ္ထစရိယာ၌ ဉာတိဆိုသည်မှာ သွေးသားတော်စပ်သော. အမျိုးမျှသာမဟုတ်ပဲဇာတ်တူ ကိုယ့်အမျိုးသားများကိုလည်း ဉာတိဆိုရ၏။ ဤ၌လည်းအားလုံး ကိုယ့်အမျိုးသားများကို ဉာတကဟု ယူသော် ပို၍ပြည့်စုံရာ၏။ယ္ခုဖို့သာ အစဉ်ကြည့်တတ်သူမှာ စိတ်ထားသဘောထား သေးသိမ်သူ ကျဉ်းမြောင်းသူဖြစ်၏။ ထိုသူမျိုးမှာ မိမိဆွေမျိုးအပေါ် ကူညီရန် သတိမရတတ်၊ တမျိုးသားလုံးအပေါ်မှာ ဆိုဖွယ်ပင်မရှိ။ အများအကျိုး လိုလားသောသူမှာ စိတ်ထားသဘောထား ကြီးမားသောသူတည်း။ ထိုသူမျိုးမှာ မိမိဆွေမျိုးသာမက တတ်နိုင်လျှင် တမျိုးသားလုံးကောင်းစားအောင်ပြုရန်အဆင်သင့်ဖြစ်နေတတ်၏။ မိမိဆွေမျိုး အမျိုးသားများအပေါ်ကောင်းဖို့ရာမှာ မေတ္တာ၊ ကရုဏာ အရင်းခံဖြစ်ရာ ထိုတရားများ ထွန်းကားသောခေတ်အခါကဆိုလျှင် ဤဉာတိသင်္ဂဟမှာ သူတပါးက ဆုံးမဖွယ်မလို။အရိုးစွဲနေသော အကျင့်ဖြစ်ကာ အချင်းချင်း ကူညီရိုင်းပင်းလျက် တသားတည်း ညီညွတ်လျက်ရှိရာ သာယာသောခေတ် ဖြစ်တော့သည်။ မေတ္တာ၊ ကရုဏာ ခေါင်းပါးသော ခေတ်အခါမှာမူ တမျိုးသားလုံး မဆိုထားဘိဆွေမျိုးချင်းပင် ကွဲပြားလျက် မသာမယာ ဖြစ်ရသည်။ ထို့ကြောင့်သာယာသောလောက ဖန်တီးဖို့ရာ ဤဉာတိသင်္ဂဟ မင်္ဂလာမှာ လွန်စွာအရေးပါလှပေသည်။

အနမတဂ္ဂ။ ။"န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယော န မာတာဘူတ ပုဗ္ဗေ" စသော အနမတဂ္ဂ ဒေသနာတော်အရဆိုလျှင် ဤမျှရှည်လျားစွာ ကျင်လည်ခဲ့ရသော သံသရာတခွင်၌အမိ အဘ, ညီအစ်ကို,မောင်နှမ စသည် မဖြစ်ဘူး မတော်စပ်ဘူးသူမရှိ၊ အားလုံး တော်စပ်ကြဘူးသည်ချည်းပင်။ (သံ-၁-၃၉၅)

ဤဒေသနာ နှလုံးသွင်းမိလျှင် အားလုံးပင် ဆွေမျိုးချည်း ဖြစ်ကြသည်ဟူသော ရင်းနှီးချစ်ခင်ကြင်နာသည့်စိတ်ထား ထားနိုင်ကြ၍ ကြီးမား

သော စိတ်ထားရှိသူများ ဖြစ်နိုင်ကြမည်ဖြစ်ရာ ကိုယ့်အမျိုးသားများ အပေါ်မှာစိတ်ထားကြီးမား ကျယ်ပြန့်နိုင်သူများ ဖြစ်ကြပါစေ။

အယံ နိဇော ပရောဝါတိ၊ ဂဏနာ လဟုစေတိနံ။
ဥဒါရစရိတာနံ တု၊ ဝသုဓေဝ ကုဋုမ္ဗကံ။ (ဟိတောပဒေသ)

အယံ၊ ဤသူကား။ နိဇော၊ ကိုယ်နှင့်ရင်းသူ အတွင်းလူဖြစ်၏။ အယံ၊ ဤသူကတော့။ ပရော၊ အပဖြစ်သူ တစိမ်းလူသာတည်း။ ဣတိ၊ ဤသို့။ လဟုစေတိနံ၊ စိတ်ထားပေါ့ပျက် မလေးနက်မှု သေးသိမ်သူတို့၏။ ဂဏနာ၊ ကိုယ့်လူ သူ့လူ နှစ်မှုထားလျက် တွက်ဆချက်သည်။ ဟောတိ၊ ဖြစ်တတ်ပါပေ၏။ ဥဒါရစရိတာနံ တု၊ စိတ်နေသဘောထား ကြီးမားမြင့်မြတ်သူတို့ အတွက်မှာ။ ဝသုဓာ၊ ကမ္ဘာ့မြေ့ခွင် မြေတပြင်လုံးသည်။ ကုဋုမ္ဗကံ ဧဝ၊ အိမ်ထောင်တခုတည်း မိသားစုချည်းအနေ ဖြစ်ရပါပေသတည်း။

အနဝဇ္ဇကမ္မ။ ။သတ်ခြင်း, ခိုးခြင်းစသော အမှုများမှာ လောက၌ မင်းပြစ် မင်းဒဏ်လည်း ခံရတတ်၏၊ သံသရာပြစ်ခေါ် အပါယ်ကျခြင်းလည်းဖြစ်ရ၏။ ထို့ကြောင့် သာဝဇ္ဇကမ္မ (=အပြစ်နှင့် တကွဖြစ်သော အလုပ်များ)ဟု ဆိုရ၏။ ယင်းကဲ့သို့ မင်းပြစ်, မင်းဒဏ်လည်းမရှိ, အကုသိုလ်လည်း မရှိသော အလုပ်များကို အနဝဇ္ဇကမ္မ (=အပြစ်မရှိသော အလုပ်) ဟု ဆိုအပ်၏။ ထိုအလုပ်များကား ဥပုသ်စောင့်ခြင်း, ဝေယျာဝစ္စပြုခြင်း, အများအရိပ် ခိုနားရန် သစ်ပင်စိုက်ခြင်း, အများသုံးဖို့ ဥယျာဉ်တည်ခြင်း, တံတားဆောက်ခြင်း, လမ်းပြင်ခြင်း, ရေတွင်း ရေကန်တူးခြင်း စသည့် ကောင်းမှု ဖြစ်သော အလုပ်များတည်း။ မကောင်းသောအလုပ်များကြောင့် မြင်ရသူ, ခံရသူအားလုံး စိတ်မသက်သာ ဆင်းရဲကြရ၏၊ အမင်္ဂလာသာတည်း။ ဆိုခဲ့ပြီး ကောင်းမှုများကား အများတကာ ကိုယ်ချမ်းသာ, စိတ်ချမ်းသာ သာယာ ပျော်ရွှင်မှုကို ဖြစ်စေတတ်၏၊ အများကောင်းကျိုးပြုသူဖြစ်၍ အများ၏ ချစ်မြတ်နိုးခြင်း, လေးစားခြင်း, ချီးမွမ်းခြင်းကို ခံရ၏။ မိမိမှာ တွေ့တိုင်း, အာရုံပြုမိတိုင်း စိတ်ချမ်းသာရ၏။ သေခါနီး ထိုကုသိုလ် အာရုံများဖြင့် ကောင်းသောနိမိတ်များ

ထင်ကာ သုဂတိဘုံ ရောက်မည်မှာ သေချာနေတော့၏။ ထို့ကြောင့် ဤအမှုများမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်လေသည်။

မာဃလုလင်။ ။ဤအနုဝဏ္ဏကမ္မ-အရာ၌ မာဃလုလင်မှာ နမူနာပင်ဖြစ်၏။ မစလရွာမှ မာဃလုလင်ကား ဒါနပြု၏။ သီလစောင့်ထိန်း၏။ ရပ်ရွာသာယာရေး ကောင်းမှု၌ စိတ်ဝင်စား၏။ ထိုရွာ၌ အိမ်သုံးဆဲ့သုံးအိမ်ရှိရာ မာဃလုလင်၏ သွန်သင်ဆုံးဆောင်ချက်အရ သုံးကျိပ်သုံးယောက်လုံး စိတ်တူကိုယ်မျှ ဒါနသီလကုသိုလ်မြဲကြသည့်ပြင် ရပ်ရွာသာယာရေး ကောင်းမှုပြုကြ၏။ လမ်းများကို ညီညာအောင် ကျောက်တုံးဖြင့် လိုမ့်ပြင်ကြ၏။ လှည်း ရထားသွားလမ်းများ၌ ဝင်ရိုးခလုတ်သော သစ်ပင်များ လှဲရှင်းပစ်ကြ၏။ ယာဉ်လမ်းကို ညှိကြ၏။ တံတားခင်းကြ၏။ မရကန်တူးကြ စရပ်ဆောက်ကြ၏။ လူတွေလည်း စိတ်ကောင်း ရပ်ရွာလည်း ရှုချင်ဖွယ်ဖြစ်၍ မစလရွာမှာ သာယာပျော်ရွှင်ဖွယ်ဖြစ်လာလေသည်။

ရှေးအခါက သူတို့ အရက်သောက် သားငါး သတ်ဖြတ်နေစဉ် သူတို့ထံမှ လာဘ်ရနေသော ရွာစားသည် ယခု ကောင်းမှုရှင် သူတော်ကောင်းတွေချည်း ဖြစ်နေသော အခါ လာဘ်မရတော့၍ ဤရွာသားတွေ သူခိုးဓားပြများ ဖြစ်ကြောင်း မင်းအား လျှောက်၏။ ရှင်ဘုရင်လည်း မစုံစမ်း မစစ်ဆေးပဲ အားလုံး ဆင်နှင့် နင်းသတ်ရန် အမိန့်ပေးတော့သည်။ မင်းရင်ပြင်မှာ အားလုံးအိပ်စေ၍ နင်းမည့်ဆင်ကို ဆွဲလာ၏။ ထိုအခါ မာဃလုလင်က "မင်းတို့ ကိုယ့်သီလကိုယ် ဆင်ခြင်ကြ၊ ကုန်းတိုက်သူ ရွာစား, သတ်ခိုင်းသောဘုရင်, သတ်မည့်ဆင်နှင့် မိမိကိုယ်ပါ အားလုံးအပေါ်မှာ ညီတူညီမျှ မေတ္တာပွါးကြ"ဟု ဩဝါဒပေး၏။ မာဃလုလင်ဆိုတိုင်း လိုက်နာကြရာ နင်းခိုင်းသော ဆင်မှာ မနင်းဝံ့ပဲ သည်းထန်စွာ အော်မြည်ထွက်ပြေး၏။ ကးကောင်ပြီး ငကောင်လဲကာ ဆွဲလာပြီး နင်းစေသော်လည်း အားလုံး ပြေးကြသည်ချည်းပင်။ ထိုအခါ ဘုရင်က "သူတို့မှာ ဆေးရှိလိမ့်မည်ရှာကြ"ဟု ခိုင်းရာ ရှာသော်လည်း ဆေးမတွေ့ရ

"မန္တန်ရွတ်ခြင်း ဖြစ်လိမ့်မည်၊ မေးကြစမ်း"ဟုခိုင်း၍ မေးသောအခါ မာဃ-က မန္တန်ရှိကြောင်း ပြော၏။ ရှင်ဘုရင်က အားလုံးခေါ်စေပြီး "သင်တို့မန္တန် ပြောကြစမ်း"ဟု ဆိုသော် မာဃလုလင်က "ကျွန်တော်တို့မှာ တခြားမန္တန်တော့ မရှိပါ၊ ကျွန်တော်များအားလုံး သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုး၊ သူ့သားမယား မပြစ်မှား၊ လိမ်မပြော၊ အရက်မသောက်၊ ဒါနပြု, မေတ္တာပွါးကာ လမ်းပြင် ရေကန်တူး, စရပ်ဆောက်ကြပါသည်။ ဤအမှုအားလုံးပင် မန္တန်လည်းဆိုရ, ပရိတ်အရံအတားလည်း ဖြစ်ပါသည်"ဟု လျှောက်၏။ ရှင်ဘုရင်လည်း သူတို့အားလုံးကို ကြည်ညိုအားရ၍ ရွာစား၏ စည်းစိမ်နှင့်ရွာကိုပါ သူတို့အား အပိုင်စားပေးလေ၏၊ အားလုံး ကုသိုလ်ကောင်းမှုတွေပြုကာ သေသောအခါ တာဝတိံသာ၌ သိကြားသုံးကျိပ်သုံးယောက်ဖြစ်ကြလေသည်။ (ဓမ္မပဒ-၁-၁၆၉)

သောကကင်းဝေး အေးချမ်းရေး

ကိုယ်ကျိုးသာ ကျင့်သူ, သူတပါးအကျိုးသာ ကျင့်သူ, ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးကျင့်သူ, နှစ်မျိုးလုံးမကျင့်သူဟု ပုဂ္ဂိုလ်လေးမျိုးရှိရာ ကိုယ်ကျိုးသာကျင့်သူမှာ ဥစ္စာစသည် ပြည့်စုံချင် ပြည့်စုံမည် ဖြစ်သော်လည်း စိတ်ချမ်းသာ ပျော်ရွှင်မှုကား အပြည့်အဝ ရလိမ့်မည်မဟုတ်။ သူကျိုးသာကျင့်သူ၌ မိမိအကျိုးအတွက် သောကဖြစ်ရတတ်သေး၏။ နှစ်မျိုးလုံး ကျင့်သူမှာ သောကကင်းဝေး အေးချမ်းသသူတည်း။ နှစ်မျိုးလုံးမကျင့်သူမှာ လောက၌ ဆိုးရွားသောသူတယောက်ဖြစ်၏။ အများအကျိုး အစဉ်ဆောင်သူမှာ အများ၏ချစ်ခင်လေးစား အရေးထားခြင်း ခံရသည့်အပြင် မိမိ၏ ထိုကောင်းမှုများကို မြင်ရ တွေ့ရတိုင်း စိတ်ကြည်နူး၍ ရွှင်မြူးချမ်းသာကာ ပျော်လျက်ရှိ၏။ ဘေးကင်း ရန်ကင်း စိတ်ချမ်းသာခြင်းဖြင့် အစဉ်အမြတ်ထွက်လျက်ရှိ၏။ တရပ်တရွာ တမြို့လုံး ထို လူမျိုးတွေများလျှင် ထို အရပ်မှာ အစဉ်သာယာ အေးချမ်းရွှင်လန်း ပျော်မွေ့ဖွယ်ရာသာ ဖြစ်၏။ ထိုအရပ်မျိုး၌ လူ–လူချင်း မေတ္တာဖြင့် ဖွဲ့လျက်ရှိရာ ကွဲပြားမှု မရှိ၊ တသားတည်း ညီညွတ် စည်းလုံးလျက်သာ ရှိမည်ဖြစ်၍ အနဝဇ္ဇကမ္မမှာ ရပ်ရွာစည်

ပင်သာယာရေး, လူလူချင်း စည်းလုံးညီညွတ်ရေး, ကုသိုလ်အမြဲ ဖြစ်ရေး အတွက် လေးလေးနက်နက် လိုက်နာသင့်သော ကုသိုလ်မှု ဖြစ်ပေသည်။

---

(၁၉) အာရတိ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ' မုတ္တမံ။

(၁၉) ဒေဝပုတ္တ၊ နတ်သား။ ပါပါ၊ မကောင်းမှုမှ။ ယာ အာရတိ စ၊ အကြင်စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည်ရင်း။ ယာ ဝိရတိ စ၊ အကြင် ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းသည်ရင်း။ မဇ္ဇပါနာ၊ သေရည်အရက် သောက်ခြင်းမှ။ ယော သံယမော စ၊ အကြင် စောင့်စည်းခြင်းသည်ရင်း။ ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ ယော အပ္ပမာဒေါ စ၊ အကြင် မမေ့ မလျော့ခြင်းသည်ရင်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ သုံးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

မင်္ဂလာသုံးပါး စကားပြေ— နတ်သား၊ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းနှင့် ကိုယ် နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း, သေရည် အရက်သောက်ခြင်းမှ စောင့်စည်းခြင်း, ကုသိုလ်တရားတို့၌ မမေ့ခြင်း၊ ဤသုံးပါးမှာ ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည်။

မှတ်ချက်—အချို့က ဤ ဂါထာအရ "ပါပအာရတိ, ပါပဝိရတိ"ဟု မင်္ဂလာနှစ်ပါးခွဲခြား၍ မင်္ဂလာလေးပါးယူကာ "မာတာပိတု ဥပဋ္ဌာန" ကို မင်္ဂလာတပါး ယူပြီးလျှင် သုံးဆဲ့ရှစ်ပါး ရေတွက်ပြကြသေး၏။ ဤ၌ကား "အာရတိ ဝိရတီ ပါပါ"အရ မကောင်းမှုမှ ရှောင်ခြင်းတူသောကြောင့် ပါပဝိရတိ တပါးသာ ယူလျက် မင်္ဂလာသုံးပါး ရေတွက်ပြသော အဋ္ဌကထာနှင့် အညီ သုံးပါးသာ ယူခဲ့ခြင်း ဖြစ်ပါသည်။

အာရတိ ဝိရတိ၊ ။ရမု-ဓာတ်၏ ရှောင်ခြင်းအနက်အားဖြင့် အာရတိနှင့် ဝိရတိ အတူပင်။ အာ နှင့် ဝိ ဥပသာရသာ ကွဲပြား၏။ သို့ ကွဲပြားသော်လည်း ဥပသာရအတွက် အနက်မထူး၍ 'အာရတီတိ အာရမဏံ၊ ဝိရတီတိ ဝိရမဏံ'ဟု ရှောင်ခြင်း သာမန်ပင် သဒ္ဒါနက်ဖွင့်၏။ အဋ္ဌသာလိနီ လောကုတ္တရာအဖွင့်၌ "အာရကာ ရမတီတိ အာ-ရတိ=ဝေးစွာ ရှောင်တတ်သောကြောင့် အာရတိ မည်၏။ ဝိနာ တေဟိ ရမတီတိ ဝိရတိ = ထိုတရားများနှင့် ကင်းအောင် ရှောင်တတ်သောကြောင့် ဝိရတိ မည်၏"ဟု ဥပသာရနှစ်ခု အထူးပြု ဖွင့်၏။ ဤအဖွင့်မျိုးကို နည်းမှီ၍ 'အာရတိ=ဝေးစွာ ရှောင်ကြဉ်ခြင်း။ ဝိရတိ=အထူးသဖြင့် ရှောင်ကြဉ်ခြင်း'ဟုလည်း အနက် ဆိုကြ၏။ အဋ္ဌသာလိနီ၌ ဥပ-သာရအနက်ကို ဖွင့်သော်လည်း နှစ်ပုဒ်မှာ အနက်ထူး မရှိ၊ ရှောင်ကြဉ်ခြင်းမျှသာ ဖြစ်ကြောင်း ဆို၏။ ဤ၌ကား သဒ္ဒါနက် မထူးသော်လည်း အရနက် အဓိပ္ပါယ် ကွဲပြားရမည်ဖြစ်ရာ အာရတိကား စိတ်ဖြင့် ရှောင်ကြဉ်ခြင်း, ဝိရတိကား ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းဟု ရှောင်ကြဉ်ပုံ ကွဲပြားဟန် အဋ္ဌကထာ ဖွင့်၏။ ဤသို့ဖွင့်ခြင်းမှာ သောက်ထားဖွယ် အရပင် ဖြစ်၏။ ဝိရတိကို အဘိဓမ္မာ၌ ကာယဒုစရိုက် ဝစီဒုစရိုက်နှစ်ပါးမှ ရှောင်ကြဉ်ခြင်းကိုသာ ပြရာ ဝိရတိအရ ကိုယ်နှုတ်နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်းရ၍ အာရတိအရ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသာ ယူရတော့သည်။ ဆိုလိုသည်မှာ အာရတိ ရှောင်ကြဉ်ခြင်းမှာ ကိုယ်, နှုတ်, စိတ် သုံးပါးလုံးဖြင့်ပင် ရှောင်ကြဉ်ခြင်း ဖြစ်၏။ သို့သော် ဝိရတိက ကိုယ်နှုတ် နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်းကို ဟောနေပြီဖြစ်၍ ပါရိသေသ (=အကြွင်းကို ယူရသော) နည်းအတိုင်း အာရတိအရ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသာ ယူရတော့သည်။ ပုညဉာဏသမ္ဘာရ, ဂေါဗလိဗဒ္ဒ နည်းလည်း ဆိုရ၏။

မှတ်ချက်—အာရတိ ဝိရတိမှာ ဂါထာ၌ ဆန်းအတွက် အာရတီ ဝိရတီ ဖြစ်နေသည်။ ဤ အာရတီ ဝိရတီပုဒ်ကဲ့သို့ပင် နောင်အခါ အနက်ပေးရာ၌ ပါဠိနှင့်မတူပဲ ကွဲလွဲနေသော အချို့ပုဒ်များကို တွေ့ရပါက ပါဠိ၌ ဆန်းအတွက် တမျိုးပြောင်းလွှဲနေသော ပုဒ်များဖြစ်ကြောင်း သိပါလေ။

စိတ်ဖြင့် ရှောင်ကြဉ်ပုံ။ ။အကုသိုလ်၌ အပြစ်မြင်အောင်ရှုလျက် စိတ်ဖြင့် မပြုရန် ကြံတွေးခြင်း, ဆင်ခြင် ဆုံးဖြတ်ခြင်းကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းဟု ဆိုအပ်၏။ ပါဏာတိပါတ-စသော မကောင်းမှုမှာ ငရဲ,တိရစ္ဆာန်ပြိတ္တာတို့၌ ဖြစ်စေတတ်၏။ထိုအမှုတို့၏ အပေါ့ဆုံးအပြစ်ကိုဆိုလျှင် အသက်သတ်သူမှာ အသက်တိုတတ်၏။ ခိုးသူမှာ ဥစ္စာပျက်စီးတတ်၏။သူ့သားမယား ပြစ်မှားသူမှာ ရန်သူများတတ်၏။ လိမ်ပြောသူမှာ မတရားစွပ်စွဲ ခံရတတ်၏။ ဤသို့စသော အချက်များကို အင်္ဂုတ္တရ သဗ္ဗလဟုသသုတ် (အံ-၃-၇၇၊ ဒုစ္စရိတဝိပါကသုတ်)၌ ဟောတော်မူ၏။ ဤအပြစ်များကို ဆင်ခြင်လျက် စိတ်ဖြင့် ရှောင်ကြဉ်ခြင်းဖြစ်၏။ ထို့ပြင် မူလပဏ္ဏာသသလ္လေခသုတ် (၅၂)၌ "စုန္ဒ ကုသိုလ်တရားတို့၌ စိတ်ဖြစ်ရုံမျှပင် ကျေးဇူးများလှ၏ဟု ငါဘုရား ဟော၏။ ကိုယ်နှုတ်ဖြင့် ပြုအပ်သော် ဆိုဘွယ်မရှိတော့ပေ။ ထို့ကြောင့် သူတပါးတို့သည် ညှဉ်းဆဲတတ်သူများ ဖြစ်ကြလိမ့်မည်၊ ဤအရာ၌ပင် ငါတို့သည် မညှဉ်းဆဲသူများ ဖြစ်ကြမည်ဟု, စိတ်ကိုဖြစ်စေရမည်။ သူတပါးတို့သည် အသက်ကိုသတ်သူများဖြစ်ကြလိမ့်မည်၊ ဤအရာ၌ ငါတို့သည် အသက်သတ်မှုမှ ရှောင်ကြဉ်သူများဖြစ်ကြမည်ဟု, စိတ်ကို ဖြစ်စေရမည်" စသည်ဖြင့် ဟောတော်မူ၏။ ဤအချက်လည်း စိတ်ဖြင့် ရှောင်ကြဉ်ပုံတမျိုးပင်ဖြစ်၏။

ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း။ ။ဝိရတိ၌ သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိဟု ရှောင်ကြဉ်ပုံ သုံးမျိုး အဋ္ဌကထာ၌ပြ၏။ သမ္ပတ္တ=ကြုံကြိုက်လာ တိုက်ဆိုင်လာသော ဝတ္ထုမှ၊ ဝိရတိ=ရှောင်ကြဉ်ခြင်း။ သိက္ခာပုဒ် ဆောက်တည် ထားသည် မဟုတ်ပဲ မိမိ၏ ဇာတ်, အမျိုး, အရွယ်, ဗဟုသုတစသော ဂုဏ်ကို ဆင်ခြင်ပြီးလျှင် 'ငါလိုလူ ဤအမှုမျိုး မလုပ်ထိုက်'ဟု ရှောင်ကြဉ်ခြင်းမျိုးတည်း။ ဤအချက်ဝယ် အဋ္ဌသာလိနီ၌ စက္ကနဥပါသကာဝတ္ထုကိုပြ၏။ ထိုဥပါသကာ၏ မိခင် ရောဂါဖြစ်သော အခါ ဆရာက ယုန်သားအစိုလိုသည်ဟု ဆို၏။ အစ်ကို၏ စေခိုင်းချက်အရ လယ်ထဲ ယုန်ရှာထွက်ခဲ့ရာ ပေါင်းအနုများကို စားနေသော ယုန်ကလေးသည် လူသံကြား၍ပြေးစဉ် နွယ်တခု၌ ငြိနေ၍

ဖမ်းမိ၏။ ထို့နောက် ငါ့အမိ အသက်ရှင်ရေးအတွက် သူတပါးအသက်ကို သတ်ဖြတ်ရခြင်းမှာ မသင့်တော်ဟု ယုန်ကလေးကို လွှတ်ပစ်၏။ အိမ်ရောက်သောအခါ အစ်ကို၏ အကြိမ်း ခံရ၏။ သူကား အမိထံသွားပြီး ကျွန်တော် တတ်သိသည့်အရွယ်ကစ၍ သိလျက် သူတပါးအသက်ကို မသတ်ခဲ့စဘူး'ဟု သစ္စာဆိုလျက်ရပ်၏။ ထိုသစ္စာကြောင့် အမိ၏ရောဂါမှာ ချက်ချင်းပျောက်ကင်းလေသည်။ (အဘိ-ဋ္ဌ-၁၊၁၄၆)

သမာဒါန, သမုစ္ဆေဒ။ ။သိက္ခာပုဒ် ဆောက်တည်လျက် ရှောင်ကြဉ်ခြင်းကား သမာဒါန ဝိရတိတည်း။ ထိုဝိရတိကို ဥတ္တရဝဍ္ဎမာန တောင်နေ ဥပါသကာဝတ္ထုဖြင့် ပြ၏။ ထိုဥပါသကာသည် ပိင်္ဂလဗုဒ္ဓရက္ခိတ မထေရ်ထံ သိက္ခာပုဒ် ယူပြီးလျှင် လယ်ထွန်နေ၏။ ထို့နောက် နွားပျောက်၍ တောင်ပေါ် တက်ရှာစဉ် စပါးကြီးမြွေက ရစ်ပတ်ဖမ်းယူ၏။ မိမိပါလာသော ပဲခွပ်ဖြင့် မြွေခေါင်းဖြတ်မည်ကြံ၏။ "ငါလေးစားအပ်သော ဆရာထံ သီလခံယူဆောက်တည်ထားလျက် သီလဖျက်လျှင် မတော်ပါတကား"ဟု ကြံပြန်၏။ ဤသို့ သုံးကြိမ်တိုင် စဉ်းစားပြီးနောက် "ငါ့အသက်သာစွန့်မည်၊ သိက္ခာပုဒ်ကိုဖြင့် မစွန့်"ဟု ပဲခွပ်ကို တောထဲသို့ လွှင့်ပစ်လိုက်၏။ ထိုအခိုက်၌ပင် စပါးကြီးမြွေမှာ သူ့ကိုလွှတ်၍ ထွက်သွားသည်။ (အဘိ-ဋ္ဌ-၁-၁၄၆)

မဂ်နှင့်ယှဉ်သော ဝိရတိမှာ သမုစ္ဆေဒဝိရတိတည်း။ ထိုဝိရတိဖြစ်ပြီးသော အရိယာတို့မှာ သူ့အသက်သတ်မည်ဟု စိတ်မျှပင် မဖြစ်တော့ပေ။ ငါးပါး သီလပါ ပါဏာတိပါတစသော ဘေးရန်ငါးမျိုး ငြိမ်းလေပြီ။

ပါပ အရ။ ။ပါပဝိရတိဖြင့် ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးမှ ရှောင်ခြင်းကိုယူ၍ ပါပအာရတိမှာ မနောဒုစရိုက်သုံးပါးမှ ရှောင်ခြင်းကို ယူသော် ပါပအရ ဒုစရိုက်ဆယ်ပါးလုံးပင် ပါဝင်ရာ၏။ သို့သော် အဋ္ဌကထာက ငါးပါးသီလမှ မဇ္ဇပါနကို တိုက်ရိုက်ဆိုမည်ဖြစ်၍ ကျန် ပါဏာတိပါတ စသော လေးပါးကို ယူ၏။ ထိုသို့ ယူခြင်းမှာ "အရိယသာဝကအား ဘေးရန်ငါးပါး ငြိမ်းလေပြီ"ဟူသော ဒေသနာကို အာရုံပြု

၍ရင်း, သိင်္ဂါလသုတ်၌ အရိယသာဝကအား သတ်မှု, ခိုးမှု, ကာမ၌ မှားယွင်းမှု, မုသားပြောမှုဟူသော ကမ္မကိလေသ (=ညစ်နွမ်းကြောင်း အမှု) လေးပါးကို ပယ်ပြီး ဖြစ်ကြောင်း ဟောသော ဒေသနာကို ထောက်ဆ၍ရင်း ပါပအရ ထိုလေးပါးကိုသာ ယူခြင်းဖြစ်၏။

အရိယသာဝက-ကား ပိသုဏာဝါစာစသော ဒုစရိုက်များမှလည်း ရှောင်သည်မှာ ထိုထိုဒေသနာအရ ထင်ရှား၏။ သို့သော် "မုသာဝါဒ တရားတခုကို လွန်ကျူးနိုင်သော လူ၊လိမ်အဖို့ မပြုနိုင်သော အကုသိုလ်ဟု မရှိ" ဟူသော ဓမ္မပဒ (၃၉)အရ မုသာဝါဒရှောင်နိုင်သူဖြစ်လျှင် ပိသုဏာ· ဝါစာ စသည်ကိုလည်း ပြောဆိုမည် မဟုတ်တော့ပေ။ ငါးပါးသီလမှ ထိုမုသာဝါဒကို ရှောင်ခြင်းဖြင့်ပင် ဒုစရိုက်ရှောင်မှုပြီးစီး၍ ငါးပါးသီလကို အရိယာလက်သုံး အရိယကန္တသီလအဖြစ် သတ်မှတ်ခြင်းဖြစ်၏။ သို့ဖြစ် လျှင် ပါပအရ ဆိုခဲ့ပြီးလေးပါယူသည်မှာ သင့်မြတ်လှပေ၏။

ဟိရီ,ဩတ္တပ္ပ။ ။ဟိရီ, ဩတ္တပ္ပတရားထွန်းကားလျက် ရှက်တတ် ကြောက် တတ်သောခေတ်အခါ၌ အကုသိုလ်မှုပြုရန် ဝန်လေးကြ၏။ အကုသိုလ်မှုကို ရှက်ရ ကြောက်ရမှန်းမသိသော ခေတ်အခါ၌ အကုသိုလ် ဓမ္မများ ထွန်းကား၏။ ဟိရီ, ဩတ္တပ္ပသည် ကုသိုလ်တရားတို့၏ အထူး သဖြင့် သီလ၏အခြေခံ အကြောင်းရင်းပင်တည်း။

မိမိအမျိုး ဘိုး ဘွား မိဘ အဆက်ဆက်တို့မှာ ဗုဒ္ဓဘာသာဖြစ်၍ မကောင်းမှု မပြုကြသည်ကို တွေးမိသောအခါ အမျိုးဂုဏ်ကို အာရုံပြု၍ အကုသိုလ်မှုပြုရန် ရှက်လာတတ်၏။ မိမိအရွယ်, မိမိ၏ပညာ, ဗဟုသုတ ဂုဏ် စသည်ကို တွေးမိသောအခါလည်း အကုသိုလ်ပြုရန် ရှက်တတ်၏။ ထို့ကြောင့် အမျိုးဇာတ်, အရွယ်, သုတဂုဏ်စသည်မှာ ဟိရီ (=ရှက်မှု) ဖြစ်ရန် အကြောင်းများဖြစ်၏။ ဗုဒ္ဓဘာသာဝင် တဦးအနေဖြင့် ဘုရား မကြိုက်သော အကုသိုလ်မှုပြုလျှင် သူတကာ ကဲ့ရဲ့လိမ့်မည်။ အထူးသဖြင့် ပညာရှိများ ကဲ့ရဲ့လိမ့်မည်။ အပါယ်သို့သည်း ကျရောက်လိမ့်မည်။ ဤ အချက်များ တွေးမိသောသူအား ဩတ္တပ္ပ (=လန့်မှု) ဖြစ်လာ၏။ အကု

သိုလ်မပြုဝံ့။ ထို့ကြောင့်ပင် ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးကို လောကပါလ (=လောကသားတို့ကို အကုသိုလ်မှ ကွယ်ကာစောင့်ရှောက် တတ်သော တရား) ဟုရင်း, ဒေဝဓမ္မ (=ကုသိုလ်ဖြစ်ရန် သမ္ပတ္တိ,ဥပပတ္တိ,ဝိသုဒ္ဓိ နတ်ဖြစ်ရန် အကြောင်းဖြစ်၍ ထိုနတ်တို့၏တရား) ဟုရင်း ဟောခဲ့၏။ (ဇာ-၄-၁-၁၄၉) ထို့ကြောင့် ဟိရီ,ဩတ္တပ္ပ ကင်းခြင်းသည် အကုသိုလ်ဖြစ် ကြောင်း ဘေးအမျိုးမျိုး ဆင်းရဲအမျိုးမျိုးဖြစ်ကြောင်း မကောင်းသော အမင်္ဂလာသာ။ အရှက်အကြောက်ရှိခြင်းမှာ ကုသိုလ်ဖြစ်ကြောင်း, ချမ်း သာကြောင်း ကောင်းသောကျက်သရေ မင်္ဂလာဖြစ်ရာ ဟိရီ,ဩတ္တပ္ပဖြင့် ပါပဝိရတိမင်္ဂလာကို အစဉ်မကွာ ထိန်းသိမ်းထိုက်ပေ၏။

မဇ္ဇပါနသံယမ။ ။မဇ္ဇ=ယစ်မူးကြောင်း သေရည်အရက်အမျိုးမျိုး။ မူး ယစ်စေတတ်သော စိမ်၍ချက်၍ ပြုအပ်သော အရက် အမျိုးမျိုး၊ မစိမ်မချက်ပဲ အလျဉ်ဖြင့် ပြင်းလာသော ထန်းရည်, ဓနိရည် စသည်နှင့် မူးယစ်စေတတ်သော ဘိန်းစသော အရာအားလုံးကိုပင် မဇ္ဇဟု ဆိုသည်။

"သောက်စား သေစာ၊ အခါမဲ့လှည့်၊ ပွဲကြည့်လောင်းစား၊ ဆိုးဝါးမိတ်ဆက်၊ အပျင်းဖက်သော်၊ ယွင်းပျက်ဥစ္စာ၊ ကုန်ကြောင်း သာ၊ ခြောက်ဖြာဝေးဝေးရှောင်"

အရ အရက်သေစာသောက်စားခြင်း, ညအချိန်မဲ့ လျှောက်သွားခြင်း, ပွဲလမ်းသဘင်ကြည့်ရှုခြင်း, လောင်းကစားခြင်း, မိတ်ဆွေယုတ်နှင့်ပေါင်း ခြင်း, ပျင်းရိခြင်း၊ ဤခြောက်ပါးမှာ ဥစ္စာပျက်စီးကြောင်းဟု သိင်္ဂါလ သုတ် (ဒီ-၃-၁၄၇) ၌ ဟောတော်မူ၏။ ဤဒေသနာအရ အရက်သေစာ သောက်ခြင်းမှာ ဥစ္စာစီးပွါးပျက်ကြောင်းဟု သိရသည်။

အပြစ်ခြောက်ပါး။ ။ထို့ပြင် အရက်သေစာ သောက်ခြင်းကြောင့် အပြစ် ခြောက်ပါး ဖြစ်နိုင်ကြောင်းလည်း ဟောတော်မူ၏။ ထိုအပြစ်ခြောက်ပါးကား ၁-ဥစ္စာကုန်ခန်းပျက်စီးခြင်း၊ ၂-ခိုက်ရန်ပွါးများ ခြင်း၊ ၃-ရောဂါအမျိုးမျိုးဖြစ်စေတတ်ခြင်း၊ ၄-ဂုဏ်အသရေမဲ့ ကျော်စော

မဲ့ခြင်းကို ဖြစ်စေတတ်ခြင်း၊ ၅-လျှို့ဝှက်ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများကို လှစ်ပြတတ်ခြင်း၊ ၆-ပညာဉာဏ်ကို အားနည်းအောင် ပြုတတ်ခြင်းတို့တည်း။

*ဥစ္စာဆုံးပါး၊ခိုက်ရန်ပွါးခဲ့၊ နာများခြင်းကြောင်း၊ မကောင်းသတင်း၊ တွင်းအင်္ဂါလှန်၊ ပညာဉာဏ်လည်း၊ အားနည်းအောင်ပြု၊ ဤခြောက်ခု၊ သောက်မှုသေရည်ပြစ်။

ဥစ္စာပျက်စီးခြင်း။ ။မူးမေ့နေသော အရက်သမားမှာ မိမိပစ္စည်း ကာကွယ်စောင့်ရှောက်ရမှန်းမသိ ဖြစ်နေရာ ခိုးယူလုယက်ခံရခြင်း စသည်ဖြင့် ပစ္စည်းကုန်တတ်၏။ ပကတိစိတ်များမရှိပဲ ပြောင်းလဲဖောက်ပြန်နေသူဖြစ်ရာ ပင်ကိုက နှမြောတတ်သူဖြစ်စေကာမူ ထိုအခိုက် နှမြောရမှန်းမသိ အသုံးအဖြုန်းခွဲခြားတတ်သူဖြစ်စေကာမူ အသုံးမပြုအဖြုန်းသာ ပြုတော့သည်။ အရက်သမား၌ အခြားအပျော်အပါး လောင်းကစားစသည်လည်း ဖက်တတ်ရာ အရက်ဖိုးကုန်ရုံသာမက အခြားကုန်ဖွယ်ရာတွေများလာ၍ ဥစ္စာတွေ ကုန်ရတော့သည်။ ဆိုခဲ့ပြီး မဟာဓနသူဌေးသားကို ထောက်။ ရှေးက ဘုရားအလောင်း သူဌေးကြီးသည် ကုသိုလ်တွေပြု၍ သိကြားအဖြစ် ရောက်ခဲ့၏။ ကျန်ရစ်သော သူဌေးကြီး၏ တဦးတည်းသော သားမှာ အရက်သမားဖြစ်ကာ ဥစ္စာတွေအမျိုးမျိုးဖြုန်းရာ နောက်ဆုံး ရှိသမျှ ကုဋေလေးဆယ်ကုန်၍ ခွက်လက်စွဲ တောင်းစားရသောဘဝ ရောက်ရ၏။ သိကြားမင်းက အလိုခပ်သိမ်း ပေးတတ်သောအိုးကို ပေးအပ်ပြီး "ဤအိုး မကွဲသမျှ ပစ္စည်းမကုန်နိုင်၊ မင်းသတိထား" ဟု မှာကြား၍ ပြန်သွား၏။ ထိုအခါမှ စ၍ အရက်ပြန်သောက်ပြီး ဖြုန်းတီးလေရာ တနေ့သောအခါ အရက်မူးမူးနှင့် အိုးကလေးကို မြှောက် မြှောက် ဖမ်းနေရင်း လွတ်ကျကာ အိုးကွဲလေတော့သည်၊ ထိုအခါမှစ၍ ပြန်လည်တောင်းစားရသော ဘဝရောက်ကာ သူတကာ အိမ်နံရံမှီလျက် ကိုးကွယ်ရာမဲ့ သေဆုံးရရှာသည်။ (ဇာတက၊ ဌ၊၂-၃၈၈)

ခိုက်ရန်ပွါးခြင်း။ ။အရက်မူးကား အရူးတမျိုးပင် အရက်သောက်မှုမှာ ဒုစရိုက်အမျိုးမျိုးကို ဖြစ်စေတတ်သော ဆိုးဝါးသော အမှုဖြစ်ရာ အင်္ဂုတ္တရ သဗ္ဗလဟုသသုတ် (အံ။၃-၄၈)၌ အရက်သောက်မှုကို ကြိမ်ဖန်များစွာ ထပ်တလဲလဲပြုသူသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာဘဝ ရောက်ရကြောင်း၊ သုရာပါန၏ အပေါ့ဆုံးအပြစ်မှာ အရူးအနှမ်း ဖြစ်တတ်ကြောင်း ဟောတော်မူ၏။အရူးမည်သည် သူတပါးအား ဆဲရေးတတ်, ရိုက်ပုတ်တတ်သကဲ့သို့ အမူးသမားလည်း ပင်ကိုက ယဉ်ကျေးဖွယ်ရာသူဖြစ်စေကာမူ ထိုအခါ၌ ကိုယ်နှုတ်နှစ်ပါးဖြင့် ရမ်းကားတတ်သူ ဖြစ်တော့သည်။ ထို့ကြောင့် ပြန်အရိုက် အဆဲခံရခြင်း စသည်ဖြင့် ,ရန်များလှသည့်ပြင် မင်းပြစ် မင်းဒဏ်လည်း ခံရတတ်၍ အပြစ်များလှပေသည်။

ရောဂါဖြစ်ကြောင်း။ ။အရက်သောက် များလျှင် ရောဂါအမျိုးမျိုး ဖြစ်တတ်ကြောင်း ယခုခေတ် ဆေးဖက်ဆိုင်ရာ ပညာရှင်များက လက်ခံလျက် ရှိကြ၏။ အချို့က တော်ရုံသောက်လျှင် ဆေးဖြစ်သည်ဟု ဆင်ခြေပေးကြ၏။ သို့သော် တော်ရုံဖြင့် အားရသူ ရှားလှ၏။ "န ကိရတ္ထိ ရသေဟိ ပါပိယော=ရသတဏှာအောက် ဆိုးဝါးဟုတ်ညံ့သော အရာမရှိ"ဟု ဇာတကပါဠိ-ဝါတမိဂ ဇာတက (၄)၌ ဟောတော်မူသည့်အတိုင်း ဘေးမမြင်ရအောင် စွဲသည့်အခါ အားရတင်းတိမ်သည်ဟု မရှိပဲ အလွန်အကျွံ ဖြစ်လာမြဲတည်း။ တိကအင်္ဂုတ္တရ (၂၆၃)၌ "တိဏ္ဏံ ဘိက္ခဝေ ပဋိသေဝနာယ နတ္ထိ တိတ္တိ" စသည်ဖြင့် အိပ်မှု, အရက်သောက်မှု, မေထုန်မှုများကို မရောင့်ရဲ တင်းမတိမ်နိုင်သော အချက်များအဖြစ် ဟောတော်မူ၏။ အချို့ ရောဂါအခြေမလှ၍ ဆေးဆရာက ဖြတ်ရန်ပြောသော်လည်း မဖြတ်နိုင်ပဲ အသက်နှင့်လဲ၍ သေသည်အထိ စွဲသွားသည်မှာ ရသတဏှာ၏ ဆိုးဝါးပုံပင် ဖြစ်၏။

ရှေးက ဗာရာဏသီပြည်၌ ငါးပါးသီလစောင့်ထိန်းသော သောတ္ထိယ အမျိုးဟုရှိရာ ထိုအမျိုး၌ တဦးတည်းသော သားသည် ဗေဒင်သုံးပုံ တဖက်ကမ်းခတ် တတ်မြောက်သော ပညာရှိသူတဦး ဖြစ်၏။ သူကား အရက်သမားများ၏ ပရိယာယ်ဖြင့် လှည့်ပတ်ဖြားယောင်းချက်အရ အရက်စွဲ

သွားရာ ဖခင်က အမျိုးပျက်မည့်အရေး စီးပွါးပျက်မည့်အရေး ပြန်၍ တားမြစ်သော်လည်း မရ။ မဖြတ်လျှင် နှင်ထုတ်မည်ပြောသော်လည်း မရ။ ပြောမရသည့်အဆုံး ဖခင်က ရုံးခေါ်သွားကာ သားအဖြစ်မှ ပလပ်လျှက် နှင်ထုတ်လိုက်သည်။ နောင်အခါ တောင်းစားရသော ဘဝ ရောက်ကာ ကိုးကွယ်ရာမဲ့ သေသွားရရှာသည်။(အကျယ်ကို အသီတိ မဟာ သုတသောမဇာတ် အဋ္ဌကထာမှာ ကြည့်။)

အကျော်အစောမဲ့ခြင်း။

။အရက်မူးသမား မပြုနိုင်သော မပြုရက်သော အရာဟု မရှိ။အရက်သောက်မှုကား အားလုံး ဒုစရိုက်စု အမှုအပြစ်တို့၏ဖြစ်ကြောင်း အခြေခံမကောင်းမှု ဖြစ်၏။ ထို့ကြောင့် ကျေးဇူးကြီးလှသော မိဘ ဆရာတို့ကိုပင် ရိုက်နိုင်သတ်နိုင်၏။ အလွန်ချစ်လှစွာသော ဇနီး သားသမီးတို့ကိုပင် ရိုက်နှက်နိုင် သတ်နိုင်၏။ အရက်သမားကား မကောင်းသော အပြုအပြောမှန်သမျှ ပြုနိုင်ပြောနိုင် သည်ချည်းပင်။ ရှေးက အသားမပါလျှင် မစားတတ်သော အရက်သမား ဘုရင်တဦးမှာ မူးနေစဉ် အသားမရကြောင်း လျှောက်သော စားတော်ချက်အား မိမိရင်ခွင်၌ရှိသော သားတော်လေးကို လည်လိမ်သတ်ကာ ချက်ရန် ပစ်ပေးလိုက်၏။ နောက်တနေ့ အမူးပြေ၍ သိရသောအခါမှ နောင်တ အကြီးအကျယ်ရကာ ယူကြုံးမရဖြစ်ရ၏။(ဇာတက၊ ၃၊ ၂။ ၂၇၇။) ထို့ကြောင့် အရက်သမားမည်သည် လူကဲ့ရဲ့ခံရခြင်း, မင်းဒဏ်သင့်ရခြင်း စသည်ဖြင့် မကောင်းသတင်းသာ ထွက်ရတော့သည်။

ဖုံးသင့်သော အင်္ဂါများ လှစ်ပြတတ်ခြင်း

ဂုဏ်သရေရှိလူများမှာ လူ့ ရှေ့ သူ့ရှေ့၌ အင်္ကျီ ပုဆိုးစသည်ဖြင့် ဖုံးသင့်သော ကိုယ်အင်္ဂါကို ဖုံးလျှက် သွားလာ နေထိုင်တတ်ကြ၏၊ အရက်သမားကား လှစ်မပြဝံ့သော အင်္ဂါမရှိ၊ မကောင်းမှုများ၏ အကာအကွယ်မှာ အရှက်အကြောက်ဖြစ်ရာ မူးနေသူ၌ အရှက်အကြောက်မှာ ဗလာဖြစ်နေ၍ ၎င်း၌ ရှက်ဖွယ်အမှုဟု မရှိတော့ချေ။ သာမာန်ပုဂ္ဂိုလ် မဆိုထားနှင့် အရှင်သာဂတလို ပုထုဇဉ် ဈာန်အဘိညာဉ်ရ တန်ခိုးကြီး

အရှင်ကိုပင် အရက်က အရှက်အကြောက်မရှိအောင် ပြုနိုင်၏။ တန်ခိုးကြီးသော နဂါးကြီးကို တန်ခိုးဖြင့် နှိမ်နင်းနိုင်၍ လူတွေက ကြည်ညိုသောကြောင့် အိမ်တိုင်း အိမ်တိုင်းက အရက်ကပ်ကြရာ ထိုအရက်တွေကို သောက်လာသော အရှင်သာဂတသည် မြို့တံခါးအရောက် လဲတော့သည်၊ ဘုရားရှင်က မြင်၍ ရဟန်းတွေကို ဆောင်ယူခဲ့ကြရန် အမိန့်ပေးတော်မူ၏။ ကျောင်းရောက်၍ ဘုရားရှေ့မှာ ဘုရားဖက် ခေါင်းထားရာ အရှင်က လှည့်၍ ဘုရားဖက် ခြေပြု၏။ ရှေးက ဘုရားကို အလွန်ရိုသေလျက် အရှက်အကြောက်ကြီးသော အရှင်သာဂတ၏ ရိုသေရမှန်း ရှက်ကြောက်ရမှန်း မသိနိုင်အောင် ဖြစ်ရသည်မှာ ဆိုးဝါးလှသော အရက်တန်ခိုးကြောင့်သာတည်း။ (ဝိ၊ ၂။၁၄၅)

ပညာအားနည်းအောင်ပြုတတ်ခြင်း။ ။ပညာဟူ-သည် သတိ, သညာတို့နှင့် တွဲလျက် ရှိရာ သညာကင်းနေသော အမူးသမား၌ သတိကောင်းကောင်းမရှိရာ ပညာလည်း အားနည်းရတော့၏။ အရှင်သာဂတ အသိဉာဏ်ကင်းမဲ့လျက် မရှက်မကြောက် မရိုမသေ ဖြစ်ရသည်ကိုပင် ထောက်ထားအပ်သည်။ ထို့ကြောင့် ရှေးခေတ် ယခုခေတ် ဘယ်အခါမှ ပညာရှိ သူတော်ကောင်းများ မလိုလား, ရှောင်ရှားခဲ့, စက်ဆုပ်ခဲ့သော အရက်သေစာကို အခါခပ်သိမ်း ရှောင်ထိုက်ပေသည်။

ဓမ္မအပ္ပမာဒ။ ။အပ္ပမာဒ=မမေ့ မလျော့ခြင်း ဟူသည် သတိပင်တည်း။ လောက၌ ကိုယ့်အလုပ်တွင် စိတ်မဝင်စား အခြား အပျော်အပါး အကစားစသည်၌သာ လိုက်နေသူ, အလုပ်၌ ပျင်းသူ လုံ့လမရှိသူကား မေ့လျော့သူများတည်း။ ကိုယ့်အလုပ်တွင် စိတ်ဝင်စားလျက် ကြိုးစားနေသူများမှာ မမေ့မလျော့သူ သတိရှိသူများဖြစ်ကြ၏။

ပညာရေး ကျန်းမာရေး စီးပွါးရေးစသော လောကအရေး မှန်သမျှမှာ အပ္ပမာဒအရေးပါလှ၏။ လောက၌ ကြီးပွါးတိုးတက်နေသူများသည် သတိရှိသူ သတိမလစ်သူများ ဖြစ်ကြ၏။ ဆုတ်ယုတ် ပျက်စီးနေ

သူများကို ကြည့်လျှင် မေ့လျော့နေသူများ ဖြစ်သည်ကို တွေ့နိုင်၏။ ထိုသို့ တိုးတက်မှု, မတိုးတက်မှုကို အစွဲပြု၍ပင် 'မမေ့သူမှာ မသေ ရှင်နေသူဖြစ်၍ မေ့သူမှာ လူသေနှင့်မခြား'ဟု ဘုရားရှင် ဓမ္မပဒ(၁၆)၌ ဟောတော်မူ၏။ ထို့ပြင် 'အားသန်၍ အပြေးမြန်သော မြင်းကောင်းသည် အားမရှိ ချိနဲ့သော မြင်းပိန်ကို ချန်ထားခဲ့၍ ရှေ့သို့ တက်သွားသကဲ့သို့ မေ့သူ အိပ်ပျော်သူ လူများစုတွင် မမေ့သူ နိုးကြားသူ ပညာရှိက သူတို့ကို ချန်ထား၍ ရှေ့သို့ တက်သွားကြောင်း' ဓမ္မပဒ (၁၇)၌ပင် ဟောတော်မူ၏။

တရားဖက်၌ကား ဤသတိမှာ ပို၍လိုအပ်၏။ အရေးကြီးသောကြောင့်ပင် ရှင်တော်မြတ်ဘုရားသည် နေ့စဉ် ဆွမ်းခံအပြန် ခြေဆေးခုံတွင် ရပ်ကာ "အပ္ပမာဒေန သမ္ပာဒေထ"စသည်ဖြင့် ဒုလ္လဘတရားငါးပါးကို အမြဲတန်း ဟောတော်မူ၏။ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီးတွင် ဤ"အပ္ပမာဒေန သမ္ပာဒေထ'ကို နိဂုံးချုပ် နောက်ဆုံး တရားလက်ဆောင် အဖြစ်ပေးကာ ပရိနိဗ္ဗာန်စံတော်မူသည်။

သတိလွန်သည်မရှိ။ ။သဒ္ဓါနှင့် ပညာ, သမာဓိနှင့်ဝီရိယ ဤတရားများမှာ တခုနှင့်တခု မညီမျှပဲ တခုကနဲ တခုက လွန်နေလျှင် အကျိုးမပြီး အပြစ်ပင် ဖြစ်တတ်သေး၏။ သတိမှုကား လွန်သည်ဟု မရှိ၊ ကိစ္စတိုင်းမှာ အားကြီးသော သတိကို လိုအပ်သည်သာ။ ထို့ကြောင့် "သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ= သတိကို, အရာခပ်သိမ်းမှာ လိုလားအပ်သော တရားအဖြစ် ဟောတော်မူ၏"ဟု မဟာဝဂ္ဂ ဗောဇ္ဈင်္ဂသံယုတ်(၁၀၀)၌ လာ၏။ သတိမပါမပြီး အရေးကြီးသောကြောင့်ပင် ဘုရားရှင်က ကုန်းသတ္တဝါတို့၏ ခြေရာမှန်သမျှတွင် ဆင်ခြေရာကကြီး၍ ဆင်ခြေရာ၌ ဝင်ရသကဲ့သို့ ကုသိုလ်တရားမှန်သမျှ အပ္ပမာဒအရင်းခံဖြစ်၍ အပ္ပမာဒ၌ ပါဝင်ရကြောင်း မဟာဝဂ္ဂ ဗောဇ္ဈင်္ဂသံယုတ်၌ ဟောတော်မူ၏။ ထို့ပြင် ယခုဘဝအကျိုး, နောင်ဘဝအကျိုး အကျိုးနှစ်မျိုးလုံးကို ရယူတတ်သော တရားမှာ အပ္ပမာဒဖြစ်ကြောင်း သဂါထာဝဂ္ဂ ကောသလသံယုတ်

(၇၇)၌ ဟောတော်မူ၏။မေ့မေ့လျော့လျော့ နေတတ်သူ၌ ကုသိုလ်တရား ဖြစ်ခွင့်မရှိရာ အပ္ပမာဒမှာ ကုသိုလ်တရား ဖြစ်ပွါးရန် အလွန်ကြီးမား သော အထောက်အကူ ဖြစ်၏။ ထို့ကြောင့် အလွန်ကျေးဇူးများသော တရားတမျိုးမှာ အပ္ပမာဒဖြစ်ကြောင်း ပါထိက ဒသုတ္တရသုတ် (၂၂၇)၌ ဟောတော်မူ၏။

တရားလက်ကိုင်ထား။ ။မေ့မြသု-အရ မမေ့ရမည့်တရား၌ ကုသိုလ်တရား အားလုံး ပါဝင်လျက်ရှိရာ ဒါန, သီလသာမက ရတနာသုံးပါးဂုဏ် အာရုံပြုခြင်း, မေတ္တာပွားခြင်း, သေခြင်းတရား အောက် မေ့ခြင်း, သတိပဋ္ဌာန်ဘာဝနာ ပွါးများခြင်းစသော နှလုံးသွင်းဖွယ်တရား များ လက်ကိုင်ထားရမည်သာ။တရားဆိုသည်မှာ နောက်ဘဝအထိ ဆိုင်းနေ သည် မဟုတ်၊ တရားရှင်ကို ယခုဘဝပင် စိတ်ချမ်းသာစေခြင်း, စိတ်ခံ့တ် ခိုင်မာစေခြင်း, လောကဓံကို ခံနိုင်ရည်ရှိစေခြင်း, မိမိက အထူးကြိုးစား လျှင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်းစသည်ဖြင့် စောင့်ရှောက်တတ်သည်။ ထို့ပြင် ဘာဝနာတခုခု လက်ကိုင်ပြုထား ပွါးများသူ၌ တရားနှင့် စပ်၍ အမှတ်အသား ကောင်းလာရခြင်း, အတွေးအခေါ် အယူအဆ မြင့်မား ကြွယ်ဝလာခြင်း, အသိဉာဏ် ရင့်သန်လာခြင်း စသည်ဖြင့် အကျိုးများ လှ၏။

ရက်ကန်းသည်မကလေး။ ။မြတ်စွာဘုရား အာဠဝီပြည်သို့ ကြွတော်မူ လာရာ အာဠဝီပြည်သူပြည်သားတို့က ဆွမ်း ဆက်ကပ်ကြ၏။ ဘုရား ကြွတော်မူလာသည် ကြားရလျှင်ပင် ရက်ကန်း သည်မကလေးသည် တရားနာလို, ဘုရားဖူးလိုသော်လည်း ဖခင်ခိုင်းထား သော အလုပ်ရှိနေ၍ ရက်ဖောက်တွေ ရက်ကန်းရုံသို့ပို့ပြီးမှ တရားနာမည်ဟု အလုပ်လုပ်နေရ၏။ ပြီးသော် ရက်ဖောက်တောင်း သယ်ကာ ရက်ကန်းရုံ အလာ တရားနာရန် စုဝေးနေသော ပရိသတ်အစွန်မှ ရပ်ကြည့်နေမိ၏၊ ဘုရားရှင်က မျှော်ကြည့်သော် ငါ့ကို ဘုရား လာစေလိုသည်ဟု သိ၍ ပရိသတ်ထဲ ဝင်သွား၏။ ဘုရားရှင်က မေးခွန်းလေးခွန်း မေးတော်မူသည်။ "မိန်းကလေး ဘယ်က လာသလဲ" မေးသော် "မသိပါ ဘုရား"

ဟုပင် ဖြေ၏။ ဘယ်သွားမလဲ မေးပြန်သော် "မသိပါဘုရား" ဖြေ၏။ "မသိဘူးလား"ဟု မေးပြန်သော် "သိပါသည် ဘုရား"ဟု လျှောက်၏။ "သိသလား"ဟု မေးပြန်ရာ "မသိပါ ဘုရား"ဟု ဖြေ၏။ ပရိသတ်က မကျေနပ်၊ ဘုရားရှင်ကို ပြောင်ချော်ချော် လျှောက်နေသည် ထင်လျက် ကဲ့ရဲ့ကြ၏။

ထိုအခါ ဘုရားရှင်က "ဘယ်က လာသလဲဟု ငါမေးသည်ကို အဘယ့်ကြောင့် မသိပါ ဘုရား ဖြေသလဲ"ဟု မေးတော်မူ၏။ "တပည့်တော် ရက်ကန်းသည် အိမ်က လာသည်ကို ရှင်တော်ဘုရား သိပြီးဖြစ်ရာ ဤအချက်ကို မေးလိမ့်မည်မဟုတ်၊ ဘယ်ဘဝက လာသလဲဟု မေးတော်မူခြင်းဟု နားလည်ပါသည်၊ မိမိလာခဲ့ရာဘဝကို မသိသောကြောင့် မသိပါ ဘုရား"ဟု ဖြေကြောင်း လျှောက်၏။ "သာဓု သာဓု မိန်းကလေး၊ ငါ မေးသည်ကိုသာ သင်ဖြေသည်"ဟု ကောင်းချီးပေးပြီးနောက် "ဘယ်သွားမလဲ အမေးကို မသိပါဟု ဖြေခြင်းအကြောင်းကို" မေးတော်မူပြန်၏။ "တပည့်တော် ရက်ဖောက်တောင်း ယူလာသည်ကို အမြင်သားမို့ ရက်ကန်းရုံသွားမည်ကို သိပြီးဖြစ်ရာ ဤအချက်ကို မမေးတန်ရာ၊ ဤဘဝမှ စုတေသော် ဘယ်ဘဝ သွားမလဲဟု မေးခြင်းဖြစ်သည်ဟု နားလည်သဖြင့် မိမိသွားရမည့်ဘဝကို မသိ၍ မသိပါဟု လျှောက်ခြင်းဖြစ်ကြောင်း" လျှောက်ရာ သာဓု ခေါ်တော်မူပြန်၏။

ထို့နောက် "မသိဘူးလား မေးသည်ကို သိပါသည် ဘုရားဟု ဘာကြောင့် ဖြေရသနည်း" မေးတော်မူသော် "ဤအမေးမှာ သေခြင်းကို မေးသည်ဟု နားလည်ပါသည်၊ တနေ့ သေရမည်ကို သိ၍ သိပါသည်ဟု ဖြေကြောင်း" လျှောက်သော် သာဓု ခေါ်တော်မူပြန်၏။ "သိသလားဟူသော အမေးကို မသိပါ ဘုရားဟု ဖြေခြင်းအကြောင်းကို မေးတော်မူပြန်ရာ "သေရမည်ကို သိတော့ သိပါသည်၊ ဘယ်နေ့ ဘယ်လ ဘယ်အချိန်ကာလမှာ သေရမည်မသိ၍ မသိဟု ဖြေကြောင်း" လျှောက်၏။ ရှင်တော်ဘုရားလည်း သာဓုခေါ်ပြီးနောက် အန္ဓဘူတော-စသော ဒေသနာဖြင့် ဤလောကကား အကန်းချည်း

ဖြစ်ခဲ့၏။ ဤအကန်းတွေထဲမှ တယောက်တလေသာ အမြင်ရှိသူ ဖြစ်တတ်၏။ မုဆိုးပိုက်ကွန်ထဲမှ လွတ်မြောက်ရသော ငှက်မှာ ရှားပါးသကဲ့သို့ အနည်းအကျဉ်းသာ နတ်ရွာနိဗ္ဗာန်သို့ ရောက်ရ၏ဟု ပရိသတ်အား ဟောကြားခဲ့ရာ ရက်ကန်းသည်မကလေး သောတာပန် ဖြစ်သွားသည်။ (ဓမ္မပဒဋ္ဌ။၂။၁၁၁)

မှတ်ချက် — ဤရက်ကန်းသည်မကလေးမှာ တရားနှင့်စပ်၍ အတွေးအခေါ် အယူအဆ အသိဉာဏ်များ အတော်ရင့်သန်လျက် ရှိ၏။ အများနားမလည်သော ဘုရားအာဘော်ကို ရဲဝံ့ပြတ်သားစွာ ဖော်ထုတ်ပြနိုင်ခြင်းဖြင့် အများအံ့သြဖွယ် ဖြစ်ရ၏။ ဤသို့ အများနှင့် မတူသည်မှာ သူ၏ ထူးခြားသော ကြိုးစားမှုကြောင့်ပင်ဖြစ်၏။ လွန်ခဲ့သော သုံးနှစ်ကျော်လောက်က ဘုရားရှင် အာဠဝီပြည် တခေါက် ကြွရောက် တော်မူ၏။ ထိုအခါက ပရိသတ်များအား မရဏဿတိတရားကို ဟောကြားတော်မူ၏။ သူတပါးတို့မှာ ပြီးပြီးပျောက်ပျောက် အမှတ်မထားသော်လည်း ရက်ကန်းသည်မကလေးကား ထိုအခါမှစ၍ နေ့ရောညပါအခါရတိုင်း မရဏဿတိကို ပွါးခဲ့၏။ ထိုဘာဝနာအစွမ်းကြောင့်ပင် အသိဉာဏ်တိုး, အမြင်တိုးကာ အများထက် သာရပေသည်။

---

(၂၀) ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ’ မုတ္တမံ။

(၂၀) ဒေဝပုတ္တ၊ နတ်သား။ ယော ဂါရဝေါ စ၊ အကြင်ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းသည်၎င်း။ ယော နိဝါတော စ၊ အကြင်မိမိကိုယ်ကို နှိမ့်ချခြင်းသည်၎င်း။ ယာ သန္တုဋ္ဌိ စ၊ အကြင် ရောင့်ရဲလွယ်ခြင်းသည်၎င်း။ ယာ ကတညုတာ စ၊ အကြင်ပြုခဲ့ဘူးသည့် ကျေးဇူးကို သိသူ၏ အဖြစ်သည်၎င်း။ ကာလေန၊ သင့်လျော်သောအခါ၌။ ယံ ဓမ္မဿဝနဉ္စ၊ အကြင်တရားနာခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

မင်္ဂလာငါးပါး စကားပြေ—နတ်သား၊ ရိုသေထိုက်သူကို ရိုသေခြင်း, မိမိကိုယ်ကို နှိမ့်ချခြင်း, ရောင့်ရဲတင်းတိမ်ခြင်း, ကျေးဇူးသိခြင်း, သင့်လျော်သောအခါ တရားနာခြင်း၊ ဤငါးပါးမှာ ကောင်းမြတ်သောမင်္ဂလာတည်း။

ဂါရဝ။ ။ဂရုနံ ဘာဝေါ ဂါရဝေါ။ ဂရုနံ၊ အလေးပြုအပ်သူတို့၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဂါရဝေါ၊ အလေးပြုအပ်သူ ဖြစ်ကြောင်း။ အလေးပြုအပ်သူမှာ ရတနာသုံးပါး,ဆရာမိဘစသော ဂုဏ်ကြီးသူ,အသက်ကြီးသူများတည်း။ရဟန်းများ၌အသက်မလိုက်ပဲ သိက္ခာဝါကြီးသူက ဂရု(=အလေးအမြတ်ပြုအပ်သူ)ဖြစ်ရသည်။ ဤသူ အလေးအမြတ်ပြုအပ်သူဖြစ်ကြောင်း သိရသည်မှာ ရိုသေခြင်း အလေးပြုခြင်းဖြင့် သိရသည်ဖြစ်ရာ ရိုသေခြင်းကို ဂါရဝ (=အလေးပြုအပ်သူဖြစ်ကြောင်း) ဟု ဆိုရ၏။ ရိုသေလေးစားသောအခြင်းအရာဖြင့်ဖြစ်သော ကုသိုလ်စိတ်ပင်။

မင်္ဂလာဖြစ်ပုံ။ ။ရိုသေထိုက်သူများကို ရိုသေသမှု အလေးမပြုသူကို သူတော်ကောင်းများမလိုလား။ တယ်ရိုင်းစိုင်းတဲ့သူဟု ကဲ့ရဲ့ကြ၏။ ရိုသေတတ် အလေးပြုတတ်သူကိုကား လိုလားနှစ်သက်ကြ၏။ တယ်လိမ္မာတဲ့သူပဲဟု ချီးမွမ်းကြ၏။ ဤအချက်ဖြင့်ပင် အဂါရဝ၏ အမင်္ဂလာအဖြစ်, ဂါရဝ၏ မင်္ဂလာအဖြစ်မှာ ထင်ရှားနေပါသည်။ မြတ်စွာဘုရားက ကြီးသူအား ရိုသေသူများသည် ယခုဘဝလည်း အချီးအမွမ်းခံရကြောင်း, နောင်ဘဝလည်း သုဂတိဘဝ ရောက်ရကြောင်း ကေနိပါတ် တိတ္တိရဇာတ် (၉) ၌ ဟောတော်မူ၏။ ထို့ပြင် အသက်ကြီးသူ, ဂုဏ်ကြီးသူတို့ကို ရှိခိုးလေ့ရှိသူ, အရိုအသေပြုသူတို့အား အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားရှိခြင်းဟူသော အကျိုးလေးပါး တိုးပွါးနိုင်ကြောင်း ဓမ္မပဒ (၂၉) ၌ ဟောတော်မူ၏။ ဆိုခဲ့ပြီး စက္ကဝတ္တိသုတ် အရ၌လည်း သိနိုင်သည်။ ထို့ပြင် လူကြီးတို့၏ ချစ်မြတ်နိုးမှု, လေးစားမှု, ကူညီစောင့်ရှောက်မှု ခံရခြင်းစသည်ဖြင့် ရသည့်အကျိုးများကား

များလှ၏။ အရင်းမစိုက်ရပဲ ကိုယ်ကိုညွှတ်ကိုင်း အသုံးချရုံမျှဖြင့် အမြတ်အလွန်ထွက်သော ဤဂါရဝ မင်္ဂလာကို မဆောင်ထိုက်ပဲ ရှိပါသလော။

အမျိုးမြတ်ကြောင်း။ ။ဥပရိပဏ္ဏာသ စူဠကမ္မဝိဘင်္ဂသုတ် (၂၇၇) ၌ "လုလင်....ဤလောက၌ အချို့သော ယောကျ်ား မိန်းမသည် ခက်ထန် မာန်ကြီးသည်ဖြစ်၍ ရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦးကြိုဆိုထိုက်သူကို မကြိုဆို၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းဖယ်ပေးထိုက်သူကို လမ်းဖယ်မပေး၊ ကောင်းစွာပူဇော်ထိုက်သူကို မပူဇော်၊ အလေးပြုထိုက်သူကို အလေးမပြု၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို မပူဇော်၊ ထိုသူကား သူစွဲယူထားသော ကံအရ စုတေသော် ငရဲရောက်ရ၏။ ငရဲမရောက်ပဲ လူဖြစ်စေကာမူ ဖြစ်ရာ,ဖြစ်ရာ၌ နိမ့်ကျသိမ်ငယ်သော အမျိုး၌ဖြစ်ရ၏။ လုလင် ဤရှိမခိုးခြင်းစသော မရိုသေမှုမှာ နိမ့်ကျသောအမျိုး၌ ဖြစ်တတ်သော အကျင့်ဖြစ်သည်" ဟု ဟောတော်မူပြီးနောက် ဤမှုပြန်သောအားဖြင့် ရိုသေထိုက်သူကို ရိုသေခြင်းစသည်ကို ပြုသူမှာ နတ်ပြည်ရောက်ရခြင်း,နတ်ပြည်မရောက်စေကာ ဖြစ်ရာ ဖြစ်ရာ၌ မြင့်မြတ်သော အထက်တန်းမျိုး၌ ဖြစ်ရကြောင်းများကို ဆက်လက်ဟောကြားတော်မူသည်။

ဤဒေသနာဖြင့် မာန်ထောင်သူများ နောင်ရေးမှာ ဝန်လေးဖွယ်ရာပင်။ ထို့ကြောင့် နောင်ဘဝရေး တွေးလျက်လည်း ရိုသေထိုက်သူကို ရိုသေရမည်သာ။ အချို့က အရိုအသေပြုရမည်ကို ရှက်တတ်ကြ၏။ မရှက်သင့်သည်ကို ရှက်ခြင်းသာ၊ အမှန်မှာ 'အဂါရဝ=မရိုသေခြင်း' ကိုသာ ရှက်ရမည်ဖြစ်၏။ ထိုသူကို ပညာရှိသူတော်ကောင်းများက ကဲ့ရဲ့ရှုတ်ချမည်ဖြစ်ရာ ထိုကဲ့ရဲ့မည်ကိုသာ တွေးရှက်သင့်၏။

ဗြဟ္မဝိဟာရတိုးပွါးပုံ။ ။ရိုသေခြင်း အလေးပြုခြင်းတို့မှာ ထိုပုဂ္ဂိုလ်ကို ချစ်မြတ်နိုး ခြင်းကြောင့် ဖြစ်၏။ အရိုအသေခံရသော ပုဂ္ဂိုလ်ကလည်း ချစ်ခင်လေးမြတ်တော့သည်သာ။ ထိုသို့ မေတ္တာရှိနေကြလျှင် အချင်းချင်း ဒုက္ခရောက်နေသောအခါ ကရုဏာ

လည်း ဖြစ်နိုင်တော့၏။ မေတ္တာရှိနေကြသူ အချင်းချင်း တဦးတိုးတက်သောအခါ တဦးက မုဒိတာဖြစ်ကာ ဝမ်းသာရသည်။ အမှားအယွင်းအနည်းငယ်ရှိသော အခါလည်း ဥပေက္ခာပြုနိုင်၏။ ဤသို့လျှင် ဂါရဝမှုမှာ ပြဟ္မဝိဟာရတရားတွေ စည်ပင်ကြောင်း, ဣဿာ, မစ္ဆရိယ, မာန, ဒေါသစသည် ကင်းဝေးကြောင်း အလွန်ကောင်းသော ယဉ်ကျေးမှုတရပ်ဖြစ်ရာ ထိုယဉ်ကျေးမှုဖြစ်သူ၌ အသက်ရှည်ခြင်းစသည် ဖြစ်နိုင်သည်ဆိုသော ဆိုခဲ့ပြီးသော အကျိုးများမှာ သဘာဝကျပေသည်။ လောကသာယာရေးအတွက်လည်း အရေးပါသော ယဉ်ကျေးမှုတရပ်ပင် ဖြစ်သည်။

တရားသိလေ ရိုသေလေ။ ။တရား မသိသူ၌ ဂါရဝမှုကို အောက်ကျသည်ဟု အထင်အမြင် မှားနေသော်လည်း ဂါရဝသည် အလွန်မွန်မြတ်သော တရားတခုဖြစ်ရာ တရားပိုသိလေလေ ဂါရဝတရား ပိုရှိလေလေ ဖြစ်သည်၊ အရှင် သာရိပုတ္တရာသည် အရှင်အဿဇိ၏ တရားဖြင့် သောတာပန် ဖြစ်ရသည့်အခါကစ၍ အရှင် အဿဇိရှိရာအရပ်သို့ ရည်မှန်းကာ လက်အုပ်ချီလျက် ထိုအရှင်မြတ်ရှိရာသို့ ဦးခေါင်းထားကာ အိပ်လေ့ရှိ၏။ မသိသော ရဟန်းများက အရှင်သာရိပုတ္တရာ ယနေ့တိုင် အယူမှား နေသေး၏။ အရပ်မျက်နှာတွေ ရှိခိုးနေသည်ဟု ဘုရားရှင်အား လျှောက်ရာ ဘုရားရှင်က "သာရိပုတ္တရာ အရပ်တွေ ရှိခိုးခြင်းမဟုတ်၊ မိမိဆရာ အဿဇိကို ရှိခိုးခြင်းဖြစ်ကြောင်း" မိန့်၍ မိမိတရားသိအောင် ပြသော ပုဂ္ဂိုလ်ကို 'မီးပူဇော်သော ပုဏ္ဏား မီးကို ရှိခိုးသကဲ့သို့' ရှိခိုးရမည်''ဟု (ဓမ္မပဒ-ဋ္ဌ-၂၄၀၁) ပြဟ္မဏဝဂ်၌ ဟောတော်မူသည်။

နိဝါတ။ ။နိ=နိမ့်ကျသောအားဖြင့်။ ဝါတ=ဖြစ်ခြင်း။ နိဝါတကို 'နီစမနတာ နိဝါတ ဝုတ္တိတာ'ဟု အဋ္ဌကထာဖွင့်၏။ နီစမနတာ=နိမ့်သောစိတ် ရှိသူ၏ အဖြစ်။ ကိုယ်ကို နှိမ့်ချခြင်းမှာ စိတ်နှိမ့်ချပြီးမှ ဖြစ်နိုင်၏။ မာနရှိသော စိတ်မှာ မြင့်ထောင်တက်နေရာ မာနကို နှိမ်ထားခြင်းကိုပင် နီစမနတာဆိုသည်။ စိတ်ကို နှိမ့်ချထားလျှင် ကိုယ်

ရော နှုတ်ပါ အားလုံး နှိမ်ပြီးသား ဖြစ်နေ၍ နိဝါတဝုတ္တိတာ=နှိမ့်ချသော ဖြစ်ပုံမျိုးရှိသည်၏ အဖြစ်ဟုဆိုသည်။

နိဝါတရှိသူ၏ ဆန့်ကျင်ဖက်မှာ ထဒ္ဓ=တောင့်တင်းမာကျောသူ, အတိမာန=အလွန် တောင်လွှားသူများဖြစ်ရာ ထိုသူများကား အပြော အဆိုလည်း မောက်မာတတ်၏၊ မိမိကိုယ်ကိုမြှောက် သူတပါးကို နှိမ်တတ်၏။ အမျိုး ပညာ ဥစ္စာ စသော ဂုဏ်များဖြင့် သူတပါးကို မထီမဲ့မြင်ပြုတတ်၏။ ကိုယ်အမူအရာလည်း ဘယ်သူမှ အရေးမစိုက်သကဲ့သို့ ထောင်ထောင် ကြွားကြွားပင်၊ ထိုအမူအရာ အားလုံးမှာ အများ မုန်းဖွယ်ရာဖြစ်၍ အမင်္ဂလာသာ၊ နိဝါတရှိသူကား ကိုယ်အမူအရာလည်း သိမ်မွေ့နူးညံ့စွာ ရှိနေသည့်ပြင် အပြောမှာလည်း သူတကာ နားချမ်းသာ စိတ်ချမ်းသာဖွယ် ပြေပြစ်လျက်ရှိသည်။ ထိုသူမျိုးမှာ အများ ချစ်မြတ်နိုးဖွယ်ရာ မင်္ဂလာဖြစ်ရသည်။

ဂါရဝ နှင့် နိဝါတ။ ။ဂါရဝနှင့်နိဝါတ တွဲဟောသည်မှာ မကင်းကောင်းသော တရားများဖြစ်သောကြောင့်တည်း။ နိဝါတ ရှိသူ၌သာ ဂါရဝဖြစ်နိုင်သည်။ မာနထောင်လွှားနေသူကား 'ငါသာ ငါ့ပြင် ဘာမထင်" ဖြစ်နေရာ ဘယ်မှာ သူတပါးကို ဂါရဝ ပြုနိုင်ပါအံ့နည်း။ အမျိုးဥစ္စာ အနွယ်အားဖြင့် ခက်ထန်သူမှာ မိမိဆွေမျိုးသားချင်းများကိုပင် မထီမဲ့မြင် ပြုတတ်ရာ ထိုအမူမှာ ပျက်စီးခြင်းအကြောင်း ဖြစ်သည်ဟု သုတ္တနိပါတ် ပရာဘဝသုတ်(၂၉၆)၌ ဟောတော်မူ၏။ မိမိဆွေမျိုးများက မိမိကို အရေးမစိုက် ပစ်ပယ်ကြသည့်ပြင် မိမိ ပျက်စီးအောင်ပင် ပြုတတ်၍ ပျက်စီးခြင်း အကြောင်းဟု ဟောသည်။ ဤခက်ထန်သူကို လေပြည့်သော သားရေအိတ်ဖြင့် ပမာပေးလေ့ရှိ၏။ သားရေအိတ်ကြီး သည် လေမပြည့်မီ ပျော့ပျောင်းနေသော်လည်း လေပြည့်သောအခါ တင်းမောက်လာသည်မှာ မာနကြီးသူ၏ လက္ခဏာနှင့်တူလှသည်။ ဘယ် အထိ နှိမ့်ချရမည်ကို "ခြေသုတ်ပုဆိုး ဦးချိုကျိုးသော နွားလားအနေ အစွယ် ကျိုးသော မြွေကဲ့သို့" ဟု ဆို၏။ တကယ် တရားရှိသူတို့မှာ ထိုမျှ နှိမ့်ချနိုင်ကြ၏။ မာန်ကြီးသူ ပျက်စီးကြောင်း ဖြစ်သော်လည်း

နိဝါတရှိသူမှာ တိုးတက်ကြီးပွါးကြောင်း ဖြစ်သည်။ "နိဝါတဝုတ္တိ အတ္ထဒ္ဓေါ၊ တာဒိသော လဘတေ ယသံ=နှိမ့်ချသော အဖြစ်မျိုးရှိလျက် ခက်ထန်ခြင်း မရှိသော ပုဂ္ဂိုလ်မျိုးမှာ အခြွေအရံ အကျော်အစောကို ရနိုင်သည်"ဟု သိင်္ဂါလသုတ် (၁၅၆)၌ ဟောတော်မူသည်။

အရှင်သာရိပုတ္တရာ၏ နိဝါတ။ ။တနေ့သောအခါ အရှင်သာရိပုတ္တရာ၏ သင်္ကန်းဝတ်ပုံ မညီမညွတ် ဖြစ်နေသည်ကို မြင်ရသော ခုနစ်နှစ်အရွယ် သာမဏေငယ်က "အရှင်ဘုရား သင်္ကန်းဝတ်ပုံ မညီပါတကား"ဟု လျှောက်၏။ အရှင်သာရိပုတ္တရာသည် "ကိုရင်ကလေးက ငါ့ ပြောရကောင်းလား" သဘောထားတော်မမူပဲ တနေရာသွားကာ ကောင်းစွာ ပြင်ဝတ်ပြီးလျှင် ကိုရင့်ထံ ပြန်လာ၍ ရပ်လျက် လက်အုပ်ချီကာ "သည်လောက်ဆိုလျှင် သင့်တော်ပါပြီလား ဆရာ"ဟု မိန့်ကြားပြီးနောက် "ထိုနေ့ဖြစ်သော ခုနစ်နှစ်အရွယ် သာမဏေငယ်ကလေးကပင် ဆုံးမလာလျှင် တိုအဆုံးအမကို ဦးခေါင်းထက်မှာ ခံယူပါသည်"ဟု ကျူးရင့်တော်မူခဲ့သည်။ တရားကို လေးစားသူတိုင်း အရှင်မြတ်ကြီး၏ ဤနိဝါတဂုဏ်ကို အမြဲအားကျ အတုယူခဲ့ကြရပါသည်။ ယူဖွယ်လည်း ကောင်းလှပေသည်။ (မိလိန္ဒ။၃၇။ သံ၊ဋ္ဌ၊၁။၁၁၄)

အရှင်ရာဟုလာ၏ နိဝါတ။ ။အရှင်ရာဟုလာကား သာကီဝင် မင်းမျိုးဖြစ်၍ စကြာမင်းဖြစ်ရန် ဘုန်းကံလက္ခဏာပါသူ ပုဂ္ဂိုလ်ထူးတည်း၊ ဘုရားသားတော်လည်းဖြစ်၍ မာနထောင်မည် ဆိုလျှင် သူတကာထက် ပို၍ မာနထောင်နိုင်လောက်အောင် အဖက်ဖက်က အထက်တန်းကျနေသော်လည်း အရှင်၏ နှိမ့်ချခဲ့ပုံမှာ ဥဒါန်းတွင်ရစ်ခဲ့ပါ၏။ ရဟန်းတော်များက ရှင်ရာဟုလာကို စမ်းလို၍ ရှင်ရာဟုလာ အဝေးမှလာသည်ကို မြင်လျှင် တံမြက်စီးနှင့် အမှိုက်တောင်းများကို အပြင်မှာ ပစ်ထားကြ၏။ 'ဒါ ဘယ်သူပစ်ထားကာလဲ'ဟု အချို့ရဟန်းက မေးသော် 'သည်နေရာမှာ ရာဟုလာ သွားလာနေတာပဲ၊ ရာဟုလာများ ပစ်ထားသလော'ဟု တပါးရဟန်းများက ပြောကြ၏။ ရှင်ရာဟုလာသည်

'တပည့်တော် လုပ်တာမဟုတ်ပါ'ဟု ဘယ်အခါမှ မပြောပဲ ကောင်းစွာ သိမ်းဆည်းပြီး ရဟန်းများကိုပင် တောင်းပန် ကန်တော့၍ သွားတတ်၏။

တခါက ဘုရားမြတ်စွာသည် "ရဟန်းတို့အား လူသာမဏေများနှင့် တမိုးတရာမ်တည်းသော ကျောင်း၌ အတူမအိပ်ရ"ဟု သိက္ခာပုဒ် ပညတ်ထား၏၊ ရဟန်းများက "ရာဟုလာ ဘုရားမြတ်စွာ သိက္ခာပုဒ် ပညတ်ထား၍ အိပ်ဖို့နေရာ ရှာပါ"ဟု ဆိုကြ၏။ အမှန်မှာ ဘုရားအပေါ်၌ လေးစား၍ရင်း, ရှင်ရာဟုလာ၏ အကျင့်သိက္ခာဂုဏ်အရရင်း ၎င်းကို ရဟန်းများ အရေးပေးခဲ့မြဲ ဖြစ်၏။ သိက္ခာပုဒ် ပညတ်ချက်အရ ဤသို့ ပြောကြခြင်း ဖြစ်၏။ ရှင်ရာဟုလာလည်း ဘယ်သို့မှ ပြန်မပြော။

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်, အရှင်အာနန္ဒာစသော မထေရ်တို့ကိုလည်း အပူမရှာပဲ ဘုရားရှင်၏ ဝစ္စကုဋီ၌ သွားအိပ်နေ၏၊ နံနက်အခါ ဘုရားရှင် ဝစ္စကုဋီ အကြွဘွင် ရှင်ရာဟုလာ ဝစ္စကုဋီ၌ အိပ်ရကြောင်း သိတော်မူ၍ လူသာမဏေများနှင့် သုံးညအတူ အိပ်ဖို့ ခွင့်ပြုကာ သိက္ခာပုဒ်ကို ထပ်မံ ပြင်ဆင်ပညတ်တော်မူသည်။

ရှင်ရာဟုလာကား တရားကို ကြိုးစားအားထုတ်နေရာ ထိုတရားများက အရှင်၏ မာနကို ချပေးလျက် ရှိနေပါသည်။ တရားကို မလေးစားသူတို့ အဖို့ မာနကို အပြစ်မမြင် အကောင်းထင်လျက် မာန်တက်ကြသော်လည်း တရားကို လေးစားသူတို့မှာ မိမိတို့ မာနကို တမင်္ဂလာပင် ကျအောင် ကြိုးစားကြ၏။ ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ် ဤသာကီဝင် မင်းသားများသည် ဥပါလိဆတ္တာသည်နှင့်အတူ ရဟန်းပြုရန် ဘုရားထံ ရောက်လာကြပြီးလျှင် သူတို့ ဘုရားရှင်အား လျှောက်ထားသည်မှာ "မြတ်စွာဘုရား တပည့်တော်တို့ သာကီဝင်များမှာ မာနကြီးကြပါသည်၊ ဥပါလိဆတ္တာသည်မှာ တပည့်တော်များ အစေအပါး အဖြစ် ကာလရှည်ကြာ အမှုထမ်းခဲ့သူ ဖြစ်ပါသည်။ သူ့ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ၊ သူ့ကို တပည့်တော်များ ရှိခိုးမှု ကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပြုမှု ပြုကြပါမည်။ ဤသို့ဖြင့် တပည့်တော်များ

သာကီဝင်တို့၏ မာနသည် ကျဆင်းပါလိမ့်မည်”ဟု လျှောက်ထားသည့် အတိုင်း ဘုရားရှင်က ဥပါလိကို ရှေးဦးစွာ ရှင်ရဟန်းပြုပေးလေသည်။

သန္တုဋ္ဌိ။ ။သ=မိမိ ဥစ္စာဖြင့်၊ ဝါ၊ ရှိနေသော ဥစ္စာဖြင့်။ တုဋ္ဌိ= ကျေနပ် နှစ်သက်ခြင်း။ ရှိသမျှ ရသမျှနှင့် တင်းတိမ် ကျေနပ်ခြင်းကို သန္တုဋ္ဌိ ဆိုရသည်။ ဤ သန္တုဋ္ဌိ မရှိသူ၌ မကောင်းသော အစားအဝတ် စသည်သုံးရလျှင် စိတ်မချမ်းသာ ဖြစ်ရ၏။ ကောင်းနိုးရာရာ ဝယ်ယူသုံးစွဲခြင်းဖြင့် ပစ္စည်းပြုန်းသူ ဖြစ်တတ်၏။ စီးပွါးရှာဖွေသူ၌ သန္တုဋ္ဌိမရှိလျှင် ဥစ္စာ မစုဆောင်းနိုင်၊ ထို့ကြောင့် သန္တုဋ္ဌိသည် လောကရေး၌ အလွန်လိုအပ်၏။ မွေသက်ဘာက် အားထုတ် သူများ၌ကား သာ၍ပင် လိုအပ်လှသည်။ မှန်၏၊ သန္တုဋ္ဌိ၏ ဆန့်ကျင်ဘက် မှာ လောဘကြီးမှု, အလိုကြီးမှုဖြစ်ရာ တရားရရေး၌ ကြီးမားသော အနှောင့်အယှက် အတားအဆီးများဖြစ်၏။ ထို့ကြောင့် ဘုရားရှင်က ထို မဟိစ္ဆ (=အလိုကြီးမှု)ကို ရှုတ်ချခဲ့သည်နှင့်အမျှ သန္တုဋ္ဌိကိုလည်း လွန်စွာ မြွက်စားတော်မူခဲ့သည်။

အမြတ်ဆုံးဥစ္စာ။ ။“သန္တုဋ္ဌိ ပရမံ ဓနံ=အမြတ်ဆုံး ဥစ္စာကား ရောင့်ရဲ ခြင်းတည်း”ဟု ဓမ္မပဒ(၄၃)၌ ဟောတော်မူ၏။ နီတိ ဆရာတို့ကလည်း “သန္တောသတုလျံ ဓနမတ္ထိ နည်-သန္တောသနှင့် တန်းတူ ရည်တူ ဖြစ်သော တခြားဥစ္စာ မရှိ”ဟု ဆိုခဲ့၏။ လောက၌ ဥစ္စာရှိလျှင် ဘာမဆိုပြည့်စုံနိုင်သကဲ့သို့ ရောင့်ရဲတတ်သူ၌ အကုန်ပြည့်စုံလျက်ရှိရာ ဥစ္စာ အဖြစ် တင်စားခဲ့ခြင်း ဖြစ်၏။ သို့သော် ဥစ္စာဖြင့် မပြည့်နိုင်သော ပြည့် စုံခြင်း မျိုးမှာ သန္တောသ ရှိသူ၌ရှိရာ သန္တောသကို အမြတ်ဆုံးဥစ္စာအဖြစ် မြွက်တင်ခဲ့ရ၏။ “အကြင် သူ၏ စိတ်သည် တင်းတိမ်ရောင့်ရဲလျက် ရှိ၏။ ထိုသူမှာ အားလုံး ပြည့်စုံလျက်သာ၊ ဖိနပ်ဖြင့် ဖုံးလွှမ်းထားအပ် သော ခြေရှိသူအဖို့ မြေဘပြင်လုံး သားရေ ဖုံးထား သကဲ့သို့သာ အမှန် ဖြစ်သည်”။ ဤ ဟိတောပဒေသ အဆိုအတိုင်း သန္တုဋ္ဌိမရှိသော စည်း စိမ်ရှင်အချို့ပင် မရနိုင်သော သမ္ပတ္တိမျိုးသည် သန္တုဋ္ဌိ ရှင် လူဆင်းရဲများ ၌ပင် ရှိနိုင်ကြောင်း သိရသည်။

ဆိုင်ကြီး၊ ၁၁-ပ-ဓ-သ-စ

မတင်းတိမ်သင့်သောအရာ။ ။တင်းတိမ်လျှင် မြိန်ရှက် ဆိုသကဲ့သို့ တင်းတိမ်သူ၌ အမြဲ စိတ်ချမ်းသာလျက် ရှိရာ လောကီဆရာတို့က "သန္တောသမူလံ ဟိ သုခံ=ချမ်းသာမည်သည်မှာ သန္တောသလျှင် အကြောင်းရှိ၏"ဟု ဆိုကြ၏။ သို့သော် ပညာရေး၌ အချို့က "အို....ဒီလောက်ဆို တော်လောက်ပါပြီ"ဟုရင်း, စီးပွါးရေး၌ "သည်လောက်ရှိ တော်ရောပေါ့"ဟုရင်း လျော့တတ်ကြ၏။ ဤသို့ လျော့ခြင်းမှာ သန္တုဋ္ဌိမဟုတ် ဆုတ်နစ်ခြင်းသာ၊ ဓမ္မရေးနှင့် လောကရေး၌ အတူ မသုံးသပ်ထိုက်၊ တရားသိကြ်သက် အားထုတ်သော ရဟန်းတော်များအတွက်မူ ပစ္စည်းနှင့်စပ်လျှင် အလိုနည်းလေ ကောင်းလေဖြစ်၏။ လောက လူသားများအဖို့ကား ထိုသို့မဟုတ်။ ဓမ္မရေး၌ပင် စာပေ တတ်ရုံနှင့် တင်းတိမ်နေလျှင် ပေါ့လျော့မှု ဆုတ်နစ်မှုသာဖြစ်၏။ မဂ်ဖိုလ်ရသည် အထိ မရမနေ ကြိုးစားရမည်သာ၊ ထို့အတူ လောကသားအဖို့ တာဝန်တွေရှိနေ၏။ မိသားစုတာဝန် အမျိုးတာဝန် တိုင်းပြည်တာဝန်ဟု ရှိနေရာ ထိုတာဝန်တွေအတွက် ပစ္စည်းရှာရမည်သာ၊ မတတ်သာ၍ ဖြစ်သလို ကျေနပ်ရမည်ဖြစ်သော်လည်း တတ်နိုင်လျက် တိုးတက်မှု ရပ်သွားအောင် သန္တုဋ္ဌိပြုလိုက်သည်မှာ သန္တုဋ္ဌိအစစ်မဖြစ်ပဲ ပေါ့လျော့ ဆုတ်နစ်မှု အဖြစ်သို့သာ ရောက်ရတော့သည်။

မတရားလျှင်ပျက်။ ။တရားသဖြင့် ပစ္စည်းရှာသူအား သန္တုဋ္ဌိ မပျက်တတ်သော်လည်း လောဘ အလွန်ကြီးလာ၍ မတရားစီးပွါး ရှာသူကား သန္တုဋ္ဌိပျက်တော့သည်။ ပစ္စည်းတွေပေါလာသည့်အခါ သန္တုဋ္ဌိပျက်သူမှာ ဖြုန်းချင်တိုင်း ဖြုန်းသော်လည်း သန္တုဋ္ဌိရှိသူမှာ ကုသိုလ်ဖြစ်သော အမျိုးအတွက် တိုင်းပြည်အတွက် အကျိုးရှိရာရှိကြောင်း ကောင်းမှုများ၌သာ အလေးပေး သုံးတတ်ပေသည်။ အလိုကြီး၍ သန္တုဋ္ဌိ ပျက်လာသော အခါ တနေ့တွင် ဆုံးယုတ် ပျက်စီးမှုနှင့် ကြုံလာရမြဲဖြစ်၏။

ရှေးက ပုဏ္ဏားတယောက်၌ ဇနီးနှင့် သမီးသုံးယောက် ရှိ၏။ သူသေသော အခါ ငှက်ဟင်္သာဖြစ်နေရာ မကြာမကြာလာ၍ ရွှေဖြင့်ပြီးသော

အတောင်တတောင်မေးလာသဖြင့် ဇနီးနှင့် သမီးတို့မှာ ဆင်းရဲနေရာမှ အတော်ချောင်လည်လာကြ၏။ သို့သော် ဤမျှနှင့်မကျေနပ်ကြ၍ တိုင်ပင်ကာ တနေ့ ရွှေဟင်္သာလာသောအခါ ဖမ်းပြီး အတောင်အကုန် နုတ်ကြ၏။ သို့သော် နုတ်သမျှ ရွှေမဟုတ်တော့ပဲ အကုန်ဗျိုင်းတောင်သဖွယ် ဖြစ်၏။ နောက် အိုးထဲထည့်မွေးထားရာ ပေါက်လာသောအတောင်တို့သည် အဖြူချည်းသာဖြစ်ကုန်လျက် ယင်းတို့ ပြည့်စုံသောအခါ မိမိနေရာ ပြန်သွားတော့သည်။

"ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလောဘော ဟိ ပါပကော=ရသမျှနှင့် ရောင့်ရဲကျေနပ်ရမည်၊ လောဘကြီးသူမှာ လူယုတ်မာတည်း"။ (ဇာနီပါတ်၊ သုဝဏ္ဏဟံသဇာတ်-၃၂)

ကတညုတာ။ ။သူပြုခဲ့ဘူးသော ကျေးဇူးကို သိခြင်းသည် ကတညုတာ မည်၏။ ကျေးဇူးမှာ ဥစ္စာပေးခြင်း, အဟတ်သင်ပေးခြင်း ဆုံးမခြင်း, ဘေးရန်ကာကွယ်ပေးခြင်း စသည်ဖြင့် မိမိအပေါ် ပြုအပ်သော သူတပါး၏ ကောင်းမှုပင်၊ ထိုကျေးဇူးကို နည်းသည်ဖြစ်စေ,များသည်ဖြစ်စေ အောက်မေ့သည်၏ အစွမ်းဖြင့် သိခြင်းကို ကတညုတာ ဆို၏၊ သိခြင်းဆိုသောကြောင့် သိရုံ သိသူကို ကတညုဆိုသည်ဟု မမှတ်အပ်၊ သိ၍ ကျေးဇူး တုံ့ပြန်ပြုသူကိုသာ ကတညု (=ကျေးဇူးသိသူ) ဆိုသည်။ တချို့ မိမိအပေါ် ကျေးဇူးပြုထားသူတဦး အကူအညီ လိုနေသောအခါ စွမ်းနိုင်ပါလျက် ပါးစပ်သာ ကောင်း၍ လက်မပါပဲ ရှိတတ်၏။ ဤသူများကား အကတညု (=ကျေးဇူးမသိတတ်သူ) များတည်း။ အချို့ ဤသို့ မသိရုံသာမက ကျေးဇူးရှင်ကိုပင် အကျိုးမဲ့ ပြုတတ်သေး၏၊ ကျေးဇူးရှင်ကို ကျေးစွပ်သော လူမိုက်သာတည်း။ ထိုလူမိုက်မျိုးကို တိံသနိပါတ် မဟာကပိဇာတ် (၃၇၀)၌ တွေ့ရ၏၊ ထိုဇာတ်၌ ပုဏ္ဏားမိုက်သည် မိမိအသက်ကို ကယ်တင်ခဲ့သော အလောင်းတော် မျောက်မင်း၏ခေါင်းကို ကျောက်ဘုံးနှင့် ထုခဲ့လေသည်၊ သူတော်ကောင်းများကား ကျေးဇူး သိတတ်ကြ၏။ ကျေးဇူးမသိသူမှာ လူမိုက်သာဖြစ်ရာ ထိုသူရမည့် ရလဒ်ကား နောင်ဘဝ ငရဲရောက်ခြင်း, ယခုဘဝ အကဲ့ရဲ့ခံရခြင်း, ကျေးဇူး

ပြုမည့်သူများ ရှောင်လွှဲ၍ ဆင်းရဲရခြင်းစသော မကောင်းကျိုးများသာ တည်း။

ရခဲသူ နှစ်ယောက်။ ။(၁) ပုဗ္ဗကာရီ=ရှေးဦးစွာ ကျေးဇူးပြုတတ်သူ၊
(၂) ကတညူကတဝေဒီ = သူပြုဘူးသည့် ကျေးဇူးကို သိတတ် ထုတ်ဖော်တတ်သူ။

ဤပုဂ္ဂိုလ်နှစ်မျိုးမှာ ရခဲသော ပုဂ္ဂိုလ်များဖြစ်ကြောင်း ဒုကင်္ဂုတ္တရ တတိယပဏ္ဏာသက ပဌမသုတ် (၈၆)၌ ဟောတော်မူ၏။ ထိုတွင် လက်ဦး ပြုသူမှာ ကြွေးပေးအံ့ဟူသော အမှတ်ကိုပြုသည်။ နောက်ပြုသူသည် ကြွေးဆပ်အံ့ဟူသော အမှတ်ကို ပြုသည်ဟု ရှင်းအဋ္ဌကထာ ဖွင့်၏။ တစုံတယောက်က ကြွေးပေးလျှင် ကြွေးယူသူမှာ ကြွေးတင်သည်ဟု ဆို၏။ ထိုအတူ ထစုံတယောက်က ကျေးဇူးပြုလျှင် အပြုခံရသူမှာ ကျေးဇူး တင်သည်ဟု ဆိုရ၏။ ကြွေးတင်လျှင် ပြန်ပေးသည်ကို ကြွေးဆပ်သည် ဆိုသကဲ့သို့ ပြန်ကျေးဇူးပြုသည်ကို ကျေးဇူးဆပ်သည်ဟု ဆိုသည်။ ဤ၌ ကျေးဇူးပြုသူက ပြန်ရလိုမှုဖြင့် ပြုသည်မဟုတ်သော်လည်း တာဝန်သိသူ များက ပြန်ကျေးဇူးပြုမည်ဖြစ်၍ ကြွေးပေး ကြွေးဆပ်နှင့် တူသော ကြောင့် ကြွေးပေးအံ့ဟု အမှတ်ပြုသကဲ့သို့ ဖြစ်သည်ကို အမှတ်ပြုသည်ဟု အဋ္ဌကထာဆရာ ဆိုခြင်းဖြစ်၏။ သူတော်ကောင်းတို့၏ ကျေးဇူးမြင်တတ် ခြင်း, သူယုတ်မာတို့၏ ကျေးဇူးမမြင်တတ်ခြင်းမှာ သူတော်ကောင်းတို့က ခမ္မမြင်၍သူယုတ်မာတို့က ခမ္မမမြင် အခမ္မတွေ ဝင်လာသောကြောင့်တည်း။ (အံ၊၁။၈၆။ အံ႒၊၂။၅၇)

သူတော်ကောင်းမှုသိ။ ။ရာဇပုဏ္ဏားကြီး ရဟန်းပြုလိုလျက် ရဟန်းမပြုရ ဖြစ်နေရာ ဘုရားရှင်က 'ဤပုဏ္ဏား၏ကျေးဇူးကို ဘယ်သူအမှတ်ရသလဲ'ဟု မေးတော်မူသော် 'တပည့်တော် အမှတ်ရပါ ကြောင်း' အရှင်သာရိပုတ္တရာ လျှောက်၏၊ 'ဘယ်လို ကျေးဇူးလဲ'ဟု မေးတော်မူပြန်ရာ 'ရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံစဉ် ဆွမ်းတဇွန်း လောင်း ဘူးကြောင်း' လျှောက်၏။ 'သာဓု သာဓု သာရိပုတ္တရာ၊ သူတော်ကောင်း များမှာ သူ့ကျေးဇူးကို သိတတ် ထုတ်ဖော်တတ်ပေသည်'ဟု ကောင်းချီး

ပေးတော်မူ၏။ ပစ္စည်းဥစ္စာ ပေးသည်ထက် အသိအလိမ္မာ ဉာဏ်ပညာ ပေးသော ဆရာသမား စသည်မှာ ပိုကျေးဇူးပြုတတ်သူများ ဖြစ်၏။ အသူးသဖြင့် တရားဖြင့် ကျေးဇူးပြုသူများ၏ ကျေးဇူးမှာ ပြေသည် အောင် ပြန်အဆပ်ခက်လောက်အောင်ပင် ကြီးမားလှကြောင်း ဟော တော်မူ၏။ ထိုကြောင့် တကယ်ကျေးဇူးကြီးလှသော မိဘ ဆရာနှင့် မိမိအား စောင်မသူမှန်သမျှ၏ ကျေးဇူးကို မတတ်သာလျှင် အစဉ် အောက်မေ့၍ တတ်နိုင်သလောက် တုံ့ပြန်မှု သူတော်ကောင်း ဖြစ်ကြ ပေမည်။ (ဝိ၊၃။၇၀)

အကုရနှင့် ပုဏ္ဏား။ ။အကုရမင်းသားသည် လှည်းသား ငါးရာဖြင့် ကုန်သွယ်ခဲ့ရာ လှည်းငါးရာဖြင့်ပင် ကုန်သွယ်သော ပုဏ္ဏားတဦးလည်း အတူပါ၏။ လမ်းမှား၍ အစာရေစာတွေ ကုန်ခဲ့ရာ ညောင်ပင်ကြီးတပင် တွေ့၍ ခိုနားကြ၏။ ထိုညောင်ပင်မှ တန်ခိုး ကြီးမားသော နတ်ကြီးသည် သူတို့အား သနား၍ လက်ျာလက်ကို ဆန့်ဘန်းကာ ပဋ္ဌမ ရေ၊ ထို့နောက် လိုရာလိုရာ အကုန်ပေး၍ သူတို့အား ချမ်းသာစေခဲ့၏။ ထိုအခြင်းအရာကို မြင်ရသောပုဏ္ဏားက မိမိတို့ ပစ္စည်း လို၍ ကုန်ရောင်းခြင်းဖြစ်ရာ 'အလိုခပ်သိမ်း ပေးနိုင်သော ဤနတ်ကြီးကို အတင်း ဆောင်ကြဉ်းသွားကြစို့'ဟု အကုရအား တိုင်ပင်၏။ ထိုအခါ အကုရမင်းသားက 'သစ်တပင်မှာ အိပ်ရ ထိုင်ရ နားနေရလျှင် ထိုအပင်၏ အခက်ကိုပင် မချိုးရ၊ မိတ်ဆွေ ဖြစ်မှားသူမှာ သူယုတ်မာဖြစ်သည်'ဟု သူတော်ကောင်း တရားပြ ပြောဆို၏။ 'သစ်ပင်အရိပ်မှာ ထိုင်ရ အိပ်ရစေ ကာအကျိုးရှိမည်ဆိုလျှင် ပင်စည်ကိုပင်ဖြတ်နိုင်ကြောင်း'နီတိနည်းပြလျက် ပုဏ္ဏားက ချေပ၏။ ထိုအခါ မိမိအရိပ်ခိုရာ သစ်ပင်ကို အရွက်ပင် မဖျက် ဆီးရ၊ မိတ်ဆွေဖြစ်မှားသူမှာ လူယုတ်မာဖြစ်ကြောင်း' ထပ်မံဆိုပြန်သော် ပုဏ္ဏားက 'အကျိုးရှိလျှင် အမြစ်ပါနုတ်ယူရကြောင်း' ဆိုပြန်၏။ ထိုအခါ အကုရက 'နီတိမှာ ကိုယ်ကျိုးသာကြည့်၍ မမှန်ကြောင်း တရားသဘော သာ အမှန်ဖြစ်ကြောင်း' သိစေလို၍ ဤသို့ဆိုပြန်၏။ 'ပုဏ္ဏား သူ့အိမ်မှာ ထညအိပ်ရ သူ့ထံမှ ထမင်း အချော်ရသည်ဆိုလျှင် ထိုသူကို စိတ်ဖြင့်ပင်

မကောင်းမကြံဆိုက်၊ ကျေးဇူးသိသူကို သူတော်ကောင်းများ ချီးမွမ်းအပ်၏။ မိမိအား အိပ်ရာပေး အစားအစာပေးသော, မညှဉ်းဆဲတတ်, စောင့်စည်းတတ်သော လက်ရှိသောမိတ်ဆွေသည် မိတ်ဆွေပြစ်မှားသူကို လောင်ကျွမ်းတတ်သည်၊ ရှေးဦးကျေးဇူးပြုသူကို နောက်အခါ ညှဉ်းဆဲနှိပ်စက်သူမှာ စိုသောလက်ရှိသော မိတ်ဆွေ၏ အဖျက်အဆီးခံရသည်ဖြစ်၍ ကောင်းသော အာရုံများကို မတွေ့ကြုံရတတ်’။ ဤသို့ တရားပြ ပြောသောအခါမှ ပုဏ္ဏားလည်း တိတ်သွားတော့၏။

မှတ်ချက်—ဤ၌ ကျေးဇူးကန်းသူ ခံရသောအပြစ်မှာ ကျေးဇူးပြုသူက လုပ်ရသည် မဟုတ်သော်လည်း သူ့ကိုပြစ်မှား၍ခံရသောကြောင့် သူကပင် လောင်သကဲ့သို့ရင်း, ဖျက်ဆီးသကဲ့သို့ရင်း တင်စားဆိုခြင်း ဖြစ်၏။ ဤ၌ ကျေးဇူးပြုသူကို ‘အလ္လပါဏိ=စိုသောလက်ရှိသူ’ ဟု ဆို၏။ ထို့ကြောင့် “စိုသောလက်ကို မခြောက်စေနှင့်”ဟု ဆိုရိုးရှိခဲ့သည်။

(ပေတဝတ္ထုအဋ္ဌကထာ အင်္ကုရပေတဝတ္ထု-၁၀၆။)

ကာလေန ဓမ္မဿဝနံ။ ။စိတ်ပျံ့လွင့်လျက်ရှိသောအခါ, ကာမဝိတက်စသော ဝိတက်တပါးပါး လွှမ်းမိုးခံနေရသော အခါများမှာ တရားနာရန် သင့်လျော်သော ကာလဖြစ်ကြောင်း အဋ္ဌကထာဆို၏၊ ထို့ပြင် ငါးရက်တကြိမ် တရားနာခြင်းကို “ကာလေန ဓမ္မဿဝနံ”ဟု အပရေဆရာတို့ ဆိုကြောင်းဖွင့်၏။ မူလပဏ္ဏာသ ဗူဠဂေါသိင်္ဂသုတ် (၂၆၇)၌ အရှင်အနုရုဒ္ဓါက ‘မြတ်စွာဘုရား တပည့်တော်များ ငါးရက်တကြိမ် ညလုံးပေါက် တရားစကား ပြောကြားစည်းဝေးကြကြောင်း’ လျှောက်ထားသောစကားအရ ဆိုခြင်းတည်း။ တိကင်္ဂုတ္တရ ပဌမပဏ္ဏာသက ဂိလာနသုတ် အဋ္ဌကထာ (၇၉)၌ “မာသဿ အဋ္ဌဝါရေ ဓမ္မကထာ အနုညာတာ=တလရှစ်ကြိမ် တရားဟောမှု ခွင့်ပြုတော်မူအပ်၏”ဟု ဆို၏၊ ရှစ်ကြိမ်မှာ လဆန်းလဆုတ် ငါး,ရှစ်,ဆယ့်ငါး, ဆယ့်ငါး ရက်များတည်း။

ထိုပြင် အင္ဂုတ္တိုရ်၌ အကြင်အခါဝယ် ကလျာဏမိတ်ဆွေများသို့ ချဉ်းကပ်၍ မိမိယုံမှားကို ပယ်ဖျောက်တတ်သော တရားစကားကို နာကြားခြင်းငှါ တတ်နိုင်၏၊ ထိုအခါ တရားနာခြင်းလည်း "ကာလေန ဓမ္မဿဝန"ပင်ဟု ဆို၏။ ဤစကားဖြင့် ရက်သတ်မှတ်ချက်မှာ လိုရင်း မဟုတ်၊ တရားနာရန် မသင့်လျော်သော ရက်အခါဟု မရှိ၊ တရားဟော ပုဂ္ဂိုလ် အခန့်သင့်ရှိ၍ မိမိက အခွင့်သာသောအခါသည် တရားနာရန် လျော်ကန်သင့်မြတ်သောအခါဟု သိရတော့သည်။

တရားနာကျိုး။ ။ပဥ္စကင်္ဂုတ္တရ ပဌမပဏ္ဏာသက ကိမိလဝဂ် ဓမ္မဿဝန သုတ်(၂၀၆)၌ တရားနာခြင်းအကျိုး ငါးပါးလာ၏။ ထိုအကျိုး ငါးပါးကား —

(၁) မကြားဘူးသည်ကို ကြားနာရခြင်း။
(၂) ကြားဘူးပြီးသည်ကို စင်ကြယ်စေခြင်း။
(၃) ယုံမှားကို လွန်မြောက်ရခြင်း။
(၄) အယူကို ဖြောင့်မှန်အောင် ပြုတတ်ခြင်း။
(၅) စိတ်ကြည်လင်ခြင်း တို့တည်း။

မကြားဘူး ကြား၊ ကြားဘူးစင်တုံ၊ ယုံမှား ဖျောက်တတ်၊
ယူဖြောင့်မတ်လျက်၊ စိတ်ဓာတ်ကြည်လင်၊ ကျိုးငါးအင်၊ လိုလျှင်
တရားနာ။

ဤအကျိုးငါးပါးတွင် စိတ်ကြည်လင်ရခြင်းအကျိုးမှာ လွန်စွာအရေးပါလှ၏။ စီးပွါးရေး, ပညာရေး, ကျန်းမာရေး, ဆွေရေး, မျိုးရေးစသည် ကြောင့် စိတ်မချမ်းသာ သောကရောက်နေသောအခါကား တရားနာရန် အလွန်သင့်လျော်သောအခါတည်း။ ဓမ္မာထိက စွမ်းအားရှိလျှင် ဖြစ်ဆဲမျှ သောကသည် တခဏချင်း ပျောက်ကင်းနိုင်ပေသည်။

မုဂ္ဂလမင်း သောက။ ။အရှင်နာရဒသည် ပါဋလိပုတ်ပြည်၌ သီတင်းသုံးစဉ် မုဂ္ဂလမင်း၏ ချစ်မြတ်နိုးအပ်သော မိဖုရား ဘဒ္ဒါ စုတေခဲ့၏။ မုဂ္ဂလမင်းသည် ရေမချိုး, မဒီးမလိမ်း, အစာမစား, အလုပ်မလုပ်

နေ့ရော ညပါ ဘဒ္ဒါ၏ကိုယ်၌သာ နစ်မျောနေခဲ့၏။ ဘဒ္ဒါ၏ကိုယ်ကို ကြာမြင့်စွာမြင်ရအောင် သံဖြင့်ပြီးသော ဆီစကျင်း၌ ထည့်သွင်းကာ အပေါ်က သံစကျင်းဖြင့် အုပ်ထားရန် ဘဏ္ဍာစိုး ပိယကအား အမိန့်ပေးရာ ထိုအတိုင်း ပြုလုပ်ပေး၏။ ထို့နောက် မင်းကြီးသောကာ ပျောက်ဖို့ အရှင်နာရဒထံ ဆည်းကပ်ရန် အကြံပေးလျှောက်ထားရာ မင်းကြီးလည်း သဘောထူကာ အရှင်နာရဒထံ ရောက်လာ၏။ အရှင်နာရဒက "မင်းကြီး လောက၌ ရဟန်း ပုဏ္ဏား နတ် မာရ် ဗြဟ္မာ ဘယ်သူမှ မရကောင်းသော အရာ ငါးမျိုးရှိသည်။ 'အိုခြင်းသဘောရှိသော အရာကို မအိုပါနှင့်' ဟု ဘယ်သူမှ မရကောင်းသော အရာ ဖြစ်၏။ နာခြင်းသဘောရှိသော အရာ, သေခြင်းသဘော ရှိသောအရာ, ကုန်တတ် ပျက်တတ်သော သဘောရှိသော အရာတို့ကို မနာ, မသေ, မကုန်, မပျက်ပါနှင့်ဟု ဘယ်သူမှ မရကောင်း" ဟု ဟောတော်မူပြီးနောက် ပုထုဇဉ်နှင့် အရိယာတို့ ထိုသဘောမျိုးတွေ ကြုံရသောအခါ ကွဲပြားပုံကို ဆက်လက်ဟောတော်မူ၏။ အချုပ်မှာ ပုထုဇဉ်သည် မိမိနှင့်ပတ်သက်သော အရာဝတ္ထုတို့ အိုခြင်း, နာခြင်း, သေခြင်း, ကုန်ခြင်း, ပျက်ခြင်းတို့နှင့် ကြုံရသောအခါ ဤအိုခြင်းစသည်မှာ ငါတယောက်သာ ကြုံရသည်မဟုတ် အားလုံးကြုံရသည်ချည်း ဖြစ်၏။ ငါက စိုးရိမ်ပူပန် ငိုကြွေးမြည်တမ်းနေလျှင် အစားပျက်, အလုပ်ပျက်, ရုပ်ဆင်းပျက်ရုံသာ၊ ရန်သူတွေ ဝမ်းသာအားရ၊ မိတ်ဆွေတွေ ဝမ်းနည်း စိတ်မကောင်း ဖြစ်ကြလိမ့်မည်ဟု မစဉ်းစားတတ်၍ စိုးရိမ် ပူဆွေး ငိုကြွေးကြရ၏။ ငိုကြွေးရခြင်းဖြင့် အဆိပ်လူးထားသော သောက ငြောင့်ကြီး အစူးခံရ၏။ အရိယာသာဝကကား စဉ်းစားတတ်၍ မငို, မဆွေး, မပူ သောကငြောင့်ကြီးကို နုတ်နိုင်၏။ သောကငြောင့်ကြီးစူး၍ ပုထုဇဉ်မှာ ပူရ၏။ သောကငြောင့်ကင်း၍ အရိယာမှာ ငြိမ်းအေးရသည်။ ဤတရား ကြားနာရသောအခါ "ဒါ ဘာတရားပါလဲ" ဟု မေးလျှောက်၏။ "သောကငြောင့်နုတ်တရား" ဟု မိန့်သော် "တကယ်ပဲ သောကငြောင့်နုတ် တရားပါဘုရား။ ဤတရားကြားနာရ၍ တပည့်တော်၏ သောကငြောင့်ကြီး

နုတ်ပယ်ပြီးဖြစ်ပါပြီ” ဟု လျှောက်ပြီးနောက် ပိယကအား အမိန့်ပေးသည်မှာ “ဘဒ္ဒါ၏အလောင်းကို မီးသင်္ဂြိုဟ်တော့။ ငါ ယနေ့ကစ၍ ရေချိုးနံ့သာလိမ်း ပွဲတော်သုံး၍ အလုပ်လုပ်တော့မည်”ဟူ၏။

(ပဉ္စကင်္ဂုတ္တရ၊ ပဉ္စမပဏ္ဏာသက၊ မုဏ္ဍရာဇဝဂ်၊ နာရဒသုတ်(၅၀)၌ အကျယ်ကို ကြည့်ပါ)

(၂၁) ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ’မုတ္တမံ။

(၂၁)ဒေသပုတ္တ၊ နတ်သား။ယာ ခန္တိ စ၊ အကြင်သည်းခံခြင်းသည်ရင်း။ ယာ သောဝစဿတာ စ၊ အကြင်ပြောဆို ဆုံးမလွယ်သူ၏ အဖြစ်သည်ရင်း။ သမဏာနံ၊ ရဟန်းတော်တို့ကို။ ယံ ဒဿနဉ္စ၊ အကြင် ဖူးမြင်ခြင်းသည်ရင်း။ ကာလေန၊ သင့်လျော်သောအခါ၌။ ယာ ဓမ္မသာကစ္ဆာ စ၊ အကြင်တရားဆွေးနွေးခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ဤလေးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

မင်္ဂလာလေးပါး စကားပြေ—နတ်သား၊ သည်းခံခြင်း, ဆိုဆုံးမလွယ်ခြင်း, ရဟန်းတော်တို့ကို ဖူးမြင်ခြင်း, တရားဆွေးနွေးခြင်း ဤလေးပါးမှာ မင်္ဂလာပင်တည်း။

ခန္တီ။ ။သူတကာဆဲရေးရိုက်ပုတ်မှုစသည် ပြုလာသော် တုံ့ပြန်မှုကင်း, ဖောက်ပြန်ခြင်းမရှိ ကျေနပ်စွာ လက်ခံခြင်းကို သည်းခံသည်ဟု ဆိုသည်။ ခန္တီအရ အဓိဝါသနခန္တီကို ရယူမည်ဟု အဋ္ဌကထာဖွင့်၏။ အချိုအရာ၌ အလိုအကြိုက် နှစ်သက်ခြင်းကို ခန္တိက ဟော၏။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိခေါ် ဉာဏ်ပညာဖြင့် ဆင်ခြင်လျက် ကျေနပ်ဆုံးဖြတ်ခြင်းခန္တီလည်း ရှိ၏။ ထိုခန္တီမျိုးမဟုတ် သည်းခံခြင်း ခန္တီသာ ဤ၌ယူရန် အဓိဝါသနက္ခန္တီဟု ဖွင့်ခြင်းဖြစ်၏။ အဓိ=မိမိအပေါ်၌၊ ဝါသန=နေစေခြင်း။

သူတကာ ဆဲရေးမှုစသည်ကြောင့် ပြန်လှန်ဆဲရေးရိုက်ပုတ်လျှင် ထိုအမှုများကို မိမိအပေါ်မှာ လက်မခံ ပယ်လှန်ပစ်သည်မည်၏၊ ထိုသို့မဟုတ်ပဲ ပြန်လှန်ဆန့်ကျင်ဖက်မပြု သည်းခံနေလျှင် ထိုဆဲရေးမှု စသည်ကို မိမိအပေါ်မှာ နေစေသည် ထားသည်မည်၏။ ထို့ကြောင့် အဓိဝါသနမှာ သည်းခံခြင်းပင်။အချမ်း,အပူ,မှက်,ခြင်စသည်ကို သည်းခံခြင်းလည်း အဓိဝါသနခန္တီပင်။ ထိုအရာများကြောင့် စိတ်ဆိုးခြင်း,စိတ်ချမ်းသာခြင်း စသည်ဖြစ်နိုင်သောကြောင့် ထိုအချက်များ ၊ ကြုံရသောအခါလည်း သည်းခံရမည်သာတည်း။

ခယဉ်းသောအကျင့်။ ။ဤခန္တီကား အလွန်ဖြည့်နိုင်ခဲသော အကျင့်ဖြစ်၏၊ ခန္တီဖြင့် အောင်နိုင်ခြင်းကို တကယ့်အောင်နိုင်ခြင်းဟု အသိအမှတ်ပြုကြ၏။ သည်းညည်းခံ နိဗ္ဗာန်ရောက်ဟု အဆိုရှိ၏။ တကယ်နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပါပေ၊ သီလ, သမာဓိ, ပညာများမှာ သည်းမခံသူ၌ ရကောင်းသော အကျင့်များမဟုတ်၊ ထို့ကြောင့် ခန္တီသည် သီလ, သမာဓိ, ပညာ၏ အခြေခံအကြောင်းရင်း ဖြစ်သည်၊ ကုသိုလ်မှန်သမျှ ခန္တီရှိသူ၌သာ ဖြစ်ရ၍ ကုသိုလ်တိုင်းနှင့်ဆက်သွယ်လျက်ရှိသော တရားပေတည်း။ အဒေါသ(မေတ္တာ) ပြဋ္ဌာန်းသော ကုသိုလ်တရားစု၏ အမည်ဖြစ်ရာ အားလုံး ခန္တီတရား လက်ကိုင် ထားနိုင်လျှင် အချင်းချင်း ရန်ဖြစ်ခြင်း ကွဲပြားခြင်းမရှိပဲ သင့်တင့်ညီညွတ်ကာ လောကကြီး သာယာလျက်သာ ရှိရပေမည်။ သာယာသော ခေတ်တိုင်းမှာ ခန္တီတရား ထွန်းကားလျက်ရှိမြဲတည်း။

သိကြားမင်း ခန္တီတရား။ ။တခါက တာဝတိံသာ အသုရာစစ်ပွဲ၌ တာဝတိံသာနတ်တို့က နိုင်ရာ ဖမ်းမိလာသော ဝေပစိတ္တိ အသုရိန်ကို သုဓမ္မာသဘင်၌ တုပ်နှောင်ထား၏။ ဝေပစိတ္တိသည် သိကြားမင်း သုဓမ္မာသဘင် ဝင်တိုင်း ထွက်တိုင်း အမျိုးမျိုး ဆဲရေး၏။ သိကြားမင်းကလည်း သည်းခံ၏။ ဤအဖြစ်ကိုမြင်ရသော မာတလိက ဝေပစိတ္တိ၏ ကြမ်းတမ်းသောစကားကို မျက်မှောက် ကြားနေရပါလျက် သည်းခံနေသည်မှာ'ကြောက်သောကြောင့်လော' 'အား

နည်းသောကြောင့်လော’ဟု မေး၏။ ‘ငါသည်းခံသည်မှာ ကြောက်သော ကြောင့်လည်း မဟုတ်, အားနည်းသောကြောင့်လည်း မဟုတ်၊ ငါကဲ့သို့ သော ပညာရှိသည် လူမိုက်နှင့် ဘယ်မှာ ဖက်ပြိုင်ပါအံ့နည်း’ဟု ဆို၏။ လူမိုက် မည်သည်မှာ သူ့ကိုမတားမနှိပ်လျှင် သာ၍ပင် ကဲလာမည် ဖြစ်သော ကြောင့် ပညာရှိသည် သူမိုက်ကို ပြင်းထန်သောဒဏ်ဖြင့် နှိပ်ကွပ်မြစ် တားသင့်ကြောင်း မာတလိက ဆိုပြန်သော် ‘သူတပါး အမျက် ထွက်သည် ကိုသိ၍ အမျက်ငြိမ်းနေသူ၏ ထိုငြိမ်းခြင်းသည်ပင် လူမိုက်ကို မြစ်တား ခြင်း မည်ကြောင်း’ သိကြားမင်း ဆို၏။ ‘ဤသို့ သည်းခံခြင်း၌ အပြစ်ကို တွေ့ရပါသည်၊ သိကြားမင်း....လူမိုက်သည် ငါ့ကိုကြောက်၍ သည်းခံသည် ဟု ထင်သောအခါ ပြေးနေသောနွားကို နွားများ ဖိလိုက်သကဲ့သို့ မိမိကို ဖိတတ်ပါသည်’ဟု မာတလိ လျှောက်၏။ ထိုအခါ သိကြားမင်းက အကျယ် တဝင့် တရားပြသည်မှာ ငါကြောက်၍ သည်းခံသည်ဟု ထင်လိုထင် မထင်လိုနေ၊ ခန္တီထက် သာလွန်သော အကောင်းဆုံး ကိုယ်ကျိုးကို ငါမမြင်။ အားနည်းသူမှာ အမြဲသည်းခံတတ်ရာ အားရှိသူဖြစ်လျက် အားမဲ့သူအား သည်းခံသောသူ၏ သည်းခံခြင်းမျိုးကို အမြတ်ဆုံးဟု ပညာရှိတို့ ဆိုကြသည်။ လူမိုက်အားမျိုး ရှိနေသူ ဖြစ်လျှင် ထိုအားမှာ အားမဟုတ်သည်ကို အားဟုဆိုခြင်းပင်၊ တရားစောင့်သူ၏အားကို ထိုသို့ ပြောနိုင်သူ လှုပ်ရှားစေနိုင်သူ မရှိ။

‘ကိုယ့်အား အမျက်ထွက်သူကို ပြန်စိတ်ဆိုးသူမှာ ထိုသူအောက် ယုတ် ညံ့သူသာဖြစ်သည်။ စိတ်ဆိုးသူကို ပြန်စိတ်မဆိုးသူမှာ အောင်နိုင်ခဲ သော စစ်ပွဲကို အောင်သူ ဖြစ်တော့သည်။ သူတပါး စိတ်ဆိုးသည်ကို သိလျက် သည်းခံပြေငြိမ်းသူသည် မိမိ သူတပါး နှစ်ဦးသားလုံး၏ အကျိုးကို ကျင့်သူပင်၊ ထိုမိမိ သူတပါး အကျိုးကို ပြီးစေသူကို တရား မသိသူ လူမိုက်တို့က ဗာလဟု ထင်မှတ်ကြသည်’။ ဤ သိကြားမင်း၏ စကားမှာ သည်းခံသူ ဂုဏ်ရည်ဖွဲ့ပင် ဖြစ်ရာ လောကရေး ဓမ္မရေး နှစ်ဖက်၌ပင် တိုးထက်လိုသူတိုင်း မှတ်သားလိုက်နာအပ်ပေသည်။

အကျိုးအပြစ်။ ။သည်းမခံသူ၌ အပြစ်ငါးပါး[1]။ သည်းခံသူ၌ အကျိုးငါးပါး ပဉ္စင်္ဂုတ္တရ ပဉ္စမပဏ္ဏာသက အက္ကောသဝဂ် (၂၂၂)၌ ဟောတော်မူ၏။ ထိုတွင် သည်းမခံနိုင်သူ အပြစ်များကား ၁-လူအများမချစ်(အမုန်းခံရ)ခြင်း။ ၂-ရန်များခြင်း။ ၃-အပြစ်များခြင်း[2]။ ၄-တွေတွေဝေဝေ သေရခြင်း။ ၅-သေသော် အပါယ်ရောက်ရခြင်းတို့ဖြစ်သည်။ ထိုမှ ပြန်သောအားဖြင့် သည်းခံသူ၌ ၁-လူအများ ချစ်ခင်ခြင်း။ ၂-ရန်မများခြင်း။ ၃-အပြစ်မများခြင်း။ ၄-မတွေမဝေသေရခြင်း။ ၅-သေသော် နတ်ပြည်ရောက်ရခြင်း အကျိုး ငါးပါးတည်း။

*သည်းမခံသူ၊ ဖြစ်ပါမူကား၊ သူမချစ်ခင်၊ ရန်လျှင်တိုးပွါး၊
အပြစ်များခဲ့၊ သေကား တွေဝေ၊ သေလျှင် အပါယ်၊ လား
စဖွယ်တည်း၊ ငါးမွယ်အပြန်၊ ရမြဲမှန်သည်၊ သည်းခံသူဖို့
တည်း။

တရားနှင့်ယှဉ်မှု။ ။ဘုရားရှင်က မူလပဏ္ဏာသ ကကစူပမသုတ်(၁၈၁)၌ နှစ်ဘက်လွှရိုး ရှိသောလွှဖြင့် ခိုးသူများက အင်္ဂါကြီးငယ်ကို ဖြတ်စေကာမူ ထိုခိုးသူတို့၌ စိတ်ဆိုးလျှင် ငါဘုရားစကားလိုက်နာသူမဟုတ်ဟု ထိုမျှ သည်းခံရန် အလိုရှိတော်မူခဲ့၏။ ဆဲသံ၊ ကဲ့ရဲ့သံစသော စကားများ မရောက်လာမီ သည်းခံနိုင်သည်မှာ တကဲ့သည်းခံသူမဟုတ်သေး၊ ထိုသို့သောစကားများ ရောက်လာ ကြုံတွေ့လာသောအခါမှ သည်းခံနိုင်သူအဖြစ် ထင်ရှား၏။ ဒေါသအပြစ်၊ သည်းခံခြင်း၏အကျိုးကိုမြင်၍ သည်းခံသောသူ၏ သည်းခံခြင်းသာ တည်မြဲ၏။ ဘာဝနာအလုပ် အစွမ်းဖြင့် ရလာသော သည်းခံခြင်းက ပိုစိတ်ချရ၏။ သို့မဟုတ်လျှင် ပတ်ဝန်းကျင်က ကောင်းနေ၍ သည်းခံသူထင်ရသော်လည်း တနေ့ အတိုက်အခိုက်ခံရလျှင် မိမိ သည်းခံခြင်းဂုဏ်ကလေးများ ပျောသွားရတော့သည်။

၁။ လွန်စွာသနားဖွယ် ဆင်းရဲခြင်းသို့ ရောက်ကြောင်းအပြစ်ဟု ဆိုလိုသည်။
၂။ ပြောဆိုကဲ့ရဲ့ဖွယ် ကာယကံ ဝစီကံ အပြစ်များဟု ဆိုလိုသည်။

ဝေဒေဟိကာ။ ။ရှေးက သာဝတ္ထိပြည်၌ ဝေဒေဟိကာမည်သောအိမ်ရှင်မ တဦးရှိ၏၊ အကျင့်ကောင်းသူ၊ နှိမ့်ချတတ်သူ၊ တည်ငြိမ်အေးဆေးသူအဖြစ် ဂုဏ်သတင်းမှာ ပြန့်လျက်ရှိ၏။ ထိုအိမ်ရှင်မ၌ အလုပ်ကျွမ်းကျင်ရှိ မပျင်းမရိ ဝတ်တရားကျေပွန်သော ကာဠီမည်သော ကျွန်မတယောက်ရှိ၏။ ကာဠီက "ငါ့အရှင်မ ကောင်းသတင်းမှာ အပြောများလျက်ရှိ၏။ ငါ့အရှင်မမှာ တကယ်ပဲ ဒေါသမရှိသလား၊ ငါက ကောင်းနေလို့ သူကောင်းခြင်းဖြစ်လာသလား" ဟု စုံစမ်းရန်အကြံဖြစ်၏။ နောက်တနေ့ နေမြင့်မှ အိပ်ရာက ထ၏။ "ဟဲ့....ကျွန်မကာဠီ ဘာ့ကြောင့် အိပ်ရာထ နေမြင့်နေရသလဲ"ဟု မေးသော် "ဘာမျှ မဖြစ်ပါ သခင်မ" ဟုပြော၏။ ဝေဒေဟိကာ စိတ်ဆိုး၍ မျက်မှောင်ကြုတ်၏။ ထိုအခါ ကာဠီက 'ငါ့သခင်မ စိတ်ဆိုးတတ်ပါတယ်၊ ငါကောင်းလို့ သူကောင်းနေတာပါ" ဟု အမှတ်ပြု၏။ နောက်တနေ့ ထပ်မံစုံစမ်းလို၍ ထို့ထက် နေမြင့်အောင် အိပ်ပြန်၏။ ထိုအခါ မျက်မှောင်ကြုတ်ရုံတင်မကတော့ပဲ ပါးစပ်က ရေရွတ်ကြိမ်းမောင်းသည်အထိ စိတ်ဆိုး၏။ နောက်တနေ့ ထို့ထက် ပိုနေမြင့်အောင် အိပ်ပြန်ရာ ထိုအခါ ပါးစပ်သာမက လက်ပင် ပါလာတော့သည်။ တံခါးမင်းတုပ်နှင့် ခေါင်းကိုရိုက်ရာ ကာဠီခေါင်းကွဲရှာသည်။

ကာဠီလည်း သွေးတွေယိုနေသော ခေါင်းကွဲဖြင့် အိမ်နီးချင်းတွေထံ လျှောက်ကာ"ကြည့်ကြစမ်းပါ အကျင့်ကောင်းလှ သည်ဆိုတဲ့ ကျွန်မသခင်မရဲ့လုပ်ပုံ၊ တယောက်တည်းသောကျွန်မကို အိပ်ရာထ နေမြင့်ရကောင်းလားဟု တံခါးမင်းတုပ်နှင့် ခေါင်းရိုက်ခွဲရက်တယ်" ဟု ကဲ့ရဲ့အောင် ပြော၏။ ထိုအခါမှစ၍ ဝေဒေဟိကာ ကြမ်းတမ်းသည် မာန်ကြီးသည် ဆူပူတတ်သည်ဟု မကောင်းသတင်း ထွက်လာရပြန်သည်။ ဓမ္မနှင့်ယှဉ်သော စန္ဒီမယုတ်လျှင် ဤသို့ပင် ဖြစ်တတ်ကြောင်းပြသော သာဓကပင်တည်း။ (မ-၁-၁၇၆-၇)

ဥပဏာဝိသု ယော သာဓု၊ သာဓုဝ္ဓော တဿ ကော ဂုဏော။
အပကာရိသု ယော သာဓု၊ သော သာဓု သဗ္ဘိ ဥစ္စတေ။
(ပဉ္စတန္တြ)

ယော၊ အကြင်သူသည်။ ဥပကာရီသု၊ ကျေးဇူးပြုတတ်သူတို့အပေါ်၌။ သာဓု၊ ကောင်း၏။ တဿ၊ ထိုကျေးဇူးပြုတတ်သူတို့အပေါ် ကောင်းသူ၏။ သာဓုတ္တေ၊ ကောင်းသည်၏အဖြစ်၌။ ဂုဏော၊ ဂုဏ်သည်။ ကော၊ ဘယ်မှာဖြစ်ပါအံ့နည်း။ ယော၊ အကြင်သူကား။ အပကာရီသု၊ အကျိုးမဲ့ပြုသူတို့အပေါ်၌။ သာဓု၊ ကောင်းပေ၏။ သော၊ ထိုအကျိုးမဲ့ပြုသူတို့အပေါ်ကောင်းသူကိုသာ။ သာဓု၊ တကယ်ကောင်းသူဟု။ သန္တော၊ သူတော်ကောင်းတို့သည်။ ဥစ္စတေ၊ ဆိုအပ်ပေ၏၊

သောဝစဿတာ။ ။သုဝစ=လွယ်ကူသောစကားရှိသူ။ ပြောဆိုဆုံးမသည်ကို လွယ်ကူစွာလိုက်နာသူတည်း။ 'သုခံ ဝစော ဧတ- သ္မိန္တိ သုဝစော'။ ဧတသ္မိံ၊ ထိုသူ၌။ သုခံ၊ လွယ်ကူသော။ ဝစော၊ စကားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သုဝစော၊ သုဝစမည်၏။ ဒုဗ္ဗစ၊ (=အပြောအဆိုခက်သူ)မှာ ပုဂ္ဂိုလ်ကို မလေးစား, တရားကို မရိုသေ, ဆန့်ကျင်ဖက်ပြုရန်လိုသားသော အဆုံးအမခက်သူတည်း။ ထိုသို့မဟုတ်ပဲ ပုဂ္ဂိုလ်ကိုလေးစားလျက် တရားကိုရိုသေစွာ လိုက်နာတတ်သူကို သုဝစဆိုသည်။ 'သောဝစဿံ၊ ပြောဆိုဆုံးမလွယ်သူ၏အမှု'။ ဆုံးမသူ၏အဆုံးအမကို လေးစားခြင်း ရိုသေစွာလိုက်နာခြင်းကိုပင် ဆုံးမလွယ်သူ၏ အမှုဆို၏။ (သုဝစဿ ကမ္မံ သောဝစဿံ။ သုဝစဿ၊ ဆိုဆုံးမလွယ်သူ၏။ ကမ္မံ၊ အမှုတည်း။ သောဝစဿံ၊ ဆိုဆုံးမလွယ်သူ၏အမှု။)

သောဝစဿဿ ဘာဝေါ သောဝစဿတာ။ သောဝစဿဿ၊ ဆိုဆုံးမလွယ်သူ၏ အမှု၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သောဝစဿတာ၊ ဆိုဆုံးမလွယ်သူ၏ အမှုဖြစ်ကြောင်း။ ဆုံးမလွယ်သူအမှု၏ ဖြစ်ကြောင်းဆိုသည်မှာ ပြောဆိုဆုံးမ လွယ်ကူမှုကို ဖြစ်စေတတ်သောစေတနာစု ကုသိုလ်တရားပင်တည်း။ ဤသောဝစဿဘာမှာ နိဝါတနှင့်ဆက်သွယ်လျက်ရှိ၏။ နိဝါတ- မရှိလျှင် သောဝစဿတာမဖြစ်နိုင်။ မနှိမ့်ချတတ်သူသည် သူတပါးအဆုံးအမကို ခံယူဖို့မဖြစ်နိုင်။ ထို့ကြောင့် နိဝါတအရာ၌ပြသော အရှင်သာရိပုတ္တ- ရာ အရှင်ရာဟုလာတို့၏အကြောင်းကို ဤ၌လည်း ဆိုအပ်၏။ ဤသောဝစ-

သာတာဖြင့် ဆရာမိဘစသည်တို့မှ အဆုံးအမ ရခြင်း၊ ထိုအဆုံးအမကို ကျင့်ကြံလိုက်နာ၍ အပြစ်ကင်းခြင်း၊ ဂုဏ်အမျိုးမျိုး အကျိုးအရပ်ရပ် ရခြင်းအကြောင်းဖြစ်၍ မင်္ဂလာဖြစ်ရသည်။

သုဝစ အစစ်။ ။မူလပဏ္ဏာသ ကကစူပမသုတ် (၁၇၇)၌ မိန့်တော်မူသည်မှာ "သက်န်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး ရလိုမှုကြောင့် ပြောဆိုလွယ်သူကို သုဝစဟု ငါမဆို၊ ဘာ့ကြောင့်နည်း ထိုသူကား သက်န်းစသည် မရလျှင် ဆိုဆုံးမလွယ်သူဖြစ်တော့မည် မဟုတ်သောကြောင့်တည်း။ တရားကို အရိုအသေပြုလျက်၊ တရားကို အလေးပြုလျက်၊ တရားကို ပူဇော်လျက် ဆိုလွယ်သူကိုသာ သုဝစအမှန်ဖြစ်သူဟု ငါဘုရားဟောတော်မူသည်။" ဤဒေသနာဖြင့် အဆုံးအမသည် မိမိအတွက် အလွန်အကျိုးရှိသည်ဟု မြင်သူမှသာ အစစ် သုဝစ ဖြစ်နိုင်၏။ ဓမ္မပဒ (၂၄)၌ "အပြစ်ပြဆိုဆုံးမ လာသူကို ရွှေအိုးကြီး ဖော်ထုတ်ညွှန်ပြသကဲ့သို့ မြင်ရမည်။ နှိမ်ပြောလေ့ရှိသူ ပညာရှိမျိုးကို ဆည်းကပ်ရမည်။ ထိုပညာရှိမျိုးကို ဆည်းကပ်သူမှာ ယုတ်ညံ့သူမဖြစ်နိုင် မြင့်မြတ်သူသာဖြစ်ရသည်"ဟု ဟောတော်မူ၏။

နီတိဆရာတို့ အဆိုမှာလည်း "ချစ်ဖွယ်စကား ပြောကြားတတ်သူများကို အမြဲရလွယ်၏။ မနှစ်သက်ဖွယ် အကျိုးရှိသောစကားကို ပြောတတ်သူ နားထောင်တတ်သူကား ရခဲလှသည်။ လောက၌ မနှစ်သက်ဖွယ် ဖြစ်သော်လည်း အကျိုးဖြစ်စေသည့်စကားကို ပြောကြားတတ်သူများကား မိတ်ဆွေစစ်ဖြစ်ကြ၏။ ဘါ်ခြားသူများမှာ မိတ်ဆွေအမည်ခံရုံမျှသာ" ဟူ၏။

အရှင်ရာဟုလာသည် သဲကိုလက်ဖြင့်ဆုပ်၍ "ဤသဲလုံးနှင့်အမျှ ငါ့ကို ဆုံးမညွှန်သူ ရလျှင် ကောင်းလေစွ"ဟု တောင့်တသတဲ့။ အရှင်မြတ်ကား အဆုံးအမ၏ တန်ဖိုးကို နားလည်သောကြောင့်ဖြစ်၏။ အဆုံးအမ တန်ဖိုးကို သိနားလည်သူတိုင်း အဆုံးအမကို လိုလားတောင့်တတတ်စမြဲပင်။

အဆုံးအမ လိုလားသူ။ ။ရဟန်းတပါး ဆွမ်းခံအပြန် ရေကန်ထဲဆင်း ရေချိုးနေစဉ် ကြာပန်းရနံ့ကို ခံနေ၏။ နတ်တဦးက 'အရှင်....သူများမပေးပဲ ကြာပန်းကို နမ်းနေသည်မှာ ခိုးခြင်းတမျိုးဖြစ်သော အနံ့သူခိုး ဆိုရကြောင်း' အပြစ်တင်၏။ 'ကြာစွယ်တွေ တူး, ကြာပန်းတွေ ချိုးနေသူကို ထိုသို့မပြောပဲ မချိုးမဖဲ့ အဝေးမှနေ အနံ့ခံရုံသာ ခံနေသော ငါ့ကို ဘာ့ကြောင့် အနံ့သူခိုးဟု ဆိုရသနည်း' ဟု ရဟန်းက မေး၏။ 'ကြေးညှော်ပေနေသော အထိန်းသည်၏ လက်နှီးကဲ့သို့ အပြစ်တွေ များနေသောသူကို ပြောဖို့မလို။ အရှင့်ကိုသာ ပြောထိုက်ပါသည်။ အရှင်ကား အပြစ်ကင်းသူ, စင်ကြယ်ခြင်းကိုလိုလားသူ, သားမြီးဖျားလောက် အပြစ်ကို တိမ်တိုက်ကြီးလောက် ထင်နေသူဖြစ်ပါသည်'ဟု နတ်က ဆိုသော် "သင်ကား ငါ့ကို ကြင်နာသူဖြစ်၍ နောက် သည်လို အပြစ်မျိုးမြင်လျှင် ပြောပါ"ဟု ရဟန်းကဖိတ်၏။ နတ်ကလည်း 'ငါ ပြောမည့်သူ ရှိနေသားပဲ'ဟု ကြောင့်ကြမဲ့ ဖြစ်မည်စိုး၍ ငြင်းပယ်ခဲ့၏။ "တပည့်တော် အရှင့်ကိုမှီ၍ အသက်မွေးသူလည်းမဟုတ်၊ သုဂတိရောက်ကြောင်း တရားကို အရှင်သာ သိအောင် ကြိုးစားပါ"ဟု ဆိုလျက် ကွယ်ခဲ့လေသည်။ ဤအရှင်ကား ဘာမဟုတ်သော အပြစ်ကလေးကို အကြီးအကျယ် လုပ်ပြောနေသော နတ်ကို အကျိုးလိုလားသူအဖြစ် ထားကာ လိုက်နာသည်မှာ အားကျဖွယ်သာတည်း။ (သဂါထာဝဂ္ဂ ဝနသံယုတ် ဂန္ဓတ္ထေနသုတ်-၂၀၆)

အဆုံးအမ မလိုလားသူ။ ။သူတော်ကောင်းများသည် အဆုံးအမကို လိုလား၍ ဆုံးမသူကို အကျိုးပြုတတ်သော်လည်း လူမိုက်များကား အဆုံးအမကို အကောင်းမထင်, ဆုံးမသူကိုပင် ရန်ပြုတတ်သေး၏။ ရွာက မိုးလေကြောင့် တုန်တုန်ခိုက်ခိုက်ဖြစ်နေသော မျောက်ကို ဘုရားအလောင်း သိဂ်ဂိလ ငှက်က"သင်ကား လူလိုပင် လက်, ခြေ, ခေါင်း ရှိနေလျက် အိမ်မရှိသည်မှာ ဘာ့ကြောင့်ပါနည်း"ဟု မေး၏။ "လူလို လက်, ခြေ, ခေါင်း ရှိသော်လည်း ငါ့မှာ လူလိုပညာမရှိ"ဟု ဆို၏။ ထိုအခါ ဘုရားလောင်းက "စိတ်မတည် ပေါ့လျော့သူ, မိတ်ဆွေ

ပြစ်မှားသူ, သီလမရှိသူကား မချမ်းသာနိုင်၊ မိမိအကျင့်ဖြင့် အစွမ်းထုတ်ကာ အအေးဒဏ်, လေဒဏ် ကာကွယ်နိုင်သောအိမ်ကို ဆောက်ပါ”ဟု ကောင်းရာ ကောင်းကြောင်းပြော၏။ မျောက်ကား အကောင်းမယင် “ငါ့ကို ပြောရကောင်းလား”ဟု သစ်ပင်အထက် တက်ကာ အသိုက်ကို ဖျက်ဆီးပစ်၍ ဘုရားလောင်းလည်း ထွက်ပြေးရသည်။ (ဇာတက ပဥ္စမ-စတုက္ကကုဋိဒူသကဇာတ်။ ၁၀၃)

အဝါရိယပိတာ။ ။ရှေးက အဝါရိယပိတာ မည်သော လှေသမား တယောက် ရှိ၏။ သူကား ဒေါသကြီး၏။ လှေ တဖက်ကမ်းရောက်မှ အခတောင်းလေ့ရှိရာ လူတွေနှင့် အမြဲရန်ဖြစ်ရ၏။ တနေ့ ဘုရားလောင်းရသေ့ သူ့လှေဖြင့် ကူးခဲ့ရာ တဖက်ကမ်းရောက်သော် လှေခတောင်း၏။ ထိုအခါ ဘုရားလောင်းက “မကူးမီ သည်ဖက်ကမ်းထဲက လှေခ တောင်းဖို့အကြောင်း, လူမည်သည် မကူးမီ စိတ်တမျိုး ကူးပြီးနောက် တဖက်ကမ်းရောက်တော့ စိတ်တမျိုးဖြစ်ကြောင်း, လောကရေး အတွက် နည်းပြဆုံးမပြီးနောက် ရွာမှာဖြစ်စေ, တောမှာဖြစ်စေ, ကုန်းမှာ ဖြစ်စေ, ရေမှာဖြစ်စေ ဘယ်နေရာမှာမဆို ဒေါသမထွက်ဖို့ စိတ်မဆိုးဖို့ ဓမ္မရေးအတွက် ဆုံးမ၏။ “ဒါ လှေခလား”ဟု မေးသော် “ငါ့မှာ လှေခ မပါ၊ ငါပေးနိုင်တာ သည်တရားပဲ”ဟု အမိန့်ရှိသော် “လှေခမပါပဲ လှေ စီးရကောင်းလား”ဟု ဘုရားလောင်းကို တွန်းလှဲ၍ စီးပြီး မျက်နှာကို ထိုးတော့သည်။ ထမင်းပို့လာသော သူ၏ မိန်းမက မြင်၍ “ဘုရင့်ဆရာ ဖြစ်သဖြင့် ဤသို့ မပြုထိုက်ကြောင်း” ပြောသော် “မိန်းမကိုပင် ပြောရ ကောင်းလား”ဟု ရိုက်နှက်ရာ ထမင်းခွက်လည်း ကွဲ မယားလည်း ကိုယ်ဝန် ပျက်ရ၏၊ လူမိုက်လည်း မင်းပြစ် မင်းဒဏ် သင့်ရသည်။ (ဇာတက ပဉ္စက-ဆက္က၊ အဝါရိယဇာတ်။ ၁၇၇)

ဤအမျက်ပြေတရားမှာ ဘုရင့်ကိုဟောစဉ်က အခွန်ဟသိန်းထွက်သော ရွာကြီး ပေးအပ်ချီးမြှောက်ခံရသော်လည်း လူမိုက်ကို ဟောသောအခါ လက်သီးဒဏ် ခံရ၏။

ပိုင်ကြီး ၁၂-ပ-မ-ဘ-စ

"မြေ့တို့အား နို့တိုက်ခြင်းမှာ အဆိပ်ပွါးရှိသာ၊ လူမိုက်တို့အတွက် ညွှန်ကြားဆုံးမချက်မှာ စိတ်ဆိုးဖို့ရာသာ၊ ငြိမ်းဖို့ရာ မဖြစ်နိုင်။" (နီတိ)

သမဏာနဒဿန။ ။သမဏ=ကိလေသာတို့ကို ငြိမ်းစေတတ်သူ။ ကိလေသာ လုံးဝ ငြိမ်းပြီးသော ရဟန္တာများနှင့် ကိလေသာ ငြိမ်းအောင် ကြိုးစားနေကြသော ရဟန်းတော်များ အားလုံးကိုပင် သမဏ ဆိုရသည်။ ကောင်းစွာ ကျင့်ကြံအားထုတ်နေသော ပုထုဇဉ် ရဟန်းတော်များမှာ ကိလေသာ ငြိမ်းအောင် ပြုနေသူများဖြစ်၍ သမဏ ပင်၊ သဒ္ဓါတရားရှိသူမှာ အကျင့်ကောင်း၍ သိက္ခာဂုဏ်ရှိသော ရဟန်း တော်တို့ကို ဖူးမြင်ရလျှင် စိတ်ကြည်လင် ကုသိုလ်တိုး၍ မင်္ဂလာ ဖြစ်ရ သည်။ ဤ၌ ဒဿနဟူသည် အောက်ထစ်အားဖြင့် ဟောသော ဒေသနာ ဖြစ်ရာ ဖူးမြင်ခြင်းသာမက ဆည်းကပ်ခြင်း, လုပ်ကျွေးခြင်း, အောက်မေ့ ခြင်း, ကြားရခြင်းများပါ ဒဿနဖြင့် သိမ်းယူရန် အဋ္ဌကထာ ဖွင့်၏။

မင်္ဂလာဖြစ်ပုံ။ ။ဆည်းကပ်ရခြင်းဖြင့် တာဝန်သိသော ရဟန်းတော် ဖြစ်လျှင် လောက ဓမ္မ နှစ်ဌာန ကြီးပွါးကြောင်း တရားကောင်းများ ဟောကြား ညွှန်ပြမည်ဖြစ်ရာ ရတနာရသကဲ့သို့ အကျိုးရှိသောကြောင့် မင်္ဂလာ ဖြစ်ရသည်။ လုပ်ကျွေးရခြင်းမှာ ဆွမ်း ဘောဇဉ်ဖြင့် ပြုစုရခြင်း, ဝတ္တရားဖြင့် ပြုစုရခြင်း နှစ်မျိုးပင်ဖြစ်ရာ ကုသိုလ် ဖြစ်၍ မင်္ဂလာဖြစ်သည်။ မိမိကြည်ညိုသော ရဟန်း၏ ဂုဏ်ဒြေသိက္ခာရှိပုံ အကျင့်ကောင်းပုံများကို တွေးတော စဉ်းစားမိသောအခါ လွန်စွာ ကြည်နူးလျက် ပီတိဖြစ်ရသည်မှာ အကျိုးရှိလှသည်ဖြစ်ရာ အောက်မေ့ ရခြင်းမှာလည်း မင်္ဂလာပင်တည်း။ ဘယ်ပုဂ္ဂိုလ် ဘယ်လောက် အကျင့် သိက္ခာရှိသည်ဟု ကြားရလျှင် အကြားဖြင့်ပင် ကြည်ညိုမိတတ်၏။ ထိုပုဂ္ဂိုလ် အား ဖူးမြော်ဖို့ရာ တောင့်တတတ်၏။ သီလဝန္တပုဂ္ဂိုလ်မှာ အကြားဖြင့်ပင် စိတ်ကြည်လင်စေတတ်၍ သူ့သတင်းကို ကြားရသည်မှာလည်း မင်္ဂလာပင် ဖြစ်ပါသည်။

မျက်စိကောင်းခြင်း။ ။ရဟန်းတော်များအား လျှူခွင့် ရှိခိုးခွင့် မသာ လျှင် ချစ်မြတ်နိုးသော မျက်လုံးများဖြင့် ကြည့်

ရှိမျှပင် ဘဝများစွာ မျက်လုံး၌ အပြစ်အနာအဆာကင်း၊ သန့်ရှင်းလျက် ကြည်လင်တောက်ပ အချိုးကျ၍ လှပတင့်တယ်ခြင်း အကျိုးရကြောင်း၊ အဋ္ဌကထာ ဆို၏။

မြတ်စွာဘုရား၏ အဘိနီလနေတ္တ (=ညိုသင့်သောနေရာ၌ အလွန် ညိုမှောင် တင့်တယ်သော မျက်လုံးရှိသော) လက္ခဏာ, ဂေါပခုမ(=မွေး ခါစ နွားကလေး၏ မျက်လုံးအိမ်သဖွယ် တင့်တယ်သော မျက်လုံးအိမ် ရှိသော)လက္ခဏာတော်များမှာ သတ္တဝါတို့ကို ချစ်စဖွယ် မျက်လုံးများဖြင့် ရှုစားခဲ့သောကြောင့် ရရှိကြောင်း ပါထိကဝဂ် လက္ခဏာသုတ် (၁၃၆)၌ ဟောတော်မူ၏။ ထို့ကြောင့် အဋ္ဌကထာ၏ မျက်လုံးလှပခြင်း, အပြစ် ကင်းခြင်း အကျိုးပြသည်မှာ ထိုပါဠိတော်နှင့်အညီပင် ဖြစ်၏။

ဉာဏ်အမြင်မှန်၊ ။ရဟန်းကို ပူးမြင်ရခြင်း၌ မျက်စိအမြင် ဉာဏ်အမြင် နှစ်မျိုးရှိရာ ဉာဏ်အမြင်ဖြင့် ရဟန်းကို မြင်သူသာ အမှန်မြင်ရ၏။ မျက်စိအမြင်သက်သက်မှာ မကောင်းကို အကောင်း ထင်တတ်၏။ အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိဇနပုဒ်၌ ရဟန်းနှင့် မလျော်သော အလုပ်မှန်သမျှ အကုန် လုပ်ကြ၏။ သို့သော် ထိုရွာသူရွာသားအများမှာ ထိုရဟန်းဆိုးများကိုမှ ကြည်ညိုကြ၏။ အကျင့် သိက္ခာရှိသော ရဟန်းတပါး တခြားက ရောက်လာလျက် ဆွမ်းခံ ဝင်သောအခါ ဘယ်သူကမှ ဆွမ်းမလောင်းကြ၊ ဒကာတဦးက ပင့်၍ ဆွမ်းကပ်မှ ထိုကိုယ်တော် ဆွမ်းဘုဉ်းပေးရ၏။ ဉာဏ်အမြင်ရှိသော ဒကာ ရှိသေး၍သာ ထိုရဟန်း ဆွမ်းမငတ်ခဲ့ခြင်း ဖြစ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တရားမြင်ခဲ့လျှင် ထိုသူကား ဘုရားကို အကောင်းဆုံးမြင် ရဟန်းကို အကောင်းဆုံးမြင်သူတည်း။ ထိုအမြင်မျိုးရလျှင် ဘုရားမပြောင်း ရဟန်း မပြောင်းတော့ပြီ။ တကယ် ဘုရားမြင်သူ ရဟန်းမြင်သူဖြစ်ကြပါဟု ဆိုလိုသည်။

ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ န ပဿတိ။(ဝပ္ပတ္ထေရဂါထာ

ပဿော၊ အမှန်တရားကို မြင်ရသောသူသည်။ ပဿန္တဉ္စ၊ တရားမြင်သူကိုလည်း။ ပဿတိ၊ မြင်နိုင်၏။ အပဿန္တဉ္စ၊ တရားမမြင်သူကိုလည်း။ ပဿတိ၊ မြင်နိုင်၏။ အပဿန္တော၊ အမှန်တရားကို မမြင်ရသူမှာ။ အပဿန္တဉ္စ၊ တရားမမြင်သူကိုရင်း။ ပဿန္တဉ္စ၊ တရားမြင်သူကိုရင်း။ န ပဿတိ၊ မမြင်ရ မမြင်နိုင်။ (ပုထုဇဉ်မှာ ဘာမှ သေသေချာချာ မမြင်ရ၊ အရိယာဖြစ်မှ အားလုံး သေသေချာချာမြင်ရသည်ဟု ဆိုလို၏။)

ဓမ္မသာကစ္ဆာ။ ။[‘သဟ ကထနံ သာကစ္ဆာ’။ သဟ၊ အတူတကွ။ ကထနံ၊ ပြောဆိုခြင်း။ သာကစ္ဆာ၊ အတူတကွ ပြောဆိုခြင်း။ ‘ဓမ္မဿ သာကစ္ဆာ ဓမ္မသာကစ္ဆာ’။ ဓမ္မဿ၊ တရားကို။ သာကစ္ဆာ၊ အတူတကွ ပြောဆိုခြင်းတည်း။ ဓမ္မသာကစ္ဆာ၊ တရားကို အတူတကွ ပြောဆိုခြင်း။] အတူတကွ ပြောဆိုခြင်းကို ဆွေးနွေးခြင်းဟု ဆို၏။ တဦးနှင့်တဦး အပြန်အလှန် မေးဖြေခြင်း အပြန်အလှန် ပြောဆိုခြင်းကို ဆွေးနွေးသည်ဟု ဆို၏။ တရားဆွေးနွေးခြင်းမှာ အကျိုးများလှ၏။ တရားနာခြင်း အကျိုး၌ ပြအပ်သော အကျိုးများကို တရားဆွေးနွေးခြင်းဖြင့် ရနိုင်၏။

မင်္ဂလာသဘင်။ ။တရား ဆွေးနွေးခြင်းကို လူကြီးများသာ ဆွေးနွေးလေ့ရှိရာ ယခု ခေတ် လူငယ်များ မဆွေးနွေးကောင်းသလို ဖြစ်နေ၏။ အမှန်က တရားမည်သည် စိတ်ကောင်း ထားတတ်ခြင်း, မတရားကို ရှောင်၍ တရားကို လေးစားတတ်ခြင်း, ဝီရိယ, သတိ, သမာဓိ, ပညာစသော ဘရားများ တိုးပွါးစေခြင်းဖြင့် လောကကြီးပွါးရေး ဓမ္မကြီးပွါးရေး နှစ်ဖက်လုံး အားပေးတတ်ရာ အဘယ်မှာ လူငယ်များ မသိထိုက်ပဲ ရှိပါအံ့နည်း။ ထို့ကြောင့် တရားဆွေးနွေးသော အစည်းအဝေး (ဓမ္မသာကစ္ဆာသဘင်) ကလေးများ မကြာမကြာ ကျင်းပ၍ ပြောသူက ပြော နားထောင်သူက နားထောင်လျှင် အလွန် အကျိုးရှိမည်သာ။ ထိုသဘင်မျိုးမှာ မင်္ဂလာရှိသော သဘင်မျိုးတည်း။ “နေသာ သဘာ ယတ္ထ န သန္တိ သန္တော၊ သန္တော န တေ ယေ န ဝဒန္တိ ဓမ္မံ=သူတော်ကောင်းမရှိရာ

သဘင်မှာ သဘင်မဟုတ်၊ တရားမပြောသော သူမှာ သူတော်ကောင်း မဟုတ်”သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ် (၁၈၆) အရ တရားပြောသော သူတော်ကောင်းများရှိရာ ထိုသဘင်မှာ အစဉ် ရှိထိုက်ပါသည်။ သို့သော် သန္တ-ဆိုသည်မှာ မိမိက အမှန်သိလို ကြားလိုခြင်း,အမှန်ကို ထောက်ပြလျှင် ကျေးဇူးတင်တတ်ခြင်း,သူတပါးကို သိစေလို တတ်စေလိုသော စေတနာ မေတ္တာရှိသူ ဖြစ်ခြင်းတို့ဖြင့် စိတ်ကောင်းသူများဖြစ်ရာ ထိုသို့မဟုတ်ပဲ မိမိ တတ်ကြောင်းပြလိုခြင်း,သူ့ကို နှိပ်လိုခြင်း, အမှား ထောက်ပြ သောအခါ မခံချင် စိတ်ဆိုးခြင်း စသည်ဖြင့် သန္တ-သတောကောင်းနဲ့ချွတ် ထိုသဘင်မှာ မင်္ဂလာ မဖြစ်ပဲ အမင်္ဂလာ ဖြစ်တတ်သည်။

ကာလ။ ။တရားဆွေးနွေးသင့်သောအခါကို သူဦးနှင့် နံနက်စောစောဟု အဋ္ဌကထာပြပြီးနောက် စိတ်ဆုတ်နစ်သောအခါ,ပျံ့လွင့်သော အခါ, ယုံမှားသံသယဖြစ်သောအခါ, ထိုစိတ်များ ပယ်ဖျောက်ဖို့ရာ ဘယ်အခါမဆို တရားဆွေးနွေးခြင်းသည် ကာလေန ဓမ္မသာကစ္ဆာ-ဖြစ် ကြောင်း ဆို၏။ ထို့ကြောင့် မိမိက အလုပ်အားလပ်သောအခါ တရား ဆွေးနွေးဖက်လည်း အခန့်သင့်ရှိနေသောအခါများမှာ တရားဆွေးနွေး ဖို့ရာ သင့်လျော်သောအခါပေတည်း။

---

(၂၂) တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ’ မုတ္တမံ။

(၂၂) ဒေဝပုတ္တ၊ နတ်သား။ ယော တပေါ စ၊အကြင်တပခေါ် အကျင့် ကို ကျင့်ခြင်းသည်၎င်း။ ယံ ဗြဟ္မစရိယဉ္စ၊ အကြင် ဗြဟ္မစရိယခေါ် မြတ်သော အကျင့်ကို ကျင့်ခြင်းသည်၎င်း။ အရိယသစ္စာနံ၊ အရိယသစ္စာ တို့ကို။ ယံ ဒဿနဉ္စ၊ အကြင်သိမြင်ခြင်းသည်၎င်း။ ယာ နိဗ္ဗာနသစ္ဆိကိရိ- ယာ စ၊ အကြင် နိဗ္ဗာန်ကို မျက်မှောက်ပြု ခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာ ပေတည်း။

မင်္ဂလာလေးပါး စကားပြေ — နတ်သား၊ တပ ခေါ်အကျင့်ကို
ကျင့်ခြင်း, ဗြဟ္မစရိယအကျင့်ကို
ကျင့်ခြင်း, အရိယသစ္စာတို့ကို သိမြင်ခြင်း, နိဗ္ဗာန်ကို မျက်မှောက်
ပြုခြင်း၊ ဤလေးပါးကား ကောင်းမြတ်သော မင်္ဂလာတည်း။

တပ အကျင့်။ ။အကျင့်အမျိုးမျိုးကိုပင် တပဟု ဆိုနိုင်၏။ အချို့အရာ၌ သည်းခံခြင်း ခန္တိကို တပ-ဆို၏။ 'ခန္တီ ပရမံ တပေါ တိတိက္ခာ' (ဓမ္မပဒ-၄၁)။ ဓုတင်အကျင့်ကို တပ ဆိုသော အရာလည်း ရှိ၏။ နာညတြ ဗောဇ္ဈာ တပသာ' (သဂါထာ ဒေဝပုတ္တသံယုတ်-၅၂)။ ပရိယတ်သင်ခြင်း, ဓုတင်ဆောင်ခြင်း, ရဟန်းတရား အားထုတ်ခြင်းတို့ကို တပ အဖြစ် တွေ့ရပြန်၏။ 'သမဂ္ဂါနံ တပေါ သုခေါ' (ဓမ္မပဒ-၄၂) တပေါ စ ဗြဟ္မစရိယဉ္စ၊ တံ သိနာနမနောဒကံ' သဂါထာ ဒေဝတာသံယုတ် (၃၅)၌ ဣန္ဒြိယသံဝရ, ဓုတင်, ဝီရိယ, ဒုက္ကရ စရိယာအကျင့်များကို တပ ဆိုရကြောင်း ဋီကာဖွင့်၏။ ထိုသို့ အကျင့်အမျိုးမျိုး ဟောနိုင်သော်လည်း ဤ၌ ဒုက္ကရစရိယာ အကျင့်ကို ထား၍ ကိလေသာကို ငြိမ်းစေတတ်သော အကျင့်အားလုံးကို တပအဖြစ် ယူရမည်ဟု အဋ္ဌကထာဖွင့်သည်။ စက္ခု စသော ဒွါရ ခြောက်ပါးမှ အဘိဇ္ဈာ ဒေါမနဿ မဖြစ်ရအောင် သတိဖြင့် ကာကွယ် တားဆီးခြင်းကို ဣန္ဒြိယသံဝရ (=ဣန္ဒြေတို့ကို စောင့်စည်းခြင်း)ဟု ဆိုရ၏။ ဝီရိယကား အလွန်အမင်း ကြိုးစားအားထုတ်ခြင်းတည်း။

ဗြဟ္မစရိယ အကျင့်။ ။ဗြဟ္မ=မြတ်သော။ စရိယ=အကျင့်။ မြတ်သော အကျင့်။ ဗြဟ္မစရိယဆိုသည်မှာလည်း အရာလိုက်၍အကျင့်အမျိုးမျိုးပင်။ ဤ၌ အဋ္ဌကထာက မေထုန်မှ ရှောင်ခြင်း, ရဟန်းတရား, သာသနာ, မဂ်တို့၏ အမည်ဖြစ်ကြောင်း ဖွင့်၏။ ထိုတွင် အရိယသစ္စ ဒဿနဖြင့် မဂ်ကိုယူပြီးဖြစ်ရာ အကြွင်းသုံးပါးကို ဗြဟ္မစရိယအရယူရန် မှာ၏။ သီလက္ခန္ဓဋ္ဌကထာစသည်၌ ဤမျှမက အနက်အများပင်လာသေး၏။ "တပသာတိ ဗြဟ္မစရိယေန"ဟု ပေတဝတ္ထုဋ္ဌကထာ၌ အလဲအလှယ်ဖွင့်သည်ကို ထောက်၍ရင်း, ဗြဟ္မစရိယ အကျင့်များ တပ

၌ ပါသည်ကို ထောက်၍ရင်း တပနှင့် ဗြဟ္မစရိယမှာ မကွာခြားလှ။ ထိုနှစ်ပုဒ် ခြားနားအောင် အဓိပ္ပါယ် ယူရသော် အဋ္ဌကထာပြသော တပဖြင့် သီလဝိသုဒ္ဓိ, ဗြဟ္မစရိယဖြင့် စိတ္တဝိသုဒ္ဓိစသော ဝိသုဒ္ဓိငါးပါး ဖြစ်သည်ဆိုသောစကားအရ ယူသော် ရှင်း၏။ တပဖြင့် သီလ အကျင့် ယူ၍ ဗြဟ္မစရိယဖြင့် သမထ, ဝိပဿနာကိုယူ။ တပ, ဗြဟ္မစရိယနှစ်ခုမှာ အရိယသစ္စ ဒဿနအတွက် ဖြစ်ရာ အရိယသစ္စာ မြင်ရေး၌ ဆိုခဲ့ပြီး သီလ, သမာဓိ, ပညာမှတပါး တခြား မရှိတော့ပြီ။

အရိယသစ္စ။ ။အရိယ=မချွတ်မယွင်းသော၊ မှန်ကန်သော။ သစ္စ= သစ္စာ။ အရိယ·သဒ္ဒါကား မချွတ်မယွင်း မှန်ကန်သော အနက်ကို ဟောရာ မှန်ကန်သော မမှားသော သစ္စာဟု အနက်ရသည်။ မျက်လှည့်သမားတို့သည် ခဲကို ရွှေလုပ်ပြ၏။ မသိသူတို့က အဟုတ် ရွှေမှတ်ရ၏။ သမ္မုတိ ပညတ်များကား ထိုမျက်လှည့်ကဲ့သို့ပင် တကယ် မဟုတ် မရှိပဲ အဟုတ်အရှိဟု မသိသူတို့ ထင်ရသော အထင်များသာတည်း။ သစ္စာတရားတို့ကား ပညာမျက်စိဖြင့် ကြည့်သော် တကယ်ရှိသော တရား များအဖြစ် တွေ့ရ၍ မျက်လှည့်ကဲ့သို့ အမှား မဟုတ်၊ အမှန်သဘော များသာ ဖြစ်ကြ၏။ တံလျှပ်သည် မသိသူတို့အဖို့ ရေထင်မှတ်ရ သော် လည်း သွားကြည့်သောအခါ ထင်တိုင်းမဟုတ်၊ ဘာမျှမတွေ့ရ၊ တိတ္ထိ တို့ ကြံဆအပ်သော အာဏာရှင် အတ္တသည် ဉာဏ်ဖြင့်ကြည့်က တံလျှပ် ပမာ ဘာမျှမဟုတ်သောအရာဖြစ်၏။ ဒုက္ခသစ္စာ (=ဆင်းရဲအမှန် ရုပ်နာမ်) သည်ရင်း, သမုဒယသစ္စာ (=ဆင်းရဲဖြစ်ကြောင်းအမှန် တဏှာသည်ရင်း ဝိပဿနာဉာဏ်ဖြင့် အမှန်တွေ့ရသော ခေတ်သားရှိ သော တရားများဖြစ်၏။ နိရောဓသစ္စာ(=ချုပ်ငြိမ်းခြင်းအမှန် နိဗ္ဗာန်) မှာ မဂ်ဉာဏ်ရလျှင် ကိုယ်တွေ့မြင်ရ၍ တကယ်အမှန်ရှိသော တရားတခု ပင်။ မဂ္ဂသစ္စာ (=နိဗ္ဗာန်ရောက်ကြောင်းအမှန် မဂ္ဂင်ရှစ်ပါးတရား)မှာ ဝိမိသန္တာန်၌ အထင်အရှားဖြစ်လာသော တရားဖြစ်ရာ အမှန်ရှိသော တရားအဖြစ်မှာ ဆိုဖွယ်ရာ မရှိတော့ပေ။ ထို့ကြောင့် အရိယသစ္စ =မှန်ကန်သော သစ္စာများ)ဟု ဆိုရ၏။

အခြားအနက်များ။ ။ တနည်းအားဖြင့် အရိယ-သဒ္ဒါ ပရိသုဒ္ဓ (=စင်ကြယ်သော) အနက်ကိုဟောရာ စင်ကြယ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ကို အရိယဟု ဆိုရ၏။ သစ္စာလေးပါးသိမှ ထိုအရိယအဖြစ်မျိုး ရမြဲဖြစ်ရာ အရိယာတို့ သိအပ်သော သစ္စာဟုလည်း အနက်ဖွင့်ပြန်၏။ (–အရိယပဋိဝိဒ္ဓသစ္စဟု ဆိုလိုလျက် ပဋိဝိဒ္ဓ ပုဒ်ကျေသည်။)

လောက၌ မြတ်စွာဘုရားသည် အရိယမည်ကြောင်း ဟောသောကြောင့် အရ ဘုရားရှင်သည် အရိယအမည်ရခဲ့ရာ အရိယဖြစ်သော ဘုရားရှင်၏ သစ္စာဟုလည်း အနက်ဆိုရပြန်သည်။ မြတ်စွာဘုရားသည် ဆရာမရှိဘဲ ဘာသာ ထိုးထွင်းသိပြီးနောက် ဝေနေယျတို့အား ဟောပြ၏။ ဘုရား ဟောပြမှ သာဝကများ သိကြရ၏။ ထို့ကြောင့် ဘုရား၏သစ္စာဟု ဆိုရ၏။

ဤသစ္စာများသိမှ အရိယာဖြစ်ရသည်ဖြစ်ရာ အရိယာအဖြစ်ကို ပြီးစေတတ်သော သစ္စာဟုလည်း ဆိုနိုင်၏၊ (အရိယသာဓက=အရိယအဖြစ်ကို ပြီးစေတတ်သော။ သစ္စ=သစ္စာဟု ဆိုလိုလျက် သာဓကပုဒ်ကျေသည်။)

အသိနှစ်မျိုး။ ။သစ္စာကို သိရာ၌ အနုဗောဓသိ,ပဋိဝေဓသိဟု နှစ်မျိုးရှိ၏။ ဆရာမှုအားထံမှဖြစ်စေ ကျမ်းဂန်မှဖြစ်စေ တဆင့်ကြားသိရခြင်း, တဆင့်ကြားကို အမှီပြုကာ ကြံတွေးစဉ်းစားခြင်းဖြင့်သိခြင်း,ကြံတွေးမိသောအချက်ကို မိမိဉာဏ်ဖြင့် နှစ်သက်ဆုံးဖြတ်ခြင်းများကို အနုဗောဓသိဟု ဆို၏။ အနု=ထပ်ဟလဲလဲ။ ဗောဓ=သိခြင်း။ သိမှုမပြီးသေး၍ တပ်ကာ ထပ်ကာ သိနေရခြင်းဟု ဆိုလိုသည်။

ထိုသို့ သိမှုမပြီးသေး၍ ထပ်တလဲလဲ သိရခြင်းမဟုတ်ပဲ တကြိမ်ထဲနှင့် ထွင်းဖောက်သိခြင်းကို ပဋိဝေဓသိ ဆိုသည်။ မဂ်ဉာဏ်၏သိခြင်းတည်း။ မဂ်ဉာဏ်သည် ကိစ္စအားဖြင့် သစ္စာလေးပါးကို တပြိုင်နက်သိ၏။ ဒုက္ခကို ပိုင်းခြားခြင်း, သမုဒယကို ပယ်ခြင်း, နိရောဓကို မျက်မှောက်ပြုခြင်း, မဂ္ဂကို ပွါးခြင်းဟု ကိစ္စလေးပါးရှိရာ ထိုကိစ္စလေးပါးကို တပြိုင်နက်ပြုခြင်းဖြင့်

မဂ်ဉာဏ်အား သစ္စာလေးပါး ထင်ရှားလာရသည်။ သခါရတို့ကို မလွှတ်နိုင်သေးသော ဉာဏ်များမှာ ဤကိစ္စလေးချက်ကို တပြိုင်နက်မပြုနိုင်သေး။ မဂ်ဉာဏ်ကမူ သခါရတွေကိုလွှတ်ကာ သခါရတို့ကင်းရာကို အာရုံပြုနိုင်၍ ကိစ္စလေးချက်ကိုတခါထဲ ပြုနိုင်ခြင်းဖြစ်၏။ မှန်၏။ မဂ်ဉာဏ်ဖြစ်ဖို့ ပုဗ္ဗဘာဂ ဝိပဿနာမဂ်ကို ပွါးရသည်ဖြစ်ရာ ထိုပုဗ္ဗဘာဂမဂ်သည် ဒုက္ခကိုသိလျက် သမုဒယကို ပယ်လျက် ရှိ၏။ သို့သော် မိမိ မဂ္ဂဘာဝနာလည်း မပြည့်စုံ အပြီးမသတ်သေး၍ နိဗ္ဗာန်ကို မမြင်ရသေး။ ဒုက္ခသိမှု၊ သမုဒယပယ်မှုကလည်း အပြီးမသတ်သေး၍ ကိစ္စမပြီးသေး။ မဂ်ရောက်မှ အားလုံးကိစ္စပြီးရာ မဂ်က သိမှုကိစ္စပြီးသောအားဖြင့် အားလုံးကို တပြိုင်နက် မတွေဝေ ရှင်းလင်းပြီးအနေ သိနိုင်တော့သည်။ ဤ၌ ဒဿနဟူသည် အနုဗောဓအသိမဟုတ်၊ ပဋိဝေဓအသိဖြစ်သော မဂ်၏ ဖောက်ထွင်းမြင်ခြင်းကိုယူ၊ သစ္စာလေးပါးမြင်ရခြင်းထက် ထူးခြားသော ကောင်းမှုဟုမရှိနိုင်တော့ရာ လူ့နတ်အကျိုးကြီးမြတ်လှသော သစ္စာသိရခြင်းမှာ အကောင်းချီး[illegible]ဖြစ်ရပေတော့သည်။

နိဗ္ဗာနသစ္ဆိကိရိယာ။ ။နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုသော်လည်း အရိယသစ္စဒဿနဌ် နိရောဓသစ္စာခေါ် အသင်္ခတနိဗ္ဗာန်မှာ ပါဝင်ခဲ့ပြီးဖြစ်ရာ ဤနိဗ္ဗာနသစ္ဆိကိရိယာဌ် နိဗ္ဗာန်အရ ထိုအသင်္ခတနိဗ္ဗာန်ကိုမယူရတော့ပဲ အရဟတ္တဖိုလ်ကိုယူရန် အဋ္ဌကထာဖွင့်၏။ အသင်္ခတနိဗ္ဗာန်ကို ဝါနခေါ် တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာနခေါ်ရသလို အရဟတ္တဖိုလ်၌လည်း တဏှာမရှိတော့၍ တဏှာဝါနမှထွက်မြောက်တတ်သော အနက်အရ နိဗ္ဗာနပင် ဆိုရတော့သည်၊ ထိုနိဗ္ဗာန်အမည်အရ အရဟတ္တဖိုလ်ကိုရခြင်း၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်းများကို နိဗ္ဗာနသစ္ဆိကိရိယာဟု ဆိုသည်ဟု အဋ္ဌကထာဖွင့်၏။

တနည်းအားဖြင့် နိဗ္ဗာနသစ္ဆိကိရိယာဌ် နိဗ္ဗာနကို အသင်္ခတနိဗ္ဗာန်ကို ပင်ယူ၍ အရိယသစ္စဒဿနဌ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ မဂ်၏မျက်မှောက်ပြုခြင်းဖြစ်၍ နိဗ္ဗာနသစ္ဆိကိရိယာအရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ် ပစ္စဝေက္ခဏာတို့၏ မျက်မှောက်ပြုခြင်းဟု ယူသော်သင့်၏။

ဤသို့ယူသော် အရိယသစ္စဒေသနာ၌ မင်္ဂလာလေးပါးလုံး၏ သစ္ဆိကိရိယာကိစ္စ ရသကဲ့သို့ နိဗ္ဗာနသစ္ဆိကိရိယာ၌လည်း ဖိုလ်လေးပါးလုံးနှင့် ပစ္စဝေက္ခဏာ တို့၏ သစ္ဆိကိရိယာကိစ္စ အကုန်ရခဲ့ရာ ပို၍ပင် အဓိပ္ပါယ်ပြည့်စုံသည်ဟုလည်း ဆိုနိုင်သည်။ သစ္ဆိကိရိယာဟူသည် အတ္တပစ္စက္ခ ကိုယ်တွေ့သိဖြစ်ရာ လော ကီစျာန်ဉာဏ်များ၌ပင် သစ္ဆိကိရိယအသိ အသုံးရှိခဲ့ရာ ဖိုလ်၏သစ္ဆိကိရိယာ ကိစ္စမှာ ယုံမှားဖွယ် မရှိနိုင်တော့ပေ။

---

(၂၃) ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၂၃) ဒေဝပုတ္တ၊ နတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရားတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ကြုံရသော။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ပူဆွေးခြင်းလည်း မရှိ။ ဝိရဇံ၊ ရာဂစသော မြူ[လ]ည်း မရှိ။ ခေမံ၊ ဘေးလည်းမရှိ။ ဧတံ၊ ဤလေးပါးကား။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

မင်္ဂလာလေးပါး စကားပြေ—နတ်သား .... လောကဓံတရားတို့နှင့် တွေ့ကြုံရသော ပုဂ္ဂိုလ်၏စိတ် မတုန်လှုပ်ခြင်း, စိုးရိမ်ပူဆွေးမှု မရှိခြင်း, ရာဂစသော မြူမရှိခြင်း, ဘေးရန်ကင်းခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာပင်။

အနက်ပေးပုံ။ ။နိယမကို မငဲ့သော အနိယမ "ယ" သဒ္ဒါလည်း ရှိ၍ ယဿ-ကို နိယမ "တ" စသည် မထည့်ပဲ ရှိရင်းအတိုင်း အနက်ပေးခဲ့သည်။ သို့ပင် နိယမ ကို မစွဲလိုက မစွဲပဲ နေနိုင်သော်လည်း ထည့်စွဲ လိုကလည်း စွဲနိုင်သည်သာ၊ ထို့ကြောင့် ခေမံ- ဘေးလည်းမရှိ, ဆိုပြီးနောက် "တဿ၊ ထိုပုဂ္ဂိုလ်၏။ ဧတံ၊ ဤမတုန်လှုပ်သော စိတ်, မစိုးရိမ်သောစိတ်, ရာဂစသည် မရှိသောစိတ်, ဘေးမရှိသောစိတ်သည်။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာတည်း "ဟုပေး။

ပရိတ်ဋီကာ၌ "ဖုဋ္ဌဿ-ကို ဖုဋ္ဌော အဿဟုရင်း, ယဿ-ကို ယော အဿဟုရင်း ပုဒ်ဖြတ်၍ "ယော၊ အကြင်ပုဂ္ဂိုလ်သည်။ လောကဓမ္မေဟိ၊ လောကဓံတရားတို့နှင့်၊

ဖုဋ္ဌဿ၊ တွေ့ကြုံသည်။ အဿ၊ ဖြစ်ရာ၏။အဿ၊ ထိုပုဂ္ဂိုလ်၏။အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ ဝိရဇံ၊ ရာဂစသည့်မြူမရှိသော။ခေမံ၊ဘေးမရှိသော။ စိတ္တံ၊စိတ်သည်။ န ကမ္ပတိ၊ မတုန်လှုပ်ဟုပေး၏။ ဆရာမြတ်တို့ကား ဤအတိုင်းပုဒ်ဖြတ်သော်လည်း ဋီကာအနက် မရှင်းတတ်၍ တမျိုးပေးကြ၏။ "ယော၊ သည်။ လောကဓမ္မေဟိ၊တို့နှင့်။ ဖုဋ္ဌော၊ သည်။ အဿ၊ ဖြစ်၏။ အဿ၊ ၏။ စိတ္တံသည်။ န ကမ္ပတိ၊ လှုပ်။ အသောကံ၊ မရှိ" စသည်။ ပရိတ်ဋီကာ၌ ယဿ-ကို ယံ-အဿဟု တနည်းဖြတ်ပြန်၍ "လောကဓမ္မေဟိ၊ တို့ဖြင့်။ ဖုဋ္ဌဿ၊ တွေ့ရသောပုဂ္ဂိုလ်တို့၏။ အသောကံ၊ သော။ ဝိရဇံ၊ သော။ ခေမံ၊ သော။ ယံ စိတ္တံ၊သည်။ အဿ၊ ဖြစ်ရာ၏။ တံ စိတ္တံသည်။ န ကမ္ပတိ၊မတုန်လှုပ်"။ အချို့ကမူ သည်အတိုင်းပုဒ်ဖြတ်၍"လောကဓမ္မေဟိ၊တို့ဖြင့်။ဖုဋ္ဌဿ၊၏။ ယံ စိတ္တံ၊သည်။ န ကမ္ပတိ၊လှုပ်။ယဥ္စ စိတ္တံ၊ သည်လည်း။ ဝိရဇံ၊မရှိ။ယဥ္စ စိတ္တံ၊ လည်း။ခေမံ၊မရှိ။တေံ စိတ္တံ၊ သည်။ ဥတ္တမံ၊ သော။ မင်္ဂလံ၊ တည်း"ဟုလည်း ပေးကြ၏။ဂါထာ၌ ပါဠိဂတိ အနေအထားကို ထောက်ဆလျှင် ဒေသကဘုရားရှင် အာဘော်မှာ "ယဿာတိ နဝဿ ဝါ ထေရဿ ဝါ မဇ္ဈိမဿ ဝါ" အဋ္ဌကထာဖွင့်အတိုင်း ဖြစ်ဖွယ်ရှိသည်။

လောကဓံတရား။ ။(၁) လာဘ=လာဘ်ရခြင်း။ (၂) အလာဘ=လာဘ်မရခြင်း။ (၃) ယသ=အခြွေအရံ ပေါများခြင်း။ (၄)အယသ=အခြွေအရံ မရှိခြင်း။ (၅)နိန္ဒာ=ကဲ့ရဲ့ခံရခြင်း။ (၆) ပသံသာ=ချီးမွမ်းခံရခြင်း။ (၇) သုခ=ချမ်းသာခြင်း။ (၈) ဒုက္ခ=ဆင်းရဲခြင်းတို့ကား လောကဓံများတည်း။

ဤတရားရှစ်ပါးမှာ တလှည့်စီ လှည့်ဖြစ်လေ့ ရှိ၏။ လောက၌ နေရသူ မှန်လျှင် အမှန်ပင် တွေ့ကြုံရမည့် သဘောများဖြစ်၍ လောကဓံဆို၏။ ဘုရားသော်မှ မလွတ်ကင်း။ ဘုရားရှင်မှာ တရံတခါ မကုန်နိုင် မခန်းနိုင် အတိုင်းမသိအောင် ပစ္စည်းလေးပါး ပေါများလှသော်လည်း တရံတခါမူ ရှားရှားပါးပါးအဖြစ်နှင့် ကြုံရ၏။ ဝေရဉ္ဇာပြည်၌ ဝါကပ်စဉ် မုယောဆွမ်းကြမ်းကို ဘုဉ်းပေးရ၏။

တခါက ကေနာဋပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် လူတွေအား မာရ်နတ် လှည့်ဖြားထားမှုကြောင့် ဆွမ်းလောင်းရန် အမှတ်မရဖြစ်ရာ သပိတ်ချည်းသက်သက်ဖြင့် ထွက်ခွါတော်မူခဲ့ရ၏။

နတ် လူ ဗြဟ္မာတို့၏ အတုမဲ့ ချီးမွမ်းသံကို ခံယူရသော်လည်း စိဋ္ဌမာဏ- ဝိကာ စွပ်စွဲခြင်း, သုန္ဒရီပရိဗိုဇ်မ စွပ်စွဲခြင်းစသည်ကို အကြောင်းပြု၍ မလိုလားသူများ ကဲ့ရဲ့မှုကိုလည်း ခံတော်မူရ၏။

ဖလသမာပတ် ချမ်းသာ,နိရောဓသမာပတ်ချမ်းသာဟူသော ချမ်းသာ အတိနှင့် ကြုံရသော ရှင်တော်မြတ်မှာ တရံတခါ ခါးတော်နာခြင်း, ဝမ်းတော် လားခြင်းစသော ဒုက္ခနှင့် ကြုံတော်မူရ၏။

ဘုရားသော်မှ တွေ့ကြုံရသော ထိုသဘောများမှာ ဘယ်သူမဆို ကြုံရ မည်သာဖြစ်သောကြောင့်"လောကဿ ဓမ္မာ လောကဓမ္မာ" လောက၏ တရား၊ လောကရှိနေသမျှ ဆုတ်ဖယ် ရှောင်သွားခြင်းမရှိ ဖြစ်နေမည့် တရားများဟု ဆိုရသည်။

ရဟန္တာ၏စိတ်။ ။ဤ၌ လောကဓံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏ စိတ်သာ၊ တခြားသူ၏စိတ်မဟုတ်ဟုအဋ္ဌကထာဖွင့်၏။ အကောင်းဆုံး အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ ဥက္ကဋ္ဌနိဒ္ဒေသနည်းအရ ဖွင့်ခြင်း ဖြစ်သည်။ ရဟန္တာ အရှင်မြတ်တို့မှာ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ ကြုံတွေ့ သောအခါ ဣဋ္ဌကို အနိဋ္ဌအဖြစ်, အနိဋ္ဌကို ဣဋ္ဌအဖြစ် မိမိလိုသလို ပြောင်းလဲ ရှုနိုင်အောင် စိတ်ကို အစိုးရသည့် **တာဒိဂုဏ်**နှင့် ပြည့်စုံကြသည် ဖြစ်ရာ ကျောက်တောင်ကြီးသည် လေတို့ကြောင့် မလှုပ်ရှားသကဲ့သို့ ထို့ အတူ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားခြင်းမရှိသော ပညာရှိ များအဖြစ် ဘုရားရှင်၏ ချီးကျူးခံခဲ့ရ၏။

အခြားပုဂ္ဂိုလ်များ။ ။ရဟန္တာမှတပါး အခြားအရိယာ ပုထုဇဉ်များ၌ လည်း ဒုတိယ ထိုက်သင့် သလောက် ရနိုင်သည်သာ ဖြစ်၏။ အင်္ဂုတ္တရ ပဉ္စမပဏ္ဏာသက ပဉ္စမဝဂ် လောကသုတ်(၇)၌ ပုထုဇဉ် နှင့်အရိယာသာဝက လောကဓံကြုံကြရာ၌ ကွဲပြားခြားနားပုံကို ဟော တော်မူ၏။ ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမရှိသည်၏

အဖြစ် ဆင်းရဲသည့်အဖြစ် ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်၏အဖြစ်ကို မဆင်ခြင်တတ်၊ ထို့ကြောင့် သူ့ စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။ အကောင်းလောကဓံနှင့် ကြုံရသောအခါ ထိုလောကဓံအလိုက် လိုက်ပျော်တတ်ကြ၏။ အဆိုးလောကဓံနှင့် ကြုံရသောအခါ စိတ်ဆင်းရဲရ၏။ အရိယာ သာဝကကား လောကဓံ၏ အနိစ္စ=ပျက်စီးတတ်သော သဘော၊ ဒုက္ခ=ဆင်းရဲတတ်သော သဘောများကို စဉ်းစားဆင်ခြင်တတ်၏။ ထိုသို့ ဆင်ခြင်တတ်သောကြောင့် လောကဓံက သူ၏စိတ်ကို မလွှမ်းမိုးနိုင်။ အကောင်းနှင့်ကြုံလည်း အကောင်းအလိုက် ပျော်လွန်းမှုမရှိ။ အဆိုးနှင့် ကြုံရသော်လည်း အဆိုးကို ဆန့်ကျင်၍ စိတ်ဆိုးစိတ်ဆင်းရဲမှုမရှိ။ ဤ၌ အရိယာသာဝကကိုသာ လောကဓံမတုန်လှုပ်သူအဖြစ် ဟောခဲ့၏။ ပုထုဇဉ်ကိုကား တုန်လှုပ်သူအဖြစ် ဟော၏။ သို့သော် လုံးဝ မစဉ်းစားတတ်သော ပုထုဇဉ်ကိုသာ ဆိုခြင်းဖြစ်ရာ အရိယာကို မမီစေကာမူ အချို့ ပုထုဇဉ်များ၌ တရားသဘော ဆင်ခြင်စဉ်းစားမှုရှိတတ်၍ အထိုက်အလျောက် လောကဓံကို ခံနိုင်ရည် ရှိသူများကိုလည်း တွေ့နိုင်သည်။

စဉ်းစားတတ်သူများ။ ။ဘုရားဟော 'ကမ္မဿကာ' သဘောကား လောကဓံကြောင့် မတုန်လှုပ်ရန် ဖြေဆေးသဖွယ်ဖြစ်၏။ ဗုဒ္ဓဘာသာများ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကမ္မဿကာပေါ့ ကံအတိုင်းပဲ့ ကံကို ဘယ်သူလွန်နိုင်ကာမှတ်လို့" စသော အတွေးများဖြင့် အချို့သူတို့ စိတ်ကို နှိမ်လေ့ရှိကြ၏။ ကြာသော် စိတ်ဒဏ်များ ရင့်ကျက်လာရ၏၊ အဆိုးလောကဓံနှင့်တွေ့သော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံများနှင့်ကြုံရသောအခါ၌လည်း "ကံရှိတုန်းသာ ကံမရှိလျှင် ပျက်မှာပဲ" ဟူသော အတွေးကြောင့် မော်ခြင်း, ပျော်ခြင်းမရှိတတ်။

ဆိုခဲ့ပြီးအရိယာတို့ အနိစ္စသဘော ပျက်တတ်သော သဘောကို တွေးတတ်သကဲ့သို့ အချို့မှာ အနိစ္စ ဒုက္ခ အနတ္တသဘော တွေးတော စဉ်းစားခြင်းဖြင့်လည်း ဖြေလေ့ရှိကြ၏။ "အားလုံး အနိစ္စပဲ ဘယ်မှာ မြဲပါ့

မလဲ၊ ကိုယ်အစိုးရတာမှ မဟုတ်ပဲ့ သူ့သဘောအတိုင်း ဖြစ်ကြတာပဲ” စသော အတွေးများဖြင့် စိတ်ကို နှိမ်လေ့ရှိကြ၏။ နှိမ်ဖန်များ၍ ကြာသော် ပိုခံနိုင်ရည် ရှိလာ၏။ အကောင်းတွေ့၍လည်း ပျော်မဆုံး မော်မဆုံး မရှိလှ၊ အဆိုးတွေ့ရလည်း စိတ်သက်သာရာ ရ၍ တုန်လှုပ်မှုမရှိကြ။

‘ဘုရားသော်မှ မလွတ်နိုင်ပဲ တို့တတွေမှာ ဘာပြောစရာ ရှိမလဲ ဟူသော အတွေးမျိုးဖြင့်လည်း အချို့ ဖြေကြ၏။ ဤသို့ စသည်ဖြင့် ဖြေစရာ တရားသဘော တွေးတောခြင်းဖြင့် လောကဓံ၏ဒဏ်ကို ခံနိုင်ရည် ရှိလာ၏။ ထိုသို့ တရားသဘောဖြင့်ဖြေနိုင်၍ ပကတိအခြေ ဣန္ဒြေမပျက် ခြင်းမှာ မင်္ဂလာပင်ဖြစ်၏။ အကောင်းလောကဓံနှင့် တွေ့ရသော် တကြွကြွ တမော်မော် ပျော်မဆုံးဖြစ်ခြင်းမှာ ဣန္ဒြေပျက်ခြင်း ဖောက်ပြန်ခြင်း ဖြစ်၍ တုန်လှုပ်ခြင်းပင်၊ ထို့ကြောင့် မင်္ဂလာမဖြစ်။ အဆိုးနှင့်ကြုံရ၍ စိတ်ဆင်းရဲခြင်း, ဝမ်းနည်း ညှိုးငယ်နေခြင်းတို့မှာ ဆိုဖွယ်ရာမရှိ အမင်္ဂလာသာ။

ကဲ့ရဲ့ချီးမွမ်းခြင်း။ ။အချို့လာဘ်မရခြင်းစသော လောကဓံကို အတော် အတန်ခံနိုင်ရည်ရှိသူပင် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းကြောင့် ကား မတုန်မလှုပ်ပဲ မနေနိုင်ဖြစ်ရ၏။ အချို့သူတပါးအကဲ့ရဲ့ ခံရသောအခါ ‘အို....ချီးမွမ်း,ကဲ့ရဲ့ခုနစ်ရက်ပေါ့ ဘာအရေးစိုက်စရာရှိသလဲ” ဟု ဂရုမထား ပဲ နေနိုင်ကြ၏။ ဤစကားမှာ ဘုရားဟော အရပင်ဖြစ်၏။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာစသော ပုဂ္ဂိုလ် အများအပြား ရဟန်းပြုခဲ့၏။ ထိုအခါ လူအများက ကဲ့ရဲ့ကြ၏။ ထို အကြောင်း ရဟန်းများလျှောက်ထား သောအခါ ဘုရားရှင်က ရဟန်းတို့ ....ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေလိမ့်မည် မဟုတ်၊ ခုနစ်ရက်သာ ရှိနေလိမ့်မည်ဟု မိန့်တော်မူ၏။ (ဝိနယ မဟာဝဂ္ဂ ၅၅)

အတုလဥပါသကာ။ ။အတုလဥပါသကာ-က ဘုရားရှင်အား မိမိ တရား နာလာကြောင်း လျှောက်၏။ “တရားနာပြီးပြီ လော” ဟု မေးတော်မူသော် ‘မြတ်စွာဘုရား အရှင်ရေဝတထံ သွားရာ

အရှင်ရေဝတ-က စကားမပြော၊ အရှင်သာရိပုတ္တရာကား အဘိဓမ္မာတရား တွေ အများကြီးဟောသည်၊ အရှင်အာနန္ဒာထံ ရောက်ပြန်တော့ တရားနဲနဲလေး ဟောလိုက်သည်။ ထို့ကြောင့် ထိုအရှင်တွေကို စိတ်ဆိုးပြီး ဘုရားထံရောက်လာရကြောင်း' လျှောက်၏။ ထိုအခါ ဘုရားရှင်က 'အတုလ.... လောက၌ ဘုရင်ကိုလည်း အချို့ ကဲ့ရဲ့ကြ,အချို့ ချီးမွမ်းကြ၏။ နေ, လ, မြေတို့ကိုလည်း အချို့ ကဲ့ရဲ့ကြ,ချီးမွမ်းကြ၏။ ငါဘုရားကိုပင် ကဲ့ရဲ့သူကဲ့ရဲ့ကြ,ချီးမွမ်းသူချီးမွမ်းကြ၏။ လူမိုက်တို့ ကဲ့ရဲ့သည်မှာ လိုရင်းမဟုတ်၊ ပညာရှိများ မကဲ့ရဲ့အောင် ချီးမွမ်းခံရအောင် ဂရုစိုက်ရမည်၊ ဤကဲ့ရဲ့ခြင်းမှာ ယခုခေတ်ပေါ်တရားသဘောမဟုတ်။ ရှေးလက်ဟောင်း သဘောတရားဖြစ်၏။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြ၏။စကားများသူကိုလည်း ကဲ့ရဲ့ကြ၏။ နှိုင်းချိန်ပြောတတ်သူကိုလည်း ကဲ့ရဲ့ကြ၏။ လောက၌ အကဲ့ရဲ့ မခံရသူမရှိ။တကယ်အကဲ့ရဲ့ ခံရသူ တကယ်အချီးအမွမ်း ခံရသူဟု ရှေးကလည်း မရှိဘူး၊ နောင်လည်း ရှိမည်မဟုတ်၊ ယခုလည်း မရှိ' ဟု ဟောတော်မူ၏။ ဤတရားမှာ အကဲ့ရဲ့ခြေဆေးတလက်ပင်ဖြစ်သည်။ (ဓမ္မပဒ-၄၅-၂-၂၀၉)

ခံနိုင်ရည်ရှိသောရဟန်း။ ။ရှေးက ရဟန်းတပါး အိမ်တအိမ်၌ ဆွမ်းခံရင်း ထိုအိမ်နှင့် အကျွမ်းတဝင် ဖြစ်နေ၏။ နောက်အခါ တရားအားထုတ်၍ ရဟန္တာဖြစ်၏။ ထိုအိမ်၌ ထိုအရှင် အကျွမ်းတဝင် ဝင်ထွက်သွားလာသည်ကို မြင်ရသောနတ်တဦးက ထိုရဟန်း ပျက်စီးမှု မလိုလား အကျိုးကို လိုလားသည်ဖြစ်၍ ထိုအိမ်က အိမ်ရှင်မယောင်ဆောင်ကာ ရဟန်းထံသွား၍ "အရှင်ဘုရား....မြစ်ဆိပ်,မြို့ဝ,လမ်းမ သဘင် နေရာတိုင်းတွင်ပင် အရှင်နှင့်တပည့်တော်မအကြောင်း ဘာလိုလို ပြောဆိုနေကြပါသည်" ဟု လျှောက်၏။ ရဟန်းက ပြန် အမိန့်ရှိသည်မှာ "ဆန့်ကျင်ဖက် ပွဲတင်ခတ်လာသော အသံတို့ကား အများအပြားပင်။ ရဟန်းမည်သည်မှာ ထိုအသံကို ခံနိုင်ရည်ရှိရသည်။ ထိုအသံကြောင့် ညစ်နွမ်းခြင်းမဖြစ်နိုင်၊ တောထဲ၌ လေတိုက်တိုင်း လန့်သောသမင်ပမာ အသံကိုလန့်နေရသော ရဟန်းကို စိတ်ပေါ့သူဟု ဆိုကြကုန်၏။ ထိုရဟန်းမျိုးအား အကျင့်မပြည့်စုံနိုင်" ဟုမိန့်တော်မူ၏။

ဤရဟန်း၏တရားမှာ ကဲ့ရဲ့ခံရ၍ ကိုယ့်မှာဘာမျှမဖြစ်၊ ကဲ့ရဲ့သံ လန့် နေလျှင် အလုပ်ပျက်ရုံသာဟု စဉ်းစားရန်ဖြစ်၏၊ အကဲ့ရဲ့ ပြီးဆေးတပုဒ် ပင်။ (သဂါထာဝဂ္ဂ၊ ဝနသံယုတ်၊ ကုလဃရဏီသုတ်-၂၀၃)

သောကမရှိ။ ။သောကဟူသည် မိဘဆွေမျိုး ပျက်စီးခြင်း ဥစ္စာပျက်စီးခြင်းနှင့်ဖြစ်စေ ဆင်းရဲဒုက္ခ တမျိုးမျိုးနှင့်ဖြစ်စေ ကြုံတွေ့ရသောသူ၏ စိတ်ပူဆွေးခြင်း ဝမ်းနည်းခြင်းတည်း။ ထိုသောကနှင့် ကြုံတွေ့ရသောအခါ အမြော်မရှိသူတို့မှာ အတောမသတ်အောင် ပူကြရ၏။ တရားသဘော စဉ်းစားခြင်းဖြင့်သာ ပြေပျောက်နိုင်၏။ သောက ပရိဒေဝ ပျောက်ငြိမ်းကြောင်းအဖြစ် ဘုရားရှင် အာမခံထားသော သတိပဋ္ဌာန်တရား စသည်ဖြင့် သောက လုံးဝပျောက်ငြိမ်းနိုင်သည်။

မလ္လိကာ။ ။ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည် တနေ့၌ သံဃာတော်များအား ဆွမ်းဆက်ကပ်နေ၏။ ထိုအခါ ချိမှ လာသော ထောပတ်အိုးကြီး ကျကွဲသွားသည်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်က 'ကွဲပျက်တတ်သောအရာမှာ ကွဲပျက်ရသည်သာ။ တွေးမပူနှင့်မလ္လိကာ' ဟု မိန့်တော်မူ၏။ ထိုအခါ မလ္လိကာ-က မိမိခါးပိုက်ထဲမှ စာကိုထုတ်ပြပြီး "အရှင်ဘုရား တပည့်တော် ခင်ပွန်းနှင့်တကွ သားသုံးကျိပ် သုံးယောက်လုံး အသတ်ခံရကြောင်း စာရပါလျက် ဤမြွေမပျက် မပူပန်ပဲ ဤထောပတ်အိုးကလေးများအတွက်တာ ဘယ်မှာစိုးရိမ်ပူပန်ပါ့မလဲ"ဟု လျှောက်၏။ ဤမလ္လိကာ မစိုးရိမ်ခြင်းမှာ တရားသဘောတွေ မြင်နေရခြင်းကြောင့် ရရှိသော အစွမ်းသတ္တိပင်။ (ဓမ္မပဒ-ဋ္ဌ ဂိဥ္ဇကူဘဝတ္ထု-၂၂၄)

ဥရဂဇာတ်။ ။ရှေးက ပုဏ္ဏားတဦးမှာ သားသေဆုံး၍ အိမ်သားများနှင့် အတူ မီးသင်္ဂြိုဟ်နေ၏။ အားလုံးမှာ သောကပရိဒေဝမရှိ တည်ငြိမ်လျက်ရှိနေကြ၏။ထိုအခိုက် သိကြားမင်းသည် ခရီးသွားယောင်ဆောင်ကာ ရောက်လာပြီးလျှင် သူတို့ မငိုခြင်းအကြောင်းကို တဦးစီ မေးခဲ့၏။ ပုဏ္ဏားကြီးက "မြွေသည် အရေဟောင်းကို စွန့်သွားသကဲ့သို့ သူလည်း ကိုယ်အဟောင်းကို စွန့်သွား ခြင်းဖြစ်သည်။ သေ၍ အသုံး

မဝင်တော့ပြီဖြစ်သော ဤကိုယ်မှာ မီးရှို့ခံရသည်ကိုလည်း မသိ၊ ဆွေမျိုးတွေ ငိုနေသည်ကိုလည်း မသိ၊ သူ့ဂတိအတိုင်းသွားပြီဖြစ်ရာ ငါမငိုမဆွေး”ဟု ဆို၏။ မိခင်က “သူ့ကား ငါတို့မခေါ်ပဲ တခြားက ရောက်လာ၏။ ယခု ငါတို့မလွှတ်ပဲ သွားသည်၊ သူ့သဘောအတိုင်းလာခဲ့သလို သူ့သဘောအတိုင်း သွားပြီဖြစ်ရာ ငိုနေသဖြင့် ဘာအကျိုးရှိမှာလဲ”ဟု ဆို၏။ နှစ်မဖြစ်သူက “ကျွန်မ ငိုနေလျှင် ကိုယ်ပိန်ချုံးရုံသာပေါ့၊ဘာမျှ အကျိုးရှိမှာမဟုတ်၊ ဆွေမျိုးမိတ်ဆွေ ချစ်ကျွမ်းဝင်သူတွေ ပိုပြီး စိတ်မချမ်းမသာဖြစ်ဖွယ်ရှိပါသည်”ဟု ပြော၏။ မယားကမူ “ကလေးငယ်သည် သွားနေသော လမင်းကို ရဖို့အရေး ဟာ-ငိုကြွေးနေသကဲ့သို့ သေသူကို တာ-ပြီး ဆွေးနေသူမှာ မရနိုင်သည်ကို တ-နေသော ကလေးသဖွယ်သာဖြစ်ပါသည်”ဟု ဆို၏။ ကျွန်မ က “ကွဲပြီးသောအိုးကို ပြန်ဆက်ဖို့ မဖြစ်နိုင်သလို သေသူကို တ-ပြီး ဆွေးနေခြင်းမှာ ထိုအိုးကွဲပမာ အကျိုးမမြင်ပါ”ဟု ဆို၏။ (ပဉ္စကနိပါတ်-ဥရဂဇာတ်-၁၂၂)

မှတ်ချက်— သူတို့အတွေးအခေါ်များမှာ အတော် အဆင့်အတန်းမြင့်လှ၏၊ ထိုအတွေးအခေါ်များကား သူတို့၏ အသိဉာဏ်ရင့်ကျက်နေသော စိတ်ဓာတ်ကြောင့်ပင်၊ ထိုကဲ့သို့ ခံနိုင်ရည်ရှိသော စိတ်ဓာတ်ကို ရနေကြခြင်းမှာ ကာလ အတော်ကြာအောင် အစဉ်မပြတ် လေ့လာခဲ့သော မရဏာဿတိဘာဝနာကြောင့်ပင်ဟု သိရ၏။ ထို့ကြောင့် မရဏဿတိစသော ဘာဝနာများ ပွါးများခြင်းမှာ သောက ငြိမ်းဆေးပင် ဖြစ်တော့သည်။

ဝိရဇ။ ။ဤ၌ ရဇ (မြူ)ဟူသည် ရာဂ, ဒေါသ, မောဟတို့ပင်။ ပကတိမြူသည် ကိုယ်ပေါ်ကျလျှင် ညစ်ပေစေသကဲ့သို့ ထိုတရားများလည်း သတ္တဝါတို့ကို ညစ်နွမ်းစေတတ်သောကြောင့် “ရဇော ဝိယာတိ ရဇော”အရ မြူနှင့်တူသောကြောင့် ရဇ အမည်ရကြသည်။ ရာဂ စသည်မှာ ညစ်ပေစေတတ်ရာ ထိုတရားများကင်း၍ သန့်ရှင်းသောစိတ်မှာ မဂ်လာဖြစ်ရသည်။ ဆိုင်ရာ မဂ်များဖြင့် မပယ်ရှားရသေးသမျှ လုံးဝကား မကင်းနိုင်သေး၊ သို့သော် သူတော်ကောင်းများကား ထိုတရားများကို

အပြစ်မြင်၍ ကင်းရှင်းအောင် ကြိုးစားလေ့ရှိ၏။ အကောင်းဆုံးမှာ ဘာဝနာအလုပ် အားထုတ်ခြင်း တည်း။ ထို့ကြောင့် ရာဂစသည်ကို ဘာဝနာအလုပ်ဖြင့် အတွင်မှုတ်ကာ နှင်ထုတ်ရသတည်း။

ခေမ။ ။**ခေမ-ကား ဘေးရန် မရှိခြင်း, အေးချမ်း ခြင်းတည်း**။ အင္ဂ-ကထာ၌ ယောဂလေးပါးတို့မှ ဘေးမရှိကြောင်း ဖွင့်၏။ ယောဂမှာ ကာမ, ဘဝ, ဒိဋ္ဌိ, အဝိဇ္ဇာဖြစ်ရာ တရားကိုယ်မှာ လောဘ, ဒိဋ္ဌိ, မောဟတို့ပင်။ ထိုတရားတို့မှာ ကိလေသာဖြစ်ရာ စိတ်ကို ညစ်စေတတ်, ပူစေဘတ်သည်ဖြစ်၍ ထို တရားမကင်းသော စိတ်မှာ ဘေးမကင်း အေးချမ်းခြင်းမဖြစ်၊ ထိုတရားများ လုံးဝကင်းရှင်းနေသော ရဟန္တာစိတ်မှာ အစဉ်အေးချမ်း သာယာလျက်ရှိရာ မင်္ဂလာ ဖြစ်ရသည်။ ဤမင်္ဂလာသည် ရဟန္တာနှင့်သာ ဆိုင်သော်လည်း သာမန် ပုဂ္ဂိုလ်များ၌လည်း ထိုက်သလောက် ရနိုင်သည်သာ၊ ဘာဝနာအလုပ်ဖြင့် အကုသိုလ်တို့ကို နှင်ထုတ်လျက်ရှိသော ပုဂ္ဂိုလ်၏စိတ်မှာ ထိုအခိုက်တွင် ထိုတရားများ ကင်းရှင်းလျက်ရှိရာ မင်္ဂလာပင်ဖြစ်သည်။ မေ့လျော့ပေါ့တန်သူ၏ စိတ်မှာ ဤမင်္ဂလာဖြစ်ရေး မြော်လင့်ဘွယ်မရှိ။ ထို့ကြောင့် ဘာဝနာမှု တခုခုဖြင့် မိမိစိတ်မှာ အေးချမ်းသော မင်္ဂလာဖြစ်အောင် အစဉ်မကွာ ကြိုးစား အားထုတ်ရမည်သာ။

---

(၂၄) ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ'မုတ္တမံ။

(၂၄) ဒေဝပုတ္တ၊ နတ်သား။ ဧတာဒိသာနိ၊ ဤဆိုခဲ့ပြီးသော ၃၈-ပါး မင်္ဂလာ တရားတို့ကို။ ကတွာန၊ ပြုကျင့်ရကုန်၍။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောရန်သူတို့၌။ အပရာဇိတာ၊ အရှုံးမခံရ အောင်နိုင်ကြကုန်၍။ သဗ္ဗတ္ထ၊ နေရာခပ်သိမ်း၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။ တေသံ၊ ထိုမင်္ဂလာပြုကြသူတို့၏။ တံ၊ ထို၃၈-ဖြာ မင်္ဂလာသည်။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မင်္ဂလာပေတည်း။

စကားပြေ— နတ်သား၊ ဤဆိုခဲ့ပြီးသော မင်္ဂလာတို့ကို ပြုကြလျှင် ရန်သူမှန်သမျှ အောင်နိုင်ကြ၍ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရ၏။ ၃၈-ဖြာ မင်္ဂလာသည် ထိုမင်္ဂလာမှု ပြုကြသူတို့၏ ကောင်းမြတ်သော မင်္ဂလာပေတည်း။

နိဂုံးချုပ်ချီးကျူးချက်။ ။ဆိုခဲ့ပြီး ၃၈-ဖြာ မင်္ဂလာတို့ကို နိဂုံးချုပ်အနေအားဖြင့် အကျိုးပြ ချီးကျူးတော်မူလို၍ "**ဧတာဒိသာနိ ကတွာန**" စသည် မိန့်တော်မူသည်။

သဗ္ဗတ္ထ အပရာဇိတာ။ ။"ပါရာဇိကော ဟောတီတိ ပရာဇိတော ဟောတိ၊ ပရာဇယမာပန္နောတိ ဝုတ္တံ" ကင်္ခါအဋ္ဌကထာအရ အပရာဇိတာ=မရှုံးခြင်း (အောင်ခြင်း)သို့ ရောက်သည်ဟူသောအနက် ရနိုင်ရာ ထိုအနက်အရ သဗ္ဗတ္ထသည် အာဓာရဖြစ်နိုင်သောကြောင့် အာဓာရအနက် ပေးခဲ့သည်။ "သဗ္ဗတ္ထ၊ ခပ်သိမ်းသော ရန်သူတို့၌။ အပရာဇိတာ၊ မရှုံးခြင်း (အောင်ခြင်း)သို့ ရောက်ကြကုန်သည်ဖြစ်၍" ပေး။

အဋ္ဌကထာ၌ "သဗ္ဗတ္ထ မပရာဇိတာတိ သဗ္ဗတ္ထ ခန္ဓ ကိလေသာ, ဘိသင်္ခါရ, ဒေဝပုတ္တမာရပ္ပဘေဒေသု စတူသု ပစ္စတ္ထိကေသု ဧကေနာပိ အပရာဇိတာ ဟုတွာ သယမေဝ တေ စတ္တာရော မာရေ ပရာဇေတွာတိ ဝုတ္တံ ဟောတိ"ဟု ဆို၏။ အဋ္ဌကထာအလို အပရာဇိတာ ကာရိုက်ကမ္မရုပ်ဖြစ်၍ မရှုံးစေအပ်သည် ဖြစ်၍ဟု ပေးရမည်ဖြစ်၏။ "စတူသု ပစ္စတ္ထိတေသု ဧကေနာပိ အပရာဇိတာ"ဖြင့် သဗ္ဗတ္ထ၏ နိဒ္ဒါရဏအဖြစ်ကိုင်း, အပရာဇိတာ၏ ကာရိုက်ကမ္မရုပ် အဖြစ်ကိုင်း သိစေ၏။ ထို့ကြောင့် "သဗ္ဗတ္ထ အလုံးစုံသော ဒေဝပုတ္တ ခန္ဓ ကိလေသာဘိသင်္ခါရမာရ် ရန်သူ လေးမျိုးတို့တွင်။ ဧကေနာပိ၊ တဦးသော ရန်သူပင်လည်း။ အပရာဇိတာ၊ မရှုံးစေအပ်သည်ဖြစ်၍" ဟုပေး။ သို့မဟုတ် "ဧကေနာပိ" မထည့်ပဲ "သဗ္ဗတ္ထ၊ အလုံးစုံသော ရန်သူတို့တွင်။ အပရာဇိတာ၊ ဘယ်ရန်သူမျှ အနိုင်မခံရကုန်သည်ဖြစ်၍"ဟု သော်လည်းပေး။ သဗ္ဗတ္ထအရ ဒေဝပုတ္တ, ခန္ဓ, ကိလေသာ, အဘိသင်္ခါရ-မာရ်လေးပါး ရန်သူများကို ယူရ၍။ ထိုတွင် ခန္ဓ ကိလေသ အဘိသင်္ခါရတို့မှာ အတွင်းရန်သူဖြစ်၍ အပရန်သူမှာ ဒေဝပုတ္တမာရ်နတ်တဦးသာ။ ဤမင်္ဂလာတို့ကို ပြုကျင့်သူ၌ မာရ်နဝ်သာမက အခြားအပရန်သူများကိုလည်း အောင်နိုင်မည်ပင်ဖြစ်၍ "သဗ္ဗတ္ထ၊ ခပ်သိမ်းသော ရန်သူတို့၌"ဟု သာမန်ပေးခဲ့သည်။

သောတ္တိံ။ ။အဋ္ဌကထာအလို သောတ္ထိသည် ပဌမန္တဖြစ်၍ “သောတ္ထိံ၊ ချမ်းသာ ကြကုန်သည်။ ဂစ္ဆန္တိ၊ ဖြစ်ကုန်၏”ဟု ပေးရမည် ဖြစ်၏။ “အနုနာသိကော စေတ္ထ ဂါထာဗန္ဓသုခတ္ထံ ဝုတ္တောတိ ဝေဒိတဗ္ဗော”ဖြင့် သောတ္ထိံ၏ နိဂ္ဂဟိတ်မှာ ဂါထာဗန္ဓ၏ လွယ်ကူခြင်းအကျိုးငှါ ဟောတော်မူကြောင်းလည်း ဆို၏။ ဂါထာဗန္ဓသုခ ဆိုသော်လည်း ဆန်းအတွက် ဆိုသည်ကား မဟုတ်ရာ၊ သောတ္ထိဟု ဆိုလျှင် ယဂိုဏ်းဖြစ်၍ ဂိုဏ်းအသင့်ပင်။ ဂါထာ၌ ‘သောတ္ထိ ဂစ္ဆန္တိ’ ဆိုလျှင် ရွတ်ရ မချော၍ ‘သောတ္ထိံ ဂစ္ဆန္တိ’ဟု ရွတ်ရချောမောလွယ်ကူစေ၍ သုခုစ္စာရဏဖြစ်ခြင်း ကိုပင် ဂါထာဗန္ဓသုခဟု ဆိုခြင်းဖြစ်၏။

‘သောတ္ထိံ ပဿာမိ ပါဏိနံ’ (သဂါထာ၊ ဒေဝပုတ္တ)’ သောတ္ထိနာမှိ သမုဋ္ဌိသော’ (သုဝဏ္ဏသာမဇာတက)တို့၌ သောတ္ထိံ သောတ္ထိနာ-ဟု ဒုတိယာ တတိယာဝိဘတ်တို့ဖြင့် တွေ့ရရာ သောတ္ထိကို နာမ်ပုဒ်ဟု ဆိုရမည်ကဲ့သို့ရှိ၏။ သို့သော် ကြွင်းဝိဘတ်များဖြင့် ရုပ်ပျက်ခြင်း မရှိသောကြောင့် အဗျယပင်ဖြစ်ရာ နိပါတ်တို့၌သာ သွင်းလေ ဟူသော သဒ္ဒနီတိ အဆိုအရ နိပါတ်ဟု ဆိုရတော့၏။ သောတ္ထိံဟု ဒုတိယန္တရှိသောကြောင့် ဤ၌ အဋ္ဌကထာပေးသော ပဌမန္တထက် ဒုတိယန္တက ပို၍ချောသည်ဟု သဘောရ၍ ဂါထာ၌ ဒုတိယန္တပင် ပေးခဲ့သည်။

နိဂုံး။ ။ဤမင်္ဂလသုတ်ကို ထိုနတ်သားအား မြတ်စွာဘုရားဟောကြားပြီး နောက်တနေ့ အရှင်အာနန္ဒာအား သင်ပေး၍ ရဟန်းများကို ပို့ချပေးရန် မိန့်တော်မူ၏။ အမိန့်တော်အတိုင်း မိမိသင်ယူထားသော မင်္ဂလသုတ်ကို ရဟန်းတို့အား သင်ပေးခဲ့၏။ ဤသို့ဖြင့် ဆရာအဆက်ဆက် သင်ကြား မှတ်သားခဲ့သော မင်္ဂလသုတ် ဒေသနာတော်မှာ ယနေ့တိုင် ကမ္ဘာတဝှမ်းလုံး၌ အထင်အရှား တည်ရှိရပေသည်။ ထို ၃၈-ဖြာ မင်္ဂလာ တရားသည် တနေ့ထက်တနေ့ တိုးတက်ထွန်းကားပါစေသတည်း။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ

မင်္ဂလသုတ် နိဿယသစ်

ပြီးပြီ။

ရတနသုတ် နိဒါန်းသံ

(၂၅) ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘာဝက္ကန္တိ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ—

(၂၅) ဟော၊ အို...သူတော်ကောင်းတို့။ ပဏိဓာနတော၊ ဒီပင်္ကရာဘုရားမြတ်ထံ ဘုရားဆုပန်သည်မှ။ ပဋ္ဌာယ၊ အစပြု၍။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဒသ ပါရမိယော၊ ဆယ်ပါးသော ပါရမီတို့ရင်း။ ဒသ ဥပပါရမိယော၊ ဆယ်ပါးသော ဥပပါရမီတို့ရင်း။ ဒသ ပရမတ္ထပါရမိယော၊ ဆယ်ပါးသော ပရမတ္ထပါရမီတို့ရင်း။ ဣတိ၊ ဤသို့။ သမတ္တိံသ ပါရမိယော၊ အများသုံးဆယ်သော ပါရမီတို့ကိုရင်း။ ပဉ္စ မဟာပရိစ္စာဂေ၊ ငါးပါးသော စွန့်ခြင်းကြီးတို့ကိုရင်း။ လောကတ္ထစရိယံ၊ သတ္တဝါများအကျိုးငှါ ကျင့်တော်မူခြင်းရင်း။ ဉာတတ္ထစရိယံ၊ အဆွေမျိုးများ အကျိုးငှါကျင့်တော်မူခြင်းရင်း။ ဗုဒ္ဓတ္ထစရိယံ၊ ဘုရားဖြစ်ရန်အကျိုးငှါ ကျင့်တော်မူခြင်း

၎င်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါးကုန်သော။ စရိယာယော၊ အကျင့်တို့ကို၎င်း။ ပစ္ဆိမဘဝေ၊ ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌။ ဂဗ္ဘဝေါက္ကန္တိံ၊ မယ်တော်ဝမ်းတိုက် သက်ဆိုက်စံနေ သန္ဓေယူတော်မူခြင်းကို၎င်း။ ဇာတိံ၊ ဖွားမြင်တော်မူခြင်းကို၎င်း။ အဘိနိက္ခမနံ၊ မြတ်သော တောထွက်တော်မူခြင်းကို၎င်း။ ပဓာနစရိယံ၊ ဒုက္ကရစရိယာကျင့်တော်မူခြင်းကို၎င်း။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပင်ခြေ ပလ္လင်ထွေ၌။ မာရဝိဇယံ၊ မာရ်ငါးပါး အောင်မြင်တော်မူခြင်းကို၎င်း။ သဗ္ဗညုတညာဏပ္ပဋိဝေဓံ၊ သဗ္ဗညုတညာဏ်ကို ထိုးထွင်းသိတော်မူခြင်းကို၎င်း။ ဓမ္မစက္ကပ္ပဝတ္တနံ၊ ဓမ္မစကြာတရား ဟောကြားတော်မူခြင်းကို၎င်း။ နဝ၊ ကိုးပါးကုန်သော။ လောကုတ္တရဓမ္မေ၊ လောကုတ္တရာ တရားတော်တို့ကို၎င်း။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဣမေ ဗုဒ္ဓဂုဏေ၊ ဤမြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို။ အာဝဇ္ဇေတွာ၊ ဆင်ခြင်တော်မူ၍။ ဝေသာလိယာ၊ ဝေသာလီပြည်၏။ တီသု ပါကာရန္တရေသု၊ တံတိုင်းသုံးထပ် ကြားအရပ်တို့၌။ တိယာမရတ္တိံ၊ ညဉ့်သုံးယာမ်ပတ်လုံး။ ပရိတ္တံ၊ ရတနသုတ် ပရိတ်အရံအတားကို။ ကရောန္တော၊ ပြုတော်မူသော။ အာယသ္မာ အာနန္ဒတ္ထေရော ဝိယ၊ အရှင်အာနန္ဒာမထေရ်ကဲ့သို့။ ကာရုညစိတ္တံ၊ ကရုဏာစိတ်ကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေကုန်ကြ၍။ (ဘဏာမ-ဋ္ဌစပ်)

---

(၂၆) ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ'ဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

(၂၇) ရောဂါ'မနုဿ ဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ'မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၂၆-၂၇) ကောဋိသတသဟဿေသု၊ ကုဋေတသိန်းကုန်သော။ စက္ကဝါဠေသု၊ စကြာဝဠာတို့၌။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ ယဿ၊ အကြင်ရတနာသုတ်ပရိတ်တော်၏။ အာဏံ၊ တန်ခိုးအာဏာ အရှိန်အဝါကို။ ပဋိဂ္ဂဏှန္တိ၊ ခံယူကြကုန်၏။ ယံ၊ အကြင် ရတနသုတ် ပရိတ်တော်သည်။ ဝေသာလိယာ၊ ဝေသာလီမည်သော။ ပုရေ၊ ပြည်၌။ ရောဂါမနု-

ဒုဗ္ဘိက္ခသမ္ဘူတံ၊ ရောဂါထူးခြား ဘီလူးများနှင့် အစာရှားခြင်းကြောင့် ဖြစ်ပေါ်လာသော။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဘယံ စ၊ ဘေးကိုလည်း။ ခိပ္ပံ၊ လျင်မြန်စွာ။ အန္တရဓာပေယိ၊ ကွယ်ပျောက်စေခဲ့ပြီ။ တံ ပရိတ္တံ၊ ထိုရတနသုတ်ပရိတ်တော်ကို။ (မယံ၊ ငါတို့သည်)။ ဘဏာမ၊ ရွတ်ကြကုန်စို့။

စကားပြေ—အိုသူတော်ကောင်းတို့.... ဒီပင်္ကရာ ဘုရားမြတ်ထံ ဘုရားဆုပန်သည်မှစ၍ မြတ်စွာဘုရား၏ ပါရမီဆယ်ပါး, ဥပပါရမီ ဆယ်ပါး, ပရမတ္ထပါရမီဆယ်ပါးဟူသော အမျှ အညီ ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, သတ္တဝါများအတွက် ကျင့်မှု, အဆွေမျိုးများအတွက်ကျင့်မှု, ဘုရားဖြစ်ရေးအတွက် ကျင့်မှုဟူသော အကျင့်သုံးပါး, ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ ပဋိသန္ဓေနေခြင်း, ဖွားမြင်ခြင်း, တောထွက်ခြင်း, ဒုက္ကရစရိယာ ကျင့်ခြင်း, ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ မာရ်ငါးပါး အောင်မြင်ခြင်း, သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိခြင်း, ဓမ္မစကြာတရားဟော ခြင်း, ကိုးပါးသော လောကုတ္တရာ တရားဟူသော ဤဗုဒ္ဓဂုဏ် အလုံးစုံတို့ကို ဆင်ခြင်တော်မူပြီးလျှင် ဝေသာလီပြည် တံတိုင်း သုံးထပ်အကြားတို့၌ ညဥ့်သုံးယာမ်ပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူသော အရှင်အာနန္ဒာမထေရ်ကဲ့သို့ ကရုဏာစိတ်ကို ဖြစ် စေကြကုန်၍ အကြင် ရတနသုတ် ပရိတ်တော်၏ အရှိန်အဝါ အာ ဏာကို စကြဝဠာ ကုဋေတသိန်းရှိ နတ်ဗြဟ္မာများ ခံယူကြကုန်၏။ အကြင်ရတနသုတ် ပရိတ်တော်သည် ဝေသာလီပြည်၌ ရောဂါထူး ခြား ဘီလူးများနှင့် အစာရှားပါးခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးသုံးမျိုးကိုလည်း လျင်မြန်စွာ ကွယ်ပျောက်စေခဲ့ဘူးပြီ၊ ထိုရတနသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့။

ရတနသုတ် အမွှမ်း။　　။ဤ 'ပဏိဓာနတော' စသည်ကား ဘုရားဟော မဟုတ်သေး။ ရတနသုတ်ကို သင်သူ, ရွတ်သူ,

နာယူသူအများ သင်ချင့်, ရှုတ်ချင်, နာယူချင်အောင် (ရွှေးဆရာမြတ်တို့) ဂုဏ်တင် မွမ်းအပ်သော စကားရပ်ပင်ဖြစ်သည်။

ပါရမီအနက်။ ။ပါရမီ-ဟူသည် မိမိအကျိုးအလွက် ငဲ့လွက် လိုလားခြင်း မရှိပဲ အများကောင်းကျိုးအတွက်ရင်း, သံသရာမှ လွတ်မြောက်ရေး အတွက်ရင်း ပြုအပ်သော ဒါနစသော ကောင်းမှုများပင်ဖြစ်သည်။ ထိုကောင်းမှုများဖြင့် မြင့်မြတ်သူဟု သိရသည်ဖြစ်ရာ မြင့်မြတ်သူဖြစ်ကြောင်းဟု အနက်ဖွင့်ဆိုကြ၏။ (ပရမာနံ ဘာဝေါ ပါရမီ၊ ပရမာနံ၊ မြင့်မြတ်သူတို့၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာတည်း။ ပါရမီ၊ မြင့်မြတ်သူတို့၏ ဖြစ်ကြောင်း ဖြစ်ရာ။)

လူညံ့များမှာ ကောင်းမှုပင်ဖြစ်စေ မိမိအကျိုးရှိမှ ပြုလုပ်လိုကြ၏။ သံသရာမှ လွတ်ရေးထက် ဘဝကောင်းစားရေး, ထင်ပေါ်ကျော်ကြားရေးကိုသာ အလေးပေးကြ၏။ ထို့ကြောင့် ပါရမီမြောက် အလုပ်များမှာ ထိုလူညံ့တို့ အရာမဟုတ် ဖြစ်ရ၏။ ထိုအလုပ်များမှာ ဘဝအပြစ်မြင်၍ အများအပေါ်မှာ ကရုဏာ မေတ္တာ အားကြီးသော သူတော်ကောင်း ပုဂ္ဂိုလ်မွန်တို့၏ လုပ်ငန်းများသာ ဖြစ်ကြ၍ ပါရမီအနက်ကို မြင့်မြတ်သူတို့၏ အလုပ်ဟုလည်း ဖွင့်ဆို ကြပြန်သည်။ (ပရမာနံ ကမ္မံ ပါရမီ၊ ပရမာနံ၊ မြင့်မြတ်သူတို့၏။ ကမ္မံ၊ အလုပ်သည်။ ပါရမီ၊ မြင့်မြတ်သူတို့၏ အလုပ်အမှု။)

ပါရမီသုံးဆယ်။ ။ထိုပါရမီတို့ကား ဒါန, သီလ, နေက္ခမ္မ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန်, မေတ္တာ, ဥပေက္ခာတို့တည်း။ ပြင်ပဥစ္စာတို့ကို လှူခြင်းကား ပါရမီတည်း။ မျက်လုံး လက်ခြေစသော ကိုယ်အင်္ဂါ လှူခြင်းကို ဥပပါရမီဆို၏။ ပရမတ္ထပါရမီကား အသက်ကို စွန့်လှူခြင်းတည်း။ ဒါန၌ သုံးမျိုးပြားသလို အပ-ပစ္စည်းကိုစွန့်၍ သီလစောင့်ခြင်း, ကိုယ်အင်္ဂါ နစ်နာပျက်စီး ခံ၍ သီလစောင့်ခြင်း အသက်အသေခံ၍ သီလစောင့်ခြင်း စသည်ဖြင့် သီလစသော အခြားပါရမီတို့၌လည်း ဥပ, ပရမတ္ထတို့ကို ခွဲရာ၏။ ဤပါရမီ ဥပပါရမီ, ပရမတ္ထပါရမီခွဲရာ၌ နည်းအမျိုးမျိုးရှိခဲ့ရာ ယခုအခွဲမှာ ထိုခွဲနည်းများမှ တနည်းသာဖြစ်၏။

* ဒါန, သီလ, နေက္ခမ္မ, ပညာ၊ ဝီရိယ, ခန္တီ၊ တလီသစ္စာ၊ မိဋ္ဌာန်
ပါလျက်၊ မေတ္တာ, ဥပေက္ခာ၊ မှတ်စရာ၊ ပါရမီဆယ်ပါးတည်း။

* ပြင်ပဥစ္စာ၊ ကိုယ်အင်္ဂါနှင့်၊ ဇီဝါအသက်၊ ငဲ့ကွက်မရှု၊ စွန့်မှုအညီ၊
အစဉ်မှီ၍၊ ပါရမီဥပ၊ ထိုမှ ပရမတ်၊ ယှဉ်ကာဟပ်လျက်၊ စွဲမှတ်
ပါရမီ သုံးမျိုးတည်း။

အရှင် အာနန္ဒာကား ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ပါရမီတို့ကို ဆင်ခြင်သည်ကားမဟုတ်၊ ဇာတက, စရိယာပိဋက-စသည်၌ ဗုဒ္ဓရှင်တော်မြတ်၏ ပါရမီဖြည့်ပုံများ အထင်အရှားရှိခဲ့ရာ သဒ္ဓါရှိသူ ပညာရှင်များကား ဘုရားမြတ်၏ ပြုနိုင်ခဲစွာ ပြုခဲ့ ကျင့်ခဲ့သော ပါရမီအမှုများကို တွေ့ရနာရသောအခါ ဗုဒ္ဓအရှင်၌ အားရခြင်းဖြင့် နှစ်သက်မဆုံး ကြည်ညိုမဆုံး ဖြစ်ကြရ၏။ အရှင်အာနန္ဒာ မထေရ်လည်း ထိုဒေသနာအရ ဆင်ခြင်ခြင်းသာ ဖြစ်သည်။

စွန့်ခြင်းကြီးငါးပါး။ ။ကိုယ်အင်္ဂါ, မျက်လုံး, ဥစ္စာ, တိုင်းပြည်, သားမယား စွန့်ခြင်းတို့ကို စွန့်ခြင်းကြီးငါးပါးဟု ခေါ်ဆို၏။ စွန့်ခြင်းကြီးငါးပါးကား ဒါနပါရမီ၌ ပါဝင်လျက်ပင်၊ ထူးခြားသော စွန့်လွှတ်ခြင်းမျိုးကို ပြခြင်းငှါရင်း, သာမန်လူတို့ မတွေးဝံ့ အလှူပြုနိုင်ခဲသော အမှုမျိုးဖြစ်သည်ကို ပြခြင်းငှါရင်း သီးခြားထုတ်ဖော် ဂဏ်တင်ကြရခြင်း ဖြစ်၏၊ ဤစွန့်ခြင်းကြီးငါးပါးလည်း ကျမ်းဂန်များမှာ အဆိုကွဲလျက်ပင် ရှိ၏။ ဤဆိုခဲ့ပြီးသည်ကား သီလက္ခန်အဋ္ဌကထာ (၆၀) အတိုင်းပင်တည်း။

* ကိုယ်အင်္ဂါအလုံး၊ မျက်လုံး ဥစ္စာ၊ပြည့်ရွာတိုင်းကား၊သားမယား၊
ငါးပါး စွန့်ခြင်းကြီး။

စရိယာသုံးပါး။ ။လောက ကား သတ္တဝါကို ဟော၏။ အများသတ္တဝါတို့၏ အေးကင်းရေး, ကြီးပွါးချမ်းသာရေး, ပညာ တိုးတက်ရေးစသည်တို့ကို မိမိ၏ ပညာ ဝီရိယ စသည်တို့ဖြင့် ရွက်ဆောင်

ပြုကျင့်ခဲ့ခြင်းများကို လောကတ္ထစရိယာ ဆိုသည်။ ဉာတတ္ထစရိယာ၌ ဉာတိကား အဆွေအမျိုးတည်း။ ထိုအဆွေအမျိုးတို့၏ ဘေးရန်ကင်းရေး, ကောင်းစားရေးများကို ပြုကျင့်ခြင်းတည်း။ ဗုဒ္ဓတ္ထစရိယာ၌ ဗုဒ္ဓကား သာဝကဗုဒ္ဓ ပစ္စေကဗုဒ္ဓတို့ထက် လွန်ကဲကြီးမြတ်သော သမ္မာသမ္ဗုဒ္ဓ အမည်တော်ရသော ဘုရားတည်း။ ယင်းဘုရားအဖြစ်သို့ ရောက်အောင် ပြုကျင့်မှုတည်း။ ဤစရိယာသုံးပါးလည်း ပါရမီတို့တွင် ပါဝင်ပြီး ဖြစ်၏၊ အားကျုကြည်ညိုဖွယ်ရာ လွန်စွာထူးခြားသော အကျင့်များဖြစ်၍ သီးခြား ဂုဏ်တင်သောအားဖြင့် ခွဲခြားခဲ့ကြခြင်း ဖြစ်၏။ ထိုစရိယာသုံးပါးကိုလည်း ဇာတက စရိယာပိဋက စသည်အရ ဆင်ခြင်ခြင်းသာတည်း။

ပဋိသန္ဓေနေခြင်း။ ။နောက်ဆုံးဘဝ၌ မယ်တော် ဝမ်းတိုက်သို့ ပဋိသန္ဓေ တည်နေ သက်ရောက်ခြင်းကို ဆင်ခြင်သည်ဆိုရာ၌ ပဋိသန္ဓေတည်နေခြင်းမျှကိုသာ ဆင်ခြင်သည်မဟုတ်၊ ပဋိသန္ဓေ တည်နေသောအခါ ဖြစ်လာသော အံ့ဖွယ်များ ထူးခြားသော အဖြစ်အပျက်များကို ဆင်ခြင်ခြင်း ဖြစ်၏။ ထိုအံ့ဖွယ်များကား ဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ သတိသမ္ပဇဉ်မကင်းပဲ မယ်တော်ဝမ်းတိုက် သက်ရောက်ခဲ့ခြင်း, ပဋိသန္ဓေနေသောအခါ ကမ္ဘာလောက၌ နတ်တို့၏ အာနုဘော်ကိုပင် လွန်သော အလွန်ထူးကဲသော အရောင် အလင်း ပေါ်လာခြင်းနှင့် စကြဝဠာတသောင်း အမျိုးမျိုးအဖုံဖုံ တုန်လှုပ်ခြင်း, ဘုရားလောင်းနှင့် မယ်တော်ကို နတ်သားလေးယောက် အရပ်လေးမျက်နှာမှ စောင့်ရှောက် လာခြင်း, ဘုရားအလောင်း ပဋိသန္ဓေတည်သည်မှစ၍ မယ်တော်မှာ ပကတိ အားဖြင့် သီလနှင့်ပြည့်စုံခြင်း, ယောကျ်ားတပါး၌ ကာမစိတ် မဖြစ်ခြင်းနှင့် ယောကျ်ားတပါးက မလွန်ကျူးနိုင်ခြင်း, ဝတ္ထုအာရုံတွေ လိုလေသေးမရှိ ပြည့်စုံပျော်ရွှင်ရခြင်း, မယ်တော်မှာ ရောဂါလုံးဝကင်းလျက် မပင်မပန်း ချမ်းသာ၍ မိမိဝမ်းတွင်းက အလောင်းတော်ကလေးကို အပြင်မှ မြင်ရ လျက် ရှိခြင်း စသည်များပင် ဖြစ်၏။

ဖွားမြင်ခြင်း။ ။ဖွားမြင်တော်မူခြင်းကို ဆင်ခြင်သည်ဟူရာ၌ ဖွားမြင် သောအခါ ဖြစ်လာသော အံ့ဖွယ် ထူးခြားသော

အဖြစ်အပျက်များကို ဆင်ခြင်ခြင်းပင်။ ဘုရားအလောင်း ဖွားမြင်တော်မူပြီး ခုနစ်ရက်အကြာတွင် မယ်တော် တုသိတာနတ်ပြည်၌ ဖြစ်ရခြင်း, အခြားမိန်းမများ ကိုယ်ဝန်ကို ကိုးလ, ဆယ်လ လွယ်ကာ မွေးရသော်လည်း ဘုရားလောင်းမယ်တော်မှာ ဆယ်လတိတိ လွယ်လျက် မွေးရခြင်း, အခြား မိန်းမများကဲ့သို့ ထိုင်လျက် အိပ်လျက် မွေးရသည်မဟုတ်ပဲ ရပ်လျက်သာ မွေးဖွားခြင်း, မယ်တော်ဝမ်းမှ ထွက်လာသောအခါ အလောင်းတော်ကို နတ်တို့က ပဌမ ခံယူပြီး လူတို့က နောက်မှ ခံယူခြင်း, အလောင်းတော် မယ်တော်ဝမ်းမှ ထွက်လာသောအခါ မြေသို့မကျမီ နတ်သား လေး ယောက်က ခံယူပြီး မယ်တော်ရှေ့ချကာ "ဝမ်းမြောက်တော်မူပါ အရှင် မိဖုရား....အရှင်မအား ဘုန်းကံကြီးမားသော သားကောင်းရတနာ ဖွား မြင်လာပါပြီ"ဟု လျှောက်တင်ခြင်း, အညစ်အကြေး မလူးလဲ သန့်ရှင်းစွာ ဖွားမြင်လာခြင်း, ဘုရားလောင်းနှင့် မယ်တော်တို့ ရေသုံးသပ်ရန် အပူ အအေး ရေအယဉ်နှစ်ခု ကောင်းကင်မှ ကျရောက်လာခြင်း, မွေးခါစ အလောင်းတော်သည် မြောက်အရပ်သို့ မျက်နှာမူလျက် ခုနစ်ဘဝါး လှမ်း ကြွကာ "ငါကား လောကထက် အမြတ်ဆုံး, အကြီးဆုံး, ချီးမွမ်းအပ်ဆုံး ဖြစ်သည်"ဟူသော စကားသုံးခွန်းကို ရဲရဲစွာ မြွက်ကြားတော်မူခြင်း, ထူးခြား လွန်ကဲသော အရောင်အလင်း ပေါ်လာခြင်းနှင့် လောကဓာတ် တသောင်း တုန်လှုပ်ခြင်းစသော အံ့ဖွယ်များကား အလောင်းတော် မွေးဖွားသောအခါ ဖြစ်ပေါ်လေသည်။

တောထွက်ခြင်း။ ။သာမာန်လူများမှာ သူအို,သူနာ, သူသေတို့ကို အကြိမ်ကြိမ် မြင်ရသော်လည်း သံဝေဂမဖြစ်ကြ၊ အလောင်းတော်မှာ တခါမြင်ရုံမျှဖြင့် အလွန်ထူးမြတ်သော မိမိ နန်း စည်းစိမ် အပေါ်မှာ သာယာဖွယ်မထင်, ဘေးအဖြစ် မြင်လာ၍ တောထွက်ရန် အားထုတ်တော့၏။ လမ်းမှာ မာရ်နတ်က ခုနစ်ရက်ကြာ စကြာရတနာကြီး ဆိုက်ရောက် လာတော့မည့် အကြောင်းဆိုကာ ဟန့်တား လာသော်လည်း လူ့လောက၏အမြတ်ဆုံးချမ်းသာဖြစ်သော စကြာမင်း စည်းစိမ်ကိုပင် မခင်မတွယ်တော့ပေ၊ ဘဝများစွာက အလေ့အလာများခဲ့

သော နေကမ္မခေတ်ခံကြောင့်ပင်။ ထို့ကြောင့် ဘုရားအလောင်းတော်၏ တောထွက်သည်မှအစ ရဟန်းပြုသည်အထိ တောထွက်ခန်းမှာ အရှင်အာနန္ဒာမထေရ်၏ နှစ်သက်ကြည်ညိုစွာ ဆင်ခြင် အောက်မေ့ဖွယ်အချက် တခု ဖြစ်တော့သည်။

ဒုက္ကရစရိယာ။ ။ပဓာနစရိယံ-၌ ပဓာနကား ဝီရိယတည်း၊ သို့သော် ဝီရိယကို မဆို၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းကိုသာ ဆို၏။
ဒုက္ကရစရိယာခေါ် သာမန်လူတို့ ကျင့်နိုင်ခဲသော အပန်းခံကျင့်သော ဘုရားမဖြစ်မီ ခြောက်နှစ်အတွင်း ဘုရားအလောင်းတော်၏ အကျင့်များပင်။ ထိုအကျင့်များကား "ဘုရားသည် အကျိုးမဲ့ ဒုက္ကရစရိယာမှ လွတ်မြောက်ခဲ့ရပြီဟု ဟောတော်မူသောကြောင့် လမ်းမှန်မတွေ့ရပဲ လွဲနေခြင်းပင်ဖြစ်၏။ ရုပ်လက္ခဏာတွေ ဖျက်ပြား အားအင်တွေ ကုန်သည်အထိ ပင်ပန်းကြီးစွာ အားထုတ်လာခဲ့ရပုံများကို ဘုရားရှင်သည် အကြောင်းအားလျော်စွာ အခါခါပင် ဟောကြားတော်မူခဲ့ရာ ဒေသနာအဖြစ် ထင်ရှားလျက်ရှိနေ၏။

ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားက ဇာလိ၊ ကဏှာဇိန် မင်းသား၊ မင်းသမီးကလေးများကို နှိပ်စက်ညှဉ်းပန်းပုံများမှာ မျက်မြင် အဖြစ်အပျက် အနေဖြင့် ဆိုလျှင် တွေးချင်စရာပင် မဟုတ်၊ သို့သော် ဇာတကဒေသနာအဖြစ် တွေ့ရနာရသောအခါ မင်းသား မင်းသမီးတို့၏ သနားဖွယ်၊ ဇူဇကာ၏ ကြောက်မက်ဖွယ် အဖြစ် ကရုဏာရသ၊ ရုဒ္ဒရသ များမှာ နှစ်သက်ဖွယ်တမျိုးဖြစ်ရ၏။ ထို့ အတူ ဘုရားရှင်၏ ထိုအကျင့်များမှာ မမှန်သော်လည်း ဒေသနာအရ ထူးမြတ်သော စည်းစိမ်ရှင်ကြီးအဖြစ်ဖြင့် အလွန်ချမ်းသာခဲ့၍ လွန်စွာ နူးညံ့သော ပုဂ္ဂိုလ်တဦးက ကိုယ်နှင့်အသက် ပဓာန မထား ကြိုးစားခဲ့ပုံမှာ အံ့ဖွယ်အတိဖြစ်ကာ နှစ်သက်စရာ တရပ်ပင်ဖြစ်ရသည်။ ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သည်လည်း ထိုဒေသနာအရ ဆင်ခြင်ခြင်းဖြစ်သည်။

ဗောဓိပလ္လင်၌ မာရ်အောင်ခြင်း။ ။ပလ္လင်-သဒ္ဒါကား ထိုင်ဖွယ်နေရာ, အိပ်စရာ ခုတင်, တင်ပလ္လင်ခွေခြင်း စသည်၌ ဖြစ်ရာ ဤ၌ ထိုင်ဖွယ်နေရာတည်း။ထိုနေရာလည်း သောတ္တိယ လှူအပ်သော မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲခြင်းဖြင့် ဖြစ်လာသော မြက်အခင်းသာတည်း။ (ဗောဓိမူလေ ပလ္လင်္ကော ဗောဓိပလ္လင်္ကော။ ဗောဓိမူလေ၊ ဗောဓိပင်ရင်း၌။ ပလ္လင်္ကော၊ နေရာပလ္လင်တည်း။ သာကပတ္ထိဝါဒိဂိုဏ်း ဖြစ်၍ ရှေး ဗောဓိမူလ၌ မူလနောက်ပုဒ်ကျေသည်။ သမီပအနက်၌ ဘုမ္မကြံ၍ **ဗောဓိယာ** ပလ္လင်္ကောဟု ဖော်လည်း ပြု။)

ဘုရားဖြစ်မည့်နေ့ နေမဝင်မီ မာရ်နတ်သားသည် မိမိစစ်သည်တို့ဖြင့် ဂိရိမေခလာဆင် စီးကာ ရောက်လာပြီးလျှင် ဘုရားရှင်ကို လေ မိုး စသည် ဆင်၍ရင်း, စက်လက်နက် ဆင်လွှတ်၍ရင်း, အမျိုးမျိုး တိုက်သော်လည်း ရှဝ်တော်မြတ်ကို မထိခိုက်ပဲရှိသောအခါ နေရာပလ္လင်မှ ထပေးရန် အရေး ဆိုလာ၏။ ထိုအခါ ဘုရားရှင်က မြေကြီးကို သက်သေအဖြစ် လက်တော် ဆန့်တန်းလျက် ညွှန်သော အခါ ပြင်းထန်စွာ မြေတုန်လှုပ်၍ မာရ်နတ် လည်း ဂိရိမေခလာဆင်ပေါ်မှ ကျ, သူ၏စစ်တပ်လည်း ထွက်ပြေးကြရ တော့၏။ ဤသို့ဖြင့် စစ်တပ်မပါ တကိုယ်တော်တည်းသာ ပါရမီအစွမ်းဖြင့် နေမဝင်မီ မာရ်စစ်သည်တော်တို့ကို အောင်မြင်ပြီးနောက် ညဦးယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ရ၍ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်,မိုးသောက်ယာမ်၌ အာသဝက္ခယဉာဏ်ရရှိကာ ကိလေသာ အဘိသင်္ခါရတို့ကို လုံးဝကုန်စေ၏။ ကိလေသာ သင်္ခါရတို့ရှိလျှင် ဖြစ်မြဲဖြစ်သော ခန္ဓ မစ္စုတို့မှာ ကိလေသာ သင်္ခါရတို့ ကုန်သည်နှင့် တပြိုင်နက် ငြိမ်းမှုပြီးခဲ့ပြီးဖြစ်ရာ အားလုံး မာရ်ငါးပါးကို ဗောဓိပလ္လင်၌ပင် တခါတည်း အောင်မြင်ခဲ့လေသည်။ ဤ မာရ်ငါးပါးအောင်မြင်ပုံလည်း အရှင်အာနန္ဒာ၏ ကြည်ညို ဆင်ခြင် အောက်မေ့ဖွယ် တရပ်ပင်။

သဗ္ဗညုတဉာဏ်ရခြင်း။ ။မဂ္ဂပဋိဝေဓ, အညာပဋိဝေဓ စသည်၌ မဂ်ကို ထိုးဘွင်း သိခြင်း, အရဟတ္တမဂ်ကို ထိုးထွင်း သိခြင်း ဆိုရာဝယ် မဂ်,အရဟတ္တမဂ်တို့ကို အာရုံပြု သိခြင်းကားမဟုတ်၊

မိမိသန္တာန်၌ မဂ်ဖြစ်ပေါ် လာသောအခါ ထိုကဲ့သို့ ဖြစ်လာအောင် မဂ်အရောက် ထွင်းဖောက်နိုင်ခြင်းကိုပင် မဂ္ဂပဋိဝေဓ ဆိုရ၏။ ထို့အတူ အရဟတ္တမဂ်ဖြင့် အပြီးရောက်ခဲ့သော သဗ္ဗညုတဉာဏ် ရခြင်းကိုလည်း ထိုကဲ့သို့ ထွင်းဖောက်ခြင်းဖြစ်၍ သဗ္ဗညုတဉာဏပဋိဝေဓ (=သဗ္ဗညုတဉာဏ်ကို ထိုးထွင်း သိခြင်း) ဟုဆိုသည်။

သဗ္ဗညုတဉာဏ်တော်ရခြင်းကို အရှင်အာနန္ဒာ တိုက်ရိုက်သိနိုင်သည်ကားမဟုတ်၊ အနုမာနအားဖြင့် မှန်းဆကြည့်ညိုခြင်းပင်။ အလွန်နက်နဲဆန်းကြယ်၍ သာမန်ပုဂ္ဂိုလ်များ မဟောကြားနိုင်သော တရားတော်များကို တွေ့ရနာရသဖြင့် ထိုတရားအလုံးစုံကို သိနိုင်သော ဉာဏ်တော်ကို မှန်းဆနိုင်ခြင်းဖြစ်၏။

ဓမ္မစကြာနှင့် လောကုတ္တရာ။ ။ဓမ္မစကြာတရား ဟောကြားခြင်းကို ဆင်ခြင်ရာ၌ တရားတော်၏ ကောင်းမွန်လေးနက်ပုံ, ထိုအခါ နတ်ဗြဟ္မာများစွာ စုဝေးရောက်လာပုံ, လွန်စွာအားရနှစ်သက်လျက် အဆင့်ဆင့် ကြွေးကြော်ကြပုံ, သောင်းလောကဓာတ် ပဲ့တင်ခတ်အောင် တုန်လှုပ်ပုံ, ထူးခြားလွန်ကဲသော အရောင်အပါများဖြစ်ဖြစ်လာပုံ, တောတောင်တခွင် အခါမဲ့ပွင့်သော ပန်းသစ်ပင်တို့ဖြင့် ဝေဆာနေပုံ စသည့် ရှုဖွယ်များဖြစ်ပါလိမ့်မည်။

လောကုတ္တရာ တရားကိုးပါးကို အရှင် ဆင်ခြင်သည်မှာလည်း အမှန်းအဆအားဖြင့်သာ။ အရှင်သည် စေတောပရိယဉာဏ် ရသူဖြစ်စေဦးတော့ သူတပါး၏ အထက်မဂ်ဖိုလ်ကိုကား မသိနိုင်ရာ၊ မိမိမရဘူးသော မဂ်ဖိုလ်ကိုမသိ၊ သို့သော် မိမိမှာ သောတာပန်ဖြစ်၍ လောကုတ္တရာတရားကို မှန်းဆရာ၌ ပုထုဇဉ်တို့၏မှန်းဆခြင်းထက် ပိုမိုလေးနက်စွာ မှန်းမြော် ကြည်ညိုနိုင်မည်မှာ သေချာလှပေသည်။

ဗုဒ္ဓဂုဏ် အလုံးစုံ။ ။ဘုရားရှင်၏ ဂုဏ်တော်များကား အများပင် ကျန်နေသေး၏။ သို့ဖြစ်လျှင် "သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာ-

ဝဇ္ဇေတွာ" ဟု ဘာကြောင့်ဆိုသနည်း။ ဤသဗ္ဗမှာ ပဒေသသဗ္ဗခေါ် တစိတ်တဒေသ၌ ဖြစ်သော သဗ္ဗတည်း။ ဘုရားတဆူ၏ ဂုဏ်ကို ဘုရားတဆူပင် တခြားတရားမဟောပဲ တကမ္ဘာလုံး ဟောနေသော်လည်း ကမ္ဘာသာကုန်၍ ဂုဏ်ကားမကုန်ဟု အဟောရှိရာ အရှင် အာနန္ဒာထေရ်ကား ထိုခဏမဆိုထားဘိ တသက်လုံးအောက်မေ့၍ပင် မကုန်နိုင်ရာ။ "သမုဒ္ဒေါ မယာ ဒိဋ္ဌော" ကဲ့သို့ သမုဒါယဝေါဟာရ (=အစိတ်ကိုအပေါင်းအသုံးဖြင့် သုံးနှုန်းပြောဆိုခြင်း) သော်လည်း ဆိုနိုင်သည်။

အရှင်အာနန္ဒာလို။ ။အရှင်အာနန္ဒာ မထေရ်သည် ပရိတ်မရွတ်မီ ဘုရားဂုဏ်ကို အတော်စုံအောင် ဆင်ခြင်သည်ဆိုရာ တခြားပရိတ်ရွတ်သူများလည်း ဤအချက်ကို လေးနက်စွာ မှတ်သားလိုက်နာသင့်၏။ ပရိတ်ရွတ်ရာ၌သာမက မည်သည့်ကောင်းမှုပြုရာ၌မဆို ရှေးဦးစွာ ဘုရားရှင်ကို အောက်မေ့ခြင်းမှာ အစဉ်ပြုထိုက်သော တာဝန်တရပ်ပင် ဖြစ်ပေသည်။

အရှင်အာနန္ဒာမထေရ်ကဲ့သို့ ကရုဏာစိတ်ထားရမည်ဆိုရာ၌ ကရုဏာစိတ်ထားမှာ ပရိတ်ရွတ်သူ၏ ပြည့်စုံရမည့် အင်္ဂါတရပ်ပင် ဖြစ်သည်။ ပရိတ်ရွတ်ဆိုရာ၌ အနက်သဒ္ဒါ ချွတ်ယွင်းလျှင်, ကောင်းစွာလေ့လာမထား၍ ပုဒ်ဗျည်းတွေ ယုတ်လျော့ကျနေလျှင် ပရိတ်တန်ခိုးမရှိ။ ကောင်းစွာလေ့လာကျက်မှတ်ထား၍ အကျအလျော့မရှိပဲ အနက်သဒ္ဒါလည်း မှန်ကန်အောင် ရွတ်သူ၏ ပရိတ်သာလျှင် တန်ခိုးရှိ၏။ လာဘ်ဟူသော အကြောင်းကြောင့် သင်ယူ ရွတ်ဆိုသူ၏ ပရိတ်လည်း အကျိုးမပြီးစေ၊ မေတ္တာရှေ့သွားပြု၍ ရွတ်ဆိုသူ၏ပရိတ်သာ အကျိုးပြီးစေ၏။ ထို့ကြောင့် ပရိတ်ရွတ်သူ၌ အင်္ဂါသုံးပါးပြည့်စုံရမည်။ ထိုအင်္ဂါသုံးပါးကား—

(၁) အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာ သင်ယူထားခြင်း။

(၂) ပုဒ်ဗျည်းတို့ကို မယုတ်စေရ, ပြည့်စုံအောင် လေ့လာ ကျက်မှတ်ထားခြင်း။

(၃) လာဘ်လာဘကိုမငဲ့ မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်းတို့တည်း။

ပရိတ်ရွတ်သူ၌ ရှိရမည့်အင်္ဂါကို အမျိုးမျိုးပြကြ၏။ ဤကား ပါထိက အဋ္ဌကထာ အာဋာနာဋိယသုတ် (၁၄၉) အရ ဖြစ်သည်။

ပရိတ်ရွတ်သူ၌ အင်္ဂါသုံးပါး ပြည့်စုံရသကဲ့သို့ နာသူ၌လည်း အင်္ဂါ သုံးပါးပြည့်စုံမှ ပရိတ်အကျိုးခံစားရသည်။ ထိုအင်္ဂါသုံးပါးကား— (၁) ပဉ္စာနန္တရိယကံ မရှိခြင်း။ (၂) နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။ (၃) ပရိတ်တန်ခိုးကို ယုံကြည်ခြင်းတို့တည်း။ (မိလိန္ဒပဉှာ-၁၅၅)

* သဒ္ဒါဒါနပတ်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊ မေတ္တာရှေ့- ထား၊ ရွတ်သူအား၊ ကျိုးများ ပရိတ်မြတ်။

* ပဉ္စာနန္တရိ နိယတဒိဋ္ဌိ ပရိတ်မယုံ နာသူကြုံ၊ ကျိုးဂုဏ် မရတတ်။

ဤ "ပဏိဓာနတော ပဋ္ဌာယ" စသည်မှာ ဓမ္မပဒအဋ္ဌကထာ (ဒု-ပကိ- ဏ္ဏကဝဂ္ဂ၊ အတ္တနောပုဗ္ဗကမ္မဝတ္ထု၊ ၂၇၅)မှ အရှင်အာနန္ဒာမထေရ် ဆင် ခြင်ပုံပင်ဖြစ်၏။

ရတနသုတ် နိဒါန်း။ ။ စကြဝဠာ ကုဋေတသိန်းက နတ်ပြဟ္မာများ ရတနသုတ်၏ အာဏာအရှိန်အဝါကို ခံယူကြ သည်ဆိုသဖြင့် ရတနသုတ်၏ အာနုဘော်သာ စကြဝဠာကုဋေတသိန်း နှံ့သည်ဟု မမှတ်ရ၊ အခြားပရိတ်တော်များ၏ အရှိန်အဝါကိုလည်း ထိုခေတ်အတွင်းရှိ နတ်ပြဟ္မာများ ခံယူကြသည်သာ။ ဤသို့ ပရိတ် တော်တို့၏ အာစွမ်းရှိန်ဝါ နှံ့ရောက်ခြင်းမှာ ဘုရားရှင်၏ အာနုဘော် ကြောင့်ဖြစ်သည်။

ဤ ရတနသုတ်သည် ဝေသာလီပြည်၌ ဘေးကြီး သုံးပါးကို ပျောက် စေခဲ့ဘူးသည်ဟူသော စကားဖြင့် ရတနသုတ်ဖြစ်ပေါ်လာခြင်းအကြောင်း နိဒါန်းကို ညွှန်ပြ၏။ ဝေသာလီပြည်၌ မိုးခေါင်၍ ကောက်ပဲသီးနှံများ ပျက်စီးမှုကြောင့် အစာရှားပါး ငတ်မွတ်ခြင်း ဘေးကြုံရသောအခါ ဆင်းရဲသားများစွာ သေကျေပျက်စီးရ၏။ လူသေကောင်တွေ မြို့ပြင် ပစ်ထားကြရာ ထိုလူသေနံ့များကြောင့် မြို့တွင်းသို့ ဘီလူးများ ဝင်ရောက် ခဲ့၍ လူများ ပိုမိုသေဆုံးကြရပြန်၏။ မကောင်းသော အနံ့ဆိုးများကြောင့်

ပလိပ်ရောဂါ စသည်ကဲ့သို့ ကူးစက်ပြန့်ပွါးတတ်သော အဟိဝါတ ရောဂါ တမျိုး ဖြစ်လာပြန်၍ အများအပြား ပျက်စီးကြရ၏။ ထိုအခါ လူအများ သည် ငါတို့ပြည်မှာ မင်းခုနစ်ဆက်တိုင်အောင် ဤကဲ့သို့ ဘေးမျိုး မကြုံစဘူးခဲ့။ ဘုရင် တရားမစောင့်သောကြောင့် ဖြစ်လေသလောဟု ဘုရင့်ထံ လျှောက်ထားကြသော် ဘုရင်လည်း ပရိသတ်စည်းဝေးစေ၍ မိမိအပေါ် အပြစ်ရှာစေ၏။ ဘုရင်၌ မည်သည့်အပြစ်မျှ မတွေ့ရသော ကြောင့် ဘယ်နည်း ဘယ်ပုံပြုရမည်ကို တိုင်ပင်ဆွေးနွေးကြသော် အချို့ က တိတ္ထိဆရာကြီး ခြောက်ယောက်တို့အား ပင့်ရန် အကြံပေးကြ၍ အချို့က ဘုရားရှင်ကို ပင့်ရန် အကြံပေးကြ၏။ ဘုရားရှင်ကို ပင့်ရန် အားလုံး သဘောတူကြပြီးလျှင် လိစ္ဆဝီမင်းနှစ်ယောက်အား နောက်ပါ များနှင့်အတူ စေလွှတ် လျှောက်ထားစေခဲ့ရာ ဘုရားရှင်လည်း ဝေသာလီ ပြည်သို့ ကြွတော်မူခဲ့၏။ ဘုရားရှင် ဆိုက်ရောက်သောအခါ သိကြားမင်း နှင့်တကွ တန်ခိုးကြီး နတ်များလည်း ရောက်လာ၍ ဘီလူးများ အများ အပြား ထွက်ပြေးကြရ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေး၍ ရွတ်ဆိုစေခဲ့ရာ ဝေသာလီပြည် တံတိုင်း သုံးထပ်တို့ အကြားဝယ် ညဉ့်သုံး ယာမ်ပတ်လုံး အရှင်အာနန္ဒာ၏ ရွတ်ဆိုမှုကြောင့် ဘီလူးများ အကုန် ထွက်ပြေးကြ၏။ ဘီလူးများ ကုန်လျှင်ပင် လူတွေအားလုံး ရောဂါပျောက် ငြိမ်းခဲ့ရာ လူတွေအားလုံး ထွက်လာပြီးလျှင် မြို့လယ်လွှတ်ရုံးကို မွှမ်းမံပြင် ဆင်ကာ ဘုရားရှင်ကို ပင့်ဆောင်ကြ၏။ ဘုရားရှင်လည်း ထိုလွှတ်ရုံး၌ စုဝေးလာရောက်ကြသော လူနတ် ပရိသတ်တို့အား ရတနသုတ် ပရိတ် တော်ကိုပင် ဟောကြားတော်မူပေသည်။

---

(၂၀) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

(၂၇) ဣဓ၊ ဤအရပ်၌။ ဘုမ္မာနိ၊ မြေ၌ဖြစ်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ငင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ငင်း။ သမာဂတာနိ၊ စည်းဝေးရောက်လာကြကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ ဘူတာ၊ ထိုနတ်အများတို့သည်။ သုမနာ၊ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကုန်သည်။ ဘဝန္တု၊ ဖြစ်ကြကုန်လော့။ အထောပိ၊ ထို့မှတပါး။ ဘာသိတံ၊ ငါဘုရား တရားတော်ကို။ သက္ကစ္စ၊ အရိုအသေပြု၍။ သုဏန္တု၊ နာယူကြကုန်လော့။

စကားပြေ—ဤအရပ်၌ စည်းဝေး ရောက်လာကြသော မြေ၌ ဖြစ်သော နတ်များ, ကောင်းကင်၌ ဖြစ်သော နတ်များ အားလုံးတို့သည် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြကုန်လော့၊ ထို့ပြင် ငါဘုရား တရားတော်ကို ရိုသေစွာ နာယူကြကုန်လော့။

ရတနသုတ် အစ။ ။"ယာနီဓ ဘူတာနိ" စသည်ကား ဘုရားဟော ရတနသုတ်၏ အစဂါထာတည်း။ ရတနာသုံးပါး ဂုဏ်တော်များဖြင့် သစ္စာပြုပုံများ ဟောကြားမည်ရှိရာ ရှေးဦးစွာ နတ်များကို တရားနာရန် တိုက်တွန်းတော်မူခြင်း ဖြစ်၏။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[ဘူတ-သဒ္ဒါကား ထင်ရှားရှိသောအနက်, ခန္ဓာငါးပါး, မဟာဘုတ်လေးပါး, ရဟန္တာ, သတ္တဝါ, သစ်ပင်စသော ဘူတဂါမ်, စတုမဟာရာဇ်မှ အောက်သတ္တဝါအပေါင်းဟူသော အနက်များ၌ ဖြစ်သည်ကို တွေ့ရ၏။ ဤ'ယာနီဓ ဘူတာနိ'၌ ဘူတ-ကား သာမညအားဖြင့် အမနုဿ (=နတ်ဖြုတ်ဘုတ်များ)၌ ဖြစ်၏ဟု မှတ်အပ်၏။

မြင်းမိုရ်တောင်လည်း မြေပင်။ ထို့ကြောင့် မြင်းမိုရ်တောင်ထိပ် တာဝတိံသာ နတ်ပြည်မှ အောက်မြေပြင် သစ်ပင် တောတောင် စသည်၌ဖြစ်သော နတ်များကို ဘုမ္မ (=မြေ၌ဖြစ်သောနတ်များ) ဟု ဆိုအပ်၏။ (ဘူမိယံ နိဗ္ဗတ္တာနိ ဘုမ္မာနိ။ ။ ဘူမိယံ၊ မြေ၌။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သော နတ်တို့တည်း။ ဘုမ္မာနိ၊ မြေ၌ဖြစ်ကုန်သော နတ်တို့။)

အန္တလိက္ခေ ဘူတာနိ အရကား ယာမာအစ အကနိဋ္ဌအထိ ထက်ကောင်းကင်၌ ဖြစ်သော နတ် ဗြဟ္မာ များတည်း။ အရှုပ် အသညသတ်တို့ကိုကား ကောင်းကင်၌ ဖြစ်သော်လည်း တရားနာ မလာရောက်နိုင်၍ မယူရ။]

ဝါသဒ္ဒါ ဝိကပ္ပနေ။　။[ဝါတိ ဝိကပ္ပနေ-အဋ္ဌကထာဖွင့်အရ ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ-၌ ဝါ-တို့ကား ဝိကပ္ပန-၌ဖြစ်၏။ ဝိကပ္ပန (=ဝိကပ်)၌ ဖြစ်သည်ဟု ဆိုသော်လည်း အချို့အရာ၌ ပြအပ်သော ဝိကပ်မျိုးကား မဟုတ်၊ ထိုစကား ထင်ရှားစေဦးအံ့။ ဝါသဒ္ဒါ၏ အနက်မှာ သမုစ္စည်း ဝိကပ်ဟု ရှိခဲ့ရာ "ရာဇ-တော ဝါ စောရတော ဝါ ။ပ။ အာရက္ခံ ဂဏှန္တိ" ပရိတ်စသည်၌ကဲ့သို့ မင်း ခိုးသူ စသည် အကုန်ယူရသော ဝါ-မျိုးကို သမုစ္စည်း ဆိုရ၏။ "ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ" စသည်ကဲ့သို့ နှစ်ခုလုံးမရ တခုခုကိုသာရ၍ ထိုတခုမှာလည်း မည်သည့်အရာဟု အသေအချာ မဟုတ်သော ဝါ-မျိုးကို ဝိကပ်ဆို၏။ ထိုသို့ သမုစ္စည်းကဲ့သို့ နှစ်ခုလုံးလည်းမရ တခုကလည်း အသေအချာ မဟုတ်၍ ဝိဝိဓကပ္ပန (=အထူးထူးအထွေထွေ အမျိုးမျိုးအဖုံဖုံ ပြုခြင်း)ဟူသော အနက်အရ ဝိကပ်အမည် ရခြင်းဖြစ်သည်။ ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ-၌ ဝါ-ကား ထိုနှစ်မျိုးတွင် သမုစ္စည်းပင် ဖြစ်၏။ သမုစ္စည်း ဝါ-ကိုပင် ရည်ရွယ်ချက် အနက်တမျိုးအရ ဝိကပ္ပန ဆိုထားရာ ဝိကပ်တမျိုးပင်။ အချို့အရာ ၌ အနက်နှစ်မျိုး သုံးမျိုးစသည်ဖြင့် အနည်းနည်းပြသောအခါ ထိုနည်းများမှာ ဝိကပ် အမည်ရခဲ့၏။ ထို့ကြောင့် ပဌမဝိကပ် ဒုတိယဝိကပ်စသော အသုံးလည်းဖြစ်ရ၏။ နှစ်နည်း သုံးနည်းဖြစ်ခြင်းမှာ ဝိဝိဓကပ္ပန= အထူးထူး အထွေထွေပြုခြင်း၊ ဝိဘိန္နကပ္ပန = ကွဲပြားအောင်ပြုခြင်းများဖြစ်၍ ဝိကပ် အမည်ရခြင်းဖြစ်၏။ ဝိသေသကပ္ပန၊ ထူးအောင်ပြုခြင်း အထူးကြံခြင်းဟူသော အနက် များလည်း ဖြစ်သင့်ပါ၏။ ဤ၌လည်း သဗ္ဗေ ဘူတာ-အရ ဘူတကို အနိယတ်ဘက်၌ ဘုမ္မဘူတ၊ အန္တလိက္ခဘူတဟု နှစ်မျိုးခွဲကာ အမျိုးမျိုးပြုခြင်း၊ ကွဲပြားအောင်ပြုခြင်း၊ ထူးအောင်ပြုခြင်းကြောင့် ဝါ-ကို ဝိကပ္ပန၌ ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပေသည်။]

တိုက်တွန်းချက်နှစ်ရပ်။　။"တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမိ=ထိုတရားကိုနာကြ၊ ကောင်းစွာ နှလုံးသွင်းကြ၊ ငါဘုရား ဟောကြားတော့မည်" စသည်ဖြင့် တရံတခါ မြတ်စွာဘုရားသည် တရားမဟောမီ တိုက်တွန်းလေ့ရှိ၏။ ထိုသို့တိုက်တွန်း ခြင်းမှာ တရား၌ အာရုံပြု၍ သတိစိုက်စေခြင်းငှါ ဖြစ်၏။ ထို့ကြောင့်

နုတ်များ သတိဖြစ်စေဖို့ရာ “သက္ကစ္စ သုဏန္တု ဘာသိတံ”ဟု တရားနာရန် တိုက်တွန်းတော်မူသည်။

ပယောဂသမ္ပတ္တိ။ ။သမ္မာပယောဂ (=ကောင်းသောလုံ့လ)ကို ပယောဂဟု ဆို၏၊ မကောင်းသော အလုပ်ကို ပြုလုပ်လျှင် ထိုပယောဂပျက်စီး၍ ပယောဂဝိပတ္တိ (=ပယောဂ၏ ပျက်စီးခြင်း) ဖြစ်ရသည်။ တရားနာမှုမှာ ကောင်းသောကြိုးစားမှု ပယောဂဖြစ်ရာ ပယောဂသမ္ပတ္တိ (=ပယောဂ၏ ပြည့်စုံခြင်း) ပင်တည်း။ တရားနာရန် တိုက်တွန်းခြင်းမှာ ထိုပယောဂသမ္ပတ္တိဖြစ်ရန် တိုက်တွန်းခြင်းဖြစ်၏။ ထိုသို့ ပယောဂသမ္ပတ္တိ ဖြစ်ဖို့အရေး၌ ပင်ကိုယ်က ရှင်လန်းတက်ကြွနေသော စိတ်ရှိမှ, ဓာတ်ခံရှိမှ တရားကို ရိုသေစွာ နာနိုင်၏။ ပျင်းရိဆုတ်နစ်သောစိတ် ရှိသူ, မရိုမသေ မလိုချင်ရှိသူ စသည်များကား တရားကို နာလိုမည်မဟုတ်။ နာပြန်လည်း စူးစိုက်ရိုသေစွာ နာနိုင်မည်မဟုတ်။ ထိုသို့ ရှင်ပျတက်ကြွသော ဓာတ်ခံရှိမှသာ တရားကို နာနိုင်သည်ဖြစ်၍ ထိုဓာတ်ခံပြည့်စုံခြင်းကို အာသယသမ္ပတ္တိ (=အလိုဓာတ်ခံ၏ ပြည့်စုံခြင်း)ဟု ဆို၏။ ထိုဓာတ်ခံ ပြည့်စုံရေးကို တိုက်တွန်းတော်မူလို၍ “သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု”ဟု မိန့်တော်မူသည်။

အခြားသမ္ပတ္တိများ။ ။တရားနာခြင်းကို ပယောဂသမ္ပတ္တိဟု ဆိုခဲ့၏။ ထိုတရားနာခြင်းသည် သူတပါးထံမှ တရားသံကို ကြားရခြင်း ဖြစ်၍ ပရတောဃောသသမ္ပတ္တိ (=သူတပါးထံမှ တရားသံ ကြားရခြင်း၏ ပြည့်စုံခြင်း) ဟုရင်း, သူတော်ကောင်းကို မှီခိုရမှ တရားနာရသည်ဖြစ်၍ တရားနာရခြင်းကို သပ္ပုရိသူပနိဿယသမ္ပတ္တိ (=သူတော်ကောင်းဟူသော မှီရာ၏ ပြည့်စုံခြင်း) ဟုရင်း, တရားနာရသော် ဉာဏ်ပညာကို ရသည်ဖြစ်၍ ပညာဟေတုသမ္ပတ္တိ (=ပညာဖြစ်ရန် အကြောင်း၏ ပြည့်စုံခြင်း) ဟုရင်း ဆိုရပြန်သည်။ စိတ်ရှင်လန်းခြင်းကို အာသယသမ္ပတ္တိဟု ဆိုခဲ့၏။ တရားနာရေး၌ စိတ်ရှင်လန်းခြင်းသည် အသင့်အတင့်နှလုံးသွင်း ရှိသူ၌သာ ဖြစ်၍ စိတ်ရှင်လန်းခြင်းကို ယောနိသော

မနသိကာရသမ္ပတ္တိ (=လမ်းမှန်သင့်မြတ်သော နှလုံးသွင်းပြည့်စုံခြင်း) ဟုရင်း, စိတ်ကောင်းထားသူ၌သာ တရားနာရေးတွင် စိတ်ရှင်လန်းမှု ဖြစ်နိုင်၍ အတ္တသမ္မာပဏိဓိသမ္ပတ္တိ (=စိတ်ထားကောင်းမွန်မှု၏ ပြည့်စုံခြင်း) ဟုရင်း,ပီတိပဿဒ္ဓိသည် သမာဓိဖြစ်ခြင်း အကြောင်းဖြစ်၍ တရား နာရေး၌ စိတ် ရှင်လန်းခြင်းကို သမာဓိဟေတုသမ္ပတ္တိ (=သမာဓိဖြစ်ရန်အကြောင်း ပြည့်စုံခြင်း) ဟုရင်း ဆိုရပြန်သည်။ ထို့ကြောင့် "သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု" ဖြင့် အာသယ, ယောနိသောမနသိ-ကာရ, အတ္တသမ္မာပဏိဓိ, သမာဓိဟေတုသမ္ပတ္တိများဖြစ်ရန် တိုက်တွန်းခြင်းဖြစ်၍ "သက္ကစ္စ သုဏန္တု ဘာသိတံ" ဖြင့် ပယောဂ, ပရတောဃော-သ, သပ္ပုရိသူပနိဿယ, ပညာဟေတု- သမ္ပတ္တိများဖြစ်ရန် တိုက်တွန်းခြင်းဟု မှတ်အပ်သည်။

အထောပိအနက်။ ။[အထောပိ-ကို ကိစ္စန္တရသန္နိယောဇနတ္ထံ (=ကိစ္စတပါးကို တိုက်တွန်းခြင်းအကျိုးငှါ) ဝါကျောပါဒါနေ (=ဝါကျတပါးကိုယူခြင်း၌) နိပါတဒ္ဒယံ (=နိပါတ်နှစ်ခုအပေါင်းတည်း) ဟု အဋ္ဌကထာဖွင့်၏။ 'အထော၊ ထို့ပြင်' ဆိုလျှင် စကားတရပ် ရှိသေးသည်ကိုသိရ၍ 'ထို့ပြင်' က စကားတရပ်ကို ညွှန်ပြနေသည် ဖြစ်သောကြောင့် အထောပိကို ဝါကျောပါဒါန (=ဝါကျတပါးကို ယူခြင်း ဆိုခြင်း ၌)နိပါတ်ဟုဆိုသည်။ အထကို အချို့အရာ၌ အညာမိကာရပဝစနာရမ္ဘ (=အရာတပါး စကားတရပ်ကို အားထုတ်ခြင်း)ဟု ဆိုရာဝယ် ဝစနာရမ္ဘဆိုသည်မှာ ဝါကျောပါဒါနနှင့် အတူတူပင်။ န တဿ အဒ္ဒိဋ္ဌမိဓတ္ထိ ကိဉ္စိ၊ အထော အပိညာတ-မဇာနိတဗ္ဗံ၊ ပဋိသမ္ဘိဒါမဂ် (၁၂၇)၌ အထောတိ ဝစနောပါဒါနေ နိပါတော ဟု အဋ္ဌကထာဖွင့်၏။ ဝစနောပါဒါနနှင့် ဝါကျောပါဒါန အတူတူပင်။ စကားတရပ်ကို ယူရန် အထော- ထားရသည်။ အဘိဓာန်များ၌ သံသယ-ယုံမှားခြင်း, အာရမ္ဘ-စတင်အားထုတ်ခြင်း, ပဉှ- အမေး, ဝိကပ္ပ-ဝိကပ်, ပကရဏ-အရာ, သမုစ္စယ-သမုစ္စည်း, ပက္ခန္တရ အဖို့တပါး, ပစ္ဆာ-နောက်, မင်္ဂလ-မင်္ဂလာဟု အထ, အထော အနက်များလာရာ ဤ၌ ပက္ခန္တရဟုလည်း ဆိုနိုင်သည်။ နိပါတ်နှစ်ခုလုံးက ဝါကျောပါဒါန၌ဖြစ်၏ဟု ဆိုသဖြင့် ပိ၏သမုစ္စည်းအနက် မလိုတော့၍ ထိုမှတပါးဟုသာ ပြန်လိုက်ရတော့သည်။]

---

(၂၉) တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။

ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

(၂၉) ဘူတာ၊ နတ်အများတို့။ တသ္မာ ဟိ၊ ထိုသို့ တရားနာရန် ငါဘုရားတိုက်တွန်းတော်မူခဲ့သည်၏ အဖြစ်ကြောင့်သာလျှင်။ (တုမှေ၊သင်တို့သည်။) နိသာမေထ၊ နားစိုက်ကြကုန်လော့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ (တုမှေ၊ သင်တို့သည်။) မာနုသိယာ ပဇာယ၊ လူသားများအပေါ်၌။ မေတ္တံ၊ ချစ်မြတ်နိုးခြင်းကို။ ကရောထ၊ ပြုကြကုန်လော့။ ယေ၊ အကြင်လူတို့သည်။ ဒိဝါ စ၊ နေ့အခါ၌၎င်း။ ရတ္တော စ၊ ညဉ့်အခါ၌၎င်း။ ဗလိံ၊ ပူဇော်ဖွယ်ရာကို။ ဟရန္တိ၊ ဆောင်ယူပူဇော်ကြကုန်၏။ တသ္မာ ဟိ၊ ထိုကြောင့်ပင်လျှင်။ နေ၊ထိုသူတို့ကို။ အပ္ပမတ္တာ၊ မမေ့မလျော့ကြကုန်ပဲ။ ရက္ခထ၊ စောင့်ရှောက်ကြကုန်လော့။

စကားပြေ—နတ်အများတို့.... ငါဘုရား တရားနာရန် တိုက်တွန်းခဲ့သည်ဖြစ်၍သင်တို့ နားစိုက်ကြကုန်လော့။ သင်တို့အားလုံး လူသားများအပေါ်မှာ မေတ္တာထားကြလော့။ လူတို့သည် နေ့ရော ညဉ့်ပါ ပူဇော်ဖွယ်ရာကို ပို့ဆောင်ပူဇော်ကြသောကြောင့် ထိုလူများကို သင်တို့မမေ့ကြပဲ စောင့်ရှောက်ကြလေ။

တိုက်တွန်းဆုံးမချက်။ ။"တသ္မာ ဟိ"စသည်ကား လူတို့၏ နတ်များအပေါ်မှာ အစဉ်ပြုခဲ့သော ကျေးဇူးကို ဖော်ပြ၍ ကျေးဇူးတုံ့ပြန်ကာ လူသားများအပေါ် မေတ္တာထားကြရန် စောင့်ရှောက်ကြရန် တိုက်တွန်းဆုံးမတော်မူခြင်းဖြစ်၏။

တသ္မာဟိ အစွဲ။ ။[တသ္မာ-ကား ဆိုခဲ့ပြီးစကားကို အကုန်သိမ်းကျုံး စွဲဆိုမြဲတည်း။ ဤ၌ ရှေးကလည်း'သုဏန္တု-နာကြကုန်' ဆို၍ တဖန်'နိသာမေထ-နာကြကုန်'ဆိုပြန်ရာ ထပ်နေသဖြင့် အကုန်သိမ်းကျုံး စွဲရန်မဖြစ်တော့၍ တသ္မာအစွဲ အခက်အခဲတရပ် ဖြစ်နေသောကြောင့် အဋ္ဌကထာက ဤတသ္မာစွဲပုံကို အနည်းနည်း ဖွင့်ပြခဲ့၏။ ၎င်းမှနည်း၌ သမာဂတာနံ-ကို စွဲ၏။ယသ္မာ သမာဂတာနံ တသ္မာ၊စုဝေ

ရောက်လာကြသည်၏ အဖြစ်ကြောင့်ဟုပေး။ အဋ္ဌကထာ၌ အန္တယ ဖျတိရေကဖွင့် ၍ တသ္မာ ဟိ၊ သင်တို့ နတ်ဘုံ နတ်စည်းစိမ်တော့စွန့်ကာ ရောက်လာသည်မှာ ကပွဲစသည် ကြည့်ရန်မဟုတ်, တရားနာရန်သာ စုဝေးရောက်လာကြသည်၏အဖြစ်ကြောင့် ဟု ဝေဝေဆာသာ စွဲခဲ့၏။

ဒုတိယနည်း၌ သုမနာ ဘဝန္တု သုဏန္တု ဘာသိတံ-တို့ကို ကြည့်စွဲသည်။ ဘုရားရှင်က ရှင်လန်းဝမ်းမြောက်ကြ, ရှိသေစွာနာကြဟု တိုက်တွန်းခြင်းဖြင့် နတ်တို့၌ ရှင်လန်းသည်၏အဖြစ် နာလိုသည်၏အဖြစ် ရှိနေရာ ထိုအဖြစ်များကိုပင် “တသ္မာ ဟိ၊ ထိုသို့ စိတ်ရှင်လန်းဝမ်းမြောက်သည်၏အဖြစ်, ရှိသေစွာ တရားနာလိုသည်၏အဖြစ်ကြောင့်သာလျှင်” ဟု စွဲ၏။ ဤအချက်၌လည်း အဋ္ဌကထာ အကျယ်စွဲပုံမှာ ထိုသို့စိတ်ရှင်လမ်းသည်ဖြစ်၍ အတ္တသမ္မာပဏိဓိ, ယောနိသော မနသိကာရ, အာသယ၏ စင်ကြယ်ခြင်းတို့နှင့်ယှဉ်သည်၏အဖြစ်, ရှိသေစွာနာလိုသည်၏အဖြစ်ကြောင့် သပ္ပုရိသူပနိဿယ, ပရတော ဃောသဖြစ်ကြောင်း ကောင်းသော ပယောဂ၏ စင်ကြယ်ခြင်းတို့နှင့် ယှဉ်သည် အဖြစ်ကြောင့် ဟူ၏။

တတိယနည်း၌ “တသ္မာ ဟိ၊ ငါဘုရား တရားတော်မှာ နာလည်း နာရခဲ, အကျိုးလည်း များ၍ တရားတော်ကို နာကြဟု ငါဘုရား မိန့်ကြား တိုက်တွန်းခဲ့သည်၏ အဖြစ်ကြောင့်”ဟု စွဲ၏။ ဤတတိယနည်းအရ လိုရင်းအချုပ်ကို ယူကာ “တသ္မာ ဟိ၊ တရားနာရန် ငါဘုရား တိုက်တွန်းတော်မူခဲ့သည်၏အဖြစ်ကြောင့်”ဟု ပေးခဲ့သည်။]

နှားစိုက်ရမည့် တရား။ ။တရားတော်၌ နှားစိုက်ကြရန် တိုက်တွန်းပြီးနောက် နာရမည့် တရားကို “မေတ္တံ ကရောထ မာနုသိယာ ပဇာယ”ဟု လူအများအပေါ်မှာ မေတ္တာထားရန် ဟောတော်မူ၏။ စိတ်ထားမြင့်မြတ်သူ ပညာရှင်များကား အများအကျိုး ရှိမည့် လုပ်ငန်းများကိုသာ ညွှန်ကြားမြဲဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးတို့တွင် ဗုဒ္ဓရှင်တော်ကား အထူးခြားဆုံး ဖြစ်တော်မူရာ မဟာကရုဏာရှင် ဘုရားမြတ်၏ ညွှန်ကြားချက်များကား အများတကယ် အကျိုးရှိရေးသာ ဖြစ်ရမည်ကေန်တည်း။ ဤ၌ မေတ္တာထားရန် နတ်အများအား ဟောကြားသည်မှာ နတ်ရောလူပါ နှစ်ဖက်စလုံး အကျိုးများမည့်အတွက် ဖြစ်သည်။

မေတ္တာပွါးရသော နတ်များမှာလည်း မေတ္တာအကျိုး ဆယ့်တပါး စသော အကျိုးတွေ ခံစားရ၏။ နတ်အစောင့်ရှောက်ခံရသူ လူများမှာ

လည်း ကောင်းမြတ်သော အာရုံတို့ကို တွေ့ကြုံရ၏။ နှစ်ဖက်အကျိုးများမည့်အရေး မြော်တွေးတော်မူ၍ တိုက်တွန်းတော်မူခြင်းဖြစ်သည်။

ကျေးဇူးဖော်ပြခြင်း။ ။လောက၌ တဦးတယောက်အပေါ်မှာ အခြား တဦးတယောက်က ဘယ်လို ကောင်းခဲ့တာပဲ စသည်ဖြင့် သူ၏ကျေးဇူးကို ထုတ်ဖော်ဆိုလျှင် ပို၍ မေတ္တာရှိမြဲဖြစ်၏။ လူများအပေါ်မှာ မေတ္တာထားရန် တိုက်တွန်းသော ဘုရားမြတ်သည် ထိုလူများက သင်တို့ နတ်တွေ အပေါ်မှာ ဘယ်လိုကောင်းခဲ့တာပဲဟု ကျေးဇူးပြလျှင် မေတ္တာ ပိုသက်လာနိုင်သည်ဟု မြင်တော်မူ၍ "ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ"ဟု လူတွေက နေ့ရော ညပါ ပူဇော်ပသသည့် အဖြစ်ကို ဖော်ပြ၍ စောင့်ရှောက်ကြရန် တိုက်တွန်း တော်မူ၏။ ထိုအခါက ဝေသာလီပြည်၌ ဥဒေနစေတီစသော စေတီယခေါ် အများပူဇော်ရာ နတ်ဌာန နတ်ကွန်းသစ်ပင်များရှိ၏။ အခြား မိမိဘာသာသီးခြားပူဇော်ရာများလည်း အများအပြားရှိ၏။ ထိုအခါက လူတို့သည် မိမိဘာသာ နတ်ရုပ်များလုပ်၍ရင်း, နတ်ရှိရာ သစ်ပင် စသည်များသို့ သွား၍ရင်း နတ်တို့ကို ရည်ညွှန်း၍ ပူဇော်ကြ၏၊ လဆုတ်ပက္ခစသည်တို့၌ ညအခါ ပူဇော်ကြ၏၊ နေ့အခါ ညအခါ ကုသိုလ် ကောင်းမှုပြု၍ အမျှအတန်းဝေကြ၏။ ဤအချက်များကို ရည်ညွှန်း၍ ဤမျှ သင်တို့အပေါ် ပူဇော်လေးမြတ် သူတို့ကို ဘယ်မှာ မစောင့်ရှောက်ထိုက်ပဲ ရှိပါအံ့နည်းဟု "တသ္မာ ဟိ" စသည်ဖြင့် တိုက်တွန်းတော်မူသည်။

ဗလိအရ။ ။ဗလိ-ဟူသည် ပူဇော်ဖွယ် ပေးကမ်းဖွယ် ဝတ္ထုတည်း။ အင်္ဂုတ္တရ(ပ-၃၇၉)၌ ၁-ဉာတိဗလိ၊ ဆွေမျိုးတို့အား ပေးကမ်းဖွယ်။ ၂-အတိထိဗလိ၊ ဧည့်သည်တို့အား ပေးကမ်းဖွယ်။ ၃-ပုဗ္ဗပေတ-ဗလိ၊ ကွယ်လွန်သူ ဆွေမျိုးတို့အဖို့ ပေးကမ်းဖွယ်။ ၄-ရာဇဗလိ၊ မင်းအား ပြုရမည့် အခွန်ပဏ္ဏာစသော ပေးကမ်းဖွယ်။ ၅-ဒေဝတာဗလိ၊ နတ်တို့ အတွက် ပြုရမည့် ပူဇော် ပေးကမ်းဖွယ်ဟု ငါးမျိုးလာ၏။ ဗလိဟူသည် ထိုထို ဆွေမျိုး စသည်တို့အား သင့်လျော်သော ပေးကမ်းရမည့် ဒါန၏

အမည်ဖြစ်ကြောင်း အင်္ဂုတ္တရဋ္ဌကထာ၌ဖွင့်၏။ ဤ၌ ဗလိအရ နတ်တို့အား ပူဇော်ဖွယ် ဝတ္ထုဟူသော ဒေဝတာဗလိကိုယူ၊ ၎င်းကိုပင် ဗလိနတ်စာဟု ပြန်ရိုးပြုခဲ့ကြသည်။

* ဆွေမျိုး ညွှန့်ဟူ၊ မျိုးကွယ်သူ၊ မင်းမှူ နတ်များ၊ ဗလိ ငါး၊ မှတ်သားအပ်စဖွယ်။

နတ်များပူဇော်ထိုက်သလော။ ။စတုက ပဉ္စကအင်္ဂုတ္တရ၌ မိမိကြိုးစားရရှိထားသော ပစ္စည်းများဖြင့် ဗလိငါးပါးပြုခြင်းကို စည်းစိမ်ဥစ္စာရယူခြင်း အကြောင်းတရပ်အဖြစ် ဟောတော်မူခဲ့၏။ ပဉ္စင်္ဂုတ္တရ၌ အမျိုးသားတို့၏ တိုးတက် ကြီးပွါးကြောင်း မဆုတ်ယုတ်ကြောင်း တရားငါးပါး ဟောရာ၌ နတ်များကို ပူဇော်ပသခြင်းလည်း တပါးပါဝင်သည်။ (ပဉ္စက-၆၈) နတ်များ ပူဇော်ခြင်းကို လောကကြီးပွါးရေး တရပ်အဖြစ် ဘုရားရှင် အလိုရှိသည်မှာ သိသာပေသည်။ နတ်ရှိသည်ဟု ယုံကြည်သူများအဖို့ နတ်များကား သတ္တဝါတမျိုးပင်ဖြစ်၏။ လူတို့၌ ရှိခိုးထိုက်သူ, မထိုက်သူ ရှိသကဲ့သို့ နတ်များ၌လည်း ရှိခိုးထိုက်, မထိုက် နှစ်မျိုးရှိရာ၏။ ၎င်းတို့ကို သတိရစွာ အစာအာဟာရစသည် ပေးကမ်း ပသခြင်း, အမျှအတန်း ဝေခြင်း စသည်ကို ပြုအပ် သည်သာ။ လူများအချင်းချင်း ပေးကမ်း ထောက်ပံ့လျှင် အခါ ခပ်သိမ်း မကူညီနိုင်စေကာ ၎င်းတို့တတ်နိုင်သောအခါ အကူအညီရသကဲ့သို့ နတ်များလည်း အရာခပ်သိမ်း ပေးစွမ်းနိုင်သည် မဟုတ်စေကာမူ သူတို့ တတ်နိုင်သောအရာကိုကား ကူညီစောင့်ရှောက်တတ်၏။ အချို့ အကူအညီခံရသူများကို ဇာတ်နိပါတ်များ အရရင်း, လောကအတွေ့အကြုံများအရရင်း သိနိုင်သည်။

ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတ ဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။

ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။

တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။
(ဝိနယမဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက-၃၂၄။)

ပဏ္ဍိတဇာတိယော၊ ပညာရှိပုဂ္ဂိုလ်မျိုးသည်။ ယသ္မိံ ပဒေသေ၊ အကြင် အရပ်၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ ပြု၏။ ဧတ္ထ၊ ဤမိမိနေရာအရပ်၌။ ဗြဟ္မစာရယော၊ မြတ်သောအကျင့်ကို ကျင့်ကြကုန်သော။ သညတေ၊ ဣန္ဒြေတို့ကို ရှိန်သေအောင်သတ်စောင့်စည်းအပ်ပြီးကုန်သော။ သီလဝန္တေ၊ သီလရှိသူ အရှင်တို့ကို။ ဘောဇေတွာ၊ ဆွမ်းကျွေး၍။ တတ္ထ၊ ထိုအရပ်၌။ ယာ ဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိနေကုန်၏။ တာသံ၊ ထိုနတ်တို့အား။ ဒက္ခိဏံ၊ အလှူကို။ အာဒိသေ၊ ရည်ညွှန်းဖော်ကာ အမျှဝေရာ၏။ ပူဇိတာ၊ အပူဇော်ခံကြရကုန်သော။ တာ၊ ထိုနတ်တို့သည်။ နံ၊ ထိုမိမိကို ပူဇော်သူကို၊ ပူဇေန္တိ၊ တုံ့လှည့်တဖန် ပူဇော်ကြပြန်ကုန်၏။ မာနိတာ၊ မြတ်နိုးခံကြရကုန်သော။ တာ၊ ထိုနတ်တို့သည်။ နံ၊ ထိုမိမိအား မြတ်နိုးသူကို။ မာနေန္တိ၊ ပြန်လည် မြတ်နိုးကြလေကုန်၏။ တတော၊ ထို့ကြောင့်။ နံ၊ ထိုမိမိကို ပူဇော်မြတ်နိုးသူကို။ မာတာ၊ မိခင်သည်။ ဩရသံ ပုတ္တံ၊ ရင်၌ မွေးဖွား သားအရင်းကို။ အနုကမ္ပတိ ဣဝ၊ အစဉ်စောင့်ရှောက်ဘိသကဲ့သို့။ အနုကမ္ပန္တိ၊ အစဉ်စောင့်ရှောက်ကြလေကုန်၏။ ဒေဝတာနုကမ္ပိတော၊ နတ်တို့ အစောင့်အရှောက်ကို ခံရသော။ ပေါသော၊ လူသားသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းမြတ်သော အာရုံတို့ကို။ ပဿတိ၊ ကြုံတွေ့ရပေ၏။

မလွန်စေရ။ ။ဘာမဆို ကံကို ယုံပြီး ပုံထားသူများကဲ့သို့ နတ်ကို ယုံပြီး ပုံမှုမျိုးကိုကား မပြုအပ်။ ရတနာသုံးပါးအပေါ်၌ အာရုံပြုလွန်းလေ ကောင်းလေ ဖြစ်သော်လည်း နတ်များအပေါ်၌ အလွန်အကျုံပုံ၍ ယုံခြင်းမျိုး နတ်ရူး ရူးသည် ဆိုရလောက်အောင် ဖြစ်မှုမျိုးကား မလိုလားအပ်ပေ။ အချို့ ဘုရားကို ဆွမ်းတော်တင်ရန်ကား သတိမရ၊ နတ်ပွဲကိုမူကား ငှက်ပျောသီး မနွမ်းစေရအောင် တရိုတသေ တယုတယ

ပြုစုပသကြ၏။ ဘုရားထက်ပို၍ ရှိသေလေးစားသော ပူဇော်မှုများကား မိမိ၏ဗုဒ္ဓဘာသာ မပီသမှုကိုပေါ်ပြခြင်းဖြစ်ရာ ထိုအမှုမျိုးကို ရှောင်ရှားရန် သတိပြုဖို့ လိုအပ်ပေသည်။

---

(၃၀) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၀) ဣဓ ဝါ၊ ဤလူ့ပြည်၌ရှင်း။ဟုရံ ဝါ၊ နဂါး ဂဠုန်စသည် ပြည် တပါး၌ရှင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝိတ္တံ၊ဥစ္စာရတနာသည်။အတ္ထိ၊ရှိ၏။ သဂ္ဂေသု ဝါ၊နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်း။ ပဏီတံ၊ကောင်းမြတ်သော။ ယံ ရတနံ၊ အကြင်ရတနာသည်။ အတ္ထိ၊ ရှိပေ၏။ (တေ၊ ဤရတနာ တို့တွင်။) တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူညီသော ရတနာကား။န နော အတ္ထိ၊ မရှိသည်သာတည်း။ ဗုဒ္ဓေ၊မြတ်စွာဘုရား၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—လူ့ပြည်, နဂါး, ဂဠုန်စသော ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ရှိသမျှ ကောင်းမြတ်သော ရတနာတို့တွင် မြတ်စွာဘုရားနှင့်တူသော ရတနာကား မရှိနိုင် သည်သာ။ ဘုရားမြတ်၌ ဤ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်ကား ထူးခြားကောင်းမြတ်လှပါပေသည်။ ဤ သစ္စာ စကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

ဘုရားဂုဏ်ရည်။ ။ရတနသုတ်ကား ဘုရား, တရား, သံဃာ၏ ရတနာ အဖြစ်ကို ဟောသော ဒေသနာတည်း။ ဤသုတ်ဖြင့် ဘုရား, တရား, သံဃာ၏ ရတနာအမှန် ဖြစ်ကြောင်း သစ္စာဆိုကာ သတ္တဝါ များ ချမ်းသာရန် တောင့်တခြင်းဖြစ်၏။ "ယံကိဉ္စိ ဝိတ္တံ" စသော ဂါထာကား ဘုရားရှင်၏ရတနာ အမှန်ဖြစ်ကြောင်းဆိုကာ သစ္စာပြုသော ဂါထာတည်း။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[ဝိတ္တံ၊နှစ်သက်ခြင်းကိုဖြစ်စေတတ်သော။ ရတနံ၊ ရတနာ သည်ဟု ဝိတ္တံကို ရတနံ၏ ဝိသေသနအဖြစ် ပေးမိုးပြုကြ၏။ အဋ္ဌကထာ၌ "ဝိတ္တန္တိ ဓနံ "ဟု ဖွင့်သည်ကိုရင်း, ယံကိဉ္စိ ဝိတ္တံကို ဣဓ ဝါ ဟုရံဝါ၏ အာဓေယ် အဖြစ်ဖွင့်၍ ရတနံ-ကို သဂ္ဂေသု ဝါ-၏ အာဓေယ်အဖြစ် ဖွင့်သည်ကိုရင်း, ယံ ဧတံ ဝိတ္တဉ္စ ရတနဉ္စ မကာသိတံ-ဟု ဝိတ္တနှင့် ရကနကို သီးခြားပြသည်ကိုရင်း ထောက် ထား၍ ဝိတ္တံ၊ ဥစ္စာရတနာသည် ဟု ပေးခဲ့၏။

ဣဓ ဝါ၊ ဤ၌ရင်း။ဟုရံ ဝါ၊ဤ၌ရင်း။ ယံကိဉ္စိ၊ သော။ ပိတ္တံ၊သည်။အကျိုး၏။သဂ္ဂေသု ဝါ၊ တို့၌လည်း။ ပဏီတံ၊ သော။ယံ ရတနံ၊ သည်။အတ္ထိ၊ ၏။တထာဂတေန၊နှင့်။သမံ၊ တူသော။ တံ ဝိတ္တံ စ၊ ထိုဥစ္စာသည်ရင်း။ တံ ရတနဉ္စ၊ ထိုရတနာသည်ရင်း။န နော အတ္ထိ၊ မရှိသည်သာ။ ဤသို့လည်း ပေးနိုင်၏။ သို့သော် အဋ္ဌကထာ ပိဏ္ဍတ္ထ-ပြသော "ကိဉ္စိ ဝိတ္တံ ဟောတိ၊ယံ ဧတံ ဝိတ္တဉ္စ ရကနဉ္စ ပကာသိတံ တေ္တ ကေမွိ ဗုဒ္ဓရတနေန သဒိသံ ရတနံ နေဝတ္ထိ"ကို ထောက်ကာ ဧတ္တဟု-နိယတ်ထည့်ခြင်းက အနက်အဓိပ္ပါယ် ပိုချော သည်ဟု ယူ၍အလျက် ဧတ္ထ၊ ဤရဘနာတို့တွင်ဟု အနက်ပေးခဲ့ခြင်းဖြစ်သည်။

ဣဓ-မှာ သာသနာ, လောက, ဒေသ, ပဒပူရဏ-ဟု လေးမျိုး၌ဖြစ်ရာ ဤ၌ လူ့လောက၌ ဖြစ်၏။ ဟုရံ-ကား ဣတရအနက်ဟော နိပါတ် ။လူ့ပြည်မှတပါးဆိုလျှင် အလုံးစုံသော ကျန်လောကကို ယူရမည်ကဲ့သို့ ရှိသော်လည်း သဂ္ဂေသု-ကို ဆိုဦး မည်ဖြစ်၍ နတ်ဗြဟ္မာမှတပါး နဂါး ဂဠုန်ပြည်စသည်ကိုသာ ပါရိသေသနည်းအရ ယူရ တော့သည်။ သဂ္ဂ-သဒ္ဒါ နတ်ပြည်ကိုသာ ဟောမြဲရှိသော်လည်း "သောဘနေန ကမ္မေန၊ တင့်တယ် ကောင်းမြတ်သော ကံဖြင့်။ အဇီယန္တီတိ၊ ရောက်အပ်ကုန်သောကြောင့်။ သဂ္ဂါ၊ သဂ္ဂမည်ကုန်၏"ဟူသော အနက် ကြံကာ ဗြဟ္မာ့ပြည်ကိုလည်း ယူရပြန်သည်၊ သို့သော် ဘုံဗိမာန်မရှိသော အရူပဘုံ၌ ရတနာမရှိနိုင်၍ သဂ္ဂအရတွင် ရူပါဝစရဗြဟ္မာ ကိုသာ ယူ။

ယံကိဉ္စိ ဝိတ္တံ-အရ လူ့ပြည်၌ အရောင်းအဝယ်အတွက်ငှာ, တန်ဆာအသုံးအဆောင် အတွက်ငှာ အသုံးပြုသော ရွှေ ငွေ ပုလဲ ပတ္တမြား ကျောက်မျက်ရှဲ သန္တာ စသော ရတနာများနှင့် ရတနာဖြင့် ပြီးသော မြေဗိမာန်တို့၌ဖြစ်သော နဂါး ဂဠုန်စသည်တို့၏ ရတနာများတည်း။ သဂ္ဂေသု ဝါ ရတနံ-ဖြင့် နတ် ဗြဟ္မာ ဘုံဗိမာန်များ ၌ ဖြစ်သော ပိုင်ရှင်ရှိ, ပိုင်ရှင်မဲ့ ရတနာများတည်း။ "န ဇာတိ ပဋိသေဓေ နော ဇာတိ အဝဓာရဏေ" အဋ္ဌကထာအရ န နော သမံ ၌ နောသည် အချို့အရာဝယ် ပဋိသေဓ၌ ဖြစ်သော်လည်း ဤ၌ န-က ပဋိသေဓယောပြီးဖြစ်၍ နော-က အဝဓာရဏ၌ ဖြစ်ရသည်။]

ဗုဒ္ဓေ၏အနက်။ ။[ဣဒမ္ပိ ဗုဒ္ဓေ ရတနံ၌ ရတနံ-ကို အဋ္ဌကထာက ဘာဝပုဒ်ကြံသည်။ ရတနံ-က ဘာဝပုဒ်ဖြစ်လျှင် ဗုဒ္ဓေသည်သမ္ပန်ဖြစ်သင့်သည်ဟု ဗုဒ္ဓေ ဗုဒ္ဓသ၊ ၏။ဣဒမ္ပိ ရတနံ၊ သည်ဟု သမ္ဗန်အနက် ပေးရိုးပြုကြ၏။ဗုဒ္ဓေ-၏ သမ္ဗန်အနက် ကား သင့်မြတ်သည် မှန်၏။ သို့သော် ပုဒ်တခုသည် ၎င်း၏ ပင်ကိုယ်အနက် မသင့်မှ အခြားအနက် ပြောင်းပေးရိုး ဖြစ်၏။ ဤ၌ ဗုဒ္ဓေ-နှင့် ရတနံ-ကား အာဓာရ အာဓေယျ အဖြစ် လျော်ကန် သင့်မြတ်လျက်ပင် ရှိသည်။ ထို့ကြောင့် အဋ္ဌကထာက ဗုဒ္ဓေ ရတနံ ပဏီတံ-ဟု ဗုဒ္ဓ၏ အာဓာရ အဖြစ်သာ ဖွင့်ဆိုလျက် ရှိသည်။ဗုဒ္ဓေ ရတနံကို အဓိပ္ပါယ် ပြောရာ၌လည်း " န ဟိ ယတ္ထ ရတနံ အတ္ထိ၊တံ ရတနန္တိ သိဇ္ဈတိ" စသည်ဖြင့် အာဓာရ အဖြစ်သာ ဆိုလျက်ရှိသည်။ ထို့ကြောင့် ဤ၌ ဗုဒ္ဓဿ-ဟု မပြင်တော့ပဲ ဗုဒ္ဓေ-ဘုရား၌ ဟူသာ အဋ္ဌကထာ အလိုကျ ပေးခဲ့သည်။]

အခြားတနက်။ ။[အဋ္ဌကထာ၌ ရတနံကို ဘာဝလောပအဖြစ်မကြံပဲ အနက်တမျိုး ဖွင့်သေး၏။ထိုအနက်အရ ဣဒမ္ပိကို အကြောင်းကြံ၍ ဗုဒ္ဓေကိုလည်း ဝနပ္ပဂုမ္ဗေ စသည်ကဲ့သို့ ပဌမာအနက်၌ သတ္တမီကြံပြီးလျှင် ဣဒမ္ပိ၊ ဤအကြောင်း ကြောင့်လည်း၊ ဗုဒ္ဓေ-ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ပဏီတံ၊ မြတ်သော။ ရတနံ၊ ရတနာ ဖြစ်ပါပေ၏ဟု ပေးသည်။]

ရတနကို ဘောကြံရပုံ။ ။[အဋ္ဌကထာ၌ ရတနံ၏ ဘာဝအဖြစ် ဖွင့်သောကြောင့် "ရတနဿ ဘာဝေါ ရတနတ္တံ"ပြု၍ လောပေါ-ဟူသော မောဂ္ဂလ္လာန် သုတ် (၄၊ ၁၂၃)ဖြင့် တ္တ-ကိုချေ။ ဘာဝလောပ ကြံရခြင်း အကြောင်း အဋ္ဌကထာဖွင့်ပုံ ဆိုဦးအံ့။ "စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ"၌ ဗာဟိရကတို့ အလို စက္ခုသည်ပင် အတ္တ,အတ္တနိယဖြစ်၍ စက္ခုသည် အတ္တ, အတ္တ- နိယမှ ဆိတ်သည်ဆိုလျှင် စက္ခုသည် စက္ခုမှ ဆိတ်သည်ဟု ဆိုရာရောက်၍ မြစ်

ယယ်ရာ မရောက်တော့ချေ။ စက္ခုသည် အတ္တဖြစ်ကြောင်း (သာမိ နိဝါသိ ကာရက ဝေဒက အဓိဋ္ဌာယက သဘာဝ)မှ ဆိတ်သည်ဟု ဘာဝအနက်ကို ဆိုမှသာ စက္ခုသည် အတ္တမဟုတ်ဟု ပယ်မြစ်ရာ ကျတော့သည်။ ထို့အတူပင် ဗုဒ္ဓေ ရတနံ၌ ရတနံကို ဘာဝမကြံသော် တည်သော အရာနှင့်, တည်ရာဝတ္ထုမှာ ကွဲပြားရမည် ဖြစ်ရာ ဘုရားနှင့် ရတနာမှာ မကွဲပြား ဘုရားသည်ပင် ရတနာဖြစ်၍ ဘုရား၌ ရတနာသည် မြတ်၏ဟု အာဓာရ, အာဓေယျ အဖြစ်မှာ မဖလျာ်။ အကြင် အရာ၌ ရတနာရှိသည်ဆိုလျှင် ထိုအရာသည် ရတနာမဟုတ်၍ ဘုရားသည် ရတနာ မဟုတ်၊ ဘုရားဘပါး ရတနာဟခြားဟူသောအနက်သည် ရောက်ရာ၏။ ထို့ကြောင့် ရတနာသည် ဘာဝလောပဖြစ်၍ ဘုရား၌ ရတနာ၏အဖြစ် (စိတ္တီကတ စသော ဂုဏ်များ)ရှိသည်ဟု ဆိုမှ အဓိပ္ပါယ်ရ၍ သင့်မြတ်လှပေရာ ရတနကို ဘာဝပုဒ်အ ဖြစ် အဋ္ဌကထာဆရာ ကြံခဲ့သည်။ ဘာဝပ္ပဓာန-ဟုလည်း ဆိုနိုင်သည်။]

နှစ်သက်စေတတ်သည်။ ။'ရတိံ ဇနေတီတိ ရတနံ' နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် 'ရတနာ'မည်၏။ ဘုရားရှင်၏ ရုပ်သွင်တော်ကလည်း သပ္ပါယ်တင့်တယ် ရှုချင်ဖွယ် ကြည်ညိုဖွယ်ဖြစ်၏၊ အသံတော်ကလည်း သာယာလှ၏၊ တရားကလည်း စကားလုံးလှ အနက်အဓိပ္ပါယ်ပြည့်ဝ၏။ သို့ဖြစ်၍ ဘုရားရှင်ကို ဖူးမြင်ရလျှင် ဖြစ်စေ တရားတော်ကို နာရလျှင်ဖြစ်စေ နှစ်သက်မဆုံး ဖြစ်ရ၏။ ဘုရားရှင်၏ ဂုဏ်တော်များကား များလည်းများ အများထက်လည်း ထူးခြား ပေါ်လွင်လျက်ရှိ၍ ထိုဂုဏ်တော်များကို အာရုံပြုလျှင် ပုထုဇဉ် များပင် ပီတိအလွန်ဖြစ်ကြရသည်။ ဘုရား၏ တရားသိကာ အရိယာဖြစ် ကြသော ပုဂ္ဂိုလ်တို့၏ နှစ်သက်အားရမှုမှာ ဆိုဖွယ်မရှိတော့ပါ။ ဤသို့ လျှင် အများနှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဘုရားရှင်သည် 'ရတနာ'အမည်ကို ရခဲ့လေသည်။

ပျော်ရွှင်စေတတ်သည်။ ။ထို့ပြင် ပျော်ရွှင်မှုကို ဖြစ်စေတတ်သော ကြောင့်လည်း'ရတနာ'ဆိုရပြန်သည်။ဘုရား၏ တရားတော်ကို နာရ သင်အံရွတ်ဆိုနေရလျှင် တရားသိသူ, အနက်သိသူ များမှာ စိတ်ပျော်ရွှင်မှုကိုရလျက် ရှိနေကြသည်။ ဘုရားရှင်အဆုံးအမ အရ ကျင့်ကြံနေသူတို့မှာ အချို့ ဈာန်ချမ်းသာကို ရ၍ 'ဈာနရတိ'ဖြင့် ပျော်

ရ၏။ အချို့ ဝိပဿနာ အားထုတ်၍ ရုပ်နာမ်အဖြစ်အပျက်ကို မြင်ရခြင်းကြောင့်ဖြစ်သော ပီတိမှာ လူ့အပျော်မျိုးတွင် ဘယ်အပျော်မျိုးနှင့်မျှ ယှဉ်မရအောင် ထူးခြားသော ပျော်ရွှင်ခြင်းမျိုး ဟု ဆို၏၊ နတ်အပျော်နှင့်လည်း မယှဉ်သာပါ။မဂ်ဖိုလ်ရ၍ ဖလသမာပတ်ချမ်းသာ စံရသောအခါကား အတုမရှိသုခဖြင့် စိမ်ပေးထားသကဲ့သို့ရှိရာ လောက၌ မည်သည့်အပျော်မျှ တုမရသော အတုမဲ့ ပျော်ရွှင်ခြင်းသာတည်း။ ဤသို့စသည်ဖြင့် ပျော်ရွှင်ခြင်းအမျိုးမျိုးကို ဖြစ်စေတတ်သောကြောင့်လည်း ဗုဒ္ဓအရှင်မှာ'ရတနာ'ဟူသော အမည်ကို ရခဲ့ခြင်းဖြစ်ပေသည်။

ရတနာအနက် ငါးပါး။ ။ထို့ပြင် အကြွင်အရာသည် အရိုအသေ အလေးအမြတ် ပြုအပ်၏၊ အဖိုးများစွာ ထိုက်တန်၏။ အတုလည်း မရှိ၊ တွေ့မြင်ရဖို့လည်း ခဲယဉ်း၏၊မြတ်သော သူတို့သာ သုံးဆောင်ရာလည်း ဖြစ်၏၊ ထိုအရာမျိုးသည် 'ရတနာ'မည်၏ဟု ရတနာ၏အနက်ငါးမျိုးလည်း သိအပ်၏။

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

စိတ္တီကတံ၊ စိတ်၌ စွဲကပ် အလေးလည်း ပြုအပ်၏။ မဟဂ္ဃဉ္စ၊ အဖိုးများစွာလည်း ထိုက်တန်၏။ အတုလဉ္စ၊ အတုလည်းမရှိ။ ဒုလ္လဘဒဿနဉ္စ၊ မြင်ရခဲသော အရာလည်းဖြစ်၏၊ အနောမသတ္တပရိဘောဂဉ္စ၊ မယုတ်ညံ့သူ လူမွန် လူမြတ်တို့၏သာ သုံးဆောင်ရာလည်း ဖြစ်၏။ တေန၊ ထိုအကြောင်းများကြောင့်။ ရတနံ၊ 'ရတနာ'ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ ထုမဲ့ဟန်နှင့်၊မြင်ရန်ခဲလတ်၊
သူမြတ်ထို့သာ၊ သုံးဆောင်ရာ၊ ရတနာ အနက်ငါး။

အလေးပြုအပ်သည်။ ။လောက၌ လေးစားအပ်၊ မြတ်နိုးအပ်သော ရတနာများရှိခဲ့ရာ ထိုရတနာများ အပေါ် လေးစားသည်ထက် ဘုရားကို ပို၍လေးစားကြ၏။ လက်ထက်တော်အခါက

လူများလေးစား ပူဇော်အပ်သော ဆရာဆသီးသီးရှိ၏။ ဘုရားရှင်က လေးစားပူဇော်ခံရသလောက် အခြားဆရာတို့ မခံကြရ။ ဘုရားရှင်ကို လူသားများသာမက နတ်ဗြဟ္မာများကပင် လေးစားပူဇော်ခဲ့ကြသည် မဟုတ်လော။ ထို့ကြောင့်ပင် နတ်ကိုးကွယ်သူတွေ ဗြဟ္မာကိုးကွယ်သူတွေ ရှိရာ သူတို့ကား ဘုရားရှင်အကြောင်းကို သိရသောအခါ နတ်ဗြဟ္မာတို့ကို ပစ်၍ ဘုရားရှင်ကို နှစ်သက်မြတ်နိုးစွာ ပူဇော်ကြသည်။

တောသားလူရိုင်းများနှင့် မြက်စားနေကြသော သမင်များမှာ ပတ္တမြား ရတနာတွေ့ရသော် အရည်အသွေး ကောင်း မကောင်း၊ တန်ဖိုးရှိ မရှိ နားမလည်၍ကောက်ယူရမှန်းမသိ။ အရည်အသွေးကောင်း မကောင်း နားလည်၍ တန်ဖိုးရှိ, မရှိ နားလည်သူသာ ဝမ်းသာအားရ ကောက်ယူ နိုင်၏။ ဘုရားရှင်၌ သူတကာထက် ထူးကဲသော ဂုဏ်အရည်အသွေးများ ထင်ရှားရှိရာ ထိုအရည်အသွေးကို နားလည်သော အသိဉာဏ်ရှိသူများကား ဘုရားထက် သာသော ပူဇော်ထိုက် မြတ်နိုးထိုက်သူကို ရှာမရတော့ပေ။ ဘုရား၏အရည်အသွေးကို ခန့်မှန်းရာ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်အထိရှိသူတို့ကား ဘုရားရတနာ၏ အရည်အသွေးကို အကောင်းဆုံး ခန့်မှန်း အကဲဖြတ်နိုင် သူတို့ပင်။ ထို့ကြောင့် သောတာပန်ဖြစ်လျှင်ပင် ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော (=ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သူ) ဖြစ်ရသည်။ ထိုသို့ ဖြစ်၍ အလေးအမြတ် ပြုအပ်သောကြောင့် ရတနာဆိုလျှင် ထိုအနက်မှာ အလေးအပြုအပ်ဆုံး ဘုရားနှင့်သာ အလျော်ဆုံးဖြစ်ရာ ဘုရားသာ တကယ့်ရတနာဖြစ်ပေသည်။

အဖိုးများစွာ ထိုက်သည်။ ။လောက၌ အဖိုးမဖြတ်နိုင်အောင် လူ အများ အလွန် နှစ်သက်သော ရတနာ များရှိခဲ့၏။ ထိုရတနာများနှင့် ဘုရားမြတ်ကို ယှဉ်၍ ဘုရားကိုပင် ကိုးကွယ်မလား, ရတနာကိုသော် ယူမလားဟု တခုခု အရွေးခိုင်းလျှင် ဘုရားအကြောင်း ကောင်းကောင်းသိသူမှာ ရတနာကို ပစ်လျက် ဘုရားကိုသာ နှစ်သက် အားရစွာ ရွေးပါလိမ့်မည်။

ဇောတိက, ဇဋိလ·စသော သူဌေးကြီးများ၌ အဖိုးမဖြတ်နိုင်သော ရတနာများရှိခဲ့ရာ ထိုရတနာတွေကို စွန့်ကာ ဘုရားထံ ရောက်လာခြင်းဖြင့် ဘုရားရှင်၏ တန်ဖိုးအနဂ္ဃအဖြစ်ကို သိနိုင်ပါသည်။ ဆိုဖွယ်ရှိသေး၏။ လောက၌ တန်ဖိုးနည်းသော ရတနာဖြင့် လဲလှယ်လျှင် ပစ္စည်းနည်းနည်းသာရ၍ ရတနာက တန်ဖိုးရှိလေလေ ပစ္စည်းများများ ရလေလေဖြစ်ရ၏။ ဘုရားတကြိမ် ရှိခိုးရုံမျှ ပန်းတပွင့်လှူရုံမျှဖြင့် ပြောမပြနိုင်အောင် အကျိုးတွေရသည်မှာလည်း ဘုရားရတနာ၏ အနဂ္ဃအဖြစ်ကိုပြသော သက်သေပင် ဖြစ်ပါသည်။ ထို့ကြောင့် အဖိုးများစွာ ထိုက်သော အနက်အရ ရတနာဆိုရလျှင် ဘုရားထက်သာသော အဖိုးထိုက်ရတနာဟု မရှိသောကြောင့် ဘုရားသာ တကယ့်ရတနာဖြစ်ပေသည်။

အတုမရှိ။ ။လောက၌ ပညာကြီးခြင်း,ရုပ်အဆင်း လှပခြင်းစသော ဂုဏ်များ၌ ရှေးအကြောင်း ကောင်းမှုများလည်း ပါမြဲပင်။ အကြောင်းကံ ထူးချွန်သောပုဂ္ဂိုလ်၌ အကျိုးဂုဏ်များကလည်း သူတကာ ထက် သာလွန် ထူးခြားရပေသည်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ကြာအောင် သူတကာထက်ပို၍ ကုသိုလ်ပါရမီတွေ ဆည်းပူးခဲ့ရ,သူမတူ အောင်လည်း ပြည့်ခဲ့ရ၍ အကြောင်းက သူများထက် သာခဲ့သည်နှင့်အမျှ အကျိုးဂုဏ်အင်လည်း ကွာခြားရတော့သည်။ သဗ္ဗညုတဉာဏ်တော်တခုနှင့်ပင် အတုလဘွဲ့တော် ခံဆိုက်နေပါပြီ။ တခြား ရူပကာယ ဓမ္မကာယ အားလုံးတွင်လည်း ယှဉ်ပြိုင်နိုင်သူမရှိ၍ လက်ထက်တော်ကပင် အနုတ္တရ(=သာသော သူမရှိသူ)ပုဂ္ဂိုလ်ပါပေဟု အထပ်ထပ်ချီးကျူးခံခဲ့ရပေသည်။ လောကရတနာတို့ကား ဆိုင်ရာဒေသ၌သာ အတုမဲ့ ဖြစ်နေရသော်လည်း အခြားတနေရာမှာကား သူနှင့် တူသော သူ့ထက်သာသော ရတနာရှိရမြဲပင်။ စကြရတနာဆိုသည်မှာ သူ့ခေတ်အတွင်း၌ အတုမဲ့ဆိုရသော်လည်း ဘုရားမရှိသောကြောင့်သာ၊ အကယ်၍ ဘုရားနှင့် ယှဉ်ပြိုင်ရလျှင် ဘုရားထက် ပို၍ စကြရတနာကို အဘယ်မှာ မြှတ်နိုးနိုင် ပူဇော်နိုင် အံ့နည်း။ ထို့ကြောင့် အတုမဲ့အနက်အရ ရတနာဆိုလျှင် ဘုရားရှင်သာ

ရတနာမည်ပါပေသည်။ ဘုရားမြတ်ကား သာသူကိုထား, အလားတူပင် မရှိနိုင်သော အစ္ဆရိယ အံ့ဖွယ်ရတနာထူးပင် မဟုတ်ပါလော။

မြင်ရခဲသည် ။ ။သူလို ငါလို သာမန် နတ်လူ ဗြဟ္မာများကား ရှားပါးလှသည်မဟုတ်၍ အမြဲလိုပင် တွေ့မြင်ကြရ၏။ အံ့ဖွယ်ယောကျ်ားထူး ပုဂ္ဂိုလ်မွန် ဘုရားမြတ်မှာ တရံတခါမှ ထူးဆန်းစွာ ပေါ်လာ၍ မြင်တွေ့ရဖို့ ခဲယဉ်းလှ၏။ သာသနပဌ္ဌ ပွင့်ကြသော ပစ္စေကဗုဒ္ဓါများမှာ များစွာ ဖြစ်လာ၍ တွေ့ရခဲသည်မဆိုရပါ။ ဘုရားဖြစ်ရန် လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တဆယ့်ခြောက်သင်္ချေကြာအောင် ပါရမီဖြည့်ရ, သူတကာ မတွေးဝံ့ သွေးရှံ့ဖွယ် ဖြစ်အောင် စွန့်စားရ၍ ဘုရားအဖြစ် တောင့်တ ဆုပန်လိုသူကား ရှားလှ၏။ ဘုရားအဖြစ် တောင့်တသူများ၌ အချို့နိယတဗျာဒိတ်မရမီ နောက်ဆုတ်သွားရသူတွေလည်း ရှိ၏။ ဗျာဒိတ် ရသူကား တဦးတလေသာ။ ထို တဦးတလေမှာလည်း ကပ်ကမ္ဘာသင်္ချေ များစွာ ပါရမီဖြည့်ကြရသည်ဖြစ်ရာ အချိန်အခါ အလွန်တရာကြာမြင့် သော်မှ ဘုရားအဖြစ် ပွင့်ပေါ်ရ၏။

ယင်း သို့လျှင် ဘုရားရှင်ကား ဖူးမြင်တွေ့ကြုံဖို့ ခဲယဉ်းလှ၏။ ထို့ကြောင့် ပညာရှိများသည် ဘုရားပွင့်ရာအခါနှင့် ကြုံရခဲသည်၊ တခါလွဲသွားလျှင် နောင် အတောမသတ် ချေ ကြရပေဦးမည်၊ ကြုံတောင့်ကြုံခဲ ကြုံလာရတဲ့ အခွင့် မလွတ်စေသင့်ဟု မဂ်ဖိုလ်ရရန် တသန်တည်းကြိုးစား ကြလေသည်။ ထို့ကြောင့် မြင်နိုင်ခဲသော အနက်အရ ရတနာဆိုလျှင် ဘုရားရှင်ထက် မြင်ရခဲသော ပုဂ္ဂိုလ်မရှိနိုင်ရာ ဘုရားသာ ရတနာဆိုရတော့သည်။

သူမြတ်တို့သာ သုံးဆောင်ရာ ။ ။သုံးဆောင်သည်ဟူရာ၌ မှီဝဲဆည်းကပ်ခြင်း, ဆုံးမချက်ကို နာယူခြင်း, ဆုံးမချက် အတိုင်း လိုက်နာကျင့်ကြံခြင်းဖြင့် ဗောဓိပက္ခိယ ရတနာ, မဂ်ဖိုလ်ရတနာ များကို ရယူခြင်းများပင်တည်း။ လောကရတနာများ၌ လူယုတ် လူညံ့ များပင် သုံးဆောင်နေရသည်မှာ အထင်အရှားပင်တည်း။ ဘုရားရတနာ ကား လူညံ့တို့ အရာမဟုတ်ပေ။ စင်ကြယ်သော အရိယာ သူမြတ်များနှင့်

သူမြတ်အရိယာဖြစ်ရန် ရှေးကောင်းမှုဥပနိဿယရှိကြသော ဘုန်းကံရှိသူ လူမွန် သူမြတ်တို့၏သာ သုံးဆောင်ရာ ဖြစ်၏။ စင်ကြယ်သော ပုဂ္ဂိုလ်များသာ ဘုရားနှင့်နီးသူများဖြစ်ကြ၍ မစင်ကြယ်သူ လူညံ့များမှာ ဘုရားနှင့် ဝေးကွာသူများဖြစ်ကြောင်း ဟောတော်မူသည်ကိုထောက်။ (ရာဇသုတ် ယေ ပုဂ္ဂလာ-ဂါထာ ဖွင့်ကြည့်) ထို့ကြောင့် သူမြတ်တို့သာ သုံးဆောင်ရာ ဖြစ်၍ ရတနာဆိုလျှင် ဘုရားရတနာသာ တကယ့် မြတ်သူတို့ သုံးဆောင်ရာ တကယ့်ရတနာ အမည်ခံထိုက်ပေသည်။ မြတ်သူသာ သုံးဆောင်ရာဖြစ်၍ ရတနာဟုဆိုလျှင် ဘုရားရှင်သာ တကယ့်ရတနာတည်း။ ဘုရားရတနာကား မိစ္ဆာဒိဋ္ဌိများ သဒ္ဓါမရှိသူ လူညံ့များ၏ သုံးဆောင်ရာမဟုတ်။ ဘုရားတန်ခိုးမသိသူ လူသာမန်တို့၏ အရာမဟုတ်ပေ။ တကယ့်ဥပနိဿယရှိသူ, မဂ်ဖိုလ်ရထိုက်သူ သာဝက, မဟာသာဝက-တို့သာ သုံးဆောင်ရာဖြစ်၍ အနောမသတ္တ ပရိဘောဂ-အရ တကယ့် ရတနာပင်တည်း။ ဘုရားကို ကိုးကွယ်ပါသည်ဆိုသော်လည်း ဘုရားတရား မရသူတို့မှာ အကောင်းဆုံး သုံးဆောင်မှု မဖြစ်သေး၊ တရားကို ရပိုင်ခြင်းဖြင့် ဘုရားရတနာကို အကောင်းဆုံး သုံးဆောင်သူ ဖြစ်အောင် ကြိုးစားသင့်ပေသည်။

ပရိတ်တန်ခိုး တိုးရန်။ ။ လောက၌ ရတနာဆိုလျှင် အလှန်ပင် မြတ်နိုးတတ်ကြ၏။ တယုတယ တရိုတသေ သိမ်းဆည်းစောင့်ရှောက် တတ်ကြ၏။ ဘုရား၌ ရတနာအဖြစ်ဖြင့်ဘယ်မျှနှစ်နှစ်ကာကာ ယုံကြည် မြတ်နိုးကြပါသနည်း။ ဘုရားအာရုံကို တရိုတသေ တယုတယ ဘယ်မျှစိတ်ထဲတွင် သိုမှီးမိကြပါသနည်း၊ ဘုရားဂုဏ်ကို သိသူများအဖို့ကား အလွန်မြတ်နိုးဖွယ် တကယ့်ရတနာ ဖြစ်နေသည်။ ထိုသူများအဖို့ ဤ "ယံကိဉ္စိ ဝိတ္တံ" ဂါထာမှာ ရွတ်ဆို၍အားမရ ကြည်နူးမဆုံး ဖြစ်ကြရ၏။ ထိုသို့ဖြစ်သူ၏ ပရိတ်သာ အလွန် အာနုဘော်ရှိ၍ အန္တရာယ်ကို တကယ်ကင်းစေပါသည်။ အရှင်အာနန္ဒာထေရ်ကား ဗုဒ္ဓဂုဏ်တော်တွေကို အများအပြား စဉ်းစားဆင်ခြင်ပြီးမှ ပရိတ်ရွတ်ခဲ့၏။ သောတာပန်ဖြစ်၍ အဝေစ္စပ္ပသာဒ ရှိသည့်အပြင် ဘုရားဂုဏ်တော်၌ ဗဟုသုတလည်း အလွန်များ

သဖြင့် အားရ ကြည်နူးမဆုံးသော စိတ်ရှိသူ အရှင်မြတ်၏ ပရိတ်မှာ လွန်စွာ အာနုဘော်ကြီးခဲ့ပါသည်။

ပရိတ်အနက် မသိသော်လည်း ယုံကြည်မှု အားကြီးသူတို့မှာ ပရိတ်တန်ခိုး အကျိုးထိုက်သလောက် ရသည်သာဖြစ်ပါ၏၊ သို့သော် ပရိတ်အနက်သိ၍ ဂုဏ်တော်ကို အာရုံပြုမိခြင်းဖြင့် ပီတိ,ပဿဒ္ဓိ ဖြစ်ရခြင်းမှာ အလွန်ထူးခြားသော ကျက်သရေမင်္ဂလာ ဖြစ်ပါသည်။ ထိုသို့ ကျက်သရေမင်္ဂလာရှိသူ၌ အမင်္ဂလာများ ရှောင်ရှား၍ ကောင်းကျိုးများ တိုးတက်လာမည်မှာ သေချာသောကြောင့် ပရိတ်အနက် အဓိပ္ပါယ်ကို သိအောင်ကြိုးစားကြပါလေ။

သစ္စာစကား။ ။ အချို့အရာ၌ အမှန်အတိုင်း ဆိုသောစကားကို သစ္စာဟုဆို၏။ ထိုသစ္စာကို ဝစီသစ္စာဟု ခေါ်သည်။ မမှန်စကား မှသားပြောဆိုမှုမှ ရှောင်ခြင်းကိုလည်း သစ္စာပင်ဆို၏။ ထိုသစ္စာကား ဝိရတိသစ္စာတည်း။ ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ ဤလေးပါးကိုလည်း မှန်ကန်သော သဘာဝများဖြစ်၍ သစ္စာပင် ဆိုရသည်။ အရိယသစ္စာတည်း။ ထိုတွင် တကယ်ထင်ရှား ရှိ၍ မပျက်စီးတတ် ကောင်းမြတ်သော သဘောဖြစ်သောကြောင့် နိဗ္ဗာန်ကို ပရမတ္ထသစ္စာဟုဆိုရပြန်သည်။ အမှန်မဟုတ်သော်လည်း မိမိက အမှန်ဟု စွဲချက်အရ သစ္စာဆိုရသော ဒိဋ္ဌိသစ္စာဟု ရှိခဲ့ပြန်သည်။ ဤသစ္စာတို့တွင် "တေန သစ္စေန"အရ သစ္စာကား ဝစီသစ္စာပင်တည်း။ ဝစီသစ္စာကား အဖြစ်အပျက် အမှန်ကို အမှန်အတိုင်း ပြောဆို၍ သဘာဝ တမျိုးပင်ဖြစ်၏။ ထိုသဘာဝမှာကား အဆိပ်ကို ပပျောက်စေနိုင်ခြင်း, မီးကိုငြိမ်းစေနိုင်ခြင်း, မိုးကိုရွာစေနိုင်ခြင်း, ကောင်းကင်၌ တည်စေနိုင်ခြင်း စသော အံ့ဖွယ် အမျိုးမျိုးကို ဖြစ်စေနိုင်သော အစွမ်းသတ္တိရှိ၏။

သုဝဏ္ဏသာမ။ ။ အလောင်းတော် သုဝဏ္ဏသာမ မြားမှန်၍ မြားဆိပ်အရှိန်ဖြင့် တွေဝေမိန်းမောနေသောအခါ "ဤသာမသည် တရားကျင့်သူ မြတ်သောအကျင့်ကို ကျင့်သူ, မှန်သောစကားကို

ပြောသူ, မိဘလုပ်ကျွေးသူ, အမျိုး၌ ကြီးသူတို့အား ရိုသေတတ်သူဖြစ်ကြောင်း, သာမကို မိမိအသက်ထက် ပိုမိုချစ်မြတ် နိုးကြောင်း, ထိုသစ္စာအရ သာမ၏အဆိပ် လျော့ကျပါစေ" ဟု မိဘနှစ်ပါး သစ္စာပြုခဲ့၏။

နတ်သမီးကလည်း "သာမကို မိမိအသက်ထက် ချစ်မြတ်နိုးကြောင်း, ဤဂန္ဓမာဒနတောင်၌ သစ်ပင်မှန်သမျှ မွှေးနံ့ ရှိကြသည်ချည်းဖြစ်ကြောင်း။ ဤသစ္စာအရ သာမ၏ အဆိပ်ကျပါစေ" ဟု သစ္စာပြုခဲ့၏။ ထိုသစ္စာများတန်ခိုးကြောင့် အဆိပ်ပြေကာ မြားဒဏ်ရာ အနာပင်မထင်ပဲ ပကတိအတိုင်း ကျန်းမာ ချမ်းသာခဲ့ရ၏။

ကဏှဒီပါယန။　။ သစ္စာသည် သဘာဝဓမ္မ တခုဖြစ်သောကြောင့် အမှန်ကို ဆိုခြင်းသာ ပဓာနဖြစ်၍ ကောင်းသော အရာ အချက်အလက်ကို ဆိုမှမဟုတ်ပဲ အဖြစ် အပျက် အမှန် ဖြစ်ပါက မကောင်းသော အရာကိုပင်ဆိုသော်လည်း တန်ခိုးအစွမ်း ရှိပါသည်။ ကဏှဒီပါယနဇာတ်၌ မဏ္ဍဗျသူကြွယ်ဇနီးမောင်နှံတို့ ကဏှဒီပါယနရသေ့ထံ အဖူးအမြော်ရောက်ကြစဉ် တွင်းထဲသို့ ဂျင်နှိုက်သော ယညဒတ္တမည်သော သားကလေးအား မြွေကိုက်ခံရ၍ သစ္စာဆိုကြ၏။ "ရသေ့က ငါသည် ရသေ့အကျင့်၌ ခုနစ်ရက်မျှသာ ပျော်ခဲ့၏။ သည့်နောက် အနှစ်ငါးဆယ် ကျော်မျှ မပျော်ပဲ ကျင့်နေရသည်။ ဤသစ္စာကြောင့် ယညဒတ္တ ချမ်းသာပါစေ,အဆိပ်ကျကာ အသက်ရှင်ပါစေ"ဟု ဆို၏။ အဆိပ်သည် နို့အထိ ကျဆင်းခဲ့၏။ ထို့နောက် ကလေး၏ဘခင်က ငါသည် ပေးလှူမှုကို မနှစ်သက်,သူများကဲ့ရဲ့မည်ကြောင့် မပေးလိုပဲ ပေးလှူနေရသည်။ ဤသစ္စာကြောင့် အဆိပ်ကျပါစေ"ဟုဆို၏။ အဆိပ်ကား ခါးအထက်ထိ ကျဆင်းခဲ့၏။ ထို့နောက် ကလေးမိခင်က "ငါသည် သင်ချစ်သားကို ရန်မူသော မြွေနှင့် သင်ချစ်သား၏ ဘခင်အပေါ်၌ မချစ်သည်မှာ အတူတူပင်၊ ဤသစ္စာကြောင့် အဆိပ်ကျပါစေ"ဟုဆို၏။ ထိုအခါ အဆိပ်မှာ လုံးဝ ကင်းသွားခဲ့၏။ (ဇာတက-ပ-၂၀၀)

သစ္စာကြောင့် ရေပြင်ကို မြေပြင်ပမာ ဖြတ်သွားနိုင်သည်ကိုရင်း, ကောင်းကင်တွင် မြေပေါ်၌ကဲ့သို့ ထိုင်နေနိုင်သည်ကိုရင်း မဟာကပ္ပိန

ဝတ္ထု၊ ကင္ဓဝါဟနဝတ်များအရ သိနိုင်သည်၊ ဤပရိတ်၌ပင် ငုံးမင်း၏ သစ္စာကြောင့် မီးကွင်းသည်ကိုရင်း၊ အင်္ဂုလိမာလမထေရ်၏သစ္စာကြောင့် ကိုယ်ဝန် လွယ်ကူစွာ မွေးဖွားနိုင်သည်ကိုရင်း တွေ့ရပေလိမ့်မည်။ ဤ၌ ဘုရားရှင်၏ဂုဏ်တော်မှာ စင်စစ်ကေန် မှန်သောအချက်ဖြစ်၍ ထိုအချက်ဖြင့် သစ္စာပြုခြင်းမှာ အန္တရာယ်ကင်း၍ ချမ်းသာခြင်းအကျိုးကို မပြီးစေပဲ မရှိနိုင်ရာ၊ ထို့ကြောင့် " ဧတေန သစ္စေန သုဝတ္ထိ ဟောတု"ဟု သစ္စာပြုခြင်း ဖြစ်သည်။

သုဝတ္ထိ။ ။[သုဝတ္ထိ အာသိဋ္ဌတ္တမှို"ဟူသော အဘိဓာန်အရ သုဝတ္ထိ-ကား အာသိဋ္ဌ (=တောင့်တခြင်း) အနက်ဟောတည်း။ ချမ်းသာပါစေ စသည်ဖြင့် တောင့်တခြင်းတည်း။ အဋ္ဌကထာ၌ သု-သဒ္ဒါ သောဘနအနက်ဟော၊ အတ္ထိသည် အတ္ထိဘာဝဟော-ဟု သိစေလို၍ "သောဘနာနံ အတ္ထိတာ ဟောတု အရောဂတာ နိရုပဒ္ဒဝတာ"ဟု ဖွင့်၏။ 'ကောင်းမြတ်သော အရာတို့၏ ရှိသည်၏ ဖြစ်ဆိုလျှင် ချမ်းသာရေး တောင့်တချက်မှန်သမျှ ဖြစ်နိုင်သော်လည်း ဤ၌ အရာအားလျော်စွာ ရောဂါကင်းရေး၊ အန္တရာယ်ကင်းရေး အတွက် အပ်သောအရာဖြစ်၍ "အရောဂတာ, နိရုပဒ္ဒဝတာ' ဟုဆိုသည်။ ဤအဖွင့်အရ သုဝတ္ထိ-ကား နာမ်ပုဒ်ဟု ဆိုရမည်ကဲ့သို့ ရှိ၏။ သို့သော် ဝိဘတ်များကြောင့်, ရုပ်ထူးထူးထွေထွေဖြစ်မှုများ မရှိရကား သောတ္ထိကဲ့သို့ အဗျယပုဒ်ပင်ဟု သဒ္ဒနီတိ(သုတ္တ ၃၈၈) ၌ ဆိုလေသည်။

---

(၃၁) ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၁) သမာဟိတော၊ အရိယမဂ်သမာဓိဖြင့် တည်ကြည်သောစိတ် ရှိတော်မူသော၊ သကျမုနိ၊ သာကီနွယ်ဖွား ဘုရားမြတ်သည်။ ခယံ၊ ကိလေသာစုံ ကုန်ပျောက်ရာဖြစ်သော။ ဝိရာဂံ၊ ရာဂအတွယ် ပျောက်ပြယ်ကင်းရှင်းရာ ဖြစ်ပေသောသော။ အမတံ၊ သေခြင်းမရှိသော။ ပဏီတံ၊ မဆောင့်ရဲစေဘတ် ကောင်းမြတ်လှသော။ ယံ၊ အကြင်နိဗ္ဗာနဓာတ်

တရားမြတ်ကို။ အဗျဂါ၊ ရတော်မူခဲ့ပေပြီ။ တေန ဓမ္မေန၊ ထို နိဗ္ဗာနဓာတ် တရားမြတ်နှင့်။ သမံ၊ တူသော။ ကိဉ္စိ၊ တစုံတခုသော တရားမျိုးသည်။ န အတ္ထိ၊ မရှိတော့ပေ။ ဓမ္မေ၊ နိဗ္ဗာန်တရားတော်၌။ ဣဒမ္ပိ ရတနံ၊ ဤ ရတနာဟု သိသာဖွယ်အကြောင်း ဂုဏ်တော်အပေါင်းသည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာ စကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—အရိယမဂ် သမာဓိ ရှိတော်မူသော, သာကီနွယ်ဖွား ဘုရားရှင်သည် ကိလေသာကုန်ရာ ရာဂအတွယ် ပျောက်ပြယ်ရာ သေခြင်းကင်းရာ ကောင်းမြတ်လှစွာသော အကြင် နိဗ္ဗာန်တရားတော်ကို သိမြင် ရပိုင်တော်မူခဲ့သည်။ ထိုနိဗ္ဗာန်တရား နှင့် ဂုဏ်ရည်တူညီသော တရားဟူ၍ တစုံတရာ မရှိတော့ပေ။ နိဗ္ဗာန်တရားတော်၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်တော် အပေါင်းသည်လည်း ထူးမြတ် လှပေသည်။ ဤသစ္စာစကား ကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

နိဗ္ဗာန်တရား။ ။ နိဗ္ဗာနဓာတ်ကို မတွေ့မသိရသေးပဲ ဗုဒ္ဓဖြစ်နိုင်သည်ဟု မရှိ။ ပစ္စေကဗုဒ္ဓ, သာဝကအရိယာအဖြစ် မှန်သမျှ ဤနိဗ္ဗာနဓာတ် တွေ့ရခြင်းဖြင့်သာ ဖြစ်ကြရ၏။ ဤသာသနာ၌ နိဗ္ဗာန် ကား မရမနေ အရယူရန် အလွန်လိုလား တောင့်တအပ်သော တရား မြတ်ပေတည်း။ ထို့ကြောင့်ပင် ဗုဒ္ဓဂုဏ်တော်ကို ချီးကျူးပြီးနောက် ဗုဒ္ဓဖြစ်ကြောင်း အကောင်းဆုံး တရားမြတ် နိဗ္ဗာနဓာတ်ကို ဂုဏ်ပြုလို ပြန်၍ "ခယံ ဝိရာဂံ" စသည်ဖြင့် ဟောတော်မူသည်။

ခယ ဝိရာဂ။ ။ နိဗ္ဗာန်ဟူသည် အငြိမ်း ဓာတ်ပင်တည်း။ ကိလေသာ တို့၏ ငြိမ်းအေးခြင်းသဘော, ရုပ်, နာမ်, သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသဘော ဖြစ်၍ သန္တိလက္ခဏံ နိဗ္ဗာနံ (=နိဗ္ဗာန်ဟု သိရ ကြောင်း အမှတ်အသားမှာ ငြိမ်းခြင်းသဘောသာ)ဟု ဆို၏။ လောက၌ ရောဂါ၏ ပျောက်ငြိမ်းခြင်း စသော အငြိမ်းသဘောဟု ရှိခဲ့ရာ ထို

ငြိမ်းခြင်းများမှာ မည်သို့မည်ပုံဟု အထည်ပုံဟန်ဖြင့် မပြနိုင်သော်လည်း သဘာဝအားဖြင့်ကား ရှိနေသော ဓာတ်များပင် ဖြစ်၏။ ထိုအတူ ရုပ်,နာမ်,သင်္ခါရ တို့၏ မဖြစ်သောအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အငြိမ်းဓာတ်မှာ ထင်ရှားပါသော်လည်း ငြိမ်းအေးခြင်းတို့၏ သဘာဝအတိုင်း အထည်ပုံဟန် သဏ္ဌာန် နိမိတ်အားဖြင့် ဘယ်သို့ဘယ်ပုံဟု ပြရန်, သိစေရန်ကား မဖြစ်နိုင်၊ ထို့ကြောင့် နိဗ္ဗာန်ကို ကိုယ်တွေ့ဆိုက်ထိ သိနေသော အရိယာတို့မှာ သင်္ခါရတို့ကဲ့သို့ နိမိတ်ပုံဟန်တို့ကို မမြင်ရပဲ သင်္ခါရတို့၏ မရှိခြင်း ကင်းခြင်း,ပျောက်ငြိမ်းနေခြင်းကိုသာ သိလျက် ရှိနေ၍ အနိမိတ္တပစ္စုပဋ္ဌာန,(=နိမိတ်ပုံဟန်မရှိသော တရားဟု ယောဂီဉာဏ်တွင် ထင်မြင်ခြင်းရှိ၏) ဟုဆိုခြင်းဖြစ်၏။

ကိလေသာသင်္ခါရတို့၏ ချုပ်ငြိမ်း ကင်းပျောက်ခြင်း သဘောဖြစ်၍ပင် နိဗ္ဗာန်ကို ဟောရာ၌ တဏှာ၏ ချုပ်ငြိမ်းပျောက်ပြယ်ရာ, ရာဂ ဒေါသ မောဟ ကုန်ရာ စသည်ဖြင့် ကိလေသာ ငြိမ်းရာအဖြစ်ဖြင့်လည်း ဟောခဲ့၏။ အချို့အရာ၌ စက္ခုစသော အာယတန ခြောက်ပါးတို့၏ ချုပ်ငြိမ်းရာ အဖြစ်ဖြင့် ဟောခဲ့၏။ ရုပ်, နာမ်, သင်္ခါရ-တို့၏ ချုပ်ငြိမ်းရာ အဖြစ်ဖြင့်လည်း ဟောခဲ့၏။

အချို့အရာ၌ ပထဝီစသော မဟာဘုတ်, အာကာသာနဉ္စာယတန စသော အရူပနာမ်များမရှိရာ ဤဘဝ, နောက်ဘဝ, နေ့, လ စသည်တို့ မရှိရာအဖြစ်ဖြင့် သင်္ခါရတို့နှင့် တဖက်တလမ်း ပြောင်းပြန် ဆန့်ကျင်ဖက် အဖြစ်ဟောခဲ့၏။ ထို့ကြောင့်ပင် သင်္ခါရတို့ကဲ့သို့ အဖြစ်အနေအားဖြင့် ဂုဏ်မပြုနိုင်တော့၍ မဖြစ်အနေအားဖြင့်သာ ဂုဏ်ပြုတော်မူလို၍ "ခယံ ဝိရာဂံ" ဟုဟောတော်မူသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြင့် ရာဂစသော ကိလေသာများ ကုန်ပျောက်ရသည်ဖြစ်ရာ ကိလေသာကုန်ကြောင်းဖြစ်၍ နိဗ္ဗာန်ကို ခယ- ဟု ဆိုရ၏။ နိဗ္ဗာန်၏ ငြိမ်းခြင်းအနက်ယူ၍ ရာဂစသော ကိလေသာတို့၏

အနုပ္ပါဒနိရောဓ (=နောင်တဖန် မဖြစ်ပေါ်သောအားဖြင့် ချုပ်ခြင်း) အားဖြင့် ကုန်ပျောက်ခြင်းမျှကို ခယ-ဟု အဋ္ဌကထာ၌ တနည်းဖွင့်၏။ ချုပ်ခြင်းကိုပင် ချုပ်ရာဟု အာဓာရအဖြစ်ဟောသော ဒေသနာများအရ ဤ၌ ကုန်ပျောက်ရာဟု အနက်ပေးခဲ့သည်။

နိဗ္ဗာန်၌ ရာဂစသည် လုံးဝမရှိ၊ နိဗ္ဗာန်ကို ကိလေသာတို့ အာရုံပြုနိုင်ခွင့်လည်း မရှိ၊ ထို့ကြောင့် ယှဉ်ဖက်အနေအားဖြင့် ကြည့်ကြည့်, အာရုံအနေအားဖြင့် ကြည့်ကြည့် ကိလေသာတို့နှင့်မယှဉ် လုံးဝကင်းလွတ်လျက်ရှိသည်ကိုသာ မြင်ရမည်ဖြစ်၍ ဝိရာဂ-ဟုဆိုသည်။ ထို့ပြင် နိဗ္ဗာန်ကို မျက်မှောက်ပြုရသော် ရာဂစသော ကိလေသာများ ပျောက်ပြယ် ကင်းရှင်းသောကြောင့် ရာဂကင်းကြောင်း အနက်အရ ဝိရာဂ မည်၏။ ခယ ဝိရာဂ နှစ်ပုဒ်မှာ သဒ္ဒါကွဲ ဗျုပ္ပတ်ကွဲသော်လည်း ကိလေသာချုပ်ခြင်းကိုပင် ဂုဏ်ပြုသည်။ နှစ်ပုဒ်လုံး ကိလေသာအားလုံး ကုန်ရာအဖြစ် အဋ္ဌကထာဖွင့်သော်လည်း အနက် ကွဲပြားအောင်ဟု ဝိရာဂ-ကို ရာဂအတွယ်ပျောက်ပြယ်ကင်းရှင်းရာ ဖြစ်သောဟု ပေးခဲ့သည်။ တဏှာက္ခယ (=တဏှာကုန်ရာ နိဗ္ဗာန်) ဟုဆိုလျှင် တဏှာသာမက အခြားကိလေသာအားလုံး ကုန်သည်ကိုပါ သိရသကဲ့သို့မှတ်။ ခယ (=ဒုက္ခခပ်သိမ်း ကုန်ငြိမ်းရာ) စသည်ဖြင့်လည်း အနက်ပေးနိုင်သည်။

လောက၌ ပြင်းထန်သော ရောဂါခံစားရ၍ ပျောက်ငြိမ်း သွားသောအခါ ထိုသူမှာ ရောဂါ၏ အလွန်ဆိုးဝါးပုံကိုရင်း, ပျောက်ငြိမ်းမှု၏ အလွန်ထူးမြတ်သော သက်သာရာ၏အဖြစ်ကိုရင်း ကိုယ်တွေ့ဖြစ်၏။ ထို့အတူ ကိလေသာတို့၏ ဒုက္ခဖြစ်ကြောင်း မကောင်းပုံကိုရင်း, ထိုးကျင့်ကိုက်ခဲတတ်သော အနာရောဂါ ပမာ လွန်စွာ ဆိုးဝါးပုံကိုရင်း မြင်ရသောအခါ ထိုကိလေသာတို့၏ အကျိုးမဲ့ပုံ ဂုဏ်မဲ့ပုံမှာ လွန်စွာ ထင်ရှား၏။ ထိုသို့ ကိလေသာတို့၏အကျိုးမဲ့ပုံ ဂုဏ်မဲ့ပုံကို သိရသောအခါ ကိလေသာတို့၏ချုပ်ငြိမ်းရာ နိဗ္ဗာန်၏ တကယ့်အကျိုးစီးပွါးအဖြစ် တကယ့် ဂုဏ်ကျက်သရေအဖြစ်မှာ ထင်ရှားလာတော့၏။ ထို့ကြောင့် ခယဝိရာဂမှာ ကိလေသာ

တို့၏ အကျိုးမဲ့ပုံ ဂုဏ်မဲ့ပုံ၏အဖြစ်ကို မြင်ရသူတို့အဖို့ တကယ့်အားကိုး ထိုက် မြတ်နိုးထိုက်သော ဂုဏ်များဖြစ်၍ ထို ခယ ဝိရာဂ ဂုဏ်ဖြင့် ချီးကျူးခြင်းဖြစ်သည်။

အမတ(=မသေ)ခတ်။ ။ဥပ္ပါဒေါ သင်္ခါရာ,အနုပ္ပါဒေါ နိဗ္ဗာနံ(=ဖြစ်သော တရားမျိုးကား သင်္ခါရ,မဖြစ်သော တရားမျိုးကား နိဗ္ဗာန်တည်း)။ ဤသို့ စသော ပါဠိအရ နိဗ္ဗာန်နှင့်သင်္ခါရ တို့ကား ပြောင်ပြောင် ဆန့်ကျင်ဖက်တို့တည်း။ ဆန့်ကျင်ဖက်ဖြစ်သော ကြောင့်ပင် အဖြစ်တရားမျိုးဖြစ်သော သင်္ခါရတို့၌ အငြိမ်းခတ်ကို ရှာ မတွေ့သလို မဖြစ်တရားမျိုးဖြစ်သော နိဗ္ဗာနခတ်၌လည်း သင်္ခါရတို့၏ အဖြစ်သဘောမျိုး လုံးဝရှာတွေ့လိမ့်မည်မဟုတ်၊ သင်္ခါရတို့ကား အဖြစ် တရားမျိုးဖြစ်၍ ဖြစ်ပေါ်မှု ဥပါဒ်ရှိ၏။ ဖြစ်တတ်၍ ချုပ်မှုဘင်လည်းရှိ၏။ ဖြစ်ပြီးလျှင် ချုပ်မြဲဖြစ်၍ ၎င်းတို့ကား မဿ(=သေ)ခတ်တို့သာတည်း။ နိဗ္ဗာန်ကား မဖြစ်တရားဖြစ်၍ ဖြစ်ပေါ်မှုဥပါဒ်မရှိ၊ ဥပါဒ်မရှိသောကြောင့် ချုပ်မှုဘင်လည်းမရှိ၊ အမြဲတန်းမပျက်တော့ပဲ တည်ရှိနေသော ထာဝရ ခတ် နိစ္စခတ်ဖြစ်၍ အမတ(=မသေ)ခတ်ဟု ဆို၏။ ထို့ပြင် နိဗ္ဗာန် ရလျှင်မသေရတော့ပြီ၊ သို့ဖြစ်လျှင် နိဗ္ဗာန်ကား မသေခြင်း၏အကြောင်း တည်း။ ထို့ကြောင့်ပင် အမတဟောကုတာယ ဘင်္ဂါဘာဝတော စ အမတံ (=မသေခြင်း၏အကြောင်းဖြစ်သောကြောင့်၎င်း, ဘင်မရှိသောကြောင့် ၎င်း အမတမည်၏) ဟု နေတ္တိအဋ္ဌကထာ (၁၁၉)၌ ဖွင့်ဆိုခဲ့သည်။

အဘာဝလော။ ။နိဗ္ဗာန်သည် ဖြစ်လည်း မဖြစ် ချုပ်လည်း မချုပ် ရုပ်နာမ်တို့ ချုပ်ငြိမ်းရာ မရှိရာဟု ဆိုပါလျှင် ၎င်းသည် ပရမတ္ထအားဖြင့် မရှိ ဘာမျှမရှိသော အဘာဝပညတ်သာ ဖြစ်ဖွယ်ရှိတော့ သည်ဟု ဆိုရန်ရှိပြန်သည်။ လောက၌ သဘာဝတရားများ ရှိခဲ့၏။ ထို သဘာဝတရားများကား ဉာဏ်၏ အရာဖြစ်၍ သစ္စိကရဏ (တိုက်ရိုက် မျက်မှောက်ပြုခြင်း) အတ္တပစ္စက္ခ (=ကိုယ်တွေ့ မြင်သိခြင်း)ဖြင့် သိရ တွေ့ရသော တရားများတည်း။ ပညတ်ဟူသည်မှာ သဘာဝအားဖြင့်မရှိ၊ အထင်အပြောသာဖြစ်၍ ထိုသို့ သိရခြင်းမျိုးဖြင့် တွေ့နိုင် သိနိုင်သော

တရားမျိုးမဟုတ်၊ နိဗ္ဗာန်ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်၏အာရုံဖြစ်၍ အရိယာတို့ မျက်မှောက်ဆိုက်ထိ ကိုယ်တွေ့သိရသော ဓာတ်သဘောဖြစ်ရာ အဘယ်မှာ ပရမတ္ထအားဖြင့် ထင်ရှားမရှိပဲ ရှိပါအံ့နည်း။ ဤအရာ၌ ဗုဒ္ဓရှင်တော်မြတ်၏ ယုတ္တိပြပုံကို ပြဆိုဦးမည်။

အဇာတ (=မဖြစ်သဘောနိဗ္ဗာန်)ကား ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်။ အဇာတသဘောမရှိခဲ့လျှင် အဖြစ်သဘောရှိသော နာမ်ရုပ်ခန္ဓတို့၏ချုပ်ငြိမ်းခြင်းဟူသော ထွက်မြောက်မှုဟု မရှိနိုင်။ စင်စစ်သော်ကား အဇာတသဘော အမှန်ထင်ရှားရှိ၏။ ထင်ရှားရှိသောကြောင့်ပင် ဇာတရုပ်နာမ်တို့၏ချုပ်ငြိမ်းခြင်းဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်မှု နိဿရဏသဘော ထင်ရှားဖြစ်ရသည်။

ဆိုလိုသည်မှာ မဂ္ဂဘာဝနာကို မပွါးခဲ့လျှင် ကိလေသာတို့ကား ဖြစ်မြဲဖြစ်နေမည်သာ။ ကိလေသာဖြစ်လျှင် ခန္ဓာတို့လည်း ဖြစ်မြဲဖြစ်နေမည်ပင်။ မဂ္ဂဘာဝနာကို ပွါးများသူသည် မဂ်အခိုက်၌ အငြိမ်းဓာတ်ကို ဆိုက်တွေ့ရ၏၊ ထိုအခိုက်၌ပင် ခန္ဓာချုပ်ငြိမ်းမှု, ခန္ဓာကို ဖြစ်စေတတ်သော အဘိသင်္ခါရဝိညာဉ်တို့၏ ချုပ်ငြိမ်းမှုများလည်း ပြီးစီး၏၊ ထိုအငြိမ်းဓာတ်ကား ပျောက်သွားသည် မရှိ ထာဝစဉ် တည်ရှိတော့သည်။ ထို့ကြောင့်ပင် ရဟန္တာများ၌ စုတိအခြားမဲ့တွင် ဝဋ်ဒုက္ခသင်္ခါရတို့ လုံးဝချုပ်ငြိမ်းမှု ထင်ရှား လာရတော့သည်။

ပဏ္ဍိတ။ ။ရုပ်နာမ်သင်္ခါရတို့၏ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဆိုလျှင် ထိုချုပ်ငြိမ်းမှုကို ချမ်းသာဟု ဘယ်သို့ ဆိုနိုင်မည်နည်း။ "ငါ့ရှင်တို့ ဤနိဗ္ဗာန်ကား ချမ်းသာပေတည်း"ဟု မိန့်တော်မူသော အရှင်သာရိပုတ္တရာမထေရ်ကို အရှင်ဥဒါယီက "ခံစားဖွယ်မရှိသော နိဗ္ဗာန်မှာ ဘယ်သို့ ချမ်းသာဖြစ်ပါသနည်း" ဟုမေးသော် "ဤခံစားမှု ဝေဒယိတ မရှိခြင်းသည်ပင် ချမ်းသာဖြစ်တော့သည်ဟု မိန့်တော်မူသည်။

ကြောင့်ကြစိုက်ရခြင်း, ဒုက္ခနှင့်ရောနေခြင်း, အမြဲမတည် ပျက်စီးခြင်း ပျက်စီးသောအခါ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရခြင်း စသည်ဖြင့် အဖြစ်

များလှသော ဤဝေဒယိတသုခ-၌ သန္တိကို အလိုရှိသောပညာရှင်တို့အဖို့ စိတ်ပျက်ဖွယ်အတိသာ ဖြစ်၏။ ကြောက်မက်ဖွယ် ဒုက္ခအဖြစ်သာ ထင်၏၊ ငြိမ်းအေးခြင်း ရလေလေ ဒုက္ခအဖြစ် ပို၍ထင်ရှားလေလေ ဖြစ်ရ၏။ သုခမည်သည်မှာ နှုတ်နိုင်ပယ်နိုင်သမျှ ပို၍ရလာမြဲဖြစ်၏၊ ကာမချမ်းသာကိုပယ်လျှင် ပဌမဈာန် ချမ်းသာရ၏၊ ထိုပဌမဈာန်ကား ကာမသုခထက် ပို၍ချမ်းသာ၏၊ ဝိတက် ဝိစာရကိုနှုတ်သဖြင့် ရအပ်သော ဒုတိယဈာန် ချမ်းသာသည် ထို့ထက် ပိုလာ၏။ ပီတိနှုတ်၍ရသော တတိယဈာန်, သုခနှုတ်၍ရသော စတုတ္ထဈာန်, ရုပ်ကိုနှုတ်ပယ်၍ ရသော အရူပဈာန်သုခတို့ကား အဆင့်ဆင့်ပို၍ ချမ်းသာ၏။ ထို့ထက် နာမ်တရားနှင့် ရုပ်တချို့နှုတ်၍ ချုပ်ငြိမ်းသော နိရောဓသမာပတ် ချမ်းသာကား ဆိုဖွယ်မရှိ၊ ရုပ်နာမ် အားလုံး ချုပ်ငြိမ်းသော နိဗ္ဗာန်ချမ်းသာမှာ ချမ်းသာတကာတို့၏ အထွတ်အထိပ်သို့ ရောက်ရ၏။ ပရမသုခဖြစ်သောကြောင့် နိဗ္ဗာန်၏ ကောင်းမြတ်သော တရားအဖြစ် သိရ၏။ ကောင်းသော မြတ်သောအရာ ဆိုလျှင် ၎င်း၌ အပြစ်ကင်းခြင်း, ဂုဏ်ရှိခြင်းကြောင့်ပင် ဖြစ်၏။ ကိလေသာတို့ကား တကယ့်အပြစ်များဖြစ်၏။ ခန္ဓာ တို့လည်း ဒုက္ခဖြစ်၍ အပြစ်များပင်။ ထိုအပြစ်များကင်းသော နိဗ္ဗာန်ကား အလွန်ဂုဏ်တက်၍ ပဏီတဟုဆိုရသည်။

ပဏီတ-ဟူသည် ဥတ္တမ(=မြတ်သော) အနက်ကြောင့်သာ ပဏီတမည်သည် မဟုတ်၊ အတပ္ပက(=မရောင့်ရဲစေတတ်သော) အနက်ကြောင့်လည်း ပဏီတဆိုရကြောင်းကို အဌကထာ၌ "ဥတ္တမဋ္ဌေန ပန အတပ္ပကဋ္ဌေန စ ပဏီတံ" ဟု ဖွင့်၏။ လောက၌ ကောင်းမြတ်သော အဆင်ဘဏ္ဍာရတနာဆိုလျှင် ပိုင်ရှင်မှာ ကြည့်၍မဝ ဆင်၍ အားမရဖြစ်သကဲ့သို့ နိဗ္ဗာနဓာတ်ကို ရရှိသော ပုဂ္ဂိုလ်တို့မှာ ထိုနိဗ္ဗာန်ကို အာရုံယူနေခြင်း၌ အားရတင်းတိမ်သည်ဟု မရှိ၍ မရောင့်ရဲစေတတ်ဟု ဆိုသည်။

နိဗ္ဗာန်ရသည်။ ။ ယဒဇ္ဈဂါ-၌ အဇ္ဈဂါ-ကို ဝိန္ဒိ ပဋိလဘိ(=ရ၏) ဟု ဖွင့်၏၊ မိမိသန္တာန်၌ မဂ်ဖိုလ်ဖြစ်သည်ကို မဂ်ရသည်, ဖိုလ်ရသည်ဟု ဆို၏၊ နိဗ္ဗာန်မှာ ထိုကဲ့သို့ဖြစ်သည်ကား မဟုတ်၊ မဂ်ဉာဏ်,

ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းခေါ် ကိုယ်တွေ့သိခြင်းဖြစ်၏၊ ထို့ကြောင့် ဝိန္ဒ ပဋိလဘိ-ကိုပင် အတ္တနော ဉာဏဗလေန သစ္ဆာကာသိ (=မိမိဉာဏ် စွမ်းဖြင့် မျက်မှောက်ပြုပြီ) ဟု အဋ္ဌကထာ ဖွင့်သည်။

"ဤတလံမျှလောက်သော ခန္ဓာကိုယ်၌ပင် ဒုက္ခကိုလည်း ငါဘုရား ပညတ်တော်မူ၏၊ ဒုက္ခဖြစ်ကြောင်း သမုဒယ, ဒုက္ခချုပ်ငြိမ်းရာ နိရောဓ, ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် မဂ္ဂကိုလည်း ငါဘုရား ပညတ်တော်မူ၏" ဟု သဂါထာဝဂ္ဂသံယုတ် (၆၁)၌ ဟောတော်မူ၏၊ ဤဒေသနာအရ နိရောဓ ဟူသည် ဤခန္ဓာ၌ပင် ရှိသည်ဖြစ်သည် မဟုတ် လောဟု ဆိုရန်ရှိပြန်သည်။ နိဗ္ဗာန်ကို ဗဟိဒ္ဓဓမ္မအဖြစ် ဟောတော်မူ သောကြောင့် ခန္ဓာကိုယ်၌ကား ရှိနေ, ဖြစ်နေသည်မဟုတ်၊ သို့သော် ခန္ဓာ ကိုယ်၌ ရှိနေ, ဖြစ်နေသော နာမ်ရုပ်တို့ကို ရှုမြင်နေသော ပုဂ္ဂိုလ်၏ စိတ် သည် ထို ဖြစ်နေသော ရုပ် နာမ်တို့ကို မြင်နေရာမှ မဖြစ်သော, ချုပ်ငြိမ်း နေသော နိဗ္ဗာနဓာတ်သို့ ရောက်သွားခြင်းဖြစ်၍ ခန္ဓာကိုယ်မှာ ရှိနေသကဲ့ သို့ တင်စား၍ ဟောကြားခြင်းဖြစ်၏။ ထိုသို့ အဖြစ်တရားတို့ကို မြင် နေရာမှ မဖြစ်တရား ချုပ်ငြိမ်းခြင်းဓာတ်သို့ ရောက်သွားသောကြောင့်ပင် နိဗ္ဗာန်သည် အနီးအနားမှာရှိနေလျက် မမြင်နိုင်ကြသည့် အကြောင်းကို "သန္တိကေ န ဝိဇာနန္တိ၊ မဂ္ဂါ ဓမ္မဿ ကောဝိဒါ" ဟု သုတ္တနိပါတ (၃၉၇) ၌ ဟောတော်မူ၏။　ဓမ္မဿ၊ မဂ်တရားကို။ အကောဝိဒါ၊ မကျွမ်းကျင်ဘိ မသိမြင်ကုန်သော။ မဂ္ဂါ၊ သားသမင်သွင် ပုထုဇဉ်တို့ သည်။ သန္တိကေ၊ အနီးအနား ဖြစ်ပါလျက်။ န ဝိဇာနန္တိ၊ မသိနိုင်ပဲ ရှိကြ လေကုန်၏။

သကျမုနိ သမာဟိတော။　။ နိဗ္ဗာန်သည် ဗဟိဒ္ဓဖြစ်၍ ပုဂ္ဂိုလ်မှ အလွတ် ဆိုရသော်လည်း ပုဂ္ဂိုလ်၏ ကိလေသာ ရုပ်နာမ်တို့ အနုပ္ပါဒ နိရောဓဖြင့် ချုပ်ငြိမ်းခြင်း သဘော, ပုဂ္ဂိုလ်၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ရသော သဘောဖြစ်၍ ပုဂ္ဂိုလ်နှင့်ကား ကင်း၍မဖြစ်။ ထို့ကြောင့် နိဗ္ဗာန် ရရာ ပုဂ္ဂိုလ်ကို သကျမုနိဟု ညွှန် တော်မူ၏။ နိဗ္ဗာန်ကို ဘုရားမှတပါး အရိယာများလည်း သိသည်သာ။

သို့သော် ပရောပဒေသ (=သူတပါးနည်းပြချက်) ကင်း၍ လက်ဦး မိမိဘာသာ သိတော်မူလာသော ပုဂ္ဂိုလ်ထူး ဝိသေသကို ညွှန်လို၍ ဘုရားကို နိဗ္ဗာန်သိသော ပုဂ္ဂိုလ်အဖြစ် ပြခြင်းဖြစ်သည်။

ဤ၌ သာကီဝင်အမျိုးမှ မွေးဖွားဖြစ်ထွန်းလာသောကြောင့် သကျ ဟုရင်း, မောနေယျဓမ္မ (=မုနိဖြစ်ကြောင်းတရားများ) နှင့် ပြည့်စုံသောကြောင့် မုနိဟုရင်း အမည်ရတော်မူသည်။ မောနေယျဓမ္မကား ကာယမောနေယျ, ဝစီမောနေယျ, မနောမောနေယျ-ဟု မဟာနိဒ္ဒေသ (၄၄) ၌ လာသော မောနေယျသုံးပါးပင်တည်း။

သမာဟိတော-၌ ရူပ,အရူပသမာဓိများပါ ဘုရားမြတ်၌ ရှိနေသော်လည်း ထိုသမာဓိများဖြင့် နိဗ္ဗာန်ကို မရ၊ မဂ်သမာဓိ,ဖိုလ်သမာဓိ ကားဖြင့်သာ နိဗ္ဗာန်ကို ရသည်။ ရှေးဦးစွာ ရခြင်းကို ရသည်ဟု ဆို၏၊ ရပြီးနောက် ဆက်လက်တည်နေသည်မှာ ပိုင်သည် ထိန်းသိမ်းထားသည်ဟု ဆိုနိုင်၏၊ ဖလသမာဓိမှာ ဤသဘောသာတည်း။ ထို့ကြောင့် အရိယမဂ္ဂ-သမာဓိနာ သမာဟိတစိတ္တော” ဟု ဖလသမာဓိကို မယူပဲ မဂ္ဂသမာဓိ ကိုသာ အဋ္ဌကထာဖွင့်သည်။

အတုမဲ့တရား။ ။ဇာတ ရုပ်နာမ်တို့၏ ဆိုင်ရာ သဘာဝများနှင့် အနိစ္စ လက္ခဏာ စသည်ကို အတော်အသိခက်လျက် ရှိ၏။ သာမန်ဉာဏ်မျိုးရှိသူမှာ ထိုသဘာဝများကို သိရန်ပင် ထောက်တည်မရ ရှိ၏။ ဝိပဿနာဉာဏ်တို့၏အရာသာတည်း။ အဇာတသဘော ဖြစ်သော နိဗ္ဗာန်ကို မြင်ရန်ကား သာလွန် ခက်ခဲလျက်ရှိ၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မှတပါး အခြား လောကီဉာဏ်တို့ဖြင့် ထောက်တည်ရာ မရအောင် နက်နဲလှ၏၊ ထိုသို့ နက်နဲသောကြောင့် သိမြင်နိုင်ရန် ခက်ခဲလှသည်။ အဇာတ(=မဖြစ်)ဘုရားဖြစ်၍ပင် သဘာဝအားဖြင့်လည်း သိမ်မွေ့လှ၏။ နူးညံ့လှ၏၊ ကိလေသာ, ရုပ်,နာမ်, ဖောက်ပြန်တတ်သော တရားတို့မှ လွတ်လျက် ရှိနေသောကြောင့် အလွန်လည်း ငြိမ်သက်, အလွန်လည်း ကောင်းမွန်လျက်ရှိ၏။ ဤသို့ စသော အကြောင်းများကြောင့် န တေန

ဓမ္မေန သမတ္တိ ကိဉ္စိ (=နိဗ္ဗာန်နှင့်တူသော တရားတခုမျှမရှိ) ဟု ဂုဏ်ပြု ခဲ့၏။

ကြိုးစားသင့်သည်။ ။နိဗ္ဗာနဓာတ်ကား အလွန်ထူးခြားသော တရားမြတ် ဖြစ်၏၊ ထူးမြတ် ကောင်းမွန်သော နိဗ္ဗာနဓာတ်ကို ရယူနိုင်ခွင့်ရှိသည်မှာ သာသနာတော်၏ ထူးခြားသော ဂုဏ်တရပ်ပင်။ နိဗ္ဗာန်ရောက်ရန် လမ်းမှန်အကျင့်ကောင်းလည်းရှိ၍ ကျင့်သည့်အတိုင်း နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်နိုင်သည်ဆိုလျှင် သာသနာနှင့် ကြုံရသော ဤအခါမျိုးမှာ နိဗ္ဗာန်ရရေး၌ လေးလေးစားစား မကြိုးစားပဲ မရှိ သင့်ပေ၊ သို့သော် အလွန်နက်နဲ ခက်ခဲ သိမ်မွေ့သော တရားဖြစ်၍ သာမန် ဇွဲလွယ်လွယ်ဖြင့်ကား မရနိုင်ရာ၊ လွန်စွာ ကြိုးစားခြင်းဖြင့် နိဗ္ဗာနဓာတ်သို့ ဆိုက်ကပ်နိုင်ကြပါစေ။

နယိဒံ သိထိလမာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဂန္ထပ္ပမောစနံ ¹။
နိဒါနဝဂ္ဂ၊ ဘိက္ခုသံယုတ် (၄၆၆)

သဗ္ဗဂန္ထပ္ပမောစနံ၊ အထုံးအဖွဲ့ ဂန္ထမှန်သမျှတို့မှ လုံးဝကျွတ်လွတ်ရာ ဖြစ်သော။ ဣဒံ နိဗ္ဗာနံ၊ မြင်နိုင်ခဲ၍ နက်နဲကေန် ဤနိဗ္ဗာန်ကို။ သိထိလံ အာရဗ္ဘ၊ ဝီရိယလျော့ ပေါ့ပေါ့ဆဆ အားထုတ်ကြ၍။ န အဓိဂန္တဗ္ဗံ၊ ရနိုင်ဖို့ရာ မဖြစ်နိုင်ပါပေ။ ဣဒံ နိဗ္ဗာနံ၊ ဇွဲအားသန်သူ လူချွန်များသာ ရရာအမှန် ပြည်နိဗ္ဗာန်ကို။ အပ္ပေန ထာမသာ၊ ဇွဲမာန်ကိုလျော့ ပေါ့ပေါ့ တန်တန် သာမာန် စွမ်းအားမျိုးဖြင့်။ န အဓိဂန္တဗ္ဗံ၊ သိမ်မွေ့နက်နဲ ခက်အာ ခဲမို့ မလွဲစင်စစ် ရဖို့ရန် မဖြစ်နိုင်ပေ။

---

(၃၂) ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ'မာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊

---

¹ ၁-ဆဋ္ဌမူ၌ 'သဗ္ဗဒုက္ခပ္ပမောစနံ' ဟု ရှိသည်။

ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၂) ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်သည်။ သုစိံ၊ ကိလေသာကင်း အလွန် သန့်ရှင်းစင်ကြယ်သော။ ယံ သမာဓိံ၊ အကြင်အရိယမဂ် သမာဓိကို။ ပရိဝဏ္ဏယီ၊ အနည်းနည်းထုတ်ဖော် ချီးကျူးတော်မူခဲ့ပြီ။ ယံ သမာဓိံ ၊ အကြင် အရိယမဂ်သမာဓိကိုပင်။ အာနန္တရိကံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးတတ်သည့် အာနန္တရိကသမာဓိဟူ၍လည်း။ အာဟု၊ ဘုရားအဆူဆူ မိန့်တော်မူကုန်ပြီ။ တေန သမာဓိနာ၊ ထိုအရိယမဂ် သမာဓိနှင့်။ သမော၊ တူညီသောသမာဓိမျိုးကား။ န ဝိဇ္ဇတိ၊ မရှိတော့ပေ။ ဓမ္မေ၊ အရိယမဂ်ဘုရားတော်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏ အဖြစ် နှစ်သက်ဖွယ်ကောင်း ဂုဏ်တော်အပေါင်းသည်လည်း။ ပဏီတံ၊ ထူးမြတ် လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—ဗုဒ္ဓရှင်တော်မြတ်သည် ကိလေသာကင်း အလွန် သန့်ရှင်းဖြူစင်သော အရိယမဂ်သမာဓိကို အနည်း နည်း ထုတ်ဖော် ချီးကျူးတော်မူခဲ့၏။ ယင်း အရိယမဂ် သမာဓိကိုပင် မိမိအခြားမဲ့၌ အကျိုးကို ပေးတတ်သည့် အာနန္တရိကသမာဓိဟူ၍လည်း ဘုရားရှင်များ မိန့်ကြားတော်မူ ခဲ့သည်၊ ထိုအရိယမဂ်သမာဓိနှင့် တူညီသော သမာဓိကား မရှိပေ။ အရိယမဂ်တရားတော်၌ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဤဂုဏ် ရည်လည်း ထူးမြတ်လှပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါ တွေ ချမ်းသာပါစေ။

အရိယမဂ်ဂုဏ်ရည်။ ။ "ယံ ဗုဒ္ဓသေဋ္ဌော" စသည်ကား အရိယမဂ် ဂုဏ်တော်ကို ဆိုကာ သစ္စာပြုခြင်းတည်း။ မဂ္ဂ- ဘာဝနာ (=မဂ်ကို မိမိသန္တာန်၌ ဖြစ်စေခြင်း) နှင့်ကင်း၍ နိဗ္ဗာန်မရနိုင်၊ အားလုံးသော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သာဝကတို့သည် မဂ်တရားဖြင့်သာ နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက် ကြရ၏။ ထို့ကြောင့် နိဗ္ဗာန်တရားကို ဂုဏ်

ပြုပြီးနောက် နိဗ္ဗာန်ကဲ့သို့ အရေးတကြီး ရအပ်, ပိုင်အပ်, မြတ်နိုးအပ်, လိုလားအပ်သော မဂ်တရားကို ဂုဏ်ပြုကာ သစ္စာဆိုတော် မူပြန်သည်။

ဗုဒ္ဓသဒ္ဒေ။ ။"ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ" အရ သစ္စာလေးပါးကို သိတော်မူပြီး ဖြစ်သောကြောင့် ဗုဒ္ဓမည်၏။ ဘုရားရှင်၏ အရဟတ္တမဂ်ဖြင့် သဗ္ဗညုတဉာဏ်လည်း တပါတည်း အပြီးရောက်ခဲ့၏။ ထို့ကြောင့် သစ္စာလေးပါးကိုပင် သိ၍ အရဟတ္တမဂ်ရပြီး ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့မှာ ဤဗုဒ္ဓအမည်တော်နှင့် မသက်ဆိုင်တော့ပြီ။ ထိုဗုဒ္ဓသည်ပင် "ပသတ္ထာနံ၊ ချီးမွမ်းခံရသူတို့တွင်။ ဝိသေသော၊ ထူးခြားသာလွန် အမွန် အမြတ်ဆုံးတည်း" ဟူသော အနက်အရ သေဋ္ဌလည်း မည်ပြန်သည်။ (ဗုဒ္ဓေါ စ သော သေဋ္ဌော စာတိ ဗုဒ္ဓသေဋ္ဌော)

တနည်းအားဖြင့် ဗုဇ္ဈတီတိ ဗုဒ္ဓေါ (=သိတတ်သူ ဉာဏ်ရှိသူ)ဟူသော သာမည အနက်အားဖြင့် ဗုဒ္ဓအဖြစ် တနည်းတလမ်း ခေါ်ဆိုရသော အနုဗုဒ္ဓ (=ဘုရားမှတဆင့် သစ္စာသိရသော သာဝက), ပစ္စေကဗုဒ္ဓ (=နည်းညွှန်သူ မရှိပဲ မိမိဘာသာ သစ္စာသိနိုင်သော ပစ္စေကဗုဒ္ဓါ),သုတဗုဒ္ဓ (=ပရိယတ္တိဗဟုဿုတ ရှိသော ပညာရှိရဟန်း) တို့တွင် ထူးချွန် ချီးမွမ်းအပ်သော အမြတ်ဆုံးဗုဒ္ဓ ဖြစ်သောကြောင့် ဗုဒ္ဓသေဋ္ဌ အမည်ရသည်။ (ဗုဒ္ဓေသု၊ ဗုဒ္ဓတို့တွင်။ သေဋ္ဌော၊ အမြတ်ဆုံးတည်း။ ဗုဒ္ဓသေဋ္ဌော၊ အမြတ်ဆုံးဗုဒ္ဓ)

ဤဗုဒ္ဓသေဋ္ဌော-ဖြင့် သဗ္ဗညုအဖြစ်ကိုပြ၍ အမှန်အတိုင်းတရားအားလုံး သိသည်ကိုရင်း, တရားမှန်ကိုသိသော ဗုဒ္ဓ၏ ညွှန်ပြသော နည်းလမ်းမှာ နည်းမှန်လမ်းကောင်း အစစ်ဖြစ်မည်ကိုရင်း, ထိုနည်းအရ လိုက်နာသူတို့ တကယ် အကျိုးရှိမည်ကိုရင်း သိစေခဲ့ရာ ထိုသို့သော အတုမဲ့ ဗုဒ္ဓက ချီးကျူးအပ်သော မဂ်တရားမှာ အလွန် ကောင်းသော တရားဖြစ်မည် ကေန်ဟု မဂ်ရကြောင်း၊ အကျင့်များကို လိုက်နာကျင့်ကြရန် အများကို အားတက်စေ၏။

• ပရိတ်ကြီး ၁၆—ပ-၆—သ—၈

ပရိဝဇ္ဇယိ သုစိံ။ ။ "ပရိဝဇ္ဇယိ" ဖြင့် ထိုထိုပါဠိ၌ အရိယမဂ်အား ချီးကျူးသည်ကိုပြ၍ နိဗ္ဗာန် ရောက်ရန် လမ်းတို့တွင် ဤအဋ္ဌင်္ဂိက အရိယမဂ်လမ်းကြောင်းမှာ ဘေးရန်ကင်းဝေး အေးချမ်း သာယာသော လမ်းတည်းဟူ၍ငင်း, မဂ်တို့တွင် အဋ္ဌင်္ဂိကမဂ်သည် အမြတ်ဆုံးဟူရင်း ဤသို့စသည်ဖြင့် ချီးကျူးတော်မူခဲ့သည်များကို ရည်သည်။

သုစိ-ဟူသော သာမညသဒ္ဒါဖြင့် သာမန်စင်ကြယ်ခြင်း, တကယ်စင်စစ် စင်ကြယ်ခြင်း. နှစ်မျိုးလုံးနှင့် ဆိုင်နေရာ မဂ်ကို ချီးကျူးသော သုစိ ဖြစ်ခြင်း, ဘုရားရှင် ချီးကျူးလောက်အောင် စင်ကြယ်သော စင်ကြယ် ခြင်းဖြစ်၍ တကယ်စင်ကြယ်ခြင်းကို ယူရမည်ဟု "ကိလေသမလသမုစ္ဆေ- ဒနသမတ္ထတာယ၊ ကိလေသာ အညစ်အကြေးတို့ကို ဖြတ်တောက် ပယ်ရှားမှု ပြုတတ်သောကြောင့်။ အစ္စန္တဝေါဒါနံ၊ စင်စစ် ဖြူစင်လှသော"ဟု သုစိကို အဋ္ဌကထာ ဖွင့်ပြသည်။

လောကီကုသိုလ်များ၏ ကိလေသာပယ်မှုမှာ တဒင်္ဂမျှသာ။ ၎င်းတို့မှာ အနုသယခေါ် အငုပ်ဓာတ်ကို အသေမသတ်နိုင်သဖြင့် နောက်ထပ် ပေါ် လာရစမြဲပင်။ မဂ်ကား တခါတည်း အငုပ်ဓာတ်ကိုပင် အပြုတ်သတ်နိုင်၍ တကယ် စင်ကြယ်သောတရား ဖြစ်ရပေသည်။

ဤ၌ "သုစီတိ ပရိဝဇ္ဇယိ"ဟု ဖွင့်သော ပရိတ်ဋီကာအရ "သုစိံ = စင်ကြယ်၏"ဟူ၍ ဟု ပရိဝဇ္ဇယိ၏ ချီးမွမ်းပုံ အာကာရအဖြစ် သုစိံကို အနက်ပေးကြ၏။ အဋ္ဌကထာ၌ ပရိဝဇ္ဇယိအရ ချီးကျူးပုံကို ဆိုခဲ့ပြီး အတိုင်း ပါဠိလာ မဂ်၏ ဂုဏ်ရည်များကိုသာ ဖွင့်၏။ သုစိံ-ကိုကား ယံ= သမာဓိံ၏ ဝိသေသနအဖြစ် တေန သုစိနာ ဗုဒ္ဓသေဋ္ဌပရိဝဇ္ဇိတေန အာနန္တရိကသမာဓိနာ-ဖြင့် သိစေ၏။ ထို့ကြောင့် "သုစိံ၊ အလွန် စင်ကြယ်သန့်ရှင်းသော။ ယံ သမာဓိံ၊ ကို" ဟု ယံ-၏ ဝိသေသနအဖြစ် ပေးခဲ့၏။

အာနန္တရိက။ ။အာနန္တရိကညမာဟု၍အာနန္တရိကံ+ယံ+အာဟု-ဖြတ်။ နိဂ္ဂဟိတ်သည် ယ-နှင့်အတူ ဉ-ဖြစ်၍ ဒွေဘော်လာသည်။ အနန္တရဖလသည် ဖလနောက်ပဒ်ကျေ၍ အနန္တရဖြစ်၏။ အနန္တရံ အသာ အတ္ထီတိ အာနန္တရိကော။ ။အသာ၊ လိုမက်အား။ အနန္တရံ၊ အခြားမဲ့၌ ဖြစ်သော အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အာနန္တရိကော၊ ကမည်၏၊ "မိမိအခြားမဲ့ဖြစ်သော ဖိုလ်ဟူသော အကျိုးရှိ၏ ဟူ၍"ဟု အာနန္တရိကံကို သဒ္ဒါနက် ပေးနိုင်၏။

အခြားကုသိုလ်များမှာ ဖြစ်ပြီးနောက် ကာလတပါးသို့ ရောက်မှ အကျိုးပေးကြ၏။ ဒိဋ္ဌဓမ္မကံမျိုးပင် နှစ်,လ,ရက်,နာရီ, မိနစ်စသည် ကွာခြားဆိုင်းငံ့ပြီးမှ အကျိုးပေးတတ်၏။ ဤမဂ်ကား မိမိဖြစ်ပြီးလျှင် ပြီးခြင်း ကာလ မခြားပဲ အကျိုးပေးတတ်သည်မှာ ထူးခြားသော ဂုဏ် တရပ်ပင်ဖြစ်၏။ ဤအာနန္တရိကဂုဏ်သည်ပင် တရားဂုဏ်တော်ခြောက်ပါး၌ အကာလိက(=အခါမလင့် အကျိုးကို ပေးတတ်သော တရား)ဟု မဂ် အတွက် သီးခြားဂုဏ်တရပ်အဖြစ် ပါဝင်၏။ ဤသို့ အကျိုးပေးနိုင်သည်မှာ လည်း မဂ်၏ အရှိန်အဝါ အာနုဘော် ကြီးမားသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့်ပင် ကိလေသာပယ်သတ်ရေး၌ ၎င်းသည် တခါတည်း တကြိမ် တည်းဖြင့် အပြီးသတ် အကြွင်းမဲ့ ပယ်နိုင်ခြင်းဖြစ်၏။

မဂ်ပယ်ခြင်းကြောင့် ဖြစ်လာရသော အငြိမ်းဓာတ် အရသာကို ဖိုလ်က ခံစားရ၏၊ အကြောင်းကောင်းလျှင် အကျိုးလည်း ကောင်းမြဲ ဖြစ်ရာ အကြောင်း မဂ်ကို ချီးမွမ်းလျှင် အကျိုးဖိုလ်ကိုလည်း အဝိနာဘာဝ အားဖြင့် ချီးမွမ်းပြီး ဖြစ်တော့သည်။

ကမ္မာကို တန့်ထားနိုင်သောပုဂ္ဂိုလ်။ ။မိမိ၏ အခြားမဲ့၌ ကောန်ပုံသေ အကျိုးကို ပေးတတ်သောကြောင့် မဂ်ဖြစ်သောအခါ ဖိုလ်ဖြစ်မလာရန် တားမြစ်နိုင်သော အန္တရာယ်ဟု တစုံတရာမရှိနိုင်၊ ထို့ကြောင့် မဂ်ပုဂ္ဂိုလ်ကို ဌိတကပ္ပီ (=တည်နေသော ကမ္မာရှိသောပုဂ္ဂိုလ်, ပျက်တော့မည့် ကမ္မာကို မပျက်သေးအောင်

တန့်ရပ်ထားနိုင်သော ပုဂ္ဂိုလ်)ဟု ဟောတော်မူ၏။ ပုဂ္ဂိုလ်ကလည်း မဂ်သို့ အဆိုက် ကမ္ဘာကလည်း လောင်ကျွမ်းပျက်စီးခါနီး ရောက်နေလျှင် ဖိုလ် မရောက်သေးခင် ကမ္ဘာက မပျက်သေးပဲ ဆိုင်းငံ့နေရ၏၊ ထို့ကြောင့် ဌိတကပ္ပီ (=ကမ္ဘာကို တန့်ရပ်ထားနိုင်သော ပုဂ္ဂိုလ်) ဆိုသည်။(ပုဂ္ဂလပညတ်၊ ခ၁၆။အဘိ၊၄၊၃၊၃၀။)လုံးလုံး ကမ္ဘာမပျက်အောင် တားထားနိုင်သည်ကား မဟုတ်၊ မဂ္ဂဝီထိနှင့် ပစ္စဝေက္ခဏာဇောငါးပါး တိုင်အောင်မျှ တန့်ထားနိုင်သည်ကို ဆိုသည်။ သာသနာရှိစဉ် ကမ္ဘာပျက်သည်ကား မရှိ၊ သို့သော် ဤအဖြစ်မျိုးပင် ဖြစ်စေဦးတော့ မဂ်ပုဂ္ဂိုလ်မှာ အန္တရာယ် မဖြစ်နိုင်ဟု အန္တရာယ်မရှိသည်၏အဖြစ်ကို ပြလို၍ ဟောခြင်းဖြစ်၏။

အတုမဲ့သမာဓိ။ ။မိမိက အလွန်စင်ကြယ်ခြင်း, မိမိကဲ့သို့ အလွန်စင်ကြယ်သော ဖိုလ်အကျိုးကို ပေးတတ်ခြင်း, သို့ပေးရာ၌ ကာလမခြား တဆက်တည်း အကျိုးကို ဖြစ်စေနိုင်ခြင်းစသော အကြောင်းတို့ကြောင့် ဤအရိယမဂ်ကား အတုမဲ့သမာဓိ ဖြစ်ရာ “သမာဓိနာ တေန သမော န ဝိဇ္ဇတိ”ဟု ဂုဏ်ပြုသည်။ ဤအရိယမဂ် သမာဓိနှင့် အကျိုးဂုဏ်ရည် တူညီသော ရူပါဝစရ, အရူပါဝစရသမာဓိမရှိ၊ ဘာကြောင့်နည်း: ထို ရူပသမာဓိ အရူပသမာဓိတို့ကို ပွါးစေခြင်းကြောင့်ဗြဟ္မာ့ပြည်၌ ဖြစ်ရသူပင် ဖြစ်စေကာ နောင် ငရဲစသည်၌ ဖြစ်နိုင်သောကြောင့်ရင်း,ဤအရဟတ္တမဂ်သမာဓိကို ပွါးခြင်းကြောင့် အရိယာပုဂ္ဂိုလ်မှာ အလုံးစုံသော ပဋိသန္ဓေတို့ကို အရှင်းပယ်နိုင်သောကြောင့်ရင်း ဤမဂ် သမာဓိနှင့်တူသော သမာဓိမရှိဟု အဋ္ဌကထာ အကြောင်းပြ၏။

မဂ်အကုန်ယူ။ ။ဤ အဋ္ဌကထာ အကြောင်းပြ၌ အရဟတ္တမဂ်၏ အစွမ်းကို ထုတ်ပြခြင်းမှာ မဂ်လေးပါးထဲမှ အကောင်းဆုံးကို ပြလိုသောကြောင့် ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် နှိုင်းယှဉ်ချက်ပြခြင်းဖြစ်၏။ ဤနှိုင်းယှဉ်ချက်ကို ကြည့်၍ “ယံ ဗုဒ္ဓသေဋ္ဌော”၌ ယံ ဖြင့် အရဟတ္တမဂ်သမာဓိကိုသာ ပရိတ်ဋီကာဆရာ စွဲယူခဲ့၏။ သုစိ,အာနန္တရိက စသော ဂုဏ်ရည်များမှာ အောက်မဂ်များ၌လည်း ရှိနေသည်သာ။ ရူပ,

အရူပ သမာဓိများမှာ သောတာပတ္တိမဂ်ကိုပင် ဂုဏ်အားဖြင့် မမီနိုင်။ ထို မဂ်ဉာဏ်၌ ဒိဋ္ဌိစသော ကိလေသာတို့ကို ပယ်သတ်နိုင်ခြင်း, ခန္ဓာအဘိသင်္ခါရ တို့ကို ပယ်စွန့်နိုင်ခြင်း, ထို့ကြောင့်ပင် ထို မဂ်ရပြီး ပုဂ္ဂိုလ်သည် အပါယ်မှ လွတ်ခြင်းစသော ဂုဏ်များမှာ ရူပါဝစရ အရူပါဝစရသမာဓိတို့၌ မရှိသော ဂုဏ်များပင်ဖြစ်သည်။ သစ်တတရားတို့တွင် အဋ္ဌင်္ဂိကမဂ်သည် အမြတ်ဆုံး အဖြစ် ဟောသော ဒေသနာ၌ အဋ္ဌင်္ဂိကမဂ်မှာ မဂ်၌ လေးပါးလုံးမှ အဋ္ဌင်္ဂိကသာ ဖြစ်ပေသည်။ ဤအကြောင်းများကြောင့် "ယံ၊ အကြင် အရိယမဂ်သမာဓိ ကို" ဟု မဂ်သမာဓိ အကုန်စွဲ၍ အနက်ဖော်ခဲ့ခြင်း ဖြစ်သည်။

ယာဉ်ရထားတော်မြတ်။ ။ဤသာသနာ၌ နိဗ္ဗာနခေတ်ကား ပြောမယုံ ကြုံဘူးမှသိ ဆိုသကဲ့သို့ တကယ်တွေ့ရသူတို့၌သာ အလွန်ထူးမြတ်သော သဘာဝမျှအဖြစ် သိရှိကြရ၏၊ ထိုနိဗ္ဗာန်ကို ဆိုက်တွေ့ရေး၌ အရိယမဂ်မှာ အလွန်ထူးမြတ်သော ယာဉ်ရထားကောင်း ပင်ဖြစ်ရာ ထိုယာဉ်ရထားကို ပိုင်အောင် ကြိုးစားကြဖို့ ဘုရားရှင်က အထပ်ထပ် အခါခါ မိန့်မှာတော်မူလျက် ရှိ၏။

ထို မဂ်ယာဉ်ရထားသို့ ရောက်ဖို့ရာ ဝိပဿနာ (ပုဗ္ဗဘာဂပဋိပဒါ)ဟူ သော ယာဉ်ရထားများကိုလည်း ဆင်ထားပြီး အစဉ် သွားကြဖို့ ရှင်တော် ဘုရားက လမ်းပြခဲ့၏။ ထိုယာဉ်များကို ကိုယ်အား စိတ်အား ဝီရိယနှစ်ပါး ဖြင့် ကြိုးစား မောင်းနှင် တွင်တွင်ကြီး သွားကြလျှင် နိဗ္ဗာန်ဆိုက်ရေး ဝေးလှမည် မဟုတ်ကြောင်းကိုလည်း ဘုရားရှင်က ဝန်ခံတော်မူလျက်ရှိ၏။ ထို့ကြောင့် ထိုယာဉ်များဖြင့် နိဗ္ဗာန်ဆိုက်ကာ သံသရာမှ လွတ်မြောက် သွားတော်မူကြသော အရိယာအရှင်တို့ကို အစဉ်အားကျလျက် မဂ်ယာဉ် ရထား ဆင်ထားကာ အစဉ်သွားနိုင်ကြ၍ နိဗ္ဗာနခေတ်သို့ ဆိုက်ရောက်နိုင် ကြပါစေ။

တေဒတ္တနိ သမ္ဘုတံ၊ ဗြဟ္မယာနံ အနုတ္တရံ။
နိယျန္တိ ဓီရာ လောကမှာ၊ အညဒတ္ထု ဇယံ ဇယံ။

မဟာဝဂ္ဂသံယုတ် (၆)

(ယေသံ မိရာနံ၊ အရိယမဂ္ဂင် စက်ရှင်တပ်ထား မြတ်ရထားကို လိုလားခံမင် အကြင်ပညာရှင်တို့အား)။ အတ္တနိ သမ္ဘူတံ၊ ကိုယ်စွမ်း လုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိတွင် ဖြစ်ပေါ်လာသော။ အနုတ္တရံ၊ ထွတ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ် တပါးဟု အစားရှာမရ အမြတ်ဆုံး ဖြစ်ပေထသော။ တံ ဗြဟ္မယာနံ၊ အရိယမဂ္ဂင် စက်ရှင်ဆင်ထား ထိုယာဉ် ရထားတော်မြတ်သည်။ အတ္ထိ၊ ကိုယ်ပိုင်မြင်အား အထင်အရှား ရှိပေ၏။ တေ မိရာ၊ အရိယမဂ္ဂင် စက်ရှင်ဆင်ထား ထိုပညာရှင်အများတို့သည်။ အညဒတ္ထု၊ စင်စစ်ကေန် အမှန်ပင်။ ဇယံ ဇယံ၊ ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျက် အောင်လျက်သာ။ လောကမှာ၊ အမြဲကြုံရ ဘေးဒုက္ခဖြင့် သောကမကင်း လောကတွင်းမှ။ နိယျန္တိ၊ ဒုက္ခဘက်ဆီ ပြန်မလည်ပဲ အမြဲ အေးလျက် သက်သာရာရ လွတ်မြောက်တော် မူကြလေကုန်သတည်း။

(၃၃) ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၃) သတံ၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ ပသတ္ထာ၊ ချီးမွမ်းအပ်ကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင် အရိယာ ပုဂ္ဂိုလ်တို့သည်။ အဋ္ဌ၊ ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတာနိ၊ ဤအရိယာ ပုဂ္ဂိုလ်တို့သည်။ စတ္တာရိ ယုဂါနိ၊ မဂ်ဖိုလ်နှစ်လီ အညီတွဲကုန် လေးစုံတို့ သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုဂတဿ၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သာဝက ဖြစ်ကြကုန်သော။ တေ ပုဂ္ဂလာ၊ ထိုအရိယာပုဂ္ဂိုလ်တို့ သည်။ ဒက္ခိဏေယျာ၊ ကံနှင့်အကျိုး မြော်ကိုးရည်သန် အလှူကောင်း,

အလှူမှန်ကို ခံတော်မူထိုက်ကြ ပေကုန်၏။ ဧတေသု၊ ထိုအရိယာ ပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ လှူအပ်သမျှ အလှူဒါနတို့သည်။ မဟပ္ဖလာနိ၊ ကြီးကျယ်ဖွံ့ ဖြိုးသည့် အကျိုးရှိကြကုန်၏။ သံဃေ၊ အရိယာသံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်တော်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—ဘုရား အစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာ ပုဂ္ဂိုလ်များကား ရှစ်ပါးဖြစ်ရာ (ထို အရိယာများကား) အစုံအားဖြင့် လေးစုံဖြစ်သည်။ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်ကြသော ထိုအရိယာတို့ကား အလှူကောင်း အလှူမှန်ကို ခံတော်မူထိုက် သော ပုဂ္ဂိုလ်များပင်တည်း။ ထိုအရိယာတို့၌ လှူအပ်သမျှ အလှူဒါနတို့ကား အကျိုးကြီးမားလှပေသည်။ အရိယာ သံဃာတော်၌ ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

အရိယာသံဃာဂုဏ်တော်။ ။ မင်္ဂဖိုလ် နိဗ္ဗာန်ဓမ္မတို့ကား ပုဂ္ဂိုလ်ကို အစွဲပြု၍ ဖြစ်ရသော တရားများဖြစ်၏။ ထို့ကြောင့် ထိုတရားများ၏တည်ရာ သံဃာ၏ ဂုဏ်ကိုဖော်လျက် သစ္စာတဖန် ပြုလိုပြန်၍ "ယေ ပုဂ္ဂလာ" စသည်ကို ဟောတော်မူသည်။

အရိယာအဖြစ်။ ။ "ယေ ပုဂ္ဂလာ"၌ ပုဂ္ဂလသဒ္ဒါမည်-ဖြစ်သော်လည်း အဋ္ဌ စတ္တာရိ ယုဂါနိ-ဒက္ခိဏေယျာ စသောပုဒ်များအရ အရိယာဟူသော ပုဂ္ဂိုလ်ထူးကို ဟောသည်။ အရိယာ၏ အနက်မှာ ပရိသုဒ္ဓ(=စင်ကြယ်ခြင်း) အနက်ဖြစ်ရာ စင်ကြယ်သော ပုဂ္ဂိုလ်များပင်တည်း။ ပုထု+ဇန+။ ပုထု=ကိလေသာ အများအပြားတို့ကို။ ဇန=ဖြစ်စေသူ။ ကိလေသာ ထူပြောလှသော ပုထုဇဉ်အဖြစ်မှ

ကိလေသာတို့ကို ပယ်ရှားနိုင်ခြင်းကြောင့် စင်ကြယ်သော အရိယာအဖြစ် တပါးသို့ ဆိုက်ရောက်သူများဟု ဆိုလို၏။ ထိုအရိယာအဖြစ် ရောက်ရန် ကိလေသာတို့ကို ပယ်ခွါနိုင်ကြောင်း အလုပ်ကို လုပ်ရ၏။ ရုပ်နာမ် ခန္ဓာတို့၏ အရှိအဖြစ်ကို မမြင်, မရှိသော အတွေး အကြံ စိတ်၏ ဖန်တီးချက်တွေကို မြင်နေရ၍ ကိလေသာများဖြစ်ရ၏။ အမှန်ရှိသော ရုပ်နာမ်ကိုသာ ရှုမှတ်ဆင်ခြင်နေသော် ကိလေသာ ဖြစ်ခွင့်မရ။ ထို ရုပ်နာမ်တို့ကို အမှန်အတိုင်း ရှုနေသော ဉာဏ်က ကိလေသာတို့ကို ပယ်ခွါလျက်ရှိနေ၏။ ထိုဉာဏ်ကို ဝိပဿနာ(=အနိစ္စစသော အခြင်းအရာအားဖြင့် အမျိုးမျိုး အဖုံဖုံ ရှုသော) ဉာဏ်ဟု ဆို၏။ ထိုဝိပဿနာဖြင့် ကိလေသာတို့ကို ပယ်လျက်ရှိနေရာ ဉာဏ်အဆင့်ဆင့် တက်၍ အားရှိလာသောအခါ သင်္ခါရဘို့ကို ရှုမြင်နေသောဉာဏ်မှ သင်္ခါရတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်သော မဂ်ဉာဏ်သို့ ဆိုက်ရောက်ရတော့သည်။ ပဌမဆုံး ရောက်သောမဂ်မှာ သောတာပတ္တိမဂ်တည်း။ (သောတာပတ္တိ+မဂ္ဂ။ သောတ=အရိယာမဂ်သို့။ အာပတ္တိ=အစဦးရောက်သော။ မဂ္ဂ=မဂ်။)

ဤမဂ်အခိုက်မှာ စိတ်တခုစာမျှ အလွန်တိုတောင်း လျင်မြန်လှ၏။ ထိုအခိုက်ကို ပုဂ္ဂိုလ်တယောက်အဖြစ် သတ်မှတ်သည်မှာ ထိုစိတ်၏ လူး ခြားချက် အရပင်တည်း။ သောတာပတ္တိမဂ်ရှေ့မှ ဂေါတြဘူဖြစ်၏။ ထိုဂေါတြဘူကား ဝိပဿနာ၏ နောက်ဆုံးဖြစ်ရာ ထိုစိတ်သည် ရှေး ဝိပဿနာတွေ ယူနေကျ သင်္ခါရအာရုံကို လွှတ်ကာ နိဗ္ဗာန်အာရုံကို စ, ယူလိုက်၏။ ထိုသို့ စ, ယူလိုက်ခြင်းဖြင့် ပုထုဇဉ်အဖြစ် ဤတွင် နေရစ်တော့ဟု ကန့်သတ်ကာ မိမိယူထားသော နိဗ္ဗာန်အာရုံကို မဂ်သို့ ပြောင်း ပေးလိုက်၏။ မဂ်က ထိုနိဗ္ဗာန်အာရုံကို ယူကာ ဒိဋ္ဌိ ဝိစိကိစ္ဆာ စသော ကိလေသာ အချို့ကို သတ်တော့သည်။ ဤသို့ဖြင့် ထိုအခိုက်မှာ ကိလေသာများသူအဖြစ် (=ပုထုဇဉ်ဘဝ)မှ ကိလေသာစင်သူ အဖြစ် (=အရိယာဘဝ)သို့ ရောက်ခဲ့ရသည်ဖြစ်ရာ ၎င်းကို သောတာပတ္တိမဂ္ဂဋ္ဌ (=သောတာပတ္တိမဂ်၌တည်သော) ပုဂ္ဂိုလ်ဟု ဆိုရ၏။

အခြားအရိယများ။ ။မဂ်သည် ချက်ခြင်း အကျိုးပေးမြဲ ဖြစ်ရာ မဂ်ဖြစ်ပြီးလျှင် ဖိုလ် နှစ်ကြိမ် သုံးကြိမ် ဆက်၍ ဖြစ်ရ၏။ ထို ဖိုလ်မှစ၍ သောတာပတ္တိဖလဋ္ဌ (=သောတာပတ္တိဖိုလ်၌ တည်သော) ပုဂ္ဂိုလ်ဟု ဆိုရပြီ။ ၎င်းဖိုလ်ပုဂ္ဂိုလ်ကိုပင် သောတာပန်ဟု ခေါ်ခြင်းဖြစ်သည်။ မဂ်ခဏသည် မပြောပလောက်သော အခိုက်အတန့်မျှသာ ဖြစ်၍ ဖိုလ်နှင့်ပေါင်းကာ ပုဂ္ဂိုလ်တဦးတည်းအဖြစ် ဆိုလိုက်ပါတော့လောဟု ဆိုရန်ရှိ၏။ မဂ်သည် ခဏမျှဖြစ်လိုက်ရသော်လည်း ထိုခဏအတွင်း ဖြစ်ရသော မဂ်၏အာနုဘော်ကား အလွန်ကြီးမားလှ၏။ ထို့ပြင် မဂ်နှင့်ဖိုလ်ကား အခြေအနေမတူ ခြားနားကွဲပြားချက် ရှိနေ၏။

မဂ်၏ ကိလေသာကို ပယ်နိုင်သော သတ္တိမျိုး ဖိုလ်၌မရှိ၊ မဂ်က ကိလေသာကို ပယ်လိုက်သဖြင့် ထိုကိလေသာတော့ ငြိမ်းအေးမှု, နိဗ္ဗာန်အရသာ ခံစားရမှုတွေ ဖိုလ်က ဆက်ခံ သိမ်းပိုက်ရခြင်းသာ ဖြစ်၏။ လောက၌ ကောင်းမှုပြုခိုက် ကောင်းမှုပြုသူဖြစ်၍ နောင်အကျိုးခံစားရသူအဖြစ် အကြောင်းအကျိုးအရ ပုဂ္ဂိုလ်တဦးစီ ကွဲပြားရသကဲ့သို့ ဤ၌လည်း အကြောင်းမဂ်နှင့် အကျိုးဖိုလ် အရ ပုဂ္ဂိုလ်ကွဲရခြင်းဖြစ်သည်။

သောတာပတ္တိမဂ် ဖိုလ် ရပြီးသော သောတာပန်သည် ထိုနေရာကထိုင်တည်းမှာဖြစ်စေ နောင်အခါဖြစ်စေ ကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပါးစေခြင်းငှါ ဒုတိယဟုံ (သကဒါဂါမိဖိုလ်)သို့ ရောက်ခြင်းငှါ အားထုတ်၍ မဂ်ရလာပြန်သော် ထိုမဂ်ကား သကဒါဂါမိမဂ်ဖြစ်၍ ဆိုပုဂ္ဂိုလ်မှာ သောတာပန်ဘဝမှ သကဒါဂါမိမဂ္ဂဋ္ဌ (=သကဒါဂါမိမဂ်၌ တည်သော) ပုဂ္ဂိုလ်အဖြစ် ရောက်ရသည်။ (သကဒါဂါမိမဂ္ဂ။ သကိံ=တကြိမ်သာ။ အာဂါမိ=ကာမဘုံသို့ ပဋိသန္ဓေအနေ လာသော ပုဂ္ဂိုလ်၏။ မဂ္ဂ = မဂ်။) ထိုမဂ်သည် ကိလေသာအသစ်ကို မပယ်သော်လည်း ရာဂ,ဒေါသ,မောဟတို့ကို ပါးအောင် ပြုသည်။ ထို့နောက် ဖိုလ်ရသောအခါမှစ၍ သကဒါဂါမိဖလဋ္ဌ (=သကဒါဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်) ဖြစ်ရသည်။ ၎င်းကိုပင် သကဒါဂါမ်ဟု ခေါ်ရ၏။

ထိုသကဒါဂါမ် ပုဂ္ဂိုလ်သည် ရှေးနည်းတူ ဝိပဿနာ အားထုတ်၍ နောက် တကြိမ် မဂ်ရလတ်သော် ထိုမဂ်ကား အနာဂါမိမဂ်ဖြစ်၍ ထိုမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အနာဂါမိမဂ္ဂဋ္ဌ (=အနာဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်)ဟု ဆိုရ၏။ ဖိုလ်ရောက်သောအခါ အနာဂါမိဖလဋ္ဌ (=အနာဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်)ဟု ဆိုရ၏။ ထိုပုဂ္ဂိုလ်ကိုပင် အနာဂါမ်ဟု ဆိုသည်။ န အာဂါမီ=ကာမဘုံသို့ ပဋိသန္ဓေအနေ မလာတော့ပြီ ဖြစ်သော ပုဂ္ဂိုလ်)။ ကာမရာဂနှင့် ဒေါသတို့ကို အကြွင်းမဲ့ သတ်နိုင်၍ ကာမဘုံမှာ မဖြစ်တော့ပြီ။ ဤဘဝမှ စုတေလျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်ရ၏။ အလိုရှိလျှင် အခြား ဗြဟ္မာ့ဘုံများမှာလည်း ဖြစ်နိုင်၏။

ထိုအတူ ဆက်အားထုတ်သော ပုဂ္ဂိုလ်သည် မဂ်ရလတ်သော် ထိုမဂ်ကား အရဟတ္တမဂ်ဖြစ်၍ အနာဂါမ်အဖြစ်မှ အရဟတ္တမဂ္ဂဋ္ဌ (=အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်)အဖြစ် ရောက်ရသည်။ ဤမဂ်ကား ကိလေသာအလုံးစုံ အကုန်သတ်နိုင်၍ ၎င်း၏ ဖိုလ်မှစ၍ အရဟတ္တဖလဋ္ဌ (=အရဟတ္တဖိုလ်၌ တည်သော ပုဂ္ဂိုလ်)ဟု ဆိုရသည်။ ရဟန္တာ ပုဂ္ဂိုလ်ပင်တည်း။ (အရဟတ္တ၊ အရဟ=ရဟန္တာ၊ တ္တ=ဖြစ်ကြောင်း မဂ်ဖိုလ်) ဤပုဂ္ဂိုလ်ကား အကျင့် စခန်းကျင် လမ်းဆုံး အမြတ်ဆုံး ပန်းတိုင် လှမ်းကိုင်ရယူပြီး ဖြစ်သောကြောင့် သာသနာ့ကိစ္စ အပြီးတိုင်ရောက်ရှိလာသော အဂ္ဂဒက္ခိဏေယျ (=အမြတ်ဆုံး အလှူခံ) ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ ဤသို့ ပုဂ္ဂိုလ်အသီးသီးအားဖြင့် ရှစ်ယောက်, မဂ်ဖိုလ်အတွဲအားဖြင့် လေးစုံဖြစ်၍ "ပုဂ္ဂလာ အဋ္ဌ,စတ္တာရိ ယုဂါနိ"ဟု ဆိုသည်။

သတ်ံ ပသတ္ထာ။ ။မိမိက ဂုဏ်ရှိနေလျှင် သူတပါး၏ဂုဏ်ကို ပိုမိုနားလည်နိုင်၏။ သံဃာ၏ဂုဏ်ကို သံဃာရထားသော တရားမျိုးတွေ ရထားသူများက အတိအကျ သိကြမည်မှာ သေချာ၍ သူတော်ကောင်းအရ ဘုရား, ပစ္စေကဗုဒ္ဓါ,သာဝကများကို ယူ၊ အခြားနတ်လူများလည်း ချီးမွမ်းအပ်သည်ပင်။ မိမိက မဂ်ဖိုလ်မရသော်လည်း ရသူပုဂ္ဂိုလ်များ၏ အခြင်းအရာကို မြင်၍ မှန်းဆကြည်ညိုချီးမွမ်းနိုင်၏။ အရှင်သာရိပုတ္တရာအလောင်းမှာ အရှင်အဿဇိကို မြင်ရသောအခါ

ဣန္ဒြေတို့၏ကြည်လင်ပုံ, သွားပုံ,လာပုံ,ကြည့်ပုံ ရှုပုံ စသော အမူအရာတို့၏ သူတကာနှင့်မတူ တမူထူးခြား သိမ်မွေ့ပုံများကို မြင်ရ၍ ဤပုဂ္ဂိုလ် သန္တာန်မှာ တရားထူးရှိလိမ့်မည်ဟု သိရ၏။ အရှင်သာရိပုတ္တရာအလောင်း တရားထူးရပြီး ပြန်လာသည်ကို မြင်ရသောအခါ သူ၏ဣန္ဒြေ အရေအဆင်း ထူးခြား ပုံကိုမြင်ရသော အရှင်မောဂ္ဂလ္လာန် အလောင်းက အမတတရား တွေ့ခဲ့ပြီဖြစ်ကြောင်း မှန်းဆသိရှိနိုင်၏။ ဗုဒ္ဓရှင်တော်မြတ် ဓမ္မစကြာတရား ဟောရန် ကြွတော်မူစဉ် လမ်းခရီး၌ ဥပကနှင့် တွေ့သောအခါ ဘုရားရှင်၏ ကြည်လင်သော ဣန္ဒြေတို့ကို တွေ့ရသော ဥပကမှာ ဘုရားရှင်၏ပုဂ္ဂိုလ်ထူး အဖြစ်ကို သိခဲ့၏။

သီဟိုဠ်ကျွန်း ကဿကလိုဏ်၌ သီတင်းသုံးသော အယျမိတ္တမထေရ် ကို ဥပါသိကာမတဦးက သားအရင်းပမာ ဆွမ်းဝတ်ပြုနေ၏။ တနေ့ သ၌ မထေရ် ဆွမ်းခံကြွလာစဉ် တောသွားခါနီး မိခင်က မိမိအဖို့ ဆန်ကွဲနှင့် ဟင်းရွက် ရောချက်သော ယာဂု စီမံထားရန်နှင့် အရှင့် အတွက် နို့ထောပတ်-တင်လဲတို့ဖြင့် ဆွမ်းလှူရန် သမီးအား မှာကြားနေ သော စကားကို ကြားရသောအခါ အရှင်မှာ သံဝေဂဖြစ်ကာ 'ရဟန္တာ မဖြစ်ပဲ ဤဆွမ်းကို မစား'ဟု ပြန်၍ တရားအားထုတ်ရာ မကြာမီပင် ရဟန္တာဖြစ်၍ ဆွမ်းခံကြွခဲ့၏။ မိခင် တောမှ ပြန်သောအခါ သမီးက "ယနေ့ အရှင်၏ ဣန္ဒြေ မျက်နှာအရေအဆင်းများမှာ လွန်စွာ ကြည်လင် လျက်ရှိကြောင်း"ပြောပြရာ မိခင်က ရဟန်းကိစ္စပြီးကြောင်းသိ၍ "အေး သမီးမောင်တော် သာသနာမှာပျော်ပြီ၊မငြီးငွေ့တော့ဘူး"ဟု ဆိုကြောင်း လာ၏။ (ဒီဃနိကာယ် မဟာဝဂ္ဂဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်-၃၇၉)

အချို့ မသိ။　။ကိလေသာစင်သော ပုဂ္ဂိုလ်တို့စိတ်မှာ ဒန္တ (=အလွန် ယဉ်ကျေးပြီး) ဖြစ်ခဲ့ရာ ကိုယ်အမူအရာ ဣန္ဒြေများ ထူးခြား သိမ်မွေ့နေ၍ ထိုဣန္ဒြေများသည်ပင် မြင်ရသူတို့၏ချီးမွမ်းဖွယ် ဖြစ်နေရပေသည်။ သို့သော် တရံတခါ မိမိက အမှတ်တမဲ့ကြောင့် ဖြစ်စေ, ထိုရဟန္တာ၏ သာမန်ပုဂ္ဂိုလ်များနှင့် မထူးခြားသော အပြုအမူစသည့် ကြောင့် ဖြစ်စေ သာမန်ပုဂ္ဂိုလ်အနေ ထင်မြင်တတ်သည်လည်း ရှိတတ် သေး၏။

မထေရ်ကြီးနှင့်အတူ ဆွမ်းခံကြသော ရဟန်းငယ်တပါးသည် လေနာရှိ၍ ပိမိနှင့်သပ္ပါယဖြစ်သော ယာဂုကို မအေးမီ ဘုဉ်းပေးမှုပဲဟု သစ်တုံးတခုမှာ ထိုင်၍ ဘုဉ်းပေးနေသော မထေရ်ကြီးကို ကဲ့ရဲ့၏။ ကျောင်းပြန်ရောက်သောအခါ မထေရ်ကြီးက "ငါ့ရှင် ဤသာသနာမှာ ဘယ်မျှ ကောက်ကည့်ရာ ရနေပြီလဲ"ဟုမေး၏။ "မိမိသော တာပန်ဖြစ်ကြောင်း" လျှောက်ထားသောအခါ "သို့ဖြစ်လျှင်အထက်မဂ်အတွက်အားမထုတ်နှင့်တော့"ဟုမိန့်၏။ "အဘယ့်ကြောင့်ပါနည်း"ဟု လျှောက်သော် "ငါ့ရှင်ရဟန္တာကို စွပ်စွဲကဲ့ရဲ့မိချေပြီ"ဟု အမိန့်ရှိမှ ဝန်ချကန်တော့လေတော့၏။ (ဝိသုဒ္ဓိမဂ္ဂ၊ဒု-၅၅)

ထိုမှတပါး ရဟန္တာ မထေရ်ကြီးနှင့်အတူ ဆွမ်းခံသွားစဉ် ထိုရဟန္တာ၏အလုပ်အကျွေး တောထွက်ရဟန်းကြီးက "အရှင်ဘုရား အရိယာဆိုသည်မှာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ"ဟု မေး၏။ "ဤလောက၌ အချို့ သက်ကြီးအိုမှာ အရိယာတို့၏ သပိတ်သင်္ကန်းကိုင်ကာ ဝတ်ကြီး ဝတ်ငယ်ပြုလျက် အတူသွားနေရပါသော်လည်း အရိယာမှန်း မသိ၊ ဤမျှ အသိခက်သည်"ဟု မိန့်၏။ သို့မိန့်လျက်နှင့်ပင် ထိုရဟန်းကြီးက မသိဆို၏။ ဤအချက်များဖြင့် စေတောပရိယညာဏ်ရ၍ ဖြစ်စေ, ဆွေးနွေးခြင်းကြောင့်ဖြစ်စေ အရိယာအဖြစ် သိနိုင်ရှိသော်လည်း သာမန်ပုဂ္ဂိုလ်များမှာ အရိယာ အဖြစ်ကိုမှန်းဆ၍ မှန်သည်လည်းရှိ, မှားသည်လည်း ရှိပေလိမ့်မည်။ (မ၊ဋ္ဌ၊၁၊၂၃။)

အရိယာ ၁၀၈။ ။အဋ္ဌကထာ၌ "ယေ ပုဂ္ဂလာ အဋ္ဌသတံ"ဝယ် အဋ္ဌနှင့်သတံ-တွဲ၍ အရိယာ တရာ့ရှစ်ယောက်အဖြစ် တနည်းဖွင့်ပြ၏။ ထိုအဖွင့်အရ "ပသတ္ထာ၊ချီးမွမ်းအပ်ကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ အဋ္ဌသတံ၊ တရာ့ရှစ်ယောက်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏" ဟု ပေး။ တရာ့ရှစ်ယောက်ဖြစ်အောင် မြွက်ပုံတွက်ပုံများကို ခုဒ္ဒကပါဌ၊ဋ္ဌ၊၁၅၂။ သုတ္တနိပါတ၊ ဋ္ဌ၊၂၈၁-များ၌ ကြည့်ရှုပါလေ။

ဤ၌ သဒ္ဒါအနက်တို့၏ ဆန်းကြယ်ပုံကိုသိ၍ သဒ္ဒကောသလ္လဉာဏ်, အတ္ထကောသလ္လဉာဏ်ရရေး ရည်မျှော်ပေး၍ ဖွင့်ပြခြင်းသာဖြစ်သည်။ ထိုအခါက တချို့နာ နတ်လူများကား ဤမျှ ဝေဖန်မြွက်ပွါး

တွက်ခြင်းအားဖြင့် တရားရှစ်ယောက်အဖြစ် သိကြသည်ဟုကား မဆိုလို။ သူတော်ကောင်းတို့ ချီးမွမ်းအပ်သည်ဟူသော အနက်ကိုသာ သိနားလည်ကြပါလိမ့်မည်။

ချီးမွမ်းခံရခြင်း။ ။သူတော်ကောင်းတို့၏ ချီးမွမ်းခြင်းကို ခံရခြင်းမှာ ထိုပုဂ္ဂိုလ်တို့၌ ရှိနေသော သီလစသော ဂုဏ်တို့ကြောင့်ပင်ဖြစ်၏။ စကားဝါပန်းနှင့် နှင်းဆီပန်းတို့၌ အဆင်းအနံ့များရှိသကဲ့သို့ အရိယာတို့၌ သီလ,သမာဓိ,ပညာ သိက္ခာများရှိခဲ့ရာ အဆင်းအနံ့ရှိသော ပန်းကို လူတို့ မြတ်နိုးအပ်သကဲ့သို့ ထိုသီလစသည့် ဂုဏ်ရည်ရှိသော အရိယာအရှင်များလည်း နတ်လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံယူရပေသည်။

ဒက္ခိဏေယျပုဂ္ဂိုလ်။ ။"ဤပုဂ္ဂိုလ်သည် ငါ့ကို ဆေးကုပေးလိမ့်မည်, ငါခိုင်းရာ လုပ်ပေးလိမ့်မည်" ဟူသော တစုံတခုတောင့်တချက်ဖြင့် လှူသော အလှူကို ဒက္ခိဏာမဆို၊ ကံ,ကံ၏အကျိုးကို ယုံကြည်၍ လှူသော အလှူကိုသာ ဒက္ခိဏာဆိုသည်။ ဤစကားဖြင့် ဒက္ခိဏာအရ အလှူမွန် အလှူကောင်းဟု ဆို၏။ ထို့ကြောင့် မြတ်သော အလှူဟု ပြန်ရိုးပြုကြ၏။ ကံ, ကံ၏အကျိုးကို မြော်ကိုး၍ လှူအပ်သော အလှူဖြစ်ရာ မြော်ကိုးသလောက် အကျိုးကြီးမြတ်ဖို့မှာ ပုဂ္ဂိုလ်က သီလစသည်နှင့် ပြည့်စုံမှ ဖြစ်နိုင်သည်။ ထို့ကြောင့် သီလစသည် မရှိသော ပုဂ္ဂိုလ်ကို မြတ်သော အလှူခံထိုက်သူဟု မဆိုရ။ ဤအရိယာများကား အကျိုးကြီးမြတ် စေတတ်သော သီလစသော ဂုဏ်များ ရှိကြ၍"ဒက္ခိဏံ အရဟန္တီတိ ဒက္ခိဏေယျာ"အရ အလှူကောင်း အလှူမွန်ကို ခံထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ရသည်။ (ဒက္ခိဏံ၊ အလှူကောင်း အလှူမွန်ကို။ အရဟန္တိ)ခံထိုက်၏။ဣတိ၊ ထို့ကြောင့်။ ဒက္ခိဏေယျာ၊ ဒက္ခိဏေယျမည်၏။)

သမ္မုတိ, ပရမတ္ထ။ ။မည်သည့် ကံမျိုးကို စတုဝဂ္ဂ(=လေးပါးအစု), ဘယ်ကံကို ပဉ္စဝဂ္ဂ(=ငါးပါးအစု)ဖြင့် ပြုရမည် စသည်ဖြင့် ထိုထို ကံများ ထမြောက်ရေး အတွက် သတ်မှတ် ပညတ်ထား

သော သံဃာများရှိရာ ထိုသံဃာများကား ဘုရားရှင် သမုတ်ပညတ်ချက်အရ ဖြစ်သော သံဃာဖြစ်၍ သမ္မုတိသံဃာ ဆိုသည်။ (**သမ္မုတိ=သမုတ်ပညတ်ခြင်းဖြင့် ဖြစ်သော။ သံဃ=သံဃာ။**)ဤ၌ ဒက္ခိဏေယျာဖြင့် ထိုသမ္မုတိသံဃာ မဟုတ်ကြောင်း သိစေ၏။

ဒက္ခိဏေယျသံဃာကိုပင် ပရမတ္ထဟုလည်း **ဆို**သေး၏။ ပရမတ္ထမှာ အမှန်အတိုင်းဖြစ်သော သဘာဝဟု အနက်ရသည်ဖြစ်ရာ သံဃအနက်အရ အမှန်အတိုင်း ဖြစ်သော သံဃာဟု ဆိုလိုသည်။ သံဃာကား သုဉ္ဉ ကိလေသ ဟနတီတိ သံဃော=ကောင်းစွာ ကိလေသာတို့ကို သတ်တတ်သောကြောင့် သံဃာမည်၏။ ဒိဋ္ဌိ သီလသာမညေန သံဟတောတိ သံဃော=ပညာ သီလ တူမျှသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သောကြောင့် သံဃမည်၏။ ဘယ်**လို** ကွဲပြား ကွဲပြား ဘယ်**လောက်** ဝေးကွာ ခြားနားလျက်ရှိစေ မဂ်ပညာ, မဂ်သီလ သည်တူမျှလျှင် ပေါင်းစပ်ပါဝင်လျက်ရှိသည်ဟု ဆိုလို၏။ ဤသံဃအနက် နှစ်မျိုးမှာ အရိယာတို့၌ရှိရာ အရိယာသံဃာကို ပရမတ္ထ (=အမှန်သဘာဝအရဖြစ်သော) **သံဃ** (=**သံဃာ**) ဟု ဆိုရသည်။ ဒက္ခိဏေယျ (=မြတ်သောအလှူကို ခံထိုက်သူ)ဆိုလျှင် ထိုအရှင်မှာ သုပ္ပဋိပန္နဘာ (=ကောင်းစွာ ကျင့်ကော်မူသည့် အဖြစ်) စသော အခြားဂုဏ်များရှိသည်ဟု သိရသည်ဖြစ်ရာ ဒက္ခိဏေယျဖြင့် သံဃာ့ဂုဏ်အားလုံး ပေါင်း ရုံးသိမ်းယူပြီး ဖြစ်ကြောင်း **သိ**အပ်သည်။

ဆရာကောင်း တပည့်။ ။လောက၌ ဆရာက ကောင်းပါလျက် **ဆရာ၏** စကားကိုမလိုက်နာသူကို **ဆရာကောင်းတပည့်**ဟု မဆိုလိုကြ။ ဆရာ့စကားကို ရိုသေစွာ လိုက်နာသူကိုသာ **ဆရာ**ကောင်းတပည့်ဟု ဂုဏ်ပြုလိုကြ၏။ ဤ၌ "သုဂတဿ သာဝကာ" ဖြင့် ဆရာကောင်းတပည့်ဟု ဂုဏ်ပြုခြင်းပင် ဖြစ်သည်။ "ဝစနံ သုဏန္တီတိ သာဝကာ" ။ စကားကို နားထောင်ကုန်သောကြောင့် သာဝကမည်သည်။ ဤအနက်အရ ဘုရား**စကား**ကို နာရုံမျှ**ကို**ကား အရိယာမှတပါး သာမန်ပုထုဇဉ်များလည်း နာသည်သာ။ သို့သော် သာမန်ပုထုဇဉ်များမှာ တရားနာ၍ တရားအရ ပြုကျင့်ရမည့် ကိစ္စကို**ကား** အားမထုတ်ကြ, မပြု

လုပ်ကြ။ အရိယာတို့သာ တရားနာ၍ တရားအရ ပြုကျင့်ရမည့် ပဋိပတ်ကို ပြုကျင့်သဖြင့် မဂ်ဖိုလ်အထိ ဆိုက်ရောက်ကြ၏။ ထို့ကြောင့် ဤ၌ အရိယာတို့ကိုသာ သုဂတသာဝက (=ဘုရားတပည့်) ဆိုရသည်။

အရိယာသာဖြစ်၍ သာဝကမဟုတ်သော ပုဂ္ဂိုလ် (=ဘုရား,ပစ္စေကဗုဒ္ဓါ), သာဝကသာဖြစ်၍ အရိယာမဟုတ်သောပုဂ္ဂိုလ် (=ဖိုလ်မရသောလူ), အရိယာလည်းမဟုတ် သာဝကလည်းမဟုတ် (=တိတ္ထိများ), အရိယာလည်းဟုတ် သာဝကလည်း ဟုတ်သော ပုဂ္ဂိုလ် (=ဖိုလ်ရပြီးရဟန်းတော်များ) ဟု ပုဂ္ဂိုလ်လေးမျိုး ကောက်ရ အဋ္ဌသာလိနီ၌ အဋ္ဌကထာ(၄၇)၌လာခဲ့ရာ ဤ၌ စတုတ္ထပုဂ္ဂိုလ်ကို ယူ။ဖိုလ်ရလူပုဂ္ဂိုလ်များလည်း ဆိုခဲ့ပြီး သာဝက အနက်အရနှင့်ညီ၍ အချို့ပါဠိတော်၌ အရိယာသာဝကအဖြစ် ဟောထားသော်လည်း ဤ၌ကား သံဃာအရာဖြစ်၍ လူကိုမယူရ။

ဘုရားနှင့်နီးသူ,ဝေးသူ။ ။ ဤ'သုဂတဿ သာဝကာ'ဖြင့်ပင် အရိယာများကား ဘုရားနှင့် အနေဝေးစေကာမူ ဘုရားနှင့်နီးစပ်လျက် ရှိသူများဖြစ်ကြောင်းကိုရင်း, သာမန်ပုထုဇဉ်များကား ဘုရားအနီးအပါး နေသူပင်ဖြစ်စေ ဘုရားနှင့်ဝေးကွာလျက်ရှိသူများဖြစ်ကြောင်းကိုရင်း သိစေသည်။

သင်္ကန်းစွန်းကို ကိုင်က၍ ငါဘုရား ခြေရာနင်းလျက် ငါဘုရားနောက်မှ ထပ်ချပ်မကွာ လိုက်နေသော်လည်း ရာဂ, ဒေါသ မကင်း၊ သတိ, ပညာ, သမာဓိ မရှိသူဖြစ်လျှင် ထိုရဟန်းကား ငါဘုရားမှ ဝေးကွာသူဖြစ်၍ ငါဘုရားလည်း ထိုရဟန်းမှ ဝေးကွာလျက်ရှိသည်၊ အကြောင်းမှာ တရားကို ထိုရဟန်းမမြင်, တရားမမြင်သူမှာ ငါဘုရားကိုမြင်ရသူမဟုတ်။ ယူဇနာတရာဝေးကွာသော အရပ်မှာ နေသူဖြစ်စေ ရာဂ, ဒေါသကင်း၍ သတိ, ပညာ, သမာဓိရှိသူဖြစ်လျှင် ထိုရဟန်းကား ငါဘုရားနှင့်နီးသူဖြစ်၏။ ငါဘုရားလည်း ထိုရဟန်းနှင့် နီးလျက်ပင်ဖြစ်၏။

အကြောင်းမှာ တရားမြင်သော ရဟန်းဖြစ်၍ပင် ဖြစ်၏။ တရားမြင်သူမှ ငါဘုရားကို မြင်သူဖြစ်သည်။ (ဣတိဝုတ်၊ သံဃာဋိကဏ္ဏသုတ်-၂၅၆။)

အလှူ အကျိုးကြီးသည်။ ။"ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ" ကား ဒက္ခိဏေယျဖြစ်ခြင်းအကြောင်း ဖြစ်သကဲ့သို့ ဒက္ခိဏေယျသည်လည်း ဧတေသု စသည်၏အကြောင်း အပြန်အလှန်ဖြစ်သည်။ ဒက္ခိဏေယျ ဖြစ်ခြင်းကြောင့် အလှူအကျိုးကြီးရသည်။ ထိုပုဂ္ဂိုလ်တို့၌ လှူရသော အလှူ အကျိုးကြီးသောကြောင့်လည်း ဒက္ခိဏေယျဖြစ်ရသည်။ ဤပုဂ္ဂိုလ်တို့၌ အနည်းငယ်ပင် လှူရစေကာမူ အကျိုး ကြီးမြတ်၏။ အဘယ့်ကြောင့်နည်း၊ သီလစသောဂုဏ်သည် အလှူကို အကျိုးကြီးအောင်ပြုခြင်းဖြင့် အလှူကို စင်ကြယ်အောင် သုတ်သင်ကတ်သည်ဖြစ်ရာ အလှူပေး အလှူခံတို့၏ သီလစသည်ရှိခြင်းကား ဒက္ခိဏာဝိသုဒ္ဓိ(=အလှူ၏စင်ကြယ်ခြင်း)ဖြစ်ရသည်။ ဤ၌ အလှူခံဘက်မှ ဒက္ခိဏာဝိသုဒ္ဓိအဖြစ်သို့ ရောက်ခြင်းကြောင့် အလှူအကျိုးကြီးရသည်။ ဒက္ခိဏာဝိသုဒ္ဓိလေးပါးကို ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ် (၂၉၉) ၌ဟောတော်မူသည်။ ဒါယကာဘက်မှ စင်ကြယ်၍ အလှူခံဘက်မှ မစင်ကြယ်သော ဒါန(ဒါယကာက သီလဝန္တ အလှူခံက ဒုဿီလ), အလှူခံက စင်ကြယ်၍ ဒါယကာက မစင်ကြယ်သောဒါန (အလှူခံက သီလဝန္တ ဒါယကာက ဒုဿီလ) နှစ်ဖက်လုံး မစင်ကြယ်(ဒုဿီလချည်း), နှစ်ဖက်လုံး စင်ကြယ်သောဒါန (သီလဝန္တချည်း)။

သံဃိကမဟုတ်။ ။အရိယာသံဃာအား လှူခြင်းမှာ သံဃိက,ပုဂ္ဂလိက ဟု လာသော အရာ၌ သံဃာအား လှူခြင်းမျိုး မဟုတ်၊ ထိုနှစ်မျိုးအရဆိုလျှင် အရိယာသံဃာတပါးပါးအား လှူခြင်းမှာ ပုဂ္ဂလိကဒါနသာတည်း။ သံဃိကဒါနဆိုသည်မှာ ပုဂ္ဂိုလ်တပါး နှစ်ပါး စသည် ရည်ရွယ်၍ လှူခြင်းမျိုးမဟုတ်ပဲ သံဃာအပေါင်း အဖွဲ့ကို လှူခြင်းဖြစ်ရာ ထိုအဖွဲ့မှာ သာမညဖြစ်၍ အရိယာသံဃာလည်းပါ၍ သမ္မုတိသံဃာလည်းပါးလျက်သာ ဖြစ်၏။ ထို့ကြောင့် အရိယာတပါးပါးအား လှူရသော ပုဂ္ဂလိကဒါနထက် ထိုသံဃာအဖွဲ့အား လှူရသော သံဃိကဒါနက ပို၍

အကျိုးကြီးရ၏။ ပုဂ္ဂလိကဖြစ်စေကာ ဘုရားအား လှူရခြင်းမှာမူ ထို သံဃိကဒါနထက် ပို၍ အကျိုးကြီးသည်ဟု ချင်းချက်ရှိသေး၏။ ထို့ကြောင့် သံဃိက လှူသောအခါ သမ္မုတိ သံဃာများ၌ လှူရစေကာ အရိယာသံဃာများကိုလည်း ရည်မှန်း၍ လှူဒါန်းသင့်ပေသည်။

တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ၊
ယေ သံဃမုဒ္ဒိဿ ဒဒန္တိ ဒါနံ။
သာ ဒက္ခိဏာ သံဃဂတာ ပတိဋ္ဌာ၊
မဟပ္ဖလာ လောကဝိဒူန ဝဏ္ဏိတာ။
ဝိမာနဝတ္ထု(၆၂)

ယေ၊ အကြင်သူတို့သည်။ သံဃံ၊ အရိယာသံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒါနံ၊ အလှူကို။ ဒဒန္တိ၊ သမ္မုတိသံဃာ၌ လှူဒါန်းကြကုန်၏။ တေသံ၊ ထို သူတို့သည်။ သုဒိန္နံ၊ ကောင်းစွာ လှူအပ်သည် မည်ပေ၏။ သုဟုတံ၊ ကောင်းစွာ ပူဇော်အပ်သည်မည်၏။ သုယိဋ္ဌံ၊ ကောင်းစွာ လှူအပ်သော အလှူကြီးမည်ပေ၏။ သံဃဂတာ၊ သံဃာ၌ ရောက်လျက်။ ပတိဋ္ဌာ၊ တည်သော။ သာ ဒက္ခိဏာ၊ ထိုအလှူကို။ မဟပ္ဖလာ၊ ကြီးမြတ်သောအကျိုးရှိ၏ဟု။ လောကဝိဒူနံ၊ ဘုရားရှင်တို့ သည်။ ဝဏ္ဏိတာ၊ ချီးမွမ်းတော်မူအပ်၏။

မင်္ဂလသုတ်ဒီပနီ။ ။အရိယာပုဂ္ဂိုလ်တို့အား လှူအပ်သော အလှူသည် အကျိုးကြီး၏ဟု ဆို၏၊ ဖိုလ်ပုဂ္ဂိုလ်လှူရာ၌ ဆိုဖွယ် မရှိ။ မဂ်ပုဂ္ဂိုလ်ဟူသည် စိတ္တက္ခဏ တချက်ခန့်သာ ရှိ၍ အလွန် တိုတောင်းသော အခိုက်အတန့် သာဖြစ်ရာ ထိုပုဂ္ဂိုလ်ကို ဘယ်သို့ လှူနိုင် သနည်းဟု မေးဖွယ်ရှိ၏။ လှူနိုင်ပုံကို ဥပရိပဏ္ဏာသ အဋ္ဌကထာ(၂၂၄)၌ ကြည့်သိပြ၏။

အာရဒ္ဓဝိပဿက (=အားထုတ်အပ်သော ဝိပဿနာရှိသူ) ဟူသည် ဘယ်နေရာ,ဘယ်အချိန်မှာမဆို မဂ်ရောက်ဖို့ ရွေးရွှလျက်ရှိရာ ထိုပုဂ္ဂိုလ် ဆွမ်းခံကြွသောအခါ ရပ်စေနစဉ် သပိတ်ကို ယူ၍ ခဲဖွယ်ဘောဇဉ်ထည့်လှူ

ကြ၏။ ထိုအခိုက် မဂ်မှ ထလျှင် ဤအလျှုမှာ မဂ်ပုဂ္ဂိုလ်ကို လှူသည် မည်၏။ သို့မဟုတ် ဆွမ်းစားစရပ်၌ ထိုင်နေစဉ် လူတို့က သပိတ်ထဲ ခဲဖွယ် ဘောဇဉ် လာထား၏။ ထိုအခိုက် မဂ်မှ ထလျှင် ဤအလှူလည်း မဂ်ပုဂ္ဂိုလ်ကို လှူသော အလှူပင်။ သို့မဟုတ် ကျောင်း၌ဖြစ်စေ ဆွမ်းစားရာစရပ်၌ ဖြစ်စေ, ထိုင်နေသော ရဟန်း၏သပိတ်ကို ဒါယကာတို့က ယူပြီးလျှင် မိမိတို့အိမ်သို့ သွား၍ ခဲဖွယ်ဘောဇဉ် ထည့်ကြ၏။ ထိုခဏ မဂ်မှ ထလျှင် ဤအလှူလည်း မဂ္ဂသမင်္ဂီ (=မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်)ကို လှူသော ဒါနပင်ဖြစ်၏။

တေသုအနက်။ ။[တေသု-ကို သမ္ပဒါန်၌ သတ္တမီအဖြစ်ပေးကြ၏။ သမ္ပဒါနေ စ ကစ္စည်းသုတ်အရ ဖြစ်၏။ ဒါ-ဓာတ်အရာ၌ သမ္ပဒါန် အသုံး ရှိသကဲ့သို့ :"သံဃေ ဒေဟိ၊ သံဃေ ဒိန္နံ မဟပ္ဖလံ၊ ယတ္ထ စ ဒိန္နမဟပ္ဖလမာဟု။ စတူသု သုစိသု ပုရိသယုဂေသု" စသည်ဖြင့် အာဓာရလည်း အများပင် ထင်၏၊ ထို့ကြောင့်ပင် ကာရကသည် ဝတ္တိစ္ဆာလျှင် အကြောင်း ရှိသောကြောင့် သမ္ပဒါန်ကို မဆိုလိုပဲ အာဓာရအဖြစ်သာဆိုလိုသော် သတ္တမီလည်း ဖြစ်နိုင်ကြောင်း အာဓာရဝိဝက္ခာယံ သတ္တမီပိ သိယာ သံဃေ ဒေဟိ'ဟု မောဂ္ဂလ္လာန် (၂၂၄)၌ ဆို၏။ ထို့ကြောင့် ဤ၌ အာဓာရအတိုင်း အနက်ပေးခဲ့သည်။]

---

(၁၄) ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၄) ယေ၊ အကြင်ရဟန္တာ အရှင်မြတ်တို့သည်။ ဒဠှေန၊ မြဲမြံတည်တံ့သော။ မနသာ၊ သမာဓိနှင့်ယှဉ်သော စိတ်ဓာတ်ဖြင့်။ သုပ္ပယုတ္တာ၊ လွန်စွာ ကြိုးစား အားထုတ်ကြကုန်သည်ဖြစ်၍။ ဂေါတမသာသနမှိ၊ ဂေါ

တမဘုရားရှင်၏ သာသနာတော်၌။ နိက္ကာမိနော၊ ကိလေသာတို့မှ ကင်းကွာ ထွက်မြောက်တော်မူကြကုန်၏။ တေ၊ ထိုရဟန္တာအရှင်မြတ်တို့သည်။ အမတံ၊ နိဗ္ဗာနဓာတ်သို့။ ဝိဂယှ၊ အာရုံယူလျက် သက်ရောက်ကြကုန်၍။ မုဓာ၊ တရွေးသားမျှ ပစ္စည်းမကုန်ကျရပဲ။ လဒ္ဓါ၊ လိုရာခဏ အလွယ်ပင် ရတော်မူကြကုန်၍။ နိဗ္ဗုတိံ ၊ ဖလသမာပတ် အငြိမ်းဓာတ်အရသာကို။ ဘုဉ္ဇမာနာ၊ ခံစားကြကုန်လျက်။ပတ္တိပတ္တာ၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။ သံဃေ၊ ရဟန္တာသံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏ အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာ အားထုတ်ကြကုန်၍ ဂေါတမမြတ်စွာ သာသနာတော်၌ ကိလေသာတို့မှ လွတ်ထွက်ကြသော ရဟန္တာ အရှင်မြတ်တို့သည် နိဗ္ဗာနဓာတ်သို့ အာရုံယူလျက် သက်ရောက်ကြပြီးသော် ပစ္စည်းဥစ္စာ အနည်းငယ်မျှ မကုန်ကျရပဲ အလွယ်တကူရရှိ၍ ဖလသမာပတ် အငြိမ်းဓာတ်အရသာ ခံစားကြလျက် အရဟတ္တဖိုလ် ဝင်စားတော်မူကြ၏။ ရဟန္တာသံဃာတော်၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

ရဟန္တာ သံဃာ။ ။ဖလသမာပတ္တိသုခ-ကား ကိလေသာအပူဝေး၍ အေးချမ်း သာယာသော အရိယာစည်းစိမ် တမျိုးပင်တည်း။ ထိုသုခကို ခံစားရသော ရဟန္တာအရှင်မြတ်တို့အဖို့ အလွန်ထူးမြတ်သော ဂုဏ်ကျက်သရေပင်ဖြစ်၏။ ထို့ကြောင့် ရဟန္တာသံဃာကို ဖလ-သမာပတ္တိဂုဏ်ဖြင့် ချီးကျူးကာ သစ္စာပြုဟန်ပြတော်မူလို၍ "ယေ သုပ္ပ-ယုတ္တာ" စသည်ကို ဟောတော်မူသည်။

အကျင့်လည်း ဂုဏ်ပင်။ ။ဤ၌ နိက္ကာမိနော-အရ ကိလေသာတို့မှ ထွက်မြောက်ခြင်းဟူသည်မှာ အရဟတ္တမဂ်ပင်၊ ထိုမဂ်

ကိုရရှိရန် ရဟန္တာမြတ်တို့ အဘယ်သို့ပြုကျင့်ခဲ့ရသည်ကို သုပ္ပယုတ္တာစသည်ဖြင့်ပြ၏။ ဖလသမာပတ္တိဂုဏ်ကို ပြလိုရင်းဖြစ်သော်လည်း ထိုဂုဏ်ရကြောင်း အကျင့်သည်လည်း ထူးမြတ်သော ဂုဏ်ပေ၊ ရပ်ပင်။ လောက၌ အလုပ်မရှိသူ အလုပ်၌ စိတ်မဝင်စားသူ လူပျင်းမှာ ဂုဏ်ကျက်သရေမဲ့သူသာ ဖြစ်၏။ မိမိအလုပ်ကို စိတ်ပါဝင်စား အားထုတ်ပြုလုပ်နေသူမှာ ဂုဏ်တက်လျက်သာ ရှိနေ၏။ ထို့အတူ သာသနာ၌ ပျင်းရိမေ့လျော့ ပေါ့ဆစွာကိုယ့်ကိစ္စအစစ် ပစ်ပယ်ထားသူတို့လည်း ဂုဏ်ကျက်သရေမဲ့သူများဖြစ်ကြ၍ ဘာဝနာအလုပ် ကြိုးပမ်းအားထုတ်နေသူသာ ဂုဏ်ကျက်သရေမျိုး နေ့တိုင်း တိုးတက်လျက်ရှိ၏။ မဂ်ဖိုလ်ကိုရအောင် ကြိုးပမ်းကြရာ၌ သာမန်လုံ့လဖြင့် ကြိုးစားကြရသည်မဟုတ်၊ အလွန်ကြိုးစားကြရ၏။ ရဟန္တာမဖြစ်မီ ရှေးအဖို့၌ ထိုကြိုးပမ်းမှုမှာ အောင်မြင်ခြင်းပန်းတိုင် လှမ်းကိုင်နိုင်ကြောင်း အလွန်ကောင်းသောအမှုဖြစ်၍ သုပ္ပယုတ္တာ-ကား ဂုဏ်ပြုခြင်းပင်ဖြစ်ရ၏။ ဤသုပ္ပယုတ္တာဖြင့် ဘာဝနာလုပ်ငန်း၌ မဆုတ်တမ်း ကြိုးစားသော သမ္မပ္ပဓာန် လုံ့လမျိုးရှိသူ၏အဖြစ်ကိုပြ၏။

သမာဓိယု။ ။ဒဠှေန မနသာ-အရ မြဲမြံသောစိတ်ဟူသည် သမာဓိနှင့်ယှဉ်သော စိတ်ကိုပင် ဆို၏။ သမထအရာ၌ ဥပစာရ, အပ္ပနာ-အထိ အဆင့်ဆင့်တက်လာသောသမာဓိကို အလိုရှိအပ်သကဲ့သို့ ဝိပဿနာအရာ၌ မဂ်ဖိုလ်သမာဓိအထိ အဆင့်ဆင့် တိုးတက်လာသော "ခဏိက-စိတ္တေကဂ္ဂတာ" ခေါ် ဝိပဿနာနှင့်တွဲနေသော သမာဓိကို အလိုရှိအပ်၏။

ယထာဘူတဉာဏ် (=အမှန်တရားကို သိသောဉာဏ်) ရမှ မဂ်ဖိုလ်ရမြဲဖြစ်ရာ သမာဓိမှာ ထိုယထာဘူတဉာဏ် ဖြစ်ခြင်း၏အကြောင်းဖြစ်၍ မဂ်ဖိုလ်ရကြောင်းပြရာ၌ "ဒဠှေန မနသာ" ဟု သမာဓိကို ဆို၏။

ဒဠှေနနှင့် ဒဠှေန။ ။["ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန"၌ "ဒဟိယ ဌော၊ ဒဟတီတိ ဒဠ္ဟံ" ဟူသော မောဂ္ဂလ္လာန်အလို "တဏှာဒယော" သုတ်နှင့်အညီ ဟ-ပစ္စည်းဖြင့်ရင်း ဟ-ကို ဠ္ဟ-ပြု၍ရင်း ပြီးသောကြောင့် ဒဠှေနဟု ဟ-ထိုးဖြင့်သာ ရှိရမည်ဖြစ်၏၊ (ပယ္ဂဒီ-၂၂၃) သဒ္ဒါကျမ်းတို့ကား ဟ-ထိုးမပါ ဒဠ္ဟ-ဟုသာ ရှိ၏။ ထို့ကြောင့် ဆရာမြတ်တို့ကား ဤအရာ၌ ဟ-ထိုးမပါ ဒဠှေနဟုသာ ရှိစေလို၏။ ဂါထာဗန္ဓ၌ ဆန်းအတွက် အချို့အရာ ဒဠ္ဟ-ဟုသာ ရှိစေလိုသည်မှာ "န တံ ဒဠ္ဟံ ဗန္ဓနမာဟု မိရာ

တော် ဒင္ဃ ဗန္ဒနမာဟု မိရာ” (သဂါထာဝဂ္ဂ၊ ကောသလသံယုက် ၇၇)စသော ဥပေန္ဒဝဇိရာ ဂါထာပါဒများ၌ ဒင္ဃ၌ ဒ-ကို လဟု အရာထား၍ ဟောကြားသောကြောင့်ပင် ဖြစ်သည်။ “ဟန္ဒ တေ နံ ပဝက္ခာမိ၊သန္တမ္ဘာသု ဒင္ဃော ဘဝ”(သုတ္တနိပါတ မဟာဝဂ္ဂ နာလကသုတ် ၃၇၇)စသည်တို့၌လည်း ပထျာဝတ္တ ၆-ဂိုဏ်းအရာ ဒင္ဃော ဘဝ-ဟု ဒ-၏ လဟုအရာထား၍ ဟောကြားချက်ကို တွေ့ရ၏။ ဤသို့စသည်ဖြင့် ဒင္ဃ-၌ ဒကို လဟု အရာထား၍ ဟောကြားသည်ကို အတော် တွေ့ရ၏။ ရတ္န ပဒ္မ စေတျ စသောသဒ္ဒါတို့မှာ သက္ကတ၌ အတွေ့ များသော်လည်း မာဂဓတွင် စုဏ္ဏိယပါဠိ၌ မတွေ့ရ။ ထိုသို့သော ပုဒ်များတွင် သဒ္ဒနီတိ က ရတန-ကို ရတ္န, ပဒုမ-ကို ပဒ္မ, စေတိယ-ကို စေတျပြုရန်ဆို၏။ ထိုအတူ အချို့ ဂါထာအရာ၌ ဒင္ဃ-ကို ဒင္ဃ ပြုထားသည်ဟု ယူသော် သင့်ဖွယ်ရှိသည်။ စာအများ၌ကား ဒင္ဃ-ချည်းသာ ရှိနေကြ၏။

ဝိပဿနာအရာ၌ သတိ, ပညာတို့လည်း မပါမပြီးဖြစ်ရာ သမာဓိ, ဝီရိယတို့နှင့်ကင်း၍ဖြစ်သော တရားများမဟုတ်၍ ဤ၌ အဝိနာဘာဝ အားဖြင့် ထိုတရားများကိုလည်း ယူပြီးဖြစ်ကြောင်း သိပါလေ။ ထိုသို့ကျင့်ဖွယ်တရား အလုံးစုံအကုန်ပါစေလိုသောကြောင့်ပင် အဋ္ဌကထာက သုပ္ပယုတ္တာ-အရ အလှန်စင်ကြယ်သော ကာယ, ဝစီပယောဂရှိသူဟူသော အနက်ယူ၍ ထိုပုဒ်ဖြင့် သီလက္ခန္ဓကိုပြကြောင်းကိုရင်း, ဒင္ဃေန မနသာ-ဖြင့် သမာဓိနှင့် ယှဉ်သောစိတ်ဟူသော အနက်ကိုယူ၍ သမာဓိက္ခန္ဓကို ပြကြောင်းကိုရင်း, နိက္ကာမိနော ဖြင့် ကိုယ်အသက်၌ မငဲ့ကွက်သော ပညာ ရှေ့သွား ဦးဆောင်ရှိသော ဝီရိယဖြင့် ကိလေသာတို့မှ လွှတ်မြောက်ခြင်း အနက်ကိုယူ၍ ဝီရိယနှင့်ပြည့်စုံသော ပညာက္ခန္ဓကို ပြကြောင်းကိုရင်း ဖွင့်ပြခဲ့လေသည်။]

ခေတ်ကောင်း အခါကောင်း။ ။ဂေါတမသာသနမှီ-၌ ဝေ-မပါသော်လည်း ဝေ-အနက် ရဂကောင်း၍ ဂေါတမဘုရားသာသနာ၌သာဟု အနက်ယူ၍ အဋ္ဌကထာဖွင့်၏။ “ဝေ အကျိုး၊ရှိစနိုး၊ ထည့်ရိုး ဝေပေ” ဟူသည်နှင့်အညီတည်း။ ဂေါတမဘုရားသာသနာ၌သာ သုပ္ပယုတ္တ (=နည်းမှန် လမ်းမှန်ကို ကြိုးစားမှု) ရှိ၍ ကိလေသာမှ လွတ်ရသည်။ ထိုသာသနာမှ အပဖြစ်သော တိတ္ထိ သာ

သနာများ၌ ထိုသို့ လွတ်မြောက်မှုမျိုး မရှိဟု ကန့်သည်။ အညတ္ထာပေါ-
ဟန နည်းအားဖြင့်သော်လည်း အနက်ယူ။ (အညတ္ထ=အနက်တပါးကို။
အပေါဟန=မြစ်တားသည်။)

ဗာဟိရသာသနာများ၌ အမရတပ (=သေခြင်းကင်းရေးအတွက် တောင့်တချက်ဖြင့် ကိုယ်အညစ်အနွမ်း အပန်းခံကျင့်သောအကျင့်) ခေါ် အကျင့်အမျိုးမျိုး ကျင့်ကြကုန်သော်လည်း သုပ္ပယောဂ (=နည်းမှန် လမ်းမှန် ကြိုးစားမှု) မဟုတ်သောကြောင့် ကိလေသာမှ လွတ်မြောက်မှု မျိုး, သူတို့တောင့်တသော အမရ(=မသေရခြင်း) အကျိုးမျိုးကား မရ, ဒုက္ခသာ အဖတ်တင်ကြရသည်။ ဤသာသနာ၌ကား နည်းမှန် လမ်းမှန် အကျင့်များလည်း ရှိ၏။ ကျင့်ကြံသူများလည်း ကိလေသာမှ လွတ် မြောက်မှုကို တကယ်ကိုယ်တွေ့ကြုံကြရ၏။

ဘုရားသာသနာကား ခေတ်ကောင်း အခွင့်ကောင်းကြီးတည်း။ ထို အခွင့်ကောင်းကြီးကား တခါလွဲသွားလျှင် နောင်တဖန်ပြန်၍ ကြုံကြိုက် ဖို့ရာ လွန်စွာ ခဲယဉ်းလှ၍ ဘုရားညွှန်ကြားသော တကယ့်ကိုယ်ကျိုးအစစ် အမှန်များကို မလွတ်တမ်း အရယူကြရန် မမေ့သင့် မမေ့ထိုက်သည်ကို လည်း သိစေသည်။

ပတ္တိပတ္တာ။ ။"ပတ္တဗ္ဗာတိ ပတ္တိ" ရထိုက်သောကြောင့် ပတ္တိ-မည်၏။ လောက၌ မပြုထိုက်ဆိုလျှင် အကျိုးမရှိ အကျိုးယုတ်မည့် အမှု ဖြစ်သည်ကိုသိရ၍ ပြုထိုက်သည်ဆိုလျှင် အကျိုးရှိ၍ တကယ်ပြုလုပ် ရမည့် အလုပ်ဖြစ်ကြောင်း သိနိုင်၏။ ဤ၌ ရထိုက်သည် ဆိုသောကြောင့် တကယ် အကျိုးရှိ တကယ့်အကျိုးစီးပွါး အစစ်ဖြစ်သည်ကို သိရ၏။ အရဟတ္တဖိုလ်ကိုရလျှင် စင်စင်ကေန် အမှန်ပင် သံသရာဆင်းရဲတို့နှင့် တွဲ စပ်ပေးတတ်သော ယောဂတို့မှ ကင်းရှင်း,အေးချမ်းရသည်ဖြစ်ရာ အရ- ဟတ္တဖိုလ်မှာ ပတ္တဗ္ဗ (=ရယူထိုက်သောတရား) ဖြစ်သည်။ ထို့ကြောင့် "ပတ္တဗ္ဗာ နာမ ပတ္တိ အရဟာ၊ ယံ ပတ္ဝာ အစ္စန္တယောဂက္ခေမိနော" ဟု အဋ္ဌကထာဖွင့်သည်။ ဤစကားဖြင့် ပတ္တိ၏ ရောက်ခြင်း, သွားခြင်း, ခြေ

လျှင်တက်, ကုသိုလ်အဖို့ စသော အနက်များကို တားမြစ်သည်။ ပတ္တိ ပတ္တာ ပတ္တိပတ္တာ။ အရဟတ္တဖိုလ်သို့ ရောက်သူဆိုသော်လည်း မဂ္ဂါနန္တရ (=မဂ်၏ အခြားမဲ့၌ဖြစ်သော) ဖိုလ်ကို မဆိုလို၊ ဖလသမာပတ်ကိုသာ ဆိုလိုသည်ဟု သိသာပါသည်။

အရဟတ္တဖိုလ်သာ။ ။ပတ္တိပတ္တာသည် ဖိုလ်သို့ ရောက်ခြင်း,ဖလသမာပတ် ဝင်စားခြင်းတည်း။ ဖလသမာပတ် အရာ၌ အောက် အောက် ဖိုလ်ပုဂ္ဂိုလ်သည် အထက် အထက် ဖိုလ်ကို မိမိ မရသေးသော ကြောင့် မဝင်စားနိုင်။ အထက်အထက် ဖိုလ်ပုဂ္ဂိုလ်ကလည်း အောက် အောက်ဖိုလ်ကို မဝင်းစားနိုင်တော့ပြီ။ အကြောင်းမှာ ပုဂ္ဂိုလ်တပါး အဖြစ်သို့ ရောက်ရှိခြင်းဖြင့် အောက်ဖိုလ်များ ပျောက်ကွယ် ငြိမ်းစဲခဲ့ပြီး ဖြစ်သောကြောင့်တည်း။ သောတာပတ္တိမဂ်ခဏ၌ ကံကိလေသာအချို့ကို အကြွင်းမဲ့ ပယ်ခွါနိုင်ခြင်းဖြင့် ပုထုဇဉ်အဖြစ်မှ အဖြစ်တမျိုးပြောင်းကာ အရိယာသောတာပန် ဖြစ်လာရသကဲ့သို့ သကဒါဂါမိမဂ်ဖိုလ်ရသောအခါ သောတာပန်အဖြစ်မှ ပြောင်းကာ သကဒါဂါမ် အဖြစ်သို့ ရောက်ရ၏။ ထို့အတူ အနာဂါမ်,ရဟန္တာအဖြစ်သို့ ပြောင်းမှုကိုလည်း သိလေ။ ထိုသို့ ပြောင်းလဲရခြင်းမှာ အထက်အထက်မဂ်တရားတို့က နှစ်စေသဖြင့် အောက် အောက်ဖိုလ်များ ဖြစ်နိုင်ခွင့် မရတော့ခြင်းကြောင့်ပင်ဖြစ်သည်။

အခြား လောကီကုသိုလ်များမှာ ဒုတိယဘဝကျမှ ဝိပါက်ခန္ဓာအသစ် ဖြစ်၍ ဘဝအသစ် အဖြစ်တမျိုး ပြောင်းရ၏။ မဂ်တရားများမှာ မိမိအခြား မဲ့၌ပင် အကျိုးကို ဖြစ်စေတတ်၍ ဆိုင်ရာ မဂ်ဖိုလ်ရလျှင်ပင်ဘဝပြောင်းသ ကဲ့သို့ဖြစ်ကြရ၏။ ထိုသို့ အထက်အထက်ပုဂ္ဂိုလ်များ၌ အောက်အောက်ဖိုလ် များမရှိတော့ပြီ ဖြစ်သောကြောင့် ရဟန္တာ၏ ဖလသမာပတ်ကို ပြရာ ပတ္တိပတ္တာ၌ "ပတ္တိစရိယာတိ စတူသု သာမညဖလေသု" စသည်၌ကဲ့သို့ ဖိုလ်လေးပါးလုံးကို မယူရတော့ပဲ အရဟတ္တဖိုလ်သာ ယူရပေတော့သည်။ (ပဋိသမ္ဘိဒါမဂ္ဂ-၂၁၅။)

နိဗ္ဗာန်သို့ ရောက်၏ ။အရိယာတို့၏ ဝိပဿနာကား ဥဒယဗ္ဗယဉာဏ်မှ အစ ပြုမြဲဖြစ်၏။ ထို့ကြောင့် ဖလသမာပတ်ကို ဝင်စားလိုသော အရိယာပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်ကာ ဥဒယဗ္ဗယဉာဏ်မှ အစပြုလျက် သင်္ခါရတို့ကို ရှုကော့သည်၊ဉာဏ်အဆင့်ဆင့် အစဉ်အတိုင်း တက်ကာ အနုလောမဉာဏ်၏အဆုံး၌ ဖိုလ်သို့ ရောက်ရှိ၍ ထို ဖိုလ်စိတ်အစဉ်သည် နိဗ္ဗာန်သို့ အာရုံပြုလျက် သက်ရောက်ရတော့ သည်။ ပိုင်းခြားအပ်သော ကာလအတိုင်း ဖိုလ်စိတ် အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်နေခြင်းကိုပင် ဖလသမာပတ္တိဟု ဆို၏။ ထို့ကြောင့် ဖလသမာပတ် ဝင်စားခြင်း အကြောင်းကို ဟောရာ၌ အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း,အနိမိတ္တဓါတ် နိဗ္ဗာနဓာတ်ကို နှလုံး သွင်းခြင်းဟု အကြောင်းနှစ်ပါး ဟော၏။

ဥဒယဗ္ဗယဉာဏ် စသော ဉာဏ်အဆင့်ဆင့်ဖြင့် သင်္ခါရတို့မှ လုံးဝငြီးငွေ့ တပ်မက်ခြင်းကင်းသော စိတ်ရှိသော အရိယာ၏ဖိုလ်စိတ်သည် သင်္ခါရတို့မှ လွတ်ကင်းရာ နိဗ္ဗာန်အာရုံ၌ ဖြစ်နေ၏။ ထိုသို့ ဖိုလ်၏နိဗ္ဗာန်အာရုံဖြစ် နေခြင်းကိုပင် သင်္ခါရနိမိတ်ကို နှလုံးမသွင်းခြင်း နိဗ္ဗာန်ကို နှလုံးသွင်းခြင်း ဟု ဆိုအပ်၏။

ဖလသမာပတ် တည်တံ့ခြင်းအကြောင်းကို ဟောရာ၌လည်း သင်္ခါရ နိမိတ်တို့ကို နှလုံးမသွင်းခြင်း,နိဗ္ဗာနဓာတ်ကို နှလုံးသွင်းခြင်း ရှေးအဖို့၌ ပြုပြင်စီမံခြင်းဟု အကြောင်းသုံးပါး ဟော၏။ ဤ၌ ရှေးအဖို့က ပြုပြင်စီမံ ခြင်းဟူသည်မှာ ဖလသမာပတ် မဝင်စားမီ ရှေးအဖို့က ဘယ်အချိန် ကျလျှင် ထမည်ဟု ကာလပိုင်းခြားခြင်းကို ဆို၏။ ဤသို့ ပိုင်းခြားထား လျှင် ပိုင်းခြားသော ကာလမတိုင်မီအတွင်း သမာပတ်တည်တံ့နိုင်၏။ သမာပတ်မှ ထခြင်းအကြောင်းကို ဟောရာ၌လည်း သင်္ခါရနိမိတ်တို့ကို နှလုံးသွင်းခြင်း, အနိမိတ္တဓါတ် နိဗ္ဗာနဓာတ်ကို နှလုံးမသွင်းခြင်းဟု အကြောင်းနှစ်ပါးလာ၏၊ နိဗ္ဗာန်အာရုံပြတ်၍ သင်္ခါရသို့ အာရုံရောက် သောအခါ ဖလသမာပတ် မရှိတော့ပြီဟု ဆိုလို၏။ ဤအချက်များအရ ဖလသမာပတ်မှာ သင်္ခါရနှင့် အဆက်ပြတ်ကာ နိဗ္ဗာနဓာတ်၌ ဆိုက်ရောက်

လျက် ရှိသည်မှာ ထင်ရှား၏၊ ထို့ကြောင့် ထိုသို့ နိဗ္ဗာနမာတ်၌ ဆိုက်ရောက်ကာ အာရုံပြုလျက်ရှိသော ဖလသမာပတ်၏ ဖြစ်ပုံအခြင်းအရာကို ပြလို၍ "အမတံ ဝိဂယှ"ဟု ဟောတော်မူသည်။

ပစ္စည်းမကုန်ရ။ ။အရိယာအရှင်မြတ်တို့ ဖလသမာပတ် ဝင်စားကြသည်မှာ မျက်မှောက် ဘဝ၌ပင် ချမ်းသာစွာ နေရခြင်း အကျိုးငှါ ဖြစ်၏။ ကိလေသာအပူ ကင်းဝေးလျက် အလွန် အေးမြငြိမ်သက်လှသော ဖလသမာပတ်ကို သုခဖြင့် နေရသည်မှာ ဤသာသနာ၌ အလွန် ထူးမြတ်သော စည်းစိမ်ချမ်းသာ တမျိုးပင်ဖြစ်၏။ ထို့ကြောင့် မင်းတို့သည် မင်းစည်းစိမ်ကို ခံစားကြသကဲ့သို့ နတ်တို့သည် နတ်စည်းစိမ်ကို ခံစားကြသကဲ့သို့ ထို့အတူ အရိယာတို့သည် ထူးမြတ်သော လောကုတ္တရာ အရိယာချမ်းသာကို ခံစားဦးမည်ဟူသော အလိုဆန္ဒဖြင့် ဝင်စားတော်မူကြခြင်းဖြစ်၏။

လောကစည်းစိမ်များကား ပစ္စည်းအကုန်အကျခံမှ ရရှိသော စည်းစိမ်များသာ ဖြစ်၏။ စည်းစိမ်က ကြီးကျယ်လေလေ တန်ဖိုးအကုန်အကျများရလေလေ ဖြစ်၏။ ဤ ဖလသမာပတ် ချမ်းသာ ခံစားကြသော အရိယာအရှင်တို့မှာ ပစ္စည်းမကုန်ကျရပဲ လွယ်ကူသက်သာစွာ ခံစားတော်မူနိုင်ကြ၏။ ထိုသို့ ပစ္စည်းမကုန်ရ တန်ဖိုးမပေးရပဲ လွတ်လွတ်လပ်လပ် အလွယ်တကူ လိုရာခဏ ခံစားတော်မူနိုင်ကြသည်၏ အဖြစ်ကို "လဒ္ဓါ မုဓာ"ဟု မိန့်တော်မူသည်။ ဤပါဌ်ဖြင့် တန်ဖိုးအကုန်အကျတွေ ခံကာ လွန်စွာ ကြောင့်ကြစိုက်ရမှ ရနိုင်သော ထိုလောကစည်းစိမ်များ၌ တကယ် အေးမြ ငြိမ်းချမ်းသော သုခဟု မရှိနိုင်သည်ကိုရင်း, အလိုရှိသောအခါ အလိုရှိသောနေရာ၌ ဘာမျှ ကြောင့်ကြ စိုက်ရမှုမပါ သက်သာလွယ်ကူစွာ ခံစားရသော ဤဖလသမာပတ် ချမ်းသာ၌သာ တကယ့် အေးငြိမ်းချမ်းမြ သုခအစစ်အမှန် တွေ့နိုင်ကြောင်းကိုရင်း သိစေသည်။

မုခါ၏ အနက်မှန်။ ။["မုဓာတိ အဗျယေန"ဟု ဖွင့်သော အဋ္ဌကထာ၌ ဗျယကို ပျက်စီးခြင်း အနက်ဟော ယူ၍ မုဓာအရ အဓိပ္ပါယ်ကို အမျိုးမျိုး ယူဆကြ၏။ ဗျယ၏ အနက်ကို "ဝိဂမေ- ကင်းခြင်း၌ရင်း။ မနောဒိနော

စာဂေ=ဥစ္စာ စသည်ကို စွန့်ခြင်း၌ရှင်း။ ဇောတိသောတွေ=ဇောတိသကျမ်း၌ ဆိုအပ်သော။ လဂ္ဂါ=လဂ်မှု။ ဒွါဒသင္ဂာနေ စ=တဆယ့်နှစ်တန်၌ရှင်း ဖြစ်၏”ဟု ထောမနိဓိ၌ အနက်သုံးမျိုး ပြ၏။ ကင်းခြင်းဟူသည် ကုန်ခြင်း, ပျက်စီးခြင်း ပင်တည်း၊ ဥစ္စာ စွန့်ခြင်းဟူသည် ဥစ္စာသုံးခြင်းပင်။ အဗျယေန၌ ဗျယ-ကို ပျက်စီးခြင်းအနက်ကို မယူစေလို၊ ဥစ္စာသုံးခြင်းကို ယူစေလို၍ ကာကဏိကာမတ္တမ္ပိ ဗျယံ အကတွာ (=ကရွေးသားမျှ ပစ္စည်းကုန်ကျမှု မပြုရပဲ)ဟု အဋ္ဌကထာ ဆက်ဖွင့်ခဲ့သည်။

“ သယံ အာယံ ဝယံ ဇညာ၊ သာယံ ဇညာ ကတာကတံ” (ဇာတက-ဒု-တေသကုဏဇာတ်-၆)၌ ဗျယနှင့် ဝိ+ဣ+အ ဓာတ်ပစ္စည်းတူ ဝယကို တွေ့ရ၏။ အဋ္ဌကထာက ဒါကဗ္ဗဓန(=ထိုထိုသူတို့အား ပေးအပ်သောဥစ္စာ)ဟု ဖွင့်၏။ ထိုဝယလည်း ကုန်ခြင်း, ပျက်ခြင်း, သုံးခြင်း, အရှယ်စသည်၌ ဖြစ်ရာ အချို့အနက်မှာ ဗျယနှင့် အတူပင်။ မုဓာ ဝါ ဒေတိ (ဝိ-ဌ၊ ၂၁၄)၌ မုဓာ-ကို “မုဓာတိ အမူလေန ”(=အဖိုးမရှိ, အလကား) ဟု ဝိမတိ၌ ဖွင့်၏။

ထိုကြောင့် ပြဆိုခဲ့ပြီး အနက်အရ မုဓာကို ဥစ္စာမဒန အသုံးမပြု ရပဲဟုရင်း,ပစ္စည်းအကုန်အကျမပါ အလွတ်သာဟုရင်း ပေးသင့်သည်။ ထို့ပြင် လောကစည်းစိမ်များကား အခြေအရံ အဖော်အပေါင်းတို့ဖြင့် ခံစားရ၏။ ဖလသမာပတ်ကား အဖော်မပါ တဦးတည်း လွတ်လပ်စွာ ရရှိသော ချမ်းသာဖြစ်၍ ဤမုဓာအရ အဖော်မပါ ဟူသော အနက်ကိုလည်း ဆိုနိုင်သေး၏။ ထို့ကြောင့် မုဓာ=အဖော်လည်းမပါ ဥစ္စာလည်း မကုန်ကျရပဲ ဟုရင်း,အဖော်မလို ဥစ္စာကို မသုံးရပဲဟုရင်း ပေးက ပြည့်စုံသော အနက် ဖြစ်ရာသည်။]

ဖိုလ်ချမ်းသာစံ။ ။အချို့အရာ၌ နိဗ္ဗုတိ-ကား နိဗ္ဗာန်ကို ဟော၏။ ဤ၌ကား ကိလေသာအပူ ငြိမ်းအေးသော အနက်အရ ဖလသမာပတ်ကို ဟောသည်။ ကိလေသာအပူ ငြိမ်းသောကြောင့်ရင်း, အလွန်ငြိမ်သက်သော နိဗ္ဗာန်ကို အာရုံပြုနေရသောကြောင့်ရင်း ဖိုလ်မှာ အလွန်ငြိမ်းအေး ငြိမ်သက်လှပေသည်။ အဆီအနှစ်ရှိ၍ အလွန်စင်ကြယ်သော အတုမဲ့သုခဖြင့် စိမ်ပေးထားသကဲ့သို့ ရှိနေရသည်။ ဈာန်မဂ်ချမ်းသာတို့ထက် သာယာဖွယ်လွန် ချမ်းသာမွန်ဖြစ်သော ဤဖိုလ်ချမ်းသာကို ခံစားရသော အရိယာတို့မှာ အားရစရာင်းတိမ်ခြင်း မဖြစ်

နိုင်ပဲရှိရာ နိဗ္ဗုတိ ဘုဥ္စမာနာ-ဖြင့် ပြအပ်သော ရဟန္တာမြတ်တို့၏ ဖလသမာပတ္တိသုခမှာ အားကျဖွယ် ကြည်ညိုဖွယ် နှစ်သက်ဖွယ်ဖြစ်၍ ထိုဂုဏ်နှင့် ပြည့်စုံသော ရဟန္တာအရှင်မြတ်တို့မှာ ရတနာအစစ် ဖြစ်ရပါပေသည်။

တိုက်တွန်းချက်

ပဋိပတ္တိယာ လဒ္ဓဗ္ဗ-ရသဿာဒမနုတ္တရံ။
ဝိန္ဒိတုံ ပဒဟော နော စေ၊ ကုတ္တော တေ ဇိနသာသနံ။

အနုတ္တရံ၊ လောကချမ်းသာ တကာတို့တွင် ယှဉ်ဖွယ်ကင်းလတ် အမြတ်ဆုံးဖြစ်ပေသော။ ပဋိပတ္တိယာ၊ ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ်ဖြင့်။ လဒ္ဓဗ္ဗရသဿာဒံ၊ ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံး အရသာကို။ ဝိန္ဒိတုံ၊ မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဂွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ။ ပဒဟော၊ ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ် ကာကာ ကြိုးစားရာသတည်း။ နော စေ၊ ဘဝတက်တာ ခင်တွယ်တာလျက် သဒ္ဓါ မသန်လှ ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့လျှင်။ တေ၊ အခါကောင်းသင့် အခွင့်ကြုံလာ သင့်တွက်တာမှာ။ ဇိနသာသနံ၊ ဂုဏ်ရည်သေတ္တာ အနှစ်စုလျက် တုမဲ့ထူးစွာ ဘုရားမြတ်သာသနာသည်။ ကုတ္တော၊ တောသားသမင် ရတနာမြင်သို့ ဂုဏ်အင်တင့်တိုး အဘယ်အကျိုးရှိပါတော့မည်နည်း။

---

(၃၅) ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၅) ပထဝိဿိတော၊ မြေ၌ ဝင်မှီ တည်နေသော။ ဣန္ဒခီလော၊ လှန်စွာမြဲခိုင် တံခါးတိုင်သည်။ ဝါ၊ကို။ စတုဗ္ဘိ၊ အရပ်လေးမျက်နှာတို့မှ။ ဝါတေဟိ၊ လေပြင်းမုန်တိုင်းတို့သည်။ အသမ္ပကမ္ပိယော၊ မလှုပ်ရှားစေနိုင်သည်။ ဿိယာ ယထာ၊ ဖြစ်ရာဘိသကဲ့သို့။ ယော သပ္ပုရိသော၊ အကြင်သောတာပန်ပုဂ္ဂိုလ်မြတ်သည်။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ အဝေစ္စ၊ မဂ်ဉာဏ်ဖြင့် သက်ဝင်၍။ ပဿတိ၊ သိမြင်၏။ တံ သပ္ပုရိသံ၊ ထိုသောတာပန် ပုဂ္ဂိုလ်မြတ်ကို။ တထူပမံ၊ ထိုတံခါးတိုင်ကြီးပမာ နှိုင်းခိုင်းစရာ ရှိသူဟူ၍၊ (အဟံ၊ ငါဘုရားသည်။)ဝဒါမိ၊ဟောတော်မူ၏။ ဣဒမ္ပိ၊ သောတာပန် သံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—မြေကြီးထဲ၌ ဝင်မှီတည်နေသော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှါ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယာသစ္စာတို့ကို သိမြင်သော သောတာပန် ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့် တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရားဟောတော်မူသည်။ သောတာပန် သံဃာ၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်မှာလည်း ထူးမြတ် လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

သောတာပန်ဂုဏ်ရည်။ ။ဘုရားရှင် လက်ထက်တော်က သောတာပန် ပုဂ္ဂိုလ် အများအပြားရှိခဲ့ရာ သောတာပန် အဖြစ်ကို ကိုယ်တွေ့ကြုံရသူများလည်း ရှိခဲ့၏။ ဘယ်သူ သောတာပန်ပဲဟု အကြားအရ သိနေရသည်လည်း ရှိ၏။ သောတာပန်အဖြစ်မှာ လူအများ၏ အကြားအတွေ့အားဖြင့် ထင်ရှားခဲ့ရာ ထိုသို့ ထင်ရှား လူသိများသော သောတာပန် သံဃာ၏ဂုဏ်ဖြင့် သစ္စာပြုဟန် ပြတော်မူလိုပြန်၍ "ယထိန္ဒခီလော"စသည် မိန့်တော်မူသည်။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[ဗ္ဗနခီလ သဒ္ဒါ တံခါးခုံကိုရင်း,တံခါးတိုင်ကိုရင်း ဟောရာ၌ ဤ၌ တံခါးတိုင်ဟောတည်း။ "ပထဝိဿိတော-မြေ၌စွဲမှီသော တံခါးတိုင်"ဟု သဒ္ဒါက သာမည်ဖြစ်သော်လည်း အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ မလှုပ်ရှား စေနိုင်သော တံခါးတိုင်ဆိုသောကြောင့်ရင်း, သောတာပန်၏ တံခါးတိုင်နှင့်တူပုံ ဥပမာပြ ပါဠိ၌ "ဂမ္ဘီရနေမော၊နက်သောတွင်းရှိသော။သုနိခါတော၊ ကောင်းစွာ စိုက်ထားအပ်သော" ဟု ဆိုသောကြောင့်ရင်း အလွန်ခိုင်ခံ့ မြဲမြံအောင် စိုက်ထားအပ်သော အလွန်ကောင်းသော တံခါးတိုင် ဝိသေသကို ယူအပ်၏ ။ ထို့ကြောင့် အဋ္ဌကထာက ဣန္ဒခီလ ဟူသည်မှာ မြို့တံခါးကို တားဆီးခြင်း အကျိုးငှါ ရှစ်တောင်-ဆယ်တောင်အထိ မြေကိုတူးစိုက်အပ်သော သစ်သားတိုင်ဖြစ်ကြောင်း ဖွင့်ပြလေသည်။

အဋ္ဌကထာ၌ "ပထဝိန္တိ ဘူမိံ ။ သိတောတိ အန္တော ပဝိသိတွာ နိဿိတော" ဟု ဖွင့်သောကြောင့် အဋ္ဌကထာဆရာများ လက်ထက်က ပါဠိမှာ ပထဝိံ သိတော- **ဟု** ရှိလေသလောဟူ၍ စဉ်းစာဖွယ်ဖြစ်၏။ နေတ္တိအဋ္ဌကထာ၌ကား "ပထဝိဿိတော သိယာတိ ဂမ္ဘီရနေမိတာယ အန္တော ပဝိသိတွာ ဘူမိနိဿိတော သိယာ ဘဝေယျ" ဟုပင် ရှိသည်။ စတုဗ္ဘိဝါတေဟိ၊တို့ဖြင့်၊ ကြောင့်။ အသမ္ပကမ္ပိယော၊ မလှုပ်ရှားနိုင်သည်ဟုလည်း အနက်ပေးတတ်သည်။ "ကမ္မေတုံ ဝါ စာလေတုံ ဝါ အသက္ကုနေယျော" အဖွင့်အရ အသမ္ပကမ္ပိယော၌- ဏျပစ္စည်း၏ ကံ၌ သက္ကအနက် ထွန်းပြသည်ကိုရင်း, ကာရိတ်ပစ္စည်းအတွင်းငုတ်သည်ကိုရင်း သိရ၏။ ထို့ကြောင့် စတုဗ္ဘိဝါတေဟိ-သည် အသမ္ပကမ္ပိယော-၏ ကတ္တားတည်း။ ဣန္ဒခီလော-ကား ကံတည်း။ "ကံဟောမှန်ဘိ၊ ကိတ်ကိရိယာ၊ နောက်မှာတပါး၊ အာချာတ်သွားက၊ ကတ္တားတဖန်၊ ဖြစ်တုန်ပြန်၊ ချင်းကံ ၎င်း ကတ္တားတည်း" ဟူသော နိယံအရ သိယာ ကြိယာကြောင့် ကတ္တာလည်း ဖြစ်၍ သည်ဟုလည်း အနက်ပြန်ရသည်။]

သစ္စာ သိမြင်ပုံ။ ။**အရိယသစ္စာကို** သိရာ၌ အနုဗောဓ (=ဥလောကီဉာဏ်ဖြင့် သိမှု), ပဋိဝေဓ (=မဂ်ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်မှု) ဟု အသိနှစ်မျိုး ရှိရာ ဤ၌ ပဋိဝေဓအသိခေါ် မဂ်ဉာဏ် အသိကို လို၍ အဝေစ္စ ပဿတိ-ဟု ဆို၏။ မဂ္ဂဘာဝနာဟူသည် မိမိသန္တာန်၌ မဂ်ကိုဖြစ်စေခြင်းတည်း။ ထိုမဂ်ကား ပုဗ္ဗဘာဂ ဝိပဿနာ၌လည်း ဖြစ်လျက်ရှိရာ ၎င်းမှာ အရိယမဂ် ဆိုက်ရောက်ရေးအတွက် ဖြစ်၏။ သို့ဖြစ်ရာ မဂ္ဂဘာဝနာကား အရိယမဂ် ဆိုက်ရောက်သော အခါ အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ရတော့၏။ ဒုက္ခကို ပိုင်းခြား

သိမှု ပရိညာကိစ္စလည်း ဝိပဿနာ၌ ရှိနေလျက်ပင်၊ သို့သော် အပြီးတိုင်မရောက်သေး၊ သိမှုမပြီးသေး၊ မဂ်အခိုက်၌ကား အပြီးတိုင် ထွင်းဖောက်ကာ အရှင်းလင်းဆုံး အခြေသို့ရောက်ခဲ့ရ၏။ ထို့အတူ ဝိပဿနာအခိုက်ကပင် အစဉ်ဖြစ်နေသော သမုဒယသစ္စာကို ပယ်ခြင်း ကိစ္စလည်း မဂ်ကျမှ ပြည့်ဝခြင်းသို့ ရောက်ရ၏။ ထို့ကြောင့်ပင် မဂ်သည် နိဗ္ဗာန်ကို အာရုံပြုသော်လည်း အခြားသစ္စာ များကိုပါ တချက်တည်း ဖောက်ထွင်းသိမြင်မှုပါ ပြီးစီးဘော့သည်။ ဤ၌ နိဗ္ဗာန်ကို သိသည်မှာ အာရမ္မဏ (=အာရုံပြုသောအားဖြင့် သိသော) အသိမျိုးတည်း၊ ဒုက္ခစသည်ကို သိသော အသိကား အသမ္မောဟ (=တွေဝေမှုမရှိ သိပြီး ရှင်းလင်းပြီး ဖြစ်နေသော) အသိမျိုး ဖြစ်သည်။

ဤအချက်၌ ဆီမီးဥပမာဖြင့်ပြ၏၊ ဆီမီးသည် မီးစာကို လောင်စေခြင်း, အမှောင်ကို ဖျောက်ခြင်း, အလင်းကို ပြခြင်း, ဆီကို ခန်းစေခြင်း ကိစ္စလေးချက်ကို တပြိုင်နက် ပြုသကဲ့သို့ မဂ်သည်လည်း ဒုက္ခကို သိခြင်း, သမုဒယကို ပယ်ခြင်း, မဂ္ဂကို ပွါးခြင်း, နိရောဓကို မျက်မှောက်ပြုခြင်း ဟူသော ကိစ္စလေးချက်ကို တပြိုင်နက်တည်း ပြီးစေ၏။

တံခါးတိုင်နှင့်တူပုံ။ ။ မဂ်ဖြင့် ကိစ္စလေးချက် ကိုယ်တွေ့ပိုင်လျက်ရှိသော အရိယာ၌ မဂ်ဖြင့် နိဗ္ဗာန်ကို ဆိုက်တွေ့ရခြင်း, အကာလိကမဂ်၏ ဂုဏ်အရ အရိယာဖိုလ်ကို ပိုင်နိုင်ခဲ့ခြင်း, ထိုသို့ကိုယ်တွေ့ သန္ဒိဋ္ဌိကမဂ်ဖိုလ်များအရ ငါ မဂ်ဖိုလ်ရပေပြီဟု ပစ္စတ္တံ ဝေဒိတဗ္ဗအရ မိမိကိုယ်တိုင် သိရသောကြောင့် ထိုအရိယာမှာ အပရပစ္စယ (=ဘုရားမှ တပါး အခြားအားထား ယုံကြည်ဖွယ် မရှိသူ), ဝေသာရဇ္ဇပတ္တ (=ယုံမှားအမျိုးမျိုးဖြင့် ရှုံစိုးနေရသော ဘဝမှ ယုံမှားကင်း၍ ရဲတင်းသူ) အဖြစ်ရောက်ခဲ့ရာ ထိုပုဂ္ဂိုလ်မျိုးမှာ အခြားအယူအဆ တပါးတို့ကြောင့် အဘယ်မှာ လှုပ်ရှားယိမ်းယိုင် ပါတော့မည်နည်း။ အလွန်ခိုင်ခံ့စွာ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ မလှုပ်ရှားစေနိုင်သကဲ့သို့ ထိုသောတာပန်ကို ဘယ်လို တိတ္ထိ ယူအဆမျိုးကမျှ မလှုပ်ရှားစေနိုင်၊ မိမိအမြင်မှ

ရွှေရှား တိမ်းပါးအောင် မည်သူမျှ မတတ်နိုင်တော့ပေ။ ဤအချက်ကို သံယုတ္တနိကာယ (၃၊၃၈၈) ၌လည်း ဟောတော်မူ၏။ ဟောပုံအချုပ်မှာ “နက်သောတွင်းရှိ၍ မရွေ့ပါး မလှုပ်ရှား ကောင်းမွန် ခိုင်မြဲအောင် စိုက်ထားအပ်သော တံခါးတိုင်ကို အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာတို့မှ လေပြင်းမုန်တိုင်းများ မလှုပ်ရှားစေနိုင်ရာ၊ အကြောင်းမှာ တွင်းကလည်းနက် ကောင်းမွန် ခိုင်မြဲအောင်လည်း စိုက်ထားအပ်သောကြောင့်ဖြစ်၏။ ထို့အတူ သမဏဗြာဟ္မဏ အမည်ခံ အကြင် ပုဂ္ဂိုလ်တို့သည် ဒုက္ခ, သမုဒယ, မဂ္ဂ, နိရောဓ, အမှန်တရား သစ္စာတို့ကို သိကြ၏။ ထိုသစ္စာတို့ကို သိပြီးဖြစ်သောကြောင့် ပင် ထိုသမဏဗြာဟ္မဏတို့မှာ ဤသူ တရားထူး သိမြင်သူပဲဟု ဘုရားမှတပါး အခြားသူ၏ မျက်နှာကို မော်မကြည့်ကြတော့ပေ”။

ဤစကားဖြင့် သစ္စာမမြင် ပုထုဇဉ်တို့နှင့် ဆန့်ကျင်ဖက်အဖြစ်ကို ပြ၏၊ ထိုပုထုဇဉ်တို့ကား “ပုထုသတ္ထာရာနံ မုခုလ္လောကိကာ တိ ပုထုဇ္ဇနာ” အရ ဆရာအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်တတ်ကြကုန်၏။ ဤ ဆရာက တမျိုးပြောလျှင် လက်ခံ၍ ဆရာတင်တတ်၏။ အခြားဆရာ တယောက်က တမျိုးပြောလျှင် သက်ဝင်ယုံကြည်တတ်ပြန်၏။

ဤသို့ ဆရာအမျိုးမျိုး အယူအဖုံဖုံ ပြောင်းနိုင်၏၊ ဤသို့ဖြစ်ရသည်မှာ သစ္စာမမြင်၍ အတည်ပြု ဆုံးဖြတ်နိုင်ဖွယ်တရား မတွေ့သောကြောင့် တည်း။ အတည်ပြု ဆုံးဖြတ်နိုင်လောက်အောင် ကိုယ်တွေ့သစ္စာတရား ရှိပြီးသောတာပန်တို့ကို မည်သူတယောက်မျှ သွေးဆောင် ဖြားယောင်းခြင်း, ခြိမ်းခြောက်ခြင်း, လှည့်စားခြင်းတို့ဖြင့် ထိုဆုံးဖြတ်ချက်ကို ပျောက်အောင်ပြုခြင်းငှါ မတတ်နိုင်။

ဖြားယောင်းသွေးဆောင် မရ။ ။ အခါတပါး မြတ်စွာဘုရား တရား ဟောနေစဉ် ပရိသတ် အစွန်မှ တရားနာ၍ နေသော သုပ္ပဗုဒ္ဓမည်သော နူနာရောဂါသည် တဦးမှာ သောတာပန် ဖြစ်လေသည်။ ပရိသတ်စဲသောအခါ မိမိရသောဂုဏ်ကို

မြတ်စွာဘုရားအား လျှောက်ထားရန် အလာတွင် သိကြားမင်းက စုံစမ်းလို၍ ကောင်းကင်မှနေပြီးလျှင် "သုပ္ပဗုဒ္ဓ သင်ကား ဆင်းရဲလှ၏၊ သင့်ကို ငါမကုန်နိုင်အောင် များမြောင်သောဥစ္စာကို ပေးမည်၊ သင်က သာ ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာ မဟုတ်၊ ဘုရား, တရား, သံဃာ ငါအလိုမရှိဟု ပြောရမည်"ဟု ဆို၏။ ထိုအခါ "သင် ဘယ်သူနည်း"ဟု သုပ္ပဗုဒ္ဓက မေး၏။ "မိမိ သိကြားမင်း ဖြစ်ကြောင်း" ပြောသော် 'အရှက်မဲ့သော သိကြားမိုက်၊ သင့်ကို ငါ စကားပင် ဖက်မပြောထိုက်၊ သင်ကား ငါ့ကို လူဆင်းရဲဆို၏။ ငါ့မှာ သဒ္ဓါ, သီလစသော သူတော်ကောင်း ဥစ္စာတွေ ရှိနေ၍ ငါကား လူချမ်းသာဖြစ်၏" ဟု ဆို၏။ သိကြားမင်းလည်း ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော် မြတ်စွာဘုရားက "သိကြားမင်း သင်ကဲ့သို့ သိကြား အရာအထောင်မက သုပ္ပဗုဒ္ဓကို ဘုရားမဟုတ်စသည် ပြောခိုင်း၍ ရမည် မဟုတ်ကြောင်း" မိန့်တော်မူသည်။ သုပ္ပဗုဒ္ဓလည်း ဘုရားမြတ်ထံ မိမိရရှိသော အရိယာဂုဏ်ထူးကို လျှောက်ထားပြီး ပြန်-အလာတွင် သားသည်အမေ နွားမက ဝှေ့သတ်၍ စုတေကာ နတ်ပြည်-ရောက်ရလေသည်။ (ဓမ္မပဒ-ဋ္ဌ-၁-၃၀၂)

ချောက်၍မရ။ ။ဘာရဒွါဇအနွယ် ပုဏ္ဏားတဦး၌ ဓနဉ္စာနီ မည်သော ဇနီးပုဏ္ဏေးမ ရှိ၏။ ပုဏ္ဏားကြီးကား ဗြာဟ္မဏတို့ကို ကြည်ညို၍ ပုဏ္ဏေးမကား ဘုရားတပည့်မ သောတာပန်တည်း၊ ပုဏ္ဏားကြီးက ဗြာဟ္မဏတို့ကို ထမင်းကျွေးသောအခါ ပုဏ္ဏေးမက ပြုစုတတ်သော်လည်း ပုဏ္ဏေးမက ဘုရားအမှူးရှိသော သံဃာများအား ဆွမ်းကပ်သော အခါမူ ပုဏ္ဏားကြီးသည် အိမ်မှ ရှောင်ပြေးတတ်၏။ တနေ့ ပုဏ္ဏားကြီးသည် ဗြာဟ္မဏငါးရာ ထမင်းစား ဖိတ်လာပြီးနောက် ပုဏ္ဏေးမကို "အို....ရှင်မ နက်ဖြန် ဗြာဟ္မဏငါးရာ ထမင်းသုံးဆောင်ရန် ကြွလာကြလိမ့်မည်၊ ရှင်မကား ထိုင်ရင်း, ရပ်ရင်းဖြစ်စေ, ချောင်းဆိုးချေဆတ်သောအခါဖြစ်စေ "နမော ဗုဒ္ဓဿ" ဟု ရဟန်းဂေါတမအား ရှိခိုးလေ့ရှိသည်၊ နက်ဖြန် တနေ့တော့ ဤရှိခိုးမှု မပြုပါနှင့်၊ ဤအသံကို ကြား

လျှင် ဗြာဟ္မဏတွေ စိတ်မချမ်းသာကြ၊ ငါနှင့် ဗြာဟ္မဏတွေ ကွဲအောင် မလုပ်ပါနှင့်" ဟု ဆို၏၊ "အိုရှင်....ဗြာဟ္မဏတွေနှင့်ပဲ ကွဲကွဲ နတ်ဗြဟ္မာ တွေနှင့်ပဲ ကွဲကွဲ ကျွန်မတော့ ဘုရားကို သတိရလျှင် ရှိမခိုးပဲ မနေနိုင်" ဟု ငြင်းဆန်၏။ "အိုရှင်မ....အိမ်ချေတရာရှိသော ရွာမှာ ရွာတံခါးကိုပင် ပိတ်နိုင်သေးလျက် လက်နှစ်ချောင်းမျှနှင့် ပိတ်ရသော ပါးစပ်ကလေး ကို ထမင်းစားချိန်အတွင်းမျှ မပိတ်နိုင်ဘူးလား" စသည်ဖြင့် အမျိုးမျိုး ပြောသော်လည်း ပုဏ္ဏေးမကြီးက ငြင်းဆန်မြဲ ငြင်းဆန်နေသဖြင့် ခေါင်း ရင်းမှ သန်လျက်ကိုယူပြီး "ဟေ့ရှင်မ....နက်ဖြန် ရဟန်းဦးပြည်းကို ရှိခိုး လျှင် ဤသန်လျက်ဖြင့် ခြေဖျားမှခေါင်းအထိ နုပ်နုပ်ပါအောင် စဉ်းပစ် မည်" ဟု ခြိမ်းခြောက်၏၊ ဘုရားတပည့်မ အရိယာမည်သည်မှာ ဘုရားနှင့် စပ်လာလျှင် တုန်လှုပ်မြဲ မဟုတ်သည့်အတိုင်း "ကျွန်မ၏ အင်္ဂါကြီးငယ်ကို ဖြတ်လိုဖြတ် သတ်လိုမှ သတ်တော့ ဘုရားအဆုံးအမကို မပယ်နိုင်၊ ဘုရားနှင့်ကင်း၍ မနေနိုင်" ဟု ဆိုသော် ပုဏ္ဏားလည်း ဘာမျှ မတတ်နိုင် တော့ပဲ "မင်း ထင်ရာလုပ်တော့" ဟု လက်လျှော့ရလေသည်။

နောက်တနေ့ ပုဏ္ဏားများ ထမင်းစားနေချိန် ပွဲစုနေရင်း ပုဏ္ဏေးမ ချော်လဲသွားရာ ဘုရားကို သတိရ၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးလေ၏။ ဗြာဟ္မဏတွေလည်း စိတ်ဆိုးကာ ပုဏ္ဏားကြီးကို ဆဲရေးပြီး ထမင်း စားမပြီးမီ ထပြန်ကြ၏။ ပုဏ္ဏားကြီးလည်း ပုဏ္ဏေးမကို အမျိုးမျိုး ဆဲရေး ကာ ဘုရားကို ပြဿနာဖြင့် အဖြေခက်အောင်ပြု၍ ညှဉ်းဆဲရန် ဘုရား ထံသွားကာ ပြဿနာမေးသော် ဘုရားရှင်၏အဖြေကို ကြားရ၍ နှစ်သက်အားရကာ ရဟန်းပြုခြင်းဖြင့် မကြာမီ ရဟန္တာအဖြစ် ရောက် ရသည်။ (သံ ၃-၁-သဂါထာ၀ဂ္ဂ-၂၀၇)

လှည့်စား မရ။ ။သူရမ္ဗဋ္ဌကား တိတ္ထိတို့၏ တပည့်တကာဖြစ်၏။ တနေ့ သူရမ္ဗဋ္ဌ သောတာပတ္တိမဂ်ရရန် အခြေခံကိုမြင်သော ဗုဒ္ဓရှင်တော်မြတ်သည် ဆွမ်းခံချိန်၌ သူ၏နေအိမ်တံခါးသို့ ကြွလေ၏။ သူရမ္ဗဋ္ဌလည်း ဘုရားရှင်ကို အိမ်ထဲသို့ပင့်လျက် ဆွမ်းဆက်ကပ်ပြီးသော်

ဘုရားဟောတရားတော်အရ သောတာပန်ဖြစ်လေ၏။ ဘုရားပြန်ကြွတော်မူပြီးနောက် မာရ်နတ်က သူရမ္ဗဋ္ဌ မိမိ၏ နယ်ပယ်မှ လွတ် မလွတ် စုံစမ်းလို၍ ဘုရားနှင့် တူအောင် ဖန်ဆင်းပြီးလျှင် သူရမ္ဗဋ္ဌ၏ အိမ်တံခါးသို့ ရောက်လာ၏။ ဘုရားရှင် ပြန်ကြွလာသည် ဟူသော အမှတ်ဖြင့် သူရမ္ဗဋ္ဌလည်း ချဉ်းကပ်ကာ ကြွလာခြင်း အကြောင်းကို လျှောက်သော် ဘုရားယောင်ဆောင်သော မာရ်နတ်က "သူရမ္ဗဋ္ဌ ငါတရားဟောခဲ့စဉ်က တရားတခုကို သတိမထား အမှတ်တမဲ့ ဟောခဲ့မိသည်၊ ခန္ဓာငါးပါးလုံးကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဟောခဲ့မိ၏။ သို့သော် ခန္ဓာတွေ အကုန်လုံး သည်သဘောချည်းမဟုတ်၊ မပျက်မစဲ ခိုင်မြဲသော ခန္ဓာတချို့ ရှိသေးသည်"ဟု ဆို၏။ ကိုယ်တွေ့တရား မရှိသူဆိုလျှင် ဘုရားပဲဟု အတည်ပြု၍ ဤမာရ်နတ်စကားကို လက်ခံလိုက်မည်သာဖြစ်၏။ တရားကိုယ်တွေ့ သိပြီး ယုံကြည်ဆုံးဖြတ်ပြီး ဖြစ်နေသော သူရမ္ဗဋ္ဌကား ဤအချက်ကို လက်မခံနိုင်။ ထို့ကြောင့် စဉ်းစားသည်မှာ "ဤစကားသည် အလွန် ဝန်လေးသော စကားဖြစ်၏၊ ဘုရားတို့မည်သည် အမှတ်တမဲ့ ဟောမှုမရှိနိုင်၊ ဘုရားရှင်၏ ဆန့်ကျင်ဘက်မှာ မာရ်နတ်ဖြစ်၍ ဤသူသည် မာရ်နတ်ဖြစ်ရမည်"ဟု စဉ်းစားပြီးလျှင် သင်"မာရ်နတ် မဟုတ်လော"ဟု ဆို၏။ မာရ်နတ်လည်း မကွယ်မဝှက်သာ ဟုတ်ကြောင်း ဝန်ခံရ၏။ သင်လို မာရ်နတ်မျိုးအရာအထောင် လာဖျက်သော်လည်း ငါ၏သဒ္ဓါကို လှုပ်ရှားစေနိုင်မည်မဟုတ်၊ မဟာဂေါတမဘုရားသည်"သဗ္ဗေ သင်္ခါရာ အနိစ္စာ"ကို ကြားရုံမျှမဟုတ် ကိုယ်တွေ့ သိသည်အထိ ဖြစ်အောင် ဟောကြားခဲ့ပြီးဖြစ်ရာ သင် လှည့်စား၍ ရမည်မဟုတ်၊ "ငါ့အိမ်တံခါးမှာ မနေနှင့်တော့" ဟု နှင်သော် မာရ်နတ်လည်း ကွယ်လေ၏။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော် ဤအဋ္ဌုပ္ပတ္တိအရပင် သူရမ္ဗဋ္ဌအား အဝေစ္စပ္ပသန္နတေဒဂ်(=မတုန်မလှုပ် သက်ဝင်ကြည်ညိုသူများတွင် အထူးချွန်ဆုံး ပုဂ္ဂိုလ်)အရာဖြင့် မြှောက်စား ချီးကျူးတော်မူသည်။

(အင်္ဂုတ္တရ အဋ္ဌကထာ-၁-၃၀၅-၆)

သောတာပတ္တိယင်။ ။သောတာပန်သည် တရားကို ကိုယ်တွေ့ဖြစ်၍ တရား၌ အတည်ပြု ဆုံးဖြတ်နိုင်ခြင်းကြောင့်ပင် ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, တရားသံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယကန္တသီလ(=ငါးပါးသီလ)နှင့် ပြည့်စုံခြင်း, ဤတရားလေးပါး ၎င်း၌ ထင်ရှားခဲ့သည်။ ဤတရားများကား သောတာပန်များ ရမြဲဖြစ်သော ဂုဏ်အင်္ဂါများတည်း။ ၎င်းလေးပါးသည် မဂ်ဖြင့် ပြီးသောကြောင့် သောတာပတ္တိယင် (=သောတာပတ္တိမဂ်၏ အစိတ်အပိုင်း)ဟု ဆို၏။ ဤတရားလေးပါးကို ဓမ္မာဒါသ (=တရားမှန်) ဟုလည်း ဟောခဲ့၏။ လောကတွင် မှန်ကို ကြည့်သော် မိမိ၏ အခြင်းအရာ ပုံပန်းကို ဖြစ်နေသည့် အတိုင်း အမှန်မြင်သိသကဲ့သို့ ဤတရားမှန်ဖြင့် ငါ အပါယ်မလားတော့ပြီ, မဂ်ဟူသော နိယာမဖြင့် မြဲပြီ, အထက်မဂ်သာ ရဖို့ ရှိတော့သည်ဟု သိနိုင်၏။

ထို့ပြင် သပ္ပုရိသသံသေဝ (=သူတော်ကောင်းတို့နှင့် ပေါင်းခြင်း), သဒ္ဓမ္မဿဝန (=တရားနာခြင်း), ယောနိသောမနသိကာရ (=သင့်တင့်ကောင်းမွန်အောင် စိတ်ထားခြင်း), ဓမ္မာနုဓမ္မပဋိပတ္တိ(=မဂ်ဖိုလ်ဓမ္မအား လျော်သော အကျင့်ကို ကျင့်ခြင်း)ဟု လာသော သောတာပတ္တိယင်တရား လေးပါးကား သောတာပတ္တိမဂ်ရရန် ရှေးအဖို့က ပြည့်စုံစေရမည့် အကြောင်း အင်္ဂါများတည်း။ သာသနာ၌ အတည်ပြုဆုံးဖြတ်နိုင်၍ မည်သူမျှ မလှည့်စားနိုင်အောင် ခိုင်မာသော, ထောက်တည်ရာ ရနေသော သောတာပန်၏ ဤဂုဏ်ရည်ကား အများလိုလား နှစ်သက်ဖွယ် ဖြစ်၍ ထို ဂုဏ်ရှင်မှာ နှစ်သက်ဖွယ်ရတနာအစစ် ဖြစ်ရပေသည်။

* ဗုဒ္ဓ ဓမ္မ၊ သံဃကိုယုံ၊ မတုန်လှုပ်ဘိ၊ အရိယကန္တ၊ သီလငါးဖြာ၊ စုံညီညာ၊ သောတာပတ္တိယင်။

* သူတော်ကောင်းခို၊ တရားကိုနာ၊ သင့်စွာစိတ်ထား၊ တရားကျင့်ကာ၊ ညီလေးဖြာ၊ သောတာပတ္တိယင်၊

ဝဒါမိအရ။ ။“တထူပမံ သပ္ပုရိသံ ဝဒါမိ”၌ ဝဒါမိအရ ကတ္တားအဟံ၌ အရှင်အာနန္ဒာဟုရင်း,မြတ်စွာဘုရားဟုရင်း အဆိုနှစ်မျိုး ကွဲခဲ့၏။ တံခါးတိုင်ကို ဥပမာပေး၍ ဟောကြားသော ဒေသနာ များမှာ ဘုရာဟောအဖြစ် ထင်ရှားလေရာ ဤ၌ ဘုရားဟောဟုပင် ဆိုရပေမည်။ အရှင်အာနန္ဒာကို ယူခြင်းမှာ အဋ္ဌကထာလာ အပရေ ဝါဒနှင့်သော် ညီသည်ဟု ဆိုရန်ရှိ၏။ အပရေဆရာတို့ကား ရတန သုတ်၌ “ယာနီဓ ဘူတာနိ”စသော အစ ငါးဂါထာသာ ဘုရားဟော ဂါထာများဖြစ်၍ ကြွင်း ဂါထာအားလုံးမှာ ပရိတ်ရွတ်သောအခါ အရှင်အာနန္ဒာမထေရ် ဟောကြားအပ်သော ဂါထာများ ဖြစ်ကြောင်း မိန့်ဆိုကြ၏။

အလွန် ရှေးကျသော ကာလက ဆင်းသက်လာခဲ့ရသော ဤဒေသနာ များကား အဋ္ဌကထာဆရာများ လက်ထက်ကပင် ဘုရားဟော ဟုတ် မဟုတ် အဆိုကွဲခဲ့သေးရာ နှောင်းခေတ် လူများအဖို့ ဘုရားဟော ဟုတ် မဟုတ် အတည်ပြုဆုံးဖြတ်ရေးမှာ မလွယ်ကူလှပေ၊ သို့သော် ဘုရားဟော အခြား ဒေသနာများနှင့် ညီ မညီ သဘာဝ မှန် မမှန်သာ ပဓာနဖြစ်၍ ရှိသေလေးစားစွာ ရွတ်ဖတ်သင့်ကြပေသည်။

---

(၃၉) ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမံ အာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၉) ယေ၊ အကြင် သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည်။ ဂမ္ဘီရပညေန၊ နက်နဲသော ဉာဏ်တော်ရှင် သဗ္ဗညု မြတ်စွာဘုရားသည်။ သုဒေသိတာနိ၊ ကောင်းစွာ ဟောကြားတော်မူအပ်ကုန်သော။ အရိယ· သစ္စာနိ၊ အရိယသစ္စာတို့ကို။ ဝိဘာဝယန္တိ၊ ကိုယ့်သန္တာန်တွင် မျက်ဉာဏ်

ဖြစ်ပွါး ထင်ရှားအောင် ပြုတော်မူကြကုန်၏။ တော၊ ထိုသတ္တက္ခတ္တုံ ပရမ သောတာပန် ပုဂ္ဂိုလ်တို့သည်။ ဘုသံ၊ အလွန်အကဲ။ ပမတ္တာ၊ စည်းစိမ်ယစ်၍ မေ့လျော့ကြကုန်သည်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ကား ဖြစ်တတ်ကုန်သေး၏။ တထာပိ၊ ထိုသို့ပင် မေ့လျော့ ကြကုန်သော်လည်း။ တေ၊ ထိုသတ္တက္ခတ္တုံ ပရမ သောတာပန် ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ။ ရှစ်ကြိမ်မြောက်သော။ ဘဝံ၊ ဘဝခန္ဓာကို။ န အာဒိယန္တိ၊ ယူရိုး မရှိကြကုန်။ သံဃေ၊ သောတာပန်သံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ရတနာဟု သိသာရတုံ ဤဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—နက်နဲသော ဉာဏ်တော်ရှင် သဗ္ဗညု မြတ်စွာဘုရား ကောင်းဆုံး ဟောကြားတော် မူအပ်သော အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှား သိတော်မူကြသော သတ္တက္ခတ္တုံ ပရမ သောတာပန် ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက် ဘဝကို ယူရိုးမရှိတော့ပေ၊ သောတာပန်သံဃာ၏ ရတနာဟု သိနိုင်ဖွယ် ဤ ဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာ စကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

သတ္တက္ခတ္တုံပရမ သောတာပန်ဂုဏ်။ ။" ယထိန္ဒခီလော " စသည်ဖြင့် သောတာပန် မှန်သမျှနှင့် သက်ဆိုင်သော ဂုဏ်ဖြင့် ချီးကျူးကာ သစ္စာပြုဟန် ပြတော်မူပြီးနောက် "ယေ အရိယသစ္စာနိ" စသည်ဖြင့် သောတာပန်များတွင် ဂုဏ်အငယ်ဆုံး သတ္တက္ခတ္တုံပရမ သောတာပန်၏ဂုဏ်ကို ဖော်ကာ သစ္စာပြုဟန် မိန့်တော်မူပြန်သည်။

သစ္စာသိခြင်းပင်။ ။'ဝိဘာဝယန္တိ'ကား အချို့အရာ၌ သူတကာ သိမြင် အောင် ပြုခြင်းအနက်၌ ဖြစ်၏။ ဤ၌ကား မိမိ

သန္တာနိတွင် ထင်ရှားအောင် ပြုတတ်သည်ကို ဆိုသည်၊ အရိယသစ္စာနိဝိဘာဝယန္တိ' ကား မဂ်အခိုက်၌ သစ္စာလေးချက် တပြိုင်နက် သိခြင်းကိုပြ၏၊ ရှေးမဂ် မရမီက မိမိ၌ သစ္စာတရားများမသိ မှောင်အတိကျနေ၏။ မဂ်ပေါ်လာမှ အလင်းရကာ ထင်ရှား ပေါ်လာသည် ဖြစ်ရာ "ပညာသြဘာသေန၊ ပညာရောင်ဖြင့်။ သစ္စပဋိစ္ဆာဒကံ၊ သစ္စာတို့ကို ကွယ်ကာပိတ်ဖုံးတတ်သော။ ကိလေသန္ဓကာရံ၊ ကိလေသာအမှောင်ကို။ ဝိဓမိတွာ၊ ဖျက်ဆီးပယ်ရှား၍။ အတ္တနော၊ မိမိ၏။ ပကာသာနိ ပါကဋာနိ၊ ထင်ရှားသည်တို့ကို။ ကရောန္တိ၊ ပြုကုန်၏" ဟု ဝိဘာဝယန္တိကို အဋ္ဌကထာဆရာ ဖွင့်ပြသည်။

သဗ္ဗညုတရား။ ။သစ္စာလေးပါးကို သာမန်ပုဂ္ဂိုလ်တို့၏ ပကတိဉာဏ်ဖြင့် ထွင်းဖောက်သိမြင်ရေးမှာ အလွန်ဝေးကွာလျက် မထေက်မမီနိုင်အောင် နက်နဲလှ၏။ ပဋိပတ်လမ်းစဉ်ဖြင့် လိုက်သူတို့သာ သိနိုင်၏၊ ထိုလမ်းစဉ်ကို လိုက်၍ သစ္စာတို့ကို သိရသောအခါ အလွန်နက်နဲလှပါတကား၊ အလွန်မြင်နိုင်ခဲအောင် သိမ်မွေ့လှပါတကား၊ အလွန်ငြိမ်သက် မွန်မြတ်လှပါတကား၊ တက္ကခေါ် စိတ်ကူးဉာဏ်ဖြင့် သက်ဝင်ရန်မဖြစ်နိုင်သော တရားပါတကား၊ လမ်းမှန်အတိုင်းကျင့်သူ ပညာရှင်များသာ သိနိုင်သော တရားပါတကားဟု နားလည်လာရတော့သည်။

ထိုနက်နဲလှသော သစ္စာတရားတို့ကို ဘုရားဟောအရ သိနိုင်ကြသော်လည်း လက်ဦးထွင်၍ သိမြင်အောင် ဟောပြရေးမှာ သာမန်လူတို့အရာမဟုတ်။ တကယ့်ဉာဏ်ရှင်၏ အရာသာဖြစ်၏။ ဝေါဟာရအသွယ်သွယ်ပရိယာယ် အချက်အလက် အနက်အဓိပ္ပါယ် အဖုံဖုံ နည်းစုံအောင်ဟောနိုင်ခြင်းမှာ သဗ္ဗညုဘာဉာဏ်တော်ကြောင့်သာ ဖြစ်၏။ သစ္စာတို့ကိုဆရာမရှိ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သိ၍ သယမ္ဘူတွင်ရသော ပစ္စေကဗုဒ္ဓါအရှင်တို့မှာ ထိုသို့ ဝေါဟာရမကြွယ် ပရိယာယ် မကျွမ်းကျင်သည့်အတွက် မိမိသိသော တရား သူတပါးအား မဟောပြနိုင်သည်ကို ထောက်ပါ။ ထို့ကြောင့် အတုမရှိ ဉာဏ်ရှင်ကိုယ်တိုင် မြင်အပ် ဟောအပ်သော သစ္စာတရားများမှာ အလွန်ခက်ခဲ နက်နဲမည်ကိုရင်း, ထို ဉာဏ်တော်ရှင် ညွှန်

ပြသော နည်းအရ ကျင့်ကြလျှင် နက်နဲလှသော ထိုသစ္စာများကို မှီနိုင်ရန် ဉာဏ်တကယ်ရမည်ကိုရင်း,ယုံကြည်ကိုးစား အားထားကြရန် "ဂမ္ဘီ-ရပညေန သုဒေသိတာနိ" ဟု သစ္စာတရားများ၏ ခိုင်လုံသည်၏အဖြစ်ကို ပြတော်မူသည်။ဂမ္ဘီရာ ပညာ ဧတဿာတိ ဂမ္ဘီရပညော=နက်နဲသော ပညာ ရှိသော ပုဂ္ဂိုလ်, မနှိုင်းယှဉ်အပ်သော ပညာရှိဖြစ်သောကြောင့် နတ်နှင့်တကွ တလောကလုံး၏ ဉာဏ်မျိုးဖြင့် မထောက်မမှီနိုင်သော ဉာဏ်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်ဟု အနက်ရသည်ဖြစ်ရာ ဂမ္ဘီရပညာဖြင့် သဗ္ဗညူ (=တရားအလုံးစုံကို သိသောဘုရား) အဖြစ်ကို ပြ၏။

ခုနစ်ဘဝသာ။ ။"ရဟန်းတို့....သစ္စာလေးပါး အမှန်တရားတို့ကို မသိခြင်းကြောင့် ငါဘုရားရော သင်တို့ပါ ရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည် ပြေးသွားခဲ့ရပြီ" ဟူသော ဘုရားမိန့်ခွန်းတော်အရ သစ္စာလေးပါး မသိခြင်းမှာ သံသရာရှည်ခြင်းအကြောင်း ဖြစ်၍ သစ္စာကို သိခြင်းမှာ သံသရာပြတ်စဲကြောင်းဖြစ်သည်မှာ သိသာ၏။ သစ္စာကို သိရန် ကြိုးပမ်းသော ယောဂီ၏ဝိပဿနာသည် ကိလေသာတို့ကို ပယ်လျက် ရှိနေ၏။ ကိလေသာများသာမက ခန္ဓာအဘိသင်္ခါရတို့ကိုပါ စွန့်ပယ်သည်သာ ဖြစ်၏၊ ထိုသို့ ဝိပဿနာက ကိလေသာသင်္ခါရတို့ကို အစဉ်မပြတ် ပယ်ခွါပေးလျက် ရှိခဲ့သောကြောင့်ပင် မဂ်သို့ အရောက်မှာ ထိုကိလေသာသင်္ခါရတို့ကို အကောင်းဆုံး အရှင်းဆုံး ပြတ်တောက် ပယ်ခွါနိုင်ခြင်းသို့ ရောက်ရတော့သည်။ သို့ဖြစ်ရာ သောတာပတ္တိမဂ်ဖြင့် အဘိ-သင်္ခါရ ဝိညာဏ်၏ချုပ်ငြိမ်းခြင်းကြောင့် ခုနစ်ဘဝ အလွန် ထား၍ သံသရာ၌ ရုပ်, နာမ်ခန္ဓာတို့၏ ဖြစ်ခွင့် မရှိတော့ပြီ။ ထို့ကြောင့် "န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ" ဟု ဟောတော်မူသည်။

သောတာပန်ကား မဂ်ဖိုလ်နိဗ္ဗာန်ရပြီး မြင်ပြီး ဖြစ်၏။ သတ္တဇီဝသညာ ပျောက်၍ ဓာတုသဘောလည်း ပိုင်နိုင်စွာ သိရပြီးဖြစ်၏။ ဘယ,အာဒီနဝ, နိဗ္ဗိဒါ,မုစ္စိတုကမျတာ-စသော ဉာဏ်များဖြင့် သင်္ခါရတို့၌ ဆန့်ကျင်ငြီးငွေ့သော ဉာဏ်များလည်း ဖြစ်ခဲ့ဘူး၏။ ဤသို့ စသော လက်စကလေးများကြောင့်ပင် ၎င်းသည် ကာမရာဂ မကွာသေး၍ လူ့ စည်းစိမ် နတ်စည်းစိမ်

များဖြင့် အမေ့ကြီး မေ့လျော့နေစေကာမူ ထိုလက်စကလေးများကို ပြန်ဖော်လိုသောအခါ လွယ်ကူစွာပင် ဖော်နိုင်တော့သည်။ ရပြီးစာ မေ့နေ၍ ပြန်ကျက်သောအခါ လွယ်သကဲ့သို့ငင်း,တစုံတခုသော အကြောင်းကြောင့် ချွန်လျှော့ကွယ်ပခဲ့ရသူမှာ ပြန်အားထုတ်လျှင် အလွယ်ပင်ရသကဲ့သို့ငင်း မှတ်အပ်၏။ ခုနစ်ခုမြောက်ဘဝ၌ ရဟန္တာမဖြစ်မီ အမှတ်တမဲ့ ခေါ်သည်ဖြင့် ခုတ်သတ်၍ ရုတ်တရက် စုတေရစေကာမူ ထိုမျှ တိုတောင်းလှသော ကာလကလေးအတွင်းမှာပင် ရဟန္တာဖြစ်ရ၏။ ရဟန္တာမဖြစ်ပဲ စုတိရှိး ထုံးစံမရှိဟု ဉာဏဝိဘင်္ဂဋ္ဌကထာ အဋ္ဌာနဝိဘင်း အဖွင့် (၄၁၁)တွင် လာသည်။

သောတာပန်သုံးမျိုး။ ။ဤ၌ ရှစ်ခုမြောက်ဘဝကို မယူဆိုသည်မှာ သောတာပန်တို့တွင် အညံ့ဆုံး သတ္တက္ခတ္တုပရမ သောတာပန်ကို ရည်သည်။ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ရ မြန်,မမြန်မှာ သဒ္ဓါ ပညာ စသော ဣန္ဒြေများ ထက် မထက်ကို အစွဲပြု၍ ဖြစ်၏။ ထက်မြက်သော ဣန္ဒြေရှိသော သောတာပန်မှာ တဘဝသာ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်၏။ ၎င်းကို ဧကဗီဇီ (=တခုသော ပဋိသန္ဓေမျိုးစေ့ရှိသော သောတာပန်) ဟု ဆို၏။ နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေသော သောတာပန်ကား အလတ်စား ဣန္ဒြေရှိသူဖြစ်၏။ ၎င်းကို ကောလံ ကောလ (=အမျိုးကောင်းတခုမှ အမျိုးကောင်းတခုသို့ ရောက်တတ်သော သောတာပန်ဟု ဆို၏။ ခုနစ်ဘဝ ပဋိသန္ဓေနေသော သောတာပန်ကား နုံ့သော ဣန္ဒြေရှိသူတည်း။ ၎င်းကို သတ္တက္ခတ္တုပရမ (=ခုနစ်ကြိမ်အလွန် ပဋိသန္ဓေရှိသူ) သောတာပန်ဟု ခေါ်ရသည်။ ဤသောတာပန်တို့၏ ဘဝအရေအတွက် ကန့်သတ်ချက်မှာ ကာမဘုံ အတွက်သာ ဖြစ်၍ ရူပ အရူပဘုံများက သောတာပန်များမှာမူ ပဋိသန္ဓေ အကြိမ်များစွာ ယူနိုင်ကြောင်းကို ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ (ဒု-၆၇)၌ ဆိုသည်။

ဥပနိဿယ။ ။သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ရ မြန်ခြင်း,မမြန်ခြင်း၌ ဥပနိဿယမှာလည်း အကြောင်းပင်ဖြစ်၏။ ရဟန်း

တပါးသည် တရားကို အားထုတ်နေရင်း စုတေခဲ့၍ တာဝတိံသာ နတ်ပြည် ဗိမာန်တခု၌ ဖြစ်ခဲ့ရသည်။ တရားအားထုတ်ရင်း စုတေခဲ့ရသူ ဖြစ်၍ နတ်ပြည်သို့ ရောက်နေရသော်လည်း မိမိနတ်ဖြစ်မှန်းမသိ၊ ရဟန်း အမှတ်သာ ရှိကာ စက္ခုန္ဒြေချ လျက် ရှိနေ၏။

နတ်သမီးများက တူရိယာများ တီးမှုတ်ကြသော်လည်း ဂရုမစိုက်၊ ထိုနတ်သား၏ အခြင်းအရာကို တွေ့ရသော နတ်သမီးများက ရဟန်းဘဝက စုတေလာကြောင်း ရိပ်မိကြ၍ ကိုယ်လုံးပေါ်မှန်ကြီး ထောင်ပြမှ မိမိ အဖြစ်မှန်ကို သိရသော ထိုနတ်သားမှာ လွန်စွာ စိတ်မချမ်းမသာဖြစ်ပြီး လျှင် ဘုရားရှင်ထံ သွားရောက်လျက် နတ်သမီးတွေနှင့် ရှုပ်ပွေဆူညံသော မြေဘုတ်ဘီလူးမများ မှီခိုရာ ကာမဂုဏ်ဖြင့် အငမ့်တိုက်ရာ နန္ဒဝန်ဥယျာဉ်ကို ဘယ်လို လွန်မြောက်ရ ပါမည်နည်းဟု လျှောက်၏။ မဂ္ဂင်ရှစ်ပါး ရယာဉ်ဥပမာဖြင့် ဟောကြားသောအခါ သောတာပန် ဖြစ်ခဲ့၏။ ဤ၌ မြတ်စွာဘုရားသည် အရဟတ္တဖိုလ် ပေါက်ရောက် နိုင်လောက်အောင် တရားကို ဟောပါလျက် သောတာပန်မျှဖြစ်ရသည်မှာ သူ၏သောတာပန် ဖြစ်ရုံမျှ ဥပနိဿယ ရှိသောကြောင့် ဖြစ်ကြောင်း သဂါထာဝဂ္ဂ ဒေဝတာ သံယုတ် အဋ္ဌကထာ၌ မိန့်ဆိုသည်။ (သံ-ဋ္ဌ-၁၊ ၈၁)

ဝါဒအမျိုးမျိုး။ ။သောတာပန် သုံးမျိုး ကွဲပြားရာ၌ ထိုသို့ကွဲပြားရန် ဘယ်တရားက အတည်ပြုသတ်မှတ်ပေးသည်ကို ဆရာတို့ အယူအဆကွဲပုံ ပုဂ္ဂလပညတ် အဋ္ဌကထာ(၄၇)၌ ဆို၏။ အချို့က ထိုသို့ သတ်မှတ်ပေးသော အရာမှာ ပုဗ္ဗဟေတု (=ရှေးကံအကြောင်း) ဟုရင်း, အချို့က ပဌမမဂ်, အချို့က အထက်မဂ် သုံးပါး, အချို့ကမူ အထက်မဂ် သုံးပါး၏ဝိပဿနာဟုရင်း ဆိုကြ၏။ ထိုတွင် အထက်မဂ်သုံးပါး၏ ဝိပဿနာက သတ်မှတ်ပေးသည် ဟူသော နောက်ဆုံး အယူအဆသာ သင့်မြတ်ကြောင်း အတည်ပြု၏၊ အထက်မဂ်သုံးပါး၏ ဝိပဿနာ အား ကောင်းလျှင် ကောဠံကောလဖြစ်ရ၏၊ ထို့ထက် ညံ့လျှင် ကောလံကောလ, ထို့ထက်ပင် ညံ့သူမှာ သတ္တက္ခတ္တုပရမတည်း။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၌ကား ထိုသောတာပန်သုံးမျိုး၏ ဣန္ဒြေထက်မှု ညံ့မှုမှာ ပုဗ္ဗဟေတု=

ဓမ္မအကြောင်းကိုက သတ်မှတ်ပေးကြောင်းဆိုသည်။ ဆိုခဲ့ပြီး ပဌမဆရာ၏ အယူအဆနှင့် တူမျှသည်။

ကျေနပ်ခြင်း။ ။ထို့ပြင် အထက်မဂ်ရဖို့ အားမထုတ်လိုတော့ပဲ သောတာပန်ဖြစ်ရုံနှင့် ကျေနပ်နေခြင်း သည်လည်း အကြောင်းတရပ်ဖြစ်ဖို့ရှိ၏။ အချို့ ဤဘဝပင် အရဟတ္တမဂ်ရမည် ကေန်ဖြစ်လျက် ရုတ်တရက် မရသေးသော ပုဂ္ဂိုလ်များ၌ အခြား အကြောင်းများ ရှိတတ်သေးသော်လည်း ဤ အကြောင်းလည်း ဖြစ်တတ်၏။ အရှင်အာနန္ဒာမထေရ်သည် ပုဏ္ဏမထေရ်၏တရားဖြင့် သောတာပန်ဖြစ်ပြီးနောက် ဘုရားရှင်ပရိနိဗ္ဗာန်စံသည်အထိ ရဟန္တာမဖြစ်။ ဤသို့ဖြစ်ရခြင်းမှာ သောတာပန်အဖြစ်နှင့် ကျေနပ်လျက် တရားအထူး အားမထုတ်သောကြောင့် လော-ဟုလည်း တွေးတောဖွယ်ရာ ဖြစ်ရသည်။ တရားအားထုတ်ရေးထက် ဓမ္မဗဟုသုတအတွက် အလေးပေး ကြိုးစားနေသောကြောင့် လော-ဟု စဉ်းစားဖွယ်ရာပင်။ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး မိမိမှာ သေက္ခသာဖြစ်၍ ကိစ္စမပြီးသေးသည်ကို တွေးတော ပူပန်ငိုကြွေးနေသော အရှင်မြတ်ကို ဘုရားရှင်က "ကတပုညောသိ တွံ အာနန္ဒ၊ ပဓာနမနုယုဉ္ဇ၊ ခိပ္ပံ ဟောဟိသိ အနာသဝေါ = အာနန္ဒာ....သင်ကား ကောင်းမှုရှိသူ တဦးဖြစ်၏၊ ကမ္မဋ္ဌာန်းကို အားထုတ်လေ၊ မကြာမီ ရဟန္တာဖြစ်လိမ့်မည်" ဟု အားပေးစကား မိန့်ကြားတော်မူသည်။ နောင် ပဌမသံဂါယနာတင်ခါနီး တကယ်အားထုတ်သောအခါ လွယ်ကူစွာ ရဟန္တာဖြစ်ရလေတော့သည်။ (ဒီ-၂-၁၁၉)

ရဟန္တာအဖြစ်။ ။ပုထုဇဉ်၏သံသရာကား အဆုံးမရှိ၊ ဘယ်သောအခါ ဆုံးမည်ဟုလည်း အကန့်သတ် မရှိ၊ သံသရာရှည်သည်နှင့် အမျှ အပါယ်ဘေးဒုက္ခ၊ ဇာတိ ဇရာ မရဏ စသော ဒုက္ခများကို ကြီးမားများပြားစွာ ခံရဦးတော့မည်။ သို့ဖြစ်၍ ခုနစ်ဘဝမျှနှင့် သံသရာဒုက္ခ လက်စသိမ်းကာ အငြိမ်းကြီး ငြိမ်းရမည့် ဤအညံ့ဆုံး သောတာပန်၏ဂုဏ်ပင် မည်မျှ နှစ်သက်အားရဖွယ် ဖြစ်သည်မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် နှစ်သက်ဖွယ် ဂုဏ်ရှင် သောတာပန်မှာ ရတနာဖြစ်ရပေသည်။

သောတာပန်၏ထူးခြားပုံ။ ။ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ၊ ကမ္ဘာ့တခွင် မြေတပြင်လုံး၌။ ဧကရဇ္ဇေန ဝါ၊ တဦးတည်း အရှင် ဘုရင်ကေဆုတ် ဖြစ်ရသည်ထက်ငင်း။ သဂ္ဂဿ၊ ချမ်းသာရိပ်ငြိမ် စည်းစိမ်တွေစုံ နတ်တို့ဘုံသို့။ ဂမနေန ဝါ၊ ကုသိုလ်ဖန်၍ ဗိမာန်အသင့် ဘုံအသင့်ဖြင့် ဂုဏ်မြင့် ဖြိုးမောက် ရောက်ရသည်ထက်ငင်း။ သဗ္ဗလောကာဓိပစ္စေန ဝါ၊ တလောကလုံး သိမ်းကျုံးလွှမ်းမိုး အစိုးရသည်ထက် ငင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိ မည်ရှိထူးခြား ဖိုလ်တရားသည်။ ဝရံ၊ ဂုဏ်အရည်ဖြင့် မမှီနိုင်တမ်း အလျှမ်းဝေးကွာ ထူးမြတ်လှပါပေ သတည်း။ (ဓမ္မပဒ-၄၀)

---

(၃၇) သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

(၃၇) အဿ၊ ထို သောတာပန် ပုဂ္ဂိုလ်မြတ်သည်။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိမဂ်ဉာဏ်၏ ပြည့်စုံခြင်းနှင့်။သဟာဝ၊ အတူမကွာ တပြိုင်နက် သာလျှင်။ သက္ကာယဒိဋ္ဌိ စ၊ သက္ကာယဒိဋ္ဌိငင်း။ ဝိစိကိစ္ဆိတဉ္စ၊ ဝိစိကိစ္ဆာ ငင်း။ သီလဗ္ဗတံ ဝါပိ၊ သီလဗ္ဗတငင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါး ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဇဟိတာ၊ အရှင်းအပြတ် ပယ်ရှားအပ် ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ အချို့သော။ ယံ၊ အကြင် ကိလေ သာသည်။ အတ္ထိ၊ ရှိ၏။ (တမို့၊ထိုကိလေသာအချို့ကိုလည်း။ ဇဟိတံ၊ ပယ် အပ်ပေပြီ။)

(၃၈) စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆ စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၈) သော၊ ထိုသောတာပန် ပုဂ္ဂိုလ်မြတ်သည်။ စတူဟပါယေဟိ စ၊ အပါယ်လေးဘုံတို့မှလည်း။ ဝိပ္ပမုတ္တော၊ လွတ်မြောက်ရပေပြီ။ ဆ၊ ခြောက်ပါးကုန်သော။ အဘိဌာနာနိ စ၊ ရှန့်ရင်းသော အကြောင်းစု အမှုအပြစ်တို့ကိုလည်း။ ကာတုံ၊ ပြုခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပေ။ သံဃေ၊ သောတာပန်သံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာ ပါစေသတည်း။

စကားပြေ–သောတာပန် ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့် တပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သီလဗ္ဗတ-တရားသုံးပါးနှင့် အချို့ ကိလေသာများကို ပယ်ရှား အပ်ပြီး ဖြစ်သည်။ ထိုသောတာပန် ပုဂ္ဂိုလ်မြတ်သည် အပါယ် လေးဘုံတို့မှလည်း လွတ်မြောက်ရပေပြီ။ အဘိဌာန်ခြောက်ပါး ရှန့်ရင်း သော အကြောင်းစု အမှုအပြစ်ကိုလည်း ပြုခြင်းငှါ မထိုက် တော့ပေ။ သောတာပန်သံဃာ၌ ရတနာ၏အဖြစ် ဤနှစ်သက်ဖွယ် ဂုဏ်ရည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

သောတာပန် ဂုဏ်တမျိုး။ ။"သဟာဝသာ" စသည်လည်း သောတာ ပန်၏ဂုဏ်ရည်ပင်။ သံသရာ၌ ခုနစ်ဘဝ ကျင်လည်ရစေကာမူ မည်သည့် ကိလေသာဘဝကိုမျှ မပယ်နိုင်ကြသေး သော ပုထုဇဉ်တို့နှင့်မတူ တမူ ထူးခြားသော ဂုဏ်အားဖြင့် ချီးကျူးကာ သစ္စာပြုဟန် ပြတော်မူခြင်းဖြစ်သည်။

သဒ္ဒါအရ ရှင်းလင်းချက်။ ။["ပဥ္စမံ နိဗ္ဗာနံ ပဿတိတိ ဒဿနံ "=ရှေးဦးစွာ နိဗ္ဗာန်ကို မြင်တတ်သောကြောင့် ဒဿနမည်၏။ သောတာပတ္တိမဂ်

တည်း။ ဂေါတြဘုသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သော်လည်း ကိလေသာပယ်မှုကိစ္စ မပြီးသေးသောကြောင့် ဒဿန မဆိုရ၊ လောက၌ မိမိတွေ့လိုသူကို မြင်ရသော်လည်း ကိစ္စမပြီးသေးလျှင် မတွေ့ဟု ဆိုသော အစဉ်အလာရှိ၏၊ မင်းထံ ကိစ္စရှိ၍ သွားသူသည် မင်းကို မြင်ရစေကာမူ မိမိကိစ္စ မပြောရသေးလျှင် မတွေ့ဟု ဆိုဘိသကဲ့သို့မှတ်။ ထို့ကြောင့် ကိလေသာ ပယ်မှုကိစ္စ ပြုခြင်းဖြင့် ရှေးဦးစွာ နိဗ္ဗာန်ကို တွေ့ရသော သောတာပတ္တိ မဂ်ကိုသာ ဒဿန ဆိုရသည်။ ထိုသောတာပတ္တိမဂ်၏ မိမိစိတ်အစဉ်၌ ဖြစ်ပေါ်လာခြင်းကို ဒဿနသမ္ပဒါဟု ဆိုသည်။

တဿာယ-၌ အဿ-ကား " ဣဒ္ဓသု မေ သာရိပုတ္တ မဟာဝိကဋ္ဌဘောဇနသ္မိံ ဟောတိ"၌ ကဲ့သို့ ပဒပူရဏနိပါတ်ဖြစ်၍ အနက်မရှိ။ "သန္တော ကာယော သက္ကာယော"။ သန္တော၊ ÷ထင်ရှားရှိသော။ ကာယော၊ ဥပါဒါနက္ခန္ဓာအပေါင်းဟူသော ကာယတည်း။ သက္ကာယော၊ ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာအပေါင်းဟူသောကာယ။ ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာဟူသော စကားဖြင့် ထင်ရှားမရှိသော အတ္တကို တားမြစ်၏။ ဒိဋ္ဌိဖြင့် စွဲယူအပ်သော အတ္တကား မရှိ။ ထိုဒိဋ္ဌိ၏ စွဲယူရာ ဥပါဒါနက္ခန္ဓာသာ ထင်ရှားရှိ၏။ ထို့ကြောင့် 'သန္တော ကာယော' ဖြင့် အတ္တ၏ ထင်ရှားမရှိခြင်းကိုင်း, ရုပ်စသော သဘာဝ ဓမ္မများသာ ထင်ရှားရှိသည်၏ အဖြစ်ကိုင်း သိစေသည်။ ဒိဋ္ဌိ အာရုံ မပြုနိုင်သော လောကုတ္တရာများကား ဒိဋ္ဌိ၏စွဲရာ မဟုတ်သောကြောင့် လောကုတ္တရာတို့ကို ဒိဋ္ဌိတားမြစ်ရန် အတွက် သန္တကာယဟု ဝိသေသန 'မ' ရန် မလို။ ထို့ကြောင့် သက္ကာယ အရ ဒိဋ္ဌိ၏စွဲရာ ဥပါဒါနက္ခန္ဓာသာ ရသည်ဟု သိ။ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ=ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာအပေါင်းဟူသော ကာယ၌ မှားသော အမြင်အယူ ဟူသောဒိဋ္ဌိ။

တနည်း ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ။ ။ကာယေ၊ ဥပါဒါနက္ခန္ဓာအပေါင်းဟူသော ကာယ၌။ ဒိဋ္ဌိ၊ မှားသော အမြင် အယူဟူသော ဒိဋ္ဌိတည်း။ ကာယဒိဋ္ဌိ၊ဥပါဒါနက္ခန္ဓာ အပေါင်းဟူသော ကာယ၌ ဖြစ်သော မှားသောအမြင် အယူ ဟူသော ဒိဋ္ဌိ။ ဥပါဒါနက္ခန္ဓာ၌ အတ္တဟု ယူမှားသော အယူတည်း။ အတ္တက ထင်ရှားမရှိသော်လည်း အတ္တဟု အမှားမြင်သော အယူမှားကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘာဝတရားပင်။

ထို့ကြောင့် "သတိ၊ ထင်ရှားရှိသော။ ကာယဒိဋ္ဌိ၊ခန္ဓာ၌ အတ္တဟု ယူမှားသော အယူတည်း" ဟု တနည်းပြု၏။ထိုသက္ကာယဒိဋ္ဌိကား ရုပ်ကို အတ္တဟုရင်း, ရုပ်ရှိသော

အတ္တာဟုရင်း, ရုပ်၌ အတ္တာဟုရင်း, အတ္တာ၌ ရုပ်ဟုရင်း ရှုခြင်းဖြင့် ရုပ်၌ လေးမျိုး ပြားသကဲ့သို့ ဝေဒနာ စသည်၌လည်း လေးမျိုးစီပြား၍ နှစ်ဆယ်ဖြစ်သည်။

ကိလေသာအနာကို ပျောက်ငြိမ်း စေတတ်သောကြောင့် ပညာကို စိကိစ္ဆိတ (=ကုသမှု)ဟုဆို၏။ထိုပညာဟူသော ကုသမှုမှကင်းသောတရားကား ဝိစိကိစ္ဆာတည်း။ ပညာကင်း၍ ဆုံးဖြတ်ခြင်းမပြုနိုင်ပဲ ယုံမှားနေခြင်းတည်း။ဘုရား၌ ယုံမှားခြင်းစသော ယုံမှားခြင်းတို့ကိုယူ။ "စိကိစ္ဆိတံ ဧတ္ထဘော ဝိဂတံ စိကိစ္ဆိတာ ဝါ ဧတ္ထဒံ ဝိဂတန္တိ ဝိစိ-ကိစ္ဆိတံ" ။ စိကိစ္ဆိတံ၊ ပညာ ဟူသော ကုသမှုသည်။ ဧတ္ထဘော၊ ဤတရားမှ။ ဝိဂတံ၊ ကင်းသည်တည်း။ ဝါ၊ သို့မဟုတ်။ ဧတ္ထဒံ၊ ဤတရားကား။ စိကိစ္ဆိတာ၊ ပညာဟူသော ကုသမှုမှ။ ဝိဂတံ၊ ကင်းသည်တည်း။ဣတိ၊ ထို့ကြောင့်။ ဝိစိကိစ္ဆိတံ၊ ဝိစိကိစ္ဆိတ မည်၏။ မိမိမှ ပညာကင်း၍ မိမိကလည်း ပညာမှကင်းသည်။ ပညာနှင့် လုံးဝ မစပ်မယှဉ်ဟု ဆိုလိုသည်။

ကိလေသာ စင်ကြယ်ကြောင်းဟု သာသနာပ တိတ္ထိတို့ယူဆသော နွား ခွေး စသည်တို့၏ အလေ့အကျင့်သည် သီလဗ္ဗတ မည်၏။ သီလဉ္စ ဝတဉ္စ သီလဗ္ဗတံ။ နွား စသည်တို့ကဲ့သို့ ကျင့်ရန် ဆောက်တည်ခြင်းသည် သီလ,ထိုဆောက်တည်ချက်အရ နွားလို လမ်းလျှောက်ရင်း စားခြင်း စသည်ကို ဝတဟု ဆိုသည်။

တနည်းအားဖြင့် မလွန်ကျူးအပ်သည်၏ အဖြစ်ကို သီလဆို၍ထိုသီလအရ မှီဝဲသည်၏ အစွမ်းဖြင့် အမြဲကျင့်အပ်သည်၏ အဖြစ်ကို ဝတ ဆို၏၊ နွားလိုအကျင့်ကို လက်ခံထားသည်ဆိုလျှင် ထိုသူ၌ ထိုအကျင့်ကို မလွန်ကျူးရမည့် သဘောရှိနေ၏။ထိုသဘောအရပင် နွားအကျင့်မှ မလွဲမရှောင်ပဲ နွားအတိုင်း ကျင့်နေခြင်းဖြစ်သည်။ဤ၌ အလေ့ အကျင့်ဆိုသော်လည်း ထိုအလေ့အကျင့်ကို စင်ကြယ်ကြောင်းဟု ယူမှားသော ဒိဋ္ဌိကိုသာ မဂ်က ပယ်ခြင်းဖြစ်၏။သို့သော် ဒိဋ္ဌိကိုပယ်လျှင် ထိုဒိဋ္ဌိအရဖြစ်သော အကျင့်များကိုလည်း ပယ်သည်ဟုပင် ဆိုရတော့သည်။ သီလဗ္ဗတပရာမာသဆိုလို လျက် ပရာမာသ ကျေသည်ဟုသော်လည်းကြံ။

"ယဒတ္ထိ ကိဉ္စိ"ကို ယံ+အတ္ထိ ကိဉ္စိဖြတ်၊ ဆိုခဲ့ပြီး တရားသုံးပါးမှ တပါး အခြားပယ် အပ်သော ကိလေသာစုကိုယူ။

သက္ကာယဒိဋ္ဌိ။ ❀ ရုပ်နာမ်တို့ကို မမြင်သော သာမန် ပုထုဇဉ်တို့၌ ဤ ခန္ဓာကို တသားတည်း တလုံး တခဲတည်းကဲ့သို့ ထင်နေ မြင်နေ၏။ထိုကဲ့သို့ တလုံးတသားတည်း မြင်သော အမြင်သည်ပင်

အတ္တစွဲဖို့ အကြောင်းဖြစ်၏၊ အထူးသဖြင့် ဝိညာဉ် သို့မဟုတ် နာမ်ကို တခုတည်းကဲ့သို့ မြင်နေသူမှာ အတ္တစွဲဖို့ သေချာနေတော့၏။ ခန္ဓာကိုယ်၏ ဗျာပါရတို့သည် အလွန်ဆန်းကြယ်ကုန်၏။ စိတ်ကလွတ်ပေးလိုက်သည်နှင့် စိတ်၏ အလိုအတိုင်း စိတ္တဇရုပ်များဖြစ်ကာ လှုပ်ရှားပြုမူ နေပုံများမှာ လွန်စွာဆန်းလှ၏။ ထိုအချက်များအရပင် စိတ်ကို မပျက်စီးပဲ အမြဲ တည်နေသော တခုတည်းသော အသက်, လိပ်ပြာ, ဝိညာဉ်ကောင်ဟု စွဲလမ်းသုံးနှုန်းကြ၏။ ထို့ကြောင့်ပင် ရုပ်ကြီးမှာ ပျက်စီး၏၊ ဝိညာဉ်မှာ မပျက်စီး၊ တဘဝပြောင်းကာ ခန္ဓာအသစ်၌ ဖြစ်၏ဟု စွဲလမ်း၏၊ ထိုအစွဲ အလမ်းမျိုးမှာ ဘုရားလက်ထက်က သာတိရဟန်းပင် "တဒေဝ ဝိညာဏံ သန္ဓာဝတိ သံသရတိ၊ နာညံ=ထိုဝိညာဉ်သာ ပြေးသွား ပြောင်းရွှေ့ တတ်၏၊ တခြားမဟုတ်" ဟု စွဲလမ်းသည်ကို တွေ့ရ၏။ (မ၊၁။၃၂၃။)

ထိုသို့ နာမ်ဓာတ်၏ နှိုးပေးချက်အရ ဖြစ်လာရသော ခန္ဓာ၏ဗျာပါရ များကို စဉ်းစားမိကြသော တက္ကီပုဂ္ဂိုလ်တို့သည် ဤခန္ဓာကိုယ်ထဲ၌ ခန္ဓာ ကိုယ်ကြီးကို လိုသလို စီမံခြယ်လှယ်နေသော အာဏာရှင် အတ္တရှိ၏ဟု ယူဆပြီးလျှင် ၎င်းကို မပျက်မစီး အမြဲတည်ရှိနေသော အနှစ်သာရအဖြစ် ကြံဆလျက် ၎င်း၏သတ္တိပုံဟန်ကိုလည်း အမျိုးမျိုးကြံဖန် ပြောဆိုကြ၏။ ပုဆိန်ဖြင့် ပေါက်သည် ဆိုရာ၌ ပေါက်မှုကို ပုဂ္ဂိုလ်ကတ္တားက ပြီးစေသကဲ့ သို့ မျက်စိဖြင့် အဆင်းကို မြင်ရာ, နားဖြင့် အသံကို ကြားရာ စသည်၌ မြင်ခြင်း, ကြားခြင်း အမှုကို အတ္တက ပြီးစေသည်ဟု ကာရကသဘော ကိုလည်း ကြံကြ၏။ သုခ ဒုက္ခဖြစ်သောအခါ ဝေဒနာ၏သဘော ထင် ရှား၏။ ထိုသုခကို ခံစားခြင်း, ဒုက္ခကို ခံစားခြင်း ကိုလည်း အတ္တ၏ သတ္တိအဖြစ်ယူကာ အတ္တက ခံစားသည်ဟု အတ္တ၏ ဝေဒက သဘောကို လည်း ကြံကြပြန်၏။ ခန္ဓာကိုယ်သည် အတ္တ၏ အလိုအတိုင်း လိုက်ပြုနေရ သည်ဖြစ်၍ ခန္ဓာအိမ်၏အရှင်လည်းဖြစ်၏၊ မိမိက ခန္ဓာ၏အလိုသို့ မလိုက် ခန္ဓာကသာ မိမိအလိုအတိုင်း ဖြစ်နေရသည်၊ ဤသို့ သာမိ (=အရှင်), သယံဝသိ (=မိမိအလိုအတိုင်း စိုးပိုင်သူ) အဖြစ်ကိုလည်း ကြံကြ၏။ အတ္တသည် ခန္ဓာအိမ်၌ အမြဲနေတတ်၏၊ ခန္ဓာပျက်စီးသော်လည်း ယင်း

(အတ္တ) ကား မပျက်စီး၊ ခန္ဓာအသစ်ရှာ၍ တည်မြဲဖြစ်၏။ ဤသို့ နိဝါသိ (=အမြဲနေသူ)အဖြစ်ကိုလည်း ကြံကြ၏။ ထိုသို့ ခန္ဓာကိုယ်ကို လိုသလို ပြုနိုင်သော အရှင်ဖြစ်၍ပင် အဓိဋ္ဌာယက(=ခန္ဓာကို စီမံတတ်သူ) အဖြစ် လည်း ကြံကြ၏။

ရုပ် နာမ်ကို မြင်ရသောအခါသာ ဤအတ္တစွဲ ကွာရတော့သည်၊ အထူး သဖြင့် ရုပ်နာမ်အဖြစ်အပျက်ကိုမြင်၍ တသားတည်းအဖြစ် ပျောက်ကာ လျှင်မြန်စွာ ဖြစ်ပျက်နေဟန်ကို သိရသောအခါ အတ္တဟူသည်မှာ လုံးဝ ရှာမရတော့ပေ။ သို့ဖြစ်၍ ဝိပဿနာဉာဏ်ကပင် အတ္တကို ပယ်နိုင်သည် ဟု ဆိုလို၏။

သို့သော် တဒင်္ဂမျှသာ၊ နောင် လုံးဝဖြစ်ပေါ် မလာနိုင်အောင် အမြီး သတ် အမြစ်ပြတ်အောင်ကား မပယ်နိုင်သေး၊ မဂ်ကသာ အကြွင်းမဲ့ ပြတ်တောက် ပယ်ရှားနိုင်၍ ဇဟိဘာအရ သမုစ္ဆေဒပဟာန (=လုံးဝပြတ် အောင်ပယ်ခြင်း)ကိုသာ ယူရတော့သည်။

ဝိစိကိစ္ဆာ။ ။သံသယဟူသည် မကြုံရသူ၌သာ ဖြစ်မြဲတည်း။ မဂ်ဖိုလ် နိဗ္ဗာန်ကိုရပြီး တွေ့ပြီး ပုဂ္ဂိုလ်မှာ ဓမ္မ၌ ဘယ်မှာ သံသယ ဖြစ်ပါတော့အံ့နည်း၊ ဓမ္မကို ရှင်းလင်းပြီးဖြစ်လျှင် ထိုဓမ္မဖြင့် ဂုဏ်ဖော် ရသော ဗုဒ္ဓ၌ရင်း, ထိုဓမ္မရှိသော သံဃာ၌ရင်း ယုံမှားဖွယ်မရှိတော့ပေ၊ ဓမ္မသဘာဝတို့၏ အစဉ်မပြတ် ဖြစ်ပျက်နေဟန်ကို အဖန်ဖန် တွေ့မြင်ရသော အခါ ရှေးကလည်း ဤသို့ပင် ဖြစ်ဘူးပြီ, နောင်လည်း ဤသို့ပင် ဖြစ် လတ္တံ့ ဟု သဘောပေါက်နေပြီး ဖြစ်ရာ သံသရာ၏ ရှေ့အဖို့ ပုဗ္ဗန္တ, နောက် အဖို့ အပရန္တ, ရှေ့နောက်အဖို့နှစ်ပါး ပုဗ္ဗန္တာပရန္တတို့၌လည်း သံသယ မရှိတော့ပြီ။ ရုပ်နာမ်တို့၏ဆိုင်ရာ အကြောင်းများကို စွဲ၍ ဖြစ်ဖြစ် လာ ရဟန်ကို တွေ့နေရ၍ ပဋိစ္စသမုပ္ပါဒ်သဘောကိုလည်း ပိုင်ပြီးဖြစ်၏။ ထို့ကြောင့် ဝိစိကိစ္ဆာကို ပယ်ခဲ့ပြီးဖြစ်ကြောင်း ဟောတော်မူသည်။

သီလဗ္ဗတ။ ။နွား,ခွေး စသည်တို့၏ အလေ့အကျင့်မျိုးကို လိုလားခြင်း, နှစ်သက်ခြင်း, ကျင့်ကြံခြင်းများမှာ အမှန်တရားကို ထင်

ရှား မသိသူ များ၌သာ ဖြစ်မြဲတည်း။ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော တကယ့် စင်ကြယ်ခြင်း ဝိသုဒ္ဓိကို တွေ့ပြီးဖြစ်ရာ ဤ့ထက် ပို၍စင်ကြယ်သော တရားမရှိဟု အကြွင်းမဲ့ အတည်ပြု ယုံကြည်ပြီးဖြစ်သော သောတာပန်မှာ သာသနာပ ဗာဟိရတို့၏ သံသရာ စင်ကြယ်ကြောင်း အလေ့အကျင့် ဆိုသည်တို့ကို အဘယ်မှာ လက်ခံနိုင်ပါတော့အံ့နည်း။

ယဒတ္ထိ ကိဉ္စိ။ ။[ပဋိတ်ငှိကာက ယဒတ္ထိ ကိဉ္စိ-ကို ယံ+အတ္ထိ ကိဉ္စိ· ဖြတ်၍ "ကိဉ္စိ၊ အနည်းငယ်သော၊ ယံ ကိလေသဇာတံ၊ အကြင်ကိလေသာ အပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထိုကိလေသာအပေါင်းကိုလည်း။ ဇဟိတံ၊ စွန့်အပ်ပြီ" ဟု အနက်ဆို၏။ ဆရာမြတ်တို့ကား ယဒိ + အတ္ထိ ကိဉ္စိ-ဟု ဖြတ်၍ "ကိဉ္စိ၊ စိုးစဉ်းမျှ သော ကိလေသာသည်။ ယဒိ အတ္ထိ၊ အကယ်၍ ကား ရှိသေး၏။ တထာပိ၊ ထိုသို့ ရှိသေးသော်လည်း" ဟုဆို၍"စတူဟပါယေဟိ စ ဝိပ္ပမုတ္တော"ဖြင့် ဆက်စပ် ယှဉ်ပေးတော်မူခဲ့၏။

"ဤဒါနိ ဇဟိတဓမ္မဒဿနတ္ထမာဟ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ သီလဗ္ဗတံ ဝါပိ၊ ယဒတ္ထိ ကိဉ္စိတိ" ဟု အနုသန္ဓေပြသော အဋ္ဌကထာအလို၌ ယဒတ္ထိ ကိဉ္စိမှာ ဇဟိတာ အဝန္တ့ အရ ဇဟိတဓမ္မ (=စွန့်အပ်သောတရား)ပင် ဖြစ်သည်မှာ သိသာ၏။ ယဒတ္ထိ ကိဉ္စိ နှင့်စပ်၍ အဋ္ဌကထာဖွင့်ပုံကို ရှုအပ်သေး၏။ သက္ကာယဒိဋ္ဌိသည် ဒိဋ္ဌိမှန်သမျှတို့၏ အရင်းခံဖြစ်၍ သက္ကာယဒိဋ္ဌိကိုပယ်လျှင် အခြားဒိဋ္ဌိမှန်သမျှ ပယ်ပြီး ဖြစ်ကြောင်း ဝိစိ-ကိစ္ဆာကား ဘုရား၌ ယုံမှားခြင်းစသော ယုံမှားခြင်း ရှစ်မျိုးဖြစ်ရာ ထိုယုံမှားခြင်းမှာ မူလအခြေခံ ဖြစ်၍ ယင်းကို ပယ်ခြင်းဖြင့် အခြား ယုံမှားခြင်းမှန်သမျှ ပယ်ပြီးဖြစ်ကြောင်း သီလဗ္ဗတသည် အလေ့အကျင့်ဟူသမျှ တို့၏ မူလဖြစ်၍ ၎င်းကိုပယ်လျှင် အခြား နဂ္ဂိယ(=အဝတ်မဝတ်သည်၏အဖြစ်),မုဏ္ဍိယ(=ခေါင်းတုံးသည်၏အဖြစ်) စသော အမရတပ (=မသေကြောင်းဟု ယူဆကျင့်သော အကျင့်မျိုး)မှန်သမျှကို ပယ်ပြီးဖြစ်ကြောင်း မိန့်၏။ ထို့ကြောင့် ထိုသုံးပါးအဆုံး၌ ယဒတ္ထိ ကိဉ္စိဟု ဟော ကြောင်း ဖွင့်၏။ ဆိုလိုသည်မှာ သက္ကာယဒိဋ္ဌိမှတပါး ဒိဋ္ဌိမှန်သမျှ ဝိစိကိစ္ဆာအရ ယုံမှားခြင်း ရှစ်ပါးမှတပါး ယုံမှားမှုမှန်သမျှ,သီလဗ္ဗတမှတပါး အလေ့အကျင့်မျိုးမှန်သမျှပယ်ရာတွင် ပါဝင်စေဖို့ ယဒတ္ထိ ကိဉ္စိ-ဖြင့် သိမ်းလိုက်ရသည်။

သောတာပန်၌ ဤသုံးမျိုးအပြင် အပါယဂမနီယ (=အပါယ်လားကြောင်း ဖြစ်သော ရာဂ ဒေါသ မောဟများနှင့် ဣဿာ မစ္ဆရိယ စသော အချို့ကိလေသာ

လည်း ပယ်ပြီးဖြစ်ရာ ထိုကိလေသာများကိုပါ သိမ်းယူလို၍ ယဒတ္ထိ ကိဉ္စိဆိုသည်ဟု ယူသော် ပြည့်စုံရာ၏။ ထို့ကြောင့် "ကိဉ္စိ၊ အချို့သော။ ယံ၊ အကြင်ကိလေသာစုသည်။ အတ္ထိ၊ ရှိ၏။ တံ စ၊ ထိုကိလေသာအချို့ကိုလည်း။ ဇဟိတံ၊ စွန့်အပ်ပေပြီ" ဟု ပေးခဲ့သည်။ (အံ၊၂၊၃၇၂ပဟီနသုတ်၊အဘဗ္ဗသုတ်တို့ ကြည့်ပါ။)

အချို့က 'သီလဗ္ဗတံ ဝါပိကို၊ 'ယဒတ္ထိ ကိဉ္စိ'နှင့်တွဲ၍ "ယံ ကိဉ္စိ၊ အလုံးစုံသော။ သီလဗ္ဗတံ ဝါပိ၊ အလေ့အကျင့်သည်လည်း။ အတ္ထိ၊ ရှိ၏။ တံ စ၊ ထိုအလေ့အကျင့် မှန်သမျှရင်း။တယော ဓမ္မာ ဇဟိတာ ဘဝန္တိ"ဟုလည်း တမျိုးပေးလိုကြသေးသည်။

ဆိုဖွယ်ရှိသေး၏၊ ယဒတ္ထိ ကိဉ္စိ-ဖြင့် ဒိဋ္ဌိယုံမှား၊အလေ့အကျင့်အစားစား၊အကုန်ယူရန် ဖွင့်ခဲ့သော အဋ္ဌကထာအရဆိုလျှင် "သက္ကာယဒိဋ္ဌိ၊ရင်း။ ဝိစိကိစ္ဆိတဉ္စ၊ရင်း။ သီလဗ္ဗတံ ဝါပိ၊ ရင်း။ ကိဉ္စိ၊ တစုံတခုသော။ ယံ၊ အကြင်အယူ၊ယုံမှား၊အလေ့အကျင့်သည်။အတ္ထိ၊ ရှိ၏။တံ စ၊ထိုအယူ၊ယုံမှား၊အလေ့ကျင့်ရင်း။တယော၊ သုံးမျိုးသုံးစား ဖြစ်ကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့ကို ။ဇဟိတာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ ဖြစ်ကုန်၏" ဟု ပေးက အဋ္ဌကထာဆရာ၏အလို ပို၍ ကျဖွယ်ရှိသည်။]

အပါယ်မှ လွတ်ရပြီ။ ။ကိလေသာဝဋ္ဋ ရှိနေသေးလျှင် သံသရာဒုက္ခခေါ် ဝိပါကဝဋ္ဋကား ရှိမြဲရှိနေဦးမည်ဖြစ်ရာ ကိလေသာတို့မှာ ဒုက္ခဖြစ်ကြောင်းများသာတည်း။ ထိုကိလေသာဝဋ္ဋကို ဖြတ်တောက်နိုင်သူမှ သံသရာဒုက္ခတို့မှ ကင်းလွတ်ရပေတော့သည်။ ထို့ကြောင့်ပင် ကိလေသာဝဋ္ဋ အလုံးစုံကုန်ပြီးသော ရဟန္တာတို့၌ ဝိပါကဝဋ္ဋမှာ နောင်အခါ မဖြစ်ပေါ်ရတော့ပဲ ငြိမ်းစဲခြင်းသို့ ရောက်ရသည်။ သောတာပန်၌ကား ကိလေသာမကုန်သေး၍ ဘဝနှင့် မကင်းရသေးစေကာမူ အပါယ်သို့ လားစေတတ်သော ကိလေသာမှန်သမျှ ကုန်ပြီးဖြစ်၍ ကျန်သော ကိလေသာတို့၌လည်း အပါယ်သို့ ကျစေတတ်သော အစွမ်းသတ္တိမရှိတော့ပြီ။ထို့ကြောင့်ပင် "စတူဟပါယေဟိ ဝိပ္ပမုတ္တော"ဟု ဂုဏ်ပြုခံရခြင်း ဖြစ်သည်။ အပါယဂမနီယ ကိလေသာတွေ ဖြတ်တောက်နိုင်သဖြင့် ရအပ်သော ဂုဏ်ထူးတမျိုး အကျိုးတရပ်ပင်။ အပါယ်လေးပါး မလားရုံသာမက လူ့ဘဝ၌လည်း နိမ့်ကျသိမ်ငယ်သော အမျိုး၌လည်း မဖြစ်ရတော့ပဲ အထက်တန်းကျသော အမျိုးကောင်းတို့၌သာ ဖြစ်ရတော့သည်။

ကလေသာထုထယ်အားကြီးသော ပုထုဇဉ်တို့၌ အပါယ်လေးပါးကား မိမိအိမ်ပမာဖြစ်၏။ ထို့ကြောင့် ကိလေသာအချို့ကို ပယ်နိုင်၍ အပါယ်မှ လွတ်ရသော သောတာပန်တို့၏ဂုဏ်မှာ နှစ်သက်ဖွယ်သာ ဖြစ်ရာ ဂုဏ်ရှင် သောတာပန်မှာ ရတနာအဖြစ် ချီးကျူးအပ်တော့သည်။

အဘိဇ္ဈာန ခြောက်ပါး။　　။ကိလေသာရှိလျှင် ကံဖြစ်မြဲတည်း။ ကံဖြစ်လျှင်လည်း အကျိုးရုပ်နာမ် ဟူသော ဝိပါက ဖြစ်ရမြဲသာတည်း။ သို့ဖြစ်လျှင် ကမ္မဝဋ်ကား ဝိပါကဝဋ်၏ မူလအခြေခံဖြစ်၏။ ဝိပါကဝဋ် ကင်းလွတ်ရေးဝယ် ကမ္မဝဋ်ကို ပယ်ရှားနိုင်မှုဖြစ်၏။ ထို့ကြောင့် သောတာပန်၏ ထိုကမ္မဝဋ် ပယ်ရှားနိုင်ခြင်းကို ဂုဏ်ယူဖွယ် အဖြစ် တင်ပြလိုပြန်၍ "ဆ စာဘိဋ္ဌာနာနိ အဘဗ္ဗ ကာတုံ" ဟု မိန့်တော်မူသည်။

ဌာနကား အကြောင်းဟော။ ဤ၌ အကြောင်းကံကိုပင် ဌာနဆိုသည်။ အကုသိုလ်မှုတို့တွင် သာမန် မှုပြစ်များထက် ကြီးလေးလှသော မှုပြစ်များဖြစ်၍ အဘိ=လွန်ကဲကြီးလေးသော။ ဌာန=အကြောင်းကံများဟု ဆို၏။ ထို့ကြောင့် အဋ္ဌကထာက "ဩဠာရိကဋ္ဌာနာနိ=ရုန့်ရင်းကြမ်းတမ်းသော ဌာနများ" ဟု ဖွင့်၏။

"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော မာတရံ ဇီဝိတာ ဝေါရောပေယျ (=သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ အမိသတ်မှုမှာ ဖြစ်ရိုးအကြောင်းမဟုတ်)" စသည်ဖြင့် ဟောတော်မူသော အရာ၌ ဌာန အဋ္ဌာနအသုံးရ ဤ၌ ဌာနကို အဘိတွဲ၍ အဘိဋ္ဌာနဟု ဆိုခြင်းပင်တည်း၊

ဆိုခဲ့ပြီး ပါဠိအရ အဋ္ဌာနဝိဘင်း စသည်၌ ဟောတော် မူအပ်သော မာတုဃာတ=အမိသတ်ခြင်း, ပိတုဃာတ=အဘသတ်ခြင်း, အရဟန္တ-ဃာတ= ရဟန္တာသတ်ခြင်း, လောဟိတုပ္ပါဒ = ဘုရားအား သွေးထွက်အောင်ပြုခြင်း, သံဃဘေဒ=သံဃာကွဲအောင်ပြုခြင်း, အညသတ္ထာ-

ရှဋ္ဌေသ=ဘုရားမှတပါး အခြားဆရာကို ညွှန်းခြင်းဟူသော ကံတို့ကိုပင် အဘိဋ္ဌာနခြောက်ပါးဆိုသည်။ (ဝိဘင်း-၃၄၉)

ပုထုဇဉ်အဖြစ် ကဲ့ရဲ့ခြင်းသာ။ ။ သောတာပန်ကား ပါဏာတိပါတ စသော ကံငါးပါးကိုပင် မပြုသူဖြစ်၍ ပဉ္စက် ခြပုန်းများကိုပင် သတ်ရိုးမဟုတ်။ ဤကံကြီးများကို ပြုဖို့အရေး ကား ဝေးစွ၊ သို့ပါလျက် အဘိဋ္ဌာနခေါ် ဤကံကြီးများကို မပြုဆိုသည် မှာ ပုထုဇဉ်အဖြစ်ကို ကဲ့ရဲ့ရှုတ်ချလို၍ဖြစ်သည်။ ပုထုဇဉ်အဖြစ်မှာ ကဲ့ရဲ့ ဖွယ်ဖြစ်လျှင် ထိုအဖြစ်မှကျွတ်လွတ်ခဲ့ရသော အရိယာအဖြစ်ကား ချီးမွမ်း ဖွယ်အတိဟု ဂုဏ်တင်ပြီး ဖြစ်တော့သည်။ ပုထုဇဉ် အဖြစ်ကား အလွန် အပြစ်ကြီးလှ၏။ မာတုဃာတစသော အနန္တရိယကံကြီးတို့ကိုပင် ပြုနိုင်၏။ သောတာပန်ကား မင်္ဂဖြင့် ပယ်ပြီးဖြစ်ရာ လွန်စွာသန့်ရှင်း အပြစ်ကင်း သော ဘဝအဖြစ် လိုလားဖွယ်ဖြစ်တော့သည်။

ဤ၌ အဘဗ္ဗကာတုံ(=မပြုထိုက်) ဆိုသဖြင့် အဘယ်အခါမှ ပြုမည့် သူ မဟုတ်တော့ပြီဖြစ်ကြောင်း သိစေ၏။ ထို့ကြောင့် ဘဝတပါး၌ပင် မပြုတော့၊ သောတာပန်သည် နောင် ဘဝတပါး၌ မိမိသောတာပန် အဖြစ်ကို မသိစေကာမူ မဂ်၏နိယာမ (=မပြောင်းမလွဲ တည်မြဲသော) သဘောအရပင် ဆိုခဲ့ပြီး အဘိဋ္ဌာန ခြောက်ပါးတို့ကိုလည်း မပြု။ ပကတိ ပါဏာတိပါတစသော ကံငါးပါးနှင့် အညသတ္ထာရုဒ္ဒေသ- ဟူ သော ဤခြောက်ပါးသော ဌာနတို့ကိုလည်း မပြု။ ဤသို့ ခြောက်ဌာန နှစ်လီ မပြုတော့သည်ကို ရည်၍ အချို့က "ဆ ဆာဘိဋ္ဌာနာနိ" ဟု ဖတ်ကြကြောင်း အဋ္ဌကထာ၌ ဆို၏။

အချို့ ကလေးသူငယ်များမှာ သူ့အသက်ကို သတ်ရန် အလွန်မလိုလား ရှောင်ရှားတတ်ကြ၏။ သူတပါးဥစ္စာကို ခိုးယူရန်လည်း ထို့အတူ မလို လား မပြုလုပ်ကြ၊ စားရန် ငါးသေ ငါးရှင် ရောနေလျှင် ငါးရှင်ကို ဘေးမဲ့လွှတ်၍ ငါးသေကိုသာ ရွေးယူတတ်၏။ အရိယာသာဝကပဲ တွေးယူ ရလောက်အောင် အခြေရှိနေတတ်၏။ ထို့ကြောင့် "မတမစ္ဆဂါပ…ဆ-

ယော စေတ္တ အရိယသာဝကဂါမဒါရကာနံ နိဒဿနံ=ဤအချက်၌ အရိယသာဝက ဖြစ်သော ရွာသားကလေးငယ်များ၏ ငါးသေကိုသာ ရွေးယူခြင်းစသည်မှာ သက်သေဖြစ်သည်''ဟု အဋ္ဌကထာဆိုသည်။

ဆ စာဘိဌာနာနိသာ။ ။[ဆစ္စာဘိဌာနာနိ- ဟု စာမူအားလုံး၌ တညီတည်း ရှိနေ၏။ ဆစ္စာဘိ၌ ဆန္ဒာနုရက္ခဏအတွက် ဒွေဘော်ဟုဆိုရမည်။ ဤ၌ ဒွေဘော်မလာသော်လည်း ဆန်းပျက်သည်ဟု မဆိုရ၊ ဤဂါထာကား ဥပဇာတိ ဂါထာဖြစ်၍ ဆ စာဘိ - ဟု ရှိသော်လည်း ဥပဇာတိပင်။ ထို့ကြောင့် ဒွေဘော်ဆိုသည်မှာ ဆန်းဂိုဏ်းမဖြစ်နိုင် မညီနိုင်သော အရာမှာသာ လာမြဲဖြစ်ရာ ဤ၌ ဒွေဘော်မလာပဲလည်း ဖြစ်နိုင်သောကြောင့် ဒွေဘော်မပါသော ဆ စာဘိဌာနာနိ-ဟူသော ပါဌ်သာ သန့်ရှင်း သင့်မြတ်သည်ဟု ဆိုဖွယ်ရှိသည်။

ဤ၌“စတု ဆ-နောက် ဒွေဘော်ရောက်”အရ ဆ-နောင်ဖြစ်၍ ဒွေဘော်ရောက်ခြင်းမဟုတ်လောဟု ဆိုရန်ရှိပြန်၏။ ဆ-နောက် ဒွေဘော်ရောက်ရမည်ဟု သတ်မှတ်ချက် ရှိသည်မှာ မှန်ပါ၏။ သို့သော် ဆ-နောက် ရောက်သော ထို ဒွေဘော်မှာ ကေပဒဖြစ်သော ဆဗ္ဗဏ္ဏာ, ဆဠ္ဌော·စသော ဝုတ္တိပဒအရာသာ လာရိုးရှိခဲ့ပါသည်။ အချို့သော “ဒသေတ္တ ကာဠိယော ဆစ္စ” (ဇာ၊၂၊၂၈၄) စသော ဆန္ဒာနုရက္ခဏဌာနမှလွဲ၍ ပါဠိ၌ နာနာပဒအရာ ဝါကျမှာ ဒွေဘာဝဌာနအဖြစ် သက်ရောက်သည်ကို မတွေ့ရပါ။

ထို့ပြင် ဆိုဖွယ် ရှိပါသေး၏။ အဋ္ဌကထာလာ ပါဌ်နှုတ္တရ၌“ဆစ္ဆာဘိဌာနာနိ” ဟု မရှိပဲ“ဆ ဆာဘိဌာနာနိ”ဟု ရှိနေခြင်းမှာလည်း ညှိနှိုင်းစဉ်းစားဖွယ် တရပ်ပင် ဖြစ်ပါသည်။]

---

(၃၉) ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃၉) ယော၊ ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည်။ ကာယေန ဝါ၊ ကိုယ်ဖြင့်သော်ရင်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်သော်ရင်း။ ဥဒ၊ ထို့ပြင်။ စေတသာ ဝါ၊ စိတ်ဖြင့်သော်ရင်း။ ပါပကံ ကမ္မံ၊ မကောင်းသောပြစ်မှုကို။ ကိဉ္စာပိ ကရောတိ၊ မသိခဲ့၍ မေ့လျော့သမှု ပြုမိစေကာမူ။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည်။ တဿ၊ ထိုပြုမိသော ပြစ်မှုကို။ ပဋိစ္ဆဒါယ၊ ဖုံးကွယ်ထိန်ဝှက်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပေ။ ဒိဋ္ဌပဒဿ၊ မဂ်ဖြင့် မြင်သိ နိဗ္ဗာန်ရှိသော အရိယာ သောတာပန်ပုဂ္ဂိုလ်၏။ အဘဗ္ဗတာ၊ မကောင်းအမှု ပြုမိသောအခါ ကွယ်ကာဖုံးမှု မပြုထိုက်သူ၏အဖြစ်ကို။ ဝုတ္တာ၊ ရှင်တော်ဘုရား ဟောကြားတော်မူအပ်၏။ သံဃေ၊ သောတာပန် သံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ရတနာဟု သိသာရတုံ ဤဂုဏ်တော် သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤ သစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေ သတည်း။

စကားပြေ—သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ဖြစ်စေ, နှုတ်ဖြင့် ဖြစ်စေ, စိတ်ဖြင့် ဖြစ်စေ မကောင်းသော ပြစ်မှုကို လွန်ကျူးမိစေကာမူ ထိုသောတာပန်မှာ ထိုပြုမိသော ပြစ်မှုကို ကွယ်ကာဖုံးဝှက်သူ မဖြစ်နိုင်ပေ။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီးသော အရိယာ သောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူအပ်၏။ သောတာပန်သံဃာ၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည် သည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

သောတာပန်ဂုဏ်တမျိုး။ ။သောတာပန်ကား အဘိဌာန ခြောက်ပါး ကိုသာ မပြု ထိုက်သည် မဟုတ်သေး။ အနည်းငယ်မျှ မပြောပလောက်သော ပြစ်မှုကလေးများကိုပင် ပြုမိသော် ထိုပြစ်မှုကို ဖုံးကွယ်ခြင်းငှါ မထိုက်တော့ပေ။ မေ့မေ့လျော့လျော့ နေတတ်သူ သောတာပန်ပင်ဖြစ်စေ အပြစ်ကို ဖုံးကွယ် ထိန်ဝှက်မှုမပြုတော့

သည်မှာ သာမန် ပုထုဇဉ်များနှင့်မတူ ထူးခြားသော ဂုဏ်တရပ်ပင်။ ထို့ကြောင့် ထိုဂုဏ်ဖြင့် အမွန်းတင်ကာ သစ္စာပြုလိုပြန်၍ "ကိဋ္ဌာပိ သော" စသည်ကို ဟောတော်မူခဲ့ပြန်သည်။

ပြုမိသော မကောင်းမှု။ ။အချို့မကောင်းမှုမှ ရှက်တတ်သော ဘုရားရှင် အပေါ်မှာ ကြည်ညိုသဒ္ဓါကြီးမား ဘုရား အမိန့်တော်ကို ရိုသေလေးစား တတ်သော သူတော်ကောင်း ပုထုဇဉ် ရဟန်းများပင် ဘုရားရှင်က မအပ်ဟု ပညတ်ထားသော သိက္ခာပုဒ်တော် များကို သိလျက်နှင့်ကား လွန်ကျူးမှု မပြုတော့ပေ။ သောတာပန် ရဟန်းမှာ ဆိုဖွယ်ရာမရှိ၊ ဤအချက်ကို ရည်၍ "ငါဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်အပ်၏။ ထိုသိက္ခာပုဒ်ကို ငါ့တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်ပင် မကျူး လွန်ကြ" ဟု ဟောတော်မူသည်။

လောကဝဇ္ဇ ပဏ္ဏတ္တိဝဇ္ဇ-ဟု သိက္ခာပုဒ်နှစ်မျိုးရှိရာ ပါဏာတိပါတ စသော အမှုသည် လောက၌လည်း အပြစ်ရှိ၏၊ ကျူးလွန်သော ရဟန်း လည်း ပညတ်ပြစ်ရောက်၏။ ထိုသိက္ခာပုဒ်မျိုးကို လောကဝဇ္ဇဆို၏။ ထို လောကဝဇ္ဇကို သောတာပန်များ မည်သည့်အခါမှ မကျူးလွန်၊ သစ်ပင် ဖြတ်ခြင်း စသော အမှု၌ လောကပြစ် မရှိ၊ ပညတ်တော်သာ အပြစ်သင့် ရ၏။ အချို့သော ကုဋိကာရ (=ကုဋိဆောက်ခြင်း),သဉ္စရိတ္တ (=အောင် သွယ်ခြင်း)စသော ဂရုကအာပတ်မျိုး, သဟသေယျ (=လူသာမဏေ မိန်းမတို့နှင့် တမိုးတရံတည်း အတူအိပ်ခြင်း) စသော လဟုကအာပတ် မျိုးမှာ အစိတ္တက (=စိတ်မပါပဲ သင့်သော) အာပတ်လည်း ရှိခဲ့ရာ ထို အာပတ်မျိုးကား ပညတ်တော်ကို နားမလည်မှုကြောင့် အချို့ ရဟန္တာများ ပင် သင့်တတ်သေး၍ ထိုကဲ့သို့သော ပဏ္ဏတ္တိဝဇ္ဇတို့၌ကား သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် သင့်တတ်၏။ ထိုကဲ့သို့ ဖြစ်တတ်သော အပြစ်မျိုးကို ရည်၍ "ကိဋ္ဌာပိ သော ကမ္မ ကရောတိ ပါပကံ"ဟု ဟောတော်မူသည်။ ဤ၌ ကိုယ်ဖြင့် ကုဋိကာရ, သဟသေယျ စသော မကောင်းမှု ပြုမိတတ်၏။

နှုတ်ဖြင့် ပဒသောဓမ္မ, ဥတ္တရိဆပ္ပဋ္ဌဝါစာ, ဓမ္မဒေသန, သမ္ဖပ္ပလာပ, ဖရုဿဝါစာ စသည်များကို ပြောမိတတ်၏။ စိတ်ဖြင့် လောဘ ဒေါသဖြစ်ခြင်း, ရှေ့ငွေ့သာယာခြင်း, သက်န်း စသည်၌ ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်း စသော မကောင်းမှု ပြုမိတတ်၏။

မကွယ်ထိုက်သူ။ ။ပုထုဇဉ်များကား အပြစ်ရောက်သော်လည်း အချို့မိမိ အပြစ်ကို ဖုံးကွယ် ထိန်ဝှက် ထားတတ်၏။ ဤကား မရိုးဖြောင့်မှုပင်တည်း။ ဥဇုပ္ပဋိပန္နဂုဏ်ရပြီးသော သောတာပန်များ၌ကား ထိုသို့ မရိုးဖြောင့်မျိုးမရှိ၊ မိမိပြုသောအမှု မအပ် မပြုထိုက်ဟု သိလျှင် သိတင်းသုံးဘော်များထံ မိမိအပြစ်ကို ဖော်ပြ ကုစားတတ်၏၊ နောက်ထပ် မကျူးလွန်တော့ပြီဟုလည်း စောင့်စည်းတတ်၏။

ဘဗ္ဗဆိုလျှင် တကယ်ဖြစ်ရမည်၊ ကေန်ပုံသေ ဖြစ်ရမည်ဟု သိရ၏။ အဘဗ္ဗဆိုလျှင် ဘယ်နည်းနှင့်မျှ မဖြစ်ထိုက်။ အရိယာဖြစ်ထိုက်သူကို ဘဗ္ဗဆိုရာ တကယ်အမှန်ဖြစ်မည့်သူ ဖြစ်၍ဆိုခြင်းတည်း။ အဘဗ္ဗ ဆိုလျှင်လည်း ဘယ်နည်းနှင့်မျှ မဂ်မရထိုက်သူတည်း။ ထို့ကြောင့် ဤ၌ အဘဗ္ဗလည်း ဖုံးကွယ်ခြင်းငှါ ဘယ်နည်းနှင့်မျှ မထိုက်သူ, ဖုံးမည့်သူ တကယ်မဟုတ်ဟု ဆိုလို၏။ ထိုသို့ မဖုံးကွယ်ထိုက်သူ ဖြစ်ရခြင်း အကြောင်းကို ပြလို၍ "အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ"ဟု ဟောတော်မူ၏။ နိဗ္ဗာန်ကိုမြင်ရပြီး သောတာပန်၏ ထိုသို့မဖုံးကွယ် ထိုက်သူအဖြစ်ကို ဘုရားရှင်ဟောတော်မူ၍ ထိုဘုရားစကားတော်အရ မဖုံးကွယ်ထိုက်သူဖြစ်ကြောင်း သိနိုင်သည်ဟု ဆိုလိုသည်။

ဘုရားဟောပုံ။ ။ဤအချက်ကို မူလပဏ္ဏာသ ကောသမ္ဗိသုတ်၌ ဟောတော်မူ၏။ ထိုသုတ်၌ သောတာပန်၏ မဟာပစ္စဝေက္ခဏာ ခုနစ်ပါးလာရှိရာ ဤအပြစ်ကို မဖုံးလွှမ်းခြင်းမှာ စတုတ္ထမြောက် ပစ္စဝေက္ခဏာ ဖြစ်၏၊ ဟောပုံအကျဉ်းချုပ်မှာ ပက်လက်အိပ်တတ်ကာမျှ အရွယ်နုနယ် ကလေးငယ်သည် လက်ဖြင့် ဖြစ်စေ ခြေဖြင့်ဖြစ်စေ မီးကျီးခဲကို ဖိမိလျှင် လျင်မြန်စွာ ရုပ်သိမ်းတတ်သကဲ့သို့ ထို့အတူ ကုစားထမြောက်နိုင်သော အာပတ်တခုခု သင့်ပြီဆိုလျှင် ထိုအာပတ်ကို ဘုရားထံ

ဖြစ်စေ,သိကြားလိမ်မာသော သီတင်းသုံးဖော်များထံ ဖြစ်စေ ထင်ရှား ဖော်ပြ ပြောကြားခြင်းမှာ မဂ်ဉာဏ်နှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်၏ ဓမ္မတာ(=ပင်ကိုယ်သဘာဝ)ပင် ဖြစ်၏။ ထိုသဘာဝမျိုး ငါ့မှာ ရှိသည်ဟု သိသော ဉာဏ်မှာ ပုထုဇဉ်တို့နှင့် မဆိုင်၊ အရိယာတို့နှင့်သာ သက်ဆိုင်သော ဉာဏ်ဖြစ်သည်။ ဤစတုတ္ထပစ္စဝေက္ခဏာဉာဏ်ဖြင့် သောတာပန်၏ ဂုဏ်ကို ဖော်သကဲ့သို့ အခြား ပစ္စဝေက္ခဏာများကိုလည်း ဖော်ခဲ့ရာ ထိုပစ္စဝေက္ခဏာများကိုလည်း အချုပ်မျှ ထုတ်ပြဦးမည်။

အခြားဂုဏ်များ။　　။(၁)သောတာပန်သည် (အမှန်တရားတို့ကို) အမှန်အတိုင်း မသိမမြင်နိုင်အောင် ပိတ်ပင်တားဆီး တတ်သော ကာမ ရာဂ စသော ပရိယုဋ္ဌာန် ကိလေသာများ မိမိ၌ ရှိမရှိ စဉ်းစားဆင်ခြင်သော် ထိုသို့ အမှန်ကို မသိရန် ကာကွယ် တားဆီးတတ်သော ပရိယုဋ္ဌာန် ကိလေသာများ မိမိ၌ မပယ်ရှားရသေးသည် မရှိ၊ မိမိစိတ်မှာ သစ္စာတို့ကို သိမြင်ခြင်းငှါ ကောင်းစွာ ထားအပ်ပြီ ဖြစ်ကြောင်း သိ၏။ ဤအသိမှာ ပုထုဇဉ်တို့နှင့်မဆိုင် အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာအရ ဖြစ်လာရသော အသိဉာဏ်ပင်ဖြစ်ပေသည်။

(၂) ထို့ပြင် ဤအသိဉာဏ်ကို မှီဝဲပွါးများ အကြိမ်များစွာ အလေ့ အလာပြုနေသော ငါသည် မိမိစိတ်၌ ငြိမ်သက် တည်ကြည်ခြင်းကို ရပါ၏ လော,ကိလေသာ ငြိမ်းအေးခြင်းကို ရပါ၏လောဟု ဆင်ခြင်သော အရိယာသာဝကသည်း ထိုသို့သော တည်ကြည်ခြင်း ငြိမ်းအေးခြင်းမျိုးကို ရ၏ဟု သိရ၏။ ဤအသိလည်း ပုထုဇဉ်တို့နှင့်မဆိုင် အရိယာများသာ ရပိုင်သော အသိဉာဏ်ပင် ဖြစ်သည်။

(၃) မိမိရသော မဂ်ဉာဏ် အမြင်မျိုး ရထားသော ဤသာသနာမှ ပြင်ပ သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်များ ရှိပါသေးသလောဟု တွေး တော စဉ်းစားသော အရိယာသာဝကသည် မိမိရသော မဂ်ဉာဏ်မျိုး ရထားသော တခြား သာသနာပ သမဏဗြာဟ္မဏများ မရှိဟု ပိုင်နိုင်စွာ

သိသည်မှာလည်း ပုထုဇဉ်တို့နှင့် မဆိုင် အရိယာများသာ ရပိုင်သော အသိဉာဏ်ပင် ဖြစ်သည်။

(၄) ကို ဆိုခဲ့ပြီ။

(၅) မွေးကာစ သားငယ် နွားကလေးရှိသော သားသည်အမေ နွားမသည် မလွဲသာ၍ မြက်ကို စားနေရသော်လည်း မိမိသားငယ်ကလေးကို စောင်းကာ ငဲ့ကာ တကြည့်ကြည့် ဖြစ်နေရှာသကဲ့သို့ မလွဲသာ၍ သီတင်းသုံးဘော်များ၏ ကိစ္စကြီးငယ်ကို ပြုနေရသော်လည်း မိမိစိတ်မှာ သိက္ခာသုံးပါး ကျင့်ရေး၌သာ ငဲ့ကွက်လိုလားလျက် ရှိသည်မှာ အရိယာတို့၏ သဘာဝတရပ်ပင်။ ထိုသဘာဝမျိုး ငါ့မှာ ရှိသည်ဟု သိသည်မှာ ပုထုဇဉ်တို့နှင့် မဆိုင် အရိယာတို့သာ ရပိုင်သော အသိဉာဏ်ပင်ဖြစ်သည်။

(၆) မြတ်စွာဘုရား၏ တရားတော်ကို ဟောကြားအပ်သောအခါ လိုလို လားလား လေးစားရိုသေစွာ စူးစိုက် နာယူခြင်းမှာ အရိယာ၏ ခွန်အားတမျိုးပင်၊ ထိုခွန်အားမျိုး ငါ့မှာ ရှိသည်ဟု သိသောဉာဏ်မှာ အရိယာတို့သာ ရနိုင် ပုထုဇဉ်တို့နှင့် မဆိုင်သော အသိဉာဏ်ပင် ဖြစ်သည်။

(၇) ဘုရား တရားတော်ကို ဟောအပ်သောအခါ အနက် အဓိပ္ပါယ်ကို နားလည် သဘောကျခြင်း, တရားဒေသနာကို နားလည်သဘောကျခြင်း, (ထိုသို့ နားလည်၍) တရားနှင့်စပ်သော နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပေါ်လာရခြင်းမှာ အရိယာ၏ စွမ်းအားတရပ်ပင်။ ထိုစွမ်းအားမျိုး ငါ့မှာ ရှိသည်ဟု သိသောဉာဏ်မှာ ပုထုဇဉ်တို့နှင့်မဆိုင် အရိယာတို့သာ ရပိုင်သော လောကုတ္တရာအရ ဖြစ်လာရသော အသိဉာဏ်ပင် ဖြစ်သည်။ (မူလပဏ္ဏာသ-၃၉၈)

---

(၁၆) ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံဟိတာယ။

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၄၀) ဂိမှာနံ၊ နွေလတို့တွင်။ ပဌမသ္မိံ ဂိမှေ၊ နွေဦးအစဖြစ်သော။ မာသေ၊ တန်ခူးလ၌။ ဖုဿိတဂ္ဂေ၊ ကောင်းစွာ ပွင့်သည့် ခက်ဖျားစုံ ရှိသော။ ဝနပ္ပဂုမ္ဗေ၊ တောအုပ်သည်။ (သသိရိကော ယထာ၊ အသရေရှိ သကဲ့သို့။) တထူပမံ၊ သဒ္ဒါအနက် နှစ်ချက်စုံကာ ထိုတောအုပ်လျှင် ပုံပမာရှိသော။ နိဗ္ဗာနဂါမိံ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ဓမ္မဝရံ၊ သုံးပုံပိဋကတ် တရားတော်မြတ်ကို။ ပရမံဟိတာယ၊ နိဗ္ဗာနဓာတ် အမြတ်ဆုံး အကျိုးစီးပွါး အလို့ငှါ။ အဒေသယိ၊ ဟောကြားတော်မူခဲ့ပြီ။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ဣဒမ္ပိ ရတနံ၊ ရတနာဟု သိသာရတုံ ဤဂုဏ်တော်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေ သတည်း။

စကားပြေ— နွေလများတွင် နွေဦးအစဖြစ်သော တန်ခူးလ၌ ကောင်းစွာပွင့်သည့် ခက်ဖျားစုံရှိသော တောအုပ်သည် အသရေရှိလှဘိသကဲ့သို့ အနက်သဒ္ဒါ ဝေဆာစုံပေါ် ထိုတောအုပ်ကြီးနှင့် တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို နိဗ္ဗာနဓာတ် အမြတ်ဆုံး အကျိုးစီးပွါးအလို့ငှါ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရား၌ ရတနာဟု သိကြောင်းဖြစ်သော ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

ဗုဒ္ဓဂုဏ်တော်။ ။မြတ်စွာဘုရား၏ ရူပကာယ စသည်နှင့် စပ်သော ဂုဏ်တော်များကား အကြားအရ မှန်းဆကြည်ညို ကြရ၏၊ ဘုရားရှင်၏ ဉာဏ်တော်စွမ်းကိုကား ပိဋကတ်တော်က ပြလျက် ရှိနေရာ ထိုပရိယတ် ဓမ္မဖြင့် ဗုဒ္ဓဉာဏ်စွမ်းကို ကိုယ်တွေ့သိရသကဲ့သို့ ရှိ၏။ ထို့ကြောင့် ပရိယတ်ဓမ္မသည် ဗုဒ္ဓ

အရှင်ကို ဂုဏ်တင်ပေးလျက်ရှိရာ ထိုမေ့မြင့် ဗုဒ္ဓဂုဏ်ကို ဖော်ကာ သစ္စာပြုဟန်ကို "ဝနပ္ပဂုမ္ဗေ"စသည်ဖြင့် ပြတော်မူပြန်သည်။

သဒ္ဒါအရ ရှင်းထင်းချက်။ ။ [ဝနသဏ္ဍ-၌ သဏ္ဍသဒ္ဒါ အပေါင်း အစု အဝေး ဟောသကဲ့သို့ ဝနပ္ပဂုမ္ဗေ-၌ ပဂုမ္ဗလည်း အစု အဝေးအပ်စု ဟောယှု၍ ဝနပ္ပဂုမ္ဗ-တောအုပ်ဟု ပြန်၏။ လူအုပ်ဆိုလျှင် လူအစု အဝေးကို ဆိုသကဲ့သို့ တောအစုအဝေးဟု ဆိုလိုသည်။

အဋ္ဌကထာအလိုမှာ တောအုပ်ဟု ဆိုလိုဟန်မရှိ၊ "ဝနသ္မ ဝနေ ဝါ ပဂုမ္ဗော ဝနပ္ပဂုမ္ဗော"ဟု ဝစနတ္တပြုရာ ဝနသ္မ ပဂုမ္ဗော-ဖြင့် တော၏အစုအဝေး တောအုပ်ဟု ဆိုလိုက ဆိုနိုင်သော်လည်း ဝနေ ပဂုမ္ဗော-ဖြင့် တောအုပ်ဟု မဆိုနိုင်၊ တော၌ ပဂုမ္ဗ ဆိုသောကြောင့် ပဂုမ္ဗသည် တော၌ရှိသော အစိတ်အပိုင်းသာ ဖြစ်ရမည်၊ တောတခု လုံး မဖြစ်နိုင်။ ထို့ကြောင့် အဋ္ဌကထာအလို တော၌ရှိသော ပန်းရုံ ပန်းချုံကိုသာ ဆိုရ ပေလိမ့်မည်။ "နာနာဝိဓရုက္ခဂဟနေ၊ အမျိုးမျိုးသော သစ်ပင်တို့၏ တောရှိသော။ ဝနေ၊ တော၌။ သုပုပ္ဖိတဂ္ဂသခေါ၊ ကောင်းစွာပွင့်သော ခက်ဖျားရှိသော။ တရုဏ-ရုက္ခဂစ္ဆပရိယာယနာမော၊ သစ်ပင်ငယ်တို့၏ ချုံဟူသော ပရိယာယ်အမည်ရှိသော။ ပဂုမ္ဗော၊ ပဂုမ္ဗသည်" ဟုဆိုသော အဋ္ဌကထာကို ထောက်။ ဤအလို ဝနပ္ပဂုမ္ဗေ၊ တောရဂုံတွင် စည်ပင်ပွါးစီး ပန်းရုံကြီးသည် ဟု ပေးဖွယ်ရှိ၏။

ဤ၌ကား တောအုပ် ဟူသော အနက်က ပိုမိုလေးနက်သည်ဟု သဘောရ၍ အများပေးရိုးပေးစဉ်အတိုင်း တောအုပ်ဟုပင် ပြန်လိုက်သည်၊ တန်ခူးလ၌ သူ့ရာသီအလိုက် အချို့ပန်းများသာပွင့်၍ အချို့မပွင့်သော်လည်း သမုဒါယဝေါဟာရ(=အစိတ်ကို အပေါင်းအသုံးဖြင့် သုံးနှုန်းခြင်း) အားဖြင့် ပန်းပွင့်သော တောအုပ်ဟုဆိုနိုင်သည်။

ဖုဿိတဂ္ဂေ ဖုဿိတဂ္ဂေ ဖုဿိတဂ္ဂေ —

ဖုဿိတာနိ အဂ္ဂါနိ အဿာတိ ဖုဿိတဂ္ဂေါ။ ။အဿ၊ ထိုတောအုပ်အား။ဖုဿိတာနိ၊ ပွင့်ကုန်သော။ အဂ္ဂါနိ၊ အဖျားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဖုဿိတဂ္ဂေါ၊ ဖုဿိတဂ္ဂမည်၏။ ဖုဿိတ-ပွင့်သောအနက်မှာ အခြားနေရာ၌ မတွေ့ရသော ပုဒ်ထူးပင်ဖြစ်၏။ "အနေကတ္ထာ ဟိ ဓာတဝေါ" အရ ဖုသ-ဓာတ်က ပွင့်ခြင်း အနက် ဟောယှု။ ဓာတ်ကျမ်းတို့၌ ဖုသ၏ ပွင့်ခြင်းအနက်ကို မဆို၍ ဖုလ္လိတ-မှ နိပါတန နည်းအရ ဖုဿိတ ဖြစ်လာသည်ဟု သော်လည်းကြံ၊ ထိခြင်းအနက်ကို ယူ၍ ထိသော အဖျားရှိသော တောအုပ်ဆိုလျှင်လည်း အနက်ရနိုင်၏။ အပွင့်တွေ ရွက်နုရွက်ညွန့်တွေ ဝေဆာ စည်ပင်လှ၍ အဖျားခြင်း ထိစပ်နေသော တောဟု ဆိုလို၏။

ဂုမ္ဗေ ဖုဿိတဂ္ဂေ-တို့ကား "အတ္ထိ သဝိတက္ကသဝိစာရေ အတ္ထိ အဝိတက္ကအဝိစာရေ၊ သုခေ ဒုက္ခေ ဇီဝေ" စသည်တို့ကဲ့သို့ ပဌမာအနက်၌ သတ္တမီတည်း။ "ကွစေ ဝါ"

မောဂ္ဂလ္လာန်သုတ်(၂၁၁၀) ဖြင့် သိကို ပြေ။ ဤ၌ အဋ္ဌကထာဖွင့်အတိုင်း သသိရိ-ကော ဟူသော ပါဌ်ဒသသ ထည့်ပေးခဲ့၏။ ထိုသို့မထည့်ပဲ ရှိရင်းအတိုင်း အနက်ပေးလျှင်လည်း တောအုပ်ကြီး စည်ကား တင့်တယ်သကဲ့သို့ ဘုရားတရားတော်လည်း စည်ကား တင့်တယ်သည်ဟူသော အဓိပ္ပါယ်ရနိုင်သည်။ "ဂိမှာနံ၊ နွေလတို့တွင်။ ပဌမသ္မိံ ဂိမှေ၊နွေဦးအစဖြစ်သော။ မာသေ၊ တန်ခူးလ၌။ ဝနပ္ပဂုမ္ဗေ၊ တောအုပ်သည်။ ဖုဿိတဂ္ဂေ ယထာ၊ ကောင်းစွာပွင့်သော ခက်ဖျားရှိသကဲ့သို့။ တထူပမံ၊ အနက် သဒ္ဒါ ဝေဆာလှဘိ ထိုတောအုပ်ကြီးလျှင် ဥပမာရှိသော" စသည်ဖြင့် ပေးလေ။

ရှေးဦးအစ နွေလမှာ တန်ခူးလပင်။ စန္ဒြမာသအရ တန်ခူးလကို ဆိုသောကြောင့် တပေါင်းလပြည့်ကျော် တရက်မှ တန်ခူးလပြည့်နေ့ အထိကို ဆိုသည်။ ရတုခြောက်ပါးနှင့်ခွဲသော် ဝသန္တရတုဖြစ်၍ ဝသန္တရတု နှစ်လတွင် အစ-လဖြစ်သောကြောင့် "သော ပဌမဂိမှော်တိ စ ဗာလဝသန္တောတိ စ ဝုစ္စတိ" ဟု အဋ္ဌကထာဆိုသည်။]

တောအုပ်ဥပမာ။ ။ဗုဒ္ဓရှင်တော်မြတ်၏ဒေသနာတော်သည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်အလို့ငှါဖြစ်၏။ ထိုနိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကား ကောယနေ့ မဂ္ဂေါအရ တလမ်းတကြောင်းတည်းသာတည်း။ ထိုလမ်းကို လိုက်ရေး၌ ဝေနေယျတို့၏ အဇ္ဈာသယ အလိုက်နည်းအမျိုးမျိုးဖန်ကာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော အနက် အမျိုးမျိုးတို့ဖြင့် ဟောတော်မူခဲ့သည်မှာ အလွန်ဝေဝေဆာဆာ ရှိလှ၏။ ဒေသနာတခုတည်း၌ပင် (ဥပမာ) ခန္ဓ-ဒေသနာကို ဟောတော်မူသောအခါ အနက်အသီးသီး နည်းအဖုံဖုံတို့ဖြင့် ပြောင်းလဲကာ ဟောထားခဲ့သည်မှာ လိုလေသေးမရှိအောင် ပြည့်စုံ မြိုင်ဆိုင်လှပေသည်။ ဤသည်ကိုပင် သာတ္ထ (=အနက်နှင့်ပြည့်စုံသော) ဟု ဂုဏ်ပြုရ၏။ ထိုအနက်အမျိုးမျိုးကို ဟောရာ၌ ဝေနေယျတို့ နားလည်လွယ်၍ နှစ်သက်ဖွယ်ဖြစ်လောက်အောင် သဒ္ဒါစကား အသုံးများကို အမျိုးမျိုး ပြောင်းလဲ သုံးနှုန်းဟောပြောခဲ့သည်မှာလည်း စုံလင်ဝေဆာလှပေ၏။ ဤသည်ကိုပင် သဗျဉ္ဇန(=သဒ္ဒါနှင့်ပြည့်စုံသော) ဟုဆိုရ၏။ ဤမျှအနက် သဒ္ဒါတို့ဖြင့် ဝေဆာသော ဒေသနာတော်ကို နွေဦးအစ တန်ခူးလအခါ အပွင့်တွေ ဝေဝေဆာဆာ တော်မြိုင်ကြီးနှင့်နှိုင်းသည်မှာ ပညာရှိတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်ပေ၏။ ထို့ကြောင့် ပိဋကတ်ကိုလေလာ

ပြီးသူများသည် ဤဂါထာကို ရွတ်ဆိုရတိုင်း ကြည်နူးမဆုံး ဖြစ်ကြရတော့သည်။

တင်စားရခြင်းအကြောင်း။ ။မြတ်စွာဘုရားသည် အချို့သုတ္တန်ဒေသနာတို့ကို ဥပမာ, ဥပစာကလေးများဖြင့် တန်ဆာ ဆင်ကာ ဒေသနာ၏နှစ်သက်စဖွယ် တင့်တယ်ခြင်းကို ဖြစ်စေလျက် ဟောမြွက်တော်မူလေ့ရှိ၏။ ဓမ္မပဒ ပုပ္ဖဝဂ်လာ ပန်းဘွဲ့ဒေသနာစသည်များ ဖေဏပိဏ္ဍောပမ, အာသီဝိသောပမ စသော သုတ္တန်များမှာ ဤဒေသနာမျိုးပင်ဖြစ်၏။

ထိုသို့ဒေသနာကို နှစ်သက်စဖွယ်ခြယ်လှယ်ဟောပြောရခြင်းမှာ တရားနာသူတို့ကို ပီတိဖြစ်အောင် ဆွဲဆောင်ရခြင်းပင်။ ဒေသနာတော်၌ အလွန်ပီတိဖြစ်နေသောအခါ ကိုယ်ရောစိတ်ပါ လွန်စွာအေးငြိမ်းခြင်း ပဿဒ္ဓိဖြစ်ရတော့သည်။ ထိုအေးငြိမ်းခြင်းကား ခန္ဓာ၌ စွဲမြဲစွာ စူးစိုက်တည်ငြိမ်နေသော သမာဓိဖြစ်ဖို့ အကြောင်းပေတည်း။ သမာဓိဖြစ်နေသူအဖို့ ရုပ်, နာမ်, ခန္ဓာတို့ကို အမှန်အတိုင်းသိသော ယထာဘူတဉာဏ်ဖြစ်ရန်အလွန်သေချာနေတော့၏။ ထို ယထာဘူတဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်အထိ ဆိုက်ရောက်ရတော့သည်။ ထို့ကြောင့် ဒေသနာ၌ လွန်စွာနှစ်သက်ခြင်း ဖြစ်ဖို့ရာ အရေးကြီးလှသောကြောင့် ဗုဒ္ဓမှကို ဂုဏ်တင်သော ဤတောဘွဲ့ဒေသနာကို ဟောတော်မူခဲ့သည်။

နိဗ္ဗာန်အတွက်သာ။ ။လောက၌ မေတ္တာ, ကရုဏာနည်းပါး အများအပေါ်မှာ စေတနာ မထားတတ်သူတို့မှာ ကိုယ်ကျိုးကို လွန်စွာလိုလားတတ်၏။ ဤပုဂ္ဂိုလ်မျိုးသည် ကျမ်းဂန်ရေးသားရာ၌ဖြစ်စေ တရားဟောရာ၌ဖြစ်စေ အကျော်အစောကိုရင်း, လာဘသက္ကာရကိုရင်း လိုလားတတ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် ဒုက္ခငြိမ်းကြောင်း တရားကောင်း တရားထူးကို ပိုင်နိုင်စွာ ရရှိထား၏။ သတ္တဝါတို့ကို ရှုစားတော်မူသောအခါ မဆုံးနိုင်အောင် ခံရမည့် သံသရာဒုက္ခတို့ကို မြင်ရ၍ လွန်စွာ ကရုဏာသက်ကာ ကယ်တင်တော်မူလိုသောဆန္ဒ ဖြစ်

တော်မူ၏။ သတ္တဝါများအပေါ်ဝယ် တကယ်ကောင်းစား ချမ်းသာစေလိုသော မဟာကရုဏာရှင်, ပညာရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာသည့် လာဘ်လာဘ အကျော်အစော စသည်ကို ဘယ်မှာလိုလား ငဲ့ကွက်ပါအံ့နည်း။ သတ္တဝါများအတွက် အကောင်းဆုံး အကျိုးစီးပွါးကို ပေးသနားလိုသည်သာဖြစ်၏။ နိဗ္ဗာန်ထက်ပို၍ ကောင်းမြတ်သော အကျိုးစီးပွါးဟုလည်း မရှိတော့ပေ၊ ထို့ကြောင့် ရှင်တော်ဘုရား တရားဟောရခြင်းမှာ နိဗ္ဗာနဓာတ် အမြတ်ဆုံး အကျိုးစီးပွါးအလို့ငှါသာ ဖြစ်ကြောင်း "ပရမံ ဟိတာယ" ဖြင့် ဂုဏ်ပြုရပြန်သည်။

ဗုဒ္ဓ၏ရတနာအဖြစ်။ ။တောဘ္ဘဲကဗျာတခုကို တွေ့ရသောအခါ ကဗျာအရသာကို ခံစားတတ်သောသူအဖို့ စကားလုံးလှလှတွေကိုလည်း ကြည်နူးနှစ်သက်ပေလိမ့်မည်။ အနက်အရသာ များကိုလည်း သာယာစွဲလမ်းပေလိမ့်မည်။ ကဗျာကိုနားမလည်သူ အဖို့ကား ထိုကဗျာသည် မည်သို့မျှတန်ဖိုးရှိလိမ့်မည်မဟုတ်။ ထို့အတူ ဒေသနာတော်၌ အတ္ထရသ, သဒ္ဒရသ ခံစားတတ်သော ပုဂ္ဂိုလ်များအဖို့ ဘုရားဒေသနာတော်၌ နှစ်သက်ကြည်နူးမဆုံးဖြစ်ကြ၏။လောက၌ကျမ်းဂန်တခုကို တွေ့ရသောသူတို့မှာ ကျမ်းဂန်က ကောင်းသည်နှင့်အမျှ ကျမ်းပြု ပုဂ္ဂိုလ်ကို ကြည်ညိုလေးစား အားရကြသကဲ့သို့ အတ္ထရသ ခံစားရသူတို့မှာ ဗုဒ္ဓရှင်တော်မြတ်အပေါ် ကြည်ညိုမဆုံးဖြစ်ရ၏။ ထို့ကြောင့်ပင် ရှေးကျမ်းဂန်တတ် ဆရာတော်ကြီး အတော်များများမှာ ဘုရားဆုတောင်းတော်မူကြခြင်းဖြစ်၏။ အတ္ထကို သိရှိ၍ သိရှိသည့်အတိုင်း ကျင့်ကြံသော အားဖြင့် မဂ်ဖိုလ်ထိ ပေါက်ရောက်ကြသူ ပုဂ္ဂိုလ်များ၏ ကြည်ညိုအားရမှုမှာ ဆိုဖွယ်ရာမရှိ။ ထို့ကြောင့် ဗုဒ္ဓတရားတော်မှာ ဗုဒ္ဓရှင်တော်ကို နှစ်သက်ကြည်ညိုရခြင်းအကြောင်းဖြစ်၍ ထိုဓမ္မများအရ ဗုဒ္ဓ၏ ရတနာအဖြစ်ကို "ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ" ဟု ဂုဏ်ပြုရပြန်သည်။

---

(၄၁) ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၄၁) ဝရော၊ စိတ်ထားမြတ်သူ လူနတ်အများ လိုလားတောင့်တအပ် မြတ်တော်မူထသော။ ဝရညူ၊ အမြတ်ဆုံးမှန် နိဗ္ဗာန်ကိုလည်း သိတော်မူထသော။ ဝရဒေါ၊ အမြတ်တရားကို ပေးသနားတော်မူတတ်ထသော။ ဝရာဟရော၊ ကျင့်စဉ်အကောင်း ရှေးဟောင်း လမ်းမြတ်ကို ယူဆောင်တော်မူတတ်ထသော။ အနုတ္တရော၊ သာလွန်သည်မထင် အမြတ်ဆုံး ဘုရားရှင်သည်။ ဓမ္မဝရံ၊ တရားတော်မြတ်ကို။ အဒေသယိ၊ ဟောကြားတော်မူပေပြီ။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာ စကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—နတ်လူအများ လိုလား တောင့်တအပ် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော အမြတ်ဆုံးနိဗ္ဗာန်ကို သိတော်မူ၍ အမြတ်တရားကို ပေးသနားတော် မူတတ်သော ရှေးဟောင်း ကျင့်စဉ် လမ်းမြတ်ကို ယူဆောင်တော်မူတတ် အမြတ်ဆုံး ဘုရားမြတ်သည် တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော် မူလေသည်။ မြတ်စွာဘုရား၌ ရတနာဟု သိနိုင်ကြောင်း ဤဂုဏ်တော်အပေါင်းလည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာ စကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

ဗုဒ္ဓဂုဏ်တော်။ ။"ဝနပ္ပဂုမ္ဗေ"စသည်ဖြင့် ပရိယတ္တိဓမ္မဖြင့် ရှင်တော်မြတ်၏ ဂုဏ်တော်ကို ဖော်ပြီးနောက် "ဝရော ဝရညူ"စသော ဤဂါထာ ဒေသနာအရ လောကုတ္တရာတရားများဖြင့် ဘုရား၏ ဂုဏ်တော်ကို ဖော်ထုတ်ကာ သစ္စာပြုတော် မူပြန်သည်။

ဝရ-မြတ်သောပုဂ္ဂိုလ်။ ။ဝရ-ကား ဣဋ္ဌ=တောင့်တ လိုလားခြင်း အနက်ဟော၊ စိတ်နေ စိတ်ထား ကြီးမား မြင့်မြတ်သူတို့သည် လိုလားအပ် တောင့်တအပ်သောကြောင့် မြတ်စွာဘုရားကို ဝရဆိုသည်။ မှန်၏။ မြတ်စွာဘုရား၏ ကြည်ညိုဖွယ် တင့်တယ်သော ရူပကာယကိုရင်း, သဗ္ဗညုတဉာဏ်တော်ကိုရင်း အခြား သူတကာနှင့်မတူ ထူးခြားသော ဂုဏ်တော်များကိုရင်း သိနားလည်သူတို့သည် ငါတို့လည်း ဤသို့ဖြစ်ရမူ ကောင်းလေစွဟု တောင့်တကြ၏။ မြတ်စွာဘုရား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားပြီး၍ တာဝတိံသာမှ သင်္ကဿနဂိုရ်မြို့သို့ စောင်းတန်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာများ ခြံရံကာ ဆင်းကြွလာသောအခါ မြတ်စွာဘုရား၏ အသရေတော်ကို မြင်ရသူတို့မှာ ဘုရားဆုကို မတောင့်တသူဟူ၍ မရှိကြောင်း ဓမ္မပဒ အဋ္ဌကထာ (ဒု-၁၄၇)၌ မိန့်ဆိုသည်ကို ထောက်။

တမျိုး။ ။မြတ်စွာဘုရားကို မိမိတို့ဆရာ ဖြစ်ရန်ရင်း, တရားကောင်း ရရန်ရင်း လိုလား တောင့်တအပ်သည်ဟုလည်း ဖွင့်နိုင်၏။ ဤ၌လည်း စိတ်နေစိတ်ထား မြင့်မြတ်သူတို့ကိုသာ ဆိုလိုကြောင်း သိပါလေ။ စိတ်ထားသေးငယ် ညံ့ဖျင်းသူများကား မိမိက ဆရာဖြစ်နေလျှင် မိမိထက်သာသူကို ဆရာမတင်လိုကြ။ တပည့်ဖြစ်လျှင်လည်း မိမိဆရာမှ ဆရာဟု စွဲမြဲတတ်ကြ၏။ မိမိအယူမှ အယူကောင်း, အယူမှန်ဟု စွဲမြဲကာ မစွန့်လွှတ်လိုကြ။ စိတ်နေစိတ်ထား မြင့်မြတ်သူများကား ဆရာစွဲ ပုဂ္ဂိုလ်စွဲမထား၊ အကောင်းတရားကိုသာ ရှာတတ်၏။ ဤအရာ၌ အရှင်သာရိပုတ္တရာ အလောင်းသည် သိဉ္စည်း၏ လက်ရုံး တပည့်ကြီးအဖြစ် ရောက်နေသော်လည်း သိဉ္စည်းကဲ့သို့ ကျေနပ်မနေပဲ မိမိအယူအဆ၌ အနှစ်သာရမရှိသေးသည်ကို သိရလျှင်ပင် အကောင်းတရားကို ရှာခဲ့၏။ အရှင် အဿဇိထေရ်အား တွေ့ရသောအခါ ဤပုဂ္ဂိုလ်ကား အခြား ဂိုဏ်းကပဲဟု သဘောမထား, ပုဂ္ဂိုလ်၏ ထူးခြားသော အသွင်အပြင်ကို မြင်ရ၍ တရားထူး ရှိလိမ့်မည်ဟု ခန့်မှန်းမိသောအခါ ချဉ်းကပ်မေးမြန်း စုံစမ်းတော့၏။ ဤသို့ဖြင့် တရားထူးရကာ ဘုရားထံ ရောက်လာရ၏၊ သိဉ္စည်းဆရာကြီး

ကို မိမိနှင့်အတူ ဘုရားမြတ်ထံ လိုက်ပါရန် ခေါ်သောအခါ မိမိမှာ ခံအိုးကြီး ဖြစ်နေပြီးမှ လောင်းအိုး မလုပ်နိုင်ဟု ငြင်းဆန်ခဲ့သည်။ ဤအရာ၌ ပဏ္ဍိတာဝမိမုတ္တိက (=စိတ်ထားမြတ်သူ), ဟီနာဝမိမုတ္တိက (=စိတ်ထားညံ့ဖျင်းသူ) နှစ်ဦး ကွဲပြားပုံ ထင်ရှား၏။

မြတ်သောဂုဏ်ကြောင့်။ ။လောက၌ ကောင်းသော အပြုအမူ အကျင့်ရှိသူကို လူကောင်း လူမြတ်ဆို၍ မကောင်းသော အပြုအမူ အကျင့်ရှိသူကို လူယုတ် လူညံ့ဆိုရ၏။ ပညာ ဥစ္စာ စသော ဂုဏ်များ ရှိစေကာမူ အကျင့်မကောင်းလျှင်ကား အမြတ်မဆိုရ၊ ထို့ကြောင့် ကိလေသာ လုံးဝစင်ကြယ်ကင်းရှင်း၍ တကယ့် ဒန္တ(=ယဉ်ကျေးသော ပုဂ္ဂိုလ်), သန္တ(=ငြိမ်းအေး ငြိမ်သက်သော ပုဂ္ဂိုလ်)ဖြစ်သော ဘုရားရှင်မှာ မြတ်သောပုဂ္ဂိုလ် ဖြစ်ရ၏။ ထို့ထက် သူမတူနိုင်သော ဗုဒ္ဓ ဂုဏ်တော်များဖြင့် တန်ဆာဆင် ပေးပြန်ရာ လောကမှာ အမြတ်ဆုံး ဖြစ်ရတော့သည်။ သဒ္ဒါမည်သည်မှာ ထိုသဒ္ဒါကျမ်းလာ ဟောသော အရာဝတ္ထုဗြ၏ အနက်ကို အနိမ့်အမြင့် ယူရမြဲဖြစ်ရာ သာမန် မြင့်မြတ်သူတို့၌ အမြတ်သာမန်မျှ အနက်ယူရသော်လည်း ဘုရား၌ဖြစ်ရသော ဤ"ဝရ"ကား အားလုံးထက် အမြတ်ဆုံးအဖြစ် အနက်ယူရတော့သည်။ ဆိုခဲ့ပြီး အဓိပ္ပါယ်အရ ဤ"ဝရ"မှာ မြတ်သောဂုဏ်နှင့် ယှဉ်သောကြောင့် "ဝရ" အမည်ရခြင်းဖြစ်၏။ အမည်ဆိုသည်မှာ ယှဉ်ဖက်ဂုဏ်များ အရလည်း ရတတ်၏။ ညိုသော အဆင်းရှိသော အဝတ်ကို အညိုဆိုရသကဲ့သို့ မြတ်သော ဂုဏ်များရှိသော ဗုဒ္ဓကို အမြတ်ဟု ဆိုရသည်။

ဝရညူ။ ။ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ-အရ နိဗ္ဗာန်ကား တရားအလုံးစုံတို့ထက် မြတ်၍ ဝရအမည်ရ၏။ မဂ်လေးတန်ဖြင့် နိဗ္ဗာန်ကိုသိမှ ဗုဒ္ဓဖြစ်မြဲဖြစ်ရာ ထိုအမြတ်ဆုံး နိဗ္ဗာန်ကို ဗောဓိပင်ခြေ ပလ္လင်ဘော်ကပင် သိမြင်တော်မူ၍ "ဝရံ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဇာနာတိ၊ သိတော်မူတတ်၏" ဟူသော အနက်အရ ဝရညူ မည်တော်မူ၏။ နိဗ္ဗာန်ကို သိသည်ဆိုသဖြင့် အခြားတရားကို မသိသလောဟု စောဒနာရန်မရှိ။ နိဗ္ဗာန်ကို သိသည်

ဆိုလျှင် ထိုနိဗ္ဗာန်ကို မြင်တတ်သော မဂ်ဖိုလ်ကိုင်း, ထိုမဂ်ဖိုလ်ရကြောင်း ဝိပဿနာ သမာဓိ သီလ စသော တရားများကိုင်း သိပြီးဆိုသော အဓိပ္ပါယ်မှာ ပြီးစီးလျက်ရှိတော့သည်။ မဂ်ဖိုလ်စသော တရားများလည်း ဝရ-အမြတ်တရားချည်း ဖြစ်၍ ဥက္ကဋ္ဌနိဒ္ဒေသ (=အကောင်းဆုံးကို ညွှန်ပြချက်)နည်းအရ နိဗ္ဗာန်ကိုသာ ဆိုခဲ့ရာ အခြား မဂ်စသော တရားများကိုလည်း ယူပြီးဖြစ်တော့သည်။ တခြားနေရာ၌ ပဓာနနည်း ဆိုသည်ကိုပင် အချို့အဋ္ဌကထာများ၌ ဥက္ကဋ္ဌနိဒ္ဒေသဟု ဆိုသည်။

ပစ္စေကဗုဒ္ဓါ, သာဝကတို့လည်း နိဗ္ဗာန်ကို သိသောကြောင့် ဝရညူမှာ အခြားပုဂ္ဂိုလ်တို့နှင့် မထူးပါတကားဟု ဆိုဖွယ်ရှိပြန်သည်။ ပဋိဝေဓ ဉာဏ်အရာတွင် ဆရာမရှိ မိမိအလိုလို ထွင်းဖောက် သိမြင်ခြင်း, ဒေသနာဉာဏ်အရာတွင်လည်း ဘုရားရှင်ကဲ့သို့ မသိနိုင်ခြင်းစသော အကြောင်းများကြောင့် အခြားပစ္စေကဗုဒ္ဓါ,သာဝက-တို့ကို နိဗ္ဗာန်သိသော ပုဂ္ဂိုလ်အဖြစ် ဆိုနိုင်သော်လည်း ဘုရားကို ချီးကျူးသော ဝရညူသို့ကား မရောက် မမီနိုင်ပေ။

ဝရဒေါ။ ။ဝရံ ဒဒါတီတိ ဝရဒေါ။ ဝရံ၊ မြတ်သော တရားကို။ဒဒါတိ၊ ပေးတော်မူတတ်၏။ဣတိ၊ ထို့ကြောင့်။ ဝရဒေါ၊ ဝရဒမည်၏။

အကောင်းဆုံး နိဗ္ဗာန်တရား လက်ကိုင်ထားသော ဘုရားရှင်သည် မိမိ၌ ဒုက္ခခပ်သိမ်း လက်စသိမ်း၍ အငြိမ်းကြီးငြိမ်းရတော့သည်ကို သိနေခဲ့ရာ ထိုနိဗ္ဗာန်တရားအားလုံး သတ္တဝါများ ရစေလိုသည်သာ ဖြစ်၏။ထို့ကြောင့် ဝရဒေါ- အမြတ်ကို ပေးသည်ဆိုရာဝယ် နိဗ္ဗာန်ရကြောင်း တရားကောင်း တရားမြတ်တို့ကို ပေးသည်ဖြစ်၍ ဝရ-အရ မဂ်ဖိုလ်အထိ တရားမြတ်တို့ကို ယူ၊ ထိုတရားကောင်းတို့ကို ပေးလျှင် နိဗ္ဗာန်ကိုလည်း ပေးသည်မည်တော့သည်။ ထိုတရားများမှာ မိမိကျင့်၍ ရသည်ဖြစ်သော်လည်း ဘုရားရှင် နည်းပေးလမ်းပြ ညွှန်ကြားချက်အရ ကျင့်ရသည်ဖြစ်၍ ဘုရားပေးသည်ပင် ဆိုရတော့သည်။

လောကဌ် မကောင်းသောသူ မကောင်းသောအကျင့်ကို လေ့လာ နားလည်နေသူသည် သူတပါးအား မကောင်းသော အချက်ကို ညွှန်ကြား မည်ဖြစ်၏။ ကောင်းသောသူ ကောင်းသော အကျင့်များ၌ လေ့လာ လျက်ရှိသူသာ ကောင်းသောအချက်ကို ညွှန်ကြားပေလိမ့်မည်။ အမြတ် ဆုံးလည်းဖြစ် အမြတ်ဆုံးတရားကိုလည်း သိထားသော ဘုရားမြတ်မှာ ဝေနေယျတို့အား အမြတ်ဆုံးတရားကိုရင်း, အမြတ်ဆုံးတရားကို ရနိုင် ကြောင်း နည်းကောင်း လမ်းမှန်တို့ကိုရင်း ပေးလိမ့်မည်မှာ သေချာလှ ပေသည်။ ထို့ကြောင့် ဝရော ဝရညူ ဝရဒေါတို့မှာ လွန်စွာလိုက်ဖက်၍ ညီစိတျဂုဏ်နှင့် ပြည့်စုံသော ဂုဏ်ပုဒ်များဖြစ်ပေသည်။

အရေးပါသောဂုဏ်။ ။ဝရဒေါ-ဟူသော ဂုဏ်ပုဒ်ကား လွန်စွာအရေးပါ သော ဂုဏ်တော်တရပ်ပင်၊ ဤဂုဏ်တော် အရ လူ့နတ်များ၏ အားရ ကြည်ညို ရှိသေလေးစားမှုကို အထူးခံရသည်ဖြစ်ရာ ထိုဂုဏ်ကြောင့်ပင် လက်ထက်တော်အခါက နတ်လူတို့၏ ချီးမွမ်းသံမစဲ ခဲ့ပေ။ ယနေ့တိုင်လည်း ထိုချီးမွမ်းသံများ မစဲသေးပါ၊ ထိုသို့ အထူး ချီး ကျူးခဲ့သော ဖြစ်ရပ်များမှာ ချီးမွမ်းသံတရပ်ကို (ပဥ္စဂုံတ္တရ ၂၀၆–မှ) ထုတ်ပြဦးမည်။

ကာရဏပါလီ-မည်သော ပုဏ္ဏားသည် ဝေသာလီပြည်၌ လိစ္ဆဝီမင်း တို့၏ အလုပ်ကို လုပ်နေဆဲ အဝေးမှလာသော ပိင်္ဂိယာနိ မည်သော ပုဏ္ဏားကို မြင်ရသော် "အရှင် ဘယ်က လာသလဲ"ဟု မေး၏။ ရဟန်း ဂေါတမထံမှ လာခဲ့ကြောင်း ပြောသော် "ရဟန်းဂေါတမ၏ ပညာစွမ်းကို အရှင် ဘယ်လိုထင်သလဲ ပညာရှိသူတဦးပဲ ထင်ပါရဲ့"ဟု ဆို၏။ ထိုအခါ ပိင်္ဂိယာနိက "ကျွန်ုပ်က ဘယ်လို လူမို့လဲ, ဘယ်လောက် တော်တဲ့လူမို့ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်ရမှာလဲ, ရဟန်းဂေါတမ၏ ပညာ စွမ်းကို သိသူမှာ ရဟန်းဂေါတမလို ပုဂ္ဂိုလ်မျိုးသာ ဖြစ်ရပေမပေါ့"ဟု ဆို၏။ "အရှင်ကား ရဟန်းဂေါတမအား ကောင်းမြတ်မှန်ရည်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းသည်။ ဘယ်လိုအကျိုးထူးမြင်၍ ရဟန်းဂေါတမ၌

ဤမျှ ကြည်ညိုရပါသလဲ”ဟု မေးပြန်သော် ပိင်္ဂိယာနီသည် ဘုရားရှင် ဂုဏ်တော်များကို ထုတ်ဖော်လေ၏။

“အို အမောင်....အကောင်းဆုံးသော အရသာများဖြင့် ဝအီနေသော ယောကျ်ားသည် အခြား ညံ့ဖျင်းသော အရသာများကို မလိုလား မနှစ်သက်တော့ပြီ၊ ထို့အတူ ရဟန်းဂေါတမ ဘယ်ပုံ ဟောသည်ဖြစ်စေ တရားကို နာရသော် ထိုတရားမှတပါး အခြား သမဏဗြာဟ္မဏတို့၏ အယူဝါဒကို မလိုလား မနှစ်သက်တော့ပေ။

အို အမောင်....ဆာလောင်၍ အားနည်းနေသော ယောကျ်ားသည် ပျားမုန့်ဆုပ်ကို ရသည်ရှိသော် ဘယ်နေရာမှာလျက်လျက် ကောင်းမွန် ချိုမြသော အရသာကို ရနေသည်သာ၊ ထို့အတူ ရဟန်းဂေါတမ တရားကို ဘယ်ပုံ နာရ နာရ ထိုတရားမှ နှစ်သက်ခြင်းကို ရနေသည်သာ၊ စိတ်ကြည်လင်ခြင်းကို ရနေသည်သာ။

အို အမောင်....စန္ဒကူးရွှေဖြစ်စေ, စန္ဒကူးနီဖြစ်စေ စန္ဒကူးတုံး တခုခု ရသော ယောကျ်ားသည် ထိုစန္ဒကူးတုံးကို အရင်း, အဖျား, အလယ် သုံးသွယ်တို့တွင် ကြိုက်ရာက နမ်းစေ၊ မွှေးကြိုင်သောရနံ့ကို ရလျက်သာ ရှိသည်။ ထို့အတူ ရဟန်းဂေါတမ တရား ဘယ်ပုံ နာရ နာရ ထိုတရားမှ ဝမ်းမြောက်ခြင်း ရလျက်သာ၊ စိတ်ရွှင်ပျခြင်း ရလျက်သာ။

အို အမောင်....အပြင်းအထန် ရောဂါကပ်ရောက်၍ ဒုက္ခရောက်နေသော ယောကျ်ားကို ကျွမ်းကျင်သော ဆေးဆရာသည် တခဏခြင်း ရောဂါ ပျောက်ငြိမ်းစေသကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကိုမဆို နာရမှု ထိုတရားကြောင့် စိုးရိမ် ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများ ငြိမ်းပျောက်ခြင်းသို့ ရောက်ရသည်သာ။

အို အမောင်....အေးကြည် ချိုမြသော ရေရှိ၍ ဆိပ်ကမ်းသာယာ မွှေလျော်ဖွယ် ရေကန်သာသို့ နွေအပူဒဏ်ခံရ၍ ပင်ပန်းနွမ်းနယ်ကာ ရေဆာလျက်ရှိသော ယောကျ်ားသည် ရောက်လာလျက် ထိုရေကန်သို့

ဆက်ဆင်းပြီးလျှင် ချိုးရ သောက်ရသော် အပူအပန်မှန်သမျှ အေးမြငြိမ်းစဲခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကိုမဆို နာရသူမှာ ထိုတရားကြောင့် အပူအပန်မှန်သမျှ ငြိမ်းရသည်သာ ဖြစ်ပါသည်”။

ပိင်္ဂိယာနီ-ထံမှ ဗုဒ္ဓအရှင်၏ ဂုဏ်တော်များကို နာကြားရသောအခါ ကာရဏပါလီသည် နေရာမှထကာ လက်ဝဲပခုံးထက် ကိုယ်ရုံတဖက် တင်လျက် လကျာဒူးကို မြေမှာ ထောက်ပြီးလျှင် ဘုရားရှင်ရှိရာ လက်အုပ်ချီ၍ “နမော တဿ” ပဏာမဖြင့် သုံးကြိမ် ဥဒါန်းကျူးကာ ကန်တော့ပေသည်။ (နမော တဿ အဓိပ္ပါယ် ပြန်ကြည့်။)

ဝရာဟရ။ ။“ဝရံ အာဟရတီတိ ဝရာဟရော”။ ။ဝရံ၊ မဂ္ဂင်ရှစ်ကြောင်း ရှေးဟောင်းလမ်းမြတ်ကို။ အာဟရတိ၊ ဆောင်ယူတော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝရာဟရော၊ ဝရာဟရ မည်၏။ “ကတမော စ ဘိက္ခဝေ ပုရာဏမဂ္ဂေါ ပုရာဏအဥ္စသော ပုဗ္ဗကေဟိ သမ္မာသမ္ဗုဒ္ဓေဟိ အနုယာတော၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ= ရဟန်းတို့ ရှေးဘုရားအဆူဆူ အစဉ်တစိုက် လိုက်တော်မူခဲ့သော ရှေးရိုးလမ်းကြောင်း လက်ဟောင်း လမ်းမတော်မှာ ဘာတဲ့နည်း။ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ပင် ဖြစ်ပေသည်”ဟူသော နိဒါနဝဂ္ဂသံယုတ် နဂရသုတ် (၃၂၉)အရ ဘုရားအဆူဆူလိုက်ခဲ့ရာ တလမ်းတည်းသာဖြစ်သော ရှေးဟောင်းလမ်းမ အရိယာမဂ်ကိုပင် ဝရာဟရ၌ ဝရ- လမ်းကောင်းလမ်းမြတ်ဆိုသည်။

ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှ စတင်ကာ ပါရမီတို့ကို ဖြည့်ကျင့်တော်မူလျက် ထိုလမ်းကို အရယူဆောင်တော်မူခဲ့သည်။ ဘုရားမြတ်ညွှန်ကြားချက်အတိုင်း ထိုလမ်းအပေါက် လျှောက်ခဲ့ကြ၍ ဒုက္ခခပ်သိမ်းအေးငြိမ်းခဲ့ရသော နတ် လူ ဗြဟ္မာတို့ကား ရေတွက်မရအောင်ပင် များပြားလှ၏။ ယခု ထိုလမ်းဟောင်းတော်ကြီးကား အထင်အရှားပင်၊ ထိုလမ်းသို့ ရောက်ကြောင်း နည်းကောင်း လမ်းကောင်းများ ဘုရားရှင်ညွှန်ကြားချက်အတိုင်း မူမပျက် ရှိနေလျက်သာ၊ ထိုလမ်းကို လိုက်သူမှာ

ချမ်းသာအမှန် စံရမည်ဖြစ်၍ မလိုက်သူမှာ သံသရာဒုက္ခတို့နှင့် မုချ လုံးလည်လိုက် နေရဦးတော့မည် သာဘည်း။

ဂဏကမောဂ္ဂလ္လာန။ ။ဤအချက်၌ ဥပရိပဏ္ဏာသ ဂဏကမောဂ္ဂလ္လာန သုတ်(၅၂)မှ မှတ်သားဖွယ် ကောက်နုတ်ချက်ကို ထုတ်ပြဦးအံ့။ ဂဏကမောဂ္ဂလ္လာနပုဏ္ဏားက ဘုရားရှင်အား လျှောက်ထား သည်မှာ "အို-အရှင်ဂေါတမ....အရှင်ဂေါတမ အဆုံးအမခံရသူ တပည့် များမှာ အကုန်လုံးပင် နိဗ္ဗာန်ရကြပါသလား၊ အချို့မရပဲ ရှိကြပါ သလား" ဟူ၍ပင် ဖြစ်၏။ "အကုန်မဟုတ် အချို့ရ၍ အချို့မရကြောင်း" မိန့်တော်မူသော် "အို-အရှင်ဂေါတမ....နိဗ္ဗာန်လည်း ထင်ရှားရှိ၍ နိဗ္ဗာန် ရောက်ကြောင်းလမ်းလည်း အထင်အရှားပင်၊ နည်းပေးလမ်းပြတတ်သူ အရှင်ဂေါတမလည်း ရှိနေသည်သာ၊ သို့ပါလျက် ဘာ့ကြောင့် အချို့ရ အချို့မရ ဖြစ်ရပါသနည်း"ဟု လျှောက်ထားပြန်၏။

"ပုဏ္ဏား....ဤအချက်၌ သင့်ထိုပင် မေးဦးတော့မည်။ သင်ကြိုက် သလို ဖြေလော့၊ ရာဇဂြိုဟ်ပြည်သွား လမ်းကို သိသလော"ဟု မိန့်သော် သိကြောင်း လျှောက်၏။ "လူတယောက်သည် သင့်အား ရာဇဂြိုဟ်သွား ရန် လမ်းကို ညွှန်ကြားရန် မေးလာသော် သင်က ဘယ်ကနေ ဘယ်သွား ဘယ်ရောက်လိမ့်မည်ဟု လမ်းညွှန်ရာ ထိုသူမှာ သင်ညွှန်သည့်အတိုင်း မဟုတ်ပဲ လမ်းလွဲလိုက်ကာ နောက်သို့ပြန်လာရာ၏။ တယောက်ကမူ သင် ညွှန်ကြားသည့်အတိုင်း သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်ရာ၏။ ပုဏ္ဏား.... ရာဇဂြိုဟ်လည်း အထင်အရှား၊ ရာဇဂြိုဟ်သွားလမ်းလည်း ရှိနေသည်သာ၊ လမ်းညွှန်တတ်သူသင်လည်း အရှိပင်၊ သို့ဖြစ်လျက် တယောက်မှာ ရာဇဂြိုဟ် ရောက်၍ တယောက်ကား ရာဇဂြိုဟ်မရောက်ပဲ ရှိသည်မှာ ဘာ့ကြောင့် နည်း"ဟု မေးတော်မူ၏၊ "အရှင်ဂေါတမ ကပည့်တော် ဘာလုပ်နိုင်မလဲ၊ တပည့်တော်က လမ်းညွှန်သူသာဖြစ်ပါသည်"ဟု လျှောက်သော် "ပုဏ္ဏား.... နိဗ္ဗာန်လည်းရှိ နေလျက်သာ၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းလည်း အရှိပင်၊ နည်းပေးလမ်းပြတတ်သူ ငါဘုရားလည်း ရှိသည်သာ၊ သို့ပါလျက် အချို့

နိဗ္ဗာန်ရကြ၏၊ အချိုကား မရကြ။ ဤအရာ၌ ငါဘုရား ဘာတတ်နိုင်မည်နည်း၊ ငါဘုရားကား နည်းပေး လမ်းညွှန်သူသာ ဖြစ်ပေသည်” ဟု မိန့်တော်မူခဲ့သည်။ ဘုရားကို ရှိသေမြတ်နိုးသူဖြစ်လျှင် ဘုရားရှင်၏ လမ်းညွှန်ချက်ကို ကြားရရုံ သိရရုံမျှနှင့် ကျေနပ်မနေကြပဲ မရောက် ရောက်အောင် အပေါက်လျှောက်သူသာ ဖြစ်သင့်သည်သာတည်း။

ဩစိတျဂုဏ်။ ။အမြတ်တရားဆောင်နိုင်၍ပင် အမြတ်ဆုံးနိဗ္ဗာန်ကို သိရ၏၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းပေးနိုင်သူ ဖြစ်ရ၏။ ထိုသို့ အမြတ်ဆုံးတရားကို သိ၍ အကောင်းဆုံးတရားများကို ပေးနိုင်၍ ဝရ=မြတ်သောပုဂ္ဂိုလ် ဖြစ်ရသည်။ အမြတ်ဆုံးတရားကိုလည်းသိ, အကောင်းဆုံးတရားကိုလည်း ပေးတတ်၍ ဝရဖြစ်လျှင် ထိုဝရအဖြစ်မှာ သာမန်ဝရမျှမဟုတ်၊ သာလွန်သူမရှိသော အမြတ်မျိုးသာဟု အနုတ္တ-ရ-က ဝရ-ကို လေးနက်အောင် ထပ်ဆင့် ဖွင့်ပြသကဲ့သို့ ရှိ၏။ အားလုံးအကောင်းဆုံးချည်း ဖြစ်နေသည်ဆိုလျှင် ထိုဘုရားမြတ်ဟောသော ဓမ္မမှာ အမှန်ဆုံး အကောင်းဆုံး ဖြစ်ရမည်သာဟု "ဓမ္မဝရံ အဒေသယိ"ကို ထောက်ကူပေးပြန်သည်။ ဤဂုဏ်များအရပင် ဗုဒ္ဓအရှင်ကား အများနှစ်သက်ဖွယ်ရာ ရတနာ ဖြစ်ရပေသည်။ ဤတဂါထာလုံး၏ အချိတ်အဆက်မှာ လွန်စွာလိုက်ဖက် သင့်လျော်လှသဖြင့် ဤဒေသနာတော်မှာ ဩစိတျဂုဏ် ပြည့်စုံလှပေသည်။

---

(၄၂) ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊
ဝိရတ္တစိတ္တာ’ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာ’ယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၄၂) (ယေသံ ခီဏာသဝါနံ၊ အကြွင်ရဟန္တာ အရှင်မြတ်တို့အား။) ပုရာဏံ၊ ရှေးကံဟောင်းစု ကုသိုလ် အကုသိုလ်သည်။ ခီဏံ၊ သတ္တိကင်းချေ ကုန်ပျောက်ခဲ့ရပေပြီ။ နဝံ၊ အသစ်ဖြစ်သော ကံသည်လည်း။ နတ္ထိသမ္ဘဝံ၊ ထင်ရှားဖြစ်ပေါ်ခြင်း အလျှင်းမရှိတော့ပေ။ အာယတိကေ ဘဝသ္မိံ၊ နောင်ဖြစ်ရမည့် ဘဝသစ်၌။ ဝိရတ္တစိတ္တာ၊ တွယ်တာမက်မောခြင်း ကင်းသောစိတ် ရှိတော်မူကြကုန်၏။ တေ ခီဏာသဝါ၊ ထိုရဟန္တာ အရှင်မြတ်တို့သည်။ ခီဏဗီဇာ၊ ကုန်ပြီးသော ပဋိသန္ဓေမျိုးစေ့ ရှိတော်မူကြကုန်၏။ အဝိရူဠှိဆန္ဒာ၊ ဘဝဆက်တည် စည်ပင်ရေးဝယ် တွယ်တာသောဆန္ဒရှိတော်မမူကြကုန်။ အယံ ပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာတိ ယထာ၊ ငြိမ်းလေဘိသကဲ့သို့။ ဓီရာ၊ ပညာရှိအစစ် ဖြစ်တော်မူကြကုန်သော။ တေ ခီဏာသဝါ၊ ထိုရဟန္တာ အရှင်မြတ်ဘို့သည်။ နိဗ္ဗန္တိ၊ သံသရာစက်ရဟတ် အဆက်ပြတ်၍ ဇာတ်စုံရုပ်သိမ်း ချုပ်ငြိမ်းတော်မူကြလေကုန်၏။ သံဃေ၊ ရဟန္တာသံဃာတော်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ—ရဟန္တာအရှင်မြတ်တို့အား ရှေးအတိတ် ကံဟောင်းများလည်း ကုန်ခဲ့ပြီ။ ကံအသစ်လည်း ဖြစ်ပေါ်ခြင်း မရှိတော့ပေ။ နောင်ဖြစ်ရမည့်ဘဝသစ်၌ တွယ်တာသောစိတ်လည်း ကင်းတော်တော်မူကြ၏။ ထိုရဟန္တာအရှင်မြတ်တို့သည် ပဋိသန္ဓေမျိုးစေ့လည်း ကုန်ခဲ့ပြီ။ ဘဝသစ်ဆက်ဖြစ် စည်ကားရေးဝယ် တွယ်တာသောဆန္ဒလည်း မရှိကြ။ ထိုရဟန္တာ ပညာရှင်တို့သည် ဤဆီမီးငြိမ်းသွားသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြသည်။ ရဟန္တာသံဃာတော်၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ။

ရဟန္တာဂုဏ်ရည်။ ။ရဟန္တာအရှင်တို့၏ အနုပါဒိသေသ နိဗ္ဗာန် ဝင်စံရခြင်းမှာ လွန်စွာ ထူးမြတ်သော ဂုဏ်ထူးတမျိုး အကျိုးအာနိသင်တရပ်ပင်။ အကြောင်းမှာ ဇာတိမကဝ်းသေးလျှင် အမှန်ပင် ဖြစ်ရဦးတော့မည့် ဝဋ္ဋဒုက္ခခပ်သိမ်း ချုပ်ငြိမ်းအေးမြခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုဂုဏ်ဖြင့် ရဟန္တာအရှင်ကို အမွန်းတင်ကာ သစ္စာပြုလိုပြန်၍ "ခီဏံ ပုရာဏံ" စသည်ဖြင့် ဟောတော်မူပြန်သည်။

ကံဟောင်းလည်းကုန်။ ။ကံများ၌ အကျိုးဝိပါက်ကို ဖြစ်စေဘတ်သော မျိုးဓာတ် သတ္တိရှိနေ၏။ ထိုကံတို့ကား ဖြစ်ပြီးလျှင် ချုပ်သွားသော်လည်း မျိုးဓာတ်သတ္တိကိုကား ပုဂ္ဂိုလ်၏သန္တာန်တွင် မြှုပ်နှံ ချန်ထားခဲ့မြဲတည်း။ တကျာအစိုဓာတ် ရှိနေလျှင် ထိုသတ္တိများကား အစွမ်းအရှိန် ရှိနေသည်သာဖြစ်၍ နောင်ပဋိသန္ဓေကို ဖြစ်စေမည် ဖြစ်ရာ မကုန်သေးသည်သာဖြစ်၏။ အစေးဓာတ်, အစိုဓာတ်ရှိသော သစ်စေ့သည် အပင်ပေါက်သကဲ့သို့ တဏှာနှသယ ရှိနေသောသူတို့၏ ကံများသည်လည်း တဏှာအစေးမာတ် မကင်း၍ ပဋိသန္ဓေကို ဖြစ်စေခြင်းဖြစ်၏။ မီးဖြင့်မြှိက်အပ်, ဖုတ်အပ်သော မျိုးစေ့မှာမူ အစိုဓာတ် ခန်းခြောက်၍ အပင် မပေါက်တော့သကဲ့သို့ ရဟန္တာတို့မှာ တဏှာပယ်ပြီး ဖြစ်သောကြောင့် တဏှာအစေးခြောက်ပြီးသော အတိတ်ကံစုမှာ ဆိုခဲ့ပြီး မျိုးဓာတ်သတ္တိမရှိတော့၍ ပဋိသန္ဓေကို မဖြစ်စေတော့ပြီ။ ထိုသို့ ပဋိသန္ဓေကို ဖြစ်စေတတ်သော မျိုးဓာတ်သတ္တိမရှိတော့သည်ကို ရည်၍ "ခီဏံ ပုရာဏံ" ဟု ဟောထော်မူသည်။ (ပုရ ဘဝံ ပုရာဏံ။ ပုရ၊ ရှေး၌၊ ဘဝံ၊ ဖြစ်သည် တည်း။ ပုရာဏံ၊ ရှေး၌ဖြစ်သည်။ "ပုရတော ဏော စ" မောဂ္ဂလ္လာန်သုတ် (၄၊၂၂) ဖြင့် ဘဝအနက်၌ ဏပစ္စည်းသက်။)

ကံအသစ်မဖြစ်။ ။ရဟန္တာများကား ဘုရားပူဇော်ခြင်း, ဒါန ပြုခြင်း စသည်ဖြင့် ကောင်းမှုကို ပြုကြသေး၏။ သို့သော် ထိုကောင်းမှုများ၌ ဆိုခဲ့ပြီး ဓာတ်သတ္တိမရှိ၍ ကံအဖြစ်မရောက်တော့ပဲ ကရဏမတ္တံ ကြိယာ=ပြုရုံမျှသာ ဘာအကျိုးမျှ မဖြစ်စေတတ်သော ကြိယာ

ဟုသော ခေါ်ရတော့သည်။ တဏှာမရှိတော့ပြီဖြစ်သော ပုဂ္ဂိုလ်၏ကောင်းမှု များသည် အမြစ်ပြတ်ပြီးသော သစ်ပင်သည် အပွင့်အသီးကို မဖြစ်စေ ကြွေ လေဘိသကဲ့သို့ ပဋိသန္ဓေကို မဖြစ်စေ၍ "နဝ နတ္ထိသမ္ဘဝံ=အသစ်ကံများ လည်း ထင်ရှားခြင်း အလျှင်းမရှိ" ဟု ဟောတော်မူ၏။

နတ္ထိသမ္ဘဝံအနက်။ ။[သမ္ဘဝ-ကို ပရိတ်ဋီကာက ကံ-ဟောအဖြစ်ဆို၏။ "တုလ မတုလဉ္စ သမ္ဘဝံ"စသည်၌ ကံ-ဟောရှိနေ၍ဖြစ်သင့်သည်ကား မှန်၏။ သို့သော် အဋ္ဌကထာအလိုကား မဟုတ်။ "အတ္ထိ ခီရာ ဂါဝိ,အတ္ထိခီရာ ဗြာဟ္မဏီ" စသည် ဖြင့်"အတ္ထိခီရာ" ဟူသော ဗဟုဗ္ဗီဟိသမာသ်ကို ဗျာကရုဏ်းတို့၌ တွေ့ရ၏။ အတ္ထိ-ကို ဝိဘတ္တိပဋိရူပကအဗျယ(=ဝိဘတ်အတု နိပါတ်)ဟုရှင်း,ဝိဘတျန္တပဋိရူပက(=ဝိဘတ် အဆုံးရှိသော ပုဒ်အတု အဗျယ) ဟုရှင်း ဆို၏။ ထို့ကြောင့်"ဝိဇ္ဇမာနံ ခီရံ အဿာတိ အတ္ထိခီရာ" ဟု ပြု၏။ ။အဿာ၊ ထိုပုဏ္ဏေးမ (နွားမ) အား။ ဝိဇ္ဇမာနံ၊ ရှိနေသော။ ခီရံ၊ နို့ရည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အတ္ထိခီရာ၊ အတ္ထိခီရာမည်၏။

ထို အတ္ထိခီရာကဲ့သို့ပင် ဝိဘတ်အတု နိပါတ်ဖြစ်သော နတ္ထိပုဒ်နှင့် သမ္ဘဝ ဗဟုဗ္ဗီဟိ သမာသ် ဖြစ်နေသည်ကို သိစေလို၍ "နတ္ထိ သမ္ဘဝန္တိ အဝိဇ္ဇမာနပါတုဘာဝံ" ဟု အဋ္ဌကထာဖွင့်ခြင်းဖြစ်သည်။ နတ္ထိကား အဝိဇ္ဇမာန(=မရှိသော) အနက်ဟော။ သမ္ဘဝကား ပါတုဘာဝ (=ထင်ရှားဖြစ်ခြင်း) အနက်ဟော။ အဝိဇ္ဇမာနော သမ္ဘ-ဝေါ အဿာတိ နတ္ထိသမ္ဘဝံ။အဿ၊ ထိုကံ၏။ အဝိဇ္ဇမာနော၊ မရှိသော။ သမ္ဘဝေါ၊ ထင်ရှားပေါ်လာခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ထို့ကြောင့်။ နတ္ထိသမ္ဘဝံ၊ နတ္ထိသမ္ဘဝ မည်၏။

ဘဝသစ်၌ မတွယ်တာ။ ။သတ္တဝါများကား မိမိတို့ဘဝကလေးကို အလွန် တွယ်တာကြ၏။ဘဝကုန်ဆုံးမှုကို စိုးရိမ်ကြောက်လန့်ကြသည်မှာ မည်သည့်အရာနှင့်မဆို လဲ၍ ဟန့်တားလိုကြ၏။ မတတ်သာ၍ ဤဘဝကို စွန့်လိုက်ရစေကာမူ ဘဝအသစ်ဆက်ဖြစ်ရန်, ကောင်း သောဘဝကလေးဖြစ်ရန် တောင့်တကြသေး၏။ ဤကား ဘဝများစွာက ထက်ကြပ်ပါသော တဏှာ၏အစွမ်းပေတည်း။ ထိုတဏှာကို ပယ်ပြီးဖြစ် သော ရဟန္တာတို့မှာ ဤဘဝကုန်ဆုံးခြင်းကိုလည်း မကြောက်၊ဘဝအသစ် ဖြစ်ရန်လည်း မလိုလားတော့ပြီ။ ထို့ကြောင့် "အာယတိကေ ဘဝသ္မိံ ဝိရတ္တစိတ္တာ=နောင်ဘဝ အသစ်ဝယ် တွယ်တာသောစိတ် မရှိကြ" ဟု ဟောတော်မူသည်။

ဤ၌ ဘဝကုန်ဆုံးခြင်းကို မကြောက်၊ နောက်ဘဝလည်း မလိုလားကြ ဆိုသဖြင့် သေရခြင်းကို လိုလားနှစ်သက်နေသည် လက်ရှိဘဝ အသက်ရှင်နေရခြင်းကို သဘောကျနေသည်ဟုကား မမှတ်အပ်။ အလုပ်သမားသည် လုပ်ခကို အလိုရှိသည်ဖြစ်၍ ထိုအခ ရမည့်အချိန်ကို ငံ့မြော်နေသလို တကယ့်ငြိမ်းအေးမှုသုခဟူသော ဆုလာဘ်ရမည့် အချိန်ကိုကား စောင့်စားမြော်လင့်လျက် ရှိသတည်း။

ပဋိသန္ဓေမျိုးစေ့မရှိ။ ။မြေမရှိဆိုလျှင် သစ်ပင်မပေါက်နိုင်ဟူသော အနက်မှာ ပြီး၏။ ကံတွေကုန်ပြီဆိုလျှင် ပဋိသန္ဓေမဖြစ်တော့ပြီဟူသောအနက်လည်း ပြီးစီးတော့သည်။ ဤကား တွေးကြံမှသိရသော အနက်ဖြစ်၍ တိုက်ရိုက်သိရှိကြည့်ညိုကြရန် ကံကိုလေသာ ကုန်ခြင်းကြောင့် ရအပ်သောအကျိုးဂုဏ်အင်အဖြစ် ခီဏဗီဇာ ဟု ဂုဏ်ပြုရပြန်သည်။ကံကို အစွဲပြု၍ ပဋိသန္ဓေဖြစ်ရသောကြောင့် ကံကို လယ်ဟုရင်း, ပဋိသန္ဓေကို မျိုးစေ့ဟုရင်း ပမာပြု၍ "ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ" ဟု ဟောတော်မူ၏။ ပဋိသန္ဓေရှိလျှင် ဒုက္ခအမျိုးမျိုး စည်ပင်ပြန့်ပွါးလာသည် သာဖြစ်၍ ဗီဇ-ဟု ဆိုခြင်းဖြစ်သည်။ ပဋိသန္ဓေကြောင့် သံသရာဒုက္ခအမျိုးမျိုး, အပြစ်အမျိုးမျိုး ဖြစ်ရခြင်းသည် ဘယ်မျှအကျိုးမဲ့ ဖြစ်ရသနည်း, ဘယ်မျှဂုဏ်မဲ့ ကျက်သရေမဲ့ ဖြစ်ရသနည်းဟု စဉ်းစားမိလျှင် ပဋိသန္ဓေကုန်ခြင်းသည် ဘယ်မျှကြီးကျယ်သော ဂုဏ်ထူးဝိသေသ ဖြစ်ရကြောင်း သဘောပေါက်နိုင်သည်။ ထို့ကြောင့် ရဟန္တာအရှင်တို့၏ ဤခီဏ ဗီဇအဖြစ်ဂုဏ်သည် ခံ့မင်နှစ်သက်ဖွယ်, တောင့်တဖွယ်, မြတ်နိုးဖွယ် ဂုဏ်ပင်ဖြစ်ပေသည်။

ဘဝစည့်ကားမှုမလို။ ။သတ္တဝါတို့ကား မိမိတို့ဖြစ်ရာဘဝမှ လက်စသိမ်းရမည်ဆိုလျှင် မလိုချင်တတ်။ မနေရ၍ သေရတော့မည်ဖြစ်လျှင် ဘဝအသစ်ကိုမူ လိုချင်မြဲတည်း။ တဘဝသာမက ဘဝဆက်တိုင်း ဘယ်အဖြစ်မျိုး ဘယ်လိုစည်းစိမ်မျိုး ရလိုပါ၏ဟု ဘဝစည်ကားရေးကို တောင့်တ လိုက်သေး၏။ ဤကား ဆန္ဒတဏှာ၏လက်ချက်

ပင်တည်း၊ တဏှာမကင်းမီ ရှေးအဖို့က ရဟန္တာများ၌ ထိုဆန္ဒမျိုးရှိခဲ့သော်လည်း တဏှာကို ပယ်ပြီးသော ယခုအခါမူ "ခီဏာ ဇာတိ=ငါ့မှာ ပဋိသန္ဓေကုန်ခဲ့ရပေပြီ" ဟု ဆင်ခြင်မိတိုင်း အားရကျေနပ်လျက်ရှိရာ ဘဝအဆက်ဆက် စည်ကားရေးကို အဘယ်မှာ လိုချင်တော့ပါမည်နည်း။ ထို့ကြောင့် "အဝိရူဠှိဆန္ဒာ" ဟု ဂုဏ်ပြုရပြန်သည်။ ဘဝသစ်ကို လိုလားသော ဆန္ဒတဏှာမှာ ဒုက္ခဖြစ်ကြောင်း မကောင်းသော အမင်္ဂလာသာ ဖြစ်၏။

ထိုတဏှာဆန္ဒကို အရှင်း ပယ်သတ်နိုင်သော အရဟတ္တမဂ် ဟူသော အဝိရူဠှိဆန္ဒ အဖြစ်မှာ တကယ့်ကျက်သရေမင်္ဂလာသာဖြစ်၍ လွန်စွာ လိုလား တောင့်တအပ်သော ဂုဏ်ထူးတရပ်ပေတည်း။

ဆီမီးငြိမ်းသလို။ ။စုတိနောက် ပဋိသန္ဓေဆက်ဖြစ်ရ၍ ဘဝမပြတ်သေးသော ပုထုဇဉ်သေက္ခတို့မှာ နောင် လူ နတ် ပြဟ္မာ မောင်ဖြူ မောင်မဲ စသော ပညတ်များဖြစ်ကြရပြန်၏။ ရဟန္တာများမှာမူ စုတိဝိညာဏ်ချုပ်သည်နှင့် တပြိုင်နက် အဆက်မရှိတော့ပဲ ငြိမ်းစဲခဲ့ရသည်။ ဆီမီးသည် ငြိမ်းသည်ရှိသော် ဘယ်သို့ရောက်သွားသည် ဟုလည်း ဆိုရန်မရှိ၊ မီးဟူသောအမည်ကို ဆိုရန်လည်း မရှိတော့၊ ငြိမ်းသည်သာ ဆိုရသကဲ့သို့ ရဟန္တာများလည်း ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့၌ အပြီးသတ် ငြိမ်းပြီးဖြစ်ရာ မည်သည့်အရပ်သို့ရောက်သွားသည်၊ ဖြစ်သေးသည်၊ မဖြစ်တော့-စသည်ဖြင့် ဆိုခွင့်မရှိ၊ လူ နတ် ပြဟ္မာ စသည်ဖြင့် ပညတ်တင်စရာ ဝတ္ထုများ မရှိတော့ပြီဖြစ်ရာ ပညတ်ခြင်းအကြောင်းကိုလည်း လွန်ခဲ့ရပေပြီ။

အမှန်မမြင်ရှိသော။ ။အရှင်သာရိပုတ္တရာက စက္ခု-စသော ဒွါရခြောက်ပါး စက္ခုဝိညာဉ်စသော ဝိညာဉ်ခြောက်ပါး အသီးသီးခွဲကာ ထို ဒွါရဝိညာဉ်တို့၌ငါ၏ဥစ္စာဟုရှင်း, ငါဟုရှင်း, အတ္တဟုရှင်း, ရှုသလား, မြင်သလားဟု အရှင်ဆန္နအား မေးတော်မူ၏။ ထိုသို့ မရှုမမြင်ကြောင်း လျှောက်သော် ဘာကိုမြင်၍ ဘယ်လို သိ၍ ထိုသို့ မရှုမမြင်သလဲဟု မေးပြန်၏။ ထိုအခါ အရှင်ဆန္နက ထိုတရားတို့၌ ချုပ်ပျက်ခြင်းကိုမြင်၍

ချုပ်ပျောက်သည်၏ အဖြစ်ကို သိရ၍ ထိုသို့ မရှုမမြင်ကြောင်း လျှောက်ထားခဲ့သည်။ (သံ·၂·၂၀၃)

ဤအချက်ဖြင့် သဘာဝဓမ္မတို့၏ ချုပ်ခြင်း နိရောဓကိုမြင်ရသူ၌ တဏှာမာန ဒိဋ္ဌိစွဲများ တည်ရာမရဟု သိနိုင်သည်။ သဘာဝ ဓမ္မတို့ကိုဎင်း, ထိုသဘာဝတရားတို့၏ ချုပ်ပျောက်နေခြင်းကိုဎင်း, သဘာဝတို့ လုံးဝငြိမ်းရာ နိရောဓဓာတ်ကိုဎင်း မြင်ပြီးဖြစ်သူမှာ အမှန်တရားတို့ကို ထင်ရှားတွေ့သိ နေရသည်ဖြစ်ရာ အတ္တဟုဎင်း, ပြတ်သည်, မြဲသည်ဟုဎင်း, ရဟန္တာစုတေလျှင် ဖြစ်သလား, မဖြစ်ဘူးလား ဟုဎင်း ကြံတွေးခွင့် ပြောဆိုခွင့် မရှိတော့ပြီ။ မှန်၏၊ တံလျှပ်မှန်း မသိသူသာ တံလျှပ်ကို ရေထင်နေ၏။ မျက်လှည့်ကို အဟုတ်အမှန်ထင်နေသူမှာ လှည့်စားသည်ကို မသိသူသာဖြစ်၏။ သိသူကား လှည့်စားခြင်းမျှဖြစ်၍ အဟုတ်မဟုတ်ကြောင်း နားလည်၏။

အမြင်ပြောင်းပြန်။ ။ပိဋကတ်သုံးပုံ အကုန်တတ်မြောက် နေသူကို ဘာမျှ မသိသော လူတဦးက မည်သို့မျှ နားလည်နိုင်မည် မဟုတ်၊ အကယ်၍ အကြံသမား ဖြစ်၍ တွေးလျှင် ထိုသူ၏ ဉာဏ်အရည်ကို မှီရောက်အောင် တွေးနိုင်မည်ကား မဟုတ်၊ တောင်တောင် ဤဤ ထင်ရာမြင်ရာ အတွေးသာ ဖြစ်မည်ဖြစ်ရာ မှန်ကန်သော အတွေးကား မဟုတ်နိုင်။ သမုဒယကုန်သဖြင့် ရုပ် နာမ် ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ပြီးနေသည့်အဖြစ် အနုပါဒါပရိနိဗ္ဗာန်ဖြင့် ရုပ် နာမ် ခန္ဓာတို့မှ လုံးဝ ကင်းလွတ်နေသည့်အဖြစ်မျိုးမှာ ဂမ္ဘီရ=နက်နဲသည်, အပ္ပမေယျ=မနှိုင်းယှဉ်နိုင်, ဒုပ္ပရိယောဂါဟ=သက်ဝင်ဖို့ ခဲယဉ်းသည်ဟု ဆိုရာ နိရောဓကို ကိုယ်တွေ့မရှိ မသိ နားမလည်သူများကား ထိုအခြေအနေမျိုးကို အသိရောက်ဖို့ဝေးစွ ခန့်မှန်းရုံမျှပင် မလွယ်လှ။ နိရောဓကို ကိုယ်တွေ့ ဆိုက်ထိ သိပြီးသူတို့သာ နားလည်ရာ၏။ ထို့ကြောင့်ပင် ရဟန္တာများ၌ တကယ်နှစ်သက်ဖွယ်ရာဖြစ်သော နိရောဓမှာ သာမန်ပုထုဇဉ်တို့အဖို့ ကြောက်မက်ဖွယ် ဒုက္ခဖြစ်နေရ၏။ ရဟန္တာများ စက်ဆုတ်ဖွယ်ဖြစ်သော ဝဋ္ဋအာရုံများမှာမူ

သူတို့အဖို့ အကောင်းစား ချမ်းသာ နှစ်သက်ဖွယ်ရာဖြစ်ကာ အမြင်ချင်း ပြောင်းပြန် ဆန့်ကျင်လျက် ရှိရပေသည်။

သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။
ယတ္ထ စေတေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။
သုခံ ဒိဋ္ဌမရိယေဟိ၊ သက္ကာယဿ နိရောဓနံ။
ပစ္စနီကမိဒံ ဟောတိ၊ သဗ္ဗလောကေန ပဿတံ။

သဒေဝကဿ လောကဿ၊ နိဗ္ဗာနဓာတ် မမြင်**တတ်သည့်** နတ်နှင့်တကွ တလောကလုံးသည်။ ဧတေ၊ ဤ ရူပ သဒ္ဒ စသည့်အာရုံ ကာမဂုဏ်တို့ကို။ သုခသမ္မတာ၊ ချမ်းသာဟုပင် အမြင်မှားလတ် သမုတ်အပ်ကုန်၏။ ယတ္ထ၊ အကြင် နိဗ္ဗာနဓာတ် တရားမြတ်၌။ ဧတေ၊ ထိုဝတ္ထုအာရုံ ကာမဂုဏ်တို့သည်။ နိရုဇ္ဈန္တိ၊ လုံးဝရုပ်သိမ်း ချုပ်ငြိမ်းကြရကုန်၏။ တံ စ၊ အငြိမ်းဓာတ်မှန် ထိုနိဗ္ဗာန်ကိုမူ။ တေသံ၊ တဏှာပူးဝင် ပုထုဇဉ်ဟု ဉာဏ်မြင်ကင်းသူ ထိုနတ်လူတို့သည်။ ဒုက္ခသမ္မတံ၊ ကြောက်ဖွယ်ရာမြင် ကောင်းမထင်ပဲ တွင်တွင်ရှုတ်ချ ဒုက္ခဟု သမုတ်အပ်ပေသတည်း။

သက္ကာယဿ၊ ဥပါဒါန်နယ် တွယ်ရာအကြောင်း ခန္ဓာငါးပါးအပေါင်း၏။ နိရောဓနံ၊ လုံးဝရုပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို။ သုခံ၊ ချမ်းသာအစစ် ကေန်ဖြစ်၏ ဟူ၍။ အရိယေဟိ၊ သန့်ရှင်းဖြူစင် အရိယာအရှင်တို့သည်။ ဒိဋ္ဌံ၊ ကိုယ်တွေ့ဆိုက်ထိ သိအပ်ပေပြီ။ ဣဒံ၊ နတ်လူသာမန် မမြင်တန်သည့် နိဗ္ဗာန်တရားမြတ် ဤအငြိမ်းဓာတ်ကို။ ပဿတံ၊ မဂ်သိဖိုလ်သိ အမြင်ရှိလာ အရိယာအရှင်မြတ်တို့အဖို့။ သဗ္ဗလောကေန၊ ကိလေသာဟု သလာတွေဖုံး တလောကလုံးနှင့်။ ပစ္စနီကံ၊ အမြင်နှစ်ဝ ယှဉ်မရပဲ လုံးဝဆန့်ကျင် ပြောင်းပြန်ပင်။ ဟောတိ၊ အမှားအမှန် မြင်ဟန်ယှဉ်ဆ မတူမျှချေ ဖြစ်ရပေသတည်း။ (သဠာယတနဝဂ္ဂသံယုတ်၊ ၃၄၂)

(၄၃) ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

(၄၃) ဣဓ၊ ဤအရပ်၌။ ဘုမ္မာနိ၊ မြေ၌ဖြစ်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ရင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ရင်း။ သမာဂတာနိ၊ စုဝေးရောက်လာ ကြကုန်၏။ (တေ မယံ၊ ထိုငါတို့သည်။) ဒေဝမနုဿပူဇိတံ၊ နတ်လူအများ လေးစားပူဇော် အပ်သော။ တထာဂတံ၊ တထာဂတ မည်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿာမ၊ ရှိခိုးကြပါကုန်၏။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

(၄၄) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

(၄၄) ဣဓ၊ ဤအရပ်၌။ ဘုမ္မာနိ၊ မြေ၌ ဖြစ်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ရင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ရင်း။ သမာဂတာနိ၊ စုဝေးရောက်လာ ကြကုန်၏။ (တေ မယံ၊ ထိုငါတို့သည်။) ဒေဝမနုဿပူဇိတံ၊ နတ်လူအများ လေးစားပူဇော် အပ်သော။ တထာဂတံ၊ တထာဂတ မည်တော်မူသော။ ဓမ္မံ၊ တရားတော်ကို။ နမဿာမ၊ ရှိခိုးကြပါကုန်၏။ သုဝတ္ထိ ဟောတု၊ သတ္တဝါတွေ ချမ်းသာပါစေသတည်း။

(၄၅) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

(၄၅) ဗုမ္မ၊ ဤအရပ်၌။ ဘုမ္မာနိ၊ မြေ၌ ဖြစ်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင်နတ်တို့သည်ရင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ယာနိ ဘူတာနိ ဝါ၊ အကြင် နတ်တို့သည်ရင်း။ သမာဂတာနိ၊ စုဝေး ရောက်လာကြ ကုန်၏။ (တေ မယံ၊ ထိုငါတို့သည်။) ဒေဝမနုဿပူဇိတံ၊ နတ်လူအများ လေးစားပူဇော် အပ်သော။ တထာဂတံ၊ တထာဂတ မည်တော်မူသော။ သံဃံ၊ သံဃာတော်ကို။ နမဿာမ၊ ရှိခိုးကြပါ ကုန်၏။ သုဝတ္ထိ ဟောတု၊ သဏ္ဍဝါတွေ ချမ်းသာပါစေသတည်း။

စကားပြေ— မြေ၌ဖြစ်သော နတ်များ, ကောင်းကင်၌ဖြစ်သော နတ်များ ဤအရပ်၌ စည်းဝေးလျက် ရှိကြ၏။ ထိုနတ်ပေါင်းများစွာ ငါတို့သည် နတ်လူအများ လေးစားပူဇော်အပ်သော တထာဂတ ဘွဲ့မည်ရသော မြတ်စွာဘုရားကို ရှိခိုးကြပါကုန်၏။ သတ္တဝါတွေ ချမ်းသာပါစေ။ (နောက် နှစ်ဂါထာ၌ ဓမ္မ, သံဃာ သာ ကွဲသည်။ အထူးမရှိ။)

သိကြားမင်း အဆို။ ။"ယာနိဓ ဘူတာနိ"စသော သုံးဂါထာကား သိကြားမင်းရွတ်ဆိုသောဂါထာဟုဆို၏။ မြတ်စွာဘုရားသည် ရတနာသုံးပါး၏ ဂုဏ်ဖော်ကာ သစ္စာပြုလျက် မြို့သူ မြို့သားများ ချမ်းသာအောင် ပြုတော်မူခဲ့ပြီ။ ငါလည်း မြို့သူ မြို့သားများ ချမ်းသာရေးအတွက် ရတနာသုံးပါး၏ ဂုဏ်ကိုအစွဲပြု၍ တခုခုကို ဆိုသင့်သည်ဟု အကြံရကာ ဤသုံးဂါထာကို ရွတ်ဆိုခဲ့ပေသည်။

တထာဂတ။ ။တထာဂတသည် အခြားအရာ၌ ဘုရားကိုသာ ဟောမြဲတည်း၊ ဤ၌ တရား သံဃာတို့ကိုလည်း တထာဂတ သဒ္ဒါဖြင့် ဂုဏ်ပြုခဲ့သည်။

တထာ=ရှေးဘုရားများ လာနည်းအရ၊ အာဂတ=လာခဲ့သော ဘုရား။ တလောကလုံး အကျိုးစီးပွါးအတွက် ကြိုးစားတော်မူခဲ့ကြသော ရှေးဘုရားရှင်တို့သည် ပါရမီသယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်း

ကြီးငါးပါး, စရိယာသုံးပါး စသော ဘုရားဖြစ်ကြောင်း အကောင်းဆုံး တရားများကို ဖြည့်ကျင့်ကာ ဘုရားအဖြစ် ရောက်လာကြသည့် နည်း အတိုင်း ဤဘုရားရှင်လည်း ထိုတရားများ ဖြည့်ကာ ဘုရားအဖြစ်သို့ ရောက်လာရသည်။

တနည်း တထာ+ဂတ-ဟု ဖြတ်၍ တထာ=ရှေးဘုရားများ ကြွနည်း အတိုင်း၊ ဂတ=ကြွတော်မူသော ဘုရား။ ရှေးဘုရားရှင်များ ဖွားတော် မူစအခါ ခုနစ်ဘဝါး လှမ်းကြွသကဲ့သို့ ဤဘုရားရှင်လည်း ထိုနည်း အတိုင်း ကြွတော်မူသည်။ ထို့ပြင် ဂမုဟူသည် သွားခြင်းသာမက သိခြင်း ပါဟောသည်ဖြစ်ရာ တထာ=ရှေးဘုရားများ သိပုံအတိုင်း၊ ဂတ=သိ တော်မူသော ဘုရားဟုယူ။ ရှေးဘုရားများ သစ္စာလေးပါး သိတော်မူ သည်၊ သဗ္ဗညုတဉာဏ်တော်ဖြင့် အလုံးစုံ သိတော်မူသည်။ ထိုအသိ အတိုင်း ဤဘုရားလည်း သိတော်မူသည်။

ဂဒ-က ဂတ-ဖြစ်လာသည်ဟု တမျိုးကြံပြန်သော် တထာ=ရှေးဘုရား တို့ အမှန်စကား အမှန်တရားကို ပြောကြား ဟောကြားသလို။ ဂတ= ပြောဟောတော်မူသော ဘုရားဟုလည်း အနက်ယူ။

တရား၏ တထာဂတမည်ပုံ။ ။တထာ=ထို အရောက်မျိုးဖြင့်၊ ဂတ= ရောက်အပ်သော တရား။ ထိုအရောက်မျိုး ဆိုသည်မှာ သမထဝိပဿနာ စုံတွဲကာဖြင့် ကိလေသာ အသင်းအပင်းကို ရှင်းလင်း ဖြတ်တောက်သဖြင့် ရောက်အပ်သော ရောက်ခြင်းမျိုးတည်း။ သမထ ဝိပဿနာစွမ်းအားဖြင့် ကိလေသာတို့ကို ပယ်သတ်လျက် ရောက် အပ်သော တရားဆိုသည်မှာ မဂ်ဖြစ်၍ ဤအနက်အရ မဂ်တရားကို ရ၏။

နိဗ္ဗာန်အတွက်မူ တထာ=ထိုဉာဏ်အသိမျိုးဖြင့် ဂတ=သိအပ်သော တရားဟု အနက်ဆို။ ဆင်းရဲခပ်သိမ်း ငြိမ်းပျောက်နိုင်သော မဂ်အသိ မျိုးဖြင့် သိအပ်သော တရားဟု ဆိုလိုသည်။ အဋ္ဌကထာ၌ ဓမ္မအရ မဂ်နှင့် နိဗ္ဗာန်တရား နှစ်မျိုးသာ ဖွင့်၏။ ခုဒ္ဒကပါဌအဋ္ဌကထာဆရာကား "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဖွင့်ရာ၌လည်း ကေဆရာတို့က မဂ်ဖိုလ်နိဗ္ဗာန်ကို

ဆိုကြောင်းပြ၍ မိမိအကြိုက်မှာ ဓမ္မအရ မဂ်နှင့် နိဗ္ဗာန်သာဖြစ်ကြောင်း မိန့်၏။

သရဏဂုံဖွင့်ရာ အခြား အဋ္ဌကထာများ၌ ဓမ္မအရ မုချ ပရိယာယ် အားဖြင့် တရားအကုန်ပင် ယူခဲ့၏။ "ရာဂဝိရာဂမနေဇမသောကံ" စသော ဆတ္တမဂါထာဝက ဝိမာနဝတ္ထုပါဠိ၌ ထိုသို့ တရားအကုန် ကိုးကွယ်ရန် ဟော ထားလျက်ရှိကြောင်း ဖြင့်လည်း ကိုးကားခဲ့၏။ ထို့ကြောင့် ဤအရာ၌ လည်း တရားအကုန်ယူခြင်းမှာ လျော်ကန်၏။ အားလုံး တရားများမှာ ပူဇော်အပ်သည်ချည်း ဖြစ်သည်။ သို့ဖြစ်လျှင် တထာဂတ၌ ဖိုလ်တရား အတွက် တထာ=ထိုမဂ်တရား အာရုံပြုသော အားဖြင့် နိဗ္ဗာန်သို့ ရောက်ပုံ မျိုးဖြင့်၊ ဂတ=ရောက်သော် တရားဟုရင်း,ပရိယတ္တိအတွက်မူ တထာ= ထို ရှေးဘုရားတို့ သိပုံအတိုင်း၊ ဂတ=ဤဘုရား သိအပ်သော တရားဟု ရင်း ကြံသင့်သည်။

သံဃာ၌တထာဂတမည်ပုံ။ ။တထာ=ထို ရောက်ပုံမျိုးဖြင့်၊ ဂတ= ရောက်သော ပုဂ္ဂိုလ်။ ထိုအရောက်မျိုး ဆိုသည်မှာ ကိုယ်ကျိုးစီးပွါးအတွက် ကျင့်ကြံကြသော ပုဂ္ဂိုလ်တို့သည် ထိုထို မဂ်ဖြင့် ရောက်အပ်သကဲ့သို့ ဤအတူ ထိုထိုမဂ်ဖြင့် ရောက်သောကြောင့် သံဃာသည် တထာဂတ အမည်ရသည်။

တိုက်တွန်းချက်။ ။သဒါ မာနံ ကဒရေ ဇာနံ၊ ရတနံ ရတနတ္တယေ။ ကိံ အန္ဓော ရတနံ လဒ္ဓါ၊ ဝိဇာနေယျ အနဂ္ဃတံ။

ရတနတ္တယေ၊ တခေတ်တခါ ကြုံခဲစွာလျှင် ပေါ်လာထူးခြား ရတနာ မြတ်သုံးပါး၌။ ရတနံ၊ နှစ်သက်ဖွယ်စုံ ဂုဏ်ရည်ဝင်းသစ် ရတနာ၏အဖြစ်ကို။ ဇာနံ၊ တရားမှန်ပြင် ဖန်ဖန်တင်လျက် ဆင်ခြင်တွေးမိ သိရှိသည်ဖြစ်၍။ မာနံ၊ သတိမလပ် ပဋိပတ်ဖြင့် ပေးအပ်မယှင်း လေးမြတ်ခြင်းကို။ သဒါ ကရေ၊ ဘယ်အခါမဆို ရှင့်အလိုလိုက် စရိုက်မွေးကာ ပြုကျင့်ရာ၏။ အန္ဓော၊ သန္ဓေကပင် မမြင်မစမ်း စုံလုံးကန်းသူသည်။ ရတနံ၊ တန်ဖိုး ထိုက်လျက် နှစ်သက်ဖွယ်ရာ ရတနာကောင်းကို။ လဒ္ဓါ၊ အခွင့်သင့်ကာ

ရလာသည်ရှိသော်။ ဆနဂ္ဂတံ၊ အဖိုးကန့်သတ် မဖြတ်နိုင်သည်၏ အဖြစ်ကို။ ကိ ဝိငဝနေယျ၊ ဓရေးရေးမျှပင် အမြင်မရှိ အဘယ်မှာ သိနိုင်ပါအံ့နည်း။

မှတ်သားဖွယ် ဇမ်ပွါယ်နှင့်တကွ

ရတနသုတ် နိဿယသစ် ပြီးပြီ။

(၄၆) ယဿာ’နုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါ’နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ’မတန္ဒိတော။

(၄၇) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၄၆) ဟေ၊ အို...သူတော်ကောင်းတို့။ ယဿ ပရိတ္တဿ၊ အကြင် မေတ္တသုတ် ပရိတ်တော်၏။ အာနုဘာဝတော၊ အစွမ်းရှိန်စော် အာနုဘော်ကြောင့်။ ယက္ခာ၊ နတ်အများတို့သည်။ ဘီသနံ၊ ကြောက်မက်ဖွယ် အာရုံမျိုးကို။ နေဝ ဒဿေန္တိ၊ မပြနိုင်ကြကုန်။ ယမှိ စေဝ၊ အကြင်မေတ္တသုတ် ပရိတ်တော်၌သာလျှင်။ ရတ္တိန္ဒိဝံ၊ နေ့ ည မပြတ် အခါခပ်သိမ်း။ အတန္ဒိတော၊ ပျင်းရိခြင်း မရှိဘဲ။ အနုယုဉ္ဇန္တော၊ ထပ်တလဲလဲ စွဲမြဲရွတ်ပွါး အားထုတ်သူသည်။

(၄၇) သုခံ၊ ချမ်းချမ်းသာသာ။ သုပတိ၊ အိပ်စက်ရ၏။ သုတ္တော၊ အိပ်ပျော်သည်ရှိသော်။ ကိဉ္စိ၊ တစုံတခုသော။ ပါပံ စ၊ အိပ်မက်ဆိုးကို လည်း။ န ပဿတိ၊ မမြင်မက်ရ။ ဧဝမာဒိဂုဏူပေတံ၊ ဤသို့အစရှိသော အကျိုးဂုဏ်အင် အာနိသင်နှင့်ပြည့်စုံသော။ တံ ပရိတ္တံ၊ ထိုမေတ္တသုတ် ပရိတ်တော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

စကားပြေ—အို.... သူတော်ကောင်းတို့ မေတ္တသုတ် ပရိတ်တော်၏ အာနုဘော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ် အာရုံမျိုးကို မပြနိုင်ပဲ ရှိကြရသည်။ ထို မေတ္တသုတ် ပရိတ်တော်၌ နေ့ညမပြတ် ထပ်တလဲလဲ စွဲမြဲရွတ်ပွါး ကြိုးစားအားထုတ်သူသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏၊ အိပ်ပျော်သည်ရှိသော် မကောင်းသော အိပ်မက်မျိုးလည်း

မမြင်မက်ရပေ။ ဤသို့စသော အကျိုးအာနိသင်နှင့် ပြည့်စုံသော မေတ္တသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့။

အချီး အမွှမ်း။ ။"ယဿာနုဘာဝတော" စသည်ကား မေတ္တသုတ်ကို ရွတ်ဆို ပွါးများခြင်း၌ အားစိုက်ကြိုးပမ်း လာချင်အောင် အကျိုးဂုဏ်အင် အာနိသင်ပြကာ ဂုဏ်တင်ချီးကျူးသော အချီးအမွှမ်း ဂါထာပင်တည်း။ ဘုရားဟောကား မဟုတ်သေး၊ ရှေးဆရာတို့၏ အဆိုဖြစ်သည်။

နိဒါန်းအဋ္ဌုပ္ပတ်။ ။မေတ္တသုတ် အာနုဘော်ကြောင့် နတ်အများတို့ ကြောက်မက်ဖွယ် အာရုံကို မပြနိုင်ဟူသော အကျိုးကား မေတ္တသုတ်အဖွင့် အဋ္ဌကထာများလာ ဝတ္ထုအရ အကျိုးပြပင် ဖြစ်၏။ အခါတပါး ရဟန်းငါးရာတို့သည် ဘုရားမြတ်ထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် ဟိမဝန္တာနှင့် တစပ်တည်း တည်နေသော တောအုပ်တခုသို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြ၏။ ထိုရဟန်းတော်တို့၏ သီလတန်ခိုးကြောင့် သစ်ပင်များရှိ နတ်များမှာ သစ်ပင်၌ မနေဝံ့ကြပဲ ကလေးများကို လက်ဆွဲကာ လှည့်လည်နေကြကုန်၏။ တနေ့ ပြန်နိုးနိုး စောင့်နေခဲ့ရာ အရှင်များ မပြန်တော့မည်ကို သိရ၍ မနေဝံ့အောင် ညဥ့်အခါ ကြောက်မက်ဖွယ် အဆင်းအသံများ ပြကာ ခြောက်လှန့်ကြတော့သည်။ ထိုအကြောင်းကြောင့် ရဟန်းများ ထိတ်လန့်ကြ၍ ရောဂါအမျိုးမျိုးရကာ သမာဓိမရဖြစ်ကြရာ မိမိတို့ ဤအရပ်မှာ မနေသင့်ဟု ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်ထံ ကြွရောက်၍ ဤအကြောင်းကို လျှောက်ထားကြ၏။ မြတ်စွာဘုရားလည်း ဤရဟန်းများ ထိုနေရင်းအရပ်မှလွဲ၍ သပ္ပါယဖြစ်ရာ အခြားအရပ်မရှိဟု မြင်တော်မူ၍ ထိုအရပ်သို့ပင် ပြန်လည်နေကြရန် မိန့်တော်မူပြီးလျှင် ဤမေတ္တသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှါရင်း၊ အကာအကွယ် အရံအတားအလို့ငှါရင်း သင်ကြားပေးအပ်တော်မူခဲ့၏။

ရဟန်းတော်များလည်း ပြန်လာကြပြီးလျှင် ဘုရားရှင် သင်ပေးညွှန်ကြားအပ်သည့်အတိုင်း မေတ္တသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာကို

ပွါးများကြရာ နတ်အများက ချစ်မြတ်နိုးကြလျက် ဝတ်ကြီးဝတ်ငယ်များပင် ပြုလုပ်စောင့်ရှောက်ကြ၏။ ထိုရဟန်းများလည်း မေတ္တာဘာဝနာပွါး၍ ထိုမေတ္တာသုတ်ကို အခြေခံကာ ဝိပဿနာအားထုတ်ခြင်းဖြင့် ဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့ အားလုံးရောက်ကြလျက် မဟာပဝါ-ရဏာနေ့၌ ဝိသုဒ္ဓိပဝါရဏာကို ပြုကြရကုန်သတတ်။ (အကျယ်ကို သုတ္တ-နိပါတ် ငှ၁၊ ခုဒ္ဒကပါဌ ၂၁၅ အဋ္ဌကထာများ၌ ကြည့်ပါ။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[ယက္ခ-သဒ္ဒါ သီကြား, နတ်ဘီလူးတို့ကို ထိုထိုအရာ၌ ဟောရာ ဤ၌ အဋ္ဌုပ္ပတ်အရ နတ်တို့သာ ယူခဲ့၏။ နတ်များ မပြနိုင်ဆိုသဖြင့် ဘီလူးများလည်း မပြနိုင်ဟူသော အနက်မှာ ပြီး၏။

ဘီသန-၌ သဒ္ဒနီတိအလို ဘီသိဓာတ် ရှုဓာဒိဖြစ်၍ နိဂ္ဂဟိတ်နှင့် ဘီံ သန-ရှိသင့်သည်။ သက္ကတ၌ကား ဘီဓာတ်ဖြင့်ဖြီး၍ ဘီသန ရှိ၏။

· ယမှိ-၌ ယံ·ဟိ-ဟုဖြတ်၍ မဒါသရေ-၌ မဒါ ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်က "မ" ပြု၍ ကံအဖြစ်ကို အလိုရှိကြ၏။ အားထုတ်ခြင်းအနက်ဟော "အနုယုဥ္ဇ ယုဥ္ဇ အာယောဂ" စသော အရာတို့၌ "ပမာဒမနုယုဥ္ဇန္တိ၊ မာ ပမာဒမနုယုဉ္ဇေထ" (ဓမ္မပဒ ၁၇)စသည်ဖြင့် ကံကို တွေ့ရသကဲ့သို့ "ဣသယ် တုမှေ အာနန္ဒ သာရတ္ထေ ဃဋထ အနုယုဉ္ဇထ" (ဒီ-၂၊မဟာပရိနိဗ္ဗာနသုတ်-၁၁၇), ယုဥ္ဇထ ဗုဒ္ဓသာသနေ (သဂါထာဝဂ္ဂ ဗြဟ္မသံယုတ်-၁၅၉), "အခိဝိတ္တေ စ အာယောဂေါ" (ဓမ္မပဒ-၄၁၊-၂၇)စသည်ဖြင့် အာဓာရကိုလည်း တွေ့ရသည်။ ထို့ကြောင့် အာဓာရကို လို၍ ယမှိ-ဟု ဆိုခြင်းသာ ဖြစ်ရာ ယံ ဟိ-ဟုဖြတ်၍ ကံကြံခြင်းမှာ ဂါထာဘာဏက ဆရာရှင်၏ အလိုကျမည် မဟုတ်ပေ။

ရတ္တိန္ဒိဝံ-ကား ဒွန်သမာသ်ပုဒ်၊ "ရတ္တော စ ဒိဝါ စ ရတ္တိန္ဒိဝံ"ဟုဥင်း"ရတ္တိ စ ဒိဝါ စ ရတ္တိန္ဒိဝံ" ဟုဥင်း အာခေယ်ကို ငဲ့ခြင်း ရှိ မရှိ နှစ်မျိုးပင်ပြုနိုင်သည်၊ "ရတ္တိန္ဒိဝဒါရဂဝ တေရဿာ" မောဂ္ဂလ္လာန်သုတ် (၃၊၄၇)ဖြင့် အ-ပစ္စည်းသက်၍ နုမ် (ရှေ့ပုဒ်အဆုံး၏ ၆-အာဂုမ်) လာ၍ ပြီးသည်။ သမာဟာရဒွန်ဖြစ်၍ နပုံလိင်ဖြင့် ရှိသည်။ နေ့ရော ညပါ ခပ်သိမ်းသော အခါ၌ဟူ၍ရင်း, နေ့ည ပတ်လုံးဟုဥင်း ပေးနိုင်သည်။ သမာသ် မှုဒ်ဖြစ်၍ ရတ္တိံ စ၊ ညဉ့်၌ရင်း။ ဒိဝံ စ ၊နေ့၌ရင်းဟု မပေးရတော့ပေ။

အတန္ဒိတော-၌ တန္ဒာ(=ပျင်းရိခြင်း) ကား တာရကာဒိဂိုဏ်း ဖြစ်၍"သဥ္စာတ-တာရကာဒိတွံ့တာ" မောဂ္ဂလ္လာန်သုတ်(၄၊၄၅) ဖြင့် ဣဝ ပစ္စည်းသက်၍ ပြီးသည်။ သဥ္စာတာ တန္ဒာ အဿာတိ တန္ဒိတော။ ။အဿ၊ ထိုသူအား။ သဥ္စာတာ၊ ဖြစ်သော။ တန္ဒာ၊ ပျင်းရိခြင်းသည်။ အတ္ထိ၊ ရှိ၏။ န တန္ဒိတော၊ ဖြစ်သော ပျင်းရိခြင်းရှိသူမဟုတ်။ အတန္ဒိတော၊ မဟုတ်။

အနုယုဥ္စေယျ- ဆိုလျှင် မပျင်းဘဲဟုသောအနက်မှာ ပြီးနေပါလျက် အတန္ဒိတော ဟု အထူး မ'၍ ဆိုသည်မှာ ထူးခြားသော ရည်ရွယ်ချက်အရ ဖြစ်၏။ ဘာဝနာမှုမှန်သမျှ၌ ဤအပျင်းကား အလွန်ကြီးကျယ်အားကောင်းသော အဖျက်အဆီး တရပ်ပင်တည်း။ အနီးကပ်ဆုံး နိုပ်စက်လျက်ရှိသော ရန်သူဟုလည်း ဆိုရ၏။ ထိုအပျင်းရှိသူ၌ ဘာဝနာမှုကို မပြုလို၊ ပြုပါသော်လည်း တင်းတင်းရင်းရင်း ကြိုးကြိုးစားစား မပြုနိုင်ရှိ၍ မင်္ဂိုလ်ရသည်အထိ ခရီးရောက် ပြီးမြောက်ရေး၌ အဆီးအတား အနှောင့်အယှက် တရပ် ဖြစ်ရသည်။ ထိုကြောင့် ထိုအနှောင့်အယှက်ကို အထူး တိုက်ဖျက်စေလို၍ အတန္ဒိတော ဟု အထူးဆိုခဲ့ရသည်။]

မေတ္တာအကျိုး ၁၁-ပါး။ ။ဤ၌ "သုခံ သုပတိ၊ ပါပံ ကိဉ္စိ န ပဿတိ" တို့ကား မေတ္တာအကျိုး တဆယ့်တပါးမှ **အကျိုးများပင်တည်း။** ထိုအကျိုးနှစ်ပါးအပြင် အခြားအကျိုးများပါ ယူစေလို၍ "ဝေမာဒိဂုဏာပေတံ"ဟု မိန့်ဆိုခြင်းဖြစ်၏၊ထို့ကြောင့် မေတ္တာ **အကျိုးများကို** ပြဆိုဦး ည်။

မေတ္တာပွါးသူ၌ အေးချမ်းရွှင်ကြည် တည်ငြိမ်သောစိတ်ရှိရာ ထိုစိတ်ကြောင့်ပင် မေတ္တာမပွါးသူ လူသာမန်တို့ကဲ့သို့ ဟောက်ခြင်း, လူးလိမ့်ခြင်းမရှိ, သမာပတ်ဝင်စားသော ပုဂ္ဂိုလ်ပမာ တည်ငြိမ်သက်သာ ချမ်းသာစွာ အိပ်ရတတ်၏။ အိပ်စဉ်က ချမ်းသာစွာ အိပ်ရသောကြောင့် နိုးသော အခါလည်း ညည်းတွားခြင်း တွန့်လိမ်ခြင်းစသော ဖောက်ပြန်မှုမရှိ, ပကတိ သက်သာ ချမ်းသာစွာ နိုးရတတ်၏။ တည်ငြိမ် အေးမြသော ကိုယ်စိတ်ရှိနေသော ထိုမေတ္တာပွါးသူ၌ ဓာတ်ချောက်ချားခြင်း စသော ဖောက်ပြန်မှု မရှိသောကြောင့် မကောင်းသော အိပ်မက်ဆိုးများသည်း မမြင်မမက်ရတော့ပေ။ သတ္တဝါတို့အပေါ်မှာ ချစ်မြတ်နိုးလျက်ရှိနေသော

မေတ္တာပွါးသူ၏ မေတ္တာစေတ်မှာ စေတ်ခိုက်လျက်ရှိရာ ထိုသူအား လူတို့ကလည်း ချစ်ကြရ၏။ နတ်တို့ကလည်း ချစ်မြတ်နိုးကြသည်ချည်း။ ချစ်မြတ်နိုးကြသောကြောင့် နတ်တို့က စောင့်ရှောက်ကြ၏။

မေတ္တာသည် အကာအကွယ် အဆီးအတားကောင်း တရပ် ဖြစ်ရာ ပွါးသူအား အဆိပ် လက်နက် မီးများ မထိမလောင် မစူးရှနိုင်ပေ။ မေတ္တာပွါးသူ၌ ကိုယ်စိတ်အေးငြိမ်းခြင်း ပဿဒ္ဓိဖြစ်လျက် နေ၏။ ယင်း ပဿဒ္ဓိမှာ သမာဓိဖြစ်ကြောင်းဖြစ်ရာ စိတ်လျင်မြန်စွာ တည်ကြည်ပေတော့သည်။ မေတ္တာစေတ် အမြဲကိန်းနေသဖြင့် မျက်နှာအဆင်း အလွန်ကြည်လင်လှပ၏။ ထိုအေးချမ်း တည်ငြိမ်သော ကိုယ်စိတ် ရှိနေသောကြောင့်ပင် သေသောအခါ မတွေမဝေပဲ အိပ်ပျော်သွားရသလို သေရကတ်၏။ အရဟတ္တဖိုလ်အထိ မပေါက်နိုင်သေးလျှင် ဗြဟ္မာ့ပြည်သို့ရောက်ရသည်။ ဤကား ကောဒသင်္ဂုတ္တရမှ မေတ္တာအကျိုး တဆယ့်တပါးပင်တည်း။ (အံ-၃၊၁၉၂)

> ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့် တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မသေ့၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာ မေတ္တာအကျိုး။

အခြား အကျိုးများ။ ။လူတယောက်သည် နံနက်အခါ ထမင်းအိုးကြီး အလုံးတရာ လှူ၏။ နေ့လယ်တရာ ညတရာလှူ၏။ တယောက်ကား နံနက် နွားနို့တညှစ်စာမျှ မေတ္တာပွါး၏၊ နေ့လယ် ညနေတို့၌လည်း နွားနို့တညှစ်စာမျှပင် မေတ္တာပွါး၏။ တနေ့သုံးခါ ထမင်းအိုးကြီး အလုံးတရာစီ လှူသူ၏ ဒါနထက် တနေ့သုံးခါ နွားနို့ တခါညှစ်စာမျှ မေတ္တာပွါးသူ၏ ကုသိုလ်က သာလွန် အကျိုးကြီးလှ၏။ ဤအချက်ကို နိဒါနဝဂ် ဩပမ္မ သံယုတ်(၄၅၅) ၌ ဟောတော်မူ၏။ ဤဒေသနာဖြင့် မေတ္တာတရားသည် အလွန်အကျိုးကြီးမား၍ မိမိတပည့်

သာဝကများ မေတ္တာပွါးရန် ဘုရားရှင် အထူးလိုလားတော်မူသည်ဟု သိရ၏။ ဘုရားရှင်လည်း လိုလား အကျိုးလည်း ကြီးမားသော ထိုမေတ္တာကို ဘုရားတပည့်တိုင်း မပွါးပဲ မနေထိုက်ဟု သိစေသည်။ (နိဒါနဝဂ္ဂ ဩက္ခာသုတ္တ-၄၅၅)

တမျိုး။ ။မိန်းမများ၍ ယောကျ်ားနည်းသော အိမ်မှာ သူခိုးဓားပြများ အလွယ်တကူ တိုက်ဖျက်နိုင်သကဲ့သို့ မေတ္တာမပွါးသူအား နတ်ဘီလူးများက အလွယ်နှင့်ဖျက်ဆီးနိုင်၏။ ယောကျ်ားများ၍ မိန်းမနည်းသောအိမ်ကိုမူ သူခိုးဓားပြများ တိုက်ဖျက်ရန် မလွယ်ကူသကဲ့သို့ မေတ္တာပွါးသူအား နတ်ဘီလူးများ မဖျက်ဆီးနိုင်။ ဤအကြောင်းကိုလည်း နိဒါနဝဂ္ဂ ဩပမ္မသံယုတ် ကုလသုတ် (၄၅၄-၅) ၌ ဟောတော်မူသည်။ တန်ခိုးရှိသော နတ်ဘီလူးများပင် မဖျက်ဆီးနိုင်လျှင် တန်ခိုးမရှိသောလူများကား ဘယ်မှာ ဖျက်ဆီးနိုင်တော့မည်နည်း။ ဤသို့ မည်သူမျှ မဖျက်ဆီးနိုင်ဆိုသဖြင့် မေတ္တာဘာဝနာ၏ တကယ့်အကွယ်အကာ အရံအတားကောင်းအဖြစ်ကို သိနိုင်၏။ ဘေးရန်ဟူသမျှကို ကွယ်ကာတတ်သော ထိုမေတ္တာအရံအတားကို ဘယ်သူသည် မပြုထိုက်ပဲ ရှိအံ့နည်း။

အကျိုးထူးတရပ်။ ။လက်ဖျစ်တခါတီးမျှ မေတ္တာပွါးသူကား ဈာန်မဆိတ်သူ, ဘုရားမြွတ် အဆုံးအမဩဝါဒကို လိုက်နာသူဖြစ်၍ တိုင်းပြည်၏ဆွမ်းကို အကျိုးမဲ့ အချည်းနှီး ဖြစ်အောင် မပြုပဲ သုံးဆောင်သူဖြစ်ကြောင်း ကေဂုတ္တရ (၉) ၌ ဟောတော်မူ၏။ မေတ္တာပွါးသော ရဟန်း၏ဆွမ်းသုံးဆောင်ခြင်းမှာ သာမိပရိဘောဂ (=စိုးရပိုင်ဆိုင်ခြင်းဖြင့် သုံးဆောင်ခြင်း), အာဏဏျပရိဘောဂ (=ကြွေးမတင်သော သုံးဆောင်ခြင်း) ဒါယဇ္ဇပရိဘောဂ (=အမွေခံအဖြစ်ဖြင့် သုံးဆောင်ခြင်း) ဖြစ်၍ အကျိုးရှိသော သုံးဆောင်ခြင်းမျိုးဖြင့် သုံးဆောင်သည်မည်၏။ ဆွမ်းလှူသူအား အကျိုးကြီးမားစေတတ်၍လည်း အကျိုးရှိသော သုံးဆောင်ခြင်းဖြစ်ရ၏။ ဤစကားဖြင့် မေတ္တာပွါးသူ၌ ဂုဏ်အရည်အသွေး အရှိန်အဝါ တိုးတက်လာကြောင်း သိရ၏။ လူပင်ဖြစ်စေ မေတ္တာပွါးသူနှင့် မပွါးသူမှာ

အရည်မတူတတ်ပဲရှိရာ ညီတူညီမျှ လှူလျှင် မေတ္တာပွါးသူကို လှူခြင်းက ပို၍အကျိုးရနိုင်သည်။ ဤ၌ မေတ္တာနှင့်ဆိုင်သော အရာဖြစ်၍ မေတ္တာကို ဆိုနေရခြင်းဖြစ်၏။

ဤသို့ ဂုဏ်အရည်အသွေးတက်မှုမှာ အခြား မဂ်ဖိုလ်ရကြောင်း သတိပဋ္ဌာန်စသော ဘာဝနာမှုဖြင့်လည်း တိုးတက်လာနိုင်ကြောင်း ရှင်းအဂုံတ္တရအရပင် သိရ၍ ဘာဝနာမှုမှန်သမျှ ပုဂ္ဂိုလ်၏အရည်အသွေး တက်လာစေသည်ဟု သိနိုင်၏။ သို့ အရည်အသွေးတက်လာနိုင်သည်ဆိုလျှင် မိမိ၏ အရည်အသွေးကို မေတ္တာဘာဝနာဖြင့် တင်မပေးထိုက်ပဲ ရှိပါတော့မည်လော၊ မေတ္တာပွါးသူ၌ ဂုဏ်ကျက်သရေ တက်လျက်ရှိ၏။ ကျက်သရေရှိသူမှာ မကောင်းသောဘေးရန် အန္တရာယ်များ မကပ်လာနိုင်ပဲ ကောင်းသော လာဘ်သပ်ပကာ ချမ်းသာစည်းစိမ်များသာ ဝင်လာလိမ့်မည်ဟု ယုံကြည်လျှင် ထိုယုံကြည်မှုမှာ တကယ်ဖြစ်နိုင်သော ယုံကြည်ချက်သာ ဖြစ်ပေသည်။

မေတ္တာစိတ်ရှိနေသူ၌ အခြား ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မဝိဟာရများ ဖြစ်ပွါးနိုင်တော့သည်။ ဒါန သီလစသော ပါရမီများပြည့်ရန်လည်း လွယ်ကူလျက်ရှိတော့သည်။ ဝေလာမ သုတ္တန်အရဆိုလျှင် ဒါနမှန်သမျှနှင့် သရဏဂုံသီလ မှန်သမျှတို့ထက် နွားနို့တညှစ်စာမျှ မေတ္တာက ပိုအကျိုးကြီးကြောင်း သိရ၏။ ဤမေတ္တာသုတ်ကို အနက်မသိ ပါဠိမျှ ရွတ်ဆိုခြင်းဖြင့် ဘေးအသွယ်သွယ် အန္တရာယ်အရပ်ရပ်တို့မှ ကင်းလွတ်ကြရသူတို့မှာ မနည်းလှပေ၊ ထို့ထက် အနက်သိ၍ ရွတ်ဆိုရသူ့ ထို့ထက် မေတ္တာသုတ်လာ မေတ္တာဘာဝနာများ ပွါးသူတို့အဖို့ကား ဆိုဖွယ်ရာမရှိပေ။ သဒ္ဓါဝီရိယသာ ပဓာနဖြစ်၍ တကယ်ယုံကြည် ကြိုးစားခြင်းဖြင့် မေတ္တာသုတ်၏ အစွမ်းအာနုဘော်ကို ခံစားကြရပါစေ။

---

(၄၇) ကရဏီယ'မတ္ထကုသလေန၊

ယန္တ သန္တံ ပဒံ အဘိသမေစ္စ။

သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

(၄၇) သန္တံ၊ ငြိမ်သက်အေးချမ်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဘိသမေစ္စ၊ အာရုံယူ၍ ထိုးဖောက်မြင်သိ၍။ (ဝိဟရိတုကာမေန၊ နေခြင်းငှါ အလိုရှိသော။) အတ္ထကုသလေန၊ အကျင့် အမျိုးမျိုး အကျိုးစီးပွါး၌ လိမ္မာသူသည်။ ယံ ကရဏီယံ၊ အကြင်ပြုကျင့်ရမည့် သိက္ခာသုံးရပ် အကျင့်မြတ်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသိက္ခာသုံးရပ် အကျင့်မြတ်ကို။ ကရဏီယံ၊ ပြုကျင့်ထိုက်ပေ၏။ သက္ကော စ၊ စွမ်းနိုင်သူလည်း။ အဿ၊ ဖြစ်ရာ၏။ ဥဇူ စ၊ ဖြောင့်မတ်သူလည်း။ အဿ၊ ဖြစ်ရာ၏။ သုဟုဇူ စ၊ အလွန်ဖြောင့်မတ်သူလည်း။ အဿ၊ ဖြစ်ရာ၏။ သုဝစော စ၊ ဆိုဆုံးမလွယ်သူလည်း။ အဿ၊ ဖြစ်ရာ၏။ မုဒု စ၊ နူးညံ့ပျော့ပျောင်းသူလည်း၊ အဿ၊ ဖြစ်ရာ၏။ အနတိမာနီ စ၊ မာန်ထောင်လွှားခြင်း မရှိသူလည်း။ အဿ၊ ဖြစ်ရာ၏။

(၄၈) သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ’ နနုဂိဒ္ဓေါ။

(၄၈) သန္တုဿကော စ၊ တင်းတိမ် ရောင့်ရဲလွယ်သူလည်း။ အဿ၊ ဖြစ်ရာ၏။ သုဘရော စ၊ အမွေးအမြူ လွယ်သူလည်း။ အဿ၊ ဖြစ်ရာ၏။ အပ္ပကိစ္စော စ၊ နည်းပါးသောကိစ္စရှိသူလည်း။ အဿ ဖြစ်ရာ၏။ သလ္လဟုကဝုတ္တိ စ၊ ပေါ့ပါးသောအဖြစ်မျိုးရှိသူလည်း။ အဿ ဖြစ်ရာ၏။ သန္တိန္ဒြိယော စ၊ ငြိမ်သက်သော ဣန္ဒြေရှိသူလည်း။ အဿ ဖြစ်ရာ၏။ နိပကော စ၊ ရင့်ကျက်သော ပညာရှိသူလည်း။ အဿ ဖြစ်ရာ၏။ အပ္ပဂဗ္ဘော စ၊ ကြမ်းတမ်း ရိုင်းပြခြင်း မရှိသူလည်း။ အဿ၊ ဖြစ်ရာ၏။ ကုလေသု၊ အိမ်သား အိမ်သူ လူတို့၌။ အနနုဂိဒ္ဓေါ စ၊ တွယ်တာမက်မောခြင်း မရှိသူလည်း။ အဿ၊ ဖြစ်ရာ၏။ ၄၉

စကားပြေ—ငြိမ်သက် အေးချမ်းသော နိဗ္ဗာန်ကို ဖောက်ထွင်း သိမြင်၍ နေလိုသော အကျိုးစီးပွါး၌ လိမ္မာသူသည် ပြုကျင့်ရမည့် သိက္ခာသုံးပါးအကျင့်များကို ပြုကျင့်ရမည်။ ထိုသူကား စွမ်းနိုင်ရမည်၊ ဖြောင့်မတ်ရမည်၊ အလွန် ဖြောင့်မတ်ရမည်၊ ဆိုဆုံးမလွယ်ရမည်၊ နူးညံ့ပျော့ပျောင်းရမည်၊ မာနမကြီးရ၊ရောင့်ရဲလွယ်ရမည်၊ အမွေးအမြူ လွယ်သူဖြစ်ရမည်၊ ကိစ္စ နည်းပါးရမည်၊ ပေါ့ပါးသော အဖြစ်မျိုးရှိရမည်၊ငြိမ်သက်သောဣန္ဒြေရှိရမည်၊ ရင့်ကျက်သော ပညာရှိရမည်၊ မကြမ်းတမ်း မရိုင်းပြယဥ်ကျေးသူဖြစ်ရမည်၊ လူ့ဘို၌ တွယ်တာမက်မောခြင်း မရှိရ။

မေတ္တာဖြစ်ကြောင်းအကျင့်များ။ ။နိဗ္ဗာန်ကို မျက်မှောက်တွေ့သိလိုသူ မှန်သမျှ သိက္ခာသုံးပါးကို ကျင့်ရန် အရေး တိုက်တွန်းတော်မူပြီးလျှင် ထိုပြုကျင့်ရမည့် အကျင့်များကိုလည်း ထုတ်ဖော်ညွှန်ကြားခြင်းငှါ "**ကရဏီယမတ္ထကုသလေန**" စသည်ကို ဟောတော်မူသည်။

ကရဏီယ စသည်။ ။ကတ္တဗ္ဗန္တိ ကရဏီယံ=ပြုကျင့်သင့် ပြုကျင့်ထိုက်, ပြုရမည်ကေန်ဖြစ်သော အကျင့်များတည်း။ ဤသာသနာ၌ ပြုကျင့်ရမည့် အကျင့်များမှာ သိက္ခာသုံးပါးမှလွဲ၍ အခြားအကျင့်မရှိ၊ ထို့ကြောင့် "သင်္ခေပတော၊ အချုပ်အားဖြင့်။ သိက္ခတ္တယံ၊ သိက္ခာသုံးပါးအပေါင်းသည်၊ ကရဏီယံ၊ကရဏီယမည်၏" ဟု အဋ္ဌကထာ မိန့်သည်။

ထိုသိက္ခာသုံးပါး ပျက်ပြားကြောင်း သီလဝိပတ္တိ (=သီလပျက်ခြင်း) စသော မကောင်းမှုမှန်သမျှကို အကရဏီယ (=မပြုသင့် မပြုထိုက်သော အကျင့်) ဆိုသည်၊

အတ္ထကုသလေန၌ အရိယတေတိ အတ္ထော=ကပ်ရောက်အပ်သောကြောင့် အတ္ထမည်၏။ ထိုဝစနတ္ထအရ ကျင့်ကြံရယူသော အားဖြင့် အမြဲရောက်နေရမည့် အကျင့်ပဋိပတ်ကိုရင်း, သို့မဟုတ် မိမိအကျိုးစီးပွါး မှန်

သမျှကိုဉ်း အတ္တဟု ဆိုသည်။ ဤသာသနာ၌ မိမိ၏အကျိုးစီးပွါး အစစ်မှာ မဂ်ဖိုလ် နိဗ္ဗာန်တည်း၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ရရန်အကြောင်းမှာ ကောင်းသော အ ကျင့်ပဋိပတ်များပင်။ ထိုအကျင့်များကို သိနားလည်၍နားလည်သည့်အတိုင်း ကျင့်ကြံကြိုးစားသူကိုရင်း, ကျင့်ကြံ၍ မဂ်ဖိုလ်နိဗ္ဗာန်ရသူကိုရင်း အတ္ထကုသလ(=အကျိုးစီးပွါး၌ လိမ္မာသူ) ဟု ဆိုသည်။ အကျင့်အမျိုးမျိုး အကျိုးကိုနားမလည်, နားလည်သော်လည်း မကျင့်သူကို အနတ္ထကုသလ (=အကျိုးစီးပွါး၌ မလိမ္မာသူ) ဟု ဆိုရသည်။

ကရဏီယံ စသည်အနက်။ ။ဂါထာ၌ အနက်ပေးခဲ့သည်မှာ အဋ္ဌကထာ ပဌမနည်းအရ ဖြစ်၏။ ထိုနည်းအရ အဘိသမေစ္စ မှာ လောကီဉာဏ်ဖြင့် အနုမာန (=အမှန်းအဆအသိ)မဟုတ်၊ မဂ်ဉာဏ်ဖြင့်သိသော ပဋိဝေဓ(=ထွင်းဖောက်သိသော တိုက်ရိုက်အသိ) ဖြစ်၏။ သို့ဖြစ်လျှင်"သန္တံ ပဒံ အဘိသမေစ္စ ကရဏီယံ=နိဗ္ဗာန် ကိုသိ၍ ပြုကျင့်ရမည်" ဟူသော အစပ်မှာမတည့်၊ မဆီလျော်၊ အကြောင်းမှာ နိဗ္ဗာန်ကိုသိ၍ ပြုကျင့်ရမည်မဟုတ်၊ ပြုကျင့်ခြင်းဖြင့်သာ နိဗ္ဗာန်ကိုသိရမည် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ဤစကား နှစ်ရပ် အစပ်တည့်ရန် ပါဌသေသ လိုသျက်ရှိသဖြင့် "နိဗ္ဗာန်ကို သိ၍ နေလိုသော ပုဂ္ဂိုလ်သည် ကျင့်ရမည်ဟု" အနက်ရရန် "ဝိဟရိတုကာမေန" ဟု အဋ္ဌကထာက ပါဌသေသထည့်ခဲ့သည်၊ အဘိသမေစ္စ ဝိဟရိတုကာမေန-၌ မဂ်ဖြင့် ထွင်းဖောက် သိပြီးနောက် ဖိုလ်ပုဂ္ဂိုလ်အဖြစ်ဖြင့် နေလိုသူဟု ဆိုလိုကြောင်းသိလေ။

ဒုတိယနည်း။ ။ဒုတိယနည်းမှာ—ကရဏီယခေါ် အကျင့်ကို ကျင့်သူသည် နိဗ္ဗာန်ကို လိုချင်၍ ဖြစ်၏။ ထိုသို့ လိုချင်ခြင်းမှာလည်း ကိလေသာငြိမ်းရာ ဒုက္ခကင်းဝေး အေးချမ်းရာ ဟူသော ဘုရားဟောအရ ကြားသိ၍ ဖြစ်စေ, မိမိက ဉာဏ်ရှိသဖြင့် မိမိဉာဏ်အရ ကြံဆ၍ဖြစ်စေ အနုမာနအားဖြင့် မှန်းဆ သိမြင်ခြင်းကြောင့်ပင် ဖြစ်သည်။ ထိုအနုမာန လောကီဉာဏ်အသိကို ယူ၍ သန္တံ-ကို အဘိ-

သမေစ္စ-၏ အာကာရအဖြစ်ဖြင့်ရင်း, တံ အဓိဂန္တုကာမေန-ဟု ပါဌ-သေသထည့်၍ရင်း တနည်း ပေးပြန်သည်။ ထိုနည်းအရ "ပဒံ၊နိဗ္ဗာန်ကို။ သန္တံ၊ ငြိမ်သက်အေးချမ်း၏ဟူ၍။ အဘိသမေစ္စ၊ လောကီဉာဏ်အရ မှန်းဆသိမြင်၍။ တံ အဓိဂန္တုကာမေန၊ ထိုနိဗ္ဗာန်ကို ရလိုသော။ အတ္ထ-ကုသလေန၊ အကျင့်အမျိုးမျိုး အကျိုးစီးပွါး၌ လိမ္မာသူသည်။ ယန္တံ ကရဏီယံ၊ အကြင်ပြုထိုက် ပြုသင့် ကျင့်ရမည့် အကျင့်သိက္ခာသည်။အတ္ထိ၊ ရှိ၏။ တံ ကရဏီယံ၊ ထိုအကျင့်သိက္ခာကို။ ကရဏီယံ၊ ပြုကျင့်ထိုက်၏" ဟု ပေး။

တတိယနည်း။ ။တတိယနည်း၌ ကရဏီယအကျင့်များကို ကျင့်သူကား ဘယ်သို့ ကျင့်သနည်း၊ ဘာကြောင့် ကျင့်ရသနည်းဟု မေးလျှင် နိဗ္ဗာန်ကို အကြားအရ မှန်းဆသိမြင်၍ ကျင့်သည်၊ သိသော ကြောင့် ကျင့်သည်ဟုဆိုသော် အဓိပ္ပါယ်ရသည်သာ ဖြစ်သောကြောင့် သန္တံ-ကို အာကာရအနက် မပေးပဲ ပါဌသေသလည်း မထည့်တော့ပဲ တိုက်ရိုက်ပင် ပေးခဲ့ပြန်သည်။ ဤနည်းအရ "သန္တံ၊ ငြိမ်သက်အေး ချမ်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဘိသမေစ္စ၊ လောကီဉာဏ်အရ မှန်းဆသိ မြင်၍။ အတ္ထကုသလေန၊ သည်။ ယံ ကရဏီယံ၊ သည်။ အတ္ထိ၊ ၏။ တံ ကရဏီယံ၊ ကို။ ကရဏီယံ၊ ပြုကျင့်ထိုက်၏" ဟုပေး။ ဤသုံးနည်း လုံး၌ အစ ကရဏီယံ ကို ယန္တံသို့ အဓိကာရနည်းအရ လိုက်ပေးသည်။ အာဝုတ္တိနည်းအရ နှစ်ဆပ်ပေးရသည်ဟု သော်လည်းဆို။ ဤ၌ နိဗ္ဗာန် ကိုသိ၍ပြု ကျင့်ရမည် ဆိုလျှင် ထိုပြုကျင့်ရမည့်အရာကား နိဗ္ဗာန်ရကြောင်း အကျင့်အပြင် အခြားမရှိ၊ ထို့ကြောင့် "ကိံ ပန တန္တိ= ထိုနိဗ္ဗာန်သိ၍ ကျင့်ရမည့် အကျင့်ကား ဘာတဲ့နည်း။ ကိမညံ သိယာ အညတြ တဒ-ဓိဂမူပါယတော=ထိုနိဗ္ဗာန်ရကြောင်း အကျင့်မှလွဲ၍ တခြားအကျင့်ဖြစ် ဖွယ်မရှိ"ဟု အဋ္ဌကထာဖွင့်ပြီ။ ယန္တံ-ကို သန္တံ ပဒံ-နှင့်တွဲ၍လည်း ပေး ကြ၏။ အဓိပ္ပါယ်ရ၏၊ အဋ္ဌကထာအလိုကား မကျ။

မေတ္တာပုဗ္ဗဘာဂ ပဋိပဒါ။ ။"သက္ကော ဥဇူ စ" စသည်ကား မေတ္တာ၏ ရှေးအဖို့က ပြုကျင့်ရမည့်အကျင့်များ ဖြစ်၏။ "ကရဏီယံ အတ္ထကုသလေန" ဟု ဟောသောအခါ အကျဉ်း သဘောမျှသာဖြစ်၍ သိက္ခာသုံးပါး ကျင့်ရမည့်အဖြစ်ကို အချို့နားလည်၍ အချို့နားမလည်သေးပဲ ရှိရာ ထိုနားမလည်သော ရဟန်းများ သိ[illegible]း လည်စေရန် အကျယ်ဝိတ္ထာရအားဖြင့် ဟောတော်မူခဲ့ခြင်းဖြစ်၏။

ဤ၌ သက္ကော စသည်ဖြင့် ကရဏီယ (=ကျင့်ရမည့်) ဓမ္မများကို ပြလိုရင်း ဖြစ်သော်လည်း မည်သည့်ဓမ္မကို ကျင့်ရမည် ဟောသည်ထက် ဘယ်အကျင့်မျိုး ရှိသူ ဖြစ်ရမည်ဟု ဟောသည်က ပို၍နားလည်ထင်ရှား စိတ်ဝင်စားမည်ဖြစ်ရာ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဓမ္မများကို ညွှန်ကြား ခြင်းဖြစ်သည်။ ဤတရားများ ပြည့်စုံနေမှ မေတ္တာဖြစ်နိုင် တိုးပွါးနိုင်သည်။ ဤအကျင့်တရားများ မပြည့်စုံသူမှာ မေတ္တာတိုးပွါးနိုင်ဖို့သာ၍ ဖြ[illegible] ခွင့်မျှ ဖြစ်နိုင်ခွင့်ပင် မရှိပေ။ ထို့ကြောင့် ၎င်းအကျင့်များကို မေတ္တာပုဗ္ဗ ဘာဂပဋိပဒါ (=မေတ္တာ၏ ရှေးအဖို့က ကျင့်ရမည့်အကျင့်များ) [illegible] ခေါ်ဆိုကြ၏။

အမှန်မှာ ဤအကျင့်များ မပြည့်စုံပဲ ဖျက်ပြားနေသူမှာ မေတ္တာ သာမက မည်သည့်ဘာဝနာမှုမျိုးမှ ဖြစ်ပွါးနိုင်ခွင့်မရှိ၊ အခြားဘာဝနာ မှုများလည်း ဤအကျင့်တရားများ ပြည့်စုံသူ၌သာ ဖြစ်နိုင်၍ ဘာဝနာ မှုမှန်သမျှ၏ ပုဗ္ဗဘာဂပဋိပဒါများပင်ဟု ဆိုသင့်သည်။

စွမ်းနိုင်သူ။ ။လောက၌ အကျိုး ဖြစ်ထွန်း[illegible] မရှိသူ, မကျန်းမာသူ, ပ[illegible] [illegible]များကား ဉာဏ်ဖြင့် လုပ်ရမည့်အလုပ်မျိုးကို လုပ်[illegible] ဖြစ်မြောက်အောင် ပြုစွမ်းနိုင်မည်မဟုတ်။ [illegible] ကျန်းမာသူ, ဝီရိယရှိသူ, ဉာဏ်ရှိသူများသာ ထိုအလုပ်မျိုးကို ဖြစ်မြောက်အောင် လုပ် နိုင်ကြ၏။ ဓမ္မအရာ၌လည်း ဤနည်းပင် ဖြစ်သည်။ [illegible]ကို မဇ္ဈိမ ပဏ္ဏာသ ဗောဓိရာဇကုမာရသုတ် (၂၉၇)ဖြင့် သာဓကပြ[illegible] ဗောဓိမင်းသားက "အရှင်ဘုရား ဘုရားမြတ်ဟူသော ဆုံးမနည်းညွှန်

မည့် ပုဂ္ဂိုလ်ကိုရသော ရဟန်းသည် ဘယ်လောက်ကြာမှ အရဟတ္တမဂ်ဖိုလ်ကို ရပါသနည်း''ဟု လျှောက်သော် "မင်းသား ဤအရေး၌ သင့်ကိုပင် မေးရဦးမည်၊ "သင် ဆင်စီး ချွန်းကိုင်အတတ်ကို တတ်သလော''ဟု မေးတော်မူရာ "တတ်ပါကြောင်း''လျှောက်၏။ "လူတယောက်သည် သင့်ထံ ဆင်စီးချွန်းကိုင်အတတ်ကို သင်မည်ဟု လာ၏။ ထိုသူကား ယုံကြည်မှုလည်း မရှိ၊ ကျန်းလည်း မကျန်းမာ၊ ကောက်ကျစ်လှည့်ဖျားတတ်သူလည်းဖြစ်၏၊ ပျင်းလည်း ပျင်း၏၊ ဉာဏ်လည်း မရှိ၊ ထိုသူဖြစ်မြောက်အောင် သင်နိုင်ပါမည်လော''ဟု မေးတော်မူ၏။

"ဤအင်္ဂါ ငါးပါးအနက် တပါးပါးနှင့် ပြည့်စုံနေလျှင်ပင် သင်နိုင်မည် မဟုတ်ပါ၊ ငါးပါးလုံး ပြည့်စုံနေလျှင်ကား ဆိုဖွယ်မရှိတော့ပါ''ဟု လျှောက်၏။ "တယောက်သော်ကား ယုံကြည်ချက်ရှိသူ, ကျန်းမာသူ, ပြောင့်မတ်သူ, မပျင်းမရိ ကြိုးစားတတ်သူ, ဉာဏ်ရှိသူ ဖြစ်၏။ ထိုသူကား သင်ကြား တတ်မြောက်နိုင်ပါမည်လော''ဟု မေးသော်''ထိုသူမျိုးမှာ တခုခုသော အင်္ဂါနှင့် ပြည့်စုံလျှင်ပင် သင်ကြား တတ်မြောက်နိုင်ပါ၏။ ငါးပါးလုံး ပြည့်စုံပါမူကား ဆိုဖွယ်မရှိတော့ပါ''ဟု လျှောက်၏။ "မင်းသား ထို့အတူပင် တရားအားထုတ်သူ ဖြစ်ကြောင်း အင်္ဂါ (ပဓာနိယင်္ဂ)များကား ငါးပါးတို့တည်း၊ ဘုရား၌ ယုံကြည်သော သဒ္ဓါရှိခြင်း, ကျန်းမာခြင်း, မစဉ်းလဲ မလှည့်ဖြား မိမိအဖြစ်မှန်ကို တင်ပြတတ်ခြင်း, အားထုတ်မှုရှိခြင်း, ပညာရှိခြင်းတို့ဖြစ်၏။ ဤငါးပါးနှင့် ပြည့်စုံသော် တရား လျင်မြန်စွာ ရနိုင်၏''ဟု ဟောတော်မူသည်။ ထို့ကြောင့် ဤ၌ သဏ္ဌော=စွမ်းနိုင်သူဆိုသည်မှာ ထိုပဓာနိယင်္ဂတရားငါးပါး ပြည့်စုံသူ ဖြစ်ရမည်ဟု သိအပ်သည်။

* ယုံကြည်သဒ္ဓါ၊ ကျန်းမာခြင်းတွဲ၊ စဉ်းလဲမပြု၊ အားထုတ်မှုပါ၊ သိပညာ၊ ပဓာနိယင်ငါး။

ပြောင့်မတ်သူ, အလွန်ပြောင့်မတ်သူ။　။၃၄, သုဟုဇူ-ကား ပဓာနိယင်္ဂ ငါးပါးတို့တွင် တပါးအပါအဝင်ဖြစ်သော မစဉ်းလဲ မလှည့်ဖြားတတ်သူ, မိမိအဖြစ်မှန်ကို ဘုရားထံ သိတင်း

သုံးဖော်များထံ ဖော်ပြတတ်သူ ဖြစ်ရမည်ဟူသော အင်္ဂါအရပင်ဖြစ်၏။ ကောက်ကျစ်စဉ်းလဲခြင်း လှည့်ဖြားခြင်း ရှိသူများကား သူတပါးအပေါ် မေတ္တာထားနိုင်မည်မဟုတ်၊ မေတ္တာသာ မဟုတ် ထိုကဲ့သို့ မရိုးဖြောင့်သူများ၌ အခြားအကျင့် တရားကောင်းများ ဖြစ်ပွါးရန်လည်း မလွယ်။ စင်ကြယ်သော ပိတ်ကားချပ်ပေါ် မှာသာ ပန်းချီဆေး တောက်ပပေါ် လွင်စွာ ထင်ရှားနိုင်၍ ညစ်ပေနေသော ပိတ်ကားချပ်ပေါ် တွင် ဆေးရောင်မပေါ် လွင် မထင်ရှားနိုင်သကဲ့သို့ ကောင်းမြတ်သော တရားများကား သန့်ရှင်းသော စိတ်ဓာတ်၌သာ စွဲမြဲစွာ ထင်နိုင် တည်နိုင်၍ စိတ်ဓာတ် မသန့်ရှင်းသူ၌ တည်နိုင်ခွင့်မရှိ၊ ထို့ကြောင့် ရိုးသားဖြောင့်မတ်မှုသည် အလွန် အရေးကြီးသောကြောင့် ဥဇူ၊ သုဟုဇူ-ဟု နှစ်ချက်ထပ် ဟောကြားခဲ့ခြင်းဖြစ်သည်။

အဋ္ဌကထာ၌ ဤနှစ်ပုဒ်ကို အနည်းနည်း ခွဲပြ၏၊ တကြိမ်တခါ သို့မဟုတ် ငယ်ရွယ်စဉ်အခါ ဖြောင့်မတ်မှု 'ဥဇူ' ဖြင့် ကျေနပ်မနေသေးပဲ အသက်ထက်ဆုံး ထပ်တလဲလဲ မလျော့အောင် ပြုခြင်းဖြင့် အလွန်ဖြောင့်မတ်သူ 'သုဟုဇူ' ဖြစ်အောင် ပြုရမည်ဟူ၏။ ထို့ပြင် ကိုယ်နှုတ် ကောက်ကျစ်မှုကို ပယ်ခြင်းဖြင့် ဥဇုဖြစ်အောင်, စိတ်ထားကောက်မှု ပယ်ခြင်းဖြင့် သုဟုဇုဖြစ်အောင် ပြုရမည်။ အဓိသီလ အဓိစိတ္တ သိက္ခာဖြင့် ဥဇုဖြစ်ရန်၎င်း, အဓိပညာ သိက္ခာဖြင့် သုဟုဇုဖြစ်ရန်၎င်း ကြိုးစားရမည် စသည်ဖြင့် ဖွင့်ပြ၏။ ဤအဋ္ဌကထာအလိုကို သေတ္တချကြည့်သော် အကျင့်ကို ကြိုးစားခြင်းဖြင့် အရဟတ္တမဂ်ရအာ ကိလေသာကုန်စင်မှ အပြည့်အစုံ ဥဇု, သုဟုဇုဖြစ်သည်ဟု သိရ၏။ ထိုအဖြစ်မျိုးရောက်အောင် မိမိစိတ်ဓာတ်ကို ပဋိပတ်ဖြင့် အမြဲတစေ ဖြောင့်ပေးနေရမည့် အဖြစ်မျိုးကိုလည်း သိစေသည်။

ဆိုဆုံးမလွယ်သူ။ ။အဆို အဆုံးမ ခက်သူကို "ဒုဗ္ဗစ" ဆို၏၊ထိုပုဂ္ဂိုလ်များမှာ ဤအမှုကို မပြုအပ်ဟု ပြောလာသော် 'သင်မြင်သလား ကြားသလား ဘယ်သူက ပြောသလဲ' စသည်ဖြင့် အပြောမခံ ပြန်လှန်ဆိုတတ်၏။ အရေးမလုပ်သလို ဆိတ်ဆိတ်သော်လည်း နေတတ်၏။ စကားကို လက်ခံသော်လည်း ဆိုသည့်အတိုင်း မကျင့်ပဲ လုပ်မြဲလုပ်နေ

တတ်၏။ ဤသူမျိုးကား တရားထူးရဖို့ အရေး အလှမ်းဝေးနေတတ်သူပင်။ သုဝစ (=ဆိုဆုံးမလွယ်သူ) ပုဂ္ဂိုလ်များကား တစုံဘယောက်က ဆုံးမလာသော် အလွန် အားရ ဝမ်းသာစွာ လက်ခံတတ်၏။ နောင်အခါလည်း ဆုံးမပါရန် ပန်ကြားတတ်၏။ ဆုံးမသည့်အတိုင်းလည်း ကျင့်တတ်၏။ ထိုသူမျိုးကား တရားထူးရဖို့ အလွန် နီးကပ်လျက်ရှိသူများပင်တည်း။

အဆုံးအမခက်သူမှာ ဤသူ ငါ့အကျိုးစီးပွါး လိုလားသူပါတကားဟု နားမလည်တတ်၊ ဆရာလုပ်သည်ဟု ထင်လျက် မနှစ်သက်တတ်၊ ထိုပုဂ္ဂိုလ်မျိုးမှာ ထဒ္ဓမန (=အဆုံးအမနှင့် ဆုံးမသူသို့ မလိုက်ပါ တင်းမာနေသော စိတ်ရှိသူ) ပုဂ္ဂိုလ်မျိုးဖြစ်ရာ မေတ္တာဖြစ်ဖို့ မလွယ်သည့်အပြင် အခြားအကျင့်တရားများဖြစ်ရန်လည်း ဝေးကွာလှ၏၊ အဆုံးအမကို လိုလားသူကား ဆုံးမတတ်သူကို လေးစား မြတ်နိုးတတ်၏။အဆုံးအမနှင့် ဆုံးမသူသို့ လိုက်လျောရန် အခန့်သင့် ပျော့ပျောင်းနူးညံ့သော စိတ်ရှိနေရာ ထိုစိတ်မျိုးမှာ မေတ္တာနှင့် သဟဇာတ်ဖြစ်သော စိတ်ထားပင် ဖြစ်၍ မေတ္တာ တမင် မပွါးသော်လည်း မေတ္တာဖြစ်လျက် ရှိနေ၏။ ထိုသူမျိုးမှာ အကျိုးစီးပွါး အစစ်အမှန်ကို လိုလား တောင့်တသူမျိုး ဖြစ်ရာ "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော=အမှန်တရားသိဖို့ရာ ဆရာရှာရမည်" ဟူသော နိဒါနဝဂ္ဂ နိဒါနသုတ်(၃၄၉)လာ ဘုရားအမိန့်တော်ကို လိုက်နာရန် ဝန်မလေး၍ မဂ်ဖိုလ်နိဗ္ဗာန်နှင့် ကေန် နီးကပ်လျက်ရှိသူ ဆိုရတော့သည်။

နူးညံ့ ပျော့ပျောင်းသူ။ ။ဤ၌ မုဒု=နူးညံ့သူ ဟူသည်မှာ ဖရုသ=ကြမ်းတမ်းခြင်း၏ ဆန့်ကျင်ဖက် နူးညံ့ သိမ်မွေ့ခြင်းဆိုသော နူးညံ့ခြင်းမျိုးမဟုတ်၊ ထဒ္ဓ=ခက်ထန်ခြင်း, တင်းမာခြင်း၏ ဆန့်ကျင်ဖက် နူးညံ့ပျော့ပျောင်းခြင်းကို ဆိုလိုသည်။ ပဋိပတ်၌ ကျင့်ရန် ပျင်းရိဆုတ်နစ်သူ သဒ္ဓါနည်းသူ စသည်တို့မှာ ထိုထို အကျင့်များသို့ မရောက်နိုင်တော့ပဲ တင်းမာနေသူများ ပင်တည်း။ သဒ္ဓါဆရှိန္ဒသူ, စိတ်အား ထက်သန်၍ ဝီရိယ ရှိသူတို့ကား ထိုထို အကျင့်တရားတို့၌ လိုက်လျော ပါသွားလောက်အောင် နူးညံ့ပျော့ပျောင်း နေသူများ တည်း။

ထို့ကြောင့် အမုဒု=ခက်ထန်ခိုင်မာနေသူ တင်းမာနေသူကား ပရိက (=ပြုပြင်စီမံမှု)မပြုရသေးသောကြောင့် လိုရာအတည်ပြုလုပ်ရန် အသင့်မဖြစ်သေးသည့် မာကျောနေသော ရွှေစင်ပမာ ဤမေတ္တာဘာဝနာစသော အမှု၌ လိုက်ပါမည်မဟုတ်ပေ။ မုဒု=နူးညံ့ပျော့ပျောင်းသူကား ပြုပြင်စီမံ ပန်တီးထား၍ လိုရာအထည်ဘန်ဆာဖြစ်ရန် အသင့်ဖြစ်နေအောင် ပျော့ပျောင်းနေသော ရွှေစင်ပမာ မေတ္တာဘာဝနာ စသော ပဋိပတ်အမှု ပြုလိုတိုင်းပါအောင် ဆောင်လိုသမျှ လိုက်အောင် နူးညံ့ပျော့ပျောင်းလျက်ရှိ၏။

မုဒု-၏ သိမ်မွေ့နူးညံ့ခြင်း အနက်ကိုလည်း အဋ္ဌကထာ တနည်း ဖွင့်သေးသည်။ ကိုယ်အမူအရာ နှုတ်အမူအရာနူးညံ့သော ဤပုဂ္ဂိုလ်မျိုးမှာ သိမ်မွေ့ ပြေပြစ်၍ ချစ်မြတ်နိုးဖွယ်ဖြစ်ရာ ဆိပ်ကမ်းကောင်းပမာ အများအလွယ်တကူ သက်ရောက်ခိုဝင်ရာဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးမှာ မျက်မှောင်မကြုတ် ပေါ်လွင်ရွှင်ပျသော မျက်နှာရှိခြင်း, ချိုမြသာယာနားချမ်းသာသော စကားရှိခြင်း, ပွင့်လန်းသော မျက်နှာဖြင့် ပဋိသန္ထာရပြုတတ်ခြင်း စသော ဂုဏ်များကြောင့်ပင် မေတ္တာ၏သဘာဝများ ရှိနေပြီးဖြစ်ရာ မေတ္တာဘာဝနာဖြစ်ရန် အလွန် လွယ်ကူလျက် ရှိတော့သည်။

မာန်မာနမရှိသူ။ ။အမျိုးအနွယ်စသော မာန်ဖြစ်ကြောင်း ဝတ္ထုတို့ဖြင့် သူတပါးအပေါ် မထီမဲ့မြင် မပြုသူကို **အနတိမာနီ** ဆိုသည်။ မာနထောင်တတ်သူကား သူတပါးတို့ကို မိမိနှင့် မတူမတန်ဟု သဘောထားကာ အဖက်မလုပ် အရေးမစိုက်လိုပဲ ရှိတတ်ရာ ထိုသဘောမှာ မေတ္တာကင်းခြင်းလက္ခဏာဖြစ်၍ ထိုသို့ သဘောရှိသူကား မေတ္တာ၏ တည်ရာ အဘယ်မှာဖြစ်အံ့နည်း။ မာနကင်းသူကား မိမိထက် ကြီးသူမြတ်သူကို လေးစား ခယတတ်၍ မိမိထက် ငယ်သူ အောက်ကျသူများကိုလည်း ကူညီတတ်ခြင်း, ငဲ့ညှာတတ်ခြင်း စသည်ဖြင့် ထို သူများအပေါ် စိတ်သဘောထား နူးညံ့လျက်ရှိရာ ထို သူမျိုးမှာပင် မေတ္တာ တမင်မပွါးပဲ မေတ္တာစိတ်ဖြစ်လျက် ရှိနေပေသည်။

မာနကြီးသူမှာ သူ့ဘပါးအပေါ် မောက်မာလိုခြင်း, ပြိုင်လိုခြင်း စသော သဘောဆိုးများ ရှိတတ်ရာ တရားကိုပင် အားထုတ်သော်လည်း ပြိုင်လို မော်လိုစိတ်ဖြင့် အားထုတ်မည်ဖြစ်ရာ အဘယ်မှာ တရားထူးရနိုင်အံ့နည်း။ အလွန် သိမ်မွေ့သော မာနကလေးများပင် တရားရေး၌ အနှောက်အယှက် ဖြစ်တတ်သေးရာ အတိမာနမှာကား ဆိုဖွယ်ရာမရှိပေ။ ထို့ကြောင့် မေတ္တာဘာဝနာအရာ၌ အနှောက်အယှက် အတားအဆီး ဖြစ်၍ပင် အနတိမာနီ=မာန်မထောင်သူ ဖြစ်ရမည်ဟု ညွှန်ကြားတော်မူသည်။

ရောင့်ရဲလွယ်သူ။ ။ရဘတ်သမ္မု, ရှိသမ္မု, ဖြစ်သမျှနှင့် တင်းတိမ်ကျေနပ်သူကို သန္တုဿက (=ရောင့်ရဲလွယ်သူ) ဆို၏။

ရတတ်သမျှနှင့် မရောင့်ရဲသူမှာ ရှာဖွေရ ကြောင့်ကြစိုက်ရသဖြင့် ဗျာပါရတွေများခြင်း, ရှာ၍မရလျှင် စိတ်မချမ်းသာခြင်း, စိတ်ဆိုးခြင်း, ရပြန်လျှင် ပိုရအောင်ရှာခြင်း, ရှာတိုင်း မရသောအခါ စိတ်မသက်သာဖြစ်ခြင်း, စိတ်ဆိုးခြင်း စသည် ဖြစ်တတ်ရာ မေတ္တာဖြစ်ရေး ဝေးနေသူတည်း။ ရတတ်သမျှ ဖြစ်သမျှနှင့် အားရတင်းတိမ်နေသူမှာ ပစ္စည်းမရမှုနှင့် စပ်လျဉ်း၍ရင်း, တပါးပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ရင်း, စိတ်မချမ်းသာဖွယ် စိတ်ဆိုးဖွယ်မရှိ စိတ်အစဉ် အေးချမ်းလျက်ရှိရာ ထိုပုဂ္ဂိုလ်၏စိတ်ခတ်မှာ မေတ္တာနှင့် သဟဇာတ်ဖြစ်ဖို့ရာ အလွန်ဆီလျော်လျက်ရှိသည်။ ထို့ကြောင့် မေတ္တာဘာဝနာဖြစ်ရန် အခြေခံအကျင့်အဖြစ်ဖြင့် ဟောတော်မူခဲ့ခြင်းဖြစ်၏။

သန္တုဿက—၌ သံ–ကို သက,သန္တ,သမ အနက်များကို ယူ၍"သကေန တုဿကော၊ မိမိဥစ္စာဖြင့် နှစ်သက် ကျေနပ်တတ်သူ။ သန္တေန တုဿကော၊ ရှိနေသောဥစ္စာဖြင့် နှစ်သက်ကျေနပ်သူ။ သမေန တုဿကော-အညီအမျှအားဖြင့် နှစ်သက်ကျေနပ်သူ" ဟု အနက်သုံးမျိုး အဋ္ဌကထာခွဲ၏။ ထိုတွင် ရဟန်းများအဖို့ ရဟန်းခံရာသိမ်အပြင်၌ "သလုံးမြင်းခေါင်းဖြင့် ရင်းနှီးရအပ်သောဆွမ်း,ပံ့သုကူသင်္ကန်း,သစ်ပင်ရင်းကျောင်း, နွားကျင်ပုပ်ဖြင့် ထုံအပ်သောဆေး, ဤလေးပါးကို အားထား၍ သင်ရဟန်းဖြစ်ခဲ့ရသည်။ ထိုလေးမျိုးကို သုံးဆောင်ရေး၌ သင်-ကြိုးစားရ

မည်။ လာဘ်လာဘပေါမျှားသူဖြစ်ပါမူ အခြား ဆွမ်း သင်္ကန်း ကျောင်း ဆေးတို့ကိုလည်း သုံးဆောင်လေဦး''ဟု ညွှန်ကြားခဲ့၏။ မိမိသည်း လက်ခံခဲ့၏။ ထို့ကြောင့် ပစ္စည်းလေးပါးကို မိမိ၏ဥစ္စာ (=သက)ဟု ဆိုရ၏။ ထိုပစ္စည်းလေးပါးဖြင့် ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ ကောင်းစွာပြု၍ လှူသည်ဖြစ်စေ, ကောင်းအောင်မပြုပဲ လှူသည်ဖြစ်စေ အလှူခံသောအခါ၌ရင်း, သုံးဆောင်သောအခါ၌ရင်း, ဖောက်ပြန်မှုကို မပြုပဲ မျှတသူကို သကတုဿက(=မိမိဥစ္စာဖြင့် ကျေနပ်သူ)ဟု ဆိုရ၏။ အကြင်ပစ္စည်းကို မိမိရခဲ့၏၊ မိမိ၌ ထင်ရှားရှိ၏၊ ထိုရှိနေသော ပစ္စည်းဖြင့် မျှတသူကို သန္တုဿက (=ရှိသောပစ္စည်းဖြင့် ကျေနပ်သူ)ဟု ဆို၏။ ကောင်းမကောင်း အာရုံနှစ်မျိုး၌နှစ်သက်ခြင်း စိတ်ဆိုးခြင်း မဖြစ်သည်ကို သမဆို၏။ ထိုသမ (=အညီအမျှ စိတ်ထားခြင်း)ဖြင့် အာရုံဟူသမျှတို့၌ ကျေနပ်သူကို သမတုဿက(=အညီအားဖြင့် ကျေနပ်သူ) ဟု ဆိုသည်။

အမွေးအမြူလွယ်သူ။ ။သူတပါးကို မှီနေရသူဖြစ်လျက် သူကျွေးသမျှ ပေးသမျှနှင့် မကျေနပ်နိုင်သူကို ဒုဗ္ဘရ(=အမွေးခက်သူ)ဟု ဆို၏။ ထိုသို့မဟုတ်ပဲ ကျွေးသမျှ မွေးသမျှ ပေးသမျှနှင့် ကျေနပ်သူကား သုဘရ(=အမွေးလွယ်သူ) ပင်တည်း။ မိမိကိုယ်ကို မိမိ အမွေးခက်သူ, လွယ်သူ သူတပါး အမွေးခက်သူ, လွယ်သူဟု လေးမျိုးရှိ၏။ ထိုတွင် အချိုရလျှင် အချဉ်ရှာ, အချဉ်ရလျှင် အချိုရှာစသည်ဖြင့် ရှာတတ်သူကို မိမိကိုယ်ကို မိမိ အမွေးခက်သူဆို၏။ ထိုသို့မဟုတ်ပဲ ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ ရတတ်သမျှ ကျေနပ်စွာ စားပြီး မိမိအလုပ် အားထုတ်သူကို မိမိကိုယ်ကို မိမိ အမွေးလွယ်သူဟု ဆို၏။

အကြင်ရဟန်းသည် အကောင်းကို လှူစေကာ မျက်နှာမသာ မနှစ်သက်သည့် အမူအရာကို ပြတတ်၏။ အလှူ ဒကာရှေ့မှာပင် ဘယ်လိုဟာများ လှူရသလဲဟု မောင်းမဲလျက် ရှင်လူတို့အား ပေးလိုက်၏။ ထိုရဟန်းမျိုးကား သူဘပါးအမွေးခက်သော ရဟန်းမျိုးတည်း။ ရဟန်းတပါးမှာမူ ကောင်းကောင်း ဆိုးဆိုး နည်းနည်းများများ ဒကာပေးသမျှ ရသမျှနှင့် ကျေနပ်နှစ်သက်စွာ ကြည်လင်သော မျက်နှာရှိသည်ဖြစ်၍ မျှတ၏၊

ဤရဟန်းကား အလုပ်အကျွေး ဒကာတို့၏ အမွေးရလွယ်သော ရဟန်း မျိုးတည်း။ ဤရဟန်းနှစ်မျိုးတွင် အမွေးရခက်သူမှာ မေတ္တာဖြစ်ရန် အလွန်ခက်သည်ကို တွေ့ရပေလိမ့်မည်။ အခြားပဋိပတ်များလည်း ဖြစ်ရန် မလွယ်၊ ထို့ကြောင့် မေတ္တာဖြစ်ရန်ရင်း အခြားပဋိပတ်များ ဖြစ်ရန်ရင်း လွယ်ကူ စေသော သုဗစ (=အမွေးအမြူ လွယ်ကူသူ) ဖြစ်ရေးကို ညွှန် တော်မူခဲ့သည်။

ကဿပသံယုတ်။ ။လူများထံမှ ရ,မရနှင့် စပ်၍ စိတ်ထိခိုက်မှု မရှိရန် သဘောထား မှန်ကန်ရေးအတွက် ကဿပသံယုတ်၌ ရှင်တော်ဘုရား ဟောကြားခဲ့ရာ ထိုအချက်မှာ ရောင့်ရဲလွယ်သူ အမွေး အမြူလွယ်သူ ဖြစ်ရေးနှင့် သက်ဆိုင်၍ အချုပ်မျှ ထုတ်ပြဦးမည်။ "ငါ့ကို မလှူမရှိပါစေနှင့် လှူကြပါစေ၊ နည်းနည်း မလှူကြပါစေနှင့်၊ များများ လှူကြပါစေ၊ အညံ့ကို မလှူကြပါစေနှင့်၊ အကောင်းကို လှူကြပါစေ၊ နှေးနှေး မလှူကြပါစေနှင့်၊ မြန်မြန် လှူကြပါစေ၊ ကောင်းမွန်အောင် မစီမံပဲ မလှူကြပါစေနှင့်၊ ကောင်းအောင် စီမံကာ လှူကြပါစေ" ဤသို့သော စိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်သော ရဟန်းသည် မိမိတောင့်တသည့်အတိုင်း မရသော် စိတ်ထိခိုက်ကာ စိတ်ဆင်းရဲ ကိုယ် ဆင်းရဲ ဖြစ်ရတော့သည်။

ရဟန်းတပါးကား "မလှူ မရှိပါစေနှင့် လှူကြပါစေ·စသော ဆိုခဲ့ပြီး တောင့်တချက်များအတိုင်း သူစိမ်း ပြင်ပဖြစ်သော သူတပါး အိမ်တို့၌ ဘယ်မှာ ရကောင်းပါအံ့နည်း"ဟု ဤစိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်ရ၏။ ထိုရဟန်းမှာ မရခြင်းစသော အကြောင်းကြောင့် စိတ် မထိခိုက်၊ မဆင်းရဲတော့ပေ။ ကဿပသည် ဤစိတ်ထားဖြင့် အိမ်များသို့ ချဉ်းကပ်သည်ဖြစ်၍ မရခြင်းမျိုး စသည်ကြောင့် စိတ်ထိခိုက်ခြင်း မရှိ၊ မဆင်းရဲရ။ ကဿပ နမူနာဖြင့် သင်တို့အား ဆုံးမရတော့မည်၊ ထိုနမူနာ အတိုင်း ကျင့်ကြလေ"ဟု ဘုရားရှင် ဟောတော်မူခဲ့လေသည်။ (နိဒါန-ဝဂ္ဂ၊ကဿပသံယုတ်။၄၀၃)

ကိစ္စနည်းပါးသူ။ ။မိမိပြုလုပ်ရမည့် အလုပ်မှတပါး အခြား မဆိုင်သော အကျိုးမရှိသော အလုပ်များ၌ ကြောင့်ကြစိုက်သူကို အလုပ်များသူဟု ဆို၏။ ထိုပုဂ္ဂိုလ်များ၌ မိမိအလုပ် လစ်ဟင်း၍ အကျိုး စီးပွါးပျက်ပြားဆုတ်ယုတ်တတ်သည်သာ၊ ဓမ္မရေး၌ကား ထိုအပ္ပကိစ္စအဖြစ် မှာ လွန်စွာပင် လိုလားအပ်တော့သည်၊ နဝကမ္မစသော အလုပ်ကိစ္စ၌ ပျော်မွေ့တတ်ခြင်း, စကားများမှု၌ ပျော်မွေ့တတ်ခြင်း, အပေါင်းအသင်းများ၌ ပျော်မွေ့တတ်ခြင်း စသည်ဖြင့် အကျိုးမရှိသော အလုပ်များ၌ ပျော်ပိုက် တတ်သူများကား ကိစ္စများ၍ တရားအားမထုတ်နိုင်သူများတည်း။ မိမိ အားထုတ်ရမည့်တရားမှတပါး အခြားမည်သည့်အလုပ်ပိုကိုမျှ မလုပ်သူကို အပ္ပကိစ္စ(=ကိစ္စနည်းသူ)ဟု ဆိုသည်။ ထို့ကြောင့် တရားအားထုတ်မည့်သူ များမှာ ပလိဗောဓဆယ်ပါး ဖြတ်တောက် ရှင်းလင်းထားရမည့်အဖြစ်ကို ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုခြင်းဖြစ်၏။ အပ္ပကိစ္စပုဂ္ဂိုလ်သာ ပဋိပတ်၌ ဖြစ်မြောက် ပေါက်ရောက်အောင် အားထုတ်နိုင်မည်ဖြစ်၍ ဤမေတ္တာ၏ ရှေ့သွား အကျင့်များ၌ ကိစ္စနည်းပါးသူ ဖြစ်ရမည့် အရေးကို အကျင့်တခုအနေ ဟောကြားတော်မူခြင်း ဖြစ်သည်။

ပေါ့ပါးသော အဖြစ်ရှိသူ။ ။လောက၌ မိမိမှာ ရှိသင့်သည်ထက် အသုံး အဆောင်တွေ ပိုမိုများပြားစွာ ရှိနေလျှင် ထိုအရာများကို သိမ်းဆည်းရ, စောင့်ရှောက်ရ, ပြုပြင်ရ, စီမံရသဖြင့် ကိစ္စတွေ အလွန်များပြား၍ ထိုအရာများအတွက် ထိုသူမှာ အလွန် ဝန် လေးလျက် ရှိ၏။ ဓမ္မရေး၌ ထိုဝန်းလေးမှုကို ပို၍ မလိုလားအပ်ပေ။ ထို့ကြောင့် ဓမ္မသက်သက် အားထုတ်ရမည့် ရဟန်းတော်များ၌ မိမိ လုံလောက်ရုံ ပရိက္ခရာမျှသာ ဆောင်ထားရမည့်အဖြစ် ခရီးသွားသော အခါ ငှက်များသည် အခြားဘာမျှမပါ၊ မိမိအတောင်ပံအားဖြင့်သာ လိုရာ ပျံသန်းသွားလာသကဲ့သို့ မိမိပရိက္ခရာ ရှစ်ပြာမျှ ဆောင်ကာ တာဝန် ပေါ့ပါးစွာ သွားလာရမည့်အဖြစ်ကို ဟောတော်မူ၏။ ပစ္စည်းများလျှင် တာဝန်လေး၍ တရားကို ကောင်းစွာ အားမထုတ်ဖြစ်ရာ သလ္လဟုကဝုတ္တိ

အဖြစ်လည်း တရားအားထုတ်ရေး၌ လွန်စွာ လိုလားထိုက်သော အကျင့် တရပ် ဖြစ်ပေသည်။

ငြိမ်သက်သော ဣန္ဒြေရှိသူ။ ။ဣန္ဒြေဆိုသည်မှာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ခြောက်မျိုးတည်း။ ထိုဣန္ဒြေများ ငြိမ်သက်အောင် ပြုရမည်ဆိုသည်မှာ ဣဋ္ဌာရုံနှင့် တွေ့သောအခါ ရာဂမဖြစ်ရအောင်, အနိဋ္ဌာရုံနှင့် ကြုံတွေ့ရသောအခါ ဒေါသမဖြစ်ရအောင် စောင့်စည်းရခြင်းများပင်တည်း။ အာရုံတို့၌ ရာဂ ဒေါသစသည် ဖြစ်နေသောသူကား မငြိမ်မသက် လှုပ်ရှားပျံ့လွင့်လျက်ရှိသော ဣန္ဒြေရှိသူတည်း။ ဣန္ဒြေတို့ကို မိမိအလိုသို့ ပါအောင် မဆွဲဆောင်နိုင်ပဲ မိမိက ဣန္ဒြေအကြိုက် လိုက်ပါနေသူသာ ဖြစ်၏။ ထိုသူမျိုးကား တရားအားထုတ်ရန် စိတ်ပါမည် မဟုတ်၊ အားထုတ်ပါသော်လည်း တရားပေါက်ရောက်ရန် မလွယ်ကူ၊ ရာဂ ဒေါသ စသည် မဖြစ်ရန် စောင့်စည်းပိတ်ဆို့နေသူသာ မလှုပ်ရှား မပျံ့လွင့်သော ဣန္ဒြေရှိသူ ဣန္ဒြေတို့ကို မိမိအလို ပါအောင် ဆွဲဆောင်နိုင်အားရှိသူ ဖြစ်၍ မိမိက ဣန္ဒြေတို့ အလိုသို့ မလိုက်ပါရသူတည်း။ ထိုပုဂ္ဂိုလ်မျိုးသာ တရားအဆုံးထိ ပေါက်ရောက်နိုင်ပေသည်။ ဤသို့ ဣန္ဒြေတို့ကို ငြိမ်အောင် ပြုရမည့် အရေးမှာ ဘာဝနာ အလုပ် တခုခုနှင့် ကင်း၍ကား မဖြစ်နိုင်ပေ၊ ဘာဝနာအလုပ် အားထုတ်နေခြင်းဖြင့်သာ ဣန္ဒြေ တကယ် ငြိမ်သက်နိုင်သည်ဖြစ်ရာ ငြိမ်သက်သော ဣန္ဒြေရှိရမည် ဟူရာ၌ ဘာဝနာတခုခု ရှိနေရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ပညာရှိသူ။ ။လောကအလုပ်များ၌ ထိုအလုပ်ကို နားလည်ကျွမ်းကျင်မှု ရှိသူ, လုပ်သင့် မလုပ်သင့်သော အချိန်ကာလ ဒေသ စသည်ကို နှိုင်းချိန်တတ်သူ, အကျိုးကို မြော်မြင်တတ်သူများသာ ထိုအလုပ်ကို ဖြစ်မြောက်အောင် ပြုလုပ်နိုင်၏၊ ထိုသို့ ကျွမ်းကျင် ချိန်ဆတတ်မှု, အကျိုးကို မြော်မြင်တတ်မှု မရှိသူကား ထိုအလုပ်ကို မလုပ်နိုင်၊ လုပ်ပါသော်လည်း အကျိုးသက်ရောက် ပြီးမြောက်အောင် ပြုစွမ်းနိုင်မည့်သူ မဟုတ်ပေ၊ ထို့အတူ ဓမ္မရေးရာ၌လည်း မိမိကျင့်ရမည့် အကျင့်ပဋိပတ်၌ သိနားလည်မှုရှိသူ, အကျင့်မှန် မမှန် နှိုင်းချိန်တတ်သူ, အကျိုးကို မြော်မြင်

ဆင်ခြင်တတ်သူများသာ ထိုပဋိပတ်ကို ပြုကျင့်နိုင်၏။ ထိုသို့ နားမလည်သူများကား ထိုအကျင့်ကို ကျင့်ရန် ဆန္ဒ ဝီရိယစသည် ထက်သန်လှမည်မဟုတ်၍ ပြုလုပ်မည်လည်းမဟုတ်၊ ပြုလုပ်ပါလည်း ထမြောက်မည်မဟုတ်။ ထိုသို့ဖြစ်လျှင် မဂ်ဖိုလ်ရသည်အထိ ပညာဖြင့်သာ တဆက်တည်း သွားရမည့် ပဋိပတ်အရာ၌ ပညာကား လွန်စွာအရေးကြီးလှတော့သည်။ ထို့ကြောင့်ပင် မေတ္တာရှေ့သွား ဤအကျင့်များ၌ နိပကော = ပညာရှိသူ ဖြစ်ရမည်ဟု ညွှန်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။

မကြမ်းတမ်း မရိုင်းပြသူ။ ။ပဂဗ္ဘ-ကား ကိုယ် နှုတ် စိတ်ထား သုံးပါး ကြမ်းသူ ရိုင်းသူတည်း။ န ပဂဗ္ဘော အပ္ပဂဗ္ဘော=ကိုယ် နှုတ် စိတ်ထား မရိုင်းသော ယဉ်ကျေးသူတည်း။ ကာယပါဂဗ္ဘိယ (=ကိုယ်အမူအရာ၏ ရိုင်းစိုင်းမှု) ဝစီပါဂဗ္ဘိယ (=နှုတ်အမူအရာ၏ ရိုင်းစိုင်းမှု) မနောပါဂဗ္ဘိယ (=စိတ်ထားရိုင်းစိုင်းမှု)ဟု ပါဂဗ္ဘိယ (ရိုင်းစိုင်းသူ ဖြစ်ကြောင်း) သုံးမျိုးရှိရာ ထိုသုံးမျိုးမှ ကင်းသူကို အပ္ပဂဗ္ဘ (=မရိုင်းစိုင်းသူ ယဉ်ကျေးဖွယ်ရာရှိသူ)ဟု ဆို၏။

သံဃာအလယ်, ပရိသတ်အလယ် ကြီးသူရှေ့ဝယ် ဒူးထောင်ပေါင်ကားထိုင်ခြင်း, ကြီးသူတို့အား နေရာမပေးခြင်း, ငယ်သူတို့အား နေရာတားမြစ်ခြင်း, နေရာကောင်း ဆွမ်းကောင်းရရန် ကြီးသူများရှေ့ ဖကျော်တက်ခြင်း, ရွာအဝင် မထေရ်ကြီးတို့ ရှေ့ကဝင်ခြင်း,ငယ်ရွယ်သူတို့နှင့် တုံလား ဆိတ်လား ကစားခြင်းစသော အမူများကား ကိုယ်၏ရိုင်းစိုင်းမှု, မယဉ်ကျေးမှုများတည်း။

မထေရ်ကြီး၏ အခွင့်မရပဲ တရားဟောခြင်း, အမေး မေးသော်မထေရ်ကြီးများကို မပန်ကြားပဲ ဖြေခြင်း, ရွာထဲ၌ "ဟော့ ဒကာမ...ဘာရှိသလဲ, ယာဂုလား, ဆွမ်းလား, မုံ့လား, လျှုမလား, ယနေ့စားသောက်ရမလား" စသော ရဟန်းနှင့်မလျော်သော အပြောမျိုး ပြောခြင်းစသော အပြောအဆိုများကား နှုတ်၏ရိုင်းစိုင်းမှု, မယဉ်ကျေးမှုများတည်း။

ကိုယ်, နှုတ်ဖြင့် မပြု မပြောစေကာမူ စိတ်၌ ကာမဂုဏ်တက်စသော မကောင်းသောအကြံမျိုး ကြံခြင်းမှာ စိတ်၏ ရိုင်းစိုင်းမှု, မယဉ်ကျေးမှုပင်တည်း၊ ဤနည်းကိုမှီ၍ လူအများ၌လည်း လူ့အလိုက်ရိုင်းမှု, ယဉ်မှုကို သိသင့်သည်။ မေတ္တာသည် သဘာဝအားဖြင့် ယဉ်ကျေးနူးညံ့သော သဘောဖြစ်၍ ရိုင်းစိုင်းသောသူ၌ မတည်ပေ၊ ယဉ်ကျေးသူသာ မေတ္တာ၏ တည်ရာဖြစ်နိုင်၍ ဤ အပ္ပဂဗ္ဘ (=ယဉ်ကျေးသူ) ဖြစ်ရမည်ကို မေတ္တာ ပုဗ္ဗဘာဂအကျင့်အဖြစ် ညွှန်ကြားတော်မူခဲ့သည်။

လူတို့၌ မတွယ်တာသူ။ ။လူအများ၌ မိဘ ခင်တွယ်လွန်းသူ, ဆွေမျိုး ခင်တွယ်လွန်းသူများကား မိဘ ဆွေမျိုးများနှင့် မခွဲမခွါနိုင်၍ တရပ်ဘကျေးသို့ ပညာရေး, စီးပွါးရေး, ကြီးပွါးရေး အတွက် မခွါမထွက်နိုင်လျှင် ဆုတ်ယုတ်ဖို့ရာသာ ဖြစ်၏။ တိုးတက်ဖို့မဖြစ်။ ရဟန်းများ၌လည်း လူဒကာ ဒကာမများအပေါ် တွယ်တာခြင်းသည် အကျိုးယုတ်ကြောင်း, မတိုးတက် မကြီးပွါးနိုင်ကြောင်းပင် ဖြစ်သည်။

ပစ္စည်း၌ မက်မောတွယ်တာသော ရဟန်းသည် ဒကာ ဒကာမများ၌ တွယ်တာတတ်၏။ မလျော်သောလူတို့နှင့် ရောနှောခြင်းဖြင့် ရောနှော ဆက်ဆံတတ်၏။ လူက ပူဆွေးလျှင် မိမိပါ ရောနှောပူဆွေးခြင်း, လူက ဝမ်းသာသောအခါ မိမိပါ ဝမ်းသာခြင်း, ဒကာချမ်းသာလျှင် မိမိပါ ချမ်းသာ၍ ဒကာဆင်းရဲလျှင် မိမိပါ ဆင်းရဲခြင်း, လူ့ကိစ္စတို့၌ မိမိက ကြောင့်ကြစိုက်ခြင်းမျိုးတည်း။ ထို့ကြောင့် လမင်းနှင့်တူစွာ အမြဲအသစ် အာဂန္တု (=ဧည့်သည်) သဖွယ်ဖြစ်၍ ကိုယ်လည်း ခွါ, စိတ်လည်း ခွါ၍ အိမ်သားအိမ်သူ လူများသို့ ချဉ်းကပ်ရမည့်အကြောင်း ဘုရားဆုံးမတော်မူ၏။

လ-သည် ကောင်းကင်၌သွားသည်ရှိသော် မည်သူနှင့်မျှပေါင်းသင်းခြင်း မပြု၊ မည်သူ့ကိုမျှ တွယ်ဘာခြင်း, ချစ်ခင်ခြင်းမပြု၊ ထိုသို့မပြုခြင်းကြောင့် လူအများက မချစ်မမြတ်နိုးသည်ဟု မရှိ။ ထို့အတူ သင်တို့လည်း လ—နှင့် တူစွာ လူအများချစ်မြတ်နိုးမှု ခံယူလျက် လူအများသို့ ချဉ်းကပ်ကြလေဟု

မိန့်ဆိုလိုရင်းဖြစ်သည်။ ညှော်သည်ဟူသည် အိမ်ရှင်က ကျွေးလျှင် စား၍ အိမ်ရှင်တို့နှင့် ပေါင်းသင်းမှု, သူတို့၏ကိစ္စတွေ ရွက်ဆောင်မှုမပြုပဲ ထွက်ခွါသွားသကဲ့သို့ အိမ်စဉ်လှည့်၍ ဒကာ ဒကာမတို့က လှူလျှင် ခံယူပြီး သူတို့နှင့် ပေါင်းသင်းဆက်ဆံမှုမပြုပဲ သူ့ဘို့ကိစ္စတွေကို ကြောင့်ကြမစိုက် မဆောင်ရွက်ပဲ ထွက်ခွါကြ-ဟု မိန့်ဆိုလိုရင်းဖြစ်သည်။

"ရဟန်းတို့....ဘယ်လိုရဟန်းမျိုးသည် လူဒကာ ဒကာမများသို့ ကပ်ရောက်ခြင်းငှါ ထိုက်သနည်း"ဟု မေးတော်မူသောအခါ "အရှင်မြတ်ဘုရား သာ ဟောတော်မူပါ" ဟု ရဟန်းများ လျှောက်၏။ ထိုအခါ ဘုရားရှင်က လက်တော်ကို ကောင်းကင်၌လှုပ်ပြတော်မူ၏။ ဤလက်သည် ကောင်းကင်၌ မငြိမကပ် မတွယ်သကဲ့သို့ အကြင်ရဟန်းသည် လူဒကာ ဒကာမများ သို့ ချဉ်းကပ်သော် ထိုလူတို့၌ မငြိမတွယ်ပဲ"ပစ္စည်းလိုသူများလည်း ရကြ ပါစေ, ကောင်းမှုလိုသူများကလည်း ဒါနကောင်းမှု ပြုနိုင်ကြပါစေ"ဟု သဘောထား၏။ မိမိရရှိခြင်းကြောင့် ဝမ်းသာသလို သူတကာ ရသည် ကိုလည်း ဝမ်းမြောက်တတ်၏။ ထိုရဟန်းမျိုးသာ ဒကာ ဒကာမသို့ ချဉ်းကပ်ထိုက်ကြောင်း မိန့်တော်မူပြီးလျှင် ကဿပသည် ထိုကဲ့သို့ ရဟန်း မျိုးဖြစ်၍ ကဿပကဲ့သို့ ကျင့်ကြရမည့်အကြောင်းကို နိဒါနဝဂ္ဂ ကဿပ သံယုတ် (၄၀၂)၌ ဟောတော်မူခဲ့သည်။ ဒကာ ဒကာမတို့၌ မက်မော တွယ်တာတတ်သော ရဟန်းကား တရား၌ ကြောင့်ကြစိုက်မည်မဟုတ်၊ ပစ္စည်းကိုသာ အလေးပြုနေတတ်၏။ ထို့ကြောင့် ထိုသို့ မဖြစ်ရန် မေတ္တာ ရှေ့သွား အကျင့်များတွင် ဤအမျိုးတို့၌ မတွယ်တာသူ အဖြစ် ကိုလည်း အကျင့်တခုအဖြစ်ဖြင့် ညွှန်ကြားတော်မူခဲ့သည်။

---

(၁၀) န စ ခုဒ္ဒ'မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(၁၀) ယေန၊ အကြင်ဒုစရိုက်စုံ ယုတ်ညံ့သောအမှုကြောင့်။ ဝိညူ၊ ပညာရှိဖြစ်ကုန်သော။ ပရေ၊ သူတပါးတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ပြစ်တင်ကုန်ရာ၏။ ခုဒ္ဒံ၊ ယုတ်ညံ့သော။ တံ၊ ထိုဒုစရိုက်မှုမျိုးကို။ ကိဉ္စိ၊ အနည်းငယ်ကလေး အသေးအဖွဲ့မျှကိုပင်။ န အာစရေ၊ မပြုမကျင့်ရာ။ သဗ္ဗသတ္တာ၊ သတ္တဝါမှန်သမျှတို့သည်။ သုခိနော ဝါ၊ ကိုယ်၏ချမ်းသာခြင်း ရှိကုန်သည်ဖြစ်၍။ ခေမိနော ဝါ၊ ဘေးရန်ကင်းဝေး အေးချမ်း သာယာခြင်း ရှိကုန်သည်ဖြစ်၍။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ ဝါ၊ ချမ်းသာရွှင်ပျ စိတ်ရှိကြကုန်သည်လည်း။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

> **စကားပြေ**—ပညာရှိအများ သူတပါးတို့ ကဲ့ရဲ့ပြစ်တင်မည့် ဒုစရိုက်စုံ ယုတ်ညံ့သောအမှုမျိုးကို အသေးအဖွဲ့ အနည်းငယ်မျှပင် ဖြစ်စေ မပြုကျင့်ပါလေနှင့်၊ (ထို့နောက် မေတ္တာပွါးရမည်မှာ) သတ္တဝါ မှန်သမျှ ကိုယ်ချမ်းသာကြပါစေ, ဘေးရန်ကင်းဝေး အေးချမ်းသာယာ ကြပါစေ, စိတ်လည်း ချမ်းသာကြပါစေ။

အကရဏီယနှင့်မေတ္တာပွါး။ ။"သက္ကော"စသည်ဖြင့် ကရဏီယ(=ပြုကျင့်ရမည့်) ဓမ္မများကို ညွှန်ကြားတော်မူပြီးနောက် "န စ ခုဒ္ဒမာစရေ ကိဉ္စိ"စသည်ဖြင့် အကရဏီယ(=မပြုသင့် မပြုထိုက်သော) ဓမ္မများကို ညွှန်ကြားတော်မူပြီးလျှင် ကျင့်ရန်, မကျင့်ရန် တရားများ အပြည့်အစုံ ပြီးဖြစ်သောအခါ တဖန်ဆက်လက်၍ မေတ္တာဘာဝနာပွါးပုံနည်းကို "သုခိနော ဝ" စသည်ဖြင့် နည်းပေးတော်မူပြန်သည်။

အကရဏီယ၌ မှတ်ဖွယ်။ ။သက္ကော-စသည်အရ စွမ်းနိုင်သူ၏ အဖြစ်စသောအကျင့်များပြည့်စုံလျှင် မကောင်းမှုပြုတော့မည် မဟုတ်ဟု ဆိုရန်ရှိသော်လည်း တခါတရံ အကောင်းဆုံးဖြစ်အောင် ကျင့်သူဖြစ်စေကာ "ဤအမှုကား မပြောပလောက်ပေ" ဟု ပြုမိမှားတတ်သည်သည်းရှိတတ်ရာ ထိုကဲ့သို့ မဖြစ်ရန် သတိပေးခြင်းဖြစ်၏။

ခုဒ္ဒ-သည် အငယ်, အနည်းငယ်, ကြမ်းကြုတ်သူ, နိမ့်ကျသူ, ယုတ်ညံ့သူ, ဆင်းရဲသူစသောအနက်များကို အဘိဓာန်တို့၌ ပြဆိုရာ ဤ၌ အယုတ်အညံ့ဟောဟည်း။ အယုတ်အညံ့ သာမန်ဖြစ်သော်လည်း န အာစရေ၊ မကျင့်ရ ဟူသည်ကို ထောက်၍ ယုတ်ညံ့သော အကျင့်ဟု သိနိုင်သည်။ ထို့ကြောင့် အဋ္ဌကထာက "ယံ တံ ကာယ ဝစီ မနောဒုစ္စရိတံ ခုဒ္ဒံ လာမကန္တိ ဝုစ္စတိ" ဟု ဆို၏။ ကိဥ္စိ-သဒ္ဒါ အပ္ပက (=အနည်းငယ်) အနက်ဟော။ ရှုန့်ရင်းကြမ်းတမ်းသော အပြစ်ကြီးများကို မဆိုထားနှင့် အဏုမြူမျှ အနည်းငယ် အသေးအဖွဲ အကုသိုလ်များကိုပင် မပြုရဟု ဆိုလို၏။

ထို အကုသိုလ်မှု ပြုကျင့်ရာ၌ မျက်မှောက် ရရှိမည့်အပြစ်ကို ပြလို၍ "ယေန ဝိညူ ပရေ ဥပဝဒေယျုံ (=ရင်း ပြစ်မှုအတွက် ပညာရှိများ သူတပါးတို့ ကဲ့ရဲ့ဖွယ်ဖြစ်ရာသည်)" ဟု မိန့်တော်မူသည်။ ဤ၌ ပညာမဲ့သူများကား ပမာဏ မဟုတ်၊ ထိုသူမျိုးကား အပြစ်မရှိသည်ကို အပြစ်ဟု လုပ်တတ်၏။ အပြစ်နည်းသော အမှုကို ကြီးကျယ်သော ပြုစ်မှု ပြုလုပ်ပြောဆိုတတ်၏။ ပညာရှိများသာ ပမာဏဖြစ်၏။ ပညာရှိတို့မည်သည်မှာ သေချာစွာ သက်ဝင် စိစစ်၍ တကယ် ကဲ့ရဲ့ထိုက်သူကိုမှ ကဲ့ရဲ့၍ချီးမွမ်းထိုက်သူ တကယ်မှန်မှ ချီးမွမ်းလေ့ရှိကြ၏။ ထိုသို့ ပညာရှိများသာ ပမာဏဖြစ်၍ ပညာရှိတို့ ကဲ့ရဲ့ဖွယ်အမှုကို မပြုရဟု ဟောတော်မူသည်။

မေတ္တာပို့၌ သိမှတ်ဖွယ်။ ။"သက္ကော ဥဇူ စ" စသော ဆိုခဲ့ပြီး နှစ်ဂါထာ ခွဲတို့ဖြင့် မေတ္တာဘာဝနာ၏ရှေ့အဖို့၌ ဖြည့်ကျင့်ထားရအည့် မေတ္တာပုဗ္ဗဘာဂပဋိပဒါ (=မေတ္တာ၏ရှေ့အဖို့က ကျင့်ရမည့် အကျင့်များ) ကို ပြခဲ့၏။ ၎င်းတို့ကိုပင် ကမ္မဋ္ဌာနူပစာရ (=မေတ္တာကမ္မဋ္ဌာန်း၏ ဥပစာရ) ဟုလည်း ဆိုရ၏။ အိမ်၏ဥပစာဆိုလျှင် အိမ်၏ အနီးအပါး အရပ်ဟု သိရသကဲ့သို့ မေတ္တာဘာဝနာမပြုမီ မေတ္တာ၏ရှေ့အနီးမှာ ဖြစ်သော အကျင့်များ ဖြစ်၍ မေတ္တာဘာဝနာ၏ ဥပစာဟု ဆို၏။

ထို ဥပစာကို ပြပြီး၍ ထို ရဟန်းတို့၏ ရက္ခစိုးနတ်များ ဘေးရန်ကို ပယ်ရှားရန် ပရိတ်အရံအတားအလို့ငှါရင်း, ဝိပဿနာ၏ အခြေခံ

မေတ္တာချောန် ကမ္မဋ္ဌာန်းအကျိုးငှါရင်း မေတ္တာဘာဝနာ ပြုပုံပြုနည်းကို "သုခိနော ဝါ" စသည်ဖြင့် မိန့်တော်မူသည်။

သုခံ ဧတေသံ အတ္ထီတိ သုခိနော-ချမ်းသာရှိသူများ ဖြစ်သောကြောင့် သုခီတို့မည်၏။ ဤအနက်ဖြင့် သုခ-အရ ကိုယ်ချမ်းသာ စိတ်ချမ်းသာ နှစ်မျိုးလုံးနှင့် ဆိုင်သော်လည်း သုခိတတ္တ-ဟု စိတ်ချမ်းသာမှု ရှိခြင်းကို ဆိုဦးမည်ဖြစ်၍ ကိုယ်၏ ချမ်းသာခြင်းကိုသာ ယူရတော့သည်။

သုခံ သဉ္ဇာတံ အဿာတိ သုခိတော=ဖြစ်သော ချမ်းသာရှိသော စိတ်တည်း။ သုခိတော အတ္တာ ဧတေသန္တိ သုခိတတ္တာ=ဖြစ်သော ချမ်းသာရှိသော စိတ်ရှိသူများ။ ခေမ-သဒ္ဒါ ဘေးရန်မရှိခြင်း အေးချမ်းခြင်းဟော။ ကိုယ်စိတ်ချမ်းသာခြင်းကြောင့် အေးချမ်းသည်၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းကြောင့် အေးချမ်းသာယာသည်။ ခေမံ ဧတေသံ အတ္ထီတိ ခေမိနော=အေးချမ်းခြင်းရှိသူ များတည်း။

ဤ"သုခိနော ဝါ "စသော စကားကို ဘာကြောင့် ဆိုသနည်း၊ မေတ္တာပွါးပုံကို ပြခြင်းငှါ ဆိုသည်၊ မေတ္တာကို "သဗ္ဗေ သတ္တာ သုခိနော ဟောန္တု=သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာကြပါစေ။ ခေမိနော ဟောန္တု =အေးချမ်းသာယာကြပါစေ။ သုခိတတ္တာ ဟောန္တု= စိတ်ချမ်းသာကြ ကြပါစေ"။ ဤသို့ ပွါးများအပ်သည်ဟု ဆိုလိုသည်။

မစောဒနာသင့်။ ။"ပညာရှိများ ကဲ့ရဲ့မည့် အမှုမှန်လျှင် အနည်းငယ်မျှ ပင် ဖြစ်စေ မပြုရ" ဟူသော စကား၏အခြားမဲ့၌ "သတ္တဝါမှန်သမျှ ချမ်းသာကြပါစေ" စသော စကားကို ဟောခဲ့၏။ မေတ္တာကို ဤသို့ ပွါးများရမည် စသော စကားမျိုးမပါ၍ အနုသန္ဓိမစပ် သကဲ့သို့ မရှိပါလောဟု ဆိုရန်ရှိ၏။ မြတ်စွာဘုရား တရားတော်ကား သိနားလည်သူတို့အတွက် ဖြစ်၏။ ထိုသို့ သိနားလည်တတ်သူများကား "သုခိနော ဝါ" စသည်ဖြင့်ရင်း,"ယေ ကေစိ"စသည်ဖြင့်ရင်း ဟောသော တရားကို ကြားရလျှင် မေတ္တာပွါးပုံ နည်းပေးသည်ဟု နားလည်သွား သည်သာ။

တစုံတခုသော အကြောင်းအရာကို ပြောဆိုရေးသားပြီး အဆုံး၌ အားလုံး ချမ်းသာပါစေဟု အဆုံးသတ်လျှင် ထိုစကားမှာ ထိုသူ၏ ဆုတောင်းဖြစ်သကဲ့သို့ ဤ၌မြတ်စွာဘုရားက မေတ္တာပို့ခြင်းဟု မှတ်ယူဖွယ် မရှိလော၊ ဤသို့လည်း ဆိုချင်ကြပြန်သည်။ ဓမ္မပဋိဂ္ဂါဟက (=တရားနာသူ ရဟန်းတို့အတွက် ဟောကြားနေသော ဒေသနာအဖြစ် ထင်ရှား၍ ထိုရဟန်းများကလည်း မိမိတို့ ကျင့်ဖို့အတွက် ဟောသည်၏အဖြစ်ကို သိနားလည်ခဲ့ရာ ထိုသို့လည်း ယူဆရန် မသင့်။

ထိုအချက်မှာ "မာတာ ယထာ နိယံပုတ္တမာယုသာ" စသည်ဖြင့် မိခင်သည် မိမိ၏ဘဦးဘည်းသောသားကို စောင့်ရှောက်သကဲ့သို့ မေတ္တာပွါးရမည် စသော နောက် ဟောကြား တိုက်တွန်းမည့် စကားတို့ကိုလည်း ထောက်ထား သိနိုင်သည်ဖြစ်ရာ မစေ၁ဒနာသင့်ပဲ စေ၁ဒနာခြင်း သာတည်း။

(၅၁) ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ'နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

(၅၂) ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝါ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(၅၁-၅၂) အနဝသေသာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ယေ တသာ ဝါ၊ အကြင် ထိတ်လန့်ဘတ်သော ပုထုဇဉ် သေက္ခတို့သည် ၎င်း။ ယေ ထာဝရာ ဝါ၊ အကြင် မထိတ်မလန့် တည်တံ့နိုင်မြဲသော ရဟန္တာတို့သည်၎င်း။ ယေ ဒီဃာ ဝါ၊ အကြင်ခန္ဓာကိုယ် ရှည်လျား သတ္တဝါ များတို့သည်၎င်း။ ယေ မဟန္တာ ဝါ၊ အကြင်ခန္ဓာကိုယ် ကြီးမား သတ္တဝါ

များတို့သည်ရှင်း။ ယေ မဇ္ဈိမာ ဝါ၊ အကြင် မတို မရှည် မကြီး မငယ် အရွယ်အလတ်စား သတ္တဝါများတို့သည်ရှင်း။ ယေ ရဿကာ ဝါ၊အကြင် ပုကွ နိမ့်တို ခန္ဓာကိုယ်ရှိသော သတ္တဝါများတို့သည်ရှင်း။ ယေ အဏုကာ ဝါ၊ အကြင် သေးငယ်မှုန်မွှား သတ္တဝါများတို့သည်ရှင်း။ ယေ ထူလာ ဝါ၊အကြင် ဝိုင်းစက်ဆူဖြိုး သတ္တဝါမျိုးတို့သည်ရှင်း။ ယေ ဒိဋ္ဌာ ဝါ၊ အကြင် မြင်ဘူးသော သတ္တဝါတို့သည်ရှင်း။ ယေ အဒိဋ္ဌာ ဝါ၊ အကြင် မမြင်ဘူးသော သတ္တဝါတို့သည်ရှင်း။ ယေ ဒူရေ ဝသန္တိ၊ အကြင် အဝေးအရပ်၌ နေကြသော သတ္တဝါတို့သည်ရှင်း။ ယေ အဝိဒူရေ ဝသန္တိ၊ အကြင် အနီးအရပ်၌ နေကြသော သတ္တဝါတို့သည်ရှင်း။ ယေ ဘူတာ ဝါ၊အကြင် နောင်မဖြစ်ရ ဖြစ်ပြီးသား ဖြစ်ကြသော ရဟန္တာတို့သည်ရှင်း။ ယေ သမ္ဘဝေသီ ဝါ၊ နောင် ဖြစ်ရမည့် ဘဝကိုရှာ အကြင် ပုထုဇဉ် သေက္ခ သတ္တဝါတို့သည်ရှင်း။ ယေ ကေစိ၊ အလုံးစုံကုန်သော။ ပါဏဘူတာ၊ သတ္တဝါတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣမေပိ သဗ္ဗသတ္တာ၊ ဤအလုံးစုံကုန်သော သတ္တဝါတို့သည်ရှင်း။ သုခိတတ္တာ၊ ချမ်းသာခအားမြ ကိုယ်စိတ်နှစ်ပါး ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

စကားပြေ—အလုံးစုံသော ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခများ, မထိတ်လန့်တတ်သော ရဟန္တာပုဂ္ဂိုလ်များ, ကိုယ်ခန္ဓာရှည်လျားသော သတ္တဝါများ, ကိုယ်ခန္ဓာကြီးမားသော သတ္တဝါများ, ကိုယ်ခန္ဓာ အလတ်စား သတ္တဝါများ, ပုကွ နိမ့်တို ကိုယ်ရှိသော သတ္တဝါများ, သေးငယ်မှုန်မွှားသော သတ္တဝါများ, ဆူဖြိုး ဝိုင်းဝန်းသော သတ္တဝါများ, မြင်ဘူးသော သတ္တဝါများ, မမြင်ဘူးသော သတ္တဝါများ,အဝေး၌ နေသော သတ္တဝါများ, အနီး၌ နေသော သတ္တဝါများ, နောင် မဖြစ်ကြမည့် ဖြစ်ပြီး ဖြစ်ရသော ရဟန္တာများ, နောင် ဘဝသစ် ရှာမှီးတတ်သော သေက္ခပုထုဇဉ်များ, လောကရှိ ဤ သတ္တဝါအားလုံး ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

မေတ္တာပွါးပုံအကျယ်။ ။"သုခိနော ဝါ" စသည်ဖြင့် သတ္တဝါအားလုံး ပေါင်းရုံးကာ မေတ္တာပွါးပုံ အကျဉ်းချုပ်ကို ပြတော်မူပြီးနောက် ထိုသတ္တဝါတွေကို "တသ,ထာဝရ" စသည်ဖြင့် အလီလီခွဲကာ မေတ္တာပွါးပုံအကျယ်ကို "ယေ ကေစိ ပါဏဘူတတ္ထိ" စသည်ဖြင့် ညွှန်ကြားတော်မူပြန်သည်။ တမျိုးဆိုရသော် သတ္တဝါများ၏ စိတ်မှာ အာရုံအမျိုးမျိုး အစားစားတွင် ကျင်လည် ကျက်စားခဲ့ရာ စ,စချင်း အာရုံတခုထဲ၌ စွဲမြဲစွာ မဘည်နိုင်သေး။ အာရုံအများအပြားကို ရှုပွါးရန် ပေးထားသော် ထို အာရုံများသို့ အစဉ်လိုက်ကာ လိုက်ကာ နေရခြင်းဖြင့် တရွေ့ရွေ့ တိုးတက် စွဲမြဲတည်တံ့နိုင်၏။ ထို့ကြောင့် တသ,ထာဝရ စသော အာရုံအမျိုးမျိုး၌ လိုက်ကာ လိုက်ကာ စိတ်ကောင်းစွာ တည်စေခြင်း အကျိုးငှါ မေတ္တာပွါးပုံ အကျယ်ကို မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

တမျိုးဆိုဖွယ် ရှိသေးသည်၊ စိတ်မည်သည်မှာ ထင်ရှားရာ ထင်ရှားရာ အာရုံ၌သာ လွယ်ကူစွာ တည်နေနိုင်တတ်သည်။ ထို့ကြောင့် တရားနာ နေသူ ရဟန်းများအဖို့ ထင်ရှားရာရာ အာရုံ၌ ကောင်းစွာ တည်စေရန် (=သမာဓိဖြစ်ရန်) တသ, ထာဝရ စသည့် မေတ္တာ၏အာရုံအမျိုးမျိုးကို ပြတတ်သော "ယေ ကေစိ ပါဏဘူတတ္ထိ"စသော ဂါထာနှစ်ရပ်ကို မိန့်ဆိုတော်မူသည်။

အနက်ပေးဟန်။ ။"ယေ ကေစိ ပါဏဘူတတ္ထိ" စသည်၌ ယေ ကေစိကား အနဝသေသ (=အကြွင်းမဲ့ အလုံးစုံ)အနက်ဟော။ အလုံးစုံကိုလည်း အနိယမအားဖြင့် ဟောရာ ၎င်း၏ နိယမကား သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ-၌ သဗ္ဗသတ္တာတည်း။ တသာ ဝါ ထာဝရာ ဝါ-စသည်ကား ယေ ကေစိ အရ သတ္တဝါများတည်း။ မှန်၏၊ 'ယေ ကေစိ ပါဏဘူတတ္ထိ'ကား အနိယမသာမည ဖြစ်၍ တသာ ဝါ ထာဝရာ ဝါ-စသည်ကား ထိုအနိယမ သာမည၏အရ ဖြစ်သော အနိယမဝိသေသများဖြစ်သည်။ ထို့ကြောင့် ယေ ကေစိ၊ ကုန်သော။ ပါဏဘူတာ၊ သတ္တဝါတို့သည်။ ယေ တသာ ဝါ၊ တို့သည်၎င်း။ပ။ ယေ သမ္ဘဝေသီ ဝါ၊ တို့သည်၎င်း။ အတ္ထိ၊ ၏။ ဣမေပိ သဗ္ဗသတ္တာ၊ တို့သည်။ သုခိတတ္တာ၊ ကုန်သည်။ ဘဝန္တု၊ ကုန်သတည်း။ ဤသို့သော်လည်း စပ်၊ သို့မဟုတ် ဂါထာ၌ အနက်ပေးခဲ့သည့်အတိုင်း တသာ ဝါ- စသည်မှ စဘင်အနက်ပေးကာ ယေ ကေစိ ကို ပြန်စပ်။

သို့မဟုတ် တသာ ဝါ-ထိတ်လန့်တတ်သော သတ္တဝါတို့ရင်း။ပ။သမ္ဘဝေသီ ဝါ၊ တို့ရင်း။ ဣတိ၊ ဤသို့။ယေကေစိ၊ ကုန်သော။ ပါကဋဘူတာ၊ တို့သည်။အဘ္ဘ ဣမေပိ သဗ္ဗသတ္တာ စသည်ဖြင့်သော်လည်း စပ်။ ဤသို့ သုံးမျိုးစပ်နိုင်သည့် အဖြစ်ကို"ယေ ကေစိ ပါကဋ-ဘူတတ္ထိ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟူသော အဋ္ဌကထာ ယောဇနာပြုဖြင့် သိရသည်။

ပါကဋဘူတာအရ။ ။ပါကဋ,ဘူတာ နှစ်ပုဒ်လုံး သတ္တဝါဟောဖြစ်၍ ၎င်း နှစ်ပုဒ်၌ အနက်ထူးမရှိ။ ထို့ကြောင့် "ပါကဋ ဝေ ဘူတာ=ပါကဋသည်ပင် ဘူတမည်သည်"ဟု ဆို၏။ "ပါကဋတ္ထိတိ ပါကဋ= အသက်ရှူတတ်သောကြောင့် ပါကဋမည်ကုန်၏"ဟု လုပ်၍ အဿာသ ပဿာသနှင့် စပ်သော ပဉ္စဝေါကာရ သတ္တဝါကောက်ရန်၎င်း၊ ဘဝန္တီတိ ဘူတာ=ဖြစ်တတ်သောကြောင့် ဘူတမည်ကုန်၏" ဟု လုပ်၍ ဧကဝေါ-ကာရ စတုဝေါကာရသတ္တဝါ ကောက်ရန်၎င်း အဋ္ဌကထာ၌ ပါကဋနှင့် ထူးခြားအောင် ပြုလုပ်၍ တနည်း ဖွင့်ပြန်၏။ ပါကဋအရ အဿာသ ပဿာသနှင့် စပ်သော ပဉ္စဝေါကာရဟု ဆိုရာ၌ ဆိုဖွယ်ရှိလာ၏။ အကြောင်းမှာ ရူပါဝစရတို့ကား အဿာသ ပဿာသ မရှိသော သတ္တဝါများတွင် ပါဝင်လျက်ရှိသောကြောင့်တည်း ထို့ကြောင့် ပါကဋအရ, ကာမာဝစရ၊ ဘူတ အရ ရူပ, အရူပတို့ကို ကောက်သော် ပို၍ နှီးလေင်း ဖွယ် ရှိ၏။

အဋ္ဌကထာအဆို၌ သင့်တင့်အောင်လည်း ဤသို့ ကြံသင့်သေး၏။ အာယတ္တပဋိဗဒ္ဓစသည်၌ စပ်သည်ဟူသည်မှာ ဖြစ်နေ ရှိနေမှု မဟုတ် အကြောင်းအကျိုးအဖြစ်ဖြင့် ဖြစ်ခြင်းကိုလည်း စပ်သည်ဟုပင် ဆိုရ၏၊ အသညသတ်,အရူပတို့မှာ အဿာသပဿာသစျာန်များကြောင့် ဖြစ်နိုင်ခွင့် မရှိ၍ အဿာသ ပဿာသနှင့် မစပ်ဟု ဆိုရ၏။ ရူပါဝစရတို့မှာ အဿာသ ပဿာသစျာန်လေးပါးကြောင့် ဖြစ်နိုင်သောကြောင့် အဿာသ ပဿာသ နှင့်စပ်နေသည်ဟု ဆိုရသည်။ ဤအလို အဿာသ ပဿာသပဋိဗဒ္ဓ-၌ အဿာသ ပဿာသ အရ ထွက်သက် ဝင်သက်ကိုရင်း, စျာန်ကိုရင်း နှစ်မျိုးလုံး ယူရတော့သည်။ သို့ဖြစ်လျှင် အဿာသ ပဿာသစျာန်မှ

တပါး အခြားစျာန်ကြောင့် ဖြစ်သော ဗြဟ္မာများနှင့် "ပါဏန္တီတိ ပါဏာ" ဟူသော ဝစနတ္ထကို ဘယ်သို့ ဆိုမည်နည်း။ အားလုံးအတွက် ရှဋ္ဌီအဖြစ်သော ဆိုဖွယ် ရှိတော့သည်။

ထို့ပြင် "သဥ္စန္တီတိ သတ္တာ၊ ပါဏန္တီတိ ပါဏာ" ဟူသော စကားတို့အရ ငြိကပ်အပ်မက်တတ်သော ပုထုဇဉ် သတ္တဝါနှင့် အသက်ရှူရှိုက်သော ပဉ္စဝေါကာရသတ္တဝါတို့ကို ကောက်ယူနိုင်ရာ အဋ္ဌကထာတို့၌ ရာဂကင်းသော ရဟန္တာ, အသက်မရှူရှိုက်တတ်သော ရူပါ,ရူပသတ္တဝါ၌လည်း ဖြစ်ရသော သတ္တပါဏတို့ကို ရုဋ္ဌီ သဒ္ဒါအဖြစ်ဆို၏။ ထန်းရွက်မှတပါး အခြား ဖျာ,ယပ် စသည်တို့၌လည်း ဖြစ်သော တာလဝဏ္ဍကို ရုဋ္ဌီဟု ဆိုသကဲ့သို့တည်း။

ဤ၌လည်း အသက်ရှူတတ်သော ကာမာဝစရမှတပါး အသက်မရှူသော ရူပ၌လည်း ဖြစ်သော ဤပါဏကို ရုဋ္ဌီအဖြစ် ယူမှ အဋ္ဌကထာအဆိုမှာ အပြစ်လွတ်ပေမည်။ သို့သော် ပါဏ-အရ ကာမသတ္တဝါ, ဘူတ-အရ ကျန် သတ္တဝါကို ယူသောနည်း လောက် မရှင်းလင်း မချောပြေတတ်။

တသ စသော သတ္တဝါများ။ ။"တသန္တီတိ တသာ=ထိတ်လန့်တတ်သောကြောင့် တသမည်၏" အရ တသ ဟူသည်မှာ တဏှာ မကင်းသေး၍ ကြောက်တတ် လန့်တတ်သော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်များတည်း။ "တိဋ္ဌန္တီတိ ထာဝရာ= မကြောက် မလန့် မလှုပ်ရှားပဲ မြဲမြံတည်တံ့သောကြောင့် ထာဝရမည်၏" အရ တဏှာကို ပယ်ပြီးဖြစ်သောကြောင့် ကြောက်ရွံ့ခြင်း မရှိကြသော ရဟန္တာတို့ကို ထာဝရ ဆိုသည်။

ဒီဃမှာ ကိုယ်အနေအထား ရှည်လျားသော မြွေ နဂါး, ငါး ဖွတ် စသော သတ္တဝါများတည်း။ မဟန္တ-ကား ကြီးသော ကိုယ်ခန္ဓာရှိသော ငါး လိပ်စသော ရေသတ္တဝါ,ဆင်စသော ကုန်းသတ္တဝါ,ရာဟုစသော နတ်များပင် ဖြစ်သည်။ မြင်း, နွား, ကျွဲ, ဝက် စသော ကိုယ်နေ အလတ်စားရှိသော သတ္တဝါများကို မဇ္ဈိမ-ဆို၏၊ ရဿ-ပုတိုသော သဏ္ဌာ

ဆိုသည်မှာ ထိုထို သတ္တဝါအမျိုးမျိုးတို့၌ ဒီဃ မဇ္ဈိမတို့ထက် ဆောက်ကျ သေးငယ်သော သတ္တဝါပေတည်း။

အဏုက-ကား ပကတိမျက်စိအရာမဟုတ်၊ ဒိဗ္ဗစက္ခု၏အရာဖြစ်သော အလွန်သေးငယ်မှုန်မွှားသော သတ္တဝါများဖြစ်၏၊ သို့မဟုတ် မဟန္တ မဇ္ဈိမနှင့် ထူလာ မဇ္ဈိမတို့အောက် သေးငယ်သော ပမာဏရှိသော သတ္တဝါတို့ကိုယူ။ ထူလမှာ ဝိုင်းဝန်းသော ကိုယ်ရှိသော ယောက်သွား, ခရု, လိပ် စသော သတ္တဝါမျိုးတည်း။ မိမိမျက်စိဖြင့် မြင်ဘူးသော သတ္တဝါကို ဒိဋ္ဌ-ဆိုသည်၊ သမုဒ္ဒရာတဖက်, တောင်တဖက်, စကြဝဠာတဖက်စသည်၌ တည်သော မမြင်ဘူးသော သတ္တဝါတို့ကား အဒိဋ္ဌတို့တည်း။

ဝိဒူရ-ကို အတိဒူရ(=အလွန်ဝေးသော)ဟု အနက်ဆို၏။ ထို့ကြောင့် အဝိဒူရကို မနီးမဝေးဟု အနက်ပြန်၏။ ဤ၌ ဒူရ၏ အပြန်ဖြစ်၍ အနီးသာ အနက်ဆိုရသည်။ ထို့ကြောင့် မိမိကိုယ်၌ ရှိသောသတ္တဝါကို အဝိဒူရ-ဟုရင်း, မိမိကိုယ်မှ အပ၌ ဖြစ်ကြသော သတ္တဝါတို့ကို ဒူရဟုရင်း ဆိုရသည်၊ တနည်း မိမိအိမ်ကျောင်း ဥပစာအတွင်း အပြင်ဖြင့်ရင်း မိမိ ကျောင်း, ရွာ, ဇနပုဒ်, ကျွန်း, စကြဝဠာ အတွင်းအပြင်အားဖြင့်ရင်း အဝိဒူရ-ဒူရ ခွဲရပြန်သည်။

ဘူတ-ဆိုသည်မှာ ဖြစ်ပြီးသားဖြစ်၍ နောင်ဖြစ်ရကော့မည်မဟုတ်သော ရဟန္တာ ပုဂ္ဂိုလ်များပင်တည်း။ သမ္ဘဝံ ဧသန္တီတိ သမ္ဘဝေသိနော=နောင်ဘဝဖြစ်ရန် အကြောင်းကံကို ရှာလေ့ရှိသောကြောင့် သမ္ဘဝေသီမည်၏။ သံယောဇဉ် မကင်းသေးသောကြောင့် နောင်ဘဝ အဆက်ကို ရှာဘတ်သော ပုထုဇဉ်သေက္ခတို့ကို သမ္ဘဝေသီ-ဆိုသည်။ ဤ ဘူတ, သမ္ဘဝေသီကို ပဋိသန္ဓေအားဖြင့် တနည်း ခွဲပြသေး၏။ အဏ္ဍဇ(=ဥ၌ဖြစ်သော သတ္တဝါ), ဇလာဗုဇ (=သားအိမ်၌ဖြစ်သော သတ္တဝါ) တို့မှာ အဥနှင့်သားအိမ်မှ မထွက်ရသေးမီ သမ္ဘဝေသီ ဆိုရ၏။ ဥ, သားအိမ်မှ အပြင်ထွက်လာသောအခါမှ ဘူတ တည်း။

သံသေဒဇ(=အညှီအဟောက် အပွင့် အပွေး အခေါက် စသည်၌ ဖြစ်သော သတ္တဝါ), ဩပပါတိက (=ကိုယ်ထင်ရှားဖြစ်သော သတ္တဝါ) တို့မှာ ပဋိသန္ဓေစိတ္တက္ခဏ၌ သမ္ဘဝေသီဟုရင်း, ဒုတိယစိတ္တက္ခဏမှစ၍ နောက် ဘူတ-ဟုရင်း ခွဲ။ အကြင် ဣရိယာပုထ်ဖြင့် ဖြစ်၏၊ ထို ဣရိယာပုထ် မပြောင်းသေးသမျှ သမ္ဘဝေသီတည်း။ ပြောင်းသောအခါမှစ၍ ဘူတ အဖြစ် ရောက်သည်ဟုလည်း တနည်း ခွဲလေ။

ဒုက်, တိက်။ ။ဤဂါထာများအရ ဒုက်လေးဒုက်, တိက်သုံးတိက်အားဖြင့် မေတ္တာပွါးပုံ ခုနစ်မျိုးဖြစ်၏။

ဒုက် လေးဒုက်ကား (၁) တသ, ထာဝရဒုက်။ (၂) ဒိဋ္ဌ, ဒိဋ္ဌဒုက်။ (၃) ဒူရ, သန္တိကဒုက်။ (၄) ဘူတ, သမ္ဘဝေသီဒုက်တို့တည်း။

တိက် သုံးတိက်ကား (၁) ဒီဃ, ရဿ, မဇ္ဈိမတိက်။ (၂) မဟန္တ, အဏုက, မဇ္ဈိမတိက်။ (၃) ထူလ, အဏုက, မဇ္ဈိမတိက်တို့တည်း။

ဤ ဒုက် တိက်တို့အရ မေတ္တာဘာဝနာပွါးပုံမှာ အဋ္ဌကထာတွဲစပ်ပြသော နည်းအတိုင်း "ယေ ကေစိ ပါဏဘူတတ္ထိ" ကိုရင်း, "ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ" ကိုရင်း ဒုက်တိုင်း တိက်တိုင်းယှဉ်ကာ မေတ္တာဘာဝနာ ခုနစ်မျိုးကို ဖော်ထုတ်အပ်၏။

၁။ ယေ ကေစိ ပါဏဘူတတ္ထိ 'တသာ ဝါ ထာဝရာ ဝါ' ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၂။ ။ 'ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ' ။

၃။ ။ 'ဒူရေ ဝါ သန္တိကေ ဝါ ဝသန္တာ' ။

၄။ ။ 'ဘူတာ ဝါ သမ္ဘဝေသီ ဝါ' ။

၅။ ။ 'ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ' ။

၆။ ။ 'မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ' ။

၇။ ။ 'ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ' ။

မြန်မာပြန်(၁) ထိတ်လန့်ဘတ်သော ပုထုဇဉ်သေက္ခနှင့် မထိတ်လန့်တတ်သော ရဟန္တာ ဤ ပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၂) မြင်ဘူးသောသတ္တဝါ မမြင်ဘူးသောသတ္တဝါ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၃) အနီးအပါးရှိ သတ္တဝါ အဝေးနေ သတ္တဝါ။

(၄) ဖြစ်ပြီး ရဟန္တာနှင့် ဖြစ်ရန် ကံကို ရှာနေသော ပုထုဇဉ်သေက္ခ။

(၅) ကိုယ်ခန္ဓာ ရှည်သော သတ္တဝါ, တိုသောသတ္တဝါ, မရှည်မတို အလတ်စားသတ္တဝါ။

(၆) ကိုယ်ခန္ဓာ ကြီးသောသတ္တဝါ, ငယ်သော သတ္တဝါ မကြီးမငယ် အရွယ်အလတ်စား သတ္တဝါ။

(၇) ကိုယ်ခန္ဓာ ပြည့်ဖြိုး ဝိုင်းဝန်းသော သတ္တဝါ, ငယ်သော, သတ္တဝါ, အလတ်စား သတ္တဝါ, ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

မှတ်ချက်—ဆိုခဲ့ပြီး သုခိတတ္တာ မှာ နောက်က သုခိနော ရှိနေ၍ အတ္တက စိတ်ကိုသာ ဟောရ၏။ ဤ၌ အတ္တ-ကို ခန္ဓာကိုယ်တခုလုံး ကိုယ်စိတ်နှစ်ပါးဟော ယူ၍ သုခိတတ္တာ-ချမ်းသာအောင်မြ ကိုယ်စိတ် နှစ်ပါး ရှိကြကုန်သည်ဟု အနက်ပေးခဲ့သည်။ ထို့ကြောင့် ဤ၌ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေဟု မြန်မာပြန်သည်။

---

(၅၃) န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ-
နာညမညဿ ဒုက္ခမိစ္ဆေယျ။

(၅၃) ပရော၊ တပါးသူတယောက်သည်။ ပရံ၊ သူတပါးဟူ အခြားသူတယောက်ကို။ န နိကုဗ္ဗေထ၊ စဉ်းလဲသမှု လှည့်ပတ်ခြင်း မပြုပါစေလင့်။ ကတ္ထစိ၊ တစုံတခုသော အရပ်၌ (ဘယ်အရပ်မှာမဆို)။ ကဉ္စိ၊ တစုံတယောက်သော။ နံ၊ ထိုသူတပါးကို။ နာတိမညေထ၊ မာန်ထောင်သမှု မထီမဲ့မြင် မပြုပါစေလင့်။ ဗျာရောသနာယ၊ ကိုယ်နှုတ်တို့ဖြင့် စော်ကားထိပါး နှိပ်စက်ခြင်းဖြင့်၎င်း။ ပဋိဃသညာယ၊ ဒေါသစိတ်ဖြင့်၎င်း၊ အညမညဿ၊ အချင်းချင်း (တယောက်သည် တယောက်)၏။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ န ဣစ္ဆေယျ၊ အလိုမရှိပါစေလင့်။

စကားပြေ—သူတယောက်သည် အခြားသူတယောက်ကို စဉ်းလဲလှည့်ပတ်မှု မပြုပါစေလင့်၊ ဘယ်အရပ်မှာမဆို ဘယ်ပုဂ္ဂိုလ်တယောက် ယောက်ကိုမျှ မထီမဲ့မြင် မပြုပါစေလင့်။ ကိုယ်နှုတ်တို့ဖြင့် ထိပါး နှိပ်စက်ခြင်းဖြင့်၎င်း၊ ဒေါသစိတ်ဖြင့်၎င်း အချင်းချင်း တယောက်သည် တယောက်၏ ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

မေတ္တာပို့တမျိုး။ ။မေတ္တာဘာဝနာဟူသည် သတ္တဝါများ အပေါ်၌ ချမ်းသာသုခ ရရှိရေးအတွက် တောင့်တချက်ဖြင့်သာ ပွါးများရသည်မဟုတ်၊ အကျိုးမဲ့ဒုက္ခတို့ မကျမရောက်ဖို့အရေး တောင့်တသည်၏ အစွမ်းဖြင့်လည်း ပွါးများရသည်သာ။ ထိုကြောင့် 'သုခိနော ဝါ' စသည်ဖြင့် သတ္တဝါတို့ ချမ်းသာရေး တောင့်တာပွါးများပုံကို ပြပြီးနောက် ယခုအခါ 'န ပရော ပရံ' စသည်ဖြင့် ဆင်းရဲဒုက္ခ မကျမရောက်ရေး တောင့်တသော အားဖြင့် ပွါးများပုံကို ညွှန်ကြားတော်မူပြန်သည်။

သဒ္ဒါအရ ရှင်းလင်းချက်။ ။["န နိကုဗ္ဗေထာတိ န ကောပေယျ န ဝဉ္စေယျ ဝါ" ဟူသောပရိတ်ဋီကာ အလို'န နိကုဗ္ဗေထ'ရှိရမည်ဖြစ်၏။ အမျက်မထွက်ရမည့် အနက်မျိုးမှာ "ဗျာရောသနာ ပဋိဃသညာ- နာညမညဿ ဒုက္ခမိစ္ဆေယျ"ဟူသော စကားဖြင့်ပင် ပြီးနေ၍ မလိုတော့ဟု ဆိုသင့်သည်။ 'န

ဝဋ္ဋေယျ’ အဖွင့်နှင့် ‘န နိကုဗ္ဗေထ’ လည်း မဟပ်မိ။ “န နိကုဗ္ဗေထာတိ န ဝဋ္ဋေယျ” ဟူသော အဋ္ဌကထာအလိုလည်း မကျ။ နိ+ကရ-ဖြင့်ပြီးသော နိကတိမှာ စဉ်းလဲလှည့်ပတ်ခြင်းအနက်ကို ဟောသကဲ့သို့ နိ+ကရ-ဖြင့်ပင် ပြီးသော နိကုဗ္ဗေထလည်း စဉ်းလဲလှည့်ပတ်ခြင်း အနက်ကို ဟောသည်ဟု ‘န ဝဋ္ဋေယျ’ ဖြင့် သိစေသည်။

အချို့ အရာ၌ နိကတိနှင့် ဝဉ္စနာ ကွဲပြားပုံကို ပြ၏။ ‘ဝဉ္စနာဟူသည်’မှာ ထိုထို အကြောင်း ဥပါယ်တို့ဖြင့် လှည့်ပတ်ခြင်းဖြစ်၍ ‘နိကတိ’ကား-မှော် မန္တန် မျက်လှည့် အတတ်တို့ဖြင့် ရွှေမဟုတ်သည်ကို ရွှေစသည်ပြုလုပ် လှည့်ပတ်ခြင်းဟုဆို၏။ ဤ၌ကား နှစ်မျိုးလုံးပင် ဝဋ္ဋေယျ အရဖြစ်၏။ ထိုမျှမကသေး “တုလာကူဋ-ချိန်စဉ်းလဲ၊ ကံသကူဋ-ခွက်စဉ်းလဲ” မာနကူဋ-တင်းအခြင်စဉ်းလဲ” စသော ကူဋ အမျိုးမျိုးကိုလည်း ယူရသည်ပင်။ ဝဉ္စနာကို “အညထာဒိုတသာ၊ တမျိုးအနေ အားဖြင့် တည်နေသော။ ဝတ္ထုနော၊ အရာဝတ္ထုကို။ အညထာရူပေန၊ တခြားတမျိုးအသွင်ဟန်ဖြင့်။ ကထနာ-ဒိနာ၊ ပြောဆိုခြင်း စသည်ဖြင့်။ အညမောဟောပ္ပါဒနေ၊ တပါးသူကို တွေဝေမှုဖြစ်အောင် ပြုခြင်း၌ဖြစ်၏” ဟုဖွင့်သော ထောမနိဓိအရ ဤဝဋ္ဋေယျ၌ ဝဉ္စနာကိုလည်း ထိုသဘောအရ- အားလုံးလှည့်ပတ်မှုမှန်သမျှ ယူနိုင်တော့သည်။]

တောင့်တရခြင်း။ ။လှည့်ပတ်ခြင်း ကောက်ကျစ် စဉ်းလဲခြင်းမှာ ထိုသူအပေါ် မေတ္တာမရှိခြင်းကြောင့်ပင် ဖြစ်၏။ ထိုအတူ အလှည့်ပတ်ခံနေရသော သူကလည်း စိတ်ဆိုးဘော့မည်ပင် ဖြစ်၏။ ဤသို့ဖြင့် နှစ်ဖက်လုံး မကောင်းကျိုးများ ဖြစ်ပွားနိုင်၍ ဤမလှည့်ပတ်ပါစေနှင့်ဟူသော မေတ္တာကို ပွါးရခြင်းဖြစ်သည်။

မာနထောင်ခြင်းသည်လည်း မေတ္တာမရှိသူအပေါ်၌သာ ဖြစ်၏။ မိမိ အလွန်ချစ်မြတ်နိုးသူဖြစ်လျှင် ထိုသူအပေါ်မှာ စိတ်နူးညံ့နေရာ မာနဟု ရှိနိုင်မည်မဟုတ်။ ထို့ကြောင့် မာနသည် မေတ္တာကင်းခြင်း၏ အမှတ်အသားပင် ဖြစ်သည်။ မာန်ထောင်လွှားသူကို မြင်ရလျှင်ပင် အမြင်ကပ်ကြ၏။ ထို့ထက် မထိမဲ့မြင်ပြုခံရလျှင် အဘယ်မှာ စိတ်မဆိုးပဲ ရှိအံ့နည်း။ ထို့ကြောင့် မာနသည်လည်း မာန်ထောင်သူ မထိမဲ့မြင် ပြုခံရသူ နှစ်ဦးစလုံးအဖို့ မကောင်းကျိုး ဖြစ်ကြောင်းသာ ဖြစ်ရာ သတ္တဝါတို့အပေါ် စေတနာရှိသူတိုင်း ဤ “နာတိမညေထ” မထိမဲ့မြင် မပြုပါစေနှင့်ဟူသော တောင့်တချက် ပြုရမည်သာ။

[ဗျာရောသနာ ပဋိဃသညာ-ဟူရာဝယ် "နိဒ္ဒေသဗျာရောသဥပါရမ္ဘာဘယာ" ဥပရိပဏ္ဏာသ(၁၂)၌ 'ဗျာရောသ ကို ဃဋ္ဋန (=ထိပါးခြင်း) ဟုဋင်း အဋ္ဌကထာဖွင့်၏။ "ရောသေဟိ ရောသက" စသော ရောသကိုလည်း ဃဋ္ဋနဟုပင် ထိုထိုအဋ္ဌကထာတို့၌ ဖွင့်ကြ၏။ အချို့အရာ၌ရောသကကို ကောဓဇနက(=အမျက်ဒေါသကို ဖြစ်စေတတ်သူ) ဟု ဖွင့်သည်ကို တွေ့ရ၏။

ရုသဓာတ်ကို ဟိံ သာ (=ညှဉ်းဆဲခြင်း), ကောဓ(=အမျက်ထွက်ခြင်း)ဟု ဓာတ်ကျမ်းတို့၌'နှစ်နက်တွေ့ရသည်ဖြစ်ရာ ဟိံ သာ ဟူသည် ဃဋ္ဋနပင်။ ဃဋ္ဋန-ထိပါးဆိုသည်မှာ ကိုယ်ဖြင့်ရိုက်နှက်မှု, နှုတ်ဖြင့် ဆဲရေးမှုစသော ညှဉ်းဆဲမှု စော်ကားနှိပ်စက်မှုပင်ဖြစ်သည်။ ကောဓဇနက- အမျက်ထွက်အောင် ပြုမှု ဆိုသည်မှာလည်း ထိုရိုက်နှက်မှု, ဆဲရေးမှုစသော အမှုများပင်ဖြစ်၍ အနက်ကွဲသော်လည်း ဃဋ္ဋနနှင့် သဘော မကွဲ။ ထို့ကြောင့် "ဗျာရောသနာ" ဟူသည် ကိုယ်ဖြင့် ရိုက်နှက်မှုစသည် နှုတ်ဖြင့် ဆဲရေးမှုစသည်ဖြင့် ထိပါးစော်ကားနှိပ်စက်ခြင်းများပင်ဖြစ်သည်ဟုမှတ်။ "ဗျာရောသနာယ" ဟုဆိုလိုလျက် "သမ္မဒညာ ဝိမုတ္တော" "ပဋိသခ်ါ ယောနိသော" စသည်တို့၌ကဲ့သို့ ယ ကျေသည်။ "သုတ္တော သုခံ့စ္စာရဏတ္ထမက္ခရလောပေါ်" ဟူသော သဒ္ဒနီတိ (သုတ္တ၊ ၄၁)အ ပါဠိ၌ သုခုစ္စာရဏအတွက် ယ-အကျေကို ဆိုသော်လည်း ဤ၌ ဆန်းဂိုဏ်းစောင့်ရှောက်ဖို့ရာဟု ဆိုရသည်။ ပဋိဃသညာလည်း ယိုနည်းပင်၊ ပဋိဃသညာ၌ သညာကို ပဓာနပြုသဖြင့် ဒေါသစိတ်ကို ဆိုသည်ဟု သိအပ်၏။]

'ဗျာရောသနာ ပဋိဃသညာ 'ကို 'နာတိမညေထ' နှင့် စပ်ဘတ်၏။ အဋ္ဌကထာ၌ 'နာညမညဿ ဒုက္ခမိစ္ဆေယျ' နှင့်စပ်ရန်ဖွင့်သောကြောင့် ထိုအစပ်ကို သတိပြုသင့်သည်။ ဒေါသဟူ၍ ဖြစ်လာလျှင် မိမိအဖို့လည်း မကောင်း,ခံရသူအဖို့လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအကြောင်း, ပြန်လှန်ဒေါသဖြစ်ရခြင်း အကြောင်းသာ ဖြစ်၏။ ထို့ကြောင့် သတ္တဝါများကောင်းစားစေလိုသော စေတနာရှိသူတိုင်း ထိုဒေါသမျိုး မဖြစ်ရန်, ချစ်ချစ် ခင်ခင် ရှိကြရန် တောင့်တမည်သာ ဖြစ်၏။ ထို့ ကြောင့် အချင်းချင်း ဆင်းရဲမှုကို မပြုလိုကြစေလင့်ဟု မေတ္တာပြုရန် မိန့်ကြားတော်မူခဲ့သည်။

---

(၅၄) မာတာ ယထာ နိယံ ပုတ္တ—
မာယုသာ ကေပုတ္တ' မနုရက္ခေ။

ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

(၃၄) မာတာ၊ မွေးသည့်မိခင် ကျေးဇူးရှင်သည်။ နိယံပုတ္တံ၊ မိမိ ရင်နှစ် သားရင်းဖြစ်သော။ ဧကပုတ္တံ၊ တဦးတည်းသော သားကို။ အာယု-သာ၊ မိမိအသက်ဖြင့်သော်ပင်။ အနုရက္ခေ ယထာ၊ အစဉ်မကွာ ကွယ်ကာ စောင့်ရှောက်ဘိသကဲ့သို့။ ဧဝမ္ပိ၊ ဤအတူလည်း။ သဗ္ဗဘူတေသု၊ အလုံးစုံသော သတ္တဝါတို့၌။ အပရိမာဏံ၊အတိုင်းအတာ ပမာဏမရှိသော။ မာနသံ၊ မေတ္တာစိတ်ကို။ ဘာဝယေ၊ အကြိမ်ကြိမ် အခါခါ ပွါးများရာ၏။

စကားပြေ—မွေးမိခင်သည် မိမိ၏ရင်သွေးဖြစ်သော တဦးတည်း
သောသားကို မိမိအသက်နှင့်လဲ၍ပင် အစဉ်ကာ
ကွယ် စောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ သတ္တဝါအလုံးစုံတို့၌
အတိုင်းအတာ ပမာဏမရှိသော မေတ္တာစိတ်ကို ပွါးများပါလေ။

မိခင်ပမာ မေတ္တာထား။ ။သတ္တဝါများအပေါ်၌ အကောင်းဆုံး အစွဲမြဲဆုံး ထားအပ်သော မေတ္တာကို ဤမေတ္တာဘာဝနာအရာ၌ အလိုရှိအပ်၏။ လောက၌ သားသမီးများအပေါ်၌ ထားအပ်သော မိခင်၏မေတ္တာမှာ အလွန်အကဲဆုံး မေတ္တာဖြစ်၍ ထို မိခင်၏ မေတ္တာမျိုး သတ္တဝါများအပေါ်မှာ ထားရမည့်အဖြစ်ကို "မာတာ ယထာ" စသည်ဖြင့် တိုက်တွန်းတော်မူသည်။

ဂါထာ၌ သိမှတ်ဖွယ်။ ။ဤ၌ မိမိကိုယ်တိုင် ကိုးလ ဆယ်လ လွယ်ကာမွေး လာခဲ့ရသောကြောင့်ရင်း, အမြဲ နီးနီးကပ်ကပ် ကိုယ်နှင့်မကွာ ယုယပိုက်ထွေး နို့ချိုတိုက်ကျွေးလျက် ပြုစုခဲ့ရသောကြောင့်ရင်း ဘခင်ထက် မိခင်၏မေတ္တာစိတ်က သာလွန်၏။ ထို့ကြောင့် လွန်ကဲသော မေတ္တာကို ပမာပေးသော ဤအရာ၌ မိခင်မေတ္တာကို ယူခြင်း ဖြစ်သည်။ မွေးစားသော သားကိုလည်း မွေးစားမိခင်တို့မှာ အလွန်ချစ် တတ်၏။ သို့သော် မိမိကိုယ်တိုင် မွေးရသော ဩရသ= သားရင်းကို

ချစ်ခြင်း ထက်တော့ မလွန်နိုင်။ သားရင်းကိုသာ လွန်ကဲစွာ ချစ်ရှာ ပေလိမ့်မည်။ ထို့ကြောင့် နိယံ ပုတ္တံ=မိမိ သားရင်းဟု အထူး"မ" ခဲ့သည်။

သားရင်းတွင်လည်း သားသမီးများသော မိခင်မှာ ချစ်စရာတွေ များနေသဖြင့် လွန်ကဲသော ချစ်ခြင်းဟု ရှိနိုင်ဖို့ ခဲယဉ်းသည်။ တယောက် တည်းသော သားရှိသော မိခင်မှာ သားတယောက်တည်း အပေါ်တွင် စုပုံ၍ အသည်းနှစ်အောင် ချစ်တတ်မြဲ ဖြစ်ရာ လွန်ကဲသော မေတ္တာကို ယူလိုသော ဤအရာ၌ ဧကပုတ္တံ = တဦးတည်းသော သားအဖြစ်ကို ဆို ခဲ့သည်။

ဤမျှလောက် ချစ်အားပိုသည်ကို အာယုသာ-ဖြင့် ပြ၏။ အသက်ဖြင့် ပင် စောင့်ရှောက်သည်ဆိုရာ၌ အသက်ကို စွန့်၍ပင် စောင့်ရှောက်သည်ဟု ဆိုလို၏။ ဤ၌ အပိ-မပါသော်လည်း အပိ-အနက် ဖြစ်သင့်၏။ အသက် ဖြင့်သော်လည်း စောင့်ရှောက်သေး၏။ အခြား ကိုယ်ခန္ဓာ ပစ္စည်းဥစ္စာ ဖြစ်မူ ဆိုဖွယ်ရာမရှိဟု သမ္ဘာဝနာကို ထွန်းပြ၏။ ထို့ကြောင့်"အာယုသာ၊ မိမိအသက်ဖြင့် သော်ပင်"ဟု အနက်ပေးခဲ့သည်။ ထိုအနက်မျိုး ယူစေ လို၍ "အတ္တနော အာယုမ္ပိ စဇိတွာ"ဟု အာယုသာကို အဋ္ဌကထာ ဖွင့်သည်။

ပရိတ်ဋီကာ၌ "အာယုသာ ဇီဝိတေန သမံ ဇီဝိတာဟော ဝါ" ဟု ဖွင့်၏။ "ဇီဝိတေန သမံ"ဖြင့် အာယုသာကို အသက်နှင့် ထပ်တူ ဟု ပေးရမည်ဖြစ်၏။ အဓိပ္ပါယ်ရသော်လည်း "အတ္တနော အာယုမ္ပိ စဇိတွာ" ဟူသော အဋ္ဌကထာ အနက်ကို မမီ။ မိမိအသက်ကိုလည်း စွန့်၍ စောင့် ရှောက်သည်ဆိုသည်မှာ မိမိအသက်ထက်ပင် ပိုချစ်သည်ဟု အဓိပ္ပါယ်ရ သည် ဖြစ်ရာ ထိုအနက်သာ ပိုမိုလေးနက်သည်။ ဇီဝိတဟေတု ဝါ အရ အသက်ကြောင့်, အသက်ဟူသော အကြောင်းကြောင့်ဟူသော နောက် အနက်မှာ အဓိပ္ပါယ် မရလှပေ။

ဆိုလိုသော အဓိပ္ပါယ်။ ။တဦးတည်းသော မိမိရင်သွေးကို အသက်နှင့် လဲကာ ကွယ်ကာ စောင့်ရှောက်သော မိခင်၏ မေတ္တာမျိုးကို သတ္တဝါများအပေါ် ထားကာ မေတ္တာပွါး ရမည်၊ ထိုသို့ ပွါးသော အခါလည်း အချို့ကို အာရုံမပြုပဲ ချန်ထားခဲ့လျှင် အချို့ သတ္တဝါအပေါ်သာ ရောက်၍ အတိုင်းအတာ အကန့်အသတ် (=ပရိမာဏ)ရှိသော မေတ္တာဟု ဆိုရ၏။ ထိုကဲ့သို့ မဟုတ်ပဲ မည်သူ့ကိုမျှ မချန်ထား အားလုံးအာရုံပြုကာ အားလုံးအပေါ်မှာ ရောက်သော မေတ္တာကို အပရိမာဏ (=အတိုင်းအရှည် အကန့်အသတ် မရှိသော) မေတ္တာဟု ဆိုသည်။ ထိုကဲ့သို့ အပရိမာဏ မေတ္တာမျိုး ပွါးရမည်ကို အပရိမာဏံဖြင့် ပြသည်။ တယောက်တည်း အပေါ်မှာပင် ဤအရပ်သာ ပိုင်းပွါးမည်၊ ဤအရပ်ကို ကား မပွါးဟု ကိုယ်ခန္ဓာ၌ အပိုင်း အခြားထား ပွါးလျှင် အတိုင်းအရှည် အကန့်အသတ်ရှိနေသော မေတ္တာ ဖြစ်ပြန်သည်။ ထိုသို့မဟုတ်ပဲ ထို ဘယောက်အပေါ်မှာပင် ဘယ်အရပ် ဘယ်အပိုင်းကိုမျှ မချန်ထား အားလုံး အကြွင်းမဲ့အားဖြင့် ပွါးလျှင် အပရိမာဏဟုပင် ဆိုရတော့သည်။ ထို့ကြောင့် "အပရိမာဏသတ္တာရမ္မဏဝသေန ဝါ၊ အတိုင်းအတာ အကန့် အသတ်မရှိ သတ္တဝါအကုန်လျှင် အာရုံရှိသည်၏အစွမ်းဖြင့်ရင်း။ ကေသ္မိံ သတ္တေ၊ သတ္တဝါတဦး၌ပင်။ အနဝသေသဖရဏေန ဝါ၊ အကြွင်းမဲ့ ဖြန့် သည်၏ အစွမ်းဖြင့်ရင်း" ဟု အပရိမာဏအရ အတိုင်းအတာ မရှိပုံကို အဋ္ဌကထာ ဖွင့်ဆိုသည်။

ဘာဝယေ-ကို ပုနပ္ပုနံ ဇနယေ ဝဍ္ဎယေ = အဖန်ဖန် ဖြစ်စေ,ပွါး စေရာ၏ဟု အဋ္ဌကထာဖွင့်၏။ ထိုအနက်အရ ပွါးစေရာ၏ ဟုလည်း ပေးနိုင်၏။ မြန်မာ၌ "ဘာဝေတိ, ဘာဝေန္တော" စသော ထိုထိုအရာတို့၌ ပွါးစေသည်ကို ပွါးများသည်ဟုပင် အသုံးပြုလေ့ရှိ၏။ ဘာဝနာပွါးများ သည် စသော ထို အသုံးများ အရ ဤ၌ ပွါးများရာ၏ဟုသာ အနက်ပြန် လိုက်သည်။

---

(၅၅) မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။

ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

(၅၅) ဥဒ္ဓံ၊ အထက်လောက အရူပဘဝ၌ရှင်း။ အဓော၊ အောက်ပြည်လောက ကာမဘဝ၌ရှင်း။ တိရိယံ၊ အလယ်လောက ရူပဘဝ၌ရှင်း။ သဗ္ဗလောကသ္မိံ၊ အလုံးစုံသော လောက၌။ အပရိမာဏံ၊ အတိုင်းအတာပမာဏမရှိသော။ မေတ္တံ၊ မေတ္တာနှင့်ယှဉ်သော။ မာနသံ၊ စိတ်ကို။ အသမ္ဗာဓံ၊ အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်း မရှိသည်ကို။ အဝေရံ၊ ဒေါသဟူသော အတွင်းရန်လည်း မရှိသည်ကို။ အသပတ္တံ၊ နှိပ်စက်ရန်မူ အပရန်သူလည်း မရှိသည်ကို။ (ကတွာ၊ ပြု၍။) ဘာဝယေ၊ ပွါးများရာ၏။

စကားပြေ—အထက် အရူပဘဝ, အောက် ကာမဘဝ, အလယ် ရူပဘဝ အလုံးစုံသော လောက၌ ပိုင်းခြားကန့်သတ်ချက် မရှိသော မေတ္တာစိတ်ကို အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်း မရှိအောင်, ဒေါသ ဟူသော အတွင်းရန် မရှိအောင်, အပရန်သူလည်း မရှိအောင် ပွါးများပါလေ။

မေတ္တာကို ပွါးအောင်ပြုပုံ။ ။ဆိုခဲ့ပြီး ဂါထာ၌ မေတ္တာကို အတိုင်းအရှည် အကန့်အသတ်မထား ပွါးများရမည့် အဖြစ်ကို ဆိုခဲ့၏။ အတိုင်းအရှည်မရှိ ပွါးများရမည်ဆိုသည်မှာ အလုံးစုံနှံ့အောင် ပွါးများရမည်ဟု ဆိုလိုသည်။ ထို့ကြောင့် မေတ္တာကို လောကအနှံ့ ဖြန့်ကာ ပွါးစေရပုံကို "မေတ္တဉ္စ" စသည်ဖြင့် ပြတော်မူသည်။

တလောကလုံး။ ။ဤ၌ သဗ္ဗလောက အရကို သတ်မှတ်ပြလို၍ "ဥဒ္ဓံ အဓော တိရိယံ"ဟု ဆိုသည်။ ဥဒ္ဓံ-အရ အရူပဘုံ, အဓော-အရ ကာမဘုံ, တိရိယံ-အရ ရူပဘုံကို ယူရမည်ကို ဖွင့်ပြီးသော် တနည်းအားဖြင့် ဥဒ္ဓံ-အရ အထက် ဘဝဂ်အထိ, အဓော-အရ အောက် အဝီစိအထိ, တိရိယံ-အရ ကျန် အလယ်ဒေသကို ယူရန် တမျိုးဖွင့်ပြပြန်သည်။ မည်သည့်နည်းဖြင့် ယူသည် ဖြစ်စေ သဗ္ဗလောက ရသည်ချည်း

ဖြစ်၍ နှစ်မျိုးလုံး အသင့်ပင်။ ဗုဒ္ဓဆရာ ဟောတော်မူသော ကာလ၌ တရားနာသူ ရဟန်းတို့၌လည်း အမြင်နှစ်မျိုးပင် ဖြစ်ဖွယ်ရှိသည်။ သို့သော် သဗ္ဗလောကကို ဆိုလိုသည်ဟု နားလည်သည့် အရာတွင် အမြင်ထပ်တူသာ ဖြစ်ပါလိမ့်မည်။

အသမ္ဘာဝ။ ။အပိုင်းအခြား အကန့်အသတ် ရှိသော နေရာကို သမ္ဘာဝ (=ကျဉ်းမြောင်းသည်)ဟု **ဆို၏**။ အပိုင်းအခြားပျက်မှ ကျယ်ဝန်း ပြန့်ပွါးသည်။ ဤ၌ ရန်သူကို သီမာ (=အပိုင်းအခြား) ဆိုသည်။ မေတ္တာအရာ၌ ဤသူကား မိမိ ရန်သူဖြစ်သည်ဟု မေတ္တာမပွါး ချန်ထားခဲ့သော် ပိုင်းခြားကန့်သတ်ချက် ရှိနေ၍ ကျဉ်းမြောင်းလျက် ရှိ၏။ ဘိန္နသီမ (=အပိုင်းအခြားပျက်သူ) ဖြစ်အောင် ရန်သူကိုပင် မချန်ထားပဲ ရန်သူ၌သော်လည်း မေတ္တာရောက်အောင် ပွါးသော် အပိုင်းအခြား ပျက်၍ ကျဉ်းမြောင်းခြင်းမရှိ မေတ္တာနယ် ကျယ်သွားသည်ကို အသမ္ဘာဝဆိုသည်။

တမျိုးဆိုရသော် ဘာဝနာ မပြည့်စုံသေးခင် ဘုံလောကအနှံ့ မေတ္တာစိတ်ဖြန့်ပွါးဖို့ မလွယ်သေးသော်လည်း ဘာဝနာ ပြည့်စုံအားရှိလာသောအခါ မည်သည့် သြကာသလောကမျှ မကျန်ရအောင် အနှံ့ ဖြန့်ပွါးနိုင်လာသည်။ ဤသို့ ဘုံလောကအနှံ့ ဖြန့်ပွါးနိုင်လာသောအခါ မေတ္တာသည် အသမ္ဘာဝ ဖြစ်လာတော့သည်။ ဤစကားဖြင့် အသမ္ဘာဝ ဖြစ်ရန်မှာ ဘိန္နသီမ (=အပိုင်းအခြားပျက်အောင် ပွါးနိုင်သူ)ဖြစ်၍ ဘာဝနာ အားကောင်းလာမှ ဖြစ်နိုင်ခွင့်ရှိရာ ဥပစာရစျာန် အပ္ပနာစျာန်ရရှိမှသာ ထိုသို့ ဖြစ်နိုင်၍ ဈာန်ရသူများ၏ မေတ္တာကို အသမ္ဘာဝ ဟု ဆိုရကြောင်း သိပါလေ။

သီမာသမ္ဘေဒ။ ။ဤ၌ အပိုင်းအခြားပျက်ခြင်းနှင့် စပ်လျဉ်း၍ ဆိုခွင့်ဆိုက်လာပြန်သောကြောင့် ဝိသုဒ္ဓိမဂ်လာ မေတ္တာပွါးပုံ အစီအစဉ်အကျဉ်းချုပ်မျှကို ဆက်လက်ပြဦးမည်။ မေတ္တာဘာဝနာအရာ၌ မေတ္တာရှေးဦးစွာ မပွါးအပ်သူ, ပွါးအပ်သူ, လုံးဝမပွါးအပ်သူများ ရှိရာ

မချစ်အပ်သူ (=မုန်းသူ) ၌ မေတ္တာ'စ'မပွါးရ၊ ပွါးလျှင် ဒေါသဖြစ်လာတတ်၍ မေတ္တာဖြစ်ရန် ခက်ခဲ၏။ အလွန်ချစ်သူ၌ တဏှာပေမ ရှိနေရာ ထိုသူ၏ သုခ, ဒုက္ခ အတွက် သောကစသည် ဖြစ်လာတတ်၍ မေတ္တာပွါးရေးမှာမလွယ်။ မမုန်းမချစ် အလတ်စား ပုဂ္ဂိုလ်၌ မိမိက ချစ်မြတ်နိုးမှု မရှိသောကြောင့် ချစ်မြတ်နိုးသူ အရာထားရန် အခက်တရပ်ပင်။ ရန်သူ၌ကား ဒေါသဖြစ်လာမည် ဖြစ်၍ စတင်ပွါးရန် သာ၍ မလွယ်သည်သာ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်လေးမျိုးတို့၌ ရှေးဦးစွာ မေတ္တာမပွါးအပ်။

လိင်မတူသူများ၌ ရာဂဖြစ်တတ်ခြင်း, သေသူ၌ပွါးလျှင် အပ္ပနာစျာန်, ဥပစာရစျာန် မရနိုင်ခြင်းတို့ကြောင့် ထိုသူနှစ်မျိုးတို့၌ကား လုံးလုံး မပွါးသင့်။ ထို့ကြောင့် မေတ္တာပွါးလိုသော ပုဂ္ဂိုလ်သည် "အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော=ငါချမ်းသာပါစေ, ဆင်းရဲကင်းပါစေ" စသည်ဖြင့် မိမိကိုယ်ကို ရှေးဦးစွာ ပွါးအပ်၏။ မိမိကိုယ်ကို ပွါးခြင်းမှာ စျာန်ရဖို့ကား မဖြစ်နိုင်။ သို့သော် ငါချမ်းသာချင်သလို, ငါမဆင်းရဲချင်သလို အခြားသတ္တဝါများလည်း ဆင်းရဲကင်းလို ချမ်းသာ လိုကြသည်ဟု-မိမိကို သက်သေတင်ကာ တပါးသတ္တဝါတွေ အပေါ်မှာ အကျိုးလိုလားမှု ချမ်းသာလိုလားမှု ဖြစ်လာတတ်၍ မိမိကိုယ်ကို စတင်ပွါးရခြင်းဖြစ်သည်။ (ဝိသုဒ္ဓိ-ပ-၂၇၇)

ထို့နောက် မိမိချစ်ခင် လေးစားအပ်သော ဆရာ ဥပဇ္ဈာယ်စသည်တို့၌ ထိုပုဂ္ဂိုလ်တို့၏ သီလ, သုတဂုဏ်, ချစ်ဖွယ်ပြောဆို ပြုမူခဲ့ပုံ စသော ချစ်မြတ်နိုးဖွယ် ကြည်ညိုဖွယ် ဂုဏ်များကို အောက်မေ့ပြီးလျှင် "သေ သပ္ပုရိသော သုခိတော ဟောတု နိဒ္ဒုက္ခော=ဤသူတော်ကောင်း ချမ်းသာပါစေ, ဆင်းရဲကင်းပါစေ" စသည်ဖြင့် မေတ္တာပွါးရသည်။ ထိုသို့ မိမိအကျိုး လိုလား၍ လေးစားမြတ်နိုးသော ဆရာ စသည်တို့၌ ပွါးအပ်သော မေတ္တာ အလေ့အလာများ အားရှိလာသောအခါ အလွန်ချစ်သော မိတ်ဆွေ, မမုန်းမချစ် အလယ်အလတ်ပုဂ္ဂိုလ်နှင့် ရန်သူများ၌ ပြောင်းကာ ပြောင်းကာ အစဉ်အတိုင်း ပွါးသွားရသည်။ အလေ့အလာ ပွါးများ ထားအပ်ပြီးသော

မေတ္တာသည် နောင်ရန်သူ၌ စိတ်ရောက်သောအခါပင် ရန်သူအဖြစ် မမြင်တော့ပဲ ပိယပုဂ္ဂိုလ်အဖြစ် ရောက်လာတော့သည်။

* လိင်မတူရာ၊ သေသူမှာ၊ မေတ္တာ မပွါးနှင့်။

* မုန်းထားသူ၊ လွန်ချစ်သူနှင့်၊ လယ်လူတဖြာ၊ ရန်သူမှာ၊ မေတ္တာ မစလင့်။

* မိမိ စယူ၊ ချစ်သူ နောက်ဆို၊ ပို၍ ချစ်သူ၊ ကိုယ့်ရန်သူ၊ ပွါးမူ စဉ်တိုင်းသင့်။

ဤသို့ မေတ္တာကို ထပ်တလဲလဲ ပွါးနေသော ပုဂ္ဂိုလ်သည် မိမိနှင့် မိမိ ချစ်မြတ်နိုးသော ပိယပုဂ္ဂိုလ်, မမုန်းမချစ် အလယ်အလတ်စား ပုဂ္ဂိုလ်, ရန်သူဟူသော ဤလေးဦး၌ မေတ္တာစိတ် ညီတူညီမျှ မရှိသေးလျှင် သိမာ-သမ္ဘေဒ (=အပိုင်း အခြား ပျက်ခြင်း) မဖြစ်သေး၊ ထိုလေးဦး၌ အကျိုးလိုလားသော မေတ္တာစိတ်ထား ညီတူညီမျှဖြစ်မှသာ သိမာသမ္ဘေဒ ဖြစ်၏။ "သိမာသမ္ဘေဒ"ဟူရာ၌ ရွာတို့၏အပိုင်းအခြားသည် တရွာနှင့် တရွာကို မရောစေပဲ သီးခြား ကန့်သတ် တည်နေသကဲ့သို့ မိမိ စသော လေးဦးမှာ ဘာဝနာ၏ ရှေ့အဖို့၌ မရောယှက်ပဲ သီးခြား အသွင် တည်နေသော အပိုင်းအခြား သိမ များပင်ဖြစ်သည်၊ ဘာဝနာကြောင့် ထိုသူ လေးဦး၌ စိတ်အမျိုးတည်း ဖြစ်လာသောအခါ အပိုင်းအခြား ပျက်သွားပြီဟု ဆိုရတော့သည်။

ထိုအပိုင်းအခြား ပျက်ခြင်းလက္ခဏာကို ဤသို့ ပြဆို၏။ ချစ်သူ,ရန်သူ, မမုန်းမချစ်သူ သုံးဦးသား မိမိနှင့် အတူ တနေရာမှာ နေစဉ် သူခိုးများ ရောက်လာ၍ ရဟန်းတပါး ပေးရန် ဆိုလာ၏။ "ဘာကြောင့်လဲ" ဟု မေးသောအခါ သူ့ကို သတ်၍ လည်ချောင်းသွေးဖြင့် ယင်ပူဇော်ရန် ဖြစ်ကြောင်း ဆိုကြ၏။ ထိုအခါ ဘယ်သူ့ကို ယူဟု စိတ်အကြံဖြစ်လျှင် သိမာသမ္ဘေဒ မဖြစ်သေး၊ "ငါ့ကို ယူတော့ ဤသုံးဦးကို ထားခဲ့" ဟု ကြံလျှင်ပင် သိမာသမ္ဘေဒ မဖြစ်သေး၊ ဘာကြောင့်နည်း၊ တယောက် ယောက်ကို ယူစေခြင်းသည် ထိုသူများအကျိုး မလိုလားခြင်း ဖြစ်နေသော

ကြောင့်တည်း။ လေးယောက်တွင် ဘယ်သူ့ကိုမျှ ပေးစရာမမြင်သောအခါ လေးဦးလုံးအပေါ်မှာ ညီမျှသော စိတ်ထားဖြစ်နေပြီ။ ထိုအခါကား သီမာသမ္ဘေဒ(=အပိုင်းအခြားဖျက်မှု)ပြုပြီးဖြစ်နေသောအခါတည်း။

ထိုသို့ သီမာသမ္ဘေဒ ဖြစ်လျှင်ပင် ထိုပုဂ္ဂိုလ်သည် နိမိတ်ကိုရင်း,ဥပစာရ သမာဓိကိုရင်း ရတော့သည်၊ ဤ၌ နိမိတ်ဆိုသော်လည်း ပထဝီကသိုဏ်းစသော ကမ္မဋ္ဌာန်းများကြောင့် ရအပ်သော ပဋိဘာဂနိမိတ်မျိုး ထင်သည်ကား မဟုတ်၊ ဆိုခဲ့ပြီး သီမာသမ္ဘေဒကိုပင် နီဝရဏကင်းကြောင်း ဥပစာရဈာန် ရကြောင်း ဖြစ်၍ နိမိတ်နှင့် တူသောကြောင့် နိမိတ်ဟု ဆိုခြင်း ဖြစ်၏။ ထို နိမိတ်ကိုပင် အထပ်ထပ် အခါခါ လေ့လာပွါးများခြင်းကြောင့် မကြာမီ အပ္ပနာဈာန်သို့ ဆိုက်ရောက်တော့သည်။

ရန်,ရန်သူမရှိ။ ။"အဝေရ"၌ ဝေရ-အရ မေတ္တာ၏အတွင်းရန် ဒေါသကို ဆို၏။ ထိုဒေါသမရှိသော မေတ္တာမျိုးဖြစ်အောင် ပွါးရမည်ဆိုလို၏။ မေတ္တာ၌ကား ဒေါသရှိသည်မဟုတ်၊ ဘာဝနာ၏အကြားအကြား၌ တခါတခါ ပေါ်လာသော ဝေရစေတနာ (=ဒေါသစိတ်) ကို မဖြစ်အောင် ပြုရမည်ဟု ဆိုခြင်းဖြစ်၏။ မည့်သည့် ဘာဝနာမှု၌ မဆို သမာဓိအား မကောင်းသေးခင် ရှေးယခင် ကြုံတွေ့ရဘူးသော အာရုံများမှာ ထင်လာတတ်မြဲဖြစ်၏။ တရံတခါ မိမိကို တစုံတယောက်က အကျိုးမဲ့ပြုခဲ့သည်ကိုရင်း,စော်ကားခဲ့ ထိပါးခဲ့သည်ကိုရင်း ယခုပင် အပြုခံနေရသည့်ပမာ ထင်လာတတ်၏။ ထိုအခါမျိုး၌ မခံမရပ်နိုင်အောင် ဒေါသစိတ် ပေါ်လာတတ်၏။ မေတ္တာကို ပွါးနေစဉ် အခါလည်း အကြား အကြား၌ ဝေရစေတနာခေါ် ထိုဒေါသစိတ်မျိုး ဖြစ်လာသော် သဝေရ-ဒေါသစိတ်ရှိသော မေတ္တာဟု ဆိုရ၏။ အကြား အကြား၌ထိုသို့ ဒေါသစိတ် ပေါ်မလာအောင် ဆက်စပ်သွားမှ အဝေရဖြစ်သည်၊ ဆိုလိုရင်းမှာ ထိုဝေရ စေတနာမျိုးမှာ သမာဓိ အားမကောင်းသေးမီသာ ဖြစ်လာတတ်၍ သမာဓိ အားကောင်းလာသော ဘာဝနာပြည့်စုံချိန်မှာ ဖြစ်လာတော့မည် မဟုတ်သောကြောင့် အဝေရဖြစ်အောင် ပွါးရမည်ဆို

သော စကားဖြင့် သမာဓိ အားအကောင်းဆုံးဖြစ်သည်အထိ ပွါးရမည်ကို ညွှန်ကြားသည်။ ထိုစကားဖြင့် အဝေရမှာ ဥပစာရချွန် အပ္ပနာချွန် မေတ္တာကို ပြဆိုခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတ္တဝါများအပေါ်၌ ဒေါသစိတ်မရှိ၊ မေတ္တာဓာတ်အား ကောင်းစွာ ထားနိုင်သူအား လူလည်းချစ် နတ်ဘီလူးတို့လည်း ချစ်အပ်သည်ဖြစ်ရာ ရန်သူမရှိတော့ပြီ။ ထို့ကြောင့် ဤမေတ္တာစိတ်ကို ရန်သူမရှိသည်အထိ အားရှိလာအောင် ပွါးရမည်ဟုဆို၏။ ဤတွင် ပုဂ္ဂိုလ်၌ ရန်မရှိသည်ကို အသပတ္တံ မာနသံ-စိတ်၌ ရန်မရှိသည်ဟု ဆိုသဖြင့် ဌာနျူ, ကာရဏူပစာဟုမှတ်။

မှတ်ချက်။ ။ဤ၌ "အသမ္ဗာဓံ၊ ကျဉ်းမြောင်းခြင်း မရှိသော။ အဝေရံ၊ ဒေါသဟူသော အတွင်းရန် မရှိသော။ အသပတ္တံ၊ အပရန်သူလည်း မရှိသော။ မေတ္တံ မာနသံ၊ မေတ္တာစိတ်ကို" 'ဟု ဝိသေသနအဖြစ်လည်း ပေးနိုင်၏။ အဋ္ဌကထာ၌ "ဧဝံ ဘာဝေန္တောပိ စ တံ ယထာ အသမ္ဗာဓံ အဝေရံ အသပတ္တဉ္စ ဟောတိ၊တထာ သမ္ဗာဓဝေရ-သပတ္တာနံ အဘာဝံ ကရောန္တော ဘာဝယေ" ဟု ဆိုသည့်အတိုင်း ကြိယာဝိသေသန အဖြစ် ကတ္တာ -ထည့်ကာ အနက်ပေးခဲ့၏။

အကြင်အခြ င်းအရာဖြင့် အသမ္ဗာဓ စသည်ဖြစ်၏။ ထိုအခြင်းအရာဖြင့် ပွါးရမည်ကို ဆိုသော စကားအရ ကတ္တာ မထည့်ဘဲ"အသမ္ဗာဓံ၊ မကျဉ်းမြောင်းသည်တိုင်အောင်ငင်း။ အဝေရံ၊ ရန်မရှိသည်တိုင်အောင်ငင်း။ အသပတ္တံ၊ ရန်သူမရှိသည် တိုင်အောင်ငင်း။ ဘာဝယေ၊ ပွါးရာ၏"ဟု သော်လည်း ပေးလေ။

(၅၆) တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ'မေတံ ဝိဟာရ'မိဓ မာဟု။

(၅၆) တိဋ္ဌံ ဝါ၊ ရပ်လျက်သော်ငင်း။ စရံ ဝါ၊ သွားလျက်သော်ငင်း။ နိသိန္နော ဝါ၊ ထိုင်လျက်သော်ငင်း။ သယာနော ဝါ၊ အိပ်လျက်သော်ငင်း။ ယာဝတာ၊ အကြင်မျှလောက်။ ဝိတမိဒ္ဓေါ၊ ကင်းသော အိပ်ချင်ငိုက်မျဉ်းခြင်းရှိသည်၊ အဿ၊ ဖြစ်ရာ၏။ အထ၊ ငိုက်မျဉ်းခြင်းကင်း ထို

အချိန်အတွင်း၌။ ဧတံ သတိံ၊ ထိုမေတ္တာဈာန်သတိကို။ အဓိဋ္ဌေယျ၊ စွဲမြဲမကွာ ဆောက်တည်ရာ၏။ ဣဓ၊ ဤဘုရား သာသနာတော်၌။ ဧတံ၊ ဤမေတ္တာမကင်း ဈာန်ဖြင့်နေခြင်းကို။ ဗြဟ္မံ၊ ထူးမြတ်သော။ ဝိဟာရံ၊ နေခြင်းမျိုးဟူ၍။ အာဟု၊ မြတ်ဘုရားတို့ ဟောကြားတော်မူကုန်ပြီ။

စကားပြေ—ရပ်လျက်ဖြစ်စေ, သွားလျက်ဖြစ်စေ, ထိုင်လျက်ဖြစ်စေ, အိပ်လျက်ဖြစ်စေ ငိုက်မျဉ်းခြင်း ကင်းနေသော အချိန်မှာ မေတ္တာဈာန် သတိကို စွဲမြဲစွာ ဆောက်တည်ရာ၏။ ဤဘုရားရှင်သာသနာတော်၌ ဤမေတ္တာဈာန် သတိဖြင့် နေခြင်းကို ဗြဟ္မဝိဟာရ(=ထူးမြတ်သော နေခြင်းမျိုး) ဟူ၍ ဘုရားရှင်များ ဟောကြားတော်မူခဲ့သည်။

ကိုယ်အနေအထားနှင့် ချီးကျူးချက်။ ။"မေတ္တဉ္စ"စသော ဂါထာဖြင့် မေတ္တာဘာဝနာ ပွါးစေပုံကို ဟောခဲ့၏။ ယခုတဖန် ထိုမေတ္တာဘာဝနာပွါးသူ ပုဂ္ဂိုလ်အဖို့ အချို့ကမ္မဋ္ဌာန်းများကဲ့သို့ ဣရိယာပုထ် သတ်မှတ်ချက်မရှိ၊ မိမိလိုရာ ဣရိယာပုထ်မျိုးဖြင့် ပွါးများနိုင်သည့်၏ အဖြစ်ကိုပြ၍ မေတ္တာဖြင့်နေခြင်းကို ချီးကျူးတော်မူခြင်းငှါ "တိဋ္ဌံ စရံ" စသော ဂါထာကို ဆက်လက် ဟောကြားတော်မူသည်။

အနေသတ်မှတ်ချက်မရှိ။ ။အာနာပါန-အရာ၌ "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ" စသည်ဖြင့် တင်ပလ္လင်ခွေ ထိုင်ရန်ငှါ, အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထားရန်ငှါ ပိုင်းခြားသတ်မှတ်ချက် ဟောတော်မူသကဲ့သို့ ဤ၌ သတ်မှတ်ချက်ဟူ၍မထား၊ မိမိသက်ထာ ချမ်းသာသလို နေလိုရာ ဣရိယာပုထ်ဖြင့် နေကာ ပွါးများနိုင်၏။ ရပ်လျက်ပွါးများ၍ ညောင်းလာလျှင် ထိုင်ခြင်းစသော အခြား အနေအထား ပြောင်းကာ ပွါးနိုင်၏။ ထို့အတူ ထိုင်

လျက် စီးဖြန်းစဉ် ညောင်းလာလျှင် တခြား အိပ်ခြင်း ရပ်ခြင်းစသည်ဖြင့် လိုသလို ပြောင်းနိုင်ကြောင်းကို "တိဋ္ဌံ ဝါ" စသည်ဖြင့် ပြ၏။

မအိပ်ချင်သရွေ့။ ။မည်သည့် ဣရိယာပုထ်ဖြင့် ပွါးသည်ဖြစ်စေ အိပ်ချင်လျှင် ဘာဝနာ၌ သမာဓိရမည်မဟုတ်၊ ထို့ကြောင့် ဘယ် ဣရိယာပုထ်ဖြင့် ဖြစ်စေ အိပ်ချင်ခြင်း ကင်းနေသော အခါဖြစ်လျှင် ထိုမေတ္တာသတိ ဆောက်တည်ပါဟူ၍ အဓိပ္ပါယ်ယူရမည်ကို "**ယာဝတာ ဝိဂတမိဒ္ဓေါ အဿ အထ တော် မေတ္တာဗျာနုသတိံ အဓိဋ္ဌေယျ**" ဟု အဋ္ဌကထာ ရှင်းပြသည်။ "ယာဝတာ ဝိဂတမိဒ္ဓေါ အဿ အထ= အိပ်ချင်ခြင်း ကင်းနေရာ အခါ၌" ဟု အနက်ရသည်။ ထို့ကြောင့် ဂါထာ၌ အဋ္ဌကထာအတိုင်း ယာဝတာ အနိယမ၏ နိယမအဖြစ် အထ-ကိုထည့်၍ အနက်ပေးခဲ့သည်။ တာဝတာ-ဟု နိယမ ထည့်ပေးလျှင်လည်း "ယာဝ- တာ အဿ တာဝတာ=အိပ်ချင်ခြင်း ကင်းနေသလောက်" ဟု အနက်ရ သည်ဖြစ်ရာ အသင့်ပင်ဖြစ်သည်။

အနက် တမျိုး။ ။မည်သည့် ကမ္မဋ္ဌာန်းမဆို သမာဓိအား မကောင်း သေးခင် အိပ်ချင်ခြင်း ငိုက်မျည်းခြင်းများ ဖြစ်လာ တတ်မြဲတည်း။ သမာဓိအားကောင်း၍ နိုင်နင်းလာသော အခါ အိပ်ချင် ခြင်း ငိုက်မျည်းခြင်း **မရှိ**တော့ပဲ အထူးကြည်လင်စွာ ပွါးနိုင်တော့သည်။ ဤမေတ္တာ ဘာဝနာ၌လည်း လေ့လာနိုင်နင်းပြီးဖြစ်၍ သမာဓိအား ရှိနေ သော ပုဂ္ဂိုလ်အဖို့ ဘယ်ဣရိယာပုထ်ဖြင့်မဆို ပွါးလိုသောအခါ အိပ်ချင် ခြင်းကင်းလျက် ကြည်လင်စွာ ပွါးနိုင်သည် ဖြစ်ရာ 'တိဋ္ဌံ စရံ' စသည်ဖြင့် ထိုဝသီမြောက်ပြီး ဖြစ်သည်ကိုပြ၏။ ထိုသို့ မေတ္တာအရာ ဝသီမြောက်ပြီး ပုဂ္ဂိုလ်၏အဖြစ်ကို ပြသောကြောင့်ပင် ထိုဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဘယ် ဣရိယာပုထ်ဖြင့် ပွါးသည်ဖြစ်စေ မအိပ်ချင်ပဲ ပွါးများဆောက် တည်နိုင်သည် ဟူ၏။

ထို အဓိပ္ပါယ်အရ အနက်ပေးသော် "တိဋ္ဌံ ဝါ=ရပ်လျက်သော်၎င်း ။ပ။ သယာနော ဝါ၊ အိပ်လျက်သော်၎င်း။ ယာဝတာ၊ အကြင် ဣရိယာ

ပုထ်ဖြင့်။ တေ သတိံ၊ ထိုမေတ္တာစျာန်သတိကို။ (အဓိဋ္ဌာတုကာမော၊ ဆောက်တည်လိုသည်။)အဿ၊ ဖြစ်ရာ၏။ တာဝတာ၊ ထိုဣရိယာပုထ်ဖြင့်။ ဝိတမိဒ္ဓေါ၊ ကင်းသော အိပ်ချင်ခြင်း ငိုက်မျဉ်းခြင်း ရှိသည်ဖြစ်၍။ အဓိဋ္ဌေယျ၊ ဆောက်တည်နိုင်ရာ၏"ဟု ဖြစ်သည်။ ဤ၌"အဓိဋ္ဌေယျ၊ ဆောက်တည်"ဟူသည် တည်စေသည်ကိုပင် ဆို၏။ သီလဆောက်တည်သည် ဆိုလျှင် မိမိ၌ သီလတည်စေသည်ကိုပင် ဆိုသကဲ့သို့တည်း။ အဓိဋ္ဌာန ကို အချို့အရာ၌ ပတိဋ္ဌာန(=တည်စေခြင်း)အနက်ကို တွေ့ရသည်ဖြစ်ရာ အဓိဋ္ဌေယျ၌လည်း တည်စေရာ၏ဟု သဒ္ဒါနက် မှတ်သင့်သည်။

ဈာန်ရသူသာ။ ။"မေတ္တာဈာနသတိံ အဓိဋ္ဌေယျ=မေတ္တာဈာန်နှင့် ယှဉ်သော သတိကို ဆောက်တည်ရမည်" ဟု အဋ္ဌကထာ ဆိုသောကြောင့် "တိဋ္ဌံ စရံ"စသည်မှာ မေတ္တာဈာန်ရပြီး ပုဂ္ဂိုလ်အတွက် ညွှန်ကြားချက် အကျိုးပြချက်ဟု ဆိုရတော့သည်။ ဆိုခဲ့ပြီး "မေတ္တဉ္စ"စသော ဂါထာဖြင့် မေတ္တာဘာဝနာကို အပ္ပနာဈာန် ရသည် အထိ အပြည့်အစုံ ညွှန်ကြားတော် မူခဲ့ပြီး ဖြစ်ရာ ထို့ကြောင့်ပင် ဤအရာ၌ မေတ္တာဈာန် သတိကိုသာ ယူခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ဈာန်ရပြီး ပုဂ္ဂိုလ် ဖို့ ဖြစ်သော်လည်း မည်သည့် ဣရိယာပုထ်ဖြင့်မဆို ပွါးနိုင်ခြင်းမှာ မေတ္တာဘာဝနာ စ-ပွါးသူ အခြားပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင်၍ ထိုပုဂ္ဂိုလ်များလည်း လိုသလို ဣရိယာပုထ်ဖြင့် ပွါးနိုင်ခွင့်ရှိသည်။

မြတ်သောနေခြင်း။ ။ထူးမြတ်သော ပုဂ္ဂိုလ်တို့၏ ဂုဏ်တင် ချီးကျူးခြင်းဖြင့် အချို့လုပ်ငန်းများမှာ စိတ်ပါဝင်စားအားထုတ် လိုက်နာ တတ်ကြ၏။ ထို့ကြောင့် အလွန်ထူးမြတ် အထူးလေးစား မြတ်နိုးအပ်သော ဗုဒ္ဓရှင်တော်မြတ်သည် ယောဂီတို့အား ဆွဲဆောင်ခြင်းငှါ မေတ္တာကို ချီးကျူးတော်မူလို၍ "ဗြဟ္မမေတံ"စသည် မိန့်တော်မူပြန်သည်။ "ဗြဟ္မံ ဝိဟာရံ" ၌ မြတ်သောကြောင့်၎င်း, ဒေါသ မရှိသောကြောင့်၎င်း ဗြဟ္မဟု ဆိုရ၏။ မေတ္တာမှတပါး အခြားကမ္မဋ္ဌာန်း တို့သည် ကိုယ်ကျိုးအတွက် သက်သက် ဖြစ်သော အကျင့်များဖြစ်၏။

သတ္တဝါတွေ ချမ်းသာပါစေဟု ပွါးသော ဤမေတ္တာမှာ အများ သတ္တဝါတို့၏ အကျိုးကို ပြုကျင့်ခြင်းတည်း။ ထိုသို့ အများအကျိုး ပြုကျင့်သောကြောင့်ပင် မေတ္တာဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ(=မြတ်သောနေခြင်း)ဟု ဆိုရတော့သည်။

ထို့ပြင် နိဝရဏ ကွာပြီးသော ဗြဟ္မာကြီးများ၏စိတ်မှာ ဒေါသအမြဲကင်းစင်လျက်သာ ရှိ၏။ ထို့အတူ မေတ္တာဖြင့် နေသော ယောဂီများလည်း ဗြဟ္မာကြီးများနှင့်တူစွာ ကင်းကွာသော ဒေါသရှိလျက် နေကြသည်သာ၊ ထိုသို့ ဒေါသမရှိသော အနက်အရလည်း "ဗြဟ္မဝိဟာရ" ဟု ဆိုရသည်။

ဝိဟာရလေးမျိုး။ ။ဝိဟာရ-နေခြင်းဟူသည်မှာ လေးမျိုးရှိရာ သွား, ရပ်, ထိုင်, လျောင်းဟူသော အနေမျိုးမှာ ဣရိယာပုထ် ဟူသော နေခြင်းမျိုးဖြစ်၍ ဣရိယာပထ ဝိဟာရဖြစ်သည်။ ဗြဟ္မလောက၌ ဖြစ်သော နေခြင်းမျိုးမှာ ဈာန်သမာပတ်ဖြင့် နေခြင်းမျိုးဖြစ်၏။ ထို့ကြောင့် ဈာန်သမာပတ်ကို ဒိဗ္ဗဝိဟာရ (=ဗြဟ္မာ၌ ဖြစ်သော နေခြင်းမျိုး)ဟု ဆို၏။ မေတ္တာဖြင့်နေခြင်းမှာ ဆိုခဲ့ပြီး အနက်အရ ဗြဟ္မဝိဟာရမည်၏။ အရိယာများသည် ဖလသမာပတ်ကို ဝင်စားလေ့ရှိ၏။ ထို့ကြောင့် ဖလသမာပတ်ကို အရိယဝိဟာရ (=အရိယာတို့၏ နေခြင်းမျိုး) ဟု ဆိုရသည်။ ဤဝိဟာရလေးမျိုးတို့တွင် ဗြဟ္မဝိဟာရကို ယူစေလို၍ "ဗြဟ္မမေတံ ဝိဟာရံ" ဟုမိန့်တော်မူသည်။

---

(၁၀) ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
နဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

(၁၀) သော၊ ထိုမေတ္တာဈာန် ရပြီးသော ယောဂီပုဂ္ဂိုလ်သည်၊ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိသို့လည်း။ အနုပဂ္ဂမ္မ၊ မစွဲယူ မကပ်ရောက်မူ၍။ သီလဝါ၊ လောကု-

တ္တရာ သီလရှိသူသည်။ ဒဿနေန၊ သောတာပတ္တိမဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံသူသည်။ (သမာနော၊ ဖြစ်လျက်။) ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ ဂေဓံ၊ ကိလေသာဖြင့် တွယ်တာမက်မောခြင်းကို။ ဝိနေယျ၊ တစမကြွင်း အရှင်းပယ်ရှားပြီးသော်။ ဇာတု၊ စင်စစ်ကေန် အမှန်ပင်။ပုန၊ နောက်ထပ်တဖန်။ ဂဗ္ဘသေယျံ၊ ပဋိသန္ဓေတည်နေခြင်းသို့။ န ဧတိ၊ မရောက်ရတော့ပေ။

စကားပြေ—ထိုမေတ္တာစျာန် ရပြီးသော ယောဂီသည် အတ္တဒိဋ္ဌိ အစွဲမရှိအောင် ပြု၍ လောကုတ္တရာ သီလရှိသော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်လျက် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကိလေသာဖြင့် တွယ်တာခြင်းကို အရှင်းပယ်ရှား ပြီးသော် အမှန်ပင် နောက်တဖန် ပဋိသန္ဓေမနေရတော့ပေ။

စျာန်မှ မဂ်ဖိုလ်သို့။ ။မေတ္တာဘာဝနာ ပွါးများပုံကို အပ္ပနာစျာန်အထိ အပြည့်အစုံ ဟောတော်မူခဲ့ပြီ၊ ထိုမေတ္တာဘာဝနာ ကား အပ္ပနာစျာန်ရရန်သာဖြစ်၍ မဂ်ဖိုလ်အထိ ပို့စွမ်းနိုင်ခြင်း မရှိသေး။ ဗုဒ္ဓရှင်တော်၏အလိုမှာ အားလုံး မဂ်ဖိုလ်ရရန် အတွက်သာဖြစ်၍မေတ္တာမှ တဆင့်တက်ကာ အရိယာဖြစ်ရန် နည်းလမ်းညွှန်ပြလျက် ဒေသနာကို အဆုံးသတ်တော်မူလို၍ "ဒိဋ္ဌဉ္စ"စသည်ဖြင့် ဟောကြားတော်မူသည်။

အတ္တဒိဋ္ဌိကိုယူ။ ။"ဒိဋ္ဌိသမ္ပဒါ ဒိဋ္ဌိသမ္ပန္နော" စသော အချို့အရာ၌ သမ္ပဒါ၊ သမ္ပန္နော-ပုဒ်များအရ ဒိဋ္ဌိသဒ္ဒါသည် သမ္မာ အယူခေါ် လောကီဉာဏ်ကိုရင်း, သောတာပတ္တိမဂ်ဉာဏ်ကိုရင်း ဟော၏။ ဤ၌ အနုပဂ္ဂမ္မ-အရ ပယ်ခွါရမည့် ဒိဋ္ဌိဖြစ်သောကြောင့် မိစ္ဆာအယူကို ယူရမည်မှာ သိသာ၏။ မိစ္ဆာအယူတွင်လည်း 'ဒဿနေန သမ္ပန္နော'ကို ထောက်၍ မဂ်ရသည်အထိ ပယ်ခွါရမည့် ဒိဋ္ဌိဟု သိရသည်ဖြစ်ရာ အတ္တဒိဋ္ဌိ ကိုယူ။ အတ္တဒိဋ္ဌိသည် ဒိဋ္ဌိမှန်သမျှတို့၏ အရင်းခံဖြစ်သောကြောင့် အတ္တဒိဋ္ဌိရှိနေသူ၌ မည်သည့်ဒိဋ္ဌိမျှ အရှင်းကင်းသည်ဟု မဆိုနိုင်၊ အတ္တဒိဋ္ဌိ ကို နုတ်ပယ်ပြီးကလည်း မည်သည့် ဒိဋ္ဌိမျှ မကျန်ရစ်တော့ပေ။

ထို့ပြင် အတ္တဒိဋ္ဌိရှိသူ၌ သဘာဝအမှန် ရုပ်နာမ်တို့ကို မမြင်နိုင်ပဲ ရှိရာ ရုပ်နာမ်မြင်မှ နိဗ္ဗာန် မြင်ရမည်ဖြစ်၍ မဂ်ရဖို့အရေး၌ ရုပ်နာမ်တို့ကို ကွယ်ကာထားသော ထိုအတ္တစွဲကို အရေးတကြီးထားကာ ပယ်ရှားရမည် ဖြစ်သောကြောင့် ဒိဋ္ဌိအရ အတ္တဒိဋ္ဌိကို ယူသည်မှာ သင့်မြတ်ပေသည်။ ဆိုဖွယ်ရှိသေးသည် ဤ၌ မေတ္တာဘာဝနာသည် သတ္တဝါပညတ်ကို အာရုံပြုသောကြောင့် အတ္တဒိဋ္ဌိနှင့် နီးစပ်လျက် ရှိနေ၏။ ထို့ကြောင့် မေတ္တာဘာဝနာကို ဟောပြီးနောက် ဤအတ္တဒိဋ္ဌိကို ပယ်ရှားဖြတ်တောက်ရန် 'ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ'ဟု ဟောတော်မူခြင်းဖြစ်ရာ ဒိဋ္ဌိ-အရ အတ္တဒိဋ္ဌိ ယူရမည်မှာ ထင်ရှားသည်။

ဝိပဿနာပြ။ ။"ဒိဋ္ဌိ-ဖြင့် မရောက်မစွဲမူ၍" ဟူသည် ဝိပဿနာ ဘာဝနာ၏ အစွမ်းဖြင့် ပယ်ရမည်ကို ဆိုသည်။ မေတ္တာဈာန်ကို ရသော ပုဂ္ဂိုလ်သည် ထိုဈာန်မှထ၍ ဈာန်၌ရှိသော ဝိတက်, ဝိစာရ စသော နာမ်တရားတို့ကိုရင်း, ထိုနာမ်တရားတို့၏မှီရာ ဟဒယဝတ္ထုစသော ရုပ်တရားတို့ကိုရင်း ရှုဆင်ခြင်ခြင်းဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ် အမြင် သန့်လာသောအခါ ခန္ဓာကိုယ်၌ သတ္တဝါအတ္တကို ရှာမရ သင်္ခါရရုပ်နာမ် အစုအဝေးမျှသာ တကားဟု အမှန်မြင်သောကြောင့် အတ္တဒိဋ္ဌိ အမှား အစွဲသို့ မရောက်တော့ပေ။

အဋ္ဌကထာ၌ ဈာန်ကို အခြေခံ၍ ဝိပဿနာ တက်သော နည်းကိုသာ ပြ၏။ ထိုသို့ပြသဖြင့် မေတ္တာဈာန်ကို အခြေခံ မပြုတော့ပဲ အခြားထင်မြင် ရာ ရုပ်နာမ်များကို ဆင်ခြင်မှု မပြုရဟုကား မမှတ်အပ်။ ဈာန်မှတပါး အခြားရုပ်နာမ်များကို ရှုလိုက ရှုနိုင်ခွင့်ရှိသည်။

ထို့ပြင် မေတ္တာကို အပ္ပနာဈာန်အထိ ရောက်အောင် မပြုတော့ပဲ ဥပစာရဈာန်မျှဖြင့်ဖြစ်စေ,ဥပစာရဈာန်ပင် မရပဲ ပရိကံအရံအတားအတွက် ပွါးများခြင်းမျှဖြင့်ဖြစ်စေ ပွါးများသော ပုဂ္ဂိုလ်များသည်လည်း ရုပ် နာမ်ကိုသာ ရှုခြင်းဖြင့် အတ္တဒိဋ္ဌိကို ပယ်နုတ်နိုင်သည်၏ အဖြစ်ကိုလည်း အဋ္ဌကထာက တားမြစ်သည်ဟု မမှတ်အပ်။ အရာအားလျော်စွာ ဖွင့်ပြ ခြင်းသာဖြစ်သည်။

ဝိသုဒ္ဓိခြောက်ပါးယူ။ ။ဤ၌ "ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ"ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ဆိုအပ်၏၊ သို့သော် အတ္တဒိဋ္ဌိသည် မဂ်သို့ ရောက်မှ အကြွင်းမဲ့ ပြတ်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိစသော ဝိသုဒ္ဓိငါးပါးတို့ဖြင့် ရုပ်နာမ်တို့၏ အကြောင်းအဖြစ်အပျက် အခြင်းအရာတို့ကို ဆက်ကာဆက်ကာ ရှုနေရသည်မှာ အတ္တဒိဋ္ဌိကို အကြွင်းမဲ့ ပယ်ရန်ချည်းသာ ဖြစ်၏။ ထို့ကြောင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိတိုင်အောင် ၎င်းဝိသုဒ္ဓိ ငါးပါးကိုလည်း "ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ"ဖြင့်ပင် ပြကြောင်း သိပါလေ။ ဝင်္ကဝုတ္တိ နေယျတ္ထနည်း။ ဤ၌ ဒိဋ္ဌိဝိသုဒ္ဓိမှာ ပါဠိအရ အဖြောင့်ယူရသောအနက်၊ တိုက်ရိုက်သိအပ်သောအနက်ဖြစ်၍ ဥဇုဝုတ္တိ၊ နီတတ္ထ။ အခြားဝိသုဒ္ဓိများ မဖြစ်ပဲ မဂ်မရ၍ ထိုဝိသုဒ္ဓိများကိုလည်း ထည့်ယူရသည်မှာ သွယ်ဝိုက်သောအားဖြင့် ယူရသောအနက်၊ အဓိပ္ပါယ်ရအတိုင်း ဆောင်၍ယူရသောအနက်ဖြစ်၍ ဝင်္ကဝုတ္တိ၊ နေယျတ္ထ ဆိုသည်။

အလယ်-မဂ်နှစ်ပါး။ ။"သီလဝါ ဒဿနေန သမ္ပန္နော" နှစ်ပုဒ်ဖြင့် သောတာပတ္တိမဂ် ရပြီးသော သောတာပန်ပုဂ္ဂိုလ်အဖြစ်ကိုပြ၏။ သောတာပန်ဖြစ်ပြီး ပုဂ္ဂိုလ်သည် ထိုဘာဝနာကိုပင် ပွါးခြင်းဖြင့် သကဒါဂါမိ မဂ်သို့ ဆိုက်ရောက်ရသည်။ ထိုအခါ သောတာပတ္တိမဂ်က မပယ်နိုင်သေးသော ကာမတဏှာမှာ ပါးခဲ့ နည်းခဲ့၏။ ထို့နောက် တဆင့် တက်ကာ ပွါးများပြန်သောအခါ အနာဂါမိမဂ် ရပြန်သည်။ ထိုအခါ ကာမရာဂမှာ အကြွင်းမဲ့ပယ်ပြီးဖြစ်တော့၏။ ထို့ကြောင့် ကာမေသု ဝိနေယျ ဂေဓံ' ဖြင့် သကဒါဂါမိ၊ အနာဂါမိ မဂ်နှစ်ပါးသို့ ရောက်ပြီးသော သကဒါဂါမ်၊ အနာဂါမ် အဖြစ်ကိုပြသည်။

အဋ္ဌကထာအဆို။ ။အနာဂါမ် အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်မှာ ကာမရာဂ ပယ်ပြီးဖြစ်သောကြောင့် ဤလူ့ဘုံနှင့်တကွ ကာမဘုံ မှန်သမျှမှာ မဖြစ်တော့ပြီ။ ထိုသို့ လူ့ဘုံ၌ ဖြစ်တော့မည်မဟုတ်၍ "န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ=နောက်တဖန် ကေန် အမိဝမ်း၌ ပဋိသန္ဓေမနေရတော့"ဟု ဟောခဲ့၏။ အမိဝမ်း၌ ပဋိသန္ဓေမနေရဟု ဆိုသဖြင့်

ရင်းမှာ ဤလူ့ဘုံမှ စုတေသော် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ပြီးလျှင် ထိုဘုံတို့မှာပင် အရဟတ္တဖိုလ် ရရှိလျက် ပရိနိဗ္ဗာန်စံရတော့မည်။ ဤသို့ အဋ္ဌကထာ၌ ဂဗ္ဘသေယျံကို ဇလာဗုဇ ပဋိသန္ဓေယူကာ ဤဒေသနာကို အနာဂါမိမဂ်ဖိုလ်တို့ဖြင့် ဤလူ့ဘုံအတွက် အဆုံးသတ်တော်မူခဲ့သည်။

တမျိုးကြံဦး။ ။မြတ်စွာဘုရား အလိုတော်မှာ ဖြစ်နိုင်လျှင် အရဟတ္တဖိုလ်အထိ ပေါက်ရောက်စေလိုသည်သာ ဖြစ်ပေလိမ့်မည်။ ဤ၌လည်း တရားနာသူ ရဟန်းတို့ကို ဤဘဝ သို့မဟုတ် ဤခဏအတွင်း အရဟတ္တဖိုလ်ရောက်သည်အထိ ပေါက်စေရန် ဟောသည်ဖြစ်ရာ၏။ သို့ဖြစ်လျှင် 'ကာမေသု ဝိနေယျ ဂေဓံ' ဖြင့် အနာဂါမိ ဖိုလ်ရောက်သည်အထိ ပြ၍ 'န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ'ဖြင့် အရဟတ္တမဂ်ရ၍ ရဟန္တာဖြစ်သည်၏အဖြစ်ကို ပြ၏ဟု ယူသော် ဘုရားအလိုတော်နှင့် ပို၍ ကိုက်ညီဖွယ် ရှိပေလိမ့်မည်ဟု သဘောရ၏။ သို့ ယူခဲ့သော် ဂဗ္ဘသေယျံ-ကို ဘယ်သို့ အနက်ဆိုရမည်နည်း။ ထန်းရွက်မှတပါး ဖျာစသည်တို့ဖြင့် ပြုအပ်သော ယပ်ကို တာလဝဏ္ဍဟု ခေါ်သောအခါ ရုဠှီသဒ္ဒါဆိုရသကဲ့သို့ သံသေဒဇ, ဥပပါတ် ပဋိသန္ဓေတို့ကိုလည်း ဂဗ္ဘသေယျဟု ယူရသော ဤအရာဝယ် ရုဠှီသဒ္ဒါအဖြစ် ထား၍ ပဋိသန္ဓေလေးပါးလုံး ရနိုင်တော့သည်။

တနည်း။ ။"နာဟံ ပုနပေသာံ ဂဗ္ဘသေယျံ" သုတ္တနိပါတ် (၂၇၃)၌ ဂဗ္ဘသေယျဖြင့် ပဋိသန္ဓေ လေးပါးလုံး ယူရမည်ဖြစ်ရာ ထိုသို့ရအောင် အဋ္ဌကထာ(သုတ္တနိ၊ဋ္ဌ၊၁။၃၆)ကြံခဲ့၏။ "ဂဗ္ဘေ ဥ သေယျာ ဂဗ္ဘသေယျံ"ဟု ဒွန်ပြုပြီးလျှင် "တတ္ထ ဂဗ္ဘဂ္ဂဟဏေန ဇလာဗုဇယောနိ သေယျဂ္ဂဟဏေန အဝသေသာ=ထိုဂဗ္ဘသေယျ ဟူသော ပုဒ်၌ ဂဗ္ဘ-သဒ္ဒါဖြင့် ဇလာဗုဇ ပဋိသန္ဓေကို ဆိုသည်။ သေယျ-သဒ္ဒါဖြင့် ကြွင်း ပဋိသန္ဓေများကို ဆိုသည်"ဟု မိန့်ဆိုခဲ့သည်။ ထို့ပြင် တမျိုးကြံသေး၏။ ဂဗ္ဘသေယျံမှာ ဥပမာနနည်းအရ ဆိုခြင်းဖြစ်၍ ထိုဂဗ္ဘသေယျ-သဒ္ဒါဖြင့်ပင် ပဋိသန္ဓေလေးမျိုးလုံး ယူနိုင်သည့် အဖြစ်ကို "ဂဗ္ဘသေယျမုခေန ဝါ သဗ္ဗာပိ တာ

ဝုတ္တာဝတိ ဝေဒိတဗ္ဗာ=တနည်းဆိုရသော် ဂဗ္ဘသေယျကို ပမာနပြုသော အားဖြင့် ပဋိသန္ဓေအားလုံးတို့ကို ဆိုခဲ့ပြီးဖြစ်ကြောင်း သိရမည်”ဟု မိန့်ဆိုပြန်သည်။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ

မေတ္တသုတ် နိဿယသစ်

ပြီးပြီ။

ခန္ဓသုတ် နိဿယသစ်

(၅၇) သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

(၅၈) အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၅၇-၅၈) ဟေ၊ အိုသူတော်ကောင်းတို့။ ဒိဗ္ဗမန္တာဂဒံ၊ နတ်မန္တန် နတ်ဆေးဝါးသည်။ သဗ္ဗာသီဝိသဇာတီနံ၊ လျင်သော အဆိပ်ရှိသော မြွေမျိုး မှန်သမျှတို့၏။ ဃောရံ၊ ပြင်းထန်လှစွာသော။ ဝိသံ၊ အဆိပ်ကို။ နာသေတိ ဝိယ၊ အရှင်းပျောက်ပြေ ပျက်စီးစေတတ်သကဲ့သို့။ တထာ၊ ထို့အတူ။ ယံ ပရိတ္တံ၊ အကြင် ခန္ဓသုတ် ပရိတ်တော်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော။ အာဏာက္ခေတ္တမှိ၊ အာဏာခေတ်အတွင်း၌။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ဃောရံ၊ ပြင်းထန်လှစွာသော။ ဝိသံ စ၊ အဆိပ်ကို၎င်း။ သေသံ၊ အဆိပ်မှကြွင်းသော။ ပရိဿယဉ္စာပိ၊ ဘေးရန် အမျိုးမျိုးကို၎င်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဗ္ဗသောပိ၊ အကြွင်းမထင် အကုန်ပင်။ နိဝါရေတိ၊ မြစ်တားပယ်ရှားနိုင်ပေ၏။ တံ ပရိတ္တံ၊ ထိုခန္ဓသုတ် ပရိတ်တော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

စကားပြေ — အို သူတော်ကောင်းတို့.... နတ်မန္တန်, နတ်ဆေးဝါးသည် လျင်သော အဆိပ်ရှိသော မြွေမျိုး မှန်သမျှတို့၏ ပြင်းထန်သော အဆိပ်ကို ဖျက်ဆီးတတ်သကဲ့သို့ ခန္ဓသုတ် ပရိတ်တော်သည် အာဏာခေတ် တခွင်လုံး၌ သတ္တဝါ အလုံးစုံတို့၏ ပြင်းထန်သော အဆိပ်ကို၎င်း, ကြွင်း ဘေးရန် အမျိုးမျိုးကို၎င်း ဘယ်အခါမဆို လုံးဝကုန်စင်အောင်ပင် မြစ်တားပယ်ရှားနိုင်ပါသည်၊ ထိုခန္ဓသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြကုန်စို့။

ပရိတ်ပျို့ အမှမ်း။ ။"သဗ္ဗာသီဝိသဇာတိနံ"ကား ဘုရားဟောမဟုတ်။ ရှေးဆရာတို့၏ အဆိုအမိန့်ပင်။ ခန္ဓသုတ်၏ အာနုဘော် အစွမ်းသတ္တိ ဘယ်မျှရှိသည်ကို အမှမ်းတင်အပ်သော ပရိတ်ပျိုးပင်တည်း။

နိဒါန်း။ ။မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရဟန်းတပါး မြွေကိုက်ခံရ၍ လျှောက်ထားသောအခါ ထိုရဟန်းမှာ ဝိရူပက္ခ စသော နဂါးမျိုးတို့၌ မေတ္တာမပို့၍ အကိုက်ခံရခြင်းဖြစ်ကြောင်း အကယ်၍ မေတ္တာပို့လျှင် အကိုက်ခံရမည် မဟုတ်ကြောင်း မိန့်တော်မူ၍ မိမိကိုယ်ကို စောင့်ရှောက်ဖို့ မိမိ၏ လုံခြုံရေး မိမိ၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ရေးအတွက် ပရိတ်အရံအတားကို ခွင့်ပြုတော် မူခဲ့၏။ ထို အရံအတားပြုပုံကို ဝိရူပက္ခေဟိ-စသည်ဖြင့် ဟောတော်မူသည်။ (အင်္ဂုတ္တရ ပ-၃၈၄။ စူဠဝဂ္ဂ-၂၄၅။)

ဇာတက (ဒုက) ၌ကထာ၌လည်း ရဟန်းတပါး မြွေကိုက်ခံရခြင်းကို အကြောင်းပြု၍ မိမိ အလောင်းတော်ဖြစ်စဉ်က ခန္ဓသုတ် ပရိတ် အရံအတားဖြင့် ကာကွယ်ကြရန် နည်းပေးခဲ့ပုံ ဟောတော်မူ၏။ ဘုရားအလောင်းသည် ရသေ့ရဟန်းပြုကာ ရသေ့များစွာဖြင့် ဟိမဝန္တာ၌ သီတင်းသုံး၏။ ရသေ့တဦး မြွေကိုက်ခံရ၍ လျှောက်ထားသောအခါ ထိုရသေ့ မြွေကိုက်ခံရခြင်း သေရခြင်းမှာ မြွေတို့၌ မေတ္တာမပို့ခြင်းကြောင့်ဖြစ်ကြောင်း အမိန့်ရှိ၍ မေတ္တာပို့ပုံကို နည်းပေးသောအားဖြင့် ခန္ဓသုတ်ကိုပင် သင်ပေးခဲ့ကြောင်း လာရှိသည်။(အကျယ်ကို ဇာတက-၌ ၂-၁၇၂-ကြည့်။)

အာသီဝိသ။ ။သဗ္ဗ၊ အလုံးစုံသော။ အာသီဝိသ၊ လျင်သော အဆိပ်ရှိသော မြွေတို့၏။ ဇာတိ၊ အမျိုး။ အာသီယံ ဝိသံ ဧတဿာတိ အာသီဝိသော။ ဧတဿ၊ ဤမြွေအား။ အာသီယံ၊ အစွယ်၌။ ဝိသံ၊ အဆိပ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ အာသီဝိသော၊ အာသီဝိသမည်၏။ ဤဝိဂ္ဂြိုဟ်အရ အာသီဝိသ-ကား မြွေဿာမန်ကိုလည်း ဟော၏။ "ဇရံ တေ မောဃပုရိသ အာသီ-

ဝိသဿ ဃောရဝိသဿ မုခေ အင်္ဂဇာတံ ပက္ခိတ္တံ” ဟူသော ပါရာဇိကကဏ် ပါဠိတော်၌ အလွန်လျင်မြန်သော အဆိပ်ရှိသော မြွေကိုလည်း ဟော၏။ အာသု သီဃံ ဝိသံ ဧတဿာတိ အာသီဝိသောပို။ ။ဧတဿ၊ ထိုမြွေအား။ အာသုသီဃံ၊ လျင်မြန်သော။ ဝိသံ၊ အဆိပ်သည်၊ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အာသီဝိသော၊ အာသီဝိသ မည်၏။ အာသုဝိသ၌ အာသုသည် နိရုတ္တိနည်းဖြင့် အာသီဖြစ်ရသည်။

“စတ္တာရောမေ ဘိက္ခဝေ အာသီဝိသာ ဃောရဝိသာ” စသော သဠာယတန သံယုတ် (၃၇၁) ၌လည်း အလွန် ပြင်းထန် လျင်မြန်သော အဆိပ်ရှိသော မြွေဟောပင်။ အဋ္ဌကထာ၌ အာသိတ္တဝိသ (=သွန်းလောင်းအပ်သော အဆိပ်ရှိသောမြွေ)ဟု ဆိုလိုလျက် (တ္တကို ချေ, တ္တကို ဒီဃပြု၍) အာသီဝိသဖြစ်၏။ အသိတဝိသ (=စားအပ်သော အဆိပ်ရှိသောမြွေ၊ စားသမျှ အဆိပ်ချည်းဖြစ်ရသည်ဟု ဆိုလိုလျက် နိရုတ္တိနည်းအရ အသိတသည် အာသီဖြစ်သည်။ အသိသဒိသဝိသ(=သန်လျက်နှင့် တူသောအဆိပ်ရှိသောမြွေ)ဟုဆိုလိုလျက် သာကပတ္ထိဝဂိုဏ်းဖြစ်၍ အလယ်သဒိသကျေသည်။ ဤသို့ အာသီဝိသကို သုံးနည်း ဖွင့်၏။ ဤ၌ “ဃောရံ ဝိသံ”ပုဒ်များကို ထောက်၍ မြွေသာမန်ကို မဟော၊ အလွန် ထက်မြက် ပြင်းထန်လျင် မြန်သော အဆိပ်ရှိသော မြွေကိုယူ။ ထိုမြွေတို့၏အဆိပ်ကိုပင် ပယ်နိုင်သည်ဆိုလျှင် သာမန်အဆိပ်ရှိသော မြွေတို့၏အဆိပ်မှာ ဆိုဖွယ်မရှိ ဆိုပြီး ဖြစ်တော့သည်။

နတ်မန္တန်ဆေးဝါး။ ။ဒိဗ္ဗ၊ နတ်၌ဖြစ်သော။ မန္တ၊မန္တန်။ အဂဒ၊ဆေး။ ဤခန္ဓသုတ်၏အစွမ်းကို နတ်မန္တန်, နတ်ဆေးဝါးများနှင့် ပမာပြုခဲ့၏။ နတ်ဟူသည် ကမ္မဝိပါကဇိဒ္ဓိ (=ကံ၏အကျိုးကြောင့် ဖြစ်သောတန်ခိုး) ရှိသူများဖြစ်၍ ကိုယ်ရောင် ပျောက်နိုင်ခြင်း, ကိုယ်ထင်ပြနိုင်ခြင်း, အမျိုးမျိုး ဖန်ဆင်းပြနိုင်ခြင်း, လူတို့မမြင်နိုင်သည်ကို မြင်ခြင်း,လူတို့ထက် အသိလျင်ခြင်း စသော လူတို့ထက် သာသော တန်ခိုးရှိသူများဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့၏ ဆေးဝါး မန္တန်များလည်း လူသားတို့၏ ဆေးဝါးမန္တရားများထက် အစွမ်းအာနိသင်ရှိမည်ပင် ဖြစ်၍ ဤ၌ နတ်မန္တန် ဆေးဝါးနှင့် ပမာပြုခြင်း ဖြစ်ပေသည်။

မပျောက်နိုင် မရှိ။ ။ဤ၌ ပရိတ်၏အရှိန်အဝါမှာ အာဏာခေတ်အတွင်း ပျံ့နှံ့ မြဲဖြစ်၍ “အာဏာကေ္ခတ္တမှိ” ဟု ဆိုသည်။

အချို့ ဘယ်လိုအရပ်က ဘယ်မြေအစားမျိုးမှာ ကိုက်မိလျှင် ဆေးမမိဟု အဆိုရှိ၏။ ဤခန္ဓသုတ် တန်ခိုးကား ထိုသို့ မပျောက်နိုင်သော ဒေသဟု ချင်းချက်မရှိ၊ ဘယ်အရပ်မဆို ပျောက်ကင်းစေနိုင်၍ "သဗ္ဗတ္ထ"ဆိုသည်။ ဘယ်နေ့ ဘယ်အချိန်မှာ ကိုက်လျှင် ကုမရဟု ဆို၏။ ဘယ်အချိန်မှာ ဆေးကုမသွားနှင့်ဟု မြွေဆရာတို့အဖို့ အချိန်ကန့်သတ်ချက်ရှိ၏။ ဤခန္ဓသုတ်မှာ ထိုသို့ အချိန်အခါ ကန့်သတ်ဖွယ်မလို၊ ဘယ်အခါ ဘယ်ကာလမှာမဆို ပျောက်ကင်းစေနိုင်၍ 'သဗ္ဗဒါ" ဆိုသည်။ အချို့ ဆေးများမှာ ရှင်းရှင်းမပျောက်တတ်၊ အချို့ အပမှီနေသည် ကု-မရဟု ဆို၏။ ဤခန္ဓသုတ်ကား လုံးဝအရှင်း ပျောက်ကင်းစေတတ်သည့်အပြင် ထို ဥပဒ္ဒဝ ပယောဂ ဆိုသော အရာများပင် ပယ်နှင့်နိုင်စွမ်းရှိသဖြင့် "သဗ္ဗသောပိ' ဆိုသည်။

ဘေးရန်အမျိုးမျိုး။ ။ဤသုတ်ကား မေတ္တာပွါးခြင်း, ဘုရားဂုဏ်တော် ပွါးများခြင်းဖြင့် ပြုစီရင်အပ်သော ဗုဒ္ဓမန္တန်တော်ကြီး ဖြစ်၏၊ သတ္တဝါများအပေါ်၌ မေတ္တာ အထူးရောက်စေလျက် ဘုရားကို လွန်စွာ ကြည်ညို အားထားသူများအဖို့ ဤသုတ်၏ အစွမ်းအာနုဘော်ကို ကိုယ်တွေ့ ခံစားရသည်သာ ဖြစ်၏။ ထိုသူများအဖို့ မြွေစသော သတ္တဝါများ ရန်မမူ ရှောင်ရှားကြသည့်အပြင် မြွေကိုက် ခံရသူကို ဤမန္တန်ရွတ်ဖတ် ကုသပေးခြင်းဖြင့် အဆိပ်ကို ပယ်ဖျောက် ပျောက်ကင်းစေနိုင်ကြ၏။

ဗုဒ္ဓရှင်တော်မြတ်၌ တကယ် ယုံကြည်သူ မေတ္တာ, ကရုဏာရှိသူ အချို့ ဆရာများသည် မြွေကိုက်ခံရသူ၏ အဆိပ်ကို ဤသုတ်ဖြင့် ကုသလျက် အကျိုးခံစားကြရ၏၊ မြွေကိုသာမက အားလုံး သတ္တဝါများအပေါ်မှာ မေတ္တာပွါးခြင်း, ရတနာသုံးပါးဂုဏ်ကို အာရုံပြုခြင်းတို့ကြောင့်ပင် ဤသုတ်ကား မြွေဆိပ်ကိုသာ မက အခြားဘေးရန် အန္တရာယ် အသွယ်သွယ်ကို စောင့်ရှောက်တတ်၍ လက်တွေ့ အကျိုးခံစားရသူများကား မနည်းလှပေ၊ ထို့ကြောင့် "ယေသဉ္စာပိ ပရိဿယံ" ဆိုသည်။

(၆၀) ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။

(၆၁) ဝိရူပက္ခေဟိ၊ ဝိရူပက္ခနဂါးမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသောမေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဧရာပထေဟိ၊ ဧရာပထနဂါးမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဆဗျာပုတ္တေဟိ၊ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်၊ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ကဏှာဂေါတမကေဟိ စ၊ ကဏှာဂေါတမ နဂါးမျိုးတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

စကားပြေ—ဝိရူပက္ခနဂါးမျိုးတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ ဧရာပထ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေ အဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ။ ကဏှာဂေါတမ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ။

မေတ္တာပွါးဟန်။　　။"ဝိရူပက္ခေဟိ မေ မေတ္တံ" စသည်ကား မြွေမင်း လေးမျိုးတို့၏ အမျိုးအဆွေတို့၌ မေတ္တာပွါးပုံကို ပြသော ဂါထာတည်း။

မြွေအမျိုးမျိုး။　　။ဝိရူပက္ခ စသည်ကား နဂါးမင်းတို့တည်း။ ထိုနဂါးမင်း တို့နှင့် အမျိုးဇာတ်တူ မြွေနဂါးတို့သည် ဝိရူပက္ခ-စသည် အမည်ရကြ၏။ ဤ၌ မြွေမျိုးတို့ကို ဆိုအပ်၏။ ၁-ကဋ္ဌမုခမြွေ =ထိုမြွေ အကိုက်ခံရသူမှာ တကိုယ်လုံး တောင့်တင်း ခက်မာလာ၏။

၂-ပူတိမုခမြွေ=ထိုမြွေ အကိုက်ခံရသူမှာ အသားများမှ အရေများ ယို ထွက်လာသည်။ ၃-အဂ္ဂိမုခမြွေ=ထိုမြွေ အကိုက်ခံရသူမှာ မီးမြိုက်ခံရ သကဲ့သို့ တကိုယ်လုံး ပူလောင်လာသည်။၄-သတ္ထမုခမြွေ=ထိုမြွေ အကိုက် ခံရသူမှာ အပိုင်းပိုင်း ပြတ်တော့သည်။ထိုမြွေလေးမျိုးတို့တွင် တမျိုးမျိုး၌ ၁-ဒဋ္ဌဝိသ=အကိုက်ခံရသဖြင့် အဆိပ်တက်လာသောမြွေ။ ၂-ဒိဋ္ဌဝိသ= မြင်ရရုံမျှဖြင့် အဆိပ်တက်လာသော မြွေ။ ၃-ဖုဋ္ဌဝိသ=မြွေထိခံရသော အခါ အဆိပ်တက်လာသော မြွေ။ ၄-ဝါတဝိသ=လေထိသဖြင့် အဆိပ် တက်လာသော မြွေဟု လေးမျိုးစီ ရှိပြန်သည်။ ဤမြွေမျိုးတို့တွင် ဝိရူ- ပက္ခစသော မြွေလေးမျိုးတို့မှာ ဒဋ္ဌဝိသ မြွေမျိုးသာ ဖြစ်ကြောင်း အင်္ဂု- တ္တရဋ္ဌကထာဖွင့်သည်။ (သံ၊ ဋ္ဌ ၃၊၅၂၊အံ၊ဋ္ဌ၊ ၂။၃၁၆)

ဥပသေနမထေရ်။ ။မြင်ရုံမျှနှင့် အဆိပ်တက်စေသော ဒိဋ္ဌဝိသမြွေ စသည်မှာ လွန်စွာ အဆိပ်ပြင်းလှ၏။ ထိုတွင် ဒိဋ္ဌဝိသ, ဝါတဝိသတို့၏အစွမ်းကို မသိရသော်လည်း ဖုဋ္ဌဝိသ (=ထိရုံ မြင့် အဆိပ်တက်စေသော) မြွေကိုမူ သဠာယတနသံယုတ်၊ ဥပသေန- အာသီဝိသသုတ်၌ တွေ့ရသည်။ အရှင်သာရိပုတ္တရာမထေရ်၏ ညီတော် အရှင် ဥပသေနမထေရ်သည် သက်နှီးချုပ်နေစဉ် လိုဏ်ဂူ အမိုးပေါ်တွင် ကစားနေကြသော မြွေငယ်နှစ်ကောင်မှ တကောင်သည် အရှင်မြတ်၏ ပခုံးပေါ် ကျလာ၏။ ထိုမြွေကား ဖုဋ္ဌဝိသမြွေမျိုး ဖြစ်ရာ အဆိပ်တွေ ပြန့်ဆင်းလာသည်ကို သိရသော အရှင်မြတ်သည် တန်ခိုးဖြင့် မိမိ ကိုယ် ခန္ဓာ လိုဏ်ဂူအတွင်း မပျက်စီးရန် အဓိဋ္ဌာန်ပြုပြီးလျှင် ရဟန်းတို့အား မိမိ ကိုယ်မပျက်စီးမီ ခုတင်ပေါ်တင်လျက် အပြင်ထုတ်ရန် မိန့်တော်မူ၏။ ရဟန်းများ အပြင်ထုတ်ခဲ့ရာ အပြင် ရောက်သော် ခုတင်ပေါ်မှာပင် ဖွဲဆုပ်ပမာ ပြန့်ကြဲတော်မူခဲ့ရရှာသတတ်။ (သံ၊၂၊၂၆၇)

---

(၆၁) အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

(၆၁) အပါဒကေဟိ၊ အခြေမရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဒွိပါဒကေဟိ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေ အဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ စတုပ္ပဒေဟိ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဗဟုပ္ပဒေဟိ၊ များသော အခြေရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

စကားပြေ—အခြေမရှိသော သတ္တဝါတို့နှင့် မိတ်ဆွေအဖြစ် ငါ၏ ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ အခြေ လေးချောင်း ရှိသော သတ္တဝါ တို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ အခြေများစွာ ရှိသော သတ္တဝါတို့နှင့်လည်း ငါ၏မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

သတ္တဝါကုန် မေတ္တာပွါးရန်။ ။ဆိုခဲ့ပြီး ဂါထာဖြင့် မြွေများကိုသာ မေတ္တာပွါးပုံ ပြပြီးနောက် မြွေများသာမက အခြားသတ္တဝါများ အားလုံးအပေါ် မေတ္တာပွါးဟန်ကို "အပါဒကေဟိ မေ မေတ္တံ" စသည်ဖြင့် ပြတော်မူပြန်သည်။

အရကောက်။ ။မိတ္တဿ ဘာဝေါ မေတ္တံ။ ။မိတ္တဿ၊ မိတ်ဆွေ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း မေတ္တာရ၏။ မေတ္တာနှင့်ယှဉ်သော စိတ်ကို သော်လည်း ကောက်။ အပါဒက-အရ မြွေမျိုးမှန်သမျှနှင့် ငါးတို့ကိုယူ။ ဒွိပါဒကမှာ လူနှင့်ငှက် အမျိုးမျိုးတည်း။ စတုပ္ပဒ မှာ ဆင်, မြင်း, နွား, ကျွဲ စသည်ဖြစ်၏။

ဗဟုပ္ပဒ-ကား ကင်းမြီးကောက်, ကင်းခြေများ, ခူ, ပင့်ကူစသည်များ တည်း။

---

(၆၂) မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

(၆၂) အပါဒကော၊ အခြေမရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။ ဒွိပါဒကော၊ အခြေ နှစ်ချောင်းရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။ စတုပ္ပဒေါ၊ အခြေ လေးချောင်းရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။ ဗဟုပ္ပဒေါ၊ များသော အခြေရှိသော သတ္တဝါမျိုး သည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။

စကားပြေ—အခြေမရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှဉ်း ဆဲပါစေလင့်။ အခြေနှစ်ချောင်းရှိသော သတ္တဝါ မျိုးလည်း ငါ့ကို မညှဉ်းဆဲစေလို၊ အခြေ လေးချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်းဆဲစေချင်၊ အခြေများစွာရှိသော သတ္တဝါမျိုးသည်လည်း ငါ့ကို မညှဉ်းဆဲပါစေလင့်။

တောင့်တချက်ဖြင့် ပွါးပုံ။ ။ယခင်"ဝိရူပက္ခေဟိ"စသည်ကား မေတ္တာ ကို တိုက်ရိုက် ဖော်ကာ မေတ္တာပွါးပုံ များတည်း။ တဖန် တောင်းပန်ချက်ဖြင့် မေတ္တာပွါးပုံ ပြနည်းကို "မာ မံ အပါဒကော ဟိံသိ" စသည်ဖြင့် ပြတော်မူပြန်သည်။

မေတ္တာပင်။ ။"ငါ့ကို မညှဉ်းဆဲပါစေလင့်" ဆိုသည်မှာ တောင်းပန် သည်၏ အစွမ်းဖြင့် မေတ္တာပွါးပုံ တမျိုးပင်။ သတ္တဝါ များအပေါ်၌ စိတ်ထား ကြမ်းသော သူတို့မှာ ထိုသတ္တဝါများကို ခုခံရန်, ရိုက်နှက် ညှဉ်းဆဲရန်သာ လိုလားမည်ဖြစ်ရာ ထိုသူများကား ဤသို့ တောင်းပန်မှုမျိုး ဘယ်မှာ ပြုနိုင်ပါမည်နည်း။ ငါ့ကို မညှဉ်းဆဲပါစေလင့်

ဆိုသည်မှာ ထို သတ္တဝါများက မေတ္တာထားရန် ကောင်းရန် လိုလား သော အာသီသပင်ဖြစ်ရာ သတ္တဝါများ အပေါ် မေတ္တာ သက်ရောက် သောသဘော သတ္တဝါတို့၌ စိတ်ဓာတ်နူးညံ့လျက် ရှိသော သဘောပင် ဖြစ်တော့သည်။ ထို့ကြောင့် " မာ မံ အပါဒကော ဟိံသိ" စသည်မှာ မေတ္တာဘာဝနာ တမျိုးဖြစ်သည်။

---

(၆၃)　သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
　　　သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာ ကဉ္စိ ပါပ'မာဂမာ။

(၆၃) သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ ငါးခန္ဓာဝယ် တွယ်တာ တတ်စွာ သတ္တဝါတို့သည်၎င်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏာ၊ အသက်ရှူ တတ်သော သတ္တဝါတို့သည်၎င်း။ ကေဝလာ၊ အကြွင်းမရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘူတာ၊ ဖြစ်လာပေါ်လာ သတ္တဝါတို့သည်၎င်း။ သဗ္ဗေ၊ သတ္တဝါအကုန် အလုံးစုံတို့သည်။ ဘဒြာနိ၊ ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို။ ပဿန္တု၊ တွေ့ကြုံကြရပါစေကုန်သတည်း။ ကဉ္စိ၊ ဘယ်သူ တဦး တယောက်သို့သော်မျှ။ ပါပံ၊ ဆင်းရဲဒုက္ခသည်။ မာ အဂမာ၊ မကျ မလာ မရောက်ပါစေလင့်။

စကားပြေ—သတ္တဝါ မှန်သမျှ ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို ကြုံတွေ့ကြရပါစေ။ သယ်သူ ဟဦးတယောက်သို့မျှ ဆင်းရဲဒုက္ခ မကျမလာ မရောက်ပါစေလင့်။

အနောဒိဿက။　။ဆိုခဲ့ပြီး "ဝိရူပက္ခေဟိ" စသည်ကား ပုဂ္ဂိုလ်များကို ထုတ်ဖော် ရည်ညွှန်း၍ ပွားအပ်သော မေတ္တာဖြစ်၍ ဩဒိဿက (=ရည်ညွှန်းခြင်းဖြင့် ဖြစ်သော) မေတ္တာတည်း။ ထိုသို့ ပုဂ္ဂိုလ်ကို သီးခြားဖော်ထုတ် ရည်ညွှန်းခြင်းမပြုပဲ အားလုံးသတ္တဝါ သာမန် အဖြစ် ပေါင်းကာ ထိုသတ္တဝါအားလုံး၌ ပွားသောမေတ္တာကား အနောဒိ- ဿက(=မရည်ညွှန်းပဲ ဖြစ်သော) မေတ္တာဟုဆိုရသည်။ ထိုအနောဒိဿက

မေတ္တာဘာဝနာပြုပုံကို "သဗ္ဗေ သတ္တာ' စသည်ဖြင့် နည်းပေးတော်မူသည်။

---

(၆၄) အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏာနာဘီ သရဗူ မူသိကာ။

(၆၄) ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အပ္ပမာဏော၊ ဂုဏ်တော်အားဖြင့် ချင့်ချိန်နိုင်းတိုင်းတာမရ ပမာဏ မရှိပါပေ။ ဓမ္မော၊ လောကုတ္တရာတရား ကိုးပါးသည်။ အပ္ပမာဏော၊ ဂုဏ်အရဖြင့် ဉှိမျှဆပြ တိုင်းတာမရ၍ ပမာဏမရှိပါပေ။ သံဃော၊ အရိယာ သံဃာတော်သည်။ အပ္ပမာဏော၊ လောကုတ္တရာတရား ကိုးပါးစုံညီ ဂုဏ်ရည်အရ တာမရ၍ ပမာဏမရှိပါပေ။ အဟိ၊ မြွေရင်း။ ဝိစ္ဆိကာ၊ ကင်းမြီးကောက်ရင်း။ သတပဒီ၊ ကင်းခြေများရင်း။ ဥဏ္ဏာနာဘီ၊ ပင့်ကူရင်း။ သရဗူ၊ အိမ်မြှောင်ရင်း။ မူသိကာ၊ ကြွက်ရင်း။ (ဣတိ ဣမာနိ) သရီသပါနိ၊ ရင်ဖြင့်တွား၍ သွားတတ်သော ဤသတ္တဝါတို့ကား။ ပမာဏဝန္တာနိ၊ ကိလေသာဟု တိုင်းတာဖွယ်ရာ ပမာဏ ရှိကြပေကုန်၏။

စကားပြေ–မြတ်စွာဘုရားသည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည် ပမာဏမရှိ။ လောကုတ္တရာ တရားတော်သည်လည်း ဂုဏ်တော်အားဖြင့် တိုင်းတာမရ ပမာဏမရှိ။ အရိယာ သံဃာတော်သည်လည်း လောကုတ္တရာ တရားအရ ပမာဏမရှိ။ မြွေ, ကင်းမြီးကောက်, ကင်းခြေများ, ပင့်ကူ,အိမ်မြှောင်, ကြွက်ဟူသော ရင်ဖြင့် တွားသွားတတ်သော သတ္တဝါများကား တိုင်းတာ ကန့်သတ်မှု ပြုတတ်သော ကိလေသာ ရှိသူများဖြစ်၍ ပမာဏရှိသူများပင်တည်း။

အရံအတားပြုခြင်း။ ။ဆိုခဲ့ပြီး ဂါထာများဖြင့် မေတ္တာဘာဝနာ ပြုနည်း ပေးတော်မူပြီးနောက် ယခုတဖန် ရတနာသုံးပါး

ဂုဏ်ကို ရင့်ကျူးကာ အန္တရာယ်ပြုတတ်သော သတ္တဝါများမှ အကာအကွယ် အရံအတားပြုရမည့်ပုံကို ပြတော်မူလို၍ "အပ္ပမာဏော ဗုဒ္ဓေါ" စသည်ကို မိန့်တော်မူပြန်သည်။

ပမာဏ မရှိပုံ။　။"ဗုဒ္ဓေါတိ ဗုဒ္ဓဂုဏာ ဝေဒိတဗ္ဗာ" ဟူသော စတုက္ကင်္ဂုတ္တရဋ္ဌကထာ (၃၁၆) ၌ ဗုဒ္ဓအရ ဗုဒ္ဓ၏ ဂုဏ်တော်များကို ယူရန် ဖွင့်၏။ဗုဒ္ဓေါ၊ ဘုရားဂုဏ်တော်သည်ဟုလည်း ပေးနိုင်သည်။ ပမာဏပြုတတ်သော ကိလေသာများ မရှိသောကြောင့်ရင်း, ဂုဏ်တော်များ၏ ပမာဏမရှိသောကြောင့်ရင်း ဘုရားရတနာကို အပ္ပမာဏ ဆိုရသည်ဟု ဒုကနိပါတဇာတကဋ္ဌကထာ(၁၃၄)၌ ဖွင့်၏။

နောက်အနက်ကို ယူ၍ " ဂုဏ်တော်အားဖြင့် ချင့်ချိန်း တိုင်းတာမရ ပမာဏမရှိပါပေ"ဟု ပေးခဲ့သည်။ မြတ်စွာဘုရား၌ လောကုတ္တရာ ဓမ္မဂုဏ်သည်ပင် မည်သို့မျှ တိုင်းတာ ကန့်သတ်၍ မရ ပမာဏမပြုနိုင်။ လောကုတ္တရာ ဓမ္မကြောင့် ရလာသော အသချေ်ယျ အပ္ပမေယျဂုဏ်တော်များမှာ အခြားတဆူက တသက်လုံး ဟောနေသော်လည်း မကုန်နိုင်ဟုဆိုရာ ဘယ်မှာ ကန့်သတ် နိုင်ဖွယ်ရှိပါအံ့နည်း။ "ဓမ္မောတိ နဝလောကုတ္တရဓမ္မော"ဟူသော ဒုကနိပါတ ဇာတက အဋ္ဌကထာ (၁၃၄) အရ လောကုတ္တရာ တရားကိုးပါးကို ဓမ္မအရယူ။ လောကုတ္တရာ တရားများကား "ဂမ္ဘီရ=နက်နဲသည်။ ဒုဒ္ဒသ=မြင်နိုင်ဖို့ ခက်သည်" စသည်ဖြင့် ချီးကျူးခံရသည်ဖြစ်ရာ ဘယ်မှာ ပမာဏပြုနိုင်ပါအံ့နည်း။ ထိုသို့ ပမာဏမရှိသော လောကုတ္တရာ ဓမ္မနှင့် ပြည့်စုံသောကြောင့် သံဃာမှာလည်း အပ္ပမာဏ ဖြစ်တော့သည်။

ပမာဏပြုပုံ။　။ပမာဏပြုတတ်သော ကိလေသာ မရှိသောကြောင့် အပ္ပမာဏဆိုရာ၌ ကိလေသာများ ပမာဏပြုတတ်ပုံကို (သဠာယတနသံယုတ် အဋ္ဌကထာအရ) ဤသို့ သိအပ်၏။ တောင်ခြေ၌ သစ်ရွက်ပုပ်, သစ်ဖက်ပုပ်တို့ဖြင့် မဲညစ်နေသောရေ ရှိတတ်၏။ ထိုရေကို မြင်ရသူတို့မှာ အလံတရာလောက် နက်သည်ဟု ထင်ရတတ်၏။ သို့

သော် တုတ်ဖြင့်ဖြစ်စေ ကြိုးဖြင့်ဖြစ်စေ ထောက်ကြည့်သောအခါ ခြေဖမိုးပင် မမြုပ်တတ်သည်ကို တွေ့ရ၏။ ထို့အတူ ရာဂစသည် မဖြစ်သေးမီ သောတာပန်လိုလို၊ သကဒါဂါမ်လိုလို၊ အနာဂါမ်လိုလို ထင်ရ၏။ ရာဂစသည် ဖြစ်လာမှ "ရတ္တ=တပ်မက်တတ်သူ၊ ဒုဋ္ဌ=စိတ်ဆိုးတတ်သူ၊ မူဠ္ဍ=တွေဝေယောင်သူဟု ထင်ရှားလာတော့သည်။ ထို့ကြောင့် ရာဂစသည်တို့မှာ "ဤပုဂ္ဂိုလ်ကား သည်မျှသာ"ဟု တိုင်းတာ ကန့်သတ်မှု ပမာဏပြုတတ်သော တရားများဖြစ်ကြသည်။ (သံ၊၄၊၃။ ဂေါဒတ္တသုတ်။၁၃၆)

ဘာဆိုလိုသနည်း။ ။မြေစသော သတ္တဝါများကား ပမာဏ ပြုတတ်သော ကိလေသာများ ရှိသောကြောင့် ပမာဏဝန္တာနိ=အတိုင်းအရှည် ပမာဏ ရှိကြသည်ဟု ဆိုသည်။ ဤ၌ ဘုရား တရား သံဃာသည် ပမာဏမရှိ။ မြေ စသော သတ္တဝါများ ပမာဏရှိကြ၏ ဟူသော စကားဖြင့် ဘာဆိုလိုပါသနည်း။ ဘုရား တရား သံဃာ၏ ဂုဏ်တော် တန်ခိုးတော်ကား အလွန်ကြီးမား၏။ ဤ သတ္တဝါများကား အညံ့စား သတ္တဝါကလေးများသာ။ အပ္ပမာဏော- စသည်ဖြင့် ဘုရား တရား သံဃာ ဂုဏ်တော်များကို အောက်မေ့သဖြင့် ယင်း ရတနာသုံးပါး၏ အာနုဘော်အရ ထိုသတ္တဝါများ ဘာမျှမလုပ်နိုင်။ ယင်းသတ္တဝါများမှ အကာအကွယ်ရတော့သည်ဟု ဆိုလိုသည်။ ထို့ကြောင့်ပင် ရှေ့ဆက်က "ကတာ မေ ရက္ခာ=ငါ အကာအကွယ် အစောင့်အရှောက် ပြုပြီးပြီ။ ကတံ မေ ပရိတ္တံ=ငါ အရံအတား ပြုပြီးပြီ"ဟု ဟောတော်မူခဲ့၏။

---

(၆၅) ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

(၆၅) မေ၊ ငါသည်။ ရက္ခာ၊ အကာအကွယ် အစောင့်အရှောက်ကို။ ကတာ၊ ပြုအပ်ပြီးပေပြီ။ မေ၊ ငါသည်။ ပရိတ္တံ၊ အရံအတားကို။ ကတံ၊ ပြုခဲ့ပြီးပေပြီ။ ဘူတာနိ၊ အန္တရာယ်ပြုတတ်သော သတ္တဝါတို့သည်။ ပဋိက္ကမန္တု၊ ဖဲခွါရှောင်ရှားကြကုန်လော့။ သောဟံ၊ ထိုငါသည်။ ဘဂဝတော၊ ပရိနိဗ္ဗာန် ဝင်စံခဲ့ကြ ရှေးဘုရားရှင် မှန်သမျှအား။ နမော၊ ရှိခိုးခြင်းကို။

(ကရောမိ၊ ပြုလုပ်ပါ၏။) သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီ အစရှိသော ဘုရားရှင်တို့အား။ နမော၊ ရှိခိုးခြင်းကို။ (ကရောမိ၊ ပြုလုပ်ပါ၏။)

စကားပြေ—ငါသည် အကာအကွယ် အစောင့် အရှောက်ကို ပြုပြီး ခဲ့ပြီ။ ငါသည် အရံအတားကို ပြုပြီးခဲ့ပြီ။ သတ္တဝါများ ရှောင်ရှားကြကုန်လော့။ ထိုငါသည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး သော ရှေးရှေး ဘုရားရှင်မှန်သမျှအား ရှိခိုးပါ၏။ ဝိပဿီ အစရှိ သော ခုနစ်ဆူသော ဘုရားရှင်တို့အား ရှိခိုးပါ၏။

အကာအကွယ် ထပ်ပြုခြင်း။ ။"အပ္ပမာဏော"စသည်ဖြင့် အကွယ် အကာ အရံအတား ပြုခဲ့ပြီးနောက် ထို အကာအကွယ်အရ သတ္တဝါများ ရှောင်ရှားရန် နှင်ပြီးလျှင် ပဏာမ မင်္ဂလာ အကာအကွယ် တရပ်ကို ထပ်မံပြုလုပ်ရန် ညွှန်ပြတော်မူခြင်းငှါ "ကတာ မေ ရက္ခာ" စသည် မိန့်တော်မူသည်။

ခိုင်မြဲရန်။ ။အကာအကွယ် ပြုပြီးဖြစ်၍ သင်တို့ ရှောင်ကြဟု ဆိုပြီး နောက် 'သောဟံ နမော ဘဂဝတော' စသည် ဆိုရပြန် သည်မှာ "မြဲရာသံပတ် ကျပ်ရာသပ်ပင်း" ဆိုသကဲ့သို့ အကာအကွယ် မြဲမြံ ခိုင်ခံ့သည်ထက် ခိုင်ခံ့ရန် ထပ်မံ၍ ပဏာမမင်္ဂလာဖြင့် နိဂုံးချုပ်ကာကွယ် မှုပြုခြင်းဖြစ်သည်။

ဘဂဝတောဟု သာမန်ဆိုသောကြောင့် ယခု အများကိုးကွယ်လျက်ရှိ သော ဂေါတမဘုရားရှင်ကိုပင် ဆိုရမည်ကဲ့သို့ရှိ၏။ သို့သော် ဂေါတမဘုရား ရှင်မှာ သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ-ဟု အထူးထုတ်ဖော် ရှိခိုးရာ ဘုရားခုနစ်ဆူ တွင်ပါဝင်ပြီးဖြစ်ရာ ဤဘဂဝတောကို ပရိနိဗ္ဗာန်စံလွန်ခဲ့ပြီး ဘုရားမြတ်မှန် သမျှကို ယူရန် "အတီတဿ ပရိနိဗ္ဗုတဿ သဗ္ဗဿာပိ ဘဂဝတော" ဟု ဋီကာအဋ္ဌကထာဖွင့်သည်။

အဆိုမတူ။ ॥ "အပ္ပမာဏော ဗုဒ္ဓေါ" မှစ၍ နောက်ဒေသနာကို ဂါထာ များပင်ဟုရင်း, စုဏ္ဏိယဖြစ်သည်ဟုရင်း အဆိုကွဲလျက်ရှိ၏။ ထိုတွင် "ကတာ မေ ရက္ခာ" စသော နောက်ဒေသနာကို "ဣမံ ဂါထ-မာဟ" ဟူ၍ အဋ္ဌကထာက ဂါထာအဖြစ် အနုသန္ဓေဆိုထားသောကြောင့် ထိုဒေသနာ၏ ဂါထာဟုတ်, မဟုတ်မှာ အငြင်းမပွါးသာတော့ပြီ။ "အပ္ပ-မာဏော" စသော ရှေးဒေသနာကိုမူ အဋ္ဌကထာ ဂါထာအဖြစ် မဆိုပဲ သာမည အနုသန္ဓေ ဆိုထားသောကြောင့် အဋ္ဌကထာက စုဏ္ဏိယ ဆိုလို သလောဟု တွေးတောမည်ဆိုလျှင် တွေးတောဖွယ်ရာပင်။ သို့သော် ဇာကက ဒေသနာမှာ ဂါထာချည်းဟောသော ဒေသနာဖြစ်ရာ ဂါထာဟု ပင် ဆိုရပေတော့မည်။ ဆန်းနှင့်မညီလျှင် .အရှင်သံဃရက္ခိတ ထေရ်က သာမညအမည်ပေးရန် ညွှန်ကြားထားပြီးဖြစ်ရာ ဤအချက်ဖြင့်လည်း ဂါထာမဟုတ်ဟု ဆိုနိုင်ဖွယ်မရှိတော့ပေ။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ

ခန္ဓသုတ် နိဿယသစ် ပြီးပြီ။

မောရသုတ် နိဿယသစ်

(၆၆) ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

(၆၇) စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တ"န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၆၆-၆၇) ဟေ၊ အိုသူတော်ကောင်းတို့။ ဗောဓိသမ္ဘာရေ၊ သဗ္ဗညု ဉာဏ် ရရန် ထောက်ကူ ပါရမီအဆောက်အဦတို့ကို။ ပူရေန္တံ၊ ဖြည့်ကျင့် ဆည်းပူးတော်မူသော။ မောရယောနိယံ၊ ဥဒေါင်းမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ် တော်မူသော။ ယေန ပရိတ္တေန၊ အကြင် မောရသုတ် ပရိတ်တော်ဖြင့်။ သံဝိဟိတာရက္ခံ၊ ကောင်းစွာပြုစီရင်အပ်သည့် စောင့်ရှောက် ကာကွယ်မှုရှိ သော။ မဟာသတ္တံ၊ ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို။ ဝနေစရာ၊ ခုနစ်ဆက်သော မုဆိုးတို့သည်။ စိရဿံ၊ နှစ်ပေါင်းခုနစ်ရာ ရှည်မြင့်ကြာ အောင်။ ဝါယမန္တာပိ၊ ဖမ်းမိဖို့ရာ ကြိုးစားကြပါကုန်သော်လည်း။ ဂဏှိတုံ၊ လက်ရဖမ်းယူခြင်းငှါ။ နေဝ သက္ခိံသု၊ မတတ်နိုင်ကြကုန်သည်သာတည်း။ ဗြဟ္မမန္တန္တိ၊ ဗြဟ္မမန္တန် (=ထူးမြတ်သော မန္တန်တော်) ဟူ၍။ အက္ခာတံ၊ ရှင်တော်ဘုရား ချီးကျူးမြွက်ကြားတော်မူအပ်သော။ တံ ပရိတ္တံ၊ ထို မောရသုတ် ပရိတ်တော်ကို။ (မယံ၊ ငါတို့သည်။) ဘဏာမ၊ ရွတ်ကြပါ ကုန်စို့။

စကားပြေ—လွယ်၏။

အမှမ်း။ ။"ပူရေန္တံ ဗောဓိသမ္ဘာရေ" စသည်ကား မောရသုတ်ပရိတ် တော်ကို ရွတ်လို နာလို သင်လိုသောဆန္ဒ ထက်သန်စွာဖြစ် ကြရန် မောရသုတ်ပရိတ်တော်၏ သတ္တိဂုဏ်အင် အာနိသင်ပြကာ ဂုဏ်တင် ချီးကျူးအပ်သော ပရိတ်ပျိုး အမှမ်းပင်တည်း။

နိဒါန်း။ ။မောရသုတ်ဖြင့် အကာအကွယ်ပြုထားသော ဘုရားအလောင်း
ဥဒေါင်းမင်းကို မုဆိုးတို့မဖမ်းနိုင်ဟူသော စကားမှာ ဒုကနိပါတ်
မောရဇာတ် အဋ္ဌကထာလာ အဋ္ဌုပ္ပတ္တိအရပင် (ဇာတကာ၊ဋ္ဌ၊၂၊၂၉) ဘုရား
အလောင်းတော်သည် ဥဒေါင်းမင်း ဖြစ်စဉ်အခါ ဟိမဝန္တာတော ဒဏ္ဍက-
ဟိရည တောင်၌ နေ၏။ ဥဒေါင်းမင်းသည် နေထွက်ချိန်တွင် နေကို
ကြည့်ကာ"ဥဒေတယံ"စသော ဂါထာကို ရွတ်ပြီးလျှင် အစာရှာထွက်၍
အစာရှာရာမှ ပြန်လာသောအခါ တောင်ပေါ်မှ နေလျက် ဝင်သော နေကို
ကြည့်ကာ "အပေတယံ" စသော ဂါထာကို ရွတ်သည်။ ဤပရိတ်တန်ခိုး
ကြောင့် ဘုရားအလောင်းမှာ ကြောက်လန့်ခြင်း, ကြက်သီးထခြင်းများ
မရှိခဲ့ပေ။

ဗာရာဏသီအနီး မုဆိုးရွာမှ မုဆိုးတယောက်သည် ဟိမဝန္တာ၌ တော
လည်စဉ် ဥဒေါင်းမင်းကို တွေ့ခဲ့၍ မိမိသားအား ပြောထားခဲ့လေသည်။
တနေ့ ဗာရာဏသီမင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဥဒေါင်း တရားဟော
သည်ကို နာရသည်ဟု အိပ်မက်မြင်မက်၍ ရွှေဥဒေါင်းတရား နာလို
ရှိကြောင်း ဘုရင်အား လျှောက်၏။ ဘုရင်လည်း မုဆိုးတို့ကို စုံစမ်းရာ
ဖခင်ထံမှ ကြားရသော မုဆိုးက ဒဏ္ဍကဟိရည တောင်ဝယ် ရွှေဥဒေါင်း
ရှိကြောင်း လျှောက်တင်သော် သူ့ကိုပင် ထို ရွှေဥဒေါင်းကို ဖမ်းယူခဲ့ရန်
တာဝန်ပေးအပ်လေသည်။

မုဆိုးလည်း ဟိမဝန္တာသို့ သွား၍ ဥဒေါင်းမင်း အစာရှာရာ မြေပြင်
တဝိုက်၌ ကျော့ကွင်းထောင်၍ ဖမ်းသော်လည်း ခုနစ်နှစ်ကြာ၍ မုဆိုးသာ
တောထဲ၌ သေဆုံးခဲ့၏။ ဥဒေါင်းမင်းကိုကား အမိမဖမ်းနိုင်ခဲ့ပေ။ ခေမာ
မိဖုရားလည်း လိုရာမရ၍ နတ်ရွာ စံခဲ့ရ၏။ ဘုရင်လည်း မိဖုရားဆုံးရ
သဖြင့် ဥဒေါင်းမင်းကို စိတ်နာသောကြောင့် "ဟိမဝန္တာ ဒဏ္ဍကဟိ-
ရည်တောင်က ရွှေဥဒေါင်းမင်း အသားစားရသူမှာ မအို မသေနိုင်"
ဟု ရွှေပြားပေါ်တွင် အက္ခရာရေးထိုးစေပြီး မကြာခင် နတ်ရွာစံလေ၏။
ထို စာကို မြင်ရသော နောက်မင်းများသည် မုဆိုးများကို လွှတ်ကာ

ဖမ်းစေခဲ့သော်လည်း မရ၊ မင်းခြောက်ဆက်တိုင်တိုင် လွန်ခဲ့လေသည်။ ခုနစ်ဆက်မြောက်မင်းလက်ထက်၌ လွတ်အပ်သော မုဆိုးသည် အကြံရကာ ဥဒေါင်းပျိုမကို သင်ပြီးလျှင် 'မ'သံ ပေးစေ၏။ 'မ' သံကြားသော ဘုရားအလောင်းသည် ပရိတ်ရွတ်ရန် သတိမရပဲ သွားမိရာ ကျော့ကွင်း၌ အမိခံရတော့သည်။

မုဆိုးလည်း ဥဒေါင်းမင်းကို ယူဆောင်ကာ ဘုရင့်ထံ ဆက်သောအခါ ဥဒေါင်းမင်းက မိမိအား ဖမ်းခြင်းအကြောင်းကို မေး၏။ ဥဒေါင်းမင်းအသားစားရသူမှာ မအို မသေနိုင်ဆို၍ ဖမ်းရခြင်းဖြစ်ကြောင်း ပြော၏။ "အရှင်မင်းကြီး....အကျွန်ုပ်ကား မသေရပြီလော"။ ဥဒေါင်းမင်းကား သေရမည် ဖြစ်ပါသည်။ "ကျွန်ုပ် သေရလျှင် ကျွန်ုပ် အသား စားရသူမှာ ဘာကြောင့် မသေပဲ ရှိရမည်နည်း"။ ဥဒေါင်းမင်းက ရွှေအဆင်း ရှိသောကြောင့် ဖြစ်ပါသည်။ "မင်းကြီး....ကျွန်ုပ် ရွှေအဆင်းရှိခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ၊ ရှေးအခါ စကြာမင်းဖြစ်စဉ် မိမိလည်း ငါးပါးသီလ ကျင့်သုံး၍ လူအားလုံးတို့ကိုလည်း ကျင့်သုံးစေသောကြောင့် ဖြစ်ပါသည်" ဟု ပြောဆို၍ စကြာမင်းဖြစ်စဉ်က ရထားမှာ ဤမင်္ဂလာ ကန်တော်ထဲ၌ ရှိကြောင်းပြောကာ ထုတ်ဖော်စေသောအခါ မင်းကြီးလည်း ယုံကြည်လာ၏။ ထို့နောက် မင်းကြီးအား တရားဟောကာ ဟိမဝန္တာသို့ ပြန်လေသည်။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[မဟာသတ္တ၌'မဟာ၊ မြတ်သော။ သတ္တ၊ ပုဂ္ဂိုလ်။ မဟာ၊ မြတ်သော သဗ္ဗညုတဉာဏ်၌။ အာသတ္တ၊ ငြိကပ် တွယ်တာသူ' ဟု အနက် နှစ်မျိုးရ၏။ မဟာသတ္တ၊ မြတ်သောပုဂ္ဂိုလ် ဟူရာ၌ ကောင်းသော အကျင့် မြင့်မြတ်သော လုပ်ငန်းများရှိသူ ဆိုလိုသည်။ ပါရမီများမှာ ဟာကယ်သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့၏အမှုဖြစ်ရာ ထိုပါရမီစု ကောင်းမှု ရှိသော အလောင်းတော်သည် မဟာသတ္တ(=မြတ်သော ပုဂ္ဂိုလ်)ဖြစ်တော့၏။

ဒုတိယအနက်အရ မဟာသတ္တမှာ သဗ္ဗညုတဉာဏ်၌ ငြိကပ်တွယ်တာသောပုဂ္ဂိုလ် ဖြစ်ရာ သဗ္ဗညုတဉာဏ်ကို လွန်စွာ လိုချင်လှ၍ ထိုဉာဏ်ရရန် နည်းလမ်းများ ကြိုးစားရှာဖွေ အားထုတ်နေသော ပုဂ္ဂိုလ်တည်း။ သဗ္ဗညုတဉာဏ်ရရန် နည်းလမ်းများမှာ ပါရမီများပင် ဖြစ်ရာ ပါရမီကို ကြိုးစားဆည်းပူးနေသူဟုပင် ဆိုရပေမည်။ ဤအနက်

နှစ်မျိုးအရ ပါရမီဖြည့်နေသူဟု အဓိပ္ပါယ်ရသော မဟာသတ္တ၏ ထို အဓိပ္ပါယ် သရုပ်ကို ဖော်ထုတ်ခြင်းငှါ "ပူရေန္တ ဗောဓိသမ္ဘာရေ"ဟု မိန့်တော်မူသည်။]

ဗောဓိသမ္ဘာရ။ ။ဗောဓိ-သဒ္ဒါသည် သဗ္ဗညုတဉာဏ်, အရိယမဂ်, ဗောဓိ အမည်ရှိ ညောင်ဗုဒ္ဓဟောပင်များ၌ ဖြစ်ရာ ဤ၌ ဗောဓိ အရ သဗ္ဗညုတဉာဏ်ကိုယူ။ သို့မဟုတ် ဗောဓိဆိုသော်လည်း မဟာဗောဓိ ကို ယူ။ မဟာဗောဓိဆိုသည်မှာ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် တည်း။ ဘုရားရှင်၌ ထို ဉာဏ်နှစ်ပါးကား အပြန်အလှန် အထောက်အမ ဖြစ် ရ၏။ အရဟတ္တမဂ်ကြောင့် သဗ္ဗညုတဉာဏ် ရသည်။ ထိုအရဟတ္တမဂ်မှာ သဗ္ဗညုတဉာဏ်ကြောင့် တပါးသူတို့၏ အရဟတ္တမဂ်နှင့် မတူ ထူးခြား ရသည်။ အရဟတ္တမဂ်ခဏ၌ သဗ္ဗညုတဉာဏ်လည်း ပြီးစီးခဲ့ရာ ထိုဉာဏ် နှစ်ပါးမှာ အချင်းချင်း အထောက်အမ ဖြစ်ကြလေသည်။ ဂါထာ၌ သဗ္ဗညုတဉာဏ်ကို ဗောဓိအရ ယူကာ အနက်ပေးခဲ့သည်။ "အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ပါရမီတို့ကို" ဟု လည်း ပေး နိုင်၏။

အိမ်ဖြစ်ရန် ပါဝင်ရမည့် အစိတ်အပိုင်းများ စုံညီ စုပေါင်းမိမှ အိမ်ဟု ဖြစ်ရသကဲ့သို့ ဒါန စသော ပါရမီ အစိတ်အပိုင်းများ စုံညီ ပေါင်းစပ်မိ သောအခါမှ ဗောဓိဖြစ်ရ၏။ ထို့ကြောင့် အိမ်ဖြစ်ရန် အစိတ်အပိုင်း အပေါင်းကို ဂေဟသမ္ဘာရ (=အိမ်၏အဆောက်အဦ) ဟု ဆိုရသကဲ့သို့ ဗောဓိဖြစ်ရန် ပါရမီအပေါင်းကို ဗောဓိသမ္ဘာရ (=ဗောဓိ၏အဆောက် အဦ)ဟု ဆိုရသည်။

ဥဒေါင်းမျိုး။ ။"နိဗ္ဗတ္တော မောရယောနိယံ" ဖြင့် ဂတိ-ဟူသည် မတည် မြဲ၍ အနိမ့် အမြင့်, အယုတ်, အမြတ် အပြောင်းအလဲ ဖြစ်နိုင်သော သံသရာ၏သဘောကို ပြ၏။ အလောင်းတော်ကြီးများပင် ဤသို့ ဂတိမမြဲ ဇလောင်းဇလဲ အပြောင်းအလဲ ဖြစ်ရလျှင် သာမန်လူ သူငါတို့ကား ဘယ်မှာ ဆိုဖွယ်ရာ ရှိတော့မည်နည်း။

နိယတဗျာဒိတ် ရပြီးသော အလောင်းတော်တို့၌ ဤဂတိ ပြောင်းလဲမှုမှာ ပါရမီတွေ ဖြည့်ခွင့်တမျိုး ရပြန်၍ နစ်နစ်နာနာ ကတိမ်းကပါး ဖြစ်မသွားနိုင်သော်လည်း မိမိတို့ ဤသို့ ဖြစ်ရလျှင် နောင် သုဂတိဘုံ ပြန်တက်ဖို့မှာ ဘယ်မျှ ခဲယဉ်းလှသည်မှာ ကာဏကစ္ဆပေါပမ, နခသိခါပမ သုတ္တန်များအရ ထင်ရှားလှသည်။ ထို့ကြောင့် လူလည်း ဖြစ်လာ, သာသနာနှင့်လည်း ကြုံဆဲ အခွင့်အခါကောင်းကြီးကို မလွဲစေပဲ အပါယ် တံခါးပိတ်သော မဂ်ဖိုလ်ကို ရအောင် ယူထားရမည်ကိုလည်း သတိပေးလျက်ရှိကြောင်း သိပါလေ။

တန်းတူ မတွေးသင့်။ ။"ပူရေန္တံ ဗောဓိသမ္ဘာရေ" ဖြင့် ဘုရားလောင်း ရှေ့ဥဒေါင်း၏ အခြေအနေ အရည်အသွေးကို ပြခဲ့ရာ ထိုအခါက အလောင်းတော်မှာ ဒါန သီလ မေတ္တာတို့ဖြင့် သတ္တဝါများအပေါ် အကျိုးစီးပွါး လိုလားသော စိတ်ရှိခြင်း, ပညာပါရမီ တော် ဖြည့်ခဲ့ပြီးဖြစ်၍ အသိဉာဏ် ရင့်သန်နေခြင်း, ခန္တီ သစ္စာ ဥပေက္ခာ များအရ စိတ်ဓာတ် အလွန်ရင့်သန် ခိုင်မာနေခြင်းများဖြင့် ထူးခြားသော ပုဂ္ဂိုလ်တဦး ဖြစ်နေ၍ တိရစ္ဆာန်သာမန်များကို မဆိုထားဘိ သူသူငါငါ လူသာမန်များနှင့်ပင် တန်းတူထားကာ ယှဉ်၍ မရတော့ပေ။ ထိုသို့သော အလောင်းတော်၌ သာမန်တိရစ္ဆာန်များနှင့် တန်းတူထားကာ တွေးလျှင် ထိုအတွေးမှာ သဘာဝမကျ။ ထို့ကြောင့် 'တိရစ္ဆာန် ဥဒေါင်းက ဘုရားနှင့် တရားတွေကို ဘယ်သူက ပြောလို့ သိထားသလဲ? မန္တန် ဖွဲ့ ရွတ်နိုင်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလား? တရားဟောနိုင်တယ်ဆိုတာ ဖြစ်နိုင်ဖွယ်မရှိ" စသော အတွေးမျိုးမှာ အရာ မရောက်ပေ။ ထိုအတွေးမျိုး ရှိနေသူများ၌ ဤပရိတ်အကျိုးခံစားရမည်မဟုတ်။ စိတ်ချယုံကြည်စွာ အားကိုး ရွတ်ဆို သူများမှာ ဤပရိတ်အကျိုးကို ခံစားခဲ့ရဘူးပြီ, ခံစားရဆဲ, ခံစားရ ပေဦးမည်။

---

(၆၈) ဥဒေတယံ စက္ခုမာ ဧကရာဇာ

ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

(၆၈) စက္ခုမာ၊ ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိ ရှိပေထသော။ ဧကရာဇာ၊ အရောင်များတွင် ပြိုင်ယှဉ်ဖွယ်ကင်း တဦး တည်းသော မင်းဖြစ်ပေထသော။ ဟရိဿဝဏ္ဏော၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိပေထသော။ ပထဝိပ္ပဘာသော၊ မြေပြင်၌ ပြန့် အနှံ့ ပင် ထွန်းလင်းတတ်ပေထသော။ အယံ၊ ဤနေမင်းသည်။ ဥဒေတိ၊ တက်ထွန်း ပေါ်ထွက်လာပေ၏။ တံတသ္မာ၊ ထိုကြောင့်။ ဟရိဿဝဏ္ဏံ၊ ရွှေအဆင်း နှင့် တူသော အဆင်းရှိပေထသော။ ပထဝိပ္ပဘာသံ၊ မြေပြင်၌ပြန့် အနှံ့ပင် ထွန်းလင်းတတ်ပေထသော။ တံ၊ အရှင်နေမင်းကို။ နမဿာမိ၊ ရှိခိုးပါ၏။ တယာ၊ အရှင်နေမင်းသည်။ အဇ္ဇ၊ ယနေ့။ ဂုတ္တာ၊ စောင့်ရှောက်အပ် ကုန်သည် ဖြစ်၍။ မယံ၊ အကျွန်ုပ်တို့သည်။ ဒိဝသံ၊ တနေ့တာပတ်လုံး။ ဝိဟရေမု၊ ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

စကားပြေ—ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိ ရှိ၍ အရောင်များတွင် တဦးတည်းသော ဘုရင် ဖြစ်သော ရွှေအဆင်းရှိလျက် မြေပြင်အပြန့် နှံ့အောင် ထွန်းလင်း တတ်သော ဤနေမင်းသည် ထွက်ပေါ်လာ၏။ ထို့ကြောင့် ရွှေအဆင်းရှိကာ ကမ္ဘာမြေအပြန့် နှံ့အောင် ထွန်းလင်းတတ် သော အရှင်နေမင်းကို အကျွန်ုပ် ရှိခိုးပါ၏။ယနေ့ အရှင်နေမင်း၏ အစောင့် အရှောက်ကို ခံယူ၍ အကျွန်ုပ်တို့ တနေ့တာပတ်လုံး ချမ်းသာစွာ နေကြရပါကုန်အံ့။

နေကို ရှိခိုးပုံ။ ။ပြဟ္မမန္တန်ကို ဖွဲ့သော အလောင်းတော် ရွှေဥဒေါင်း မင်းသည် ရှေးဦးစွာ "ဥဒေတယံ" စသည် ဖွဲ့ကာ နေမင်းကို ရှိခိုးသည်။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[စက္ခု အဿ အတ္ထီတိ စက္ခုမာ။ ။အဿ၊ ထိုနေမင်းအား။ စက္ခု၊ မျက်စိသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ စက္ခုမာ၊ စက္ခုမာမည်၏။ နေမင်း၌ မျက်စိ ဘယ်သို့ရှိသနည်း။ သကလ-စက္ကဝါဠဝါသီနံ၊ စကြဝဠာ တခွင်လုံး၌ နေကြသူတို့၏။ အန္ဓကာရံ ဝိဓမိတွာ၊ အမှောင်ကို ပယ်ခွင်း၍။ စက္ခုပဋိလာဘကရဏေန၊ မျက်စိအမြင်ရမှုကို ပြုခြင်းဖြင့်။ တေန၊ ထိုနေမင်းသည်။ တေသံ၊ ထိုကမ္ဘာသူ ကမ္ဘာသားတို့အား။ ယံ စက္ခု၊ အကြင် မျက်စိအမြင်ကို။ ဒိန္နံ၊ ပေးအပ်၏။ တေန စက္ခုနာ၊ ထိုကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိဖြင့်။ စက္ခုမာ၊ မျက်စိရှိသဘည်း။ (ဇာတက-ဋ္ဌ-ဒု ၃၀)

ဤ၌ နေမင်းက လောကသားတို့အား မျက်စိပေးသည် ဆိုလျှင် ထိုမျက်စိမှာ လောကဓာတ်သားတို့၌သာ ရှိရမည်ဖြစ်၏။ ထိုသို့မဟုတ်ပဲ နေမင်းက ပေးသော မျက်စိ နေမင်းမှာရှိသည် ဆိုခြင်းမှာ ပရိကပ္ပနာသာတည်း။ ကြံဆတင်စား၍ **ပြောဆိုခြင်း** ဖြစ်သည်။ လောကဓာတ်၌ စက္ခုရှိခြင်းသဘောကို နေ၌တင်ပေးသည်။ **တဒ္ဓမ္မူပစာရ**-ဟု ဆိုရန်ရှိ၏။ ဤသို့မဟုတ်ပဲ နေရောင်ကြောင့် **မျက်စိအမြင်ရကြသည်။** အကြောင်းအရောင်ရှိနေသည်ကို အကျိုး မျက်စိအမြင် ရှိသည်ဆိုသောကြောင့် ဖလူပစာ ဟု ဆိုသော် **ချောပြေရာ၏။ ဤအလို** စက္ခုမာ-မျက်စိ ရှိသောဟုပင်ပေး။

လောက၌ အရောင်အလင်းကို ပြုတတ်သော အရာဝတ္ထုတို့တွင် နေကား အကြီးဆုံး အထူးခြားဆုံးဖြစ်၍ ကေရာဇာ-တဦး တည်းသော ဘုရင်ဟု နေကို ဂုဏ်တင်၏။

ဟရိ၊ ရွှေနှင့်။ သ၊ တူသော။ **ဝဏ္ဏ၊** အဆင်းရှိသော။ သမာနမှ ဖြစ်သော "သ"တည်း။ ဆန္ဒာနုရက္ခဏာအတွက် ဒွေဘော်လာသည်။]

မိစ္ဆာ ဖြစ်သလော။ ။ဤ၌ဘုရားအလောင်း ရွှေဥဒေါင်းမင်း၏ **နေကို** ရှိခိုးခြင်းမှာ မိစ္ဆာအယူဖြစ်သည်ဟု ဆိုကာ ဤပရိတ်ကို အချို့လက်မခံလိုကြ။ နေရောင်ကြောင့် သစ်ပင် စသော သက်မဲ့ဝတ္ထုများ, လူစသော သက်ရှိသတ္တဝါများ အသက်ရှင်ကြ ကြီးပွါးကြရ၏။ နေရောင်ခြည်ဓာတ် မရလျှင် ထိုသို့ ကြီးပွါးမှု မရှိနိုင်၊ နေကားလောကကို အကျိုးပြုကာ စောင့်ရှောက်လျက်ရှိ၏။ "တယာဇ္ဇ ဂုတ္တာ" စသည်မှာ ဤအချက်များကို ရည်ကာ ဆိုခြင်းဖြစ်ဖွယ်ရှိ၏။ ထို့ကြောင့် ရွှေဥဒေါင်းမင်းသည် လောကရေးအတွက် အားကိုးတခုအနေအားဖြင့် နေကို ရှိခိုး၏။ ထို့နောက် သံသရာရေး ဓမ္မရေးအတွက် ဘုရားနှင့်

တရားတော်များကို ရှိခိုးသည်။ သရဏဂုံ တည်ပြီး သူသည် ရတနာသုံးပါး မှတပါး အခြား တိတ္ထိမင်း စသည်ကို ဝတ်တရားအရ ဖြစ်စေ, ဆရာဖြစ် သောကြောင့်ဖြစ်စေ, ကြောက်၍ဖြစ်စေ ရှိခိုးသော်လည်း သရဏဂုံ မပျက် ဟု အဋ္ဌကထာတို့၌ ဆို၏။ ထို့ကြောင့် ဘုရားရှင်များကို အားထားရှိခိုး နေသော ဥဒေါင်းမင်းမှာ လောကရေးအတွက် အားကိုးတခုပြုကာ နေကို ရှိခိုးသော်လည်း ၎င်းအဖို့ သရဏဂုံမပျက်၍ မိစ္ဆာအယူ သက်သည် ဟု ဆိုဖွယ် မရှိ။ ထို့ကြောင့် ဤအချက်မျှဖြင့် ဤ ဥဒေါင်းမင်းပရိတ် အပေါ် ယုံကြည်ကိုးစားချက် မပျက်သင့်ပေ။

---

(၆၉) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ,နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။

(၆၉) ယေ ဗြာဟ္မဏာ၊ ပယ်ရှားအပ်သည့် မကောင်းမှုရှိသော ဝိသုဒ္ဓိဗြာဟ္မဏ အကြင် ဗုဒ္ဓရှင်တော်မြတ်တို့သည်။ သဗ္ဗဓမ္မေ၊ အလုံးစုံ သော တရားတို့ကို။ ဝေဒဂူ၊ ဉာဏ်အမြင်အား ထင်ရှားပြုတုံ့ သိတော်မူ ကြကုန်၏။ တေ ဗြာဟ္မဏာ၊ ထို ဗုဒ္ဓရှင်တော်မြတ်တို့သည်၊ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းကို။ (ပဋိစ္ဆန္တု၊ ခံယူတော်မူကြပါကုန်။) တေ၊ ထိုရှင်တော်မြတ်ဘုရား တို့သည်။ မံ စ၊ အကျွန်ုပ်ကိုလည်း။ ပါလယန္တု၊ စောင့်ရှောက်တော်မူကြပါကုန်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဗောဓိယာ၊ ဘုရားရှင်တို့၏ မဂ်ဉာဏ်,ဖိုလ်ဉာဏ်အား။ နမော၊ ရှိခိုးခြင်းသည်၊ အတ္ထု၊ ဖြစ်ပါစေ။ ဝိမုတ္တာနံ၊ အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော် မူကြသော ဗုဒ္ဓအရှင်မြတ်တို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဝိမုတ္တိယာ၊ ရှင်တော်မြတ်တို့၏ ဝိမုတ္တိငါးပါးအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ (ဘိက္ခဝေ၊ရဟန်းတို့။) သော

တရားဘော်များကို ရှိခိုးသည်။ သရဏဂုံ ထည်ပြီး သူသည် ရတနာသုံးပါး မှတပါး အခြား တိတ္ထိမင်း စသည်ကို ဝတ်တရားအရ ဖြစ်စေ, ဆရာဖြစ်သောကြောင့်ဖြစ်စေ, ကြောက်၍ဖြစ်စေ ရှိခိုးသော်လည်း သရဏဂုံ မပျက်ဟု အဋ္ဌကထာတို့၌ ဆို၏။ ထို့ကြောင့် ဘုရားရှင်များကို အားထားရှိခိုးနေသော ဥဒေါင်းမင်းမှာ လောကရေးအတွက် အားကိုးတခုပြုကာ နေကို ရှိခိုးသော်လည်း ၎င်းအဖို့ သရဏဂုံမပျက်၍ မိစ္ဆာအယူ သက်သည်ဟု ဆိုဖွယ် မရှိ။ ထို့ကြောင့် ဤအချက်မျှဖြင့် ဤ ဥဒေါင်းမင်းပရိတ်အပေါ် ယုံကြည်ကိုးစားချက် မပျက်သင့်ပေ။

---

(၆၉) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ,နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။

(၆၉) ယေ ဗြာဟ္မဏာ၊ ပယ်ရှားအပ်သည့် မကောင်းမှုရှိသော ဝိသုဒ္ဓိဗြာဟ္မဏ အကြင် ဗုဒ္ဓရှင်တော်မြတ်တို့သည်။ သဗ္ဗဓမ္မေ၊ အလုံးစုံသော တရားတို့ကို။ ဝေဒဂူ၊ ဉာဏ်အမြင်အား ထင်ရှားပြုတုံ့ သိတော်မူကြကုန်၏။ တေ ဗြာဟ္မဏာ၊ ထို ဗုဒ္ဓရှင်တော်မြတ်တို့သည်၊ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းကို။ (ပဋိစ္ဆန္တု၊ ခံယူတော်မူကြပါကုန်။) တေ၊ ထိုရှင်တော်မြတ်ဘုရား တို့သည်။ မံ စ၊ အကျွန်ုပ်ကိုလည်း။ ပါလယန္တု၊ စောင့်ရှောက်တော်မူကြပါကုန်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဗောဓိယာ၊ ဘုရားရှင်တို့၏ မဂ်ဉာဏ်,ဖိုလ်ဉာဏ်အား။ နမော၊ ရှိခိုးခြင်းသည်၊ အတ္ထု၊ ဖြစ်ပါစေ။ ဝိမုတ္တာနံ၊ အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဗုဒ္ဓအရှင်မြတ်တို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဝိမုတ္တိယာ၊ ရှင်တော်မြတ်တို့၏ ဝိမုတ္တိငါးပါးအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ (ဘိက္ခဝေ၊ရဟန်းတို့။) သော

ဏ္ဏာတိ၊ ထိုကြောင့်။ ဗြဟ္မဏာ၊ ဗြဟ္မဏမည်ကုန်၏။ ဗြဟ္မဏ-က ဘုရားရဟန္တာတို့ကို ဟောသော်လည်း သဗ္ဗဓမ္မေ၊ ဝေဒဂူ-ပုဒ်များအရ ဤ၌ ဘုရားတို့ကိုသာ ဟောတော့သည်။ ဂါထာ၌ ရဟန္တာတို့ကိုရင်း, ရဟန္တာနှင့် ပစ္စေကဗုဒ္ဓါတို့ကိုရင်း ထည့်သွင်းအနက်ပေးသည်မှာ ဒုတိယဂါထာအရ "အတီတေ ပရိနိဗ္ဗုတေ ဗုဒ္ဓေ စေဝ ဗုဒ္ဓဂုဏေ စ နမဿတိ" ဟူသော ဒုကဇာတက အဋ္ဌကထာအလို မကျ။

ဝေဒဂူ-ကို "အတ္တနော ဉာဏေဿ ဝိဒိတေ ပါကဋေ ကတွာ ဂတာ" ဟူသော ဒုကနိပါတ ဇာတကအဋ္ဌကထာ(၃၁)အရ ဉာဏ် အမြင်အား ထင်ရှားပြုတုံ့ သိတော်မူကြကုန်၏ဟု ပေးခဲ့သည်။ ဝေဒဂူ၏ အချုပ်အနက်မှာ သိသည်သာဖြစ်၍ သိတော်မူကြကုန်၏ဟုလည်း ပေးနိုင်သည်။

ဗောဓိသဒ္ဒါသည် အခြားအရာ၌ မဂ်ဉာဏ်ကို ဟောသော်လည်း ဤ၌ မဂ်ဖိုလ် နှစ်ခုလုံးကိုပင် ဇာတကဋ္ဌကထာ ယူ၏။ ဖိုလ်ကို ကာရဏူပစာရ အားဖြင့် ယူလေ။

ဇာတကဋ္ဌကထာ၌ ဝိမုတ္တာနံ-ကို "အရဟတ္တဖလဝိမုတ္တိယာ ဝိမုတ္တာနံ=အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် လွတ်ကုန်သော" ဟု ဖွင့်၏။ သို့ဖြစ်၍ ဝိမုတ္တိယာကိုလည်း ထိုအရဟတ္တဖိုလ် ဝိမုတ္တိကိုပင် ယူနိုင်၏။ ဇာတက အဋ္ဌကထာ(၃၁)၌ကား ဝိမုတ္တိ ငါးပါး လုံးပင် ယူ၏။ ထိုအဖွင့် အတိုင်း အနက်ပေးခဲ့သည်။

ဝိမုတ္တိငါးပါး –

(၁) တဒင်္ဂဝိမုတ္တိ = ဒါန, သီလ, ဝိပဿနာတို့ဖြင့် ဆိုင်ရာဆန့်ကျင်ဘက် အကုသိုလ်များမှ လွတ်မြောက်ခြင်း။

(၂) ဝိက္ခမ္ဘနဝိမုတ္တိ = ဥပစာရ, အပ္ပနာစျာန်တို့ဖြင့် ဝိတက်စသော ဆန့်ကျင်ဘက် နီဝရဏတရားများမှ လွတ်မြောက်ခြင်း။

(၃) သမုစ္ဆေဒဝိမုတ္တိ=မဂ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း။

(၄) ပဋိပဿဒ္ဓိဝိမုတ္တိ=ဖိုလ်၌ ကိလေသာ ငြိမ်းခြင်းဟူသော လွတ်မြောက်ခြင်း။

(၅) နိဿရဏဝိမုတ္တိ=သင်္ခါရဘို့မှ လွတ်သော နိဗ္ဗာန်တည်း။

ဘုရားဟောသာ။ ။ဤ ဂါထာ၌ နောက်ဆုံး "ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ ကား ဥဒေါင်းမင်း

ရွတ်သော ပရိတ်မဟုတ်။ "နမော ဝိမုတ္တိယာ' တိုင်အောင် ရွတ်ပြီးလျှင် ဥဒေါင်းမင်း အစာရှာသွားကြောင်း ဘုရားရှင်က ဆက်ဟောသော ဒေသနာတည်း။ ထိုသို့ ဘုရားဖြစ်မှ ဆက်ဟောသော ဒေသနာဖြစ်၍ ထို ဒေသနာအဖြစ် ထင်ရှားအောင် ဇာတကဋ္ဌကထာက "အဘိသမ္ဗုဒ္ဓဂါထာ' ပုဒ်ထည့်၍ အနက်ပေးသည့်အတိုင်း ဤ၌လည်း အဘိသမ္ဗုဒ္ဓ-ပုဒ်ထည့်ပေး ခဲ့ခြင်းဖြစ်သည်။

---

(၇၀) အပေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

(၇၀) စက္ခုမာ၊ ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိပေထသော။ ဧကရာဇာ၊ အရောင်များတွင် ပြိုင်ယှဉ်ဖွယ်ကင်း တဦး တည်းသော မင်းဖြစ်ပေထသော။ ဟရိဿဝဏ္ဏော၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိပေထသော။ ပထဝိပ္ပဘာသော၊ မြေပြင်၌ ပြန့်အနှံ့ ပင် ထွန်းလင်းတတ်ပေထသော။ အယံ၊ ဤနေမင်းသည်။ အပေတိ၊ အတ္တတောင်စွယ် ဝင်ပျောက်ကွယ်၏။ တံ တသ္မာ၊ ထို့ကြောင့်။ ဟရိဿ-ဝဏ္ဏံ၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော။ ပထဝိပ္ပဘာသံ၊ မြေပြင်၌ ပြန့် အနှံ့ ပင် ထွန်းလင်းတတ်ပေထသော။ တံ၊ အရှင်နေမင်းကို။ နမဿာမိ၊ ရှိခိုးပါ၏။ တယာ၊ အရှင်နေမင်းသည်။ အဇ္ဇ၊ ယနေ့။ ဂုတ္တာ၊ စောင့် ရှောက်အပ်ကုန်သည်ဖြစ်၍။ (မယံ၊ အကျွန်ုပ်တို့သည်။) ရတ္တိံ၊ တညတာ ပတ်လုံး။ ဝိဟရေမု၊ ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

(၇၁) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ။

နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါသ'မကပ္ပယိ။

(၇၁) ယေ ဗြာဟ္မဏာ၊ ပယ်ရှားအပ်သည့် မကောင်းမှုရှိသော ဝိသုဒ္ဓိ ဗြာဟ္မဏ အကြင် ဗုဒ္ဓရှင်တော်မြတ်တို့သည်။ သဗ္ဗဓမ္မေ၊ အလုံးစုံသော တရားတို့ကို။ ဝေဒဂူ၊ ဉာဏ်အမြင်အား ထင်ရှားပြုတုံ သိတော်မူကြကုန်၏။ တေ ဗြာဟ္မဏာ၊ ထို ဗုဒ္ဓရှင်တော်မြတ်တို့သည်၊ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းကို။ (ပဋိစ္ဆန္တု၊ ခံယူတော်မူကြပါကုန်။) တေ၊ ထို ရှင်တော်ဘုရားတို့သည်။ မံ စ၊ အကျွန်ုပ်ကိုလည်း။ ပါလယန္တု၊ စောင့်ရှောက်တော်မူကြပါကုန်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဗောဓိယာ၊ ဘုရားရှင်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဝိမုတ္တာနံ၊ အရဟတ္တဖိုလ် ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော် မူကြကုန်သော ဗုဒ္ဓ ရှင်မြတ်တို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ ဝိမုတ္တိယာ၊ ရှင်တော်မြတ်ဘုရားတို့၏ ဝိမုတ္တိ ငါးပါးအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ (ဘိက္ခဝေ၊ရဟန်းတို့။)သော မောရော၊ ထိုဥဒေါင်းမင်းသည်။ ဣမံ ပရိတ္တံ၊ ဤပရိတ်အရံအတားကို။ ကတွာ၊ ပြုလုပ်၍။ ဝါသံ၊ အိပ်တန်းတက်လေ ညအိပ်နေခြင်းကို။ အကပ္ပယိ၊ ပြုလေပြီ။

အထူးမရှိ "ဥဒေတယံ" စသော ဂါထာများကား နံနက် နေထွက်ရွတ်သော ဒေါင်းမင်း ပရိတ်ဖြစ်၍ ဤ "အပေတယံ စသော ဂါထာများကား ညနေ နေဝင်ရွတ်သော ဒေါင်းမင်းပရိတ်တည်း။ ပရိတ်နှစ်မျိုး၌ ပုဒ်ပါဌ်များ အထူးမရှိလှ၍ ဆိုခဲ့ပြီးအတိုင်း သိလောက်ပေပြီ။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ

မောရသုတ် နိဿယသစ် ပြီးပြီ။

ဝဋ္ဋသုတ် နိဿယသစ်

(၇၂) ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

(၇၂) ဟော၊ အိုသူတော်ကောင်းတို့။ ဗောဓိသမ္ဘာရေ၊ သဗ္ဗညုတ ဉာဏ် ရရန်ထောက်ကူ ပါရမီအဆောက်အဦတို့ကို။ ပူရေန္တံ၊ ဖြည့်ကျင့် ဆည်းပူးတော်မူသော။ ဝဋ္ဋဇာတိယံ၊ ငုံးမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ်တော်မူရ သော။ မဟာသတ္တံ၊ ဘုရားအလောင်းငုံးမင်းကို။ ယဿ ပရိတ္တဿ၊ အကြင် ဝဋ္ဋသုတ် ပရိတ်တော်၏။ တေဇေန၊ အစွမ်းအာနုဘော်ကြောင့်။ ဒါဝဂ္ဂိ၊ တောမီးသည်။ ဝိဝဇ္ဇယိ၊ ရှောင်ကွင်းလေပြီ။

(၇၃) ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၇၃) သာရိပုတ္တဿ၊ သာရိပုတ္တမည်သော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ လောကသားတို့၏ အားထားကိုးကွယ်ရာ မြတ်စွာ ဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်သော။ ကပ္ပဋ္ဌာယိံ၊ တကမ္ဘာ လုံးဆက် မပျက်အရှည် တည်သော သဘောရှိသော။ မဟာတေဇံ၊ ကြီးမားသော အစွမ်းအာနုဘော်ရှိသော။ တံ ပရိတ္တံ၊ ထိုဝဋ္ဋသုတ်ပရိတ် တော်ကို။ (မယံ၊ ငါတို့သည်။) ဘဏာမ၊ ရွတ်ကြကုန်စို့။

စကားပြေ-လွယ်၏။

အမှမ်း။ ။"ပူရေန္တံ ဗောဓိသမ္ဘာရေ" စသော ဂါထာများလည်း ဘုရားဟောမဟုတ်သေး၊ ရှေးဆရာတို့ ဝဋ္ဋသုတ်ကို သင်ချင် နာချင်, ရွတ်ဆိုချင်အောင် ဂုဏ်တင်အပ်သော အမှမ်းတမျိုး ပရိတ်ပျိုး ပင်တည်း။

နိဒါန်း။ ။ဤသုတ်ကို အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဟောသည် ဆိုခြင်းမှာ စရိယာပိဋက ဒေသနာကိုရည်သည်။ ဇာတကဒေသနာအရ အခြား ရဟန်းတော်များကိုလည်း ဟောသေးသည်ဟု သိရ၏။ သို့သော် ဝဋ္ဋသုတ်လာ ဂါထာအကုန်ကားမဟုတ်၊ "သန္တိ ပက္ခာ အပတနာ" စသော သစ္စာပြု တဂါထာသာတည်း။ အခါတပါး မြတ်စွာဘုရားသည် ရဟန်းတော်များနှင့်အတူ မဂဓတိုင်း၌ ဒေသစာရီ ကြွချီခဲ့ရာ တခုသော အရပ်၌ မီးအကြီးအကျယ် လောင်နေသည်နှင့် ကြုံရ၏။ ထိုမီးကြီးကား ဘုရားရှင်ထံ ရောက်မလာပဲ ဘုရားရှိရာအရပ်မှ ပတ်ပတ်လည် ကဆယ့် ခြောက်ပယ်အရပ်က ရှောင်ကွင်းရာ ရဟန်းများက တအံ့တသြ ချီးမွမ်း ပြောဆိုကြ၏။ ထိုအခါ ဘုရားရှင်က "ဤအရပ်ကို မီးကွင်းခြင်းမှာ ငါ၏ ယခုဘဝ အစွမ်းမဟုတ်။ ငါ၏ ရှေးအခါက သစ္စာ စွမ်းအားသာ ဖြစ်သည်။ ဤအရပ်ကား တကမ္ဘာလုံး မီးလောင်တော့မည်မဟုတ်၊ ကပ္ပဋ္ဌိတိ ဟန်ခိုး ပြာဋိဟာ ဖြစ်သည်" ဟု မိန့်တော်မူပြီးလျှင် မိမိ ငုံးမင်းဖြစ်စဉ်က ဤအရပ်၌ တောမီးလောင်ရာ မိဖတေ့ စွန့်ခွါသွား၍ တဦးတည်း ခိုကိုးရာမဲ့ကာ ကြုံရာမရဖြစ်နေသော အလောင်းတော် ငုံးမင်းသည် နောက်မှအကြံရပြီး လျှင် "သန္တိ ပက္ခာ အပတနာ" စသော သစ္စာကိုပြုသောအခါ တောမီးမှာ ရှောင်ခွါ ငြိမ်းသွားကြောင်း ဟောတော်မူသည်။ ငုံးမင်းသစ္စာပြု၍ မီးငြိမ်းခဲ့ရသော အရပ်မှာ ဤကမ္ဘာအတွင်း ဘယ်အခါမျှ မီးလောင် တော့မည် မဟုတ် "ကပ္ပဋ္ဌာယိ မဟာတေဇံ" ဟု ချီးကျူးခဲ့ခြင်း ဖြစ် သည်။ (ဇာတကဋ္ဌ-ပ-၂၂၈)

စရိယာပိဋက။ ။"အတ္ထိ လောကေ" စသည်တို့ကား စရိယာပိဋကပါဠိ (၄၁၅)မှဖြစ်၍ တရားစစ်သူကြီးဖြစ်သော အရှင် သာရိပုတ္တရာမထေရ်မြတ်၏ မေးမြန်းလျှောက်ထားချက်အရ ဗုဒ္ဓရှင်တော် မြတ်သည် ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူရာ မြတ်စွာဘုရား၏ ပါရမီ အပေါင်း, အကြောင်းကောင်းပုံကို အချုံပြုမိရာက လွန်စွာအားရ သော အရှင်သာရိပုတ္တရာ မထေရ်သည် ဘဆင့်တက်ကာ ဘုရားဂုဏ် တော်များကို စဉ်းစားသောအခါ မိမိကလည်း ပညာကြီး ဂုဏ်တော်များ

ကလည်း အနန္တဖြစ်ရာ တွေးတိုင်း ပေါ်ကာ မဆုံးနိုင်ဖြစ်လေသည်။ ဤတွင် လွန်စွာအားရ ပီတိသောမနဿဖြစ်လွန်းလှ၍ ဘုရားရှင်၏ ဤ ပါရမီတို့ကား ဘယ်ဘဝများမှာ ရင့်ကျက်လာခဲ့သည်, ဘယ်ပုံရင့်ကျက် လာခဲ့သည်များကို လူနတ်တို့အား ထင်ရှားအောင်ပြုရန် တောင်းပန် လျှောက်ထားဖို့ အကြံရတော်မူသည်။ အရှင်မြတ်၏ လျှောက်ထား တောင်းပန်ချက်အရ ဤဘဒ္ဒကမ္ဘာအတွင်း အကိတ္တိပညာရှိစသော ထိုထို ဘဝတို့၌ ဖြည့်ခဲ့ ရင့်ကျက်လာခဲ့ရသော စရိယာ (=အကျင့်) များကို ပြရာ ၏ ရိယာပိဋက ဒေသနာကို ဟောတော်မူသည်။ ဤဝဋ္ဋသုတ်မှာ ထို စရိယာပိဋကတွင် ပါဝင်သော စရိယာများမှ စရိယာတရပ်ဖြစ်၍ "ထေရ-ဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ-ဟု ဆိုသည်။

ဝဋ္ဋသုတ်အပြည့်အစုံ။ ။အရှင်သာရိပုတ္တရာအား ဟောကြားရာ၌ "အတ္ထိ လောကေ သီလဂုဏော မှစ၍ ဟောသည် မဟုတ်။ အတ္ထိ လောကေ မတိုင်မီ ခုနစ်ဂါထာမျှ ရှိနေသေး၏။ တရား သဘောများ ပါဝင်၍ လိုရင်းပဓာနဟု ယူဆကာ ရှေးဆရာတို့က အချို့ ကိုသာ ရွေးထုတ်စီစဉ်ခြင်း ဖြစ်ဖွယ်ရှိ၏။ ထို့ကြောင့် ဝဋ္ဋသုတ် အပြည့်အစုံ ကို သိရှိရွတ်ဆို ကြည်ညိုလိုသူများအဘွက် စရိယာပိဋက ပါဠိ(၄၁၄) မှ ယူကာ ဖော်ပြလိုက်ပါသည်။

(၁) ပုနာပရံ ယဒါ ဟောမိ၊ မဂဓေ ဝဋ္ဋပေါတကော။
အဇာတပက္ခော တရုဏော၊ မံသပေသိ ကုလာဝကေ။

ပုန၊ တဖန်။ အပရံ၊ တပါးသော အကျင့်မှာ။ ယဒါ၊ အကြင်အခါ၌။ အဟံ ၊ငါသည်။ မဂဓေ၊ မဂဓတိုင်းတောအရပ်၌။ ကုလာဝကေ၊ အသိုက် ထဲ၌။ အဇာတပက္ခော၊ အတောင် မပေါက်သေးသော။ တရုဏော။ နုနယ်သေးကွေး မွေးစကလေးဖြစ်သော။ မံသပေသိ၊ အမွေးပေါက်မလာ အသားတုံးသာ ဖြစ်နေသေးသော။ ဝဋ္ဋပေါတကော၊ ငုံးငယ်သည်။ ဟောမိ၊ ဖြစ်ရပေ၏။

(၂) မုခတုဏ္ဍကေနာဟရိတွာ၊ မာတာ ပေါသယတိ မမံ။
တသာ ဖဿေန ဇီဝါမိ၊ နတ္ထိ မေ ကာယိကံ ဗလံ။

(တဒါ၊ ထိုအခါ၌။) မာတာ၊ငါ့အမိသည်။ မုခတုဏ္ဍကေန၊ နှုတ်သီးဖြင့်။ အာဟရိတွာ၊ အစားအစာ ဆောင်ယူခဲ့၍။ မမံ၊ ငါ့ကို။ ပေါသယတိ၊ မွေးမြူ၏။ တဿာ၊ ထိုမိခင်၏။ ဖဿေန၊ ကိုယ်ငွေ့အတွေ့ဖြင့်။ ဇီဝါမိ၊ ငါအသက်ရှင်ရပေ၏။ မေ၊ ငါ့အား။ ကာယိကံ ဗလံ၊ ကိုယ်အားသည်။ နတ္ထိ၊ မရှိပေ။

(၃) သံဝစ္ဆရေ ဂိမှသမယေ၊ ဒဝဍ္ဎာဟော ပဒိပ္ပတိ။
ဥပဂစ္ဆတိ အမှာကံ၊ ပါဝကော ကဏှဝတ္တနီ။

သံဝစ္ဆရေ၊ နှစ်တိုင်း နှစ်တိုင်း။ ဂိမှသမယေ၊ နွေအခါ၌။ ဒဝဍ္ဎာဟော၊ တောမီးသည်။ ပဒိပ္ပတိ၊ လောင်၏။ ကဏှဝတ္တနီ၊ မဲနက်သော လမ်းကြောင်းရှိသော။ ပါဝကော၊ မီးသည်။ အမှာကံ၊ ငါတို့အရပ်သို့။ ဥပဂစ္ဆတိ၊ ကပ်ရောက်လာ၏။

(၄) ဓမဓမာယတိ ဧဝံ၊ သဒ္ဒါယန္တော မဟာသိခီ။
အနုပုဗ္ဗေန ဈာပေန္တော၊ အဂ္ဂိ မမံ ဥပါဂမိ။

ဓမဓမာယတိ၊ ဓမ်ဓမ်ဟူ၍။ ဧဝံ၊ ဤသို့။ သဒ္ဒါယန္တော၊ အသံပြုလာသော။ မဟာသိခီ၊ ကြီးစွာသော မီးလျှံရှိသော။ အဂ္ဂိ၊ တောမီးသည်။ အနုပုဗ္ဗေန၊ အစဉ်လိုက်အားဖြင့်။ ဈာပေန္တော၊ လောင်ကျွမ်းစေလျက်။ မမံ၊ ငါ့အနီးသို့။ ဥပါဂမိ၊ ဆိုက်ရောက်လာလေပြီ။

(၅) အဂ္ဂိဝေဂဘယာ ဘီတာ၊ တသိတာ မာတာပိတာ မမ။
ကုလာဝကေ မံ ဆဍ္ဍေတွာ၊ အတ္တာနံ ပရိမောစယုံ။

အဂ္ဂိဝေဂဘယာ၊ မီးရှိန်ဘေးမှ။ ဘီတာ၊ ကြောက်ကြကုန်လျက်။ တသိတာ၊ ထိတ်လန့်ကြကုန်သော။ မမ၊ငါ၏။ မာတာပိတာ၊ အမိအဖတို့သည်။ မံ၊ ငါ့ကို။ ကုလာဝကေ၊ အသိုက်ထဲ၌။ ဆဇ္ဇေတွာ၊ စွန့်ထားခဲ့ကုန်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိမောစယုံ၊ အလွတ်ရုန်းကြကုန်ပြီ။

(၆) ပါဒေ ပက္ခေ ပဇဟာမိ၊ နတ္ထိ မေ ကာယိကံ ဗလံ။
သော'ဟံ အဂတိကော တတ္ထ၊ ဧဝံ စိန္တေသ'ဟံ တဒါ။

အဟံ၊ ငါသည်။ ပါဒေ၊ ခြေတို့ကိုရင်း။ ပက္ခေ၊ အတောင်တို့ကိုရင်း။ ပဇဟာမိ၊ ကောင်းကင်ပျံရေး ဆန့်တန်းဖို့ ကြိုးစားပါသေး၏။ မေ၊ ငါ့အား။ ကာယိကံ ဗလံ၊ ကာယဗလသည်။ နတ္ထိ၊ မရှိ။ သောဟံ၊ ထိုငါသည်။ တတ္ထ၊ မိတက္ကဲ ဖတက္ကဲ ထိုအသိုက်ထဲ၌။ အဂတိကော၊ မပျံနိုင်အား မသွားတတ်သာ အားကိုးရာမဲ့သည်ဖြစ်၍။ တဒါ၊ ထိုအခါ၌။ ဧဝံ စိန္တေသိံ၊ ဤသို့ ကြံမိလေပြီ။

(၇) ယေသာ'ဟံ ဥပဓာဝေယျံ၊ ဘီတော တသိတဝေဓိတော။
တေ မံ ဩဟာယ ပက္ကန္တာ၊ ကထံ မေ အဇ္ဇ ကာတဝေ။

အဟံ၊ ငါသည်။ ဘီတော၊ ကြောက်သည်ဖြစ်၍။ တသိတဝေဓိတော၊ ထိတ်လန့်တုန်လှုပ်လျက်။ ယေသံ၊ အကြင် မိဖတို့ အတောင်ကြားသို့။ ဥပဓာဝေယျံ၊ ပြေးဝင်မှီခိုရာ၏။ တေ၊ ထို ငါမှီခိုရမည့် မိဖတို့သည်။ မံ၊ ငါ့ကို။ ဩဟာယ၊ စွန့်ပယ်ထားခဲ့၍။ ပက္ကန္တာ၊ ဖဲခွါကြကုန်ပြီ။ မေ၊ ငါသည်။ အဇ္ဇ၊ ယနေ့။ ကထံ၊ ဘယ်နည်း ဘယ်ပုံ။ ကာတဝေ၊ ပြုလုပ်ရပါအံ့နည်း။

အကြံပေါ်လာပုံ။ ။မိဖတွေ စွန့်ခွါသွား၍ မိမိတဦးတည်း အားကိုးရာမဲ့ ဖြစ်နေပုံကို စဉ်းစားရင်း မည်သို့ပြုရမည်ကို မကြံတတ်အောင် ဖြစ်နေရာမှ ရုတ်တရက် အကြံပေါ်လာသည်။ "ဤလောက၌ သီလတရား ရှိနေသည်။ သစ္စာတရားလည်း အထင်အရှားပင်။ ထို့ပြင်

ရှေးအခါက ပွင့်တော်မူကြသော သီလ, သမာဓိ, ပညာ, မေတ္တာ, ကရုဏာ, ခန္တီတရားများ ရှိကြသည့် သဗ္ဗညုဘုရားရှင်တို့လည်း ရှိခဲ့၏။ ထိုဘုရားရှင်တို့၏ အမှန်ထွက်မြောက်တတ်သော တရားလည်း ရှိ၏။ ငါ့မှာလည်း အမှန်ထင်ရှားဖြစ်နေသော သစ္စာဟူသော သဘာဝတရား ရှိနေသည်။ ထို့ကြောင့် ရှေးအတိတ်က ပွင့်တော်မူကြသော ဘုရားရှင်တို့ကိုရင်း, ထိုဘုရားရှင်တို့၏ တရားဂုဏ်တော်တို့ကိုရင်း ဆင်ခြင်အောက်မေ့ပြီးလျှင် ငါ၌ရှိနေသော အမှန်တရားကိုကိုင်ကာ သစ္စာပြုပြီး မီးကိုငြိမ်းစေခြင်းဖြင့် ငါနှင့်တကွ အားလုံး သတ္တဝါတွေ ချမ်းသာရေးကို ငါပြုရတော့မည်”။ ဤသို့ အကြံပေါ်လာသော အလောင်းတော် ငုံးမင်းသည် ထိုသို့ရသည့် အကြံအတိုင်း ဘုရား တရားတို့ကို အောက်မေ့ကာ သစ္စာပြုပုံများကို “အတ္ထိ လောကေ သီလဂုဏော” စသော နှစ်ဂါထာဖြင့် ပြခဲ့သည်။

---

(၃၄) အတ္ထိလောကေ သီလဂုဏော၊ သစ္စံ သောစေယျ'နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ' မုတ္တမံ။

(၃၄) လောကေ၊ လောက၌။ သီလဂုဏော၊ သီလအကျင့်တရားသည်ရှင်း။ သစ္စံ၊ သစ္စာတရားသည်ရှင်း။ သောစေယျံ၊ စင်ကြယ်သည်၏ အဖြစ်သည်ရှင်း။ အနုဒ္ဒယာ၊ မေတ္တာ, ကရုဏာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ တေန သစ္စေန၊ ထိုသစ္စာတရားဖြင့်။ ဥတ္တမံ၊ ထူးမြတ်သော။ သစ္စကိရိယံ၊ အမှန်ဖော်ကာ သစ္စာဆိုမှုကို။ ကာဟာမိ၊ ပြုပေတော့အံ့။

အကြံရပုံ စကားပြေ—လောက၌ သီလတရား, သစ္စာတရား, စင်ကြယ်သည်၏အဖြစ်, မေတ္တာ, ကရုဏာ တရားများ ရှိကြ၏။ ထိုတရားများတွင် ပါဝင်သော သစ္စာတရားဖြင့် ထူးမြတ်သော သစ္စာဆိုမှုကို ငါပြုပေတော့အံ့။

---

(၃၅) အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ'မဝဿာယ၊ သစ္စကိရိယ'မကာသ'ဟံ။

(၇၅) အဟံ၊ ငါသည်။ ဓမ္မဗလံ၊ တရားတော်၏ အစွမ်းအာနုဘော်ကို။ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ ပုဗ္ဗကေ၊ ရှေးအခါက ပွင့်တော်မူကြကုန်သော။ ဇိနေ၊ ငါးမာရ်အောင်မြင် ရှင်တော်ဘုရားတို့ကို။ သရိတွာ၊ အောက်မေ့၍။ သစ္စဗလံ၊ သစ္စာ၏ အစွမ်းအာနုဘော်ကို။ အဝဿာယ၊ အားကိုးတခု အမှီပြု၍။ သစ္စကိရိယံ၊ သစ္စာဆိုမှုကို။ အကာသိံ၊ ပြုခဲ့ပေပြီ။

အကြံအတိုင်းပြုခဲ့ပုံ စကားပြေ—ငါသည် တရားတော်၏ အစွမ်းအာနုဘော်ကို ဆင်ခြင်ပြီးလျှင်

ရှေးအတိတ်က ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့ကို အောက်မေ့လျက် သစ္စာ၏အစွမ်းကို အားကိုးပြုကာ သစ္စာဆိုမှု ပြုခဲ့ပေပြီ။

သဒ္ဒါအရ ရှင်းလင်းချက်။ ။[ဤဂါထာတို့၌ ဆိုလိုသော အဓိပ္ပါယ်ကို ဆိုခဲ့ပြီ။ သီလဂုဏ-၌ ဂုဏ-ကား ဓမ္မ (=တရား) ဟောတည်း။ သောစေယျ-၌ သုစိနော၊ စင်ကြယ်သည်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သောစေယျံ။ စင်ကြယ်သည်၏ အဖြစ်အရ ကာယသောစေယျ (=ကာယဒွါရ၌ စင်ကြယ်သည်၏ အဖြစ်), ဝစီသောစေယျ (=ဝစီဒွါရ၌ စင်ကြယ်သည်၏ အဖြစ်), မနောသောစေယျ (=စိတ်၌ စင်ကြယ်သည်၏ အဖြစ်)ဟု တိကင်္ဂုတ္တရ (၂၇၅)၌လာသော ဒုစရိုက်များမှ စင်ကြယ်ခြင်းကိုယူ။]

---

(၇၆) သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

(၇၆) မေ၊ ငါ့အား။ ပက္ခာ၊ အတောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ အပတနာ၊ ပျံကား မပျံနိုင်ကုန်။ မေ၊ ငါ့အား။ ပါဒါ၊ ခြေတို့သည်။ သန္တိ၊ ရှိကုန်၏။ အဝဉ္စနာ၊ သွားကား မသွားနိုင်ကုန်။ မာတာပိတာ စ၊ ငါ့ကို ဆောင်မည့် အမိအဖတို့သည်လည်း။ နိက္ခန္တာ၊ အသက်ဘေးကြောင့် ရှောင်ပြေး ထွက်ခွါခဲ့ကုန်ပြီ။ ဇာတဝေဒ၊ အို တောမီး။ ပဋိက္ကမ၊ ပြန်၍ လှည့်သွား ရှောင်ရှားပါလေလော့။

သစ္စာပြုပုံ စကားပြေ—ငါ့အား အတောင်များရှိနေ၏။ ပျံကား မပျံနိုင်။ ငါ့မှာ ခြေထောက်များရှိနေ၏၊ သွားကား မသွားနိုင်။ ငါ့အမိအဖတို့လည်း အသက်ဘေးကြောင့် ရှောင်ပြေး ထွက်ခွါကြကုန်ပြီ၊ အို တောမီး....ပြန်၍လှည့်သွား ရှောင်ရှားပါလော့။

သစ္စာဖြစ်ပုံ။ ။သစ္စာဆိုသည်မှာ အဖြစ်က မည်သို့ရှိစေ မှန်သောသဘော ပေတ်၊ မဟုတ်သော ပဓာနဖြစ်ရာ ဤ၌ ဘုရားအလောင်း၏ အတောင်ရှိနေခြင်း, ထိုအတောင်များ မပျံနိုင်ခြင်း, ခြေထောက်များ ရှိနေခြင်း, ထိုခြေထောက်များ မသွားနိုင်ခြင်း, မိဖနှစ်ပါး စွန့်ခွါပြေးခြင်း ဤအားလုံးမှာ အမှန်ဖြစ်နေသော သဘာဝမွေများသာ ဖြစ်၏။ ထိုအမှန်သဘာဝများကို ယူကာ သစ္စာပြုခြင်းကြောင့် အလိုရှိ အပ်သော မီး ငြိမ်းခြင်း အကျိုးပြီးမြောက် နိုင်သည်အထိ အစွမ်းအာနုဘော် ရှိပေသည်။

---

(၇၇) သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

(၇၇) မယှံ၊ ငါဘုရားသည်။ သစ္စေ၊ သစ္စာဆိုမှုကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ သဟ၊ သစ္စာဆိုသည်နှင့် တပြိုင်နက်။ သိခီ၊ မီးသည်။ ဥဒကံ၊ ရေသို့။ ပတွာ၊ ရောက်သည်ရှိသော်။ ဝဇ္ဇေတိ ယထာ၊ ငြိမ်းအေး ပျောက်သေ ရှောင်လေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ မဟာပဇ္ဇလိတော၊ကြီးမားသောအရှိန် အလျှံရှိသော။ သိခီ၊တောမီးသည်။ သောဠသကရီသာနိ၊ တဆယ့်ခြောက်ပယ်စာ အကွာသို့ တိုင်အောင်။ ဝဇ္ဇေသိ၊ လုံးဝ ရှပ်သိမ်း ငြိမ်းအေး ရှောင်ခွါလေပြီ။ မေ၊ ငါ၏။ သစ္စေန၊ သစ္စာတရားနှင့်။ သမော၊ တူသော တရားကား။ နတ္ထိ၊ မရှိတော့ပေ။ ဧသာ၊ ဤသစ္စာအမှုသည်။ မေ၊ ငါဘုရား၏။ သစ္စပါရမီ၊ ထွတ်ဖျားရောက်လာ **သစ္စာပါရမီတော်ပေတည်း။**

စကားပြေ—ငါဘုရားသည့် သစ္စာဆိုမှု ပြုအပ်သည် ရှိသော် ပြုသည်နှင့်တပြိုင်နက် မီးသည် ရေသို့ရောက်သော် ငြိမ်းအေးရသကဲ့သို့ ကြီးမားသော အရှိန်အလျှံရှိသော တော မီးသည် တဆယ့်ခြောက်ပယ်စာ အကွာအဝေး တိုင်အောင် ရှောင်ကွင်း ငြိမ်းအေး လေသည်။ ငါ၏ သစ္စာနှင့်တူသော တရား ကား မရှိတော့ပေ။ ဤသစ္စာအမှုသည် ငါဘုရား၏ အထွတ် အထိပ်ရောက်လာရသော သစ္စာပါရမီတော်ပင် ဖြစ်တော့သည်။

တောမီး ငြိမ်းပုံ။ ။ဘုရားအလောင်း ငုံးမင်း၏ သစ္စာ အစွမ်းကြောင့် မီးတခဏခြင်း ငြိမ်းရပုံ, မိမိ ထိုအခါက ပြုခဲ့သော သစ္စာမှာ သူတကာနှင့်မတန် မဆက်ဆံသော ပါရမီမြောက် အထွတ် အထိပ် ရောက်သော သစ္စာဖြစ်ပုံများကို "သဟ သစ္စေ ကတေ မယှံ" **စသည်ဖြင့်** အဆုံးသတ် နိဂုံးအဖြစ် ဟောတော်မူသည်။

ဘုရားသာ။ ။ဤဝဋ္ဋသုတ်၌ "အဟံ, မေ, မယှံ" ဟူသော "ငါ" များ မှာ ဘုရားကိုသာ စွဲခဲ့သည်။ ငုံးမင်း၏ အတွေး,အပြော, အပြုအမူများဖြစ်ရာ ဘုရားအမှု မဟုတ်ပါတကားဟု ဆိုရန်ရှိ၏။ ငုံးမင်း နှင့်ဘုရား ပုဂ္ဂိုလ်အရ ကွဲပြားသော်လည်း ရုပ်နာမ်အစဉ် သန္တာန်အားဖြင့် ဆိုလျှင် တစဉ်တည်း, တခုတည်းဖြစ်၍ ဆိုနိုင်သည်။ ဤအဆိုမျိုးကို **ဧကတ္တနည်းဆို၏။** ....ကွဲပြားသော်လည်း တခုတည်းအဖြစ် ဆိုရသော နည်းတည်း။ အဘေဒေါပစာရ·လည်း ဆိုနိုင်သည်။ ကွဲပြားနေသော် လည်း မကွဲပြားသည်၏ အဖြစ်ဖြင့် ကြံစည်တင်စား၍ ပြောဆိုခြင်းမျိုး တည်း။

ဝဇ္ဇေသိပင် စပ်။ ။["ဥဒကံ ပတ္တံ ယထာ သိခီ"ဟူသော ဥပမာနပါဏ်ကို ဥပမေယျ နှင့် တခါတည်း မစပ်ပဲ နိဗ္ဗုဘော နိဗ္ဗာယိ·တို့ထည့်ကာ သီးခြားခွဲ၍ စပ်ရိုးရှိ၏။ ဝဇ္ဇေသိ·ကြိယာမှာ ဥပမာနှင့် စပ်၍ မဖြစ်ဟု ယူဆသောကြောင့် ဖြစ်ဖွယ် ရှိ၏။ ဝဇ္ဇဓာတ်သည် စာဂ·စွန့်ခြင်း, ရှောင်ခြင်းကို ဟောရာ မီးသေခြင်းမှာ တည်ရာကို စွန့်ခြင်း, တည်ရာမှ ရှောင်ခြင်းပင် ဖြစ်သောကြောင့် **ဝဇ္ဇနပင်ဖြစ်သည်ဟု** သဘောရ၍

ဤ၌ ဝင္ဗေသိနှင့်ပင် ယှဉ်စပ်ပေးခဲ့သည်။ ဥပမာန ဥပမေယျ၌ ကြိယာတဖက်ပြလျှင် နှစ်ဘက်လုံး၌ ယှဉ်စပ်ပေးမြဲ ထုံးစံအရ ဤ၌လည်း ထိုနည်းအရ ယှဉ်စေလို၍ တဖက်မှသာ ပြထားခြင်းဖြစ်သည်ဟု ယူ။]

သူတပါးနှင့်မတူ။ ။ဘုရားအလောင်းကား ထိုအခါက တိရစ္ဆာန်လည်း ဖြစ်၏၊ ဥမှ ပေါက်စ အလွန်ငယ်လှသော အရွယ်လည်း ဖြစ်၏။ ထိုအရွယ် ထိုအဖြစ်မျိုးတို့ဖြင့် ပြုခဲ့သော သစ္စာမှုကြီးမှာ သူတကာဖြစ်ဖို့ကား အလွန်အလှမ်းဝေး လှပါဘိ၏။ ထို့ကြောင့် "သစ္စေန မေ သမော နတ္ထိ၊ ေသာ မေ သစ္စပါရမီ=ငါ့သစ္စာမျိုး တခြားသူမှာ မဖြစ်နိုင်၊ ငါ့ ဤအမှုကား အခေါင်ပေါက်အောင် ဆောက်နေသော သစ္စာပါရမီဖြစ်သည်" ဟု ဟောတော်မူသည်။

ဘုရားအလောင်း၏ ထိုအဖြစ်မှာ ယုံဖွယ်ရာမရှိဟု ဆိုကောင်းဆိုကြပေမည်။ မောရသုတ်အဖွင့်၌ ပူရေန္တံ ဗောဓိသမ္ဘာရေ-ဖြင့် တိရစ္ဆာန်သာမန် မဟုတ်ကြောင်း တိရစ္ဆာန်သာမန်တို့နှင့် တန်းတူထား၍ မတွေးသင့်ကြောင်း ဆိုခဲ့ပြီ။ ဘုရားအလောင်း ငုံးမင်းဘဝကား ဘုရားဖြစ်ဖို့နှင့် အတော်ကြီး နီးကပ်နေသော ဤဘဒ္ဒကမ္ဘာအတွင်းက ဘဝဖြစ်စဉ်တည်း။ ပါရမီတွေ အတော်ကြီး ရင့်နေသောအခါလည်းဖြစ်၏။ လောက၌ လူဝင်စားဟု ရှိခဲ့ရာ ထို လူဝင်စားမှာ လွန်ခဲ့သော ဘဝက အဖြစ်အပျက်များကို အားလုံးသိကြ ပြောနိုင်ကြ၏။ ဇာတိဿရဉာဏ်ရသော ထိုလူဝင်စား၏ ဘဝတပါးက အဖြစ်အပျက်များကို ပြောပြနိုင်မှုကို ထိုဉာဏ်မရှိသူများက မယုံနိုင်သကဲ့သို့ ဖြစ်ကြ၏။ သို့သော် ယခင်ဘဝက ဆွေးမျိုး မိတ်ဆွေ ဆရာမိဖ မိတ်သင်္ဂဟတို့ကို အမည်နာမနှင့် တကွ ပြောပြ နိုင်ခြင်း,ရှေးက ပြုခဲ့ပုံများကို အသေအချာ ပြောပြနိုင်ခြင်းများကြောင့် မယုံဟု ဆိုရမည်လည်း အခက်ဖြစ်၏။ ဘုရားအလောင်းသည်ကား ဘုရားအဆူဆူကို ကြုံတွေ့ခဲ့ရ၏။ တရားတော်များကိုလည်း နာခဲ့ရ၏။ ကိုယ်တိုင်လည်း ထိုတရားတော်များကို အားထုတ်ခဲ့ရဘူး၏။ ဘုရားတရား အတွေ့အကြုံများခဲ့ရသော ဘုရားလောင်းများ၌ ဇာတိဿရဉာဏ်မျိုးဖြင့် ဘုရားတို့ကို သတိရခြင်း,တရားတို့ကို ပြန်လည် ဆင်ခြင်နိုင်ခြင်များဖြစ်၏။ ထို့ကြောင့်ပင်

ထို တရားတို့ကို ညွှန်ပြသူမရှိပဲ စွမ်းစွမ်းတမံ ပြုကျင့်နိုင်ခြင်း, ဟောပြနိုင်ခြင်းမျိုးကို မဖြစ်နိုင်ဟု လုံးဝငြင်းဆန်ခြင်းငှါ မထိုက်ပေ။ ဘုရား၌ရှင်း, တရား၌ရှင်း ယုံကြည် စိတ်ချခြင်းသည် ကုသိုလ်ဖြစ်ကြောင်း, တရားတိုးတက်ကြောင်းဖြစ်၍ မယုံကြည်ခြင်းမှာ ရထိုက်သော တရားများပျက်ပြားကြောင်းဖြစ်ရာ သဒ္ဓါရှေ့သွားဖြင့် ဘုရားတရားတော်ကို ကြည်ညိုပွါးများ ကြိုးစားသက်ဝင်နိုင်ကြပါစေ။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ
ဝဋ္ဋသုတ် နိဿယသစ် ပြီးပြီ။

ဓဇဂ္ဂသုတ် နိဿယသစ်

(၇၈) ယဿာ'နုဿရမာနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ'မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

(၇၉) သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၇၈-၇၉) ဟေ၊ အိုသူတော်ကောင်းတို့။ ယဿ ပရိတ္တဿ၊ အကြင် ဓဇဂ္ဂသုတ် ပရိတ်တော်ကို။ အနုဿရမာနာပိ၊ အောက်မေ့ရုံမျှဖြင့် သော်လည်း။ ပါဏိနော၊ သတ္တဝါတို့သည်။ အန္တလိက္ခေပိ၊ ကောင်းကင်၌ သော်ပင်။ ဘူမိယံ ဝိယ၊ မြေပေါ်၌ကဲ့သို့။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပတိဋ္ဌံ၊ ထောက်တည်ရာကို။ အဓိဂစ္ဆန္တိ၊ ရရှိကြ ကုန်၏။ ယက္ခစောရာဒိသမ္ဘဝါ၊ ဘီလူး, ခိုးသူ, စသည်တို့ကြောင့် ဖြစ်ပေါ် လာသော။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ဘေးရန်ခပင်း ပိုက်ကွန်တွင်းမှ။ မုတ္တာနံ၊ လွတ်မြောက်ကြရသူတို့၏။ ဂဏနာ စ၊ အရေအတွက်သည်လည်း။ န၊ မရှိ တော့ပါပေ။ တံ ပရိတ္တံ၊ ထိုဓဇဂ္ဂသုတ် ပရိတ်တော်ကို။ (မယံ၊ ငါတို့ သည်။) ဘဏာမ၊ ရွတ်ကြကုန်စို့။

စကားပြေ အမွှမ်း—လွယ်၏။

ဓဇဂ်သုတ်အကျိုး။ ။ဓဇဂ္ဂပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌ဖြစ်စေကာမူ မြေပြင်မှာကဲ့သို့ ထောက်တည်ရာ ရနိုင်သည်ဟူသော အချီးစကားမှာ သဂါထာဝဂ္ဂ သက္ကသံယုတ် အဋ္ဌကထာ (၃၁၂) ဓဇဂ္ဂသုတ်အဖွင့် ဝတ္ထုအရပင်ဖြစ်၏။ သီဟိုဠ်ကျွန်း ဒီဃဝါပိ စေတီ၌ အင်္ဂတေအချောကိုင်နေစဉ် ရဟန်းငယ်တပါးသည် စေတီအထက် ဆင့် လက်ချမ်းမှ ကျ၍ စေတီဝမ်းပြင်ဖြင့် လျှောကျလာ၏။ အောက်၌ ရှိသော ရဟန်းများက ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ ငါ့ရှင်ဟု လှမ်းပြောကြ သော် ထို လိမ့်ကျသော ရဟန်းသည် သေရမည့်ဘေးမှ ကြောက်လန့်

သဖြင့် "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု = ဓဇဂ္ဂပရိတ်သည် ငါ့ကို စောင့်ရှောက်ပါစေ" ဟု ဆို၏။ ထိုခဏ၌ပင် ရွတ်တရက် အုတ်နှစ်ချပ် ပေါ်လာကာ လှေခါးဆစ် ဖြစ်လျက် ခံနေ၏။ အပေါ်ရှိ ရဟန်းများက နှယ်လှေခါးချပေးရာ ထိုလှေခါးပေါ် ရဟန်းရောက်လျှင်ပင် အုတ်နှစ်ချပ်မှာ တည်မြဲတိုင်း မူလနေရာ၌ ပြန်ရောက်နေလေသည်။

ဓဇဂ္ဂပရိတ်ကြောင့် ဘေးရန်မှ လွတ်မြောက်ကြရသူတို့မှာ မရေတွက်နိုင် ဟူသော အကျိုးပြမှုလည်း "ဣဒံ အာဝဇ္ဇေတွာ ဟိ ယက္ခဘယ-စောရဘယာဒိဟိ ဒုက္ခေဟိ မုတ္တာနံ အန္တော နတ္ထိ" ဟူသော ဆိုခဲ့ပြီးအဋ္ဌကထာအရ ဆိုခြင်းပင်။

အနက်ပေးပုံ။ ။ဤ၌ အောက်မေ့ရုံဖြင့်ပင် ကောင်းကင်၌ တည်ရာရ၏။ အောက်မေ့ရုံမျှဖြင့်ပင် ဘေးအပေါင်းမှ လွတ်သူတို့မရေမတွက်နိုင်ဟု အနုသာရဏောနာပိ-ကို နှစ်ချက်လုံးနှင့်ယှဉ်၍ အနက်ယူအပ်၏။ ထိုသို့ယူရမည်ကို "ဤဓဇဂ္ဂသုတ်ကို ဆင်ခြင်၍ ဘီလူးဘေး, ခိုးသူဘေး စသော ဘေးဒုက္ခတို့မှ လွတ်ကြရသူတို့ အဆုံးမရှိ" ဟု ဆိုသောယခင် အဋ္ဌကထာကို ထောက်၍ သိအပ်၏။

အပိ-အနက်။ ။[အနုဿရဏေနာပိ-၌ အပိသဒ္ဒါကား နှိမ့်ချအပ်သော ဂရဟာအနက်ကိုပြ၏။ ၎င်းသည် မြှောက်ပင့်အပ်သော သမ္ဘာဝနာ အနက်ကိုပေါင်းဆည်း၏။ အောက်မေ့ရုံမျှဖြင့်သော်ပင် ကောင်းကင်၌ ထောက်တည်ရာ ရ၏။ ရွတ်ဆိုပါမူကား ဆိုဖွယ်မရှိ ဟူလို။

အန္တလိက္ခေပိ-၌ အပိ-သဒ္ဒါကား သမ္ဘာဝနာကို ပြ၏။ ဂရဟာကို ဆည်းသည်။ ကောင်းကင်၌သော်ပင် ထောက်တည်ရာရနိုင်၏။ မြေပြင်စသည်မှာ ဆိုဖွယ်ရာမရှိ-ဟု ဆိုလိုသည်။]

ဓဇဂ္ဂသုတ် နိဒါန်း

(၁၀) ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ

ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(၈၀) (ဘန္တေ၊ အရှင်ဘုရား။) မေ၊ တပည့်တော်သည်။ ဝေါ၊ ဤသို့။ သုတံ၊ နာခံမှတ်သား ကြားခဲ့ရပါ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိနေပြည်တော်၌။ ဇေ-တဝနေ၊ ဇေတဝန်မည်သော။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရာမေ၊ ကျောင်းတိုက်၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူပါ၏။

(၈၁) တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ—
"ဘိက္ခဝေါ" တိ။ "ဘဒန္တေ" တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ — ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။

အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော ဒေဝေ တာဝတိံသေ အာမန္တေသိ "သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

(၈၁) တတြ ခေါ၊ ထိုဇေတဝန်ကျောင်းတော်၌ပင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာ-မန္တေသိ၊ ခေါ်တော်မူပြီ။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေ ဘိက္ခူ၊ ထို ရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏ မိန့်ခေါ်ခြင်းကို။ ပစ္စဿော-

သုံ၊စကားတုံ့ပြန် ခံယူကြကုန်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။

ဘိက္ခဝေ၊ရဟန်းတို့။ ဘူတပုဗ္ဗံ၊ရှေး၌ဖြစ်ဘူးသည်ကား။ ဒေဝါသုရ-သင်္ဂါမော၊နတ်တာဝတိံသာ အသုရာတို့၏ စစ်သည်။ သမုပဗျူဠှော၊ ပြင်ဆင်ခြင်းပြု စုရုံးမိသည်။ အဟောသိ၊ ဖြစ်ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ အထ ခေါ၊ထိုအခါ၌။ ဒေဝါနမိန္ဒော၊နတ်တို့၏ အရှင် ဘုရင် ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ တာဝတိံသေ ဒေဝေ၊ တာဝတိံသာနတ်တို့ကို။ အာမန္တေသိ၊ မိန့်ဆိုပြီ။ မာရိသာ၊ ဆင်းရဲမဲ့ကြွေး မောင်နတ်သားတို့။ သင်္ဂါမဂတာနံ၊ စစ်မြေပြင်၌ ရောက်နေကြကုန်သော။ ဒေဝါနံ၊ အမောင်နတ်တို့အား။ ဘယံ ဝါ၊ ကြောက်လန့်ခြင်းသည်ရင်း။ ဆမ္ဘိတတ္တံ ဝါ၊ နှလုံးသားခုန် ကိုယ်တုန်လှုပ်ခြင်းသည်ရင်း။ လောမဟံသော ဝါ၊ မွေးညှင်း ရှင်ပျံ ကြက်သီးထခြင်းသည်ရင်း။ သစေ ဥပ္ပဇ္ဇေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ တသ္မိံ သမယေ၊ ထိုအခါ၌။ မမေဝ၊ ငါ၏သာလျှင်။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ ဥလ္လောကေယျာထ၊ မော်ကြည့်ကြကုန်လော့။ ဟိ၊ မော်ကြည့်ဖို့ကောင်း အကြောင်းကို ဆိုရသော်။ မမံ၊ ငါ၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ ဥလ္လောကယတံ၊ မော်ကြည့်ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် နှလုံးသားခုန် ကိုယ်တုန်လှုပ်ခြင်းသည်ရင်း။ ယော လောမဟံသော ဝါ၊ အကြင် မွေးညှင်းရှင်ပျံ ကြက်သီးထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ သော၊ ထိုကြောက်လန့်ခြင်း, တုန်လှုပ်ခြင်း ကြက်သီးထခြင်း မှန်သမျှကို။ ပဟီယိဿတိ၊ ပျောက်အပ်ပေလတ္တံ့။

အရှင်အာနန္ဒာလျှောက်ထားချက် စကားပြေ – အရှင်ဘုရား....
တပည့်တော်

ဤသို့ မှတ်သား ကြားနာခဲ့ရပါသည်။ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိ နေပြည်တော်ဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူပါသည်။

ထိုဇေတဝန်ကျောင်းတိုက်၌ပင် ရဟန်းများကို "ရဟန်းတို့" ဟု ခေါ်တော်မူရာ ရဟန်းများက "အရှင်ဘုရားဟု မြတ်စွာဘုရား မိန့်ခေါ်ချက်ကို တုံ့ပြန်ခံယူကြပါသည်။ မြတ်စွာဘုရားသည် ဤဆိုမည့် စကားကို မိန့်ကြားတော်မူပါသည်။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်မှာ တာဝတိံသာ နတ်တို့နှင့် အသုရာတို့၏ စစ်ပြင်ဆင် စုရုံးမှုဖြစ်၏။ ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် တာဝတိံသာနတ်တို့ကို မိန့်ဆို၏။ ဆင်းရဲမရှိသူ အမောင်နတ်တို့ စစ်မြေပြင်ရောက်နေကြသော အမောင်နတ်တို့အား ကြောက်လန့်ခြင်း တုန်လှုပ်ခြင်း ကြက်သီးထခြင်းများဖြစ်လျှင် ထိုအချိန်မှာ ငါ၏ အလံတော်ထိပ်ဖျားကိုသာ မော်ကြည့်ကြကုန်လော့။ အကြောင်းမှာ ငါ၏အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ဖြစ်ရမည့် ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးထခြင်းများ ပြေပျောက်မည် ဖြစ်သောကြောင့်တည်း။

နိဒါန်း။ ။"ဧဝံ မေ သုတံ" စသည်ကား ဘုရားဟော မဟုတ်သေး၊ ပဌမသံဂါယနာ တင်စဉ်က အရှင်အာနန္ဒာ၏ လျှောက်ထားချက်ကို နိဒါန်းအဖြစ် မှတ်တမ်းတင်ထားခြင်းသာ။ အခြား ပရိတ်များမှာ ဆိုင်ရာ အကြောင်းအဋ္ဌုပ္ပတ်အရ ဟောကြားခဲ့သော်လည်း ဤဓဇဂ္ဂပရိတ်၌ ထိုသို့ သောအကြောင်းမရှိ၊ မိမိအလိုတော်အတိုင်း ဟောတော်မူခြင်း ဖြစ်သည်။ မိမိအလိုတော်အရ ဟောသော ဒေသနာများ၌ ရှေးဦးစွာ "ဘိက္ခဝေါ"ဟု ခေါ်တော်မူလေ့ရှိ၏။ ထိုသို့ ခေါ်ခြင်းမှာ ကြံတွေးစဉ်စား စိတ်တခြားရောက်နေသော ရဟန်းများ, တရား ဆင်ခြင်နေသော ရဟန်းများ, ကမ္မဋ္ဌာန်းနှလုံးသွင်းနေသော ရဟန်းများ ရှိတတ်ရာ ထိုရဟန်းများ တရား၌ သတိဖြစ်စေဖို့ပင် ဖြစ်သည်။

["ဘဒန္တေတိ ဂါရဝဝစနမေတံ" အရ ဘဒန္တေ-ကား ဘုရားအား ဂါရဝပြုသော စကားတည်း။ လောက၌ လူကြီးက မိမိအမည် ခေါ်သောအခါ "ခင်ဗျား" ဟု စကားတုံ့ပြန်မှု ပြု၏။ ဘုန်းတော်ကြီးများက ခေါ်သောအခါ "အရှင်ဘုရား" ဟု တုံ့ပြန်၏။

ဤ၌ ဘဒန္တေ-သည် ဂါရဝစကား ဖြစ်သော်လည်း ရဟန်းတို့ ဟူသော ဘုရားရှင် ခေါ်တော်မူချက်ကို တုံ့ပြန်သော စကားဖြစ်၍ "သတ္ထုနော ပဋိဝစနဒါနံ ဝါ=မြတ်စွာဘုရားအား ပြန်လည်လျှောက်ထား စကားတုံ့ပြန်ပေးခြင်း "ဟု နိဒါနဝဂ္ဂ နိဒါန သံယုတ် အဋ္ဌကထာ(၂)၌ ဖွင့်ပြသည်။

ဘဂဝတော ပစ္စဿောသုံ-၌ ဘဂဝတော အာမန္တနံ ပဋိအဿောသုံ- ဟူသော အဋ္ဌကထာအလို ဆဋ္ဌီတည်း။ သဒ္ဒါဆရာတို့အလိုမှာ သမ္ပဒါန်သာ။ "ဘဂဝတော၊ မြတ်စွာဘုရားအား၊ ပစ္စဿောသုံ၊ ဝန်ခံကုန်ပြီ" ဟုပေး။ သို့သော် မောဂ္ဂလ္လာန် (၂၊၂၅)ကမူ ဆဋ္ဌီအလိုရှိ၏။]

ဘုရားဟော။ "ဘူတပုဗ္ဗံ-စသည်လည်း အရှင်အာနန္ဒာ လျှောက်ထား သောစကားပင်ဖြစ်၏။ သို့သော် ဘုရားဟောသည့်အတိုင်း ပြန်လျှောက်ထားခြင်းဖြစ်၍ ဘုရားဟောစကားတော်သာတည်း။ **တာဝ-တိံသာ** နတ်ပြည်၌ ရှေးဟောင်းနတ်များရှိခဲ့၏။ မဃဝတိုင်း မစလရွာက မာဃလုလင်သည် အဖော် အပေါင်း သုံးကျိပ်သုံးယောက်နှင့်အတူ ကောင်းမှုပြုခဲ့ရာ တာဝတိံသာ ရောက်လာကြ၏။ ညွှဲ့သည်တွေ ရောက်လာကြသည်ဟု ရှိရင်းစွဲ နတ်များက ဂန္ဓပါန-ခေါ် မွှေးကြိုင်သော အနံ့ရှိသော နတ်အဖျော်ကို စီမံကြ၏။ သိကြားမင်းက မိမိအဖော်များကို ထိုအဖျော်ကို မသောက်ကြပဲ သောက်ဟန် ဆောင်ရုံမျှသာ ပြုကြဖို့ သတိပေးသော ကြောင့် ထိုနတ်များ မသောက်ကြ၊ ထိုပြည်ရှိ နတ်များမှာ အလွန်အကျံ့ သောက်ကြ၍ မူးလဲ မေ့လျော့နေစဉ် ခြေထောက်ကိုဆွဲကာ မြင်းမိုရ်တောင်ခြေသို့ ပစ်ချကြကုန်၏။ သူတို့ကံအရ မြင်းမိုရ်တောင်ခြေမှာ အသုရာ နတ်ပြည်ပေါ်လာ၏။ သူတို့ ကိုယ်အဆင်း စသည်နှင့် နတ်ပြည် အခြေအနေမှာ တာဝတိံသာနတ်နှင့်ထပ်တူဖြစ်၍ မိမိတို့ တတိုင်းတပြည်သို့ ရောက်မှန်း မသိသော်လည်း သခွတ်ပင် ပွင့်သောအခါ အမှတ်ရလာ ကြ၏။ "တို့ပြည်မှာ ပင်လယ်ကသစ်ပွင့်သည်၊ ဤပြည်ကား တို့ပြည်မဟုတ်၊ တို့ပြည်ကို လုယက်ထားသော သိကြားအိုကို စစ်တိုက်ကြစို့ "ဟု ဆိုကာ စစ်ချီလာကြ၏။ ဤသို့ဖြင့် အသုရာနှင့် တာဝတိံသာ စစ်ဖြစ်ကြရသည်။ အချင်းချင်း စစ်တိုက်ကြသော်လည်း သူတို့မှာ ပေါက်ပြဲခြင်း သွေးထွက်

ခြင်းဟူ မရှိ၊ ထိတ်ရှုံ့ လန့်ရုံမျှသာ၊ အသုရာက နိုင်၍ တာဝတိံသာ ရောက်လာသည်ဖြစ်စေ, တာဝတိံသာက နိုင်၍ အသုရာပြည်အထိ ရောက်သည်ဖြစ်စေ မြို့တံခါးပိတ်လိုက်လျှင် ဘာမျှမတတ်နိုင်တော့၍ ဤပြည် နှစ်ပြည်မှာ အယုဇ္ဈပုရ (=ရန်သူ မအောင်နိုင်သော ရွှည်များ) ဟု ဆိုသည်။ ဤသို့ တရံဘခါ စစ်ဖြစ်၍ "ဘူတပုဗ္ဗံ ဘိက္ခဝေ" စသည်ဖြင့် ဟောတော်မူသည်။ (သံ၊ဋ္ဌ-ပ သက္ကသံယုတ် ၃၀၉)။

သမုပဗျူဠှ။ ။[သမုပဗျူဠှ ကား သံ+ဥပ+ဝိ+ဝဟဓာတ်၊ တပစ္စည်းဖြင့် ပြီး၏။ တ-ပစ္စည်း ကို ဟပြု၊ ဓာတွန္တ-ယာ-ကို ဠှ-ပြု၊ ဝဟ-၌ ဝ-ကို ဥ-ပြု၊ ဥ-ကို ဒီဃပြု၊ဝိ၌-ဝ-ကိုဗ၊ ဣ-ကို ယ-ပြု၊ နိဂ္ဂဟိတ်ကို မ-ပြု။ သမုပဗျူဠှ-ကို သဂါထာဝဂ္ဂ သက္ကသံယုတ်အဋ္ဌကထာ(၁၁)က "သမ္ပိဏ္ဍိတော၊ ပေါင်းအပ်သည့်,ရာသိဘူတော-အစု ဖြစ်၍ ဖြစ်သည်" ဟု ဖွင့်၏။ ၎င်းဋီကာ၌ သံ-၏ သဟအနက်ကိုရင်း,ဗျူဠှ၏ သမာဂမ (=ပေါင်းဆုံခြင်း) အနက်ကိုရင်း ယူ၍ "ဥဘိန္နံ သဟ ဝေ သမာဂမော" ဟု ဖွင့်၏။ နှစ်ဖက်အတူ ဆုံမိသည်ဟု ပေး။ ထို့ပြင် ဥပ-၏ ဘုသ-အနက်ကို ယူ၍ "ဘုသံ ဝါ၊ ဗျူဠှော်တိ အတ္ထော" ဟုလည်း တနည်း ဖွင့်၏။ လွှန်လွှန်ကဲကဲ ပေါင်းဆုံမိသည်ဟု ပေး။ လွန်လွန်ကဲကဲ ပေါင်းဆုံမိခြင်းသည် နှစ်ဘက်စစ်သည်တို့ ဆုံမိ၍ အပေါင်းအစု ဖြစ်နေသောကြောင့် "သမ္ပိဏ္ဍိတော ရာသိဘူတော" ဟု အဋ္ဌကထာ ဖွင့်ခြင်းဖြစ်ကြောင်း ဆို၏။

ဗျူဠှ၏အနက်ကို အမရကောသ-က "ဝိန်ျာသိတ = စီစဉ်ငင်းကျင်း၍ ထားခြင်း၊ **သံဟတ=ပေါင်းစုခြင်း**" အနက်နှစ်မျိုးဆို၏။ ထောမနိဓိ၌ "နိဝေသန ဝိသေသန၊ တင်ပြင်သိမ်းသွင်းခြင်း အထူးအာဘးဖြင့်။ ဋ္ဌိတေ၊ တည်သော။ သေနာဒိမှိ၊ စစ်တပ် စသည်၌ရင်း။ သံဟတေ၊ ပေါင်းစုခြင်း၌ရင်း။ ပုထုလေ၊ ဆူဖြိုးကြီးမားသည်၌ရင်း။ ပရိဟိတေ၊ ဝတ်အပ်သည်၌ရင်း။ ဝိဝါဟိတေ၊ လက်ထပ်ထိမ်းမြားအပ်သည်၌ရင်း ဖြစ်၏" ဟု ဆို၏။ ဤ၌ သံဟတ အနက်ပင်ဖြစ်၏။ မူလပဏ္ဏာသ မဟာဒုက္ခက္ခန္ဓသုတ် (၁၂၁)၌ ဥဘတောဗျူဠှကို ၎င်းအဋ္ဌကထာက ဥဘတော ရာသိဘူတံ" ဟုပင် ဖွင့်၏။ ဋီကာက "ဒွိန္နံ သေနာနံ ဗျူဟာသံဝိဓာနေန ဝါ ဥဘတောဗျူဠှံ" ဟူ၏။ နှစ်ဘက် စစ်ဆင်တိုက်ခိုက်လျက်ရှိသော ဟု ပေး။ ဤ၌ နှစ်ဘက်ပေါင်းဆုံ စုဝေးမိသည်မှာ စစ်တိုက်ဖို့ရာ ပြင်ဆင်စုရုံးခြင်းပင် ဖြစ်၍ "ပြင်ဆင်ခြင်းပြု စုရုံးမိသည်" ဟု ပေးခဲ့သည်။ "နှစ်ဖက်ဆိုင်လျက် တပြိုင်နက် ပေါင်းဆုံမိသည်" ဟုသော်လည်း ပေး။

ပာရိသ။ ။["ဒေဝတာနံ ပိယာသမုဒါစာရဝစနမေတံ" ဟူသော သဂါထာဝဂ္ဂ-ဒေဝတာသံယုတ် အဋ္ဌကထာ (၁၆) အရ မာရိသ-ကား နတ်တို့၏ ချစ်စနိုးအခေါ်တမျိုးပေတည်း။ မရိသ-ဓာတ် ဏ-ပစ္စည်း။မရိသ-သည် သဟန-အနက် ၌ဖြစ်ရာ သဟန-ဟူသည် ခန္တိ(=သည်းခံခြင်း), အဘိဘဝန(=လွှမ်းမိုးခြင်း) အနက် ၂-မျိုး ထွက်သောကြောင့် ဤ၌ အဘိဘဝနအနက်ကို ယူ။ ထိုကြောင့်"မရိသနဋ္ဌေန ပါပါနံ ရောဂါဒိအနတ္ထာနံ အဘိဘဝနဋ္ဌေန မာရိသော"ဟု သံယုတ်ဋီကာ ဖွင့်၏။ ရောဂါစသော အကျိုးမဲ့ မကောင်းတရားတို့ကို လွှမ်းမိုး ဖျက်ဆီးတတ်သောကြောင့် ာရိသ မည်၏။ဒုက္ခကင်းသူ ဟူလို။ ထိုကြောင့် "နိဒ္ဒုက္ခာတိ ဝုတ္တံ ဟောတိ"ဟု သံယုတ်အဋ္ဌကထာဖွင့်၏။

ဆင်းရဲသူများကိုလည်း မာရိသ-ဟု ခေါ်တတ်သေးရာ ရူဋ္ဌီသဒ္ဒါဟု ယူ။ "ပေါက္ခရံ အဿ အတ္ထီတိ ပေါက္ခရဏီ" အရ ကြာရှိ, ရေရှိသောကြောင့် ပေါက္ခရဏီ အမည်ရခဲ့ရာ ရေမရှိ ကြာမရှိသော ကန်ကိုလည်း ရူဋ္ဌီအားဖြင့် ပေါက္ခရဏီ-ဟုပင် ခေါ်ရသကဲ့သို့ ဤမာရိသ-သဒ္ဒါသည်လည်း အလွန်ချမ်းသာသော ခေတ်အခါ က မ္ဘာ ဦးက ဝေါဟာရဖြစ်ရာ၊ နောင်အခါမူ ဒုက္ခရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ရူဋ္ဌီအား ဖြင့် "မာရိသ" ခေါ်နိုင်တော့သည်သာ" ဟု ၎င်းသံယုတ်အဋ္ဌကထာ ဖွင့်သည်။

"ဒေဝတာနံ ပါဋိယေက္ကော ဝေါဟာရော" ဟူသော ဒီဃနိကာယ် မဟာဝဂ္ဂ သက္က ပဉ္ဟသုတ် အဋ္ဌကထာ (၂၉၁)အရ မာရိသကား နတ်တို့၏ သီးခြားအခေါ် တမျိုးဟု သိရ၏။ သို့သော် လူများ အချင်းချင်း မာရိသခေါ်သည်ကိုလည်း တွေ့ရ၏။ ဇာတက ဋ္ဌကထာ တတိယအုပ် သမ္ဗုလာဘဇာတ်(၄၆)၌ မိမိထံ အသား တောင်းလာသော သူဌေးသားအား မုဆိုးက "မာရိသ ပရံ ကိဉ္စိ ယာစန္တေန နာမ ပိယဝစနေန ဘဝိတဗ္ဗံ ဟု ဆို၏။ သုတ္တနိပါတ် အဋ္ဌကဝဂ် တိဿ မေတ္တေယျသုတ်(၄ဝ၆)၌"မေထုနမနုယုတ္တဿ ဝိဃာတံ ဗြူဟိ မာရိသ"ဟု တိဿ မေတ္တေယျ-က ဘုရားရှင်အား မာရိသ ဟူသော အခေါ်ဖြင့် ခေါ်၏။

ထို့ပြင် မာရိသကို "နိဒ္ဒုက္ခ=ဆင်းရဲ မရှိသူ, နိရာဗာဓ=ရောဂါကင်းသူ"ဟု အဖွင့် များသော်လည်း တခြားအဖွင့်တမျိုးကိုလည်း တွေ့ရ၏။ ဇာတ က-ပ လောဟကုမ္ဘိ ဇာတ်(၁၀၀)၌—

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ—

ဟု လာရာ ထိုမာရိသကို ၎င်းအဋ္ဌကထာ က "မာရိသာတိ မယာ သဒိသာ၊ ပယာလပနမေတံ ဧတေသံ" ဟု ဖွင့်၏။ ဤ၌ ငါနှင့် တူသူ ငါ့လူဟူသော အခေါ်မှာ

ချစ်စဖွယ်အခေါ်တမျိုးပင်ဟူ၏။အမရကောသ၌ကား မာရိသကို'မြင့်မြတ်သူ'ဟု ဆို၏။ဤမြင့်မြတ်သူ အနက်အရ"မာရိသ"မှာ 'အယျ'၏ ပရိယာယ်ဖြစ်ရာ ၎င်းကို"အရှင်အရှင်ဘုရား"ဟုလည်း ပြန်နိုင်သည်။"မာရိသာတိ မယာ သဒိသာ"ဟူသော အဖွင့်အရ အရာအားလျော်စွာ မိတ်ဆွေ ဟုလည်း ပြန်နိုင်ဘွယ်ရှိသည်။ ရိသ-ကား ဟိံ သာ (= ညှဉ်းဆဲခြင်း)အနက်၌ ဖြစ်၍ ပဋိသေဓအနက်ရှိသော မာ-သဒ္ဒါနှင့် သမာသ် ဖြစ်သည်ဟု ဓာတ္ထမနိဓိ၌ ဆို၏။ နတ္ထိ ရိသော ဧတဿာတိ မာရိသော-ပုံ။]

ဘယစသည်။ ။ဘယကို စိတ္တုတြာသဟု ဖွင့်သောကြောင့် စိတ်ထိတ်လန့်ခြင်းတည်း။ ကြောက်လန့်ခြင်း ဟူသည်မှာလည်း စိတ္တုတြာသပင်။ "ထဒ္ဓဘာဝကရဘယာဘာဝေန အဆမ္ဘိ"ဟူသော သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာ (၇၁) အရဆိုလျှင် ဆမ္ဘိ-သည် တောင့်တင်းခိုင်မာခြင်း ရှိသူတည်း။ ထမ္ဘမှ ထ-သည် ဆ-ဖြစ်လာသည်။ ဤအလို ဆမ္ဘိတတ္တံ-ကို ကိုယ်လက်တောင့်တင်း ခိုင်မာခြင်းဟု ပြန်။ "ဆမ္ဘိကိ ပဝေဓိတကာယော"ဟူသော သဂါထာဝဂ္ဂ ကောသလသံယုတ် အဋ္ဌကထာ (၁၅၂)၌ ဆမ္ဘိ-ကား တုန်လှုပ်ခြင်း အနက်ဟောတည်း။ ဆမ္ဘိတတ္တံ-ကို "ကာယိဥ္စနံ ကာယကမ္ပော ဟဒယမံသစလနံ"ဟု ဖွင့်သော ပါရာဇိက သုဒိန္နကဏ္ဍဋ္ဌကထာ (၁၇၆)အလိုလည်း "ကိုယ်တုန်လှုပ်ခြင်း နှလုံးသားတုန်လှုပ်ခြင်း"ဟု ဆို၍ ဆမ္ဘ၏ တုန်လှုပ်ခြင်းအနက်ကိုပင် ဖွင့်သည်။ ထို့ကြောင့် ဤအဖွင့်ကို ယူ၍ ဆမ္ဘိတတ္တံ= နှလုံးသားခုန် ကိုယ်တုန်လှုပ်ခြင်းသည်ဟု ပေးခဲ့၏။

မေ်ာကြည့်ကြလော့။ ။ဥလ္လောကေယျာထ မော်ကြည့် ကြဆိုသည်မှာ အလံတော်က မြင့်သောကြောင့် ဖြစ်၏။ သိကြားမင်းစီးသော ဝေဇယန္တာရထားသည် ရထားလုံးက ယူဇနာ ငါးဆယ်, နောက်ပိုင်း ရှေ့ပိုင်းက ယူဇနာ ငါးဆယ်စီ ရှိ၍ ယူဇနာ တရာ့ငါးဆယ် ရှည်လျား၏။ ရထားတွင်း ခင်းထားအပ်သော ပလ္လင်မှာ တယူဇနာရှိ၏။ ပလ္လင်ထက်မှ ထီးဖြူမှာ သုံးယူဇနာရှိ၏။ ကြွင်းသော တန်ဆာတို့၌ကား ပမာဏမရှိ၊ အလံတော်ကား ယူဇနာနှစ်ရာ့ငါးဆယ်မြင့်၏။ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာအဆိုတည်း။ (သက္ကသံယုတ်-၃၁၁)။

ထိုသို့ အလံတော် ယူနော နှစ်ရာငါးဆယ် မြင့်သောကြောင့်ပင် ဥလ္လောကေယျာထဟု ဆိုသည်။

မကြောက်ခြင်း။ ။အလံတော်ကို ကြည့်ခြင်းအားဖြင့် ဘာ့ကြောင့် မကြောက်သနည်း၊ ယခုခေတ် မိမိတိုင်းပြည်၏ အထွတ်အထိပ်အဖြစ် အသိအမှတ်ပြုထားသော အလံတော်များ ရှိခဲ့ရာ ထိုအလံကို မြင်ရသူတို့သည် ဇာတိမာန် တက်ကြွကြသကဲ့သို့ သိကြားမင်း၏အလံတော်ကို မြင်ရသောနတ်တို့လည်း "တို့ဘုရင် လာရောက်ပြီး တိုင်ကြီးလို မားမားကြီး ရပ်နေပြီ၊ တို့ ဘယ်သူကို ကြောက်ရမည်လဲ"ဟု ရဲစိတ် ရဲမာန်ပေါ်လာသည်ဟု သက္ကသံယုတ် အဋ္ဌကထာ (၁၁၂)၌ ဖွင့်သည်။

ကံပုဒ်သာ။ ။ပဟီယိဿတိ-ကား ပ+ဟာဓာတ်,ကံ၌ ယပစ္စည်း,ဿတိ ဝိဘတ်ဖြင့် ပြီးသည်။ ကမ္မရုပ်ဖြစ်၍ သော- ကား ပဟီ- ယိဿတိ-၏ ကံပုဒ်သာတည်း။

(ဂ၂) နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ပဇာ- ပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ ပဇာ- ပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

(ဂ၂) မေ၊ ငါ၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ နော စေ ဥလ္လောကေယျာထ၊ အကယ်၍ မကြည့်မိကုန်ငြားအံ့။ အထ၊ ထိုသို့ မကြည့်မိကုန်သည်ရှိသော်။ ပဇာပတိဿ၊ ပဇာပတိမည်သော။ ဒေဝရာ- ဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ ဥလ္လောကေယျာထ၊ မော်ကြည့်ကြကုန်လော့။ ဟိ၊ မော်ကြည့်ရခြင်း အကြောင်းကား။ ပဇာပတိဿ၊ ပဇာပတိမည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊

အလံတော်ထိပ်ဖျားကို။ ဥလ္လောကယာတံ၊ မော်ကြည့်ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရှင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊အကြင် ကိုယ်တုန်လှုပ်ခြင်း သည်ရှင်း။ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးထခြင်းသည်ရှင်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။သော၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟီယိဿတိ၊ ပယ်ဖျောက်အပ်ပေလတ္တံ့။

(၈၃) နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

(၈၃) ပဇာပတိဿ၊ ပဇာပတိမည်သော။ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ နော စေ ဥလ္လောကေယျာထ၊ အကယ်၍ မော်မကြည့်မိကုန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ မော်မကြည့်မိ ကုန်သည်ရှိသော်။ ဝရုဏဿ၊ ဝရုဏမည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ဥလ္လောကေယျာထ၊မော်ကြည့်ကြကုန်လော့။ ဟိ၊ မော်ကြည့်ရခြင်းအကြောင်းကား။ ဝရုဏဿ၊ ဝရုဏမည်သော၊ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ ဥလ္လောကယတံ၊ မော်ကြည့်ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရှင်း။ ယံ ဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်ရှင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးထခြင်းသည်ရှင်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ သော၊ ထိုကြောက်ခြင်း,တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟီယိဿတိ၊ ပယ်ဖျောက်အပ်ပေလတ္တံ့။

(၈၄) နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော-

ကေယျာထ။ ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတီ”တိ။

(၈၄) ဝရုဏဿ၊ ဝရုဏမည်သော။ ဒေဝရာဇဿ၊နတ်မင်း၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ နော စေ ဥလ္လောကေယျာထ၊ အကယ်၍ မေ်ာမကြည့်မိကုန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ မေ်ာမကြည့်မိကုန်သည်ရှိသော်။ ဤသာနဿ၊ ဤသာနမည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ ဥလ္လောကေယျာထ၊ မေ်ာကြည့်ကြကုန်လော့။ ဟိ၊ မေ်ာကြည့်ရခြင်း အကြောင်းကား။ ဤသာနဿ၊ ဤသာန မည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ဓဇဂ္ဂံ၊ အလံတော်ထိပ်ဖျားကို။ ဥလ္လောကယတံ၊ မေ်ာကြည့်ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်ခြင်းသည်၎င်း။ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်၎င်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးထခြင်းသည်၎င်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ သော၊ ထို ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟီယိဿတိ၊ ပယ်ဖျောက်အပ်ပေလတ္တံ့။ (ဣတိ၊ သို့။ အာမန္တေသိ၊ ပြီ။)

တခြား အလံတော်များကြည့်ရန် စကားပြေ—ငါ၏ အလံတော် ထိပ်ဖျားကို မေ်ာ မကြည့်မိခဲ့လျှင် ပဇာပတိနတ်မင်း၏ အလံတော် ထိပ်ဖျားကို မေ်ာကြည့်ကြကုန်လော့။ အကြောင်းမှာ ပဇာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မေ်ာကြည့်ကြကုန်သော သင်တို့အား ဖြစ်လာမည့် ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းများ ပျောက်လိမ့်မည် ဖြစ်သောကြောင့်တည်း။ (နောက်နှစ်ပုဒ်လည်း ဝရုဏနှင့် ဤသာန အမည်သာ ကွဲသည်၊ အတူပြန်လေ။)

သိကြားနှင့် တူပုံ။ ။ပဇာပတိ, ဝရုဏ, ဤသာန နတ်မင်းသုံးပါးမှာ သိကြားမင်းနှင့် ရုပ်ဆင်းတူ အသက်အရွယ်တူ နတ်မင်းများ ဖြစ်ကြ၏။ ပဇာပတိနတ်မင်းက ဒုတိယနေရာရသူဖြစ်၍ ဝရုဏနတ်မင်းက တတိယနေရာ, ဤသာန နတ်မင်းက စတုတ္ထနေရာ ရသူများ ဖြစ်ကြသည်။ ထိုသို့ သိကြားမင်းနှင့်တူသော နတ်များဖြစ်ရာ သူတို့၏ အလံသည်လည်း နတ်များ၏အကြောက်ကို ပြေပျောက်စေကာ ရဲရင့်လာ စေတတ်သည်။

---

(၇၅) တံ ခေါ ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဤသာနဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယေထာပိ နောပိ ပဟီယေထ။

(၇၅) ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနမိန္ဒဿ၊ နတ်တို့၏အရှင် ဘုရင် ဖြစ်သော။ သက္ကဿ၊ သိကြားမင်း၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထို အလံတော် ထိပ်ဖျားကို။ ဥလ္လောကယတံ ဝါ၊ မော်ကြည့်ကြသော နတ်တို့အားရင်း။ ပဇာပတိဿ၊ ပဇာပတိ မည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထို အလံတော်ထိပ်ဖျားကို။ ဥလ္လောကယတံ ဝါ၊ မော်ကြည့် ကြသော နတ်တို့အားရင်း။ ဝရုဏဿ၊ ဝရုဏ မည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထို အလံတော်ထိပ်ဖျားကို။ ဥလ္လောကယတံ ဝါ၊ မော်ကြည့်ကြသော နတ်တို့အားရင်း။ ဤသာနဿ၊ ဤသာန မည်သော။ ဒေဝရာဇဿ၊ နတ်မင်း၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထို အလံတော်ထိပ်ဖျားကို။ ဥလ္လောကယတံ ဝါ၊ မော်ကြည့်ကြသော နတ်တို့အားရင်း။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရင်း။ ယံ

ဆမ္မိတတ္တံ ဝါ၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်ရှင်း။ ယော လောမဟံ- သော ဝါ၊ အကြင် ကြက်သီးထခြင်းသည်ရှင်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ သော၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟာိယေ- ထာပိ၊ ပယ်ဖျောက်အပ်သည်လည်း ရှိရာ၏။ နေ့ာပိ ပဟိယေထ၊ မပယ် ဖျောက်အပ်သည်လည်း ရှိရာ၏။

(၇၆) တံ ကိဿ ဟေတု?

သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

(၇၆) တံ၊ ထိုကြောက်ခြင်းစသည် ပျောက်, မပျောက် နှစ်မျိုး ဖြစ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဒေဝါနမိန္ဒော၊ နတ် တို့၏အရှင် ဘုရင်ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ အဝီတရာဂေါ၊ မကင်းသေးသော ရာဂ ရှိ၏။ အဝီတဒေါသော၊ မကင်းသေးသော ဒေါသ ရှိ၏။ အဝီဘမောဟော၊ မကင်းသေးသော မောဟ ရှိ၏။ ဘီရု၊ ကြောက် တတ်၏။ ဆမ္ဘီ၊ ကိုယ်တုန်လှုပ်တတ်၏။ ဥတြာသီ၊ ထိတ်လန့်တတ်၏။ ပလာယီ၊ ထွက်ပြေးတတ်၏။ ဣတိ၊ ထို့ကြောင့်ပင်တည်း။

စကားပြေ-လွယ်၏။

ပဓာနနည်း။ ။ဤ၌ "သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော" ဟု သိကြား တဦးတည်းကိုသာ အဝီတရာဂ စသည်ဖြင့် ဟောသည်မှာ ပဓာနနည်းတည်း။ ဥက္ကဋ္ဌနိဒ္ဒေသလည်း ဆို။ သိကြားမင်း ပင် ရာဂ, ဒေါသ, မောဟ မကင်း ကြောက်တတ်, လန့်တတ်, ပြေးတတ်သူ ဖြစ်သည်ဆိုလျှင် ကျန် နတ်များမှာ ဆိုဖွယ်ရာမရှိ ပြီးတော့သည်။

(၈၇) အဟဥ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ၊ သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ ဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ အနုဿရေယျာထ—

(၈၇) ဘိက္ခဝေ၊ ရဟန်းတို့။ အဟဥ္စ ခေါ၊ ငါဘုရားသည်ကား။ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊တို့။ အရညဂတာနံ ဝါ၊ တော အရပ်သို့ ကပ်ရောက်သည်မူလည်း ဖြစ်ကုန်သော။ ရုက္ခမူလဂတာနံ ဝါ၊ သစ်ပင်ရင်းသို့ ကပ်ရောက်သည်မူလည်းဖြစ်ကုန်သော။ သုညာဂါရဂတာနံ ဝါ၊ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သည်မူလည်းဖြစ်ကုန်သော။ တုမှာကံ၊ သင်တို့အား။ ဘယံ ဝါ၊ ကြောက်လန့်ခြင်းသည်ရင်း။ ဆမ္ဘိတတ္တံ ဝါ၊ ကိုယ်တုန်လှုပ်ခြင်းသည်ရင်း။ လောမဟံသော ဝါ၊ ကြက်သီးထခြင်းသည် ရင်း။ သစေ ဥပ္ပဇ္ဇေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ တသ္မိံ သမယေ၊ ထို အခါ၌။ မမေဝ၊ ငါဘုရားကိုသာလျှင်။ အနုဿရေယျာထ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

(၈၈) "ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရော, ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝ-
မနုဿာနံ ဗုဒ္ဓေါ, ဘဂဝါ" တိ။

(၈၈) သော ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ထင်ရှား ထိုရှင်တော်မြတ်ဘုရားသည်။ ဣတိပိ၊ အရဟတ္တမဂ် အရဖြင့် ဗုဒ္ဓဂုဏ်အင် စုံလင်ခဲ့ရာ ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ အလှူတော်အတန်တန် အပူဇော် မှန်သမျှ ခံတော်မူထိုက် နှစ်ခြိုက်ဖွယ်ကောင်း ဤအကြောင်းကြောင့် လည်း။ အရဟံ၊ အရဟံ ဟု သုံးတန်ဆိုခွင် လူ့နတ်လူ ကျော်ကြား တော်မူပါပေသတည်း။ (၁)

သော ဘဂဝါ၊ ဘုန်းတော်ကြီးမား ထိုရှင်တော်မြတ်ဘုရားသည်။ ဣတိ-ပိ၊ အမှန်တိုင်းသာ ဆရာမပြု သဘာဝဖြင့် ဓမ္မပုံဖုံ တရားစုံကို အကုန်သိတောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ ဘွဲ့တော်ရလျက် လောကတခွင် ထင်ထင်ပေါ်ပေါ် ကျော်ကြားတော်မူပါပေသတည်း။ (၂)

သော ဘဂဝါ၊ ဘုန်းတော်ကြီးမား ထိုရှင်တော် မြတ်ဘုရားသည်။ ဣတိပိ၊ ဝိဇ္ဇာဉာဏ်နှင့် အကျင့်စရဏ ပြည့်ဝစုံလင် ဂုဏ်တင်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န ဟု လောကတခွင် ထာဝစဉ်ထင်ပေါ်ကျော်ကြားတော်မူပါပေသတည်း။ (၃)

သော ဘဂဝါ၊ ဘုန်းတော်,ကံတော်,ဉာဏ်တော်ကြီးမား ထိုရှင်တော် မြတ်ဘုရားသည်။ ဣတိပိ၊ စကားကောင်းဆို နိဗ္ဗာန်ကိုကြွ ဗုဒ္ဓဖြစ်ထိ လွဲမရှိပဲ သတိသမ္ပဇဉ် မြဲယှဉ်ကောင်းစွာ လာတော်မူတတ် သိဖွယ်မှတ်ကောင်း ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ ဟု ဂုဏ်မြတ်မွန် တံခွန်ထူကာ ကျော်ကြားတော်မူပါပေသတည်း။ (၄)

သော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ထိုရှင်တော်မြတ်ဘုရားသည်။ ဣတိပိ၊ သတ္တဝါအဖုံဖုံ ဘုံအနန္တ သင်္ခါရဟု လောကအစုံ အကုန်သိတတ် မြတ်အရည်ကောင်းဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ တံခွန်ထူလျက် ဝှန်ဆူဖြိုးမော် ကျော်ကြားတော်မူ ပါပေသတည်း။ (၅)

သော ဘဂဝါ၊နတ်လူလေးမြတ် ဆည်းကပ်အပ်သား ထိုရှင်တော်မြတ်ဘုရားသည်။ ဣတိပိ၊သီလ စသည် ဂုဏ်အရည်ဖြင့် မိသူကင်းကွာ သာသမထင် ဂုဏ်တင်ဖွယ်ကောင်း ဤအကြောင်းကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရ ဘွဲ့တော်ရလျက် လောကလုံးတွင် ထင်ထင်ရှားရှား ကျော်ကြားတော် မူပါပေသတည်း။ (၆)

သော ဘဂဝါ၊ ဘုန်းတော်ကြီးမား ထိုရှင်တော်မြတ်ဘုရားသည်။ ဣတိပိ၊ ဆုံးမထိုက်သူ နတ်နှင့်လူကို ကျင့်မှုလုံးဝ အသုံးကျအောင် ဆုံးမပဲ့ပြင်

သွန်သင်ပေတတ် မြတ်အရည်ကောင်း ဤ အကြောင်းကြောင့်လည်း။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ ဂုဏ်အရှိဖြင့် နှံ့သိကြေညာ ကျော်ကြားတော်မူပါပေသတည်း။ (၇)

သော ဘဂဝါ၊ ဘုန်းခြောက်ပါးသခင် ထိုရှင်တော်မြတ်ဘုရားသည်။ ဣတိပိ၊ ကုန်ဘည်ကြီးမှူး ဦးစီးပမာ သတ္တဝါတို့ကို သံသရာတဝှမ်း ခရီးကြမ်းမှ ရွှေနန်းနိဗ္ဗူ ထုတ်ကယ်ယူလျက် နတ်လူ ဗြဟ္မာ မြတ်ဆရာဟု မှတ်စရာ အရည်ကောင်း ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ ခေတ်လုံးလျှံအောင် ဆူညံခြိမ့်ဝေ ကျော်ကြားတော်မူပါပေသတည်း။ (၈)

သော ဘဂဝါ၊ ဘုန်းတော်ကြီးမား ထိုရှင်တော် မြတ်ဘုရားသည်။ ဣတိပိ၊ သစ္စာလေးတန် တရားမှန်ကို ရွှေဉာဏ်တော်ထူး မဂ်အမူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူတတွေ မြင်သိစေတတ် ထူးမြတ်ဘိတောင်း ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓနာမံ ဘွဲ့တော်ခံလျက် သုံးတန် ဘုံဘွေ ထင်ရှားတော်မူပါပေသတည်း။ (၉)

သော ဘဂဝါ၊ လောကထွတ်တင် ထိုရှင်တော် မြတ်ဘုရားသည်။ ဣတိပိ၊ ဣဿရိယ စသည်ခြောက်ဆင့် ဘုန်းပန်းပွင့်တွေ တင့်ဝေဘိတောင်း ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါဟု သူ ငါ ပြောရ လောကတခွင် ထာဝစဉ် ထင်ပေါ် ကျော်ကြားတော်မူပါပေသတည်း။ (၁၀)

ဣတိ၊ ဤသို့။ အနုဿရေယျာထ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

ဘုရားဂုဏ်တော် စကားပြေ။ ။ ဘုန်းတော်ကြီးမား ထို မြတ်စွာ ဘုရားသည် ဗြဟ္မာနတ်လူတို့၏ အပူဇော်ကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ တရားအလုံးစုံကို အမှန်

အတိုင်းသာ ဆရာမရှိ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ ဝိဇ္ဇာဉာဏ် အကျင့်စရဏ ပြည့်ဝ စုံလင်တော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏။ လောက သုံးပါးကို အကြွင်းမဲ့ သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။ သီလ စသော ဂုဏ်အစုဖြင့် အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရမည်တော်မူ၏။ ဆုံးမထိုက်သော သတ္တဝါတို့ကို အယဉ်ကျေးဆုံးဖြစ်အောင် ဆုံးမ ပဲ့ပြင်တတ်သော အကြောင်းကြောင့်လည်း ပုရိသဒမ္မသာရထိ မည်တော်မူ၏။ ကုန်သည် ကြီးမှူး ဦးစီးပမာ သတ္တဝါတို့ကို သံသရာခရီးခဲမှ ထုတ်ဆောင် ကယ်တင်တော်မူတတ်သော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏။ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်းသိ ဝေနေယျတို့ကိုလည်း သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏။ ဤသို့ အောက်မေ့ကြလေ။

ဂုဏ်တော်ကိုးပါး။ ။ဆိုခဲ့ပြီးအနက်မှာ ဂုဏ်တော်ဆယ်ပါး အခွဲအရ ဖြစ်၏။ ဂုဏ်တော်ကိုးပါးကို လိုသော် အနုတ္တရောနှင့် ပုရိသဒမ္မသာရထိကို တွဲပေးရန် ဖြစ်သည်။ သော ဘဂဝါ၊ ထို ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ၊ ဆုံးမထိုက်သား သတ္တဝါများကို တရားပြပေး ဆုံးမရေးတွင် ယှဉ်ဖွယ်ကင်းလတ် အမြတ်ဆုံးပုံ ဂုဏ်အရည်ကောင်း ဤ အကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ မည်ရှိ ဝေးပျံ့ ဂုဏ်ရန့်ကြူ ကျော်ကြားတော်မူခဲ့ပါပေသတည်း။

မှတ်ချက်။ ။ ဤ ဓဇဂ်သုတ်၌ ရတနာသုံးပါး၏ ဂုဏ်တော်များကို ရှင်လူ အများ ကြည့်ရှု နိုင်ကြရန် မကျဉ်းမကျယ် မှတ်သားဖွယ် အဓိပ္ပါယ်များကို ရေးသားထည့်သွင်းထားသည်။

ဘုရားဂုဏ်တော် ၁၀-ပါး

၁-အရဟံဂုဏ်တော်

အရဟံအဖွင့်။ ။အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သည်။ အဆင်းမလှ ရန့်မရှိသော ပန်းကို လူတို့ မြတ်နိုးမြဲမဟုတ်။ အဆင်းလည်းလှ ရန့်လည်း မွှေးကြူသော ပန်းကိုမူ လူတိုင်းပင် မြတ်နိုးမြဲတည်း။ ဂုဏ် ကျက်သရေ ရှင်များမှာ အဆင်းလည်းလှ, ရန့်လည်း မွှေးကြူလျက်ရှိသော ပန်းပမာ များလှစွာသော လူတို့၏ မြတ်နိုးဖွယ် ဖြစ်ရ၏။

ပြောမပြနိုင်အောင် များမြောင် ပေါကြွယ်သော ဂုဏ်တော်များသခင် ဘုရားရှင်မှာ အများ၏ ပူဇော်ဖွယ် ဖြစ်ရလေသည်။ မှန်၏၊ ရဟန္တာများမှာ အဂ္ဂဒက္ခိဏေယျ=အမြတ်ဆုံး အလှူကို ခံထိုက်သော ပူဇော်ထိုက်သူ အရှင်များ ဖြစ်ကြ၏။ ထိုသို့ ဖြစ်သည်မှာ အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကိုသတ်၍ ရှင်းပြီး ဖြစ်သောကြောင့်ပင်၊ သို့သော် ရဟန္တာအရှင်များသည် ဝါသနာကိုကား မပယ်နိုင်ကြ။ ကိလေသာတွေ ကုန်သော်ငြားလည်း ကိလေသာ၏ အရှိန်အစော် ဝါသနာကား ကျန်ရစ်သေး၏။

အရှင်ပိလိန္ဒဝစ္ဆ – ထို အရှင်ကား ရဟန္တာအရှင်မြတ်ကြီးပင်။ ဗြာဟ္မဏမျိုး၌ ဖြစ်၍ ဝသလ=သူယုတ်ဟု ပြောခဲ့သော အလေ့အလာ ဘဝငါးရာတိုင် ဖြစ်ခဲ့ရ ရဟန္တာဖြစ်သော်လည်း ထိုဝါသနာမှာ ကျန်ရစ်၍ ဝသလ=သူယုတ်ဟူသော အခေါ်ဖြင့် ခေါ်လေ့ရှိသေး၏။ တခါက လူဟယောက် ပိတ်ချင်းသီးတောင်းကြီး ယူလာသူ အရှင်မြတ်က

"သူယုတ် ဘာတွေလဲ"ဟု မေး၏။ မိမိကို သူယုတ်ခေါ်ရကောင်းလား သူ့အလိုက် ကန့်လန့်ပြောမှုပဲဟု "ကြွက်ချေးတွေပါ ဘုရား"ဟု ပြောလိုက်၏။ "အေး ကြွက်ချေးဆို ကြွက်ချေးပေါ့ကွယ်"ဟု မိန့်၏။ နောက် မထေရ် လှန်သွားသောအခါ တကယ် ကြွက်ချေးတွေ ဖြစ်နေတော့၏။

တောင်းထဲက ပိတ်ချင်းသီးသာ မက လှည်းပေါ် ကြည့်လိုက်သော အခါ လှည်းပေါ်က ပိတ်ချင်းသီးတွေပါ ကြွက်ချေးတွေ ဖြစ်နေတော့ သည်။ လူတယောက် အကြံပေးချက်အရ ပိတ်ချင်းသီးတောင်း မပြီး မထေရ်ရှေ့ သွားပြန်ရာ "သူယုတ် ဘာတွေလဲ"ဟု မေးပြန်၏။ "ပိတ် ချင်းသီးတွေပါ ဘုရား"ဟု လျှောက်၏။ "အေး ပိတ်ချင်းသီးဆို ပိတ် ချင်းသီးပေါ့ကွယ်" ဟု မိန့်တော်မူမှ ပိတ်ချင်းသီး အဖြစ် ပြန်ရောက် ရတော့သည်။ (အင်္ဂုတ္တရ-ဋ္ဌ-ပ၊တေဒဂ္ဂဝဂ် ၂၁၆)

အရက်ကို သွန်လိုက်သော်လည်း အရက်နံ့မှာ အရက်အိုး၌ စွဲနေရစ် သကဲ့သို့ ရဟန္တာများ၌ ကိလေသာကုန်သော်လည်း အထုံဝလေ့ ဝါသနာ အငွေ့မှာ ကျန်ရစ်ခဲ့၏။ ပစ္စေကဗုဒ္ဓါများလည်း ထို့အတူပင်။ ဘုရားရှင် ကား ထိုဝါသနာကိုပင် မကျန်ရစ်အောင် အရှင်း ပယ်သတ်နိုင်သော ကြောင့် လောကတွင် အစင်ကြယ်ဆုံး အသန့်ရှင်းဆုံး ပုဂ္ဂိုလ်မြတ် ဖြစ် တော်မူပါပေသည်။ ထို့ကြောင့် ဘုရားထက်သာသော ပူဇော်ခံထိုက် သောသူကို ဤလောက, တခြားလောက, ဘယ်လောကမှာမှ ရှာမရ တော့ပေ။

ကွာခြားပုံ အမျိုးမျိုး။ ။ကိလေသာ ပယ်ရာ၌သာ ကွာခြားသည် မဟုတ်သေး။ အရဟတ္တမဂ်ကြောင့် ရအပ် သော အကျိုးဂုဏ်များ၌လည်း ကွာခြားလှ၏။ အချို့ ပါရမီထူးချွန်သော ရဟန္တာအရှင်များ၌ အရဟတ္တမဂ်ဖိုလ်ရသည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါ အဘိညာဉ် သမာပတ်စသော ဉာဏ် တန်ခိုးများပါ တပါတည်း ရမူပြီးခဲ့၏။ ထိုအသိ ထိုတန်ခိုးများကား တစိတ်တဒေသသာ သိသော အကန့်အသတ် ရှိသော တန်ခိုးများသာတည်း။ ဘုရားရှင်ကား အရဟတ္တမဂ်ဖိုလ် ရပြီး

သည်နှင့် တပြိုင်နက် တရားအကုန်သိသော သဗ္ဗညုတ ဉာဏ်တော်ကြီး ကိုပါ ရခဲ့၏။ အခြား အာသယာနုသယဉာဏ် (=အတွင်းစိတ်ခံ ကိလေသာ အငုပ်စိတ်တို့ကို သိသောဉာဏ်) စသော တပါးသူနှင့်မဆိုင် ဘုရားရှင်များသာ ရနိုင်သော ဉာဏ်တော်များကိုလည်း ရခဲ့၏။ ဘုရားများသာ ရနိုင်သော "အာဝေဏိက"ခေါ် သီးခြားဂုဏ်တော်များလည်း ရှိခဲ့၏။ တန်ခိုးအရာ၌လည်း အကန့်အသတ်မရှိ အဆုံးမရှိအောင် သိနိုင် မြင်နိုင်သည်မှာ ဘယ်သူမှ တုမရသော အစွမ်းများပင်။

ကိလေသာကင်း သန့်ရှင်း ကြည်လင်သောကြောင့်ပင် ပင်ကိုယ်က ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ကိုယ်တော်မှ ဝါရွှေသော ရောင်ခြည်တော်များ ကွန့်မြူးလျက်ရှိသည့်ပြင် ထိုထိုအရပ်မှ ညို့,နီ,ဖြူလျက် ပြိုးပြိုး ပြက် ပြက် တခဲနက်သော ရောင်ခြည်တော်များ အပြိုင်အဆိုင် မြိုင်မြိုင်ကြီး မြူးကွန့်လျက် နှစ်သက် ကြည်ညိုဖွယ် ဖြစ်နေသည်မှာလည်း အခြား ပုဂ္ဂိုလ်များထက် ထူးခြားသော ကျက်သရေပင် ဖြစ်ပေသည်။ ထို့ကြောင့် လက်ထက်တော်အခါက မျက်မြင်ကိုယ်တွေ့ ပုဂ္ဂိုလ်များ၏ "အတုလ=အတုမဲ့ ပုဂ္ဂိုလ်ပါပေ"ဟူသော ချီးကျူးသံမှာ ယနေ့တိုင် ပဲ့တင်ခတ်လျက် ရှိပေသည်။ မှန်းဆ ထောက်ထားဖွယ် ဓမ္မများအရရင်း, သာသနာ့ဝင် အရရင်း ယခုခေတ် ပညာရှင်များကလဲ ထပ်မံ ချီးကျူးခဲ့ကြ၍ ပဲ့တင်ခတ်မြဲ ခတ်လျက်ရှိရာ"ပညာရှိအတွေး ပြေးကြည့်သည်ထက်မှန်" ဆိုသော စကားအရ ယုံမှားဖွယ် မရှိတော့ပေ။

အမြဲပူဇော်ခံခဲ့ရပုံ။ ။ဗုဒ္ဓရှင်တော်မြတ်ကား သုမေဓာရှင်ရသေ့ဖြစ်စဉ် နီယတ ဗျာဒိတ်ပန်း ဆင်မြန်းတော် မူသော အခါကပင် လူအများ၏ ထူးခြားသော ပူဇော်မှုကို ခံခဲ့ရ၏။ ထို့နောက် ပါရမီတွေကို ဖြည့်သော အလောင်းတော်ဘဝ၌လည်း ပူဇော်ခံခဲ့ရသည်ပင်။ ပါရမီမှာ မြင့်မြတ်သူ လူရည်ချွန်တို့၏ လုပ်ငန်းဖြစ်ရာ ထိုလုပ်ငန်းရှင် အလောင်းတော်မှာ ဘဝပေါင်းများစွာပင် အပူဇော်ခံခဲ့ရခြင်းဖြစ်၏။ တိရစ္ဆာန်ဖြစ်ခဲ့ရသော ဘဝများမှာပင် ထူးထူးခြားခြား အပူဇော်ခံခဲ့ရ

သည်မှာလည်း အထင်အရှားပင်။ ပဋိသန္ဓေနေသောအခါ နတ်များက စောင့်ရှောက်ခြင်းဖြင့် ပူဇော်ကြ၏။ ဖွားမြင်တော်မူသောအခါ နတ်များသာမက ရဟန္တာ ပြဟ္မာကြီးများပင် လာရောက်ပူဇော်ကြ၏။ ကာဠဒေဝိလ ရသေ့ကား သုဒ္ဓေါဒနမင်းကြီး၏ ဆရာဖြစ်၏။ နတ်ပြည်သို့ ရောက်သောအခါ နတ်တွေ မြူးပျော် ကခုန်နေကြသည်ကို တွေ့ရ၍ အကြောင်းကို မေးသောအခါ အလောင်းတော် မွေးဖွားကြောင်း သိရ၏။

ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီး၏နန်းတော်သို့ ကြွလာကာ အလောင်းတော်ကလေးကို တွေ့လိုကြောင်း အမိန့်ရှိသဖြင့် အလောင်းတော်ကလေးကိုပြရင်း ရှိခိုးခိုင်းရာ ရသေ့ကြီး ဦးခေါင်းပေါ်သို့ အလောင်းတော်၏ခြေမှာ အစုံပျံတက်လျက် ရောက်သွား၏။ ဤအံ့ဖွယ်ကို မြင်ရသောအခါ ရသေ့ကြီးက ရှိခိုးဦးချခဲ့၏။ သုဒ္ဓေါဒနမင်းကြီးလည်း သားတော်ကလေးကို ရှိခိုးလေသည်။ လယ်ထွန်မင်္ဂလာပွဲစဉ် အထိန်းတော်များက သပြေပင်ရင်း၌ အလောင်းတော်ကို သိပ်ထားကြကာ လယ်ထွန်မင်္ဂလာကို ကြည့်နေကြ၏။ အလောင်းတော်ကလေးကား တင်ပလ္လင်ခွေကာ ပဌမဈာန် ဝင်စားနေ၏။ နေစောင်းသွားသော်လည်း သပြေပင်ရိပ်မှာ ပြောင်းရွေ့မသွားပဲ အလောင်းတော်ကို နေပူမှ ကာမြဲ ကာလျက် ရှိနေ၏။ အထိန်းတော်များက သတိရ၍ ပြန်လာကြသောအခါ ထိုအံ့ဖွယ်ကို မြင်ကြရ၍ မင်းကြီးအား သံတော်ဦးတင်ကြ၏။ မင်းကြီးလည်း ထိုအခါ ဒုတိယအကြိမ် သားတော်ကလေးကို ရှိခိုးပြန်သည်။ ဘုရားမဖြစ်မီကပင် လူ့နတ်တို့၏ အပူဇော်ကို ခံခဲ့ရသော ရှင်တော်မြတ်ကား ဘုရားဖြစ်သောအခါ ဆိုဖွယ်ရာ မရှိတော့ပြီ။ ထိုခေတ်က အပူဇော်ကို ခံနေရသော လူမင်း လူဆရာ ပဏ္ဍိတ်တွေသာမက နတ်ပြဟ္မာများက ပူဇော်သည်ကိုပင် ထူးထူးခြားခြား ခံခဲ့ရသည်ဖြစ်ရာ အပူဇော်ခံရသူတို့တွင် အထွတ်အထိပ်သို့ ရောခဲ့ရပေတော့သည်။

အခြားအနက်များ။ ။အရဟံ-၏ အခြားအနက်များလည်း ရှိသေးရာ အနည်းငယ် ထုတ်ပြဦးမည်။ အရ+ဟံ၊ အရိ=ရန်သူ၊ ဟံ=သတ်တတ်သည်။ အရိ-သည် သဒ္ဒါနည်းအရ "အရ" ဖြစ်နေ

သည်။ ရန်သူကား ကိလေသာများတည်း။ အကျိုးမဲ့ဒုက္ခကို ဖန်တီးတတ်သောကြောင့်ရင်း, တကယ်လမ်း၌ အနှောက်အယှက် အတားအဆီးများဖြစ်တတ်သောကြောင့်ရင်း ကိလေသာတို့ကား ရန်သူများဖြစ်ကြ၏။ မင်းအဖြစ်ကို အလိုရှိသူသည် ရန်သူများကို တွန်းလှန်နှိမ်နင်း၍ အောင်မြင်မှ မင်းအဖြစ်သို့ ရောက်ရ၏။ ဓမ္မရာဇာ တရားမင်းအဖြစ်ကို အလိုရှိသော ဗုဒ္ဓရှင်တော်မြတ်လည်း ကိလေသာရန်သူတို့ကို သတ်နိုင်ကြောင်း လက်နက်ကောင်းရရန် အခြေခံပါရမီတို့ကို ဆည်းပူးတော်မူလာခဲ့ရ၏။ ပါရမီ, သမထ, ဝိပဿနာ လက်နက်များဖြင့် ဆက်ကာ ဆက်ကာ တိုက်ခဲ့ရာ နောက်ဆုံး အရဟတ္တမဂ် လက်နက်တော်ပိုင်ကာ ကိလေသာအားလုံးခြေမှုန်း အောင်မြင်တော်မူခဲ့၍ အရဟံဘွဲ့တော်ခံကာ ဓမ္မရာဇာအဖြစ်သို့ ရောက်တော်မူခဲ့သည်။

အရဟံ၏အနက်တမျိုး။ ။တနည်းအားဖြင့် အရ=အကန့်တို့ကို၊ ဟံ= ဖျက်ဆီး တတ်သည်ဟုလည်း ဆိုနိုင် ပြန်၏။

ကုသိုလ်,အကုသိုလ် စေတနာကို သံသရာဆို၏။ ထိုသံသရာရှိလျှင် ဇာတိ (=ပဋိသန္ဓေ) ဖြစ်၍ ဇရာမရဏဖြင့် တဘဝအဆုံး သတ်ရမြဲတည်း။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အရ ဘဝကို စက်ဝိုင်းအနေ ဆင်သောအခါ သံသရာများကို ထောက်, အကန့်များဟုရင်း, ဇရာမရဏကို အနားအကွပ်ဟုရင်း ဆိုရ၏။ သံသရာဖြစ်ရန် အဝိဇ္ဇာ (=မသိမှု) နှင့် တဏှာ (=တပ်မက်မှု) တို့မှာ အကြောင်းဖြစ်ရာ ထိုတရားနှစ်ပါးတို့ကို သံသရာအကန့်များအခြေခံရာ ပုန်းဘောင်းခေါ် အချက်အဖြစ် ဆိုရပြန်သည်။ စက်ဝိုင်းအလယ်က အကန့်တွေကို ဖျက်ဆီးလိုက်လျှင် အကွပ်တို့ ချက်တို့မှာ အသုံးမဝင် မလည်နိုင်တော့ပေ။ သံသရာအကန့်တို့ကို ဖျက်ဆီးတော်မူသည်ဆိုသဖြင့် ဘဝ၌ ဒုက္ခစက်လည်မှုကို ပယ်ရှင်းပြီး ဖြစ်တော်မူသည်ဟု ဆိုလို၏။ ဤဂုဏ်လည်း အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို ပယ်နိုင်မှုကြောင့် ရတော်မူအပ်သော ဂုဏ်သကတ်ပင် ဖြစ်ပေသည်။

ပုဒ်ဖြတ်ပုံတမျိုး။ ။အ+ရဟံ၊ အ=မရှိ။ ရဟ=ဆိတ်ကွယ်ရာ။ မကောင်းမှု ပြုခြင်း၌ ဆိတ်ကွယ်ရာမရှိ။ ဆိတ်ကွယ်ရာ၌ မကောင်းမှု မပြုဟု ဆိုလို၏။ လောက၌ ပညာရှိအမည်ခံ အချို့ပုဂ္ဂိုလ်ကြီးတို့ပင် မျက်မြင်၌ မကောင်းမှု မပြုသော်လည်း။ ကွယ်ရာ၌ကား ပြုတတ်ကြသေး၏။ ဘုရားရှင်ကား ဆိတ်ကွယ်ရာ၌ပင် မပြု။ ကိလေသာ မကင်းသေးသူ၌သာ အကုသိုလ်မှု ရှိသော်လည်း ကိလေသာ လုံးဝမရှိသော ရှင်တော်မြတ်မှာ ဘယ်အခါ ဘယ်ဒေသမှာမှ မရှိနိုင်တော့ပေ။ အချို့ ကိုယ်နှုတ်၌ ထိန်းသိမ်းနိုင်သော်လည်း စိတ်၌ကား ဖြစ်တတ်သေး၏။ ဘုရားရှင်ကား စိတ်၌ပင် အလွန်သန့်ရှင်းလျက် ရှိပေသည်။ ဤသည်လည်း အရဟတ္တမဂ်ကြောင့် ရအပ်သော အကြောင်းဗျူပွတ်ပင် ဖြစ်ပေသည်။

ဘုရားဖြစ်တော်မူသောအခါ မဆိုထားဘိ အလောင်းတော်ဘဝ ဒုက္ကရစရိယာ ကျင့်ဆဲအခါကပင် စိတ်ဓာတ်တော်မှာ အလွန် စင်ကြယ်လျက်ရှိခဲ့ပေသည်။ မာရ်နတ်ကြီးသည် ဘုရားရှင်အပေါ် အပေါက်ရှာရန် ခုနစ်နှစ်ပတ်လုံး ခြေရာချင်းကပ် ထပ်ကြပ်မကွာ လိုက်ပါ စုံစမ်းလျက်ရှိ၏။ နောက်ဆုံး လုံးဝ ရှာမရသောအခါ—

သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒါပဒံ။

ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတီမတော။

(သုတ္တနိပါတ် ပဓာနသုတ် ၃၄၃)

ဘုရားရှင်ကို ခုနစ်နှစ်လုံးလုံး ခြေရာချင်းကပ် ထပ်ကြပ်မကွာ လိုက်ခဲ့သော ငါကား ကြီးမားသော သတိပိုင်ရှင် ဘုရားမြတ်၏ အကုသိုလ်ဖြစ်ခွင့် အကြားအပေါက်ကို ရှာမရခဲ့ပါပေဟု ညည်းတွား ဝန်ချခဲ့ရသည်၊ ဤမျှ စင်ကြယ်တော်မူပေသည်။ (ဤ၌ ခုနစ်နှစ်ဆိုသည်မှာ ဘုရားမဖြစ်မီ ဒုက္ကရစရိယာကျင့်စဉ် ခြောက်နှစ်နှင့် ဘုရားဖြစ်ပြီး နောက်တနှစ်ကို ဆိုသည်။)

များလှသော အနက်တော့။ ။အရဟံကို ဤမျှသာမက ပညာရှင် ဆရာမြတ်တို့ အနည်းနည်း အဖုံဖုံ ကြံခဲ့ကြသည်မှာ များစွာပင် ကျန်သေး၏။ လောက၌ ဂုဏ်မရှိသူ ဂုဏ်သာမန်ရှိသူ၌ ချီးကျူးဖွယ်ဂုဏ် ရှာရခက်သော်လည်း တကယ် ဂုဏ်ပေါမျှားလှသော ပုဂ္ဂိုလ်ထူးများ၌ကား ဉာဏ်ရှိသမျှ ရှာရလွယ်လျက်သာ ရှိ၏။ အနန္တဂုဏ်ရှင် ဘုရားမြတ်အဖို့မှာ အရဟံဟူသော သဒ္ဒါကို ဘယ်ဖက်သို့ ဦးထည့်၍ လှည့်ပေးလိုက် ပေးလိုက် ဂုဏ်တော်တွေ ဝင်လာရသည်မှာ အဆန်း မဟုတ်တော့ပေ။

မှန်၏၊ ဥပါလိသူကြွယ်ကား တိတ္ထိဆရာကြီး နိဂဏ္ဌနာဋပုတ္တ၏ တပည့် ဖြစ်၏။ နောင်အခါ ဘုရားရှင်၏ တရားကို နာရ၍ ဘုရားတပည့်အဖြစ်သို့ ရောက်ခဲ့၏။ နိဂဏ္ဌနာဋပုတ္တက အိမ်ရောက်လာပြီး "သင့်ကို မင်းနှင့်တကွ အများပရိသတ်က ငါတို့တပည့်ဟု အသိအမှတ် ပြုခဲ့၏။ ယခု ဘယ်သူ့ တပည့် မှတ်ရမည်လဲ"ဟု မေး၏။ ထိုအခါ မိမိ ဘုရားတပည့်ဖြစ်ကြောင်း ဂုဏ်တော်တွေကို ရွတ်ဆို ချီးကျူးပြသသည်မှာ ဂါထာပေါင်း များစွာပင်။ နိဂဏ္ဌနာဋပုတ္တက "ယနေ့မှပင် ရှင်ဂေါတမ တပည့်ဖြစ်သည်။ ဘယ်တုန်းကများ ရဟန်းဂေါတမ၏ ဂုဏ်တွေစုရုံး သီကုံးထားခဲ့သလဲ"ဟု မေး၏။ "ပန်းမျိုးစုံသော ပန်းပုံကြီး ရှိနေလျှင် ပန်းသည်မှာ သီကုံးဖို့ မခက်ခတော့ပါ။ လိုရာ လိုရာကို ကောက်ကာ ငင်ကာ အလိုရှိသလို သီကုံးနိုင်သကဲ့သို့ မြတ်စွာဘုရားမှာ ဂုဏ်တော်ပေါင်း များစွာရှိနေရာ တပည့်တော်များမှာ ထိုဂုဏ်တော်တွေ စုရုံး သီကုံးဖို့ အခက်အခဲမရှိ လွယ်လျက်သာ ရှိပါသည်။ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ကို မချီးမွမ်းနိုင်သူဟု မရှိနိုင်ပါ"ဟု ပြောလေသည်။ (မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ် ၄၄)

၂-သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

သမ္မာသမ္ဗုဒ္ဓ အဖွင့်။ ။သမ္မာ=အကောင်းဆုံး။ သံ=ကိုယ်တော်တိုင်။ ဗုဒ္ဓ=သိတော်မူသောဘုရား။ သမ္ဗုဒ္ဓ = ကိုယ်တော်တိုင် သိသည် ဆိုရာ၌ နည်းညွှန်သူ ဆရာမရှိ ပါရမီအစွမ်းကြောင့်

မိမိဘာသာ ရှာဖွေ တွေ့ရှိ သိတော်မူသည်ဟု ဆိုလို၏။ ပစ္စေကဗုဒ္ဓါများ လည်း ဆရာမရှိ အလိုလို သိတော်မူကြ၏။ သို့သော် အသိချင်းမတူ ကွာခြားပုံကို သမ္မာဖြင့် ပြ၏။ အကောင်းဆုံး သိသည်ဟူရာ၌ အမှားမရှိ အမှန်အတိုင်းသိသည်။ မသိသောအရာမရှိ အားလုံးသိသည်ဟု ဆိုလို၏။ (ဤအချက်ဖြင့် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းကိုပြ၏။) ထို့ကြောင့်ပင် တစိတ်တဒေသသာ သိကြသော ပစ္စေကဗုဒ္ဓါတို့မှာ သမ္မာသမ္ဗုဒ္ဓ အမည်ကို ခံတော်မမူကြရတော့ပေ။

မျက်မြင်မှ အကြောင်းသိ။　။လောက၌ အလွန်နက်သော တောကြီးသို့ မလှည့်ဘူးသူများသည် ထိုတော၏ အခြေအနေကို မသိရ, မခန့်မှန်းနိုင်ကြ။ လှည့်ဘူးသူများသာ တော၏ အလွန်နက်ရှိုင်းပုံကိုရင်း, ပန်း သစ်သီးမျိုးတွေ ဝေဝေဆာဆာနှင့် သာယာနေပုံကိုရင်း သိနိုင်ကြ၏။ ပိဋကတွင် ကျင်လည်ဘူးသော ပညာရှိတို့ကား ဘုရားရှင်၏ ဉာဏ်တော်ကို ခန့်မှန်းနိုင်ကြ၏။

အဘိဓမ္မာ အလိုအားဖြင့် လောက၌ အရာဝတ္ထုမှန်သမျှ မပြောင်း မလဲ တည်မြဲသည်ဟု မရှိပါ၊ သာမန်လူတို့အမြင်၌ တည်မြဲနေသည် ထင်ရသော အရာဝတ္ထုမှာ ဓာတုဝိဘာဂဉာဏ် ထက်သန်သော ဉာဏ်ကြီးရှင်များ အမြင်တွင် ဖြစ်ပျက်မစဲ တသဲသဲ ဖောက်ပြန်နေသော အရာသာဖြစ်လျက် ရှိနေပါသည်။ ထိုထို အရာဝတ္ထုများကား အဋ္ဌကလာပ် ရုပ်ခေတ်တွေ မရေသာအောင် ဖွဲ့စည်းတည်နေသော အရာများသာ ဖြစ်ခဲ့၏။ ဖြစ်မြဲဖြစ်နေသော အဋ္ဌကလာပ်ရုပ်ဟုလည်း တခုမျှမရှိခဲ့၊ ဖြစ်ပြီးလျှင် ချုပ်ပျောက်ရသည်သာ၊ ချုပ်ပျက်သည့် နေရာဝယ် အစားထိုးလျက် အသစ်အသစ် ကလာပ်များက ထပ်မနားမစဲ ဖြစ်လျက် ချုပ်လျက်ရှိနေခဲ့၏။ ရုပ်ကလာပ်ကလေးတခု၏ ပမာဏမှာလည်း ပြောမပြနိုင်အောင်ပင် သေးငယ်လှ၏၊ အရာဝတ္ထုတခု၌ ထိုရုပ်ကလာပ်ကလေးတွေကို စိတ်ဖြာဝေခွဲလျက် တသန့်စီတသန့်စီ သိနိုင်သည်၊ ထိုကလာပ်တွေ၏ အဖြစ်နှင့် အပျက်ကိုလဲ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိသည်ဆိုလျှင် ထိုအသိ

မှာ မည်မျှခက်ခဲ ဖြစ်နိုင်ခဲ့သော **အသိပါနည်း၊ အခြား ဉာဏ်ကြီးရှင်တို့၏** အရာပင် မဟုတ်ပါပေ၊ ဘုရားရှင်ကား ထိုမျှအထိ သိတော်မူခဲ့ရာ သူမတူသော ဉာဏ်တော်ရှင်အဖြစ် အသိအမှတ်ပြုခဲ့ကြရပါပေသည်၊ ထို့ကြောင့်ပင် ထိုသို့သော အသိအရ အဘိဓမ္မာ၌ ရုပ်ခေတ်တို့ကို အမျိုးမျိုး စိတ်ဖြာလျက် တိကျသေချာစွာ ဟောတော်မူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သတ္တဝါတို့ ခန္ဓာကိုယ်၌ သူ့အဖွဲ့အစည်းနှင့်သူ ရုပ်ကလာပ်တွေ ဖြစ်နေပုံကိုရင်း, ထိုရုပ်ကလာပ်တွေမှာ အကြောင်းမဲ့ ဖြစ်နေကြသည် မဟုတ်ပဲ ဆိုင်ရာအကြောင်းကိုယ်စီဖြင့် ဖြစ်ကြပုံနှင့် အကြောင်းကလာပ်များကလည်း အကျိုးရုပ်ကလာပ်တွေကို ဆိုင်ရာသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့လျက်ရှိနေကြပုံကိုရင်း, ရုပ်အဖွဲ့အစည်း တခုထဲက ရုပ်တွေ အပြန်အလှန်ကျေးဇူးပြုနေကြပုံကိုရင်း, ထိုရုပ်ကလာပ်တွေ သက်တမ်းဘယ်မျှ ရှိသည်ကိုရင်း, ဖြစ်ပြီးရုပ်ကလာပ်တွေပျက်၍ ရုပ်ကလာပ်အသစ်တွေ ဆက်ကာဆက်ကာ အစားထိုး ပေါ်လာ၍ ဖြစ်ပျက် ဖြစ်ပျက်နေဟန်ကိုရင်း ခေတ်ခွဲ ခေဖန်လျက် ဟောထားသည်မှာ လိုလေသေးမရှိပေ။ ထိုအချက်တွေကို လေ့လာရသော ပညာရှိတို့က အလွန်သိတော်မူပါပေသည်ဟု ဉာဏ်တော်ကို ခန့်မှန်းအားရကြ၏။

အလွန်ခဲယဉ်းသော အမှု။ ။ထိုမျှသာမက အကောင်အထည် မရှိသော နာမ်တရားများကိုလည်း စိတ်နှင့် စေတသိက်တွဲ၍ သူ့အတွဲနှင့်သူ ဖြစ်နေကြသည်ကိုရင်း, တခုပျက်, တခုဖြစ်နှင့် အစဉ်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပျက်နေပုံကိုရင်း, အကြောင်း အမျိုးမျိုးကြောင့် ဖြစ်ရပုံ, ရှေးစိတ်က နောက်စိတ်ကို သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြု ထောက်ပံ့ပေးလျက်ရှိပုံ, ဖြစ်လာသော နာမ်တရားများကလည်း ရုပ်ကလာပ်တွေကို ပေါ်လာအောင်, ပေါ်ပြီးရုပ်တွေ တည်တံ့နိုင်အောင် သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြု အထောက်အပံ့ပေးလျက်ရှိနေပုံများကိုရင်း ဟောထားသည်မှာ လိုလေသေးမရှိ စုံစေ့လှပေသည်။

ဤနာမ်တရားတို့ကို ခွဲထားသည်မှာ အလွန်ပြုနိုင်ခဲသော အမှုကြီးကို ပြုစွမ်းတော်မူခဲ့ခြင်းပင်။ ရှင်နာဂသေနက မိလိန္ဒမင်းကြီးကို မေးသည်မှာ

"ဂင်္ဂါ, ယမုနာစသော မြစ်ကြီးငါးသွယ်က ရေတွေ သမုဒ္ဒရာထဲ စီးဝင်ခဲ့ရာ သမုဒ္ဒရာရေနှင့် ရောနေသော ထိုရေတွေကို ဤကား ဂင်္ဂါမြစ်ရေ, ဤကား ယမုနာမြစ်ရေ စသည်ဖြင့် ခွဲခြားနိုင်ပါမည်လော"ဟု မေး၏။ မင်းကြီးက "ခဲယဉ်းလှပါကြောင်း" လျှောက်၏။ ဤကား ဖဿ, ဤကား ဝေဒနာ စသည်ဖြင့် နာမ်တရားတို့ကို ခွဲခြားသော ဘုရားရှင်မှာ ထိုရေကို ခွဲခြားရသည်ထက် အဆပေါင်းများစွာ ခက်ခဲလှသော ခွဲခြားမှုကြီးပြုခဲ့ရာ တကယ့်ပြုနိုင်ခဲသော အမှုကြီး ပြုခဲ့ခြင်းပါပေ"ဟု အရှင်မြတ်က ချီးကျူးတော်မူခဲ့ပေသည်။ (မိလိန္ဒပဉှာ-အရူပဓမ္မဝဝတ္ထာနဝဂ် ၉၄) ဤတရားများကို ရှေးခေတ် ယခုခေတ်တို့၌ ဘုရားမှတပါး မည်သူမျှ မသိကြ မဟောနိုင်ခဲ့ကြရာ ဘုရားရှင်၏ အာဘုမရှိသော ဉာဏ်တော်ကြီးကို ဖော်ပြလျက်ရှိသည်။

သုတ္တန်ဟောပုံ။ ။အဘိဓမ္မာ၌ ပုဂ္ဂိုလ်မျက်နှာမလိုက် သဘာဝဓမ္မ ရှိသမျှတို့ကို အတိအကျ အကုန်စုံအောင် ဟောခဲ့သော်လည်း တရားကျင့်ရေးနှင့် စပ်သော သုတ္တန်ကျပြန်သောအခါ တရားနာသူ၏ ခေတ်ခံအလိုက် သိထိုက်သော တရားအချို့ကို ထုတ်ကာ သိလွယ် မြင်လွယ် နာချင်ဖွယ် နှစ်သက်ဖွယ်ဖြစ်အောင် အနက်သဒ္ဒါ ဝေဝေဆာဆာနှင့် ဥပမာ,ဥပစာ စသည်ဆင်လျက် ဟောပြောတော်မူချက်မှာလည်း တရားတတ် စကားတတ် ဖြစ်တော်မူကြောင်း ထင်ရှားလှပါပေသည်။ ပရမတ် ပညတ်စုံအောင် အကုန်သိတော်မူပါပေသည်ဟု အံ့ဩချီးကျူးရပြန်သည်။ ဤသို့လျှင် ပိဋကတ်ဖြင့် သဗ္ဗညုတဉာဏ်ကို မှန်းဆနိုင်သည်။ မှန်၏။ အခြေခံက မှန်လျှင် မှန်းဆချက်လည်း လွဲသည်ဟု မရှိနိုင်ပါ။

အရှင်သာရိပုတ္တရာ မှန်းဆချက်။ ။အရှင်သာရိပုတ္တရာမထေရ်က "အသိဉာဏ်အရာ ဘုရားရှင်ထက် သာလွန်သောသူကား ရှေးကလည်း မရှိခဲ့ဘူး, ယခုလည်းမရှိ, နောင်လည်း ရှိလိမ့်မည်မဟုတ်၊ ဤသို့ပင် ဘုရားရှင်အပေါ်မှာ တပည့်တော် ကြည်ညို

ခြင်း ဖြစ်ပါသည်”ဟု လျှောက်၏။ ဘုရားရှင်က “သာရိပုတ္တရာ တထစ်ချ ရဲရဲဝံ့ဝံ့ ကြုံးဝါး လျှောက်တင်ခဲ့၏။ ဘုရားရှင် မှန်သမျှတို့၏ စိတ်ကို သိ၍လော”ဟု မေးတော်မူရာ အတိတ် အနာဂတ် ပစ္စုပ္ပန် ဘုရားရှင်တို့ကို ပိုင်းခြားသိနိုင်သော စေတောပရိယဉာဏ် တပည့်တော်မှာ မရှိပါ။ သို့သော် တရားမှန်းဆချက်ကို သိထားပါသည်။ ဥပမာ ရှင်ဘုရင်၏ အစွန်အဖျား ကျသော မြို့တမြို့ရှိခဲ့ရာ ပြအိုး တံတိုင်းများဖြင့် အခိုင်အလုံ ကာရံထား သည်မှာ ကြောင်ဝင်ပေါက်ပင်မရှိ၊ လုံလုံ၏၊ တံခါးကလည်း တပေါက်တည်း ရှိ၏။ ထိုမြို့ တံခါးစောင့်သည် ဤမြို့သို့ ဝင်ထွက်သွားလာသူ သတ္တဝါ အကြီးစားများမှာ ဤတံခါးပေါက်ကပင် ဝင်ထွက်သည်ဟု သိနိုင်ပါသည်။ ထို့အတူ အားလုံးသော ဘုရားရှင်များမှာ ဗောဇ္ဈင် ၇-ပါး ပွါးများ၍ သတိပဋ္ဌာန် ၄ ပါး၌ စိတ်ခိုင်မာစွာထားကာ သဗ္ဗညုတဉာဏ်ကို ရကြသည် ဟု တရား မှန်းဆချက်ကို သိလျက် ရှိပါကြောင်း လျှောက်ထားလေသည်။ (ဒီဃနိကာယ် ပါထိကဝဂ် သမ္ပသာဒနီယသုတ် ဂ၂-၃)။

အရှင်သာရိပုတ္တရာ၏ မှန်းဆချက်မှာ အမှန်တရားကို အခြေခံ၍ မှန်းဆခြင်းဖြစ်ရာ အမှန်းအဆ မလွဲခဲ့ပါ။ ဉာဏ်ရှိသူမှာ မြေရာမြင်လျှင် သတ္တဝါကို မှန်းဆရာ၌ မလွဲနိုင်သကဲ့သို့ပင်၊ ဘယ်သူမှ မဟောနိုင် မသိ နိုင်သော တရားတွေကို မြင်ရ၍ အတုမရှိသော ဉာဏ်ရှင်အဖြစ် မှန်းဆ ရာ၌ အဘယ်မှာ လွဲနိုင်ပါတော့အံ့နည်း။

ဤအရာ၌ ဘုရားမှလွဲလျှင် ပညာအကြီးဆုံး အရှင်သာရိပုတ္တရာပင် ဘုရားရှင်တို့ စိတ်ကို သိသော ဉာဏ်မရ အမှန်းအဆသာ။ သာသနာ တော်၌ ပညာအရှိဆုံး သာဝကကြီးပင် မသိနိုင်သော ဘုရားရှင်မှန်သမျှ တို့၏ စိတ်တော်ကို သိနိုင်သည့်အတွက်လည်း ဘုရားရှင်မှာ သူမတူသော အသိဉာဏ်ပိုင်ရှင်အဖြစ် အားရကြည်ညိုရပြန်ပါသည်။

အဘယမင်းသား။ ။သဗ္ဗညုတ ဉာဏ်တော်ကြီးကြောင့်ပင် ပညာရှင် ထိပ်သီး များစွာနှင့် နတ်ဗြဟ္မာတို့ ဘယ်သူမေးမေး တွေးနေရသည် မရှိ၊ လေးကန် ဆုတ်ဆိုင်းနေသည်မရှိ၊ ရှုံ့ထိတ်ခြင်းမရှိ၊ ချက်ခြင်းပင် ဖြေကြား နိုင်သည်မှာလည်း အထင်အရှားပင်။ အဘယ

မင်းသားက "မြတ်စွာဘုရား....မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း ပညာရှိတွေ ပြဿနာ မေးလျှောက် လာသောအခါ ရှေးကပင် ဘယ်သို့ ဖြေမည်ဟု စဉ်းစားထားရပါသလော, သို့မဟုတ် တခဏချင်း ဖြေနိုင်ပါသလော" ဟု လျှောက်၏။

"မင်းသား ...ဤအချက်၌ သင့်ကိုပင် မေးရပေဦးမည်၊ ရထားအစိတ်အပိုင်းများကို သင် နားလည်သလော"ဟု မေးတော်မူရာ မိမိ နားလည်ကြောင်း လျှောက်၏။ "သင့်ကို တဦးတယောက်က ရထား အစိတ်အပိုင်းကို မေးလျှင် ရှေးကပင် ငါဘယ်သို့ ဖြေမည်ဟု စဉ်းစား ထားရသလော။ သို့မဟုတ် ချက်ခြင်းပင် ပြောနိုင်သလော"ဟု မေးပြန်ရာ "တပည့်တော် ရထားမောင်းသူပါ။ ရထားအစိတ်အပိုင်းတွေ အားလုံး နားလည်ထားပြီး ဖြစ်ရာ စဉ်းစားဖွယ် မလိုပါ။ ချက်ခြင်း ပြောနိုင်ပါသည်"ဟု လျှောက်၏။ မင်းသား....ငါဘုရားကား သဗ္ဗညုတ ဉာဏ်တော်ကြီးကို ထိုးထွင်း သိမြင်ထားပြီးဖြစ်ရာ တရား အချက်တို့ကို သိပြီးဖြစ်နေသော ငါဘုရားမှာ ကြိုတင်စဉ်းစားဖွယ်မလို၊ ချက်ခြင်း ဉာဏ်တော်မှာ ထင်ဖော ရတော့သည်"ဟု မိန့်ကြားတော်မူသည်။ (မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ် ၅၈)။

ကောသလမင်းလျှောက်ပုံ။ ။ကောသလမင်းကြီးက မိမိသည် ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ဘာ့ကြောင့် ယုံကြည်မှန်းဆ ကြည်ညို မြတ်နိုးရကြောင်း အကြောင်းများစွာ လျှောက်ထားခဲ့၏။ ထိုအကြောင်းများမှ အကြောင်းတချက်မှာ လောက၌ မင်းပညာရှိ, ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, သူကြွယ်ပညာရှိတို့ ရှိကြပါ၏။ ထိုပညာရှိတို့ကား မိမိတို့ပညာစွမ်းဖြင့် သူတပါး အယူအဆကို ဖောက်ထွင်း ဖျက်ဆီးသကဲ့သို့ပြုကာ လှည့်လည်လျက် ရှိကြပါ၏။ သူတို့ကား ဘုရားရှင် ဘယ်အရပ် ရောက်လာသည် ကြားရလျှင် "ဘုရားရှင် ဘယ်လိုဖြေသော် မိမိတို့က ဘယ်လို အပြစ်တင်လိုက်မည်"ဟု ခဲရာခဲဆစ် အမေးပြဿနာကို ကြိုတင်ပြင်ဆင် ထားနှင့်ကြ၏။ သို့သော် ဘုရားရှင်ထံ သူတို့ ချောက်လာ၍ ဘုရားက တရားဟောတော်မူသောအခါ မိမိတို့ မေးရန်, အပြစ်တင်ရန်

စိမ်ပြင်ဆင်ခဲ့သော ဝါဒများကို တင်ခြင်း မေးခြင်း မပြုတော့ပဲ ဘုရားရှင်၏ တပည့်သာဝကအဖြစ် ခံယူကြတော့သည်။ အချို့ ရဟန်းပြုကြပါသည်။ ထိုအချက်များကြောင့် မိမိသည် ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓအဖြစ် မှန်းဆယုံကြည်နိုင်ခဲ့ကြောင်း လျှောက်ထားခဲ့လေသည်။ (မဇ္ဈိမပဏ္ဏာသ ဓမ္မစေတိယသုတ် ၃၂၂)

ဘယ်သူမှ မလှန်နိုင်။ ။တရံခါ ဝါဒတင်လာသော ပညာရှိ ထိပ်သီးများလည်း ရှိခဲ့၏။ အားလုံး အရှုံးပေးရသည်ချည်းပင်။ ရှင်တော်မြတ်သည် တရံခါ တိတ္ထိပရိဗိုဇ်တို့ကျောင်းသို့ပင် ကြွ၍ သူတို့အမေးများကို ဖြေခြင်း တရားဟောခြင်းများ ပြုတော်မူလေ့ရှိ၏။ မကျေနပ်သူ ဘုရားထက်လွန်အောင် ပြောနိုင်သူမရှိခဲ့။ ထိုခေတ်က အတ္တအစွဲ အလွန်သန်သော ခေတ်ဖြစ်ရာ ဘုရားရှင်က အမှန်တရားတို့ကို ထုတ်ဖော် ပြနိုင်ခြင်း, နားလည် ကျေနပ်အောင် ဟောတော်မူနိုင်ခြင်း, အခြားသူ မလှန်နိုင်အောင် အကြောင်းအချက်တို့ကို အကွက်ကျကျ ထုတ်ပြနိုင်ခြင်းတို့ကြောင့် ဘုရားရှင်၏ အနတ္တဝါဒကို တွန်းလှန်ဖြိုဖျက်နိုင်သူဟူ၍ မရှိခဲ့ပေ။ ဤသို့လျှင် မည်သည့်ပရိသတ် မည်သည့်ပုဂ္ဂိုလ်မျိုးနှင့် ကြုံရကြုံရ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဘုရားမြတ်ကသော အနိုင်ရအသာရခဲ့သည်မှာ သဗ္ဗညုတဉာဏ်တော် ကြီးကြောင့်ပင်။ ဤဉာဏ်တော်ကြီးကြောင့်ပင် ဘုရားရှင်၏ဝေသာရဇ္ဇ=ရဲရင့်သည့်ပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့ပေသည်။ (ဝေသာရဇ္ဇဉာဏ်လေးပါးကို အာဋာနာဋိယ သဗ္ဗ ဒသဗလူပေတော-ဂါထာအဖွင့်ကြည့်။)

၃-ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဝိဇ္ဇာစရဏသမ္ပန္နအဖွင့်။ ။ဝိဇ္ဇာဟူသည် ဉာဏ်ပညာ အလင်းတည်း။ ဘုရားရှင်သည် ဘုရားဖြစ်မည့်နေ့ ညဉ့်ဦးယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ ဤဉာဏ်ဖြင့် ရှေးအတိတ်က ဖြစ်ခဲ့ဘူးသော ဘဝခန္ဓာပေါင်း များစွာတို့ကို သိတော်မူ၏။ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ ဤဉာဏ်ဖြင့် အဝေးက အာရုံ, သေးငယ်သော

အာရုံ, သတ္တဝါအစုံစသည်တို့ကို သိတော်မူ၏။ မိုးသောက်ယာမ်၌ အာသဝက္ခယဉာဏ်တော်ကို ရတော်မူ၏။ ဤဉာဏ်ကား ကိလေသာတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်တည်း။ "ပု,ဒိ, အာ"ဟု မှတ်သားအပ်သော ဤဉာဏ်သုံးပါးကို ဝိဇ္ဇာသုံးပါးဆိုသည်။ (ဤဉာဏ်သုံးပါးနှင့်တကွ ဝိဇ္ဇာရှစ်ပါးဟု တမျိုးရှိသေး၏။ ထိုထို ဂုဏ်တော်ဖွင့်များ၌ ကြည့်ပါ။)

စရဏကြောင့် ဝိဇ္ဇာရ။ ။အရိယာတို့သည် ပဋိပတ်နှင့် ကင်း၍ မဂ်ဖိုလ်ရသည်မဟုတ်။ သီလ သမာဓိ ပညာ သိက္ခာအကျင့်များ ဖြင့် မဂ်ဖိုလ်ရသကဲ့သို့ ဘုရားရှင်လည်း အကျင့်ပဋိပတ်ဖြင့် ဆိုခဲ့ပြီးသော ဝိဇ္ဇာများကို ရရာ ထိုအကျင့်များကို စရဏ (=မဂ်ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်)ဟု ဆိုရသည်။ ဘုရားရှင်၏ ဝိဇ္ဇာဉာဏ်များက သဗ္ဗညုတဉာဏ်ကို ပြည့်စုံအောင် ပြုပေး၏။ မှန်၏၊ အာသဝက္ခယခေါ် အရဟတ္တမဂ်ဉာဏ် မရပဲ သဗ္ဗညုတဉာဏ် မရနိုင်။ ထိုဉာဏ်ရမှ သဗ္ဗညုတဉာဏ်ရ၍ ဝိဇ္ဇာက သဗ္ဗညုတဉာဏ်ကို ပြည့်စုံစေသည်ဟု ဆိုရ၏။ စရဏတရားများက မဟာကရုဏာကို ပြည့်စုံစေသည်။ ဘုရားရှင်၏ စရဏတရားများ၌ ကရုဏာဘာဝနာ ဧျာန်လည်းပါရာ ဘုရားဖြစ်သောအခါ စရဏတရားများ အကောင်းဆုံး အထွတ်အထိပ်ရောက်သကဲ့သို့ ကရုဏာလည်း မဟာကရုဏာ (= အလွန်ကြီးမြတ်သော ကရုဏာ) အဖြစ်သို့ ရောက်လေသည်။

* **စရဏ တဆယ့်ငါးပါး။** ။သီလစောင့်လေ[၁]၊ ဣန္ဒြေထိန်းရ[၂]၊ အာဟာရမှု၊ တိုင်းတာကိုသိ[၃]၊ နိုးကြားရှိလျက်[၄]၊ ဟိရိ[၅]၊ ဩတ္တပ္ပ[၆]၊ သုတ[၇] ပညာ[၈]၊ သဒ္ဓါ[၉]၊ သတိ[၁၀]၊ ဝီရိယ[၁၁]၊ ပ[၁၂]၊ ဒု[၁၃]၊ တ[၁၄]၊ စ[၁၅]၊ ဈာန်လေးဝ၊ စရဏ တဆယ့်ငါး။

ဆရာ့ကောင်းမှ တပည့်ကောင်း။ ။လောက၌ အသိဉာဏ်သာ ရှိ၍ အကျင့်တရား မရှိသောသူမှာ သူ့ဟာက တရားမဲ့ပြုနေလျှင် သနားစောင့်ရှောက်ရမှန်းမသိ။ ကယ်တင်ရန် နားမလည်တတ်။ အသိဉာဏ်ပါ မရှိမူကား ဆိုဖွယ်ရာမရှိတော့ပေ။ အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏ-ရှိသူကား မိမိက တရားရှိသူဖြစ်ရာ သူတပါး အကျိုးမဲ့ပြုနေလျှင် သနားတတ်, ထိုအကျိုးမဲ့မှ ကယ်တင်ကာ အကျိုးရှိအောင် စောင့်ရှောက် ပြုပြင်တတ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုး၏ တပည့်များမှာ တပည့်ကောင်းတွေ ဖြစ်တတ်၏။ ဤကား ဝိဇ္ဇာစရဏ ပြည့်စုံသူတို့၏ဓမ္မတာတည်း၊ အကောင်းဆုံးဝိဇ္ဇာစရဏရှင် ဘုရားမြတ်ကား သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အကျိုးမဲ့ အကျိုးရှိ သိတော်မူ၍ မဟာကရုဏာတော်ဖြင့် သတ္တဝါတို့ကို အကျိုးမဲ့မှ ကယ်တင်၍ အကျိုးရှိရာသို့ အနည်းနည်းဖြင့် ပို့ပေးခဲ့ရာ မကောင်းသော တပည့်ဟု မရှိလှ။ ကောင်းစွာကျင့်သော တပည့်များသာဖြစ်ရာ လက်ထက်တော်အခါက အရိယာများမှာ "နှစ်ဆယ့်လေးသချေ် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း"[၁]ဟု ပြောစမှတ် ပြုခဲ့ကြသည်။

ဒုက္ခ ခံနိုင်ရည်ရှိပုံ။ ။ဘုရားရှင်ကား သက်သက်သာသာ အေးချမ်းစွာ ကျောင်းကန်များ၌ စံနေနိုင်သော်လည်း သတ္တဝါများအတွက် သက်သာခိုကာ စံနေတော် မမူအားခဲ့ပေ။ မြေကြမ်းသော ခရီးလမ်းများကိုလည်း လျှောက်ခဲ့ရ၏။ ဥတုကြမ်းသော တောစခန်းများ သစ်ပင်ရင်းများ၌လည်း စံနေတော်မူရ၏။ ဘယ်လိုဥတု ဘယ်လိုနေရာမျိုး ကြုံရကြုံရ အမူထားတော် မမူ။ ဘုရားဖြစ်ခါမှ မဆိုထားဘိ ဘုရားမဖြစ်မီ ခြောက်နှစ်ကြာအောင် တောအုပ်အတွင်း သစ်ပင်ရင်းတို့တွင် ကျင်လည်ခဲ့ရစဉ်ကပင် စိတ်တော်မှာ ဘယ်သို့မျှ မဖြစ်ခဲ့။ ဤသည်ကား စရဏ

၁။ ဤအရေအတွက်သည် သောတတ္ထကီကျမ်း၏ အဆိုဖြစ်သည်။ နှစ်ဆယ့်လေး၌ာနတို့၌ အသချေ်ယျ, အပရိမေယျ နတ်လူတို့ မဂ်ဖိုလ်အမြိုက် သောက်ကြကုန်ပြီ။ ကုဋေတသိန်း စသော အဝိုင်းအရှည်အားဖြင့်လည်း များကုန်သည်သာတည်းဟု သီလက္ခန်ဋီကာဟောင်း ၃၁၇-နှင့် ဋီကာသစ် ၂၂၉၁-တို့၌ ဆိုသည်။

များ၏ အစွမ်းပေ။ ထို့ပြင် မည်သည့်နေရာ၌ နေရ နေရ ဒိဗ္ဗ၊ ဗြဟ္မ၊ အရိယ၊ ကရုဏာသမာပတ္တိဝိဟာရ ဟူသော ဝိမာန်များ၌ ပြောင်းကာ ပြောင်းကာ စံနေမြဲဖြစ်ရာ ထိုဝိမာန်များ အစွမ်းကြောင့်လည်း အကာ အကွယ်ရကာ အမြဲချမ်းသာလျက် ရှိပါပေသည်။ ဆိုဖွယ်ရှိသေး၏။ ကိလေသာ မကင်းသူတို့သာ ထိုဒဏ်များအတွက် မသက်မသာ ခံနိုင်ရည် မရှိ ဖြစ်သော်လည်း ဘုရားရှင်မှာ ကိလေသာကုန်ပြီ ဖြစ်သောကြောင့် ခံနိုင်ရည်ရှိရာ ဝိဇ္ဇာ၏ စွမ်းအားကြောင့်ဟုလည်း ဆိုနိုင်၏။

ဟတ္ထာဠဝက။ ။အခါတပါး ဘုရားမြတ်သည် အာဠဝီပြည် ယင်းတိုက် တောအတွင်း နွားတို့၏ သွားရာလမ်း သစ်ရွက်အခင်း ပေါ်မှာ စံနေတော်မူရာ ဟတ္ထာဠဝက ရောက်လာ၍ "ဘယ့်နှယ်လဲ မြတ်စွာ ဘုရား…ချမ်းသာစွာ ကျိန်းစက်ရပါရဲ့လားဘုရား" ဟု နှုတ်ဆက်စကား လျှောက်ထား၏။ "အေး ငါ ချမ်းသာစွာ အိပ်စက်ရပါရဲ့။ မင်းသား…. လောကမှာ ချမ်းသာစွာ အိပ်ရသူတို့တွင် ငါလဲ အပါအဝင်ပင်" ဟု မိန့်တော်မူသော် "မြတ်စွာဘုရား….အေးမြတဲ့ ဆောင်းတွင်းညလဲဖြစ်၊ ဆီးနှင်းတွေလဲ ကျ၊ မြေကြီးကလဲ ကြမ်း၊ သစ်ရွက်ခင်းကလဲ ပါး၊ သစ်ပင် အရွက်တွေကလဲ ကျဲ၊ သင်္ကန်းကလဲ အေး၊ လေအေး လေကြမ်းကလဲ တိုက် သို့ဖြစ်လျက် ချမ်းသာစွာ အိပ်ရပါရဲ့ဟု မိန့်တော်မူပါပေ့ဘုရား" ဟု လျှောက်၏။ "သည်လိုဆိုလျှင် မင်းသားကိုပင် မေးရဦးမှာပဲ အတွင်း အပြင် အင်္ဂတေလဲ ကျံအပ်ပြီး ပိတ်ထားတဲ့ တံခါးပြူတင်းပေါက်တွေလဲ ရှိတဲ့ အထွတ်တပ် အိမ်ကြီးအတွင်း ကော်ဇောအခင်းများ ခင်းထား အပ်တဲ့ ပလ္လင်ထက် မယားလေးယောက် အပြုစုခံလျက် အိပ်တဲ့သူဟာ ချမ်းသာစွာ အိပ်ရမလား၊ မအိပ်ရဘူးလား" ဟု မေးတော်မူရာ "ချမ်း သာစွာ အိပ်ရပါမယ်ဘုရား" ဟု လျှောက်၏။ "ဘယ့်နှယ်လဲ ထိုသူဟာ ရာဂကြောင့်ဖြစ်တဲ့ ကိုယ်စိတ်ပူပန်မှုတွေ ကြုံလာရတဲ့အခါ၊ ဒေါသ၊ မောဟကြောင့်ဖြစ်တဲ့ ကိုယ်စိတ်ပူပန်မှုတွေ ကြုံလာရတဲ့အခါ ဆင်းရဲစွာ အိပ်ရမှာ မဟုတ်လား" ဟု မေးတော်မူပြန်ရာ "မှန်ပါ၊ မိန့်တော်မူတိုင်း ပါဘုရား" ဟု လျှောက်၏။ "ဆင်းရဲစွာ အိပ်ရတဲ့ ထိုသူ၏ ရာဂ၊ ဒေါသ၊

မောဟမျိုး ငါဘုရား အရှင်းပယ်ပြီးဖြစ်ရာ ငါ့မှာ အမြဲတမ်း ချမ်းချမ်း သာသာ ကျိန်းစက်ရပေတယ်”ဟု မိန့်တော်မူလေသည်။ (အံ-၁၊ဒေဝဒူတ ဝဂ်၊ ဟတ္ထကသုတ် ၁၃၅)

ပေါင်းကြည့်မှု အကြောင်းသိ။ ။“ သံဝါသေန သီလံ ဝေဒိတဗ္ဗံ = ပေါင်းကြည့်မှု သီလကို သိရသည်”ဟူသော ပါဠိအရ နီးနီးကပ်ကပ် ပေါင်းသင်း ဆည်းကပ်ရသော တပည့်သာဝကများကား ဘုရားရှင်၏ စရဏကို အားရကြည်ညိုကြရ သည်။ ဗြဟ္မာယုမည်သော ဗြာဟ္မဏ ပါမောက္ခကြီးက စုံစမ်းခိုင်းသော ဥတ္တရလုလင်သည် ဘုရားရှင်နှင့် နီးနီးကပ်ကပ်နေကာ ခုနစ်လကြာအောင် စုံစမ်းထောက်လှမ်းခဲ့၏။ သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ သောက်ပုံ၊ ဒကာ ဒကာမများနှင့် ဆက်ဆံပုံ အစရှိသော ဘုရားရှင်၏ အမူအရာ အားလုံးကို သေချာစွာပင် စုံစမ်းခဲ့၏။ အပြစ် အနာ အဆာ လုံးဝ မတွေ့အောင် ပိရိ သေသပ် ယဉ်ကျေးသိမ်မွေ့လှသော ကိုယ်အမူအရာ နှုတ်အမူအရာများသာ တွေ့မြင်ရ၍ မိမိတွေ့မြင်ရသမျှ ဘုရားရှင်၏ စရဏများကို မိမိဆရာကြီးထံ ပြန်လည်အစီရင်ခံခဲ့ရာ ကြားရသောဆရာ ကြီးမှာ ဘုရားကို မမြင်ရပဲပင် ပီတိဖြစ်လွန်းလှ၍ ရှိမခိုးပဲ မနေနိုင် လောက်အောင်ဖြစ်ကာ “နမော တဿ”ပဏာမပြင့် ဗုဒ္ဓရှင်တော်မြတ် ရှိရာသို့ ဦးညွှတ် ရှိခိုးပေသည်။ (မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မာယုသုတ် ၃၄၁) ဤသို့စသည်ကို ထောက်ဆ၍ ဘုရားရှင်၏ စရဏမှာ ထိပ်ဆုံးရောက်အောင် ပြည့်ဝလျက်ရှိသည်ကို ခန့်မှန်း ကြည်ညိုနိုင်ပေသည်။

၄-သုဂတ ဂုဏ်တော်

သုဂတအဖွင့်။ ။သု=ကောင်းသောစကားကို။ ဂတ=ဆိုတော်မူသည်။ အပြစ်ရှိသောစကား, အကျိုးမရှိသောစကားကို မဆို၊ အပြစ်ကင်း၍ အကျိုးရှိသောစကားကို မိန့်ဆိုတော်မူသည်။ နိဂဏ္ဌနာဋ ပုတ္တက အဘယမင်းသားကို ဘုရားရှင်အပေါ် ဝါဒတင်ရန် အကြံပေး၏။ သူ အကြံပေးပုံမှာ “ဘုရားရှင်သည် သူတပါး မချစ်မနှစ်သက်သောစကား

ကို ပြောသလောဟု မေးပါ။ ပြောသည်ဟုဆိုလျှင် သို့ဖြစ်မူ ပုထုဇဉ်နှင့် ဘာထူးသေးသနည်းဟု မေးပါ။ မပြောဟု ဆိုခဲ့လျှင် "ဒေဝဒတ်သည် အပါယ်လားမည့်သူ၊ ငရဲလားမည့်သူ၊ တကမ္ဘာလုံး ငရဲနေရမည့်သူ၊ ကုစားမရကောင်းသောသူ" ဟု ဒေဝဒတ် မကြိုက်သောစကားကို ဘာကြောင့် ပြောရသနည်းဟု မေးပါ။ ထိုသို့ နှစ်ဖက် အစွန်း မလွတ်သော အမေးကို မေးလျှင် ရှင်ဂေါတမမှာ သံဆူးခွကြီး မျိုထားရသူပမာ မထွေးနိုင် မမျိုနိုင် ဖြစ်လိမ့်မည်" ဟူ၏။

အဘယ မင်းသားလည်း ဝန်ခံပြီးလျှင် ယနေ့ အချိန်မရှိ၊ နက်ဖြန်မှ မေးတော့မည်ဟု ဘုရားရှင်ကို ဆွမ်းဘုဉ်းပေးပင့်၏။ နံနက်၌ ဘုရားရှင် အိမ်သို့ ကြွလာသောအခါ ထိုပြဿနာကို မေးလျှောက်လေသည်။ အစွန်း နှစ်ဖက် ထောင်ဖမ်းသည်ကို သိတော်မူပြီးသော ဘုရားရှင်က "ဤအရေးမှာ တထစ်ချ ပုံသေပြောလို့ မဖြစ်ဘူး မင်းသား" ဟု အစွန်း နှစ်ဖက် ရှောင်လျက် ဖြေကြားတော်မူသောအခါ "ဤအဖြေကြောင့် နိဂဏ္ဍတွေ ပျက်စီးကုန်ရပါပြီဘုရားဟု လျှောက်ထားလေသည်။ "ပြောတယ် မပြောဘူး တခုခုသာ ပြောရမည်၊ ထိုသို့ ပြောလျှင် ရှင်ဂေါတမ အခက်ကြုံလိမ့်မည်" ဟူသော သူတို့ အယူအဆ သူတို့ အထင်ကြီးမှုတွေမှာ ဘုရားရှင်က လွတ်အောင် ရှောင်ကာ ဖြေလိုက်သဖြင့် ပျက်ပြား သွားခဲ့ရသော ကြောင့် "နိဂဏ္ဍတွေ ပျက်စီးကုန်ပါပြီ"ဟု လျှောက်ထားခြင်း ဖြစ်၏။ ထိုအခါ "နိဂဏ္ဍတွေ ပျက်စီးကုန်ပါပြီ ဘုရား" ဟုလျှောက်ထားခြင်း၏ အကြောင်းကို မေးတော်မူရာ "မိမိကို နိဂဏ္ဍနာဋပုတ္တက ဘုရားထံ ဝါဒ တင်ရန် သင်ပေးလိုက်ကြောင်းများကို" လျှောက်ထား၏။ ဘုရားရှင်က "တထစ်ချ ပြောမဖြစ်" ဟူသော မိမိစကားကို ထပ်မံ ရှင်းလင်းလို၍ အဘယမင်းသား ရင်ခွင်ထဲမှ သားတော်ကလေးကို သက်သေ တင်ကာ ဤသို့ မိန့်တော် မူပြန်၏။

"သင့်သားတော် ဤသူငယ်ကလေးသည် သင်၏ မေ့လျော့မှုကြောင့် ဖြစ်စေ၊ အထိန်းတော်များ မေ့လျော့မှုကြောင့် ဖြစ်စေ၊ သစ်သားစ၊ သို့မဟုတ် အိုးခြမ်းကွဲ တခုခုကို မျိုမိ၍ လည်ချောင်းထဲ တစ်ဆို့ နေလျှင်

သင် ဘယ်လိုလုပ်မည်နည်း”ဟု မေးရာ “တပည့်တော် ထုတ်ယူရပါမည်။ သာမန်နှင့်မရလျှင် လက်ချောင်းကိုကွေး၍ သွေးသံရဲရဲနှင့်ပင် ဆွဲထုတ်တန် ဆွဲထုတ်ရပါမည်။ ဘာ့ကြောင့်ဆိုသော် တပည့်တော် သားအပေါ် မှာချစ်သောကြောင့် ဖြစ်ပါသည်” ဟု လျှောက်၏။ “မင်းသား....ထို့အတူ ဘုရားရှင်မည်သည် မမှန်, အကျိုးမရှိ, သူတပါး မလိုလား မနှစ်သက်သော စကားကို မပြော။ မမှန် အကျိုးမရှိမူ သူတပါး နှစ်သက်သော စကားကိုလည်း မပြော။ မှန်ကားမှန်၏,အကျိုးမရှိ, သူတပါး မနှစ်သက်ဤစကားကိုလည်း မပြော။ မှန်လည်း မှန်၏, အကျိုးလည်း ရှိ၏, သူတပါးကား မနှစ်သက်၊ ဤစကားကိုမူ အခါကို ကြည့်၍ ပြောသင့်သော အခါ ပြော၏။ မှန်၏, အကျိုးရှိ၏, သူတပါး နှစ်သက်၏၊ ဤစကားမျိုးကိုကား ပြော၏။ အဘယ့်ကြောင့်နည်း၊ သတ္တဝါ များကို ငါဘုရား ချစ်မြတ်နိုးသောကြောင့်”ဟု မိန့်တော်မူသည်။ (မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ်-၂၇)

ဉာဏ်တော် နှစ်ရပ်။ ။ဤဒေသနာဖြင့် မှန်လည်း မှန်, အကျိုးလည်းရှိ သူနှစ်သက်သော စကားကို အခါခပ်သိမ်း ပြော၍ မှန်ကန်, အကျိုးရှိသော်လည်း သူမနှစ်သက်သော စကားကို ကလေး ဒုက္ခကို အရေးမထား လည်ချောင်းမှ သံဆူးခွကို ဆွဲထုတ် သကဲ့သို့ ပြောသင့်သော အခွင့်အရေး ကြုံလာသောအခါ တရံတခါ ပြောရသည် ဟု သိရ၏။ မမှန်, အကျိုးမရှိသော စကားကို ကိလေသာ မကင်းသူတို့သာ ပြောမြဲတည်း။ ဘုရားရှင်မှာ ကိလေသာကင်းပြီး ဖြစ်သောကြောင့် ထိုစကားမျိုး မပြောတော့ပေ။ ဤအချက်ဖြင့် အရဟတ္တမဂ်ဉာဏ်ကို ကြည်ညိုရ၏။ သူတပါး နှစ်သက်အားရအောင်, ကျေနပ်အောင် မပြောတတ်လျှင် ထို စကားလည်း စကားကောင်း မဟုတ်သေး။ အခြေအတင် ပြောရာ၌ အချက်ကျကျ အကွက်မိမိ မပြောတတ်လျှင် ထိုစကားလည်း စကားကောင်း မဟုတ်။ ဘုရားရှင်ကား သူနာချင်ဖွယ် နှစ်သက်ဖွယ် ဖြစ်အောင်လည်း ပြောတတ်၏။ ဝါဒပြိုင်လာလျှင် သူမလှုန်နိုင် လက်မှိုင်ချရအောင် အချက်ကျကျလည်း ပြောတတ်၏။ ဤအချက်ကို ပိဋကတ်၌

အချားအပြား တွေ့နိုင်သည်။ ဤ အဘယဝတ္ထု၌ပင် အယ်မျှ စကား အရာ လိမ္မာ ကျွမ်းကျင်တော်မူသည်ကို သိနိုင်ပါသည်။ ဤသည်ကား သဗ္ဗညုတ ဉာဏ်တော် အစွမ်းကြောင့်ဖြစ်ရာ သုဂတဂုဏ်တော်အရ ထို ဉာဏ်တော်မြတ်ကိုလည်း အားရ ကြည်ညိုရပြန်ပါသည်။

သုဂတအနက်တမျိုး။ ။သု=ကောင်းသော နိဗ္ဗာန်သို့။ ဂတ=ကြွ တော်မူသော ဘုရား။ ဘုရားမှတပါး အခြား သာဝကများလည်း နိဗ္ဗာန်သို့ ရောက်ကြ၏။ သို့သော် ဘုရား၏ ရောက် ခြင်းက ပိုမို၍ ပေါ်လွင်ထင်ရှားလှ၏။မှန်၏၊ ဘုရားရှင်ကား နိဗ္ဗာန်လမ်း ကို ရှေးဦးစွာ တွေ့ရှိရ၍ ထိုလမ်းဖြင့် နိဗ္ဗာန်သို့ လက်ဦးရောက်ခဲ့၏၊ ထို့ နောက် ဘုရားရှင်က ထိုလမ်းဖြင့် ရှေ့ဆောင် တွဲခေါ်ခဲ့၍ နိဗ္ဗာန်သို့ ရောက်ကြသည်မှာ မနည်းလှပေ။ ရှေးဦးရောက်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ၎င်း, နိဗ္ဗာန်လမ်းပြ ရှေ့ဆောင် ဦးစီးအဖြစ်ဖြင့်၎င်း ဘုရားရှင်၏ နိဗ္ဗာန် ရောက်ခြင်းက ပေါ်လွင် ထင်ရှားလျက်ရှိပါသည်။ ထို့ပြင် နိဗ္ဗာန်ရောက် ခြင်း တူသော်လည်း နိဗ္ဗာန်ရောက်ပြီးနောက် ရအပ်သောဂုဏ်အရာကား ကွာခြားလှ၏။ ဇောတိက ဇဋိလ စသော သူဌေးကြီးတို့၏ "သေဋ္ဌိ"သွဲ့ ကို တော်ရုံ လျော်ရုံ ပစ္စည်းရှိသူက ခံလျှင် မတန်မရာ၍ လူအများက အသိအမှတ် မပြုနိုင်ကြပေ။ ထို့အတူ တစိတ်တဒေသ ဂုဏ်တူရုံမျှဖြင့် အတုလဂုဏ်ရှင်၏ သုဂတဂုဏ်အင်ကိုလည်း သာသနာ၌ မည်သူ တဦး တယောက်ကမျှ မခံဝံ့ မခံရဲကြ ခံလျှင်လည်း အသိအမှတ် ပြုနိုင်ကြမည် မဟုတ်ပေ။

ကောင်းစွာလာတော်မူသည်။ ။သု=ကောင်းစွာ။အာဂတ=လာတော် မူသည်။ ဘုရားဖြစ်တော်မူသည်အထိ ကောင်းစွာ လာတော်မူခဲ့သည်ဟု ဆိုလို၏။ လောက၌ ရည်မှန်းရာသို့ အရောက် သွားလာနိုင်သူကို အသွားအလာကောင်းသူဟု ဆိုရ၏။ လမ်း လွဲ လမ်းမှား လိုက်၍ လိုရာသို့ မရောက်က အသွားအလာ ကောင်းသူ မဖြစ်နိုင်။ သံသရာကား လမ်းကောက် လမ်းမှားတွေ ပေါများသော

တန္တာရကြီးပင်။ သာမန်ပုဂ္ဂိုလ်များမှာ မျက်မမြင် ပုဂ္ဂိုလ်ကဲ့သို့ဖြစ်ရာ လမ်းမှားပေါ်လှသော ဤလောက၌ လမ်းကောင်း လိုက်မိသည်ထက် လမ်းကောက် လမ်းမှားသာ အရောက်များရတော့သည်။ လေးသင်္ချေကို မဆိုထားဘိ တကမ္ဘာ အတွင်းမှာပင် လမ်းမှား၍ ချောက်ထဲကျ စုံးစုံး မြုပ်ခဲ့ရသော ဘဝပေါင်းမှာ မနည်းလှပေ။ ဘုရားရှင်မှာ နိယတဗျာဒိတ် ရသည့်အခါက စ၍ သဗ္ဗညုတ ပန်းတိုင်ကြီးကို မျက်ခြည် မပြတ်ခဲ့၊ အမြဲ တမ်း ဦးတည် မြှော်မှန်းခဲ့၏။ ထိုဉာဏ်တော်ကြီးအတွက် ပစ္စည်းဥစ္စာ ကိုယ်အင်္ဂါသာမက အသက်ပါစွန့်ရန် အဆင်သင့် ဖြစ်နေခဲ့၏။ ထို့ကြောင့် ပင် သူတကာ မတွေးဝံ့ ရှုံ့ဖွယ် ထိတ်ဖွယ် ဖြစ်လောက်အောင် ပြောင် မြောက်စွာ စွန့်စွန့် စားစား ပါရမီဆယ်ပါးကို အားရပါးရ ဖြည့်တော်မူ နိုင်ခဲ့၏။ ရည်မှန်းချက် ပန်းတိုင်ကြီးသို့ တသန်တည်း စိတ်ရော ကိုယ်ပါ လွှတ်ထားသဖြင့် လမ်းမှား လမ်းလွဲမရောက် အစဉ် လမ်းဖြောင့်လျက် ရှိ ခဲ့ပေသည်။ ထို့ကြောင့်ပင် နောက်ဆုံး၌ရည်မှန်းချက်မြောက် သဗ္ဗညုတ ပန်းတိုင်သို့ ရောက်တော်မူရသည်၊ သုဂတ၏ ဤအနက်အရ ဗုဒ္ဓရှင်တော် ၏ ပါရမီအကြောင်း အလွန် ကောင်းခဲ့ပုံကိုရင်း, အကြောင်း ကောင်းသျှ အကျိုး မဟာဗောဓိ (=အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)၏ အလွန် ထူးခြားပုံကိုရင်း စေ့စပ်စွာ အာရုံပြုမိသူတိုင်း အားရမဆုံး ကြည်ညိုမဆုံး ဖြစ်ရတော့သည်။

၅-လောကဝိဒူဂုဏ်တော်

လောကဝိဒူအဖွင့်။ ။လောက=လောက အားလုံးကို။ ဝိဒူ=သိတော် မူသည်။ လောကကို သိပါသည်ဆိုသော ပုဂ္ဂိုလ် အားလုံးထက် သာလွန်သိနိုင်သော ဉာဏ်ကြီးရှင် ပုဂ္ဂိုလ်ထူးဟု ဆိုလို၏။ လောက သုံးပါး ရှိခဲ့ရာ သတ္တဝါအမျိုးမျိုးကို သတ္တလောကဆို၏။ သတ္တဝါ တို့၏ တည်နေရာ ဘုံဌာနတွေကား ဩကာသ လောကတည်း။ သတ္တဝါ ဘုံဟူသော ဝေါဟာရ ပညတ်များ၏ တည်ရာ ရုပ်နာမ်တရားများကို သင်္ခါရလောကဟု ခေါ်ရသည်။ သတ္တလောကကို သိရာ၌ လူနတ်ဗြဟ္မာ ရေသွား တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အမျိုးမျိုးတို့ကို အမျိုးမျိုး

အဖုံဖုံ စုံအောင် သိတော်မူ၏။ သတ္တဝါ တဦးစီ၏ ယခုတဘဝအဖြစ်သာ မက ရှေးကဖြစ်ခဲ့ဘူးသောဘဝအဖြစ်မျိုးတွေ့ နောင်ဖြစ်ရမည့် ဘဝအဖြစ် မျိုးတွေကိုလည်း သိတော်မူ၏။ တန်ခိုးကြီးသော နတ်ဗြဟ္မာ ရသေ့ များနှင့် သာဝကများလည်း ထိုသို့ သိကြ၏၊ သို့သော် ၎င်းတို့ကား ဘဝ ဘယ်မျှ ကမ္ဘာဘယ်လောက် အထိသာဟု အကန့်အသတ်ဖြင့် သိကြ ၏။ ဘုရားရှင်ကား အဆုံးအစမရှိ သိတော်မူသည်မှာ ထူးခြားချက် ဖြစ်၏။

သူမတူသော အသိ။ ။သတ္တဝါနှင့်စပ်၍ ထိုအသိမျိုးမှာ တခြားပုဂ္ဂိုလ်များ လည်း သိတန်သလောက် သိနိုင်သေး၍ ထူးဆန်း လှသည် မဟုတ်သေးဟု ဆိုသော် ဆိုနိုင်ပါသေး၏။ ဘယ်သူမှ လိုက်မမီ သော ဘုရားရှင်၏ အသိရှိပါသေး၏။ ထိုအသိမှာ သတ္တဝါတို့၏ အတွင်း ဓာတ်ခံ သတ္တိအမျိုးမျိုးကို ခွဲခြားသိနိုင်ခြင်းပင်။ ဥပမာ–သစ်ပင်ပေါက် စ၌ အသီး-သီးစေတတ်သော ဓာတ်သတ္တိ ရှိနေသောသစ်ပင်နှင့် ထိုသတ္တိ မျိုးမရှိ မြုံမည့်သစ်ပင်ဟု နှစ်မျိုးရှိရာ၌ ထိုသတ္တိ ရှိမရှိ သိရန်အချက်မှာ မည်မျှခက်ခဲမည်နည်း။ ထိုဓာတ်သတ္တိကို သိရန် လောကစမ်းသပ်နည်း ရှိ သော် ရှိရာ၏။ သတ္တဝါတို့အတွင်းဓာတ်ခံကို သိရန်ကား ဘုရားဉာဏ်မှ တပါး အခြားမရှိပေ။ ထို့ကြောင့်ပင် သတ္တဝါတို့ကို ဘယ်လိုဓာတ်ခံမျိုး ရှိနေသည်၊ ဘယ်အနုသယကိလေသာက လွန်ကဲသည်၊ နည်းသည်၊ ဘယ်လို စိတ်ကြိုက် အလိုဆန္ဒရှိသည် ဘယ်စရိုက်မျိုး လွန်ကဲသည်၊ ဘယ်ဣန္ဒြေက ရင့်နေပြီ၊ နုသေးသည် စသည်တို့ကို အတွင်းဝင်ကြည့်၍ အတိအကျမြင် ရသူပမာ သေချာစွာ ခွဲခြားသိနိုင်ပေ၏။ ဥပါဒ်အနေ ပေါ်နေသော သဘာဝတရားများကို အနုစိတ်သိရန်ပင် ခက်ခဲလှ၏။ အခြားသူတို့အရာ မဟုတ်ပေ။ ပေါ်မလာသေးပဲ ဓာတ်သတ္တိအဖြစ်သာ တည်ရှိနေသော ဆိုခဲ့ပြီး သဘောများကို သိရန်မှာ အခက်ဆုံးပင်ဖြစ်ရာ သဗ္ဗညုတဉာဏ် ရှင်ကိုထား၍ တပါးဘယ်သူ သိနိုင်အံ့နည်း၊ ထို့ကြောင့် အာသယာနုသယ ဉာဏ်(=အဘွင်းဓာတ်ခံ ကိလေသာအပုပ်ဓာတ်တို့ကို သိသောဉာဏ်)၊ဣန္ဒြိ- ယပရောပရိယတ္တဉာဏ် (=ဣန္ဒြေ အနုအရင့်ကို သိသောဉာဏ်) တို့မှာ

အသာဓာရဏ (=အခြားသူများနှင့်မဆိုင် ဘုရားရှင်နှင့်သာ ဆိုင်သော ဉာဏ်များ) ဖြစ်ရသည်။

ဘုရားအရာ။ ။အတွင်းဓာတ်ခံ စရိုက်စသည်ကို သိရေးမှာ ဘုရားအရာသာဖြစ်၍ပင် အရှင်သာရိပုတ္တရာကဲ့သို့ ပညာရှင်ထိပ်သီး မထေရ်မြတ်ကြီးသော်မှ တရားအပေး လွဲခဲ့ရသေး၏။ အရှင်မြတ်ကား မိမိတပည့် ရဟန်းငယ်တပါးကို "ငယ်ရွယ်သူတို့မှာ ရာဂအဖြစ် များတတ်သည်" ဟု အသုဘကမ္မဋ္ဌာန်းပေးခဲ့ရာ နိမိတ်မျှပင်မထင် ခရီးမရောက်ဖြစ်လေ၏။ ရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီးလျှင် အကြောင်းကို လျှောက်ထားရာ ထိုရဟန်း၏ ဓာတ်ခံကို ဆင်ခြင်သော ဘုရားရှင်သည် အလှအပ ကြိုက်တတ်သော သဘောကို တွေ့ရ၍ အသုဘနှင့် မလျော်သည်ကို သိရ၏။ ဆက်လက်ဆင်ခြင်ကြည့်သော် ဘဝငါးရာတိုင် ရွှေပန်းထိမ်သည်ဖြစ်ခဲ့သည်ကို မြင်ရ၍ ထိုဓာတ်ခံကို အတည်ပြု ဆုံးဖြတ်နိုင်သော ကြောင့် ရွှေပဒုမ္မာကြာပန်းကြီး ဖန်ဆင်း ပေးအပ်ပြီး လောဟိတကမ္မဋ္ဌာန်း စီးဖြန်းစေသောအခါ မကြာမီ စတုတ္ထစျာန်အထိ ရခဲ့၏။ ထို့နောက် ပဒုမ္မာ ကြာပန်းကြီး ညှိုးနွမ်း ရိုယော်ပုံကို ဖန်ဆင်းပြသောအခါ အနိစ္စ စသောသဘော ထင်လျက် မဂ်ဖိုလ်ရကာ ရဟန္တာဖြစ်ခဲ့ရပေသည်။ (ဓမ္မပဒ ဋ္ဌ၊ ၂၊ မဂ္ဂဝဂ်၊ သုဝဏ္ဏကာရတ္ထေရဝတ္ထု-၂၆၆။)

ဘုရားရှင် ဉာဏ်ဘော်အစွမ်း။ ။အရှင်မဟာပန္ထက-ကား ရဟန္တာမြတ်ကြီးပင်။ မိမိညီတော်စူဠပန္ထကကို လေးလကြာသော်လည်း ဂါထာတပုဒ် မရကောင်းလားဆိုပြီး နှင်လွှတ်ခဲ့၏။ ဘုရားရှင်နှင့်တွေ့၍ ၎င်းနေ့ နံနက်ခင်းပင် ပဋိသမ္ဘိဒါဉာဏ် စျာန်အဘိညာဉ်များရကာ ရဟန္တာဖြစ်မည်ကို သိရသောကြောင့် ကမ္မဋ္ဌာန်းပေးသောအခါ မကြာမီ ရဟန္တာဖြစ်လေသည်။ (အံ ဋ္ဌ ၁ ဧတဒဂ္ဂဝဂ် ၁၆၇) နေရောင်လင့်နေသော ပွင့်ကာနီး ပဒုမ္မာကြာငုံကြီးပမာ အလွန်ပင် ဣန္ဒြေတွေရင့်နေသည်ကို သာဝကများ အမှတ်မထားမိပဲ ဘုရားရှင်သာ သိတော်မူသည်မှာ ဓာတ်ခံသိရာ၌ သူမတူအောင် စွမ်းနိုင်သော ဘုရားရှင်၏ဉာဏ်တော်စွမ်းပင် ဖြစ်ပေသည်။

ဩကာသ သိတော်မူပုံ။ ။ယခုခေတ် မျက်မြင်အားဖြင့် လူအမျိုးမျိုး နေထိုင်ရာ တောင်ကျွန်း သာတည်း။ လူများ မရောက် မမြင်ရသော အနောက်ကျွန်း အရှေ့ကျွန်း မြောက်ကျွန်းများ လည်း ရှိနေသေး၏။ ထိုကျွန်းကြီး လေးကျွန်းတို့၏ အလယ်၌ မြင်းမိုရ် တောင်ကြီးနှင့် တောင်ရံ ခုနစ်လုံးရှိ၏။ မြင်းမိုရ်တောင်ကို ပတ်ဝိုင်းလျက် သီဒါသမုဒ္ဒရာကြီး တည်လျက်ရှိ၏၊ ကျွန်းလေးကျွန်းတည်ရာ ကမ္ဘာကို ပတ်လျက် စကြဝဠာတောင်ကြီး ကာဆီးလျက်ရှိပြန်သည်။ မြင်းမိုရ်တောင် ထိပ်၌ တာဝတိံသာ နတ်ဘုံရှိ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ စတုမဟာရာဇ် နတ်ဘုံရှိ၏။ တာဝတိံသာမှ အထက်ကောင်းကင်၌ ယာမာစသော နတ် ပြည်လေးဘုံ အဆင့်ဆင့် တည်လျက်ရှိသည့်ပြင် ဗြဟ္မာဘုံ နှင့်ဆယ်လည်း ရှိ၏။ မြေအောက်၌ကား ငရဲဘုံ ရှစ်ထပ်ရှိပြန်၏။ ပြိတ္တာ တိရစ္ဆာန် အသုရကာယ်တို့ကား ဘုံသီးခြား မဟုတ်ကြ။ ဤသုံးဆယ့်တဘုံတည်ရာ ကမ္ဘာ လောကတခုကို စကြဝဠာဟု ဆိုရာ ဆက်ကာ ဆက်ကာ တည်လျက်ရှိ သော ထိုစကြဝဠာပေါင်းမှာ အဆုံးမရှိတော့ပေ။ ဤကား ကမ္ဘာတည် နေပုံ အချုပ်မျှသာတည်း။

ဘုရားရှင်ကား ဆိုခဲ့ပြီး စကြဝဠာ ဩကာသ လောကတွေကို လိုက် ကြည့်နေရသည်မဟုတ်၊ ထိုင်ရာမထ အလိုရှိသလို မြင်နေရတော့၏။တချို့ တန်ခိုးကြီး နတ်ဗြဟ္မာ ရသေ့ သာဝကများကလည်း မြင်နိုင်ကြ၏။သို့သော် တစိတ်တဒေသသာ။ ဘုရားရှင်ကဲ့သို့ အဆုံးအဆမရှိအောင် မမြင်ကြ။ ဘုရားရှင်ကဲ့သို့ ဝေဖန်ခွဲခြား၍လည်း အသေးစိတ် မသိနိုင်ကြ။ ထို့ကြောင့် ဩကာသလောကကို သိရာ၌လည်း တုဖက်မရှိဖြစ်တော့သည်။

သင်္ခါရသိတော်မူပုံ။ ။သတ္တ, ဩကာသ ဟူသည် ပညတ် မျှားသာ။ တကယ်ထင်ရှားရှိသည်ကား မဟုတ်။ တကယ် ထင်ရှား ရှိနေသော ပရမတ် ဓာတ်သား ချားအပေါ် အခေါ်အဝေါ် ပြု ထားခြင်း မျှသာတည်း။ အမှန်မှာ ရုပ်ကလာပ် အဖွဲ့အစည်း နာမ်ကလာပ်

၁။ သဒ္ဒနီတိဓာတုမာလာ ၂၇၀။

အဖွဲ့အစည်းပေါင်း ကုဋေများစွာ ပေါင်းစပ်၍ နေသောအရာကို "သတ္တ ဝါ" ခေါ်၍ ရုပ်ကလာပ်မျှသာ ဖွဲ့စည်းတည်နေသော အရာကို "ဩကာ-သ" (ဘုံ)ဟု ခေါ်ခြင်း ဖြစ်၏။ သတ္တလောက ဩကာသလောကကို သိကြ သည် ဆိုသော တန်ခိုးကြီး ပုဂ္ဂိုလ်များပင် သင်္ခါရလောကကို သိရန်ကား အစွမ်းမရှိကြ။ သာသနာ၌ ဘုရားအဆုံးအမခံ ကျင့်ကြံရသဖြင့် ဝိပဿ-နာဉာဏ် ထက်သန်လျက်ရှိကြသော ယောဂီအရိယာများသည် ဝိပဿနာ အခိုက်၌ ရုပ်နာမ်တို့ကို သိကြ၏။ သို့သော် အလွန်လျင်မြန်စွာ ဖြစ်ပျက် လျက်ရှိသော ရုပ်နာမ်တို့ကို မလွတ်တမ်း တခုစီ အကုန် မြင်ကြရသည် မဟုတ်။ ထင်ပေါ်ရာ ထင်ပေါ်ရာ ရုပ်နာမ်များကိုသာ သိကြ၏၊ ထို ရုပ်နာမ် များ၌ပင် အဖွဲ့အစည်း အဖြစ် အသေးစိတ် သိကြသည်လည်း မဟုတ်။အထူးခြားဆုံး ဝိပဿနာအဖြစ် အရှင်သာရိပုတ္တရာ၏ အနုပဒဝိပ-ဿနာ ဟု(မ ၃၊၃၅ ၌)လာရာ ဈာန်အဆင့်ဆင့်ဝင်စားကာ ထိုဈာန်တို့မှ တရားများကို အစဉ်မလွတ်ရအောင် ရှုနိုင်သည်ဟူ၏။ သို့သော် နေဝ-သညာနာသညာယတန ဈာန်၌ကား ဘုရားအရာသာဖြစ်၍ မရှုနိုင်ဖြစ်ရ ၏။ ထင်ရှားသည်ဆိုသော တရားအစု၌ပင် ဝေဒနာ စသော တရားတခု စီကိုသာသိ၍ နာမ်အဖွဲ့အစည်း အကုန်သိသည်ကား မဟုတ်ပေ။ ဘုရား ရှင်အောက် အကောင်းဆုံး ဗောဓိဉာဏ်ရှင် ပစ္စေကဗုဒ္ဓါများပင် ရုပ်နာမ် တစိတ်တဒေသကိုသာ သိတော်မူကြ၏။ ထိုအရှင်တို့ကား ကိုယ့်သန္တာန်ရှိ တရားစုကိုသာ သိတန်သလောက်သိကြ၍ သူတပါးသန္တာန်ရှိ ရုပ်နာမ်နှင့် ဗဟိဒ္ဓ-တော, တောင် စသည်ရှိ ရုပ်ခေတ်တို့ကိုကား မသိနိုင်ကြ။

ဘုရားရှင်ကား တခုစီ အလွန်လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ် တရားတို့ကို ပြတ်ပြတ်သားသား ခွဲခြားသိနိုင်၏။ ကလာပ်ငုံးတခုစီက ရုပ်များကိုလည်း ခွဲခြားနိုင်၏။အကြောင်းအမျိုးမျိုး သတ္တိအဖုံဖုံ စုံအောင် ပင် သိတော်မူ၏။ မိမိ သူတပါး မရွေး အတွင်းအပ သက်ရှိသက်မဲ့မရွေး အားလုံးသော လောကခေတ် အမျိုးမျိုးကို ခွဲခြားဝေဖန်၍ သိတော်မူ ၏။ ဘုရားရှင်၏ အဘိဓမ္မာ ပိဋကတ်ကား ရှင်တော်မြတ်၏အတုမရှိသော ဓာတုဗေဒ သရာမြတ်အဖြစ်ကို ပြလျက်ရှိပေသည်။ ထို့ကြောင့် လောကကို

သိပါသည်ဆိုသော တန်ခိုးကြီး နတ်ပြဟ္မာ သာဝကတို့က တစိတ်တဒေသကို သိရသော မိမိတို့ အသိကလေးဖြင့် လောကဝိဒူ အမည်ကို မခံလိုမခံဝံ့ကြ။ ဘုရား၏ သူတပါးနှင့်မဆိုင် ကိုယ်ပိုင် ဂုဏ်တော်ဖွဲ့အဖြစ် ဟစ်ကြွေး ကြေညာကာ အားရလေးစားစွာ ပူဇော်ကြရပေသည်။

၆-အနုတ္တရဂုဏ်တော်

အနုတ္တရ အဖွင့်။ ။အနုတ္တရ=သာလွန်သူ မရှိသောပုဂ္ဂိုလ်။ အဖက်ဖက်တွင် မိမိက အသာဆုံး အမြတ်ဆုံးဖြစ်၍ မိမိထက်သာသူဟု တစုံတယောက်မျှ မရှိဟုဆိုလို၏။ ဘုရားရှင်ကား လုမ္ဗိနီဥယျာဉ်တွင် မယ်တော်ဝမ်းတိုက်မှ ဖွားလျှင်ဖွားချင်း မြောက်ဖက်သို့ မျက်နှာမူကာ ခုနစ်ဖဝါးလှမ်း ကြွတော်မူလျက် လောကကိုကြည့်ရာ မိမိထက် သာသောသူ မတွေ့ရ၍ "အဂ္ဂေါဟမသ္မိ လောကဿ=ငါကား တလောကလုံးထက် အမြတ်ဆုံး ဖြစ်သည်"။ "သေဋ္ဌောဟမသ္မိ လောကဿ=ငါကား တလောကလုံးထက် ထူးခြားသာလွန်သူဖြစ်သည်"။ "ဇေဋ္ဌောဟမသ္မိ လောကဿ=ငါကား တလောကလုံးထက် အကြီးဆုံးဖြစ်သည်" ဟု သုံးခွန်းသော စကားကို မကြောက်မရွံ့ ရဲရင့်စွာ ကြုံးဝါးတော်မူခဲ့၏။ ထိုစဉ်အခါ နတ်ပြဟ္မာများက အမြတ်ဆုံးအဖြစ် ဝန်ခံခဲ့ရာ လူများမှာလည်း တအံ့တသြ ပြောမဆုံးဖြစ်ခဲ့ကြရ၏။ အရဟံဂုဏ်တော်အဖွင့်၌ဆိုခဲ့သည့်အတိုင်း နောင်အခါလည်း အံ့သြဖွယ်ရာများ တွေ့ခဲ့၍ အဘိညာဉ်ရ တန်ခိုးရှင် ကာဠဒေဝိလ ရသေ့ကြီး၏ ရှိခိုးမှုကိုခံရသည့်အပြင် ခမည်းတော်မင်းတရားကြီးကလည်း နှစ်ကြိမ်တိုင် ရှိခိုးခဲ့လေသည်။ ဘုရားမဖြစ်မီကပင် သူမတူသော အံ့ဖွယ်ယောကျ်ားမြတ်ဖြစ်ခဲ့သော ရှင်တော်မြတ်ကား ဘုရားဖြစ်လာသောအခါ ဆိုဖွယ်ရာမရှိ အံ့သြဖွယ် အတိချည်းသာ ဖြစ်ရတော့သည်။

အံ့သြကြရပုံများ။ ။သူတကာ မယှဉ်နိုင်အောင် နိုင်နင်းကျွမ်းကျင်စွာ ပြုနိုင် ပြနိုင်သော တန်ခိုးတော် အမျိုးမျိုးကို မြင်ရသော် အံ့သြကြရ၏။ သူမတူအောင် သန့်ရှင်းစင်ကြယ်၍ သိမ်မွေ့ငြိမ်သက်လှသော စရဏ(=သီလစသော အကျင့်) များကို မြင်ရပြန်သော်

နီးကပ်စွာ ပေါင်းသင်းမှီဝဲ ဆည်းကပ်ရသော တပည့်သာဝကများမှာ အံ့ဩရပြန်ပါသည်။ဆွေးနွေးခြင်းဖြင့် သူမတူအောင် သိနိုင်သော ပညာစွမ်းကို သိရသော အခါသည်း အလွန်အံ့ဩရသည်ပင်၊ ယခုခေတ် ဘုရားတရားတော်များကို လေ့လာရသူတို့မှာပင် ဘုရားရှင်၏ ဉာဏ်စွမ်းကို အံ့မခန်းဖြစ်ကြရ၏။ တရားနာရသော် အသံတော် သာယာလှပုံ, စကားအရာ လိမ္မာကျွမ်းကျင်လှပုံ, တရားတော်၏ လေးနက်ပုံ အမျိုးစုံအောင်ပင် အံ့ချီးဖွယ်ကြုံရ၏။ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်သော ရွှေစင်ရုပ်တော်မှ တလံမျှသော ရောင်ခြည်, ခြောက်သွယ်သော ဆောင်ခြည်တော်တို့ တင့်တယ်စွာ မြူးကွန့် တလွန့်လွန့် ပြာထွက်နေသည်မှာလည်း ရှုမဝ-ဖူးမဝ အံ့ဩဖွယ်ဖြစ်ကြရ၏။

ဤသို့ အဖက်ဖက်၌ သူထက်ကဲအောင် ထူးခြားလှသော ဗုဒ္ဓရှင်တော်မြတ်၏ အကြောင်းပါရမီများကို စဉ်းစားပြန်သော် သူမတူအောင် စွန့်စားခဲ့ပုံများမှာလည်း အံ့ဖွယ် အတိပင်၊ ထို့ပြင် အဌာရသ - ဗုဒ္ဓဓမ္မ (=ဘုရားသာ ရနိုင်သော ဂုဏ်တော်ဘဆယ့်ရှစ်ပါး), ဒသဗလ (=အားတော်ဆယ်တန် ဘုရားဉာဏ်များ) (အာဋ္ဌာနာဋ္ဌိယသုတ် အဖွင့်ကြည့်) စသော တရားများ သူတပါးမှာမရှိ ဘုရားရှင်၌သာ ရှိသည်ကို မြင်ရသော် အံ့ဩကြရပြန်၏။ ဤမျှအံ့ဖွယ်အတိ အစ္ဆရိယပုဂ္ဂိုလ်ဖြစ်သော ကြောင့်ပင် စကြဝဠာတွေ အနန္တရှိသော်လည်း ဤစကြဝဠာမှာသာ ဖြစ်၍ ဤစကြဝဠာ၌လည်း လူ့ဘုံ၌သာ လူ့ဘုံမှာလည်း တောင်ကျွန်း မဇ္ဈိမဒေသ၌သာ ယှဉ်ဖွယ်ရာမရှိပဲ တဆူတည်း ထူးခြားစွာ ပေါ်ထွန်းရလေသည်။

၇-ပုရိသဒမ္မသာရထိ ဂုဏ်တော်
သို့မဟုတ်
အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

ပုရိသဒမ္မသာရထိ အဖွင့်။ ။ပုရိသဒမ္မ=ဆုံးမထိုက်သော သတ္တဝါတို့ကို။ သာရထိ=ဆုံးမတော် မူတတ်၏။ ဤ၌

ဂုဏ်တော်ဆယ်ပါးအဖြစ် အနုတ္တရကို သီးခြားယူခဲ့၏။ ဂုဏ်တော်ကိုးပါးအရဆိုလျှင် အနုတ္တရော ပုရိသဒမ္မသာရထိ ဟု နှစ်ပုဒ်တွဲကာ ဂုဏ်တော်တပါးယူ။ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ အတုမရှိ အသာဆုံးဖြစ်သည်ဟု ဆိုလို၏။ လောကဝိဒူဂုဏ်တော်အရ လောကကိုသိခြင်းမှာ ဤအနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်ကြီးကို ရခြင်း၏အကြောင်းပင်ဖြစ်၏။ အထူးသဖြင့် သတ္တဝါတို့၏ အတွင်းစိတ်ခံအမျိုးမျိုးကို အသေအချာ သိခြင်းမှာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမနည်းပေးရာ၌ အလွန်ပင် ထိရောက်လှပေသည်။ မှန်၏။ ရောဂါ၏လက္ခဏာကို မသိပဲ ဆေးပေးလျှင် အနာတခြား ဆေးတလွဲဖြစ်ကာ လူနာမှာ ရောဂါမပျောက်ပဲ တိုး၍ပင် လာတတ်သေး၏။ ရောဂါ၏လက္ခဏာနှင့် သူနာ၏စိတ်ခံသိသော ဆရာသာ အနာနှင့်ဆေး တည့်အောင်ပေးနိုင်၏။

ကိလေသာတို့ကား တကယ့် အနာရောဂါများတည်း။ ဆိုးဝါးသော ကာယကံမှု, ဝစီကံမှု, မနောကံမှုများမှာ ထိုကိလေသာအနာရှိ၍ ဖြစ်သော ဖောက်ပြန်မှုများပင်တည်း။ "ပုထုဇ္ဇနော ဥမ္မတ္တကော" အရ ပုထုဇဉ်မှန်သမျှ အရူးချည်းဟု အဆိုရှိခဲ့ရာ ထိုအရူးထခြင်း မှာလည်း ကိလေသာအနာ၏ ဖောက်ပြန်မှုပင် ဖြစ်တော့သည်။ တရားဆေးတော်အချိုးမျိုး လက်ကိုင်ရှိတော်မူသော ဗုဒ္ဓရှင်တော်မြတ်ကား ကိလေသာအနာတို့၏ အငုပ် အတက်, အနည်း, အများ စသော အတွင်း အခြေအနေမှန်ကို ကြေနံသိတော်မူရာ ပေးသမျှ စိတ်ခိုက်လျက် ဘယ်မျှရိုင်းနေသူဖြစ်စေ ယဉ်ကျေးရတော့သည်သာ။ သတ္တဝါတို့၏စိတ်ခံကို ပိုင်ပိုင်နိုင်နိုင် မသိကြသော သာဝကတို့၌ တခါတရံ တရားနှင့် စိတ်ခံစရိုက်မတိုက်ပဲ လွဲ့သာအခါ ရှိတဘ်သော်လည်း (လောကဝိဒူအဖွင့်ကြည့်) စိတ်ခံကို ပိုင်နိုင်စွာ သိတော်မူသောဘုရားရှင်၌ ထိုသို့ လွဲသည်ဟု မရှိပေ။ သာဝကတို့ ဆုံးမ၍ခရီးမရောက်သူကား ဘုရားမြတ်ထံ ရောက်လာသောအခါ ခရီးရောက်၍ အပြီးမြောက် ယဉ်ကျေးသူ ဖြစ်တော့သည်။ ထို့ကြောင့် "အနုတ္တရော ပုရိသဒမ္မသာရထိ = သတ္တဝါတို့ ယဉ်ကျေး

အောင် ဆုံးမရာ၌ အတုမရှိ စွမ်းတော်မူသော ပုဂ္ဂိုလ်မြတ်ပါပေ" ဟု တလောကလုံးက အံ့ချီးဂုဏ်တင် ဦးထိပ်ရွက် ပန်ဆင်ခဲ့ရပေသည်။

အမျိုးမျိုးဆုံးမပုံ။ ။သတ္တဝါတို့ကို ဆုံးမတော်မူရာ၌ အနုအားဖြင့်ရှင်း, အကြမ်းအားဖြင့်ရှင်း, အနု အကြမ်း နှစ်မျိုး အားဖြင့်ရှင်း သင့်လျော်သလို ဆုံးမတော်မူ၏။ ဒေဝဒတ် နည်းညွှန်ချက် အရ အဇာတသတ်မင်းက နာဠာဂိရိဆင်ကြီးကို အရက်မူးအောင် အလွန် အကျွံ တိုက်ပြီးလျှင် တပည့်သံဃာများနှင့် ဆွမ်းခံကြွလာသောဘုရားရှင်ထံ လွှတ်လေရာ ဘုရားရှင်၏ မေတ္တာတော်စွမ်းအားကြောင့် ဆင်ကြီးမှာ ဘုရားရှေ့ ဒူးတုပ်လာ၏။ ထို့နောက် ဘုရားရှင် တရားဟော၍ ဆင်ကြမ်း ကြီးမှာ ဆင်လိမ္မာအဖြစ်သို့ ရောက်ရသည်။ လူအများ တအံ့တသြ ပြောစမှတ်ပြုရသည်မှာ "တုတ်တွေ ချွန်းတွေ ကြိမ်လုံးတွေနှင့် သူတကာ ဆုံးမ မရသော ဆင်ကြီးကို တုတ်မပါ လက်နက်မပါ လိမ္မာယဉ်ကျေး အောင် ဆုံးမတော်မူနိုင်ပါပေသည်"ဟူ၍ ဖြစ်ပေသည်။

ဘုရားရှင်သည် သစ္စက အမည်ရှိသော ပညာရှိ မာန်ကြီးသူ အချို့တို့ကို ခပ်ကြမ်းကြမ်း ပြောဆိုနှိမ့်ချ ဆုံးမတော်မူရ၏။ ဝါဒပြိုင်လာသောအခါ အချို့ပညာရှိတို့ကို သူတို့ဝါဒ နှိမ့်ကျအောင် နှိမ့်ချပြီးမှ သာယာညှင်း ပျောင်းစွာ တရားပြ၍ ဆုံးမရ၏။ ဗကဗြဟ္မာစသော အချို့ တန်ခိုးကြီး နတ်ဗြဟ္မာများကို တန်ခိုးပြိုင်ကာ ဆုံးမရသည်လည်း ရှိ၏။ တခါက ကေသိမည်သော မြင်းဆရာတဦး ဘုရားရှင်ထံရောက်လာရာ "မြင်းတို့ကို မည်သို့ဆုံးမသနည်း ကေသိ"ဟု မေးတော်မူ၏။ "တပည့်တော် အနု နည်းဖြင့်လည်း ဆုံးမပါသည်၊ အကြမ်းနည်းဖြင့်လည်း ဆုံးမပါသည်၊ အကြမ်း,အနု နှစ်မျိုးစုံဖြင့်လည်း ဆုံးမပါသည်၊ ဘယ်နည်းနှင့်မျှ ဆုံးမ မရသောမြင်းကိုမူ သတ်ပစ်လိုက်ပါသည်" ဟု လျှောက်ပြီးလျှင် "အရှင်ဘုရားသည် အနုတ္တရောပုရိသဒမ္မသာရထိ ဖြစ်တော်မူရာ သတ္တဝါ တို့ကို ဘယ်ပုံ ဆုံးမပါသနည်း"ဟု လျှောက်၏။

"ကေသိ....ငါဘုရားလည်း သတ္တဝါတို့ကို အနု, အကြမ်း, အနုနှင့် အကြမ်း နည်းလမ်းသုံးမျိုးတို့ဖြင့်ပင် ဆုံးမ၏။ ဘယ်နည်းနှင့်မျှ ဆုံးမ

မရသောသတ္တဝါကိုမူ သတ်ပစ်လိုက်ရသည်”ဟု မိန့်တော်မူရာ“အရှင်ဘုရား မှာ ပါဏာတိပါတကို မပြုကောင်းသည် မဟုတ်ပါလော”ဟု လျှောက်ရာ “အေး မှန်ပေသည်၊ငါ မဆုံးမ မကံမြစ်ပဲ လက်လွှတ်လိုက်လျှင် ထိုသူမှာ သေသည်ပင် မည်တော့သည်”ဟု မိန့်တော်မူ၏။ (အံ-၁၊ကေသိသုတ်-၄၂၇)

အားကျဖွယ် ပရိသတ်။ ။ယခုခေတ် အဆုံးအမကောင်းသော ဆရာ၏ တပည့်များမှာ ယဉ်ကျေးသိမ်မွေ့၍ အချိုးကျလှ၏။ ယဉ်ကျေးသော တပည့်ပရိသတ်တို့ကို မြင်ရသူတို့မှာ ဆရာ၏ ဆုံးမပုံပြင်ကောင်းပုံကို အားရကြမြဲတည်း။ လက်ထက်တော်က ဗုဒ္ဓပရိသတ်မှာ ဘုရားအဆုံးအမခံရ၍ အလွန်ယဉ်ကျေးနေခဲ့ရာ ထိုပရိသတ်မျိုးကို ကြုံရသူတိုင်း ဘုရားရှင်၏ အဆုံးအမ အလွန်ကောင်းပုံကို ပြော မဆုံးဖြစ်ရ၏။ အဇာတသတ်မင်းသည် ခမည်းတော်ကို ပြစ်မှား, ဘုရားရှင်ကို ပြစ်မှားပြီးနောက် နောင်တ ရရာ ဇီဝက၏ ညွှန်ကြားချက်အရ တခုသော ညချမ်းအခါ သံဃာ့ပရိသတ်များ စုဝေးနေစဉ် ဘုရားရှင်ထံ ရောက်လာ၏။ အလွန် ငြိမ်သက်လှသော သံဃာ့ပရိသတ်ကို မြင်ရသော အခါ မိမိသားတော်ကလေးကို အမှတ်ရ၏။ “ငါ့သားတော်ကလေး ဥဒယဘဒ္ဒသည် ဤယဉ်ကျေးပုံမျိုး, ငြိမ်သက်ပုံမျိုးရှိသူ ဖြစ်ပါစေ”ဟု တောင့်တမိလေသည်။ (ဒီ-၁၊သာမညဖလသုတ် ၄၇)

ကန္ဒရကနှင့် ပေဿ။ ။စမ္ပာပြည် ဂဂ္ဂရာ ရေကန်နား၌ ရဟန်းသံဃာ များနှင့် သီတင်းသုံးနေတော်မူသော ဘုရားမြတ်ထံ ကန္ဒရကပရိဗိုဇ်နှင့် ပေဿမည်သော ဆင်ထိန်းသားတို့ ရောက်လာကြ၏။ ကန္ဒရကသည် ငြိမ်ငြိမ်သက်သက် တိတ်တိတ် ဆိတ်ဆိတ် ခြံရံခစားလျက်ရှိနေကြသော သံဃာ့ပရိသတ်ကို မြင်ရသောအခါ လှည့်ကာ ပတ်ကာ ကြည့်ရှုပြီး လွန်စွာအားရလျက် အံ့ဖွယ်ရာအဖြစ် ချီးကျူး သောစကား လျှောက်ထားခဲ့၏။

ထိုအခါ ဘုရားရှင်က ဤရဟန်းများမှာ ရဟန္တာနှင့် သေက္ခအရိယာများချည်းသာ ဖြစ်ကြောင်း, သူတို့သည် သတိပဋ္ဌာန်တရား လေးပါးတို့၌ စူးစိုက် စွဲမြဲသော စိတ်ရှိသူများ ဖြစ်ကြောင်း မိန့်တော်မူသော် ပေဿ-က "မြတ်စွာဘုရား သတိပဋ္ဌာန်လေးပါး ဟောကြားထားသည်မှာ အံ့ဖွယ်ပင်ဖြစ်ပါသည်။ တပည့်တော်များလည်း ရံခါရံခါ ဤသတိပဋ္ဌာန်တရား လေးပါး၌ ပွါးများစူးစိုက်ကြပါသည်။ ရှုပ်လိမ်ပွေရှက် အသိခက်သော လူများအတွက် အကျိုးရှိ မရှိ တရားများကို မြတ်စွာဘုရား သိနားလည်ပုံမှာ လွန်စွာ အံ့ဩဖွယ်ဖြစ်ပါသည်။ လူများမှာ အသိခက်အောင် ရှုပ်ထွေးသူများဖြစ်၍ တိရစ္ဆာန်များမှာ ဖြောင့်စင်းပေါ်လွင် လှပါသည်။ တပည့်တော်များသည် ဆင်ရိုင်းကို ယဉ်အောင် ဆုံးမနိုင်သူများ ဖြစ်ရာ ဆင်ရိုင်းမှာ စမ္ပာပြည် အသွားအပြန် ခရီးအတွင်း၌ သူလုပ်လိုတာတွေကို မဖုံးမကွယ် မလှည့်ဖျားပဲ ထင်ရှားပြုလုပ်သည်သာ ဖြစ်ပါသည်။ လူများကား ရှုပ်ထွေလှပါ၏။ တိရစ္ဆာန်တို့ကား ပေါ်လွင်လှပါသည်"ဟု လျှောက်ထားလေ၏။

တိရစ္ဆာန်များသည် ကျင်ကြီး စွန့်လိုလျှင် စွန့်လိုက်ကြ, ကျင်ငယ် စွန့်လိုလျှင် စွန့်လိုက်ကြ, ရပ်လိုလျှင် ရပ်လိုက်ကြ, ဘေးဖယ်လိုလျှင် ဖယ်လိုက်ကြနှင့် လုပ်ချင်သမျှ မဖုံးမကွယ် ထင်ရှားပြုကြ၏။ လူများကား ရှေ့တွင်တမျိုး, ကွယ်ရာတမျိုး, စိတ်ထဲကတမျိုး အပြင် အမူအရာကတဖုံနှင့် အလွန် ရှုပ်ရှက်ခတ် နိုင်လှပါသည်ဟု ဆိုလို၏။ ပုထုဇဉ်ကား အရှုပ်အပွေသမားများသာ၊ အရိယာဖြစ်လျှင် အရှုပ်အပွေကင်း၍ ဖြောင့်စင်းသူ ဖြစ်၏။ တကယ် ဖြောင့်စင်းသူ ယဉ်ကျေးသူ အရိယာသံဃာပရိသတ်ကို မျက်မြင်တွေ့ရသော ပေဿ-ကား ဤပုဂ္ဂိုလ်များမှာ ဤသတိပဋ္ဌာန်တရားဖြင့် ယဉ်ကျေးသူတွေ ဖြစ်ကြပါတကားဟု အားရမိရာမှ တရားကောင်း လက်ကိုင်ရှိ၍ ယဉ်ကျေးသူတွေ ဖြစ်အောင် ဆုံးမတော်မူနိုင်သော ဘုရားရှင်၏အဖြစ်ကို ကြည်ညိုမဆုံးဖြစ်ကာ အံ့ဖွယ်ရာအဖြစ် လျှောက်တင်ခြင်းဖြစ်ပေသည်။ (မဇ္ဈိမပဏ္ဏာသ၊ ကန္ဒရကသုတ် ၂)

ကောသလမင်းလျှောက်ပုံ။ ။ပရိသတ်အား ဤမျှ ယဉ်ကျေးအောင် ဆုံးမပုံကို မြင်ရသဖြင့် အတုမဲ့ ဆုံးမတတ်သူ အနုတ္တရောပုရိသဒမ္မသာရထိအဖြစ်ကို ယုံကြည်နိုင်ကြ၏။ ဤအချက်မှာ မဇ္ဈိမပဏ္ဏာသ ဓမ္မစေတိယသုတ်(၃၂၄)၌ ကောသလမင်းကြီး လျှောက်ချက်ဖြင့် ထင်ရှား၏။ မင်းကြီး လျှောက်ပုံမှာ– "မြတ်စွာဘုရား....တပည့်တော်သည် သတ်ဖြတ်နိုင် ဒဏ်တပ်နိုင်သော အာဏာပိုင်တဦးဖြစ်ပါသည်။ သို့ပါလျက် လွှတ်ရုံးတော်မှာ တပည့်တော် စကားပြောစဉ် ဝင်ပြောကြသော ပုဂ္ဂိုလ်တို့ကို "ငါပြောနေစဉ်၊ ဝင်မပြောကြ"နှင့် တားမရခဲ့ပါ။ ရှင်တော်မြတ်ဘုရားသည် ရာပေါင်းများစွာသော တပည့်ပရိသတ်၌ တရားဟောနေသောအခါ ချေဆတ်ယံ, ချောင်းဟန့်သံမျှ မကြားရပါ။ တခါက အရှင်မြတ် တရားဟောနေစဉ် ရဟန်းတပါး ချောင်း ဟန့်မိရာ အနားရှိ ရဟန်းတပါးက ဒူးနှင့်အသာတို့၍ "အရှင် တိတ်တိတ်နေပါ အသံမပြုပါနှင့်၊ ဘုရားရှင် တရားဟောနေပါသည်"ဟု သတိပေးသည်ကို တွေ့ခဲ့ဘူးပါသည်။ တုတ်မပါ လက်နက်မပါဘဲ ဤမျှ ငြိမ်သက်အောင် ဆုံးမနိုင်သည်ကို တပည့်တော် အားရ အံ့သြရပါသည်။ ဤမျှ ယဉ်ကျေး သိမ်မွေ့ တည်ငြိမ်သော ပရိသတ်မျိုးကို အရှင်ဘုရား သာသနာတော်မှတပါး တခြား ဘယ်နေရာမှာမျှ မတွေ့ရဘူးပါ။ ထို့ကြောင့် ရှင်တော်မြတ်၏ ဘုရားစစ် ဘုရားမှန် ကောင်းဖြစ်သည်၏ အဖြစ်ကို မှန်းဆ ကြည်ညိုနိုင်ပါသည်"ဟု လျှောက်ထားလေသည်။

ပရိသတ်ကို ကျေနပ်တော်မူပုံ။ ။မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး စည်းဝေးခစားလျက် ရှိနေသော ရဟန်းပရိသတ်ကို မိန့်တော်မူသည်မှာ "ရဟန်းတို့... ဘုရား, တရား, သံဃာ၌ဖြစ်စေ, မဂ်၌ဖြစ်စေ, အကျင့်၌ဖြစ်စေ ယုံမှားရှိကြမူ မေးသာ မေးကြ၊ ဘုရားကို မျက်မြင်တွေ့ပါလျက် တို့တတွေ မမေးမလျှောက်ခဲ့မိလေခြင်းဟု နောက်မှ နောင်တ မဖြစ်ကြစေနှင့်"ဟူ၏။ ရဟန်းတပါးမျှ မမေးပဲရှိရာ "ငါဘုရားကို လေးစားကြောက်ရွံ့၍ မမေးဝံ့ဖြစ်ခဲ့လျှင် အနီးအပါး မိတ်ဆွေရဟန်း တပါးပါးကို တဆင့်ပြောကြား မေးမြန်း

ခိုင်းလေ”ဟု မိန့်တော်မူသော်လည်း ရဟန်းတပါးတလေမျှ မမေး မလျှောက်ကြ။

ထိုအခါ အရှင်အာနန္ဒာက “ဤမျှ များပြားသော ပရိသတ်ထဲမှာ တပါးတလေမျှ ဘုရား, တရား, သံဃာ, မဂ်, ပဋိပတ်၌ ယုံမှားမရှိဟု တပည့်တော် ယုံကြည်ပါသည်၊ အံ့ဖွယ်ရှိပါပေစွဘုရား”ဟု လျှောက်ထား ခဲ့သော် “အာနန္ဒာ....သင်ကား ယုံကြည်ချက်အရ လျှောက်ထားခြင်း ဖြစ်၍ ငါဘုရားကား ဤရဟန်းတွေ ယုံမှားမှုမရှိဟု အတိအကျ သိတော်မူကြောင်း, ဤပရိသတ်၌ အညံ့ဆုံးရဟန်းမှာ သောတာပန်ဖြစ်ကြောင်း” မိန့်တော်မူ၏။ (ဒီ ၂၊ မဟာပရိနိဗ္ဗာနသုတ် ၁၂၇)

ရှင်တော်ဘုရားကား ပရိနိဗ္ဗာန်စံဝင်ခါနီး မိမိပရိသတ်ကို ကျေနပ် အားရတော်မူသည်နှင့်အမျှ ရှေးခေတ် ခုခေတ် ထိုအဖြစ်ကို ကြားရသူ တိုင်းက ဗုဒ္ဓမြတ်စွာ၏ “အနုတ္တရော ပုရိသဒမ္မသာရထိ” အဖြစ်ကို နှစ်နှစ် ကာကာ ကြည်ညိုအားရကြပါသည်။

၈-သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်

သတ္ထာဒေဝမနုဿာနံ အဖွင့်။ ။ဒေဝမနုဿာနံ=နတ်လူတို့၏။ သတ္ထာ= ဆရာ။ အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော် အရ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော ကြောင့်ပင် “သတ္ထာ ဒေဝမနုဿာနံ=နတ်လူတို့၏ ဆရာ” ဟူသော ဂုဏ်တော်ကြီးကို ရတော်မူ၏။ ဘုရားရှင်၏ အဆုံးအမခံရ၍ ယဉ်ကျေး လာသော နတ်ဗြဟ္မာတို့က တို့ဆရာပဲဟု အသံစွဲ မြတ်နိုးဂုဏ်ပြု အသိ အမှတ်ပြုရာမှ ဤဂုဏ်တော်ကြီးမှာ ကမ္ဘာလောကတွင် ပွဲတင်ခတ် ကျော် စောလာခြင်း ဖြစ်၏။ လောကဆရာတို့ထံမှ ရသောပညာမှာ တဘဝစာ အတွက်သာ။ သံသရာဝဋ်ဒုက္ခမှ လွတ်စေနိုင်သည်လည်း မဟုတ်။ ကမ္ဘာများစွာ ဖန်ခါခါ ရလာခဲ့ဘူးသော ပညာမျိုးဖြစ်ရာ ထူးဆန်းလှ သည်လည်း မဟုတ်။ ဘုရားရှင်ပေးသော ပညာမှာ သံသရာ ဒုက္ခတွေ သိမ်းဖို့ အငြိမ်းခတ် သုခကို ရကြောင်း သိကြောင်း ပညာဖြစ်ရာ ဘဝ

များစွာက တခါမျှ မကြုံခဲ့ဘူးသော ထိုအငြိမ်းခေတ်ကို တွေ့ရသောအခါ ဘယ်ဆရာအပေါ်မှ မဖြစ်စဘူး ထူးကဲသော မြတ်နိုးမှုမျိုးဖြင့် ဆရာအစစ်အဖြစ် မြတ်နိုးကြ၏။ လောက၌ မိမိဆရာက တော်သလို လျော်သလို ဖြစ်ခဲ့လျှင် ငါ့ဆရာပဲဟု ညွှန်ပြရန် ဝန်လေးတတ်ကြ၏။ ဆရာက အသင်အပြ ကောင်း၍ အကျင့်ကောင်း ဂုဏ်ကောင်းရှိလျှင် မိမိဆရာအဖြစ် ရဲရဲ့စွာ ထုတ်ဖော်နိုင်ကြ၏။ ဘုရားရှင်ကား အတုမရှိသော နည်းညွှန်လမ်းပြ ဖြစ်သည့်ပြင် သူမတူသော အကျင့်များ ဂုဏ်များဖြင့် ထင်ရှားခဲ့ပြန်ရာ ထိုခေတ် တပည့်သာဝကများမှာ မျက်နှာကိုမော့ ရင်ကိုကော့ကာ မိမိတို့ဆရာအဖြစ် ရဲရဲ့စွာ တင်ပြနိုင်ကြ၏။ ဘာ့ကြောင့်နည်း၊ မိဖသို့ မေတ္တာ ကရုဏာမျိုးကိုလည်း ရရှိ၏၊ ဥစ္စာအမွေထက် ထူးမြတ်သော ပညာအမွေကိုလည်း ခံရ၏။ လောက၏ ဆရာဖြစ်သော ဘုရားမြတ်ကား သတ္တဝါတို့၏ ဆင်းရဲကြောင်း ဆင်းရဲရပုံ အစုံစုံကို ဉာဏ်ဝင်စား ဆင်ခြင်သော မဟာကရုဏာ သမာပတ်ကို အထပ်ထပ် အခါခါ မကြာမကြာ ဝင်စား သနားတော်မူလျက်ရှိရာ ဘယ်ဆရာ မိဖမှ မထားနိုင်သော မေတ္တာကရုဏာကိုလည်း ထားတော်မူ၏။ ဘယ်ကာလက ဘယ်သူမျှ မပေးနိုင်ခဲ့သော ထူးမြတ်သော လောကုတ္တရာအမွေကိုလည်း နှင်းခဲ့၏။ ထို့ကြောင့်ပင် ဘုရားတပည့် တပည့်များစွာ အရိယာတို့မှာ "ငါ ဘုရားသားတော်ဟေ့၊ ငါ ဘုရား သမီးတော်ဟေ့"ဟု လည်မော့ကာ ဝင့်ဝင့်ကြွားကြွား မြွက်ကြွားနိုင်ပေသည်။

လေးနက်သော ဆရာအဖြစ်။ ။ထို့ပြင် ဘုရားရှင်၏ ဆရာအဖြစ်ကား လေးနက်လှပါ၏။ လောကဆရာများသည် လာဘ်ပူဇော် သက္ကာရ အကျော်အစောကို လိုလားတတ်ကြ၏။ ကိုယ်ကျိုးကို ငဲ့ကြသေး၏။ ဘုရားရှင်ကား အလောင်းတော်ဘဝ ပါရမီတွေ ဖြည့်စဉ်ကပင် လာဘ်စသည်ကို မလိုလား၊ တရားကိုသာ အလေးပေးခဲ့၏။ ထိုးနန်းစည်းစိမ်တွေ စွန့်ကာ တောထွက်လာသည့် အခါက စ၍ မည်သည့် လာဘ်သပ်ပကာ ကျော်စော ထင်ရှားမှုကိုမျှ အရေးမထားခဲ့၊ ဘုရားဖြစ်သော အခါကား ဆိုဖွယ်ရာ မရှိပြီ။ ဗုဒ္ဓကိစ္စ ပြီးခဲ့ပြီဖြစ်ရာ

ကိုယ်ကျိုးအတွက် လုံးဝမရှိတော့ပေ။ သတ္တဝါများ အတွက်သာ တသန့်ထားခဲ့ရာ နေ့မအား ညမအား ကြိုးစား နည်းပြုခြင်းဖြင့်သာ အချိန်ကုန်လွန်တော်မူခဲ့၏။ လောကဆရာများကား မိမိထံရောက်လာသော တပည့်များကိုသာ သင်ကြားကြ၏။ ဘုရားရှင်ကား မိမိထံ ရောက်လာသော တပည့်များသာမက အပြည်ပြည် အရွာရွာသို့ အရောက်ကြွကာ ဟောပြတော်မူခဲ့၏။ နေ့စဉ် ကျွတ်ထိုက်သော သတ္တဝါတွေကို ဂရုစိုက်ကြည့်တော်မူလေ့ရှိ၏။ ကျွတ်ထိုက်သော သတ္တဝါတွေလျှင် ဘယ်လောက်ပင် ဝေးဝေး၊ ဘယ်နေရာမဆို၊ ယုတ်စွအဆုံး အညစ်အကြေးစွန့်ပစ်ရာ လှူမသွားချင်သော အရပ်များပင်ဖြစ်ဖြစ် ကြွတော်မူ၏။

တခါတခါ ကန်ဒိုးဖြင့်ကြွ၍ တရံ တခါ ခြေကျင်ပင် လျှောက်တော်မူ၏။ အချို့ ကျွတ်ထိုက်ဖို့ နီးသော သတ္တဝါဆိုလျှင် နီးနီးကပ်ကပ်တယုတယပင် စောင့်ရှောက်နည်းပေး၏။ အချို့အဝေးမှပင် ရောင်ခြည်တော်လွှတ်၍ အားပေး၏။ အဝေးမှပင် တရားပြတော်မူ၏။ မိုးလင်းခါနီး ကောကလေးမျှ ကျိန်းစက်ချိန်ရှိ၍ နေ့ရောညဉ့်ပါ သတ္တဝါများကို နည်းလမ်းညွှန်ပြ ဆုံးမခြင်းဖြင့် လေးဆယ့်ငါးဝါပတ်လုံး ကြိုးစားတော်မူခဲ့သော ဗုဒ္ဓရှင်တော်၏ ဆရာအဖြစ်မှာ ဘယ်မျှ အားရ ကြည်ညို ရှိသေလေးစားဖွယ် ကောင်းလှပါသနည်း။

သတ္ထာ၏ အနက်တမျိုး။ ။"သတ္ထ"သည် ကုန်သည်တို့၏ အကြီးအမှူး ဦးစီးခေါင်းဆောင်ကိုလည်း ဟော၏။ ထိုကုန်သည်အကြီးအမှူး ဦးစီးခေါင်းဆောင်နှင့် တူသောကြောင့်လည်း မြတ်စွာဘုရားကို သတ္ထာဟု ဆိုရပြန်သည်။ အသွားအလာ ခက်ခဲသော ခရီးကို ကန္တာရ (=ခရီးခဲ)ဟုခေါ်၏။ ထိုကန္တာရမှာ ခြင်္သေ့၊ သစ်၊ ကျားစသော သားရဲပေါ်သော ကန္တာရ၊ ရေရှား အစာရှားသော ကန္တာရ၊ ဘီလူးပေါ်သောကန္တာရ၊ သူခိုးခားပြ ပေါ်သော ကန္တာရဟုရှိရာ ရှေးကကုန်သည်များသည် လှည်းဖြင့် ထိုကန္တာရများကို ဖြတ်ကျော်သွားရသောအခါ လိမ္မာသော ဦးစီးခေါင်းဆောင်ကောင်းလို၏။ ခေါင်းဆောင် လိမ္မာလျှင် ကန္တာရနှင့် မကြုံတွေ့ရအောင်၊ အခန့်မသင့်၍

ကြုံရပြန်လျှင်လည်း ငယ်သားများကို ဘေးရန်ကင်းအောင် စောင့်ရှောက် ကယ်တင်တတ်၏။ ဇာတ်တော်၌ ဒေဝဒတ်အလောင်း ကုန်သည်ကြီး ခေါင်းဆောင်သော လှည်းငါးရာနှင့် ဘုရားအလောင်း ကုန်သည်ကြီး ဦးစီး ခေါင်းဆောင်သော လှည်းငါးရာတို့ ဘီလူးပေါသော ကန္တာရနှင့် ကြုံရသောအခါ ဒေဝဒတ် ခေါင်းဆောင်သော လှည်းငါးရာမှ လူနှင့် နွားများမှာ ဘီလူးအစာ ဖြစ်ရ၏။

ဘုရားအလောင်း ခေါင်းဆောင်သော လှည်းငါးရာမှာ ချမ်းသာစွာ ဘေးရန်ကင်းသော နယ်မြေသို့ ရောက်ကြရ၏။ ထို့အတူ သံသရာကား ပဋိသန္ဓေ အို နာ သေရေး ဘေးအမျိုးမျိုး ထူပြောလှသော ကန္တာရ ကြီးတည်း။ ထိုကန္တာရတွင် ကျင်လည်ကြရသော သတ္တဝါများကား ဘေးရန်အမျိုးမျိုး ကြုံတွေ့နေရသော ဒုက္ခသည်များသာတည်း။

ဘုရားရှင် ဦးစီးခေါင်းဆောင်သော သတ္တဝါများကား ထိုကန္တာရကို လွန်မြောက်နိုင်ကြ၍ ဘေးကင်းသော နယ်မြေဖြစ်သည့် သန္တိသုခ နိဗ္ဗာ-န ဓာတ်သို့ ဆိုက်ရောက် ကြရ၏။ ထို့ကြောင့် ဘုရားရှင်ကို ကန္တာရမှ ကယ်တင် စောင့်ရှောက်တတ်သော ကုန်သည် ဦးစီးပမာပြု၍ "ဒေဝ-မနုဿာနံ၊ နတ်လူတို့၏။ သတ္ထာ၊ ဦးစီးခေါင်းဆောင် ကုန်သည်ကြီးနှင့် တူတော်မူသော မြတ်စွာဘုရား"ဟု ဂုဏ်ပြု ချီးကျူးကြပေသည်။

၉-ဗုဒ္ဓ ဂုဏ်တော်

ဗုဒ္ဓအဖွင့်။ ။ ဗုဒ္ဓ=သစ္စာလေးပါးတရားကို သိသည်၊ သိစေသည်။

"သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ=အလုံးစုံသော တရားတို့ကို သိတော်မူသောကြောင့်လည်း ဗုဒ္ဓ"ဟု ဆိုနိုင်၏။ သို့သော် "စတုသစ္စ-ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ=သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ"ဟူသည်အရ တရားအားလုံး သစ္စာလေးပါး၌ ပါဝင်သည်ချည်း ဖြစ်ရာ သစ္စာလေးပါးကို သိသည်ဆိုသဖြင့် တရားအကုန် သိသည်ဟူသော အနက်လည်း ပြီး၏။ သစ္စာမသိပဲ အရိယာ, ရဟန္တာ, ပစ္စေက-ဗုဒ္ဓ, ဗုဒ္ဓဟူ၍ ဖြစ်သည်မရှိ၊ သစ္စာအားလုံးကို သိခြင်းဖြင့်သာ ဖြစ်ကြရ

၏။ သစ္စာသိရာ၌ အချို့မှာ သစ္စာ သိရုံမျှရှိ၍ အချို့မှာ ပဋိသမ္ဘိဒါ၊ အဘိညာဉ်၊ သမာပတ်စသော ဂုဏ်ထူးများကိုလည်း တပါတည်းရကြ၏။ ဘုရားရှင်လည်း သစ္စာသိသော အရဟတ္တမဂ်နှင့် ဖိုလ်၏ အခြားမဲ့၌ပင် သဗ္ဗညုတဉာဏ်တော်ကြီးကို ရ၏။ ဒသဗလခေါ် ဘုရားအား ဉာဏ်တော်ဆယ်ပါး၌လည်း အပြီးတိုင် ပေါက်ရောက်၏။

အခြား အသာဓာရဏ (=သူတပါးနှင့် မဆိုင်သော) ဂုဏ်တော်၊ ဝေသာရဇ္ဇဉာဏ်တော် စသော ဘုရားသာ ရသော ဗုဒ္ဓဂုဏ်တော် အားလုံးကိုလည်း ရတော်မူ၏။ ထို့ကြောင့်ပင် သစ္စာသိကြသော်လည်း သစ္စာသိခြင်းကြောင့် ရအပ်သော ဂုဏ်ချင်းမှာ အလွန်ကွာခြားလှသောကြောင့် ဗုဒ္ဓဟူသော အမည်တော်မှာ အခြားပုဂ္ဂိုလ်များနှင့် မဆိုင်တော့ပေ။ မှန်၏၊ ဗုဒ္ဓဟူသော အမည်တော်မှာ မယ်တော် ခမည်းတော်တို့က မှည့်ရသည်လည်း မဟုတ်၊ အစ်ကို၊ အစ်မ မိတ်ဆွေဉာတိ၊ ရဟန်းပုဏ္ဏား၊ နတ်ဗြဟ္မာတို့က မှည့်ရသည်လည်း မဟုတ်၊ အရဟတ္တမဂ်ဖိုလ်၏ အဆုံး၌ ဖြစ်လာသော သဗ္ဗညုတဉာဏ်တော်ကို ဗောဓိပင်ရင်း၌ ရသည်နှင့်တပြိုင်နက် တရားအလုံးစုံ သိခြင်းကြောင့်ဖြစ်သော အမည် ပညတ်တော်ဖြစ်ကြောင်း၊ မဟာနိဒ္ဒေသပါဠိ (၃၆၃)၌ ဟောတော်မူသည်။ လောက၌ ပစ္စည်းဥစ္စာ များစွာရှိသူကို သေဋ္ဌိ (=သူဌေး)ဟု ၎င်း၊ ပညာကြီးသူကို ပဏ္ဍိတ (=ပညာရှိ)ဟု၎င်း မိမိသူတပါးက မှည့်ပေးရသည်မဟုတ်ပဲ သူ့ဂုဏ်အရ တွင်လာခြင်းဖြစ်သကဲ့သို့ သဗ္ဗညုတ ဉာဏ်တော်ကြီးကြောင့် အလိုလို တွင်လာရသော အမည်တော်ကြီးဖြစ်ရာ သစ္စာသိရုံမျှဖြင့် ဗုဒ္ဓဟူသော အမည်ကို လောကက အသိအမှတ် မပြုကြပါ။

ဗုဒ္ဓ၏အနက်တမျိုး။ ။ဗုဒ္ဓ၏ အခြားအနက်များလည်း ရှိသေး၏။ 'ဗုဓ' မှ သဒ္ဒါနည်းအရ 'ဗုဒ္ဓ' ဖြစ်လာရာ 'ဗုဓ'သည် သိခြင်းသာမက နိုးခြင်းအနက်လည်း ဟောသေး၏။ အိပ်ပျော်ရာမှ နိုးသူဟု အဓိပ္ပါယ်ရ၏။ မောဟ မကင်းသေးလျှင် အိပ်ပျော်နေသူပင် ဖြစ်၏။ အိပ်ပျော်နေသူမှာ ဘာမျှ မသိရသကဲ့သို့ မောဟရှိသူမှာ တရား

အမှန်ကို မမြင်ရသောကြောင့် တကယ် အအိပ်ကြီး အိပ်နေသူသာတည်း။ ဘုရားရှင်ကား အအိပ်ကြီး အိပ်ပျော်နေသော လောကသားထဲမှ အရဟတ္တမဂ်ဖြင့် မောဟကို ဖျက်ဆီးနိုင်သောကြောင့် ပဌမဆုံး နိုးကြားတော်မူသော ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။

လောက၌ အတူအိပ်နေသူထဲမှ ပဌမဆုံး နိုးသူသည် ကျန်သူတွေ အအိပ်မလွန် အောင် နှိုးပေးသကဲ့သို့ ပဌမဆုံး နိုးတော်မူသော ရှင်တော်မြတ်သည် အအိပ်ကြီး အိပ်လျက်ရှိသော သတ္တဝါတို့ကို နှိုးပေးတော်မူရာ အိပ်ပျော်ရာမှ နိုးကြသူတို့မှာ ဂဏန်းမထိုးနိုင်တော့ပေ။ ဘုရားရှင် နှိုးပေးတော်မူချက်အရ နိုးလာရ၍ အားရလျက်ရှိသော သတ္တဝါတို့က "ဗုဒ္ဓ =နိုးလာသော ပုဂ္ဂိုလ်မြတ်ပါပေ" ဟု ဂုဏ်တင်ရာမှ ထိုအမည်မှာဗုဒ္ဓ မြတ်စွာ၌သာ တွင်လာရာ နောက်မှ နိုးရသူတို့က ထိုအမည်ကို မခံဝံ့ မခံရဲ ကြတော့ပေ။

ပွင့်တော်မူသည်း ။ဗုဓ-သည် ဝိကသန=ပွင့်ခြင်း အနက်လည်း ဟော၏။ ဤအလို ဗုဒ္ဓ=ပွင့်တော်မူသော ဘုရားဟု ဆိုလို၏။ အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြစ်ခြင်းကိုပင် ပွင့်သည်ဟု ဆိုရ၏။ သစ်ပင်များ၌ ပွင့်စေတတ်သော ဓာတ်သတ္တိရှိနေ၏။ ထိုဓာတ်သတ္တိအရှိန်မှာ မြေ,ရေ,နေပူစသော အကူအပံ့ဖြင့် တရွေ့ရွေ့ တိုးတက် လာခဲ့ရာ နောက်ဆုံး ပွင့်လောက်အောင် အရှိန်ကောင်းလာသော တနေ့၌ အကင်းအငုံ ထွက်ကာ ပွင့်လာရလေတော့သည်။ အလောင်းတော်ဘဝက ပါရမီတွေ ဖြည့်နေရသည်မှာ ပွင့်စေတတ်သော ဓာတ်သတ္တိအရှိန်တက်အောင် ပြုပြင်နေရခြင်းပင်၊ နောက်ဆုံးဘဝမှာ ဓာတ်သတ္တိ အရှိန်အကောင်းဆုံးဖြင့် ငုံကင်းထွက်လာခြင်းပင်။ တောထွက်၍ တရားအားထုတ်သောအခါကား အဖူးအတံ အတော်ကြီး ထွက်လာသော အချိန်ပေ။ ဗောဓိပင်နှင့် ရွှေပလ္လင်၌ အရဟတ္တမဂ်ဖိုလ်ရခြင်းမှာ ကားကားစွင့်စွင့် ကြွားကြွားဝင့်လျက် ပွင့်လာခြင်းပင်တည်း။ ဗုဒ္ဓဂုဏ်တော် အထပ်ထပ် ချပ်လွှာတွေ ရံကာ တင့်တယ်စွာ ပွင့်လာသော ထိုရှင်တော်မြတ် ပန်းပွင့်တော်ကြီး၏ ရနံ့မှာ သောင်းလောကဓာတ် နတ်ပြဟ္မာတွေ အရပ်ရပ်ကို တခဏခြင်း ပျံ့

နှံ့ သွားရာ အားရမဆုံး ကြည်နူး ရွှင်ပျော်မဆုံး ဖြစ်ကြရ၏။ တစ တစ လူ့ ပြည့်အရပ်ရပ် ပျံ့နှံ့ သွားသည့်ပြင် ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရ တအား ပီတိ ဖြစ်ရသူတို့က အတုမရှိ ပန်းပွင့်တော်ကြီးဟု အသီးသီးဂုဏ်တင် ကြည်ရွှင်အားရ ချီးကျူးထောမနာရပေသည်။

၁၀-ဘဂဝါ ဂုဏ်တော်

ဘဂဝါအဖွင့်။ ။ဘဂ=ဘုန်းတော်များ။ ဝါ=ရှိသည်။ သူတပါးထက် သာလွန်ကဲသော ဘုန်းတော်များရှိသော ဘုရားဟု ဆိုလို၏။ရှေးကောင်းမှုကံများကြောင့်ဖြစ်သော အကျိုးဂုဏ်အင်များ**ကို**ဘဂ= ဘုန်းဟု ခေါ် ၏။ ရှင်တော်မြတ်၌ လွန်ကဲထူးခြားစွာ ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီစု ကောင်းမှုအစွမ်းကြောင့် သူတကာထက် သာလွန်သော ဘုန်းတော်များ ရတော်မူသည်။ ထိုဘုန်းတော်များကို "ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ" ဟု ခြောက်ပါး ခွဲပြ၏။ထိုတွင် ဣဿရိယ ကား အစိုးရခြင်းတည်း။ ဘုရားရှင်ကား စက်ဆုပ်ဖွယ်အာရုံကို စက်ဆုပ်ဖွယ်မရှိသည်၏ အဖြစ်ဖြင့် ရှုနိုင်၏။ စက်ဆုပ်ဖွယ်မရှိသော အာရုံကို စက်ဆုပ်ဖွယ်အဖြစ် ရှုနိုင်၏။ စက်ဆုပ်ဖွယ်, မစက်ဆုပ်ဖွယ် အာရုံမှန်သမျှကို ဥပေက္ခာပြု လျစ်လျူရှုနိုင်၏။ ထိုသို့ ဣဋ္ဌ, အနိဋ္ဌ အာရုံအမျိုးမျိုးကို လိုသလိုရှုရန် မိမိစိတ်တော်ကို လွန်စွာ အစိုးရတော်မူ၏။ ဤသို့ စိတ်တော်ကို အစိုးရခြင်းကိုလည်း "ဣဿရိယ" ဘုန်းတော်ဟု ဆိုအပ်၏။

ဘုန်းတော်ရှစ်ပါး။ ။ထို့ပြင် "အဏိမာ" **စသော** ဘုန်းတော်ရှစ်ပါးကိုလည်း "ဣဿရိယ" ဘုန်းတော်ဟုပင် **ဆို၏**။ အဏုမြူမျှ သေးငယ်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်ကား '**အဏိမာ**' တည်း။ အလွန် သေးငယ်သော မုံညင်းစေ့ အတွင်းမှ **အဏု**မြူမျှသေးငယ်သော ကိုယ်တော်ကို ဖန်ဆင်းကာ ပရိက္ခရာရှစ်ပါးလွယ်လျက် စကြံ့ကြွတော်မူနိုင်၏။ လေဟုန်ဖြင့် ပျံလွင့်တက်သော ဝါဂွမ်းကဲ့သို့ရင်း, ငှက်များပျံသကဲ့သို့ရင်း, ပေါ့ပါးလျင်မြန်စွာ ကောင်းကင်၌ ခြေကျင်ကြွသွားနိုင်ခြင်းစသော တန်ခိုးတော်ကို 'လဃိမာ' ဆို၏။ ဤ၌ ပေါ့ပုံကို သိစေ

လို၍ ငှက်များနှင့် ပုံပြုသော်လည်း ဘုရားရှင်၏ပေါ်ပုံ လျင်ပုံကား ဘယ်သူမျှ မတုနိုင်ပါ၊ အဘိညာဉ်စိတ်ကြောင့် ဖြစ်သော တန်ခိုးဖြစ်သည်နှင့် အမျှ စိတ်လျင်မြန်သကဲ့သို့ပင် လျင်မြန်ပေါ့ပါးလှပေသည်။ လိုရာအရပ်သို့ ခဏခြင်းရောက်နိုင်သော တန်ခိုးကို 'ပတ္တိ' ဟုခေါ်သည်။ ဘုရားရှင်သည် တရံတခါ မြောက်ကျွန်းသို့ ဆွမ်းခံကြွသည်လည်းရှိ၏။ နတ် ဗြဟ္မာပြည်သို့ ကြွသည်လည်းရှိ၏။ တခြား စကြာဝဠာသို့ကြွ၍ ထိုအရပ်က မင်းများပုံဟန်ဖြင့် တရားဟောသည်လည်း ရှိ၏။ ဘယ်မျှဝေးသော အရပ်ဖြစ်စေ လျင်မြန်စွာ ခဏချင်း ရောက်နိုင်သည်။ ကိုယ်တော်မြတ် အလိုရှိရာ ပုံသဏ္ဌာန် အသွင် အမျိုးမျိုးကို လိုသလို ဖန်ဆင်း ပြီးမြောက်နိုင်သော တန်ခိုးတော်ကား 'ပါကမ္ဗ' ဘုန်းတော်တည်း။ ကိုယ်တော်ကို ကြီးမားလိုသလောက် ကြီးမားအောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်ကို 'မဟိမာ' တန်ခိုးတော်ဆိုသည်။ 'ဤသိတာ' ကား အစိုးရသော ဘုန်းတော်တည်း။ ဘုရားရှင်အလိုတော်ကား သတ္တဝါတို့ကို မဂ်ဖိုလ်နိဗ္ဗာန်ရစေလို၏။ ရရန် ကျင့်စေလို၏၊ လိုက်နာစေလို၏၊ ထို အဖြစ်မျိုးရောက် ကိုယ်တော်အလို ပြီးမြောက်အောင် ဆွဲဆောင်ရာ၌ မပါမရှိ အလိုသို့လိုက်ပါသည်ချည်းဖြစ်ရာ သတ္တဝါတို့ကို လွန်စွာ စိုးပိုင်တော်မူခဲ့သည်။ ကျဒ္ဓိဝိဓ ဆိုင်ရာ တန်ခိုးအမျိုးမျိုး ဖန်ဆင်းရာ၌ အလွန်နိုင်နင်း ကျွမ်းကျင်သည်၏ အဖြစ်ကို 'ဝသိတာ' ဘုန်းတော်ခေါ်သည်။ ကောင်းကင်ပျံ့ မြေလျှိုးစသော တစုံတခုသော ကိစ္စပြုရာ၌ ပြီးဆုံးစေချင်သော် မကောင်မကျ မရှိစေခဲ့ပဲ ပြီးဆုံးစေနိုင်ခြင်းကို 'ယတ္ထကာမာဝသာယိတာ' ဘုန်းတော် ဟုဆိုအပ်၏။

ဘုန်းတော်ရှစ်ပါး ဘုရားရှိခိုး

အဏိမာ လဃိမာ ပတ္တိ၊ ပါကမ္ဗံ မဟိမာ တထာ။

ဤသိတာ စ ဝသိတာ စ၊ ယတ္ထကာမာဝသာယိတာ။

ဣသာရိယဂုဏောပေတံ၊ ဝန္ဒေ အပ္ပဋိပုဂ္ဂလံ။

အဏိမာ စ၊ အဏုမြူသဖွယ် သေးငယ်ပုံဟန် ဖန်နိုင်စွမ်းဘိ အဏိ-မာခေါ် ဘုန်းတော်က တမျိုး။ လဃိမာ စ၊ လေဝယ်လွင့်ပါး ဝါဂွမ်းလားသို့ ငှက်များပုံသွင် ထက်ကောင်းကင်၌ ခြေလျင်လျှင်လျှား ကြွသွားနိုင်ဘိ အစွမ်းရှိသည့် 'လဃိမာ' ခေါ် ဘုန်းတော်က တဖုံ။ ပတ္တိ စ၊ အဓိဋ္ဌာန်ဖြင့် စိတ်ကြံတိုင်းသာ လိုရာဒေသ မှန်သမျှသို့ မကြာရလျှင်းခဏချင်း ပေါက် ရောက်စွမ်းနိုင်ဘိ 'ပတ္တိ' ဟုခေါ် ဘုန်းတော်က တတန်။ ပါကမ္မံ စ၊ ရှင်မြတ်စိတ်တွင် ဖြစ်စေချင်သည့် ပုံသွင် စသည် အလီလီကို လိုသလိုဖန် စိမံသမျှ ပြီးစီးရသည့် 'ပါကမ္မ' ခေါ် ဘုန်းတော်က တရပ်။ မဟိမာ စ၊ ကိုယ်တော်မြတ်ကို ကြီးလိုသမျှ ရူပပုံဟန် ဖန်နိုင် စွမ်းဘိ 'မဟိမာ'ခေါ် ဘုန်းတော်က တသွယ်။တထာ၊ ဘုန်းတော်ဆိုသမျှ မလိုရအောင် ထိုမှတပါး။ ဤသိတာ စ၊ နတ်လူဗြဟ္မာ သတ္တဝါကို လိုရာလိုရာ အပါဆောင်ကြဉ်း စိုးပိုင်ခြင်းဟု နိုင်နင်းသတ္တိ 'ဤသိတာ' ခေါ် ဘုန်းတော်က တဝ။ ဝသိတာ စ၊ ကွဒ္ဓိဝိဓော် ဝသီဘော်၌ ပြိုင်ဖော်မရှိ စွမ်းနိုင်ဘိသည့် 'ဝသိတာ' ခေါ် ဘုန်းတော်က တပါး။ ယတ္ထကာမာဝသာယိတာ စ၊ ကောင်းကင်ပျံရိုး မြေလျှိုးစသည် အလီလရှု မှုအဝဝ ပြုသမျှတွင် ပြီးစေချင်သော် မတင်မကျ မရှိရပဲ လုံးဝမသွေ ပြီးစေနိုင်ဘိ အစွမ်းရှိတ 'ယတ္ထကာမာဝသာယိတာ' ခေါ် ဘုန်းတော်က တခု။ဣတိ၊ဤသို့။ဣဿ-ရိယဂုဏောပေတံ၊ အရာရာမျိုး အစိုးတရ ဣဿရိယ ဟု ရှစ်ဝအစုံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော။ အပ္ပဋိပုဂ္ဂလံ၊ ပြိုင်ဖက်ရည်တူ မရှိမူ၍ လူ့ထက်လဲမြတ် နတ်ထက်လဲသာ ဗြဟ္မာဦးညွတ် ထွတ်ဖျားသခင် ရှင်တော်မြတ်ဘုရားကို။ ဝန္ဒေ ဝန္ဒာမိ၊ ထူးမြတ်ရှစ်စုံ တန်ခိုးဂုဏ်တွင် အာရုံထားကာ ပွါးသဒ္ဓါဖြင့် များစွာမြတ်နိုး ဦးညွတ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

ဓမ္မဘုန်းတော်။ ။လောကုတ္တရာတရားကို 'ဓမ္မ' ဆိုသည်။ လောကုတ္တရာတရားကိုးပါးမှာ ရှေးပါရမီစု ကောင်းမှုတော်ကြောင့် ရလာသော အရေးကြီးသော ဂုဏ်ဖြစ်၍'ဘဂ'ဘုန်းတော်များတွင် အပါအဝင် ဖြစ်ရသည်။ လောကုတ္တရာတရား ကိုးပါးကို မရပဲ ဘုရားမဖြစ်။

လောကုတ္တရာ တရားကိုးပါးကို ရသောကြောင့် ဗုဒ္ဓဂုဏ်တော် အလုံးကို သိမ်းကြုံးပိုင်စိုးခဲ့ရာ လောကုတ္တရာတရားကိုးပါးမှာ အရေးပါသောကြောင့် ဘုန်းတော်တရပ်အဖြစ် အထူးဆိုရသည်။

ယသဘုန်းတော်။ ။ကျော်စောခြင်းနှင့် အခြံအရံကို 'ယသ' ဆိုသည်။ ဗုဒ္ဓရှင်တော်မြတ်၏ ကျော်စောခြင်း ဂုဏ်သတင်းမှာ ကမ္ဘာလောကဓာတ်၌ ယနေ့တိုင် ပဲ့တင်ခတ်လျက်ရှိနေပါသည်။ထိုသို့ ကျော်စောခြင်းအဆက်မပြတ် ပဲ့တင်ခတ်လျက်ရှိခြင်းမှာ မပျက်နိုင်အောင် ခိုင်ခံ့လှသော ဓမ္မအများ တရားမှတ်တိုင်ကြီးကြောင့်ပင် ဖြစ်ပေသည်။

ပညာရှိအများ အစဉ်လေးစားမြတ်နိုးမှုကိုခံခဲ့ရသော ပိဋကတ်ဓမ္မရှိနေသမျှ ဤကမ္ဘာလောက၌ ဗုဒ္ဓ၏ကျော်စောခြင်းကား အဟုန်ပြင်းစွာပဲ့တင်ခတ်လျက်ရှိနေမည်သာတည်း။သက်တော်ထင်ရှားရှိတော်မူစဉ်အချိန်အခါကစ၍ ပညာရှိအများတို့ လက်ခံလျက် သာသနာ ၂၅၀၀-ကျော်ခေတ်အထိ တည်ရှိသည်မှာ ကေန်ဖြောင့်မှန်၍ အနှစ်သာရနှင့် ပြည့်စုံသောကြောင့် ဖြစ်ပေသည်။ ကမ္ဘာအရပ်ရပ်က ပညာရှိများလည်း ရှေးကထက် ပိုမို၍ လက်ခံ ယုံကြည်လာသည်ကို တွေ့မြင်နိုင်ပေသည်။

လက်ထက်တော်အခါက ဗုဒ္ဓမြတ်စွာ၏ ကျော်စောခြင်းမှာ ဆိုဖွယ်ရာ မရှိတော့ပါ။ လူ့ဥသာမက နတ်ပြဟ္မာတိုင် ကျော်ကြားလျက် ရှိရ၏။ လောက၌ အသိုင်းအဝိုင်း ခွျထွင် ဖန်တီးမှုများဖြင့် ကျော်စောရသော ကျော်စောမှုမျိုးလည်း ရှိတတ်၏။ ဘုရားရှင်ကား ထိုကဲ့သို့ သိုင်းဝိုင်းမှု လုပ်ကြံ ဖန်တီးမှုမပါ အမှန် အတိုင်းသာ ဖြစ်လာသော ဂုဏ်တော်များဖြင့်သာ ကျော်စောလာရခြင်း ဖြစ်ပေသည်။ ဗုဒ္ဓရှင်တော်မြတ်၌ တရား၏ မှန်ကန်ခြင်း, အတုမရှိသော ဂုဏ်တော်များ ရှိခြင်းကြောင့် လက်ထက်တော်က ဘုရားရှင်ထက် တပည့် **အခြံအရံများသော** ဆရာဟု တဦး ဘယောက်မျှ မရှိခဲ့ပါ။

ထိုခေတ်က မင်းစိုးရာဇာနှင့် များစွာသော ပါမောက္ခ, ပဏ္ဍိတ်ဆရာကြီးတို့မှာ ဘုရားတပည့်သာ များရသည်။ လူတွင်မက နတ်ပြဟ္မာ

ပရိသတ်များကား အလွန်အလွန် မှားပြားခဲ့ရာ ယနေ့ နတ်ပြည် ဗြဟ္မာ့ ပြည်၌ ရှိနေကြသေး၏။ ဤသို့လျှင် ကျော်စောခြင်း အကြောင်းများ ခြင်းမှာ ဘုန်းတော်တရပ်ပင် ဖြစ်သည်။

သိရိဘုန်းတော်။ ။ကိုယ်တော်၏ ကျက်သရေကို "သိရိ" ဆို၏။ ဘုရားရှင် ၏ ရူပကာယတော်မှာ သုံးဆဲ့နှစ်ပါးသော လက္ခဏာ တော်ကြီးများနှင့် ပြည့်စုံလျက်ရှိ၏။ ဤလက္ခဏာများနှင့် ပြည့်စုံသော အခြားပုဂ္ဂိုလ်ထူးများ ရှိကတ်၏။ သို့သော် ကိလေသာကင်းစင်၍ အလွန် ကြည်လင် ရွှန်းပလျက်ရှိသော ဘုရားရှင်၏ အသရေတော်ကို မမီနိုင် ကြချေ။

ထို့ပြင် ရှစ်ဆယ်သော လက္ခဏာတော်ငယ်များဖြင့်လည်း တန်ဆာ ဆင်ထားပြန်ရာ ဖူး၍မဝ အားမရနိုင် ဖြစ်ကြရ၏။ တလံမျှလောက် အမြဲ ထွန်းတောက်လျက်ရှိသော ရောင်ခြည်တော်ဝန်းကရင်း, အလိုရှိသော အခါ ကုန်မြူးဖြာထွက်လာသော ရောင်ခြည်တော် ခြောက်သွယ်ကရင်း ရှုမဝဖွယ် တင့်တယ်သော ကျက်သရေကို ဆောင်ပေးလျက် ရှိနေပေ သည်။

ဘုရားရှင်၏ မျက်မှောင်တော်နှစ်သွယ် အလယ် တည့်တည့်၌ ဥဏ္ဏာလုံ ခေါ် မွေးရှင်တော်လည်း ရှိနေ၏။ ထိုမွေးရှင်တော်မှာ အထူးလှပ ဖြူဆွတ် လျက် ဆန့်လိုက်လျှင် နှစ်တောင်ခန့် အရှည်ရှိ၍ လက်ျာရစ် ခွေလျက်ရှိရာ ၎င်းမှ ဖြူဖွေးသော ရောင်ခြည်တော်လည်း မျက်နှာတော်ကို ပေါ်လွင် အောင် ဆင်ထားသကဲ့သို့ အများတကာ ဖူးမဝအောင် ရှိစေသည်။ ဦးထိပ် ဖျားခေါင်၌ ရောင်ခြည်တော်တွေ စုတက်ကာ ထွန်းဖြာလျက်ရှိသော ကေတု မာလာခေါ် ရောင်လျှံတော် တမျိုးကလည်း ရှိနေသေး၏။ ဤသို့လျှင် လူများထက် အလှအပ အဆောင်အဝါသာလျက် ရှိနေသော နတ်ဗြဟ္မာကြီး များပင် ဖူး၍မဝ အားမရအောင် တင့်တယ်ခြင်း အသရေကို ဆောင်လျက် ရှိသော ဘုရားရှင်၏ ရူပကာယ ကျက်သရေကို "သိရိဘုန်းတော်" ဟု ဆိုသည်။

ကာမ ဘုန်းတော်။ ။ရှင်တော်မြတ်ကား သဗ္ဗညုအဖြစ်ဟူသော ကိုယ်တော်မြတ် အကျိုးကိုလည်း လိုလားတော်မူခဲ့၏၊ သတ္တဝါတွေကို ကယ်တင်ရန်ဟူသော သူတပါးအတွက်လည်း လိုလားတော်မူခဲ့၏၊ အလိုတော်ရှိသော သဗ္ဗညုတ ဉာဏ်တော်ကြီးကိုလည်း ရ၍ သတ္တဝါတွေကိုလည်း ကယ်တင်တော်မူနိုင်ခဲ့၏။ အလိုတော်ရှိသော မိမိ သူတပါး အကျိုးနှစ်ပါးကို ပြီးမြောက်စေနိုင်သော ဘုန်းတော်ကို "ကာမ ဘုန်းတော်"ဟု ဆိုသည်။

ပယတ္တဘုန်းတော်။ ။အထွတ်အထိပ်သို့ ရောက်ခဲ့သော ဝီရိယတော်ကို "ပယတ္တဘုန်းတော်"ဟု ဆိုသည်။ ဘုရားမဖြစ်မီ ဘဝပေါင်းများစွာကပင် အရှင်မြတ်၏ ဝီရိယမှာ သာမန်ပုဂ္ဂိုလ်တို့ မမီ လောက်အောင် ပြောင်မြောက်ခဲ့၏။ တရှိန်တည်း တိုးတက်လာသော ထိုဝီရိယမှာ ဘုရားဖြစ်တော်မူလာသောအခါ အထွတ်အထိပ်သို့ ရောက် လေတော့သည်။ ထို့ကြောင့်ပင် အနားယူနေသည့်အချိန်ဟု ပြောပ လောက်အောင် မရှိလှပဲ သတ္တဝါများအတွက် မနေမနား ကြိုးစား ဟောပြော ချွေချွတ်တော်မူသည်ကို အများအတွက် ကြိုးစားနေပါ သည်ဆိုသော ဘယ်သူ တဦးတယောက်မျှ မမီပေ။ ဤဝီရိယတော်ကြီး အတွက်လည်း နတ် လူ ပြဟ္မာတို့၏ လွန်စွာအားထား လေးစားမြတ်နိုးမှု ကို အတုမဲ့အောင် ဆောင်ယူရရှိတော်မူပေသည်။

(၇၉) မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

(၇၉) ဟိ၊ အောက်မေ့ရခြင်းအကြောင်းမှာ။ ဘိက္ခဝေ၊ ရဟန်းတို့။ မမံ၊ ငါဘုရားကို။ အနုဿရတံ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်ရင်း။ ယော လော-မဟံသော ဝါ၊ အကြင် ကြက်သီးထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်ပေ

လတ္တံ့။ သော၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟိယိဿတိ၊ ပယ်ဖျောက်အပ်ပေလတ္တံ့။

(၉၀) နေ၁ စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ—

(၉၀) မံ၊ ငါဘုရားကို။ နော စေ အနုဿရေယျာထ၊ အကယ်၍ မအောက်မေ့မိကုန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည် ရှိသော်။ ဓမ္မံ၊ တရားတော်ကို။ အနုဿရေယျာထ၊ အောက်မေ့ကြကုန်လော့။

(၉၁) "သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော,အကာ-
လိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ
ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

(၉၁) ဘဂဝတာ၊ သုံးလူထွတ်ထား ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မက္ခန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းခြင်းသုံးဖြာ စုံညီညာလျက် အနက်သဒ္ဒါ ဝေဆာစုံလင် ဂုဏ်တင်ဖွယ်မှန် ကျင့်ရန်လျှောက်ပတ် ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။ ဘဂဝတာ၊ သုံးလူထွတ်ထား ရှင်တော်မြတ်ဘုရားသည်။ သွာက္ခာတော၊ နည်းစုံလောင်းကာ ကောင်းစွာ သတ်မှတ် ဟောကြားတော်မူအပ်သော။ ဓမ္မော၊ မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သတ်မှတ် တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ သူပြော ငါပြော အဟော၌တည် မယုံကြည်ရ ဓမ္မကျင့်သူ နတ်လူမှန်က ဒိဋ္ဌ ကိုယ်တိုင် ပိုင်ပိုင်ကိုတိ သိအပ် မြင်အပ် တရားတော်မြတ်ပါပေတည်း။ ဓမ္မော၊ မဂ် လေးပါး တရားတော်သည်။ အကာလိကော၊ အခါအခွင့် ကြာမဖင့်ပဲ မလင့်မနှေး ချက်ခြင်း အကျိုးပေးတတ်သော တရားတော်မြတ်ပါပေ တည်း။ ဓမ္မော၊ လောကုတ္တရာတရား ကိုးပါးသည်။ ဧဟိပဿိကော၊ လာလှည့်စမ်းပါ ရှုစမ်းပါဟူ သူငါနှိုးဆော် ဖိတ်ခေါ်ထိုက်သား လွန်ထူး

ခြားလတ် တရားတော်မြတ်ပါပေတည်း။ ဓမ္မော၊ လောကုတ္တရာတရား ကိုးပါးသည်။ သြပနေယျိကော၊ ပုဆိုးမီးလောင် ခေါင်းမီးလောင်လည်း ငြိမ်းအောင်မပြုရေး မပြုသေးပဲ အရေးကြီးစွာ ဘာဝနာဖြင့် စိတ်မှာ စွဲအောင် အမြဲဆောင်ထိုက်ပါပေ၏။ ဓမ္မော၊ လောကုတ္တရာ တရား ကိုးပါးကို။ ဝိညူဟိ၊ တရားသိမြင် ပညာရှင်တို့သည်။ ပစ္စတ္တံ၊ ကိုယ်စီ အမှန် ကိုယ့်သန္တာန်၌။ ဝေဒိတဗ္ဗော၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရပိုင်ဟန်ကို အမှန်တိုင်းရှိ သိမြင်အပ်ပေသတည်း။ ဣတိ၊ ဤသို့။ အနုဿရေယျာထ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

တရားဂုဏ်တော် စကားပြေ—ငါဘုရားကို မအောက်မေ့မိသော် တရားတော်ကို အောက်မေ့ကြ လော့။ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟော ကြားတော်မူအပ်၏။ ကောင်းစွာဟောအပ် တရားတော်မြတ်သည် ကိုယ်တွေ့ သိမြင်အပ်သော တရားတော်ပေတည်း။ အခါမလင့် အကျိုးကို ပေးတတ်၏။ လာလှည့် ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်သော တရားတော် ဖြစ်၏။ အရေးကြီးစွာ စိတ်မှာစွဲအောင် အမြဲဆောင် ထိုက်ပေ၏။ တရားသိမြင် ပညာရှင်တို့သည် အသီးအသီး မိမိ သန္တာန်၌ သိမြင်အပ်ပေ၏။ ဤသို့ အောက်မေ့ကြလေ။

တရားဂုဏ်တော် ၆-ပါး

၁-သွာက္ခာတဂုဏ်တော်

သွာက္ခာတ အဖွင့်။ ။ဘုရား၏ တရားတော်ကား အကောင်းဆုံး ဟော ကြားအပ်သော တရားတော်တည်း။ ရှင်တော် မြတ်၏ တရားတော် မှန်သမျှမှာ အစလည်း ကောင်း, အလယ်လည်း ကောင်း, အဆုံးလည်း ကောင်း ဟူသော ကောင်းခြင်း သုံးဖြာနှင့် ပြည့်စုံ၏။ မကောင်းသော အစိတ်အပိုင်းဟု တခွေးမျှ မရှိ။ ထိုသို့ ကောင်းသည်မှာလည်း အားလုံးသော ဒေသနာများမှာ အနက်သဒ္ဒါနှင့်

ပြည့်စုံသောကြောင့်ပင် ဖြစ်သည်။ သဒ္ဒါက အစီအစဉ်မကျ နည်းလမ်း စည်းကမ်း မညီမျှ ကမောက္ကမဖြစ်လျှင်ငြား, ဆိုလိုရင်း အချက် အနက် အဓိပ္ပါယ်ကလည်း အကျိုးမဲ့သော အနက်ဖြစ်လျှင်ငြား ထို တရားမျိုးမှာ မကောင်းသော တရားသာ ဖြစ်ပေသည်။ ဘုရားရှင်၏ ဒေသနာများကား သဒ္ဒါကလည်း ပညာရှိတို့ အပြစ်ရှာမရ ချီးမွမ်းရလောက်အောင် အစီ အစဉ်ကျကာ သာယာပြေပြစ် နှစ်သက်ဖွယ်ဖြစ်လျက် အနက်ကလည်း တကယ့် အကျိုးစီးပွါးရရေး ငြိမ်းချမ်းရေး ချမ်းသာရေးကို ဖြစ်စေတတ် သော အနက်များသာဖြစ်ရာ မကောင်းသော အစိတ်အပိုင်းဟု မရှိ, အကောင်းအတိသာ ဖြစ်လျက် ရှိပေသည်။

ကောင်းခြင်း သုံးဖြာ တမျိုး။ ။ဘုရား တရားတော်၌ ကောင်းခြင်း သုံးဖြာရှိပုံကို ဤသို့လည်း မှတ်အပ် သေး၏။ တရားတော်၌ နာယူရခြင်း, ကျင့်ရခြင်း, အကျိုးရခြင်းဟု သုံး ပိုင်းရှိခဲ့ရာ ထိုသုံးပိုင်းလုံးမှာ အကောင်းအတိသာ ဖြစ်၍လည်း ကောင်း ခြင်း သုံးဖြာနှင့် ပြည့်စုံသည်ဟု ဆိုရ၏။ ဘုရား တရားတော်ကို နာရ သင်ရလျှင် တရားကို သိခြင်း,အနက်ကို သိခြင်းဖြင့် ပီတိအထူးဖြစ်ကြရ၏။ ထို့ကြောင့်ပင် လက်ထက်တော်အခါက ဗုဒ္ဓမြတ် တရားတော်၏ ကောင်း မြတ်လှပုံကို ဂုဏ်တင် ချီးကျူးကြသော အသံများမှာ မစဲခဲ့ပေ။ [ရတန သုတ် ဝရော ဝရညူ အဖွင့် ကာရဏာပါလီ ဝတ္ထု(နှာ ၂၇၇) ကြည့်။]

စိတ်ကိုချမ်းသာ အေးမြစေတတ် ပီတိဖြစ်စေတတ်သော တရားဖြစ် သောကြောင့်ပင် ထိုတရားနာရသူမှာ သောက ပရိဒေဝ-စသော အပူတွေ ကင်းရ၏။ ရာဂ ကင်းရ၏။ ဒေါသ ကင်းရ၏။ အပူကင်း အညစ်ကင်း၍ လည်း စိတ်တွင်အေးမြ ပီတိ ပဿဒ္ဓိ ဖြစ်ကြရ၏။ ကျင့်ရသောအခါ ဆိုဖွယ် ရာ မရှိပြီ။ အကျင့်သီလ တခုဖြင့်ပင် ဘေးကင်း ရန်ကင်း စိတ်ချမ်းသာ ကိုယ်ချမ်းသာခြင်းကို ဖြစ်စေတတ်၏။ သမာဓိ ပညာစသော အကျင့်များ ကို ကျင့်ရပါမူကား တရားက တက်လေလေ ပီတိ ပဿဒ္ဓိ သုခ သမာဓိ တွေ ဖြိုးဖြိုးဝေကာ အပျော်ကြီး ပျော်စရာ ကောင်းလေလေ ဖြစ်ရတော့ သည်။

တရားပေါက်၍ အလိုရှိသော မဂ်ဖိုလ် အကျိုးကိုရသော အခါကား ပြောမပြနိုင်အောင် ဝမ်းသာခြင်း, ချမ်းသာခြင်းကို ရတော့သည်သာ။ ထို့နောက် ဒုက္ခတွေ လက်စသိမ်းရမည်ကို သိရ၍ တွေးလိုက်တိုင်း ဝမ်းသာရခြင်း ဖလ သမာပတ္တိ ဗိမာန်ကြီးကို ပိုင်ကာ နေလိုသော အခါတိုင်း ပျော်ရွှင်ချမ်းမြေ့စွာ နေရခြင်း စသည်ဖြင့် ချမ်းသာဖွယ် အဘိ ဖြစ်ရာ အဆုံး၏ ကောင်းခြင်းမှာ အထွတ်အထိပ်သို့ ရောက်လေတော့သည်။ ဤ ကောင်းခြင်း သုံးပြာကို သိရလျှင် ဘုရားရှင်၏ တရားတော်မှာ ဘယ်မျှ ကောင်းစွာ ဟောကြားအပ်သည်ကို သိနိုင်ပေသည်။

အကြိုတ်အနယ်ခံနိုင်သော တရား။　॥ဤမျှ ကောင်းသောကြောင့်ပင် ပညာရှိတို့၏ အကြိုတ် အနယ်ကို ခံနိုင်ရာ ယခုတိုင် ကမ္ဘာ၌ ဝင့်ကြွားလျက် တည်နေနိုင်၏။ မှန်၏။ ဗိဝအတ္တ(=အသက်ကောင် လိပ်ပြာ ဝိညာဉ်) ပရမအတ္တ(=အနန္တတန်ခိုးရှင်၏ မပျက်နိုင်သော ဝိညာဉ်)စသော ဝါဒများ, သာသနာ့အပြင်ဖက်က အခြားမိစ္ဆာဝါဒများမှာ အသေအချာ ပြနိုင်သည်မဟုတ်, စိတ်ကူးအတွေးအရ ညွှန်ပြလျက်ရှိရာ သဘာဝလိုက်စားသူ ပညာရှိတို့၏ အကြိုတ် အနယ် ဆွေးနွေးမှု စိစစ်မှုတို့ကို မခံနိုင်ကြပေ။

ဗုဒ္ဓတရားတော်မှာ ထိုကဲ့သို့ အတွေးဖြင့် အရမ်းညွှန်ပြသော တရား မဟုတ်ပဲ အကြောင်းကြောင့် အကျိုးဖြစ်ရပုံများကို လက်တွေ့ပြနိုင်ရာ ပညာရှိလေလေ အားရ ကျေနပ်လေလေ ဖြစ်ရသည်။ဤအချက်၌ မဇ္ဈိမ ပဏ္ဏာသ ဥပါလိသုတ်မှ ကောက်နုတ်ချက်ကို ပြဆိုဦးမည်။ ဥပါလိကား တိတ္ထိဒကာရင်း ဖြစ်၏။ သူ့ဆရာ နိဂဏ္ဌနာဋပုတ္တ၏ အကြံပေးချက်အရ ဗုဒ္ဓမြတ်ထံ ဝါဒတင်ရန် လာ၏။ ရှင်တော်မြတ်သည် သူ တင်လာသော ဝါဒကို အကြောင်း အချက် အမျိုးမျိုး ပြလျက် ပယ်ဖျက်သော အခါ လွန်စွာ အားရကျေနပ်၏။ ထို့နောက် ဘုရားရှင်က တရားဟောတော်မူသောအခါ သောတာပန် ဖြစ်လေသည်။ ဘုရားတပည့် ဖြစ်သွားပြီဟု ကြားရသောအခါ နိဂဏ္ဌနာဋပုတ္တက သူ့ဒကာဟောင်းထံ လာပြီးလျှင်

“သင်ကား ဂေါတမထံ ဝါဒတင်မည်ဟု သွားပြီး ယခုတော့ ရဟန်း ဂေါတမ၏ ဝါဒကွင်းကြီး အစွပ်ခံခဲ့ရသည်။ ရဟန်းဂေါတမ၏ လှည့်စားမှု မာယာဖြင့် သင် အလှည့်စား ခံခဲ့ရပြီ”ဟု မခံမရပ်နိုင်သည့် အလျောက် ပြစ်တင် ပြောဆိုလေ၏။ ထိုအခါ ဥပါလိက “ဘုရားရှင်၏ လှည့်စားမှု မာယာမှာ အလွန်ကောင်းလှပါသည်။ တပည့်တော်၏ ဆွေမျိုးတွေ မိတ်ဆွေတွေ ထိုမာယာဖြင့် အလှည့်ခံရလျှင် အားလုံးချမ်းသာကြမည် ဖြစ်ပါသည်။ တလောကလုံး အလှည့်ခံရလျှင်လည်း တလောကလုံး ချမ်းသာကြပေမည်” ဟု ဆို၍ တိတ္ထိဝါဒနှင့် ဗုဒ္ဓဝါဒ ခြားနားချက်များကို ပုံပမာကလေးဖြင့် ဆက်လက်၍ ပြောပြန်သည်။

မျောက်ဆေးဆိုးခိုင်းပုံ။ ။ရှေးက ပုဏ္ဏားအိုကြီး တယောက်၌ မွေးခါနီး ကိုယ်ဝန်ရှိနေသော ဇနီးငယ်ကလေး တယောက်ရှိရာ မမွေးသေးသော သူ့ကလေးအတွက် မျောက်ကလေး အဝယ်ခိုင်းသည်။ “ဆိုင်းပါဦး မွေးမှ သင့်သလို ဝယ်တာပေါ့”ဟု ပြောသော်လည်း ဇနီးက အထပ်ထပ် ပူဆာသောကြောင့် ဈေးသို့သွား၍ မျောက်ကလေးဝယ်ပေးရသည်။ မျောက်ကလေးကို ဆေးဆိုးပေးရန် ပူဆာပြန်သောကြောင့် ပင်းမင်းဆိုင်သို့ သွားပြီးလျှင် မျောက်ကလေးကို ရိုက်နှက်ဖွယ်လျော်ပြီး ဆေးဆိုးပေးရန် အပ်နှံသောအခါ ပင်းမင်းဆရာက “ခင်ဗျားမျောက်မှာ ဆေးဆိုးတော့ ခံနိုင်ပါလိမ့်မည်။ ရိုက်နှက်ဖွပ်ဖျော်ခြင်းကိုတော့ ခံနိုင်မည်မဟုတ်” ဟု ဆိုသတဲ့။ (မဇ္ဈိမနိကာယ ဥပါလိသုတ် ၃၇-၄၆) “ထို့အတူပင် နိဂဏ္ဌတို့ဝါဒမှာ လူမိုက်တို့ အထင်ကြီးရုံ ဟန်ဆောင် ဆေးဆိုးပြမှုတော့ ခံနိုင်ပါရဲ့။ ပညာရှိတို့၏ အကြံအနယ် ဆွေးနွေး သုံးသပ်မှုကိုတော့ ခံနိုင်ရည် မရှိပါ”ဟု ဆိုလေသည်။ ဥပါလိကား ယခင်က တိတ္ထိတို့ဝါဒကို အသဲစွဲလက်ခံ ယုံကြည်ခဲ့သူ ဖြစ်သော်လည်း ဘုရားတရားတော်ကို နာရသောအခါ ထိုတိတ္ထိဝါဒ၌ ဘာမျှအနှစ်ရှာမရ အလဟဿ အဖြစ်ကို အတိအကျ သိနိုင်သည်မှာ ဘုရားတရားတော်များ၏ မည်သည့် သာသနာပြင်ပ မွှေနှင့်မဆို ယှဉ်ပြိုင်နိုင်သော ကောင်းဂုဏ်တွေ ရှိနေသည်ကို ဖော်ပြခြင်းပင် ဖြစ်၏။

အကောင်းဆုံးတရား။ ။ဂဏက မောဂ္ဂလ္လာန ပုဏ္ဏားကြီးသည် ဘုရားရှင်ထံ ပြဿနာ မေးလျှောက်ရာ ဘုရားမြတ်၏ အဖြေစကား တရားတော် အမျိုးမျိုးကို ကြားနာရ၍ လွန်စွာ အားရဝမ်းသာလှသဖြင့် "အရှင်ဂေါတမ .... အမြစ်နံ့သာမျိုး မှန်သမျှတွင် ကရမက်ကို အကောင်းဆုံး အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ အနှစ်နံ့သာမျိုးတို့တွင် စန္ဒကူးနီကို အထူးခြားဆုံး အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ အပွင့်နံ့သာမျိုးတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ ထိုနည်းတူစွာပင် ယခုခေတ်ပေါ် တရားတို့တွင် အရှင်ဂေါတမ၏ ဩဝါဒတရားမှာ အကောင်းဆုံး,အမြတ်ဆုံး ဖြစ်ပါပေသည်"ဟု ချီးကျူးလေသည်။ (ဥပရိပဏ္ဏာသ၊ ဂဏက မောဂ္ဂလ္လာန သုတ် ၅၇)

၂-သန္ဒိဋ္ဌိကဂုဏ်တော်

သန္ဒိဋ္ဌိကအဖွင့်။ ။သန္ဒိဋ္ဌိက=ကိုယ်တိုင် သိမြင်ထိုက်သောတရား။ သူတပါး အပြောဖြင့် ယုံကြည် လက်ခံရသည် မဟုတ်ပဲ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ရမြင်ရ သိရသော မဂ်ဖိုလ် နိဗ္ဗာန်တရားများကို သန္ဒိဋ္ဌိက ဆိုသည်။ မဂ်ဖိုလ်နိဗ္ဗာန်၌ ကိုယ်တွေ့သိရသော သန္ဒိဋ္ဌိကဂုဏ် ရှိသည်ဟု ဆိုသဖြင့် သာသနာ့ပြင်ပ အယူအဆ ဓမ္မများ၌ ထိုကဲ့သို့ ကိုယ်တွေ့သိခြင်းဖြင့် သိရသည် မဟုတ်ပဲ သူများအပြောဖြင့်သာ လွမ်းနေရသော ဓမ္မများသာ ဖြစ်ကြောင်း သိရ၏။ ဗြာဟ္မဏဝါဒ၌ ဈာန်တရားများရှိ၏။ ကိုယ်တွေ့လည်း ဖြစ်၏။ သို့သော် ထိုဈာန်တရားများမှာ နိဗ္ဗာန်ကဲ့သို့ ဒုက္ခခပ်သိမ်း ငြိမ်းစေတတ်သော ခေတ်မဟုတ်၊ ဗြဟ္မာ့ပြည် ရောက်ကြောင်း တရားများသာတည်း။ ဗြဟ္မာကို သူတို့က "ကမ္ဘာနှင့်သတ္တဝါတို့ကို ဖန်ဆင်းသူ, မအိုမသေ အမြဲတည်နေသူ"ဟု ဆိုရာ ယင်း ဗြဟ္မာတို့၏ နေရာဘုံကို သူတို့အလို နိဗ္ဗာန်တမျိုးပင် ဆိုရ၏။ ဗြဟ္မာကို အမြဲတည်နေသူဟု ဆိုသည်မှာ သူတို့ကိုယ်တွေ့သိ မဟုတ်ပဲ သူများအပြောမျှသာ၊ ဗုဒ္ဓဝါဒ အရ အမှန်မှာ သူတို့ပြောသလို အနိစ္စခေတ် မဟုတ်ပဲ ရုပ်ခေတ် နာမ်ခေတ်ပင် ဖြစ်၍ တနေ့ သေကျေ ပျက်စီးကာ အပါယ် အထိ ထိုးကျနိုင်သော ခေတ်တို့ သာတည်း။

ဗကာ ဗြဟ္မာကြီးက သူကိုယ်သူ မြဲသည် ကမ္ဘာလောကကို သူဖန်ဆင်းသည် ထင်နေ၏။ ထင်သလို မဟုတ်ကြောင်း နားလည်အောင် ဘုရားရှင်ကြွရောက် ဆုံးမတော်မူခဲ့၏။ အချို့ ကောင်းကင်ဘုံ၌ ကမ္ဘာကို ဖန်ဆင်းသော ထာဝရတည်နေသော အနန္တတန်ခိုးရှင်ရှိသည်ဟု ယုံကြည်ကြ၏။ သူ၏တပည့်ကောင်းများမှာ ထိုတန်ခိုးရှင်ထံ ရောက်ကြရသည် ဆို၏။ ယင်းအနန္တ တန်ခိုးရှင်တို့၏ နေရာ ကောင်းကင်ဘုံဟူသည် သူတို့အလို နိဗ္ဗာန်တမျိုးပင်။ သို့သော် ထိုနိဗ္ဗာန်မျိုးလည်း ပြောသူကလည်း သူပြောဖြင့် ယုံကြည်ခဲ့၍ နာသူကလည်း သူပြောအရ သာဖြစ်ရာ အပြောအရ သာရှိ၍ တကယ်မြင်အောင် လက်တွေ့ မပြနိုင်သောကြောင့် ကိုယ်တွေ့ သိရသော ဤသာသနာက နိဗ္ဗာန်မျိုးကား မဟုတ်ပေ။ အခြားမိစ္ဆာဝါဒ အမျိုးမျိုးမှာလည်း စိတ်ကူးချက် အထင်မှားချက်များသာဖြစ်ရာ အဘယ်မှာ ကိုယ်တွေ့ သိအောင် ညွှန်ပြနိုင်အံ့နည်း။

အားလုံး ကိုယ်တွေ့ချည်း။ ။ဤသာသနာ၌ နိဗ္ဗာနဓာတ်ကား ကိုယ်တွေ့ သိမြင်ရ ခံစားရသော ဓာတ်ကြီးသာတည်း။

ထို နိဗ္ဗာန် အငြိမ်းဓာတ်ကို တွေ့သိရလျှင် နောက်နောင် မဆုံးအောင် ခံစားရဦးမည့် သံသရာဒုက္ခတွေ လက်စသိမ်း၍ ငြိမ်းတော့မည်ကိုလည်း သိနိုင်တော့၏။ ထိုနိဗ္ဗာန်ကို မြင်နိုင်သော မဂ်တရား ဖိုလ်တရားများ မိမိသန္တာန်မှာ ဖြစ်လာသည်ကိုလည်း ထင်ထင်ရှားရှား သိရသည်သာ။ မဂ်ဖိုလ် နိဗ္ဗာန်သာမက ထိုမဂ်ဖိုလ် ရကြောင်း အကျင့်ကို ကျင့်သော အခါ ရှေးအခါက စာတွေ့ သူပြောအရသာ သိခဲ့ရသော ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ကွဲပြားစွာ ကိုယ်တွေ့ပင် မြင်လာတော့သည်။ ဤသို့ ကျင့်ဆဲ အခါက စ၍ နိဗ္ဗာန်ပေါက်သည် အထိ အားလုံး ကိုယ်တွေ့ချည်း ဖြစ်ခဲ့ရာ ဘယ်မှ အားရကျေနပ်ဖွယ် ဖြစ်သည်မှာ ဆိုဖွယ်ရာမရှိတော့ပြီ။ ရှေးက မိမိကိုးကွယ် အားထားသော တရားတော်၌ ဟုတ်မှ ဟုတ်ပါ့မလားဟု ယုံမှားသံသယ ဖြစ်တတ်၏။ တရား၌ သံသယရှိလျှင် တရားရှင် ဘုရား၌၎င်း, ထိုတရားရှိသော သံဃာ၌၎င်း ယုံမှားတော့သည်သာ။ တရားကို ကိုယ်တွေ့ မြင်ရသော အခါ၌

ကား ဤထက် ကောင်းသော တရားမရှိ အကောင်းဆုံး တရားဟု အတည် ပြု ဆုံးဖြတ်နိုင်ခဲ့ပြီးဖြစ်ရာ တရား၌ သံသယ လုံးဝကင်းရှင်းခဲ့ပြီ၊ တရား၌ သံသယကင်းလျှင် တရားရှင်ဘုရား၏ တကယ်ဘုရားအစစ် ဖြစ်ကြောင်း, ထိုတရားရှိသော သံဃာ၏ တကယ့်သံဃာစစ်ဖြစ်ကြောင်း ပိုင်ပိုင်နိုင်နိုင် အတည်ပြု ဆုံးဖြတ်နိုင်တော့၏။ ထိုသို့ ဆုံးဖြတ် နိုင်သောကြောင့်ပင် ရှေးအခါက မိမိ ကိုးကွယ်ရာ ရတနာသုံးပါးနှင့် စပ်၍ သူတပါးက ထိခိုက် ပြောဆိုလာလျှင် ငါ့တရား, ငါ့ဘုရားများမှာ ထိုသူပြောသလိုများ ဖြစ်နေ မလား, သူ့တရားကများ ဟုတ်လေမလား စသည်ဖြင့် ရွှံရွှံစိုးစိုး ဖြစ်နိုင် သော်လည်း ကိုယ်တွေ့ သိရသောအခါ ဤတရားသာ အစစ်အမှန်, ဤအစစ်အမှန် တရားမှာ ဤဗုဒ္ဓသာသနာ၌သာ ရှိ၍ သာသနာ့ပြင်ပ တခြားအယူဝါဒများ၌ မရှိဟု ပိုင်ပိုင်ကြီး ဆုံးဖြတ်နိုင်ရာ ဓမ္မနှင့်စပ်၍ ရဲရင့်သူအဖြစ်ရောက်တော့သည်။ ထို့ကြောင့်ပင် တရားကို ကိုယ်တွေ့ မြင်ရသူတို့မှာ ဘုရားမှတပါး သာသနာ့ပြင်ပက တခြားကိုးကွယ် အား ထားယုံကြည် ကိုးစားစရာဟု ဘယ်သူ့ကိုမှ မမြင်ရတော့ပေ၊ ဘုရား၌ သာ အကြွင်းမဲ့ ယုံကြည်ကိုးစားတော့၏။

တရားမတွေ့ရခြင်းအပြစ်။ ။ဤမဂ်,ဖိုလ်,နိဗ္ဗာန် တရားများကို မမြင်ခင် ပုထုဇဉ် ဘဝက အခြား ထူးသလိုရှိသော ပုဂ္ဂိုလ်ကို မြင်လျှင် အားရတတ်၏၊ မြတ်နိုးတတ်၏၊ ဆရာပြောင်းတတ်၏။ သနက္ခတ္တ-ရဟန်းမှာ ဘုရားရှင်၏တပည့် အလုပ်အကျွေးဖြစ်၏။ ဘုရားရှင် ၏ ကျက်သရေနှင့် အကျင့်အမျိုးမျိုး တန်ခိုးဖော် ဉာဏ်တော်များကို မြင်ရ သိနေရသော သူလည်းဖြစ်၏။ ထိုသို့ ကျက်သရေရှင် ဘုန်းရှင် ဉာဏ်ရှင် တန်ခိုးရှင်နောက်က အပိတ်ပိုက် လိုက်နေရသူ ဖြစ်ပါလျက် ဖိုခနောက်ကြား ပြာပုံမှာ အိပ်လျက် ခွေးလို လေးဖက်ထောက်စား ခွေးများအကျင့် ကျင့်နေသော ကျက်သရေမဲ့ လှစွာသော ကောရခတ္တိယ တက္ကတွန်းကြီးကို ရဟန္တာဟု အထင်ကြီးလေသည်။ ဘုရားရှင်က သိ၍ အပြစ်တင်သောအခါ ဘုရားရှင်ကိုပင် ပြန်ငေါ့လိုက် သေးသည်မှာ "မြတ်စွာဘုရား....သူတပါး၏ အရဟတ္တဖိုလ်ကို ဝန်မတိုပါနှင့်" ဟူ၏။

(ဒီ ၃-ပါထိက သုတ်-၄) တရားမသိသော ပုထုဇဥ်ဘဝမှာ ဘယ်မျှ စိတ်ပျက်ဖွယ် ကောင်းလှပါသနည်း။

ကောသလမင်း လျှောက်ထားချက်။ ။ကိုယ်တွေ့တရား သိရသူကား ဘုရားထက် ပို၍ လေးစားအပ် မြတ်နိုးအပ် ပူဇော်အပ်သောသူဟု ရှာမတွေ့ရတော့ပေ။ ဤအချက်၌ မဇ္ဈိမပဏ္ဏာသ ဓမ္မစေတိယသုတ်(၃၂၅)လာ ကောသလမင်းကြီး လျှောက်ထားချက်မှ ကောက်နုတ်ချက်ကို ပြဆိုဦးမည်။ မင်းကြီးလျှောက်ပုံမှာ "မြတ်စွာဘုရား....ဣသိဒတ္တနှင့် ပုရာဏမည်သော လက်သမား ဆရာကြီးများမှာ တပည့်တော်က ယာဉ်, ရိက္ခာ, အသက်မွေးမှု, အခြေအရံ ပေးထားသူများ ဖြစ်ကြပါလျက် ရှင်တော်မြတ်ကို လေးစားသလောက် တပည့်တော်အား မလေးစားကြပါ။ တခါက စစ်ထွက်ခိုက်ကြုံသောအခါ သူတို့ကို စုံစမ်းလို၍ ကျဉ်းမြောင်းသောတနေရာ၌ သူတို့နှင့်အတူ အိပ်ကာ တပည့်တော် အိပ်ချင်ယောင် ဆောင်နေပါသည်။ သူတို့နှစ်ယောက် အတော်ညဥ့်နက်အောင် တရားဆွေးနွေးပြီး ဘုရားရှင်ရှိရာ ခေါင်းထားလျက် တပည့်တော်ဖက် ခြေပြုကာ အိပ်ကြပါသည်။ ထိုအခါ အံ့ဖွယ်ရှိပါပေစွ၊ ဤဣသိဒတ္တနှင့် ပုရာဏတို့သည် ယာဉ်,ရိက္ခာ,အခြေအရံ, အသက်မွေးမှုမှန်သမျှ ငါ့ထံမှ ရနေသူများ ဖြစ်ပါလျက် ဘုရားရှင်ကို လေးစားသလောက် ငါ့ကို မလေးစားကြ။ ကေန်ပင် သူတို့မှာ တရားထူးတွေ့ အဆင့်ဆင့် မြင့်သထက်မြင့်ကာ သိလာသောကြောင့်ပဲ'ဟု တအံ့တသြ တွေးတော အားရမိခဲ့ပါသည်။ ထိုသို့ အံ့ဖွယ် မြင်ရသောကြောင့်ပင် ရှင်တော်မြတ်၏ ဘုရားစစ်မှန်ပုံ, တရားတော်၏ ကောင်းမြတ်ပုံ, သံဃာ၏ စစ်မှန်သော သံဃာဖြစ်ပုံကို မှန်းဆကြည်ညိုနိုင်ခဲ့ပါသည်"ဟု လျှောက်ထားလေသည်။

၃-အကာလိကဂုဏ်တော်

အကာလိက အဖွင့်။ ။အကာလိက=အခါမလင့် အကျိုးကို ပေးတတ်သည်။ ဤဂုဏ်ကား မဂ်လေးပါး တရားနှင့်သာ

ဆိုင်သော ဂုဏ်တည်း။ မဂ်လေးပါးသည် မိမိဖြစ်ပြီးလျှင် ပြီးခြင်း တဆက် တည်း ဖိုလ်တည်းဟူသော အကျိုးကို ပေးတော့သည်။ မဂ်ကား အကြောင်း ကုသိုလ်တည်း၊ဖိုလ်ကား အကျိုးဝိပါက်ဖြစ်၏။မဂ်က ကိလေ သာတွေ သတ်ပေး၏။ ကိလေသာ ကင်းအေးငြိမ်းခြင်း သုခကို ဖိုလ်က ခံစားရ၏။ အခြား ကုသိုလ်များကား နောင်ဘဝမှ အကျိုးပေး၏။ အကျိုးပေး မြန်သည်ဆိုသော ဒိဋ္ဌဓမ္မဝေဒနီယ ကံများပင် ငါးရက် ခုနစ်ရက်ကြာမှ ပေး၏။ ပုဏ္ဏ, ကာကဝလ္လိယစသော အချို့သူတို့၏ ကံ များမှာ နေ့ချင်းအကျိုးပေးရာ ဆိုက်များပင် နာရီအတော်ခြားပြီးမှ အကျိုးရ၏။ မဂ်တရားတို့၏ တခြားကုသိုလ်များကဲ့သို့ ကာလမဆိုင်းပဲ တဆက်တည်း အကျိုးပေးနိုင်သည်မှာ ကိလေသာတို့ကို တခါတည်း အပြီးအပြတ် သတ်နိုင်သော အလွန်အားကြီးသော အာနုဘော်ကြောင့် ပင်။ ထိုအာနုဘော်ကြောင့် အကျိုးပေးရာ၌လည်း တခြားကုသိုလ်တို့၏ အကျိုးထက် သာလွန် တုမရသော အကျိုးကို ပေးစွမ်းနိုင်တော့သည်။ တခြားကုသိုလ်တို့၏ အကျိုးမှာ ကိလေသာမကင်း ဒုက္ခမရှင်းသော အကျိုးများသာဖြစ်ရာ ကိလေသာကင်း ဒုက္ခရှင်း၍ အေးငြိမ်းခြင်းသုခ ခံစားရသော ဖလချမ်းသာမှာ အကျိုး ချမ်းသာတကာတို့၏ အထွတ် အထိပ် ဖြစ်တော့သည်။ ဤသို့ လျင်လျင်မြန်မြန် အကျိုးပေးနိုင်အောင် အစွမ်းအာနုဘော်ရှိခြင်း, အကောင်းဆုံးအကျိုးကို ပေးနိုင်ခြင်းတို့ ကြောင့် မဂ်၏သတ္တိမှာ အံ့ချီးဖွယ်ဖြစ်လေသည်။ ထို့ကြောင့်ပင် ကာလ အခြားမရှိ တဆက်တည်း အကျိုးပေးနိုင်သော ထိုအစွမ်းကို မဂ်၏ သီးခြားဂုဏ်အဖြစ် "အကာလိကော"ဟု ဂုဏ်တင်ချီးကျူးခြင်း ဖြစ်ပေ သည်။ (ရတနသုတ် ယံ ဗုဒ္ဓသေဋ္ဌော-စသော ဂါထာဖွင့် (နှာ-၂၁၇) ကိုလည်း ရှုလေဦး။)

၄-ဟေပိယသိကဂုဏ်တော်

ဟေပိယသိက အဖွင့်။ ။ဟေပိယသိက=လာစမ်းပါ, ကျင့်ကြည့် လှည့်စမ်း ပါဟု ဖိတ်ခေါ်ထိုက်သော တရား။ ထင်ရှားရှိ သော တရား ဖြစ်သောကြောင့်ရင်း, အလွန်စင်ကြယ် သန့်ရှင်းသော

ကြောင့်ရှင်း လာစမ်းပါ, ကျင့်ကြည့်လှည့်စမ်းပါဟု အများကို ဖိတ်ခေါ်ပြထိုက်သော တရားဟု ဆိုလို၏။ လောက၌ ပြတိုက်စသည်တွင် ဘာမျှမရှိလျှင်ရှင်း, ရှိသော အရာဝတ္ထုက မစင်မကြယ် မနှစ်သက်ဖွယ်သောအရာသာဖြစ်လျှင်ရှင်း လူအများ ရှုချင်မည်မဟုတ်၍ ဖိတ်ခေါ်ပြသခြင်းငှါ အဘယ်မှာ ထိုက်အံ့နည်း၊ မဂ်ဖိုလ်နိဗ္ဗာန် တရားများကား မိမိသန္တာန်၌ အထင်အရှား တွေ့နိုင်၍ ထင်ရှားရှိသော တရားများလည်းဖြစ်၏။ မှုတိမ်အခိုး ကင်းစင်၍ အလွန်ကြည်လင် ရှန်းပသော လပြည့်ဝန်းကြီးတရထည်အရည်ရှန်းလဲ့ ရှုဖွယ်မငြိုး ပတ္တမြားကြီးအသွင် အလွန်ပင် သန့်ရှင်း အပြစ်လည်း ကင်းစင်လှ၏။ ထို့ကြောင့်ပင် အများကို ဖိတ်ခေါ်ပြသခြင်း ခံနိုင်သော အရည်အချင်းရှိ၍ "ဧဟိပဿိက"ဟု ဆိုရသည်။

ခေါ်ပြထိုက်ပုံတမျိုး။ ။မဂ်သည် အခြား ကုသိုလ်များကဲ့သို့ အချိန်မဆွဲ ကာလမခြားပဲ တဆက်တည်း အကျိုးကိုပေးတတ်သော အကာလိက ဂုဏ်ရှိသည်ဟု ဆိုခဲ့၏။ ချက်ခြင်း အကျိုးခံစားရခြင်း, ခံစားရသော အကျိုးကလည်း အေးငြိမ်းချမ်းသာသော နိဗ္ဗုတိအရသာဖြစ်ခြင်းတို့ကြောင့် ဘယ်ကုသိုလ်ကမျှ မပေးနိုင်သော အထူးခြားဆုံး အကျိုးထူးလည်း ဖြစ်၏။ သို့ဖြစ်ရာ မဂ်၏ ဤအကာလိကဂုဏ်အရပင် အများကို ဖိတ်ခေါ်ပြသမှု ခံနိုင်ရည်ရှိနေပေပြီ။ ထို့ပြင်လောက၌ အထူးအဆန်းဆိုလျှင် ကိုယ်တိုင်လည်း ကြည့်လိုကြ၏၊ မိတ်ဆွေသင်္ဂဟ ချစ်ကျွမ်းဝင်သူများကိုလည်း အားပါးတရ ခေါ်ပြလိုကြ၏၊ အခြားတရားများမှာ ဘဝများစွာက ကြိမ်ဖန်များစွာ လူတိုင်းရခဲ့ဘူးလှပြီဖြစ်ရာ မထူးဆန်းလှတော့ပေ။ ထို့ကြောင့်ပင် မဖြစ်စဖူး ထူးထူးခြားခြား ဤတရားများ ဖြစ်ပေါ်လာသောအခါ မကြုံစဖူး ထူးခြားသောအံ့ဩခြင်း, နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းများ ကြုံရတော့သည်။ ထိုအခါ ဤတရားမျိုးကို မိမိချစ်ကျွမ်းဝင်သောသူများ ရစေလို ပြောပြလိုသော ဆန္ဒများ အဟုန်ပြင်းထန်စွာ ပေါ်တတ်ရာ ပေါ်လာသည့်အတိုင်း ဤတရားရအောင် ကြိုးစားဖို့ တိုက်တွန်းတတ် ဖိတ်ခေါ်တတ်လေသည်။

ဗုဒ္ဓလက်ထက်တော်က ဤသို့ အချင်းချင်း ဖိတ်ခေါ်ကျင့်ကြံစေသဖြင့်လည်း အရိယာများ အံ့မခန်း များပြားခဲ့ရပေသည်။ ဤအချက်များဖြင့်လည်း တရား၏ "ဟေဟိပဿိက"ဂုဏ်မှာ ထင်ရှားလှပေသည်။

ဘုရားဖိတ်ခေါ်ပုံ။ ။ဘုရားရှင်ကလည်း "ဟေဟိ ပဿ=လာလှည့်, ကျင့်ကြည့်လှည့်" ဟူသော သဘောဖြင့် ဟောခဲ့သော တရားတော်များမှာ အများအပြားပင်၊ "ဤငါ့သာသနာမှာသာ ပဌမသမဏ ဆောတာပန်ရှိသည်၊ ဒုတိယသမဏ သကဒါဂါမ်, တတိယသမဏ အနာဂါမ်,စတုတ္ထသမဏ ရဟန္တာလည်း ဤငါ့သာသနာမှာသာ ရှိသည်၊ ငါ့သာသနာမှ ပြင်ပ တခြားအယူဝါဒများကား သမဏလေးပါးတို့မှ ဆိတ်သုဉ်း ကင်းကွာသော ဝါဒများဖြစ်ကြသည်။"(ဒီ ၂မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ် ၁၂၄) "သမဏ ဖြစ်ကြောင်းမှာ မဂ်,ဖိုလ် နိဗ္ဗာန်တည်း၊မဂ်ဖိုလ် နိဗ္ဗာန်တရားများ ထိုတရားရရန် အကျင့်များ တခြားမှာ မရှိ၊ ငါ့သာသနာမှာသာ ရှိသည်၊ မယုံလာကြ ကျင့်ကြည့်ကြ" ဟု မိန့်တော်မူလိုရင်းဖြစ်ရာ မိမိတရား၏ "ဟေဟိပဿိက"ဂုဏ်ကို ဖော်ပြခြင်းပင်။ ဤဒေသနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်မရှိသော သာသနာ့ပြင်ပ အခြားအယူဝါဒတို့၌ "ဟေဟိ ပဿ" ဟု ဖိတ်ခေါ်ခံနိုင်သော တရားမရှိ၊ အပြောအရ ယုံရသော တရားများသာ ဖြစ်၏။ "ဟေဟိပဿိက"ဂုဏ် မရနိုင်သော တရားများသာ ဟုလည်း သိစေတော်မူသည်။

ဖိတ်ခေါ်ပုံတမျိုး။ ။မဟာသတိပဋ္ဌာနသုတ်၌ "ပူဆွေးမှု သောက, ငိုကြွေးမှု ပရိဒေဝတို့ကို လွန်မြောက်ရန်,ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ လုံးဝချုပ်ငြိမ်းရန်, အရိယာမဂ်ရရန်, နိဗ္ဗာန်ကို ကိုယ်တွေ့ဆိုက်ထိ သိရန် လမ်းမှာ တကြောင်းတည်း, တလမ်းတည်းဖြစ်ရာ ထိုလမ်းမှာ သတိပဋ္ဌာန်လေးပါး တရားပင်" ဟု ဟောတော်မူ၏။ ထိုဒေသနာဖြင့် "လာကြ,သတိပဋ္ဌာန်ကို ကျင့်ကြည့်လှည့်ကြ။ကျင့်လျှင် အရိယာမဂ်ရလိမ့်မည်, နိဗ္ဗာန်ကိုယ်တွေ့ သိရလိမ့်မည်, သိလျှင် သောက ပရိဒေဝ ပျောက်ရမည်, ကိုယ်စိတ်ဆင်းရဲခြင်း အလျှင်းပေါ်မလာ,အချမ်းသာကြီး

ချမ်းသာလိမ့်မည်”ဟု မိန့်တော်မူလိုရင်းဖြစ်ရာ မိမိတရားတော်၏ “ဟေတု-ပစ္စယော”ဂုဏ်တော်ကိုပြခြင်းပင်၊ ဤသို့ “ဟေတုပစ္စယော” ဂုဏ်ကို ပြသော ဒေသနာများမှာ အများအပြားပင် ရှိပေသည်။

၅-ဩပနေယျိက ဂုဏ်တော်

ဩပနေယျိကအဖွင့်။ ။ဩပနေယျိက=မိမိစိတ်ထဲ စွဲအောင် ဆောင်ကပ်ထိုက်သောတရား။ မိမိတို့အဖို့ မရ ရအောင် ကြိုးစားရယူထိုက်သော တရားများဟု ဆိုလို၏။ မဂ်ဖိုလ်နိဗ္ဗာန် တရားများကား ဒုက္ခချုပ်ငြိမ်းကြောင်း အကောင်းဆုံး ကိုယ်ကျိုး ကိုယ်စီးပွါး အစစ်အမှန်ပင်ဖြစ်ရာ ထိုတရားများထက် ပို၍ ရယူထိုက်သော တရားဟု ဘယ်မှာ ရှိတော့အံ့နည်း။ ထို့ကြောင့်ပင် ထိုတရားများ မရအရ မနေမနားအရေးတကြီး ကြိုးစားရယူကြရန် ဗုဒ္ဓရှင်တော်မြတ်က ထပ်တလဲလဲ မကြာမကြာ အခါခါပင် နှိုးဆော်တော်မူခဲ့ပေသည်။

ရင်ဝတွင် လှံအစူး ခံရသူသည် ထိုလှံကြီး နုတ်ပိုရာ အရေးတကြီး ကြိုးစားသလို, ဦးခေါင်းမီးလောင်ခံရသူသည် ထိုမီးငြိမ်းရန် အရေးတကြီး ကြိုးစားရသလို သံသရာဘေးမြင်သူသည် သတိတရား စွဲစွဲမြဲမြဲထားကာ သက္ကာယဒိဋ္ဌိကြီး အပြီးပယ် နုတ်ပစ်ပိုရန် ထသန်တည်း ကြိုးစားသင့်ပေသည်။ (သဂါထာဝဂ္ဂ ဒေဝတာသံယုတ်-၁၂) ဤကား ရှင်တော်မြတ်၏ အထူးနှိုးဆော်ချက်ပင် ဖြစ်သည်။ သက္ကာယဒိဋ္ဌိသည် ရုပ်နာမ် ခန္ဓာ၌ ငါဟူသော အတ္တစွဲဖြင့် လွဲမှားသောအယူဖြစ်ရာ ထိုဒိဋ္ဌိမှာ သဿတ ဥစ္ဆေဒ စသော ဒိဋ္ဌိ, ထိုထို အကုသိုလ်အမျိုးမျိုး၏ အခြေခံဖြစ်သောကြောင့် သံသရာဒုက္ခတို့ကို အဆက်မပြတ် ထပ်တလဲလဲ မဆုံးအောင် ခံရခြင်း၏ အကြောင်းဗီဇဖြစ်၏။ ထိုဒိဋ္ဌိရှိနေသူတို့အဖို့ အပါယ်လေးပါးမှာ ကိုယ်ပိုင် အိမ်ရာသဖွယ်ဖြစ်နေတော့ရာ ငရဲမီး အလောင်ခံရ, ပြိတ္တာဖြစ်၍ အစာငတ် ရေငတ်ခံရ, တိရစ္ဆာန်ဖြစ်၍ ဒုက္ခအမျိုးမျိုး ခံရခြင်းဖြင့် မရပ်မစဲ ဆင်းရဲခံရမည်ဖြစ်ရာ ကံတော်၍ သုဂတိရောက်ရသော ဘဝမှာ ခုနစ်ရက် ခုနစ်လီ မဲမှောင်နေသော မိုးကြီးထဲမှာ တခါတရံ စက္ကန့်ပိုင်း

ကလေးမျှ လျှပ်စီးထက်လိုက်သကဲ့သို့သာ ရှိတော့သည်။ ဤမျှမဆုံးအောင် ခံရမည့် အနန္တဆင်းရဲတို့ကြောင့် ထိုဒိဋ္ဌိကြီးကို အရေးတကြီးပယ်နုတ်ဖို့ရာ တိုက်တွန်းတော်မူခဲ့ပေသည်။

ဆိုလိုရင်းအဓိပ္ပါယ်။ ။ဤ၌ မဂ်ရမှ သက္ကာယဒိဋ္ဌိအပြီးတိုင် ပယ်နိုင်မည်ဖြစ်ရာ "သက္ကာယဒိဋ္ဌိပယ်နိုင်အောင် ကြိုးစားကြ" ဟူသော စကားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ဝိပဿနာ အလုပ်ကိုအားထုတ်ကြဟု မိန့်တော်မူလိုရင်း ဖြစ်သည်။ ရင်ဝ လှံစူးခံရသူ, ဦးခေါင်း မီးလောင်ခံရသူ ဥပမာမှာလည်း အတော် လေးနက်လှ၏။ ရင်ဝလှံစူးခံရသူ၌ ထိုလှံကို နုတ်ဖို့ထက် အရေးကြီးသော ကိစ္စမရှိတော့ပေ။ ဦးခေါင်း မီးလောင်ခံရသူလည်း ထို့အတူ မီးငြိမ်းဖို့ထက် အရေးကြီးသောကိစ္စဟု ဘယ်မှာရှိအံ့နည်း။ ဥပမာမှာ သက္ကာယဒိဋ္ဌိနှင့် စာလျှင်အတော် အောက်ကျသော ဥပမာသာ။ ဘာ့ကြောင့်နည်း ရင်ဝလှံစူး ဦးခေါင်း မီးလောင် ခံရသူ၏ ဒုက္ခမှာ တဘဝအတွက် ဒုက္ခသာဖြစ်ရာမဆုံးနိုင်အောင် ခံရဦးမည့် သက္ကာယဒိဋ္ဌိအတွက် ဒုက္ခနှင့်စာလျှင် ဘာမျှမပြောပလောက်သောကြောင့်ပင်။ သို့ဖြစ်လျှင် လှံစူးခံရသူ လှံနုတ်ဖို့အရေးကြီးသည်ထက် ဦးခေါင်းမီးလောင်ခံရသူ မီးငြိမ်းအောင်ပြုဖို့အရေးကြီးသည်ထက် သက္ကာယဒိဋ္ဌိပယ်ဖို့က အဆပေါင်းများစွာ ပို၍ အရေးကြီးပေသည်။ ထိုသို့ ပို၍အရေးကြီးသောကြောင့်ပင် ရင်ဝလှံစူးခံရသူသည် လှံကို မနုတ်သေးပဲ, ဦးခေါင်းမီးလောင်ခံရသူသည် မီးမငြိမ်းသေးပဲ သက္ကာယဒိဋ္ဌိကို ပယ်နိုင်အောင် အရေးတကြီး ပြုရမည်ဟု အဓိပ္ပါယ်ယူလေ။

အရေးကြီးပုံတမျိုး။ ။အချို့ပါဠိ၌ မီးစွဲလောင်လျက်ရှိသော ကိုယ်ဝတ်အထည်ကိုရင်း, ဦးခေါင်းကိုရင်း အရေးမပြုလျစ်လျူရှုကာ တရားရအောင်သာ ကြိုးစားဖို့ ဒေသနာတော်မူ၏။ လက်ထက်တော်အခါက အချို့ အရှင်မြတ်ကြီးများမှာ ဘုရားရှင်အလိုတော်အတိုင်း အရေးတကြီး အားထုတ်ကြသည်။ တောထဲ၌ တရားအားထုတ်လျက်ရှိနေသော တိဿမထေရ်ကို အမွေပေးရမည်စိုးသော အရှင်၏ ခယ်မ

က ခိုးသားငါးရာပုံ့ကို စေလွှတ်သတ်ခိုင်းလိုက်၏။ တညတာမျှ ဆိုင်းကြရန် ထိုသူတို့ကို ခွင့်ပန်ကာ မထေရ်မြတ်သည် အနီးမှကျောက်တုံးကြီးတခုဖြင့် ဒူးနှစ်ဖက်ကို ရိုက်ချိုးလျက် အာမခံချက်ပေးပြီး သေးစိမ်းရှင်ရှင်ဖြင့် တသွင်သွင် ကျိုးသွားသောဒူးမှ အလွန်ပြင်းထန်လှသော ဒုက္ခကို အမှုရးမထား တရားကိုသာ တွင်တွင်ကြီး အားထုတ်ခဲ့ရာ အရုဏ်တက်သောအခါ ရဟန္တာအဖြစ် ရောက်ရပေသည်။ (ဒီ၊ဋ္ဌ၊၂၊ မဟာသတိပဋ္ဌာနသုတ် ၃၃၉) ဘာ့ကြောင့် ဒုက္ခကို. ဤမျှ အရေးမထားပဲ ဇွဲကြီးစွာ အားထုတ်ရသနည်း။ ဤဒေသနာ၌သာ ရနိုင်သော အခွင့်ကောင်းကြီးကို လက်လွှတ်ခံရလျှင် ဝိနိပါတဘေးကြီး အပြီးထက်ကြပ် ကပ်ပါလျက် ရှိသော ပုထုဇဉ်ဘဝဖြင့် ဒုက္ခတွေအနန္တ ခံရဦးမည်အရေး တွေးဆဆင်ခြင်ကောင်းကောင်းကြီး မြင်သောကြောင့်ပင် ဖြစ်သည်။

နီးမှသေဘေးကြောက်။ ။အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေး စသော သံသရာဘေးတို့ကား သတ္တဝါတို့အဖို့ အလွန်ကြောက်မက်ဖွယ် ကောင်းသော ဘေးတို့တည်း။ အထူးသဖြင့် သေဘေးကို အလွန်ကြောက်ကြ၏။ မင်, ဖိုလ်, နိဗ္ဗာန်တို့ကား အားလုံးသောဘေးတို့ကို ကာကွယ်ပယ်ဖျောက်နိုင်သည်ဟု ဘုရားရှင် အာမခံသော ခါတ်သေတ္တာ အနှစ်ဆေးကောင်းများဖြစ်ကြ၏။ သေဘေးကို ကြောက်ကြသော ပုဂ္ဂိုလ်များကား ထိုဘုရားဆေးတော်ကို ရရန် အလေးပေး ကြိုးစားကြ၏။ ယိုတရားရရန် အမှတ်မရှိသော ပုဂ္ဂိုလ်များကား သေဘေးကို မကြောက်သောကြောင့်မဟုတ် မေ့ အားကြီး၍ သေဘေးကို မမြင်ခြင်းပင်။ သူတို့မှာ သေရတော့မည်ကို သိလျှင် ကြောက်လိုက်ကြသည်မှာ ပြောစရာ မရှိတော့ပေ။ အသောကမင်းတရားကြီး၏ ညီတော် တိဿ မင်းသားသည် တနေ့ တောလည်ထွက်သောအခါ သမင်များကိုမြင်ရလျှင် 'ဤသမင်များမှာ မြက်ကိုစားနေရလျက် ပျော်မြူးနိုင်ကြ၏။ စားကောင်း သောက်ဖွယ်တွေ စားကာ အိပ်ရာကောင်း၌ အိပ်ရသော ရဟန်းများမှာ ဘာပြောစရာရှိမလဲ' ဟု မသင့်သောအကြံကို ကြံမိ၏။ မိမိအကြံကို နောင်တော် မင်းတရားကြီးအား လျှောက်တင်သောအခါ

သူကို ဆုံးမလို၍"ညီတော် ခုနစ်ရက် ထီးနန်းစံပါ၊ ခုနစ်ရက်လည်လျှင်တော့ သတ်ရလိမ့်မယ်" ဟု အမိန့်တော် မှတ်လိုက်၏။ ခုနစ်ရက်ကြာလျှင် သေမည်ကို တွေးတောပူပန် ထိတ်လန့်နေသော မင်းသားမှာ အလွန်သာယာဖွယ် ကောင်းသော ထီးနန်းစည်းစိမ်ကို အဘယ်မှာ သာယာနှစ်သက်တော့အံ့နည်း။

ခုနစ်ရက်လည်သောအခါ "ဘယ့်နှယ်လဲ နန်းစည်းစိမ်စံရတာ ပျော်ရဲ့လား ညီတော်" ဟု မေး၏။ "သေရမည့်ဘေး တွေးကြောက်နေရတာ ဘယ်မှာ ပျော်နိုင်ပါမလဲ နောင်တော်" ဟု လျှောက်သော် "အေး ညီတော်မှာ ခုနစ်ရက်ကြာမှ သေရမှာသိ၍ ဤမျှမပျော် မရွှင်နိုင်လျှင် ရဟန်းတော်များမှာ ထွက်သက် ဝင်သက်တိုင်းတွင် အစဉ်မလပ် သေဘေးကပ်နေသကဲ့သို့ ထင်နေရာ ဘယ်မှာ ပျော်ရွှင်နိုင်မလဲ" ဟု မိန့်၏။ ထိုအခါမှ သာသနာကို အလွန်ကြည်ညိုတော့၏။ နောင်အခါ ရဟန်းပြုရာ ရဟန္တာအဖြစ်သို့ ရောက်လေသည်။ (ဝိ၊ ဋ္ဌ၊၁၊ နိဒါန်း ၄၁။) တိဿမင်းသားကား စောစောက သေရမည်ကို ကြောက်ရမှန်းမသိ အမေ့ ကြီး မေ့နေသူတည်း။ ခုနစ်ရက်ကြာ သတ်မည်ဆိုမှ ကြောက်ရမှန်း သိလာ၏။ ထိုအခါမှ သာသနာ၌ မသေဆေးရှာရာ သူအလိုရှိသော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော မသေဆေးကို ရလေ၏။ နောင်အခါ၌ကား သေဘေးမည်မျှ နီးကပ်သော်လည်း သေရမှာ မကြောက်တော့ပြီ။ ယခုဘဝ စုတိအခြားမဲ့၌ အနုပါဒိသေသနိဗ္ဗာနဓာတ်ကြီးသို့ ဆိုက်ရောက်ကာ အမြဲတမ်း ချမ်းသာရတော့မည်သာတည်း။ သို့ဖြစ်လျှင် ဤထက်ပို၍ စိတ်ထဲ၌ ဆောင်ကပ်ထိုက်သောတရား ဘယ်မှာရှိတော့အံ့နည်း။

သာသနာမြေကောင်း။ ။မှန်၏၊ မြေကလည်း အဆီမရှိ, အဆီခန်းသော မြေကြမ်း ခရောင်း မကောင်းသော မြေဖြစ်၍ မျိုးစေ့ကလည်း မမှန်လျှင် စိုက်ပျိုးသူ၏ ကြိုးစားမှုမှာ အရာမရောက် အသီးအနှံကောင်းကို ရလိမ့်မည်မဟုတ်။ မြေဆီဩဇာ ပြည့်ဝသော မြေကောင်းမှာ လွန်စွာ လတ်ဆတ်သန့်ရှင်းသော မျိုးစေ့ကောင်းကို စိုက်ပျိုးရလျှင် အလွန်ကောင်းသော အသီးတွေကို ရနိုင်သည်။ သာ

သနာ့ပြင်ပ ဝါဒတိုကား မြေညံ့နှင့် တူလျက် သူတို့ ဓမ္မများကလည်း မျိုးစေ့ပုပ် ပိုးထိုးလောက်ကိုက်များနှင့်တူရာ ဘယ်မှာ ကိုယ်ကျိုးအစစ် အမှန် အသီးအနှံတို့ကို ရနိုင်အံ့နည်း။ ရှင်တော်မြတ် သာသနာကား ဆိုခဲ့ပြီး ဂုဏ်များအရ အလွန် အနှစ်အဆီပေါ် နှစ်သက်ဖွယ်သော မြေမွန် မြေကောင်းဖြစ်ပေသည်။ အကျင့်တရားမှာလည်း လျော့လွန်း တင်းလွန်း တဖက်စွန်းသို့ ယွန်းနေသော အကျင့်မျိုးမဟုတ်, မဇ္ဈိမပဋိပတ် ဖြောင့် မတ်သန့်ရှင်းသော အကျင့်ဖြစ်ရာ အပုပ်အဆွေးမရော ပိုးထိုး လောက် ကိုက်မပါ လွန်စွာသန့်ရှင်း အပြစ်ကင်းဘိ သတ္တိဓာတ် အပြည့်ရှိသော မျိုးစေ့ပမာ ကြိုးစားချင်ဖွယ်ရာသာ ဖြစ်၏။ ထို့ကြောင့်ပင် လောကဝ၌ အောင်မြင်ပါသည်၊ ဖွံ့ဖြိုးပါသည်၊ စည်ကားပါသည်ဆိုသော အကျင့် မျိုးစေ့တို့၏ တန်ခိုး အကျိုးသီးနှံတို့ထက် အတုမဲ့ သာလွန်အောင် ချမ်းသာကို ဆောင်တတ်, ဆောင်စွမ်းနိုင်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော တရားအသီးတို့ကို ဖြစ်စေ, ရစေ, ခံစားစေနိုင်ရာ ဘယ်သာသနာ့,ဘယ် ဓမ္မ, ဘယ်လိုအယူဝါဒများက ကုပဂုဏ်ပြိုင် အနိုင်ယူနိုင်တော့အံ့နည်း။ လက်ထက်တော်က ဂုဏ်အားဖြင့် သရဖူဆောင်းနိုင်သကဲ့သို့ ယခုခေတ် တွင်လည်း ယှဉ်မရ ပြိုင်မရ ထိပ်ဆုံးက တံခွန်လွင့်ကာ သရဖူဆောင်း လျက်ပင် ရှိနေပေသည်။

ထိတ်လန့်မှ တရားသတိရ။ ။ဆိုခဲ့ပြီးသော အကြောင်းများအရ ဘုရား တရားတော်မှာ အကယ်စိတ်ထဲ စွဲအောင် ဆောင်ထိုက် ရယူထိုက်သောတရား အစစ်အမှန်ပင် ဖြစ်ပေ၏။ ထိုမျှရယူ ထိုက်သော တရားအမှန် ဖြစ်ကြောင်း သိစေကာမူ လူတွေမှာ ပျော်လိုက် ပါးလိုက်နှင့် မေ့မေ့ လျော့လျော့ ဖြစ်နေသောအခါ တရားကို အမှတ်မရ, ထိတ်လန့်လာသောအခါကျမှ အမှတ်ရတတ်၏။ တခါက သိကြားမင်း ဘုရားထံ ရောက်လာပြီးလျှင် တဏှာသင်္ခယဝိမုတ္တ (=တဏှာမှ လွတ်ရာ နိဗ္ဗာန်၌ လွတ်လွတ် ကင်းကင်း ဖြစ်နေသူ)ပုဂ္ဂိုလ်ဖြစ်ကြောင်းတရား မေး လျှောက်ခဲ့ရာ ဘုရားရှင်က ဟောတော်မူ၏။ သိကြားမင်းလည်း လွန်စွာ **အားရ ကျေနပ်လျက် ကောင်းချီးပြုကာ နတ်ပြည်သို့ ပြန်လေသည်။**

ထိုအခါ အရှင်မောဂ္ဂလ္လာန်သည် သိကြားမင်း ကောင်းချီးပြုသံ ကြားရသောအခါ သိကြားမင်းထံ သွားရောက် စုံစမ်းရန် အကြံဖြစ်၍ နတ်ပြည်သို့ ကြွလေ၏။ ထိုအခါ သိကြားမင်းကား ကေပုဏ္ဏရိကမည်သော ဥယျာဉ်၌ တီးကြ မှုတ်ကြ ကကြ ဆိုကြသော နတ်သမီးများဖြင့် အပျော်ကြီး ပျော်နေခိုက်ဖြစ်၏။ အရှင်မောဂ္ဂလ္လာန်ကြွလာသောအခါ သီဆို တီးမှုတ်သံတို့ကို တိတ်စေ၍ ခရီးဦးကြိုဆို နှုတ်ခွန်းဆက်ရာ အရှင်မြတ်က ဘုရားထံမှ သိကြားမင်း နာခဲ့ရသော တရားကို မိမိအား ဟောပြပါမည့်အကြောင်း မိန့်တော်မူ၏။ သိကြားမင်းကား တရားကို အမှတ်မရတော့ပြီဖြစ်ရာ စကားဖာသောအားဖြင့် မိမိမှာ နတ်တွေ၏အမှုအခင်းတွေနှင့် ရှုပ်နေရာ တခါအခါ နာခဲ့ရသော တရားကိုပင် အမှတ်မရကြောင်း လျှောက်၍ ဝေဇယန္တာပြာသာဒ်သို့ အရှင်မြတ်အား ပင့်သွားပြီးလျှင် ဝေဇယန္တာ ချီးကျူးခန်း ဖွင့်ပြနေတော့သည်။

ဤတွင် အရှင်မြတ်က "အလွန်မေ့အားကြီးလှသော သိကြားပါတကား၊ ကိတ်လန့်အောင် လုပ်ဦးမှပဲ"ဟု တန်ခိုးတော်ဖြင့် ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမကြားညှပ်ကာ သိမ့်သိမ့်ခါအောင် လှုပ်စေ၏၊ ထိုအခါမှ အံ့သြထိတ်လန့်ခြင်းဖြစ်ကာ တရားကို အမှတ်ရလာ၍ ဘုရားထံမှ နာလာရသော တရားကို ပြန်လည် ဟောပြနိုင်သည်။ (မူလပဏ္ဏာသ စူဠတဏှာသင်္ခယသုတ်-၃၁၈။)

ဤဝတ္ထုဖြင့် ပျော်နေသောအခါ တရားမေ့၍ ထိတ်လန့်သော အခါမှ တရားအမှတ် ရလာတတ်သည်ဟု သိရ၏။ ထို့ကြောင့် သံသရာဘေး ဒုက္ခတို့ဖြင့် ထိတ်လန့်အောင် စိတ်ကို လှုံ့ပေးလျက် သြပနေယျိကဂုဏ်ပြည့်စုံ ကောင်းမွန်လှသော ဘုရားမြတ် တရားတော်ကို ရကြောင်း ကောင်းမြတ်သော မဇ္ဈိမပဋိပတ် အကျင့်မြတ်တို့ကို လွန်လွန်ကဲကဲ စိတ်ဇွဲပြင်းထန် တသန်တည်းထား ကြိုးစားအားထုတ်သင့် အားထုတ်ထိုက်လှပေသတည်း။

၆-ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ အဖွင့်။ ။ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ပညာရှိတို့သည် ကိုယ်စီ ကိုယ်ငှ မိမိသန္တာန်၌ သိအပ် ခံစားအပ်သည်။ စာတက် ပေတတ် ဗဟုသုတများသော ပညာရှိမျိုးကို အခြားအရာ၌ 'ဝိညူ'ဆိုရသော်လည်း ဤ"ပစ္စတ္တံ ဝေဒိတဗ္ဗ"ဂုဏ်ကား ထိုဝိညူတို့၏ အရာမဟုတ်ပေ။ မဂ်ဖြင့် သိသော အရိယာတို့ကိုသာ 'ဝိညူ'ဆိုရသည်။ ထိုပညာရှိ အရိယာတို့ကား ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိသန္တာန်၌ မဂ်ဖိုလ် ဖြစ်ခဲ့သည်ကိုရင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ရသည်ကိုရင်း သိကြ၏။ ဖလသမာပတ်ဖြင့် နိဗ္ဗာနဓာတ်ကို တွေ့ကာ ထူးမြတ်သော နိဗ္ဗုတိအရသာကိုလည်း ခံစားကြ၏။ သို့သိကြ ခံစားကြရာ၌လည်း ကိုယ့်မဂ် ကိုယ့်ဖိုလ်ဖြင့် ကိုယ့်နိဗ္ဗာန်အသီးသီးကို ကိုယ်စီကိုယ်ငှ တွေ့မြင်ခံစားကြရ၍ "ပစ္စတ္တံ၊ အသီးအသီး ကိုယ်စီကိုယ်ငှ မိမိသန္တာန်၌။ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏"ဟု ဆိုသည်။

ကိုယ်ပိုင်တရားအစစ်။ ။ထို တရားများကား ကိုယ်သာ ဆိုင်သော ကိုယ်ပိုင်တရားအစစ် ဖြစ်၏။ မှန်၏၊ ဆရာ၏ မဂ်က တပည့်၏ ကိလေသာတို့ကို ပယ်နိုင်သည်မဟုတ်။ ဆရာ၏ ဖလသမာပတ်ဖြင့် တပည့်ချမ်းသာစွာ မနေနိုင်၊ ဆရာကိုယ်တွေ့ မျက်မှောက်ပြုထားသော နိဗ္ဗာန်ကို တပည့်မျက်မှောက်ပြုနိုင်သည်ဟု မရှိ၊ ဤတရားများကား တကယ် မိမိစိတ်မှာ အသေအချာတွေ့မြင်ရသော ပညာရှင်များကိုယ်တွေ့ခံစားရသော တရားများသာ ဖြစ်ပေသည်။ ဤ၌ 'ဝိညူဟိ'အရ အရိယာပညာရှိတို့သာဟု အနက်ယူရမည်ဖြစ်၍ ဝိသုဒ္ဓိမဂ်(၁၊၂၁၀)က "ဗာလာနံ ပန အဝိသယော စေသ=ဤတရားများမှာ ဗာလတို့၏ အရာမဟုတ်, ဗာလတို့နှင့် မကန်မရာ"ဟု ဆိုလေသည်။

အကျိုးချင်း ထူးခြားပုံ။ ။ဤဂုဏ်ဖြင့် အခြား လောကီကုသိုလ်အကျိုးများနှင့် ကွာခြားပုံကို သိရ၏။ လောကီကုသိုလ်များကြောင့် ရအပ်သော အကျိုးမှာ သူတကာအား ပေးနိုင်

ခံစားစေနိုင်သည့်လည်း ရှိ၏။ ဥပမာ-ကုသိုလ်ကံကြောင့် ပစ္စည်းဥစ္စာပေါများလျှင် သူတပါးကို ပေးနိုင်၏။ အိမ်ကောင်း အိပ်ရာကောင်း နေရာကောင်းရလျှင် သူတပါးကို နေစေကာ ချမ်းသာကို ဝေငှပေးနိုင်၏။ မဂ်ကုသိုလ်ကြောင့်ဖြစ်သော ဖိုလ်အကျိုးကား ထိုသို့ သူတပါးကို ဝေငှရစကောင်းသော အကျိုးမဟုတ်။ ကိုယ့်ဖိုလ်ဖြင့်သာ ငြိမ်းအေးခြင်း နိဗ္ဗုတိအရသာကို ခံစားရ၏။ မဂ်,ဖိုလ် အသီးသီးရှိသကဲ့သို့ နိဗ္ဗာန်လည်း အသီးသီးရှိရာ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အာရုံပြုကြခြင်းပင်။

ဤသို့လျှင် ကိုးကွယ်သူကို ဖန်ဆင်းသူ တန်ခိုးရှင်က ကယ်တင်နိုင်သည်ဆိုသော တရားမျိုးမဟုတ်ပဲ မိမိ၏ အကျင့်မှန်,လမ်းမှန်ဖြင့် အဖန်ဖန်ကြိုးစားချက်အရ ကိုယ်တိုင်ကျင့်၍ ကိုယ်တွေ့သိရ ခံစားရသော တရားများဖြစ်ကြောင်း ဤဂုဏ်ဖြင့် ပြရာ တရား၏ တကယ်ထင်ရှားရှိခြင်း, ကောင်းမြတ် မှန်ကန်ခြင်း, တကယ် အကျိုးရှိခြင်း စသည်တို့ကြောင့် သာသနာ့ပြင်ပ ဓမ္မဆိုသည်များနှင့် လားလားမျှ မတူ တမူထူးခြား အလွန် အားထားမြတ်နိုး အထူး အားကိုးထိုက်သော တရားများဖြစ်ကြောင်း ကောင်းကောင်းကြီး သိနိုင်ပေသတည်း။

---

(၉၂) ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

(၉၂) ဟိ၊ အောက်မေ့ရခြင်းအကြောင်းကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မံ၊ တရားတော်ကို။ အနုဿရတံ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်တုန်လှုပ်ခြင်းသည်ရင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ သော၊ ထိုကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟီယိဿတိ၊ ပယ်ဖျောက်အပ်ပေလတ္တံ့။

(၉၃) နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ–

(၉၃) ဓမ္မံ၊ တရားတော်ကို။ နော စေ အနုဿရေယျာထ၊ အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည် ရှိသော်။ သံဃံ၊ သံဃာတော်ကို။ အနုဿရေယျာထ၊ အောက်မေ့ကြကုန်လော့။

(၉၄) "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော,
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

(၉၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၊ ဘုရားအဆုံးအမ မလွန်ရအောင် ညွှန်ပြတိုင်းသာ အကောင်းဆုံး ကျင့်တော်မူတတ်ပါပေ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဥဇုပ္ပဋိပန္နော၊ မဇ္ဈိမပဋိပဒါ လမ်းသာယာဖြင့် ကောင်းစွာ လျှောက်၍ ကောက်ကွေ့ခြင်းကင်း ဖြောင့်စင်း တည့်မတ်စွာ ကျင့်တော် မူတတ်ပါပေ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဉာယပ္ပဋိပန္နော၊ ချမ်းသာစစ်မှန် နိဗ္ဗာန်ဆိုက်ရေး အလေးပေးကာ ကျင့်တော်မူတတ်ပါပေ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သာမီစိပ္ပဋိပန္နော၊

နတ်လူကြည်ညို ရှိသေဖို့တန် ခံယူထိုက်ခွင့် ဂုဏ်ရည်မြင့်စရာ ကျင့်တော်မူတတ်ပါပေ၏။ ယဒိဒံ ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ မဂ်ဖိုလ်နှစ်လီ အညီတွဲကုန် အကြင်ပုဂ္ဂိုလ်ပေါင်း လေးစုံတို့သည်။ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ရှစ်ပါးသော ယောကျ်ားမွန် ပုဂ္ဂိုလ်မြတ်တို့သည်။ ဧသော္တိ၊ ဖြစ်ကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော သာဝကသံဃော၊ ဤတပည့်သား သံဃာတော်သည်။ အာဟုနေယျော၊ အဝေးမှပင် ဆောင်ယူငင်လာ လှူစရာကို ရှင်သာထိုက်စေ ခံတော်မူထိုက်ပါပေ၏။ ပါဟုနေယျော၊ ချစ်ခင်မြတ်နိုး ဆွေမျိုးမိတ်ကသျှာ အတွက်တာဟု ဖွယ်ရာမငြိး အသီးစီမံ အာဂန္တုက ဧည့်ဒါနကို မုချမသွေ ခံတော်မူထိုက်ပါပေ၏။ ဒက္ခိဏေယျော၊ ချမ်းသာအမျိုးမျိုး အကျိုးရည်သန် အလှူမွန်ကို ခံတော်မူထိုက်ပါပေ၏။ အဉ္ဇလိကရဏီယော၊ ကောင်းကျိုးကိုသော် ရည်မျှော်ဟာလျက် လက်နှစ်ဖက်ကို ဦးထက်မှာမိုး ရှိခိုးခြင်းအမှန် ခံတော်မူထိုက်ပါပေ၏။ လောကဿ၊ တလောကလုံး၏။ အနုတ္တရံ၊ ကြီးကျယ်ဖွံ့ဖြိုး အကျိုးအရ နိုင်းဆကင်းဘိ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးတို့ စိုက်ပျိုးဖွယ်ရာ လယ်ယာတမျိုး အဖိုးထိုက်တန် မြေကောင်းမှန်ပါပေသတည်း။ ဣတိ၊ ဤသို့။ အနုဿရေ-ယျာထ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

သံဃာ့ဂုဏ်တော် စကားပြေ။ ။တရားတော်ဂုဏ်ကို မအောက်မေ့ မိသည့်ရှိသော် သံဃာတော်ဂုဏ်ကို အောက်မေ့ကြကုန်လော့။ ဘုရားရှင်၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူတတ်၏။ ဖြောင့်မတ်စွာ ကျင့်တော်မူတတ်၏။ နိဗ္ဗာန်ရေး အလေးပေးကာ ကျင့်တော်မူတတ်၏။ နတ်လူတို့ အရိုအသေ ခံထိုက်အောင် ကျင့်တော်မူတတ်၏။ အစုံအားဖြင့် လေးစုံ၊ အသီးအသီးအားဖြင့် ရှစ်ပါးသော ဤဘုရားသား သံဃာတော်သည် အဝေးမှ ဆောင်ယူအလှူကို သော်ပင် ခံတော်မူထိုက်၏။ ဧည့်သည်ကောင်းတို့အတွက် စီမံအပ်သော ပစ္စည်းဝတ္ထုကိုပင် ခံတော်မူထိုက်၏။

အလှူကောင်းအလှူမှန်ကို ခံယူဖို့ ထိုက်တန်တော်မူ၏။ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်၏။ တလောကလုံး၏ အတုမရှိသော ကောင်းမှုပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏၊ ဤသို့ အောက်မေ့ကြလေ။

သံဃာ့ဂုဏ်တော် ၉-ပါး

၁-သုပ္ပဋိပန္နဂုဏ်တော်

သုပ္ပဋိပန္နအဖွင့်။ ။သု= ကောင်းစွာ။ ပဋိပန္န= ကျင့်သော ပုဂ္ဂိုလ်။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်ဝသော ပုဂ္ဂိုလ်တို့၏ တပည့်သာဝကတို့မှာ ကောင်းစွာကျင့်သော တပည့်များသာ ဖြစ်ကြောင်း ဆိုခဲ့ပြီ။ ဝိဇ္ဇာစရဏ ဂုဏ်အရ ဗုဒ္ဓ ရှင်တော်မြတ်၏ ဤ အရိယာ သံဃာများမှာ အကျင့်မကောင်းသူဟု အဘယ်မှာရှိအံ့နည်း။ အားလုံးသော လူနတ်တို့ နှစ်လို ကြည်ညိုဖွယ် အကျင့်ဂုဏ်နှင့် ပြည့်စုံလျက်သာ ရှိသည်။ ထို့ပြင် ရှင်တော်မြတ်ကား အနုတ္တရော ပုရိသ ဒမ္မသာရထိ=ဆုံးမထိုက်သူတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ သူမတူအောင် စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်၍ သတ္ထာဒေဝမနုဿာနံ=နတ်လူတို့၏ ဆရာမြတ် ဖြစ်တော်မူရာ ထိုသို့သော ဘုရားမြတ်၏ တပည့်တို့ထက် ယဉ်ကျေး ပြေပြစ် စင်စစ် နှစ်သက် ကြည်ညိုဖွယ်ရာ ပုဂ္ဂိုလ်ကို ရှာမရနိုင်ပေ။

အခြေခံကောင်းပုံ။ ။လောက၌ စီးပွါးရေး ပညာရေးတွင် ထိပ်သီးဖြစ်လိုသူမှာ ပညာဆုတ်ယုတ်ကြောင်း ဥစ္စာပျက်ပြားကြောင်း အပျော်အပါး စသည်မလိုက်စားပဲ ကောင်းစွာ သင်အံ ရှာဖွေလျက် အဖန်ဖန် ကြိုးစားသည်သာ။ ထို့အတူ အရိယာသာဝက ဗုဒ္ဓမြတ် တပည့်တို့မှာ အာသဝတို့၏ ကုန်ခြင်းကို လိုလား တောင့်တသူများဖြစ်ရာ သန့်ရှင်းသူ အကျင့်ကောင်းသူများသာ ဖြစ်ကြ၏။ အာသဝကုန်ကြောင်း ကောင်းသော အခြေခံများ ပြည့်ဝသူများဖြစ်ကြ၏၊ ထိုအခြေခံများကား ပဓာနီယင် တရားများပင်။ ပဉ္စင်္ဂုတ္တရ၌ ရှင်တော်မြတ်၏ ဟောတော်မူပုံ အချုပ်မှာ မိဖက် ဖဖက် နှစ်ဖက် ဆွေခုနစ်ဆက် တိုင်အောင်

စင်ကြယ်သန့်ရှင်းသော မျိုးဇာတ်ရှိခြင်း, အဆင်းလှခြင်း, မယ်တော် ခမည်းတော်တို့၏ ချစ်မြတ်နိုး ခံရခြင်း, နိဂုံးဇနပုဒ်သားတို့၏ ချစ်မြတ်နိုး ခံရခြင်း, မင်းတို့ တတ်သင့် တတ်ထိုက်သော အတတ်မျိုးတို့ကို အပြည့်အစုံ တတ်မြောက်ခြင်း ဤ အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော မင်း၏ သားကြီးသည် မင်းအဖြစ်ကို တောင့်တသကဲ့သို့ ဘုရားရှင်၏ မဂ်ဉာဏ်ကို ယုံကြည်သော သဒ္ဓါရှိခြင်း, အနာရောဂါကင်း၍ မနဲ့မထက် အညီအမျှ ကျေကျက်စေနိုင်သော ပါစကမီးရှိခြင်း, ကောက်ကျစ်စဉ်းလဲ လှည့်ဖျားခြင်း မရှိ၊ မိမိအဖြစ်မှန်ကို ဖော်ပြတတ်ခြင်း, ကုသိုလ်တို့၌ တာဝန်မလျော့ မပေါ့ ပြင်းထန်သော လုံ့လရှိခြင်း, သစ္စာလေးပါးကို ထွင်းဖောက် နိဗ္ဗာန် ထိ ရောက်နိုင်သော အဖြစ်အပျက်ကို မြင်သော ပညာနှင့် ပြည့်စုံခြင်း၊ ဤတရားငါးပါးပြည့်စုံသော ရဟန်းသည် အာသဝကုန်ခြင်းကို လိုလား တောင့်တသည်။ (အံ ၂၊၁၃၄)

ဘုရားအမိန့် မလွန်။ ။ဤမျှ အခြေခံကောင်းလှသောကြောင့်ပင် ထို အရှင်မြတ်တို့မှာ ရှင်တော်မြတ်က ဤအမှုမအပ် မပြုရဆိုလျှင် ထိုအမှုမျိုးကို အသက်ပင်စွန့်လျက် စောင့်ရှောက်ကြသည် မှာ အံ့ဖွယ်ရာ ကောင်းလောက်အောင်ပင် ဖြစ်ပေသည်။ သမာဓိ, ပညာ အကျင့် များ၌လည်း ထိုနည်းပင်။ မဂ်ဖိုလ် နိဗ္ဗာန် တရားများကား ယောကျ်ားတို့၏ စွမ်းအား လုံ့လဖြင့်သာ ရနိုင်သော တရားများဖြစ်ရာ ထိုတရားများမရပဲ ဝီရိယ၏ အကောင်းဆုံး အထွတ် အထိပ်မြောက် ပေါက်ရောက်မှု မဖြစ်နိုင်သေး။ အရေ အကြော အရိုးသာ ကျန်ပါစေ, အသွေးအသားအားလုံး ခန်းခြောက်ပါစေ,ကြိုးစားရမည်ဟု ဘုရားရှင်က အမိန့်တော်ရှိလျှင် ထိုအမိန့်တော်အတိုင်း ခန်းခြောက် ပိန်ချုံးရုံမက အသက်ပါစွန့်ရသည်အထိ ကျင့်နိုင်သော သတ္တိရှိသော ပုရိသ အာဇာနည် ယောကျ်ားကောင်း ပီသတော်မူကြပေသည်။ အရိယာ်မဖြစ်မီကပင် ထိုမျှ စင်ကြယ်သန့်ရှင်း အပြစ်ကင်းအောင် အကောင်းဆုံး ကျင့်ကြသော ထို အရိယာအရှင်တို့မှာ ကိလေသာကင်းစင် အလွန်ပင် သန့်ရှင်းသူ အရိယာ

အဖြစ်သို့ ရောက်သောအခါကား ဆိုဖွယ်ရာမရှိ အကောင်းအတိသာ ဖြစ်ကြပေသည်။

မကောင်းသော အကျင့်သာ။ ။သာသနာ့ ပြင်ပဥ္စလည်း အလွန်ပြင်းထန်စွာ ကျင့်သူတို့ ရှိကြ၍ ၎င်းတို့ကိုလည်း "သုပ္ပဋိပန္န" ဆိုရမည် မဟုတ်လောဟု ဆိုဖွယ်ရှိ၏။ သို့သော် ၎င်းတို့၏ အကျင့်မှာ တင်းလွန်း လျော့လွန်း အစွန်း မလွတ်သော အကျင့်များဖြစ်၍ ဤသာသနာက နိဗ္ဗာန်ကဲ့သို့သော အကောင်းဆုံး အသေချာဆုံး ပန်းတိုင်လည်းမရှိ ဖြစ်လေရာ ဘယ်မျှကျင့်စေကာမူ အလိုရှိသော ဒုက္ခငြိမ်းခြင်း အကျိုးမရ၍ ဒုပ္ပဋိပန္န=မကောင်းသဖြင့် ကျင့်သူသာ ဖြစ်လေတော့သည်။ဤသာသနာ၌ကား (ဘုရားဂုဏ်တော်အဖွင့်၌ ပြခဲ့သည့်အတိုင်း) ဗုဒ္ဓကလည်း သုဗုဒ္ဓ=အလွန်ကောင်းမြတ်သည့် ဘုရားစစ် ဘုရားမှန်, (ဓမ္မဂုဏ်တော်အဖွင့်၌ ပြခဲ့သည့်အတိုင်း) တရားကလည်း သုဓမ္မ=ကိုယ်တွေ့လက်တွေ့အရ အကောင်းဆုံး ဟောပြအပ်သော တရားစစ် တရားမှန်ဖြစ်ရာ ထိုဘုရားစစ်၏ တပည့်, ဘုရား၏တရားမှန်ကို အမွေဆက်ခံရသော သံဃာကလည်း သုသံဃ=အကောင်းဆုံး သံဃာဖြစ်တော့သည်။ ဤသို့ ဘုရား, တရား, သံဃာ၏ အကောင်းဆုံးချည်း ဖြစ်ခြင်းသည်ပင် ဗုဒ္ဓသာသနာ၏ သမ္ပတ္တိဂုဏ်ဖြစ်ရာ ထိုသာသနာကား သံသရာဘေးကြောက်သူ, ချမ်းသာအစစ်အမှန်ကို လိုလားသူ နတ် လူ ပြဟ္မာတို့၏ ခိုကိုးရာ အားရိပ်သာအဖြစ် ထင်ရှားတည်ရှိနေပေသည်။

မိတ်ဆွေလိုကျင့်သူ။ ။ဘုရားရှင်က "အာနန္ဒာ....ငါ့ကို မိတ်ဆွေ အဖြစ်မျိုးဖြင့် ကျင့်ကြ,ရန်သူ အဖြစ်မျိုးဖြင့် မကျင့်ကြလေနှင့်။ ထိုသို့ ရန်သူလိုမကျင့် မိတ်ဆွေလို ကျင့်ခြင်းမှာ သင်တို့အား ကာလကြာမြင့်စွာ အကျိုးစီးပွါးရရေး ချမ်းသာရေးအတွက်ဖြစ်လိမ့်မည်" ဟု အရှင်အာနန္ဒာအား မိန့်တော်မူပြီးနောက် ရန်သူလိုကျင့်သူ မိတ်ဆွေလိုကျင့်သူများကို ခွဲခြားဟောတော်မူ၏။ အချုပ်မှာ ဘုရားရှင်က "ဤတရားသည် သင်တို့အဖို့ စီးပွါးချမ်းသာရေးအတွက် ဖြစ်သည်"ဟု ညွှန်ကြား

တော်မူလျှင် ကောင်းစွာ နားမထောင် မကျင့်သူမှာ ဘုရားရှင်အပေါ်၌ ရန်သူလိုကျင့်သူဖြစ်၍ ကောင်းစွာ နားထောင်လျက် အမိန့်တော်အတိုင်း လိုက်နာကျင့်ကြံသူမှာ ဘုရားရှင်အပေါ်၌ မိတ်ဆွေလို ကျင့်သူပင်ဖြစ်၏။ (ဥပရိပဏ္ဏာသ မဟာသုညတသုတ် ၁၅၈) ဤအရှင် သံဃာတော်များကား ဘုရားမြတ်အပေါ်၌ မိတ်ဆွေလို ကျင့်ကြသော တပည့်ကောင်းများ ဖြစ်ကြရာ ဒုပ္ပဋိပန္န (=မကောင်းကျင့်သူ)ဟု အဘယ်မှာရှိတော့အံ့နည်း။ အားလုံး သုပ္ပဋိပန္န (=ဘုရားအမိန့်တော်ကို မသွေဖီ အမိန့်တော်နှင့် တညီတည်း ကျင့်ကြသော အကောင်းဆုံး ကျင့်သူများ)သာ ဖြစ်ကြ ပေသည်။

၂-ဥဇုပ္ပဋိပန္န ဂုဏ်တော်

ဥဇုပ္ပဋိပန္န အဖွင့်။ ။ဥဇုပ္ပဋိပန္န= ဖြောင့်မတ်စွာ ကျင့်တော်မူသည်။ “သုပ္ပဋိပန္န” ဂုဏ်တော်အရ အကောင်းဆုံး ကျင့်တော်မူကြသော အရိယာအရှင်များမှာ လမ်းလွဲ လမ်းမှား လိုက်ခြင်း စဉ်းလဲကောက်ကျစ် လှည့်ဖြားခြင်းများ ဘယ်မှာ ရှိတော့အံ့နည်း။ မှန်၏။ “ဥဇုပ္ပဋိပန္န”အနက်မှာ လမ်းကောက် လမ်းမှားမလိုက် လမ်းဖြောင့်အတိုင်း ကျင့်သူ, လှည့်ပတ်ခြင်း ကောက်ကျစ် စဉ်းလဲခြင်းမရှိ ရိုးသားဖြောင့်မတ်စွာ ကျင့်သူဟု အနက် နှစ်မျိုးပင် ရပေသည်။ ဒုက္ခငြိမ်းရန် ရည်သန်ကျင့်ကြသော အကျင့်များတွင် ကာမဂုဏ်ချမ်းသာ ခံစားခြင်းအကျင့် မိမိကိုယ်ကို ပင်ပန်းအောင် ကျင့်သော အကျင့်ဟု နှစ်မျိုး ရှိ၏။ ပဌမအကျင့်ကို လျော့လွန်းသော အကျင့်ဟုရင်း, ဒုတိယအကျင့်ကို တင်းလွန်းသောအကျင့်ဟုရင်း ဆိုရ၏။ ဤသို့ လျော့လွန်း တင်းလွန်း တဖက်စွန်းသို့ ကျသွားသော အကျင့်များဖြစ်သောကြောင့်ပင် အလိုရှိသော ဒုက္ခငြိမ်းချမ်းရေးသို့ မရောက်နိုင်ပဲ ဒုက္ခဖြစ်ကြောင်းသာ ဖြစ်ကြရ၏။ ထို့ကြောင့် ထိုလမ်းများမှာ ဒုက္ခငြိမ်းရေးအတွက် ဖြောင့်သောလမ်းများမဟုတ် လမ်းကောက် လမ်းလွဲ လမ်းမှားများသာ ဖြစ်ကြတော့သည်။

မဂ္ဂင်ချစ်ပါး တရားလမ်းတော်ကြီးကား မလျှော့မတင်း အလယ် အလတ်ကျသော မဇ္ဈိမပဋိပဒါ (အလယ် အလတ် အကျင့်) ဖြစ်ရာ နိဗ္ဗာနဓာတ်သို့ ရောက်ရန် ဤလမ်းမှ လွဲ၍ တခြား လမ်းတမျိုးမရှိ၊ တကြောင်းတည်းသော လမ်းဖြစ်၏။ အားလုံးသော ဘုရားအဆူဆူနှင့် ပစ္စေကဗုဒ္ဓါ အရိယာမှန်သမျှတို့သည် ဤလမ်းဖြင့်သာ သံသရာတဖက် ရောက် ထွက်ရပ်ပေါက်တော် မူကြသည်။ ဤအချက်ဖြင့် တကယ့်ငြိမ်း ချမ်းရေး, သန့်ရှင်းစင်ကြယ်ရေးကို ဤမဂ္ဂင်လမ်းမှ လွဲ၍ တခြား ရောက် နိုင်သော လမ်းမရှိဟု သိရ၏။ အရိယာ သံဃာတော်များကား ဆိုခဲ့ပြီး လမ်းကောက် လမ်းမှားများသို့ မလိုက်ပဲ ဤမဇ္ဈိမပဋိပတ်ဖြင့် ဖြောင့် မတ်စွာ လိုက်ကြ, ကျင့်ကြသောကြောင့် တရားထူး တရားမှန်ရကာ သန့်ရှင်းစင်ကြယ်သူ (အရိယာ)ဘွဲ့ဖြင့် ထင်ရှား၍ နတ်,လူ,ဗြဟ္မာတို့၏ မြတ်နိုး ကြည်ညိုမှု ခံရသည်မှာ အကြောင်းကောင်း၍ အကျိုးကောင်း ခဲ့ခြင်းသာ ဖြစ်ပေသတည်း။

အနက်တမျိုး။ ။ဒုတိယအနက်မှာ အကောက်အကွေ့မရှိ ရိုးသား ဖြောင့်မတ်စွာ ကျင့်သည်ဟူ၏။ မိမိ အပြစ်ကို ဖုံးကွယ်ခြင်းကို မာယာ (=လှည့်ပတ်ခြင်း)ဟု ဆို၏။ မိမိ၌ မရှိသော ဂုဏ်ကို ဖော်ပြခြင်းကို သာဌေယျ (=စဉ်းလဲခြင်း)ဟု ခေါ်သည်။ မိမိ ကိုယ်ကို သူတပါး အထင်ကြီးအောင်, ပစ္စည်း လာဘ်လာဘ ဒကာ ဒကာမ ပေါများအောင်, သီလမရှိပဲ သီလရှိယောင်ဆောင်မှု, စာမတတ်ပဲ စာတတ်ဟန်ဆောင်မှု စသော လှည့်စားမှု အမျိုးမျိုးပင်။ ပစ္စည်းကို မက်မောတွယ်တာသူ, တရားကို မလေးစား မလိုလားသူများ၌ ထိုကဲ့သို့ လှည့်ပတ်မှု လှည့်စားမှုမျိုး ရှိဘတ်သော်လည်း တရားကိုသာ လိုလားသော အရိယာ အရှင်တို့မှာ အရိယာဖြစ်ကြောင်း ပဋိပတ်တို့ကို ကျင့်စဉ်ကပင် မိမိအပြစ်ဖုံးကွယ်မှု မာယာမရှိရာ အရိယာ ဖြစ်သောအခါ၌ကား ဆိုဖွယ်ရာ မရှိ၊ မိမိအပြစ်ရှိသျှင် ကွယ်ဝှက်မထား ဖော်ပြတော့သည်သာ။ (ရတန သုတ် ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ-စသော ဂါထာအဖွင့် (နှာ ၂၆၅) ကြည့်။) အရိယာ ဖြစ်ကြောင်း တရားကိုသာ လွန်စွာ မရအရ

ကြိုးစားနေကြသော ထိုအရှင်များ၌ စိတ်ဓာတ်သန့်ရှင်းလျက် ရှိရာ ဘယ်မှာ အယောင်ဆောင် လှည့်စားမှု၊ စဉ်းလဲမှုဟူ ရှိတော့အံ့နည်း။ အရိယာဖြစ်သော အခါကား ထိုစဉ်းလဲမှုမျိုးမှာ ဘယ်အခါမှ ပေါ်မလာအောင် ကင်းရှင်းလျက် အလွန်ရိုးသား ဖြောင့်စင်းသူ ဖြစ်တော့သည်။ အယောင်ဆောင်သူများကို မလိမ္မာသူတို့က အထင်ကြီးကြမည် ဖြစ်သော်လည်း တတ်သိ နားလည်သူ လူပညာရှိတို့က အမှန်ဝေဖန်၍ သိမြင်တတ်ကြသည်။ တကယ် သီလ၊ သမာဓိ၊ ပညာ ထင်ရှားရှိသော အရိယာတို့ကိုကား ပညာရှိလေလေ အကြောင်းသိလေလေ ဖြစ်ကာ လွန်စွာမြတ်နိုးကြပေသည်။

၃-ဉာဏပ္ပဋိပန္န ဂုဏ်တော်

ဉာယပ္ပဋိပန္န အဖွင့်။ ။ဉာယပ္ပဋိပန္န=နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူသည်။ နိဗ္ဗာန်သို့ စေလွှတ်ထားအပ်သော စိတ်ရှိသည် ဖြစ်၍ နိဗ္ဗာန်ရရေး လေးလေးစားစား မနေမနား ကျင့်တော်မူသည်။ အရှင်မြတ်တို့ကား နိဗ္ဗာန်ရရေးမှ လွဲ၍ တခြား ဘာကိုမျှ မလိုလားမတောင့်တ။ နိဗ္ဗာန်အတွက် မိမိချမ်းသာရေးမှန်သမျှ အကုန် စွန့်လွှတ်နိုင်ကြ၏။ သင်းရဲမှန်သမျှ ခံနိုင်ရည်ရှိကြ၏။ လောက ကောင်းစားချမ်းသာရေးအတွက် ဘာတခုမျှ လိုလားတော် မမူကြ။ နိဗ္ဗာန်ကို မျက်ခြည်ပြတ်လျက် လောက ကောင်းစားရေးကိုသာ လိုလားလျက်ရှိသူများမှာ လာဘ်လာဘ၊ အကျော်အစောတို့ကို ခံယူလိုတတ်ကြ၏။ ထိုလိုလားမှုကြောင့်ပင် မအပ်မရာ ရှာဖွေကြ၊ အနည်းနည်းဖြင့် ရအောင် ပြုတတ်ကြရာ ကိုယ်ကျင့်သီလများ ပျက်ပြားရတော့သည်။ သမာဓိ၊ပညာများကို အရေးထားရမှန်းပင် မသိတော့ပေ၊ သိက္ခာသုံးပါးကို မလိုလားစိတ်အားနေတွေ့လျော့ ပေါ့ဆဆနေသူ၌ အပြစ်တော့ဖြင့် ညစ်ပေနေတတ်သော်လည်း နိဗ္ဗာန်ရရေးအတွက် သိက္ခာသုံးရပ် ကြားမလပ်အောင် မပြတ်မစဲ စွဲမြဲစွာ ကြိုးစားလျက်ရှိသော အရှင်မြတ်များကား အပြစ်မရှိ အစွန်းအညစ်မထင် အလွန်ပင် စင်ကြယ်သန့်ရှင်းလျက် ရှိတော့သည်။ ထို့ကြောင့်ပင် အပြစ်ကင်း၍ အလွန်သန့်ရှင်းသော အကျင့်ဖြင့်သာ ရနိုင် ရောက်နိုင်

သော နိဗ္ဗာန်ကို မိမိတို့ လိုလားတော်မူသည့်အတိုင်း မျက်မှောက်ပြုကာ အရိယာဟူ ဖြစ်သူအဖြစ်သို့ ရောက်ကြရသော ထိုအရှင်များမှာ နတ်လူတို့ ချီးမွမ်းဖွယ် ပူဇော်မြတ်နိုးဖွယ် ရတနာတဆူ ဖြစ်တော်မူကြရပေသည်။

၄-သာမီစိပ္ပဋိပန္န ဂုဏ်တော်

သာမီစိပ္ပဋိပန္န အဖွင့်။ ။သာမီစိပ္ပဋိပန္န = ရိုသေမှုနှင့် လျော်အောင် ကျင့်တော်မူသည်။ လူတို့ကား မိမိတို့ပင် မဝတ်ရက် မစားရက် မသုံးရက်ပဲ အဝတ်အထည် အစားအစာ နေရာထိုင်ခင်းများကို သံဃာတော်များအား မြတ်မြတ်နိုးနိုး ရက်ရက်ရောရော လှူဒါန်းကြ၏။ သံဃာတော်များကလည်း ရိုသေသမှု ပြုအပ်သော လှူဒါန်းမှုများနှင့် ထိုက်တန်လျော်ကန်အောင် ကျင့်တော်မူကြပေသည်။ မိမိက ဂုဏ်တက်မှ သူတို့အလှူ အကျိုးကြီးမြတ်မည်ဖြစ်ရာ ထိုသို့ အကျိုးကြီးမြတ်အောင် မိမိဂုဏ်အရည်အသွေး မြှင့်တင်ပေးခြင်းကိုပင် သာမီစိပ္ပဋိပန္နဟု ဆို၏။

မေတ္တာ ဘာဝနာပွါးခြင်းကို "အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ=ပြည်သူတို့ဆွမ်းကို အချည်းနှီး မဖြစ်အောင် သုံးဆောင်သည် မည်၏"ဟု ဟောတော်မူ၏။ ထို့အတူ ဈာနဘာဝနာ, သတိပဋ္ဌာန်ဘာဝနာစသော ဘာဝနာများကို ပွါးများသော အရှင်များသည် ပြည်သူတို့ ဆွမ်းကို အချည်းနှီးမဖြစ် အကျိုးရှိအောင် သုံးဆောင်သည် မည်ကြောင်းကိုလည်း ကေဂုတ္တရ(၄၁)၌ ဟောတော်မူခဲ့၏။ ဤအချက်ဖြင့် ဘာဝနာမှုများမှာ ပြည်သူတို့၏ဆွမ်း အကျိုးကြီးဖို့ ပုဂ္ဂိုလ်၏ အရည်အသွေးမြှင့်၍ ဂုဏ်တင်ပေးသည်ဟု သိရ၏။ ဘာဝနာမှုမပါပဲ သီလမျှဖြင့် ဆွမ်းအကျိုးအလွန်ကြီးအောင် မရတတ်သေးဟု ဆိုလို၏။ သီလမျှပင် မရှိလျှင်မူ ပြည်သူတို့၏ဆွမ်းကိုဖြုန်းနေသူသာ ဟုလည်း သိနိုင်၏။ ဤအရှင်များကား အာရဒ္ဓဝိပဿက (=ကမ္မဋ္ဌာန်း ကြိုးစားနေသူ)ခေါ် ယောဂီဘဝကပင် ပြည်သူတို့၏ဆွမ်းကို အကျိုးကြီးမြင့်အောင် ပြု၍ သုံးဆောင်သူများ

ဖြစ်ကြရာ အရိယာ ဖြစ်လာသောအခါကား အကျိုးအကြီးဆုံးဖြစ်အောင် ပြုသူများ ဖြစ်လာကြပေတော့သည်။

ဆွမ်းရိုသေမှု။　။ထို့ပြင် ဝိရိယသမ္ဗောဇ္ဈင် အဖွင့်ဆိုင်ရာ ထိုထိုအဋ္ဌကထာတို့၌ လာရှိသော ပိဏ္ဍပါတာပစာယန (=ဆွမ်းကိုရိုသေမှု) ဟူသည် ပြည်သူဘို့၏ ဆွမ်းအကျိုးများများ ရဖို့ရာ မိမိကိုယ်ကို ဂုဏ်အားဖြင့် အမြင့်ဆုံးရောက်အောင် ကြိုးစားမြှင့်တင် ပေးခြင်းပင် ဖြစ်၏။ ပြည်သူဘို့က မိမိတို့ ကိုယ်ကျိုး မိမိတို့ချမ်းသာကို မငဲ့ အရေးမထားပဲ လေးစားကြည်ညိုစွာ စွန့်စွန့်စားစား ပြုရက် လှူရက်နိုင်သည်ကို တွေ့ရ ကြုံရသောအခါ ဤဆွမ်းကို ကိလေသာမကင်းသေးပဲ ငါ မစားထိုက်၊ ကိလေသာကင်းအောင် ကြိုးစားမည် စသည်ဖြင့် ဆွမ်းအကျိုးကြီးအောင် ဇွဲသန်သန်နှင့် အထူးကြိုးစားတော် မူကြပေသည်။ ဤသို့ ကြိုးစားသော အယျမိတ္တမထေရ်ဝတ္ထု အချုပ်ကို ရတနသုတ် "ယေ ပုဂ္ဂလာ"စသော ဂါထာအဖွင့်(နှာ-၂၅၁)၌ ဆိုခဲ့ပြီ။

ဤသို့ ဆွမ်းကို ရိုသေခြင်း, အခြား မိမိအပေါ်ပြုနိုင်ခဲသော အမှုပြုခြင်းကို လေးစားခြင်းဖြင့် ရှပ်ရှပ်ခွံခွံ ကြိုးစားတော်မူကြသော အရှင်များမှာ ရှေးအခါက မနည်းလှပေ။ ဤသို့ ပြည်သူကို ရိုသေသမှုပြုသော လှူဒါန်းမှု, ဝေယျာဝစ္စ စသည်တို့နှင့် ထိုက်လျော်အောင် မိမိဂုဏ်ကို အကောင်းဆုံး မြှင့်တင်ကြသော ထိုအရှင် သံဃာတော်များ၏ လူနတ်တို့ မြတ်နိုး ပူဇော်ခြင်းကို ခံရခြင်းမှာ ကျောက်ကောင်းအမျက် တွင်းထွက် မျိုးမှန်သဖြင့် အဖိုးတန်ခဲ့ခြင်းပင် ဖြစ်ပေသည်။

၅-အာဟုနေယျဂုဏ်တော်

အာဟုနေယျ အဖွင့်။　။အာဟုနေယျ = အဝေးမှ ဆောင်ယူ လှူအပ်သော အလှူကို ခံတော်မူထိုက်သည်။ သီလမရှိ, သမာဓိဗလာ, ပညာဆိတ်သုဉ်းလျက် ရှိသောသူသည် အလှူ၏အကျိုးကြီးအောင် မဆောင်နိုင်ရာ ဘယ်မှာ အလှူကို ခံထိုက်အံ့နည်း။ လှူသော

ပုဂ္ဂိုလ်ကလည်း သိနားလည်သူဖြစ်လျှင် လှူလိုမည် မဟုတ်ပေ။ အရှင်မြတ်များမှာ ဆိုခဲ့ပြီး ဂုဏ်များအရ အလှူအကျိုးကြီးအောင် ရှက်ဆောင်တတ်ရာ တရပ်တကျေး အဝေးအရပ်မှ ဟပင်တပန်း ယူဆောင်လာသော အလှူဝတ္ထုများကိုပင် ခံတော်မူထိုက်ကြ၏။ စန္ဒကူး, ဇလပ်, ကြာညို, မြတ်လေး ဤပန်းမွှေးတို့၏ ရနံ့ထက် သီလရနံ့က သာလွန်ထူးမြတ်သည်ဟုရင်း, ဇလပ်ပန်းနှင့် စန္ဒကူးအနံ့မှာ မပြောပလောက် အနည်းငယ်မျှသော ရနံ့သာ၊ သီလရှိသော သူတို့၏ဂုဏ်ရနံ့မှာမူ နတ်ပြည်, ဗြဟ္မာပြည်များ၌ပင် ပျံ့လှိုင်မွှေးကြိုင်လျက် ရှိပါသည်ဟု ဓမ္မပဒ (၂၁)၌ ဟောတော်မူချက်အရ ထိုအရှင်မြတ်တို့၏ သီလဂုဏ်ရနံ့ကြောင့် လူ့ပြည်အဝေးရပ်မှသာမက နတ်ပြည်များကပင် အထူးတလည် လာရောက်လှူဒါန်းကြရ၏။ ရှေးက သိကြားမင်းကြီး လူအို လူမွဲယောင်ဆောင်ကာ မိဖုရား သုဇာနှင့်အတူ လာရောက်၍ အရှင်မဟာကဿပမထေရ်မြတ်အား ဆွမ်းလှူဒါန်းခဲ့ဘူးလေပြီ။ (ဓမ္မ၊ဋ္ဌ၊၁။၂၆၇-၉။)

ဖူးမျှော်ထိုက်ပုံ။ ။ထိုအရှင်မြတ်များကား လှူဖို့ရာသာမက ဖူးမျှော်ရုံမျှပင် အဝေးအရပ်က အထူးတလည် လာရောက်ဖူးမျှော်ထိုက်သော ပုဂ္ဂိုလ်များပေတည်း။တခါက ဘုရားမြတ်သည် လပြည့်ဥပုသ်နေ့အခါ ရဟန်းသံဃာများ ခြံရံ၍ လွင်ပြင်မှာ ထိုင်တော်မူလျက်ရှိ၏။ ထိုအခါ တိတ်တိတ် ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ဖြစ်နေသော ရဟန်းသံဃာကို ကြည့်၍ အားရတော်မူသဖြင့် မိမိတပည့်သံဃာအား ဂုဏ်တင်သောအားဖြင့် ဤပရိသတ်မှာ အဖျင်းမပါသော ပရိသတ်ဖြစ်ကြောင်း, စင်ကြယ်၍ သီလစသော အနှစ်၌တည်သောကြောင့် အဖျင်းအညွှန့်မရှိ အကောင်းအတိ ဖြစ်သော ပရိသတ်သာ ဖြစ်ကြောင်း, နည်းနည်းလှူလျှင် များများရ၍ များများလှူလျှင် အလွန်များစွာ အကျိုးရစေတတ်သော ပရိသတ်ဖြစ်ကြောင်း, လောကအဖို့ ဖူးတွေ့ရခဲသော ပရိသတ်ဖြစ်ကြောင်း, ယူဇနာ ထောင်သောင်း အရပ်က ရိက္ခာထုပ်ထမ်းကာ ဖူးမျှော်လာထိုက်သော ပရိသတ်ဖြစ်ကြောင်း မိန့်တော်မူ၏။ ထိုမျှ မိမိဂုဏ်တင်ရခြင်း အကြောင်းကို ပြတော်မူလို၍ ဤရဟန်းသံဃာ

ထဲ၌ ရဟန္တာ,အနာဂါမ်, သကဒါဂါမ်, သောတာပန်နှင့် ဗောဓိပက္ခိယ-ဘာဝနာ, ဗြဟ္မဝိဟာရဘာဝနာ, အာနာပါနဿတိ ဘာဝနာများအားထုတ် ကြိုးစားလျက်ရှိသော ရဟန်းတော်တွေ အသီးသီး ရှိနေကြောင်း ဆက်လက်မိန့်ကြားတော် မူလေသည်။ (ဥပရိပဏ္ဏာသ အာနာပါနဿတိသုတ်-၁၂၃)

၆-ပါဟုနေယျ ဂုဏ်တော်

ပါဟုနေယျအဖွင့်။ ။ပါဟုနေယျ=ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သည်။ ထိုထိုအရပ်မှ ဆိုက်ရောက်လာကြသော မိမိ ချစ်မြတ်နိုးအပ်သော ဆွေမျိုးမိတ်ဆွေများကို ကြွေးမွေး ဧည့်ခံဖို့ရာဆိုလျှင် ဖွယ်ဖွယ်ရာရာ ကောင်းမွန်စွာ စီမံမြဲဖြစ်၏။ ထိုသို့ အကောင်းဆုံး ပြုပြင်စီမံထားအပ်သော စားကောင်းသောက်ဖွယ်များကိုပင် ဤအရှင်များ ခံတော်မူထိုက်ကြ၏။ အဘယ့်ကြောင့်နည်း?ဧည့်သည်တို့အား ပြုစုရသည်မှာ ဤဘဝအကျိုး သာမန်မျှပြန်လည်ရရှိတတ်၏။ နောင်ဘဝအကျိုး ကြီးကြီးမားမား ခံရမည်မဟုတ်။ အလှူ၏ အကျိုးကြီးမြတ်မှုကို ပြုတတ်သောဂုဏ်ရှိသူ ထိုအရှင်များအား လှူပေးသော ဒါနမှာကား ပြောမပြနိုင်အောင် များပြောင် ဖွံ့ဖြိုးသော အကျိုးကို ခံစားရမည်မှာ သေချာလှ၏။ ထို့ကြောင့်ပင် "ထိုကဲ့သို့သော ဧည့်ဒါနမျိုးကို ဧည့်သည်များအတွက် အသာဆိုင်းထားပြီးလျှင် အရှင်များကိုသာ လှူသင့်၏" ဟု ဝိသုဒ္ဓိမဂ် (၁၊ ၂၁၃) ၌ မိန့်ဆို၏။

အကြောင်းတမျိုး။ ။ဧည့်သည်များထက် ပိုပြီး အလှူခံ ထိုက်ခြင်း၌ အကျိုးကြီးခြင်းသာ မက တွေ့ခဲ ကြုံခဲခြင်းလည်း အကြောင်းတရပ်ပင်။ သဗ္ဗညာဘုရားဂေါတမ ဂုရု=မိမိထံ ရောက်လာသော ဧည့်သည်များမှာ အားလုံး အလေးပြု ဂရုစိုက်ရမည့်သူများပင်။ သံဃာတော်များကား ဒကာ ဒကာမများကိုမှီ၍ အသက်မွေးကြရသည် ဖြစ်ရာ ဒကာ ဒကာမထံ ကပ်ရောက်ရသူများဖြစ်၍ "အာဂစ္ဆတီတိ အာဂန္တု-ကော=လာတတ်သောကြောင့် ဧည့်သည်မည်၏" ဟူသော အနက်အရ

ဒ္ဒေသည်တော်ကြီးများပင်။ လောကဒ္ဒေသည်များမှာ တွေ့ရ ကြုံရဖန်များ၍ ထူးခြားလှသည် မဟုတ်၊ တွေ့ခဲ ကြုံခဲလှသည်လည်း မဟုတ်။ သံဃာတော်များကား ဘုရားပွင့်မှ ပေါ်လာမြဲဖြစ်ရာ ဘုရားနှင့်ကြုံရဖို့ ခဲယဉ်းသကဲ့သို့ တွေ့ဆုံဖို့ ခဲယဉ်းလှသော ကမ္ဘာ့ဒ္ဒေသည်တော်ကြီးများ ဖြစ်ကြ၏။ ဂုဏ်များနှင့်ပြောလျှင်လည်း လောကဒ္ဒေသည်များထက် နှစ်သက်ကြည်ညိုဖွယ် တရားများရှိသော ပုဂ္ဂိုလ်များသာတည်း။ ထို့ကြောင့် "သံဃသဒိသော ပါဟုနေယျော နာမ နတ္ထိ=သံဃာနှင့်တူသော ဒ္ဒေသည် မည်သည် မရှိ" ဟု ဝိသုဒ္ဓိမဂ် (၁၊ ၂၁၃) ၌ မိန့်သည်။ ထိုသို့ တွေ့ခဲ ဆုံခဲခြင်း, နှစ်သက်ကြည်ညိုဖွယ် ဂုဏ်ရှိခြင်းတို့ကြောင့် လောက၌ အကောင်းဆုံး ပူဇော်ထိုက်သည် ဆိုသော ထိပ်တန်းဒ္ဒေသည်တော်များကိုပင် ဒ္ဒေမခံသေးပဲ အသာဆိုင်းထားလျက် ဘုရားတပည့် ဤအရိယာ သံဃာတော်များကိုသာလျှင် လှူထိုက်လှတော့သည်။

၇-ဒက္ခိဏေယျဂုဏ်တော်

ဒက္ခိဏေယျအဖွင့်။ ။ဒက္ခိဏေယျ = အလှူမှန်ကို ခံတော်မူထိုက်သည်။ သူ့ကိုလှူလျှင် သူ့ထံမှ တစုံတရာ ရလိမ့်မည်ဟု မျှော်ကိုးလျှင် ဒက္ခိဏာ (=အလှူမှန် အလှူကောင်း) မဆို၊ တမလွန်ဘဝ ချမ်းသာရေးကို မျှော်မှန်း၍ လှူဒါန်းသော အလှူကိုသာ ဒက္ခိဏာဆိုရသည်။ သီလစသော ဂုဏ်မရှိသူကား မျှော်မှန်းသည့်အကျိုးကို မပေးနိုင်သောကြောင့် ထိုအလှူကို မခံထိုက်။ အရိယာများသာ သူတို့လိုသလောက် အကျိုးပြီးမြောက်စေတတ်သောကြောင့် ဒက္ခိဏေယျ (=အလှူမှန် အလှူကောင်းကို ခံတော်မူထိုက်သည်) ဟု ဆိုရတော့သည်။ (ရတနသုတ် ယေ ပုဂ္ဂလာ ဂါထာလာ ဒက္ခိဏေယျအဖွင့် (နှာ-၂၅၃-၄) ကိုလည်းရှု။)

၈-အဉ္ဇလိကရဏီယ ဂုဏ်တော်

အဉ္ဇလိကရဏီယ အဖွင့်။ ။အဉ္ဇလိ ကရဏီယ=လက်အုပ်ချီမှုကို ပြုထိုက်သည်။ သီလ, သမာဓိ, ပညာ သိက္ခာ

ဂုဏ်ရည် စုံညီတော်မူသောကြောင့်ပင် ဤအရိယာ အရှင်မြတ်များကား လောကသား အားလုံး ညွတ်ရိုးကြည်ညို ရှိသေမှု, လက်အုပ်ချီမှုကို ခံတော်မူထိုက် ကြသည်။ သီလပျက်စီးနေသူ ရဟန်းများမှာ လူတို့၏ရှိခိုးခြင်း စသည်ကြောင့် အလွန်ဝန်လေးဖွယ်ကြီးဖြစ်နေရာ ဘယ်မှာ ရှိခိုး ခံထိုက်အံ့နည်း။ မှန်၏၊ ခြေသလုံးနှစ်ဖက်တွင် ခိုင်ခံ့မာကြောသော သားရေကြိုးဖြင့် ရစ်ပတ်၍ ပွတ်ဆွဲခံရသဖြင့် အရိုး, ရိုးတွင်းခြင်ဆီခိုက်အောင် အသားတွေ ပြတ်ကြေရသူ၏ဒုက္ခထက် လူတို့ရှိခိုးခံရခြင်းကြောင့် ဖြစ်ရသော သီလမရှိသူ၏ ဆင်းရဲက လွန်ကဲလှ၏။ လှံမကြီးဖြင့် ရင်ဝအထိုးခံရသူ၏ဆင်းရဲထက် သီလမရှိပဲ လူတို့လက်အုပ်ချီမှု ခံရသော ရဟန်း၏ ဒုက္ခက သာ၍ပြင်းထန်လှ၏။ ရဲရဲပြောင်ပြောင် မီးလျှံစွဲသော သံပြားကြီးကို ကိုယ်ဝယ် လွှမ်းခြုံရသူ၏ ဒုက္ခထက် ဒကာတို့ သင်္ကန်းကို ဝတ်ရုံခြင်းကြောင့် ဖြစ်သော သီလမရှိသော ရဟန်း၏ ဒုက္ခက ကြီးလေးလှဘိ၏။ မီးလျှံရဲရဲ သံတွေခဲကြီးကို မျိုရသူ၏ ဒုက္ခထက် ဒကာ ဒကာမဆွမ်းကို စားခြင်းကြောင့် ဖြစ်ရမည့် သီလမရှိသော ရဟန်း၏ဒုက္ခက သာလွန်ဆိုးဝါးလှ၏။ မီးလျှံပြောင်ညီး သံအိုးကြီးထဲ၌ နေရသူ၏ ဒုက္ခထက် ကျောင်း၌ နေခြင်းကြောင့် ဖြစ်ရသော သီလမရှိသော ရဟန်း၏ဒုက္ခက ကြီးလေးဆင်းရဲလှဘိ၏။

ဤအချက်များကို အင်္ဂုတ္တိုရ်ပမသုတ် (အံ၊ ၂၊၄၉၅။ ဝိသုဒ္ဓိမဂ် ၁၊ ၅၂) ၌ ဟောတော်မူသည်။ ထို့ကြောင့် လက်အုပ်ချီမှုဖြင့် ပူဇော်သော ရှိသေမှုမှာ အလွန်ကြီးမြင့်သော အမှုကြီးဖြစ်ရာ သီလမရှိသူ၌ အလွန်ဝန်လေးဖွယ် ဖြစ်လျက် သီလရှိသူ အရိယာများမှု ထိုအမှုနှင့် ထိုက်တန်အလျော်ကန်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ရတော့သည်။

၉-အနုတ္တရိယပုညက္ခေတ္တဂုဏ်တော်

အနုတ္တရံ ပုညက္ခေတ္တံ လောကဿအဖွင့်၊　။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ = တလောကလုံး၏

ကုသိုလ် မျိုးစေ့တို့ စိုက်ပျိုးရာ အကောင်းဆုံး လယ်ယာဖြစ်တော်မူသည်။

ကောသလမင်းကြီးက ဘယ်ပုဂ္ဂိုလ်မျိုး၌ လှူအပ်သော အလှူ အကျိုးကြီးပါသလဲဟု လျှောက်ထားရာ "သီလရှိသောပုဂ္ဂိုလ်အား လှူသော အလှူ အကျိုးကြီး၍ သီလမရှိသောသူအား လှူသောအလှူမှာ ထိုကဲ့သို့ အကျိုးမကြီး"ဟု ဘုရားရှင် မိန့်တော်မူခဲ့၏။(သဂါထာဝဂ္ဂ ဣဿတ္ထသုတ် ၉၉)။ မှန်၏, မြေမကောင်းသော လယ်၌ ဘယ်မျှ ကောင်းမွန်လတ်ဆတ်သော မျိုးစေ့ကို စိုက်စေကာမူ အသီးအနှံ ကောင်းစွာရလိမ့်မည်မဟုတ်ပေ။ သီလမရှိသူကား မကောင်းသော လယ်ယာနှင့်တူ၏။ ထိုပုဂ္ဂိုလ်၌ ပြုအပ်သော ကုသိုလ်မျိုးစေ့မှာ ဘယ်မှာ အကျိုးများစွာရအံ့နည်း။

မြေကလည်းကောင်း ရေကိုလည်း ရသော လယ်ယာကောင်းမှာ စိုက်ပျိုးအပ်သော မျိုးစေ့သာ လိုသလောက် အသီးအနှံကို ရစေတတ်၏။ ဆိုခဲ့ပြီး ဂုဏ်များအရ အရိယာသံဃာများ၌ ပြုပြုသမျှ ကုသိုလ်မျိုးစေ့များမှာ အလွန်ဖွံ့ဖြိုးသော အကျိုးကို ပေးတတ်ရာ သံဃာတော်များကို "အနုတ္တရ ပုညက္ခေတ္တ=ကောင်းမှု မျိုးစေ့စိုက်ရာ အကောင်းဆုံး လယ်ယာ"ဟု ဂုဏ်ပြုခဲ့ကြပေသည်။

---

(၉၅) သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

(၉၅) ဟိ၊ အောက်မေ့ရခြင်း အကြောင်းကား။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃံ၊ သံဃာတော်ကို။ အနုဿရတံ၊ အဖန်ဖန်လဲလဲ အောက်မေ့ကြကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်လန့်ခြင်းသည်ရင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊အကြင် ကိုယ်တုန်လှုပ်ခြင်းသည်ရင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ သော၊ ထိုကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းကို။ ပဟီယိဿတိ၊ ပယ်ဖျောက်အပ်ပေလတ္တံ့။

(၉၆) တံ ကိဿ ဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော အဘိရူ အဆမ္ဘီ အနုတြာသီ အပလာယီတိ။

(၉၆) တံ၊ ထိုသို့ အကြောက်အလန့်စသည် ပျောက်ကင်း ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူသိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ တရားစုံကို အကုန် လုံးဝ ညွှန်ပြသူမရှိ အမှန်အတိုင်း သိတော်မူသော။ တထာဂတော၊ ငါဘုရားသည်။ ဝီတရာဂေါ၊ ကင်းပြီးသော ရာဂရှိတော်မူ၏။ ဝီတဒေါသော၊ ကင်းပြီးသော ဒေါသ ရှိတော်မူ၏။ ဝီတမောဟော၊ ကင်းပြီးသော မောဟ ရှိတော်မူ၏။ အဘီရူ၊ ကြောက်လန့်ခြင်း ရှိတော်မမူ။ အဆမ္ဘီ၊ ကိုယ်တုန်လှုပ်ခြင်း ရှိတော်မမူ။ အနုတြာသီ၊ ထိတ်လန့်လေ့မရှိ။ အပလာယီ၊ ပြေးလေ့ ရှိတော်မမူ။ ဣတိ၊ ထို့ကြောင့်ပင်တည်း။

(၉၇) ဣဒ'မဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော အထာ-ပရံ ဧတဒဝေါစ သတ္ထာ။

(၉၇) ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤ "သစေ တုမှာကံ ဘိက္ခဝေ" အစရှိသော စုဏ္ဏိယစကားပြေ ဒေသနာတော်မြတ်ကို။ အဝေါစ၊ မိန့်တော်မူခဲ့ပေပြီ။ သုဂတော၊ ကောင်းသော စကားကို မိန့်ဆိုတတ်သော မြတ်ဘုရားသည်။ ဣဒံ၊ ဤစုဏ္ဏိယစကားပြေ ဒေသနာတော်မြတ်ကို။ ဝတွာန၊ မိန့်တော်မူပြီးသော်။ အထ၊ ထို့နောက်။ သတ္ထာ၊ နတ်လူတို့ဆရာ ရှင်တော်မြတ်ဘုရားသည်။ အပရံ၊ တပါးသော။ ဧတံ၊ ဤ ဂါထာဗန္ဓ ဓမ္မဒေသနာကို။ အဝေါစ၊ မိန့်တော်မူ၏။

(၉၈) အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။

(၉၇) ဘိက္ခဝေါ၊ ရဟန်းတို့။ အရညေ ဝါ၊ တောသို့သော်၎င်း။ ရုက္ခမူလေ ဝါ၊ သစ်ပင်ရင်းသို့သော်၎င်း။ သုညာဂါရေ ဝါ၊ ဆိတ်ငြိမ်ဘိတောင်းတဲအိမ်ကျောင်းသို့သော်၎င်း။ သမ္ဗုဒ္ဓံ၊ ငါဘုရားကို။ အနုဿရေထ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။ ဝေါ၊ ဤသို့ အောက်မေ့သည်ရှိသော်။ တုမှာကံ၊ သင်တို့အား။ ဘယံ၊ ကြောက်လန့်ခြင်းသည်။ နေဝ သိယာ၊ ဖြစ်နိုင်ဖွယ်ရာ မရှိပေ။

(၉၉) နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

(၉၉) လောကဇေဋ္ဌံ၊ လောကထွတ်ဖူး အကြီးအမှူး ဖြစ်တော်မူသော။ နရာသဘံ၊ မနိုင်းယှဉ်အပ် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ ငါဘုရားကို။ နော စေ သရေယျာထ၊ အကယ်၍ မအောက်မေ့မိကုန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ နိယျာနိကံ၊ သံသရာဝဋ်မှ ထွက်မြောက်တတ်သော။ သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရေယျာထ၊ အောက်မေ့ကြကုန်လော့။

(၁၀၁) နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

(၁၀၀) နိယျာနိကံ၊ သံသရာဝဋ်မှ ထွက်မြောက်တတ်သော။ သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ နော စေ သရေယျာထ၊ အကယ်၍ မအောက်မေ့မိကုန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးတို့ စိုက်ပျိုးခင်းသာ လယ်ယာကောင်းဖြစ်သော။ သံဃံ၊ သံဃာတော်ကို။ သရေယျာထ၊ အောက်မေ့ကြကုန်လော့။

(၁၀၁) ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။

(၁၀၁) ဘိက္ခဝေါ၊ ရဟန်းတို့။ ဧဝံ၊ ဤငါဘုရား ညွှန်ကြားတော်မူသည့်အတိုင်း။ ဗုဒ္ဓဉ္စ၊ ငါဘုရားကို၎င်း။ ဓမ္မဉ္စ၊ တရားတော်မြတ်ကို၎င်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကို၎င်း။ သရန္တာနံ၊ အမှတ်တရ အောက်မေ့ကြကုန်သော သင်တို့အား။ ဘယံ ဝါ၊ ကြောက်လန့်ခြင်းသည်၎င်း။ ဆမ္ဘိတတ္တံ ဝါ၊ ကိုယ်တုန်လှုပ်ခြင်းသည်၎င်း။ လောမဟံသော ဝါ၊ ကြက်သီးထခြင်းသည်၎င်း။ န ဟေဿတိ၊ ဖြစ်လိမ့်မည် မဟုတ်။

နိဂုံးချုပ်ဒေသနာ စကားပြေ–လွှယ်၏။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ

ဓဇဂ္ဂသုတ် နိဿယသစ်

ပြီးပြီ။

အာဋာနာဋိယသုတ် နိဿယသစ်

(၁၀၂) အပ္ပသဒ္ဒေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

(၁၀၃) ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၁၀၂-၃) ဟေ၊ အို သူတော်ကောင်းတို့။ နာထဿ၊ မြတ်စွာဘုရား၏။ သာဓုသမ္မတေ၊ အကောင်းအမြတ်ဟု သမုတ်အပ်သော။ သာသနေ၊ ဘုရားရှင် သာသနာတော်၌။ အပ္ပသဒ္ဒေဟိ၊ မကြည်ညိုကြကုန်သော။ စဏ္ဍေဟိ၊ ကြမ်းတမ်းကုန်သော။ သဒါ၊ အခါခပ်သိမ်း။ ကိဗ္ဗိသကာရိဘိ၊ မကောင်းမှုကို ပြုလေ့ရှိကုန်သော။ အမနုဿေဟိ၊ ဘီလူးတို့သည်။ စတဿန္နံ၊ လေးပါးကုန်သော။ ပရိသာနံ၊ ပရိသတ်တို့ကို။ အဟိံသာယ စ၊ မညှဉ်းဆဲခြင်းငှါလည်းကောင်း။ ဂုတ္တိယာ စ၊ ကာကွယ် စောင့်ရှောက်ခြင်းငှါလည်းကောင်း။ မဟာဝီရော၊ ဝီရိယကြီးမား မြတ်စွာဘုရားသည်။ ယံ ပရိတ္တံ၊ အကြင်အာဋာနာဋိယသုတ် ပရိတ်တော်ကို။ ဒေသေသိ၊ ဟောတော်မူပြီ။ တံ ပရိတ္တံ၊ ထို အာဋာနာဋိယသုတ် ပရိတ်တော်ကို။ (မယံ၊ ငါတို့သည်။) ဘဏာမ၊ ရွတ်ကြကုန်စို့။

အမွှမ်းစကားပြေ - လွယ်၏

နိဒါန်း။ ။သာသနာ မကြည်ညိုကြသော ဘီလူးတို့က ပရိသတ်လေးပါးကို မညှဉ်းဆဲရေး စောင့်ရှောက်ရေး အတွက် အာဋာနာဋိယသုတ်ကို ဘုရားဟောတော်မူသည် ဆိုသောစကားမှာ အာဋာနာဋိယသုတ် နိဒါန်းအရ ဆိုသော စကားတည်း။ အာဋာနာဋိယသုတ်ကား ဝေဿဝဏ် နတ်မင်းကြီး ဘုရားရှင်အား လျှောက်ထားချက် ဖြစ်သည်။ ဘုရားရှင်က လက်ခံတော်မူကာ ရဟန်းများအား ပြန်လည်ဟောကြား၍ "ယံ ဒေသေသိ မဟာဝီရော"ဟုဆိုသည်။ အခါတပါး

စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် နတ်စစ်သည်များနှင့် အတူ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသော ဘုရားရှင်ထံ သန်းခေါင်ယာမ် အချိန်မှာ ရောက်လာကြ၏။ ဝေဿဝဏ် နတ်မင်းကြီးသည် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား.... လောက၌ ဘုရားအား ကြည်ညိုသော နတ်ဘီလူး, မကြည်ညိုသော နတ်ဘီလူး အမျိုးမျိုးရှိပါသည်။ မကြည်ညိုသော နတ်ဘီလူးများက များပါသည်။ အကြောင်းမှာ ဘုရားရှင်က ပါဏာတိပါတ စသော မကောင်းမှုမှ ရှောင်ရန် ဟောတော်မူ၏။ သူတို့ကား ထို မကောင်းမှုများကို မရှောင်ကြ။ မကောင်းမှုမှ ရှောင်ရန်စကားကို သူတို့မကြိုက် မလိုလားသောကြောင့်ပင် ဖြစ်ပါသည်။ တောအုံချုံကြား အစွန်အဖျား ကျသော ကျောင်းများ၌ ရဟန်းများနေကြရာ ယင်းအရပ်မှာ သာသနာ မကြည်ညိုကြသော နတ်ဘီလူးများ ရှိနေကြ၍ ထို ဘီလူးတို့ ကြည်ညိုကြရန် ပရိသတ်လေးပါးကို မညှဉ်းဆဲကြ စောင့်ရှောက်ကြရန် အာဋာနာဋိယ မည်သော အကျယ် အကာ အစောင့် အရှောက်ကို ခံတော်မူပါ" ဟု လျှောက်သော် မြတ်စွာဘုရားလည်း လက်ခံတော်မူ၏။ ထို့နောက် ဝေဿဝဏ် နတ်မင်းကြီးသည် "ဝိပဿိဿ စ နမတ္ထု" စသည်ဖြင့် လျှောက်ထားခဲ့သည်။

အကျန် ဘုရားဟောမဟုတ်။ ။ထို အာဋာနာဋိယ သုတ်သည် ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိ (၁၅၉)၌ လာရှိရာ နှစ်ဘာဏဝါရ [တဘာဏဝါရ(=တကြိမ်ရွတ်)မှာ ဂါထာ ၂၅၀-စာနှင့် ညီမျှ၏။] မျှရှိသော ပါဠိမှ "ဝိပဿိဿ စ နမတ္ထု" စသော ခြောက်ဂါထာကို သာယူ၍ အခြား ဘုရားဂုဏ်တော်ပြ ဂါထာ စသည်များ ထည့်သွင်းကာ ရှေးဆရာတို့ တချိုးစီစဉ်ထားခြင်းဖြစ်၏။

သဒ္ဒါအနည်းရှင်းချက်။ ။[သာခုသမ္ဘာတေ-၌ "သမ္ဘာတ=သမုတ်အပ်သည်" ဟူသော အနက်ကို ယူ၍ အနက်ပေးခဲ့သည်။ သမုတ် အပ်သည် ဆိုသည်မှာ အသိအမှတ်ပြုအပ်သည်ဟု ဆိုလိုသည်။ မတ, အဘိမတ -သဒ္ဒါများမှာ အလိုရှိအပ် မြတ်နိုးအပ်သော အနက်များကိုလည်း ဟောသေးရာ ဤသမ္ဘာတသဒ္ဒါ

လည်း ထိုအနက်များ ဟောနိုင်သေး၏။ ထိုအနက်အရဆိုလျှင် “သာဓုသမ္မတေ= သူတော်ကောင်းတို့ လိုလားမြတ်နိုးအပ်သော”ဟု ပေး။

‘အဟိံသာယ ဂုတ္တိယာ’ တို့ကား ဘောဟောဖြစ်၍ ‘အမ္ဗာဓနှေတိ’ ဟု တတိယာ ကတ္တားသည်၎င်း, ‘ပရိသာနံ’ ဟု ဆဋ္ဌီကံသည်၎င်း ဖြစ်ရသည်။]

(၁၀၄) ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

(၁၀၄) စက္ခုမန္တဿ၊ စက္ခုငါးတန် ဉာဏ်အမြင်မျိုး ရှိတော်မူသော။ သိရီမတော၊ ဘုန်းကျက်သရေ ရှိတော်မူသော။ ဝိပဿိဿ စ၊ ဝိပဿီမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ သဗ္ဗဘူတာနုကမ္ပိနော၊ အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနား စောင့်ရှောက်တော်မူတတ်သော။ သိခိဿပိ စ၊ သိခီမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။

စက္ခုငါးပါး

၁။ ဗုဒ္ဓစက္ခု=အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တဉာဏ်။
၂။ ဓမ္မစက္ခု=အောက်မဂ်သုံးပါး အောက်ဖိုလ်သုံးပါး။
၃။ သမန္တစက္ခု=သဗ္ဗညုတဉာဏ်တော်။
၄။ ဒိဗ္ဗစက္ခု=ဒိဗ္ဗစက္ခုအဘိညာဉ်။
၅။ ပညာစက္ခု=သစ္စာလေးပါး သိသောဉာဏ်။

“စက္ခု ဝိယာတိ စက္ခု” အရ အထူးသိမြင်တတ်သောကြောင့် ဉာဏ်များကိုပင် မျက်စိနှင့်တူသော အနက်အရ စက္ခုများဟု ဆိုရတော့သည်။

---

(၁၀၅) ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

(၁၀၅) နှာတကဿ၊ မဂ်အရဟတ် ရေစင်မြတ်ဖြင့် ဆေးအပ်ပြီးသည့် ကိလေသာရှိတော်မူထသော။ တပဿိနော၊ ချီးမွမ်းထိုက်တဲ့ အကျင့်မြတ် ရှိတော်မူထသော။ ဝေဿဘုဿ စ၊ ဝေဿဘူမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ မာရသေနာပမဒ္ဒိနော၊ မာရ်စစ်သည်တသင်းကို နှိမ်နင်း ဖျက်ဆီးတော်မူတတ်သော။ ကကုသန္ဓဿ စ၊ ကကုသန္ဓမည်တွင် ရှင်တော်မြတ်ဘုရားအားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။

(၁၀၆) ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

(၁၀၆) ဗြာဟ္မဏဿ၊ မြစ်တား ပယ်ရှားအပ်သည့် မကောင်းမှု ရှိ၍ ဝိသုဒ္ဓိဗြာဟ္မဏ ဖြစ်တော်မူထသော။ ဝုသီမတော၊ကျင့်သုံးခဲ့ပြီးသည့် အရိယာမဂ် အကျင့်မြတ် ရှိတော်မူထသော။ ကောဏာဂမနဿ စ၊ ကောဏာဂမန မည်တွင် ရှင်တော်မြတ်ဘုရားအားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ သဗ္ဗဓိ၊ ကိလေသာ ခပ်သိမ်းတို့မှ။ ဝိပ္ပမုတ္တဿ၊ အရှင်းကျွတ်၍ ကင်းလွတ်တော်မူပြီးဖြစ်တော်မူသော။ ကဿပဿ စ၊ ကဿပမည်တွင် ရှင်တော်မြတ်ဘုရား အားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။

သဗ္ဗဓိ။ ။ဝိပ္ပမုတ္တဿတိ သဗ္ဗဓီတိ သဗ္ဗေဟိ ကိလေသေဟိ သဗ္ဗသ္မိံ စ သင်္ခါရဂတေ ဝိပ္ပမုတ္တဿ ဝိသံယုတ္တဿ အသိ ဘဝတိ။ ကေနိပါတ် ဥဇ္ဇယတ္ထေရဂါထဋ္ဌကထာ (၁၄၉) ၌ "သဗ္ဗေဟိ ကိလေသေဟိ" အရ "သဗ္ဗဓိ၊ ကိလေသာ ခပ်သိမ်းတို့မှ" ဟု ပေးခဲ့သည်။ "သဗ္ဗသ္မိံ စ သင်္ခါရဂတေ" အရမူ "သဗ္ဗဓိ၊ အလုံးစုံသော သင်္ခါရအပေါင်း၌"ဟုပေး။ သင်္ခါရတို့၌ ကိလေသာဖြင့် တွယ်တာနေသူမှာ ၎င်းသင်္ခါရတို့နှင့် မကင်းမလွတ်သူဟု ဆိုရ၍ ကိလေသာမရှိသူများကား သင်္ခါရတို့၌တွယ်တာ ငြိကပ်ခြင်း မရှိတော့သဖြင့် သင်္ခါရတို့၌ လွတ်ကင်းနေသူဟု ဆိုရသည်။

"သဗ္ဗမိ ဝိပ္ပမုတ္တောတိ သဗ္ဗေသု ခန္ဓာယတနာဒီသု ဝိပ္ပမုတ္တောဟု တွာ" ဟူသော သဂါထာဝဂ် ဒေဝတာသံယုတ် မာနကာမသုတ် အဖွင့်အဋ္ဌကထာ (၂၆) အလိုသော် "သဗ္ဗမိ၊ အလုံးစုံသော ခန္ဓာ၊ အာယတန၊ ဓာတ်တို့၌" ဟုပေး။

---

(၁၀၇) အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

(၁၀၇) ယော၊ အကြင် သာကီဝင်မင်းသား ဂေါတမ ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗဒုက္ခာပနူဒနံ၊ ဒုက္ခခပ်သိမ်းကို ငြိမ်းစေဘိတောင်း ပယ်နုတ်ကြောင်းဖြစ်သော။ ဣမံ ဓမ္မံ၊ ဤတရားမြတ်ဒေသနာတော်ကို။ ဒေသေသိ၊ ဟောတော်မူပြီ။ အင်္ဂီရသဿ၊ ကိုယ်အင်္ဂါမှ ဖြာဖြာ ရွှန်းလက် ထွက်သော ရောင်ခြည် ရှိတော်မူသော။ သိရီမတော၊ ကျက်သရေရှင် ဖြစ်တော်မူသော။ တဿ သကျပုတ္တဿ၊ ထိုသာကီဝင်မင်းသား ဂေါတမ ရှင်တော်မြတ်ဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။

ဘုရားခုနစ်ဆူသာ ရှိခိုးပုံ။ ။ဒီဃနိကာယ် မဟာဝဂ္ဂ မဟာပဒါနသုတ် (၄၂)၌ နိဂုံးအဖြစ် သုဒ္ဓါဝါသခရီးစဉ်ကို ဟောရာ ထိုသုဒ္ဓါဝါသဘုံများသို့ ဘုရားရှင် ကြွစဉ် ဝိပဿီ စသော ဘုရားခုနစ်ဆူတို့၏ တပည့်သာဝက ဗြဟ္မာများက ထိုဘုရားရှင် အသီးသီးတို့၏ အကြောင်းအရာ များကို လျှောက်ထားခဲ့၏။ ထိုသုဒ္ဓါဝါသခရီးစဉ်ပြ ဒေသနာတွင် ပါဝင်သိမ်းသွင်းနိုင်ရန် ထိုဒေသနာနှင့် လျော်ညီစွာ ဘုရားခုနစ်ဆူတို့၏ ပုဗ္ဗေနိဝါသများကိုသာ ဟော၏။ (အခြားအကြောင်းပြများလည်း ရှိသေး၏။ မဟာပဒါနသုတ် ဋီကာကြည့်။)

ထိုသို့ ဘုရားခုနစ်ဆူတို့၏ ရှေးအဖြစ်ကိုသာ ဟောသော မဟာပဒါနသုတ္တန်အရပင် နောင်အခါ ဘုရားခုနစ်ဆူရှိခိုးသော အလေ့ ဖြစ်လာ၏။ ထို့ကြောင့် ဤအာဋာနာဋိယသုတ်၌ ဝေဿဝဏ်နတ်မင်းကြီး ဘုရား

ခုနစ်ဆူကို ရှိခိုးသည်။ ခန္ဓပရိတ်၌လည်း ဘုရားခုနစ်ဆူ ရှိခိုးခြင်း လာရှိရာ ထိုသုတ်မှာမူ မဟာပဒါနကို မှီးသည်မဟုတ်ပဲ ထိုအခါက ဘုရားလောင်း ရသေ့၏ အသိအရပင် ဖြစ်သည်။

---

(၁၀၈) ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ'ထ၊ မဟန္တာ ဝီတသာရဒါ။

(၁၀၈) လောကေ၊ လောက၌။ ယေ စာပိ ဇနာ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း။ နိဗ္ဗုတာ၊ ကိလေသာဟူ အပူငြိမ်းတော်မူကြကုန်သည်ဖြစ်၍။ ယထာဘူတံ၊ အမှန်အတိုင်း။ ဝိပဿိသုံ၊ ထူးသော ဉာဏ်အရ သိတော်မူကြကုန်ပြီ။ တေ ဇနာ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ အပိသုဏာ၊ ချောပစ် ကုန်းတိုက်ခြင်း မရှိကြကုန်။ အထ၊ ထို့ပြင်။ မဟန္တာ၊ သီလ စသည် ဂုဏ်ရည်တွေစုံ မြတ်ဘော်မူကြကုန်၏။ ဝီတသာရဒါ၊ အရှင်းကင်းသည့် ကြောက်ရွံ့ခြင်း ရှိဘော်မူကြကုန်၏။

(၁၀၉) ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

(၁၀၉) တေ ဇနာ၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ဒေဝမနုဿာနံ၊ နတ်၊ လူတို့၏။ ဟိတံ၊ အစီးအပွါးကို ပြုတော်မူတတ်သော။ ဝိဇ္ဇာစရဏ-သမ္ပန္နံ၊ ဝိဇ္ဇာဉာဏ်, အကျင့်စရဏနှင့် ပြည့်ဝ ကုံလုံတော်မူသော။ မဟန္တံ၊ ဂုဏ်ပေါင်းညွန့်လူ မြတ်တော်မူသော။ ဝီတသာရဒံ၊ အရှင်းကင်းသည့် ကြောက်ရွံ့ခြင်း ရှိတော်မူသော။ ဂေါတမံ၊ ဂေါတမ ရှင်တော်မြတ်ကို။ နမဿန္တိ၊ ရှိခိုးကြကုန်၏။ (တေသမ္ပိ၊ ထိုရဟန္တာ အရှင်မြတ်တို့အားလည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။)

သဒ္ဒါအရ ရှင်းလင်းချက်။　　။[“ကေ ဇနာတိ ဣမေ ခိဏာသဝါ ဇနာတိ အဓိပ္ပေ-တာ” ဟူသော ဒီဃ၊ ဋ၊ အာဋာနာဋိယသုတ်(၁၄၄) အရ ဇနာ-ကို ရဟန္တာ ယူ။

"အပိသုဏာထာတိ ဒေသနာသိသမတ္တမေတံ၊ အမုသာ အပိသုဏာ အဖရုသာ မန္တဘာဏိနောတိ အတ္ထော" ဟူသော ဆိုခဲ့ပြီး အဋ္ဌကထာ(၁၄၄)အရ အပိသုဏာမှာ ဒေသနာ၏ ခေါင်းစဉ်မျှသာဖြစ်၍ မုသားမပြော, ကုန်းမချော, ကြမ်းသောစကား မဆို, ပညာဖြင့် နှိုင်းချိန်၍သာ ဆိုတတ်သည်ဟု အနက်ကုန်အောင် ယူရသည်။ ဒေသနာသိသဖြင့် နိဒဿန ဥပလက္ခဏနည်းအဖြစ် ညွှန်ပြသည်။

ဒုတိယဂါထာ၌ "ယံ နမဿန္တိ ဂေါတမံ ယန္တိ နိပါတမတ္တံ" ဟူသော ဒီ ဋ္ဌ၊၃၊(၁၄၅) အရ ယံ-ကား နိပါတ်မျှသာ၊ အနက်မရှိ။ ဤဂါထာများ၌ ပေးခဲ့သောအနက်မှာ အဋ္ဌကထာသစ် အလိုတည်း။ ရှေး အဋ္ဌကထာက 'တေ ဇနာ' အရ ဘုရားရှင်တို့ကိုသာ ယူကြောင်း ပါထိက အာဋာနာဋိယဋ္ဌကထာသစ် ဆို၏။ ထိုရှေးအဋ္ဌကထာအရ ဂါထာနှစ်ခု၏ အနက်ကို ဆိုဦးမည်။]

မဟာအဋ္ဌကထာအနက်။ ။လောကေ၊ လောက၌။ ယေ **စာပိ ဇနာ**၊ အကြင်ဘုရားရှင်တို့သည်လည်း။ **နိဗ္ဗုတာ**၊ ကိလေသာ ငြိမ်းတော်မူကြကုန်သည် ဖြစ်၍။ ယထာဘူတံ၊ **အမှန်တရားကို**။ ဝိပဿိသုံ၊ ထူးသောဉာဏ်ဖြင့် သိတော်မူကြကုန်ပြီ။ **တေ ဇနာ**၊ ထိုဘုရားရှင်တို့သည်။ အပိသုဏာ၊ ချောပစ် ကုန်းတိုက်ခြင်း **မရှိကြကုန်**။ အထ၊ ထို့ပြင်။ မဟန္တာ၊မြတ်တော်မူကြကုန်**၏**။ဝီတသာရဒါ၊ **အရှင်းကင်းသည့်** ကြောက်ရွံ့ခြင်းရှိတော်မူကြကုန်**၏**။

ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတံ၊ **အစီးအပွါးကို** ပြုတော်မူ**တတ်သော**။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာ, စရဏ ဓမ္မနှင့် ပြည့်စုံတော်မူ**သော**။ **မဟန္တံ**၊ မြတ်တော်မူသော။ ဝီတသာရဒံ၊ **အရှင်းကင်းသည့်** ကြောက်ရွံ့ ခြင်း ရှိတော်မူသော။ **ယံ ဂေါတမံ**၊ အကြင်ဂေါတမ ရှင်တော်မြတ်**ကို**။ နမဿန္တိ၊ ပညာရှိတို့ ရှိခိုးကြကုန်**၏**။ (တဿ စ၊ **ထိုဂေါတမ ရှင်တော်**မြတ်အားရင်း။ ဘေသဇ္ဇူ၊ ထိုရှေးဘုရားရှင် ခြောက်ဆူတို့**အားရင်း**။ **မေ**၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ **ဖြစ်**ပါစေ။)

ဤအနက်၌ သိဖွယ်။ ။"ဒုတိယဂါထာယ ဂေါတမန္တိ ဒေသနာမုခမတ္တံ-မေတံ" ဟူသော ဒီ၊ဋ္ဌ၊၃-အရ ဂေါတမံသည် **ဒေသနာ၏** အဦး အစမျှသာဖြစ်၍ ကြွင်းဘုရားခြောက်ဆူကိုလည်း **ယူ**။

ဘုရားအလုံးစုံ ယူရမည့်အရေး၌ ဂေါတမဟုသာ ဆိုခြင်းဖြင့် "ဂေါတမံ" သည် **အဦးအစ** ဦးတည်ချက်ဖြစ်ရသည်။ အဦးအစ ဆိုလျှင် နောက် ရှိသေးသည်ဟု သိရမြဲဖြစ်ရာ ဤ၌ 'ဂေါတမံ'ဖြင့် အခြားဘုရားများကို လည်း သိရတော့သည်။

---

(၁၁၀) **ယေ စ** ဗုဒ္ဓါ **စ** အတီတာ **စ**၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊ အဟံ ဝန္ဒါမိ သဗ္ဗဒါ။

(၁၁၀) ယေ သမ္ဗုဒ္ဓါ စ၊ ထိုဝိပဿီ **အစ**ရှိသော ဘုရားမြတ် ခုနစ် ဆူတို့သည်၎င်း။ အတီတ၊ ဘုရားခုနစ်ဆူတို့မှ တပါးကုန်သော။ **အနေက-**သတကောဋိယော၊ ကုဋေရာပေါင်း များစွာကုန်သော။ သမ္ဗုဒ္ဓါ စ၊ ဘုရားမြတ်တို့သည်၎င်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ၊ ရှင်တော်မြတ် ဘုရားတို့သည်။ အသမသမာ၊ ယှဉ်ပြိုင်နိုင်သူ၊ ရည်တူမရ၊ ရှေးဘုရားတို့ နှင့်**သာ** တူတော်မူကြကုန်၏။ **သဗ္ဗေ**၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ၊ ရှင်တော် မြတ်ဘုရားတို့သည်။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုး ရှိတော်မူကြကုန်၏။

(၁၁၁) သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟုပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန'မုတ္တမံ။

(၁၁၁) သဗ္ဗေ၊ အလုံးစုံသော ဘုရားမြတ်တို့သည်။ ဒသဗလူပေတာ၊ ဉာဏ်တော်ဆယ်ပါး ဘုရားတို့ စွမ်းအားနှင့် ပြည့်စုံတော်မူကြကုန်၏။ ဝေသာရဇ္ဇေဟိ၊ ဝေသာရဇ္ဇ ဉာဏ်တော်တို့နှင့်။ ဥပါဂတာ၊ ပြည့်စုံတော် မူကြကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုဘုရားမြတ်တို့သည်။ ဥတ္တမံ၊ မြတ်သော။ အာသဘံ ဌာနံ၊ မြင့်မြတ် ထူးခြား ဘုရားတို့ **အရိုက် အရာအစစ် သဗ္ဗညုအဖြစ်**ကို။ ပဋိဇာနန္တိ၊ ဝန်ခံတော်မူကြကုန်၏။ [လက်ခံ သိမ်းပိုက်တော် မူကြကုန်၏။]

ဒသဗလ(=အားတော်ဆယ်ပါး)။ ။ဒသဗလူပေတာ-၌ ဒသဗလ (=အားတော်ဆယ်ပါး) ဟူသည် မှာ "ဒသ ခေါ ပနိမာနိ သာရိပုတ္တ တထာဂတဿ တထာဂတဗလာနိ" စသည်ဖြင့် မူလပဏ္ဏာသ မဟာသီဟနာဒသုတ် (၉၉)၌ ဟောတော်မူအပ် သော တထာဂတဗလ (=ဘုရားတို့၏ အား) ခေါ် ဉာဏဗလဆယ်ပါးကို ပင် ဆိုသည်။

ထိုဉာဏ်တော်ဆယ်ပါးကား—

၁။ ဌာနာဋ္ဌာနဉာဏ် = အကြောင်း ဟုတ်သည်, မဟုတ်သည်ကို သိသောဉာဏ်။

၂။ ကမ္မဝိပါကဉာဏ်=ကံတို့၏ အကျိုးကို သိသောဉာဏ်။

၃။ သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်=ထိုထိုဘဝ ရောက်ကြောင်း, နိဗ္ဗာန် ရောက်ကြောင်း အကျင့်များကို သိသောဉာဏ်။

၄။ အနေကဓာတု နာနာဓာတုဉာဏ်=ဓာတ်သဘာဝ အမျိုးမျိုးကို သိသောဉာဏ်။

၅။ နာနာဓိမုတ္တိကတာဉာဏ် = သတ္တဝါတို့၏ နှလုံးသွင်းဓာတ်ခံကို သိသောဉာဏ်။

၆။ ဣန္ဒြိယပရောပရိယတ္တဉာဏ်=သတ္တဝါတို့၏ ဣန္ဒြေ အထက်အနိမ့်ကို သိသောဉာဏ်။

၇။ ဈာနာဒိသံကိလိဋ္ဌဝေါဒါနဝုဋ္ဌာနဉာဏ် = ဈာန်စသည်၏ ဆုတ်ယုတ်မှု, တိုးတတ်မှု, ထမှုကို သိသောဉာဏ်။

၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်=ရှေးဘဝအဖြစ်ကို သိသောဉာဏ်။

၉။ စုတူပပါတဉာဏ်=သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသောဉာဏ်။

၁၀။ အာသဝက္ခယဉာဏ်=အာသဝကုန်ရာ နိဗ္ဗာန်ကို သိသော အရဟတ္တ မဂ်ဉာဏ်။

* ကြောင်း, ကျိုး, ကျင့်စု၊ ခေတ္တ, စိတ်ခန္ဓာ၊ ကူမြေ့, ဈာန်စ၊ ရှေးဘဝ သိ၊ စုတိသန္ဓေ၊ ကုန်လေ အာသဝေါ၊ ဆယ်ပါးပေါ၊ ရှင်တော ဉာဏ်တော်မြတ်။

ကာယဗလ။　။ဤတသာဂတဗလ(=ဘုရားတို့၏ အား)အရာ၌ ကာယဗလကိုလည်း အဋ္ဌကထာတို့၌ ဖွင့်ကြသည်။

* ကာဠာဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍရမှန်၊ တမ္ဗပိင်္ဂလ၊ ဂန္ဓမင်္ဂလံ၊ ဟေမံ ဥပေါသထ၊ ဆဒ္ဒန္တ၊ ဒသ ဆင်တို့မျိုး။

ဤလက်ာအရ ကာဠာဝက စသော ဆယ်ဆယ်မျိုးတို့တွင် ကာဠာဝကမှာ ပကတိသာမန်ဆင်မျိုးဖြစ်၍ ယောကျ်ား ဆယ်ယောက်အားရှိ၏။ ထိုကာဠာဝက ဆယ်စီးအားသည် ဂင်္ဂေယျ ဆင် တစီးအားပင်တည်း။ ဤနည်းအတိုင်း ဆယ်စီးအားစီ အဆင့်ဆင့်ဘက်၍ ဥပေါသထဆယ်စီးအားသည် ဆဒ္ဒန်ဆင် တစီးအားဖြစ်၏။ ဆဒ္ဒန်ဆယ်စီးအားသည် ဘုရားရှင်၏ အားတော်ပင်တည်း။ ထို့ကြောင့် ဘုရားရှင် အားတော်သည် ဆဒ္ဒန်ဆယ်စီး, ပကတိဆင် ကုဋေတထောင်, ယောကျ်ားကုဋေတသောင်း အားနှင့် ညီမျှ၏။

ဝေသာရဇ္ဇဉာဏ်လေးပါး။　။ဝေသာရဇ္ဇဉာဏ်လေးပါးကို စတုက္ကင်္ဂုတ္တရ-ဘဏ္ဍာဂါမဝဂ် ဝေသာရဇ္ဇသုတ် (၃၁၅)၌ ဟောတော်မူ၏။ အချုပ်မှာ (၁) သမ္မာသမ္ဗုဒ္ဓဘုရားဟု ဝန်ခံသောအရှင်သည် ဤတရားများကို မသိဟု အကြောင်းအခြေခံနှင့်တကွ စောဒနာမည့် နတ် လူ မာရ်ဗြဟ္မာ တစုံတယောက်သော သူကိုရင်း, ညွှန်ပြ၍ စောဒနာမည့် တရားကိုရင်း ငါဘုရား မမြင်၍ အေးချမ်းခြင်းသို့ ရောက်လျက် မကြောက်မရွံ့ နေရပေသည်။ (၂) ထို့အတူ "အာသဝကုန်သူအဖြစ် ဝန်ခံသော အရှင်သည် ဤအာသဝများ မကုန်သေး" ဟုရင်း, (၃) "အန္တရာယ်ပြုတတ်သည်ဟု အရှင်ဟောထားသော တရားများမှာ အန္တရာယ်မပြုတတ်" ဟုရင်း" (၄) "သံသရာဝဋ်ဒုက္ခ ကုန်ဆုံးရန် အရှင်ဟောထားသော တရားများမှာ ဝဋ်ဒုက္ခမှ မလွတ်မြောက်တတ်" ဟုရင်း

အကြောင်းအခြေခံနှင့်တကွ စောဒနာမည့် နတ် လူ မာရ် ဗြဟ္မာ တစုံတယောက်သောသူကိုရင်း ညွှန်ပြ၍ စောဒနာမည့်တရားကိုရင်း ငါဘုရား မမြင်ရ၍ အေးချမ်းခြင်းသို့ ရောက်လျက် မကြောက်မရွံ့ နေရပေသည်။ ဤအချက် လေးချက်၌ ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူသည်၏ အဖြစ်ကို ဟောတော်မူ၏။

ဝိသာရဒဿ ဘာဝေါ ဝေသာရဇ္ဇံ။ ။ဝိသာရဒဿ၊ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဝေသာရဇ္ဇံ၊ ရဲတင်းသူဖြစ်ကြောင်း။ ရဲရင့်သူ ဖြစ်ရသည်မှာ အသိကြောင့်ပင်ဖြစ်၏။ငါ့အယူ အဆ ငါ့အလုပ် မှန်သည်ဟု အတည်ပြု ဆုံးဖြတ်နိုင်သော အသိရှိသူ၌ ကြောက်ရွံ့မှုမရှိ။ ဟုတ်လေလော မဟုတ်လေလော ဟု ယုံကြည်မှုမရှိသူသာ ကြောက်ရွံ့တတ်၏။ ထို့ကြောင့် "ဗျာမောဟဝသေန သရဇ္ဇပရိယေသနံ သာရဇ္ဇံ=အသိဉာဏ်ကင်း တွေဝေခြင်း၏ အစွမ်းဖြင့် ကိုးကွယ်ရာရှာခြင်းသည် သာရဇ္ဇမည်၏"ဟု အင်္ဂုတ္တရဋီကာ (၂၊၂၂၆) စသည်၌ ဖွင့်၏။ "ငါ တရား အကုန်သိသည်၊ မသိအပ်သောတရား မရှိ၊ အမှန်ပင် သမ္ဗုဒ္ဓဖြစ်သည်" ဟု တကယ် သိနေသော ဘုရားရှင်၌ အဘယ်မှာ ဗျာမောဟဘယ - ခေါ် တွေဝေကြောက်ရွံ့ခြင်းမျိုး ရှိတော့အံ့နည်း။ ထို့ကြောင့် မူလပဏ္ဏာသ၊ဋ္ဌ၊မဟာသီဟနာဒသုတ်(၃၃၈)တွင် လေးဌာနတို့၌ မိမိရွံ့ရှားခြင်းကင်း ရဲတင်းသည်၏ အဖြစ်ကို ဆင်ခြင်သော မြတ်စွာဘုရားအား ဖြစ်လာသော သောမနဿနှင့် ယှဉ်သောဉာဏ်ကို ဝေသာရဇ္ဇဆိုသည်ဟု ဖွင့်၏။ လေးဌာနဟူသည် ယခင် အင်္ဂုတ္တရပါဠိအရ ဘုရားအဖြစ်, အာသဝကုန်သည်၏အဖြစ်, အန္တရာယ်ပြုတတ်သောတရား, ဝဋ်မှ ထွက်မြောက်တတ်သော တရားပင်တည်း။ ထိုလေးဌာနကို အစွဲပြု၍ဖြစ်သော ပစ္စဝေက္ခဏာ ဉာဏ်များကိုပင် ဝေသာရဇ္ဇဉာဏ်ဆိုသည်။

အာသဘံ ဌာနံ။ ။['အာသဘံ' ကား အမြတ်ဟောတည်း။ ဌာန=အရာဆိုသည်မှာ လောက၌ မင်းအဖြစ်,ဝန်ကြီးအဖြစ်ကို မင်းအရာ,ဝန်ကြီးအရာ,ဆိုရသကဲ့သို့ အဋ္ဌကအရာ ရာထူးဆိုသော အရာမျိုးပင်။ ထို့ကြောင့် ဘုရားရှင်၏ အာသဘဌာန(= မြတ်သောအရာ) ဆိုသည်မှာ တရားအလုံးစုံ အကုန်သိတော်မူသော

သဗ္ဗညုဘုရားအဖြစ်ကိုပင် ဆိုသည်။ ထို့ကြောင့် 'သေဋ္ဌဋ္ဌာနံ သဗ္ဗညုတံ'ဟု ဥဒါနဝိဘင်္ဂ မူလဋီကာ၌ ဖွင့်သည်။ (အာသဘံ ဌာနန္တိ သေဋ္ဌဋ္ဌာနံ ဥတ္တမဋ္ဌာနံ။ ဝိဘင်္ဂဋ္ဌကထာ ၃၇၁-စသည်။)"အာသဘာ ဝါ ပုဗ္ဗဗုဒ္ဓါ၊ တေသံ ဌာနန္တိ အတ္ထော"ဟုသော ဥဒါနဝိဘင်္ဂ ဋ္ဌကထာ-စသည်အရ အာသဘ-သဒ္ဒါသည် ဘုရားကိုလည်း ဟောသောကြောင့် ရှေး ဘုရားတို့၏အရာ ဟုသော အနက်ကိုလည်း သိအပ်၏။ အာသဘသဒ္ဒါ ဘယ်သို့ ဘုရားကို ဟောနိုင်သနည်း။ "ပဋိဇာနနပဝသေန သဗ္ဗညုတံ အဘိမုခံ ဂစ္ဆန္တိ၊ အဋ္ဌ ဝါ ပရိသာ ဥပသင်္ကမန္တီတိ အာသဘာ ဗုဒ္ဓါ"။ ။ပဋိဇာနနပဝသေန၊ ဝန်ခံသည်၏ အစွမ်းဖြင့်။ သဗ္ဗညုတံ၊ သဗ္ဗညုအဖြစ်သို့။ အဘိမုခံ၊ ရှေးရှု။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဝါ၊ သို့မဟုတ်။ အဋ္ဌ ပရိသာ၊ ပရိသတ်ရှစ်ပါးတို့သို့။ ဥပသင်္ကမန္တိ၊ ချဉ်းကပ်ဘတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာသဘာ၊ အာသဘမည်ကုန်၏။ ဗုဒ္ဓါ၊ ဘုရားတို့ဘည်း။ (ဥဒါနဝိဘင်္ဂ မူလဋီကာ ၁၇၉) အဘိမုခံဖြင့် 'အာ' ကို, ဂစ္ဆန္တိ ဥပသင်္ကမန္တိဖြင့် 'သဘ'ကို ဖွင့်သည်။ သဗ္ဗညု အဖြစ်သို့ ရှေးရှုရောက်သည်ဆိုသည်မှာ သဗ္ဗညုအဖြစ်ကို ဝန်ခံခြင်း လက်ခံယူခြင်းပင် ဖြစ်၍ 'ပဋိဇာနနပဝသေန'ဟု ဆိုသည်။ သဗ္ဗညု မဟုတ်က ပရိသတ်ရှစ်ပါးသို့ မကပ်ရဲ မကပ်နိုင်။ သဗ္ဗညု ဖြစ်၍သာ ကပ်နိုင်သောကြောင့် 'အဋ္ဌ ပရိသာ ဥပသင်္ကမန္တိ' ၌လည်း 'သဗ္ဗညုတံ ပဋိဇာနနပဝသေန'ဟု ယှဉ်ရသည်။ ပဋိဇာနနံ- ဝန်ခံခြင်းဟူ သည် ထိုအာသဘဋ္ဌာနဓါ သဗ္ဗညု အရာသို့ ကပ်ရောက်ခြင်း, သဗ္ဗညု အဖြစ် ကို မစွန့်ခြင်း, သဗ္ဗညု အဖြစ်ကို မိမိအပေါ် တင်ပေးခြင်းများပင်။ ထို့ကြောင့် "ပဋိဇာနာတိ ဥပဂစ္ဆတိ န ပစ္စက္ခာတိ အတ္တနိ အာရောပေတိ" ဟု ဥဒါနဝိဘင်္ဂ အဋ္ဌကထာ (၃၈၁) စသည်တို့၌ ဖွင့်အပ်၏။]

---

(၁၁၂) သီဟနာဒံ နဒန္တေ'တေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

(၁၁၂) တေ ဗုဒ္ဓါ၊ ထိုဘုရားရှင်တို့သည်။ ပရိသာသု၊ ပရိသတ် ရှစ်ပါးတို့၌။ ဝိသာရဒါ၊ ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူကြကုန် သည်ဖြစ်၍။ သီဟနာဒံ၊ ခြင်္သေ့မင်း၏ အသံအလား တရားအသံတော် ကို။ နဒန္တိ၊ ကျူးရင့်တော်မူကြကုန်၏။ လောကေ၊ လောက၌။ (ကေ- နစိ၊ ဗြဟ္မာ နတ်လူ ဘယ်သူတယောက်မျှ။) အပ္ပဋိဝတ္တိယံ၊ မကန့်ကွက် အား မမြစ်တားနိုင်သော။ ဗြဟ္မစက္ကံ၊ မြတ်သော ဓမ္မစက်ကို။ ပဝတ္တေ- န္တိ၊ ဖြစ်စေတော်မူကြပေကုန်၏။

သီဟနာဒ။ ။သီဟနာဒ၌ သီဟ–သဒ္ဒါ အမြတ်ကိုဟော၍ မြတ်သော အသံဟု ဆိုရ၏။ ကြောက်ကြောက်ရွံ့ရွံ့ ဆိုလာမြည်လာသော အသံကို အမြတ်ဟု မဆိုရ။ မကြောက်မရွံ့ ရဲဝံ့စွာ ဆိုမြည်သော အသံမျိုးသာ မြတ်သော အသံဖြစ်သည်၊ ထို့ကြောင့် မြတ်သောအသံ ဆိုသည်မှာ မကြောက်သော အသံကိုဆိုကြောင်း "သီဟနာဒံ နဒတီတိ သေဋ္ဌနာဒံ အဘီတနာဒံ နဒတိ" ဟု မူလပဏ္ဏာသဋ္ဌကထာ မဟာသီဟနာဒသုတ် (၃၃၂) ၌ ဖွင့်သည်။ ဤအလို "သီဟနာဒံ=မကြောက်ရွံ့တတ် မြတ်သော အသံတော်ကို" ဟုပေး။ သဒ္ဒတ္ထကား မုနိသီဟစသည်ကဲ့သို့ နောက်သီဟကိုသာ အမြတ်ဟောဟု ဆိုသည်။ တနည်းအားဖြင့် သီဟကို ခြင်္သေ့ဟောယူ၍ "ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံတော်ကို" ဟုလည်း ဆိုနိုင်ကြောင်းကို "သီဟနာဒသဒိသံ ဝါ နာဒံ နဒတိ" ဟု ဖွင့်၏။ ခြင်္သေ့မင်းသည် သီဟဗလခေါ် ခြင်္သေ့စွမ်းအားရှိ၍ မကြောက်မရွံ့ ရဲဝံ့စွာ ခြင်္သေ့သံကို ဟောက်သကဲ့သို့ တထာဂတသီဟဖြစ်သော ဘုရားမြတ်သည်လည်း တထာဂတဗလခေါ် ဘုရား စွမ်းအား ဉာဏ်တော်များရှိ၍ ပရိသတ်ရှစ်ပါး၌ မကြောက်မရွံ့ ရဲဝံ့စွာ တရားသံဟူသော သီဟနာဒကို ကျူးရင့်တော်မူသည်။

ဤသီဟနာဒကို ခန္ဓဝဂ္ဂသံယုတ် သီဟနာဒသုတ် (၇၀), စတုကင်္ဂုတ္တရ သီဟ သုတ် (၃၄၂) များဖြင့် သိနိုင်၏။ ထိုသုတ်၌ ဟောပုံအချုပ်မှာ "ခြင်္သေ့မင်းသည် ညချမ်းအခါ အစာရှာထွက်ရာ မထွက်မီ ခြင်္သေ့ အသံကို ဟောက်လေ့ရှိ၏။ ထိုအသံကို ကြားရသော တိရစ္ဆာန်များမှာ အများအားဖြင့် ထိတ်လန့်ကြကုန်၏။ ပြေးရှောင်ကြကုန်၏။ ထို့အတူ ဘုရားရှင်၏ သက္ကာယ (ခန္ဓာငါးပါး) နှင့်စပ်သော တရားသံ ကြားရသော နတ်ပြဟ္မာများမှာ နိစ္စထင်နေသော မိမိတို့၏အနိစ္စအဖြစ်ကို သိရသောအခါ ထိတ်လန့်ခြင်း ဖြစ်ကြရသည်" ဟူ၏။

ပရိသတ်ရှစ်ပါး။ ။ယောကျ်ား၏ ရဲစွမ်းသတ္တိမှာ အိမ်၌နေစဉ် မထင်ရှား စပ်မြေပြင်ကျမှ ထင်ရှား၏။ ထို့အတူ ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်စွမ်းမှာလည်း ပညာရှိပရိသတ်များ၌ အလွန် ထင်

ရှားသည်။ ထို့ကြောင့် သီဟနာဒဖြစ်ရာကို 'ပရိသာသု'ဟုဆို၏။ ရဟန်း ရဟန်းမ, ဥပါသကာ, ဥပါသိကာဟု ပရိသတ်လေးပါးလည်း ရှိသေးရာ ထိုပရိသတ်လေးပါးကို မဆိုလို။ ဤ၌ ဘုရားရှင်ကိုယ်တိုင် မိမိ၏ ဝေသာရဇ္ဇအဖြစ်ကို ဟောရာ မဟာသီဟနာဒသုတ်၌ လာသော ပရိသတ်ရှစ်ပါးကို ဆိုလိုသည်။ (၄-ပါးကား ဂ-ပါး၌ ပါဝင်ပြီး ဖြစ်သည်။) ထိုသုတ်၌ဟော ပုံ အချုပ်မှာ "သာရိပုတ္တရာ ငါဘုရားသည် မင်း, ပုဏ္ဏား, အိမ်ရှင်လူ, ရဟန်း, စတုမဟာရာဇ်, တာဝတိံသာ, မာရ်, ဗြဟ္မာ ပရိသတ်သို့ ချဉ်း ကပ်ဘူးသည်ကို အမှတ်ရ၏။ ထိုပရိသတ်၌ ပေါင်းဆုံ နေခဲ့ဘူး ဟော ပြောခဲ့ဘူးရာ ထိုအချက်များကြောင့် ကြောက်ရွံ့ခြင်းများ သက်ရောက် လာသော အခြင်းအရာကို ငါဘုရား မတွေ့ မကြုံ။ ထိုသို့ မတွေ့မကြုံ ရသော ငါဘုရားမှာ အေးချမ်းခြင်းသို့ ရောက်လျက် မကြောက်မရွံ့နေ ရပေသည်"ဟူ၏။

*မင်းပုဏ္ဏားလျှင်၊ အိမ်ရှင် ဘိက္ခု၊ စတုမဟာ၊ ဝတိံသာနှင့်၊
ဗြဟ္မာ မာရ်များ၊ သိမှတ်ထား၊ ရှစ်ပါး ပရိသတ်။

ဗြဟ္မစက္က။ ။ဗြဟ္မစက္က-၌ စက္က-သဒ္ဒါကား ဓမ္မစက္ကခေါ် တရားစက်ကို ဟော၏။ တရားစက်ဆိုသော်လည်း တရားဒေသနာတော်ကို ဆိုသည်မဟုတ်။ ဘုရားရှင်၏ ပဋိဝေဓဉာဏ်နှင့် ဒေသနာဉာဏ်များကို ဆိုသည်။ မိမိ၏ အရိယာအားကို ဖြစ်စေတတ်သော အရဟတ္တမဂ်ဉာဏ် ကို ပဋိဝေဓဉာဏ် ဆို၍ သာဝကတို့၏ အရိယာအားကို ဖြစ်စေတတ် သော မဟာကြိယာဉာဏ်ကို ဒေသနာဉာဏ်ဟု ဆိုသည်။

အပ္ပဋိဝတ္တိယံ၊ သူတပါးတို့ မဖြစ်စေနိုင်သောဟု ပေးလေ့ရှိ၏။ ထို အနက်မှာ "ဥဘယမ္ပိ ပနေတံ အညေဟိ အသာဓာရဏံ၊ ဗုဒ္ဓါနံ ယေဝ သြရသဉာဏံ=ဤဉာဏ်နှစ်ပါးမှာ ဘုရားမှတပါး အခြားသူတို့နှင့် မသက် ဆိုင်၊ ဘုရားတို့၏ရင်တော်မှသာ ဖြစ်လာသော ဉာဏ်များ"ဟူသော(မ၊ ဋ္ဌ၊၁။၃၃၄)နှင့် ညီသကဲ့သို့ ရှိသည်။ သို့သော် အပ္ပဋိဝတ္တိယံ၌ ပဋိဝတ္တန သည် ပဝတ္တေတိ-၌ ပဝတ္တနနှင့်မတူ၊ ပဋိပဝတ္တန-ကား ကားမြစ်ခြင်းကို

ဟောအံ၏။ ဤသို့ ဘုရားရှင်၏ ဓမ္မစကြာနှစ်ပါးကို ဘယ်သူမျှ ဆန့်ကျင်ပယ်ရှား မဘားမြစ်နိုင်ဟု အနက်ယူသင့်သည်။

အပ္ပဋိဝတ္တိယန္တိ နယိဒံ တထာဂတိ ပဋိလောမံ ဝတ္တေတုံ အသက္ကုဏေယျံ။ (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ဒုတိယံဓမ္မစက္ကပဝတ္တန ဝါရ ၂၁၈)

အပ္ပဋိဝတ္တိယန္တိ ဓမ္မိဿရဿ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဘာဝတော ဓမ္မစက္ကဿစ အနုတ္တရဘာဝတော အပ္ပဋိသေဓနီယံ။ (နေတ္တိ အဋ္ဌကထာ ဒေသနာဟာရဝိဘင် ၅၇)

---

(၁၁၃) ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသလက္ခဏူပေတာ၊ သီတာနုဗျဉ္ဇနာဓရာ။

(၁၁၃) နာယကာ၊ လောက၏ အကြီးအမှူး ဦးစီးပဲ့ပြင် ရှင်တော်မြတ်ဘုရားတို့သည်။ အဋ္ဌာရသဟိ၊ တဆယ့်ရှစ်ပါးကုန်သော။ ဗုဒ္ဓဓမ္မေဟိ၊ ဘုရားမြတ်တို့၏သာ ရရာ ပိုင်ရာ ဂုဏ်တော်တို့နှင့်။ ဥပေတာ၊ ပြည့်စုံတော်မူကြပါပေကုန်၏။ ဗာတ္တိံသလက္ခဏူပေတာ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။ အသီတာနုဗျဉ္ဇနာဓရာ၊ ရှစ်ဆယ်သော လက္ခဏာဆောင်ငယ်တို့ကို ဆောင်တော်မူကြပါပေကုန်၏။

ဗုဒ္ဓဓမ္မသာ။ ။ဗုဒ္ဓဓမ္မ ၌ ဓမ္မ-သဒ္ဒါ ဂုဏ်ဟောဖြစ်၍ ဘုရားမြတ်တို့၏ ဂုဏ်တော်များတည်း။ ထိုဂုဏ်တော်များကား တခြားပုဂ္ဂိုလ်တို့နှင့် မဆိုင် မရနိုင်သော ဂုဏ်တော်များဖြစ်၍ "ဗုဒ္ဓါနံယေဝ ဓမ္မာ ဂုဏာ၊ န အညေသန္တိ ဗုဒ္ဓဓမ္မာ"ဟု ပါဠိက သင်္ဂီတိသုတ်ဋီကာ၌ ဖွင့်သည်။ ထိုသို့ တခြားသူများနှင့် မသက်ဆိုင် ရှင်တော်မြတ်တို့သာ ရနိုင်သော တသီးတခြား ဂုဏ်တော်များဖြစ်၍ပင် ထိုဂုဏ်တော်များကို အာဝေဏိကဓမ္မ(=အာဝေဏိကဂုဏ်တော်)ဟု ဆိုရသည်။(ဒီ၊ဋီ၊၃။၁၉၇) ထိုဗုဒ္ဓဓမ္မများကား —

၁။ အတိတ်အဖို့၌ ဘုရားရှင်၏ အပိတ်အပင် အဆီးအတား မရှိသော ဉာဏ်တော်။

၂။ အနာဂတ်အဖို့၌အပိတ်အပင် အဆီးအတားမရှိသောဉာဏ်တော်။

၃။ ပစ္စုပ္ပန်အဖို့၌ အပိတ်အပင် အဆီးအတားမရှိသောဉာဏ်တော်။

၄။ ဤဂုဏ်တော် သုံးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ကာယကံမှန်သမျှ ဉာဏ်ပါလျက် ရှိ၏။

၅။ ဝစီကံမှန်သမျှ ဉာဏ်ပါလျက် ရှိ၏။

၆။ မနောကံမှန်သမျှ ဉာဏ်ပါလျက် ရှိ၏။

၇။ ဤဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ဆန္ဒ၏ ဆုတ်ယုတ်မှု မရှိ။

၈။ တရားဒေသနာ၏ ဆုတ်ယုတ်မှု မရှိ။

၉။ ဝီရိယ၏ ဆုတ်ယုတ်မှု မရှိ။

၁၀။ သမာဓိ၏ ဆုတ်ယုတ်မှု မရှိ။

၁၁။ ပညာ၏ ဆုတ်ယုတ်မှု မရှိ။

၁၂။ ဝိမုတ္တိ(=အရဟတ္တဖိုလ်)၏ ဆုတ်ယုတ်မှု မရှိ။

၁၃။ ဤဂုဏ်တော် တဆယ့်နှစ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား အပျက်အချော် ပျော်လို၍ ပြုမှုမျိုး မရှိ။

၁၄။ ရုတ်တရက် ကတိုက်ကရိုက် ပြုမှုမျိုး မရှိ။ (ချွတ်ချော်တိမ်းပါး အမှားမှား အယွင်းယွင်း ပြုခြင်းဟုလည်း ဆိုသေး၏။)

၁၅။ ဉာဏ်တော်ဖြင့် မထိမရောက်သော အရာဟူ မရှိ။

၁၆။ ရေးကြီးသုတ်ပြာ လျှင်မြန်စွာ ပြုမှုမျိုး မရှိ။

၁၇။ အမှတ်တမဲ့ဖြစ်သောစိတ် အကျိုးမရှိသောစိတ် ဖြစ်မှုမျိုး မရှိ။

၁၈။ အထင်မြင်မှု အသိဉာဏ်ကင်းမှုမျိုး မရှိ။ ဤ တဆယ့်ရှစ်ပါး တည်း။

မှတချက်။ ။ဆိုခဲ့ပြီး ဗုဒ္ဓ ဓမ္မ တဆယ့်ရှစ်ပါးကား ဝိဘင်္ဂမူလဋီကာမှ ဖြစ်၏။ ထို မူလဋီကာ၌ပင် "တရားဒေသနာ၏ ဆုတ်ယုတ်မှု မရှိ" ဟူသော စကားအစား "သတ္တိ၏ ဆုတ်ယုတ်မှု မရှိ"ဟု အရေး အသားဘမျိုး ရှိသေးကြောင်း ဆို၏။ ဒီ၊ဋ္ဌ၊၃၊သင်္ဂီတိသုတ်(၁၇၆)၌ ဗုဒ္ဓ ဓမ္မ တဆယ့်ရှစ်ပါး တမျိုး လာသေး၏။ သို့သော် ဒီဃဘာဏကတို့ အဆို ဖြစ်သော ထို ဗုဒ္ဓ ဓမ္မမှာ ရှုပ်ထွေးသလို ရှိနေ၍ မရှုပ်ထွေးသော အဆိုကို ဤသို့မှတ်ဟု ဆိုခဲ့ပြီး မူလဋီကာအဆိုအတိုင်း သင်္ဂီတိသုတ်ဋီကာဆရာ မိန့်ကြားတော်မူခဲ့သည်။

၃၂-ပါးသော လက္ခဏာတော်ကြီး

(၁) ဘုရားရှင်၏ ခြေဘဝါးတော်ကား အချိုင့်အခွက် မရှိ မြေ၌ ကောင်းစွာတည်အောင် ညီညာချောပြေလှ၏။

(၂) ခြေဖဝါးအပြင်၌ စက်လက္ခဏာရှိ၏။

(၃) ဖနှောင့်တော်ကား ခြေ၏ လေးပုံ တပုံမျှ ရှည်လျက် ရှိ၏။

(၄) လက်ချောင်းတော်များကား အရင်းတုတ်လျက် အဖျား ရှည်သွယ်၏။

(၅) လက်, ခြေတော်များကား နူးညံ့ နုနယ်လှ၏။

(၆) လက်ချောင်း, ခြေချောင်းတော်များကား တညီတည်း ဖြစ်လျက် ဇာကွက် တပ်ထားသော ပြူတင်းပေါက်ကဲ့သို့ ဖြစ်၏။

(၇) ဖမျက်တော်များကား အထက်၌ မြင့်လျက် တည်နေ၏။

(၈) ခြေသလုံးတော်များကား ဧဏီသားကောင်၏ ခြေသလုံး သဖွယ် လုံးသွယ်လျက် ရှိ၏။

(၉) ကိုယ်တော်ကား မကိုင်းမကုန်းရပဲ မတ်မတ် ရပ်လျက်မင် ဒူးနှစ်ဖက်ကို လက်ဖြင့် သုံးသပ်နိုင်လောက်အောင် အထက်ပိုင်း အောက်ပိုင်း ညီမျှလျက်ရှိ၏။

(၁၀) ပုရိသနိမိတ်မှာ အရေအိမ်အတွင်း သွင်းထားအပ်၏။

(၁၁) ကိုယ်တော်၏ အရေအဆင်းမှာ ရွှေအဆင်းရှိ၏။

(၁၂) အသားအရေတော်မှာ နုနယ် သိမ်မွေ့လှ၏။

(၁၃) မွေးညှင်းများကား မွေးညှင်းတွင်းတခုခွ တချောင်းစီသာ ပေါက်ရောက်လျက် ရှိ၏။

(၁၄) ထို မွေးညှင်းများကား မျက်စဉ်းညိုရောင် အသွေးရှိ၍ လက်ျာရစ်လည်ကာ အထက်သို့ အဖျားလှည့်လျက် ရှိ၏။

(၁၅) ကိုယ်တော်မှာ ဗြဟ္မာမင်း၏ကိုယ်ပမာ ဖြောင့်စင်းလှ၏။

(၁၆) လက်ဖမိုး, ခြေဖမိုး, ပခုံးစွန်း နှစ်ဖက်, လည်ကုပ် ဟူသော ခုနစ်ဌာနတို့ကား အကြောအရိုး မထင်ရအောင် အသားပြည့်ဖြိုးလျက် ရှိ၏။

(၁၇) ကိုယ်တော်အလုံးမှာ ခြင်္သေ့မင်း၏ရှေ့ပိုင်း ကိုယ်တဝက်ပမာ ပြည့်စုံလှပေသည်။

(၁၈) လက်ပြင်ရိုးနှစ်ခု အကြားမှာ ကြောရိုး လက်ပြင် မပေါ်ထင်အောင် အသားပြည့်ဖြိုးလျက် တည်၏။

(၁၉) ကိုယ်တော်မှာ ဝန်းဝိုင်းသော ပညောင်ပင်ပမာ အရပ်နှင့် အလံပမာဏ ညီမျှလျက်ရှိ၏။

(၂၀) လည်ပင်း လည်တိုင်တော်ကား အညီအမျှ လုံးလျက် ရှိ၏။

(၂၁) ဘုရားရှင်၌ အရသာကို ဆောင်ယူနိုင်သော အကြောများ ခုနစ်ထောင်မျှ ရှိ၏။

(၂၂) ဘုရားရှင် မေးတော်ကား ခြင်္သေ့မင်း အောက်မေးကဲ့သို့ ပြည့်ဖြိုးလှ၏။

(၂၃) သွားတော်များကား လေးဆယ်အတိ ရှိ၏။

(၂၄) သွားတော်အားလုံး တညီတည်း ရှိ၏။

(၂၅) အကျဲ အကြားမရှိ အားလုံး စပ်လျက် ရှိ၏။

(၂၆) စွယ်တော်များကား ဆွတ်ဆွတ်ဖြူလျက် ရှိ၏။

(၂၇) လျှာတော်ကား ပါးလျှပ်ရှည်ပြန့် နူးညံ့လှ၏။

(၂၈) အသံတော်ကား ဗြဟ္မာမင်း၏ အသံကဲ့သို့ အလွန်ကောင်း၏။

(၂၉) မျက်လုံးဘော်ကား ညိုရမည့်နေရာ၌ လွန်စွာညိုလျက်ရှိ၏။

(၃၀) မျက်လုံးအိမ်ကား မွေးကာစ နွားနို့ကလေး၏ မျက်ဆုံးအိမ် အသွင် ကြည်လင်လှ၏။

(၃၁) ဘုရားရှင်၏ မျက်ခုံးတော် နှစ်ဖက် အလယ်ဗဟို၌ အလွန် နူးညံ့သော ဝါဂွမ်းပမာ လွန်စွာနုထွတ် ဖြူဆွတ်လျက် ရှိသော ဥဏ္ဏာလုံ မွေရှင်တော်ရှိ၏။

(၃၂) နဖူးပြင်မှာ သင်းကျစ်ပြား ဖွဲ့ထားသကဲ့သို့ ရှိသည်။

လက္ခဏာတော်ငယ် ရှစ်ဆယ်

(၁) ဘုရားရှင်၏ လက်ချောင်း, ခြေချောင်းတော် များကား အကြားမထင်အောင် စေ့စပ်ပြည့်ဖြိုး၏။

(၂) အစဉ်အတိုင်း အဖျားသွယ်၏။

(၃) ရွှေပွတ်တိုင်ကဲ့သို့ လုံး၏။

(၄) လက်သည်း, ခြေသည်းတော်များကား ပတ္တမြားအသွေးကဲ့သို့ တွေးတွေး နီမြန်း၏။

(၅) မြင့်ခုံး၏။
(၆) နူးညံ့ ပြေပြစ်၏။
(၇) ခြေချောင်းတော်များ အားလုံး တညီတည်းရှိ၏။
(၈) ဖမျက်တော်ကား ငေါ်စူမထင် အစဉ်အတိုင်း ပြေပြစ် ချော မွတ်၏။
(၉) ကြွသွားတော်မူပုံမှာ ဆင်မင်း၏သွားခြင်းကဲ့သို့ ယဉ်ကျေး၏။
(၁၀) ခြင်္သေ့မင်း၏ သွားခြင်းကဲ့သို့ ခန့်ငြား၏။
(၁၁) ဟင်္သာမင်း၏ သွားခြင်းကဲ့သို့ အထူးတင့်တယ်၏။
(၁၂) နွားမင်းဥသဘကဲ့သို့ စံပယ်သော အသွားမျိုးဖြစ်၏။
(၁၃) လက်ျာရစ်လည် သွားခြင်းရှိ၏။
(၁၄) ပုဆစ်တော်ကား အဖုအဆစ် မထင် ထက်ဝန်းကျင် လုံးဝန်း လျက် ရှိ၏။
(၁၅) ယောကျ်ားနိမိတ်မှာ ပြည့်စုံလျက် ရှိ၏။
(၁၆) ချက်တော်မှာ အနေပါက်အကွဲမရှိ။
(၁၇) ပုလဲခွက်ကဲ့သို့ နက်၏။
(၁၈) လက်ျာရစ်ဗွေလှည့်၍ ရှုကြည့်ချင်ဖွယ် တင့်တယ်၏။
(၁၉) ပေါင်, လက်ရုံးတော် များကား ဆင်နှာမောင်းကဲ့သို့ သွယ် ပျောင်း ချောပြေ၏။
(၂၀) ကိုယ်တော်ကား ထက်အောက်နံလျား တိုင်း၍ထားသကဲ့သို့ တသားတည်း ညီညွတ်၏။
(၂၁) အစဉ်အတိုင်း ချောပြေညီညွတ်၏။

(၂၂) ထက်ဝန်းကျင်မှ ပြေပြစ်ချောမွေ့၏။

(၂၃) မရှုံ့ကိုမဖောက် ညီညာ၏။

(၂၄) အတွန့်အလိပ် မရှိ။

(၂၅) ဝက်ခြံ မှည့်ချေး တင်းတိပ် ပွေး စသည်မှ ကင်း၏။

(၂၆) အစဉ်အတိုင်း ပြိုးပြိုးပြက်ပြက် အရောင်ရှိ၏။

(၂၇) လေ့ဦးသစ်ရွှေအသွင် စင်ကြယ်လှ၏။

(၂၈) ဘုရားရှင်သည် ကာဠာဝဏ်ဆင်မျိုး၊ ကုဋေတထောင် အားကို ဆောင်တော်မူ၏။

(၂၉) နှာခေါင်းတော်ကား ရွှေချွန်းအသွင် ဖြိုးတက်ပေါ် လွှင်လျက် ရှိ၏။

(၃၀) သွားဖုံးတော် အစုံကား ကောင်းစွာ နီမြန်း၏။

(၃၁) သွားတော်များကား ဖြူဖွေးစင်ကြယ်၏။

(၃၂) သိမ်မွေ့ပြေပြစ်၏။

(၃၃) ဣန္ဒြေများကား အသွန့်စင်ကြယ်၏။

(၃၄) စွယ်တော်ကား လုံးဝန်းလျက်ရှိ၏။

(၃၅) နှုတ်ခမ်းတော်ကား နီမြန်းလျက်ရှိ၏။

(၃၆) ခံတွင်းတော်ကား ရှည်လျား၏။

(၃၇) လက်တော် အရေးလက္ခဏာတော်များမှာ နက်၏။

(၃၈) ရှည်၏။

(၃၉) ဖြောင့်၏။

(၄၀) နှစ်လိုဖွယ် ပုံသဏ္ဌာန် ရှိ၏။

(၄၁) ကိုယ်တော်အရောင်ကား ဝန်းဝိုင်းညီညာ၏။
(၄၂) ပါးစောင်တော်ကား ပြည့်ဖြိုးထွားပ၏။
(၄၃) မျက်လုံးတော်ကား ရှည်လျက် ကျယ်ပြန့်၏။
(၄၄) ဝါ, ရွှေ, ဖြူ, နီ နက် ဟူသော ငါးပါးသောအဆင်းဖြင့် ကြည်လင်၏။
(၄၅) မျက်တောင်တော်ကား ညီညာစွာ ကော့ညွတ်လျက် ရှိ၏။
(၄၆) လျှာတော်ကား နူးညံ့ပါးလျှပ်၍ နီမြန်း၏၊
(၄၇) နားတော်ကား ရှည်လည်း ရှည်လျက် နှစ်လိုဖွယ်လည်း ရှိ၏၊
(၄၈) ဦးခေါင်းတော်ကား အပုအထစ်မရှိ ပကတိချောမွေ့လှ၏။
(၄၉) အရှုပ်အရှက်မရှိ၊
(၅၀) ထီးဝန်းသဖွယ် လုံးဝိုင်းတင့်တယ်၏။
(၅၁) နဖူးတော်ကား ရှည်ပြန့်တင့်တယ်၏။
(၅၂) မျက်ခုံးတော်ကား တင့်တယ်ကောင်းမွန်သော ပုံသဏ္ဍာန်ရှိ၏။
(၅၃) သိမ်မွေ့သော မွေးညှင်းတို့ကို ဆောင်လျက်ရှိ၏။
(၅၄) အစဉ်အတိုင်း သွယ်ညွတ်လျက်ရှိ၏။
(၅၅) ကျယ်ပြန့်၏။
(၅၆) ရှည်လျား၏။
(၅၇) ကိုယ်တော်ကား သိမ်မွေ့နူးညံ့၏။
(၅၈) အလွန်ငြိမ်းချမ်း၏။
(၅၉) အညစ်အကြေးကင်း၏။
(၆၀) အလွန်ထွန်းပ၏။

(၆၁) စေးပျစ်ခြင်းမရှိ။
(၆၂) သိမ်မွေ့ပြေပြစ်၏။
(၆၃) ကောင်းသောအနံ့ရှိ၏။
(၆၄) မွေးတွင်းချင်း စီ၍ အညီအညွတ်ပေါက်လျက်ရှိ၏။
(၆၅) နူးညံ့စိုပြေ စိမ်းညိုသိမ်မွေ့၏။
(၆၆) လက်ျာရစ် လည်လျက်ရှိ၏။
(၆၇) ပေါက်ကွဲသော မျက်စဉ်းတောင် အသရေကဲ့သို့ စိမ်းလွင် ညိုမှောင်လျက် ရှိ၏။
(၆၈) ကောက်ကွေ့ လိမ်တွန့်ခြင်းကင်း သန့်ရှင်းပြေပြစ်၏။
(၆၉) ကိုယ်တော်မှာ အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်လျက် ရှိ၏။
(၇၀) ခံတွင်းတော်ကား မွှေးကြိုင်၏။
(၇၁) ဦးထိပ်တော်လည်း မွှေးကြိုင်၏။
(၇၂) ဆံတော်ကား ကောင်းစွာမည်းနက်၏။
(၇၃) လက်ျာရစ် လည်၏။
(၇၄) ကောင်းသော ပုံသဏ္ဍာန်ရှိ၏။
(၇၅) ကောက်ကွေ့ တွန့်လိမ်ခြင်းကင်း သန့်ရှင်းပြေပြစ်၏။
(၇၆) နူးညံ့သိမ်မွေ့၏။
(၇၇) ရှုပ်ထွေးခြင်းမရှိ။
(၇၈) ညီညီညာညာရှိ၏။
(၇၉) စေးပျစ်ခြင်းမရှိ စိုပြေလှ၏။

(၁၀) ဦးသိပ်တော်၌ ကေတုမာလာ အဆောင်ရတနာဖြင့် ဆန်းကြယ်လျက် ရှိ၏။

---

(၁၁၄) ဗျာမပ္ပဘာသ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

(၁၁၄) သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ မုနိကုဉ္ဇရာ၊ မုနိထွတ်ဖျား ထိုဘုရားမြတ်တို့သည်။ ဗျာမပ္ပဘာသ၊ ဗျာမပ္ပဘာ လျှံဝါတင့်ရွှန်း ရောင်ခြည် ဝန်း ဖြင့်။ သုပ္ပဘာ၊ တင့်တယ်ထွန်းညီ ရောင်ခြည်တော်ရှိကြကုန်၏။ သဗ္ဗညုနော၊ တရားအလုံးစုံ အကုန်သိမြင် သဗ္ဗညုဖြစ်တော်မူကြကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေ ဗုဒ္ဓါ၊ ထိုရှင်တော်မြတ်ဘုရားတို့သည်။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါ ရှိကြကုန်သော။ ဇိနာ၊ ငါးမာရ်အောင်မြင် ဇိနချည်းပင် ဖြစ်တော်မူကြပေကုန်၏။

ဗျာမပ္ပဘာ။ ။'ဗျာမပ္ပဘာသ'ကို 'တလံမျှလောက်သော ရောင်ခြည်တော်'ဟု ပေးရိုးရှိ၏။ ဂေါတမဘုရားရှင်အတွက်ဆိုလျှင် လျှဉ်းပါးဖွယ်ရာ မရှိသော်လည်း ဘုရားအကုန်ကိုဆိုသော ဤအရာ၌မူ ထိုအနက်မှာ မနှံ့ပေ။ ဘုရားရှင်များ တပါးနှင့်တပါး ပမာဏကွဲပြားခြားနားမှု 'ဝေမတ္တ'များရှိခဲ့ရာ 'ရသ္မိဝေမတ္တ'ခေါ် အမြဲတမ်း ရောင်ခြည်တော်ချင်း ကွဲပြားခြားနားမှုလည်း ပါ၏။ မင်္ဂလဘုရား၏ ရောင်ခြည်တော်မှာ လောကဓာတ် တသောင်းလုံး ပျံ့လင်း၏။ ပဒုမုတ္တရဘုရား၌ တဆယ့်ရှစ်ယူဇနာ ဝိပဿီဘုရား၌ ခုနစ်ယူဇာ, သိခီဘုရား၌ သုံးယူဇနာ, ကကုသန္ဓဘုရား၌ ဆယ်ယူဇနာ, ငါတို့ ဂေါတမဘုရား၌ တလံမျှဟု ရောင်ခြည်တော် အမြဲပျံ့ရာပမာဏကို ဗုဒ္ဓဝံသဋ္ဌကထာ(၁၅၈)၌ ဆို၏။ ထို့ကြောင့် "ဗျာမပ္ပဘာ"အရောင်ဖြင့်ဟု သာမန်သာ အနက်ပြန်သင့်၏။ သို့ဖြစ်လျှင် ဗျာမပ္ပဘာအနက်ကို ဘယ်သို့ ဆိုမည်နည်း။ တလံမျှ ရောင်ခြည်ရှိသော ဘုရားရှင်အဖို့"ဗျာမမတ္တာ ပဘာ ဗျာမပ္ပဘာ"ဟု ပြု။ အခြားဘုရားရှင်များအဖို့ ဗုဒ္ဓဝံသဋ္ဌကထာအတိုင်းကြံလေ။

တသ္မာ ဗျာမပ္ပဘာ ကာယာ၊ နိစ္စရတိ ဓိယောဒိသံ။
နိရန္တရံ ဒိဝါရတ္တိံ၊ ယောဇနံ ပရတော သဒါ။

ဤ နာဒအဋ္ဌကထာပါဠိ (၃၃၃)၌ လာယူနော အမြဲရောင်ခြည်ရှိသော နာရဒဘုရား၌ 'ဗျာမပ္ပဘာ'အသုံးလာခဲ့ရာ ထို 'ဗျာမပ္ပဘာ'ကို "ဗျာမပ္ပ-ဘာ ဝိယာတိ ဗျာမပ္ပဘာ"ဟု ဥပမာတဒ္ဓိတ်ပြု၍ "အမှာကံ ဘဂဝ-တော ဗျာမပ္ပဘာ ဝိယာတိ အတ္ထော"ဟု အဓိပ္ပါယ်ဖွင့်ပြသဖြင့် "ငါတို့ ဘုရားရှင်၏ ဗျာမပ္ပဘာကဲ့သို့ ဗျာမပ္ပဘာ အရောင်ရှိသော"ဟု အနက်ယူရမည်။ ဤ၌ ဗျာမပ္ပဘာနှစ်ခုကို ကေသိသ် ပြုထားသည်ဟု သိ။

---

(၁၁၅) မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟာဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။

(၁၁၅) ဧတေ ဗုဒ္ဓါ၊ ထိုရှင်တော်မြတ်ဘုရားတို့သည်။ မဟာပဘာ၊ ကိုယ်ရောင် ဉာဏ်ရောင် ပြောင်ထဝင်းဝင်း ထူးမြတ်သော အရောင်အလင်း ရှိတော်မူကြကုန်၏။ မဟာတေဇာ၊ အစွမ်းအမျိုးမျိုး ကြီးမြတ်သော တန်ခိုး ရှိတော်မူကြကုန်၏။ မဟာပညာ၊ ချီးမွမ်းအပ်ဘိ ကြီးမြတ်သော ပညာ ရှိတော်မူကြကုန်၏။ မဟာဗ္ဗလာ၊ ကာယဉာဏ ဗလနှစ်ပါး ကြီးမား သော စွမ်းအား ရှိတော်မူကြကုန်၏။ မဟာကာရုဏိကာ၊ သတ္တဝါ များ လွန်သနားသည့် မဟာကရုဏာ ရှိတော်မူကြကုန်၏။ ဓီရာ၊ မြဲခိုင် လှသည့် ဿမာဓိရှိတော်မူကြကုန်၏။ သဗ္ဗေသာနံ၊ သတ္တဝါအသုံးစုံတို့၏။ သုခါဝဟာ၊ ချမ်းသာကို ဆောင်ရွက်တော်မူတတ်ကုန်၏။

(၁၁၆) ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟဿာသာ၊ သရဏာ စ ဟိတေသိနော။

(၁၁၆) ဧတေ ဗုဒ္ဓါ၊ ထိုရှင်တော်မြတ်တို့သည်။ ပါဏိနံ၊ သတ္တဝါ တို့၏။ ဒီပါ စ၊ ကျွန်းကြီးပမာ မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။ နာထာ စ၊ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူကြကုန်၏။ ပတိ-ဋ္ဌာ စ၊ ထောက်တည်ရာလည်း ဖြစ်တော်မူကြကုန်၏။ တာဏာ စ၊ ဝင်

ဒုက္ခမှုလည်း ကယ်ဘင် စောင့်ရှောက်တော် မူကြကုန်၏။ လေဏာ ၏၊ ဘေးမရောက်အောင် တိမ်းရှောင် ပုန်းအောင်းရာလည်း ဖြစ်တော်မူကြကုန်၏။ ဂတိ ၏၊ နတ်လူ အများ အားထားချဉ်းကပ်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏။ ဗန္ဓု ၏၊ မိတ်ကောင်း ဆွေကောင်းလည်း ဖြစ်တော်မူကြကုန်၏။ မဟာဃာသာ ၏၊ ထူးမြတ်သော ထောက်တည်ရာ မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။ သရဏာ ၏၊ ဆင်းရဲဒုက္ခကို ဖျက်ဆီးတော် မူကြကုန်၏။ ဟိတေသိနော၊ အကျိုးစီးပွါးကိုသာ ရှာမှီးတော်မူလေ့ ရှိကြပေကုန်၏။ (မဟာဃာသာ) ရှေးမူ)

မဟာဃာသာ။ ။ဒုတိယဂါထာ၌ "မဟာဃာသာ"ဟု အစဉ်အလာ ရွတ်ဆိုခဲ့ကြကုန်၏။ ပရိတ်ဋီကာ၌ "မဟာဃာသာတိ တေသံ ဣစ္ဆိတတ္ထသာဓနတော သိဝဗြဟ္မဒေဝရာဇာဟိ သဒိသာ=သိဝမည်သောနတ်၊ ဗြဟ္မာမည်သောနတ်၊ သိကြားတို့နှင့် တူတော်မူကြ၏" ဟု အနက်ဆို၏။ "မဟိဃာသာတိပိ ပါဌော ဥပ္ပာမဓနုဂ္ဂဟာသဒိသာတိ အတ္ထော"ဟု အဖွင့်တမျိုးလည်း ရှိသေး၍ "မြတ်သော လေးသမားနှင့် တူတော်မူသည်"ဟု အနက်ဆိုရန်ရှိ၏။ မဟိဃာသ၌ ဣဿာသ=လေး၊ လေးသမား နှစ်မျိုးလုံးပင် အနက်ရသည်။

ဤဂါထာ၌ ကိုးကွယ်အားထားရာ မှီခိုရာသဘောရှိသော ဂုဏ်များချည်းဖြစ်ရာ ထိုအကြား၌ ဤ 'မဟာဃာသာ'က ဆိုခဲ့ပြီး အနက် ရနေသည်မှာ အဆင်မပြေ ဖြစ်ရသည်။ ထို့ကြောင့် ပင်ကို ဂါထာဘာဏက ဆရာ့ အလိုမှာ 'မဟာဃာသာ၊ မဟိဃာသာ' မဟုတ်တန်ရာ၊ 'မဟာဃာသာ' ဟုသာ ဖြစ်ဖွယ် ရှိပါသည်။ 'အဿာသ' သဒ္ဒါ ထောက်တည်ရာ မှီခိုရာကို ဟောနိုင်သည် ဖြစ်ရာ ကြီးမားသော အားကိုးထောက်တည်မှီခိုရာ ဖြစ်တော်မူကြသည် ဟူသော အနက်သာ အရာနှင့် သင့်လျော်လိမ့်မည်ဟု သဘောရပေသည်။

အဿာသာတိ အဝဿယာ ပတိဋ္ဌာ။ (တိကင်္ဂုတ္တရအဋ္ဌကထာ ကေသမုတ္တိသုတ် ၁၈၂-အဖွင့်။) အဿာသောတိ အဝဿယော ပတိဋ္ဌာ ဥပတ္ထမ္ဘော၊ (မူလပဏ္ဏာသ အဋ္ဌကထာ စူဠသီဟနာဒသုတ်-၃၁၃)

(၁၁၇) သဒေဝကဿ လောကဿ၊ သဗ္ဗေ တေ ပဏ္ဍယဏာ။
တေသာ’ဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။

(၁၁၇) သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ ဗုဒ္ဓါ၊ ထိုမြတ်စွာဘုရား တို့သည်။ သဒေဝကဿ၊ နတ်နှင့်တကွသော၊ လောကဿ၊ သတ္တဝါ အပေါင်း၏။ ပဏ္ဍယဏာ၊ ထူးမြတ်သော မှီခိုရာကပ်ရာ ဖြစ်တော် မူကြပါပေကုန်၏။ ပုရိသုတ္တမေ၊ ဂုဏ်တော်ကဲလွန် ယောကျ်ားမွန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူကြကုန်သော။ (တေ၊ ထိုမြတ်စွာဘုရား တို့ကိုရင်း။) တေသံ၊ ထိုမြတ်စွာတို့၏။ ပါဒေ၊ ခြေတော်တို့ကိုရင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ ရှိခိုးကန်တော့ပါ၏။

မှတ်ချက်—ပုရိသုတ္တမေ-ကို ဆဋ္ဌအနက်၌ ဒုတိယာ ကြံ၍ “ပုရိသုတ္တမေ ပုရိသုတ္တမာနံ တေသံ ပါဒေ”ဟု ပရိတ်ဋီကာ အနက်ဆို၏။ ထိုအနက်လည်း သင့်၏။ ဤ၌ကား ထိုကဲ့သို့ မကြံပဲ ရိုးရင်းစွဲ ဝိဘတ် အနက်အတိုင်း ‘တေ’ ထည့်စပ်ကာ ထိုဘုရားရှင် တို့ကိုရင်း, ထိုဘုရားရှင်တို့၏ ခြေတော်တို့ကိုရင်းဟု ယှဉ်ပေးလျှင် အနက်ရသောကြောင့် ထိုအတိုင်း အနက်ပေးခဲ့သည်။

---

(၁၁၈) ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ’တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။

(၁၁၈) အဟံ၊ အကျွန်ုပ်သည်။ ဧတေ တထာဂတေ၊ ထိုမြတ်စွာ ဘုရားတို့ကို။ သယနေ စ၊ အိပ်သော အခါ၌ရင်း။ အာသနေ စ၊ ထိုင်သောအခါ၌ရင်း။ ဌာနေ စ၊ ရပ်သောအခါ၌ရင်း။ ဂမနေ စာပိ၊ သွားသောအခါ၌ရင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝစသာ စေဝ၊ နှုတ်ဖြင့် ရင်း။ မနသာ စ၊ စိတ်ဖြင့်ရင်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

(၁၁၉) သဒါ သုခေန ရက္ခန္တု၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊ မုတ္တော သဗ္ဗဘယေဟိ စ။

(၁၁၉) သန္တိကရာ၊ ဒုက္ခ ခပ်သိမ်း ငြိမ်းအေးမှုကို ပြုတော်မူတတ်ကုန်သော။ ဗုဒ္ဓါ၊ ရှင်တော်မြတ်ဘုရားတို့သည်။ တုဝံ၊ သင့်ကို။ သဒါ၊ အခါခပ်သိမ်း။ သုခေန၊ ချမ်းသာရေးဖြင့်။ ရက္ခန္တု၊ စောင့်ရှောက်တော်မူကြစေကုန်သတည်း။ တေဟိ၊ ထိုမြတ်စွာဘုရားတို့သည်။ ရက္ခိတော၊ စောင့်ရှောက်အပ်သည်။ သန္တော၊ ဖြစ်သော။ တွံ၊ သင်သည်။ သဗ္ဗဘယေဟိ၊ ဘေးခပ်သိမ်းတို့မှ၊ မုတ္တော စ၊ ကင်းလွတ်ရသည်လည်း။ (ဘဝ၊ ဖြစ်ပါစေ။)

(၁၂၀) သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပဝဇ္ဇိတော။
သဗ္ဗဝေရ'မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။

(၁၂၀) တုဝံ၊ သင်သည်။ သဗ္ဗရောဂါ၊ ရောဂါမှန်သမျှမှ။ ဝိနိမုတ္တော စ၊ အထူးလွတ်ကင်းရသည်ဒုင်း။ သဗ္ဗသန္တာပဝဇ္ဇိတော စ၊ ပူပန်ခပင်းရှောင်ကွင်းအပ်သည်ဒုင်း။ သဗ္ဗဝေရံ၊ ရန်မျိုးမှန်သမျှကို။ အတိက္ကန္တော စ၊ ကျော်လွှား လွန်မြောက်ရသည်ဒုင်း။ (ဟုတွာ၊ ဖြစ်၍။) နိဗ္ဗုတော စ၊ ငြိမ်းအေးသည်လည်း။ ဘဝ၊ ဖြစ်ပါစေ။

(၁၂၁) တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ'နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၁) တေသံ၊ ထိုရှင်တော်မြတ် ဘုရားတို့၏။ သစ္စေန စ၊ သစ္စာတော်ဖြင့်ဒုင်း။ သီလေန စ၊ သီလတော်ဖြင့်ဒုင်း၊ ခန္တိမေတ္တာဗလေန စ၊ ခန္တီ, မေတ္တာတရားတို့၏ စွမ်းပကားဖြင့်ဒုင်း။ တေပိ၊ ထိုဘုရားမြတ်တို့သည်လည်း။ အရောဂေန၊ ရောဂါကင်းရှင်းရေး အားဖြင့်ဒုင်း။ သုခေန စ၊ ချမ်းသာရေး အားဖြင့်ဒုင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

ဘုရားရှင်တို့ထံမှ တောင့်တချက် စကားပြေ—ဒုက္ခ ခပ်သိမ်း ငြိမ်း
အေးမှုကို ပြုတတ်
ကုန်သော ဘုရားမြတ်တို့သည် သင့်ကို အခါခပ်သိမ်း ချမ်းသာ

ရေးဖြင့် စောင့်ရှောက်တော်မူကြပါစေ။ ထိုဘုရားရှင်တို့ အစောင့်အရှောက် ခံရသည်ဖြစ်၍ သင်သည် ဘေးဥပဒ်သိမ်းတို့မှလည်း လွတ်မြောက်ပါစေ။ သင်သည် ရောဂါ မှန်သမျှမှ အထူးကင်းလွတ်ကာ ပူပန်ခပင်း ကွင်းရှောင်အပ်သည်ဖြစ်၍ ရန်မျိုးဟူသမျှကို ကျော်လွန်နိုင်ပြီးလျှင် ငြိမ်းအေးသူလည်း ဖြစ်ပါစေ။ ထိုရှင်တော်မြတ်ဘုရားတို့၏ သစ္စာ, သီလ, ခန္တီ, မေတ္တာတော် စွမ်းအားအရ ထိုဘုရာ့မြတ်တို့သည် ငါတို့ကိုလည်း ရောဂါကင်းရေး, ချမ်းသာရေးဖြင့် အစဉ် စောင့်ရှောက်တော် မူကြပါစေ။

မှတ်ချက်—တေဟိ တွံ ရက္ခိတော သန္တော၌ သန္တော-ကို ငြိမ်းအေးသည်ဟု ပေးရိုးရှိ၏။ "သန္တော သုန္ဒနော"ဟု ပရိတ်ဋီကာဖွင့်၏။ ဤ၌ သန္တော-ကို သမာနော = ဖြစ်သော, ဖြစ်လျက်ဟု ပေးခဲ့သည်။ ဤအနက်သာ ဂါထာဘာဏက အလိုကျဖွယ် ရှိသည်။ 'ငြိမ်းအေ ခြင်း' အတွက်ကား 'နိဗ္ဗုတော စ တုဝံ' ရှိနေပေပြီ။

---

(၁၂၂) ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၇) ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့ဖက် အရပ်မျက်နှာ၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ဘူတာ၊ ဂန္ဓဗ္ဗနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း။ အမှေ့၊ ငါတို့ကို။ အရောဂေန စ၊ ရောဂါကင်းရေးအားဖြင့်၎င်း။ သုခေန စ၊ ချမ်းသာရေးအားဖြင့်၎င်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၁၂၃) ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ၊

(၁၂၃) ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ တောင်ဖက်အရပ်မျက်နှာ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဒေဝါ၊ ကုမ္ဘဏ်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုကုမ္ဘဏ်နတ်တို့သည်လည်း။ အမှေ့၊ ငါတို့ကို။

အရောဂေန စ၊ ရောဂါကင်းရေး အားဖြင့်ရင်း။ သုခေန စ၊ ချမ်းသာရေး အားဖြင့်ရင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၁၂၄) ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၄) ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ အနောက်ဖက် အရပ်မျက်နှာ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ နာဂါ၊ နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနဂါးတို့သည်လည်း။ အမှေ၊ ငါတို့ကို။ အရောဂေန စ၊ ရောဂါကင်းရေး အားဖြင့်ရင်း။ သုခေန စ၊ ချမ်းသာရေး အားဖြင့်ရင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၁၂၅) ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၅) ဥတ္တရသ္မိံ ဒိသာဘာဂေ၊ မြောက်ဖက် အရပ်မျက်နှာ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဘီလူးတို့သည်လည်း။ အမှေ၊ ငါတို့ကို။ အရောဂေန စ၊ ရောဂါကင်းရေး အားဖြင့်ရင်း။ သုခေန စ၊ ချမ်းသာရေး အားဖြင့်ရင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

(၁၂၆) ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

(၁၂၆) ပုရတ္ထိမေန၊ အရှေ့အရပ်၌။ ဓတရဋ္ဌော၊ ဓတရဋ္ဌနတ်မင်းသည်။ အတ္ထိ၊ ရှိ၏။ ဒက္ခိဏေန၊ တောင်အရပ်၌။ ဝိရူဠှကော၊ ဝိရူဠှက နတ်မင်းသည်။ အတ္ထိ၊ ရှိ၏။ ပစ္ဆိမေန၊ အနောက်အရပ်၌။ ဝိရူပက္ခော၊ ဝိရူပက္ခ နတ်မင်းသည်။ အတ္ထိ၊ ရှိ၏။ ဥတ္တရံ ဒိသံ၊ မြောက်အရပ်၌။ ကုဝေရော၊ ကုဝေရ နတ်မင်းသည်။ အတ္ထိ၊ ရှိ၏။

(၁၂၇) စတ္တာရောစ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၇) စတ္တာရော၊ လေးယောက်ကုန်သော။တေ မဟာရာဇာ၊ ထိုနတ်မင်းကြီးတို့သည်။ လောကပါလာ၊ လောကကို စောင့်ရှောက်တတ်ကုန်၏။ ယသဿိနော၊ များသော အခြံအရံရှိကြကုန်၏။ တေပိ၊ ထိုလောကပါလ နတ်မင်းကြီး လေးယောက်တို့သည်လည်း။ အမှေ၊ ငါတို့ကို။ အရောဂေန စ၊ ရောဂါကင်းမေးအားဖြင့်၎င်း။ သုခေန စ၊ ချမ်းသာရေးအားဖြင့်၎င်း။ အနုရက္ခန္တု၊ အစဉ် စောင့်ရှောက်ကြပါစေကုန်သတည်း။

(၁၂၈) အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၈) အာကာသဋ္ဌာ၊ ကောင်းကင်၌တည်ကုန်သော။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ဒေဝါ စ၊ နတ်တို့သည်၎င်း။ ဘူမဋ္ဌာ၊ မြေ၌တည်ကုန်သော။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ဒေဝါ စ၊ နတ်တို့သည်၎င်း။ နာဂါ စ၊ နဂါးတို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်,နဂါးတို့သည်လည်း။ အမှေ၊ ငါတို့ကို။ အရောဂေန စ၊ ရောဂါကင်းရေးအားဖြင့်၎င်း။ သုခေန စ၊ ချမ်းသာရေးအားဖြင့်၎င်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြပါစေ ကုန်သတည်း။

(၁၂၉) တုဒ္ဒိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

(၁၂၉) ဣဓ သာသနေ၊ ဤမြတ်စွာဘုရား သာသနာတော်၌။ ဝသန္တာ၊ နေကြကုန်သော။ ဣဒ္ဓိမန္တော၊ လွန်ကဲသောတန်ခိုးရှိကြကုန်သော။ ယေ ဒေဝါ စ၊ အကြင်နတ်တို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်တို့သည်လည်း။ အမှေ၊ ငါတို့ကို။ အရောဂေန စ၊ ရောဂါ

ကင်းရေးအားဖြင့်ရင်း။ သုခေန စ၊ ချမ်းသာရေး အားဖြင့်ရင်း။ အနု-ရက္ခန္တု၊ အစဉ် စောင့်ရှောက်ကြပါစေကုန်သတည်း။

မှတ်ချက်။ ။ဤ"ပုရတ္ထိမသ္မိ"စသော ရှစ်ဂါထာ၏မြန်မာပြန်စကားပြေ လွယ်၏။

ဝိဟာရ=နေခြင်းများ။ ။ဤသာသနာ၌ နေသော နတ်များ ဆိုရာ၌ ဘယ်နတ်များကို ဆိုလိုပါသနည်း။ ဤနေရာ၌"နေ"ဟူသော အသုံးမှာ အိမ်စသည်၌နေသော "မုချအနေမျိုး" ကား မဟုတ်။တင်ကားအပ်သော ဝေါဟာရသာ။ သာသနာ၌ "ဝိဟာရ=နေ"ဟူသော အသုံးများကို တွေ့ရ၏။ (မေတ္တာသုတ်အဖွင့် နှာ ၃၇၅ ကြည့်) ဒိဗ္ဗဝိဟာရ=ဈာန်သမာပတ်ဖြင့်နေခြင်း,ဗြဟ္မဝိဟာရ=မေတ္တာစသည်ဖြင့် နေခြင်းမျိုးမှာ သာသနာ့ အပြင်၌လည်း ရှိ၏။ သို့သော် သာသနာ အတွင်း၌ ထိုနေထိုင်ခြင်းမျိုးမှာ ဈာန်ရ အရိယာများနှင့် အရိယာအဖြစ် သို့ရောက်ရန် အခြေခံအကျင့် ကျင့်သူများ၌ဖြစ်ရာ သာသနဝိဟာရ ဟုပင် ဆိုရသည်။ အရိယဝိဟာရကား ဖလသမာပတ်ဖြင့် နေခြင်းဖြစ်ရာ သာသနာ့အနေ အစစ်ပင်ဖြစ်၏။ ထို့ကြောင့် ထိုဝိဟာရကိုရည်လျှင် "အရိယာနတ်"များကို ဆိုသည်ဟု ယူရန်ရှိ၏။

အရိယာဝါသဆယ်ပါး။ ။ထို့ပြင် ဒသအင်္ဂုတ္တရ အရိယာဝါသသုတ် (အံ-၃၊ ၂၇၃)၌ အရိယာဝါသတရား ဆယ်ပါး ကို ဟောတော်မူ၏။ အရိယာတို့နေရာ အရိယာဗိမာန်များဟု ဆိုလို၏။ ထိုဗိမာန်ရှင် ပုဂ္ဂိုလ်ကား အင်္ဂါငါးပါးကို ပယ်ပြီးဖြစ်၏။ အင်္ဂါခြောက် ပါးနှင့် ပြည့်စုံ၏၊ အစောင့်အရှောက် တခုလည်းရှိ၏။ မှီရာလေးပါးရှိ၏။ သီးသန့်သစ္စာများကို ပယ်နုတ်ပြီး ဖြစ်၏။ ရှာမှီးခြင်းတို့ကို ပယ်၏။ ကြည် လင်သော အကြံရှိ၏။ ငြိမ်းပြီးသော ကာယသင်္ခါရရှိ၏။ ကိလေသာတို့မှ လွတ်သော စိတ်ရှိ၏။ ကိလေသာတို့မှ လွတ်ကြောင်းကို သိသော ပညာ ရှိ၏။ ရှေးရှေးက အရိယာများလည်း ဤဗိမာန်များ၌ နေခဲ့ဘူးလေပြီ။

ယခု အရိယာများလည်း နေကြအံ့။ နောင် ဖြစ်မည့် အရိယာများလည်း ဤဗိမာန်များ၌ နေကြပေဦးမည်။

* **ငါးတန်ပယ်ရှား၊ ခြောက်ပါးပြည့်မြောက်၊ စောင့်ရှောက်တရပ်၊ မှီလေးရပ်နှင့်၊ ပယ်အပ်သစ္စာ၊ သီးသန့်သာတည်း၊ ရှာခြင်းပယ်နှင့်၊ ကြံကြည်လင်လျက်၊ ငြိမ်းစင်ကာယ၊ သင်္ခါရတည်း၊ ပါပညစ်တေ၊ ကိလေခပင်း၊ လွတ်ကင်းစိတ်ရှိ၊ လွတ်ကြောင်းသိဟု၊ အရိယာ ဗိမာန်၊ ဤဆယ်တန်၊ ပျော်ရန် လွန်ကောင်း၏။**

၁။ ပယ်ခြင်း ငါးပါး။ ။'ငါးပါးပယ်' ဟူရာ၌ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ ဟူသော နီဝရဏ တရားငါးပါး ပယ်ခြင်းကို ဆို၏။ ဤအရာ၌ ရဟန္တာကို အရိယာအဖြစ် ဖွင့်ကြ၏။ အပြည့်အစုံ လုံးဝပယ်ရှင်းပြီး ဖြစ်၍ အလွန်ဆုံးနည်းအားဖြင့် ဖွင့်ခြင်းဖြစ်၏။ အောက် အရိယာများလည်း သင့်သလို ရနိုင်သည်သာ။ ဥပမာ–သောတာပန်သည် ရုပ်နာမ်တို့ကို ရှုဆင်ခြင်နေသော ဝိပဿနာ အခိုက်မှာ နီဝရဏတွေ ကင်းရှင်းနေ၍ ထိုဗိမာန်၌ စံလျက်ရှိနေသည်သာ တည်း။

၂။ ပြည့်စုံခြင်း ခြောက်ပါး။ ။မျက်စိဖြင့် ရူပါရုံကို မြင်သော် ဝမ်းမသာ စိတ်မဆိုး၊ ထို့အတူ နား, နှာ, လျှာ, ကိုယ်, စိတ်တို့ဖြင့် သဒ္ဒါရုံစသည်ကို ကြားရ, နံရ, လျက်ရ, တွေ့ရ, သိရသော် ဝမ်းမသာ, စိတ်မဆိုး၊ အာရုံခြောက်ပါး ကြုံရသော် သတိသမ္ပဇဉ်ဖြင့် အညီအမျှပို လျစ်လျူရှုနိုင်၏။ ဤခြောက်ပါးလည်း ဝိပဿနာအခိုက်၌ အရိယာမှန်သမျှ ရမြဲပြည့်စုံမြဲပင်။

၃။ အစောင့်တပါး။ ။ရုပ်နာမ်တို့ကို သတိဖြင့် ရှုမှတ်နေသောပုဂ္ဂိုလ်၌ သတိက နီဝရဏတို့မှ ကာကွယ်စောင့်ရှောက်ပေး လျက် ရှိနေသည်။ ဤသတိကား ပဓာနပင် ဖြစ်၏။ ဤသတိ အစောင့် အရှောက်ရှိသော ဗိမာန်၌ နေမိသော အရိယာမှာ အခြားဗိမာန်များစွာ ထည်ဆောက်ပြီး စံပြီးဖြစ်နေတော့သည်။

၄။ မှီရာလေးပါး။

(က) ဆင်ခြင်၍မှီဲခြင်း (ပစ္စည်းကို သုံးဆောင်သောအခါ တဏှာ မဖြစ်ရန် ဆင်ခြင်၍ သုံးဆောင်မှီဝဲသည်။)

(ခ) ဆင်ခြင်၍ သည်းခံခြင်း (အချမ်းအပူ စသည်နှင့် ကြုံရသော အခါ ခံနိုင်ရည်ရှိသည်။)

(ဂ) ဆင်ခြင်၍ ရှောင်ခြင်း (ဆင် မြင်း နွားစသည် ဆူးငြောင့် ခလုတ် စသည်ကို သတိပြုရှောင်ရှားသည်။)

(ဃ) ဆင်ခြင်၍ ပယ်ဖျောက်ခြင်း (ကာမဝိတက် စသည် ဖြစ်လာ သောအခါ သတိပြု ပယ်ဖျောက်သည်။)

၅။ သီးသန့်သစ္စာ။ ။ငါ့အယူသာ အမှန်ဟု အမှန်အဖြစ် ယူကြသော သဿတ,ဥစ္ဆေဒ စသော အယူများတည်း။ အယူက လွဲမှားသော်လည်း အမှန်ဟု ယူဆပြောဆိုချက် အရ သစ္စာဟု ဆိုသော အယူမှားများပင်။ ထို ဒိဋ္ဌိသစ္စာများကိုကား အရိယာမှန်သမျှ မဂ်ဖြင့် ပယ်ရှင်းပြီးဖြစ်လေသည်။

၆။ ရှာမှီးခြင်း။

(က) ကာမကို ရှာမှီးခြင်း။

(ခ) ဘဝကို ရှာမှီးခြင်း။

(ဂ) ဗြဟ္မစရိယ မြတ်သောအကျင့်ကို ရှာမှီးခြင်း။

ဤရှာမှီးမှုတို့ကိုကား ရဟန္တာမှ အပြည့်အစုံ ပယ်နိုင်၏။

၇။ အကြံကြည်လင်ခြင်း။ ။ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံ သာဝိတက်တို့ကို ပယ်ပြီး ဖြစ်၍ အကြံ မနောက်ကျူ ကြည်လင်သန့်ရှင်းလျက်ရှိသည်။ ဤဗိမာန်မှာ အနာဂါမ်, ရဟန္တာတို့မှ အပြည့်အစုံ ဖြစ်နိုင်၏။ သို့သော် အခြားအရိယာ များလည်း ဝိပဿနာအခိုက် ဖိုလ်အခိုက်မှာ ရလျက်သာ ရှိပေသည်။

၈။ **ကာယသခ်ိရဖြိမ်းခြင်း။** ။စတုတ္ထစျာန်ရမှ ကာယသင်္ခါရ ငြိမ်းသည်ဖြစ်ရာ ဤပိမာန်မှာ စတုတ္ထစျာန်ရ အရိယာအကွက် သီးခြားဗိမာန်ပင်တည်း။

၉။ **ကိလေသာတို့မှ လွတ်သောစိတ်ရှိခြင်း။** ။ရဟန္တာမှ အပြည့်အစုံ ဖြစ်နိုင်၏။ သို့သော် အခြားအရိယာများ၌လည်း ဝိပဿနာအခိုက် ဖလသမာပတ် အခိုက်၌ ကား ရလျက်ရှိနေသည်သာ။

၁၀။ **လွတ်ကြောင်းသိသောပညာ။** ။ငါမှာ ရာဂ,ဒေါသ,မောဟတို့မှ လွတ်ကင်းရပြီ၊ ပယ်ပြီးပြီဟု သိသော ပစ္စဝေက္ခဏာ ဉာဏ်တည်း။

ဗိမာန်ပိုင်နှင့် ဗိမာန်ငှါး။ ။အရိယာဝါသတရားအရဆိုလျှင် ဤအရိယာ ဗိမာန်များ၌ စံနေကြသောအရိယာတို့ကိုသာ သာသနာ၌ နေကြသူများဟု ဆိုရန် ရှိပြန်၏။ သို့သော် ဤအနေ မျိုးဖြင့် ပုထုဇဉ်များလည်း နေနိုင်သည်ပင်။ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်လျက်ရှိသော ပုထုဇဉ်များကား နီဝရဏပယ်ခြင်းစသည်ဖြစ်နေ ရာ ထိုဗိမာန်များ၌ နေသူများပင်။ သို့သော် အရိယာများသာ ဗုဒ္ဓပုတ္တ =ဘုရားသားတော်, ဗုဒ္ဓဓိတာ = ဘုရားသမီးတော် အစစ်များဖြစ်၍ လောကုတ္တရာတရား အမွေခံကြပြီး ထိုပုဂ္ဂိုလ်များသာ ဘုရားရှင်၏ သာသ နာ့ဗိမာန်ကြီးကို အပိုင်အဖြစ် သိမ်းယူနိုင်ကြ၏။ ပုထုဇဉ်များကား အဆုံး မရောက်လျှင် တခနခွါကြရမည် ဖြစ်သောကြောင့် ဗိမာန်ငှါးနေသူများ သာတည်း။

'အနေ' အသုံးတမျိုး။ ။ထို့ပြင် ဗြဟ္မစရိယဝါသ=ဗြဟ္မစရိယဖြင့် နေ သည်ဟူသော အသုံးလည်းရှိ၏။ သာသန ဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယဟု နှစ်မျိုးရှိရာ သိက္ခာသုံးပါးကို သာသန ဗြဟ္မစရိယဆို၍ အရိယမဂ်ကို မဂ္ဂဗြဟ္မစရိယဆိုသည်။ ဤဗြဟ္မစရိယဖြင့်

နေသူကို သာသနာ၌ နေသူဟု ဆိုရပြန်သည်။ ဤအလို သိက္ခာသုံးပါးကို ကျင့်ကြံနေကြသော ကလျာဏပုထုဇဉ်များလည်း ပြဟ္မဧရိယအနေမျိုးဖြင့် ဤသာသနာ၌ နေကြသူများပင်တည်း။

---

(၁၃၀) သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။

မာ တေ ဘဝန္တွ’န္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

(၁၃၁) သဗ္ဗီတိယော၊ အလုံးစုံသော ဘေးရန်တို့သည်။ ဝိဝဇ္ဇန္တု၊ ကွင်းဖယ်ရှောင်ရှားကြပါစေကုန်သတည်း။ သောကော၊ စိုးရိမ်ပူပန်ခြင်းသည်၎င်း။ ရောဂေါ၊ အနာရောဂါမျိုးသည်၎င်း။ဝိနဿတု၊မကျမရောက်ကင်းပျောက်ပါစေသတည်း။ တေ၊ သင့်အား။ အန္တရာယာ၊ ဘေးရန်အန္တရာယ်တို့သည်။ မာ ဘဝန္တု၊ မဖြစ်ပါစေကုန်သတည်း။ တွံ၊ သင်သည်။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်ဖြစ်၍။ ဒီဃာယုကော၊ ရှည်သောအသက် ရှိသည်။ ဘဝ၊ ဖြစ်ပါစေသား။

အာသိသဆုတောင်းတမျိုး စကားပြေ။ ။ဘေးရန် မှန်သမျှ ရှောင်ရှားကြပါစေ၊ စိုးရိမ်ပူပန်မှုနှင့် ရောဂါအမျိုးမျိုး အလျှင်းမရောက် ကင်းပျောက်ပါစေ၊ သင့်အား အန္တရာယ်ကင်းပါစေ၊ သင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ, အသက်ရှည်ပါစေ။

(၁၃၁) အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဍာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

(၁၃၁) အဘိဝါဒနသီလိဿ၊ ရှိခိုးခြင်း အလေ့ရှိထသော။နိစ္စံ၊ အမြဲမပြတ်။ ဝုဍ္ဍာပစာယိနော၊ အသက် ဂုဏ်သိက္ခာ သာသူ ကြီးသူတို့ကို ရိုသေမှု ပြုလေ့ရှိသူအား။ အာယု၊ အသက်တမ်းသည်၎င်း။ ဝဏ္ဏော၊ ရုပ်ရည်အဆင်းသည်၎င်း။ သုခံ၊ ချမ်းသာခြင်းသည်၎င်း။ဗလံ၊ ခွန်အား

သည်ရှင်း။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွါးကြလေကုန်၏။

စကားပြေ။ ။ရှိခိုးခြင်းအလေ့ရှိလျက် အသက်သက်ကြွက်ကြီးသူတို့ကို အခါခါအသေပြုဘတ်သူအား အသက်, အဆင်း, ချမ်းသာခြင်း, ခွန်အား အကျိုးတရားလေးပါး တိုးပွါးကုန်၏။

တရားပီတိအစွမ်း။ ။ဤဂါထာကား ဓမ္မပဒ သဟဿဝဂ် (၂၉)မှ ဖြစ်၏၊ အာဋာနာဋိယသုတ် နိဂုံးချုပ်အဖြစ် ဤဂါထာကို စီစဉ်ထည့်သွင်းထားသည်မှာ အဓိပ္ပါယ်ရှိ၏။ ဘုရားရှင်၏ တရားတော်များ မှာ သဒ္ဒါကလည်း လှ၏။အနက်ကလည်း ကောင်းကျိုးရရေးအတွက်သာ ဖြစ်ရာ အနက်မှာလည်း နှစ်သက်ဖွယ်ရာပင်၊ ထို့ကြောင့် ထိုတရားကို ရွတ်ဆိုရသူ နာရသူ၌ ဓမ္မပီတိဖြစ်နိုင်ရာ ထိုပီတိအစွမ်းကြောင့်ပင် အန္တရာယ်ကင်းခြင်းစသည် ဖြစ်နိုင်သည်သာ။ ထို့ကြောင့် ဘေးကင်း, ရန်ကင်း, ချမ်းသာခြင်း တောင့်တချက်မျိုးပါမှ မဟုတ်ပဲ တရားဖြင့်ပင် ဆိုခဲ့ပြီး အကျိုးများ ရနိုင်ခြင်းဖြစ်၏၊ ဥပမာ ဗောဇ္ဈင်္ဂသုတ်၌ (ဘုရားဟော ဗောဇ္ဈင်သုတ်ကို ဆိုလိုသည်။)ထိုကဲ့သို့ တောင့်တချက်မျိုးမပါ။ သို့သော် အရှင်မဟာကဿပ, အရှင်မောဂ္ဂလ္လာန်တို့ ရောဂါပျောက်ကင်းကြသည်မှာ ဓမ္မတေဇော (=တရား၏ အစွမ်းအာနုဘော်) ကြောင့်ရှင်း, ဓမ္မပီတိ (=တရားကြောင့် ဖြစ်သော ပီတိ) အစွမ်းကြောင့်ရှင်း ဖြစ်သည်။ (ဗောဇ္ဈင်သုတ်အဖွင့် ကြည့်။)

အကျိုးရပုံ။ ။ဤအာဋာနာဋိယသုတ်၌ ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို အများအပြား ဖော်ပြဖွဲ့နွဲ့ထားသည်မှာ စုံလင်ဝေဆာလှ၏။ ထိုဂုဏ်တော်များကို မြွက်ကာ ဘုရားမြတ်တို့အား ရှိခိုးရသော ပဏာမစေတနာကြောင့် ရအပ်သော အကျိုးကို ပြသော အနေအားဖြင့် ဤဂါထာဖြင့် နိဂုံးချုပ်ထားခြင်းဖြစ်၏။ဘုရားမြတ်တို့ကို ရှိခိုးရသဖြင့် အာယု

ဝဏ္ဏ,သုခ,ဗလ, အကျိုး ၄-ပါးကို ရရှိနိုင်၏။ဤအကျိုး၄-ပါး ရရှိသူ၌ ဉာဏ်ပညာ ပွင့်လင်းခြင်းအကျိုး ရမည်မှာ သေချာ၍ 'ပဋိဘာန' အကျိုးလည်း ယှဉ်ပြီးဖြစ်တော့သည်။

ထိုဂါထာကား ဘုရားဟော မုခပါဌ်ဖြစ်ရာ ဓမ္မ၏ အစွမ်းဖြင့်လည်း အန္တရာယ်ကင်း, ကျန်းမာ, ချမ်းသာခြင်း ဖြစ်နိုင်၏။ ဤ အကျိုးတွေ ရမှာပါတကားဟု အားရနှစ်သက်ခြင်း ဓမ္မပီတိဖြင့်လည်း ဘေးကင်း, ရန်ကင်း, အသက်ရှည်ခြင်း စသည် ဖြစ်နိုင်၏။

အာယုဝဍ္ဎန။ ။ထိုဂါထာမှာ **အာယုဝဍ္ဎန** သူငယ်နှင့်စပ်လျဉ်း၍ ဟောကြားအပ်သော ဒေသနာဖြစ်၏။ **အာယုဝဍ္ဎန**ကား ခုနစ်ရက်သာ သက်တမ်းရှိသူတည်း။ ခုနစ်ရက်မြောက်လျှင် ဝေဿဝဏ်နတ်မင်းကြီးထံမှ အခွင့်ရထားသော ဘီလူးတယောက်၏ အစာဖြစ်ရမည့်သူဟု ဆို၏။ ဘုရားရှင်၏အကြံပေးတော်မူချက်အရ သံဃာတော်များကို ပင့်ကာ ခုနစ်ရက်လုံးလုံး ပရိတ်နာ၏။ နောက်ဆုံး ခုနစ်ရက်မြောက်နေ့၌ ဘုရားရှင်ကိုယ်တော်တိုင် ကြွကာ ပရိတ်တရား ဟော၏။ ပရိတ်တန်ခိုးကြောင့် နတ်,ဘီလူးများ မလာမကပ်နိုင်တော့ပဲ ဘီလူးအစာအဖြစ်မှ လွတ်ကင်းရ၏။ ထိုသူငယ်ကား တရာ့နှစ်ဆယ်ကြာအောင် အသက်ရှည်လေသည်။

ဤသူငယ်အကြောင်းနှင့်စပ်၍ "ခုနစ်ရက်သက်တမ်းရှိသူမှာ အသက်ကရာ့နှစ်ဆယ် ရှည်၏။ သတ္တဝါတွေ အသက်ရှည်ခြင်းအကြောင်း ရှိကောင်းရာ၏"ဟု ဆွေးနွေးကြရာမှ ဘုရား ကြွရောက်တော်မူလာ၍ အသက်ရှည်ခြင်း ဖြစ်နိုင်ကြောင်းဖြင့် ဤဂါထာကို ဟောတော်မူသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁။ ၄၂၇)

ရောဂါများခြင်း အသက်တိုခြင်းအကြောင်း။ ။ရှိခိုးထိုက်သူကို အရိုအသေ ပြုခြင်း, ရှိခိုးပူဇော်ခြင်း ဖြင့် အသက်ရှည်ခြင်း စသည် ဖြစ်နိုင်ကြောင်း 'ဂါရဝေါ စ' အဖွင့်, 'ပူဇာ စ ပူဇနေယျာန'အဖွင့်များ၌ အကြောင်းယုတ္တိများဖြင့်

ဖွင့်ပြခဲ့ပြီ။ ဤနိုင်ငံ၌ ရှေးအခါက လူတွေသေခဲ၍ မသာဟု တွေ့ရခဲ၏။ ယခုခေတ်၌ မကြာမကြာပင် သေကြ၏။ ရှေးက မကျန်းမာသော ရောဂါသည်ဟု တွေ့ရခဲ၏။ ယခုခေတ်ကား ရောဂါတွေကလည်း ဆန်းပြားသလောက် ရောဂါသည်တွေကလည်း ပေါများလှ၏။ ဤသို့ ဖြစ်ရသည်မှာ လူအများ၌ ကိုယ်ကျင့်တရားများ ခေါင်းပါးခြင်းလျှင် အကြောင်းရင်း ရှိသည်ဟု ပညာရှိများက မှတ်ချက်ချကြ၏။

ကိုယ်ကျင့်တရားကောင်းပါစေ။ ။ရှိခိုးမှုအကျင့်သည် အခြားကိုယ်ကျင့်တရားများနှင့်လည်း ဆက်သွယ်လျက် ရှိ၏။ သူတော်ကောင်းတရားတွေ ထွန်းကားသောခေတ်အခါ၌ ဤအပစာယန အကျင့်လည်း ထွန်းကားမြဲပင်။ အချို့က အစားအသောက်တွေ ဆန်းပြားပွေလီ၍ လူတွေ မကျန်းမာဟု ဆိုကြ၏။ တရားထွန်းကားနေလျှင် လူတွေမှာ လောဘ်လည်းမှုတွေ နည်းပါး၍ အစားကြောင့်လည်း တရားမပျက်၊ ကျန်းမာရေးလည်း မပျက်ကြပေ။ ထို့ကြောင့် သူတော်ကောင်းတရားများကို ကြိုးစားခြင်း, ကျင့်ကြံခြင်းဖြင့် အာယု, ဝဏ္ဏ, သုခ, ဗလ ဟူသော ရှေးလက်ဟောင်း အကျိုးတရားကောင်းများ ပြန်လည် ဖော်ထုတ်နိုင်ကြပါစေ။

ဝုဍ္ဎာပစာယန။ ။ဝုဍ္ဎ=ကြီးသူ ဘိုကို။ အပစာယန=အရိုအသေ ပြုမှု။ မိမိကိုယ် အား နှိမ့်ချသော အမှုများကို 'အပစာယန' ဆို၏။ ထိုအမှုများမှာ ရှိခိုးမှု, လက်အုပ်ချီမှု, ခရီးဦးကြိုဆိုမှု, နေရာပေးမှု စသည်တို့ဘည်း။ ဤ၌ "ဝုဍ္ဎ=ကြီးသူ" ဆိုရာတွင် ဓမ္မပဒဋ္ဌကထာက ဂုဏဝုဍ္ဎ(=ဂုဏ်အားဖြင့် ကြီးသူ)ကိုသာ ဖွင့်ခဲ့၏။ လူများက ထိုနေ့ဖြစ်စသာမဏေယ်ကလေးမှအစ ရဟန်းများကို, ရှင်ရဟန်းများကလည်း ရှင်အဖြစ် ရဟန်းအဖြစ် မိမိထက်ကြီးသော ဂုဏ်အားဖြင့် ကြီးသူတို့ကို ရှိခိုးပူဇော်မှုကို 'အပစာယန'ဟု ဆို၏။

ယေ ဝုဍ္ဎ'မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိ'။
(ဇာတကပါဠိ၊ တိတ္တိရဇာတ် ၉)

"ရှိသေမှု ကျင့်ဝတ်တရားနားလည်၍ ကြီးသူကို ရိုသေသမှုပြုသော သူတို့ကား ယခုဘဝလည်း အချီးမွမ်းခံရ၏။ နောင်ဘဝ၌လည်း သုဂတိ ရောက်ရ၏"ဟူသော ဂါထာအဖွင့် အဋ္ဌကထာ၌ ဝုဍ္ဎ(=ကြီးသူ)သုံးမျိုး ခွဲပြ၏။ ဇာတိဝုဍ္ဎ(=အမျိုးဇာတ်အားဖြင့် ကြီးမြင့်သူ), ဝယောဝုဍ္ဎ (=အသက်အရွယ်အားဖြင့် ကြီးရင့်သူ) ဂုဏဝုဍ္ဎ(=သီလ စသော ဂုဏ် အားဖြင့် ကြီးမြတ်သူ)များတည်း။ ထိုတွင် ကြီးသူကို အရိုအသေပြုရမည် ဟူသော ဤအရာ၌ ဂုဏ်နှင့် ပြည့်စုံသော အသက်ကြီးသူကို ဆိုကြောင်း ဖွင့်၏။ (ဇာတက ၄၊ပ၊၂၃၆)

သံ-၄-၁၊ သဂ္ဂသံယုတ်(၁၁၇)"ကုလေ ဇေဋ္ဌာပစာယိနော=အမျိုး၌ ကြီးသူတို့ကို ရိုသေလေးစားသူ"အဖွင့်၌ ဇေဋ္ဌ(=ကြီးသူ)အရကို ဘကြီး ဘထွေး, မိကြီး, မိထွေး, ဦးရီး, အရီး စသည်တို့ကို ရိုသေမှုပြုရမည့် သူများအဖြစ် ဆို၏။ ဤ၌ ဂုဏ်ကိုမဆို။ ဂုဏ်မရှိသော အသက်ကြီး သူတို့ အားလည်း ခရီးဦးကြိုပြုမှု, နေရာပေးမှု, ကိုင်းညွတ်မှုစသော လေးစားမှု များမှ ပြုသူ၌ အကျိုးမယုတ်ပေ။ သို့သော် အရိုအသေ ပြုခံရမည့် ကြီးသူ များက သီလ စသော ဂုဏ်ရှိမှ လူငယ်များကလည်း ရိုသေလေးစားမှု ပြုလိုကြမည်ဖြစ်ရာ မိမိက အရိုအသေ ခံထိုက်သော ဂုဏ်ရှိသူများ ဖြစ်အောင် ကြိုးစားသင့်ကြပေသည်။

မှတ်သားဖွယ် အခန်းပါဠိနှင့်တကွ
အတ္ထာနုဒီပနီသုတ် နိဿယသစ်
ပြီး၏

အင်္ဂုလိမာလသုတ် နိဿယသစ်

(၁၃၂) ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

(၁၃၂) ဟေ၊ အိုသူတော်ကောင်းတို့။ ယံ ပရိတ္တံ၊ အကြင်အင်္ဂုလိ-မာလ ပရိတ်တော်ကို။ ဘဏန္တဿ၊ ရွတ်ဆိုသော ပုဂ္ဂိုလ်၏။ နိသိန္နဋ္ဌာ-နဓောဝနံ၊ နေရာထိုင်ခုံကို ဆေးကြောင်းဖြစ်သော။ ဥဒကမ္ပိ၊ ရေသော်မှလည်း။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိ၊ ကင်းပျောက်စေနိုင်ပေ၏။

(၁၃၃) သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၁၃၃) ယံ ပရိတ္တံ၊ အကြင်အင်္ဂုလိမာလ ပရိတ်တော်သည်။ တင်္ခဏေ၊ ပရိတ်ရွတ်စဉ် ထိုအခိုက်၌ပင်။ သောတ္ထိနာ၊ ချမ်းချမ်းသာသာဖြင့်။ ဂဗ္ဘ-ဝုဋ္ဌာနဉ္စ၊ ကိုယ်ဝန်မှထ မွေးဖွားခြင်းကိုလည်း။ သာဓေတိ၊ ပြီးစေနိုင်ပေ၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလမည်သော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်သော။ ကပ္ပဋ္ဌာယိံ၊ ကမ္ဘာဆုံးသည့်ထိ တည်တတ်သော သဘောဝ ရှိသော။ မဟာတေဇံ၊ ကြီးမားသော အစွမ်းရှိသော။ တံ ပရိတ္တံ၊ ထို အင်္ဂုလိမာလသုတ် ပရိတ်တော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

အမှမ်းစကားပြေ—လွယ်၏။

နိဒါန်း။ ။အင်္ဂုလိမာလ မထေရ်ကား ကောသလမင်းကြီး၏ ပုရော-ဟိတ်၏ ဇနီး မန္တာဏီ ပုဏ္ဏေးမမှ ဖွားမြင်၍ ငယ်မည်မှာ

"အဟိံသက"ဖြစ်၏။ သူမွေးဖွားချိန်၌ တပြည်လုံးရှိ လက်နက်တွေ ပြောင်ပြောင်တောက်၍ဖခင် ပုရောဟိတ်က စောရဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်၏။ အရွယ်ရောက်သောအခါ တက္ကသိုလ်ဆရာကြီးထံ သွားရောက်ပညာသင်ရာ ဆရာကြီး၏ အလွန်အရေးပေး၍ တပည့်များက မနာလိုဖြစ်ကာ ဆရာကတော်အား ပြစ်မှား နေကြောင်း ဆိုကြ၏။ ဆရာကြီးသည် အစ၌ မယုံသော်လည်း ပြောပါ များသော် ယုံကြည်လာ၍ အဟိံသကကို သေစေရန် ဥပါယ်တမျဉ်ဖြင့် "သင်၏အတတ်ပညာ ပြီးမြောက်ရေးတွင် အကူအပံ့ရစေရန် ရှေးသွား လူတထောင်အထိ သတ်ရမည်"ဟု ပြောဆို၏။ မိမိမှာ သူတပါးကို မညှဉ်းဆဲသော အမျိုး၌ ဖြစ်၍ မလုပ်နိုင်ကြောင်း ငြင်းဆန်သော်လည်း "ထိုကဲ့သို့မလုပ်လျှင် သင်သည်အတတ်၏အကျိုးကို ခံစားရလိမ့်မည်မဟုတ်" ဟု ဆို၏။ အဟိံသကလည်း တောသို့ဝင်၍ လူတွေကို သတ်ရာ ဘယ်မျှဟု မမှတ်မိသဖြင့် လက်ညှိုးများကို ဖြတ်ယူ၍ထား၏။လက်ညှိုးများ ပျောက်ကုန်ပြန်သဖြင့် တဖန်လက်ညှိုးများကို ဖောက်သီပြီးလျှင် ပန်းကုံးပြု၍ ဆွဲထား၏။ ထိုအခါမှစ၍ အင်္ဂုလိမာလ (လက်ညှိုးပန်းရှိသူ) အမည်ဖြင့် ထင်ရှား၏။

တောထဲသို့ လူများ မသွားဝံ့ဖြစ်ရာ ညအခါရွာထဲဝင်၍ အိပ်နေသောလူများကို သတ်ပြီး ဆွဲသွားသဖြင့် မြို့ရွာတော့ တုန်လှုပ် ချောက်ချားရသည်။ မိခင်က ဖျောင်းဖျပြောဆိုရန် တောထဲသို့ထွက်လာ၏။ ထိုအခိုက်ဘုရားရှင်ကလည်း လောကကို ကြည့်သောအခါ "ယနေ့ ငါသွားလျှင် အင်္ဂုလိမာလ အကျိုးရှိလိမ့်မည်။ ငါမသွားလျှင် မိခင်ကိုသတ်၍ ကယ်မရအောင် ဆုံးရှုံးလိမ့်မည်" ဟု မြင်တော်မူ၍ တောထဲသို့ ကြွတော်မူသည်။ တထောင်ပြည့်ရန် တဦးသာ လိုတော့သဖြင့် လက်ဦးတွေ့သူကိုသတ်ရန် ကြံထားသော အင်္ဂုလိမာလသည် ဘုရားရှင်ကိုတွေ့သော် အပြေးလိုက်တော့သည်။ ဘုရားရှင်၏ တန်ခိုးတော်အရ လိုက်၍မမီပဲ ရှိသောအခါ လွန်စွာအံ့ဩခြင်းဖြစ်၍ "ရဟန်း....ရပ်ရပ်" ဟု ဆို၏။ 'ငါရပ်နေသည် အင်္ဂုလိမာလ သင်သာလျှင် ရပ်လော့" ဟု မိန့်သော် "ရဟန်း ဆိုသည်မှာ အမှန်ပြောလေ့ရှိ၏။ ဤရဟန်းကား သွားနေလျက် ရပ်သည်ဟု

ဆို၏၊ အကြောင်းကို မေးဦးမှပဲ”ဟု မေးလျှောက်၏။ “ငါကား သတ္တဝါများကို ညှဉ်းဆဲရန်အတွက် ဖြစ်သည့် တုတ်လက်နက် တို့ကို ပယ်ထားချထားသူဖြစ်ရာ ရပ်နေသူဖြစ်သည်။ သင်ကား သတ္တဝါတို့ကို ညှဉ်းဆဲသူဖြစ်၍ မရပ်သူ၊ ပြေးသူ ဖြစ်၏” ဟု ဟောတော်မူရာ သတိတရား ရကာ ရဟန်းအဖြစ် တောင်းပန်တော့သည်။ ဘုရားရှင်၏ “ဧဟိ ဘိက္ခု” ခေါ်တော်မူချက်အရ ရဟန်းဖြစ်လေသည်။

တနေ့ ဆွမ်းခံကြွသောအခါ သားမဖွားနိုင်သော မိန်းမတယောက်ကို မြင်ရ၍ ကရုဏာဖြစ်ကာ ဘုရားရှင်အား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ထိုမိန်းမထံ သွားပြီးလျှင် “ယတောဟံ ဘဂိနိ” စသည်ဖြင့် သစ္စာဆိုရန် သင်ပေးတော်မူရာ ဘုရားအမိန့်တော်အတိုင်း သွား၍ ဆိုသဖြင့် ထိုမိန်းမ၏ကိုယ်ဝန်မှာ ချက်ခြင်းသက်သာ လွယ်ကူစွာဖွားမြင်လာရသည်၊ ဤ အချက်များကို ရည်၍ “သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တံဇော၊ ထေရဿင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ” ဟု ဆိုခဲ့ခြင်းဖြစ်သည်။

မဟာပရိတ်။ ။“ဣမဉ္စ ပန ပရိတ္တံ န ကိဉ္စိ ပရိဟာယံ န မဒ္ဒတိ၊ မဟာပရိတ္တံ နာမေတန္တိ ဝုတ္တံ=ဤပရိတ် မဖျက်ဆီးနိုင်သောဘေးရန်မရှိ၊ ဤ ပရိတ်မှာ မဟာပရိတ်မည်၏” ဟု ဆိုအပ်ကြောင်း မဇ္ဈိမပဏ္ဏာသဋ္ဌကထာ (၂၃၃) ၌ မိန့်ဆို၏၊ အင်္ဂုလိမာလထေရ်ဆိုင်လျက် သစ္စာပြုရာနေရာ၌ ခုံပြုလုပ်ထားကြ၏၊ သားမဖွားနိုင်သော တိရစ္ဆာန်မကိုပင် ယူဆောင်၍ ထိုခုံပေါ်မှာ နေစေလျှင် ချက်ခြင်းလွယ်ကူစွာ သားဖွားနိုင်၏။ အားနည်း လှ၍ ဆောင်ယူရန် မဖြစ်နိုင်လျှင် ခုံဆေးရေကို ယူပြီး ခေါင်း၌လောင်းလျှင် ချက်ခြင်း သားဖွားနိုင်တော့သည်၊ သားဖွားခြင်းသာမက အခြားရောဂါကိုလည်း ပျောက်ငြိမ်းစေတတ်သည်သာ။ ဤမဇ္ဈိမပဏ္ဏာသဋ္ဌကထာ အဆိုများကို အစွဲပြု၍ ထိုင်ရာ ခုံဆေးသောရေပင်ဘေးရန်ကင်းပျောက်နိုင်ကြောင်း ပရိတ်အမွှမ်း၌ မိန့်ဆိုသည်။

တကမ္ဘာလုံးတည်။ ။အရှင်၏ တကြိမ် သစ္စာ ပြုထားသော နေရာမှာ နောင်အမြဲ ဆေးအဖြစ် ဘေးရန် အကွယ်အကာ အဖြစ် အသုံးဝင်နေ၍ "ယာဝ ကပ္ပံ တိဋ္ဌနကပါဋိဟာရိယံ ကိရေ· တံ=ဤသစ္စာပြုရာ နေရာ၏ ထိုသို့အစဉ် အာနုဘော်ရှိနေခြင်းမှာ ကမ္ဘာ ကုန်ဆုံးသည် အထိ တည်နေမည် ဖြစ်သော တန်ခိုး ပြာဋိဟာပင် ဖြစ် သတတ်" ဟု ဆိုသော မဇ္ဈိမပဏ္ဏာသဋ္ဌကထာကို အစွဲပြု၍ "ကပ္ပဋ္ဌာယိ မဟာတေဇ" ဟု ဆိုသည်။

---

(၁၃၄) ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

(၁၃၄) ဘဂိနိ၊ နှမ။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှစ၍။ အရိယာယ ဇာတိယာ၊ အရိယာဇာတ်ဖြင့်။ ဇာတော၊ ဖြစ်ခဲ့၏။ တတော၊ ထိုအခါမှစ၍။ သဉ္စိစ္စ၊ သေစေလိုသော စေတနာဖြင့် အားထုတ်၍။ ပါဏံ၊ သတ္တဝါကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတာ၊ ချခဲ့ သတ်ခဲ့သည်ဟူ၍။ နာဘိဇာနာမိ၊ မသိပေ။ တေန သစ္စေန၊ ထိုသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ သူငယ်၏။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

သစ္စာပြုပုံ စကားပြေ–နှမ...ငါသည် အရိယာဇာတ်ဖြင့် ဖြစ်သည့် အခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါကိုသတ်ခဲ့ဘူးသည်ကို မသိပေ၊ ဤသစ္စာစကားကြောင့် သင်ရော ကလေးပါ ချမ်းသာပါစေ။

အရိယာဇာတ်။ ။ထိုသို့ သစ္စာပြုချိန်တွင် အရှင်ကား မဂ်ဖိုလ်မရသေး ပါ၊ သို့ဖြစ်လျက် 'အရိယာယ ဇာတိယာ' ဆိုသည်မှာ ဘယ်သို့နည်း။ ဤ၌ ရဟန်းအဖြစ်ကိုပင် အရိယာဖြစ်ကြောင်း ဇာတ်

ပရိတ်ကြီး ၃၆–ပ-မ-သ-ဇ

ဖြစ်၍ 'အရိယာယ ဇာတိယာ' ဆိုသည်။ ဘုရားရှင်သည် ရှေးဦးစွာ 'အရိယာယ ဇာတိယာ'မပါ၊ 'ယတောဟံ ဘဂိနိ ဇာတော'စသည်ဖြင့် "နှမ....ငါဖြစ်သည်မှ စ၍ သိလျက် သတ္တဝါကို သတ်ဘူးသည် မရှိ"ဟု သင်ပေးခဲ့ရာ "ဖြစ်သည်မှစ၍"ဆိုသည်မှာ "မွေးဖွား၍ လူဖြစ်သည်မှစ၍" ဟုလည်း ဖြစ်နိုင်၍ အရှင် အင်္ဂုလိမာလက "သည်လိုဆိုလျှင် တပည့်တော်အား မုသာဝါဒ ဖြစ်ပါလိမ့်မည်၊ တပည့်တော် သတ္တဝါတွေ အများအပြား သတ်ခဲ့သူ ဖြစ်ပါသည်"ဟု လျှောက်၏။ "အင်္ဂုလိမာလ....ထိုအဖြစ်ဇာတိကို သင်မယူနှင့်၊ ထိုဇာတိက လူဖြစ်သောအခါ ဖြစ်သည့်လူဆိုသည်မှာ ပါဏာတိပါတ စသည် ပြုတတ်၏။ ယခု သင်၏ဇာတိမှာ အရိယာဇာတိဖြစ်သည်။ 'ယတောဟံ ဘဂိနိ ဇာတော'ဟု သင် ဆိုရန် ကုက္ကုစ္စဖြစ်လျှင် 'အရိယာယ ဇာတိယာ'ထည့်ဆို"ဟု တဖန်ပြင်ကာ သစ္စာပြုပုံကို မိန့်တော်မူသည်။

ဆေးကုခြင်း မဟုတ်လော။ ။မြတ်စွာဘုရားသည် ဤသို့ သစ္စာပြုခိုင်းသည်မှာ မယေရ်ကို ဆေးကုခိုင်းရာ မကျပါလောဟု ဆိုဖွယ်ရှိ၏၊ "န ဟိ သစ္စကိရိယာ ဝေဇ္ဇကမ္မံ ဟောတိ" မဇ္ဈိမပဏ္ဏာသဋ္ဌကထာ (၂၃၄)အရ သစ္စာပြုခြင်းမှာ ဆေးကုမှု မဟုတ်။ မယေရ်ကို မြင်ကြလျှင် လူတွေ ကြောက်ကြ ပြေးကြ၍ မယေရ်အတွက် ဆွမ်းခက်ခဲကာ တရားအားမထုတ်နိုင် ရှိခဲ့၏။ သစ္စာပြုကာ လူတွေ ချမ်းသာအောင် ပြုပေးခြင်းဖြင့် မေတ္တာသက်ရောက်ပြီးလျှင် အရှင်အား ဆည်းကပ်လာမည်ဖြစ်ရာ ဆွမ်းမခက်ခဲပဲ တရားအားထုတ်နိုင်လိမ့်မည်ဟု ရည်မြော်ကာ မယေရ်အား ချီးမြှောက်လို၍ သစ္စာပြုခိုင်းခြင်းဖြစ်၏။

ထိုပြင် အရှင်မြတ်ကား ကမ္မဋ္ဌာန်းအားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းသို့ စိတ်မရောက်၊ မိမိရှေးက လူတွေသတ်ခဲ့ပုံ၊ ထိုအခါက သေဘေးကြောက်လှ၍ လူတွေတောင်းပန်ပုံ၊ ခြေလက် ကိုးရိုးကားရားဖြစ်ပုံများသာ ထင်နေ၍ နေရာမှ ထသွားရ၏။ ထို့ကြောင့် အရိယာဇာတ်ဖြင့် သစ္စာဆိုခိုင်းလျှင် ရှေးအဖြစ်များ အမှတ်မထားတော့ပဲ

ဝိပဿနာပွါးနိုင်ကာ ရဟန္တာဖြစ်လိမ့်မည်ဟု သိတော်မူ၍ အရိယာဇာတ်ဖြင့် သစ္စာပြု နိုင်းခြင်း၊ ဖြစ်ကြောင်း မဇ္ဈိမပဏ္ဏာသဋ္ဌကထာ (၂၃၄)၌ အကြောင်းနှစ်ရပ် ဖွင့်ပြတော်မူသည်။

မှတ်သားဖွယ် အခိပ္ပါယ်နှင့်တကွ

အင်္ဂုလိမာလသုတ်နိဿယသစ်

ပြီးပြီ။

ဗောဇ္ဈင်သုတ် နိဿယသစ်

(၁၃၅) သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

(၁၃၆) ဗုဇ္ဈိတွာ ယေ စိ'မေ သတ္တာ၊ တိဘဝါ မုတ္တကု'တ္တမာ။
အဇာတိ'မဇရာ'ဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

(၁၃၇) ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

(၁၃၅-၇) ဟေ၊ အိုသူတော်ကောင်းတို့။ သံသာရေ၊ သံသရာ၌။ သံသရန္တာနံ၊ ကျင်လည်ကြကုန်သော သတ္တဝါတို့၏။ သဗ္ဗဒုက္ခဝိနာသနေ၊ ဒုက္ခခပ်သိမ်းတို့ကို ပျောက်ငြိမ်းစေတတ်ကုန်သော။ မာရသေနာပမဒ္ဒနေ၊ မာရ်စစ်သည် အသင်းအပင်းတို့ကို နှိမ်နင်း ဖျက်ဆီးတတ်ကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်မည်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဓမ္မေ၊ အကြင်တရားတို့ကို။ ဗုဇ္ဈိတွာ၊ သိကြကုန်သောကြောင့်။ ဥတ္တမာ၊ မြတ်ကုန်သော။ ဣမေ သတ္တာ၊ ဤပုဂ္ဂိုလ်တို့သည်။ တိဘဝါ၊ ဘဝသုံးပါးမှ။ မုတ္တကာ၊ လွတ်မြောက်ရကုန်သည်ဖြစ်၍။ အဇာတိံ၊ ပဋိသန္ဓေ နေခြင်း မရှိသော။ အဇရံ၊ အိုခြင်းမရှိသော။ အဗျာဓိံ၊ နာခြင်းမရှိသော။ အမတံ၊ သေခြင်းမရှိသော။ နိဗ္ဘယံ၊ ဘေးမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကြရကုန်ပြီ။ ဧဝမာဒိဂုဏူပေတံ၊ ဤသို့အစရှိသော အကျိုးဂုဏ်အင် အာနိသင်တို့နှင့် ပြည့်စုံသော။ အနေကဂုဏသင်္ဂဟံ၊ ဂုဏ်အပေါင်းများစွာ သိမ်းယူရာ ဖြစ်သော။ ဩသဓဉ္စ၊ ရောဂါ ပျောက်ရေးဝယ် ဆေးသဖွယ်လည်းဖြစ်သော။ မန္တဉ္စ၊ အန္တရာယ်ကင်း ရေးဝယ်မန္တန်သာဖွယ်လည်း ဖြစ်သော။ ဣမံ ဗောဇ္ဈင်္ဂံ၊ ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

အမှမ်းစကားပြေ+လွယ်၏။

(၁၃၈) ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာ'ပရေ။

(၁၃၉) သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေ'တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

(၁၄၀) သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၁၃၈-၄၀) သတိသင်္ခါတော၊သတိဟု ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ စ၊ ဗောဇ္ဈင်ရင်း။ ဓမ္မာနံ ဝိစယော စ၊ ဓမ္မဝိစယ ဗောဇ္ဈင်ရင်း။ တထာ၊ ထိုမှတပါး။ ဝီရိယံ စ၊ ဝီရိယဗောဇ္ဈင်ရင်း။ ပီတိ ပဿဒ္ဓိဗောဇ္ဈင်္ဂါ စ၊ ပီတိဗောဇ္ဈင်, ပဿဒ္ဓိဗောဇ္ဈင်တို့ရင်း။ တထာ၊ ထို့ပြင်၊ အပရေ၊ တပါးကုန်သော။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ စ၊ သမာဓိဗောဇ္ဈင်, ဥပေက္ခာ ဗောဇ္ဈင်တို့ရင်း။ ဣတိ၊ ဤသို့။ သဗ္ဗဒဿိနာ၊ တရားအလုံးစုံ အကုန်သိတော်မူသော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာဟောကြားတော်မူအပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေ၊ ထိုဗောဇ္ဈင်တရားတို့သည်။ ဘာဝိတာ၊ ပွါးများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော်။ အဘိညာယ စ၊ သစ္စာလေးပါးကို သိခြင်းငှါရင်း။ နိဗ္ဗာနာယ စ၊ နိဗ္ဗာန် အလို့ငှါရင်း။ ဗောဓိယာ စ၊ မဂ်ဉာဏ် အလို့ငှါရင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဗောဇ္ဈင်ခုနစ်ပါး စကားပြေ— တရားအလုံးစုံ အကုန်သိတော်မူသော မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ - ဟူသော ဗောဇ္ဈင် ခုနစ်ပါး ဤတရား

တို့ကား ပွါးများလေ့လာခဲ့လျှင် သစ္စာလေးပါးသိရန်, နိဗ္ဗာန်ရန်, မဂ်ရရန်ဖြစ်သည်။ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာပါစေ။

---

(၁၄၁) ကေသိဉ္စ သမယေ နာထော၊ မောဂ္ဂလ္လာန ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

(၁၄၁) ကေသိဉ္စိ သမယေ၊ အခါတပါး၌။ နာထော၊ မြတ်စွာဘုရားသည်။ မောဂ္ဂလ္လာနဉ္စ၊ မောဂ္ဂလ္လာန်မထေရ်ကိုလည်း။ ကဿပဉ္စ၊ ကဿပမထေရ်ကိုလည်း။ ဂိလာနေ၊ မကျန်းမမာသည်ဖြစ်ကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲခြင်းသို့ ရောက်သည်တို့ကို။ ဒိသွာ၊ မြင်တော်မူ၍။ သတ္တ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို။ ဒေသယိ၊ ဟောတော်မူပြီ။

(၁၄၂) တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၁၄၂) တေ စ၊ ထိုမထေရ်မြတ်တို့သည်လည်း။ တံ၊ ထို ဗောဇ္ဈင် ခုနစ်ပါး တရားတော်ကို။ အဘိနန္ဒိတွာ၊ နှစ်သက်အားရ ခံယူကြကုန်၍။ တင်္ခဏေ၊ ထိုခဏ၌။ ရောဂါ၊ ရောဂါမှ။ မုစ္စိံသု၊ ပျောက်ကင်း လွတ်မြောက်ကြရကုန်ပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဗောဇ္ဈင်အကျိုးစကားပြေ—လှယ်၏။

ဗောဇ္ဈင်္ဂသုတ် ဖြစ်လာပုံ။ ။အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသော အရှင်မဟာကဿပ မကျန်းမမာဖြစ်ရာ ဘုရားရှင် ကြွတော်မူပြီး

လျှင် ဗောဇ္ဈင် ခုနစ်ပါးတရားကို ဟောတော်မူ၏၊ ထိုတရားဖြင့်ပင် အရှင်၏ရောဂါမှာ ချက်ခြင်း ပျောက်ရတော့သည်။ ထိုတရားကို နာရသော အရှင်မြတ်အား "ငါကား ရဟန်းပြု၍ ခုနစ်ရက်မြောက်၌ သစ္စာတို့ကို သိရသောအခါ ဤဗောဇ္ဈင်တရားများ ထင်ရှားဖြစ်လာခဲ့ဘူး၏။ ဘုရားသာသနာကား ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေးအစစ် တကယ် ဖြစ်ပါပေသည်" ဟု အကြံဖြစ်ရာ ကိုယ်မှ အသွေးများ ကြည်လင် ဥပါဒါရုပ်များ စင်ကြယ်လာမှုကြောင့် ကြာဖက်၌ ကျသော ရေပေါက်ပမာ ရောဂါ ကိုယ်မှ ခွါပျောက်ခဲ့ရသည်။ ထို့အတူ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသော အရှင်မောဂ္ဂလ္လာန်မထေရ်မြတ် မကျန်းမာစဉ် ဗောဇ္ဈင်သုတ်ကိုပင် ဘုရားရှင် ဟောတော်မူရာ အရှင်၏ရောဂါမှာ ချက်ခြင်း ယူပစ်သလို ပျောက်ကင်းခဲ့ရဘူးသည်။

သို့သော် မဟာဝဂ္ဂသံယုတ် ဗောဇ္ဈင်သုတ် (၇၁) သည် စုဏ္ဏိယသာဖြစ်၍ ဤဗောဇ္ဈင်ပရိတ်ကိုမူ ဂါထာအဖြစ် ရှေးဆရာတို့ စီစဉ်ရေးသားထားခြင်းဖြစ်၏။

(၁၄၃) ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ'ဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

(၁၄၄) သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
တေနေ သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၁၄၃-၄) ဧကဒါ၊ အခါတပါး၌။ ဓမ္မရာဇာပိ၊ တရားဘုရင် ဘုရားရှင်သည်လည်း။ ဂေလညေန၊ ရောဂါဝေဒနာသည်။ အဘိပီဠိတော၊ ပြင်းကန်စွာ နှိပ်စက်အပ်သည်ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုန္ဒမထေရ်ကို။ တံယေဝ၊ ထိုဗောဇ္ဈင်ဘုရားတော်ကိုပင်။ သာဒရံ၊ ရိုသေလေးစားစွာ။ ဘဏာပေတွာန၊ ရွတ်ဆိုစေ၍။ သမ္မောဒိတွာန၊ ဝမ်းမြောက်တော်မူသောကြောင့်။ ဌာနသော၊ တခဏခြင်း။ တမှာ အာဗာဓာ၊ ထိုရောဂါမှ။ ဝုဋ္ဌာသိ၊ ထမြောက် ပျောက်ကင်းတော်မူလေပြီ။ တေနေ သစ္စဝဇ္ဇေန၊ ဤ

သစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဗောဇ္ဈင်အကျိုးစကားပြေ–လွယ်၏။

ဘုရားရှင်ရောဂါ။ ။မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မကျန်းမမာဖြစ်ခဲ့ရာ အရှင်စုန္ဒကို ဗောဇ္ဈင်တရားရွတ်ဆိုရန် အမိန့်ရှိတော်မူသည်။ အရှင်မဟာကဿပ အရှင်မောဂ္ဂလ္လာန်တို့အား ဘုရားဟောသည့် ဗောဇ္ဈင်သုတ်ကိုပင် အရှင်စုန္ဒ ရွတ်ဆို လျှောက်တင်ခဲ့ရာ ဘုရားရှင်၏ ပြင်းထန်သောဝေဒနာမှာ ချက်ခြင်း ပျောက်ကင်းခဲ့သည်။

---

(၁၄၅) ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂါဟတာ ကိလေသာဝ၊ ပတ္တာ’ နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၁၄၅) မဂ္ဂါဟတာ၊ အရိယာမဂ်တရားတို့သည် ပယ်ရှား ဖျက်ဆီးအပ်ကုန်သော။ ကိလေသာ၊ ကိလေသာတို့သည်။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်ထပ်ကာ မဖြစ်ပေါ်လာခြင်းသဘော ရှိသည်၏အဖြစ်သို့။ ပတ္တာဣဝ၊ ရောက်ရကုန်သကဲ့သို့။ တထာ၊ ထိုအတူ။ တိဏ္ဏန္နမ္ပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ မဟေသိနံ၊ သီလက္ခန္ဓ စသည်ဖွေရှာ မြတ်စွာဘုရား, နှစ်ပါးသော ထေရ်အရှင်တို့၏။ ပဟီနာ၊ ဗောဇ္ဈင်တရားဖြင့် ပယ်ရှားအပ်ပြီး ဖြစ်ကုန်သော။ တေ အာဗာဓာ စ၊ ထိုရောဂါတို့သည်လည်း။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်ထပ်ကာ မဖြစ်လာခြင်း သဘောရှိသည်၏အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်ပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အရှင်းပျောက်ပုံ စကားပြေ — မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့သည် တဖန် ထပ်ကာ ပေါ်မလာတော့သကဲ့သို့ မဟေသီ သုံးပါး(=ဘုရား, အရှင်မဟာကဿပ, အရှင်မဟာမောဂ္ဂလ္လာန်)တို့၏ ဗောဇ္ဈင်တရားဖြင့် ပယ်ရှားအပ်သော ဝေဒနာများမှာလည်း နောင်ပေါ်ခြင်း အလျှင်း မရှိတော့သည်၏ အဖြစ်သို့ ရောက်ရသည်။ ဤသစ္စာစကားကြောင့် သင့်အား ထာဝစဉ် ချမ်းသာခြင်း ဖြစ်ပါစေ။

မှတ်သားဖွယ် အခိပ္ပါယ်နှင့်တကွ

ဗောဇ္ဈင်သုတ် နိဿယသစ်

ပြီးပြီ။

ပုဗ္ဗဏှသုတ် နိဿယသစ်

(၁၄၆) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ'မေန္တု။

(၁၄၆) ယံ ဒုန္နိမိတ္တဉ္စ၊ အကြင် မကောင်းသော နိမိတ်သည်၎င်း။ ယံ အဝမင်္ဂလဉ္စ၊ အကြင် အမင်္ဂလာသည်၎င်း။ သကုဏဿ၊ ငှက်ဆိုး၏။ အမနာပေါ၊ နှစ်သက်ဖွယ် မရှိသော။ ယော သဒ္ဒေါ စ၊ အကြင် အသံသည်၎င်း။ ယော ပါပဂ္ဂဟော စ၊ အကြင် ပါပဂြိုဟ်သည်၎င်း။ အကန္တံ၊ နှစ်လိုဖွယ် မရှိသော။ ယံ ဒုဿုပိနဉ္စ၊ အကြင် မကောင်းသော အိပ်မက်သည်၎င်း။ (သန္တိ၊ ရှိကုန်၏။) တေ ဒုန္နိမိတ္တာဒယော၊ ထိုမကောင်းသော နိမိတ်စသည်တို့သည်။ ဗုဒ္ဓါနုဘာဝေန၊ ဘုရားမြတ်တို့၏ အာနုဘော်ကြောင့်။ ဝိနာသံ၊ အလျှင်းမရောက် ကင်းပျောက်ခြင်းသို့။ ဧန္တု၊ ရောက်ပါစေကုန်သတည်း။

(၁၄၇) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ'မေန္တု။

(၁၄၈) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ'မေန္တု။

—ဓမ္မာနုဘာဝေန၊ တရားတော်တို့၏ အာနုဘော်ကြောင့်။ပ။
—သံဃာနုဘာဝေန၊ သံဃာတော်တို့၏ အာနုဘော်ကြောင့်။ပ။

အာသီသ စကားပြေ - မကောင်းသော နိမိတ်, အမင်္ဂလာ, နှစ်သက်ဖွယ် မရှိသော ငှက်ဆိုးသံ, ပါပဂြိုဟ်, နှစ်လိုဖွယ်မရှိသော အိပ်မက်ဆိုး အမျိုးမျိုးတို့သည် ဘုရားမြတ်တို့၏ အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ။

—တရားတော်တို့၏ အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ။
—သံဃာတော်တို့၏ အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ။

ရှေးဆရာတို့၏အစီအခဉ်။ ။ဤ ပုဗ္ဗဏှသုတ်၌ နောက်ဆုံး "သုနက္ခတ္တံ" စသော သုံးဂါထာခွဲကား (အံ ၁၊ ၂၉၉) ပုဗ္ဗဏှသုတ်လာ ဘုရားဟော ဂါထာများဖြစ်သည်။ ကျန်ဂါထာများတွင် 'ယံ ကိဉ္စိ ဝိတ္တံ' စသော ပထမဂါထာကလည်း သုတ္တနိပါတ် ရတနသုတ်လာ ဘုရားဟော ဂါထာပင်တည်း။ ကြွင်း ဂါထာများကား ဘုရားဟော မဟုတ်။ ရှေးဆရာတို့ စီစဉ်ထားခြင်းဖြစ်သည်။ ပုဗ္ဗဏှသုတ်လာ ဂါထာများကို အစွဲပြု၍ တသုတ်လုံးကို ပုဗ္ဗဏှသုတ်ဟုပင် ခေါ်ကြ၏။ပုဗ္ဗဏှသုတ်ဟူသော အမည် အားလျော်စွာ နံနက်ခါ ရွတ်ဆိုကြရန် သတ်မှတ်ထားကြောင်း ဆိုဖွယ်ရှိသည်။ သို့သော် နံနက်အခါသာ ရွတ်သင့် ရွတ်ထိုက်သည်ဟု တထစ်ချမှတ်ရန်ကား မဟုတ်။ မည်သည့် အချိန်အခါ မဆို ရွတ်လိုက ရွတ်နိုင်၍ အကျိုးရှိသည်ဟုသာ မှတ်သင့်သည်။

အကြောင်း၏ အကြောင်း။ ။"ဗုဒ္ဓါနုဘာဝေန၊ ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော ကုသိုလ်စေတနာ **အစွမ်း** ကြောင့်" ဟုလည်း ပေးကြသည်၊ ပေးနိုင်သည်။ သို့သော် ဘုရား ဂုဏ်ကို အာရုံပြုသော စေတနာ၏ အာနုဘော်ကို ဘုရား၏ အာနုဘော်ဟု ဆိုနိုင်သည်။ ဘုရားကို အမှီပြု ဖြစ်လာသော စေတနာဖြစ်သောကြောင့် အကြောင်း၏ အကြောင်းကိုလည်း အကြောင်းဆိုရသော လောကထုံး အရပင် ဖြစ်သည်။ "တိဏေဟိ ဘတ္တံ သိဒ္ဓံ = မြက်တို့ကြောင့် ထမင်း

ပြီး၏"။ "စောရေဟိ ဒဋ္ဌော ဂါမော=ခိုးသူတို့ကြောင့် ရွာကို မီးလောင်ဆပ်၏"။ ဤအဆိုများကဲ့သို့မှတ်။

---

(၁၄၉) ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

(၁၄၉) ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခ ဆိုက်ရောက် နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲ မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ဘေးအန္တရာယ် ဆိုက်ရောက်နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာ စ၊ ဘေးအန္တရာယ် မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ပူဆွေးခြင်းသို့ ဆိုက်ရောက် နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဿောကာ စ၊ စိုးရိမ်ပူဆွေးခြင်း မရှိကြ ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မေတ္တာအာသီသ စကားပြေ။ ။ဆင်းရဲဒုက္ခ ကြုံတွေ့နေရသော သတ္တဝါ မှန်သမျှ ဆင်းရဲဒုက္ခ ကင်းကြပါစေ။ ဘေးအန္တရာယ် ဆိုက်ရောက်နေကြရသော သတ္တဝါ မှန်သမျှ ဘေးအန္တရာယ် ကင်းကြပါစေ။ စိတ်သောက ရောက်လျက် ရှိကြရသော သတ္တဝါမှန်သမျှ စိတ်သောက ကင်းဝေးကြကြပါစေ။

---

(၁၅၀) ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

(၁၅၀) စ၊ ပဒပူရဏ်စကား မြွက်ကြားပါဦးအံ့။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော တရားအလျဉ် စကားအစဉ်ဖြင့်။ အမှေဟိ၊ ငါတို့

သည်။ သမ္ဘတံ၊ ကောင်းစွာ ဆည်းပူးအပ်သော။ ပညသမ္ပဒံ၊ ကောင်း မှု၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ အလုံးစုံကုန်သော။ဒေဝါ၊ နတ်တို့သည်။ သဗ္ဗ- သမ္ပတ္တိ သိဒ္ဓိယာ၊ စည်းစိမ်များစွာ ချမ်းသာအကုန် ပြည့်စုံ ပြီးမြောက် ခြင်းငှါ။ အနုမောဒန္တု၊ သာဓု သာဓု အနုမောဒနာ ပြုကြပါကုန်လော့။

အမျှဝေချက် စကားပြေ။ ။ဤမျှ အတိုင်း အရှည် ရှိသော စကားအစဉ်ဖြင့် ငါတို့ ကောင်း စွာ ဆည်းပူးအပ်သော ကောင်းမှု၏ပြည့်စုံခြင်းကို အလုံးစုံသော နတ်တို့သည် စည်းစိမ် ချမ်းသာအကုန် ပြည့်စုံဖို့ရာ သာဓု အနု မောဒနာ ပြုကြပါကုန်လော့။

---

(၁၅၁) ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

(၁၅၁) သဒ္ဓါယ၊ ရတနာသုံးတန်, ကံ, ကံ၏အကျိုး မြတ်နိုးယုံကြည် ကြကုန်၍။ ဒါနံ၊ အလှူဒါနကို။ ဒဒန္တု၊ လှူဒါန်းကြပါ ကုန်လော့။ သဗ္ဗဒါ၊ အခါမလပ်။ သီလံ၊ သီလကို။ ရက္ခန္တု၊ စောင့်ရှောက် ကြပါကုန် လော့။ ဘာဝနာဘိရတာ၊ သမထ, ဝိပဿနာ ဘာဝနာ၌ နှစ်ခြိုက် ရှင် ပျော် မွေ့လျော်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါကုန်လော့။အာဂတာ၊ ပရိတ်တရားတော်နာယူရန် ဆိုက်ရောက် လာကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ ကိုယ့်ရပ်ဌာန ပြန်ကြပါကုန်လော့။

တိုက်တွန်း ခွင့်လွှတ်ချက် စကားပြေ— ရတနာသုံးတန်, ကံ,ကံ၏ အကျိုးကို ယုံကြည် ကြ ကုန်၍ အလှူဒါနကို ပေးလှူကြကုန်လော့။ အခါမလပ် သီလကို စောင့်ရှောက်ကြကုန်လော့၊ သမထ ဝိပဿနာ ဘာဝနာ၌ ပျော် ပိုက်ကြကုန်လော့၊ တရားနာ လာရောက်ကြ ကုန်သော နတ်တို့ သည် နေရင်းဌာန ပြန်ကြပါကုန်လော့။

(၁၅၂) သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၁၅၂) ဗလပ္ပတ္တာ၊ ကာယဗလ ဉာဏဗလ စွမ်းအားကို ရပိုင်တော် မူကြကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ယေ ဗုဒ္ဓါ၊ အကြင်ဘုရားရှင်တို့သည်။ (သန္တိ၊ ရှိတော်မူကြကုန်၏။) တေသဉ္စ၊ ထိုဘုရားရှင်တို့၏ရင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏ရင်း။ ယံ ဗလံ၊ အကြင် စွမ်းအားရှိန်စော် အာနုဘော်သည်။ အတ္ထိ၊ ရှိ၏။ တေန ဗလေန စ၊ ထိုအစွမ်းအာနုဘော် ဖြင့်ရင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေန စ၊ တန်ခိုးအာနုဘော် ဖြင့်ရင်း။ သဗ္ဗသော၊ အခါခပ်သိမ်း။ ရက္ခံ၊ အကာ အကွယ် အစောင့် အရှောက်ကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့၏။

အရုံအတားဖွဲ့ပုံ စကားပြေ—ကိုယ်အာဘ်အား ဉာဏ်တော် အားကို ရပိုင်တော်မူကြကုန်သော ဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓါတို့၏ အစွမ်းအာနုဘော်ဖြင့်ရင်း, ရဟန္တာတို့၏ တန်ခိုးအာနုဘော်ဖြင့်ရင်း အခါခပ်သိမ်း အကာအကွယ်အစောင့် အရှောက်ကို ငါဖွဲ့၏။

မှတ်ချက်— "သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ" ကို ဆဋ္ဌအနက်၌ ပဌမာ ဝိဘတ် ကြံကြ၏။ ဤ၌ကား နိယတ်, အနိယတ်ထည့်၍ လိင်အနက်၌ ပဌမာဝိဘတ်ပင် ကြံလိုက်သည်။

---

(၁၅၃) ယံကိဉ္စိ ဝိတ္တံ လောကေ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၅၄) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၅၅) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

"ယံ ကိဉ္စိ ဝိတ္တံ"စသော ဂါထာကို ရတနသုတ် (၂၁၉)၌ အနက်ပေးခဲ့ပြီ။ ဒုတိယဂါထာ၌ တထာဂတေန-၌ တရားတော်နှင့်ဟုပေး၍ တတိယဂါထာ၌ တထာဂတေန-သံဃာတော်နှင့်ဟု- ပေး။ တထာဂတ၏ တရား, သံဃာ ဟောပုံကို ရတနသုတ်အဖွင့် (၃၂၁-၂-၃) ၌ ဆိုခဲ့ပြီ။

(၁၅၆) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၁၅၆)သဗ္ဗမင်္ဂလံ၊မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်။ဘဝတု၊ ဖြစ်ပါစေသတည်း။ သဗ္ဗဒေဝတာ၊အလုံးစုံသော နတ်တို့သည်။ ရက္ခန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(၁၅၇) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၁၅၈) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၁၅၇) သဗ္ဗဓမ္မာနုဘာဝေန၊ အလုံးစုံသော တရားတော်တို့၏ အစွမ်းအာနုဘော်ကြောင့်။ပ။

(၁၅၈) သဗ္ဗသံဃာနုဘာဝေန၊ အလုံးစုံသော သံဃာတော်တို့၏ အစွမ်းအာနုဘော်ကြောင့် ။ပ။

တောင့်တချက် စကားပြေ – ကောင်းခြင်းမင်္ဂလာမှန်သမျှ ဖြစ်ပါစေ၊ ခပ်သိမ်းသော နတ်အများက
စောင့်ရှောက်ကြပါစေ၊ အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်ကြောင့် ထိုသတ္တဝါတို့ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အလုံးစုံသော တရားတော်တို့၏ အစွမ်း အာနုဘော်ကြောင့် ထိုသတ္တဝါတို့ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အလုံးစုံသော သံဃာတော်တို့၏ အစွမ်းအာနုဘော်ကြောင့် ထိုသတ္တဝါတို့ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

---

(၁၅၉) မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၁၅၉) မဟာကာရုဏိကော၊ ကြီးမြတ်သော ကရုဏာ ရှိတော်မူသော။ နာထော၊ မြတ်စွာဘုရားသည်။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ၊ အကျိုးစီးပွါး အလို့ငှါ။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ပါရမီ၊ ဒါနစသည် ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူ၍။ ဥတ္တမံ၊ ထူးမြတ်သော။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို။ ပတ္တော၊ ရတော်မူခဲ့လေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤ

သစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဘုရားဂုဏ်ဖြင့် သစ္စာပြုပုံ စကားပြေ—မဟာကရုဏာရှင် မြတ်စွာဘုရားသည် သတ္တဝါ အလုံးစုံတို့၏ အကျိုးစီးပွါးအတွက် ပါရမီတော်အလုံးစုံ အကုန် ဖြည့်ကျင့်တော်မူပြီးလျှင် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့ကို ရတော်မူခဲ့သည်။ ဤ သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

---

(၁၆၀) ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဝေမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

(၁၆၀) သကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ အားရနှစ်သက်ခြင်းကို တိုးပွါးစေတတ်သော မြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အနီးဟာခွင် အပရာဇိတပလ္လင်၌။ ဇယန္တော ယထာ၊ မာရ်ငါးပါးကို အောင်မြင်တော် မူသကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ (တေ၊ သင့်အား။) ဇယော၊ ဘေးရန်ခပင်း အောင်မြင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ တွံ၊ သင်သည်။ ဇယမင်္ဂလေ၊ အောင်ရာအောင်ကြောင်း ကောင်းမြတ်သော မင်္ဂလာတို့ကို။ ဇယဿု၊ ဒရီးရောက် အောင် ပြီးမြောက်လျှင်လျှင် အောင်မြင်ပါစေသတည်း။

အောင်ဆုအာသီသ စကားပြေ—သာကီဝင်မင်းတို့၏နှစ်သက်ခြင်းကို တိုးပွါးစေတတ်သော ရှင်တော်မြတ်ဘုရားသည် ဗောဓိပင်အနီး အပရာဇိတပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့ ထို့အတူ သင်သည် ဘေးရန်ခပ်သိမ်းကို အောင်မြင်ပါစေ၊ အောင်ကြောင်းမင်္ဂလာတို့ကို သင် ပြီးမြောက် အောင်မြင်ပါစေ။

(၁၆၁) အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ-ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

(၁၆၁) သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသော မြတ်စွာဘုရားတို့၏။ အဘိသေ-ကေ၊ဗုဒ္ဓါဘိသေက ခံယူရာဌာနဖြစ်သော။ သီသေ၊မြေတို့၏အထွတ်အထိပ်ဖြစ်သော။ ပုထုဝိပုက္ခလေ၊ တင့်တယ်ထူးလွန် မြေမွန် မြေမြတ် ဖြစ်သော။ အပရာဇိတ ပလ္လင်္ကေ၊ အပရာဇိတမည်တွင် ပလ္လင်တော်၌။ အဂ္ဂပ္ပတ္တော၊ ထွတ်ဖျား တိုင်မြောက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ရှင်တော်မြတ်သည်။ ပမောဒတိ၊ အလွန်ရွှင်လန်း ဝမ်းမြောက်တော် မူရပေ၏။ (ဝေဒမဝ၊ ဤအတူပင်။ တွံ၊ သင်သည်။ အဂ္ဂပ္ပတ္တော၊ အထက်တန်းသို့ ဟက်လှမ်း ပေါက်ရောက်သည် ဖြစ်၍။ ပမောဒဿု၊ ဝမ်းမြောက်ပါစေသတည်း။)

အာသီသ စကားပြေ—ဘုရားရှင် မှန်သမျှတို့၏ ဗုဒ္ဓါဘိသေက ခံယူရာ မြေတကာတို့၏ အထွတ်အထိပ် အလွန်တင့်တယ် ကောင်းမြတ် မြေအရပ်ဖြစ်သော အပရာဇိတ ပလ္လင်၌ ထွတ်ဖျားတိုင်မြောက် ဘုရားအဖြစ်သို့ ရောက်သော ရှင်တော်မြတ်သည် အလွန် ရွှင်လန်း ဝမ်းမြောက်တော်မူရသကဲ့သို့ သင်လည်း အထက်တန်း ရောက်ကာ ဝမ်းမြောက် ရွှင်လန်း ပါစေ။

ပုက္ခလအနက်။ ။ထောမနိဓိ၌ ပုက္ခလ၏ သေဋ္ဌ(=အမြတ်)အနက်လာ၏။ အမရ-ကောသ၌ သေယျ, သေဋ္ဌ, ပုက္ခလ, သတ္တမ-သဒ္ဒါများ အတိ-သောဘန (=အလွန်တင့်တယ်ကောင်းမြတ်သော) အနက်ဟောကြောင်း လာသည်။ နေတ္တိပါဠိတော် တိပုက္ခလနည်း၌ ပုက္ခလသဒ္ဒါ သောဘန(=တင့်တယ်သော) အနက် ဟောကြောင်း အဋ္ဌကထာ ဖွင့်၏။

"တီဟိ အဝယဝေဟိ လောဘာဒီဟိ သံကိလေသပက္ခေ, အလောဘာဒီဟိ စ ဝေါဒါန-ပက္ခေ ပုက္ခလော သောဘနောတိ တိပုက္ခလော"။ (နေတ္တိဋ္ဌ၊ဉဒ္ဒေသဝါရ-၁၇)

ဤ ပုထုဝိပုက္ခလ၌ ပုက္ခလကား သောဘန သာမန်ဟုတ် အတိသောဘနကို ဟောသည် ဟုယူ။ အလွန်တင့်တယ် ကောင်းမြတ်သော မြေဟု အနက်ရလျက် ပုက္ခလ ဟူသော ဝိသေသန နောက် ရောက်နေသော ဝိသေသနပရနိပါတ ကမ္မဓာရယ်တည်း။

(၁၆၂) သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

(၁၆၂) (ယံသို့ ဒိဝသေ၊ အကြင်နေ့၌။ တဃော သုစရိတမွေ၊ သုစရိုက်တရား သုံးပါးတို့ကို။ ပရိပူရေန္တိ၊ ဖြည့်ကျင့်ကြကုန်၏။ သော ဒိဝသော၊ ထိုနေ့သည်။) သုနက္ခတ္တံ၊ နက္ခတ်အပေါင်း မကောင်းမရှိ အကောင်းအတိ သာတည်း။ သုမင်္ဂလံ၊ အမင်္ဂလာ ဘယ်အခါမရှိ ကောင်းမြတ်သော မင်္ဂလာအတိသာတည်း။ သုပ္ပဘာတံ၊ အပြစ်ကင်းရှင်း ကောင်းသော မိုးလင်းရခြင်းပင်တည်း။ သုဟုဋ္ဌိတံ၊ သာယာသန့်ရှင်း ကောင်းသော အိပ်ရာမှ ထရခြင်းပေတည်း။ သုခဏော၊ ကြုံလာဆိုက်ရ ခဏတိုင်းမှာ ကောင်းသော ခဏချည်းသာတည်း။ သုမုဟုတ္တော စ၊ မုဟုတ်တိုင်းမှာ အကောင်း ချည်းသာတည်း။(တသို့ ဒိဝသေ၊ ထို သုစရိုက်ကျင့်ရာ နေ့အခါ၌။) ဗြဟ္မစာရိသု၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူ ပုဂ္ဂိုလ်တို့၌။ ယိဋ္ဌံ၊ လှူအပ်, ပူဇော်အပ်သော အလှူသည်။ သုယိဋ္ဌံ၊ အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

အကျင့်ကောင်းလျှင် သုစရိုက် ကျင့်ရာ နေ့အခါကား အားလုံးကောင်း စကားပြေ—ကောင်းသော နက္ခတ်, ကောင်းသော မင်္ဂလာချည်းသာ။ ကောင်းသော မိုးလင်းရခြင်း, ကောင်းသော အိပ်ရာမှ ထရခြင်း, ကောင်းသောခဏ, ကောင်းသော မုဟုတ်ချည်းသာ ဖြစ်သည်။ ထိုနေ့၌ အကျင့်ကောင်းရှိသူ ပုဂ္ဂိုလ်တို့၌ လှူရသောအလှူမှာ ကောင်းသောလှူဒါန်း ပူဇော်ရခြင်းဖြစ်သည်။

အနက်တမျိုး။ ။" သုနက္ခတ္တံ၊ ကောင်းသော နက္ခတ်သည်ရင်း။ပ။ သုမုဟုတ္တော၊ ကောင်းသော မုဟုတ်သည်ရင်း။ တေ၊ သင့်အား။ ဟောတု၊ ဖြစ်စေသတည်း"ဟု ဟောတုနှင့်ယှဉ်ကာ အာသိသ အဖြစ် ပေးရိုးရှိခဲ့၏။ ရင်းဂါထာလာရာ တိကင်္ဂုတ္တရပါဠိ (၂၉၇), ရင်း

အဋ္ဌကထာ (၂၄၄) အလိုမကျတတ်။ ပါဠိ၌ "ရဟန်းတို့ အကြင် သတ္တဝါတို့သည် နံနက်အခါ ကိုယ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏။ နှုတ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏။ စိတ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသော နံနက်ဖြစ်၏။ ထို့အတူ မွန်းတည့် ညချမ်း အခါတို့၌ သုစရိုက် ကျင့်သူတို့အား ကောင်းသော မွန်းတည့် အခါ၊ ကောင်းသော ညချမ်းအခါ ဖြစ်ကြောင်း" ဟောတော်မူသည်။ ထိုပါဠိအရပင် အဋ္ဌကထာ ဂါထာအနက်ဖွင့်ရာ၌ " ယသ္မိံ ဒိဝသေ တယော သုစရိတဓမ္မေ ပရိပူရေန္တိ၊ သော ဒိဝသော"ဟု ပါဌသေသ ထည့်ယူ၍ အနက်ပေးခဲ့သည်။ ဆိုလိုရင်းမှာ သုစရိုက်တရား ကျင့်သူတို့အား နက္ခတ်ကောင်း, မင်္ဂလာကောင်း, အခါကောင်း, ခဏ ကောင်း, အားလုံး အကောင်းချည်း ဖြစ်၍ မကောင်းသော နက္ခတ် မင်္ဂလာ အခါမရှိ။ နက္ခတ်မင်္ဂလာ အခါကောင်းကြံ့ရန် ဓာတ်ရိုက် ယတြာ စသော ပြုပြင်မှု ပြုရန်မလို၊ သူတော်ကောင်းတရား ကျင့်ရန်သာ လိုသည်ဟု ဆိုလို၏။

တမျိုး။ ။ပြဟ္မစာရိသု၊ မြတ်သောအကျင့်ကို ကျင့်သူတို့၌။ သုနက္ခတ္တံ၊ ကောင်းသော နက္ခတ်လည်းဖြစ်၏။ပ။ သုယိဋ္ဌံ၊ ကောင်းသော ပူဇော်ခြင်းလည်းဖြစ်၏။ ဤသို့ ပါဌသေသမထည့်ပဲ ဂါထာရှိတိုင်းလည်း အနက်ပေးကြ၏။ ဤအနက်၌ ကောင်းသော အကျင့်ရှိသူမှာ နက္ခတ် ကောင်း, မင်္ဂလာကောင်း, အခါကောင်းချည်း ဖြစ်သည်ဟု အဓိပ္ပါယ် ရသည်ဖြစ်ရာ ပါဌသေသ မပါသော်လည်း ပါဠိအဋ္ဌကထာ၏ အာဘော် ကို မလျှက်ရှိသောကြောင့် သင့်မြတ်၏။

ခဏ စသည်။ ။"သုခဏော သုမုဟုတ္တော" တို့၌ ခဏ, မုဟုတ်တို့၏ အချိန်ပမာဏတို့ကို သိအပ်၏။ လက်ဖျစ်ဆယ်ချက်တီး ခန့် သည် ခဏမည်၏။ ထိုခဏ ဆယ်ခုသည် လယ၊ လယ ဆယ်ခုသည် ခဏလယ၊ ခဏလယ ဆယ်ခုသည် မုဟုတ္တ၊ မုဟုတ္တဆယ်ခုသည် ခဏ မုဟုတ္တတည်း။

(၁၆၃) ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏာ။

(၁၆၃) (တသ္မိံ ဒိဝသေ၊ထိုသုစရိုက်ကျင့်ရာနေ့အခါ၌။)ကာယကမ္မံ၊ ထိုသူပြုသည့် ကာယကံမှုမှန်သမျှသည်။ ပဒက္ခိဏံ၊ တိုးတက် ကြီးပွါးကြောင်း အကောင်းအမြတ်ချည်းသာတည်း။ ဝစီကမ္မံ၊ ဝစီကံမှုမှန်သမျှသည်။ ပဒက္ခိဏံ၊ တိုးတက်ကြီးပွါးကြောင်း အကောင်းအမြတ်ချည်းသာတည်း။ မနောကမ္မံ၊ မနောကံမှုမှန်သမျှသည်လည်း။ ပဒက္ခိဏံ၊ တိုးတက် ကြီးပွါးကြောင်း အကောင်းအမြတ်ချည်း သာတည်း။ တေ၊ ထိုသုစရိုက် ကျင့်သူ၏ ကံသုံးပါးတို့ကား။ ပဒက္ခိဏာ၊ တိုးတက်ကြီးပွါးကြောင်း ကောင်းမှု၌။ ပဏိဓိ၊ ထားခြင်း မည်ပေ၏။

တရားကျင့်သူ၌ ကံအားလုံးကောင်းစကားပြေ—သုစရိုက်ကျင့်ရာ နေ့အခါ၌ ထို သူ၏ ကာယကံမှု, ဝစီကံမှု, မနောကံမှု မှန်သမျှသည် တိုးတက် ကြီးပွါးကြောင်း အကောင်းအမြတ်ချည်းသာတည်း။ ထိုသုစရိုက် ကျင့်သူ၏ ကံသုံးပါးတို့ကား တိုးတက်ကြီးပွါးကြောင်း ကောင်း မှု၌ ထားခြင်းမည်၏။

အနက်ပေးတမျိုး။ ။ဤဂါထာ၌လည်း ဟောတု-ယှဉ်ကာ အာသိသ အဖြစ် ပေးရိုးရှိခဲ့၏။ ဤ၌ "ပဒက္ခိဏံ ကာယ- ကမ္မန္တိ တံ ဒိဝသံ တေန ကတံ ကာယကမ္မံ ဝစီကာယကမ္မံ နာမ ဟောတိ" ဟူသော ဇာတကဋ္ဌကထာ(၂၄၅)အတိုင်း အနက်ပေးခဲ့၏။

ပဏိဓိ တေ ပဒက္ခိဏာ-၌လည်း "ပဒက္ခိဏာ၊ ကောင်းမြတ်သောကံ၌။ ပဏိဓိ၊ တောင့်တခြင်းသည်။ တေ၊ သင့်အား။ ဟောတု၊ ဖြစ်စေ သတည်း"ဟုရင်း။ "တေ ပဏိဓီ၊ ထိုတောင့်တခြင်းတို့သည်။ ပဒက္ခိဏာ၊ မြတ်သော့ဆုတောင်းခြင်းတို့တည်း" ဟုရင်း ပေးကြ၏။ သုစရိုက်ကျင့် သူ၏ ကံတို့သည် အားလုံး အကောင်းချည်းပင်။ ထိုသူ၏ ကံတို့သည်

ကောင်းမှု၌ ထားခြင်းမည်ပေသည်ဟု တေ- ကို ကံစွဲခြင်းက ပို၍အဓိပ္ပါယ် ပြောင့်သဖြင့် ထိုအတိုင်းပေးလိုက်သည်။ အဋ္ဌကထာ၌ကား အထူးမဖွင့်။

(၁၆၄) ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

(၁၆၄) ပဒက္ခိဏာနိ၊ တိုးတက်ကြီးပွါးကြောင်း ကောင်းမှုကံတို့ကို။ ကတွာန၊ ပြုကြကုန်၍။ ပ ဒက္ခိဏေ၊ တိုးတက်ကောင်းမြတ်ကုန်သော။ အတ္ထေ၊ အကျိုးတို့ကို။ လဘန္တိ၊ ရရှိကြကုန်၏။ ဝေ (တုမှေ)၊ ထိုသင်တို့ သည်။ အတ္ထလဒ္ဓါ၊ ရအပ်သော ကောင်းကျိုးရှိကြကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကြကုန်သည်။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာ တော်၌။ ဝိရူဠှာ၊ တိုးတက်စည်ကား ကြီးပွါးကြကုန်သည်။ (ဟုတွာ၊ ဖြစ်ကြကုန်၍။) သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုး တို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ ရောဂါမရှိကြကုန်သည်။ သုခိတာ၊ ချမ်း သာခြင်းသို့ ရောက်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါစေကုန်သတည်း။

အာသီသ စကားပြေ—တိုးတက် ကြီးပွါးကြောင်း ကောင်းမြတ် သော ကံသုံးပါးတို့ကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးတို့ကို ရရှိကြကုန်၏။ သင်တို့သည် ကောင်းကျိုးကို ရရှိကြကုန်သည်, ချမ်းသာခြင်းရှိကြကုန်သည်, ဘုရားရှင်သာသနာတော်၌ တိုးတက်စည်ကားကြီးပွါး ကြကုန်သည် ဖြစ်၍ ဆွေမျိုးအပေါင်းနှင့်တကွ အနာရောဂါ ကင်းရှင်း ချမ်း သာခြင်းသို့ ရောက်ကြကုန်သည် ဖြစ်ကြစေကုန်သတည်း။

မှတ်ချက်—ဤ၌ ဟောထ-ရှိသော ပါဠိမူအတိုင်း အနက်ပေး ခဲ့၏။ ဟောထ-ရှိလျှင် တေနှင့် ယောဂ-မကိုက်၍ တေ တုမှေ-ဟု ထည့်ခဲ့ခြင်းဖြစ်သည်။ "သော ဝေ သမာဟိတော

စိတ္တေ။ ပ။ ပုဗ္ဗေနိဝါသံ အနုဿရာမိ" ဟူသော ပါဠိဝင်ကပါဠိ စသည်၌ သော နှင့် အနုဿရာမိယောဂ မတည့် ဖြစ်နေသဖြင့် "သောတိ သော အဟံ" ဟု ပါရာဇိကဏ် အဋ္ဌကထာ ဖွင့်သကဲ့သို့မှတ်။ တေ-နှင့်ကိုက်ညီအောင် "အရောဂါ သုခိတာ ဟောန္တု" ဟုလည်း ပြင်ကြ၏။ ဟောန္တု-လည်း အသင့်ပင်။ အချို့က ဟောထ-ကို ဝတ္တမာန်ဟုလည်း ဆိုကြသေး၏။ သို့သော် ပဉ္စမီက ပိုအဓိပ္ပါယ် ဖြောင့်သည်။

မှတ်သားဖွယ် အဓိပ္ပါယ်နှင့်တကွ
ပုဗ္ဗဏှသုတ် နိဿယသစ်
ပြီးပြီ။

ဤတွင် ပရိတ်ကြီးပါဠိတော် ၁၁-သုတ်၏
မြန်မာစကားပြေ အဓိပ္ပါယ်အကျယ်နှင့်တကွ
နိဿယသစ် ပြီးပြီ။

ပရိတ်ကြီးနိဿယသစ်နိဂုံး

ဤကျမ်းဖြစ်ပေါ်လာခြင်း။ ။ရှပ်ရည်ချောမောလှပသော အပျိုစင်သည် နဂိုယဉ် ဖြစ်သော်လည်း ဝတ်စား တန်ဆာ အဆင်အပြင် မပြည့်ဝ အချိုးမကျသော် အလွန်နှစ်သက်ဖွယ် မဟုတ်လှပေ၊ ဝတ်စားတန်ဆာကလည်း ပြည့်စုံ ဆင်ပုံကလည်း အချိုးကျလျှင် မြင်ရသူတို့၏ စိတ်နှလုံးဝယ် နှစ်သက်ဖွယ်အတိ ဖြစ်၏။ ပရိတ်တရား ပါဠိတော်များမှာ သဒ္ဒါအနက် အချိုးကျလျက် နှစ်သက်ဖွယ်ပင်။ အဆင်အပြင် လိုနေသေး၍ နှစ်သက်ကြည်နူးမှုအရသာကို ထူးခြားစွာ မခံကြရပါ၊ ဤတရားတော်များမှာ ဖွင့်မဆုံးအောင် မြားမြောင်လှသော အနက်အဓိပ္ပါယ်ကို ဆောင်လျက်ရှိရာ ထိုအဓိပ္ပါယ်ကို ကျယ်ဝန်းစွာ သိရခြင်းဖြင့် ရဘနာသုံးစုံ အာရုံ၌ ကြည်နူးရွှင်မြူးခြင်း ပီတိအရသာ ထူးခြားစွာ ခံစားရမည်မှာ သေချာလှပေသည်။ ထိုကဲ့သို့ တန်ဆာဆင်ပေးသော အဖွင့်မျိုးမှာ လိုလျက်ပင်ရှိပါသည်။

ထို့ကြောင့် ပရိတ်တရား၏ အနက်အရသာကို ပြည့်ဝစွာ ခံစားစေလိုခြင်း,အရသာ သိကာ ကြိုးစားခြင်းဖြင့် ပရိတ်တရား၏ အကျိုးအာနိသင်များကို ထူးခြားစွာရရှိစေလိုခြင်းစသော ဆန္ဒအရ အများအပေါ်မှာ ချမ်းသာစေလို, ကောင်းစားစေလိုသော စေတနာ လွန်ကြီးမားလှသော မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓ-က မိမိထံ အကူအညီ တောင်းခံတော်မူခဲ့ပါသည်။ မိမိမှာ ဉာဏ်အား လုံ့လအားပင် ရှိစေဦးတော့ ထိုကဲ့သို့သော စေတနာ ကြီး မရှိခဲ့လျှင် ဤပရိတ်အဖွင့်မှာ ဖြစ်လာနိုင်ခွင့်မရှိပါ။ အများအကျိုး လိုလားတောင့်တသော စေတနာတွင် ထပ်ဆင့်နှိုးဆော် ပေးအပ်သော ဆရာတော်အရှင်မြတ်၏ တိုက်တွန်းတောင်းပန်ချက်ကို အလေးထားကာ ရေးသားလာခဲ့ရာ ယခုခေတ်တွင် အလွန်ပင် ရခဲလှစွာသော ဤပရိတ်ကြီးနိဿယသစ်မှာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီ။ ဤကျမ်းပြီး အဆုံး နိဂုံး၌ပင် ပရိတ်တန်ခိုး အစွမ်းသတ္တိများနှင့် စပ်၍ မိမိအယူအဆကို တင်ပြခွင့် ဆိုက်လာပြန်ပါသည်။

ပရိတ်အစွမ်း။ ။ဘုန်းတော်, ကံတော်, ဉာဏ်တော်, တန်ခိုးတော် အလွန်ကြီးလှသော ဗုဒ္ဓရှင်တော်မှာ လွန်စွာကြီးမားလှသည့် အရှိန်ရှိသော အထူးခြားဆုံး ပုဂ္ဂလဝိသေသဖြစ်တော်မူပါသည်။ ဘဝများစွာ သံသရာက မခွါမခွဲ တပါထဲ ထက်ကြပ်ကပ်စွဲလျက်ရှိလာသော ကိလေသာ ခပင်းကို အရှင်း ပယ်နုတ် လုံးဝဖြတ်နိုင်သော တရားတော်၏ အရှိန်လည်း လွန်စွာ ကြီးမားလှပါပေသည်။ ဤမျှ အရှိန်ကြီးသော တရားတော်၏တည်ရာ သံဃာတော်၏ အရှိန်မှာ ပြောစရာ မရှိပါပေ။ အလွန် ကောင်းမွန်သော မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အလွန်သန်စွမ်း ကြီးထွားရန် အရှိန်တက်လျက် ရှိသကဲ့သို့ အလွန် အရှိန်ကြီးလှသော ရတနာသုံးပါးဟူသော ထူးခြားသော ခေတ်၌ ကြည်ညိုမြတ်နိုးအားကိုးတခု ပြုအပ်သော ပူဇာစေတနာစုမှာ အရှိန်တက်လျက်ပင် ရှိတော့သည်။ မေတ္တာခေတ်, သစ္စာခေတ်တို့၏ အစွမ်းအားကိုလည်း အထိုက်အလျောက် ပြခဲ့ပေပြီ။ ထိုမေတ္တာမှု, သစ္စာမှုများ၌လည်း ထူးခြားသော အရှိန်ရှိသည်ပင်။ထို့ကြောင့် ရတနာသုံးပါးဂုဏ်တော်,မေတ္တာ,သစ္စာတို့ဖြင့် ပြီးသော ပရိတ်တရားတော်များမှာ အန္တရာယ်ကို ကာကွယ်ခြင်းစသည်ဖြင့် ထူးခြားသောအကျိုးကို ပြီးမြောက်စေနိုင်ခြင်း ဖြစ်ပါသည်။

ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးလျက် မေတ္တာသစ္စာစွမ်းကို ယုံကြည်အားကိုးကာ ပရိတ်တရားကို စွဲမြဲစွာ ရွတ်ဆိုခြင်းကြောင့် ကြုံလာရသော ကြောက်မက်ဖွယ် ဘေးအန္တရာယ်တို့မှ အံ့ဩဖွယ် လွတ်မြောက်မှုနှင့် ကြုံကြရသူတို့မှာ မနည်းလှပေ။ အန္တရာယ်ကင်းစေရုံသာမက ကျက်သရေမင်္ဂလာ ချမ်းသာစီးပွါး တိုးတက်ခြင်းများနှင့်လည်း ကြုံကြရသေး၏။ ဤသည်ကား စေတနာ, မေတ္တာ,သစ္စာစသော နာမ်ခေတ်များ၏ အစွမ်းသတ္တိပင်။ သဗ္ဗညုတဉာဏ် စသော ဉာဏ်အမျိုးမျိုး, တန်ခိုး အဘိညာဉ်တို့၏ ကြီးကျယ် အံ့ဩဖွယ်ဖြစ်ပုံကို စဉ်းစားလျှင် နာမ်ခေတ်တို့၏ ကြီးမား ထူးခြားသော စွမ်းအားသတ္တိကို သိနိုင်ပါသည်။ ထို့ကြောင့် ဘာဝနာမှုစသော ထိုထိုနာမ်ခေတ်များ၌ ထူးခြားသော စွမ်းရည်သတ္တိ ရှိနေကြသည်၏ အဖြစ်မှာ ထင်ရှားလှပါသည်။

ဣဒ္ဓိပါဒ်စွမ်းရည်။ ။"အာနန္ဒာ....ဣဒ္ဓိပါဒ်လေးပါး ပွားများအပ်ပြီးသူ သည် သူအလိုရှိက အာယုကပ် တကပ်ပတ်လုံးဖြစ်စေ, အာယုကပ်ကို ကျော်လွန်၍ဖြစ်စေ တည်နေနိုင်၏။ ငါဘုရားကား ဣဒ္ဓိပါဒ် လေးပါးကို ပွါးများမလပ် ထပ်တလဲလဲ ကြိုးစားပြီးဖြစ်ရာ အလို ရှိပါက အာယုကပ် တကပ်လုံး, သို့မဟုတ် အာယုကပ်ကို ကျော်လွန်လျက် တည်နေတော်မူနိုင်၏"။ ဤအချက်ကို မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော် မူခဲ့၏။ (ဒီ၊၂။၉၆-၉။) ဤ ဘုရား စကားတော်အရ နာမ်ဓာတ်တို့၏ ထူး ခြားသော စွမ်းရည် သတ္တိကို သိရ၏။ ဣဒ္ဓိအပေါက် သိဒ္ဓိမြောက်ကြောင်း၊ အကောင်းဆုံး လေ့လာအပ်ပြီးသော ထူးခြားသော နာမ်ဓာတ်များမှာ သေလောက်သော ရောဂါ အန္တရာယ်များကိုပင် တားဆီး ကွယ်ကာ ထားနိုင်ကြောင်းကို ဤဒေသနာတော်က ပြလျက်ရှိပါသည်။ ဘုရားရှင် ကိုယ်တော်တိုင် ထိုသို့ ကာကွယ် ထားခဲ့သည်ကိုလည်း အထင်အရှား တွေ့ ရပါသည်။

မြတ်စွာဘုရား ဝေဠုဝရွာ၌ ဝါကပ်တော်မူခိုက် ပရိနိဗ္ဗာန် စံရ လောက်အောင် ပြင်းထန်သောရောဂါဖြစ်ပေါ်လာ၏။ ထိုအခါ ဤသို့ ဆင်ခြင်တော်မူ၏။ "ငါဘုရားသည် ရဟန်းသံဃာကို မပန်ကြားပဲ,အလုပ် အကျွေး ဒကာ ဒကာမတို့ကို မပြောဆို မမိန့်ကြားပဲ ပရိနိဗ္ဗာန် မစံသင့် သေး။ ငါသည် ဝီရိယဖြင့် ထိုရောဂါကို ပယ်ရှား နှင်ထုတ်လျက် အသက် ကို ပြုပြင်တတ်သောသမာပတ်ကို ဆောက်တည်၍ နေရမူ ကောင်းလေစွ၊ ဤသို့ အကြံဖြစ်သည့်အတိုင်း ဖလသမာပတ်ဖြင့် နေတော်မူသောအခါ ရောဂါမှာ အရှင်းပျောက်ကင်း၏"။(ဒီ၊၂။၈၄။)

ဤအချက်နှင့် စပ်လျဉ်း၍ အရှင်အာနန္ဒာကို မိန့်တော်မူချက် ရှိပါ သေး၏၊ "အာနန္ဒာ ....လှည်းအိုကြီးသည် ဖာထေးဖွဲ့စပ်မှု အပြု အပြင် များ ဖက်တွဲပေးသဖြင့် တည်နေရသလို ငါဘုရားကိုယ်တော်မှာလည်း ဖာထေးဖွဲ့စပ်မှု အပြုအပြင်များ ဖက်တွဲပေးမှုဖြင့် မျှတ နေရပေသည်။ အကြင်အခါ ငါဘုရားသည် ရုပ်နိမိတ်စသော နိမိတ်တို့ကို နှလုံးမသွင်း ခြင်းကြောင့်,အချို့ ဝေဒနာများ ချုပ်ငြိမ်းခြင်းကြောင့် အနိမိတ္တစေတော

သမာဓိ (=ဖလသမာပတ်)ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ ငါဘုရား ကိုယ်တော်မှာ အလွန့်အလွန် ချမ်းသာလှ၏။ ထို့ကြောင့် သင်တို့လည်း မိမိကိုယ်သာ မှီခိုရာပြုနေကြ။ သတိပဋ္ဌာန်လေးပါး ပွါးများကြ”ဟု မိန့်တော်မူ၏။ (ဒီ၊ ၂။၈၅။) အသက်ကို ပြုပြင်တတ်သော ဖလသမာပတ် ကို အာယုသင်္ခါရဆို၏။ ထိုအာယုသင်္ခါရဖြင့် သေလောက်သော ရောဂါ မှာ ဖေါ်မလာတော့ပဲ ဆယ်လတိုင်တိုင် တည်နေတော်မူနိုင်ခဲ့၏။ ယခု ခေတ် ကမ္မဋ္ဌာန်းအားထုတ်ကြသော အချို့ပုဂ္ဂိုလ်များ၌ ကာလကြာမြင့် စွာက စွဲကပ်လာ၍ ဆေးဝါးအမျိုးမျိုးဖြင့် ကုမရခဲ့သော ရောဂါများမှာ ဘာဝနာ၏ အစွမ်းကြောင့် ယူပစ်သလို အရှင်းပျောက်ကင်းကြရ၏။ ထူးခြားသော နာမ်ခေတ်များ၏ အရှိန်အစော်အာနုဘော် သတ္တိပင် ဖြစ်ပါသည်။

အမှုခပ်သိမ်း ပြီးစေတတ်သော တရားများ။ ။ဣဒ္ဓိပါဒ်တွင် ပါဝင်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့မှာ ဘာဝနာသို့ မရောက်စေကာမူ ထိုတရားများ ထက်သန်သည်နှင့် အမျှ အကျိုး အမျိုးမျိုးကို ပြီးမြောက်စေတတ်ပါသည်။ ဥပမာ–ရောဂါ တခုဖြစ်လျှင် ပျောက်ကင်းစေလိုသော ဆန္ဒကလည်း အားကြီးသည်၊ ပျောက်ကင်းရေး၌ စိတ်သည်း အလွန်သန်နေသည်၊ ပျောက်ကင်းဖို့ ဇွဲကြီးစွာ ကြိုးစားသည်၊ သင့် မသင့် ချင့်ချိန်တတ်သော စဉ်းစားဉာဏ် လည်း ကဲနေသည်။ သို့ဖြစ်သောအခါ ထိုရောဂါမှာ မကြာမီ ပျောက်ကင်း ရတော့သည်။ ဆန္ဒစသည် လျော့ပါးဆုတ်ယုတ်နေလျှင် ရောဂါပင် တိုးတက်နိုင်ပေသည်။ ပညာရေး, စီးပွါးရေး စသော ကိစ္စအားလုံး၌ ဤ တရားလေးပါးကား အရေးပါလှ၏။ ဤပရိတ်အရာ၌ပင် ရတနာသုံးပါး၌ ကြည်ညိုအားကိုးခြင်း, ပရိတ်အကျိုးအာနိသင်ကို ယုံကြည်ခြင်းဖြင့် ပရိတ်တရားတော်၌ အလွန်လိုလားခြင်း, လိုလားသည်နှင့်အမျှ ပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရန် စိတ်ထက်သန်ခြင်း, ဝတ်မပျက်အောင် စွဲစွဲမြဲမြဲ ကြိုးစားခြင်း, အနက်အဓိပ္ပါယ်သိမြင် အကျိုးကိုမြင်တတ်သော ဉာဏ် ရှိခြင်း ဤ လေးပါးနှင့် ပြည့်စုံသူ၏ ပရိတ်သည် အဘယ်မှာ အကျိုးမပြီး

မြောက်စေပဲ ရှိနိုင်ပါအံ့နည်း။ ပရိတ်၏အကျိုးကို ထူးထူးခြားခြားခံစားရသူများမှာ ဤတရားလေးပါးနှင့် ပြည့်စုံလျက်ရှိသော သူများသာ ဖြစ်ကြပါသည်။

နာမ်တို့၏ ခေတ်ခိုက်ပုံ။ ။သာမန်နာမ်တရားများ၌ပင် ထူးခြားသော သတ္တိရှိနေသည်ကို တွေ့နိုင်ပါသည်။ "စိတ္တေန နီယတေ လောကော" (သံ၊၁၊၃၆။) စိတ်သည် တလောကလုံးကို လိုရာလိုရာ အပါဆောင်ကြဉ်းသည်၊ စိတ်ဝိညာဉ် လုံးဝချုပ်ငြိမ်းလျက်ရှိသော သူသေကို ကြည့်လျှင် ဝိညာဉ်၏ အရေးပါပုံ သိနိုင်ပါသည်။ စိတ်ဝိညာဉ် လှုံ့ဆော်ကြိုးကိုင် ပံ့ပြင်ပေးမှုအရ ဤခန္ဓာကြီး၏ ဗျာပါရ အမျိုးမျိုးဖြင့် ချက်ကျ လက်ကျ လှုပ်ရှားနေပုံမှာ အံ့ဖွယ်ရာဖြစ်သည်။ စိတ်ခေတ်သန်လျှင် သန်သလို စိတ်ခေတ် ပျော့လျှင် ပျော့သလို ရုပ်ခန္ဓာကိုယ်ကြီး၏ ဖြစ်ဟန်မှာ အထင်အရှားဖြစ်ရာ စိတ်၏ထူးခြားပုံကို အသိအမှတ် ပြုကြရပါသည်။ ဤရုပ်ခန္ဓာကိုယ်ကြီးကို တက်ကြွအောင်, ဆုတ်နစ်အောင်, ကျန်းမာအောင်, ရောဂါများအောင် ဖန်တီးတတ်သည်နှင့်အမျှ ထိုစိတ်ခေတ်မှာ ဗဟိဒ္ဓကိုလဲ ခေတ်ခိုက်တတ်သည်ကို တွေ့နိုင်ပါသည်။

ကမ္ဘာ့နိယာမကဲ့သို့ ဖြစ်နေသော အစဉ်အလာကရုပ်မှာ လူတွေ စိတ်ခေတ်ကောင်းမွန်သောအခါ မိုးလေဝသ ဥတုရာသီဖြောင့်မှန်လျက် သစ်သီးဝလံတို့ ဖြစ်ထွန်းတတ်၏၊ အဆီဩဇာ ပြည့်ဝ၏။ တရားပျက်သောအခါ ကမ္ဘာလောက မသာယာ၊ ဥတုရာသီဖောက်ပြန်လျက် သစ်သီးဝလံတို့မှာ မဖြစ်ထွန်း၊ အဆီဩဇာ ခန်းခြောက်၏။ မေတ္တာဖြင့် ကြည့်လျက်ရှိသော ပုဂ္ဂိုလ်ကို မြင်ရလျှင် မြင်သူမှာ စိတ်အေးချမ်း၏။ ချစ်မြတ်နိုး၏။ ဒေါသဖြစ်နေသူကို မြင်ရလျှင် မုန်း၏၊ မမုန်းသော်လည်း စိတ်မသက်သာ ဖြစ်ရ၏။ ဤကား ခေတ်ခိုက်ခြင်းပင်။

လူ၌သာမက တိရစ္ဆာန်များ၌ပင် ခေတ်ခိုက်တတ်၏။ မေတ္တာပွါးသူများကို တိရစ္ဆာန်ကြမ်းကြီးများပင် ဘေးအန္တရာယ် မပြုတတ်။ ဆရာတော်ကြီး ဦးသီလအား ကျား စသော သတ္တဝါများကပင် ဘေးရန်မပြု

သည်မှာ မေတ္တာ၏ ခေတ်ခိုက်ခြင်းပင်၊ အခြား သီလ, ဘာဝနာ စသော ထူးခြားသော အကျင့်ပဋိပတ်၏ ခေတ်ခိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ရှေးက ရသေ့သူတော်ကောင်းများသည် ကျား,ဆင် စသော သတ္တဝါများ အလယ်တွင် နေရသော်လည်း အန္တရာယ်ကင်းရှင်းကြသည်မှာ ဤမေတ္တာ၏ ခေတ်ခိုက်ခြင်းပင်တည်း။

ဘုရား တရား သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုပွါးများ ထုံမွှန်းထားသူ၌ အရှိန်ရှိနေ၏။ ထိုအရှိန်လည်း ခေတ်ခိုက်တတ်သည်။ သားရဲတိရစ္ဆာန်များ၌ပင် ခေတ်ခိုက်လျက်ရှိရာ ထိုအရှိန်ကြောင့် မီးခဲကို မကပ်ရဲသည့်ပမာ ခန့်ငြား ရှောင်ရှားရပါသည်။ ဤဘာဝနာစု ဓမ္မများမှာ သဝိညာဏကများ၌သာမက အဝိညာဏက၌လည်း ခေတ်ခိုက်မြဲ ဖြစ်သောကြောင့် အဆိပ်လက်နက် စသည် ပြီးလျက် ရှိတော့သည်။ သို့ဖြင့် ပရိတ်တရားတော်၌ဖြစ်သော မေတ္တာ, ဓမ္မတ္တာ, သစ္စာများမှာ အရှိန်နှင့်တကွဖြစ်၍ အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ရပ်လုံး၌ ခေတ်ခိုက်လျက်ရှိရာ အဇ္ဈတ္တ၌ ရောဂါပျောက်ကင်းခြင်း စသော အကျိုး, ဗဟိဒ္ဓ၌ ရန်သူတို့ ရန်မူ မခံရခြင်း စသော အကျိုးများကို ပြီးမြောက်စေနိုင်ခြင်း ဖြစ်တော့သည်။

ဓမ္မများ၏အစွမ်းသတ္တိ။ ။ဘုရားတရားတော် မှန်သမျှသည် တိုးတက်ရေး, အေးငြိမ်းရေး, ချမ်းသာရေး တရားများချည်းသာ ဖြစ်ခဲ့ရာ ထိုတရားတော်ကို ရွတ်ဆိုရလျှင်ဖြစ်စေ, နာယူရလျှင်ဖြစ်စေ "လဘတိ အတ္ထဝေဒံ၊ လဘတိ ဓမ္မဝေဒံ၊ လဘတိ ဓမ္မူပသံဟိတံ ပါမောဇ္ဇံ" (မ၊၁၊၄၆။ မ၊၂၊၂၄၂။ အံ၊၂၊၂၅၂။ အံ၊၃၊၅၃၀။) ဟူသော ပါဠိတော်အရ အနက်ရမိ တရားသိ၍ တရားကြောင့်ဖြစ်သော ဝမ်းသာအားရ ရွှင်ပျမှု ဖြစ်တတ်၏။ ထိုပီတိက ခေတ်ခိုက်လျက် ရောဂါ စသည် ပျောက်ကင်းရတော့၏။ အပြင်းအထန် မကျန်းမာနေသော အရှင်မဟာကဿပ, အရှင်မဟာမောဂ္ဂလ္လာန်တို့မှာ ဗောဇ္ဈင် ခုနစ်ပါးတရားကို နာရလျှင်ပင် ချက်ခြင်း ယူပစ်သလို ရောဂါ ပျောက်ကင်းရသည်မှာ ဤသို့

သော ပီတိအစွမ်းကြောင့်ပင် ဖြစ်သည်။ (ဗောဇ္ဈင်သုတ်အဖွင့် ၅၆၇ ကြည့်)

တခါက အရှင်ဂိရိမာနန္ဒ အပြင်းအထန် မကျန်းမာဖြစ်ရာ အရှင်အာနန္ဒာက ထိုအရှင်ထံကြွဖို့ရန် ဘုရားရှင်အား လျှောက်ထား တောင်းပန်၏။ ထိုအခါ "အာနန္ဒာ....ဂိရိမာနန္ဒရဟန်းအား သညာဆယ်ပါးတရားဟောကြားလျှင် သညာဆယ်ပါးတရားကို ကြားနာရသဖြင့် ဂိရိမာနန္ဒရောဂါမှာ ချက်ခြင်း ပျောက်ကင်းဖို့ အကြောင်းရှိသည်"ဟု မိန့်တော်မူပြီးလျှင် အနိစ္စသညာ စသော သညာဆယ်ပါး တရားကို အကျယ်တဝင့်ဟောပြတော်မူ၏။ အရှင်အာနန္ဒာလည်း ဘုရားထံမှ မှတ်သားသင်ယူခဲ့ရသော ထိုသညာဆယ်ပါး တရားတော်ကို အရှင်ဂိရိမာနန္ဒအား ဟောကြားတော်မူရာ ထိုတရားကို ကြားနာရသဖြင့် ထိုအရှင်၏ ရောဂါမှာ နောက်တခါ ပေါ်မလာသည်အထိ အရှင်းပျောက်ကင်းရ၏။ (အံ၊ ၃၊ ၃၄၂)။

တခါက နကုလပိတာသူကြွယ် ရောဂါအပြင်းအထန်ဖြစ်ရာ ဇနီး နကုလမာတာက မိမိအတွက် လောကရေး ဓမ္မရေးနှင့် စပ်၍ ကြောင့်ကြောင့်ကြကျမှုမထားဖို့အကြောင်း, ကွယ်တာ ငဲ့ညှာမှု မကင်းပဲ သေရခြင်းမှာ ဆင်းရဲဖို့ရာသာဖြစ်ကြောင်း, ထိုသေခြင်းမျိုးကို ဘုရားရှင် ကဲ့ရဲ့တော်မူကြောင်း, အကျယ်တဝင့် သတိပေး ဆုံးမ၏။ ထို အဆုံးအမကို ကြားရသော သူကြွယ်၏ ရောဂါမှာ အမြစ်ပြတ်ခဲ့သောင် ချက်ခြင်း ပျောက်ကင်း သွားလေသည်။ (အံ၊ ၂၊ ၂၆၁)။ ၎င်းအဋ္ဌကထာ၌ကား သစ္စာဆိုခြင်းကြောင့် ပျောက်ကင်းကြောင်း မိန့်၏။ ဤသို့စသည်ဖြင့် ပီတိဓာတ်ခိုက်၍ ရောဂါ ပျောက်ကင်းရသည်မှာ ဓမ္မ၏သတ္တိများပင် ဖြစ်ပါသည်။

ဓမ္မ၏အကျိုးများ။ ။ဗုဒ္ဓဓမ္မများကား ရောဂါစသည်ကို ပျောက်ကင်းစေသည်သာမက ကျက်သရေ မင်္ဂလာ ရာထူး ဂုဏ်သိရ် စည်းစိမ် လာဘ်သပ်ပကာ တိုးတက်ရာ တိုးတက်ကြောင်းလည်း ဖြစ်ပါသည်။ ဘုရားကိုကြည်ညိုသူ, တရားတော်ကို လေးစားသောသူများ

မှာ အများအားဖြင့် ကိုယ်နှုတ် စိတ်ထား ထူးခြားကောင်းမွန်သူများ ဖြစ်တတ်ရာ ထိုအကြောင်းပေါ်တွင် ဓမ္မဖြစ်သော သဒ္ဒါစေတနာ အရှိန်များ ဖက်တွဲ ပေးလိုက်ပြန်သော် ကျက်သရေ အမျိုးမျိုး အကျိုးအတွေ့ ထွေကို ဆွဲဆောင်နိုင်သော ဓာတ်အဖြစ်သို့ ရောက်တော့သည်။

ဆရာတော်ကြီး တပါးမှာ ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်၌ အားရ ကြည်ညိုလှ၍ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိကို လေးလေးစားစား ဝတ်ထား ကာ ရွတ်ဆို သရဇ္ဈာယ်လေ့ရှိ၏။ ထိုသို့ ရွတ်ဆို သရဇ္ဈာယ်သည်မှစ၍ ဒကာ, ဒကာမ ကြည်ညိုသူ များပြားလာခြင်း, ပစ္စည်းလေးပါး ပေါများ ခြင်း, အန္တရာယ်ကင်းကာ စိတ်ချမ်းသာအေးမြခြင်း စသော အကျိုးများ ကြုံရသည်ဖြစ်ရာ တရားတော်၏ အစွမ်းသတ္တိ ပါတကားဟု အားရ ကြည်ညိုပြီးလျှင် အသက်ထက်ဆုံး ဝတ်မပျက် သရဇ္ဈာယ်လေသည်။

ဓမ္မစကြာကား တရားဦးလည်းဖြစ်၏။ ပိဋကတ်၏ အချုပ်ဟု ဆိုရ လောက်အောင်လည်း အရေးပါလှ၏။ ထို့ကြောင့် ထိုတရားအပေါ် ကြည်ညိုခြင်းဖြင့် ရွက်ကြသူအချို့မှာ ပစ္စည်းလာဘ်သပ်ပကာ တိုးတက် လာခြင်း, အန္တရာယ်ကင်းခြင်းစသော လက်တွေ့ အကျိုးများ ရကြရာ ဓမ္မစကြာ မရွတ်ရ မနေနိုင်လောက်အောင် စွဲမြဲရွတ်ဆို ကြည်ညို ပွါးများ သူများ ရှိကြ၏။

အချို့က မဟာသမယသုတ္တန်မှာ ဘုရားဟောမဟုတ်, တရားသဘော မပါ, နတ်အမည်ချည်းသာဖြစ်၍ အကျိုးမများဟု ဆိုကြ၏။ ထိုသူတို့ အတွက် မဟာသမယမှာ ဘာမျှ အကျိုးထူးမည်မဟုတ်၊ မဟာသမယကို ကြည်ညိုသူတို့ အဖို့မှာ ရဟန္တာဖြစ်စ ကိလေသာစင် အလွန်ပင် တင့်တယ် လှသော ရဟန္တာများ ခြံရံလျက်ရှိသော ဗုဒ္ဓမြတ်ဘုံ နတ်, ဗြဟ္မာတွေ မရေသာအောင် လာရောက်စုဝေး ခစားပုံ,ထိုအစုအဝေး၌ ဘုရား တရား ဟောတော်မူပုံကို အာရုံပြု၍ စိတ်တွင်ဝင်စား ကြည်ညိုပွါးကာ မဟာ သမယကိုရွတ်ဆို၍ အားမရဖြစ်ရ၏။ ရောဂါကင်းသည်,အသက်ရှည်သည်, နတ်တွေ လိုလား၍ ရာထူး ဂုဏ်သိရ် စည်းစိမ်တန်ခိုး တိုးတက်နိုင်သည်

ဟု ယုံကြည်ကြ၏။ ယုံကြည်သည့် အတိုင်းလည်း အထိုက်အလျောက် အကျိုးခံစားကြရ သည်သာတည်း။ သို့ဖြင့် ပရိတ် တရားတော်များ၏ အန္တရာယ် ကင်းစေတတ်သည်၏အဖြစ်, ကောင်းကျိုး မင်္ဂလာ အဖြာဖြာ ဖြစ်စေတတ်သည်၏ အဖြစ်ကို ယုံကြည်လေးစား အားထားထိုက်ပါပေ သည်။

သဒ္ဓါလက် ရှိနေပါစေ

ဘောဇော အတ္ထိ ပရိတ္တာယ၊ အသဒ္ဓါနံ မင်္ဂလာနံ။
နာလံ ဟတ္ထဝိဟိနာ ဟိ၊ ရတနာနံ ဂဟေတဝေ။

ပရိတ္တာယ၊ သူဟော်ကောင်းစုံ စိတ်ဓာတ်ပုံ၌ ထုံပြာလဲလဲ အာရုံစွဲ လျက် မှီဝဲဖို့ရန် အမှန်အလျောက်ပတ် ပရိတ်တရားတော်မြတ်၏။ ဘောဇော၊ အန္တရာယ်ချိုး ရန်စွယ်ကျိုးလျက် ဖြိုးသက်အသရေ တိုးတက်စေဖို့ အခြေ ခံချိုး ဟန်ခိုးထိန်ဖြာ အရှိန်အဝါသည်။ အတ္ထိ၊ စေတနာနှင့် သဒ္ဓါရှိသူ ရှင်လူများတွင် မြင်မနှားဘိ ထင်ရှားရှိပါပေ၏။ (တံ၊ သူတော်ကောင်းတို့ သုံးဖို့အတွက် သက်သက်လျောက်ပတ် ထိုပရိတ်တရားတော်မြတ်သည်။) အသဒ္ဓါနံ၊ ကုသိုလ်ဖြစ်ရေး ဝေးထက်ဝေးဖို့ အတွေးနယ်ကို အကျယ်ချဲ့ကြ ချက်မသုသည့် ဟက္ကကိုဖန် အကြံမှားဘိ သဒ္ဓါတရား မရှိသူတို့၏။ အဂေါ· စရံ၊ ကောင်းမြတ်သည့်ဂုဏ် ဖြာဖြာစုံလည်း အာရုံထွေပြား အထင်မှား သူတို့၏ ကျက်စားရာ မဟုတ်ပါပေ။ ဟိ၊ ကိုယ့်ချိုတွဲချက် သက်သက်ဖြစ်ပုံ အာရုံသုဘ်ညီ သချာ်မိအောင် ယုတ္တိဆောင်ရလျှင်။ ဟတ္ထဝိဟီနာ၊ လက် နှစ်ဖက်လုံး လုံးဝဆုံးလျက် သုံးမရနိုင် ကိုင်ဖို့မလွယ်ကူ လက်ပြတ်သူတို့ သည်။ ရတနာနံ၊ အရည်ပြေးလျက် အသွေးဖြိုးလျှံ အချိုးမှန်စွာ အဖိုး ဟန် ရတနာတို့ကို။ ဂဟေတဝေ၊ ကိုယ်ရဖို့မှန်း အစွမ်းမြောက်နိုင် ကောက် ကိုင် ရယူခြင်းငှါ။ နာလံ န အလံ၊ လက်အမှုမှာ လက်မပါသဖြင့် လိုရာပြီး ပိုင် မစွမ်းနိုင်တော့ပေ။

သုံးကြည့်မှ ကောင်းမှန်းသိ

ပရိတ္တမှိနုယုတ္တာ ယေ၊ ဝိန္ဒန္တေဝ ရသံ ဖလံ။
ကိံ အာဟာရံ အဘုတ္တာသ၊ ဝိပါကံ စ ရသံ ဝိဒူ။

ယေ၊ သဒ္ဒါပညာ နှစ်ဖြာတွဲယှဉ် အမြင်စင်ဖြူ အယူမပြောင်း အကြွင်သူတော်ကောင်းတို့သည်။ ပရိတ္တမှိ၊ မေတ္တာ, သစ္စာ ရတနာသုံးစုံ အမြတ်ဂုဏ်ဟု အာရုံနိမိတ် မြတ်တံဆိပ်ခတ် ပရိတ်တရားတော်မြတ်၌။ အနုယုတ္တာ၊ အမိပ္ပါယ်မိ အနက်သိမ့်ရှု ပါဠိမရေး အလေး ပေးလျက် နှစ်သက်အားရ ကြိုးစားကြလေကုန်၏။ တေ၊ ပရိတ်မြတ်၌ စိတ်ခေတ်ကိုထား လွန်ကြိုးစားသည့် တရားလိုသူ အယူမစောင်း ထိုသူတော်ကောင်းတို့သည်။ ရသံ စ၊ အမိပ္ပါယ်မြင် အနက်ထင်လျက် စိတ်ရွှင်မြူးစွာ ရတနာသုံးစုံ အမြတ်ဂုဏ်၌ အာရုံယူကာ ဖြစ်ပေါ်လာသည့် သဒ္ဒါပီတိ သမာဓိနှင့် ပဿဒ္ဓိသုခ စသည်များစွာ အရသာကိုငှင်း။ ဖလံ စ၊ အန္တရာယ်ဘေးဘယ ဝေးကွာကြ၍ အေးမြလက်ဝေ ကျက်သရေဖြိုး စည်းစိမ်တိုးလျက် တန်ခိုးထိုထို အကျိုးကိုငှင်း။ ဝိန္ဒန္တေဝ၊ တရားတော်မြတ် ဓာတ်၏အဟုန် ခိုက်ပုံကြုံရ ရရှိခံစားကြရကုန်သည်သာလျှင်တည်း။ အာဟာရံ၊ ချို, ချဉ်, စပ်, ငန်, အဖန်,အခါး ဤခြောက်ပါးတွင် ပါဝင်လာရ တစုံတခုသော အစာ အာဟာရကို။ အဘုတ္တာ၊ တကမည် သက်မည် ဖျားနာမည်ဟု ထိုကြဲတွေးဆ မစားကြ သူတို့သည်။ အသ၊ မစားမိကြ ထိုအာဟာရ၏။ ဝိပါကံ စ၊ ပူချက် အေးချက်, တက် သက်နှစ်ပါး, ခွန်အားတိုး မတိုး, တန်ခိုး အစားစား အကျိုးသွားကိုငှင်း။ ရသံ စ၊ ချို ချဉ် စပ် ငန်,ဖန်လား ခါးလား, ထူးခြား ပေါ်လာ အရသာကိုငှင်း။ ကိံ ဝိဒူ၊ လျှာပေါ်မတင် ရှောင်ကြဉ်ခဲ့၍ ကိုယ်တွေ့ မရှိရာ ဘယ်မှာသိနိုင်သူ ဖြစ်ပါကော့အံ့နည်း။

ပညာရှိများထံ တောင်းပန်ချက်

ဣမိနာ အတ္ထမိစ္ဆာမ၊ သာမူနံ နော အနုတ္တကံ။
အတိကခ်ိမ သန္တာနံ၊ အတြ' နတ္တဝိသောမနံ။

ဣမိနာ၊ အနက်အဓိပ္ပါယ် မှတ်သားဖွယ်ဖြင့် ခြယ်လှယ် မှုန်းကာ သုံးစရာဟု မဟာပဍိတ္တ ဤနိဿယဖြင့်။ သာဓုနှုန်း၊ သဒ္ဒါလည်းပါ ပညာလည်းရှိ ယတိမြဲသူ လူမွန်အပေါင်း သူတော်ကောင်းတို့၏။ အတ္ထံ၊ သဒ္ဒါတင့်တယ် အဓိပ္ပါယ်မကျန် အနက်မှန်လျက် ကျင့်ရန်တိုးပွါး အကျိုးတရားကို သာလျှင်။ ဣစ္ဆာမ၊ ကိုယ်ကျိုးမပါ များတွက်တာကို လွန်စွာပြင်းပြ လိုလား တောင့်တကြပါကုန်၏။ အနတ္ထကံ၊ အဓိပ္ပါယ်ပျက် အနက်မမှန် ညာဏ်ကိုချိုးဖဲ့ အကျိုးမဲ့ရေးကိုကား။ နော ဣစ္ဆာမ၊ အကျိုးစင်စစ် ဖြစ်ကြစေရာ မေတ္တာစိတ်ထား တရားအရ မလိုလား မတောင့်တ ကြပါကုန်။ (တသ္မာ၊ ထိုသို့ အကျိုးသာဖြစ် အပြစ်မဲ့ရေး လေးစားပြင်းပြ လိုလား တောင့်တကြသည် ဖြစ်သောကြောင့်။) အတြ၊ အများအကျိုး တရားတိုးဖို့ ကြိုးကြိုးစားစား ရေးသားဖွင့်ပြ ဤ ပရိတ်ကြီး နိဿယ၌။ သန္တာနံ၊ ကရုဏာနှင့် မေတ္တာတရား အစဉ်ပွါးလျက် စိတ်ထားမြင့်သူ လူရည်ချွန် အပေါင်း သူတော်ကောင်းတို့၏။ အနတ္ထဝိသောဓနံ၊ အဓိပ္ပါယ်ပျက် အနက်အမှား တရားချိုးဖဲ့ အကျိုးမဲ့ကို တဲ့အောင် ချော်အောင် ဆောင်ယူ ဖြည့်ဘင်း သုတ်သင်ခြင်းကို။ အဘိကင်္ခါမ၊ ရှင်လူအပေါင်း ကောင်းဖို့ တွက်ဘာ ဟဖက်သာမို စေတနာအရ လိုလားတောင့်တလျက် ရှိနေကြပါကုန်၏။

သိဒ္ဓိရတ္ထု။

ပ-မ-သ-စ - ၃၁၁ - ၁-၁၀-၇၂ -၅၀၀၀